# တပ်မတော်သမိုင်း

## ပထမတွဲ

## ၁၈၂၄ - ၁၉၄၅



စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံး

# တပ်မတော်သမိုင်း

၁၈၂၄ – ၁၉၄၅

(ပထမတွဲ)

၂၄၃၅၁
၂၇.၆.၂၀၀၃

ပထမတွဲ၊ ပဋ္ဌမအကြိမ်
၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ - ၂၀၀၀

---

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ဦးစိုးဝင်း၊ ပုံနှိပ်ကင်းလွတ်ခွင့် အမှတ်–၄၁၉ နှင့် ထုတ်ဝေခွင့် အမှတ်–၂၈၆ အရ ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ

နိဒါန်း

အခန်း ၁

## ၁၉၃၀ ခုနှစ်မတိုင်မီအမျိုးသားရေးလှုပ်ရှားမှုများ

## အင်္ဂလိပ်နှင့် စစ်ပွဲသုံးကြိမ်ဖြစ်ပွားပြီးနောက် နိုင်ငံ၏ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရခြင်း


| | |
|---|---|
| ဥရောပတိုက်သားများမြန်မာနိုင်ငံသို့လာရောက်ဆက်သွယ်ကြပုံ | ၁ |
| ပထမအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားရခြင်းအကြောင်းရင်းများ | ၇ |
| တိုက်ပွဲစဉ်များ | ၁၂ |
| တိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ | ၂၀ |
| ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားရခြင်းအကြောင်းရင်းများ | ၂၃ |
| တိုက်ပွဲစဉ်များ | ၂၆ |
| တိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ | ၂၈ |
| တတိယအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားရခြင်းအကြောင်းရင်းများ | ၃၂ |
| တိုက်ပွဲစဉ်များ | ၃၉ |


## လွတ်လပ်ရေးပြန်လည်ရရှိရန်အစဉ်တစိုက်ကြိုးပမ်းခဲ့ကြခြင်း


| | |
|---|---|
| တိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ | ၄၅ |
| ကချင်အမျိုးသားများ၏တော်လှန်မှုများ | ၄၈ |
| ရှမ်းအမျိုးသားများ၏တော်လှန်မှုများ | ၅၂ |
| ချင်းအမျိုးသားများ၏တော်လှန်မှုများ | ၅၄ |
| ကယားအမျိုးသားများ၏တော်လှန်မှုများ | ၅၇ |
| ဝ အမျိုးသားများ၏တော်လှန်မှုများ | ၅၈ |
| တော်လှန်မှုများ၏အားနည်းချက်များ | ၅၉ |
| အမျိုးသားရေးစိတ်ဓါတ်မြင့်မားလာခြင်း | ၅၉ |
| ဝိုင်အမ်ဘီအေ အသင်းနှင့်အမျိုးသားရေးလှုပ်ရှားမှုများ | ၆၁ |

ဝိုင်အမ်ဘီအေမှဂျီစီဘီအေ ၆၅
၁၉၂၀ တက္ကသိုလ်ကျောင်းသားသပိတ် ၆၉
ဦးဥတ္တမနှင့်ဦးဝိစာရ ၇၀
ဆရာစံအရေးတော်ပုံ ၇၃

## အခန်း ၂
## အမျိုးသားရေးစိတ်ဓါတ်အရှိန်အဟုန်မြင့်မားလာခြင်း

တို့ဗမာအစည်းအရုံး ၇၆
ကျောင်းသားလူငယ်အဖွဲ့အစည်းများ ၈၁
၁၉၃၆ ခုတက္ကသိုလ်ကျောင်းသားသပိတ် ၈၂
၁၃၀၀ ပြည့်အရေးတော်ပုံ ၈၄
ပြည်သူ့တော်လှန်ရေးအဖွဲ့အစည်းများ ၈၉
ဗမာ့ထွက်ရပ်ဂိုဏ်း ၉၁
မြေအောက်တော်လှန်ရေးလှုပ်ရှားမှုများ ၉၂
အခြေခံစစ်ပညာရရှိရန်ဖွဲ့စည်းထားသည့်တပ်ဖွဲ့များ ၉၃
အင်္ဂလိပ်ကိုလက်နက်နှင့်တော်လှန်ရန်ဆုံးဖြတ်ခြင်း ၉၅

## အခန်း ၃
## နိုင်ငံခြားအဆက်အသွယ်ရှာကြံခြင်း

သခင်ကိုယ်တော်မှိုင်းတို့ဗမာအစည်းအရုံးနိုင်ငံခြားအဆက်အသွယ်ရှာကြံခြင်း ၉၆
သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ဗမာအစည်းအရုံးနိုင်ငံခြားအဆက်အသွယ်ရှာကြံခြင်း ၉၈
သခင်အောင်ဆန်းနိုင်ငံခြားသို့ထွက်ခွာသွားခြင်း ၁၀၀
မိနာမိအဖွဲ့အစည်း ၁၀၅

## အခန်း ၄
## ရဲဘော်သုံးကျိပ်

ရဲဘော်သုံးကျိပ်စုဆောင်းခြင်းနှင့်ဂျပန်ပြည်သို့လျှို့ဝှက်စွာထွက်ခွာသွားခြင်း ၁၁၁
ဟိုင်နန်ကျွန်းစစ်သင်တန်း ၁၁၅

ပိုင်နန်မှတာမာဇာတိုမြို့သို့ ၁၁၃
ဘန်ကောက်မြို့တွင်စုရုံးမိခြင်း ၁၂၁

## အခန်း ၅
## ဗမာ့လွတ်လပ်ရေးတပ်မတော်ပစ်ရေးနိုင်ငံရေးလှုပ်ရှားမှုများ

ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းခြင်း ၁[illegible]၇
ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းကြီးများ ၁၃၅
(က) မြန်မာပြည်ရှိဗြိတိသျှတပ်များ ၁၃၅
(ခ) ထားဝယ်စစ်ကြောင်း ၁၃၈
(ဂ) ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်း ၁၄၄
(ဃ) ဗမာ့လွတ်လပ်ရေးတပ်မတော်အတွင်းသူပုန်တပ်ဖွဲ့ ၁၄၈
(င) ဗမာ့လွတ်လပ်ရေးတပ်မတော်ရေကြောင်းချီတပ်ဖွဲ့ ၁၅၂
ရွှေတောင်တိုက်ပွဲ ၁၅၅
ရန်ကုန်မြို့ကိုသိမ်းပိုက်ခြင်း ၁၅၉
ဗမာ့လွတ်လပ်ရေးရေတပ်မတော် (Burma Independence Navy) ၁၆၁
အထက်မြန်မာပြည်သို့ချီတက်ခြင်း ၁၆၄
ဗမာ့လွတ်လပ်ရေးတပ်မတော်အုပ်ချုပ်ရေးအဖွဲ့များ ၁၆၉

## အခန်း ၆
## ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓါတ်ပေါ်ပေါက်လာခြင်း

ဂျပန်တို့ကတိမတည်ခြင်း ၁၇၀
ဂျပန်စစ်အုပ်ချုပ်ရေး ၁၇၂
စစ်အုပ်ချုပ်ရေးဌာနများ ၁၇၃
ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်ဂျပန်တို့၏ဆက်ဆံရေး ၁၇၆
လွတ်လပ်ရေးကိုအစဉ်ရှေးရှုသောဗိုလ်ချုပ်အောင်ဆန်း ၁၇၈
ဗမာ့လွတ်လပ်ရေးတပ်မတော်ဖျက်သိမ်းခြင်း ၁၈၀

## အခန်း ၇

## ဗမာ့ကာကွယ်ရေးတပ်မတော်ပြန်လည်ဖွဲ့စည်းရခြင်း


| | |
|---|---|
| ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းခြင်း | ၁၈၃ |
| (က) တပ်များဖွဲ့စည်းရန်ပြန်လည်စုရုံးခြင်း | ၁၈၃ |
| (ခ) တပ်မတော်သားများ၏အခြေအနေ | ၁၉၀ |
| (ဂ) တပ်မတော်သားတို့၏ခံစားရချက် | ၁၉၁ |
| (ဃ) ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းပုံလမ်းညွှန်ချက် | ၁၉၄ |
| ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရေးဌာန(ဟောဘီကျောင်းကု) | ၁၉၉ |
| – ဂျပန်အကြံပေးဌာန | ၂၀၀ |
| ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဌာနချုပ်(ဖျဉ်းမနား) | ၂၀၁ |
| ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း ၁၊၂၊၃ | ၂၀၃ |
| (က) ဖွဲ့စည်းပုံ | ၂၀၃ |
| (ခ) စစ်ဝတ်တန်ဆာ | ၂၀၅ |
| (ဂ) စစ်လက်နက် | ၂၀၆ |
| (ဃ) ရာထူးအဆင့်တံဆိပ် | ၂၀၇ |
| (င) ရိက္ခာ | ၂၁၁ |
| (စ) လစာ | ၂၁၃ |
| (ဆ) ပို့ဆောင်ရေးယာဉ် | ၂၁၄ |
| (ဇ) လေ့ကျင့်မှု | ၂၁၄ |
| (ဈ) စိတ်ဓါတ် | ၂၁၇ |
| (ည) စစ်စည်းကမ်း | ၂၁၈ |
| (ဋ) ပြည်သူနှင့်ဆက်ဆံရေး | ၂၂၅ |
| ဗိုလ်သင်တန်းကျောင်း | ၂၂၆ |
| (က) ပဏာမရွေးချယ်ခြင်း | ၂၂၇ |
| (ခ) စစ်ဝတ်စုံနှင့်အသုံးအဆောင်ပစ္စည်း | ၂၂၇ |
| (ဂ) ပထမပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း | ၂၂၈ |
| (ဃ) ပထမပတ်ဗိုလ်သင်တန်းကျောင်းဆင်းခြင်း | ၂၃၃ |
| (င) တပ်ရင်း၄၊၅၊၆ ဖွဲ့စည်းခြင်း | ၂၃၃ |
| (စ) ဒုတိယပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း | ၂၃၆ |
| (ဆ) ဒုတိယပတ်ဗိုလ်သင်တန်းကျောင်းဆင်းခြင်း | ၂၄၅ |

(ဇ) ပထမပတ်မူလတန်းစစ်ပညာသင်တန်း ၂၄၇
(ဈ) ဒုတိယပတ်မူလတန်းစစ်ပညာသင်တန်း ၂၅၁
(ည) တတိယပတ်မူလတန်းစစ်ပညာသင်တန်း ၂၅၃
(ဋ) ပထမပတ်အကြပ်သင်တန်းဖွင့်လှစ်ခြင်း ၂၅၃
(ဌ) အကြပ်သင်တန်းများဆက်လက်ဖွင့်လှစ်ခြင်း ၂၅၇
(ဍ) တတိယပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း ၂၅၇
(ဎ) တတိယပတ်ဗိုလ်သင်တန်းကျောင်းဆင်းခြင်း ၂၆၀
(ဏ) စတုတ္ထပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း ၂၆၁
(တ) စတုတ္ထပတ်ဗိုလ်သင်တန်းကျောင်းဆင်းခြင်း ၂၆၅
(ထ) ပဉ္စမပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း ၂၆၅
(ဒ) ဂျပန်ပြန်စစ်တက္ကသိုလ်သင်တန်းများ ၂၆၇

## အခန်း ၈
## ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်းများတိုးချဲ့ဖွဲ့စည်းခြင်း

ဂျပန်ပေးသောလွတ်လပ်ရေးရရှိခြင်း ၂၇၄
(က) ပြောင်းလဲစပြုလာသောကမ္ဘာစစ်အခြေအနေ ၂၇၄
(ခ) လွတ်လပ်ရေးပေးရန်ဂျပန်တို့ဆုံးဖြတ်ခြင်း ၂၇၅
(ဂ) လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ ၂၇၉
(ဃ) လွတ်လပ်ရေးကြေညာခြင်း ၂၈၀
စစ်ဝန်ကြီးရုံး ၂၈၄
စစ်ဦးစီးချုပ်ရုံး ၂၉၁
ဗမာ့တပ်မတော် ၂၉၃
တပ်ရင်းများတိုးချဲ့ဖွဲ့စည်းခြင်း ၂၉၄
(က) မဟာမိတ်တို့၏တန်ပြန်ထိုးစစ် ၂၉၇
(ခ) စံပြတပ်ရင်း ၃၀၀
(ဂ) စစ်မြင်းလေ့ကျင့်ရေးတပ် ၃၀၂
(ဃ) ဝင်ဆာလေ့ကျင့်ရေးတပ် ၃၀၃
(င) လေ့ကျင့်ရေးတပ်ရင်းများ ၃၀၄
(စ) လေ့ကျင့်ရေးတပ်ရင်း၄ (ကရင်တပ်ရင်း) ၃၀၅
(ဆ) ဗမာ့တပ်မတော်တိုင်း၃တိုင်းခွဲခြားသတ်မှတ်ခြင်း ၃၀၆

တပ်ရင်းများအလိုက်စစ်ရေးလှုပ်ရှားမှုများ ၃၀၇
(က) မြန်မာပြည်ရှိဂျပန်တပ်များ၏အခြေအနေ ၃၀၇
(ခ) ၁၉၄၃ခုနှစ်အတွင်းစစ်ရေးလှုပ်ရှားမှုများ ၃၀၉
(ဂ) ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များကိုဗိုလ်ချုပ်ဆာဝါမိုတိုစစ်ဆေးခြင်း ၃၁၆
(ဃ) ၁၉၄၄ခုနှစ်အတွင်းစစ်ရေးလှုပ်ရှားမှုများ ၃၁၇
(င) တပ်ရင်းများလှုပ်ရှားမှုနှင့်ဂျပန်တို့၏သဘောထား ၃၂၄
ဗမာ့တပ်မတော်နှင့်ဂျပန်တို့၏ဆက်ဆံရေး ၃၂၆

နောက်ဆက်တွဲများ

- ရန္တပိုတချုပ်
- သိပေါမင်း၏စစ်ကြေညာချက်
- Plans for the Burma Conquest
- Matters Concerning the Enforcement of Strategy in Burma
- Regulation of Duties of the Military Administration Department
- Departmental Regulation for the Military Administration Department
- Aung San's Appointment as Commander of the Burma Defence Army Military Order
- Summary of the Establishment of the Burma Defence Army
- ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့ဦးမနားစစ်ဌာနချုပ် ဖွဲ့စည်းပုံ
- ပထမပတ် ဗိုလ်သင်တန်းမှ ဂျပန်ပြည် စစ်တက္ကသိုလ် သို့တက်ခွင့်ရသော ပညာတော်သင်များစာရင်း
- ဒုတိယပတ် ဗိုလ်သင်တန်းမှ ဂျပန်ပြည် စစ်တက္ကသိုလ် သို့တက်ခွင့်ရသော ပညာတော်သင်များစာရင်း

ကိုးကားသောစာအုပ်စာတမ်းများ

## နိဒါန်း

ရှေးပဝေသဏီကာလကပင် အဝန်းအဝိုင်း တစ်ခုအဖြစ် တည်ရှိခဲ့သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံစုစည်းပါဝင်ကြသောတပ်မတော် တည်ရှိခဲ့ခြင်းကိုသမိုင်းအထောက်အထားများက ပေါ်ပြလျက်ရှိပါသည်။ အင်အားတောင့်တင်းခိုင်မာ သော မြန်မာ့တပ်မတော်ဖြစ်ပေါ်တည်ရှိခဲ့သည့်အခါတိုင်းတွင်လည်း တစ်မျိုးသားလုံးစည်းလုံးညီညွတ်ပြီးစည်ပင်သာယာဝပြောအေးချမ်းသော မြန်မာနိုင်ငံတော်ကြီးများ အကြိမ်ကြိမ်ပေါ်ပေါက်ခဲ့ပေသည်။ ထိုခေတ်ထိုကာလများတွင်မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံတော်ကိုကိုယ်စားပြုသည့် မြန်မာတပ်မတော်ကိုလည်း ဤဒေသတစ်ခွင်တွင်လေးစားအထင်ကြီးခြင်းခံခဲ့ရသည့် သမိုင်းမှတ်တမ်းများကိုတွေ့ရပေသည်။ ဤခေတ်ဤအခါ များ၏သမိုင်းကြောင်းကို လေ့လာခြင်းအားဖြင့်လည်း တိုင်းပြည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းစည်ပင်ဝပြောရေး၊ ခိုင်မာတောင့်တင်းထည်ဝါရေးစသည့် နိုင်ငံတိုးတက်ဖြစ်ထွန်းမှုကိုအပံ့အပိုးဖြစ်စေ သည့်အခြေအနေများ ပေါ်ပေါက်ရခြင်းမှာ အင်အားတောင့်တင်းခိုင်မာသည့် မြန်မာ့တပ်မတော်တည်ရှိနေမှုကြောင့်ပင် ဖြစ်သည်ကိုတွေ့ရှိ ရပါသည်။

မြန်မာ့သမိုင်းတွင်ပြည်ပမှကျူးကျော်စော်ကားမှုအန္တရာယ်များ အကြိမ်ကြိမ် ရှိခဲ့ဘူးပါသည်။ တစ်မျိုးသားလုံးကျွန်ဘဝသို့ ကျရောက်မည့် အန္တရာယ်ရှိသည့် အခါတိုင်းတွင်လည်း တိုင်းရင်းသားပေါင်းစုံ စုပေါင်းပါဝင်ဖွဲ့စည်းထားသည့် မြန်မာ့တပ်မတော်က တွန်းလှန်တိုက်ခိုက်ခဲ့သည့်အစဉ်အလာများရှိခဲ့ပါသည်။ မြန်မာ့တပ်မတော်သည်ရှေးအခါကပင်တိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းခဲ့သည့်တပ်မတော်ဖြစ်ရာ အနော်ရထာမင်းလက်ထက်ကပင်ဖြစ်စေ၊ ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက်၌ပင်ဖြစ်စေ၊ ယနေ့မြန်မာနိုင်ငံတော်၌ပင်ဖြစ်စေမြန်မာ့တပ်မတော်သည်တိုင်းရင်းသားပေါင်းစုံစုပေါင်းပါဝင်သည့်အမျိုးသားတပ်မတော်ပင်ဖြစ်ခဲ့ပါသည်။ သမိုင်းအစဉ်အဆက် မြန်မာ့တပ်မတော်ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ တပ်မတော်မဟုတ်ဘဲ တစ်မျိုး သားလုံး၏တပ်မတော်အသွင်ကိုသာဆောင်ခဲ့ပါသည်။ ထို့ကြောင့်လည်းပြင်ပအန္တရာယ်ကာကွယ်ခြင်း အမျိုးသားစည်းလုံးညီညွတ်ရေးကိုရှေ့ဆောင်ရှေ့ရွက်ပြုခြင်း၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကိုကာကွယ်စောင့်ရှောက်ခြင်း၊ ငြိမ်းချမ်းရေးကိုရှေ့ဆောင်ရှေ့ရွက်ပြုခြင်း၊ တရားဥပဒေစိုးမိုးရေးကိုအစဉ်ကိုယ်စားပြုခြင်း၊ ပြည်သူ့ဘက်မှရပ်တည်ခြင်း၊ တိုင်းပြည်ပြိုကွဲမည့်အရေးကို ကာကွယ်ခြင်း၊ ဗိုန်လွှတ်ဗိုန်စားအနစ်နာခံခြင်းစသည့်အစဉ်အလာများ၊ ခေတ်အဆက်ဆက်တွင်ထပ်ခါတစ်လဲလဲရရှိခဲ့ပါသည်။ ထို့ကြောင့်တပ်မတော်၏သမိုင်းသည် မြန်မာနိုင်ငံ၏ကျူးကျော်မှုဆန့်ကျင်ရေးနှင့်လွတ်လပ်ရေးကာကွယ်မှုသမိုင်းလည်းဖြစ်သည်။ အမျိုးသားဖြစ်ပေါ်တိုးတက်မှု၏သမိုင်းလည်းဖြစ်သည်။ ပြည်သူတို့၏မျိုးချစ်စိတ်ကို ကိုယ်စားပြုသည့်သမိုင်းမှတ်တမ်း လည်းဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံသမိုင်းတွင် တိုင်းတစ်ပါးသားတို့လာရောက် ကျူးကျော်သိမ်းပိုက်အုပ်ချုပ်နိုင်ခဲ့သည့် ဖြစ်ရပ်များ အကြိမ်ကြိမ်ရှိခဲ့ဘူးရာ ထိုသို့ကံဆိုးမိုးမှောင်ကျသည့်အခါတိုင်းတွင်လည်း ပြည်သူတို့က အမျိုးသားကာကွယ်ရေးအဖွဲ့အစည်းအသွင်ဖြင့် တစ်စိုက်မတ်မတ်တွန်းလှန်တိုက်ခိုက်ခဲ့သည်ချည်းဖြစ်ပါသည်။ ထို့ကြောင့်သူ့ကျွန်ဘဝသို့ တစ်စုံတစ်ခုသောကာလအပိုင်းအခြားအထိရောက်ရှိခဲ့သည့်တိုင်အောင် ပြန်လည်လွတ်လပ်လာရသည်ချည်းဖြစ်ပါသည်။ ဤဖြစ်ရပ်များမှများစွာသော သင်ခန်းစာများကိုရရှိခဲ့ရပေသည်။ ထိုသင်ခန်းစာများတွင် တပ်မတော်အင်အားတောင့်တင်းခြင်းမရှိသည့်အခါ၌ပင်ဖြစ်စေ၊ စည်းလုံးညီညွတ်မှုပြိုကွဲသည့်အခါ၌ပင်ဖြစ်စေ၊ ကျွန်ဘဝသို့ကျရောက်ရသည်ဆိုသောသင်ခန်းစာများ ပေါ်လွင်ထင်ရှားခဲ့ပါသည်။ တပ်မတော်အင်အားတောင့်တင်းသည့်အခါတွင်မူ မြန်မာနိုင်ငံသည် အင်ပါယာနိုင်ငံကြီးတစ်ခုအဖြစ်ပင် အနောက်နိုင်ငံသားများ၏ သမိုင်းမှတ်တမ်း များ၌ရပ်တည်ခဲ့သည်ကို တွေ့ရှိရပါသည်။

ကုန်းဘောင်မင်းဆက်ခေတ်တွင်မြန်မာနိုင်ငံအတွင်း အနောက်နိုင်ငံများ၏ လုပ်ကြံခြေထိုးမှုတို့ကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရာမှ တိုင်းပြည်၏ကာကွယ်ရေးစွမ်းပကားများဆုတ်ယုတ်လာခဲ့ရသည်။ အင်္ဂလိပ်နယ်ချဲ့၏ကျူးကျော်စစ်များဖြင့် စတင်ရင်ဆိုင်ခဲ့ရပါသည်။ ဤအင်္ဂလိပ်မြန်မာစစ်ပွဲများမှသင်ခန်းစာယူဘွယ်ရာဖြစ်ရပ်များ များစွာရှိခဲ့ပါသည်။ ထိုခေတ်ထိုကာလက မြန်မာတိုင်းရင်းသားများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်ထက်သန်အားကောင်းမှုသည်လည်း ထိုခေတ်ထိုကာလ၏သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါသည်။ သူ့ကျွန်ဘဝသို့ရောက်ရှိခဲ့ရခြင်း၏ခါးသီးသောအတွေ့အကြုံ များမှာလည်း နိုင်ငံတည်သရွေ့ မှတ်ကျောက်တင်ထားရမည့် သမိုင်းမှတ်တမ်းများပင်ဖြစ်ပါသည်။ ထိုခေတ်လက်နက်မဲ့မြန်မာတို့၏ လွတ်မြောက်ရေးလှုပ်ရှားမှုမှာလည်းပြောင်မြောက်သည့် သမိုင်းအစဉ်အလာများပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်လည်လေ့လာသုံးသပ်ပါက မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်၏ကျူးကျော်စစ်ကို သုံးကြိမ်တိုင်တိုင် ရဲစွမ်းသတ္တိအပြည့်အဝဖြင့် စွမ်းစွမ်းတမံခုခံတိုက်ခိုက်ခဲ့သော်လည်းခေတ်မီလက်နက်အင်အားကွာဟ ချက်ကြောင့် ရှုံးနိမ့်ခဲ့ရပြီးတစ်နိုင်ငံလုံးသူ့ကျွန်ဘဝသို့ရောက်ရှိခဲ့ရသည်။ မြန်မာ့တပ်မတော် သားများမှာ ပြည်သူများ အကြားတွင်စိမ့်ဝင်တပ်ဖျောက်ကာ နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုကို တွန်းလှန်တိုက်ခိုက်ရန်ကြိုးပမ်းခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးအသီးသီးကလည်း မိမိတို့၏နယ်မြေဒေသအလိုက် နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုကို တွန်းလှန်တိုက်ခိုက်ခဲ့ကြ သည်။ နယ်ချဲ့အင်္ဂလိပ်က ၁၀ နှစ်ခန့်ကြာမြင့်အောင်ခက်ခက်ခဲခဲနှင့် ပြင်းပြင်းထန်ထန်နှိမ်နင်းခဲ့သဖြင့် မြန်မာတို့၏ ဇာတိသွေးဇာတိမာန်နှင့် အမျိုးသားရေးစိတ်ဓါတ်မှာ အခိုက်အတန့်အားဖြင့်မှေးမှိန်ခဲ့ရသည်။

နယ်ချဲ့အင်္ဂလိပ်သည်မြန်မာနိုင်ငံကို အချိန်ကြာကြာအုပ်ချုပ်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးစုများ အတွင်း နည်းမျိုးစုံဖြင့်သွေးခွဲအုပ်ချုပ်ခဲ့သည်။ ဘာသာရေးအရစည်းရုံးသိမ်းသွင်းခြင်း၊ ရာထူးဌာနန္တရပေး၍ စည်းရုံးသိမ်းသွင်းခြင်း၊ တိုင်းရင်းသားလူမျိုးများအတွင်းရန်တိုက်ပေးခြင်း၊ ရှေးပဝေသဏီကတည်းက အဝန်းအဝိုင်းတစ်ခုအဖြစ်ရှိခဲ့သည့် မြန်မာနိုင်ငံကို နိုင်ငံငယ်များစွာဖြင့်ဖွဲ့စည်းခဲ့သယောင် တီတွင်လုပ်ကြံသွေးခွဲခဲ့သည်။ ထို့ကြောင့်လည်းကျွန်သစ်ရှည်ကြာခဲ့ရသည်။ နယ်ချဲ့အင်္ဂလိပ်၏သွေးစုပ်ခြယ်လှယ်မှုဆိုးရွားလွန်းခြင်းကြောင့် လက်နက်မဲ့သည့်တောင်သူ လယ်သမားများကပင် ကမ္ဘာ့ခေတ်အမီဆုံးလက်နက်များကိုကိုင်ဆောင်ထားသည့် နယ်ချဲ့အင်္ဂလိပ်ကိုဆန့်ကျင်ပုန်ကန်ခဲ့သည်အထိဖြစ်ခဲ့ရသည်။ ထို့ကြောင့်မျိုးချစ်စိတ်ဓါတ်များ ပြန်လည်ဆန်းသစ်ရှင်သန်နိုးကြားလာပြီး စစ်မှန်သည့်အမျိုးသားရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာကာ အမျိုးသားရေးကိုဦးဆောင်သည့်နိုင်ငံရေးအဖွဲ့အစည်းများလည်းပေါ် ပေါက်ခဲ့ရသည်။ ထိုသို့ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးဖြင့် သွေးခွဲအုပ်ချုပ်သည့်ကြားမှပင် ဝိုင်အမ်ဘီအေခေါ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ ဂျီစီဘီအေခေါ်မြန်မာအသင်းချုပ်ကြီးစသည့် မြန်မာတို့၏အမျိုးသားရေးစိတ်ဓါတ်ကိုပြန်လည် ရှင်သန်နိုးကြားတက်ကြွလာအောင် လှုံ့ဆော်စည်းရုံးပေးသည့်အသင်းအဖွဲ့များ ပေါ်ပေါက်လာသကဲ့သို့ နယ်ချဲ့ကိုရဲဝန့်စွန့်စားစွာ တော်လှန်ပုန်ကန်ခဲ့သည့် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီးနှင့် နယ်ချဲ့အင်္ဂလိပ်ကို အသွင်သစ်အမြင်သစ်ဖြင့် ဆန့်ကျင်ကာ အမျိုးသားရေးကို ဦးဆောင်သည့်တို့ဗမာအစည်းအရုံးကြီးတို့သည် မြန်မာ့သမိုင်းတွင်ထင်ရှားသည့် သမိုင်း မှတ်တိုင်များဖြစ် ခဲ့သည် ။

တို့ဗမာအစည်းအရုံးကြီး၏ အလံတော်အောက်တွင် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ကျောင်းသားလူငယ်များသည် စည်းလုံးညီညွတ်သည့်အင်အားဖြင့် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ကြရာမှ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွား သောခါ " အင်္ဂလိပ်အခက်၊ ဗမာ့အချက် " ဟူသောဆောင်ပုဒ်နှင့်အညီ အင်္ဂလိပ်တို့အခက် ကြုံနေစဉ်မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲရန် တို့ဗမာအစည်းအရုံးနှင့် မြေအောက်တော်လှန်ရေးအဖွဲ့အစည်းများကကြိုးပမ်း ကြရာမှ ယနေ့တပ်မတော်၏ အမြုတေတပ်မတော်ဖြစ်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်တိုက်ပွဲဝင်ရာတွင် နယ်ချဲ့အင်္ဂလိပ်ကိုလက်နက်ကိုင်တော်လှန်ရေးမဆင်နွှဲလျှင်လွတ်လပ်ရေးရရှိနိုင်မည်မဟုတ်သည်ကို ထိုစဉ်က မြေအောက်တော်လှန်ရေးခေါင်းဆောင်များကသုံးသပ်မိသည်။ ထို့ကြောင့် လက်နက်နှင့် စစ်ပညာကူညီနိုင်မည့် နိုင်ငံခြားအဆက်အသွယ်ကိုရှာဖွေရာမှ မြန်မာလူငယ်များ ဂျပန်နိုင်ငံသို့ရောက်ရှိကာ စစ်ပညာများသင်ယူပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် နယ်ချဲ့ဆန့်ကျင်ရေးကို ဇာတိသွေးဇာတိမာန်ထက်သန်သော မျိုးချစ်လူငယ်များကစတင်လှုပ်ရှားဆောင်ရွက်ခဲ့ရာမှနောက်ဆုံးတွင်နယ်ချဲ့အင်္ဂလိပ်အားလက်နက်

ဖြင့်တော်လှန်တိုက်ခိုက်ရေးအတွက် ပြည်ပအကူအညီဖြင့် စစ်ပညာများလေ့ကျင့်သင်ကြားပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားသားကို ချစ်၍ခေါ်ထင်ကြီး၍ အဆက်အသွယ်ရယူခဲ့ခြင်းမဟုတ်ပေ၊ နိုင်ငံခြားသားက မိမိတို့အပေါ် မိမိလူမျိုးထက်ပို၍ စေတနာမရှိနိုင်သည်ကို အစကပင်သဘောပေါက်ခဲ့သည်။ သို့သော် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရာတွင်လက်နက်နှင့် စစ်ပညာအကူအညီလိုအပ်၍သာ ဂျပန်နှင့်အဆက်အသွယ်ရယူခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားသားဆိုလျှင် မည်သည့်နိုင်ငံခြား သားပင်ဖြစ်စေ ယင်းတို့၏အကျိုးအမြတ်မပါဘဲ မည်သူ့ကိုမှအကျိုးမပြုဆိုသည့် ခါးသီး သောသင်ခန်းစာကို ထိုစဉ်ကပင်ရရှိခဲ့ပေသည်။ ဖက်ဆစ်ဂျပန်တို့၏ မင်းသားခေါင်း ဆောင်းထားသောဘီလူးသရုပ်ပေါ်လာ သောအခါနယ်ချဲ့အင်္ဂလိပ်ကို တွန်းလှန်တိုက်ခိုက် သကဲ့သို့ တပ်မတော်ကပင်ဦး ဆောင်၍ ဖက်ဆစ်ကိုတော်လှန် ခဲ့သည် ။

ယနေ့ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော်မြန်မာနိုင်ငံတွင်းသို့ချီတက်ဝင်ရောက်လာသောအခါ မျိုးချစ်စိတ်ဓါတ်ပြည့်ဝပြီး လွတ်လပ်ရေးကိုမြတ်နိုးသည့် မြန်မာ့သားကောင်းရတနာများ အမြောက်အမြား ဗမာ့ လွတ်လပ်ရေးတပ်မတော်သို့ဝင်ရောက်အမှုထမ်းခဲ့ရာ အင်အား ၅၀၀၀၀ ခန့်ရှိလက်နက် ကိုင် တပ်မတော်ကြီးတစ်ခုအဖြစ်သို့ရောက်ရှိခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် သည် ယနေ့တပ်မတော်၏ရှေ့ဦးအဖွဲ့အစည်းပင်ဖြစ်သည်။ ဗမာ့လွတ်လပ် ရေးတပ်မတော် ၏ ခိုင်မာတောင့်တင်းသောအင်အားကိုဖက်ဆစ်ဂျပန်များက အန္တရာယ်ဟု မြင်လာသောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ဗမာ့ကာကွယ်ရေးတပ်မတော်ကို အင်အား ၃၀၀၀ ဖြင့်ပြန်လည်ဖွဲ့စည်းခဲ့သဖြင့် ဗမာ့တပ်မတော်သားများမှာ ပင်ပန်းဆင်းရဲမှု အမျိုးမျိုး၊ ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးကြားမှ နိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန်ဂျပန်ထံမှစစ် ပညာကို သင်ယူခဲ့ရသည်။ ဂျပန်တို့၏ဖက်ဆစ်သရုပ်ပီပြင်လာပြီး မြန်မာတစ်နိုင်ငံလုံး ဖက်ဆစ်တို့၏ ညှဉ်းပန်းနှိပ်စက်မှုကို အလူးအလဲခံစားရသောအခါ မျိုးချစ်ဗမာ့တပ်မတော် ကပင် ဦးဆောင်၍နိုင်ငံရေးအင်အားစုများနှင့် လက်တွဲလျက်ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အင်္ဂလိပ် တို့ထံမှနိုင်ငံရေးနည်းအရ တောင်းဆိုတိုက်ပွဲဝင်နေစဉ် မျိုးချစ်ဗမာ့တပ်တော်ကိုအခြေခံပြီး တပ်မတော်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဗမာ့တပ်မတော်ခေါင်းဆောင်များနှင့် မဟာမိတ် တပ်ဖွဲ့ခေါင်းဆောင်များ သီဟိုနိုင်ငံ ( ယခုသီရိလင်္ကာ ) ကန္ဒီမြို့တွင် ဆွေးနွေးကြပြီး ကန္ဒီစာချုပ်အရ လက်ရှိတပ်မတော်ကိုဖွဲ့ စည်းခဲ့သည် ။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တပ်မတော်သည်အဓိက အင် အားစုအဖြစ်ပါဝင်ခဲ့သည်။ ခိုင်မာသည့် အဖွဲ့အစည်းဟူ၍လည်း တပ်မတော်သာရှိခဲ့ သည်။ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တပ်မတော်ကသာ ရှေ့ ဆောင်ဦးရွက်ပြုကာ မြန်မာနိုင်ငံ

ကို အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံဘဝသို့ရောက်ရှိအောင်ကြိုးပမ်းခဲ့သည့်အတွက် တပ်မတော်သည်နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုတို့၌ သန္ဓေတည်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိသောအခါ အင်္ဂလိပ်က Divide and Rule မူအရသွေးခွဲအုပ်ချုပ်ခဲ့သော အကျိုးဆက်များကြောင့်နိုင်ငံ၏ အမျိုးသားရေး စည်းလုံးညီညွတ် မှုပြိုကွဲခဲ့ရသည်။ အာဏာရရှိရေးဆိုသည့်ရမ္မက်ဆိုးကြောင့် ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ များကိုအခြေခံသည့် လက်နက်ကိုင်အာဏာ လုပွဲဖြစ်ပွားခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲခဲ့ရပြီး နှစ်ပေါင်းများစွာကြာမြင့်ခဲ့သည့် တိုင်ရင်ကြားစေ့၍မရနိုင်ခဲ့ပေ၊ တပ်မတော်ကသာလျှင်နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့်အဖွဲ့အစည်း အဖြစ်ရပ်တည်ခဲ့ရသည်။ တပ်မတော်သည် သက်တမ်းအားဖြင့် နုနယ်သေးသည့် အချိန်ကာလအတွင်းမှာပင်မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူပေါ်ပေါက်ခဲ့သည်. ပြည်တွင်းဆူပူသောင်းကျန်းမှုကြီးနှင့် ပြည်ပတရုတ်ဖြူကျူးကျော်မှုကိုရင်ဆိုင်ခဲ့ရပြန်ရာ တပ်မတော်သားတို့၏ အသက်သွေးမြောက်မြားစွာကို စတေးပြီး မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ဤသို့ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တပ်မတော်မှ ဆောင်ရွက်နေစဉ် အာဏာရနိုင်ငံရေးပါတီကြီးဖြစ်သည့် ဖဆပလအဖွဲ့ကြီးအတွင်းခွဲထွက်မှု၊ ဂိုဏ်းကွဲမှု၊ အာဏာယစ်မူးမှု၊ အာဏာအလွဲသုံးစားပြုမှု ၊ ပုဂ္ဂိုလ်ရေးပြိုင်ဆိုင်မှု၊ မနာလိုဝန်တိုမှု၊ မယုံသင်္ကာဖြစ်မှု၊ ပုဂ္ဂိုလ်ရေးရန်ငြိုးထားမှုများပေါ်ပေါက်လာကာ လွတ်လပ်ရေးရရှိပြီး ၁၀ နှစ်အကြာ ၁၉၅၈ခုနှစ်တွင် ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲခဲ့ရသည်။ ဖဆပလအဖွဲ့ကြီးနှစ်ခြမ်းကွဲခဲ့ရသဖြင့် အင်အားချိနဲ့နေချိန်တွင် သက်ဆိုင်ရာ အုပ်စုနှစ်စုမှလည်း မိမိတို့အုပ်စုအာဏာရရှိရေးအတွက် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင် ရွက်ခဲ့ရာတရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုထိပါးလာပြီးနိုင်ငံတော်အတွင်း ဘေးအန္တရာယ်ကျရောက်နိုင်သည့်အခြေအနေဆိုးများပေါ်ပေါက်ခဲ့ရသည်။ ထို့ကြောင့်လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲကျင်းပရန် မဆောင်ရွက်နိုင်သည့် သန့်ရှင်းဖဆပလအစိုးရသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကို အာဏာလွှဲအပ်၍ အိမ်စောင့်အစိုးရကို ဦးဆောင်ကာလွတ်လပ်၍တရားမျှတ သောရွေးကောက်ပွဲကျင်းပပေးရန်ပန်ကြားခဲ့ရသည်။ အိမ်စောင့်အစိုးရ(တပ်မတော်)၏ ကောင်းမြတ်သောစေတနာနှင့်ဆောင်ရွက်ချက်ကြောင့် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ ပြီးသန့်ရှင်းဖဆပလအစိုးရ (ဦးနုအုပ်စု)က နိုင်ငံတော်အာဏာကို ပြန်လည်ရရှိခဲ့သည်။ ပထစအစိုးရလက်ထက်တွင် ယခင်ဖဆပလကွဲစဉ်က သန့်ရှင်းဖဆပလ (နု-တင်အဖွဲ့) မှအာဏာရရှိရေးအတွက်မဲပေးထောက်ခံခဲ့သည့် ပြည်နယ်ခေါင်းဆောင်များသည် ဖယ်ဒရယ်မူကို အကြောင်းပြု၍ပြည်နယ်ခွဲထွက်ခွင့်များကို တောင်းဆိုလာကြသည်။ ပြည်နယ်ခွဲထွက်ခွင့်ပေးပါကပြည်ထောင်စုကြီးပြိုကွဲပြီးနိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးလာမည်မှာ ဧကန်မုချပင်ဖြစ်ပေသည်။

ထို ကြောင့်နိုင်ငံတော်အပေါ်ကျရောက်မည့် ဘေးအန္တရာယ်ဆိုးကြီးကို ဟန့်တားကာကွယ်သည့်အနေဖြင့် တပ်မတော်သည် တော်လှန်ရေးကောင်စီ ကိုဖွဲ့စည်းကာနိုင်ငံတော်အာဏာကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြန်သည်။

၁၉၆၂ခုနှစ်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ခွဲထွက်ချင်သည့် စိတ်ဓါတ်ရှိသောအသိုင်းအဝိုင်းများကအခြားသော တစ်ယူသန်တိုင်းရင်းသားအင်အားစုများကိုစည်းရုံးပြီးဖယ်ဒရယ်မူရလျှင်ရ၊ မရလျှင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရခွဲထွက်ခွင့်ကိုကျင့်သုံးမည်ဟု အကြပ်ကိုင်လာကြသည်။ ထိုအချိန်တွင် မြန်မာအမျိုးသားရေအိပ်မက်ဖြစ်သည့် ဆိုရှယ်လစ်စနစ်ဆိုသည်ကိုလည်း နိုင်ငံရေးခေါင်းဆောင်များက မေလျော့နေသည့်အသွင်အပြင်မှာရှိနေသည်။ နိုင်ငံတကာအခြေအနေအရဆိုလျှင်လည်း အရှေ့တောင်အာရှစစ်ပွဲကြီးတစ်ပွဲစတင်တော့မည့် နိမိတ်လက္ခဏာများပေါ်ပေါက်နေ သောအချိန်အခါ ဖြစ်ရာမြန်မာနိုင်ငံတွင်အမျိုးသားရေးဦးတည်ချက်ပျောက်နေပြီး စီးပွား ရေးအရလည်း မြန်မာတိုင်းရင်းသားများ အလူးအလဲခေါင်းပုံဖြတ်ခံနေရသည့်ဘဝသို့ ရောက်ရှိနေသည်။ ထို့ပြင်နိုင်ငံရေးအရလည်းစည်းလုံးညီညွတ်မှုပျက်ပြားပြီး ပြိုကွဲ တော့မည့်အခြေအနေတွင်ရှိရာတိုင်းပြည်ပြိုကွဲသည်နှင့် အရှေ့တောင်အာရှစစ်ပွဲကြီးတွင် ပါဝင်သွားနိုင်သည့်အခြေအနေသို့ဆိုက်ရောက်နေသောကြောင့် ၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင်တပ်မတော်က နိုင်ငံတော်အာဏာကိုထိန်းသိမ်း စောင့်ရှောက်ခဲ့ခြင်းဖြစ် သည် ။

တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကိုဖွဲ့စည်း ကာ မြန်မာနိုင်ငံအမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မူလကတည်းကမျှော်မှန်း ခဲ့သည့် ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးအတွက်မူဝါဒ၊ လုပ်ငန်းစဉ်များ ချမှတ်ကာ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့်နိုင်ငံတော်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်။ သို့သော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အားနည်းချက်များ၊ ပျော့ကွက်၊ ဟာကွက်များကို အခြေပြုကာ ပြည်တွင်းပြည်ပရှိလက်ဝဲလက်ယာ အင်အားစုများ၏သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းကြီးတစ်ခုဖြစ်ပေါ်လာခဲ့ရသည်။ ထိုအရေးအခင်းအတွင်း အစွန်းရောက်ဝါဒီများ၏ ပြုမူဆောင်ရွက်ခဲ့မှုများ အဖြစ်အပျက်များသည်ပြည်ထောင်စုကြီးပြို ကွဲ၍နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးရတော့မည့်အခြေအနေဆိုးများကိုဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းကာနိုင်ငံတော်၏တာဝန်အရပ်ရပ်ကိုလုံးဝတာဝန်ယူခဲ့ရသည့် အခြေအနေသို့ဆိုက်ရောက်ခဲ့ရပေ သည်။

အထက်ဖော်ပြပါမြန်မာ့သမိုင်းစဉ်ကိုရှုကြည့်လျှင် ပြည်သူနှင့်တစ်သွေးတည်း တစ်သားတည်းရှိသော တပ်မတော်၏သမိုင်းကြောင်းကိုတွေ့နိုင်ပေသည်။ တိုင်းပြည်

နှင့်လူမျိုးအတွက် ရေ့တန်းကမားမားမတ်မတ်ရပ်တည်ခဲ့သောတပ်မတော်ကို ပြည်သူတို့ကချစ်ခင်ကြသည်။ ငွန့်လွှတ်စွန့်စားစိတ်ဓါတ်နှင့်ပြည်သူ့ရန်ကို ကာကွယ်သောတပ်မတော်သားတို့ကိုလေးစားကြသည်။ မျိုးချစ်စိတ်ဓါတ်ပြည့်ဝသည့်အစဉ်အလာသည် အမျိုးသားရေးသမိုင်းတစ်လျှောက် တပ်မတော်ကဦးထိပ်ပန်ဆင်နိုင်ခဲ့သည်။ လွတ်လပ်ရေးကိုအသက်၊ သွေးစတေး၍ရယူပေးခဲ့သောတပ်မတော်၊ ပြည်တွင်းပြည်ပအန္တရာယ်မှန်သမျှတွန်းလှန်ကာကွယ်ခဲ့သော တပ်မတော်၏သမိုင်းစဉ်သည် တာဝရထွန်းပြောင်သည်။ နိုင်ငံတော်နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာကိုစောင့်ထိန်းပေးသော တပ်မတော်သည် ပြည်သူများထဲမှပေါက်ဖွားလာပြီး ပြည်သူ့အကျိုးစီးပွား ၊ အသက်အိုးအိမ်စည်းစိမ်ကိုအစဉ်ကာကွယ်စောင့်ရှောက်ခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းသားအပေါင်း ၏စည်းလုံးညီညွှတ်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ခဲ့သော တပ်မတော်၏စွမ်းဆောင်ရည်သည်အစဉ်မြင့်မားလျက်ရှိသည်။ ပြည်သူတစ်ရပ်လုံးအပေါ်အစဉ်သစ္စာ စောင့်သိခဲ့သောပြည်သူ့တပ်မတော်၏သမိုင်းအစဉ်အလာသည် ကမ္ဘာတည်သရွေ့ မော်ကွန်းတင်ကျန်ရစ်နေမည်သာဖြစ်ပေ သည်။

အတိတ်ကာလနိုင်ငံရေးအစိုးရလက်ထက်က အမျိုးသားကာကွယ်ရေးကို လစ်လျူရှုထားခဲ့သောကြောင့်နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအားချိနဲ့ကာ မိမိ၏နိုင်ငံနယ်နိမိတ်များကိုကာကွယ်နိုင်စွမ်းမရှိသဖြင့်နယ်စပ်ဒေသများတွင်သာလာယံဇရပ်ကဲ့သို့ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်ဖြစ်ခဲ့ရသည်။ သင်ခန်းစာမှာ နိုင်ငံရေးသမား များကနိုင်ငံတော်၏ကာကွယ်ရေးကိစ္စရပ်များကိုချုပ်ကိုင်သည့်အခါတွင်တပ်မတော်ကိုအင်အား ချိနဲ့စေခြင်းဖြင့်တပ်မတော်ကိုထိန်းချုပ်ပြီး ယင်းတို့စိတ်တိုင်းကျခြယ်လှယ် ခွင့်ရရှိအောင်ဆောင်ရွက်ခဲ့သည်ဆိုသည့်အချက်ပင်ဖြစ်သည်။ ထို့ကြောင့်နိုင်ငံတော်၏အမျိုးသားရေးအကျိုးစီးပွားကိုဦးတည်ဆောင်ရွက်မည့်အဖွဲ့အစည်းမရှိဘဲပါတီအကျိုးပုဂ္ဂလိကအကျိုး၊ တစ်ဖွဲ့တစ်စည်း၏အကျိုးကိုသာရှေးရှုပြီးထင်သလို မင်းမူနိုင်သည့်အခြေအနေများပေါ်ပေါက်ခဲ့ဘူးခြင်းသည် တပ်မတော်သမိုင်းဖြစ်ပေါ်တိုးတက်မှုအတွက်သင်ခန်းစာယူစရာများပင်ဖြစ်ခဲ့သည်။

တပ်မတော်သမိုင်းကိုနယ်ချဲ့အင်္ဂလိပ်မြန်မာစစ်ပွဲများမှ ဗမာ့ကာကွယ်ရေးတပ်မတော်ကာလ(၁၈၂၄–၁၉၄၅)အထိပထမတွဲအဖြစ်လည်းကောင်း၊ ဖက်ဆစ်တော်လှန်ရေးကာလမှ မြန်မာနိုင်ငံတော်လွတ်လပ်ရေးရရှိသည့်ကာလ (၁၉၄၅–၁၉၄၈)အထိဒုတိယတွဲအဖြစ်လည်းကောင်း၊ လွတ်လပ်ရေးရရှိသည့်ကာလမှ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာသည့်ကာလ(၁၉၄၈–၁၉၆၂)အထိ တတိယတွဲအဖြစ်လည်းကောင်း၊ တော်လှန်ရေးကောင်စီကာလမှပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ကာလ (၁၉၆၂– ၁၉၇၄) အထိ စတုတ္ထတွဲအဖြစ်လည်းကောင်း၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ကာလမှ၁၉ဂဂခုနှစ်အထိ ပဋ္ဌမတွဲအဖြစ် လည်းကောင်း ထုတ်ဝေသွားရန် ရည်ရွယ်ထားပါသည်။

ဤတပ်မတော်သမိုင်းစာအုပ်သည် ပြီးပြည့်စုံသည့်တပ်မတော်သမိုင်းဟူ၍ မယူဆစေလိုပါ။ တပ်မတော်မော်ကွန်းတိုက်ရှိ အထောက်အထားစာရွက်စာတမ်းများ၊ သမိုင်းကြောင်းဆိုင်ရာစာအုပ်များကိုအခြေတည်၍ တပ်မတော်သမိုင်းတွင်တစ်ခန်း တစ်ကဏ္ဍအဖြစ်ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်များမှတွေ့ဆုံမေးမြန်းခွင့်ရသည့်ပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ထားသည့် အချက်အလက်များကိုမှုတည်ပြီးရေးသားပြုစု ထားခြင်းဖြစ်ပါသည်။ တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှပေါ်ကဲဖွားလာသည့် တပ်မတော်ဖြစ်ရာမြန်မာနိုင်ငံသမိုင်းသည် တပ်မတော်၏သမိုင်းပင်ဖြစ်ပါသည်။ ဤစာအုပ်တွင်မြန်မာနိုင်ငံ၏သမိုင်းစဉ်အဖြစ်အပျက်များကိုအခြေပြု၍ တပ်မတော်ပေါက်ဖွားရပ်တည်ခဲ့ရသည့် သမိုင်းကြောင်းကိုရေးသားပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်အဖက်ဖက်မှ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးသည့် တပ်မတော်( ကြည်း၊ ရေ၊ လေ ) ကွန်ပျူတာဌာနမှူးရုံးအားလည်းကောင်း ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်ပေးသည့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအားလည်းကောင်း၊ သမိုင်းကြောင်းဆိုင်ရာအချက်အလက် များကိုတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခွင့်ပြုသည့်ပုဂ္ဂိုလ်များအားလည်းကောင်း၊ အခြားဌာန ဆိုင်ရာများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်း တင်အပ်ပါ သည် ။

**ဗိုလ်မှူးကြီးရဲထွန်း**
**စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူး**
**ကာကွယ်ရေးဝန်ကြီးဌာန**

**ရက်စွဲ၊ ၁၉၉၄ခုနှစ် ၊ ဇန်နဝါရီလ ၂၅ ရက် ။**

## အခန်း ၁

# ၁၉၃၀ ခုနှစ်မတိုင်မီအမျိုးသားရေးလှုပ်ရှားမှုများ
# အင်္ဂလိပ်နှင့်စစ်ပွဲသုံးကြိမ်ဖြစ်ပွားပြီးနောက်နိုင်ငံ၏
# လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း

### ဥရောပတိုက်သားများမြန်မာနိုင်ငံသို့ လာရောက်ဆက်သွယ်ကြပုံ

ဥရောပတိုက်သားများသည် မြန်မာနိုင်ငံသို့ ၁၃ ရာစု ကုန်ခါနီးအချိန်မှစ၍ ရှေးဦး စွန့်စားခရီးသွားလာသူများအဖြစ် ရောက်ရှိလာခဲ့ကြသည်။[၁] မြန်မာနိုင်ငံသို့ ရှေးဦးစွာလာ ရောက်ကြသော ဥရောပတိုက်သားများမှာ အီတလီ၊ ပေါ်တူဂီ၊ ဒတ်ချ်၊ ပြင်သစ်နှင့် အင်္ဂလိပ် လူမျိုးများ ဖြစ်ကြသည်။ ယင်းတို့သည် အစပထမ၌ တစ်ဦးချင်း လာရောက်ကြသော်လည်း သယံဇာတပစ္စည်း ကြွယ်ဝသော အရှေ့နိုင်ငံများ၏ ဂုဏ်သတင်းကြောင့် ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ၁၆ ရာစုနှင့် ၁၇ ရာစု အစောပိုင်းမှအစပြု၍ ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီ[၂]၊ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ[၃] နှင့် ပြင်သစ် အရှေ့အိန္ဒိယကုမ္ပဏီ[၄] များကို သက်ဆိုင်ရာနိုင်ငံ အသီးသီးတွင်တည်ထောင်ကာ မြန်မာနိုင်ငံအပါအဝင် အရှေ့တိုင်းနိုင်ငံများ၌ ကုန်သွယ် ရောင်းဝယ်ရေး လုပ်ငန်းများကို စတင်လုပ်ကိုင်လာကြသည်။

ယင်းကုမ္ပဏီများသည် အမြတ်အစွန်းရရှိရေးအတွက် အကြိတ်အနယ်ပြိုင်ဆိုင် ရောင်းဝယ်ကြရာတွင် သက်ဆိုင်ရာအစိုးရများ၏ ကူညီအားပေးမှုကြောင့် လက်နက်တပ်ဆင် ထားသော အုပ်စုအဖွဲ့အစည်းများ အဖြစ်သို့ ရောက်ရှိလာခဲ့ကြသည်။ ယင်းတို့သည် အရှေ့ တိုင်း၌ မပေါ်ပေါက်သေးသော လက်နက်ဆန်းများကိုအသုံးပြုကာ မတိုးတက်သေးသော အရှေ့ တိုင်းသားများ အပေါ်ဩဇာညောင်းခဲ့ကြလေသည်။

မြန်မာနိုင်ငံသို့ ရှေးဦးစွာလာရောက်ဆက်သွယ်ကြသူများမှာ ပေါ်တူဂီလူမျိုးများ ဖြစ်ကြသည်။ ယင်းတို့သည် တောင်ငူဘုရင် တပင်ရွှေထီးနှင့်ဘုရင့်နောင်၊ မွန်ဘုရင်သုရှင် တကာရွတ်ပိ၊ ရခိုင်ဘုရင် မင်းရာဇာကြီးတို့ လက်အောက်တွင် သေနတ်အမှုထမ်းများ အဖြစ် ထမ်းရွက်ခဲ့ကြသည်။ သို့သော်တောင်ငူဘုရင် အနောက်ဖက်လွန်မင်း(မဟာဓမ္မရာဇာ၊

---

၁။ D. G. E. Hall. Europe and Burma p.10

၂။ Dutch East India Company

၃။ English East India Company.

၄။ French East India Company

၁၆၀၅–၁၆၂၈)က မြန်မာနိုင်ငံတွင် စတင်နယ်ချဲ့လျက်ရှိသော ပေါ်တူဂီလူမျိုးသံလျင်မြို့စားငဇင်ကာ[၁]အား ၁၆၁၃ ခုနှစ်တွင် သုတ်သင်လိုက်သောအခါ ပေါ်တူဂီမြန်မာ ဆက်ဆံရေးမှာ ရပ်စဲသွားခဲ့လေသည်။[၂]

ပေါ်တူဂီ မြန်မာဆက်ဆံရေး ရပ်စဲသွားပြီးနောက် မြန်မာနိုင်ငံသို့ ဒတ်ချ်တို့ လာရောက် ဆက်သွယ်ကြသည်။ ဒတ်ချ်တို့သည် ၁၆၂၄ ခုနှစ်တွင် ရခိုင်ပြည်မြောက်ဦးမြို့၌ ကုန်တိုက်တစ်ခု တည်ဆောက်ကာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို စတင်လုပ်ကိုင်ကြသည်။ ထို့နောက် မြန်မာနိုင်ငံမှဆန်ကို ဝယ်ယူ၍ အင်ဒိုနီးရှားနိုင်ငံ၊ ဘက်တေးဗီးယား (ဂျကာတာ)[၃] မြို့သို့တင်ပို့ရန်ဆက်လက် ဆောင်ရွက်ကြသည်။ ဒတ်ချ်တို့သည် သာလွန်မင်း (သိရိဝမ္မရာဇာမဟာဓိပတိ၊ ၁၆၂၉–၁၆၄၈)လက်ထက် ၁၆၃၅ခုနှစ်ခန့်တွင် သံလျင်မြို့၌ ကုန်တိုက်တစ်ခု ဖွင့်လှစ်ကြပြန်သည်။[၄]ထို့ပြင် ၁၆၅၃ခုနှစ်တွင် ဒတ်ချ်တို့သည် သံလျင်နှင့် အင်းဝတို့၌ ကုန်တိုက်များ ထပ်မံတည်ထောင်ကြပြီး ဗန်းမော်မှတဆင့် တရုတ်ပြည်နှင့် ကူးသန်းရောင်းဝယ်ရန် စီမံကြပြန်သည်။ ယင်းသို့ ဒတ်ချ်တို့သည် ဗန်းမော်တွင် ကုန်တိုက် တစ်ခုဖွင့်လှစ်၍ တရုတ်ပြည်နှင့် ကူးသန်းရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ်ရန် ကြိုးစားရာ တရုတ်ပြည်နယ်စပ်၌ ကုန်တိုက်ဖွင့်လှစ်ရေး၊ အကောက်ခွန် လွတ်ငြိမ်းခွင့်ပေးရေးကို မြန်မာ ဘုရင်ထံ တောင်းဆိုသောအခါ မြန်မာဘုရင် မင်းရဲကျော်ထင်က ခွင့်မပြုခဲ့ချေ။[၅] ထို့ကြောင့် ၁၆၇၆ ခုနှစ်တွင် မြန်မာပြည်ရှိ ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီ ကုန်တိုက်များကို ပိတ်ပစ် လိုက်ရန် ဒတ်ချ်တို့က ဆုံးဖြတ်ကြပြီး ၁၆၇၉ခုနှစ်၌ ကုန်တိုက်များကို ရုပ်သိမ်းသွားကြသည်။[၆]

အင်္ဂလိပ်ကုန်သည်တို့သည် ၁၆၀၀ ပြည့်နှစ်တွင် အယ်လိဇဘက်ဘုရင်မ ကြီး၏ ခွင့်ပြုချက်ဖြင့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကို တည်ထောင်ကာ အရှေ့နိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ရန် ဆောင်ရွက်လာကြသည်။[၇]အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီသည် ၁၆၁၁ခုနှစ်မှစ၍အိန္ဒိယပြည်ရှိဆူရတ်[၈]နှင့်မဆူလီပတမ်[၉]တွင်အခြေချပြီးနောက် မဒရပ် မြို့၌

---

၁။ Philips De Brito

၂။ D.G.E.Hall. Europe and Burma. p.6

၃။ Batavia (Djakarta)

၄။ D.G.E.Hall. A History of South East Asia. p.357

၅။ D.G.E.Hall.Early English Intercourse with Burma. p.105

၆။ D.G.E.Hall. Europe and Burma. p.34

၇။ F.N. Trager. Burma from Kingdom to Independence. p.6

၈။ Surat

၉။ Masulipatan

စိန့်ဂျော့တပ်မြို့[၁] ကိုလည်းကောင်း၊ ကာလကတ္တားမြို့၌ ဝီလျံတပ်မြို့[၂] ကိုလည်းကောင်း၊ တည်ထောင်ကာ အိန္ဒိယပြည်တွင် ခြေကုပ်ယူကြလေသည်။[၃]

အင်္ဂလိပ်တို့နည်းတူ ပြင်သစ်တို့သည်လည်း ၁၆၆၄ ခုနှစ်တွင် ၁၄ဆက်မြောက် လူဝိဘုရင်၏ အားပေးမှုဖြင့် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီကို တည်ထောင်ကြသည်။[၄] ပြင်သစ်တို့သည် ၁၆၆၈ ခုနှစ်မှစတင်၍ အိန္ဒိယပြည် ဆူရတ်၊ မဆူလီပတမ်နှင့် ပွန်ဒီချယ်ရီ[၅]ဒေသများတွင် ကုန်တိုက်များ တည်ထောင်ကြသောအခါ အိန္ဒိယပြည်၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ပြိုင်ဘက် များဖြစ်လာကြလေ သည်။

အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် အိန္ဒိယပြည်၌ သာမက ယိုးဒယားပြည်၊ အယုဒ္ဓယ မြို့၌လည်းအပြိုင်အဆိုင် ကူးသန်းရောင်းဝယ်ကြရာ ယိုးဒယားဘုရင် ရမ်ဆူယင်[၆] လက်ထက် ၁၆၈၈ခုနှစ်တွင် ပြင်သစ်နှင့် အင်္ဂလိပ်တို့အား မလိုလားသဖြင့် ယိုးဒယားပြည်ရှိ ယင်းတို့၏ ကုန်သွယ်ရေးစခန်းများကို ဘုရင်ကရုပ်သိမ်းသွားစေခဲ့သည်။[၇]

၁၆၁၅ခုနှစ်တွင် အနောက်ဘက်လွန်မင်းသည် ယိုးဒယားပြည် ဇင်းမယ်ကို တိုက်ခိုက်သိမ်းပိုက်သောအခါ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ၏ အမှုထမ်းတစ်ဦးဖြစ်သူ သောမတ်စ်ဆင်မြူရယ်[၈] အားဖမ်းဆီးရမိခဲ့လေသည်။ သောမတ်စ်ဆင်မြူရယ်သည် ပဲခူးတွင် ကွယ်လွန်သွားသောကြောင့် ၁၆၁၇ ခုနှစ်တွင် အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီက ဆင်မြူရယ်၏ပစ္စည်းများကို ပြန်လည်ရယူရေးအတွက် ဟင်နရီဖော်ရက်စ်[၉]နှင့် ဂျွန်စတေဗလီ[၁၀] တို့အား ကိုယ်စားလှယ်အဖြစ် လွှဲအပ်၍ မြန်မာနိုင်ငံသို့ စေလွှတ်လိုက်သည်။[၁၁] ၁၆၂၀ ခုနှစ်တွင် ယင်းကိုယ်စားလှယ်များ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွါသွားသောအခါ အနောက်ဖက်လွန်မင်းက အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအား မြန်မာနိုင်ငံနှင့် ကူးသန်းရောင်းဝယ်နိုင်ကြောင်း အကြောင်းကြားစာကို ကိုယ်စားလှယ်အဖွဲ့မှတဆင့် ပေးပို့ဆက်သွယ်ခဲ့လေသည်။[၁၂]

သို့သော်အင်္ဂလိပ်တို့သည် အနောက်ဘက်လွန်မင်း၏ ညီတော်သာလွန်မင်း (သိရိသုဓမ္မရာဇာမဟာဓိပတိ၊ ၁၆၂၉–၁၆၄၈) လက်ထက်တွင်မှ မြန်မာနိုင်ငံ၌ ကုန်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကိုစတင်လုပ်ကိုင်လာကြသည်။ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ

---

၁။ Fort St.George ၂။ Fort Wlliam

၃။ F.N.Trager.Burma From Kingdom to Independence. p.7

၄။ ibid. p.8

၅။ Pondicherry ၆။ Ramsuen

၇။ F.N.Trager.Burma From Kingdom to Independence.p.9

၈။ Thomas Samuel ၉။ Henry Forest

၁၀။ John Staveley.

၁၁။ D.G.E.Hall. Europe and Burma. p.25

၁၂။ ibid. p.27

သည် မြန်မာနိုင်ငံ၌ ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီ၏ အမြတ်အစွန်းရရှိမှု သတင်းကို ကြားသိရသဖြင့်လည်းကောင်း၊ ပါရှန်ပင်လယ်ကွေ့ ကူးသန်းရောင်းဝယ်ရေးတွင် ယှဉ်ပြိုင်မှုရှုံးနိမ့်ရသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၌ ကုန်တိုက်ဖွင့်လှစ်ရန် ဆုံးဖြတ်လေသည်။ ထို့ကြောင့် ၁၆၄၇ခုနှစ်တွင် အင်္ဂလိပ်တို့သည် သံလျင်၌ ကုန်တိုက်တစ်ခုကို ဖွင့်လှစ်ကြလေသည်။[1] သို့သော် ၁၆၅၂ ခုနှစ်၌ အင်္ဂလိပ်နှင့် ဒတ်ချ်တို့စစ်ဖြစ်ပွါးသောအခါ ဘင်္ဂလားပင်လယ်အော်တွင်အင်္ဂလိပ်တို့ အရေးရှုံးနိမ့်ပြီး ယင်းတို့၏ ကုန်သွယ်ရေးလုပ်ငန်းများ ပျက်စီးခဲ့ရသဖြင့်လည်းကောင်း၊ အင်္ဂလန်နိုင်ငံတွင် ဘုရင်နှင့်ပါလီမန် ဂိုဏ်းသားတို့၏ ၁၆၄၂ ခုနှစ်မှ ၁၆၄၉ ခုနှစ်အထိ ဖြစ်ပွားသော ခုနစ်နှစ်ကြာ ပြည်တွင်းစစ်အပြီးတွင် အာဏာရအစိုးရအဖွဲ့သည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ လုပ်ငန်းများကို အားပေးကူညီမှု မပြုသောကြောင့်လည်းကောင်း၊ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် ၁၆၅၇ ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် အရှေ့ဘက်နိုင်ငံများရှိ ယင်းတို့၏ ကုန်တိုက်များကို ရုပ်စဲလိုက်ကြလေသည်။[2]

အင်္ဂလိပ်တို့သည် ၁၆၈၀ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ကုန်တိုက်များပြန်လည်ဖွင့်လှစ်ရန် အာရုံပြုလာကြပြန်သည်။ ယင်းသို့အင်္ဂလိပ်တို့အာရုံပြုလာကြခြင်းမှာ–

(၁) ဒတ်ချ်တို့သည် ယင်းတို့၏ ကုန်တိုက်များကို မြန်မာနိုင်ငံမှ ရုပ်သိမ်း သွားခြင်း၊

(၂) မြန်မာပြည်မှ ထွက်သော ချိပ်နှင့်ယမ်းစိမ်း တို့ကို အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ ကအထူးလိုလားနေခြင်း[3] စသည်တို့ကြောင့်ဖြစ်လေသည်။

ထိုစဉ် မဒရပ်တွင်နေသည့် အာမေးနီးယားလူမျိုး ဘာသိုလိုမျူးရော့ဒ်ရစ်[4] ၏ သင်္ဘောသည် မုတ္တမဆိပ်ကမ်းသို့ အကြောင်းမကြားပဲ ဝင်ရောက်လာရာ မြန်မာတို့က အစဉ်အလာအရ ဖမ်းဆီးလေသည်။ ယင်းသင်္ဘောတွင် အင်္ဂလိပ် အရှေ့ အိန္ဒိယကုမ္ပဏီ ကောင်စီဥက္ကဋ္ဌဖြစ်သူ နသန်နီယယ်ဟစ်ဂင်ဆင်[5]၏ ပစ္စည်းများပါဝင်လေသည်။ ထို့ကြောင့် ဟစ်ဂင်ဆင်သည် သူ၏ပစ္စည်းများပြန်လည်ရရှိရေးအပြင် သံလျင်တွင် ကုန်တိုက်ဖွင့်လှစ်ရေး၊ သင်္ဘောများပြင်ဆင်ခွင့် ရရှိရေးတို့အတွက် သာမန်ကုန်သည်များ ဖြစ်သော အက်ဒွပ်ဖလိဝုဒ်[6] နှင့် ဂျိမ်းလက်စလီ[7] တို့ကို ၁၆၉၅ ခုနှစ်တွင်အင်းဝသို့ စေလွှတ်၍ မြန်မာမင်းထံ တင်ပြတောင်းခံစေသည်။ သို့သော် ဖလိဝုဒ်တို့သည် တရားဝင်သံအဖွဲ့ မဟုတ်သောကြောင့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် မြန်မာနိုင်ငံတို့ တရားဝင်ကုန်သွယ်ရေး ကိစ္စမှာ မည်သို့မျှ

---

၁။ D.G.E.Hall. Europe and Burma.p.31    ၂။ ibid.p.32

၃။ D.G.E.Hall. Early English Intercourse with Burma.p.107

၄။ Bartholomew Rodrigues.

၅။ Nathaniel Higginson.    ၆။ Edward Fleetwood.

၇။ James Lesley.

ထူးခြားခြင်းမရှိခဲ့ချေ။ ဟာစ်ဂင်ဆင်သည် သောမတ်စ်ဘောင်ယာ ဆိုသူအား မြန်မာနိုင်ငံနှင့် တရားဝင်ကုန်သွယ်ရေးကိစ္စကို စေ့စပ်ဆောင်ရွက်ရေးအတွက် အင်းဝသို့စေလွှတ်ရန် စီမံပြန်သည်။ မြန်မာတို့က သောမတ်စ်ဘောင်ယာသည် ကုမ္ပဏီ၏တရားဝင် ကိုယ်စားလှယ် မဟုတ်သဖြင့် လက်မခံပေ။

၁၆၉၇ ခုနှစ်တွင် အင်္ဂလိပ်တို့သည် သံလျင်၌ သင်္ဘောကျင်းတစ်ခုတည်ဆောက်၍ သင်္ဘောတည်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရရှိခဲ့လေသည်။ ထိုအချိန်တွင်မြန်မာမင်းသည် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီကိုလည်း သံလျင်တွင်ကုန်တိုက် ဖွင့်ခွင့်ပေးထားခဲ့သည်။ [၂]

အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် အိန္ဒိယပြည်တွင်သာမက ယိုးဒယားပြည်၌ပါ အပြိုင်အဆိုင်ကူးသန်းရောင်းဝယ်ကြသည်။ ၁၆၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ယိုးဒယားပြည်၌ ပြင်သစ်တို့သည် လွှမ်းစွာအရေးပါလျက်ရှိပြီး အခွင့်အရေးများပိုမိုရရှိကာ အင်္ဂလိပ်တို့မှာမူ မျက်နှာပန်းမလှဖြစ်ခဲ့ရသည်။ ထို့ကြောင့် ၁၆၈၆ ခုနှစ်မှစ၍ အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီက ယိုးဒယားနှင့်အတိုက်အခံပြုရန်ဆုံးဖြတ်ပြီး ပုသိမ်အနီးရှိ ဟိုင်းကြီးကျွန်း[၃] ကိုသိမ်းပိုက်ထားရန်ရည်ရွယ်သည်။ ဟိုင်းကြီးကျွန်းသိမ်းပိုက်ရေး အစီအစဉ်များလည်း စီမံဆောင်ရွက်လာကြသည်။ အင်္ဂလိပ်တို့ဟိုင်းကြီးကျွန်းတွင်အခြေချရန် ကြိုးပမ်းခြင်းမှာ–

(၁) ဟိုင်းကြီးကျွန်းသည် ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်ရန် ဆိပ်ကမ်းကောင်းတစ်ခုဖြစ်ပြီးစားရေရိက္ခာလုံလောက်ခြင်း၊

(၂) မြေသြဇာကောင်းမွန်သဖြင့် အချိန်ယူပြီးကြိုးစားစိုက်ပျိုးပါက အိန္ဒိယပြည်တွင်ရရှိသော ပိုးချည်၊ သကြား၊ ဝါချည်၊ ငရုတ်ကောင်းအစရှိသည်တို့ကို ဤကျွန်းတွင်ရရှိနိုင်ခြင်း၊

(၃) ဘင်္ဂလား၊ ပဲခူးနှင့် ရခိုင်ဒေသများကို စစ်ရေးအရ ထိန်းချုပ်ထားနိုင်ပြီး အဆိုပါဒေသများနှင့် ကူးသန်းရောင်းဝယ်ရေး ဈေးကွက်စခန်းအဖြစ် ဟိုင်းကြီးကျွန်းကို ဖန်တီးနိုင်ခြင်း[၄]၊

စသည်တို့ကြောင့်ဖြစ်သည်။ ထို့ပြင် အင်္ဂလိပ်တို့ဟိုင်းကြီးကျွန်းတွင် အခြေချမိရန် ကြိုးပမ်းရခြင်း၏ အဓိကအကြောင်းအချက်မှာ ယိုးဒယား၌ သြဇာကြီးမား၍ တွင်ကျယ်လျက် ရှိသော ပြင်သစ်တို့ ဘင်္ဂလားအော်ဘက်သို့ သြဇာပြန့်လာမည်ကို ဟန့်တားနိုင်ရန်ဖြစ်လေသည်။ [၅]

---

၁။ Thomas Bowyear

၂။ A.Dalrample.Oriental Repertory.pp.390-391

၃။ Negrais Island

၄။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်၊ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း(ပထွဲ)မျက်–၄၅၈

၅။ ယင်း၊ မျက်–၄၅၉

၁၇၅၅ ခုနှစ်၌ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် ဂျော့ဘေကာ[၁] အားကိုယ်စားလှယ်အဖြစ်လွှဲအပ်၍ ရွှေဘိုမြို့တွင် နန်းစံလျက်ရှိသော အလောင်းမင်းတရားကြီးထံ စေလွှတ်ခဲ့၏။ ထိုနောက် ဟိုင်းကြီးကျွန်းတွင် အင်္ဂလိပ်တို့အမြဲတန်း နေထိုင်ခွင့်ရရေးကို တင်ပြတောင်းခံစေသည်။ ၁၇၅၇ ခုနှစ်၌ ရေတပ်ဗိုလ် လက်စတာ[၂] အား အလောင်းမင်းတရားကြီးထံ ထပ်မံစေလွှတ်၍ တင်ပြတောင်းခံစေပြန်ရာ အင်္ဂလိပ်တို့ ဟိုင်းကြီးကျွန်းနှင့် ပုသိမ်တို့တွင် နေထိုင်ရောင်းဝယ်ခွင့် ရရှိခဲ့လေသည်။ သို့သော် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံပြည်တွင်းရေး၌ဝင်ရောက်စွက်ဖက်နေကြောင်း အလောင်းမင်းတရားကြီး သိရှိသွားသဖြင့် ၁၇၅၉ ခုနှစ်တွင် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်တို့၏ စခန်းများကို ပြန်လည်သိမ်းယူလိုက်လေသည်။ [၃]ထို့ကြောင့် မြန်မာနိုင်ငံသို့ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ ကိုယ်စားလှယ်များ ထပ်မံရောက်ရှိလာခြင်း မရှိတော့ပဲ ၃၅ နှစ်မျှ အဆက်အသွယ်ပြတ်တောက်သွားလေသည်။

ထိုအချိန်တွင် ဥရောပ၌ အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် ဩစတြီးယားနန်းမွေဆက်ခံရေးစစ်ပွဲ[၄] (၁၇၄၀–၄၈) နှင့် ခုနစ်နှစ်စစ်ပွဲ[၅] (၁၇၅၆–၆၃) များဖြစ်ပွါးနေရာ ယင်းစစ်ပွဲများတွင်ပြင်သစ်တို့ အရေးရှုံးနိမ့်သွားလေသည်။ ထို့ကြောင့် ပြင်သစ်တို့သည် အိန္ဒိယပြည်ရှိ ယင်းတို့၏ ကူးသန်းရောင်းဝယ်ရေး ခြေကုပ်စခန်းများကို လက်လွှတ်လိုက်ရသည်။ အင်္ဂလိပ်တို့မှာ အိန္ဒိယပြည်တွင်ပြိုင်ဘက်မရှိ တန်ခိုးကြီးထွားလာပြီး ဘင်္ဂလားနယ်ကို ကိုလိုနီနယ်မြေအဖြစ် အုပ်ချုပ်ခွင့်ရရှိခဲ့လေသည်။

၁၇၆၀ ပြည့်နှစ်မှစ၍ ဥရောပနိုင်ငံများ၌ လူနေမှုစနစ်တစ်ရပ်လုံးကို ပြုပြင် ပြောင်းလဲသွားစေသည့် စက်မှုတော်လှန်ရေးကြီး[၆] ပေါ်ပေါက်ခဲ့၏။ ယင်းတော်လှန်ရေး ကြီးကြောင့် နိုင်ငံရေးဩဇာအာဏာမှာ မြေရှင်ပဒေသရာဇ်များ လက်ထဲမှ အရင်းရှင်လူတန်းစားများလက်တွင်းသို့ ပြောင်းလဲရောက်ရှိသွားလေသည်။ ယင်းသို့ စက်မှုခေတ်သို့ ပြောင်းလဲလာသောအခါ အရင်းရှင်များသည် အရင်းရှင်ကုန်ထုတ်လုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်လာကြသည်။ ယင်းတို့၏ ကုန်ပိုကုန်လျှံများကို ဈေးကောင်းကောင်းနှင့် ရောင်း၍အမြတ်အစွန်းရရှိရေး၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန်ကုန်ကြမ်းကုန်ရိုင်းများကို ဈေးပေါပေါနှင့်ရရှိရေး၊ မိမိတို့နိုင်ငံတွင် ပိုလျှံလာသော အရင်းအနှီးများကို တင်ပို့ကာ စီးပွားရေးလုပ်ငန်းများ တိုးချဲ့အခြေစိုက်ပြီး အမြတ်အစွန်း ထုတ်နိုင်ရေး၊ လူနေမှုစနစ်နိမ့်ကျသဖြင့် ဈေးပေါပေါနှင့် ခိုင်းနိုင်သော အလုပ်သမားများကို ခြယ်လှယ်သွေးစုတ်နိုင်ရေး[၇] စသည့် အကျိုးကျေးဇူးများ ခံစားနိုင်ရေး

---

၁။ Captain George Baker.    ၂။ Ensign Robert Lester.

၃။ Dorothy Woodman. The Making of Burma. pp.34-37

၄။ Austrian War of Succession.    ၅။ Seven Years War.

၆။ Industrial Revolution

၇။ လမ်းစဉ်ပါတီဌာနချုပ်၊ လူတို့၏ကုန်လုပ်ဆက်ဆံရေးသမိုင်း၊ မျက်၁၄၃–၁၄၄

အတွက် အရင်းရှင်စနစ် မထွန်းကားသေးသော နိုင်ငံငယ်များအား နယ်ချဲ့သိမ်းပိုက်ရန် ခြေလှမ်းပြင်လာကြလေသည်။

ဤသို့အရင်းရှင် အနောက်နိုင်ငံကြီးများသည် ယင်းတို့၏အကျိုးစီးပွါးအတွက် နယ်ပယ်ချဲ့ထွင်ကြရာတွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တိုင်းနိုင်ငံများသည် သယံဇာတပစ္စည်းများပေါများပြီး ယင်းတို့၏ ကုန်ချောပစ္စည်းများရောင်းချရန် ဈေးကွက်ကောင်းများဖြစ်ကြောင်း တွေ့ရှိလာကြလေသည်။ [၁] ထို့ကြောင့် မြန်မာနိုင်ငံ၌ အရင်းရှင်စနစ်ကို သွတ်သွင်း၍ ခေါင်းပုံဖြတ်နိုင်ရေးအတွက် နယ်ပယ်ချဲ့ထွင်ရန်ကြိုးပမ်းလာသည့် အင်္ဂလိပ်နှင့်ပဒေသရာဇ် အဆင့်တွင်ရှိသေးသောမြန်မာနိုင်ငံတို့ ထိပ်တိုက်ရင်ဆိုင် ခဲ့ရလေသည်။

အင်္ဂလိပ်တို့သည် ၁၆၁၁ ခုနှစ်မှစ၍ အိန္ဒိယပြည်တွင်ခြေကုပ်ယူကာ တစ်နယ်ပြီးတစ်နယ်သိမ်းပိုက်ခဲ့ကြသည်။ မြန်မာနိုင်ငံကိုလည်း ဆက်လက်နယ်ပယ်ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်းရေးများကို စုံစမ်းထောက်လှမ်းရန် အလောင်းမင်းတရားကြီးလက်ထက်မှတိုင်မီကပင် ကုန်သွယ်ဆက်ဆံနည်းများဖြင့်လည်းကောင်း၊ သံတမန်သူလျှိုနည်းများဖြင့်လည်းကောင်း၊ အနည်းနည်းအဖုံဖုံကြိုးပမ်းခဲ့ကြသည်။

အင်္ဂလိပ်တို့သည် အိန္ဒိယပြည်ဘင်္ဂလားနယ်ကို သိမ်းပိုက်ရရှိသည့်အချိန်မှစ၍ ဘင်္ဂလားနယ်နှင့် စပ်လျက်ရှိသော မြန်မာနိုင်ငံရခိုင်နယ်စပ်တွင် အရေးအခင်းများပေါ်ပေါက်အောင် ဖန်တီးလာကြလေသည်။ ယင်းသို့ဖန်တီးရခြင်းမှာ မြန်မာနိုင်ငံတွင် အရင်းရှင်အင်္ဂလိပ်တို့သည် အကျိုးစီးပွါး၊ အမြတ်အစွန်း မြောက်များစွာရရှိနိုင်ရေး ကိုလိုနီနိုင်ငံထူထောင်ရေးနှင့် မြန်မာနိုင်ငံအား ပြင်သစ်တို့၏ တန်ခိုးဩဇာအောက်သို့ မကျရောက်ရေးအတွက်ဆောလျင်စွာ သိမ်းပိုက်ရန်ဖြစ်လေသည်။

## ပထမအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွါးရခြင်း အကြောင်းရင်းများ

မြန်မာနိုင်ငံသည် ဆန်စပါး၊ ကျွန်းသစ်၊ တွင်းထွက်ရတနာများနှင့် ကုံလုံကြွယ်ဝသောနိုင်ငံဖြစ်သဖြင့် ၁၆ ရာစုနှစ်မှစ၍ ပေါ်တူဂီ၊ ဒတ်ချ်၊ အင်္ဂလိပ်နှင် ပြင်သစ်တို့သည်မြန်မာနိုင်ငံသို့လာရောက်ကြပြီး စီးပွါးရေးလုပ်ငန်းများကို အပြိုင် အဆိုင်လုပ်ကိုင်လာကြသည်။ ယင်းတို့သည် မြန်မာနိုင်ငံထွက်အဖိုးတန် ကျောက်သံ ပတ္တမြား၊ ဆန်စပါး၊ ချိပ်၊ ကျွန်းသစ်နှင့် ဓါတ်သတ္တုမျိုးစုံကို များစွာလိုလားလျက်ရှိကြသည်။ [၂] ဥပမာအားဖြင့်ဒတ်ချ်တို့သည် အရှေ့

---

၁။ J.K.Fairbank. East Asia the Modern Transformation. p 440

၂။ D.G.E.Hall. Europe and Burma. p.19

အိန္ဒိယကျွန်းစုတွင် ဟင်းခတ်အမွှေးအကြိုင်များ စိုက်ပျိုးရာ၌ ခိုင်းစေထားသော အလုပ်သမားများအတွက်မြန်မာနိုင်ငံမှ ဆန်ကို ဝယ်ယူခဲ့ကြသည်။

အိန္ဒိယပြည် စိန့်ဂျော့တပ်မြို့ရှိ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ မှတ်တမ်းအရ အင်္ဂလိပ်နှင့်ဒတ်ချ်တို့သည် ၁၇ ရာစုအစောပိုင်းကပင် သံလျင်၊ ပြည်၊ အင်းဝနှင့် တရုတ်နယ်စပ်အနီးတွင် ကုန်တိုက်များဖွင့်လှစ်ခဲ့ကြသည်။ ပြည်မင်း(၁၆၆၁-၁၆၇၂) လက်ထက်တွင်ဒတ်ချ်ကုန်သည်တို့သည် အထက်မြန်မာပြည်ထွက် ဝါဂွမ်းကို တရုတ်ကုန်သည်များထံ ရောင်းချပြီး တရုတ်တို့ထံမှကုန်များကို ပြန်လည်ဝယ်ယူ၍ ဥရောပသို့ တင်ပို့ရောင်းချခဲ့ကြသည်[၁] ဟုသိရှိရလေသည်။

ဤသို့ဥရောပတိုက်သားများသည် မြန်မာနိုင်ငံ၌ စီးပွါးရေးလုပ်ငန်းများ လုပ်ကိုင်ရန်ရောက်ရှိလာရာမှ မြန်မာနိုင်ငံအား ကိုလိုနီနိုင်ငံပြုလုပ်ရန် အားထုတ်လာကြသည်။ အင်္ဂလိပ်တို့ကလည်း မြန်မာနိုင်ငံမြောက်ပိုင်းမှတစ်ဆင့် တရုတ်ပြည်နှင့်ကူးသန်းရောင်းဝယ်ရန်လိုလားလျက်ရှိကြသည်။ မြန်မာနိုင်ငံမှ ဝါဂွမ်းကို အင်္ဂလန်နိုင်ငံရှိ ချည်ထည်ရက်လုပ်ငန်းများတွင် အသုံးပြု၍ ကုန်ချောများကိုရောင်းချရန် တရုတ်ပြည်ဈေးကွက်ကို ရယူလိုကြသည်။ ထို့ကြောင့် တရုတ်ပြည်တွင်းသို့ ဝင်ရောက်ရန် နောက်ဘက်တံခါးပေါက်အဖြစ် မြန်မာနိုင်ငံကို အသုံးပြုလိုလာကြပြန်သည်။[၂]

ထို့ပြင် ၁၈ ရာစုမှစ၍ အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် အရှေ့တောင်အာရှနိုင်ငံများအားကိုလိုနီနိုင်ငံများအဖြစ် သိမ်းသွင်းရန် ပြိုင်ဆိုင်လာကြသည်။ ယင်းတို့သည် ပင်လယ်ပြင်နှင့်ကမ်းရိုးတန်းဒေသများကို ဦးစွာချုပ်ကိုင်နိုင်ရေးအတွက် ကြိုးပမ်းကြလေသည်။ ပြင်သစ်နှင့် အင်္ဂလိပ်တို့သည် ဘင်္ဂလားပင်လယ်အော်တစ်ဝိုက်တွင် ကိုလိုနီနယ်ပယ်ချဲ့ထွင်ရေးအတွက်ကြိုးပမ်းကြရာ ပြင်သစ်တို့က ဘင်္ဂလားအော်အရှေ့ ဘက်ကမ်းရိုးတန်း၌ ဩဇာ ဖြန့်နိုင်ရန်လှုံ့လပြုနေခိုက်[၃] အင်္ဂလိပ်တို့ကလည်း ဘင်္ဂလားအော် အရှေ့ဘက်ကမ်းရိုးတန်းတွင် ရေတပ်စခန်းတစ်ခုတည်ဆောက်ခြင်းဖြင့် ဘင်္ဂလားနယ်ကို ကြီးစိုးနိုင်ရန် အားထုတ်လာကြသည်။[၄]

၁၉ ရာစုအစပိုင်းတွင် အင်ဒိုချိုင်းနား၌ ပြင်သစ်တို့၏ ကိုလိုနီနယ်ပယ်ချဲ့ထွင်မှုကျယ်ပြန့်လာရာ ယိုးဒယားပြည်သို့ပင် ကူးစက်ပျံ့နှံ့လာခဲ့သည်။ ဤသို့ပြင်သစ်တို့၏

---

၁။ Dr.Khin Maung Nyunt."Burma Cotton Trade under Burmese Kings "The Guardian Magazine. Vol.XVIII,No4.1971.p33

၂။ A.T.Q Stewart.The Pagoda War. p.49

၃။ D.G.E.Hall. Early English Intercourse with Burma. p129

၄။ J.K Fairbank .East Asia the Modern Transformation. pp.440-441

နယ်ပယ်ချဲ့ထွင်ရေးကြိုးပမ်းမှု ကျယ်ပြန့်လာသည်နှင့်အမျှ အင်္ဂလိပ်တို့သည် ပြင်သစ်ကို အပေါ် စိုးရိမ်မကင်းဖြစ်လာသည်။ သို့ဖြင့် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများကို လက်ဦးမှုယူ၍ ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်ရန် စီစဉ်လာကြသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှခရီး၏ လမ်းခုလတ်၌ တည်ရှိလေရာ အရှေ့တောင်အာရှနိုင်ငံများအား ကိုလိုနီနိုင်ငံများအဖြစ် သိမ်းသွင်းရေးတွင် အရေးပါသောဒေသ တစ်ခုဖြစ်သည်။ ယင်းအားသိမ်းပိုက်ထားရေးမှာ အင်္ဂလိပ်တို့အဖို့ များစွာအရေးပါခဲ့လေသည်။ ထိုသို့သိမ်းပိုက်နိုင်မှသာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတွင် ယင်းတို့ ထူထောင်ထားသော ကိုလိုနီနိုင်ငံများ၏ လုံခြုံရေးအတွက် အရေးပါသောစစ်စခန်းများကို ရရှိနိုင်မည်ဖြစ်ပေသည်။[၁]

ထို့ကြောင့်အင်္ဂလိပ်တို့သည် ဟိုင်းကြီးကျွန်းရှိ ယင်းတို့၏စခန်းကို အသိအမှတ်ပြု ရေးနှင့် ပုသိမ်တွင် ရောင်းဝယ်ရေးစခန်း ဖွင့်လှစ်ခွင့် ရရှိရေးတို့အတွက် အလောင်းမင်းတရားကြီးထံ အင်္ဂလိပ်သံကိုယ်စားလှယ်အဖွဲ့ကို အကြိမ်ကြိမ် စေလွှတ်ခဲ့ကြသည်။ ယင်းသို့စေလွှတ် ခဲ့ခြင်းများသည် ကိုလိုနီနယ်ပယ်ချဲ့ထွင်မှု၏ ရှေ့ပြေးလုပ်ငန်းရပ်အဖြစ် စတင်ဆောင်ရွက် သည့်ခြေလှမ်းပင်ဖြစ်သည်။ အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံ၌ ခြေကုပ်ရယူနိုင်ပါက ယင်းတို့အခြေချပြီးဖြစ်သော စင်္ကာပူကျွန်းနှင့် ဆက်သွယ်၍ ရေတပ်အင်အား တိုးချဲ့နိုင်မည် ဖြစ်သည့်ပြင် အထက်မြန်မာနိုင်ငံကို ဆက်လက်သိမ်းပိုက်နိုင်ရန်အတွက်လည်း အထောက် အကူ ဖြစ်လာနိုင်ပေမည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်နိုင်ရန် ရခိုင်နယ်စပ်အရေးနှင့် အာသံ၊ မဏိပူရ၊ ကချာနယ်အရေးအခင်းများတွင် ဝင်ရောက်စွက်ဖက်ကြခြင်းဖြင့် ပထမအင်္ဂလိပ် မြန်မာစစ်ပွဲကို ဖြစ်ပွားအောင် ဖန်တီးခဲ့ကြသည်။

ရခိုင်၊ စစ်တကောင်းနယ်စပ်အရေးအခင်းမှာ ဘိုးတော်ဘုရားလက်ထက် ၁၇၉၄ ခုနှစ်တွင်ပေါ်ပေါက်ခဲ့သည်။ ရခိုင်နယ်မှထကြွသူတို့သည် နတ်မြစ်ကိုဖြတ်၍ အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်သို့ပြေးဝင်ကြရာ မြန်မာတပ်က နယ်ခြားသို့ချီတက်၍ မြန်မာပိုင်နယ်မှ ထွက်ပြေးသူများကို လွှဲအပ်ရန် အင်္ဂလိပ်တို့ထံ တောင်းဆိုသည်။ မြန်မာတပ်များ နယ်စပ် သို့ချီတက်ရောက်ရှိလာသောကြောင့် အင်္ဂလိပ်အစိုးရက ဗိုလ်ချုပ်အားစကိုင်း[၂] ခေါင်းဆောင် သည့်တပ်တစ်တပ်ကို ကာလကတ္တားမှ နယ်စပ်သို့စေလွှတ်သည်။[၃] တစ်ဖန် ၁၇၉၈ ခုနှစ်တွင် ရခိုင်တိုင်းရင်းသား ဦးသံဒီးခေါင်းဆောင်သော ထကြွသူတို့သည် စစ်တကောင်းနယ်သို့

---

၁။ W.S.Desai. A Pageant of Burmese History. p.197.

၂။ Major General Erskine

၃။ British Burma Gazetteer. Vol.I. p.317

ပြေးဝင်သဖြင့် မြန်မာတပ်က လိုက်လံဖမ်းဆီးရာ စစ်တကောင်းပုလိပ် တပ်ရင်းတစ်ရင်းနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။ [၁]

အင်္ဂလိပ်ကိုသည် ဦးသံဒီး၏သား ချင်းပြန်အား ယင်းတို့၏ပိုင်နက် အတွင်းနေရာချထားပေးကာ မြန်မာနိုင်ငံကို ပြန်လည်တိုက်ခိုက်ရေးအတွက် လိုအပ်သည့် လူသူလက်နက်များ ထောက်ပံ့ပေးခဲ့ကြသည်။ ချင်းပြန်ကလည်း အင်္ဂလိပ်တို့၏အကူအညီဖြင့် ရခိုင်ဘက်သို့ အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်သည်။ ဘိုးတော်ဘုရားသည် ယင်းအရေးအခင်းများကို သံတမန်ရေးရာနည်းများဖြင့် ပြေလည်အောင် အစွမ်းကုန်ဖြေရှင်းခဲ့သော်လည်း အင်္ဂလိပ်တို့သည်မူလကပင် ပြဿနာပေါ်ပေါက်အောင် တမင်ဖန်တီးပေးသူများ ဖြစ်သောကြောင့် အောင်မြင်မှုမရရှိခဲ့ချေ။

အင်္ဂလိပ်တို့သည် အာသံ၊ မဏိပူရအရေးအခင်းများ ပေါ်ပေါက်အောင်လည်း ဖန်တီးကြပြန်သည်။ အာသံ၊ မဏိပူရပြည်နယ်များသည် မြန်မာနိုင်ငံ၏လက်အောက်ခံ ပြည်နယ်များဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံနှင့် နှစ်ပြည်တစ်ပြည် ချစ်ကြည်စွာ နေထိုင်ခဲ့ကြသည်။ ယင်းပြည်နယ်များမှ စော်ဘွားများ၏ ညီ၊ သား၊ တူများကို မြန်မာမင်း ထံစေလွှတ်ထားရာမြန်မာမင်းက မိမိ၏ညီ၊ သား၊ တူနှင့်မခြား ကျွေးမွေးပြုစုခဲ့သည်။ မင်းညီမင်းသားတို့ တတ်အပ်သောစစ်ချီ၊ စစ်တက်နည်းအမျိုးမျိုးအပြင် မြန်မာစာပေ နှင့်ယဉ်ကျေးမှုများကိုလည်း လေ့လာသင်ယူစေသည်။ နောင် ကြီးပြင်းလာသောအခါတွင် စော်ဘွားအရာ ထိုက်တန်သူများကိုစော်ဘွားအဖြစ်ခန့်အပ်ခဲ့လေသည်။

ဘိုးတော်ဘုရားလက်ထက်တွင် မြန်မာမင်းကျေးဇူးသစ္စာတော်ခံ အသက်၁၄နှစ်မျှသာရှိသေးသော အာသံစော်ဘွား စန္ဒရကန္တရှိန်[၂] ကို မှူးမတ်အချို့က အခြားပြည်ထောင်ကုလားများနှင့်ပေါင်းကာ ၁၈၁၆ ခုနှစ်တွင်တစ်ကြိမ်၊ ၁၈၁၈ခုနှစ်တွင်တစ်ကြိမ် ထီးနန်းမှချခဲ့ကြသည်။ ထိုအကြောင်းကို ဘိုးတော်ဘုရားကြားသိသောအခါ လူမမယ်အာသံမင်းအတွက် တပ်ခင်းကျင်း၍ အာသံသို့နှစ်ကြိမ်တိုင်တိုင် ချီတက်နှိမ်နင်းစေပြီး စန္ဒရကန္တရှိန် အား ထီးနန်းပြန်တင်ခဲ့သည်။ ယင်းစစ်ပွဲနှစ်ပွဲစလုံးတွင် နောင်အခါ မဟာဗန္ဓုလအဖြစ် ထင်ရှားမည့် နေမျိုးသူရရဲခေါင်က ကွပ်ကဲတိုက်ခိုက်ခဲ့လေသည်။ [၃]

ဘကြီးတော်မင်းတရားလက်ထက် ၁၈၂၁ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာ့ကျေးဇူးသစ္စာခံ အာသံဘုရင် စန္ဒရကန္တရှိန်အား သွေးဆောင်ပြီး လိုအပ်သည့် လက်နက်အကူအညီများပေးကာ မြန်မာဘုရင်ကို ထောင်ထားခြားနားစေသည်။ ထို့ကြောင့် ဘကြီးတော်မင်းတရားက မဟာဗန္ဓုလအား တပ်များကို ကွပ်ကဲစေ၍ အာသံသို့ချီတက် တိုက်ခိုက်နှိမ်နင်း

---

၁။ D.G.E.Hall.Europe and Burma. p.93

၂။ Chandra Kanta Singh

၃။ ဗိုလ်မှူးဘသောင်း၊ ဗမာ့တော်လှန်ရေးသမိုင်း၊ မျက် ၅-၆

စေသည်။ မဟာဗန္ဓုလ၏တပ်တွင် မိုးကောင်းအထက် တောင်စားဗိုလ် နေမျိုးသိန်ပရာဇာနှင့် ကချင်သိန်းပေါ(ဂိုန်းဖေါ့) ဇာစ်ထောင်ခန့်ပါဝင်လေ သည်။ စစ်သည် အင်အား ငါးထောင်သာ ပါဝင်သော မဟာဗန္ဓုလ၏တပ်မတော်ကို စန္ဒရကန္တရှိန်က ဂျူရဟတ်မြို့[၁] အနီးတွင် စစ်သည် သုံးသောင်းကျော်၊ ဆင်မြင်းအလုံးအရင်းနှင့် ခုခံတိုက်ခိုက်ရာ မြန်မာတို့က အနိုင်ရရှိလိုက် သည်။[၂] စန္ဒရကန္တရှိန်မှာမူ အင်္ဂလိပ်ပိုင်နက်သို့ ပြေးဝင်ခိုလှုံသွားသဖြင့် မြန်မာတို့က အင်္ဂလိပ်တို့ထံ စန္ဒရကန္တရှိန်ကိုပေးအပ်ရန် တောင်းဆိုသည်။ အင်္ဂလိပ်တို့သည် မြန်မာတို့၏ တောင်းဆိုမှုကို လိုက်လျောမှုမပြုသဖြင့် အင်္ဂလိပ်မြန်မာ ဆက်ဆံရေးမှာ တင်းမာလာခဲ့ သည်။

အာသံအရေးအခင်း ပေါ်ပေါက်ပြီးနောက် မဏိပူရအရေးအခင်း ပေါ်ပေါက်လာပြန် သည်။ ပေါ်ပေါက်လာပုံမှာ မြန်မာမင်းလက်အောက်ခံ မဏိပူရနယ်တွင် အုပ်ချုပ်လျက်ရှိ သော ချော်ဂျစ်ဆင်း[၃] နှင့် မာဂျစ်ဆင်း[၄] ညီနောင်နှစ်ဦးမှာ အချင်းချင်းမသင့်မမြတ်ဖြစ်ခဲ့ကြ သည်။ ညီဖြစ်သူမာဂျစ်ဆင်းသည် ဘိုးတော်ဘုရားထံ လက်အောက်ခံလာသဖြင့် ၁၈၁၃ခုနှစ် တွင်မဏိပူရကို အုပ်ချုပ်ခွင့်ရရှိပြီး ချော်ဂျစ်ဆင်းမှာမူ ကချာနယ်ဘက်သို့ တိမ်းရှောင်ထွက် ပြေးခဲ့လေသည်။

မြန်မာမင်းသစ္စာခံ မာဂျစ်ဆင်းသည် ဘကြီးတော်မင်းတရား ဘိသိက်ခံယူသောအခါ ယင်းဘိသိက်မင်္ဂလာပွဲသို့ တက်ရောက်ခြင်းမပြုခဲ့ပေ။ ဤသို့ဖြင့် မြန်မာ့သစ္စာကိုမခံယူတော့ ကြောင်းပြသခဲ့သည်။ မြန်မာတို့သည် ယင်းကဲ့သို့မထေမဲ့မြင် ပြုမူခြင်းကို အရေးယူရန် အတွက် မဏိပူရကိုချီတက်တိုက်ခိုက်သည်။ မြန်မာတပ်များ၏ တိုက်စစ်ကို မခံရပ်နိုင်သော မာဂျစ်ဆင်းသည် နောက်လိုက်နောက်ပါများနှင့်အတူ ကချာနယ်ဘက်သို့ ထွက်ပြေးရာ ကချာ နယ်အရေးအခင်းပေါ်ပေါက်ရပြန်သည်။

ကချာနယ်သည် ဆင်ဖြူရှင်မင်းလက်ထက်ကပင် မြန်မာတို့ထံ အခွန်ဆက်သ၍ မြန်မာ့သစ္စာကို ခံယူခဲ့သည်။ သို့သော် ကချာနယ်အတွင်းသို့ ခိုလှုံရောက်ရှိလာသော ချော်ဂျစ် ဆင်း၊ မာဂျစ်ဆင်းနှင့် ယင်းတို့၏ညီ ဂမ္ဘာဆင်း[၅] တို့သည် တစ်လုံးတစ်စည်းတည်း ပြန်လည် ပူးပေါင်းလျက် အင်္ဂလိပ်တို့၏အကူအညီဖြင့် မြန်မာတို့အား တိုက်ခိုက်ရန် ပြင်ဆင်ခဲ့လေ သည်။

၁၈၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် အင်္ဂလိပ်တို့သည်ကချာနယ်ကိုသိမ်းပိုက်လိုက် လေသည်။ ထို့ကြောင့် ဘကြီးတော်မင်းတရား၏ မြန်မာ့တပ်မတော်ကြီးသည် ကချာနယ်သို့ စစ်ကြောင်းသုံးကြောင်းဖြင့် ချီတက်၍ အင်္ဂလိပ်တပ်များနှင့် ရင်ဆိုင်တိုက်ခိုက်ကြသည်။

---

၁။ Jorhat

၂။ သုဓောဓိတမဟာရာဇဝင်တော်ကြီး(ပဥ္စမတွဲ) မျက် ၃၀၅-၃၀၆

၃။ Chaurjit Singh ၄။ Marjit Singh

၅။ Gambhir Singh

ထိုစဉ်အင်္ဂလိပ်တို့သည် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းကိုအကြောင်းပြု [illegible]း ပေါ်ပေါက်အောင်ဖန်တီးကြပြန်သည်။

၁၈၂၃ခုနှစ်၊ ဇန်နဝါရီလတွင် အင်္ဂလိပ်တို [illegible] င်းနယ် [illegible]က်မြစ်ဝအတွင်း သွားလာနေသူအချို့ကို မြန်မာ [illegible] ပစ် [illegible]ည်ဟု အကြောင်းပြကာ နတ်မြစ်ဝရှိမြန်မာမင်းပိုင် ရှင်မဖြူကျွန်းပေါ်သို့ ဟက်ရောက်၍ ကင်းတပ်ငယ်တစ်ခု ချထားလိုက်ကြသည်။[၁] ယင်းသို့မြန်မာပိုင် နယ်မြေအတွင်း အင်္ဂလိပ်တို့ကျူးကျော်ဝင်ရောက်ကြသဖြင့် ၁၈၂၃ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် စည်ဝတီမြို့ဝန်က အင်္ဂလိပ်တို့ရှင်ခံချုပ်ထံ စာရေးကန့်ကွက်ခဲ့သည်။ သို့သော်အင်္ဂလိပ်တို့သည် ရှင်မဖြူကျွန်းကျွန်းတပ်စွဲထားခြင်းကို မရုပ်သိမ်းသဖြင့် စက်တင်ဘာလ ၂၄ ရက်နေ့၌ မြန်မာတပ်များက အင်္ဂလိပ်ကင်းတပ်ကို တိုက်ခိုက်ရှင်းလင်းလိုက်ကြသည်။ အင်္ဂလိပ်တို့ဘက်မှ တပ်သား ၃ ဦး ကျဆုံးပြီး ၄ ဦးဒဏ်ရာရရှိသည်။ ကျန်တပ်သားများကိုလည်း ရှင်မဖြူကျွန်းမှ တိုက်ခိုက်နှင်ထုတ်ပစ်ခဲ့လေသည်။[၂]

နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အင်္ဂလိပ်တပ်ခွဲ နှစ်ခွဲသည် မြန်မာတပ်များ အစောင့်အနေမရှိခိုက် ရှင်မဖြူကျွန်းပေါ်သို့ လာရောက်တပ်စွဲကြပြန်သည်။ ထို့ကြောင့်စည်ဝတီမြို့ဝန်ကွပ်ကဲသည့် မြန်မာတပ်များသည် ၁၈၂၄ ခုနှစ်၊ ဇန်နဝါရီလ၂၄ ရက်နေ့တွင် ရှင်မဖြူကျွန်းကိုပြန်လည်တိုက်ခိုက်သိမ်းပိုက်ပြန်သည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၌ စီးပွါးရေးအရ သွေးစုတ်ခြယ်လှယ်နိုင်ရေး၊ အရှေ့တောင်အာရှရှိ ယင်းတို့ထူထောင်ပြီးဖြစ်သော ကိုလိုနီနယ်ပယ်များ၏ လုံခြုံရေးတို့အတွက် မြန်မာနိုင်ငံကို သိမ်းပိုက်နိုင်ရန် စိမ်ချက်ချပြီး အခွင့်ကောင်းကို စောင့်ဆိုင်းခဲ့ကြသည်။ ရခိုင်နယ်ခြားပြဿနာ၊ အာသံ၊ မဏိပူရ၊ ကချာနှင့် ရှင်မဖြူကျွန်း အရေးအခင်းများပေါ်ပေါက်အောင်ဖန်တီးပြီးသည့်နောက် အင်္ဂလိပ်တို့က မြန်မာတို့အား ၁၈၂၄ခုနှစ်၊ မတ်လ၅ ရက်နေ့တွင်စစ်ကြေညာတိုက်ခိုက်ကြလေသည်။[၃]

## တိုက်ပွဲစဉ်များ

အင်္ဂလိပ်တို့သည် စစ်ကြေညာပြီးသောအခါ မြန်မာတို့အား ထိုးစစ်ဆင်ရန် စစ်မျက်နှာသုံးခုဖွင့်လိုက်ကြသည်။ ယင်းတို့မှာ ကချာနယ်အပါအဝင် အာသံစစ်မျက်နှာ၊ မန်အောင်

---

၁။ A.C.Banerjee. The Eastern Frontier of British India. p.305

၂။ Papers relating to the Burmese War.

၃။ Dorothy Woodman. The Making of Burma. pp.67-68

ကျွန်းနှင့်ရမ်းပြဲကျွန်းအပါအဝင် ရခိုင်စစ်မျက်နှာနှင့် ဆိပ်ကမ်းမြို့များဖြစ်သော ရန်ကုန်၊ သံလျင်၊ မုတ္တမ၊ ထားဝယ်၊ မြိတ်မြို့များအပါအဝင် ရန်ကုန်စစ်မျက်နှာများ ဖြစ်လေသည်။ [၁]

စစ်မျက်နှာသုံးခုအနက် မြန်မာတို့ သိမ်းပိုက်ထားပြီးဖြစ်သည့် အာသံ၊ မဏိပူရ၊ ကချာပြည်နယ်များကိုတိုးပေါက်၍ မြန်မာမင်းနေပြည်တော်အထိ ချီတက်ရေးမှာ အင်္ဂလိပ်တပ်များအဖို့ ခရီးလမ်းခက်ခဲလှပေသည်။ ထို့ကြောင့် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အမ်းဟတ်စ် [၂] သည်အင်္ဂလိပ်တပ်များကို အာသံစစ်မျက်နှာမှ မချီတက်စေတော့ပဲ အာသံ၊ မဏိပူရ၊ ကချာနယ်များရှိ မြန်မာတပ်များကို တိုက်ခိုက်ရန်နှင့် စစ်တကောင်းနယ်ရှိ အင်္ဂလိပ်တပ်များကိုအင်အားဖြည့်တင်းပြီး မြန်မာတို့ရန်မှကာကွယ်ရန် အစီအမံများကိုသာ ချမှတ်လိုက်လေသည်။ [၃]

မြန်မာနိုင်ငံအတွင်းသို့ ချီတက်တိုက်ခိုက်ရေးအိုပ္ပ၊ ဘိုးတော်ဘုရားလက်ထက်က မြန်မာနိုင်ငံသို့ သံကိုယ်စားလှယ်အဖြစ် ရောက်ရှိခဲ့ဘူးသူ ကင်းနင်း [၄] ၏အကြံပေးချက်အရ မိုးရာသီတွင် အင်္ဂလိပ်တပ်များကို ရန်ကုန်သို့ ရေကြောင်းမှစေလွှတ်ရန် စီစဉ်ခဲ့လေသည်။ အိန္ဒိယပြည်ရှိ အင်္ဂလိပ်တပ်ပေါင်းစု၏ စစ်သေနာပတိချုပ် ဆာပါဂျက် [၅] သည် ဘုရင်ခံချုပ် ချမှတ်ထားသည့် အစီအစဉ်အတိုင်း တိုက်ခိုက်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ သူ၏လက်အောက်ရှိ တပ်များမှာ အာသံစစ်မျက်နှာ ဂိုပါရား [၆] တွင်စစ်ဌာနချုပ် ပြုလုပ်ထား သည့် ဗိုလ်မှူးချုပ်မက်မိုရိုင်း [၇] အုပ်ချုပ်သည့်တပ်များ၊ ဆီလဟက် [၈] တွင် ဗိုလ်မှူးကြီးအင်းနစ် [၉] အုပ်ချုပ်သည့် တပ်မဟာတစ်ခု၊ ရခိုင်စစ်မျက်နှာပန်းဝါတွင် ဗိုလ်ကြီးနော်တင် [၁၀] ဦးစီးသည့် အင်အားတစ်ထောင်ကျော်ခန့်ရှိတပ်များ၊ အင်ဒမန် [၁၁] ရှိ ပို့ကွန်ဝေါလစ် [၁၂] တွင်ဗိုလ်ချုပ်ဆာအာချီဘောကင်းဘဲ [၁၃] ဦးစီးသည့်တပ်များဖြစ်လေသည်။ [၁၄]

အင်္ဂလိပ်တပ်များနှင့် မြန်မာတပ်များသည် အာသံ၊ မဏိပူရ စစ်မျက်နှာတွင်လည်းကောင်း၊ ရခိုင်စစ်မျက်နှာ ပန်းဝါတွင်လည်းကောင်း၊ ပြင်းထန်စွာ တိုက်ခိုက်ကြသည်။ မြန်မာတို့ဘက်မှ စစ်သူကြီးမဟာဗန္ဓုလ ကိုယ်တိုင်ဦးစီးကွပ်ကဲလျှက် ဗိုလ်ချုပ်မင်းကြီး

---

၁။ Dorothy Woodman. The Making of Burma, pp.69

၂။ Lord Amherst

၃။ Sir Arthur Phayre. History of Burma. p.69

၄။ Captain Canning

၅။ Sir Edward Paget

၆။ Goalpara

၇။ Brigadier Macmorine

၈။ Sylhet

၉။ Col. Innes

၁၀။ Captain Noton

၁၁။ Andaman Islands

၁၂။ Port Cornwallis

၁၃။ Maj.Gen.Sir Archibald Campbell

၁၄။ B.R.Pearn. The History of Rangoon. p.111

မဟာသီဟသူရ မြဝတီမင်းကြီးဦးစအား လက်နက်ကိုင်သူရဲငါးထောင်၊ ဆင်ဆယ်စီး၊ မြင်းသုံးရာ နှင့် ပန်းဝါသို့ချီတက်တိုက်ခိုက်စေသည်။

၁၈၂၄ခု၊ မေလ ၁၇ ရက်နေ့တွင် ဖြစ်ပွားသော ပန်းဝါတိုက်ပွဲ၌ မြန်မာတို့ အောင်မြင်မှု ရရှိခဲ့သည်။ ပန်းဝါတွင် တပ်စွဲလျက်ရှိသော ဗိုလ်ကြီးနော်တင်တပ်မှ ဗိုလ်ကြီးနော်တင်အပါအဝင် အရာရှိ ၅ ယောက်နှင့်လက်ထောက်ဆရာဝန် ၁ယောက် ကျဆုံးသည်။ ကျဆုံးသူနှင့် ဖမ်းဆီးရမိသူတပ်သား ၂၅၀ ခန့်ရှိသည်။ ထို့အပြင် အင်္ဂလိပ်တို့ထံမှ သေနတ် ၅၀၀ကျော်၊ ရထားတင်အမြောက် ၂လက်၊ မြင်းအစီး ၂၀ နှင့် ဆင် ၅စီးကိုမြန်မာတို့ကရရှိလိုက်လေသည်။ [၁]

စစ်သူကြီးမဟာဗန္ဓုလ၏ တပ်များသည် ပန်းဝါတွင် အောင်ပွဲခံပြီးနောက် စစ်တကောင်းအထိ ဆက်လက်ချီတက်တိုက်ခိုက်ခြင်း မပြုခဲ့ပေ။ စစ်သူကြီးမဟာဗန္ဓုလသည် စစ်မြေပြင်၌ ဖမ်းဆီးရမိသော သုံ့ပန်းများထံမှ သတင်းများအရလည်းကောင်း၊ စစ်မြေပြင် သုံးသပ်ချက်များအရ လည်းကောင်း၊ အင်္ဂလိပ်တို့၏ အဓိကထိုးစစ်သည် ရန်ကုန်စစ်မျက်နှာမှ စတင်နိုင်ကြောင်း သုံးသပ်မိလေသည်။ ထို့ကြောင့် ဘကြီးတော်မင်းတရားထံ အကြောင်းကြားလျှောက်ထားရာ ဘကြီးတော်မင်းတရားသည် ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်ကျော်ဝန်ကြီး နှင့် ဝန်ကြီးသတိုးမဟာသေနာပတိစကြာဝန်ကြီး တို့ကို ရန်ကုန်မြို့၌ ရပ်နေစည်းကြပ် ထမ်းရွက်ရမည်ဟုအမိန့်ရှိသဖြင့် ရန်ကုန်သို့စုံဆင်းကြရသည်။

စစ်သူကြီး မဟာဗန္ဓုလ၏ သုံးသပ်ချက်အတိုင်း အင်္ဂလိပ်တို့သည် စစ်ကြောင်းသစ်များဖွင့်၍ ဗိုလ်ချုပ်အာချီဘောကင်းဘဲလ် ဦးစီးကွပ်ကဲသောရေတပ်ကို ရန်ကုန်သို့ချီတက်စေသည်။ ထိုအချိန်တွင် ရခိုင်စစ်မျက်နှာ၌ ဗိုလ်ချုပ် မက်ဘင်း[၂] နှင့် ဗိုလ်မှူးချုပ် ဖဲယား[၃] တို့ခေါင်းဆောင်သည့်အင်္ဂလိပ်တပ်များနှင့် မြန်မာတပ်များ တိုက်ခိုက်လျက်ရှိလေသည်။ [၄]

၁၈၂၄ခု၊ မေလ ၁၁ရက်နေ့တွင်ဗိုလ်ချုပ်ဆာအာချီ ဘောကင်းဘဲလ် ခေါင်းဆောင်သောအင်အား ၁၁၅၀၀ ပါဝင်သည့် အင်္ဂလိပ်တပ်များနှင့် ဘင်္ဂလား၊ ဟိုင်းကြီးကျွန်း တို့တွင်စစ်ပြင်စောင့်ဆိုင်းနေသော စစ်သင်္ဘော ၆၃ စင်းပါဝင်သည့် အင်္ဂလိပ်ရေတပ်သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း ရန်ကုန်မြို့ကို တက်ရောက်သိမ်းပိုက်ပြီး ရွှေတိဂုံကုန်းတော်ပေါ်တွင် တပ်စခန်းချနေရာယူကြသည်။ [၅]

ဇွန်လ ၁၁ ရက်နေ့တွင် ဗိုလ်ချုပ် ဆာအာချီဘောကင်းဘဲလ် ဦးစီးသည့်အင်အား ၃၀၀၀ ခန့်ပါဝင်သော အင်္ဂလိပ်တပ်များသည် မြန်မာတို့၏ ကြည့်မြင်တိုင် ခံတပ်ကို ဝိုင်းဝန်း

---

၁။ သုဓမ္မာဝတီမဟာရာဇဝင်တော်ကြီး(ပဥ္စမတွဲ) မျက် - ၃၃၇

၂။ Brigadier-General Macbean

၃။ Brigadier Fair

၄။ Burma Gazetteer Akyab District. Vol.A. pp.27-28

၅။ A.T.Q.Stewart. The Pagoda War. p.35

တိုက်ခိုက်ရာ အင်္ဂလိပ်တို့ အကျအဆုံးများစွာဖြင့် နစ်ကြိမ်တိုင်တိုင် အရေးရှုံးနိမ့်သွားကြသည်။[၁] သို့သော် အင်္ဂလိပ်တို့က ကြည့်မြင်တိုင်ခံတပ်ကို ဆက်လက်တိုက်ခိုက် ပြန်ရာ မြန်မာတို့ခံတပ်မှ ဆုတ်ခွါကြရသည်။ ကြည့်မြင်တိုင်ခံတပ်ကျဆုံးပြီးနောက် ဝန်ကြီးသတိုးမင်းကြီး မဟာသုံးပါးဝန်ကြီး၊ ဝန်ကြီးသတိုး မဟာသေနာပတိ စကြာဝန်ကြီးတို့သည် ရန်ကုန်မြို့ အနောက်ဘက်ရှိ ကမာရွတ်ခံတပ်မှ အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်ကြ ပြန်သည်။ သို့သော် လက်နက်စွမ်းရည်ချင်း ကွာခြားလွန်းသဖြင့် ဇူလိုင်လ ၈ ရက်နေ့တွင် ခံတပ်မှ ဆုတ်ခွာကြရသည်။[၂]

ထို့နောက် မင်းလှမင်းခေါင်စားတော်ဝန်နှင့် တပ်အင်အား ၃၀၀၀၊ မဟာမင်းလှဇေယျသူနှင့် ရွှေပြည်မှန်ကင်း သေနတ်အမှုထမ်း၊ စွန်းလွန်းသေနတ်အမှုထမ်း ၃၀၀၀ တို့သည် ကျိုက္ကလို့တွင် အခိုင်အမာတပ်စွဲ၍ အင်္ဂလိပ်တို့အားခုခံကြသည်။ သို့သော် အောက်တိုဘာလ ၁၁ ရက်နေ့တွင်ယင်းခံတပ်ကို အင်္ဂလိပ်တို့က သိမ်းပိုက်မိကြသည်။[၃] ထို့ပြင်အင်္ဂလိပ်တို့သည် စက်တင်ဘာလမှ စတင်၍ တနင်္သာရီကမ်းရိုးတန်းရှိ ထားဝယ်၊ မြိတ်နှင့်မုတ္တမမြို့များကိုသိမ်းပိုက်၍ နိုဝင်ဘာလတွင် ပဲခူးမြို့ကိုသိမ်းပိုက်လိုက်ကြသည်။

ယင်းကဲ့သို့သောအခြေအနေတွင် ဘကြီးတော်မင်းတရားသည် စစ်သူကြီးမဟာဗန္ဓုလနှင့် မြန်မာတပ်သားများအား ရခိုင်စစ်မျက်နှာမှ ဧရာဝတီမြစ်ဘက်သို့ ဆင်းလာရန် အမိန့်တော်ဆင့်လိုက်သည်။ မဟာဗန္ဓုလနှင့် မြန်မာစစ်သည်များသည် ရခိုင်စစ်မျက်နှာမှ ၁၈၂၄ခုနှစ်၊ ဩဂုတ်လကုန်ခန့်တွင် ဆုတ်ခွါလာပြီး စလင်းနှင့်ဆင်ဖြူကျွန်းရှိ မြန်မာတပ်များနှင့် ပူးပေါင်းသည်။ ထို့နောက်အင်အား ၆၀၀၀၀ ဖြင့်ရန်ကုန်သို့ စုန်ဆင်းလာခဲ့သည်။[၄]

မဟာဗန္ဓုလနှင့်မြန်မာစစ်သည်များသည် ရခိုင်စစ်မျက်နှာမှ ဧရာဝတီမြစ်ဘက်သို့ ဦးအများဆုံးကာလတွင် မိုင်၂၀၀ကျော်ရှိသည့် ခရီးကြမ်းကို ရက်သတ္တပတ်ခန့်ဖြင့်ဆုတ်ခွါလာနိုင်ခဲ့ကြရာ အင်္ဂလိပ်တို့ကပင် အံ့ဩချီးကျူး မှတ်တမ်းတင်ခဲ့ရလေသည်။[၅] ရန်ကုန်စစ်မျက်နှာတွင်မဟာဗန္ဓုလသည် မြို့လတ်ဝန်ကြီး မဟာမင်းလှမင်းခေါင်ကျော်၊ ပခန်းဝန်ကြီး မင်းထင်မင်းခေါင်၊အတွင်းဝန်ကြီးမဟာမင်းလှရာဇာ၊ လက်ဝဲဝင်းမှူးမင်းကြီး မဟာမင်းလှဇေယျသူ၊ စားတော်ဝန် မင်းလှမင်းခေါင်၊ ဝန်ကြီးသတိုးမင်းကြီးမဟာမင်းခေါင် ကျီဝန်ကြီးတို့ ကွပ်ကဲဦးစီးသည့်တပ်များဖြင့် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၅ရက်နေ့အထိ အင်္ဂလိပ်တို့အား အလုံးအရင်းဖြင့် တိုက်ခိုက်သည်။ သို့သော် လက်နက် စွမ်းရည်ချင်း မမျှသဖြင့် မဟာဗန္ဓုလသည်

---

၁။ (က) A.T.Q.Stewart. The Pagoda War. p.36

(ခ) H.H.Wilson. Illustrative of the Burmese War.p 58

၂။ Major Snodgrass.Narrative of the Burmese War.p 50-54

၃။ Sir Arthur Phayre. History of Burma. p. 244

၄။ Major Snodgrass. Narrative of the Burmese War. p.94

၅။ မိုလ်မှူးဘသောင်း၊ မဟာ့တော်လှန်ရေးသမိုင်း၊ မျက် ၂၄–၂၇

ရန်ကုန်မှ အင်္ဂလိပ်တပ်များချီတက်လာမည့် ဧရာဝတီမြစ်ကြောင်းရှိ ဓနုဖြူသို့ရောက်ရှိ၍ ခံစစ်ပြုကာ အင်အားဖြည့်တင်းထားလေသည်။ [1]

ဗိုလ်ချုပ်ကောတွန်[2] ကွပ်ကဲသည့် အင်္ဂလိပ်ရေတပ်သည် ဧရာဝတီမြစ်ကြောင်းအတိုင်းဆန်တက်လာရာ ဓနုဖြူတွင် မြန်မာတပ်များက အပြင်းအထန်ခုခံတိုက်ခိုက်သည်။ ထို့ကြောင့် ရှေ့သို့ဆက်လက်မဆန်တက်နိုင်ပဲ အရေးရှုံးနိမ့်နေလေသည်။ ထိုသတင်းကို ကြည်းကြောင်းမှ ချီတက်သော ဗိုလ်ချုပ်ဆာအာချီဘောကင်းဘဲလ်က ကြားသိသဖြင့် အင်္ဂလိပ်ရေတပ်ကိုကူညီရန် ၁၈၂၅ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ပြည်မြို့သို့ ဦးတည်ချီတက်ရာမှ ဓနုဖြူသို့ ပြောင်းလဲချီတက်ခဲ့သည်။ ထို့နောက် မတ်လ ၂၅ ရက်နေ့မှ စ၍ ဗိုလ်ချုပ်ဆာအာချီဘောကင်းဘဲလ်၏ ကြည်းကြောင်းချီတပ်သည် ရေကြောင်းချီတပ်နှင့် ပူးပေါင်း၍ မြန်မာတို့၏ ဓနုဖြူခံတပ်ကို တိုက်ခိုက်သည်။ မြန်မာတပ်နှင့် အင်္ဂလိပ်တပ်များ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး ဧပြီလ၁ရက်နေ့တွင် စစ်သူကြီးမဟာဗန္ဓုလကျဆုံးသည်။ ဓနုဖြူခံတပ်ကိုလည်း အင်္ဂလိပ်တို့ သိမ်းပိုက်ရရှိသွားကြသည်။ [3] အင်္ဂလိပ်တပ်များသည် ဓနုဖြူခံတပ်ကို သိမ်းပိုက်ပြီးနောက် ဆက်လက်ချီတက်လာရာ ဧပြီလ ၂၅ ရက်နေ့တွင် ပြည်မြို့ကိုသိမ်းပိုက်လိုက်လေသည်။

အင်္ဂလိပ်တို့သည် ပြည်မြို့ကိုသိမ်းပိုက်ရရှိပြီးသောအခါ မြန်မာတို့က စစ်ပြေငြိမ်းရေးစကား ကမ်းလှမ်းလာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် မြန်မာတပ်များသည် စစ်ပြေငြိမ်းရေး အရိပ်အယောင်မျှမပြဘဲ အင်အားများထပ်မံဖြည့်တင်းလျက် ဆက်လက်တိုက်ခိုက်နေသည်ကို အင်္ဂလိပ်တို့တွေ့ရှိရသောအခါ ရေရှည်စစ်ပွဲဆင်နွှဲလိမ့်မည်ကိုတွက်ဆမိ ပြန်သည်။

ဗိုလ်ချုပ် ဆာအာချီဘောကင်းဘဲလ်သည် မိုးရာသီတွင် စစ်ဆင်ရေးများပြုလုပ်ရန် အခက်အခဲရှိနေစဉ် အင်္ဂလိပ်အစိုးရ၏ ညွှန်ကြားချက်အရ မြန်မာတို့နှင့် စစ်ပြေငြိမ်းရန်စကားကမ်းလှမ်းလာသည်။ [4] ထို့ကြောင့်ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင် ကျီဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗိုလ်ချုပ် ကင်းဘဲလ် ခေါင်းဆောင်သောအင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့တို့သည် ၁၈၂၅ ခု အောက်တိုဘာလ ၂ ရက်နေ့တွင် ပြည်မြို့

---

၁။ သုဓောဓိတမဟာရာဇဝင်တော်ကြီး၊ (ပဥ္စမတွဲ) မျက် ၃၄၀–၃၅၀

၂။ Major General Cotton

၃။ Major Snodgrass. Narrative of the Burmese War. pp.153-173

၄။ Dorothy Woodman. The Making of Burma. p. 78

အထက်ညောင်ပင်ဆိပ်စခန်း၌ စစ်ပြေငြိမ်းရေးကိစ္စကို တွေ့ဆုံဆွေးနွေးကြလေသည်။ သို့သော် ယင်းဆွေးနွေးပွဲမှာ အောင်မြင်မှုမရရှိခဲ့ချေ။ [၁]

ယင်းသို့ အင်္ဂလိပ်မြန်မာ စစ်ပြေငြိမ်းရေးကိစ္စ ဆွေးနွေးပွဲ ပျက်ပြားသွားသဖြင့် ဘကြီးတော် မင်းတရားသည် ညီတော် သီရိမဟာဓမ္မရာဇာ ဘာရာဝတီ မင်းသားအား ပြည်မြို့ရှိ အင်္ဂလိပ်တပ်များကို တိုက်ခိုက်ရန် ချီတက်စေသည်။ ဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်၊ ကျီဝန်ကြီးဦးစီးသော တပ်များသည် ပြည်မြို့အထက်ကုန်းတလင်း၊ နတ်ပတီးမော်တွင်လည်းကောင်း၊ စားတော်ဝန်မင်းလှမင်းခေါင် ကွပ်ကဲသောတပ်များသည် ပြည်မြို့အနောက်ဖက် ဖိုးဦးတောင်အနီးရှိ စကြံကျွန်းတွင်လည်းကောင်း၊ ဗိုလ်ချုပ် မဟာနေမျိုး ကွပ်ကဲသည့်တပ်များသည် ပြည်မြို့အရှေ့မြောက်အရပ်ရှိ ဝက်ထီးကန်တွင်လည်းကောင်း စစ်ကြောင်း ၃ ကြောင်းခွဲ၍ တပ်စွဲထားကြသည်။ [၂]

မဟာနေမျိုးကွပ်ကဲသောအင်အား ၁၅၀၀၀ ပါဝင်သည့်တပ်သည် ၁၈၂၅ခု နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဝက်ထီးကန်၌ တပ်စွဲထားသည်။ [၃] နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဗိုလ်ချုပ်ကင်းဘဲလ် သည် ဝက်ထီးကန်၌ တပ်စွဲထားသော မဟာနေမျိုးကွပ်ကဲသည့် ရှမ်းမြန်မာတပ်ကြီးကိုတိုက်ခိုက်ရန် ဗိုလ်မှူးကြီး မက်ဒူးဝေါလ်[၄] အားခြေလျင်ကပ်ရင်း ၄ ရင်းနှင့် ဝက်ထီးကန်သို့ ချီတက်တိုက်ခိုက်စေသည်။ [၅]

ဗိုလ်ချုပ် မဟာနေမျိုးကွပ်ကဲသည့် ရှမ်းမြန်မာတပ်ကြီးသည် အင်္ဂလိပ်တပ်များကို ဝက်ထီးကန်အဝင်မှ ဆီးကြိုတိုက်ခိုက်ရန် စောင့်ဆိုင်းနေကြသည်။ ထိုစဉ်လက်ျာဘက်မှ တောင်ပံဖြန့်၍ ချီတက်လာသော အင်္ဂလိပ်စစ်ကြောင်းနှင့်မြန်မာတပ်များ တွေ့ဆုံပြီး တိုက်ပွဲပြင်းထန်စွာဖြစ်ပွားရာ အင်္ဂလိပ်တို့ဖက်မှ ဗိုလ်မှူးကြီး မက်ဒူးဝေါအပါအဝင် အရာရှိ ၄ ယောက်ကျဆုံးသည်။ ထို့ပြင် အရာရှိနှင့် တပ်သား ၁၂၃ ယောက်ဒဏ်ရာရရှိပြီး တပ်သား ၅၁ ယောက်ကျဆုံးကာ တပ်သား ၄၂ ယောက်ပျောက်ဆုံးသည်။ [၆] အင်္ဂလိပ်တို့ ထံမှ အမြောက် ၅ လက်၊ သေနတ် ၃၀၀၊ သံ့ ပန်း ၅၀ ကျော်ကို မြန်မာတို့က ရရှိသဖြင့် ဘာရာဝတီ မင်းသားထံ ဆက်သလိုက်ကြသည်။ [၇]

---

၁။ (က) ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး(၃တွဲ)၊ မျက် ၄၀၁-၄၀၂

(ခ) Illustrative of the Burmese War. pp.73-75

၂။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး(၃တွဲ)၊ မျက် ၄၀၁-၄၀၂

၃။ Maj.Snodgrass.Narrative of the Burmese War.pp.225-227

၄။ Colonel MacDowall

၅။ H.H. Wilson. Illustrative of the Burmese War. p.180

၆။ ibid p.183

အင်္ဂလိပ်တပ်များသည် အရေးရှုံးနိမ့်ပြီးပြည်မြို့သို့ ဆုတ်ခွာသွားသည်။ ဆုတ်ခွာသွားသော အင်္ဂလိပ်တပ်များအား မဟာနေမျိုးဦးစီးကွပ်ကဲသည့် ရှမ်းမြန်မာတပ်များက လိုက်လံတိုက်ခိုက်ရာ ပြည်မြို့အနီးရှိ သင်ပန်းစခန်းတွင် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားသည်။ ယင်းတိုက်ပွဲတွင် ဗိုလ်ချုပ် မဟာနေမျိုးနှင့် မောက်မယ်စော်ဘွားတို့ကျဆုံး ခဲ့ရသည်။

ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်းစော်ဘွား၊ မြို့စား၊ ရှမ်းအမျိုးသားများနှင့်ရှမ်းအမျိုးသမီး ၃ ဦးတို့ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ခဲ့ကြပုံကို အင်္ဂလိပ်–မြန်မာပထမစစ်ပွဲအတွင်း ကိုယ်တိုင်ပါဝင်တိုက်ခိုက်ခဲ့သည့် ဗိုလ်မှူးစနော့ဂရတ်[၁] က–

"ဤစစ်သည်တော်များကို ကွပ်ကဲလာသူတို့တွင် စော်ဘွားများ၊ မင်းသားများသာမကအမျိုးသမီး ၃ ဦးလည်းပါဝင်လေသည်။ အမျိုးသမီး ၃ ဦးစလုံးမှာသေနတ်ပီးသူများဖြစ်ကြသည်ဟုဆိုသည်။ အမျိုးသမီး လှူစွမ်းကောင်းများသည် စစ်ဝတ်တန်ဆာကိုဝတ်ဆင်ကာ မြင်းများကို ရဲရဲဝံ့ဝံ့ စီးနင်းရင်း စစ်သည်တော်များအားအားပေးစကားများပြောကြသည်။

" ...ရှမ်းစစ်သည်များမှာ လမ်းမလျှောက်နိုင်၍ ထမ်းစင်ဖြင့်သွားလာရသော စော်ဘွားကြီးနှင့်သတ္တိပြောင်မြောက်စွာ အားပေးလျက်ရှိသော အမျိုးသမီး ဗိုလ်မှူး ၃ဦးတို့ကြောင့် အားတက်ကာ ရန်သူတို့အား သဲသဲမဲမဲခုခံကြသည်။

"...ဦးခေါင်းဖြူ၍ အသက်ကြီးစဖြစ်နေသော ရှမ်းစော်ဘွားများမှာလည်း ဓါးလွတ်များကိုကိုင်စွဲကာ ငယ်သားများအား ရွပ်ရွပ်ချွံချွံတိုက်ခိုက် ပြနေသည်။ များပြားလှသော ရန်သူတို့အား ပြင်းထန်စွာတိုက်ခိုက်ရင်း ကျဆုံးသွားသူများလည်း များလှသည်။ စစ်သူကြီး မဟာနေမျိုးကိုယ်တိုင်လည်း ရဲဝံ့စွာခုခံတိုက်ခိုက် အားပေးရင်း ကျဆုံးလေသည်။ သစ္စာရှိသောသူ၏ ရဲဘော်ရဲဘက်များသည် သူ့အားသယ်ယူရင်း ကျကြပြန်သည်။ သူ့အလောင်းကို သူ၏ အဆောင်အယောင်များနှင့်အတူ ကျဆုံးသူများ အလယ်တွင်တွေ့ရသည်။ အမျိုးသမီး တစ်ဦးမှာရင်ညွန့်တွင် သေနတ်ဒါဏ်ရာရပြီး လဲနေသည်ကိုတွေ့ရာ ဗိုလ်တစ်ဦး ဖြစ်သည်ကိုသိသော ရဲဘော်ရဲဘက်များက သယ်ယူသွားသည်။ မကြာမီပင် သူ့အသက်ပျောက် သွားသည်။

"...အခြားရှမ်းအမျိုးသမီး စစ်ဗိုလ်တစ်ဦးမှာ ရဲဘော်ရဲဘက်များကို အားပေးရင်းချောင်း၏တစ်ဘက် ထူထပ်သောတောအုပ်သို့အဝင် ဗုံးတစ်လုံးက သူ့ခေါင်းပေါ်သို့တည့်တည့်ကျ၍ ပေါက်ကွဲရာ သူသည် ရေထဲသို့ကျချေသည်။ သေသည် ရှင်သည်ဟုကားမဆိုနိုင်။ သူ့အားရဲဘော်ရဲဘက်များက ပွေ့ချီသွားကြ သည်။[၂]

---

၁ Major Snodgrass

၂ Major Snodgrass.Narrative of the Burmese War. pp.231-236

ဟူ၍မှတ်တမ်းတင်ခဲ့လေသည်။

မိုလ်ချုပ်ကင်းဘဲလ်ဦးစီးသော အင်္ဂလိပ်တပ်များသည် မြန်မာတပ်များနှင့် ဝက်ထီးကန်တွင်အပြင်းအထန် တိုက်ခိုက်ပြီးနောက် ပြည်မြို့မှဆက်လက်ချီတက်ရာ မြေထဲသို့ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဆိုက်ရောက်သည်။ မြေထဲမှ ဆက်လက်ချီတက်ပြန်ရာဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဆင်ပေါင်ဝဲအထက် လွန်ချီသို့ ဆိုက်ရောက်ခဲ့လေသည်။ လွန်ချီမှ ဆက်လက် ချီတက်ရာ ပတ္တနဂိုလ်သို့ ရောက်ရှိသောအခါ ပတ္တနဂိုလ်တစ်ဖက်ကမ်းရှိ မလွန်တွင် မြန်မာ့ တပ်မတော်မှ အင်အား ၄၅၀၀ ခန့်တပ်စွဲထားကြောင်းသိရှိကြရသည်။

အင်္ဂလိပ်တပ်များ ပတ္တနဂိုလ်တွင် တပ်ချရပ်နားနေစဉ် ဗိုလ်ချုပ်ကင်းဘဲလ်၏ ကမ်းလှမ်းချက်အရ သတိုးမင်းကြီး မဟာမင်းခေါင် ကျီဝန်ကြီးနှင့် ဝန်ကြီးမင်းကြီး သီရိမဟာဥဇနာ ကောလင်းမြို့စားဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် ဗိုလ်ချုပ်ကင်းဘဲလ်ခေါင်းဆောင်သော အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့သည် ဧရာဝတီမြစ်လယ်၌ဖောင်ဖွဲ့ကာ စစ်ပြေငြိမ်းရေးကိစ္စ ဆွေးနွေးကြသည်။ ယင်းဆွေးနွေးပွဲသည်လည်း အောင်မြင်မှုမရရှိသဖြင့် အင်္ဂလိပ်တပ်များက မလွန်ရှိ မြန်မာတို့၏ခံတပ်ကို တိုက်ခိုက်သည်။ ညီတော်မိုးနဲဗိုလ်မှူးမင်းသားကိုယ်တိုင် ကွပ်ကဲသည့်မြန်မာတပ်များသည် အပြင်းအထန် ခုခံတိုက်ခိုက်သော်လည်း မလွန်ခံတပ်မှာ အင်္ဂလိပ်တို့၏ သိမ်းပိုက်ခြင်းခံရသည်။ မြန်မာတပ်များသည် မလွန်မှ ပုဂံသို့ဆုတ်ခွါပြီးနောက် ပုဂံမှခံစစ်ပြု၍ ခုခံရန် ကြိုးပမ်းသော်လည်း မအောင်မြင်ချေ။

အင်္ဂလိပ်တပ်များသည် ပုဂံမှဆက်လက်ချီတက်ကြရာ ရန္တပိုရွာသို့ ရောက်သောအခါ စစ်ပြေငြိမ်းရေးကိစ္စကို မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထပ်မံတွေ့ဆုံဆွေးနွေးသည်။ ထို့နောက် စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုကြလေသည်။[၁]

စစ်ပြေငြိမ်းရေးစာချုပ်တွင် မြန်မာတို့ ဘက်မှ လယ်ကိုင်းမြို့စားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊ ကျီဝန်အတွင်းဝန်မင်းကြီးမဟာမင်းလှသီဟသူတို့က လက်မှတ်ရေးထိုး၍အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ်အာချီဘောကင်းဘဲလ်၊ အုပ်ချုပ်ရေးမင်းကြီး သောမတ်စ်ကင်းဘဲလ်ရောဘတ်ဆန်[၂]၊ ရေတပ်ဗိုလ်မှူးကြီးချတ်[၃] တို့က အသီးသီးလက်မှတ်ရေးထိုးကြသည်။[၄]

ပထမအင်္ဂလိပ်မြန်မာစစ်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှစတာလင်ပေါင် ၁၃၀၀၀၀၀၀ (တစ်ဆယ့်သုံးသန်း) ကုန်ကျပြီး စစ်သည် ၄၀၀၀၀ (လေးသောင်း) အနက် ၁၅၀၀၀ (တစ်သောင်းငါးထောင်) ကျဆုံးခဲ့သည်။ ရန္တပိုစာချုပ်အရ မြန်မာတို့ထံမှ အင်္ဂလိပ်တို့ရရှိ

---

၁။ Sir Arthur Phayre. History of Burma. p.257

၂။ Thomas Campbell Robertson

၃။ Captain Chads

သောငွေမှာ ပေါင် ၁၀၀၀၀၀၀(တစ်သန်း)သာ ရှိလေသည်။ ထို့ကြောင့် အင်္ဂလိပ်အာဏာပိုင်ဟိုက ဗြိတိသျှစစ်သမိုင်းတွင် အဆိုးဝါးဆုံးစစ်ပွဲ[၁] ဟုဝေဘန်ပြောဆိုသည်အထိ အင်္ဂလိပ်တို့အဖို့ ငွေအင်အား၊ လူအင်အားဆုံးရှုံးနစ်နာခဲ့ရသောစစ်ပွဲဖြစ်လေသည်။

သို့သော်မြန်မာတို့သည် စီးပွါးရေးအမြတ်အစွန်းရရှိရေးနှင့် ဈေးကွက်ရရှိရေးအတွက်နယ်ပယ်ချဲ့ထွင်လျက်ရှိသော အင်္ဂလိပ်တို့အား ရန္တပိုစာချုပ်အရ သင်္ဘောဆိပ်ကမ်းမြို့များဖြစ်သော ရခိုင်နှင့် တနင်္သာရီတို့ကိုပေးအပ်ခဲ့ရသဖြင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို များစွာထိခိုက်စေခဲ့လေသည်။

## တိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ

### ရခိုင်

ပထမအင်္ဂလိပ်မြန်မာစစ်ပွဲအပြီးတွင် မြန်မာတို့သည် အင်္ဂလိပ်တို့အားရခိုင်နှင့် တနင်္သာရီဒေသများကို ပေးအပ်လိုက်ရသောအခါ နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုကို တော်လှန်တိုက်ခိုက်သည့် တိုင်းရင်းသားနယ်ချဲ့တော်လှန်ရေးများ ပေါ်ပေါက်ခဲ့သည်။

၁၈၂၇ ခုနှစ်တွင် ရခိုင်ဒေသ၌ ဦးအောင်ကျော်ရွှီ၊ မြို့သူကြီးဦးအောင်ကျော်နှင့် ဗိုလ်ရွှေပန်းတို့ ခေါင်းဆောင်သော ရခိုင်အမျိုးသားများသည် ဆိတ်တိုက်ညောင်ပင်စခန်းကို ဗဟိုပြု၍ အင်္ဂလိပ်တပ်စခန်းများကို ဝင်ရောက်တိုက်ခိုက်ကြသည်။[၂] ထိုနှစ်တွင် အင်္ဂလိပ်စစ်ဌာနချုပ်ကို သံတွဲမှ ကျောက်ဖြူသို့ ရွှေ့ပြောင်းသွားသောကြောင့် သံတွဲခရိုင်တွင် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး လှုပ်ရှားမှုမှာ ပိုမိုပြင်းထန်လာခဲ့သည်။

၁၈၂၉ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် အလယ်ကြောတိုက်နယ်သူကြီး ဗိုလ်သာဦးခေါင်းဆောင်သော ရခိုင်အမျိုးသားများသည် အင်္ဂလိပ်တို့အား သံတွဲခရိုင်အတွင်း နေရာအနှံ့အပြား၌တော်လှန်တိုက်ခိုက်ကြသည်။ ဗိုလ်သာဦးခေါင်းဆောင်သော ရခိုင်တော်လှန်ရေး တပ်သားများကို ဗိုလ်ကြီးဂေါ်ဒွန်[၃] ခေါင်းဆောင်သည့် သံတွဲမြို့စောင့်တပ်က လိုက်လံတိုက်ခိုက်ရာ ဗိုလ်ကြီးဂေါ်ဒွန် ကျဆုံးသည်။ ဗိုလ်သာဦးခေါင်းဆောင်သော ရခိုင် တော်လှန်ရေးတပ်များမှာလည်း သံတွဲမြို့မြောက်ဘက်နှင့် အရှေ့မြောက်ဘက်ဒေသများသို့ ဆုတ်ခွါသွားကြရသည်။ ဗိုလ်သာဦး၏တပ်သားများသည် မအီရှိ အင်္ဂလိပ်ပုလိပ်ကင်းစခန်းကို ဝင်ရောက်စီးနင်းမီးရှို့ဖျက်ဆီးပြီး ကင်းစခန်းမှပုလိပ်များကို သုတ်သင်လိုက်သည်။ ထို့နောက်ဗိုလ်သာဦး၏ တပ်များသည် မအီမြို့နယ်တစ်ခုလုံးကို တိုက်ခိုက်စည်းရုံး ကြသည်။

---

၁။ A.T.Q.Stewart. The Pagoda War. p.35

၂။ Burma Gazetteer Akyab District. Vol.A.pp.34-35

၃။ Captain Gordon

ထိုအချိန်တွင်အင်္ဂလိပ်တို့သည် ရခိုင်မျိုးချစ်တော်လှန်ရေး တပ်များအား နှိမ်နင်းရန် မာ့ခ်လဲဗီး[၁] တပ်များကိုဖွဲ့စည်းပြီး၊ အင်အားဖြည့်တင်းသည်။ ကင်းစခန်းသုံးခုကိုလည်း တောင်ခြေတွင် အခိုင်အမာတည်ဆောက် တပ်ချထားသည်။ တိုင်းရင်းသားတို့၏တော်လှန်တိုက်ခိုက်မှုများကို နှိမ်နင်းရန်ဖွဲ့စည်းထားသည့် ရခိုင်တပ်ရင်း[၂] ကိုမူ မြေပြန့်ဒေသရှိ ကင်းစခန်းများတွင် စောင့်ကြပ်စေခဲ့သည်။

အင်္ဂလိပ်တို့သည် တပ်များပူးပေါင်း၍ အင်အားဖြည့်တင်းပြီး ရခိုင်မျိုးချစ်တော်လှန်ရေးအင်အားစုများကို နှိမ်နင်းပြန်သည်။ သို့သော်အင်္ဂလိပ်တပ်များသည် ခရီးလမ်းအခက်အခဲကြောင့် ရခိုင်မျိုးချစ်တပ်များအား ထိရောက်စွာ တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ပေ။ ရခိုင်မျိုးချစ် တော်လှန်ရေးတပ်များသည် အင်္ဂလိပ်တပ်များ ထိုးဖေါက်တိုက်ခိုက်လာသည့် အခါ အင်အားချင်းမမျှပါက ရခိုင်ရိုးမကိုဖြတ်ကျော်၍ မြန်မာမင်းပိုင် အင်းဝနယ်ဘက်သို့ ဆုတ်ခွါသွားကြသည်။

၁၈၃၀ပြည့်နှစ်တွင် အင်္ဂလိပ်တို့သည် ရခိုင်မျိုးချစ်တော်လှန်ရေးတပ်များကို တိုက်ခိုက် အောင်မြင်ခဲ့သော်လည်း ဗိုလ်သာဦးကို ဖမ်းဆီးခြင်း မပြုနိုင်ခဲ့ပေ။ ဗိုလ်သာဦးသည်အင်္ဂလိပ်တပ်များနှင့် အင်အားချင်းမမျှသည်ကိုသိသောအခါ ပန်းတောင်းသို့ ဆုတ်ခွါ တိမ်းရှောင်သွားရာ ထိုဒေသ၌ပင်ကွယ်လွန်ခဲ့လေသည်။ [၃]

၁၈၃၀ပြည့်နှစ်တွင် ကြိမ်တလီရွာ ဘုန်းတော်ကြီးတစ်ပါး ခေါင်းဆောင်သော ရခိုင်တော်လှန်ရေးတပ်များသည် အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ကြပြန်သည်။ သို့သော် တော်လှန်ရေးတပ်များသည် အင်္ဂလိပ်တို့၏ ပြန်လည်တိုက်ခိုက်မှုကို ရေရှည်မရပ်တည်နိုင်သဖြင့် ယင်းတော်လှန်ရေးအင်အားစုများမှာ ကျဆင်းသွားခဲ့ရလေသည်။

## ထားဝယ်

ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲအတွင်း တနင်္သာရီကမ်းရိုးတန်းရှိ ရေး၊ ထားဝယ်၊ မြိတ်နယ်များကို အင်္ဂလိပ်တပ်များက သိမ်းပိုက်ရန်ရေကြောင်း၊ ကြည်းကြောင်းမှ ချီတက် လာကြသည်။ မြန်မာအရာရှိအမှုထမ်း ရဲမက်လက်နက်ကိုင်တို့က အင်္ဂလိပ်တပ်များကို ခုခံတိုက်ခိုက်ကြရာ အင်္ဂလိပ်တို့ဘက်မှ အရာရှိနှင့်အကြပ်တပ်သားအများအပြား ကျဆုံးသည်။ သို့သော် မြန်မာတို့သည် လက်နက်အင်အားချင်းမမျှသောကြောင့် ရေရှည်တွင် အင်္ဂလိပ်တို့အား မခုခံနိုင်ခဲ့ကြချေ။ အင်္ဂလိပ်တို့သည် ထားဝယ်မြို့ကို ၁၈၂၄ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် သိမ်းပိုက်လိုက်ကြသည်။

---

၁။ Mugh Levy

၂။ Arakan Provincial Battalion

၃။ Burma Gazetteer Sandoway District. Vol.A.pp.12-13

အင်္ဂလိပ်တို့ ထားဝယ်မြို့ကို ချီတက်တိုက်ခိုက်စဉ်က ထားဝယ်မြို့ဝန် ဦးရွှေလုပ်သည်အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်လေသည်။ သို့သော်ဦးရွှေလုပ်၏ လက်အောက်ရှိ ရေဝန်မောင်ဒါနှင့်အပေါင်းပါတို့ သစ္စာဖောက်သဖြင့် ထားဝယ်မြို့ကျဆုံးရပြီး ဦးရွှေလုပ်ကိုလည်း အင်္ဂလိပ်တို့က ဖမ်းဆီးကာ ကာလကတ္တားသို့ပို့ဆောင်အကျဉ်းချထားခဲ့သည်။ [၁]

ထားဝယ်မြို့ဝန် ဦးရွှေလုပ်နှင့်ပတ်သက်၍ မြိတ်၊ ထားဝယ် မဟာဝန်ရှင်တော်မင်းကြီး မင်းဂီး[၂] ကဘုရင်ခံရောဘတ်ဖူလာတန်[၃] ထံသို့ ၁၈၂၅ခု၊ အောက်တိုဘာလအတွင်း ပေးပို့သော အစီရင်ခံစာတွင် " ထားဝယ်မြို့ဝန်ဟောင်း မောင်ရွှေလုပ်သည် အင်းဝအမျိုးကောင်းမိဘမှ ဆင်းသက်ပေါက်ဖွါးသူဖြစ်ပြီး သူ၏ဖခင်မှာ လွန်ခဲ့သည့်အနှစ် နှစ်ဆယ်ခန့်က မြိတ်မြို့ဝန်ဖြစ်ခဲ့သည်။ မောင်ရွှေလုပ်သည် ငယ်စဉ်က အင်းဝမင်းထံ ဝင်ရောက်အမှုထမ်းကာလွန်ခဲ့သည့် လေးနှစ်ခွဲခန့်က ထားဝယ်မြို့ဝန်အဖြစ် ခန့်ထားခြင်းခံရသည်။ မောင်ရွှေလုပ်သည် မြန်မာမင်းအား အထူးသစ္စာရှိသူဖြစ်သည် "[၄] ဟူ၍ဖော်ပြထား လေသည်။

## မြိတ်

၁၈၁၉ခုနှစ်တွင် မြန်မာဘုရင်သည် ဦးမြတ်လေးအား မြိတ်မြို့ဝန်အဖြစ် ခန့်ထားခဲ့သည်။ ၁၈၂၄ခု၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အင်္ဂလိပ်တပ်များသည် သင်္ဘော ၄စင်းဖြင့် မြိတ်မြို့သို့ ဝင်ရောက်လာရာ မြို့ဝန်ဦးမြတ်လေး ခေါင်းဆောင်သော မွန်မြန်မာမျိုးချစ်တပ်များက အပြင်းအထန် ခုခံတိုက်ခိုက်ကြသည်။ အင်္ဂလိပ်တပ်များ ကမ်းတက်တိုက်ပွဲများ ဆင်နွှဲလာသောအခါ ဦးမြတ်လေး ခေါင်းဆောင်သည့်တပ်များက ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက်သည်။ အင်္ဂလိပ်တို့ဘက်မှ အင်အား ၁၀၀ ကျော်ခန့် ကျဆုံး သွားလေသည်။ [၅]

ဦးမြတ်လေးသည် အင်အား ၁၀၀၀ ခန့်ရှိသော အင်္ဂလိပ်တပ်များကို ရဲဝံ့စွာခုခံတိုက်ခိုက်သော်လည်း လက်နက်အင်အား ကွာခြားလွန်းသဖြင့်၁၈၂၄ ခု၊ အောက်တိုဘာ လ ၆ ရက်နေ့တွင် အင်္ဂလိပ်တပ်များက မြိတ်မြို့ကို သိမ်းပိုက်လိုက်ကြသည်။ ထို့နောက် ဦးမြတ်လေကိုကာလကတ္တားမြို့ သို့ ပို့ဆောင် အကျဉ်းချထားလိုက်သည်။ [၆]

---

၁။ ဇေယျ၊ မြန်မာစာ၊မြန်မာ့စိတ်၊မြန်မာ့မာန်၊ မျက်– ၃၂၁

၂။ Mr.A.D.Maingy

၃။ Robert Fullerton

၄။ Selected Correspondence of letters,Office of Commissioner, Tenasserim Division (1825-1826) to (1842-43)

၅။ ဇေယျ၊ မြန်မာစာ၊မြန်မာ့စိတ်၊မြန်မာ့မာန်၊ မျက် ၃၂၄–၃၂၇၊

၆။ ယင်း၊ မျက် ၃၂၉

စာကြည့်တိုက်



မွန်၊မြန်မာ၊ရခိုင် စသည့် တိုင်းရင်းသားမျိုးချစ်တော်လှန်ရေး အင်အားစု များသည် မြန်မာနိုင်ငံအား တိုင်းတစ်ပါးမှ စိုးမိုးကျွန်ပြုမှုကို မခံလိုသောကြောင့် နယ်ချဲ့အင်္ဂလိပ်တပ်များအား လက်နက်အင်အားချင်းမမျှသော်လည်း အသက်ကိုစတေးကာ စွမ်းစွမ်းတမန် တိုက်ပွဲဝင်ခဲ့ကြလေသည်။

ယင်းသို့ မွန်၊ မြန်မာ၊ ရခိုင် စသည့် မျိုးချစ်တော်လှန်ရေးတပ်များက အင်္ဂလိပ်တို့အားတော်လှန်တိုက်ခိုက်နေစဉ် ၁၈၂၉ ၊ ဧပြီလတွင် လူရှိုင်းအမျိုးသားများကလည်း ချင်းတောင်ဒေသတွင် နယ်ချဲ့ အင်္ဂလိပ်တပ်များအား တော်လှန်တိုက်ခိုက် လျက် ရှိလေသည် ။

## ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲဖြစ်ပွားရခြင်းအကြောင်းရင်းများ

ပထမအင်္ဂလိပ်မြန်မာ စစ်ပွဲဖြစ်ပွားပြီးနောက် အင်္ဂလိပ်တို့သည် ယခင်ပြင်သစ်တို့ ခြေကုပ်ယူခဲ့သော ဆိပ်ကမ်းများအပါအဝင် ၊ ရခိုင်နှင့် တနင်္သာရီနယ်မြေများကို သိမ်းပိုက်လိုက်ခြင်းဖြင့် မြန်မာ့ကမ်းရိုးတန်းဒေသများ၌ အခြေချနိုင်ခဲ့ကြသည်။ ထို့နောက် စစ်တွေနှင့်မော်လမြိုင်မြို့များကို သင်္ဘောဆိပ်မြို့များအဖြစ် အသုံးပြုပြီး သစ်လုပ်ငန်း၊ ဆန်စပါးလုပ်ငန်းများ ⁄ လုပ်ကိုင်လာကြသည်။ အခြားဥရောပအရင်းရှင် ကုန်သည်များကလည်း စီးပွားရေးလုပ်ငန်း များ ကို စစ်တွေတွင် စတင်အခြေစိုက်လုပ်ကိုင်လာကြလေသည်။ [၁]

ယင်းသို့ အင်္ဂလိပ်တို့သည် မြန်မာ့ကမ်းရိုးတန်းနယ်မြေများ ကိုသိမ်းပိုက်နိုင်ခြင်းကြောင့် စကြာပူကျွန်းအထိ ဆက်သွယ်ကူးသန်းရောင်းဝယ်ရေးနှင့် ရေတပ်အင်အားတိုးချဲ့ရေးတို့အတွက် အခွင့်အရေး ရရှိသွားလေသည်။ တစ်ချိန်တည်းတွင်ပင် အင်္ဂလိပ်တို့သည် အင်ဒိုချိုင်းနား၌ ကိုလိုနီနိုင်ငံထူထောင်လျက်ရှိသော ပြင်သစ်တို့၏ရန်ကို ဟန့်တားနိုင်သည့်ပြင် တရုတ်ပြည်နှင့်ကူးသန်းရောင်းဝယ်ရန် မြန်မာနိုင်ငံအား နောက်ဖက်တံခါးပေါက်အဖြစ် အသုံးပြုရေးမှာ အခွင့်သာခဲ့လေသည်။ [၂] ထို့ပြင် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲတွင် အင်္ဂလိပ်တို့က အနိုင်ရရှိလိုက်သောကြောင့် မြန်မာတစ်နိုင်ငံလုံးကို ဆက်လက်သိမ်းပိုက်ရန် အခြေခံလမ်း ကြောင်းများရရှိသွားလေသည်။

အင်္ဂလိပ်နယ်ချဲ့အရင်းရှင်တို့သည် ၁၈၂၅ ခုနှစ်မှစတင်၍ မော်လမြိုင်နှင့်စစ်တွေမြို့များတွင် သင်္ဘောတည်ဆောက်ခြင်း၊ သစ်နှင့်ဆန် အရောင်းအဝယ်ပြုလုပ်ခြင်း စသည့်

---

၁။ U Khin Maung Kyi." Western Enterprise and Economic Development of Burma" JBRS. Vol.LIII. Part 1.p.27

၂။ Rangoon and Western China. Copy of all memorials and letters transmitting them to the First Lord or the Treasury of Minister on the subject of opening up a direct commerce with the Shan States and West of China from the port of Rangoon;and the Replies thereto.Indian office.2nd December 1867.

စီးပွါးရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်းဖြင့် အမြတ်အစွန်းများစွာ ရရှိလာကြသည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် စီးပွါးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာကြရာ မော်လမြိုင်နှင့်စစ်တွေ မြို့များမှ ဥရောပအရင်းရှင်ကုန်သည်များသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရင်ဆန်စပါးနှင့် သစ် လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာကြသည်။ [၁]

အင်္ဂလိပ်တို့သည် ကိုလိုနီစနစ်အရ နယ်ပယ်ချဲ့ထွင်ရာတွင် နိုင်ငံတစ်နိုင်ငံကို တစ်စက်တစ်ပျက် သိမ်းပိုက်ထားလျှင် ယင်းနိုင်ငံက အခွင့်အခါအလျောက် ပြန်လည်တော်လှန်မည်ကို သိရှိသဘောပေါက်ထားပြီး ဖြစ်လေသည်။ [၂] ထို့ကြောင့် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ ကိုဆက်လက်သိမ်းပိုက်နိုင်ရေးအတွက် စစ်ပွဲသစ်ဖန်တီးရန် အကြောင်းရှာလာကြသည်။

ပုဂံမင်း(၁၈၄၆–၁၈၅၃) လက်ထက် ၁၈၅၀ပြည့်နှစ်ကုန်ပိုင်းတွင် အင်္ဂလိပ်ကုန်သင်္ဘော ၂ စင်းသည် သတ်မှတ်ထားသော အကောက်ခွန်မပေးဆောင်လို၍ ကုန်ပစ္စည်းများကိုလျှို့ဝှက်တင်ဆောင် လာကြသည်။ ရန်ကုန်မြို့ဝန် မဟာမင်းလှမင်းကျော် ဦးအုပ်သည် ယင်းသင်္ဘော ၂ စင်းကို ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူပြီး သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ဒဏ်ငွေစတာလင်ပေါင် ၁၀၀ ပေးဆောင်ရန်အမိန့်ချမှတ်သည်။ သို့သော်အင်္ဂလိပ်ကုန်သည်တို့သည် ဒဏ်ငွေပေးဆောင်ရန် ငြင်းပယ်ရုံသာမက မချေမငံပြုမူဆက်ဆံကြသဖြင့် မြန်မာ အာဏာပိုင်များက ဒဏ်ငွေပေးဆောင်သည်အထိဖမ်းဆီးအရေးယူခဲ့သည်။

ဤသို့ဒဏ်ငွေ ပေးဆောင်စေသည်ကို မကျေနပ်သော သင်္ဘောကပ္ပတိန် လူဝစ်[၃]နှင့် ရှက်ပတ်[၄] တို့သည် ကာလကတ္တားသို့ပြန်၍ မြန်မာအာဏာပိုင်တို့ထံမှ လျော်ကြေး စတာလင်ပေါင် ၁၉၂၀ ရလိုကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ[၅] ထံတင်ပြကြသည်။ လော့ဒ်ဒါလဟိုဇီသည် လျော်ကြေးစတာလင်ပေါင် ၁၉၂၀ အနက်စတာလင်ပေါင် ၉၂၀ကိုသာ မြန်မာတို့က ပေးဆောင်ရန်နှင့် ရန်ကုန်မြို့ဝန်ဦးအုပ်အား အရေးယူပေးရန် တောင်းဆိုချက်

---

၁။ U Khin Maung Kyi. "Western Enterprise and Economic Development in Burma." p.27

၂။ Maung Maung . Burma and General Ne Win. p.1

၃။ Captain Harold Lewis ၄။ Captain Robert Shepard

၅။ Lord Dalhousie_လော့ဒ်ဒါလဟိုဇီ(၁၈၁၂–၁၈၆၀)သည် ၁၈၁၂ခုနှစ်၊ ဧပြီလ ၂၂ရက်နေ့တွင်ဂျော့ရမ်ဆေး (George Ramsay)နှင့် ခရစ်တီယန် (Christian) တို့မှ ဖွားမြင်သော တတိယသားဖြစ်သည်။ အသက် ၃၅ နှစ်အရွယ်တွင် အိန္ဒိယပြည်၌ ၁၈၄၈ခုနှစ်မှ ၁၈၅၆ခုနှစ် အထိဘုရင်ခံချုပ်အဖြစ် ဆောင်ရွက်သည်။ အလုပ်မှအနားယူသော အချိန်တွင် အင်္ဂလိပ်အရှေ့ အိန္ဒိယ ကုမ္ပဏီက ဒါလဟိုဇီအား တစ်နှစ်လျှင် ပေါင် ၅၀၀၀ ချီးမြှင့်ခဲ့သည်။ ၁၈၆၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၉ရက်နေ့တွင်ကွယ်လွန်သည်။ (Viscount Mersey. The Viceroys and Governor-Generals of India 1757-1947.pp.67-70)

များဖြင့် ဗိုလ်မှူးချုပ် လင်းဘတ်[၁] ခေါင်းဆောင်သော ရေတပ်မှ ကို ရန်ကုန်မြို့သို့စေလွှတ်လိုက်သည်။[၂]

ပုဂံမင်းသည် အင်္ဂလိပ်တို့၏ တောင်းဆိုချက်များကို လိုက်လျောကာ ရန်ကုန်မြို့ဝန်ဦးအုပ်၏နေရာတွင် ရွှေတောင်မြို့ဝန်သတိုးမင်းကြီး မဟာမင်းလှမင်းခေါင် ကျော်ဦးမှုအား လွှဲပြောင်းခန့်ထားခဲ့သည်။ သို့သော်မြန်မာတို့နှင့် စစ်ဖြစ်ပွားရန် အကြောင်းရှာနေသောအင်္ဂလိပ်တို့သည် ၁၈၅၂ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်ဆိပ်ကမ်းကို ဝင်ရောက်ဘိုက်ခိုက်ပြီး မြန်မာမင်းပိုင် ရေနန်းယာဉ်သာ သင်္ဘောကိုသိမ်းယူသွားကြသည်။

၁၈၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်သည် မြန်မာ မင်းထံ ပြင်းထန်သော ရာဇသံနှင့်တောင်းဆိုချက်များကို ပေးပို့လိုက်သည်။

ရာဇသံပါအချက်များမှာ–

(၁) ဇန်နဝါရီလ ၆ ရက်နေ့ကရန်ကုန်မြို့ဝန်ထံ စာပေးလာသော ကပ္ပတိန်ဖစ်ရှ်ဘွန်း[၃] နှင့်အရာရှိများကို အရှက်ရစေအောင် ပြုမိခြင်းအတွက် ဝမ်းနည်းတောင်းပန်ကြောင်း မြို့ဝန်ကိုယ်တိုင် စာရေးသားပြီး ဝန်ချတောင်းပန်ရမည်။

(၂) ကပ္ပတိန်လူးဝစ်နှင့် ရှက်ပတ်တို့အား နစ်နာအောင်ပြုမိသည့်အတွက် တောင်းဆိုသည့် လျော်ကြေးငွေများကို ပေးဆောင်ရမည့်အပြင်အင်္ဂလိပ်တို့ စစ်တိုက်ရန် ပြင်ဆင်ရသည့်အတွက် ကုန်ကျသည့် စရိတ်ငွေဒင်္ဂါး တစ်သန်းကိုလည်း မြန်မာတို့က တစ်ပါတည်းပေးဆောင်ရမည်။

(၃) ရန္တပိုစာချုပ် သတ္တမအချက်တွင် ဖော်ပြထားသည့်အတိုင်း အင်္ဂလိပ် အစိုးရ၏ကိုယ်စားလှယ်တစ်ဦးကို ရန်ကုန်မြို့တွင် လက်ခံအသိ အမှတ်ပြုရမည်။

(၄) ရန်ကုန်မြို့ဝန်ကိုပြောင်းရွှေ့ပေးရမည်။

ဟူသောအချက်များပါဝင်လေသည်။[၄]

မြန်မာတို့သည် အင်္ဂလိပ်တို့၏ ရာဇသံကို မတ်လ ၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့သည်။ သို့သော်မြန်မာတို့က အကြောင်းပြန်ကြားခြင်း မပြုသဖြင့် ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲဖြစ်ပွားရလေသည်။

---

၁။ Commodore Lambert.

၂။ Maung Htin Aung. A History of Burma. p.225

၃။ Captain Fishbourne

၄။ Papers relating to hostilities with Burma, presented to both Houses of Parliament by Her Majesty's Command.

## တိုက်ပွဲစဉ်များ

၁၈၅၂ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အင်္ဂလိပ်တို့သည်အင်အား ၁၄၀၀ ခန့်ဖြင့်မုတ္တမမြို့ကို ရေကြောင်း၊ ကြည်းကြောင်းများမှ ဝင်ရောက်တိုက်ခိုက်ကြသည်။ မြန်မာတို့ဘက်မှ လက်ျာဝင်းမှူး သတိုးမင်းကြီးမဟာမင်းခေါင်ရာဇသူသည် စစ်သည် အင်အား ၃၉၃၀ ဖြင့် အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်သည်။ မြန်မာတို့သည် မုတ္တမခံတပ် တွင် အင်္ဂလိပ်တို့အား အကြိတ်အနယ် ခုခံတိုက်ခိုက်သော်လည်း ဧပြီလ ၆ ရက်နေ့နံနက် ၈ နာရီတွင် မုတ္တမခံတပ် ကျဆုံးရသည်။ [၁]

ဒုတိယဗိုလ်ချုပ်ကြီးဂေါ်ဒွင်[၂]သည် မုတ္တမခံတပ်ကို သိမ်းပိုက်ပြီးနောက် ရေကြောင်းဗိုလ်ချုပ် အော်စတင်[၃] နှင့်အတူ ရန်ကုန်မြို့သို့ဆက်လက်ချီတက်သည်။ [၄]ဧပြီလ ၈ ရက်နေ့တွင် ရန်ကုန်မြစ်ဝသို့ ရောက်ရှိပြီး ဧပြီလ ၁၁ ရက်နေ့တွင် မြစ်ကြောင်းအတိုင်း ဆက်လက်ချီတက်သည်။ ထို့နောက် ရန်ကုန်မြစ်၏လက်ဝဲဘက်၊ လက်ျာဘက်ကမ်းများ ပေါ်ရှိမြန်မာခံတပ်များကို အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ မြန်မာခံတပ်များကလည်း အမြောက်ကြီးများဖြင့် ပြန်လှန်ပစ်ခတ်တိုက်ခိုက်လေသည်။ [၅]

ဧပြီလ ၁၂ ရက်နေ့တွင် အင်္ဂလိပ်ကမ်းတက်တပ်ဖွဲ့များသည် ရန်ကုန်မြို့သို့ ဦးတည်ချီတက်၍ မြန်မာတို့တပ်စွဲထားသော ရွှေတိဂုံကုန်းတော်ကို တိုက်ခိုက်သည်။ လက်တစ်ကမ်း တိုက်ပွဲအဆင့်အထိတိုက်ခိုက်ပြီး ဧပြီလ ၁၄ ရက်နေ့တွင် ရွှေတိဂုံကုန်းတော်မှ မြန်မာတပ်များ ဆုတ်ခွာကြရာ ဧပြီလ ၁၅ ရက်နေ့တွင် အင်္ဂလိပ်တပ်များက ရွှေတိဂုံကုန်းတော်တွင်တပ်စွဲလိုက်ကြသည်။ [၆]

အင်္ဂလိပ်တို့သည် မုတ္တမနှင့်ရန်ကုန်ကို သိမ်းပိုက်ပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး ဂေါ်ဒွင် ခေါင်းဆောင်သောတပ်အင်အား ၈၀၀ ခန့်သည်ပုသိမ်မြို့ကို တိုက်ခိုက်ရန် ရေတပ်

---

၁။ (က) သုသောဓိတမဟာရာဇဝင်တော်ကြီး(ဆဋ္ဌမတွဲ) မျက်-၁၁၇၊

(ခ) Laurie. The Second Burmese War. p.54

(ဂ) British Burma Gazetteer. Vol.1.p.363

၂။ Lt. General Henry Thomas Godwin (ဂေါ်ဒွင်သည် ၁၇၉၉ခုနှစ်တွင် ရေတပ်ဗိုလ် အဖြစ်စတင် အမှုထမ်းသည်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄-၂၆) အတွင်း ဒုဗိုလ်မှူးကြီး ရာထူးဖြင့် ပါဝင်တိုက်ခိုက်ပြီး ၁၈၄၆ ခုနှစ်တွင် ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခံရသည်။ ၁၈၅၂ခုနှစ် ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲတွင် ဒုဗိုလ်ချုပ်ကြီးရာထူးဖြင့် စစ်သေနာပတိချုပ်အဖြစ်ဦးဆောင် တိုက်ခိုက် ခဲ့သူဖြစ်သည်)

၃။ Rear Admiral Austin

၄။ Laurie. The Second Burmese War. p. 54

၅။ Further Papers relating to Hostilities with Burma.

၆။ Laurie. Our Burmese Wars. p.137

သင်္ဘောများဖြင့် ရန်ကုန်မှ ထွက်ခွာခဲ့ကြသည်။ မေလ ၁၉ ရက်နေ့တွင် ပုသိမ်မြို့သို့ ရောက်ရှိပြီးမြန်မာတပ်များနှင့် နှစ်ရက်ခန့် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားသည်။ ထို့နောက်အင်္ဂလိပ်တို့က ပုသိမ်မြို့ကိုသိမ်းပိုက်ခဲ့ကြလေသည်။ [၁]

ဇွန်လ ၃ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးဂေါ့ဒွင်သည် မြန်မာတို့ခြေကုပ်ယူထားသောပဲခူးမြို့ကိုတိုက်ခိုက်သိမ်းပိုက်ရန် ရေ့ပြေးတပ်ခွဲတစ်ခွဲကို စေလွှတ်ပြန်သည်။ ဇွန်လ ၄ ရက်နေ့တွင် မြန်မာတို့နှင့်တိုက်ပွဲဖြစ်ပွားပြီး အင်္ဂလိပ်တို့ပဲခူးမြို့ကို သိမ်းပိုက်ရရှိသွားသည်။ [၂] ဇူလိုင်လဆန်းတွင် အင်္ဂလိပ်တို့သည် ပြည်မြို့ကိုတိုက်ခိုက်ရန် ဧရာဝတီမြစ်ကြောင်း အတိုင်းဆန်တက်ရာ ဇူလိုင်လ ၇ ရက်နေ့တွင် မြန်အောင်သို့လည်းကောင်း၊ ၉ ရက် နေ့တွင် ပြည်သို့လည်းကောင်းဆိုက်ရောက်ကြသည်။ အင်္ဂလိပ်တို့သည် ထိုညသန်းခေါင် အချိန်တွင် ပြည်မြို့ကိုဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လိုက်ပြန်သည်။ [၃] သို့သော် ပြည်မြို့ပတ်ဝန်းကျင်တွင်မြန်မာတပ်များ၏ အင်အားများပြားသဖြင့် ဒုတိယဗိုလ်မှူးကြီး တာလီတန်[၄] ခေါင်းဆောင်သောအင်္ဂလိပ်တပ်များသည် ပြည်မြို့တွင်တပ်စွဲမနေဝံ့ပဲ ဇူလိုင်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ပြန်လည်စုန်ဆင်းသွားသည်။ ဤသို့ အင်္ဂလိပ်တို့သည် ပြည်မြို့အထိ တက်ရောက်သိမ်းပိုက်နိုင်ခဲ့ကြသဖြင့်မြန်မာတို့ဘက်မှ စစ်ပြေငြိမ်းရေးစကား ကမ်းလှမ်းလာလိမ့်မည်ဟုမျှော်လင့်ခဲ့သော်လည်း မြန်မာတို့ကမူ လုံးဝကမ်းလှမ်းခြင်းမပြုခဲ့ပေ။

ဇူလိုင်လ ၂၇ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီသည် ကာလကတ္တားမှ ရန်ကုန်သို့ရောက်ရှိလာပြီး စစ်ရေးအခြေအနေများကို ဒုတိယဗိုလ်ချုပ်ကြီးဂေါ့ဒွင်၊ ဗိုလ်မှူးချုပ်လင်းဘတ်တို့နှင့် ဆွေးနွေးသည်။ လော့ဒ်ဒါလဟိုဇီသည် ကာလကတ္တားသို့ပြန်လည်ရောက်ရှိသွားသောအခါ ဒုတိယဗိုလ်ချုပ်ကြီးဂေါ့ဒွင်အား ပြည်မြို့အထိ ချီတက်သိမ်း ပိုက်ရန်ညွှန်ကြားလိုက်လေသည်။ [၅]

စက်တင်ဘာလ ၁၃ ရက်နေ့တွင် အိန္ဒိယပြည်မှ အင်္ဂလိပ်စစ်ကူတပ်များ မြန်မာပြည်သို့ထပ်မံရောက်ရှိလာသည်။ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးဂေါ့ဒွင်ခေါင်းဆောင်သော အင်္ဂလိပ်တပ်များသည် ပြည်မြို့သို့ဆန်တက်ပြီး အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်မြို့ကို သိမ်းပိုက်လိုက်လေသည်။ ထိုအချိန်တွင် မြန်မာ့နန်းတွင်းရေးများရှုပ်ထွေးနေသဖြင့် နိုဝင်ဘာလကုန်ခါနီးအချိန်၌ ပြည်မြို့စစ်မျက်နှာနှင့် ပဲခူးစစ်မျက်နှာများ

---

၁။ Further Papers relating to Hostilities with Burma

၂။ Laurie. The Second Burmese Wars. pp.182-183

၃။ British Burma Gazetteer. Vol.I.pp 368-369

၄။ Commander Tarleton

၅။ (က) British Burma Gazetteer. Vol.I.p.370
   (ခ) Laurie.Our Burmese Wars. p. 175

မှမြန်မာတပ်များသည် ဘုရင်၏ပြန်လည်ဆင့်ခေါ်ချက်အရ ဆုတ်ခွာကြရသည်။ ဒုတိယ အင်္ဂလိပ်မြန်မာစစ်ပွဲမှာလည်း ပြီးဆုံးသွားခဲ့ပြီး မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့က သိမ်းပိုက်လိုက်ကြလေသည်။

## တိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ

ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအတွင်း အင်္ဂလိပ်တို့ ရန်ကုန်မြို့ကို တိုက်ခိုက် သိမ်းပိုက်ကြသည့်အချိန်၌ ဝနေဖြူမြို့နယ်သပြေရွာ သူကြီးမျိုးရိုးဖြစ်သော ဗိုလ်မြတ်ထွန်းသည် ဗိုလ်ရွှေပန်းနှင့်ပူးပေါင်း၍ ကရင်မြန်မာမျိုးချစ် တော်လှန်ရေးတပ်များနှင့်အတူ အင်္ဂလိပ်တို့အားတော်လှန် တိုက်ခိုက်ရန် စီစဉ်လေသည်။ ဗိုလ်မြတ်ထွန်း ခေါင်းဆောင်သောတပ်တွင် မွန်၊ ကရင်၊ မြန်မာအမျိုးသား များအပါအဝင် လူပေါင်း ၇၀၀၀၊ ဗိုလ်ရွှေပန်း ခေါင်းဆောင်သော တပ်တွင် လူပေါင်း ၂၀၀၀၊ စုစုပေါင်းအင်အား ၉၀၀၀ ခန့်ရှိလေသည်။[1] ဗိုလ်မြတ်ထွန်းနှင့် ဗိုလ်ရွှေပန်းတို့၏ တော်လှန်ရေးတပ်များသည် တွံတေးမြို့နှင့် မိုင် ၃၀ ကွာအရပ်တွင် တပ်စခန်းချနေစဉ် အင်္ဂလိပ်တပ်များပြည်မြို့သို့ချီတက်လာသည်ကို သိရှိသောအခါ ဝနေဖြူမှ ဆီးကြိုတိုက်ခိုက်ရန်ပြင်ဆင်သည်။

၁၈၅၃ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဗိုလ်မှူးကြီးစိဘီလော့စ်[2] သည် ရေတပ် အင်အား ၁၅၈ ယောက်၊ ကမ်းတက်တပ်သားအင်အား ၆၂ ယောက်၊ ကြည်းတပ်အင်အား ၃၀၀ ပါဝင်သည့်တပ်များဖြင့် ဗိုလ်မြတ်ထွန်း၏ ဝနေဖြူခံတပ်ကို ဖြိုခွင်းရန် ချီတက်လာသည်။ ဝနေဖြူကမ်းပေါ်အရောက်တွင် ဗိုလ်မြတ်ထွန်း ခေါင်းဆောင်သည့် တော်လှန်ရေးတပ်များနှင့် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွါးသည်။ ယင်းတိုက်ပွဲတွင် ဗိုလ်မှူးစိဘီလော့စ်နှင့်အခြားအဆင့် ၅၃ ဦးဒဏ်ရာရရှိပြီး တပ်သား ၆ ဦး ကျဆုံးကာအင်္ဂလိပ်တပ်များဆုတ်ခွာသွားကြရသည်။[3] မွန်၊ ကရင်၊ မြန်မာအမျိုးသားများ သည်အင်္ဂလိပ်တို့ထံမှ အမြောက် ၂ လက်ရရှိလိုက်ကြသည်။

မြစ်ဝကျွန်းပေါ်တွင် အင်္ဂလိပ်တပ်များအခြေမလှကြောင်း အင်္ဂလိပ်တို့ကြားသိ သောအခါဗိုလ်မှူးချုပ် ဆာဂျွန်ချိ(ပ်)[4] ခေါင်းဆောင်သောအမှတ် ၁၈ အိုင်းရစ်တပ်ရင်း[5]မှ

---

၁။ လမ်းစဉ်ပါတီဌာနချုပ်၊ တိုင်းရင်းသားလူမျိုးများ၏နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ မျက် ၅၂

၂။ Captain C.B.Loce. R.N.

၃။ Burma Gazetteer Maubin District. Vol.A. p.12

၄။ Brig.General Sir John Cheape ဆာဂျွန်ချိ(ပ်) ၁၇၉၂-၁၈၇၅သည်ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲတွင်ပါဝင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ ၁၈၀၉ခုနှစ်တွင် ဘင်္ဂလားအင်ဂျင်နီယာ တပ်၌ ဝင်ရောက်အမှုထမ်းခဲ့ပြီး ၁၈၅၂ခုနှစ်၊ ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲတွင် ဗိုလ်မှူးချုပ် အဆင့်ဖြင့် ဒုတိယစစ်သေနာပတိချုပ်အဖြစ်ပါဝင်တိုက်ခိုက်ခဲ့သည်။ ၁၈၆၆ခုနှစ်၊ ဒီဇင်ဘာလတွင် ဗိုလ်ချုပ်ကြီး ရာထူး သို့ တိုးမြှင့်ခြင်းခံရသူဖြစ်သည်။

၅။ 18th Royal Irish

တပ်သား ၂၀၀၊ အမှတ် ၅၁တပ်ရင်း[၁] မှ တပ်သား ၂၀၀၊ အမှတ် ၆၇ ဘင်္ဂလားတိုင်းရင်းသား ခြေလျင်တပ်ရင်း[၂] နှင့် အမှတ်၄ဆစ်ခ်အမျိုးသားတပ်[၃] မှ တပ်သား ၂၀၀၊ ဆပ္ပါးမိုင်းနားတပ်[၄] မှ တပ်သား ၇၀ နှင့် အမြောက်၂လက်ပါဝင်သော တပ်များသည် ၁၈၅၃ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ပြည်မြို့ မှထွက်ခွာပြီး ဟင်္သာတတွင်တပ်စွဲလိုက်ကြသည်။[၅]

ဗိုလ်မှူးချုပ်ဆာဂျွန်ချိ(ပ်)၏ တပ်များသည်ဟင်္သာတမှ ဓနုဖြူသို့ ချီတက်ကြရာ မြို့မှာ မီးလောင်ပြာကျလျက်ရှိသဖြင့် ရှေ့သို့ဆက်လက်ချီတက်ခြင်း မပြုသေးဘဲ ရန်ကုန်မှ သပ်မံရောက်ရှိလာမည့် စစ်ကူများကိုစောင့်ဆိုင်းနေလေသည်။ မကြာမီ ရန်ကုန်မှ စစ်ကူများရောက်ရှိလာသဖြင့် ဗိုလ်မှူးချုပ်ချိ(ပ်)သည်တပ်အချို့ကို ဓနုဖြူမြို့စောင့်တပ် အဖြစ် ထားရှိ၍ မတ်လ ၇ ရက်နေ့တွင် ဗိုလ်မြတ်ထွန်း၏ တော်လှန်ရေးတပ်များကို တိုက်ခိုက်ရန် ဆက်လက်ချီ တက်သည်။

အင်္ဂလိပ်တို့သည်ခြေလျင်တပ်၊ မြင်းတပ်၊ အမြောက်စိန်ပြောင်းတပ်များအပါဝင် အင်အား ၁၀၀၀ ကျော်ဖြင့်ဗိုလ်မြတ်ထွန်း၏ခံတပ်သို့ ၁၂ ရက်တိုင်တိုင်ချီတက်၍ မတ်လ ၁၉ ရက်နေ့တွင် ဗိုလ်မြတ်ထွန်း၏ တော်လှန်ရေးဌာနချုပ်တည်ရာ ခံတပ်သို့ရောက်ရှိသည်နှင့် ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ အင်္ဂလိပ်နှင့်မြန်မာ့ တော်လှန်ရေးတပ်များသည် ၂ နာရီခန့်တိုက်ပွဲပြင်းထန်စွာဖြစ်ပွားသည်။ တော်လှန်ရေးတပ်များက ပြင်းထန်စွာခုခံတိုက်ခိုက်သော်လည်း လက်နက်အင်အား မမျှသဖြင့် ခံတပ်မှဆုတ်ခွါကြရသည်။ ဗိုလ်မြတ်ထွန်း၏ခံတပ် မှာကိုက် ၁၂၀၀ ကျယ်ဝန်း၍ တပ်တွင်း၌ လူအင်အား ၄၀၀၀ ခန့်ရှိပေသည်။[၆] ယင်းတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှအရာရှိ ၁၂ယောက်၊ တပ်သား ၉၅ ယောက်ဒဏ်ရာရရှိပြီး အရာရှိ ၂၁ ယောက်နှင့်တပ်သား အမြောက်အများ ကျဆုံးသည်။ မြန်မာတို့ဘက်မှလည်း ဗိုလ် မြတ်ထွန်း ၏သား ၂ဦးအပါအဝင် တော်လှန်ရေးတပ်သား အမြောက်အများ ဒဏ်ရာ ရရှိကာ ထိခိုက် ကျဆုံးခဲ့ကြသည်။[၇]

ဗိုလ်မြတ်ထွန်းသည် မင်းမှုထမ်းတစ်ဦးမဟုတ်ပေ။ သို့သော်နယ်ချဲ့ အင်္ဂလိပ်၏ အုပ်စိုးမှုကိုမခံလိုသောကြောင့် တော်လှန်တိုက်ခိုက်ခဲ့သည့် မျိုးချစ်သူရဲကောင်းတစ်ဦးဖြစ်

---

၁။ 51st Regiment

၂။ 67th Bengal Native Infantry

၃။ 4th Sikh

၄။ Sappers and Miners

၅။ Laurie. Our Burmese Wars. pp. 261-262

၆။ ibid. p.272

၇။ Burma Gazetteer Maubin District. Vol.A.p.13

သည်။ ယင်းအချက်နှင့်ပတ်သက်၍ အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ဒါလဟိုဇီက ဆာအာသာ ဖယ်ယာ[၁] ထံသို့၁၈၅၃ခု၊ ဧပြီလ ၂ ရက်နေ့စွဲဖြင့်ပေးပို့သောစာတွင်–

> " မြတ်ထွန်း၏သားများကိုဖမ်းဆီးရမိပြီဟုကြားသိရသည်။ ကပ္ပတန်ဖိုက်ချ်[၂] သည်မြတ်ထွန်းကိုလည်းဖမ်းဆီးရမိနိုင်ဖွယ်ရှိသည်။ မကြာမီကဓါးပြများနှင့်ဆိုးသွမ်းလုယက်ဖျက်ဆီးသော ခေါင်းဆောင်များကို ဖမ်းဆီးရမိလျှင် ပြင်းပြင်းထန်ထန် အရေးယူမည်ဟုမင်းကြီးအား ကျွန်ုပ်ညွှန်ကြားခဲ့ သည်။ မြတ်ထွန်းသည် မြန်မာ မင်းမှုထမ်းမဟုတ်၊ ခိုးဆိုးလုယက်တိုက်ခိုက်သူ တစ်ဦးဖြစ်ဟန်ရှိသော်လည်း ယင်းကိုဓါးပြလူဆိုးဟု သဘောထားသင့်မည်မထင်၊ လူ၄၀၀၀ကိုဦးစီး၍ အင်္ဂလိပ်စစ်တပ်ကို သုံးကြိမ်သုံးခါ ခုခံတွန်းလှန်ရာတွင် ဗိုလ်ချုပ်တစ်ဦးကိုယ်တိုင်ကွပ်ကဲကာ တစ်လကျော်မျှ အကျအဆုံး များစွာဖြင့် တိုက်ထုတ်ရသူတစ်ဦးကို ခေါင်းဆောင်ကောင်း၊ သူရဲကောင်း တစ်ဦးအဖြစ် မှတ်ယူအပ်ပေသည်။ ထို့ကြောင့်မြတ်ထွန်း သို့မဟုတ် မြတ်ထွန်း၏သားများကို ဖမ်းဆီးရမိလျှင်ယင်းတို့အား ရာဇဝတ်သားကဲ့သို့မပြုပဲ အခြားမည်ကဲ့သို့ပြုသင့်သည်ကို ကျွန်ုပ်ထံအစီရင်ခံရမည်။ [၃]

ဟုဖေါ်ပြထားလေသည်။

---

၁။ Sir Arthur Phayre (ဖယ်ယာသည် အိုင်းရစ်လူမျိုးဖြစ်သည် ။ ၁၆နှစ်သားအရွယ်တွင်အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ဘင်္ဂလားတပ်တွင် ဝင်ရောက်အမှုထမ်းရာ ၁၈၃၅ခုနှစ်တွင် ဗိုလ်အဆင့်ဖြင့်ခန့်ထားခြင်းခံရသည်။ ထိုနှစ်တွင်အိန္ဒိယမှ မော်လမြိုင်သို့ပြောင်းရွှေ့ပြီး ၁၈၃၇ ခုနှစ်တွင် ရခိုင်တိုင်းသို့ပြောင်းရွှေ့ကာ ဝန်ထောက်အဖြစ် ၁၈၄၆ခုနှစ်အထိ အမှုထမ်းသည်။ ၁၈၄၃ခုနှစ်တွင် ဗိုလ်ကြီးအဆင့်သို့တိုးမြှင့်ခံရပြီး ၁၈၄၆ခုနှစ်တွင် ရခိုင်မှမော်လမြိုင်သို့ ပြောင်းရွှေ့၍ တနင်္သာရီတိုင်း မင်းကြီး၏ဝန်ထောက်အဖြစ်အမှုထမ်းသည်။ ၁၈၄၈ခုနှစ်တွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် ဆစ်ခ်လူမျိုးတို့ဖြစ်ပွါးသောစစ်ပွဲတွင် ဝင်ရောက်တိုက်ခိုက် ခဲ့သည်။ ၁၈၄၉ခုနှစ်တွင်ရခိုင်တိုင်း၌ တိုင်းမင်းကြီး အဖြစ်ခန့်ထားခြင်းခံ ရသည်။ ၁၈၅၂ ခုနှစ်တွင် ဖြစ်ပွါးသော ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲ တွင်ဖယ်ယာသည် မုတ္တမတိုက်ပွဲ၊ ရန်ကုန်တိုက်ပွဲ များ၌ဝင်ရောက်တိုက်ခိုက်သည်။ ဒုတိယအင်္ဂလိပ် မြန်မာစစ်ပွဲအပြီး ပဲခူးတိုင်းမင်းကြီး (မဟာဝန် ရှင်တော်မင်းကြီး) အဖြစ်ခန့်ထားခြင်းခံရသည်။ ဖယ်ယာသည် ၁၈၅၅၊ ၁၈၆၂၊ ၁၈၆၆ခု နှစ်များ တွင် မင်းတုန်းမင်းတရားကြီးထံ သံတမန်အဖြစ်ရောက်ရှိ ခဲ့သူဖြစ်သည်။

၂။ Captain Albert Fytche (အဲလ်ဘတ်ဖိုက်ချ်သည် ၁၅၈၇–၈၈ခုနှစ်တွင်မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သောရာ့ဖ်ဖိုက်ချ်၏ အဆက်အနွယ်ဖြစ်သည်။ ၁၈၅၂ခုနှစ်၊ ဒီဇင်ဘာလတွင် ပုသိမ်သို့ရောက်ရှိလာပြီး ခရိုင်ဝန်အဖြစ်ဆောင်ရွက်သည်။ ၁၈၆၇ခုနှစ်တွင် ဗြိတိသျှ မြန်မာ နိုင်ငံ၏ မဟာဝန်ရှင်တော်မင်းကြီးရာထူးကို လက်ခံဆောင်ရွက်ပြီး ၁၈၆၈ခုနှစ်တွင် ဗိုလ်ချုပ်ရာထူးသို့တိုးမြှင့် ခြင်းခံရသူဖြစ်သည်။

၃။ The Dalhousie-Phayre Correspondence.(1852-56)pp.57-58

## ဦးခေါင်းကြီး

ဗိုလ်မြတ်ထွန်းနည်းတူ သာယာဝတီမြို့နယ်မှ တာပွန်တိုက်သူကြီး ဦးခေါင်းကြီး သည်ညီဖြစ်သူ ဦးခေါင်းကလေးနှင့် တွဲဖက်၍ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်သည်။ ဦးခေါင်းကြီး၏တော်လှန်ရေးတပ်မှာ အင်အား ၁၅၀၀ ခန့်ရှိပြီး သေနတ်ကိုင် ၆၀၀ ခန့်ပါဝင်သည်။ [၁] အင်္ဂလိပ်တို့သည် ယင်းတော်လှန်ရေးခေါင်းဆောင် ၂ ဦးကိုရာထူးပေး၍စည်းရုံးသော်လည်းမအောင်မြင်ခဲ့ချေ။

ဦးခေါင်းကြီး ခေါင်းဆောင်သောတော်လှန်ရေးတပ်များသည် ၁၈၅၃ခုနှစ်၊ မတ်လတွင်မိုးညိုမြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်သည်။ ထို့နောက်ဧပြီလတွင် ယုန်တလင်း၊ ခမောက်စုစသည့်နယ်များကို သိမ်းပိုက်လိုက်ရာ မိုးညိုတစ်နယ်လုံးမှာ မျိုးချစ်တော်လှန်ရေးတပ်၏ လက်အောက်သို့ကျရောက်သွားသည်။ မေလ၂၄ ရက်နေ့တွင်ဘုတ်ဖိုနှင့် ကနောင်ရွာများကို ဆက်လက်တိုက်ခိုက်ပြန်သည်။

၁၈၅၄ခု၊ ဇန်နဝါရီလဆန်းတွင် အင်္ဂလိပ်တပ်များသည် တာပွန်ကိုဝိုင်းဝန်းတိုက်ခိုက်ကြသည်။ မြန်မာ့တော်လှန်ရေး တပ်များသည် တာပွန်မှဆုတ်ခွာပြီး ထိုလတွင်ပင် ပြန်လည်ထိုးစစ်ဆင်ရာ ရေကင်းနှင့်တာပွန်အကြားရှိ အင်းတော်ကိုသိမ်းပိုက်နိုင် ခဲ့ကြသည်။ အင်္ဂလိပ်တို့သည် ဦးခေါင်းကြီးခေါင်းဆောင်သော မြန်မာ့တော်လှန်ရေးတပ်များအားအင်အား အလုံးအရင်းဖြင့်တိုက်ခိုက်ကြသော်လည်း ဦးခေါင်းကြီးကို ဖမ်းဆီးရမိခြင်း မရှိခဲ့ကြချေ။

## မလွန်မြို့ဝန်ဦးဘို

ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့အားတော်လှန် တိုက်ခိုက်ခဲ့သည့် မျိုးချစ်ခေါင်းဆောင်တစ်ဦးမှာ မလွန်မြို့ဝန်ဦးဘို ဖြစ်သည်။ အင်္ဂလိပ်တို့ပဲခူးကို မသိမ်းပိုက် မီအချိန်က ဦးဘိုသည် မြေထဲမြို့သူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ်တို့သည်မိမိတို့ သိမ်းပိုက်ပြီးသော အောက်မြန်မာပြည်၏နယ်ခြားကိုသတ်မှတ်ရာတွင် မြေထဲမြို့ကိုမိမိတို့ နယ်မြေ အတွင်း ထည့်သွင်းခဲ့ကြသည်။ ဦးဘိုသည်ထိုသို့ပြုလုပ်ခြင်းကို လက်မခံပဲမလွန်မြို့ သို့ပြောင်းရွှေ့၍ မြို့ဝန်အဖြစ်ဆက်လက်အမှုထမ်းခဲ့သည်။ [၂] ထို့နောက်ဦးဘိုသည် မလွန်မြို့ နယ်အတွင်းနေထိုင်သူများကို စုရုံးခေါင်းဆောင်၍ အင်္ဂလိပ်တို့အားတော်လှန် တိုက်ခိုက် သည်။ ပဲခူးဝန်ရှင်တော်မင်းကြီး ဖယ်ယာ၏ ၁၈၅၄

---

၁။ Burma Gazetteer Tharrawaddy District.Vol.A.p28

၂။ Dalhousie-Phayre Correspondence. p.LXVI

၃။ Dorothy Woodman. The Making of Burma. p.166

၁၈၅၅ ခုနှစ်အစီရင်ခံစာများတွင် ဦးဘိုသည် အင်္ဂလိပ်ပိုင်နယ်မြေအတွင်းရှိ မိသားစု ၂၀၀၀ ကိုယင်းအုပ်ချုပ်သောနယ်မြေ အတွင်းသို့ ပြောင်းရွှေ့နေထိုင်စေခဲ့ကြောင်းဖော်ပြပါရှိသည်။ [၄]

ထို့ကြောင့်ဖယ်ယာသည် မကျေမချမ်းဖြစ်ကာ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ ထံစာရေးသား၍ အင်္ဂလိပ်မြန်မာနယ်ခြားဒေသတွင် အရာရှိတစ်ဦး ခန့်ထားပြီး ရွာသူရွာသားများကိုအင်္ဂလိပ်ပိုင်နယ်အတွင်းသို့ ပြန်လည်သွေးဆောင် ခေါ်ယူရန်နှင့်ဦးဘို ခေါင်းဆောင်သောတော်လှန်ရေး တပ်များအား နယ်ခြားဒေသမှ တိုက်ထုတ်ရန် အကြံပေးတင်ပြခဲ့လေသည်။

## တတိယအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားရခြင်းအကြောင်းရင်းများ

အင်္ဂလိပ်တို့သည် မြန်မာတစ်ပြည်လုံးကို အပြီးအပိုင် သိမ်းပိုက်ရခြင်းမှာ ဘုံဘေဘားမားသစ်ကုမ္ပဏီအပေါ် မြန်မာအရာရှိများ၏ဆုံးဖြတ်ချက်များကို ကုမ္ပဏီကမကျေနပ်သဖြင့် သီပေါမင်းထံလျှောက်ထားပြီးစောင့်ဆိုင်းနေစဉ် ကုမ္ပဏီပိုင်သစ်များကို မြန်မာတို့ကအနိုင်အထက်သိမ်းယူသည်မှ စတင်၍ ဖြစ်ပွားရသည်ဟုဖော်ပြကြသည်။ ဤအကြောင်းပြချက်သည် အပေါ်ယံပြရုပ်ကောင်းရန်အတွက်သာဖြစ်ပြီး အကြောင်းရင်း အမှန်ကိုမူကွယ်ဝှက်ထားခဲ့ကြသည်။

အင်္ဂလိပ်တို့သည် မြန်မာပြည်အား ယင်းတို့၏နယ်ချဲ့အကျိုးစီးပွါးအတွက် တတိယအင်္ဂလိပ်မြန်မာစစ်ပွဲကို ထပ်မံဖန်တီးကာ မတရားသိမ်းယူခဲ့ခြင်းသာ ဖြစ်ပေသည်။ ဤသို့မြန်မာပြည်ကို မတရားသိမ်းယူခြင်းနှင့်ပတ်သက်၍ ဆာဝင်စတန်ချာချီ[၁] သူ၏အဘိုးရင်းဒေါ့ဖ်ချာချီ[၂] (ထိုစဉ်ကအိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သူ)၏အကြောင်း စာအုပ်ရေးသားရာတွင် အင်္ဂလိပ်အစိုးရသည် မြန်မာပြည်ကို ပြင်သစ်လွှမ်းမိုးမည်စိုးသဖြင့် ပါလီမန်၏ဆန္ဒနှင့် ဆန့်ကျင်ကာ သဘောတူညီမှုမရရှိပဲ အတင်းအဓမ္မ မတရားသိမ်းရသည်ဟု ရေးသားထားလေသည်။ ထို့ပြင် အင်္ဂလိပ်နိုင်ငံရေး ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ လော့ဒ်ပီးလ်[၃] ကလည်း ယင်း၏ " အင်္ဂလန်ပြည်၏ မိတ်ဆွေများ" စာအုပ်တွင် အင်္ဂလိပ် တို့ကအထက်မြန်မာပြည်ကို မတရားသိမ်းယူခြင်းဖြစ်ကြောင်း၊ ယင်းသို့သိမ်းယူခြင်းကို မည်သူ မျှသဘောမတူကြောင်း၊ သို့ရာတွင် မြန်မာများက ပြင်သစ်တို့နှင့် ဆက်ဆံနေသဖြင့် လက်မလွှန်မီ အဓမ္မသိမ်းပိုက်ရခြင်း ဖြစ်ကြောင်းရေးသားဖော်ပြ ထားလေသည်။ [၄]

---

၁။ Sir Winston Churchill

၂။ Lord Randolph Churchill

၃။ Lord Peel

၄။ ဦးဘခိုင်၊ မြန်မာပြည်နိုင်ငံရေးရာဇဝင်၊ မျက်၂၁-၂၂

၁၈၈၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ထုတ် နယူးယောက်တိုင်း သတင်းစာတွင် အထက်မြန်မာပြည်သည် ကမ္ဘာတွင်မဖွင့်လှစ်ရသေးသော အကောင်းဆုံးဈေးကွက်ဖြစ်ကြောင်း ပြင်သစ်တို့သည် ယင်းဈေးကွက်ကိုအပိုင်စီးရန် ခြေပုန်းခုတ်နေကြောင်း၊ အထက်မြန်မာပြည်ကိုသာမက တရုတ်ပြည်အနောက်ပိုင်းနှင့် တိဗက်ပြည်အရှေ့ပိုင်းတို့ကိုပါ ကုန်သွယ်ရေးလုပ်ငန်းများအတွက် အသုံးပြုသင့်ကြောင်းဖြင့် အင်္ဂလိပ်တို့အား တိုက်တွန်းရေးသားထားလေသည်။[၁]

မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့သိမ်းပိုက်ရခြင်းအကြောင်းရင်းမှာ ယင်းတို့၏ စီးပွားကုန်သွယ်ရေး အကျိုးအမြတ်ရရှိမှုအတွက် မြန်မာနိုင်ငံကို အသုံးချခြယ်လှယ်ရန် ဖြစ်ပြီး ယင်းအကျိုးစီးပွါးကို ပြင်သစ်တို့က အပိုင်စီးသွားမည်ကို စိုးရိမ်သောကြောင့် ပြင်သစ်တို့ထက် လက်ဦးမှုယူ၍ သိမ်းပိုက်ခြင်းဖြစ်ပေသည်။

အင်္ဂလိပ်တို့သည် ၁၈၆၂ ခုနှစ် နှင့် ၁၈၆၇ ခုနှစ်များတွင် မြန်မာဘုရင်နှင့်ကူးသန်း ရောင်းဝယ်ရေးစာချုပ်များကို ချုပ်ဆိုခဲ့ကြသည်။ အင်္ဂလိပ်တို့၏ရည်ရွယ်ချက်မှာ မြန်မာပြည်မှစီးပွားရေး အမြတ်အစွန်းများကိုရယူပြီးနောက် မြန်မာပြည်မှတစ်ဆင့်တရုတ်ပြည် ဈေးကွက်ကိုလွှမ်းမိုးရန်ဖြစ်လေသည်။ ၁၈၆၇ ခုနှစ်တွင်ချုပ်ခဲ့သော ကူးသန်း ရောင်းဝယ်ရေး စာချုပ်တွင် မြန်မာ့နယ်မြေကိုဖြတ်သန်း၍ တရုတ်ပြည်နှင့်ကူးသန်း ရောင်းဝယ်မည့် အင်္ဂလိပ်တို့အားမြန်မာဘုရင်က အကူအညီပေးရန် သဘောတူညီသည်ဟူသော အချက်ပါဝင်လေသည်။[၂]

ယင်းစာချုပ်ပါအချက်အရ မန္တလေးရှိ အင်္ဂလိပ်ကိုယ်စားလှယ်ဗိုလ်မှူးကြီး စလေဒင်[၃] သည်ရန်ကုန်မြို့မှအင်္ဂလိပ်အရင်းရှင်ကြီးများ၏ ကုန်ကျစရိတ်ဖြင့် ဗန်းမော်မှ တစ်ဆင့် ယူနန်သို့သွားရောက်ခဲ့သည်။ ဗိုလ်မှူးကြီးစလေဒင်သည် ခရီးလမ်းတစ်လျှောက်တွင် မြန်မာဘုရင်အား ဆန့်ကျင်သည့်အပြုအမူများကို လုပ်ဆောင်သွားသည့်ပြင် ဗိုလ်ကြီး စထရိုဗါ[၄] အား ဗန်းမော်တွင် အင်္ဂလိပ်ကိုယ်စားလှယ်အဖြစ်ခန့်ထား၍ မြန်မာဘုရင် နှင့် ဆန့်ကျင်သော လုပ်ငန်းရပ်များကို ပြုလုပ်သွားရန် ညွှန်ကြားခဲ့သည်။

ဗိုလ်ကြီးစထရိုဗာသည် ညွှန်ကြားချက်အတိုင်း ကချင်အကြီးအကဲခေါင်းဆောင်များအားလက်နက်များပေး၍ မြန်မာဘုရင်ကိုပုန်ကန်ရန် သွေးဆောင်လှုံ့ဆော်ခဲ့သည်။ ယင်းအပြုအမူမှာ အင်္ဂလိပ်တို့သည် မြန်မာဘုရင်၏သြဇာအာဏာကျဆင်းရေးနှင့် မြန်မာတစ်နိုင်ငံလုံးကို ကျွန်ပြုရေးအတွက် လုပ်ဆောင်သော အားထုတ်မှုတစ်ရပ်ပင်ဖြစ်သည်။

---

၁။ ဦးကိုလေး၊ သီပေါမင်းနှင့်နယူးယောက်တိုင်းသတင်းစာ၊ မျက် ၇၃

၂။ Maung Htin Aung.A History of Burma.pp.238.247

၃။ Colonel Sladen. ၄။ Captain Strover

မင်းတုန်းမင်းသည်နိုင်ငံတော်ကာကွယ်ရေးအတွက် ၁၈၆၇ခုနှစ်တွင်ချုပ်ဆိုသော စာချုပ်ပါခွင့်ပြုချက်အရ[၁] အင်္ဂလိပ်တို့ထံမှ လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူရန်ကြိုးပမ်းခဲ့၏။ သို့အချိန်တွင် အိန္ဒိယဘုရင်ခံချုပ်သည် အင်္ဂလိပ်ကုန်သည်များအားမြန်မာဘုရင်ထံလက်နက်များရောင်းချခြင်းမပြုရန် တားမြစ်လိုက်သည်။ ယင်းသို့အင်္ဂလိပ်တို့က စာချုပ်ကိုဖောက်ဖျက်ကြသဖြင့် မြန်မာဘုရင်သည် အီတလီနှင့်ပြင်သစ်တို့ထံမှ စစ်ဖက်ဆိုင်ရာပစ္စည်းများကို ဝယ်ယူရန်ကမ်းလှမ်းရပြန်သည်။ ထိုစဉ်အောက်မြန်မာနိုင်ငံအင်္ဂလိပ်မဟာဝန်ရှင်တော်မင်းကြီးဖေ့ရ်သည် သူ၏နယ်မြေမှ ပစ္စည်းများဖြတ်သန်းယူဆောင်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်းထုတ်ဖော်ပြောဆိုလေသည်။[၂] ယင်းအချက်ကိုထောက်ရှုခြင်းဖြင့် အင်္ဂလိပ်အစိုးရသည် မိမိအကျိုးစီးပွားနှင့်ဆန့်ကျင်သဖြင့် မြန်မာပြည်အားခေတ်မီလက်နက်နိုင်ငံတစ်နိုင်ငံဖြစ်လာမည့်အရေးကို လုံးဝမလိုလားပေ။ ဗြိတိသျှမြန်မာနိုင်ငံဝန်ရှင်တော်မင်းကြီး၏အတွင်းဝန်ဖြစ်သူ ဝှဲလ်ဘွိုင်းဝိုးလား[၃] ကလည်း ၁၈၇၁ခုနှစ်ဦးကပင်မြန်မာဘုရင်ကို စောင့်ရှောက်ထောက်ပံ့ခဲ့ မဟာမိတ်အဖြစ်သွတ်သွင်းချုပ်ဆိုနိုင်မှသာ နိုင်ငံရေးဆက်ဆံမှုပြေပြစ်ကောင်းမွန်မည်ဖြစ်ကြောင်း လျှို့ဝှက်အစီရင်ခံစာ တင်သွင်းခဲ့သည်ကိုတွေ့ရပေသည်။[၄]

ယင်းအခြေအနေများအရ မင်းတုန်းမင်းကြီးသည် အိန္ဒိယဘုရင်ခံချုပ်၊ အောက်မြန်မာနိုင်ငံဝန်ရှင်တော်မင်းကြီး တို့နှင့်ဆက်သွယ်မှု မပြုလိုတော့ပဲ ၁၈၇၂ခုနှစ်တွင် ကင်းဝန်မင်းကြီးဦးဆောင်သော သံအဖွဲ့ကို ဝိတိုရိယဘုရင်မနှင့် တိုက်ရိုက်ဆက်သွယ်ရန် ဥရောပသို့စေလွှတ်ခဲ့သည်။

ကင်းဝန်မင်းကြီးသည် အင်္ဂလန်နိုင်ငံတွင် ဝိတိုရိယဘုရင်မ၏ရှေ့မှောက်သို့ တိုက်ရိုက် ဝင်ရောက်ရေးကို မျှော်လင့်ထားခဲ့၏။ သို့သော် သံတမန်ရေးရာအရာရှိက ယင်းသို့တိုက်ရိုက်ဝင်ရောက်တွေ့ဆုံရန်မှာ သံတမန်ရေးရာထုံးဘမ်းစဉ်လာကို ချိုးဖေါက်ရာရောက်မည်ဖြစ်၍ နိုင်ငံခြားရေးဆိုင်ရာအတွင်းဝန်မှတစ်ဆင့် တွေ့ဆုံရမည်ဖြစ်ကြောင်းပြောဆိုလေသည်။ သို့ဖြင့် ကင်းဝန်မင်းကြီးသည် ယင်းအရာရှိ၏ညွှန်ကြားချက်အတိုင်းဘုရင်မရှေ့မှောက်သို့ဝင်ရောက်ရာ နိုင်ငံခြားရေးရာအတွင်းဝန်ကိုမတွေ့ရဘဲ အိန္ဒိယပြည်ဆိုင်ရာအတွင်း

---

၁။ အငှမ။ ... အင်္ဂလိပ်မင်းတိုင်းပြည်နှင့် နိုင်ငံအတွင်း မြန်မာမင်းက အလိုရှိ၍ ဘုံး၊ အမြောက်၊ စိန်၊ သေနတ်၊ ခဲ၊ ယမ်း၊ မီးကျောက်လက်နက်ကရိယာမျိုး မီးသင်္ဘော၊ တိုက်သင်္ဘော၊ ကုန်သင်္ဘော များကို ဝယ်ယူလိုလျှင် အင်္ဂလိပ်မဟာဝန်ရှင်တော်မင်းကြီးနှင့် ညှိနှိုင်းတိုင်ပင်၍ သဘောတူလျှင် ဝယ်ယူစေ ရမည်အကြောင်း ( သနပ္ပရာဇ်၊ ၁၂၂၉ခုနှစ်၊ အင်္ဂလိပ်သံရောက်စာတမ်း၊ အမျိုးသားစာကြည့်တိုက်၊ ပုရပိုက် အမှတ် ၆၅၈ )

၂။ Maung Htin Aung. A History of Burma. p. 248

၃။ Talboys Wheeler

၄။ ဓါကြီး၊ "ရတနာပုံစက်ရုံများ" စာပေ နှင့် လူမှုရေးသိပ္ပံဂျာနယ် အတွဲ ၁၊ အမှတ် ၁ မျက် ၁၆၄

ဝန်က ခရီးဦးကြိုပြုနေကြောင်း တွေ့ရလေတော့သည်။[၁] ယင်းအချက်မှာအင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား သီးခြားလွတ်လပ်သောနိုင်ငံအဖြစ်အသိအမှတ်မပြုဘဲ သူတို့၏လက်အောက်ခံကိုလိုနီနိုင်ငံအဖြစ် ထားရှိကြောင်းထင်ရှားသောအချက်ပြစ်ပေသည်။ သို့သော်ကင်းဝန်မင်းကြီးသည်ဥရောပခရီးတွင် ပြင်သစ်၊ အီတလီနိုင်ငံများနှင့် ကုန်သွယ်ရေးစာချုပ်များချုပ်ဆိုနိုင်ခဲ့လေသည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ ခေတ်မီတိုးတက်ရေး လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ကြရုံမျှမက၊ ပြည်တွင်းအရေးအခင်းများ တွင်လည်း စွက်ဖက် လာကြပြန်သည်။ အင်္ဂလိပ်တို့က ကရင်နီနယ်မှအကြီးအကဲအချို့အား စစ်ဖက်အကူအညီ နှင့်အကြံဉာဏ်များ ပေးကာ မင်းတုန်းမင်းအားပုန်ကန်စေခဲ့သည်။[၂] ယင်းသို့အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရန်အနည်းနည်းအဖုံဖုံဖြင့် ပြဿနာပေါ်ပေါက်အောင် ဖန်တီးနေကြစဉ် သီပေါမင်းလက်ထက်၌ ရန်ကုန်မြို့ရှိအင်္ဂလိပ်ကုန်သည်များက မြန်မာ ဘုရင်နှင့်အပေါင်းပါတို့သည် အင်္ဂလိပ်ကိုယ်စားလှယ် မစ္စတာရှော[၃] အားသတ်ဖြတ်ရန် ကြံစည်နေကြောင်းသတင်းလွှင့်ကြသည်။ အိန္ဒိယဘုရင်ခံချုပ်နှင့်လန်ဒန်အစိုးရအားလည်း အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်ရန် တိုက်တွန်းကြပြန်သည်။[၄] ထိုအချိန်တွင်မြန်မာ့နန်းတွင်းရေးမှာ ရှုတ်ထွေးလျက်ရှိသဖြင့် ဘုရင်နှင့်တကွ ဝန်ကြီးမှူးကြီးများမှာ စည်းလုံးညီညွတ်မှုပျက်ပြားလျက်ရှိသည်။

ယင်းသို့မြန်မာ့နန်းတွင်းရေး ရှုတ်ထွေးနေချိန်တွင် မြင်ကွန်းမင်းသားကိုလိုလားသူများကသူပုန်ထရန် ကြံစည်ခဲ့ကြပြန်သည်။ စုဖုရားလတ်သည် သူပုန်ထရန်ကြံစည်ခြင်းနှင့်ပတ်သက်၍ အင်္ဂလိပ်သူလျှိုများက သူတို့လိုလားသောမြင်ကွန်းမင်းသားအား နန်းတင်ရန်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ယုံကြည်လျက်ရှိသည်။ ထို့ကြောင့်အင်္ဂလိပ်နှင့်ဆက်ဆံရေးမှာ ပြေပြစ်ချောမောနိုင်မည်မဟုတ်တော့သဖြင့် ၁ဂဂ၃ခုနှစ်တွင်မြန်မာသံအဖွဲ့ကို နိုင်ငံကြီးများနှင့်ဆက်သွယ်ရန် ဥရောပသို့စေလွှတ်ခဲ့သည်။

မြန်မာသံအဖွဲ့သည် ပြင်သစ်သို့ရောက်ရှိပြီးနောက် ၁ဂ၇၃ခုနှစ်က ကင်းဝန်မင်းကြီးနှင့်ချုပ်ဆိုခဲ့သော ကူးသန်းရောင်းဝယ်ရေးစာချုပ်ကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြ၏။ တစ်ဖက်မှအင်္ဂလိပ်အစိုးရကလည်း မြန်မာသံအဖွဲ့၏လှုပ်ရှားမှုအရိပ်ရိပ်ကို လေ့လာ အကဲခတ်နေကြသည့်ပြင် ပြင်သစ်မြန်မာနောက်ဆက်တွဲချုပ်ဆိုသည့် စာချုပ်တွင် ကုန်သွယ်ရေး သဘောသက်သက်မဟုတ်လျှင် အင်္ဂလိပ်အစိုးရက ကန့်ကွက်ရမည် ဖြစ်ကြောင်း

---

၁။ Maung Htin Aung. Humiliation at Windsor .First Burmese Embassy to the Court of St.James. (1872-1873).The Working People's Daily. 2 May 1973.

၂။ Maung Htin Aung. A History of Burma. p.250

၃။ Mr.R.B.Shaw

၄။ Maung Htin Aung.A History of Burma.pp.254-255

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးအား တင်းမာစွာအကြောင်းကြားခဲ့သည်။ မြန်မာသံအဖွဲ့မှာမူကား ၁၈၈၅ခုနှစ်တွင် ပြင်သစ်နှင့်လည်းကောင်း၊ ဂျာမဏီနှင့် လည်းကောင်း ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။ သို့သော် ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီး ဂျူးလ်ဖေရီ[၁] အရာမှကျသွားသဖြင့် မြန်မာနှင့်ပြင်သစ်တို့ ချုပ်ဆိုသော စာချုပ်မှာ ပြင်သစ်အစိုးရက အတည်ပြုခြင်းမရှိသေးပဲ မြန်မာသံအဖွဲ့မှာလည်း မန္တလေးသို့ပြန်လည် ထွက်ခွာလာခဲ့လေသည်။

ဤသို့မြန်မာသံအဖွဲ့သည် ပြင်သစ်နိုင်ငံ၊ ဂျာမဏီနိုင်ငံများနှင့်စာချုပ်ချုပ်ဆိုပြီးသည့်နောက်ပိုင်းတွင် ရန်ကုန်မြို့ရှိအင်္ဂလိပ်ကုန်သည်များက မြန်မာတို့သည်ပြင်သစ်နှင့်စစ်ရေးအရလျှို့ဝှက်စာချုပ်ခဲ့ကြောင်း၊ ပြင်သစ်တို့က ပတ္တမြားတွင်းများတူးဖေါ်ရေး၊ ကြေးနန်းဆက်သွယ်ရေး[၂] မန္တလေးမှတောင်ငူသို့ မီးရထားလမ်းဆက်သွယ်ဖေါက်လုပ်ရေး၊ ဧရာဝတီမြစ်အထက်ပိုင်းတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့်မန္တလေးတွင် ပြင်သစ်ဘဏ်ဖွင့်လှစ်ရေးလုပ်ငန်းများကို ပြင်သစ်တို့ လုပ်ကိုင်ခွင့်ရရှိကြောင်းများ လုပ်ကြံ၍ သတင်းလွှင့်ကြသည်။ [၃]

ဖေါ်ပြပါသတင်းလွှင့်မှုများနှင့် စပ်လျဉ်း၍ အခြေအနေကို ပိုမိုဆိုးဝါးအောင် ဖန်တီးသူကား ဘုံဘေဘားမားကုမ္ပဏီကိုယ်စားလှယ် ဗြိတိသျှတို့၏ သူလျှိုခေါင်းဆောင် အီတလီသံမှူးအင်ဒရီနို[၄] ပင်ဖြစ်သည်။ အကြောင်းကားမြန်မာသံအဖွဲ့သည်ပြင်သစ်သို့သွားရောက်နေစဉ်အတွင်းအီတလီသံမှူးက ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျူးလ်ဖေရီ၏ မိတ္တူစာဖြစ်လေဟန်စာတစ်စောင်ကို ဖေါ်ပြ၍ ယင်းစာပါအကြောင်းအရာတွင် ဖေရီက မြန်မာဘုရင်အား တံကင်[၅] မှတဆင့်လက်နက်များ ပို့ဆောင်ပေးမည်ဖြစ်ကြောင်းဖေါ်ပြထားသည်။ ရန်ကုန်ရှိ အင်္ဂလိပ်

---

၁။ Jules Ferry

၂။ ၁၂၃၅ခုနှစ်ခန့်ကစ၍မန္တလေးနေပြည်တော်တွင်ကြေးနန်းဌာနထားရှိသည်။
(ဦးမောင်မောင်ဖြားမှတ်စု)။

၃။ (က)Burmah(1886).Correspondence relating to Burmah since the Accession of King Theebaw in Oct.1878.

(ခ)Enclosure 2 in No.87 ,Petition made by the French Engineer Bonvillein & his Company to work in the Ruby Mines.

(ဂ)Enclosure 3in No.109. A Translation of two documents regarding certian negotiations said to have passed between Bumese Govt. & French Agent.

(ဃ)Enclosure 6 in No.125. Contract of the Royal Bank of Burma (3rd.September 1885)

(င)No.99 Telegram from Viceroy to the Secretary of States(26th July 1885)

၄။ Chevalier Andreino

ကုန်သည်များကလည်း ထိုအချက်ပေါ်တွင်မူတည်၍ မြန်မာဘုရင်သစ္စာဖောက် ကြောင်း ဆူပူကန့်ကွက်ကြတော့သည်။ အင်္ဂလိပ်အစိုးရသည် ယင်းကိစ္စကိုလန်ဒန်မြို့ရှိ ပြင်သစ်ကိုယ်စားလှယ်အား မေးမြန်းရာ အင်္ဂလိပ်ကုန်သည်များ ပြောဆိုနေကြသည်မှာ ကောလာဟလ သတင်းများသာဖြစ်ကြောင်းခိုင်လုံစွာသိရှိသွားခဲ့လေသည်။ [၂]

မည်သို့ပင်ဖြစ်စေ၊ အထက်မြန်မာနိုင်ငံအား သိမ်းပိုက်ရန်အကြောင်းရှာနေကြသည့် အင်္ဂလိပ်တို့သည် ဘုံဘေဘားမားသစ်ကုမ္ပဏီက သစ်များခိုးထုတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ့လွှတ်တော်မှ ကျပ်ငွေ ၂၃ သိန်းဒဏ်ရိုက်ခဲ့သည်ကိုမပေးချေလိုသဖြင့် စစ်ဖြစ်ပွါးရေး အတွက် ပြဿနာအမျိုးမျိုးကိုဖန်တီးကြလေသည်။

ဤအခြေအနေတွင် ဘုံဘေဘားမားကုမ္ပဏီကိုယ်စားလှယ် အင်ဒရီနိုသည် နန်းတွင်းသူလျှိုမှတစ်ဆင့် မြန်မာဘုရင်လွှတ်တော်မှ ဒဏ်ငွေပေးဆောင်ရန် ဆုံးဖြတ်သော ဆုံးဖြတ်ချက်မိတ္တူကို ရယူခဲ့၏။ ထို့နောက် ကုမ္ပဏီမှ ဒဏ်ငွေပေးဆောင်ခြင်း မပြုရ လေအောင် ကြံဆောင်ရာ၌ ယင်းကိုယ်တိုင် လုပ်ကြံရေးသားထားသော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဖေရီ၏ စာဆိုသည်ကို ရန်ကုန်မြို့ရှိအင်္ဂလိပ်အာဏာပိုင်များထံ တင်သွင်းလိုက်သည်။ သို့ဖြင့် ၁၈၈၅ ခု၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် အောက်မြန်မာနိုင်ငံ ဗြိတိသျှမဟာဝန်ရှင်တော်မင်းကြီး၏ အတွင်းဝန်က လက်မှတ်ရေးထိုး၍ မြန်မာတို့ထံ ရာဇသံ ပေးပို့ခဲ့လေသည်။

**ရာဇသံပါအချက်များမှာ**

(၁) ဘုံဘေဘားမားကုမ္ပဏီနှင့် ဖြစ်ပွားသောသစ်မှုကို ပူးတွဲစစ်ဆေးရေးအတွက် အိန္ဒိယဘုရင်ခံချုပ်ထံမှ စေလွှတ်သော ကိုယ်စားလှယ်အဖွဲ့ရောက်ရှိသည့်တိုင်အောင် စောင့်ဆိုင်းထားရန်၊

(၂) ယင်းကိုယ်စားလှယ်အဖွဲ့ မရောက်မီ အမှုကိစ္စကို ဆုံးဖြတ်ခြင်းမပြုဘဲ ဆိုင်းငံ့ထားရန် ၊

(၃) မန္တလေးမြို့တွင် အင်္ဂလိပ်ကိုယ်စားလှယ်တစ်ဦး ခန့်ထားနေထိုင်ခွင့်ပြုရန်နှင့် ထိုကိုယ်စားလှယ်အား အစောင့်တပ်သား ၁၀၀၀နှင့် တိုက်သင်္ဘောတစ်စီးထားရှိခွင့်ပြုရန်၊

(၄) အင်္ဂလိပ်ကိုယ်စားလှယ်များ မြန်မာဘုရင်၏ ရှေ့တော်သို့ဝင်ရောက်ရာတွင် ဘိနပ်စီး၍ ဆောင်ဓါးကိုင်ဆောင်ခွင့်ပြုရန်၊

---

၁။ Tongkin

၂။ Maung Htin Aung. A History of Burma.pp.259-260

(၅) အင်္ဂလိပ်တို့၏ သဘောတူခွင့်မရရှိဘဲ မြန်မာအစိုးရသည် မည်သည့်နိုင်ငံနှင့်မျှ ဆက်ဆံခြင်း မပြုလုပ်ရန်၊

ဟူသောအချက်များပင်ဖြစ်သည်။

အထက်ပါတောင်းဆိုချက်များအပြင် မြန်မာအစိုးရသည် အင်္ဂလိပ်အစိုးရနှင့်အပြန်အလှန်ဆွေးနွေးခြင်း၊ ပြင်ဆင်ချက်များတင်သွင်းခြင်း၊ ပြောဆိုစေ့စပ်ရန်ကိုယ်စားလှယ်သံအဖွဲ့ စေလွှတ်ခြင်းတို့ကို လုံးဝမလိုလားပါဟု တင်းမာစွာရေးသားထားသည့်အချက်များလည်း ပါဝင်သည်။

မြန်မာဘုရင်သည် ၁၈၈၅ခုနိုဝင်ဘာလ ၄ ရက်နေ့တွင် အင်္ဂလိပ်တို့၏ ရာဇသံကို ပြန်ကြားခဲ့သည်။ ယင်းပြန်ကြားချက်မှာ–

(၁) ဘုံဘေဘားမားကော်ပိုရေးရှင်း၏ သစ်မှုနှင့်စပ်လျဉ်း၍ မြန်မာ့လွှတ်တော်က ဘုံဘေဘားမားကော်ပိုရေးရှင်း သစ်တောရုံးမှတ်တမ်းများအရ၊ မြန်မာ့တရားဥပဒေနှင့် အညီစီရင်ဆုံးဖြတ်ခဲ့သဖြင့် လွှတ်တော်၏ဆုံးဖြတ်ချက်ကိုပြေရှင်းရေးအတွက် အထူးသံအရာရှိ စေလွှတ်ရန်မလိုကြောင်း၊

(၂) မြန်မာ့လွှတ်တော်၏စီရင်ဆုံးဖြတ်ချက်ကို အယူခံလွှာတင်နိုင်ခွင့် ရှိသေးသဖြင့်မြန်မာဘုရင်သည် ယင်းအယူခံလွှာကို စောင့်ဆိုင်းလက်ခံမည်ဖြစ်ကြောင်း၊

(၃) ဗြိတိသျှတို့အမြဲတန်း ခန့်အပ်သော သံကိုယ်စားလှယ်သည် မန္တလေးတွင် လွတ်လပ်စွာနေထိုင်၍ ယခင်ကကဲ့သို့ပင် ဝင်ထွက်သွားလာနိုင်ကြောင်း၊

(၄) မြန်မာဘုရင်မင်းမြတ်က ဗြိတိန်နိုင်ငံနှင့်အခြားမည်သည့်နိုင်ငံမဆိုကုန်သွယ်ရေးအတွက် မြန်မာနယ်မြေကို ဖြတ်ကျော်၍ တရုတ်ပြည်နှင့်ဆက်သွယ်ရာတွင်မြန်မာနိုင်ငံ၏ဝလေ့ထုံးတမ်းနှင့်အညီ ကူညီရန်ဆန္ဒရှိကြောင်း၊

(၅) လွတ်လပ်သောနိုင်ငံတစ်နိုင်ငံ၏ပြည်တွင်း၊ ပြည်ပအရေးအခင်းများကိုယင်းနိုင်ငံကသာ ပြေရှင်းချုပ်ကိုင်ရိုးထုံးစံရှိကြောင်း၊ မြန်မာနိုင်ငံသည်ပြင်သစ်၊ ဂျာမဏီ၊ အီတလီအပြင် အခြားနိုင်ငံများနှင့်ချစ်ကြည်စွာဆက်ဆံခဲ့ရာနောင်ကိုလည်းထိုသို့ပင် ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာနိုင်ငံ၏ပြည်ပဆက်ဆံရေးကို ချုပ်ကိုင်လိုသည်ဟူသော ဗြိတိသျှတို့၏တောင်းဆိုချက်နှင့်စပ်လျဉ်း၍ မြန်မာနှင့်ဗြိတိန်နှစ်နိုင်ငံတို့၏ မဟာမိတ်များဖြစ်ကြသော ပြင်သစ်၊ ဂျာမဏီ၊ အီတလီတို့၏အချင်းချင်းအပြန်အလှန်အကြံပေးချက်

---

၁။ (က) သုဓမ္မသာဝိတမဟာရာဇဝင်တော်ကြီး(ဆဋ္ဌမတွဲ) မျက်–၄၁၀

(ခ) Burmah (1886)-p.221

ပေါ်တွင် မူတည်ကာမြန်မာနိုင်ငံက လိုက်နာမည်ဖြစ်ကြောင်း' စသည်တို့ ဖြစ်သည်။

နောက်ဆုံးတွင်သီပေါမင်းက သစ်မှုနှင့်ပတ်သက်၍ အရေးမယူ ရက်သိမ်းကြောင်း ပြန်ကြားခဲ့သော်လည်း နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အတွင်းဝန်ချုပ်ထံမှ ဗိုလ်ချုပ် ပရင်ဒါဂတ်စ်[၂] အား မန္တလေးသို့ ချီတက်ရန်ညွှန်ကြားပါဟူသောအမိန့်အရ အင်္ဂလိပ် တို့သည် အထက်မြန်မာပြည်သို့ချီတက်လာကြရာ တတိယအင်္ဂလိပ်မြန်မာစစ်ပွဲ စတင်ဖြစ်ပွား ခဲ့ရသည်။ ထို့ကြောင့် သီပေါမင်းသည် နိုဝင်ဘာလ ၇ ရက်နေ့တွင် အင်္ဂလိပ်တို့အား ခုခံ တိုက်ခိုက်ရန် စစ်ကြေညာစာတမ်းကို ထုတ်ပြန်၍မြန်မာတပ်များကို ဖွဲ့စည်းပြင်ဆင်စေခဲ့ လေသည်။

## တိုက်ပွဲစဉ်များ

၁၈၈၅ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အင်္ဂလိပ်တို့စစ်ကြေညာပြီးနောက် ဗိုလ်ချုပ် ပရင်ဒါဂတ်စ် ဦးဆောင်သော ခြေလျင်တပ်၊ အမြောက်တပ်၊ ရေတပ်နှင့်အထွေထွေ တပ်များအပါအဝင် တပ်သား ၁၀၀၀၀ ခန့်ပါဝင်သည့် အင်္ဂလိပ်တပ်ပေါင်းစုကြီးသည် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဧရာဝတီမီးသင်္ဘောကုမ္ပဏီမှ သင်္ဘောများဖြင့် အထက်မြန်မာ နိုင်ငံ၏နယ်စပ်ဖြစ်သော သရက်မြို့ကို ဖြတ်ကျော်ချီတက်ကြသည်။

ဗိုလ်ချုပ် ပရင်ဒါဂတ်စ်ဦးဆောင်သော တပ်ပေါင်းစုသည်ထိုနေ့မွန်းတည့်အချိန်တွင် ဆင်ပေါင်ဝဲနယ်အတွင်းရှိ စစ်အောင်ခန်းခံကတုတ်ကိုစတင်တိုက်ခိုက်ကြရာ ခံကတုတ်တွင် တပ်စွဲလျက်ရှိသောမင်းထင်ရာဇာ၏ တပ်နှင့်မြေထဲဝန် မဟာမင်းထင်မင်းလှမင်းခေါင်တို့ ဦးစီးသောမြန်မာတပ်များက အမြောက်စိန်ပြောင်းများဖြင့် အပြင်းအထန်ခုခံသည်။[၃] သို့သော်အင်အားချင်းမမျှသဖြင့် မြန်မာတို့ခံကတုတ်မှ ထွက်ခွါကြရသည်။ မြန်မာတို့သည် ညောင်ပင်မှော်မြစ်ကျဉ်းဒေသတွင် ရေကြောင်းပိတ်ဆို့မှုများပြုကာ အင်္ဂလိပ်တို့၏ချီတက်မှု ကိုတားဆီးခဲ့သော်လည်း[၄] အချိန်မီမပြီးစီးသဖြင့် အင်္ဂလိပ်တို့ နိုဝင်ဘာလ ၁၀ ရက်နေ့၌ ညောင်ပင်မှော်ခံတပ်ကို ဖြတ်ကျော်ချီတက်နိုင်ခဲ့ကြ၏။ ထို့နောက် ဧရာဝတီမြစ်ဝဲယာဘက် ကမ်းရှိငွေးချောင်းနှင့် မင်းလှ ခံတပ်များကို ဦးတည်ချီတက်တိုက်ခိုက်ကြပြန်သည်။

---

၁။ (က) Maung Htin Aung. The Stricken Peacock. pp.88-89

(ခ) Dorothy Woodman. The Making of Burma.p.236

၂။ General Prendergast

၃။ သုသောဓိတမဟာရာဇဝင်တော်ကြီး(ဆဋ္ဌမတွဲ) မျက်-၄၁၀

၄။ John Nisbet.Burma Under The British Rule and Before.Vol.I.p.85

နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အင်္ဂလိပ်တို့သည် ဧရာဝတီမြစ်ဝဲဘက်ကမ်းရှိ ရွှေးချောင်းခံတပ်ကို စတင်တိုက်ခိုက်ကြရာ ခံတပ်တွင်းရှိ ပြည်လုံးအုံ့လေသင်းဗိုလ်မင်း ကျော်သိဒ္ဓိရန်အောင် ကွပ်ကဲသော မြန်မာတပ်များက အစွမ်းကုန်ခုခံကြသည်။ အင်္ဂလိပ်တို့သည်ရေကြောင်း ကြည်းကြောင်းမှ နှစ်ဘက်ညှပ်၍ တိုက်ခိုက်သဖြင့် မြန်မာတို့ ကြာရှည်စွာခုခံခြင်းမပြုနိုင်ဘဲ ခံတပ်ကို စွန့်လွှတ်ဆုတ်ခွါကြရသည်။ တစ်ချိန်တည်းတွင်ပင် အင်္ဂလိပ်တို့သည်ခေတ်မီလက်နက်များကို ထိရောက်စွာအသုံးပြု၍ ဧရာဝတီမြစ်လက်ျာဘက် ကမ်းရှိ မင်းလှခံတပ်ကိုအပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်ကြပြန်သည်။ နေ့လည် ၃ နာရီခန့်တွင် လက်ရွေးကြီးလေသင်း ဗိုလ်မင်းထင်မင်းလှရဲခေါင်သူရိန်ခေါင်းဆောင်သော မြန်မာတပ်များနှင့်ခံတပ်အတွင်း လက်တစ်ကမ်းတိုက်ပွဲများ ဖြစ်ပွါးပြီး မင်းလှခံတပ်ကို အင်္ဂလိပ်တို့က သိမ်းပိုက်လိုက်ကြသည်။ [၁]

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်ပရင်ဒါဂတ်စ် ဦးစီးသောအင်္ဂလိပ်တပ်များသည်မင်းလှမှဆက်လက်ချီတက်ကြရာ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရေနံချောင်းသို့လည်းကောင်း၊ ၂၂ ရက်နေ့တွင် ပုဂံသို့လည်းကောင်းရောက်ရှိကြသည်။ အင်္ဂလိပ်တို့သည် ပုဂံမြို့နှင့် ၅ မိုင်ကွာ ညောင်ဦးမြို့ကမ်းပါးရှိ မြန်မာတို့၏ ခံတပ်ကို ဆက်လက်တိုက်ခိုက်သဖြင့်မြန်မာတို့ အတန်ကြာခုခံကာဆုတ်ခွါသွားရာ အင်္ဂလိပ်တပ်များ ညောင်ဦးကိုဖြတ်ကျော်ပြီး နိုဝင်ဘာလ ၂၄ ရက်နေ့၌ မြင်းခြံမြို့အနီးသို့ရောက်ရှိလာကြသည်။

ထိုအချိန်တွင်မြင်းခြံမြို့၌ လေသင်းအတွင်းဝန်၏ တပ်မကြီးတပ်စခန်းချလျက်ရှိ၏။ မြန်မာတို့သည် အင်္ဂလိပ်တို့အား မြင်းခြံမြို့ပတ်ဝန်းကျင်နှင့်မြို့တွင်းရှိအမြောက်ခံတပ်စခန်းများမှ အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ကြသော်လည်း နိုဝင်ဘာလ ၂၅ ရက်နေ့နံနက် ၇ နာရီတွင် အင်္ဂလိပ်တပ်များသည် ကမ်းတက်တိုက်ခိုက်မှုများပြု၍ မြင်းခြံမြို့ကို သိမ်းယူကြသည်။

ထို့ကြောင့် အင်းဝခံတပ်၌ တပ်စွဲလျက်ရှိသော ဗိုလ်မှူးအတွင်းဝန် မြို့သစ်မြို့စားမင်းကြီးမင်းလှမဟာဇေယျသင်္ကြန်သည် အင်္ဂလိပ်တို့ဧရာဝတီမြစ်ကြောင်းမှ အင်အားအလုံးအရင်းနှင့် ချီတက်တိုက်ခိုက်လာသောကြောင့် ရေကြောင်းဗိုလ်မှူးအတွင်းဝန် လေသင်းဝန်သီရိမဟာဇေယျကျော်ထင်၏တပ်မှာ မခံမရပ်နိုင်သည်ကို တွေ့ရကြောင်း၊ မိမိတို့သည် စစ်ကိုင်း၊ အင်းဝ၊ သပြေတန်းခံတပ်များမှ ကြံ့ကြံ့ခံ၍တိုက်မည်ဖြစ်ကြောင်း၊ ဘဝရှင်

---

၁။ (က) သုသောဓိတမဟာရာဇဝင်တော်ကြီး(ဆဋ္ဌမတွဲ) မျက်–၄၀၇

(ခ) Burmah No.3 (1886).Further.Correspondence Relating to Burmah.p.52

(ဂ) General Prendergart's Diary.(British Burma Military Proceedings.1885-1886).

မင်းတရားကြီးသည် နေရင်းရွှေမြို့တော်မှထွက်၍ သင့်ရာဌာနမှကြံစည်တော်မူသင့်ကြောင်း များကို သီပေါမင်းအား လျှောက်ထားသည်။ [1]

သီပေါမင်းသည်အခြေအနေအရပ်ရပ်ကို လွှတ်တော်ဝန်ကြီးများနှင့် ဆွေးနွေး တိုင်ပင်ရာကင်းဝန်မင်းကြီးနှင့် ဆင်ဖြူမရှင်မိဖုရားကြီးတို့က အင်္ဂလိပ်တို့၏ တောင်းဆိုချက် များက လိုက်လျော၍ စစ်ပြေငြိမ်းသင့်ကြောင်း တင်ပြကြသည်။ ထို့နောက် ကျောက်မြောင်း အတွင်းဝန်နှင့် ဘက်မစွတ်ဝန်ထောက်တို့အား စစ်ပြေငြိမ်းရေးစကားကမ်းလှမ်းရန် အင်္ဂလိပ် တို့ထံ စေလွှတ်ခဲ့လေသည်။

နိုဝင်ဘာလ ၂၆ ရက်နေ့ ၌အင်္ဂလိပ်တို့နှင့် ဆွေးနွေးရာတွင် မြန်မာတို့က အစွမ်းကုန် လိုက်လျောမှုပြုခဲ့၏။ ဗိုလ်ချုပ် ပရင်ဒါဂတ်စ်ကမူ မိမိတွင် မန္တလေးသို့ချီတက်သိမ်းပိုက် ရမည်ဟူသော အမိန့်သာပါ ရှိကြောင်း ၊ မြန်မာဘုရင် မင်းမြတ်သည် ကိုယ်တော်နှင့်တကွ လက်နက်ကိုင် မြန်မာ့တပ်မတော်ကိုပါ လက်နက်ချပေးအပ်စေလိုကြောင်း တင်းမာစွာ ပြန်ကြားလိုက်သည့်ပြင် နိုဝင်ဘာလ ၂၇ ရက်နေ့နံနက် ၄ နာရီအချိန်ကို နောက်ဆုံးထား၍ မြန်မာဘုရင်ထံမှ အကြောင်းပြန်ရန်ကိုလည်း တောင်းဆိုလိုက်သည်။ သို့သော် မြန်မာဘုရင် ထံမှ အကြောင်းပြန်ကြားချက်မရရှိ သဖြင့် ထိုနေ့နံနက်တွင် အင်းဝခံတပ်ကိုတိုက်ရန် စစ်ရေး ပြင်ဆင်ကြတော့သည်။ [2]

ထိုအချိန်တွင် မြန်မာ့လွှတ်တော်က အင်းဝခံတပ် ၊ သပြေတန်းခံတပ် ၊ စစ်ကိုင်း ခံတပ်များတွင် တပ်စွဲလျက်ရှိကြသော မြန်မာ့တပ်မတော်အား ခြွင်းချက်မရှိ လက်နက် ချရန်နှင့် အင်္ဂလိပ်တို့၏တောင်းဆိုချက်များကို မြန်မာဘုရင်က လက်ခံပြီးဖြစ်ကြောင်း တပ်မှူးဗိုလ်မှူးများထံ အကြောင်းကြားလိုက်ရာ မြန်မာ့တပ်မတော်မှာလည်း လက်နက်ချ အညံ့ခံလိုက်ကြရသည်။ [3] ထိုစဉ်က မြန်မာခံတပ်များတွင် အင်္ဂလိပ်တို့ကိုပြန်လည် တိုက်ခိုက် ရန်အတွက် စောင့်ကြိုလျက်ရှိသော မြန်မာ့တပ်မတော်၏ အင်အားမှာ ၁၀၀၀၀ ခန့်ရှိ၍ တပ်သား ၆၀၀၀ ခန့်မှာ သေနတ်များနှင့် အမြောက်ကြီးများကိုလည်းကောင်း၊ ကျန်တပ်သား များမှာ ဓါးလှံ လက်နက်များကိုလည်းကောင်း ကိုင်စွဲထားကြသည်။ သို့သော် မြန်မာတပ်မှူး ၊ တပ်ဗိုလ် ၊ တပ်သားမြောက်မြားစွာတို့မှာ လွှတ်တော်အမိန့်ကြောင့် မိမိတို့၏သေနတ်များကို ရိုက်ချိုးကာ ခံတပ်များမှဝမ်းနည်းစွာ စွန့်ခွာကြရသည်။ သူတို့၏စိတ်တွင်ကား နယ်ချဲ့ကို ဆက်လက်တော်လှန်ရန်ဟူသော ဦးတည်ချက်ဖြင့် သက်ဆိုင်ရာနယ်များသို့ ထွက်ခွာသွား ခြင်းပင်ဖြစ်လေသည်။ အင်္ဂလိပ်တို့သည် မြစ်ကြောင်းခံတပ်များမှ စုဆောင်းမိသမျှ

---

၁။ သုဿောဓိတမဟာရာဇဝင်တော်ကြီး(ဆဋ္ဌမတွဲ) မျက်-၄၁၁

၂။ Burmah.(1886),No.159.(Telegram from General Prender_gast, Ava, through Minhla to Secretary of State, December 1 ,1885)

၃။ General Prendergast's Diary.(British Burma Military Proceedings,1885-1886)

လက်နက်ခဲယမ်းမီးကျောက်များကို သိမ်းယူ၍ မန္တလေးနေပြည်တော်သို့ ဆက်လက်ချီတက်ခဲ့ကြသည်။

( ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ တွင် အင်္ဂလိပ်တပ်ပေါင်းစုကြီးသည် မန္တလေးနန်းတော်ကိုဝိုင်းရံ၍ သီပေါမင်းအားဖမ်းဆီးခေါ်ဆောင်သွားကြလေသည်။* မြန်မာတစ်နိုင်ငံလုံးမှာလည်းအင်္ဂလိပ်လက်အောက်ခံကိုလိုနီနိုင်ငံအဖြစ် ကျရောက်ခဲ့ ရသည်။

## တိုင်းပြည်ကိုသိမ်းခြင်း

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင် ၁သည် အောက်ပါအတိုင်း ကြေညာချက်ထုတ် ပြန်သည်။

" အင်ပါယာပြည့်ရှင်ဘုရင်မကြီး၏ အမိန့်အရ ယနေ့မှစ၍ ကြေညာလိုက်သည်မှာ ယခင် သီပေါဘုရင်အုပ်ချုပ်ခဲ့သောနယ်ပယ်များသည် သူ၏အုပ်ချုပ်မှုအာဏာစက်အောက်တွင် ဆက်လက်တည်ရှိနေမည် မဟုတ်တော့ဘဲ ဘုရင်မကြီး၏ ဒိုမီနီယံနိုင်ငံ နယ်မြေများအတွင်း၌ တစ်စိတ်တစ်ဒေသ အဖြစ်ပါဝင်လျက် ဘုရင်မကြီး၏ အလိုတော်အရ၊ အချိန်ကာလအားလျော်စွာ ခန့်အပ်သော ဘုရင်ခံချုပ်နှင့် ဘုရင်ခံ အစရှိသူတို့က အုပ်ချုပ်လိမ့်မည်။ ၂

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား ယင်းတို့၏ လက်အောက်ခံနိုင်ငံအဖြစ် သိမ်းသွင်းလိုက်သော်လည်း မြန်မာ့တပ်မတော်တစ်ရပ်လုံးမှာ လေ့ခွက်ချည်းကျန်အလံမလှဲဟူ၍နိုင်ငံနှင့်အဝှမ်း ဆက်လက်တော်လှန် တိုက်ပွဲဝင်ခဲ့ကြသည်။ မြန်မာဘုရင်းသင့်ခေါ်သဖြင့် တိုင်းပြည်နှင့်လွတ်လပ်ရေးကို ကာကွယ်ရန်အတွက် ရင်ကိုမြေကတုတ်ပြုကာ စစ်ထွက်ခဲ့ကြသောသူရဲကောင်းတပ်ဖွဲ့ဝင်များသည် ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံ အားပေးမှုကြောင့် မြန်မာပြည်အဝှမ်း တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

ထိုစဉ်က အင်္ဂလိပ်တို့သည် မြို့ကွက်ကလေးများတွင်သာ တပ်ချအုပ်စိုးနိုင်ပြီးနယ် မြေဒေသအများအပြားမှာ မြန်မာ့တော်လှန်ရေးတပ်များ၏ အာဏာစက်အောက်တွင် တည်ရှိခဲ့သည်။ မြန်မာပြည်အရပ်ရပ်မှ ကချင်၊ ကယား၊ ကရင်၊ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း၊ ဝ စသည့်တိုင်းရင်းသား လူမျိုးများပါဝင်သော တော်လှန်ရေးခေါင်းဆောင် ၁၀၀ ကျော်

---

* သီပေါမင်းလက်နက် ချအပ်သည့် တောင်ဥယျာဉ် စံနန်းတော်နေရာတွင် အင်္ဂလိပ်အစိုးရက ကျောက်တိုင် စိုက်ထူ၍ ကြေးပြားပေါ်၌ ကမ္ပည်းရေးထိုးထားခဲ့သည်။ ယင်းမှာThis stone marks the site of building in which, on the 29th of November 1885,Generals Prendergast and White received the surrender of King Theebaw ဟူ၍ဖြစ်သည်။

၁။ Lord Dufferin

၂။ Burmah.(1886).p.226

နှင့် ထောင်ပေါင်းများစွာသော တော်လှန်ရေးတပ်ဖွဲ့များသည် ရရာလူသူလက်နက်များကို စုဆောင်း၍ပြည်သူများအတွင်း နစ်မြုပ်တပ်ပျောက်ကာ ပြင်းထန်သောတော်လှန်ရေးတိုက်ပွဲများကိုဆင်နွှဲကြလေသည်။

အင်္ဂလိပ်တို့သည် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ခြေလျင်တပ်၊ ရေတပ်၊ မြင်းတပ်၊ အမြောက်တပ်နှင့်တကွအထွေထွေတပ်များအပါအဝင် တပ်အင်အား၁၀၀၀၀ခန့် ဖြင့် ၁၅ ရက်အတွင်း အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ * သို့သော် မြန်မာပြည် အရပ်ရပ် မငြိမ်သက်မှုများကို နှိမ်နင်းရာ၌ ၁၈၈၆ ခု၊ အောက်တိုဘာလရောက်သောအခါ ဗြိတိသျှတို့၏တပ်အင်အားကို ၂၅၀၀၀ ထိတိုးချဲ့ခဲ့ရသဖြင့်[၁] နိုင်ငံနှင့်အဝှမ်းပေါ်ပေါက်ခဲ့သောတော်လှန်ရေးအရှိန်အဟုန်မှာ အင်္ဂလိပ်တို့မျှော်မှန်းသည်ထက် အဆပေါင်းများစွာမြင့်မားပြင်းထန်လျက်ရှိခဲ့လေသည်။

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် အောင်ပွဲရဗိုလ်ချုပ်ကြီးဖြစ်သော မြန်မာ့စစ်မြေပြင်သေနာပတိ ဗိုလ်ချုပ်ကြီး ပရင်ဒါဂတ်စ်သည် သီပေါဘုရင်ကိုသာဖမ်းဆီးနိုင်ပြီး မြန်မာ့တပ်မတော်ကြီး၏ တော်လှန်ရေးစိတ်ဓါတ်နှင့် လက်နက်အင်အား၊ လူအင်အား စသည်တို့ကို ဖြိုခွဲဖျက်ဆီး ချိုးနှိမ်နိုင်စွမ်းမရှိခဲ့ပေ။ အင်္ဂလိပ်တို့သည် မြန်မာပြည်ကို တိုက်ခိုက်ရာတွင် ဘုရင်နှင့်တိုင်းပြည်ကိုကားရပါ၏။ ငြိမ်ဝပ်ပိပြားရေးအတွက် မဆောင်ရွက်နိုင်သည်မှာ ဗိုလ်ချုပ်ပရင်ဒါဂတ်စ်၏ ညံ့ဖျင်းမှုကြောင့်ဟုအာဏာပိုင်များက ကောက်ချက်ချသဖြင့် ယင်းအား ၁၈၈၆ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် မြန်မာပြည် စစ်မျက်နှာမှ နှုတ်ပယ်လိုက်လေသည်။[၂]

မြန်မာ့တပ်မတော်သည် လက်တွေ့အားဖြင့် အင်္ဂလိပ်တို့အား လက်နက်ချအရှုံးမပေးခဲ့သဖြင့် အင်္ဂလိပ်တို့က သီပေါဘုရင်နှင့်နိုင်ငံ၏အုပ်ချုပ်ရေးဆိုင်ရာ ခေါင်းဆောင်များကိုသာဖမ်းဆီးနိုင်ခဲ့ကြသည်။ မြန်မာ့တပ်မတော်ကိုကား လက်နက်နှင့်တကွ အစုလိုက်အပြုံလိုက်ဖမ်းဆီးရမိခြင်း မရှိခဲ့ချေ။ ထို့ကြောင့်ပင် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီး

---

* အိန္ဒိယဘုရင်ခံချုပ်က အထက်မြန်မာနိုင်ငံကိုသိမ်းပိုက် ရာတွင် အလွယ်ကူဆုံးငွေအား -လူအား အသက်သာဆုံးနှင့် လက်နက်အင်အားအသုံးပြုခြင်းမှ အစွမ်းကုန်ရှောင်ရှားပြီး သီပေါဘုရင်ကိုသာ ထိးနန်းမှချရန် ဗိုလ်ချုပ် ပရင်ဒါဂတ် အားညွှန်ကြားထားပြီးဖြစ်သည်။

၁။ Burmah.No.1.(1887).Further Correspondence Relating to Burmah.pp.52-53

၂။ ပရင်ဒါဂတ်ကို ၁၈၃၄ခုနှစ်တွင် အိန္ဒိယပြည်၌မွေးဖွါးသည်၊ တပ်မတော်တွင်ဝင်ရောက်အမှုထမ်းရာ ၁၈၈၀ခုနှစ်တွင် ဗိုလ်မှူးချုပ်၊ ၁၈၈၂ခုနှစ်တွင်ဗိုလ်ချုပ်၊ ၁၈၈၅ခုနှစ်တွင်ဒုတိယဗိုလ်ချုပ်ကြီးရာထူး နှင့်၁၈၈၇ခုနှစ်တွင် ဗိုလ်ချုပ်ကြီးရာထူးများဖြင့်ချီးမြှင့်ခြင်းခံရသည်။ အသက် (၅၇) နှစ်တွင် အလုပ် မှအနားယူပြီး အင်္ဂလန်နိုင်ငံ၌ နေထိုင်ခဲ့သည်။

နောက်တွင်ဗိုလ်ချုပ်ဝှိုက်[၁] ၊ ဒုတိယဗိုလ်ချုပ်ကြီး ဆာဟားဘတ်မက်ဖာဆင်[၂] နှင့်ဗိုလ်ချုပ်ကြီး ဆာဖရက်ဒရစ်ရောဘတ်[၃] စသည်တို့အား တစ်ဦးပြီးတစ်ဦးလွှဲပြောင်းကာ မြန်မာတို့၏ တော်လှန်တိုက်ခိုက်မှုများကိုနှိမ်နင်းကြရသည်။ ယင်းသို့နှိမ်နင်းရာ၌ နယ်မြေစစ်ခရိုင်ဂ ခရိုင်ကို မန္တလေး၊ ဗန်းမော်၊ ပျဉ်းမနား၊ မြင်းခြံ၊ ရွှေဘို၊မင်းဘူး၊ အလုံနှင့် တောင်တွင်းကြီးမြို့ များတွင် တပ်မဟာဌာနချုပ်များ ထားရှိပြီး မြန်မာ့တော်လှန်ရေးတပ်များအား စစ်ဆင်ခဲ့ကြလေသည်။ [၄]

မြန်မာ့ တော်လှန်ရေးတပ်များကို တိုက်ခိုက်ရာတွင် အင်္ဂလိပ်တို့အသုံးပြုသောတပ်အင်အားမှာ ခြေလျင်တပ်၊ မြင်းတပ်၊ ရေတပ်၊ အမြောက်တပ်၊ အထွေထွေ တပ်များအပါအဝင် အင်အား၅၀၀၀၀ ခန့်ရှိပေသည်။ ယင်းအင်အားသည် တတိယအင်္ဂလိပ် မြန်မာစစ်ပွဲတွင် အသုံးပြုသောအင်အားထက် ၅ ဆကျော်မျှ ပိုမိုများပြားရကား မြန်မာ တို့၏နယ်ချဲ့တော် လှန်ရေး တိုက်ပွဲများမည်မျှ ကြီးမားပြင်းထန်သည်ကို မှန်းဆနိုင်ပေသည်။

သီပေါဘုရင်လက်ထက် မြန်မာ့တပ်မတော်သည် ပဒေသရာဇ်စနစ်အောက်တွင် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးခေါင်းဆောင်များ၏ ပျော့ညံ့မှုများကြောင့် ကြိုတင်ပြင်ဆင် စည်းရုံးမှု၊ အခြားစစ်ရေးပြင်ဆင်မှုများ မဆောင်ရွက်နိုင်မီပင် အင်္ဂလိပ်တို့နှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုစဉ်က မြန်မာ့နိုင်ငံရေး အခြေအနေမှာလည်း မငြိမ်မသက် ဖြစ်လျက်ရှိရာ မြန်မာဘုရင် အုပ်ချုပ်ရေးတွင် ရှေတန်းမှပါဝင်ကြိုးကိုင်လျက်ရှိသော ကင်းဝန်မင်းကြီးနှင့် တိုင်တားမင်းကြီးတို့နှစ်ဦးသည်ပင် အင်္ဂလိပ်တို့ကို ပြန်လည်ခုခံ တိုက်ခိုက်ရေးတွင်သဘော ကွဲလွဲခဲ့ကြသည်။

မင်းတုန်းမင်းနတ်ရွာစံသည့် အချိန်မှစ၍ နန်းမွေဆက်ခံရေးရှုပ်ထွေးမှုသည် သီပေါမင်း နန်းတက်ပြီးသည့်အချိန်တိုင်အောင်ပင် ဖြစ်၏။ ထိုစဉ်က တိုင်းပြည်အုပ်ချုပ်ရေး လူတန်းစားများဖြစ်သော မင်းညီမင်းသား မှူးမတ်များနှင့် ဆွေတော်မျိုးတော်အချင်းချင်း စိတ်ဝမ်းကွဲလျက်ရှိကြသည်။ တစ်ဖက်မှ အင်္ဂလိပ်တို့ကလည်း မင်းညီမင်းသား အချို့အား အကာအကွယ်ပေး၍ သွေးခွဲခဲ့သဖြင့် အခြေအနေကို ပိုမိုဆိုးဝါးစေခဲ့သည်။ ယင်းသို့ နိုင်ငံရေး အုပ်ချုပ်ရေးတွင် ဦးဆောင်မှုပေးနေသူများ၏ စိတ်ဝမ်းကွဲပြားမှုသည် အောက်ခြေတိုင်အောင် ဂယက်ရိုက်ခဲ့သဖြင့် တိုင်းပြည်၏စည်းလုံးညီညွတ်မှုကိုပါ ထိခိုက်စေခဲ့လေသည်။ ထို့ကြောင့် နိုင်ငံရေးရာကိစ္စများတွင်လည်း တိကျပြတ်သားစွာ ဦးဆောင်ချမှတ်ပေးနိုင်မှု မပြုနိုင်တော့ပေ။

---

၁။ Major General White

၂။ Lt. General Sir Herbert Mecpherson

၃။ General Sir Frederick Roberts

၄။ Frontiers and Overseas Expedition from India.

တတိယအင်္ဂလိပ်မြန်မာစစ်ပွဲတွင် နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ခိုက်ရန်အသင့်စောင့်ဆိုင်းနေကြသော မြန်မာ့တပ်မတော်သည် သီပေါဘုရင်၏အမိန့်ကြောင့် အရှုံးခံလိုက်ရသော်လည်း အနယ်နယ်အရပ်ရပ်သို့ တပ်ဖျောက်ရောက်ရှိကာ ဒေသခံနယ်သား ဆွေမျိုးသားချင်းများ၏ ထောက်ပံ့အားပေးမှုဖြင့် အင်္ဂလိပ်တို့အား ဆက်လက်တော်လှန်ခဲ့ လေသည်။

ဤသို့လျှင် မြန်မာ့တပ်မတော်သည် နိုင်ငံတစ်ဝှန်းလုံးသို့ ပျံ့နှံ့၍ မိမိတို့သဘောအရလှည့်လည်ပြောင်းရွှေ့ကာ နီးစပ်ရာနယ်သူနယ်သားများ၏ အထောက်အပံ့ဖြင့် ရပ်တည်ခဲ့ကြရသည်။[၁] တစ်နည်းအားဖြင့် ဆိုသော် မြန်မာ့တပ်မတော်သည် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပြိုလဲပျက်စီးခဲ့ပြီးနောက် ပြည်သူတို့၏အကြား နှစ်မြှုပ်ကာ ဆုံးရှုံးခဲ့သောမြန်မာ့လွတ်လပ်ရေးအတွက် ပြန်လည်တော်လှန်ခဲ့ကြလေသည်။

မြန်မာ့တပ်မတော်သည် အင်္ဂလိပ်မြန်မာစစ်ပွဲများနှင့် နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲများအတွင်း ၂၀ ရာစုနှစ်စစ်ဆင်ပုံနည်းများကိုအသုံးပြုခဲ့ကြသည်။ တောတွင်းတိုက်ပွဲ များ၊ နယ်မြေအနေအထားအလိုက် စစ်ဆင်မှုများတွင် ကျွမ်းကျင်ကြသည်။ မြန်မာတို့သည် အမှည့်ချွေစစ်ဆင်နည်းဖြင့် တစ်နေရာမှတစ်နေရာသို့ အလွယ်တကူရွှေ့လျားနိုင်သည့် ဂုဏ်ထူးဝိသေသများဖြင့် ပြည့်စုံသည့်အလျောက်[၂] မြန်မာ့တပ်မတော်နှင့် ပြည်သူတို့လက်တွဲ၍ နယ်ချဲ့အင်္ဂလိပ် တို့၏ ကျူးကျော်စစ်များကို တော်လှန်တိုက်ပွဲဝင်ခဲ့ကြလေသည်။

## လွတ်လပ်ရေးပြန်လည်ရရှိရန် အစဉ်တစိုက်ကြိုးပမ်းခဲ့ကြခြင်း

### တိုင်းရင်းသားများ၏နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ

အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် မြန်မာတိုင်းရင်းသားများသည်နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို တစ်ခဲနက်ဆင်နွှဲခဲ့ကြရာ မင်းဘူး၊ မြင်းခြံနှင့် မိတ္ထီလာခရိုင်များတွင် ဗိုလ်ဥတ္တမ၊ ဗိုလ်ဆွဲ၊ ဗိုလ်ချို၊ ဗိုလ်ရာညွန့်စသည့်ပုဂ္ဂိုလ်များမှာ ထင်ရှားသော ခေါင်းဆောင်များဖြစ်ကြသည်။

ဗိုလ်ဥတ္တမသည် မင်းဘူးမြို့နယ် ဆင်ဖြူကျွန်းမှ ဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ မျိုးချစ်စိတ် ပြင်းထန်သည့်အလျောက် ၁၈၈၆ ခုနှစ်၊ ဇွန်လနှင့်ဇူလိုင်လများတွင်

---

၁။ Upper Burma Gazetteer and the Shan States. Part I.Vol.I.p.112

၂။ A.T.Q.Stewart.The Pagoda War. pp.35-37,180

စလင်းနှင့်ဆင်ဖြူကျွန်းမြို့များကို ဝင်ရောက်တိုက်ခိုက်သည်။ ပထမစလင်းတိုက်ပွဲတွင် အင်္ဂလိပ်တပ်မှူး ဗိုလ်ကြီး ဒမ်းစဖို့[1] နှင့်တပ်သားအမြောက်အများ ကျဆုံးသည်။[2] ဒုတိယ စလင်းတိုက်ပွဲတွင် ဗိုလ်ဥတ္တမခေါင်းဆောင်၍ တော်လှန်ရေးတပ်အင်အား ၅၀၀၀ကျော်ဖြင့် ထပ်မံတိုက်ခိုက်ရာ တိုက်ပွဲမှာ ၃ ရက်ကြာမျှ ပြင်းထန်စွာဖြစ်ပွါးသည်။

ဗိုလ်ဥတ္တမသည် မင်းဘူးခရိုင်အတွင်းရှိ စကု၊ စေတုတ္တရာ၊ ရွှေပန်းမြို့င်၊ မြတ်လေး သောင်ဒေသများ၌ အင်္ဂလိပ်တို့နှင့် အကြိတ်အနယ် ဆက်လက်တိုက်ခိုက်ရာတွင် တောတွင်း တိုက်ပွဲများ၊ ခြုံခိုတိုက်ပွဲများမှသည် မြို့သိမ်းတိုက်ပွဲများအဆင့်အထိ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ သည်။ အင်္ဂလိပ်တို့သည် ၃ နှစ်တိုင်တိုင် လက်နက်လူအင်အား ငွေအမြောက်အများအကုန် အကျခံ၍ နှိမ်နင်းခဲ့ကြရသည်။

လအနည်းငယ်အတွင်း မင်းဘူးခရိုင်ရှိ နယ်ပယ်ဒေသများကို သိမ်းသွင်းစည်းရုံးနိုင် သူဗိုလ်ဥတ္တမသည် လက်နက်လူသူစုရုံးရာတွင် ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ် နယ်သူ နယ်သားများ၏ အသိအမှတ်ပြုခြင်းခံရသူ ဖြစ်သည်။ တိုတောင်းလှသောအချိန်အတွင်း မင်းဘူးခရိုင်တစ်ခုလုံးကို ယင်း၏သစ္စာခံနယ်ပယ်ဖြစ်သည်အထိ အောင်မြင်စွာ ဦးဆောင် စည်းရုံးနိုင်သူလည်းဖြစ်သည်။ [3]အင်္ဂလိပ်တို့သည် ဖိနှိပ်ချုပ်ချယ်မှုဥပဒေအမျိုးမျိုးထုတ်ပြန် ၍နှိမ်နင်းကြသည့်အပြင် မြန်မာ့တော်လှန်ရေးတပ်များ၏ အင်အားကျဆင်းစေရန် ငွေကြေး၊ ရာထူး၊ အာဏာစသည်တို့ဖြင့် စည်းရုံးခဲ့ကြသည်။ သို့သော်အောင်မြင်မှုမရရှိခဲ့ကြပေ။

ဗိုလ်ဥတ္တမနှင့်ပူးပေါင်း၍ မင်းဘူးခရိုင်တောင်ဘက်ပိုင်းမှ အင်္ဂလိပ်တို့ကိုတော်လှန် သူကား မင်းဘူးခရိုင်မင်းတပ်မြို့နယ်မှ ဗိုလ်ဆွဲဖြစ်သည်။ ဗိုလ်ဆွဲသည် မင်းဘူးအနောက် ဘက်မိုင်၃၀အကွာရှိ ငဖဲရွာတွင်တပ်ချပြီး ၁၈၈၆ခု၊ မေလမှစတင်၍ အင်္ဂလိပ်တို့အား တိုက်ခိုက်သည်။ ပတိန်းတိုက်ပွဲတွင် မင်းဘူးခရိုင်ဝန် မစ္စတာဖယ်ရာ[4] ကျဆုံးသည်။[5] ထိုစဉ် ကမြန်မာတို့တွင် အင်အား ၇၀၀ ခန့်ရှိသဖြင့် အင်္ဂလိပ်တို့ဘက်မှစစ်ကူထပ်မံ ခေါ်ယူပြီး ဗိုလ်မှူးဂေါ့ဒွင်[6] ခေါင်းဆောင်သော တပ်များသည် ငဖဲရွာအနီးရှိ ဗိုလ်ဆွဲ၏စခန်းကို ဒုတိယ အကြိမ်ဝိုင်းဝန်းတိုက်ခိုက်ကြပြန်သည်။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ ၈ ဦးကျဆုံး၍ ဗိုလ်ဝီလျံအပါအဝင် ၂၆ ဦးဒဏ်ရာရရှိသွားကြသည်။ အင်္ဂလိပ်တို့သည်ငဖဲရွာကို အလုံးအရင်း နှင့်သိမ်းပိုက်နိုင်ကြသော်လည်း ရေရှည်ထိန်းသိမ်းမထားနိုင်ပဲ ထိုနှစ်ဇူလိုင်လတွင်ယင်းဒေသ

---

၁။ Captain Dunsford

၂။ Burmah No.1 (1887)p.90

၃။ Sir Charles Crosthwaite. The Pacification of Burma. p.108

၄။ Deputy Commissioner Phayre

၅။ Burmah No.1 (1887). p.87

၆။ Major Godwin

မှ ဆုတ်ခွါသွားကြသည်။ ထိုအချိန်က မင်းဘူးခရိုင်အနောက်ဘက်နယ်တစ်ခုလုံးမှာ မြန်မာ့တော်လှန်ရေးတပ်များ၏ အုပ်ချုပ်မှုအောက်တွင်ကျရောက်လျက်ရှိခဲ့သည်။

တစ်ချိန်တည်းတွင်ပင် မြင်းခြံခရိုင် ဝဲလောင်မြို့နယ်မှ ဗိုလ်ရာညွန့်ခေါင်းဆောင်သောမြန်မာ့တော်လှန်ရေးတပ်များသည် မြင်းခြံမြို့တောင်ဘက် မိုင် ၄၀ အကွာရှိ ပုပ္ပါးတောင်ကို အခြေပြု၍ အင်္ဂလိပ်တို့အားတော်လှန်တိုက်ခိုက်သည်။ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဝဲလောင်မြို့နယ်၊ ကျွန်းညို၊ နွားတွင်းအိုင်၊ မြင်းကပါတောင်၊ စိတ္တိန်း စသည့်ဒေသများတွင် တိုက်ပွဲအကြိမ်ကြိမ်ဖြစ်ပွားသည်။

တောင်သာမြို့အနီး ကျွန်းညိုတွင် ဗိုလ်ရာညွန့်တပ်များနှင့်အင်္ဂလိပ်တို့ ရှေ့ပြေးတိုက်ပွဲဖြစ်ပွါးပြီး အင်္ဂလိပ်တို့ဆုတ်ခွါပေးရသည်။ မြင်းကပါတောင်ခြေအနီးနှင့် ကလူဘော၊ ကျောက်ကာ၊ မြင်စိုင်းတောင်စသည့်ဒေသများတွင်လည်း တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပေသေးသည်။ ဗိုလ်ရာညွန့်ခေါင်းဆောင်သော မြန်မာ့တော်လှန်ရေးတပ်များက အင်္ဂလိပ်တို့ အခိုင်အမာတပ်စွဲထားသော စိတ္တိန်းကိုဝိုင်းဝန်းတိုက်ခိုက်ရာတွင် အင်အားချင်းမမျှသဖြင့် ဆုတ်ခွာပေးလိုက်ရသည်။

ပုဂံမြို့နယ်မှ လက်နက်လူသူစုရုံး၍ အင်္ဂလိပ်တို့ကိုဆန့်ကျင်တော်လှန်ခဲ့သော ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဗိုလ်ချို့သည် မြန်မာ့တော်လှန်ရေးတပ်များကိုခေါင်းဆောင်၍ နတ်သမီးကမ်းပါး၊ ပုလင်းရွာ၊ ကန့်ကျော်ရွာ၊ ကျောက်တံခါးရွာ၊ ကျအိုရွာ၊ မှိုက်ပင်ရွာ၊ လက်ပံခြေပေါ်ရွာ၊ ချင်းယားတောင်စသည့်ကျေးရွာဒေသများတွင် အင်္ဂလိပ်တို့နှင့် အကြိမ်ကြိမ် အနယ်နယ်ဥပြိုင်တိုက်ခိုက်လျက်ရှိကြပြန်သည်။ ကျောက်တံခါးရွာ၊ ကန့်ကျော်ရွာ၊ ပုလင်းရွာများတွင်ဖြစ်ပွါးသည့်တိုက်ပွဲများ၌ အင်္ဂလိပ်တို့ဘက်မှ တပ်ဗိုလ်၊ တပ်သား ၁၀၀ ကျော်ကျဆုံးသည်။

၁၈၈၆ ခုနှစ်တွင် မိတ္ထီလာခရိုင်၊ ရှမ်းမငယ်ရွာမှ ဗိုလ်တုတ်ကျော်ခေါင်းဆောင်သောမြန်မာ့တော်လှန်ရေးတပ်များသည် နယ်ချဲ့အင်္ဂလိပ်တို့အားတော်လှန်တိုက်ခိုက်ကြရာ အင်္ဂလိပ်တို့ကပုဂံနှင့်မလှိုင်မှ စစ်ကြောင်း ၂ ကြောင်းနှင့် ထိုးဖောက်နှိမ်နင်းကြရသည်။

အင်္ဂလိပ်တို့သည်မင်းဘူး၊ မြင်းခြံ၊ မိတ္ထီလာ၊ ပခုက္ကူခရိုင်များအတွင်းပေါ်ပေါက်သောမြန်မာ့တော်လှန်မှုများကို နှိမ်နင်းရာတွင် ခြေလျင်တပ်မဟာ ၅ တပ်၊ မြင်းတပ်၊ အမြောက်တပ်၊ အထွေထွေတပ်များနှင့် ၃ နှစ်ခန့်တိုက်ခိုက်ရှင်းလင်းကြရသည်။

မကွေး၊ ဖျဉ်းမနား၊ ရမည်းသင်း၊ ပခုက္ကူ၊ ရွှေဘို၊ မန္တလေး၊ ကျောက်ဆည်ခရိုင် များမှ နယ်ချဲ့တော်လှန်မှုများတွင်ဗိုလ်မင်းရောင်၊ ဗိုလ်ပျို်း၊ မြင်စိုင်းမင်းသား၊ ဗိုလ်လယ်၊ ဗိုလ်ရာကွပ်၊ ရွှေဓါးဗိုလ်၊ ဗိုလ်လှဦးစသူတို့မှာ ထင်ရှားသောတော်လှန်ရေးခေါင်းဆောင်များဖြစ်ကြသည်။ /

ဗိုလ်မင်းရောင်သည် မြို့လှလင်အရှေ့ဘက် ၈ မိုင်ခန့်အကွာရှိ ကိုင်းဘောင်ထိပ်တွင်သစ်ကျောက်ခံဘပ်ဆောက်လုပ်တပ်စွဲကာ အင်္ဂလိပ်တို့အား ၂ နှစ်တိုင်တိုင်တော်လှန်တိုက်ခိုက်သည်။ ၁၈၈၆ ခုနှစ်တွင် အင်္ဂလိပ်တို့သည် မကွေး၊ တောင်တွင်းကြီး၊ ရမည်းသင်း၊

မိန္တီး ဂဘာမြို့များမှ စစ်ကြောင်း ၄ ကြောင်းဖြင့် ချီတက်၍ ဗိုလ်မင်းရောင်ခေါင်းဆောင်သော တပ်မှူးကို ဝိုင်းဝန်းတိုက်ခိုက်သည်။ အင်္ဂလိပ်တို့သည်ဗိုလ်မင်းရောင်အားသူတို့၏ ဂဟက်၊အောက်သို့ဝင်ရောက်ရန် သွေးဆောင်ခဲ့သော်လည်း တော်လှန်ရေးသမားပီပီ ကျဆုံးသည်အထိ တော်လှန်တိုက်ခိုက်သွားခဲ့ပေသည်။

ဗိုလ်မင်းရောင်နည်းတူ ဗိုလ်မြတ်မှုံခေါင်းဆောင်သော မြန်မာ့တော်လှန်ရေးတပ်များသည် ဝမ်းတွင်းအရှေ့ဘက် ပန်းလှိုင်မြစ်အရှေ့ဘက်ဘက်ရှိ မော်အိုင်တောင်ခြေတွင် အခြေပြု၍ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်သည်။ ၁၈၈၆ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် အင်္ဂလိပ်တို့သည်ဗိုလ်မြတ်မှုံနှင့် မြင်စိုင်းမင်းသားတို့ကွပ်ကဲသော မြန်မာ့တော်လှန်ရေးတပ်များကို နှိမ်နင်းတိုက်ခိုက်ရန် ကူမဲ၊ ဝမ်းတွင်း၊ လှိုင်းတက်မှ စစ်ကြောင်းသုံးကြောင်းဖြင့် ချီတက်ကြသည်။ ထိုနယ်မြေများတွင် ၁၈၈၇ခု၊ မေလ ၉ ရက်နေ့အထိတိုက်ပွဲများ ဖြစ်ပွား ပြီး ၁၈၈၈ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တိုင်အောင် နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပေသည်။

တစ်ချိန်တည်းတွင်ပင် ပခုက္ကူခရိုင်အတွင်းမှ ဗိုလ်ရာကွပ်ခေါင်းဆောင်သော မြန်မာ့တော်လှန်ရေးတပ်များသည် နယ်ချဲ့အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ကြသည်။ အင်္ဂလိပ်တို့သည် မြန်မာ့တော်လှန်ရေးတပ်များ၏ နယ်မြေအတွင်း ထိုးဖောက်တိုက်ခိုက်ရန်အတွက် စစ်ရေးပြင်ဆင်မှုများပြုလုပ်ပြီး ပေါက်မြို့၊ မြိုင်မြို့၊ ကလေးဝနှင့် စလင်းမြို့များမှ စစ်ကြောင်း ၄ ကြောင်းဖြင့်ချီတက်တိုက်ခိုက်သည်။ ယင်းနယ်မြေဒေသများတွင် ၁၈၈၈ခုနှစ်၊ ဇန်နဝါရီလအထိ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများ ဆက်လက်ဖြစ်ပွါးခဲ့ရာ ဗိုလ်ရာကွပ်အား အင်္ဂလိပ်တို့ကဖမ်းဆီးရမိသွားမှပင် မြန်မာ့တော်လှန်ရေး အင်အားစုမှာ တစ်စတစ်စကျဆုံးသွားခဲ့ရလေသည်။

## ကချင်အမျိုးသားများ၏တော်လှန်မှုများ

ဗန်းမော်ခရိုင်မှ တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ပုံကန်ဥဝါသည် ကချင်၊ ရှမ်း၊ မြန်မာတို့ပါဝင်သော တပ်များကိုခေါင်းဆောင်လျက် ၁၈၈၆ခုနှစ်မှစ၍ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်သည်။

၁၈၈၆ခု၊ ဧပြီလ ၁၁ ရက်နေ့တွင် ဗိုလ်ကြီး ဝေ့စ်[၁] နှင့် ဗိုလ်ကြီး လိုင်း[၂] တို့ခေါင်းဆောင်သောအမြောက်တပ်၊ ခြေလျင်တပ်၊ မြင်းတပ်များပါဝင်သည့်တပ်ပေါင်းစုသည် ပုံကန်နယ်မြေသို့ ပထမအကြိမ်ချီတက်လာကြသည်။ ချောင်းစောက်နှင့် ဂရားရွာမှအထွက်တွင် ပုံကန်ဥဝါခေါင်းဆောင်သော ကချင်တော်လှန်ရေးတပ်များက ချုံခိုတိုက်ခိုက်ရာ အင်္ဂလိပ် စစ်ကြောင်းမှူး ၂ ဦးနှင့် တပ်သားအများအပြား ပြင်းထန်စွာဒဏ်ရာရရှိသွားကြသည်။

---

၁။ Captain Wace　　　၂။ Captain Lyles

မေလ ၂၂ ရက်နေ့တွင် ဗိုလ်မှူးကြီး ဖစ်ဇရယ်[၁] ခေါင်းဆောင်သောအင်အား ၅၃၀ ါဝင်သည့် စစ်ကြောင်းသည် မန်စီမှ ပုံကန်နယ်မြေသို့ ချီတက်ခဲ့ပြန်သည်။ ပုံကန်ဒူဝါ ခေါင်းဆောင်သော အင်အား ၁၀၀၀ခန့်ရှိသည့်ကချင်တော်လှန်ရေးတပ်များက မန်စီမှ၄မိုင် ခန့်အကွာတွင် ဝိုင်းဝန်းတိုက်ခိုက်သည်။ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး အင်္ဂလိပ်တို့ဘက်မှ အများအပြား ဒဏ်ရာရသွားကြသည်။ ထို့ပြင် ဆက်လက်တိုက်ခိုက်ခြင်း မပြုနိုင်တော့ဘဲ ဆုတ်ခွာသွားကြလေသည်။ ကချင်တော်လှန်ရေးတပ်များဘက်မှ ၁၀ ဦးကျဆုံး၍အများ အပြားဒဏ်ရာရရှိကြသည်။

၁၈၈၉ခု၊ မေလတွင် ကချင်၊ ရှမ်း၊ မြန်မာတော်လှန်ရေးတပ်များသည် မန်စီမြို့ကို စီးနင်းတိုက်ခိုက်သည်။ ထို့ကြောင့် ဗိုလ်မှူးချုပ် ဝေါ်စလီ[၂] ခေါင်းဆောင်သော တပ်မဟာသည် မန္တလေးမှဗန်းမော်သို့ စစ်ကူအဖြစ်လာရောက်ပြီး ပူးပေါင်းစစ်ဆင်မှုများကို ပြုလုပ်ရ လေသည်။ ထို့နှစ်ဧပြီလမှ မေလအတွင်း မန်စီမြို့နယ်တွင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆက်လက်ဖြစ်ပွါးလျက်ရှိခဲ့သည်။

ဗန်းမော်ခရိုင်နှင့် မိုးကောင်းမြို့နယ်အတွင်းတွင် ဗိုလ်ဖိုးစောခေါင်းဆောင်သော ကချင်မြန်မာတော်လှန်ရေးတပ်များသည် အခြားဒေသများရှိ မြန်မာတိုင်းရင်းသားများနည်းတူနယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲကို တစ်ခဲနက်တိုက်ခိုက်ဆင်နွှဲလျက်ရှိကြသည်။ ၁၈၈၇ခု၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ဗိုလ်ကြီးထရိစကော့[၃] နှင့်ဗိုလ်မှူးအဒမ်ဆင်[၄] တို့ဦးစီးကွပ်ကဲသောစစ်ကြောင်းသည် ဗိုလ်ဖိုးစောနှင့် ကချင်တော်လှန်ရေးတပ်များတပ်စွဲရာ မိုးကောင်းမြို့သို့ချီတက်ခဲ့ကြသည်။ ဗိုလ်ဖိုးစောနှင့်ကချင်တော်လှန်ရေးတပ်များသည် မိုးကောင်းမြို့အနီး ညောင်ခြေထောက်ရွာမှ ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ မိုးကောင်းမှတစ်ဆင့် မိုးညှင်းသို့ ဆက်လက်ချီတက်ရာတွင် အင်္ဂလိပ်စစ်ကြောင်းကို ကချင်တော်လှန်ရေးတပ်များက ချုံခို တိုက်ခိုက်ခဲ့ကြသည်။

ဗိုလ်ဖိုးစော၏ လက်ရုံးဗိုလ်ထိခေါင်းဆောင်သော အင်အား ၅၀၀ ကျော်ရှိသည့် ကချင်၊ ရှမ်းတော်လှန်ရေးတပ်များသည် အင်္ဂလိပ်တို့တပ်စွဲထားရာ မိုးကောင်းမြို့ကို ဝင်ရောက်ထိုးစစ်ဆင်ကြပြန်သည်။ မြို့တွင်းတိုက်ပွဲများ ၁ ရက်ကျော်မျှပြင်းထန်စွာဖြစ်ပွား ပြီးအင်္ဂလိပ်တို့ဘက်မှ တပ်သား ၂၃ ယောက် ကျဆုံးကာအများအပြားဒဏ်ရာရရှိကြသည်။ ကချင်တော်လှန်ရေးတပ်များဘက်မှ တပ်သား ၄၀ ကျော်ကျဆုံးခဲ့သည်။

မြစ်ကြီးနားခရိုင်တွင် ဆမားဒူဝါသည် အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်လျက် ရှိရာဗိုလ်ဖိုးစောနှင့် မြန်မာတော်လှန်ရေးတပ်များသည် ဗန်းမော်ခရိုင်မှဆုတ်ခွါ၍ ဆမားဒူဝါ နှင့်ပူးပေါင်းသည်။ ထို့နောက် နယ်ချဲ့အင်္ဂလိပ်တို့အား ဆက်လက်ဆန့်ကျင်တိုက်ခိုက်

---

၁။ Colonel Fitzgerald

၂။ Brig.Gen.Wolseley

၃။ Captain Triscott

၄။ Major Adamson

ကြသည်။ အင်္ဂလိပ်တို့သည် ဆမားဒူဝါအားမြန်မာခေါင်းဆောင်များ၊ မြန်မာ့တော်လှန်ရေးတပ်များနှင့်ပူးပေါင်းခြင်းမပြုပဲ သူတို့၏လက်အောက်သို့ လက်နက်ချဝင်ရောက်ရန် ရာထူးပြ စကားကမ်းလှမ်းခဲ့သော်လည်း ဆမားဒူဝါက ခါးသီးစွာငြင်းပယ်ခဲ့သည်။

၁၈၈၉ ခု ၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် ကချင်တော်လှန်ရေးနယ်မြေသို့ ထိုးစစ်ဆင်ကြပြန်သည်။ ဗိုလ်ကြီး အိုဒွန်နယ်[၁] ခေါင်းဆောင်သော အင်္ဂလိပ်စစ်ကြောင်းသည် ကာမိုင်းသို့ ချီတက်လာရာ ကချင်တော်လှန်ရေးတပ်များနှင့် ဇန်နဝါရီလ ၁၁ ရက်နေ့၌ တွေ့ဆုံတိုက်ပွဲဖြစ်ပွါးသည်။ အင်္ဂလိပ်တို့သည် ကာမိုင်းနှင့် အနီးအနားရွာများ၊ လမ်းတစ်လျှောက် တွေ့သမျှရွာများကို မီးရှို့ဖျက်ဆီးကြသည်။ ဆမားရွာတွင် ကချင်တော်လှန်ရေးတပ်များနှင့် တိုက်ပွဲဖြစ်ပွါးပြီး ရွာကိုမီးရှို့ဖျက်ဆီး ကြပြန်သည်။ ယင်းသို့ ဆမားဒေသအတွင်း နေရာအနှံ့တိုက်ပွဲများဆက်လက်ဖြစ်ပွါးရာတွင် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီးအိုဒွန်နယ်၊ မက္ကဒိုနယ်[၂] နှင့်တပ်သားများဒဏ်ရာရရှိကြသည်။ ဗိုလ်ကြီးဟော်ကာ[၃] နှင့်တပ်သားများမှာလည်း ကချင်တော်လှန်ရေးတပ်များ၏ လက်ချက်ဖြင့် ကျဆုံးသွားကြသည်။

အင်္ဂလိပ်တို့သည် ဇန်နဝါရီလမှမတ်လကုန်ထိ ဆမားဒူဝါခေါင်းဆောင်သော ကချင်တော်လှန်ရေးနယ်မြေသို့ စစ်ဆင်ရေးများဆက်လက်ပြုလုပ်ပြီး ကျေးရွာများနှင့်ကချင်ပြည်သူများ၏ အိုးအိမ် ပစ္စည်း ကြက် ဝက်မကျန်မီးတိုက်ဖျက်ဆီးကြသည်။ ယင်းသို့ အင်္ဂလိပ်တို့သည် ပြင်းထန်စွာထိုးစစ်ဆင်၍ နှိပ်ကွပ်မှုများပြုသော်လည်း ဆမားဒူဝါဦးဆောင်သော ကချင်တော်လှန်ရေးတပ်များသည် လက်နက်ချအရှုံးမပေးဘဲ တော်လှန်ရေးတိုက်ပွဲများကို ဆက်လက်ဆင်နွှဲကြလေသည်။

ဆမားဒူဝါနည်းတူ ဆနားနယ်မှ ဆနားဒူဝါခေါင်းဆောင်သော ကချင်တော်လှန်ရေးတပ်များသည် နယ်ချဲ့အင်္ဂလိပ်တို့အား မိုးကောင်းမြို့နယ်အတွင်းမှ တော်လှန်တိုက်ခိုက်လျက်ရှိကြသည်။ ၁၈၈၉ခု၊ ဧပြီလတွင် ဗိုလ်ကြီးအိုဒွန်နယ် ခေါင်းဆောင်သော အင်အား ၃၀၀ ခန့်ရှိစစ်ကြောင်းသည် ဆနားဒူဝါ ခေါင်းဆောင်သော တော်လှန်ရေးတပ်များရှိသည့် လောလောင်နယ်မြေသို့ ချီတက်၍ လောလောင်ရွာကိုမီးရှို့ဖျက်ဆီးပစ်ကြသည်။

၁၈၈၉ခု၊ ဇန်နဝါရီလမှမေလအတွင်းပြုလုပ်ခဲ့သောစစ်ဆင်ရေးများတွင်ကချင်တော်လှန်ရေးတပ်များ၏နယ်မြေရှိ ခံတပ် ၄၆ခုကိုအင်္ဂလိပ်တို့သိမ်းပိုက်ရရှိသွားပြီးကချင်တော်လှန်ရေးတပ်များနှင့် ရင်ဆိုင်တိုက်ပွဲပေါင်း ၃၂ကြိမ်ဖြစ်ပွားခဲ့သည်။ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီး ၁ ဦး၊ တပ်သား ၃ ဦးကျဆုံးကာ အရာရှိ ၅ ဦးနှင့်တပ်သား ၃၀ကျော်ခန့်ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။

---

၁။ Captain O'Donnel ၂။ Captain Macdonald

၃။ Captain Hawker

တုံဟုံးဘူဝါ၊ စောရန်ပိုင်နှင့်မိုးလိုင်စော်ဘွား စောခမ်းလှိုင်တို့ ခေါင်းဆောင်သော ကချင်၊ ရှမ်း၊ မြန်မာတို့ပါဝင်သည့်တော်လှန်ရေးတပ်များသည် ဗန်းမော်ခရိုင်မှ အင်္ဂလိပ်တို့အားတော်လှန်တိုက်ခိုက်ကြသည်။ ၁၈၈၉ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မလင်းရွာ၌ ကချင်တော်လှန်ရေးအင်အားစုနှင့်အင်္ဂလိပ်တို့ တိုက်ပွဲဖြစ်ရာ အင်္ဂလိပ်တို့ဘက်မှ တပ်သား ၂ ယောက်ကျဆုံးပြီး ၁၀ ယောက်ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြသည်။ အင်္ဂလိပ်တပ်များဆုတ်ခွါသွားရာတွင် ယင်းတို့ထံမှ လက်နက်ရိက္ခာအမြောက်အများကို တော်လှန်ရေးတပ်များကရရှိလိုက်ကြသည်။ [၁]

ဖေဖော်ဝါရီလ ၇ ရက်နေ့၌ ဗိုလ်ကြီး စမစ်[၂] ဦးစီးသော အမြောက်တပ်၊ ခြေလျင်တပ်အင်အား ၂၀၀ ကျော်ပါသည့်စစ်ကြောင်းသည် မလင်းရွာကိုထပ်မံတိုက်ခိုက်ပြန်သည်။ ယင်းတိုက်ပွဲတွင် ဗိုလ်စတော့ဒတ်[၃] နှင့် တပ်သား ၄ ဦး ကျဆုံးပြီး တပ်သား ၁၇ ဦး ဒဏ်ရာရရှိကာဆုတ်ခွါသွားကြသည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အင်္ဂလိပ်တို့သည် တုံဟုံးဘူဝါ၊ စောရန်ပိုင်နှင့် စောခမ်းလှိုင်တို့ ခေါင်းဆောင်တိုက်ခိုက်လျက်ရှိသော ကချင်နယ်မြေသို့ စစ်ကြောင်း၂ ကြောင်းဖြင့် ထိုးစစ်ဆင်ကြပြန်သည်။ ယင်းစစ်ကြောင်းများတွင် ဗိုလ်မှူး ဘလန်ဒယ်[၄] ဦးဆောင်သော ဗန်းမော်စစ်ကြောင်း၌ အမြောက်တပ်၊ ခြေလျင်တပ်အင်အား ၅၀၀ပါဝင်၍ ဗိုလ်မှူး ဂရင်းဝေး[၅] ဦးစီးသည့် မိုးမိတ်စစ်ကြောင်း၌ အင်အား ၃၀၀ပါဝင်သည်။

လွယ်ဆိုင်းသို့မရောက်မီ ၁ မိုင်ခန့်တွင် အင်္ဂလိပ်တို့၏ မိုးမိတ်စစ်ကြောင်းကို တော်လှန်ရေးတပ်များက ချုံခိုတိုက်ခိုက်ရာ အင်္ဂလိပ်တို့ဘက်မှ အရာရှိ ၁ ဦးကျဆုံးပြီး တပ်သား ၇ ဦး ဒဏ်ရာရရှိသွားသည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် တုံဟုံးနယ်မြေအတွင်း တိုက်ပွဲဆက်လက်ဖြစ်ပွားပြီး နှစ်ဘက်စလုံး အများအပြား ထိခိုက်ဒဏ်ရာရရှိကြသည်။ ထိုအချိန်ကတော်လှန်ရေးတပ်များသည် အင်အား ၂၀၀၀ ကျော်ဖြင့် တစ်ကြိမ်တည်းစုစည်းတိုက်ခိုက်ကြသဖြင့် အင်္ဂလိပ်တို့အလွယ်တကူ နှိမ်နင်းနိုင်စွမ်းမရှိခဲ့ကြချေ။

၁၈၉၀–၉၁ ခုနှစ်များအတွင်း နန်းခမ်းမြို့နယ်တွင် ကချင်တော်လှန်ရေးတပ်များနှင့်အင်္ဂလိပ်တို့ ရင်ဆိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွါးခဲ့သည်။ ဆဒုံနှင့် ဆမားဒူဝါ ခေါင်းဆောင်သော ကချင်တော်လှန်ရေးတပ်များသည် အင်္ဂလိပ်တို့တပ်ချထားသော ဆဒုံ ခံတပ်ကို ၁၈၉၁ခု၊ ဖေဖော်ဝါရီလတွင်တိုက်ခိုက်ရာ တိုက်ပွဲမှာ ၁၃ ရက်ခန့်ကြာပြီး အင်္ဂလိပ်တို့ဘက်မှတပ်ကူများဖြင့် အပြင်းအထန်ပြန်လည်ခုခံကြရသည်။

---

၁။ Sir Charles Crosthwaite. The Pacification of Burma. p.275

၂။ Captain Smith　　၃။ Lt.Stoddart

၄။ Major Blundell　　၅။ Major [illegible]

ထိုနှစ် ဒီဇင်ဘာ ၆ ရက်နေ့တွင် ကချင်တော်လှန်ရေးတပ်များသည် မြစ်ကြီးနား မြို့ကိုဝင်ရောက်စီးနင်းတိုက်ခိုက်ကာ မြို့စောင့်တပ်များအား ချေမှုန်း၍ နယ်ပိုင်ရုံး ဘာရားရုံးများကို မီးရှို့ဖျက်ဆီးလိုက်ကြသည်။

၁၈၉၂ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကချင်တော်လှန်ရေးတပ်များသည် အင်္ဂလိပ်တို့၏ဌာနချုပ်ဖြစ်သော ဆမားခံတပ်ကို အပြင်းအထန်ဆက်လက်တိုက်ခိုက်ပြန်သည်။ အင်္ဂလိပ်တို့ဘက်မှ တပ်မှူး ဗိုလ်ကြီးမော်တန် [၁] နှင့် တပ်သား ၅ဦးကျဆုံးသည်။ ဇန်နဝါရီလ ၁၆ ရက်နေ့တွင်ဆမားရွာတောင်ဘက်၌ဖြစ်ပွားသော တိုက်ပွဲ၌ စစ်ပုလိပ် ၁ ဦးနှင့် တပ်သား ၇ ဦးကျဆုံးသည်။ ကချင်တော်လှန်ရေးတပ်များသည် ဆမားခံတပ်မှ ပြန်လည်ထွက်ခွာသွားသော အင်္ဂလိပ်တပ်များအား ချုံခို တိုက်ခိုက်ပြန်ရာ အင်္ဂလိပ်တို့ဘက်မှ တပ်သား ၄ဦးကျဆုံး၍ ဗိုလ်ကွတ်ဟား [၂] အပါအဝင် တပ်သား ၂၂ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ ဇန်နဝါရီ လ ၃၀ ရက်နေ့တွင် ဆမားသို့တပ်ကူပို့သော အင်္ဂလိပ်တပ်များနှင့် ကချင်တော်လှန်ရေးတပ် များ ကန်ဂျာ [၃] ရွာ၌ တိုက်ပွဲထပ်မံဖြစ်ပွါးသည်။ အင်္ဂလိပ်တပ်တို့ဘက်မှ ဗိုလ်မာစတာ [၄] အပါအဝင် တပ်သား ၆ ဦးကျဆုံး၍ ၆ ဦးဒဏ်ရာရရှိသွားသည်။

အင်္ဂလိပ်တို့သည် ဆမားနယ်မြေအတွင်းတပ်ချ၍ တပ်အင်အား ၁၂၀၀ ကျော် ဖြင့် ကချင်တော်လှန်ရေးတပ်များကို ဆက်လက်တိုက်ခိုက်သည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပါလပ်ရွာအနီး တော်လှန်ရေးတပ်များနှင့် ဗိုလ်ကြီး အက်ကင်းဆန် [၅] ခေါင်းဆောင်သော အင်အား ၃၀၀ ပါဝင်သည့် အင်္ဂလိပ်တပ်တို့ တိုက်ပွဲဖြစ်ပွားသည်။ အင်္ဂလိပ်တို့ဘက်မှ တပ်သား ၂ ဦးကျဆုံး၍ ၆ ဦးပြင်းထန်စွာဒဏ်ရာရရှိသွားသည်။ ကချင်တော်လှန်ရေးတပ်ဘက်မှလည်း တပ်သား ၁၃ ဦးကျဆုံးသည်။

ဆဒုံနှင့်ဆမားနယ်မြေများ၌ ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် အင်္ဂလိပ်တို့သည် ကချင်တော်လှန်ရေးတပ်များ၏ ထိုးနှက်တိုက်ခိုက်မှုကို အပြင်းအထန် ခုခံကြရသည်။ ယင်းတို့ဘက်မှ အရာရှိ ၃ ဦးနှင့် တပ်သား ၁၀၂ ယောက်ကျဆုံး၍ အရာရှိ ၃ ဦးနှင့် တပ်သားအမြောက်အများ ပြင်းထန်စွာဒဏ်ရာရရှိသွားကြသည်။

## ရှမ်းအမျိုးသားများ၏တော်လှန်မှုများ

မိုးနဲစော်ဘွား စောခွန်ကြည် ၊ ရပ်စောက်စော်ဘွား စောဝိုင်း ၊ မိုင်းပွန်စော်ဘွား စောခွန်တီ ၊ ကျိုင်းတုံစော်ဘွား စောခမ်းဖု ၊ မိုင်းနောင်စော်ဘွားနှင့်မောက်မယ်စော်ဘွား

---

၁။ Captain Morton

၂။ Lt.Cookshearles

၃။ Kamja or Sumja

၄။ Lt.Master

၅။ Captain Atkinson

တို့သည် အိမ်ရှေ့စံကနောင်မင်းသား၏သားတော်တစ်ဦးဖြစ်သော လင်းပင်မင်းသားနှင့် ပူးပေါင်းသည် ။ ထို့နောက် လင်းပင်အုပ်စု[၁] ကိုဖွဲ့စည်းတည်ထောင်ကာ နယ်ချဲ့ အင်္ဂလိပ်တို့အား တော်လှန်ခဲ့ကြသည် ။

ရှမ်းမြန်မာ တော်လှန်ရေးတပ်များကို တိုက်ခိုက်ရန် ဗိုလ်မှူးကြီး စတက်မန်[၂] ခေါင်းဆောင်သော ခြေလျင်တပ်၊ အမြောက်တပ်၊ မြင်းတပ်တို့ပါဝင်သည့် အင်္ဂလိပ်စစ်ကြောင်းသည် ၁၈၈၇ခု၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လှိုင်းတက်မှတစ်ဆင့် ပျဉ်းထိပ်ကို ဖြတ်၍ ချီတက်လာကြသည်။ ရှမ်းမြန်မာတော်လှန်ရေးတပ်များသည် ယင်းစစ်ကြောင်းအား ချုံခိုဖြတ်တောက်တိုက်ခိုက်ကြသည် ။

ရပ်စောက်စော်ဘွား ခေါင်းဆောင်သော ရှမ်းမြန်မာ တော်လှန်ရေးတပ်များက လည်းအင်္ဂလိပ်များအား ကူကျိုးမှ ဆီးကြိုတိုက်ခိုက်သည်။ သို့သော် လက်နက်အင်အားချင်း မမျှသဖြင့်ဆုတ်ခွာပေးရသည် ။

ထိုအချိန်တွင် ဝန်းသိုစော်ဘွား ဦးအောင်မြတ်ခေါင်းဆောင်သော ရှမ်း၊ ကချင်၊ မြန်မာတို့သည်ကသာခရိုင် ဝန်းသိုနှင့် မိုးကောင်းမြို့နယ်များမှ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်လျက်ရှိကြသည်။ ၁၈၈၇ခု၊ ဇန်နဝါရီလမှစ၍ အင်္ဂလိပ်တို့သည် ဦးအောင်မြတ်အားသူတို့၏လက်အောက်သို့ဝင်ရောက်ရန် စကားကမ်းလှမ်းခဲ့သော်လည်းဦးအောင်မြတ်က လက်ခံခြင်းမပြုခဲ့ပေ။ ထိုအချိန်ကပင် ဦးအောင်မြတ်သည် ရှမ်း၊ မြန်မာတို့ကိုစုစည်း၍ နယ်ချဲ့အင်္ဂလိပ်တို့အား တော်လှန်ရန် စီစဉ်လျက်ရှိလေသည်။

အင်္ဂလိပ်တို့သည် အင်အား ၁၀၀၀ ကျော်ခန့်ရှိသော တပ်များဖြင့် ကသာစစ်ကြောင်းနှင့် ရွှေဘိုစစ်ကြောင်းဟူ၍ စစ်ကြောင်း ၂ ကြောင်းခွဲလိုက်သည်။ ထို့နောက် ကသာစစ်ကြောင်းကို ဗိုလ်မှူးချုပ် ကော့[၃]ကလည်းကောင်း၊ ရွှေဘိုစစ်ကြောင်းကို ဒုတိယဗိုလ်မှူးကြီးဖာရင်တန်[၄] ကလည်းကောင်း အုပ်ချုပ်ကွပ်ကဲ၍ ချီတက်စေသည်။[၅] ဝန်းသိုစော်ဘွား ခေါင်းဆောင်သော ရှမ်းမြန်မာတပ်များသည် ထိုအချိန်က စည်းရုံးပြင်ဆင်မှုနှင့် အင်အား တောင့်တင်းမှုမရှိသေးသဖြင့် ရွှေဘိုစစ်ကြောင်းချီတက်ရာ နယ်မြေမှ ဆုတ်ခွာပေးလိုက်သည်။ ၁၈၈၇ခု၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင်ကသာစစ်ကြောင်းသည် ဝန်းသိုသို့ ဆိုက်ရောက်သော်လည်း ထိုအချိန်က အထက်အောက်မြန်မာပြည် တစ်ဝှမ်းလုံးတိုင်းရင်းသား လူမျိုးများ၏ မြင့်မားပြင်းထန်သော တော်လှန်ရေးတိုက်ပွဲများကြောင့် ဝန်းသိုမှခေတ္တ ဆုတ်ခွာသွားကြသည်။ ၁၈၉၁ခုနှစ်၊ ဇန်နဝါရီလတွင် ဝန်းသိုစော်ဘွား ဦးအောင်မြတ်

---

၁။ Limbin Confederacy

၂။ Colonel Stedman

၃။ Brigadier.General Cox

၄။ Lt.Colonel Farrington

ခေါင်းဆောင်သော ရှမ်းမြန်မာ တော်လှန်ရေးတပ်များသည် ဝန်းသိုမြို့နယ်၏ တောင်နှင့် မြောက်ဘက် ဒေသ များမှအင်္ဂလိပ်တို့အား စတင်တော်လှန်တိုက်ခိုက်သည်။

ဝန်းသိုစော်ဘွား၏တပ်များသည် ကောလင်းမြို့နှင့်ထီးချိုင့်အနီး ပတ်ဝန်းကျင်ရှိ အင်္ဂလိပ်ကင်းစခန်းများကိုတိုက်ခိုက်ဖျက်ဆီးကြသည်။ ထို့နောက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကောလင်းမြို့ကို ဒုတိယအကြိမ် စီးနင်းတိုက်ခိုက်ရာ မြို့တွင်းရှိ အင်္ဂလိပ် တပ်များ မခံနိုင်သဖြင့် စစ်ကူများခေါ်ယူကြရသည်။ ပေကုန်းရွာတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီး ဟတ်ချင်ဆန်[၁] ကျဆုံးသည်။ ရှမ်းမြန်မာတော်လှန်ရေးတပ်များနှင့် အင်္ဂလိပ်တို့သည်ဥက္ကံရွာ၊ ကောလင်းမြို့အနီး စန္ဒယော်ကုန်း၊ ကျိုင်းခွင်တောင်ကုန်းနှင့်ပတ်ဝန်းကျင် ဒေသများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွါးခဲ့သည်။

ရှမ်းမြန်မာတော်လှန်ရေးတပ်များ၏တိုက်ခိုက်မှုများသည် တစ်နေ့တစ်ခြားပိုမို မြင့်မားပြင်းထန်လာခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် ဗိုလ်မှူးချုပ် ဝေါ့စလီဦးဆောင်သောခြေလျင်တပ်၊ မြင်းတပ်၊ အမြောက်တပ်များပါဝင်သည့် အင်အား ၁၇၅၆ ယောက်ရှိ တပ်ပေါင်းစုကြီးကို ဝန်းသိုနယ်သို့ စေလွှတ်ရပြန်သည်။

အင်္ဂလိပ်တို့သည် ထီးချိုင့်တွင် ရှေ့တန်းစစ်ဌာနချုပ်ပြုလုပ်ကာ တောင်ဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ကသာတွင် ရှေ့တန်းစစ်ဌာနချုပ်ပြုလုပ်ကာ မြောက်ဘက်မှ စစ်ကြောင်းတစ်ကြောင်းခွဲ၍ ဝန်းသိုနယ်မြေကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ဝန်းသိုစော်ဘွားဦးအောင်မြတ် ခေါင်းဆောင်သော ရှမ်းမြန်မာတော်လှန်ရေးတပ်များသည် ရရာလူသူ လက်နက်စုရုံး၍ ဝန်းသိုတပ်၊ မိုးကောင်းတပ်၊ ကောလင်းတပ်၊ မြေနီတပ်စသည့်တပ်များဖြင့် ခုခံတိုက်ခိုက်သည်။

ဝန်းသိုနယ်မြေအတွင်း ဖြစ်ပွားသောတိုက်ပွဲများတွင် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီး ဟတ်ချင်ဆန်အပါအဝင် တပ်သား ၅၁ ယောက်ကျဆုံး၍ အများအပြားဒဏ်ရာရရှိသွားကြသည်။

## ချင်းအမျိုးသားများ၏တော်လှန်မှုများ

ချင်းအမျိုးသား ကြွန့်ဘိခ် မှာ ချင်းအမျိုးသားတို့၏နယ်ချဲ့တော်လှန်ရေးစစ်ပွဲတွင် ရှေ့တန်းမှပါဝင်ခဲ့သော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အင်္ဂလိပ်တို့သည် ၁ဂဂဂခု၊ ဇန်နဝါရီ

---

၁။ Captain Hutchinson

၁ ၃ ရက်နေ့တွင် စိဟောင်းရွာတွင် သွားရောက်၍ ကွန့်ဘိခ်နှင့် တွေ့ဆုံသည်။[1] ထို့နောက် ဗိုလ်ကြီး ရိုက်[2] ဦးဆောင်သော အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များသည် ကွန့်ဘိခ်အား မြန်မာ စစ်ဗိုလ်များနှင့် မပူးပေါင်းဘဲ အင်္ဂလိပ်လက်အောက်သို့ ဝင်ရောက်ရန် လက်ဆောင်များ ပေး၍ ဆွေးနွေးဖြားယောင်းကြသည်။ ကွန့်ဘိခ်ခေါင်းဆောင်သော ချင်း အမျိုးသား များအား လည်း သူတို့နှင့်အတူပါလာသော အမြောက်ကြီးများကို ပစ်ပြကာ အင်အားပြခြိမ်းခြောက် ကြသည်။ သို့သော် ချင်းတော်လှန်ရေးခေါင်းဆောင် ကွန့်ဘိခ်မှာ ဖြားယောင်း ခြောက်လှန့်မှု များကို မမှုပဲ ပြန်လည်ထွက်ခွါသွားခဲ့သည်။

ရွှေချိုးဖြူမင်းသား၊ မြန်မာတော်လှန်ရေးခေါင်းဆောင်များနှင့် ချင်းခေါင်းဆောင် ကွန့်ဘိခ်တို့သည် နယ်ချဲ့တော်လှန်ရေးအတွက် သွေးစည်းညီညွတ်စွာဖြင့် ပြင်ဆင်ကြသည်။ အင်္ဂလိပ်တို့သည် ရွှေချိုးဖြူ မင်းသားနှင့် မြန်မာ့တော်လှန်ရေးခေါင်းဆောင်များအား အပ်နှံရန် ကွန့်ဘိခ်ထံအကြိမ်ကြိမ်တောင်းဆိုသော်လည်း ကွန့်ဘိခ်က ငြင်းဆိုခဲ့သည်။

၁၈၈၈ခုနှစ်၊ မေလ ၄ ရက်၊ ၅ရက်နေ့များတွင်ချင်းတော်လှန်ရေးတပ်များသည် အင်းတင်ကို ဝိုင်းဝန်းတိုက်ခိုက်ကာ အင်္ဂလိပ်တို့သိမ်းသွင်းထားသော စော်ဘွားအားဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ထိုအချိန်က ကွန့်ဘိခ်နှင့် ရွှေချိုးဖြူမင်းသားတို့ ဦးဆောင်သော တိုင်ချွန်းနှင့် ဆီးယင်းချင်းတော်လှန်ရေးတပ်များသည် အင်းတင် ၊ တောင်တွင်း ၊ ကလေးမြို့ များကို တိုက်ခိုက်သိမ်းပိုက်ရန် ချီတက်လာကြပြီဟူသော သတင်းများလည်း ဖြစ်ပေါ်လျက် ရှိလေသည်။

ထို့ကြောင့် ဗိုလ်မှူး ဂလိ[3] ခေါင်းဆောင်သော အင်္ဂလိပ်တပ်များသည် ချင်းမြန်မာ တော်လှန်ရေးတပ်များအား တိုက်ခိုက်ရန် ချင်းတောင်သို့ချီတက်လာကြသည်။ ထိုအချိန်တွင် တော်လှန်ရေးတပ်များက အချိန်မီ ရှောင်တိမ်းဆုတ်ခွါပေးလိုက်သည်။

၁၈၈၉ခုနှစ်တွင် ဗိုလ်မှူးချုပ်ဖောင့်စ်[4] ခေါင်းဆောင်သော အင်္ဂလိပ်တပ်များသည် ပခုက္ကူနှင့် ပေါက်မြို့နယ်များကိုဖြတ်၍ ချင်းတောင်တန်းဒေသကို ချီတက်ခဲ့ကြသည်။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ချင်းတော်လှန်ရေးတပ်များသည် ချင်းပေါက်ရွာကို လည်းကောင်း၊ ၂၀ ရက်နေ့တွင် ကန်ပုလဲရွာကိုလည်းကောင်း၊ ၂၉ ရက်နေ့တွင် ကလေးမြို့ကို လည်းကောင်းဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဆီးယင်းနှင့် ကန်ပုလဲအကြား ဖြစ်ပွားသောတိုက်ပွဲ၌ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ပါးလ်မား[5] ကျဆုံး ၍အများ အပြားဒဏ်ရာရရှိသွားကြသည်။

---

၁။ S.C.Crosthwaite.The Pacification of Burma.p.289

၂။ Captain Raikes

၃။ Major Gleig

၄။ Brig.Gen.Faunce

၅။ Lt.Palmer

ဒီဇင်ဘာ ၁၀ ရက်နေ့တွင် တိုင်ချွန်းချင်းတော်လှန်ရေးတပ်များသည် စီဟောင်း၌ရှိ အင်္ဂလိပ်စစ်ဌာနချုပ်ကို အင်အား ၁၀၀၀ ကျော်ဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ နံနက်၄ နာရီအချိန်မှ စတင်၍ တိုက်ပွဲဖြစ်ပွားရာ အင်္ဂလိပ်တပ်များက အပြင်းအထန်ပြန်လည် ခုခံ တိုက်ခိုက်ကြရသည်။ ဗိုလ်မှူး ရှက်ပတ်[1] ခေါင်းဆောင်သောတပ်များနှင့်ချင်းတော်လှန်ရေး တပ်များ၏ တာတန်ရွာတိုက်ပွဲတွင်လည်း အင်္ဂလိပ်တို့ဘက်မှ ဗိုလ်မစ်ချယ်[2] နှင့်တပ်သား ၂ ဦးကျဆုံးပြီး ဗိုလ်ကြီးမိုင်း[3]၊ စစ်ဆရာဝန် ၁ ဦး နှင့်တပ်သား ၉ ယောက်ပြင်းထန်စွာ ဒဏ်ရာ ရရှိကြ သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် အင်္ဂလိပ်တပ်များဆုတ်ခွါသွားကြသည်။ [4]

ချင်းတောင်တန်းဒေသတွင် ဖြစ်ပွားသော ဖေါ်ပြပါတိုက်ပွဲများသည် အင်္ဂလိပ်တို့ ဘက်မှအရာရှိများအပါအဝင် တပ်သား ၃၆ ယောက်ကျဆုံးပြီး ၅၄ ယောက်ပြင်းထန်စွာ ဒဏ်ရာ ရရှိကြသည်။

၁၈၈၉ခုနှစ်မှ ၁၈၉၀ပြည့်နှစ်များတွင် အင်္ဂလိပ်တို့သည် ဗိုလ်မှူးချုပ်ဆိုင်းမွန်[5] ခေါင်းဆောင်သော စစ်ကြောင်းကြီးနှစ်ကြောင်းဖြင့် ချင်းတော်လှန်ရေးတပ်များနယ်မြေသို့ ဝင်ရောက်တိုက်ခိုက်ပြန်သည်။ မြောက်ဖက်စစ်ကြောင်းတွင် စစ်သည်အင်အား ၁၆၂၂ ယောက်ပါဝင်ပြီး တောင်ဘက်စစ်ကြောင်းတွင် စစ်သည်အင်အား ၁၈၅၉ ယောက်ပါဝင်ကာ အရာရှိပေါင်း ၁၇၇ ဦးကွပ်ကဲဦးဆောင်ကြသည်။ ချင်းတော်လှန်ရေးတပ်များနှင့်အင်္ဂလိပ် တပ်များသည်ထိုနှစ်များအတွင်း ချင်းတောင်တန်းဒေသတစ်လျှောက် နေရာအနှံ့တိုက်ပွဲများ ဖြစ်ပွါးသည်။ ၁၈၈၉–၉၀ခုနှစ်များအတွင်းဖြစ်ပွါးခဲ့သောတိုက်ပွဲများတွင် အင်္ဂလိပ်တို့ဘက် မှအရာရှိ ၃ ဦးနှင့်တပ်သား ၂၀၇ ဦးခန့် ကျဆုံးသွားကြသည်။

၁၈၉၂ခုနှစ်တွင် ဆီးယင်းချင်းတော်လှန်ရေးတပ်များသည် အင်္ဂလိပ်တို့အာ ဆက်လက်တော်လှန်တိုက်ခိုက်ရာ ဗိုလ်မှူးချုပ်ပါးလ်မား[6] ခေါင်းဆောင်သောတပ်အင်အာ ၂၆၀၀ခန့်ဖြင့် အပြင်းအထန်ပြန်လည်တိုက်ခိုက်ကြရသည်။ ထို့ပြင် တီးတိန်နှင့်ဖို့က်ခံတပ် ပတ်ဝန်းကျင်ဒေသများ၊ ကပ္ပတယ်နှင့်ဟီလ်ဒေသရှိ ချင်းတော်လှန်ရေးနယ်မြေများတွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွါးသည်။

၁၈၈၆ခုနှစ်မှ ၁၈၉၄ ခုနှစ်အထိဖြစ်ပွါးသော ချင်းတော်လှန်ရေးတိုက်ပွဲများတွင် အင်္ဂလိပ်တို့သည် သေနတ်လက်နက်ပေါင်း ၄၃၀၂ လက်သိမ်းဆည်း ရမိသွားလေသည်။ သို့သော် ချင်းတော်လှန်ရေးတပ်များတွင် လက်နက်အမြောက်အမြား ကျန်ရှိနေသေးသည်

---

၁။ Major Shepherd ၂။ Lt.Michel

၃။ Captain Mayne

၄။ Frontier & Overseas Expedition from India.pp 328-329

၅။ Brig.Gen.Symons ၆။ Brigadier Palmer

၇။ Fort White ၈။ Bertran S.Carey.The Chin Hills.p.116

ဖြစ်ရာ ထိုအချိန်က ချင်းတော်လှန်ရေးတပ်များ၏ လက်နက်အင်အား မည်မျှများပြားမည်ကို ခန့်မှန်းနိုင်ပေသည်။

အင်္ဂလိပ်တို့သည် ချင်းရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ပစ္စည်းဥစ္စာ ကြက်ဘဲဝက်များ ကို သိမ်းဆည်းခြင်း ဒဏ်ငွေတပ်ခြင်း စသည့်အကြမ်းဖက် တိုက်ခိုက်မှုများကို ပြုလုပ်ကြသည်။ ထို့ပြင်ခေတ်မီ လက်နက်ကြီး လက်နက်ကောင်းများကို အသုံးပြု၍ ချင်းတော်လှန်ရေးနယ်မြေသို့ အကျအဆုံးများစွာဖြင့် ဝင်ရောက်ထိုးဖေါက် တိုက်ခိုက်ကြရလေသည်။

## ကယား အမျိုးသားများ၏တော်လှန်မှုများ

ကယား[1]ပြည်နယ်မှ ကယားအမျိုးသားများသည် ၁၈၈၈ ခု နှစ်မှစ၍အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ အရှေ့ကယားနယ် စော်ဘွားကြီးစောလဖေါသည် ၁၈၈၆ ခုနှစ်မှ ၁၈၈၈ ခုနှစ်များအတွင်း အင်္ဂလိပ်တို့ သိမ်းသွင်းထားသော စော်ဘွားများကို လှည့်လည်တိုက်ခိုက်၍ လက်နက်လူသူစုရုံးသည်။ ၁၈၈၆ ခုနှစ်ကုန်ခါနီးတွင် ကယား တော်လှန်ရေးတပ်များသည် မောက်မယ်နယ်သို့ ဝင်ရောက်တိုက်ခိုက်သောကြောင့် လျော်ကြေး ၂ သိန်းနှင့် သေနတ် ၅၀၀ ကို စောလဖေါကိုယ်တိုင် လာရောက်ပေးအပ်ရမည့်ပြင် နှစ်စဉ် အခွန်ငွေကျပ် ၅၀၀၀ ကိုပေးဆောင်ရမည်ဟု အင်္ဂလိပ်တို့ကတောင်းဆိုသည်။ သို့သော် စောလဖေါသည် မျိုးချစ် သူရဲကောင်းပီပီ ထိုတောင်းဆိုချက်ကို ငြင်းပယ်လိုက်သည်။[2]

၁၈၈၈ ခု ၊ ဒီဇင်ဘာလတွင် ဗိုလ်မှူးချုပ် အိပ်ချ်ကိုလက်[3] ခေါင်းဆောင်သော အမြောက်တပ်၊ ခြေလျင်တပ် များပါဝင်သည့် စစ်ကြောင်းသည်မြောက်ဖက်စစ်ကြောင်း အဖြစ်လည်းကောင်း၊ ဗိုလ်မှူးကြီး ဟာဗေး[4] ခေါင်းဆောင်သော စစ်ကြောင်းသည်အောက်မြန်မာပြည် သံလွင်မြစ်ကြောင်းကိုဖြတ်၍ တောင်ဘက်စစ်ကြောင်း အဖြစ်လည်းကောင်း

---

၁။ ကယားကိုယခင်က ကရင်နီနယ်ဟုခေါ်ခဲ့သည်။ ၁၉၅၀ပြည့်နှစ်၊ ဖေဖေါ်ဝါရီလ ၉ ရက်နေ့၌ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးတွင် ကယားပြည်နယ်ကိုယ်စားလှယ် ဦးစိန်က ကရင်နီနယ်ကိုပယ်ဖျက်ပြီး ကယားပြည်နယ်ဟုပြင်ဆင်ပြဋ္ဌာန်းပေးရန် အဆိုတင်သွင်းခဲ့သည်။ ထိုအဆိုပြုချက်အပေါ်တွင် မူတည်၍ အထူးစုံစမ်းရေးကော်မရှင်ကို နိုင်ငံတော်သမ္မတက မတ်လ ၁၁ ရက်နေ့စွဲဖြင့် ဖွဲ့စည်းခန့်အပ်စေပြီး ကရင်နီပြည်နယ်လူထု၏ ဆန္ဒကို စုံစမ်းစေခဲ့သည်။ ကရင်နီမှ ကယားသို့ ပြောင်း လဲရန် နယ်လူထုအများစုကြီးက လိုလားကြောင်းကို တွေ့ရှိ၍ ထိုအထူးစုံစမ်းရေးကော်မရှင်၏ ထောက်ခံချက်အရ ၁၉၅၁ခု၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် က ကရင်နီ ပြည်နယ်ကို ကယားပြည်နယ်ဟု ပြောင်းလဲသတ်မှတ်အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။ (မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီဌာနချုပ်၊ "ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံ များ(ကယား)"မျက် ၁၆–၁၇

၂။ Dorothy Woodman.The Making of Burma.pp.440-441

၃။ Brigadier.General H.Collet ၄။ Colonel Harvey

စစ်ကြောင်း ၂ ကြောင်းဖြန့်၍ ချီတက်လာကြသည်။ တောင်ဘက်စစ်ကြောင်းသည် ဖာပွန်သို့ ရောက်ချိန်တွင် စောလဖေါ ခေါင်းဆောင်သော ကယားတော်လှန်ရေးတပ်များက ဖာပွန် မြို့၏ အရှေ့မြောက်ဘက် ကျောက်ညှပ်ရှိ စစ်ပုလိပ်ဌာနချုပ်ကို စီးနင်းတိုက်ခိုက် မီးရှို့ဖျက်ဆီးပြီး လက်နက်ရိက္ခာ ခဲယမ်းမီးကျောက်များကို ရယူနိုင်ခဲ့သည်။

ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ကယားတော်လှန်ရေးတပ်များနှင့် အင်္ဂလိပ်တို့သည် ဘော်လခဲရွာတောင်ဘက်ရှိ ဖါးဆောင်းရွာ၌ တိုက်ပွဲဖြစ်ပွါးသည်။ [၁]

၁၈၈၉ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကယားတော်လှန်ရေးတပ်များသည် လွိုင်ကော် အနီး နားကျိုင်းရွာမှ အင်္ဂလိပ်တို့၏မြောက်ဘက် စစ်ကြောင်းကို ဆီးကြိုတိုက်ခိုက်ရာ တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွါးသည်။ အင်္ဂလိပ်တို့ဘက်မှ တပ်သား ၄ ဦးကျဆုံးပြီး ၈ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိ သွားကြသည်။ သို့သော် အင်္ဂလိပ်တို့သည် ဇန်နဝါရီလ ၈ ရက် နေ့တွင် စောလုံကို သိမ်းပိုက်နိုင်ခဲ့ကြသည်။ စောလဖေါခေါင်းဆောင်သော ကယား တော်လှန်ရေးတပ်များမှာ အချိန်မီ ဆုတ်ခွာ တိမ်းရှောင်ပေးလိုက်သည်။

## ၀ အမျိုးသားများ၏တော်လှန်မှုများ

အနောက်မိုင်းလွန်းနယ်ပိုင် စော်ဘွားစောမဟာသည် ဝနယ်များကို စုရုံးခေါင်းဆောင်၍ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့သည်။ [၂] မုတ်လယ်၊ ငတ်လက်၊ စွန် လောင်၊ ငက်တိုင်၊ လူနိုစသည့်ဝနယ်၅နယ်ကို စုပေါင်းစည်းရုံး၍ အင်္ဂလိပ်တို့အားတော်လှန် တိုက်ခိုက်ရာတွင် ဗိုလ်ကြီး အီးလီးယော့ [၃] ခေါင်းဆောင်သော အင်္ဂလိပ်တပ်များနှင့် ဟိုနမ်နောင်ရွာတွင် ပထမအကြိမ်တိုက်ပွဲဖြစ်ပွားသည်။ တော်လှန်ရေးတပ်များသည် ယင်းရွာတွင် ခိုင်မာစွာ ခံတပ်များပြုလုပ်၍ အင်အား၁၃၀၀ ကျော်ခန့်ဖြင့် အပြင်းအထန် တိုက်ခိုက်ရာ အင်္ဂလိပ်တို့ ဆုတ်ခွာ သွားကြရသည်။

အင်္ဂလိပ်တို့သည် အနောက်မိုင်းလွန်း နယ်မြေတွင်း ရွာပေါင်းမြောက်မြားစွာကို ဖျက်ဆီး၍ အကြမ်းဖက်နှိမ်နင်းခဲ့ကြသည်။ သို့သော် ဝ တော်လှန်ရေးတပ်များမှာ စိတ်ဓါတ် ကျဆင်းမှုမရှိဘဲ ပိုမိုသွေးစည်းညီညွတ်စွာဖြင့် ဆက်လက် တော်လှန်တိုက်ခိုက် ကြလေသည်။

လွယ်လွန်းမှ နော်ခမ်းဦးသည် နယ်ချဲ့အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်လျက်ရှိနေသဖြင့် အင်္ဂလိပ်တို့က သူတို့လက်အောက်သို့ဝင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြ သည်။ သို့သော်အောင်မြင်မှုမရသဖြင့် လွယ်လွန်းရွာကို ချီတက်တိုက်ခိုက်၍ မီးရှို့ဖျက်ဆီး ကာဥစ္စာပစ္စည်း၊ ကြက်၊ ဘဲ၊ ဝက်ပါမကျန် သိမ်းပိုက်လုယူကြသည်။ နော်ခမ်းဦး ခေါင်းဆောင်

---

၁။ S.C Crosthwaite-The Pacification of Burma. p. 192

၂။ Dorothy Woodman-The Making of Burma. p. 446

၃။ Captain Eliott

သော ဝ တော်လှန်ရေးတပ်များသည် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများကို ဆက်လက်ဆင်နွှဲခဲ့ကြရာ အင်္ဂလိပ်တို့က ပြီးပြတ်အောင် နှိမ်နင်းနိုင်စွမ်းမရှိခဲ့ ကြပေ။

## တော်လှန်မှုများ၏အားနည်းချက်များ

မြန်မာတို့နှင့် တိုင်းရင်းသားလူမျိုးများ၏ တော်လှန်မှုအရပ်ရပ်ကို ခြုံကြည့်လျှင် တော်လှန်ရေး တပ်များမှာ စနစ်တကျ ဖွဲ့စည်းမှုမရှိ၊ လိုအပ်သလိုနယ်ခံလူများအား စည်းရုံး၍ ရရာလက်နက်ဆွဲကိုင်ပြီး ကြုံရာတိုက်ပွဲတွင် ဝင်ရောက်ဆင်နွှဲတိုက်ခိုက် ခဲ့ကြသည်ကို နေရာ အနှံ့အပြားတွင် တွေ့ရှိရပေသည်။ တော်လှန်ရေးအင်အားစုများသည် နယ်သူနယ်သား ဆွေမျိုးသားချင်းများ၏ ထောက်ခံအားပေးမှုကို အပြည့်အဝရရှိ ကြသော်လည်း ကျေးရွာ နယ်မြေဒေသအလိုက် သီးခြားတော်လှန်မှုများနှင့် ခရိုင်အဆင့်အထိ အချင်းချင်းဆက်သွယ် စည်းရုံးတော်လှန်မှုများလောက်သာ ရှိခဲ့သည်။ အောက်မြန်မာပြည်၊ အထက်မြန်မာပြည် စသည်ဖြင့် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ဗဟိုချုပ်ကိုင်မှု စနစ်တစ်ခုတည်းဖြင့်သီးခြားချမှတ်ထားသည့် စစ်မဟာဗျူဟာများကို အသုံးပြုတိုက်ခိုက်နိုင်သော အခြေအနေနှင့်အသွင်သဏ္ဌာန် မရှိသဖြင့် နောက်ဆုံးတွင် အင်္ဂလိပ်တို့အား အလျှော့ပေးခဲ့ရလေသည်။

အင်္ဂလိပ်တို့ဘက်မှ မြန်မာတိုင်းရင်းသားတို့၏ တော်လှန်တိုက်ခိုက်မှုများကိုနှိမ်နင်းရာ၌ ဗဟိုချုပ်ကိုင်မှု စနစ်တစ်ခုတည်းကို အသုံးပြုပြီး တပ်ပေါင်းစု၊ တပ်မဟာ၊ တပ်ရင်း၊ တပ်ခွဲ၊ တပ်စု၊ တပ်ဖွဲ့အလိုက်ခေတ်မီ လေ့ကျင့်ထားသော တပ်များကို စနစ်တကျအသုံးပြုတိုက်ခိုက်ခဲ့ကြသည်။ ခေတ်မီလက်နက်ကောင်းများကိုလည်း မြေပြင်အနေအထားနှင့်ရေမြေတောတောင်အလိုက် ထိရောက်စွာ အသုံးပြုတိုက်ခိုက်သွားနိုင်ကြလေသည်။ ထို့ပြင် မြန်မာပြည်တစ်ဝှန်းလုံးမှ တော်လှန်ပုန်ကန်မှုများကို လွှမ်းခြုံစဉ်းစား၍ နယ်မြေအလိုက်သီးခြားစစ်ရေးမူဝါဒများကို စနစ်တကျ ချမှတ်နိုင်ခဲ့ကြသည့်ပြင် စည်းရုံးရေးပိုင်းတွင် မြန်မာတို့၏ ရေမြေတောတောင်၊ ယဉ်ကျေးမှု၊ ဓလေ့ဘာသာစကားစသည်တို့ကို လေ့လာခြင်း၊ အာဏာ၊ ငွေ၊ အကြမ်းဖက်နှိမ်နင်းသတ်ဖြတ်ဖမ်းဆီးခြင်း စသည်တို့ကို လိမ်မာပါးနပ်စွာ အသုံးပြုကာ မြန်မာ့တော်လှန်ရေးကို ချိုးနှိမ်ခဲ့ကြလေသည်။

## အမျိုးသားရေးစိတ်ဓါတ်မြင့်မားလာခြင်း

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်နှင့် ၁၈၂၄ခုနှစ်တွင် ပထမအင်္ဂလိပ်–မြန်မာ စစ်ပွဲ၊ ၁၈၅၂ခုနှစ်တွင် ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ၊ ၁၈၈၅ခုနှစ်တွင် တတိယအင်္ဂလိပ် မြန်မာစစ်ပွဲဟူ၍ စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီးသည့်နောက် ၁၈၈၅ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအင်္ဂလိပ်တို့၏ လက်အောက်သို့ ကျရောက်သွားခဲ့ရလေသည်။ ထိုအခါ သူ့ကျွန်မခံလိုသောမြန်မာတိုင်းရင်းသားများသည် ရရာလက်နက်ဖြင့် အင်္ဂလိပ်အုပ်စိုးမှုကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ယင်းတော်လှန်တိုက်ခိုက်မှုများသည် မြန်မာပြည်တစ်ဝှန်းလုံးတွင်

နှစ်ပေါင်း ၇၀ ကျော်တိုင်တိုင် ကြာမြင့်ခဲ့လေသည်။ သို့သော် လက်နက်စွမ်းအားမမျှခြင်း၊ စည်းရုံးနိုင်မှာ သည့်စနစ်ကျသော တော်လှန်ရေးကြီး ဖြစ်အောင် မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အောင်မြင် မှုမရရှိခဲ့ကြချေ။ သို့ရာတွင်ယင်းတော်လှန်တိုက်ခိုက်မှုများမှာ နောင်ဖြစ်ပေါ်လာမည့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများအတွက် အကျိုးဆက်နှင့် သင်ခန်းစာများ ဖြစ်စေခဲ့လေသည်။

အင်္ဂလိပ်တို့သည် ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲပြီးဆုံးပြီးသည့်နောက်တွင် တနင်္သာရီနှင့်ရခိုင်ဒေသများကို သိမ်းပိုက်ကာ ဆန်စပါးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြ၏။ ထို့ပြင် ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲပြီးဆုံးပြီးသည့်နောက်တွင်လည်း မြန်မာနိုင်ငံအောက်ပိုင်းတစ်ခုလုံးကိုသိမ်းပိုက်၍ ဆန်စပါးလုပ်ငန်းကိုပင် ပိုမိုတိုးချဲ့လုပ်ကိုင်ကြပြန်သည်။ ယင်းကဲ့သို့တိုးချဲ့လုပ်ကိုင်နေစဉ်အတွင်း ၁၈၅၇–၅၈ခုနှစ်တွင် အိန္ဒိယပြည်ရှိ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီလက်အောက်ခံတပ်အချို့မှ အိန္ဒိယတိုင်းရင်းသားစစ်သည်များက တပ်တွင်းပုန်ကန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် အိန္ဒိယပြည်၌ စပါးအထွက်နှုန်းလျော့နည်းသွားခဲ့သည်။ ထိုအခါ အင်္ဂလိပ်တို့က မြန်မာနိုင်ငံမှဆန်ကို အိန္ဒိယပြည်သို့ အမြောက်အများတင်ပို့ခဲ့ကြသည်။

ထို့ပြင် ၁၈၆၀ခုနှစ် သမ္မတအာဘရာဟင်လင်ကွန်း[၁] လက်ထက်တွင် အမေရိကန်ပြည်ထောင်စု၌ ပြည်တွင်းစစ်ဖြစ်ပွါးသဖြင့် အမေရိကန်ပြည် တောင်ပိုင်းပြည်နယ်တစ်နယ်ဖြစ်သော ကရိုလိုင်းနား[၂] ၌စားနပ်ရိက္ခာ ပြတ်သွားခဲ့၏။ ထိုအခါ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံမှ ဆန်ကိုပင် အမေရိကန်သို့ တင်ပို့ရောင်းချခဲ့ကြပြန်သည်။ ၁၈၆၉ခုနှစ်တွင် စူးအက်တူးမြောင်း[၃] ဖေါက်လုပ်ပြီးစီးသွားသောအခါ၌ကား အင်္ဂလိပ်တို့သည် မြန်မာ့ဆန်ကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချရန် အခွင့်ကောင်းများ ရရှိသွားလေသည်။ မြန်မာနိုင်ငံမှ ဆန်ကို ဥရောပနိုင်ငံများသို့ ရက်အနည်းငယ်အတွင်း စရိတ်သက်သာစွာဖြင့်တင်ပို့ ရောင်းချခဲ့ခြင်းဖြင့် ယင်းတို့အတွက် များစွာအကျိုးဖြစ်ထွန်းကြလေသည်။

ယင်းသို့အင်္ဂလိပ်အစိုးရသည် အမြတ်အစွန်းများရရှိလာသဖြင့် ဆန်စပါးလုပ်ငန်းကို ထပ်မံတိုးချဲ့လုပ်ကိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ အိန္ဒိယအမျိုးသားများကို မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာကြပြန်သည်။ အိန္ဒိယအမျိုးသားများနှင့်အတူ ငွေတိုးချေးစားသောချစ်တီးများလည်းတစ်ပါတည်း ပါလာကြသည်။ မြန်မာတောင်သူ လယ်သမားကြီးများသည် အစပထမ၌ လယ်ယာလုပ်ကိုင်စားသောက်ခြင်းဖြင့် ချောင်လည်ခဲ့ကြသော်လည်း တိုင်းတစ်ပါးသားများက အပြိုင်အဆိုင်ဝင်ရောက်လုပ်ကိုင်လာခြင်း၊ အရင်းရှင်စနစ်၏ ခေါင်းပုံဖြတ်သွေးစုတ် ချယ်လှယ်မှုများကို အချိန်ကြာလာသည်နှင့်အမျှ ခံစားကြရခြင်းတို့ကြောင့်

---

၁။ Abraham Lincoln
၂။ Carolina
၃။ Suez Canal

ကြေးတင်လယ်ဆုံး၊ လူလုံးမလှဖြစ်ကာ ဆင်းရဲတွင်းနက်ခဲ့ရသည်။ အင်္ဂလိပ်နယ်ချဲ့ အုပ်စိုးမှုအောက်တွင် တောင်သူလယ်သမားများနှင့်တကွ မြန်မာပြည်သူတစ်ရပ်လုံး ဆင်းရဲဒုက္ခကို အလူးအလဲခံစားရသဖြင့် အင်္ဂလိပ်တို့အပေါ် မကျေမနပ်ဖြစ်ကာ မြန်မာတို့၏မျိုးချစ်စိတ်ဓါတ်နှင့် အမျိုးသားရေးစိတ်ဓါတ်များမှာလည်း အထူးတက်ကြွ နိုးကြားလာခဲ့သည်။

မြန်မာတို့၏ မျိုးချစ်စိတ်ကို တက်ကြွစေသောအခြားအကြောင်းတစ်ရပ်မှာ ၁၉၀၅ ခုနှစ်တွင် ဖြစ်ပွားသော ရုရှ–ဂျပန်စစ်ပွဲတွင် ဥရောပနိုင်ငံကြီးတစ်နိုင်ငံဖြစ်သော ရုရှနိုင်ငံကို အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဂျပန်နိုင်ငံက အနိုင်ရယူလိုက်ခြင်းပင်ဖြစ်သည်။ ယင်းစစ်ပွဲသည်အာရှတိုက်သားတို့၏ အစွမ်းအစမည့်ကြောင်း ပြသရာရောက်လေရာ အရှေ့တောင်အာရှတွင် တစ်ချိန်ကစစ်တံခွန်လွှင့်ခဲ့သော မြန်မာနိုင်ငံသည်လည်း ဥရောပတိုက်သားများဖြစ်သော အင်္ဂလိပ်နယ်ချဲ့သမားများအား စနစ်တကျတော်လှန်တိုက်ခိုက်လျှင် အောင်ပွဲရနိုင်သည်ဟု သဘောပေါက်ကာ မြန်မာနိုင်ငံသားတို့စိတ်ဓါတ်တက်ကြွလာခဲ့သည်။ [၁]

ထို့စဉ် ၁၉၁၈ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့၌ အမေရိကန်သမ္မတ ဝုဒ်ရိုးဝီလ်ဆင်[၂] ချမှတ်သော မူဝါဒ ၁၄ချက်တွင် ကမ္ဘာ့နိုင်ငံကြီးများနှင့် နိုင်ငံငယ်ကလေးများ၏ နိုင်ငံရေးလွတ်လပ်မှု၊ နယ်မြေအချုပ်အခြာပိုင်ဆိုင်မှုများအတွက် နိုင်ငံများပူးပေါင်းထားသည့်အဖွဲ့အစည်းတစ်ရပ် တည်ထောင်ဖွဲ့စည်းဆောင်ရွက်ရန်ဟူသော အချက်ပါဝင်ရာ မြန်မာတို့၏ ကိုယ်ပိုင်အုပ်ချုပ်မှုစိတ်ဓါတ်ကို နှိုးဆွလိုက်သကဲ့သို့ ဖြစ်လေသည်။ ထို့ပြင် ၁၉၁၇ခု၊ အောက်တိုဘာလတွင် ရုရှနိုင်ငံ၌ ဇာဘုရင်၏ပဒေသရာဇ်စနစ်ကို ရုရှအလုပ်သမား၊ လယ်သမားများက အောင်မြင်စွာ တွန်းလှန်လိုက်ကြသောကြောင့် ယင်းတော်လှန်ရေးကြီးကို မြန်မာနိုင်ငံအပါအဝင် အင်္ဂလိပ်လက်အောက်ခံကိုလိုနီနိုင်ငံများက နည်းယူကာ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်လိုသည့်စိတ်ဓါတ်များ ပေါ်ပေါက်လျက်ရှိလေသည်။

## ဝိုင်အမ်ဘီအေအသင်းနှင့် အမျိုးသားရေးလှုပ်ရှားမှု

မြန်မာတို့သည် အုပ်စိုးသူအင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်နိုင်ရေးအတွက်ရှေးဦးစွာနိုင်ငံရေးလှုပ်ရှားမှု၏ ရှေ့ပြေးလုပ်ငန်းရပ်များအဖြစ် ဘာသာရေးအသင်းအဖွဲ့များ ဘည်ထောင်ဖွဲ့စည်းကာ လူထုစည်းရုံးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ကြသည်။ ပုံစံအားဖြင့် မော်လမြိုင်မြို့တွင် သာသနာ့ဝရအသင်း၊ မြင်းခြံမြို့တွင်ဗုဒ္ဓဘာသာကလျာဏဝိတ္တအသင်း၊ မန္တလေးမြို့တွင် ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း၊ ပုသိမ်မြို့တွင် အာသောကအသင်းများဖြစ်သည်။

---

၁။ (က) Maung Htin Aung.The Stricken Peacock.p.100
(ခ) ဗိုလ်မှူးဘသောင်း–ဗမာ့တော်လှန်ရေးသမိုင်း၊ မျက် ၁၅၃–၁၅၄

၁၉၀၆ခုနှစ်တွင် ဝိုင်အမ်ဘီအေ[၁] ခေါ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာစသည့်လုပ်ငန်းများတွင် လူမှုဝန်ထမ်းလုပ်ငန်းပြင့်ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ရန်ဟူသော ယေဘူယျသတ်မှတ်ချက်များ ချမှတ်ကာ တည်ထောင် ဖွဲ့စည်း သည်။

ဦးဘဖေ၊ အမ်အေဦးမောင်ကြီး၊ ဒေါက်တာဦးဘရင်တို့သည် ဝိုင်အမ်ဘီအေအသင်းကို စတင်တည်ထောင်ဖွဲ့စည်းပြီးနောက် ခေတ်ပညာတတ် လူငယ်များဖြစ်ကြသော ဦးပု၊ ဦးသိန်းမောင်၊ ဦးစု၊ ဦးမေအောင်၊ ဦးမောင်မောင်အုံးခိုင်၊ ဦးဘစိ၊ ဦးသင်းမောင်၊ ဦးဘလှိုင်၊ ဦးစိန်လှအောင်စသော ထင်ရှားသည့်ပုဂ္ဂိုလ်များပါဝင်ဆောင်ရွက်လာကြသည်။

ဝိုင်အမ်ဘီအေအသင်း၏ ရှေးဦး အင်္ဂလိပ်ဆန့်ကျင်ရေး လှုပ်ရှားမှုမှာ ဥရောပတိုက် သားများ မြန်မာဘုရားစေတီပုထိုးများပေါ်သို့ ဘိနပ်စီးနင်းတက်ရောက်သည်ကို ကန့်ကွက် ခြင်းပင်ဖြစ်သည်။ ထိုစဉ်ကဘုရားစောင်းတန်းမုခ်ဝတို့တွင် " အင်္ဂလိပ်လူမျိုးများနှင့်ဥရောပ တိုက်သားများမှအပ မည်သူမျှဘိနပ်မစီးရ" ဟူသောစာတန်းများ ချိတ်ဆွဲထားသောအခါ သမယဖြစ်ရာ ယင်းသို့မြန်မာဘုရားစေတီပုထိုးများပေါ်သို့ အင်္ဂလိပ်လူမျိုးများနှင့် ဥရောပ တိုက်သားများ ဘိနပ်စီးနင်း၍ တက်ရောက်သည်ကို ပျဉ်းမနားမြို့၌ကျင်းပသော ဝိုင်အမ်ဘီအေအသင်းညီလာခံမှ စတင်ကန့်ကွက်ခဲ့လေသည်။

၁၉၁၈ခုနှစ်တွင် ပဲခူးမြို့၌ ငလျင်ပြင်းစွာလှုပ်သဖြင့် ရွှေမောဓောဘုရားပြိုကျ ပျက်စီး သွားခဲ့သည်။ မြန်မာပြည်ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်[၂] သည်ဘုရား ပေါ်တွင် ဘိနပ်စီးနင်း၍ အပျက်အစီးများကိုကြည့်ရှုလေသည်။ ယင်းပြုမူချက်မှာ အင်္ဂလိပ် တို့သည်မြန်မာတို့အား ကျွန်ပြုရုံသာမက သာသနာနှင့်ယဉ်ကျေးမှုကိုပါ စော်ကားရာ ရောက်သဖြင့် ဝိုင်အမ်ဘီအေအသင်းက ရန်ကုန်မြို့ဂျူဗလီဟော[၃]တွင် အစည်းအဝေးကျင်းပ ပြုလုပ်၍ ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြသည်။[၄] ဤသို့ဝိုင်အမ်ဘီအေ အသင်းသည် "ဘိနပ်ပြဿနာ" ကိုအကြောင်းပြု လှုံ့ဆော်လိုက်သဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသား ရေးစိတ်ဓါတ်များမှာ မြင့်မားတက်ကြွလာခဲ့ကြသည်။

ဤသို့လျှင်မြန်မာနိုင်ငံသားတို့သည် ဥပဒေဘောင်အတွင်းမှ နှလုံးရည်ဖြင့် တိုက်ပွဲ ဝင်နေစဉ် အင်္ဂလိပ်တို့က မြန်မာနိုင်ငံအား ရေရှည်ကျွန်ပြုနိုင်ရေးအတွက် အုပ်ချုပ်ရေး ပုံသဏ္ဍာန်အမျိုးမျိုးပြောင်းလဲ၍ အုပ်ချုပ်ခဲ့ကြပြန်သည်။ ၁၈၈၅ခုနှစ်တွင် မြန်မာတစ်နိုင်ငံ လုံးအင်္ဂလိပ်တို့လက်အောက် လုံးဝကျရောက်သွားသည့်အချိန်မှစ၍ မြန်မာတိုင်းရင်းသားများ ကသူ့ကျွန်မခံတော်လှန်ခဲ့ကြရာ အင်္ဂလိပ်တို့ကလည်း စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်၍

---

၁။ Young Men Buddhist Association(Y.M.B.A)

၂။ Sir Reginald Craddock ၃။ Jubilee Hall

၄။ ဗိုလ်မှူးဘသောင်း, ဗမာ့တော်လှန်ရေးသမိုင်း၊ မျက်-၁၆၄

တော်လှန်မှုများကို ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့ကြလေသည်။ တော်လှန်တိုက်ခိုက်မှုများ ငြိမ်သက်သွားသောအခါ စစ်အုပ်ချုပ်ရေးမှ ဗျူရိုကရေစီ[1] အုပ်ချုပ်ရေးအသွင်သို့ပြောင်းလဲ အုပ်ချုပ်ခဲ့ကြသည်။

၁၈၉၇ခုနှစ်တွင် အင်္ဂလိပ်တို့သည်မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံနှင့်ပူးပေါင်းလိုက်ပြီး နောက် အင်္ဂလိပ်ပိုင်အိန္ဒိယပြည်နယ် တစ်နယ်အဖြစ်သတ်မှတ်၍ ဒုတိယဘုရင်ခံတစ်ဦးက အုပ်ချုပ်ခဲ့သည်။ ထိုနှစ်မှစ၍ ဒုတိယဘုရင်ခံတစ်ဦးနှင့် အမတ် ၉ ဦးပါဝင်သော ဥပဒေပြု အဖွဲ့သည် မြန်မာနိုင်ငံကို ၁၀ နှစ်ကျော်ကျော်အုပ်ချုပ်ခဲ့ရာ ၁၉၀၉ခုနှစ်၌ မော်လီမင်တို ပြုပြင်ရေးစီမံကိန်းအရ[2] ဥပဒေပြုအဖွဲ့ကို အမတ် ၁၅ ယောက်အထိတိုးချဲ့ခဲ့သည်။ အမတ် ၁၄ ဦးကို ဒုတိယဘုရင်ခံ၏သဘောအတိုင်း ရွေးချယ်ခန့်ထားပြီး ကျန်၁ ဦးကို ဥရောပတိုက် သားကုန်သည်ကြီးများအသင်းက ရွေးကောက်တင်မြှောက်ကြလေသည်။[3]

ထိုစဉ်က အင်္ဂလိပ်အစိုးရသည် နီးကြားတက်ကြွသော အထက်တန်းလွှာ ပညာတတ် များကမိမိတို့အား ဆန့်ကျင်လိုစိတ်မရှိရလေအောင် အရေးမပါသော်လည်း လစာများများ ရသော ရာထူးအချို့ရရှိစေနိုင်သည့် အုပ်ချုပ်ရေးပုံစံများကို တစ်ခုပြီးတစ်ခုဖေါ်ထုတ်ပေးခဲ့ ကြသည်။

အိန္ဒိယပြည်သည် ၁၆၁၁ခုနှစ်မှ ၁၈၅၈ခုနှစ်အထိ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်တွင်လည်းကောင်း၊ ၁၈၅၈ခုနှစ်မှစ၍ အင်္ဂလိပ်အစိုးရ၏တိုက်ရိုက်အုပ်ချုပ် မှုအောက်တွင်လည်းကောင်းကျရောက်ခဲ့သဖြင့် အိန္ဒိယပြည်မျိုးချစ်တို့၏ နိုင်ငံရေးလှုပ်ရှားမှု အတွေ့အကြုံများသည် မြန်မာတို့ထက်စောခဲ့သည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေအသင်း ခေါင်း ဆောင်များသည် အိန္ဒိယပြည်မျိုးချစ်တို့၏ နိုင်ငံရေးလှုပ်ရှားမှုများကို လေ့လာဆောင်ရွက်ခဲ့ ကြသည်။

၁၈၈၅ခုနှစ်တွင် အိန္ဒိယမျိုးချစ်တို့သည် အိန္ဒိယပြည်၌ အိန္ဒိယအမျိုးသားကွန်ဂရက်[4] ကိုတည်ထောင်ဖွဲ့စည်း၍ နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုကို ဆန့်ကျင်လာကြသည်။ အိန္ဒိယ အမျိုးသား ကွန်ဂရက်၏ နိုင်ငံရေးထိုးနက်ချက်များသည် တစ်စတစ်စပြင်းထန်လာသည်တွင် အင်္ဂလိပ်တို့က အိန္ဒိယနိုင်ငံကို ရှည်ကြာစွာဆက်လက်အုပ်ချုပ်နိုင်ရေးအတွက် နည်းလမ်းရှာ လာကြတော့သည်။ ၁၉၁၇ခု၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် အင်္ဂလိပ်အစိုးရ၏ အိန္ဒိယပြည်ဆိုင် ရာအတွင်းဝန်ချုပ် မွန်တေဂူသည်[5] အိန္ဒိယပြည်ကို ကိုယ်ပိုင်အုပ်ချုပ် ရေးအဆင့်အတန်းသို့ ရောက်ရှိအောင်တစ်ဆင့်ပြီးတစ်ဆင့် တိုးပေးမည်ဟူသော အင်္ဂလိပ်အစိုးရ၏သဘောထားကို

---

၁။ Bureaucracy ၂။ Morley-Minto Reform

၃။ Maung Maung. Burma's Constitution. p.10

၄။ Indian National Congress

၅။ Sir Montagu

ထုတ်ပြန်ကြေညာလိုက်သည်။ [၁] ယင်းကြေညာချက် ပေါ်တွင် မူတည်၍ အိန္ဒိယနိုင်ငံနည်းတူ မြန်မာနိုင်ငံကိုလည်း ကိုယ်ပိုင်အုပ်ချုပ်ရေး အဆင့်အတန်းသို့ရောက်ရှိအောင် ထည့်သွင်းစဉ်းစားရေးအတွက် အိန္ဒိယပြည်ရှိ အတွင်းဝန်ချုပ် မွန်တေဂုထံ ဝိုင်အမ်ဘီအေအသင်းမှ ဦးဘဖေ၊ ဦးမေအောင်၊ ဦးစုတို့သွားရောက်၍ တောင်းဆိုကြသည်။ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ချုပ်က မြန်မာပြည် ကိုထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ပြောကြားလိုက်လေသည်။ [၂]

သို့သော် ၁၉၁၈ ခု ဇွန်လတွင် မွန်တေဂု– ချမ်း(စ)ဖို့ဒ် ပြုပြင်ရေးအစီရင်ခံစာ[၃] ထွက်ပေါ်လာသောအခါ ယင်းအစီရင်ခံစာ၌ အိန္ဒိယပြည်အတွက် အုပ်ချုပ်ရေးပြုပြင်ရေး အကြံပေးချက်များ အကျယ်တဝင့် ရေးသားဖော်ပြထားသော်လည်း မြန်မာပြည်အတွက်ကိုမူ အုပ်ချုပ်ရေးပြုပြင်ပေးရန် ထောက်ခံခြင်းမရှိဘဲ ချန်လှပ်ထားခဲ့လေသည်။ ယင်းသို့ ချန်လှပ်ထားသည်ကို ဝိုင် အမ် ဘီ အေ အသင်းနှင့် မြန်မာနိုင်ငံသားများက လုံးဝ မကျေနပ်ကြချေ။

၁၉၁၈ ခုဒီဇင်ဘာလတွင် မြန်မာပြည်ဘုရင်ခံ ဆာရက်ဂျီနယ်ကရက်ဒေါက်က လည်း မြန်မာပြည်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ကရက်ဒေါက်စီမံကိန်းကို [၄] ထုတ်ပြန်ကြေညာပြန်သည်။ ကရက်ဒေါက်စီမံကိန်းသည် မြန်မာပြည်အတွက် မွန်တေဂု ချမ်း(စ)ဖို့ဒ် ပြုပြင်ရေး အစီရင်ခံစာလောက်မျှပင် အကျိုးမရှိသဖြင့် ယင်းစီမံကိန်းကို ဝိုင် အမ် ဘီ အေ အသင်းကြီးက မြန်မာပြည်တစ်ဝှမ်းလုံးတွင် အစည်းအဝေးများကျင်းပပြုလုပ်ပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။

၁၉၁၉ခု ဇူလိုင်လ ၇ ရက်နေ့တွင် ကရက်ဒေါက်စီမံကိန်းကို ကန့်ကွက်ရန်နှင့် မြန်မာပြည်အတွက် ရသင့်ရထိုက်သော အုပ်ချုပ်ရေး အခွင့်အရေးများတောင်းဆိုရန် ဝိုင် အမ် ဘီ အေ အသင်းမှ ဦးဘဖေ၊ ဦးပု ၊ ဦးထွန်းရှိန်တို့အား လန်ဒန်မြို့သို့ စေလွှတ်လိုက်လေသည်။ ယင်းကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့တွင် ၇ လကြာမြင့်စွာ နေထိုင်ပြီး မြန်မာ ပြည် အရေးကို အင်္ဂလိပ်ပါလီမန်မှတစ်ဆင့် အင်္ဂလိပ်လူထုအား တင်ပြနိုင်ခဲ့ကြသည်။

၁၉၂၀ ခု၊ မေလတွင် ဝိုင် အမ် ဘီ အေအသင်းမှ ဦးဘဖေ၊ ဦးပု၊ ဦးသိန်းမောင် တို့သည် လန်ဒန်မြို့သို့ ဒုတိယအကြိမ်သွားရောက်ကြပြန်သည်။ ယင်းအဖွဲ့သည် ကရက်ဒေါက် စီမံကိန်းကိုကန့်ကွက်ပြီး အိန္ဒိယပြည်တွင် အတည်ပြုပြဋ္ဌာန်းလိုက်သော ဒိုင်အာခီ[၅] အုပ်ချုပ်ရေးကဲ့သို့

---

၁။ Percivall Griffiths. The British Impact on India.p.300

၂။ Maung Maung. Burma's Constitution. p.13

၃။ Montagu-Chelmsford Reforms

၄။ Craddock Scheme

၅။ Dyarchy

မြန်မာပြည်ကိုလည်း အိန္ဒိယပြည်မှခွဲထုတ်၍ ဒိုင်အာခီအုပ်ချုပ်ရေး* ပေးအပ်ရန် တင်ပြတောင်းဆိုခဲ့ကြလေသည်။ [၁]

## ဝိုင်အမ်ဘီအေ မှ ဂျီစီဘီအေ

ဝိုင်အမ်ဘီအေ အသင်းသည် နိုင်ငံရေးလှုပ်ရှားမှုများကို ဥပဒေ ဘောင်အတွင်းမှ ဆောင်ရွက်လာရာ ၁၉၂၀ ပြည့်နှစ် ၊ စက်တင်ဘာလတွင် ပြည်မြို့၌ကျင်းပပြုလုပ်သော ဝိုင်အမ်ဘီအေ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးက နိုင်ငံရေးလှုပ်ရှားမှုများကိုပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်ဖြင့် ဝိုင်အမ်ဘီအေ အသင်းကို ဂျီစီဘီအေ[၂] ခေါ်မြန်မာအသင်းချုပ်ကြီးအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ဆုံးဖြတ်လိုက်ကြ လေသည်။ [၃]

ဂျီစီဘီအေအသင်းသည် နိုင်ငံရေးလှုပ်ရှားမှုများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်ဟူသောရည်မှန်းချက်ဖြင့် ဖွဲ့စည်းထားသည့်အားလျော်စွာ ဒိုင်အာခီ အုပ်ချုပ်ရေးပေးရန်စုံစမ်းရေးအတွက် မြန်မာပြည်သို့ စေလွှတ်လိုက်သော ဆာ ၊ အေ ၊ အက်ဖ် ဝှိုက်[၅] ကော်မတီအားသပိတ်မှောက် ဆန္ဒပြလိုက်ကြသည်။ မြန်မာတို့သည် ယခင်အင်္ဂလိပ်များသာ အုပ်ချုပ်ရာမှအရေးမပါသော ရာထူးအချို့အား မြန်မာများကိုပါပူးတွဲအုပ်ချုပ်စေမည့် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို လက်မခံလိုကြပေ။

၁၉၂၂ ခုနှစ်တွင် အင်္ဂလိပ် ပါလီမန်က မြန်မာပြည်အား ဒိုင်အာခီအုပ်ချုပ်ရေးပေးရန် အတည်ပြုလိုက်သောအခါ ဂျီစီဘီအေအသင်းသည် သရက်မြို့တွင် အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်ပြီး ဒိုင်အာခီအုပ်ချုပ်ရေး အတည်ပြုချက်ကို ကန့်ကွက်ကာ ဟုမ်ရူး[၅] ခေါ်ကိုယ်ပိုင်အုပ်ချုပ်ရေးကိုတောင်းဆိုခဲ့သည်။ ထိုမျှမက ဂျီစီဘီအေအသင်းသည် ၁၉၂၀ပြည့် နှစ် ဒီဇင်ဘာလတွင် မြန်မာပြည်သို့လာရောက် လည်ပတ်သော ဝေလမင်းသား[၆] အားကြိုဆိုသည့် အခမ်းအနားတွင် ပါဝင်ခြင်းမပြုဘဲ သပိတ်မှောက်ခြင်းဖြင့် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်ကို ပေါ်ထုတ်လိုက်ကြသည်။

၁၉၂၃ ခု ဇန်နဝါရီလ ၁ ရက်နေ့တွင်အင်္ဂလိပ်အစိုးရသည် မြန်မာပြည်အား ဒိုင်အာခီအုပ်ချုပ်ရေး ပေးအပ်ခဲ့သည်။ ထိုစဉ် ဂျီစီဘီအေအသင်းသည် ဒိုင်အာခီအုပ်ချုပ်ရေးအရ ကျင်းပမည့် ဥပဒေပြုကောင်စီရွေးကောက်ပွဲများကို သပိတ်မှောက်ရန် ၁၉၂၂ ခု ဧပြီလ ၁၇

---

*အိန္ဒိယပြည်ရှိပြည်နယ်များတွင် ၁၉၁၉ခုနှစ်မှစတင်၍ ဒိုင်အာခီစနစ်ဖြင့်အုပ်ချုပ်သည်။

၁။ J.F.Cady. A History of Modern Burma.p.209

၂။ General Council of Burmese Association( G.C.B.A )

၃။ Maung Maung. Burma's Constitution. p. 15

ရကဲနေတွင် ဂျူဗလီဟော၌ကျင်းပသော အစည်းအဝေးကြီးမှ ဆုံးဖြတ်လိုက်လေသည်။ သို့သော် ဂျီစီဘီအေအသင်းတွင် ရွေးကောက်ပွဲကို သပိတ်မှောက်လိုသော ဦးချစ်လှိုင်၊ သာယာဝတီဦးပု၊ ဦးထွန်းအောင်ကျော်တို့၏ (လှိုင် ပု ကျော် )ပါတီ နှင့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော ဦးဘပေအမှူးပြုသည့် (၂၁ ဦးပါတီ)ဟူ၍ နှစ်ခြမ်းကွဲခဲ့ရသည်။[၁] ယင်းသို့ နှစ်ခြမ်းကွဲရသည့်အကြောင်းရင်းမှာ လှိုင် ပု ကျော် ပါတီမှ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်မခံဘဲ ဥပဒေပြုကောင်စီကို သပိတ်မှောက်တိုက်ပွဲဝင်လိုကြသည့် ဆန္ဒရှိကြပြီး ၂၁ ဦးပါတီကမူ ဒိုင်အာခီအုပ်ချုပ်ရေးနယ်အတွင်း ဝင်ရောက်၍ နိုင်ငံရေးအရ ပူးသတ်တိုက်ပွဲဝင်လိုကြခြင်း တို့ကြောင့်ပင်ဖြစ်သည်။

ဤသို့ ဒိုင်အာခီအုပ်ချုပ်ရေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ဂျီစီဘီအေအသင်းကြီးတွင် လှိုင် ပု ကျော် ဂျီစီဘီအေနှင့် ၂၁ ဦးပါတီ ဂျီစီဘီအေ ဟူ၍နှစ်ခြမ်းကွဲခဲ့ရခြင်းသည် မြန်မာတို့ ညီညွတ်စွာ ပူးပေါင်းဖွဲ့စည်းထားသော နိုင်ငံရေးအင်အားစုကြီး၏ အင်အားဆုတ်ယုတ်ရန် လမ်းစပင်ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရကို နိုင်ငံရေးအရ တိုက်ပွဲဝင် နေသော မြန်မာတို့၏အမျိုးသားရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုများသည်မှေးမှိန်သွားခြင်း မရှိသော်လည်း ထိရောက်မှုကိုကား အားပျော့သွားစေခဲ့သည်။

လှိုင် ပု ကျော်ပါတီသည် ယင်း၏မူဝါဒအတိုင်း အင်္ဂလိပ်အစိုးရက ကျင်းပသော ရွေးကောက်ပွဲများကို သပိတ်မှောက်စဉ်အခါ ၂၁ ဦးပါတီကလည်း ယင်း၏မူဝါဒအရ ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခြင်းဖြင့် ဟုမ်းရူးရရှိရေးကို တောင်းဆိုကြသည်။[၂] ၁၉၂၂ ခုနှစ်ဝင်ဘာလတွင် ကျင်းပသော ဒိုင်အာခီအုပ်ချုပ်ရေးအရ ၊ ဥပဒေပြုလွှတ်တော် ပထမ အကြိမ် ဥပဒေပြုကောင်စီ ရွေးကောက်ပွဲတွင် အမတ်ဦးရေ ၇၉ ဦးအနက် ၂၁ ဦးပါတီမှ အမတ် ၂၈ ဦးအရွေးခံကြရလေသည်။[၃]

ထိုစဉ်က ဦးချစ်လှိုင် ဦးဆောင်သော လှိုင် ပု ကျော် ဂျီစီဘီအေကို ဝံသာနု ဂျီစီဘီအေ ဟုလည်းခေါ်တွင်ပြီး ယင်း၏လှုံ့ဆော်စည်းရုံးအားပေးမှုကြောင့် ၁၉၂၃ ခုနှစ်တွင် "အစိုးရနှင့်မဆက်ဆံဘူး"ဟူသောကြွေးကြော်သံဖြင့် "ဘူး"အသင်းများပေါ်ပေါက် လာခဲ့သည်။ သို့သော် နယ်ချဲ့အင်္ဂလိပ်အစိုးရက "ဘူး"အသင်းများကို မတရားအသင်းဟူ၍ ကြေညာဖျက်သိမ်းခဲ့သည်။

၁၉၂၅ ခုနှစ်တွင် ရွှေဘိုမြို့၌ကျင်းပပြုလုပ်သော ၁၂ ကြိမ်မြောက် ဂျီစီဘီအေ အသင်းအစည်းအဝေးမှ ဦးချစ်လှိုင်အား ဥက္ကဋ္ဌအဖြစ်မတင်မြှောက်ဘဲ ဦးစိုးသိန်းအားတင်

---

၁။ Maung Maung. Burma's Constitution. p. 19

၂။ J.F.Cady.A History of Modern Burma.pp.245,251

၃။ Ibid. p.241

မြှောက်လိုက်သဖြင့် ဦးချစ်လှိုင်သည် အညမည သမ္မန္တအဖွဲ့ဟူ၍ သီးခြားဂျီစီဘီအေအသင်းကို တည်ထောင်ဖွဲ့စည်းသည်။ ထိုမျှမက ဝံသာနုဂျီစီဘီအေအသင်းမှပင် သာယာဝတီဦးပု ခေါင်းဆောင်သော ဟုမ္မရူးပါတီ၊ ဦးတုတ်ကြီးခေါင်းဆောင်သော သ–ရာဇပါတီ ဟူ၍ ဂျီစီဘီအေအသင်းများ ထပ်မံကွဲသွား ပြန်သည်။ [၂]

ယင်းသို့ ဂျီစီဘီအေ အသင်းကြီးသည် ဂိုဏ်းအမျိုးမျိုးကွဲလျက် အင်အားဆုတ်ယုတ်လာသောအခါ မြန်မာနိုင်ငံသူနိုင်ငံသားတို့မှာ မူလက ဒိုင်အာခီ အုပ်ချုပ်ရေးကို ကျေနပ်ခြင်း မရှိသော်လည်း ဝံသာနု ဂျီစီဘီအေမှ ရွေးကောက်ပွဲများကို သပိတ်မှောက်သော ခေါင်းဆောင်အချို့ပင် ဒိုင်အာခီအုပ်ချုပ်ရေးဘက်သို့ ယိမ်းယိုင်လာသဖြင့် ဒိုင်အာခီအုပ်ချုပ်ရေးကိုပင် အာရုံစိုက်လာကြလေသည်။

၁၉၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ဒိုင်အာခီလွှတ်တော်ရွေးကောက်ပွဲတွင် ၂၁ ဦးပါတီအပြင် ဝံသာနုဂျီစီဘီအေမှ ဟုမ္မရူးပါတီ ၊ သ–ရာဇပါတီ တို့လည်း ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြသည်။ [၃] ရွေးချယ်ခံရသော အမတ်များသည် လည်း အင်္ဂလိပ်အစိုးရကို ပိုမိုဆန့်ကျင်လာကြလေသည်။

ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို တိုက်ရာတွင် အတိုက်အခံအမတ်များသည် လွှတ်တော်ထဲမှ ၃ ကြိမ်တိုင်တိုင် ထွက်ခွာသွားကြခြင်းဖြင့်အင်္ဂလိပ်အစိုးရကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ၁၉၂၆ ခု၊ မတ်လ ၅ ရက်နေ့တွင်ကြီးပွားရေးမင်းကြီးဟူ၍ အပိုသက်သက်ခန့်ထားသော ရာထူးကိုပယ်ဖျက်ရန် အဆိုတင်သွင်းသောအခါ အင်္ဂလိပ်အစိုးရက ကန့်ကွက်သဖြင့် ၂၁ ဦးပါတီ၊ ဟုမ္မရူးပါတီနှင့် သ–ရာဇပါတီတို့မှ အမတ်များမကြေမနပ်ဖြစ်ကာ လွှတ်တော်ထဲမှ ပထမအကြိမ်ထွက်ခွာသွားကြသည်။ ၁၉၂၇ ခု၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နိုင်ငံရေးအမှုဖြင့် ထောင်ထဲတွင်အကျဉ်းခံနေရသော ဦးဥတ္တမကိုယ်တော်နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီး ဆာ၊ ဂျေ၊ အေ မောင်ကြီးက မရိုမသေပြောဆိုသဖြင့် မခံမရပ်နိုင်ဖြစ်ကာ အတိုက်အခံအမတ်များက အင်္ဂလိပ်အစိုးရ၏အပြုအမူမှာ တိုင်းပြည်၏ဆန္ဒကို ဖိနှိပ်နေခြင်း ဖြစ်ကြောင်း အကြောင်းပြလျက် ဒုတိယအကြိမ် လွှတ်တော်ထဲမှ ထွက်ခွာသွားခဲ့ကြသည်။ ၁၉၂၇ ခု၊ ဇူလိုင်လ ၉ ရက်နေ့တွင် အတိုက်အခံအမတ်များက အင်္ဂလိပ်အစိုးရ၏ အပြုအမူမှာ တိုင်းပြည်၏ဆန္ဒကို ဖိနှိပ်ခြင်းဖြစ်ကြောင်း အကြောင်းပြလျက် လွှတ်တော်ထဲမှ တတိယအကြိမ် ထွက်ခွာသွားကြလေသည်။ [၄]

---

၁။ သ ရာဇပါတီသည်အိန္ဒိယပြည်တွင်ပေါ်ပေါက်လာသော ဆွာရတ်ဂျ် (swaraj) ပါတီ၏အမည်ကိုယူသောပါတီဖြစ်သည်ယင်းပါတီ၏ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံ၍ ကိုယ်ပိုင် အုပ်ချုပ်ရေးကိုတောင်းဆိုရန်ဖြစ်သည်။

၂။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၃၊ မျက် ၁၂၈

၃။ ဦးထွန်းသန်း– နိုင်ငံရေးရှင်းတမ်း ၊ မျက်– ၁၇၂

၄။ ယင်း၊ မျက်– ၁၇၅–၁၇၆

ဤသို့လျှင် အင်္ဂလိပ်အစိုးရသည် ယင်းတို့ချမှတ်ထားသော ဥပဒေဘောင်အတွင်းမှ မြန်မာတို့၏တက်ကြွသော အမျိုးသားရေးစိတ်ဓါတ်နှင့် တိုးတက်လာသောနိုင်ငံရေးအမြင်ဖြင့် ဆန့်ကျင်တိုက်ခိုက်မှုများကို ရင်ဆိုင်ကြရလေသည်။

ဂျီစီဘီအေအသင်းသည် လွှတ်တော်တွင်းမှ နယ်ချဲ့အင်္ဂလိပ်အား အခါအား လျော်စွာ တိုက်ခိုက်နေစဉ် ၁၉၂၈ ခုနှစ်၌ တောင်ငူမြို့တွင်ကျင်းပသည့် ဦးစိုးသိန်းဂျီစီဘီအေ အစည်းအဝေး၌ ဂျီစီဘီအေအသင်းမှာ ထပ်မံ၍ဂိုဏ်းကွဲခဲ့ရပြန်သည်။ ယင်းအစည်းအဝေး တွင် အကယ်၍အင်္ဂလိပ်အစိုးရသည် တိုင်းသူပြည်သားတို့၏ ဆန္ဒနှင့်ဆန့်ကျင်လျက် မြန်မာ ပြည်ကို အိန္ဒိယပြည်မှခွဲထုတ်လျှင် ဦးစိုးသိန်း၏နိုင်ငံရေးအယူအဆအရ အခွန်မပေးရေး၊ အာဏာဖီဆန်ရေး၊ အစိုးရနှင့် မဆက်ဆံရေးအဆိုများကို ဆုံးဖြတ်ခဲ့ကြသည်။ ဆရာတော် အချို့က ယင်းဆုံးဖြတ်ချက်များမှာ နိုင်ငံရေးအကြမ်းဖက်မှုများဖြစ်သည်ဟု ယူဆကာ ဦးစိုးသိန်းဂျီစီဘီအေအသင်းမှ ခွဲထွက်ကြသည်။ ထို့နောက် ဂျာမဏီပြန်ဦးစုအား ဥက္ကဋ္ဌ အဖြစ်တင်မြှောက်ပြီး ဦးစုဂျီစီဘီအေကို တည်ထောင်လိုက်ကြသည်။ ထိုစဉ်က ဦးစိုးသိန်း ဂျီစီဘီအေတွင် နောင်အခါ တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင်ကြီးဟု ထင်ရှား မည့်ဆရာစံမှာ အရေးပါသူအသင်းဝင်တစ်ဦးဖြစ်လေသည်။ [၁]

၁၉၂၉ ခု ၊ ဇန်နဝါရီလတွင် အင်္ဂလိပ်အစိုးရသည် ဆာဂျွန်ဆိုင်မွန် [၂] ခေါင်းဆောင် သော ဆိုင်မွန်ကော်မရှင် [၃] အဖွဲ့ကို မြန်မာပြည်သို့စေလွှတ်၍ ဒိုင်အာခီအုပ်ချုပ်ရေးကို လေ့လာ သုံးသပ်စေခဲ့သည်။ ယင်းကော်မရှင်သည် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်သင့်ကြောင်း အစီရင်ခံစာတင်သွင်းလိုက်ရာ [၄] မြန်မာပြည်ရှိ နိုင်ငံရေးအဖွဲ့အစည်းများအတွင်းသို့ ခွဲရေး ၊ တွဲရေး ပြဿနာများဝင်ရောက်လာပြန်သည်။ ထိုစဉ်က ဦးချစ်လှိုင် ဂျီစီဘီအေ ၊ ဦးစိုးသိန်း ဂျီစီဘီအေ၊ဦးစုဂျီစီဘီအေ တို့သည် အိန္ဒိယပြည်နှင့်တွဲရေးကို ထောက်ခံဆောင်ရွက်ကြပြီး ၊ ၂၁ ဦးပါတီ ဂျီစီဘီအေကမူခွဲရေးကို ထောက်ခံဆောင်ရွက်ခဲ့ကြသည်။ ဤဖြစ်ရပ်မှာ နယ်ချဲ့ ပရိယာယ်ကြောင့် မြန်မာခေါင်းဆောင်များ စိတ်ဝမ်းကွဲခဲ့ရခြင်းဖြစ်သည်။

ဤသို့ ခွဲရေးတွဲရေးပြဿနာများကို အခြေအတင် ပြောဆိုဆောင်ရွက်နေစဉ် အင်္ဂလိပ် အစိုးရသည် ၁၉၃၅ ခု ၊ မြန်မာပြည်အက်ဥပဒေအရ မြန်မာပြည်အား အိန္ဒိယပြည်မှ ခွဲထုတ်၍ ၉၁ ဌာန အုပ်ချုပ်ရေးပေးအပ်လိုက်သောအခါ ဂျီစီဘီအေ အသင်းများ၏ လှုပ်ရှားမှု များမှာလည်း မှေးမှိန်ပျောက်ကွယ် သွားခဲ့ ရသည်။ ထိုအချိန်တွင် မြန်မာပြည်နိုင်ငံရေးလှုပ် ရှားမှုများ၌ အသွင်သစ်၊ အမြင်သစ်၊ အတွေးသစ်များဖြင့်အမျိုးသားရေးလှုပ်ရှားမှုများကို ဦး ဆောင်သွားမည့် တို့ဗမာအစည်း အရုံးသည်လည်း ပြည်သူတို့အတွင်းစည်းရုံးအားယူလျက်ရှိ လေသည်။

---

၁။ ဦးဘခိုင် – မြန်မာပြည်နိုင်ငံရေးရာဇဝင် မျက် – ၁၂၃ ၂။ Sir John Simon

၃။ Simon Commission

၄။ F.Burton Leach. The Future of Burma. p.46

## ၁၉၂၀ ၊ တက္ကသိုလ်ကျောင်းသားသပိတ်

အမျိုးသားရေးစိတ်ဓါတ်နှင့် အမျိုးသားရေးလှုပ်ရှားမှုများကို ပိုမိုတက်ကြွလာစေ
သောလှုံ့ဆော်မှုတစ်ရပ်မှာ ၁၉၂၀ပြည့်နှစ် တက္ကသိုလ်ကျောင်းသား သပိတ်ပင်ဖြစ်သည်။
ယင်းသပိတ်သည် နယ်ချဲ့အင်္ဂလိပ်၏ ကျွန်ပညာရေးစနစ်ကို တွန်းလှန်ရန် ကြိုးပမ်းသော ရှေ
ပြေးလှုပ်ရှားမှု တစ်ရပ်ဖြစ်၏။ ၁၉၂၀ ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် ရန်ကုန်မြို့ရှိ ရန်ကုန်
ကောလိပ်နှင့် ယုဒသန်ကောလိပ်[၁] တို့ကိုပူးပေါင်း၍ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ရန်စီစဉ်
လသည်။ ယင်းအစီအစဉ်အရ ၁၉၂၀ ခု၊ တက္ကသိုလ် အက်ဥပဒေ[၂] ကိုထုတ်ပြန်ကြေညာရာ၌
ရန်ကုန်မြို့ တွင်သာထားရှိမည့် တစ်ခုတည်းသော တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြား
မည့် ကျောင်းသားဦးရေကို ကန့်သတ်ထားပြီး တက်ရောက်ပညာ သင်ကြားခွင့်ရသူများမှာ
လည်း ကျောင်းအိပ်ကျောင်းစား များသာ ဖြစ်ရမည်ဟု ဖေါ်ပြထားလေသည်။ [၃]ထို့ပြင်အစိုးက
ကျင်းပပြုလုပ်သော ဆယ်တန်းစာမေးပွဲကို အောင်မြင်စေကာမူ တက္ကသိုလ်ပညာကို တိုက်
ရိုက်ဆက်လက်သင်ကြားခွင့် မရရှိသေးဘဲ ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေ၍ အရည်အချင်း
ပြည့်ဝပြီဟု သက်ဆိုင်ရာက အသိအမှတ်ပြုသည့်အခါမှသာ တက္ကသိုလ်ပညာကို ဆက်လက်
သင်ကြား ခွင့်ရမည်စသည့် အချက်များပါရှိလေသည်။ [၄]

နယ်ချဲ့ အင်္ဂလိပ်အစိုးရပေးလိုသည့် ပညာရေးစနစ်မှာ ယင်းတို့အသုံးချနိုင်ရုံသာ
တတ်မြောက်စေလိုသော ကျွန်ပညာရေးစနစ်ဖြစ်သည်။ မြန်မာလူငယ်တို့ အသိအမြင်ဗဟုသု
တကြွယ်ဝလာပြီး ယင်းတို့အုပ်စိုးမှုကို တော်လှန်လိုသည့်အယူအဆ အတွေးအခေါ်များဝင်
ရောက် လာမည်ကိုအားမပေးလိုကြပေ။ သို့သော် ၁၉၂၀ ခုတက္ကသိုလ်အက်ဥပဒေသည်
တက္ကသိုလ်ပညာကိုချမ်းသာကြွယ်ဝသော သူများ၏သားသမီးများသာ တက်ရောက်သင်
ကြားနိုင်၍ ဆင်းရဲနွမ်းပါးသူလူများစု၏ သားသမီးများအတွက်မူ တက်ရောက်သင်ကြားခြင်းမ
ပြုနိုင်အောင်စီစဉ်ထားလေသည်။ ထို့ကြောင့် ၁၉၂၀ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင်
ကောလိပ်ကျောင်းသူကျောင်းသားများသည် တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကာ သပိတ်
မှောက်ပြီ ဖြစ်ကြောင်းကြေညာခဲ့ကြသည်။ [၅]

၁၉၂၀ပြည့်နှစ် ၊ တက္ကသိုလ်ကျောင်းသားသပိတ်သည် မြန်မာတစ်ပြည်လုံးရှိ
ကျောင်းများသို့ ကူးစက်ပြန့်ပွားသွားရာ မြို့တိုင်းရှိ ကျောင်းသူကျောင်းသားများနှင့် ပြည်သူ

---

၁။ Judson College

၂။ The University Act of 1920

၃။ N. C. Sen. A Peep to Burma Politics. P. 9

၄။ ဦးဘဦး- ( ကျွန်ပ်ကိုယ်တိုင်ခေါင်းဆောင်ခဲ့သော ၁၉၂၀ ပြည့် နှစ်ကျောင်းသားသပိတ် ) အမျိုးသားနေ့ ရွှေရတုသဘင်အထိမ်းအမှတ်စာစောင်၊ ရန်ကုန်၊ ၁၉၇၀၊ မျက် ၂၅-၂၆

၅။ ဗိုလ်မှူး ဘသောင်း- ဗမာ့တော်လှန်ရေးသမိုင်း၊ မျက်- ၁၈၈

လူထုကိုပါ အမျိုးသားရေးစိတ်ဓါတ်၊ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးစိတ်ဓါတ်များ တိုးတက်မြင့်မားလာစေခဲ့သည်။ တက္ကသိုလ်ကျောင်းသားသပိတ်သည် ဂျီစီဘီအေအသင်းနှင့် မြို့တိုင်နယ်တိုင်းမှ ပြည်သူလူထု၏ အားပေးကူညီမှုများကြောင့် အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်များ ပေါ်ပေါက်လာသည်အထိ အကျိုးသက်ရောက်ခဲ့လေသည်။

ယင်းသို့ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားသပိတ်သည် အမျိုးသားရေစိတ်ဓါတ်မြင့်မားရေးအတွက် လှုံ့ဆော်ပေးလိုက်သဖြင့် တက္ကသိုလ်ကျောင်းသားသပိတ်စတင်သည့် ၁၉၂၀ ပြည့် နှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ (၁၂၈၂-ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုး သားနေ့ဟူ၍ သတ်မှတ်ရန် ၁၉၂၁ ခုနှစ်တွင် မန္တလေးမြို့ ဦးကျင်းပသော ဂျီစီဘီအေ နဝမအကြိမ်အစည်းအဝေးက အဆိုပြုခဲ့ရာ[၁] တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် အမျိုးသားနေ့အဖြစ်ယနေ့တိုင် ဥဒါန်း တွင်လျက်ရှိလေသည်။

## ဦးဥတ္တမနှင့် ဦးဝိစာရ

နယ်ချဲ့ အင်္ဂလိပ်အုပ်စိုးမှုကိုဆန့်ကျင်သောအမျိုးသားရေးလှုပ်ရှားမှုများတွင် ရဟန်းတော်များပါ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထင်ရှားသောရဟန်းတော်များမှာ ဦးဥတ္တမနှင့် ဦးဝိစာရတို့ဖြစ်ကြသည်။ အင်္ဂလိပ်အစိုးရအား အခွန်မပေးရေးနှင့် စပ်လျဉ်း၍ "လိပ်ကိုအခွံခွါမှသေမည်" ဟူ၍လည်းကောင်း၊ ကရက်ဒေါက်စိမ်ကိန်းကို ရေးဆွဲခဲ့သည့် ဘုရင်ခံအား "ကရက်ဒေါက်ပြန်သွား"ဟူ၍လည်းကောင်း၊ ကြွေးကြော်ကာ နယ်ချဲ့ ဆန့်ကျင်ရေးတွင် နိုင်ငံရေးအားဖြင့် ရှေ့တန်းမှ ခေါင်းဆောင်တိုက်ခိုက်ခဲ့သူ ဆရာတော်ဦးဥတ္တမသည် ဥရောပတိုက် အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယပြည်၊ ဂျပန်ပြည်စသည့်နိုင်ငံများသို့ သွားရောက်၍ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို လေ့လာဆည်းပူးခဲ့လေသည်။ ဆရာတော်သည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် နေထိုင်စဉ်အတွင်း အိန္ဒိယအမျိုးသား ကွန်ဂရက်၏ လှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်ခဲ့သည်။

၁၉၁၈ခုနှစ်တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသော ဦးဥတ္တမသည် အမျိုးသားရေး လှုပ်ရှားမှုများနှင့် အင်္ဂလိပ်ဆန့်ကျင်ရေး တိုက်ပွဲများတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်လေသည်။ ဆရာတော်သည် ဦးစွာ ဝိုင်အမ်ဘီအေ အသင်းတွင်ဝင်ရောက်ပြီးရဟန်းသံဃာတော်များအား မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲ၌ အသင်းအဖွဲ့များ ဖွဲ့စည်း၍ ပါဝင်ဆောင်ရွက်သင့်ကြောင်း၊ ဝိုင်အမ်ဘီအေအသင်းနှင့် တွဲဖက်ဆောင်ရွက်သင့်ကြောင်းများကို အစည်းအဝေးများတွင်ဟောပြောခြင်း၊ သတင်းစာများမှ ရေးသားခြင်းတို့ဖြင့် လှုံ့ဆော်

---

၁။ Maung Maung. Burma's Constitution. P. 16

ဂိုက်တွန်းသည်။ ဆရာတော်၏ လှုံ့ဆော်မှုကြောင့်ပင် မြန်မာပြည်အဝှန်းတွင် သံဃာ့ ပမဂ္ဂီအသင်းအဖွဲ့များ ပေါ်ပေါက်ခဲ့လေသည်။[1]

၁၉၂၀ ပြည့်နှစ်တွင် ဆရာတော် ဦးဝိစာရသည် ဦးဥတ္တမနှင့် ဆက်သွယ်မိပြီး အနယ် ယ်အရပ်ရပ်တွင် နိုင်ငံရေးတရားများ လှည့်လည်ဟောပြောသည်။ ၁၉၂၂ခုနှစ်တွင် ဦးဝိစာရ သည် ဆရာတော် ဦးဥတ္တမ၏စီစဉ်ချက်အရ၊ အိန္ဒိယပြည် ဂါယာမြို့ ၌ကျင်းပသော အိန္ဒိယ ဓမျိုးသားကွန်ဂရက်ညီလာခံကြီးသို့ ကွန်ဂရက်ပါတီ၏ နိုင်ငံရေးလုပ်နည်းလုပ်ဟန်များကို းလေ့လာရန်နှင့် နိုင်ငံရေးအဆက်အသွယ်ရယူရန်အတွက် တက်ရောက်ခဲ့လေသည်။[2]

၁၉၂၆ ခုနှစ်တွင် ဦးဝိစာရသည် လက်ပံတန်းမြို့နယ် ဝနော်ညောင်ကုန်းကျေးရွာ၌ ကျင်းပပြုလုပ်သော ဝံသာနုအသင်း ကျေးရွာအစည်းအဝေးတရားပွဲ၊ သာယာဝတီခရိုင် ဆနောင်းကုန်း(အင်းရွာ) တရားပွဲ၊ မန်ကျည်းကုန်း (အင်းဝ) တရားပွဲများ၌ နယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ပြည်သူတို့ ခံစားနေရသည့်ဆင်းရဲဒုက္ခများကို ထည့်သွင်းဟော ပြောသည့်အတွက် ဖမ်းဆီးခြင်းခံရသည်။

၁၉၂၉ ခုမတ်လ ၁၅ ရက်နေ့တွင်ဟံသာဝတီစီရင်စု သုံးခွရဲဌာနအပိုင် ဖရုံကန်ရွာ ဘရားပွဲ၌ ဖိနှိပ်ချုပ်ချယ်သော နယ်ချဲ့အင်္ဂလိပ်အစိုးရကို မကြောက်မရွံ့ဘဲ ဆန့်ကျင်ကြရန် အတွက် " မကြောက်တရား" ကို ဟောပြောသဖြင့် အင်္ဂလိပ်အစိုးရက ထောင်ဒဏ် ၆ နှစ် အပြစ်ပေးခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ဦးဝိစာရ ကိုယ်တိုင် နိုင်ငံရေးလုပ်ချင်စိတ် ကုန်ခမ်း သွားစေရန်နှင့် နောင်တွင်မျိုးချစ်စိတ်ဓါတ် တက်ကြွသူတို့ ကြောက်ရွံ့သွားစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆရာတော်အား ရာဇဝတ်မှုကျူးလွန်သည့် တရားခံတစ်ဦးကဲ့သို့ ဆက်ဆံကာ ရဟန်းအကျင့်နှင့် သိက္ခာများ ၊ အဆောင်အယောင်များ ကျင့်ကြံခြင်း မပြုနိုင် လေအောင် အဝမ္ပလူဝတ်လဲပေးပြီး ထောင်ဝတ်ထောင်စားများကို ဝတ်စားစေခဲ့သည်။ ဆရာတော်သည် နယ်ချဲ့သမားတို့၏ မတရားဖိနှိပ်မှုများကို ပြည်သူတို့ခံပြင်းအုံကြွသွား စေရေးနှင့် မျိုးချစ်ရဟန်းရှင်လူများ ဆက်လက်တိုက်ပွဲဝင်မစရေးတို့ အတွက် စံနမူနာအဖြစ် ပြသအောင်ပွဲရယူရန် ထောင်တွင်း၌ပင် ရဟန်းတော်များ၏ ဝိနည်းသိက္ခာပုဒ်နှင့်အညီ သင်္ကန်းဝတ်ရုံခွင့်၊ ဥပုသ်ပြုခွင့်စသည့် ရဟန်းတော်တို့ ပြုအပ်သောရဟန်းကျင့်ဝတ်များ ပြုကျင့်ခွင့်ရရှိရေးတို့ကို တောင်းဆိုပြီး အစာငတ်ခံ တိုက်ပွဲဝင်လေသည်။

အစာရေစာငတ်မွတ်ခြင်းဒဏ်၊ နယ်ချဲ့သမားတို့၏ ညှဉ်းပန်းမှုဒဏ်ချက်တို့ကြောင့် ဆရာတော်သည် ၁၆၆–ရက်တိုင်အစာငတ်ခံတိုက်ပွဲဝင်ပြီးနောက် ၁၉၂၉ ခု ၊ စက်တင်ဘာလ

---

၁။ ဦးဘခိုင်–မြန်မာပြည်နိုင်ငံရေးရာဇဝင် မျက် ၇၉–၈၀

၂။ သခင် လွင် – အာဇာနည် အသျှင် ဦးဝိစာရ၊ မျက် ၆၈–၆၉

၂၉ ရက်နေ့တွင် ရန်ကုန်ထောင်ကြီးအတွင်း၌ ပျံလွန်တော်မူသည်။ [၁] ဆရာတော်မပျံလွန်မီအချိန်တွင် မြန်မာများအား "လိမ္မာရစ်ကြပါ" ဟူ၍ဥဒါန်းစကား မိန့်ကြားခဲ့သည်။ ဆရာတော်ဆိုလိုသည့်အဓိပ္ပါယ်မှာ လွတ်လပ်ရေးကို လိမ္မာပါးနပ်စွာဖြင့် အရယူကြပါဟူ၍ ဖြစ်လေသည်။ [၂]

ဤသို့လျှင် နယ်ချဲ့အင်္ဂလိပ်တို့သည် နိုင်ငံရေးအားဖြင့် ဖိနှိပ်ချုပ်ချယ်၍ တစ်ဖက်မှလည်းစီးပွါးရေးအားဖြင့် ဆက်လက်သွေးစုတ် အမြတ်ထုတ်ခဲ့ကြသည်။ အထက်တွင်ပြဆိုခဲ့သည့်အတိုင်း လယ်ယာလုပ်ငန်းများကို အခကြေးငွေသက်သာစွာဖြင့် လုပ်ကိုင်ကြမည့် အိန္ဒိယအမျိုးသားများနှင့် ငွေရှင်ကြေးရှင် ချစ်တီးကုလားများအား အိန္ဒိယပြည်မှခေါ်ယူလာခဲ့ကြသည်။ ဥရောပတိုက်သား ကုမ္ပဏီများဖြစ်သော၊ စတီးဘရားသားကုမ္ပဏီ၊[၃] ဗူးလော့ဘရားသားကုမ္ပဏီ၊ [၄] အဲလ်လာမင်အာရကန်ဆန်ရောင်းဝယ်ရေးကုမ္ပဏီ ၊[၅] အင်ဂလိုဘားမားဆန်ကုမ္ပဏီ၊ [၆] ဖဲယားဝဲသားရစ်ချပ်ကုမ္ပဏီ [၇] နှင့် အိစ်အေရှတစ်ကုမ္ပဏီ [၈] တို့အနက် စတီးဘရားသားကုမ္ပဏီ ၊ ဗူးလော့ဘရားသားကုမ္ပဏီ၊ အဲလ်လာမင်အာရကန်ဆန်ရောင်းဝယ်ရေးကုမ္ပဏီနှင့်အင်ဂလိုဘားမား ဆန်ကုမ္ပဏီများကလည်း ဘူလင်ဂျာပူးလ် [၉] ခေါ် လက်ဝါးကြီးအုပ် ဆန်ရောင်းဝယ်ရေးအဖွဲ့ကို ၁၉၂၁ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းပြီး ဆန်ရောင်းဝယ်ရေးလုပ်ငန်းကိုချယ်လှယ်အမြတ်ထုတ်ကြသည်။ [၁၀] ယင်းအခြေအနေတွင် အင်္ဂလိပ်အစိုးရသည် လူ့ခွန် မြေခွန်များကို ဆက်လက်ကောက်ခံမြဲ ကောက်ခံနေကြသဖြင့် တောင်သူလယ်သမားများမှာ ကြွေးတင်ကျွန်ဖြစ်အခြေသို့ ဆိုက်ရောက်ခဲ့ကြရသည်။ လူ့ခွန်မှာ အိမ်ထောင်သည်လင်စုံမယားဖက်အတွက် ငါးကျပ်ဖြစ်၍ အိမ်ထောင်မရှိသော အရွယ်ရောက်သူ တစ်ဦးအတွက် နှစ်ကျပ်ခွဲဖြစ်လေသည်။ အထက်မြန်မာပြည်တွင် ပစ္စည်းအခြေအနေပေါ်တွင် မူတည်၍ တစ်ရွာလုံးအတွက် သမာဓိများကခန့်ခွဲ၍ အိမ်ထောင်သားစုအလိုက် ကောက်ခံခဲ့ကြသည်။ [၁၁]

---

၁။ သခင်လွင်– အာဇာနည်အသျှင် ဦးဝိစာရ
၂။ ဗိုလ်မှူး ဘသောင်း– ဗမာ့တော်လှန်ရေးသမိုင်း ၊ မျက် ၁၉၇
၃။ Steel Brothers Company
၄။ Bullock Brothers Company
၅။ Ellerman Arakan Rice Trading Company
၆။ Anglo-Burma Rice Trading Company
၇။ Fairweather Richards Company
၈။ East Asiatic Company
၉။ Bullinger Pool
၁၀။ လမ်းစဉ်ပါတီဌာနချုပ် ၊မြန်မာ့လယ်ယာမြေသမိုင်း၊ မျက်၊ ၂၀၃ ၊ ၂၀၄ ၊ ၃၀၃
၁၁။ ပြန်ကြားရေးဌာန – ၁၂၉၂ ခုနှစ် တောင်သူလယ်သမားအရေးတော်ပုံ ၊ မျက် ၆၄

၁၉၂၉-၃၀ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးပျက်ကပ်[၁] ကြောင့်မြန်မာပြည်၌ စပါးဈေး ကျဆင်း၍ စားကုန်သောက်ကုန်နှင့် အထည်အလိပ်ဈေးနှုန်းများ အဆမတန်ကြီးမားလာပြန်ရာ တောင်သူလယ်သမားများမှာ စားဝတ်နေရေးဒုက္ခနှင့် ဆက်လက်ရင်ဆိုင်ကြရပြန်သည်။ သို့ဖြင့် မြန်မာ့တောင်သူလယ်သမားများအတွင်း နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်များ တက်ကြွ ပြင်းထန်လာကာ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဆရာစံဦးဆောင်သော တောင်သူလယ်သမားထုကြီးက နယ်ချဲ့အင်္ဂလိပ်အစိုးရအား လက်နက်ကိုင် တော်လှန်လိုက် ကြလေသည်။

## ဆရာစံအရေးတော်ပုံ

ဆရာစံသည် ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် သရက်ကန်အရှေ့ရွာဇာတိ တောင်သူ လယ်သမားကြီး ဦးကျေး-ဒေါ်ဖက်တို့မှမွေးဖွားသော သားသမီး ၅ ယောက်အနက် အငယ်ဆုံး ဖြစ်သည်။[၂] သာယာဝတီခရိုင်သို့ ဆရာစံရောက်ရှိလာသည့်အချိန်တွင် တောင်သူလယ်သမား လူထုကြီးတစ်ရပ်လုံးမှာ နယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးနှင့် ရင်ဆိုင်နေရချိန်ဖြစ် သည်။ ထို့ကြောင့်ဆရာစံသည် နယ်ချဲ့အစိုးရအားတော်လှန်ရန်အတွက် သာယာဝတီမြို့ နယ်၊ အင်းရွာအနီး မန်ကျည်းကုန်းကျောင်းတွင် နေထိုင်ပြီး ဂဠုန်တပ်ဖွဲ့များကို စတင်ဖွဲ့စည်း သည်။

ယင်းသို့ တောင်သူလယ်သမားများ တော်လှန်သည့်သတင်းကို သာယာဝတီခရိုင် ရာဇဝတ်ဝန်ကြီး မစ္စတာရေနီးကကြားသိသဖြင့် အခြေအနေကိုစုံစမ်းရန် ပုလိပ်အဖွဲ့တစ်ဖွဲ့ ကိုသာယာဝတီမြို့ အရှေ့မြောက်ဖက် ၆ မိုင်ခန့်တွင်ရှိသော ဖားရွှေကျော်ရွာသို့ စေလွှတ်လေ သည်။ ဆရာစံသည် ထိုသတင်းကိုကြားသိသောအခါ ၁၉၃၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (၁၂၉၂-ခုပြာသိုလဆန်း ၅ ရက်)နေ့နံနက် ၇-နာရီအချိန်တွင် နယ်ချဲ့တို့၏ ပုလိပ်အဖွဲ့ကို စတင်တိုက်ခိုက်ရန် အမိန့်ပေးလေသည်။ နံနက်၇-နာရီခန့်တွင် ဂဠုန်တပ်သည် ပုလိပ်တပ် ဖွဲ့ရှိရာသို့ချီတက်လာပြီး မိမိတို့ကိုင်ဆောင်ထားသော သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ပုလိပ်တပ်ဖွဲ့မှာ ဆုတ်ခွာသွားလေသည်။

ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဖားရွှေကျော်ရွာအနီး၌ ဒုတိယအကြိမ် တိုက်ပွဲဖြစ် ပွားပြန်သည်။ ယင်းတိုက်ပွဲတွင် ဂဠုန်တပ်အင်အား ၆၀၀ခန့်ပါဝင်ပြီး စစ်ကြောင်း ၃ ကြောင်းဖြင့်ဖားရွှေကျော်ရွာအနီး ဘုန်းကြီးကျောင်းအတွင်း ထပ်မံရောက်ရှိလာသော နယ်ချဲ့ တပ်များကို တိုက်ခိုက်ကြသည်။ အိန္ဒိယတိုင်းရင်းသား စစ်ပုလိပ်တို့ ပါဝင်သည့်နယ်ချဲ့တပ်ကို ရာဇဝတ်ဝန်ကလေး၊ နယ်ပိုင်မြို့ပိုင်စသည်တို့က ဦးဆောင်၍ ခုခံကြသော်လည်းကစင့်

---

၁။ World Depression

၂။ မြန်မာ့ကြားရေးဌာန- ၁၂၉၂၃၊ တောင်သူလယ်သမားအရေးတော်ပုံ၊ မျက်-၅၇

ကလျားဦးတည်ရာသို့ ထွက်ပြေးသွားကြသည်။ ပုလိပ်အဖွဲ့ခေါင်းဆောင် ဦးမောင်ကလေးမှာ ဂျပန် တပ်သားများ၏ဓါးချက်ဖြင့် သေဆုံးသွားလေသည်။

ဤသို့နယ်ချဲ့တပ်များ အရေးနိမ့်နေ၍ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရန်ကုန်မှ ရောက်လာသည့် စစ်ပုလိပ်အင်အား ၁၀၀ မှာမလုံလောက်သေးသဖြင့် ၂၆ ရက်နေ့တွင် ပန်ချာပီစစ်သား ၁၀၀၊ အင်္ဂလိပ်စစ်သား ၁၅၀ နှင့် မေမြို့မှ အမှတ် ၃/၂၀ ဘားမားရိုင်ဖယ် တပ်ရင်းတို့သည် သာယာဝတီခရိုင်သို့ ထပ်မံရောက်ရှိလာပြန်သည်။

ဒီဇင်ဘာ ၃၀ ရက်နေ့တွင် စက်သေနတ်များအပါအဝင် လက်နက်အပြည့်အစုံတပ် ဆင်ထားသော အင်အား ၂၀၀ ကျော်ခန့်ရှိသည့် နယ်ချဲ့တပ်များသည် ဖားရွှေကျော်ရွာအနီးသို့ ရောက်ရှိလာခဲ့သည် ။ ထိုသတင်းကို အလံတောင်ပေါ်ရှိ ဂျပန်တပ်များက ကြားသိသောအခါ အင်အား ၃၀၀၀ ခန့်ဖြင့် ဆင်းလာ၍ နယ်ချဲ့တပ်များနှင့်ရင်ဆိုင်တိုက်ခိုက်သည်။ ဂျပန်တပ် များသည် နံနက် ၉-နာရီမှ ညနေ ၆-နာရီထိပြင်းပြင်းထန်ထန်တိုက်ခိုက်ပြီး လက်နက်စွမ်း အားချင်း အဆမတန်ကွာခြားလွန်းသဖြင့် ဆုတ်ခွာကြရသည်။

ဒီဇင်ဘာလ ၃၀ နှင့် ၃၁ ရက်နေ့များတွင်နယ်ချဲ့တပ်များသည် အင်အား ၇၀၀ ခန့် အထိထပ်မံဖြည့်တင်း၍ ဆရာစံ၏ဂျပန်ဌာနချုပ် ပြုလုပ်ထားသော အလံတောင်ကို ဆက် လက်တိုက်ခိုက်သိမ်းပိုက်ကြသည်။

ထို့နောက်တွင် ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး သည်အေးငြိမ်းသွားပြီဟု အင်္ဂလိပ်အစိုးရက ထင်မြင်ယူဆခဲ့သော်လည်း ဖျာပုံ၊ ဒေးဒရဲ ၊ ဟင်္သာတ၊ အင်းစိန်၊ ပဲခူး၊ ပြည်၊ သရက်၊ မင်းဘူး ၊ တောင်ငူ၊ ရမည်းသင်း ၊ မြင်းခြံ ၊ မိတ္ထီလာ ၊ မန္တလေး ၊ ရေနံချောင်း၊ ရွှေဘို စသည့် ခရိုင်နယ်ပယ်များအထိ ပျံ့နှံ့ ကူးစက်နေပြန်သဖြင့် ယင်းထကြွတော်လှန်မှုများကိုဆက်လက်ရင်ဆိုင်ကြရပြန်သည်။

ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံအတွင်း ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၊ ထန်းတောကျေးရွာ၌ နေထိုင်သော ဦးအောင်လှသည် ဆရာစံနှင့်တွေ့ဆုံ ဆွေး နွေးပြီးနောက် ဒေးဒရဲမြို့နယ်တွင် ဂျပန်တပ်ဖွဲ့များကို ဖွဲ့စည်းသည်။ ၁၉၃၁ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ဖျာပုံအရေးပိုင် မစ္စတာ ဘရက်တို နှင့် ရာဇဝတ်ဝန်ကြီး မစ္စတာအေဘရူး တို့ ခေါင်းဆောင် သောအစိုးရတပ်ဖွဲ့အား ဦးအောင်လှခေါင်းဆောင်သည့် ဂျပန်တပ်ဖွဲ့ ဝင် ၆၀၀ ခန့်က ထန်း တောရွာအနီးတွင် တိုက်ခိုက်ကြသည်။ [၁]

သရက်ခရိုင် ကမ္မမြို့နယ်မှ ဆရာဉာဏ်သည်လည်း ကမ္မမြို့နယ်ရှိ ရွှေတောရွာသစ်၊ ဖွေးမိ၊ထန်းလေးပင်၊တောင်ကုန်း၊ ကျောက်ပြတ်စသော ကျေးရွာများမှ ဂျပန်အသင်းဝင်များ ကို စုဆောင်းစည်းရုံးသည်။ ဆရာဉာဏ်ဦးဆောင်သော ဂျပန်တပ်ဖွဲ့ဝင်များသည် ၁၉၃၁ ခု ဧပြီလ ၁၀ ရက်နေ့တွင် ကမ္မမြို့နယ် ခြောက်ပင်ကျေးရွာ၌ပြုလုပ်နေသည့် သူကြီးများအစည်း

---

၁။ မြန်ကြားရေးဌာန - ၁၂၆၂ ၊ တောင်သူလယ်သမားအရေးတော်ပုံ ၊ မျက် ၁၀၈-၁၁၃

အဝေးကို ဝင်ရောက်တိုက်ခိုက်ရာ တိရစ္ဆာန် ဆေးကုဆရာဝန်တစ်ဦး သေဆုံးသွားသည်။ ကမ္ဘမြို့ ဌာနအုပ်၏ နှစ်လုံးပြူး သေနတ် နှင့် ယမ်းတောင့် များကိုလည်းသိမ်းဆည်းရရှိသည်။

ဧပြီလ ၁၂ ရက်နေ့တွင် ပုဏ္ဏားရွာ၌ ဂဠုန်တပ်ဖွဲ့ဝင်များနှင့်ပုလိပ်တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွါးသည်။ ယင်းတိုက်ပွဲတွင် ရာဇဝတ်အုပ်နှင့် ပုလိပ် ၃ ဦးသေဆုံးသွားပြီး လက်နက်ခဲယမ်းမီးကျောက်များကို ဂဠုန်တပ်ဖွဲ့က ရရှိခဲ့ကြသည်။

ဧပြီလ ၁၃ ရက်နေ့တွင် ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာအောစီစမစ် ၊စစ်ပုလိပ် ၄၄ ဦး ပါဝင်သောအဖွဲ့သည် ထုံးရွာအနီး ဂဠုန်တပ်ဖွဲ့ဝင် ၃၀၀ ခန့်နှင့် တွေဆုံတိုက်ပွဲဖြစ်ပွါးရာ အင်္ဂလိပ် ရာဇဝတ်ဝန်စမစ်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။ ဂဠုန်တပ်ဖွဲ့ဝင်များဘက်မှ ၅ ဦးကျဆုံးသည်။

ဧပြီလ ၂၁ ရက်နေ့တွင် ရေနံ့သာရွာ၌ ဂဠုန်တပ်ဖွဲ့ဝင် ၅၀၀ နှင့် မစ္စတာဘက်စထော ၊ မစ္စတာတိတ်တို့ ခေါင်းဆောင်သော စစ်ပုလိပ်တပ်များ တိုက်ပွဲ ဖြစ်ပွါး သည်။ ယင်းတိုက်ပွဲတွင် အင်္ဂလိပ်အစိုးရဘက်မှ ဆရာဝန်တစ်ဦး နှင့် တပ်သား ၃ ဦး ဒဏ်ရာရရှိသွားကြသည်။

သရက်ခရိုင်အတွင်း ဆရာဉာဏ်ဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံသည် မေလကုန်အထိ ဆက်လက်ဖြစ်ပွါး ခဲ့သည်။ ဂဠုန်တပ်ဖွဲ့ဝင် များသည် လက်နက်အင်အားချင်းမမျှသဖြင့် အကျအဆုံးများခဲ့သော်လည်း စိတ်ဓါတ်ကျဆင်းခြင်းမရှိဘဲ အင်္ဂလိပ်အစိုးရတပ်များအား အခွင့်အရေး ရလျှင်ရသလို ဆက်လက်တော်လှန် တိုက်ခိုက်ကြလေသည်။ [၁]

ထို့ကြောင့်ပင် အင်္ဂလိပ်အစိုးရသည် ၁၉၃၁ ခု မေလ ၁၃ရက်နေ့တွင် အိန္ဒိယမှ အမှတ် ၁/၁၇ ဒိုဂရာခြေလျင်တပ်ရင်း၊ အမှတ် ၃/၁၆ ပန်ချာပီခြေလျင်တပ်ရင်း၊ အမှတ် ၁၂ တပ်မဟာရုံးတပ်ဖွဲ့၊မန်ချက်စတာ ခြေလျင်တပ်ရင်း အမှတ် ၂၊ အမှတ် ၃/၁၀ ဘလူ ချီစတန်တပ်ရင်း ၊အမှတ် ၂/၅ မာရတာ ခြေလျင်တပ်ရင်း၊ အမှတ် ၂/၂၀ ဘားမားရိုင်ဖယ်တပ်ရင်း၊ အမှတ် ၃/၆ ရာဂျာ့ပုတနအိန္ဒိယတိုင်းရင်းသားသေနတ်ကိုင်တပ် ၊အမှတ် ၃/၂၀ ဘားမားရိုင်ဖယ်တပ်များအပြင် နယ်အသီးသီးတွင် ငြိမ်ဝပ်ပိပြားရေးအတွက် ပုလိပ် ၆၀၀ ကိုခန့်ထား၍ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီးကို ချိုးနှိမ်တိုက်ခိုက်ခဲ့ကြသည်။ [၂] ဆရာစံအရေးတော်ပုံတွင် ပါဝင်ခဲ့ကြသော ဂဠုန်တပ်ဖွဲ့ဝင်များကိုလည်း အင်္ဂလိပ်အစိုးရက အပြစ်ပေးခဲ့ရာ ၁၉၂၉-၃၀ ၊ ၁၉၃၀-၃၁ ခုနှစ်အထိ ကြိုးဒဏ်ခံရသူ ပေါင်း ၃၀၂ ဦး၊ တစ်သက်တစ်ကျွန်းဒဏ် ကျခံရသူဦးရေမှာ ၈၉၀ ဖြစ်လေသည်။ [၃]

---

၁။ ပြန်ကြားရေးဌာန- ၁၂၉၂၃ ၊ တောင်သူလယ်သမားအရေးတော်ပုံ ၊ မျက် ၁၂၈-၁၃၇
၂။ ယင်း ၊ မျက် ၁၅၇-၁၅၈
၃။ ယင်း ၊ မျက် ၂၀၇

တောင်သူလယ်သမားတို့၏ တော်လှန်မှုကြီးသည် နယ်ချဲ့ နှင့် မြို့ရှိကရေစီယန္တရ ကို ဦးတည်တိုက်ဖျက်ခဲ့ရာတွင် စနစ်ကျသောစည်းရုံးရေးနှင့် ဆောင်ရွက်ချက်များမဟုတ သဖြင့် ၁၉၃၂ ခုနှစ်တွင်မှေးမှိန်ပျောက်ကွယ်ခဲ့ရသည်။

တောင်သူလယ်သမားအရေးတော်ပုံကြီးသည် ဗြိတိသျှနယ်ချဲ့တို့အပေါ် အပြီးအပိုင် အောင်ပွဲဆင်သည်အထိ မစွမ်းဆောင်နိုင်သော်လည်း နောင်ဆက်လက်ဆင်နွှဲမည့် နယ်ချဲ့ဆန့် ကျင်ရေးတော်လှန်မှုများအတွက် ကြီးမားများပြောင်လှသောသင်္ခန်းစာများကို ပေးနိုင်ခဲ့ သည်။ ယင်းတော်လှန်ရေးကြီး၏ အရှိန်အဟုန်ကြောင့် အားသစ်လောင်းစဖြစ်သော တို့ဗမာ အစည်းအရုံးကြီးသည်လည်း အင်အားကြီးမားလာပြီး အဆုံးအဖြတ်ပေးမည့် နိုင်ငံရေး အဖွဲ့အ စည်းကြီး အဖြစ် မားမားမတ်မတ် ရပ်တည်ပေါ်ထွန်းခဲ့လေသည်။[၁]

## အခန်း (၂)
## အမျိုးသားရေးစိတ်ဓါတ်အရှိန်အဟုန်မြင့်မားလာခြင်း
## (၁၉၃၀–၄၀)

### တို့ဗမာအစည်းအရုံး

မြန်မာနိုင်ငံကို နယ်ချဲ့ အင်္ဂလိပ်တို့ စတင်သိမ်းပိုက်သည့် အချိန်မှစ၍ မျိုးချစ် မြန်မာ သူရဲကောင်းကြီးများသည်နယ်ချဲ့ အင်္ဂလိပ်၏ အုပ်စိုးမှုကို လက်နက်ကိုင် တိုက်ပွဲများ ဆင်နွှဲ တိုက်ခိုက်ခြင်းအားဖြင့် တော်လှန်ရန်ကြိုးပမ်းခဲ့ကြသည်။ ယင်းတော်လှန် မှုများသည် အောင်မြင်မှုမရှိသော်လည်း နောင်ပေါ်ပေါက်လာမည့် အမျိုးသားရေးလှုပ်ရှားမှု များကို မျိုးစေ့ ချပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံတိုင်းရင်းသားတို့တွင် ထာဝစဉ်တည်ရှိနေသော မျိုးချစ် စိတ်ဓါတ်၊ အမျိုးသားရေးစိတ်ဓါတ်များ၏ စေ့ဆော်အားပေးမှုကြောင့်လည်းကောင်း၊ ကမ္ဘာ့ အခြေအနေအရပ်ရပ်ကို လေ့လာသိရှိကာ အမြင်ကျယ်လာမှုကြောင့်လည်းကောင်း မြန်မာ နိုင်ငံတိုင်းရင်းသားတို့သည် နယ်ချဲ့အင်္ဂလိပ် အုပ်စိုးမှုကို လက်ရုံးရည်ဖြင့် တော်လှန်ရာမှ ၁၉၀၆ ခုနှစ်မှ စတင်၍ နှလုံးရည်တိုက်ပွဲများကိုပါ ဖေါ်ဆောင်လာခဲ့လေသည်။

ဘာသာရေး ၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများကိုသာ အခြေခံလျက်ဖွဲ့စည်း တည်ထောင်ခဲ့သော ဝိုင် အမ် ဘီ အေ သည် လူထုစည်းရုံးရေးလုပ်ငန်းများဆောင်ရွက် ရင်းဖြင့် နိုင်ငံရေးနယ်ပယ်အတွင်းသို့ တစ်စတစ်စ ချင်းနင်းဝင်ရောက်လာရာမှ ၁၉၂၀ပြည့်နှစ်တွင် အဖွဲ့အစည်းအားလုံး ညီညွတ်စွာပူးပေါင်းထားသည့် ဂျီ စီ ဘီ အေ ခေါ် နိုင်ငံရေးအင်အားစုကြီး တစ်ရပ် ပေါ်ပေါက်လာသည်အထိ တိုးတက်အောင်မြင်ခဲ့သည်။ သို့သော်နယ်ချဲ့ အင်္ဂလိပ်တို့ သည် အရှိန်အဟုန်ပြင်းထန်လာသော အမျိုးသားရေးလှုပ်ရှားမှုများကို ချွေးသိပ်သည့်သဘော

---

၁။ လမ်းစဉ်ပါတီဌာနချုပ်–မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ ၁ မျက် ၃၃၂–၃၃၃

ဖြင့် အုပ်ချုပ်ရေးပုံစံ အမျိုးမျိုးကိုပေါ်ထုတ်ပေးခဲ့ရာ ယင်းအုပ်ချုပ်ရေးပုံစံများ အပေါ်တွင် အယူအဆ သဘောကွဲလွဲခဲ့ကြပြီး ဂျီ စီ ဘီ အေ အသင်းကြီးသည် ဂိုဏ်းအမျိုးမျိုးကွဲကာ အင်အားဆုတ်ယုတ်လာခဲ့ရသည်။

ထိုစဉ် တောင်သူလယ်သမားကြီးများသည် အရင်းရှင် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ သွေးစုတ်မှုကြောင့်လည်းကောင်း၊ ၁၉၂၈–၂၉ ခုနှစ်မှစတင်၍ ပေါ်ပေါက်ခဲ့သော ကမ္ဘာ့စီးပွါးရေးပျက်ကပ်ကြီး၏ လှိုင်းဂရက်ကြောင့်လည်းကောင်း ဆင်းရဲကြပ်တည်း ခဲ့ကြရသည်။ သို့သော် အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတိုင်းရင်းသားများအား အခွန်အမျိုးမျိုး ကောက်ခံခြင်းဖြင့် ဆက်လက်ဖိနှိပ်သွေးစုတ်ခဲ့ကြသည်။ ထို့ကြောင့် တောင်သူလယ်သမားကြီးများမှာ မခံမရပ်နိုင် ဖြစ်ကာ ဆရာစံဦးဆောင်သော တောင်သူလယ်သမားများက လက်နက်စွဲကိုင်၍ တိုက်ပွဲဝင်ခဲ့ကြသည်။ သို့ရာတွင် လက်နက်အင်အားမမျှတခြင်း၊ စနစ်ကျသောတော်လှန်မှု မဟုတ်ခြင်းတို့ကြောင့် အောင်မြင်မှု မရရှိခဲ့ကြချေ။

တောင်သူလယ်သမား အရေးတော်ပုံကြီးသည် မြန်မာနိုင်ငံတိုင်းရင်းသားတို့အား နယ်ချဲ့ အင်္ဂလိပ်တော်လှန်ရေးစိတ်ဓါတ်ကို ပြင်းထန်တက်ကြွစေခဲ့သည်။ ထို့ကြောင့်ပင် ယင်းသို့သော အမျိုးသားရေး လှုပ်ရှားမှုများနှင့် နယ်ချဲ့အင်္ဂလိပ်တော်လှန်မှုများ၏ အကျိုးဆက်ကြောင့် ၁၉၃၀ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်ခဲ့ရလေသည်။

တို့ဗမာအစည်းအရုံးသည် မြန်မာတစ်နိုင်ငံလုံး ရှိ အမျိုးသားရေး လှုပ်ရှားမှုများကို စည်းရုံး လှုံ့ဆော်ပေးပြီး တာဝန်ခံအုပ်ချုပ်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဟုမ်းရူး၊ ဒိုမီနီယံ အဆင့်အတန်း စသည့်တောင်းဆိုချက်များကို စွန့် လွှတ်ကာ လုံးဝလွတ်လပ်ရေးကို ရယူရန် တိုက်ပွဲဝင်ခဲ့ သောအဖွဲ့အစည်းကြီးဖြစ်သည်။[၁]

ဦးစွာ တို့ဗမာအစည်းအရုံးသည် ဝိုင် အမ် ဘီ ဆရာတင်ရေးစပ်သော "တို့ဗမာသီချင်း"ကိုသီဆို၍ လူထုစည်းရုံးရေး လုပ်ငန်းများကို စတင်ဆောင်ရွက်သည်။

ထို့ပြင်–

ဗမာပြည်သည် တို့ပြည်
ဗမာစာသည် တို့စာ
ဗမာစကားသည် တို့စကား
တို့ပြည်ကို ချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ

ဟူသောကြွေးကြော်သံများကို ကြွေးကြော်ကာ အမျိုးသားရေးစိတ်ဓါတ်များ တက်ကြွလာအောင်ဖန်တီးကြသည်။ မြန်မာတစ်မျိုးသားလုံးက တို့ဗမာအစည်းအရုံးကို အားကိုးအားထား

---

၁။ သိန်းဖေမြင့် –တော်လှန်ရေးကာလနိုင်ငံရေးအတွေ့အကြုံများ၊ မျက်–၂၀

ပြုရာအစည်းအရုံးတစ်ခုဟု သဘောပေါက်ထင်မြင်လာအောင် စည်းရုံးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြသည်။

တို့ဗမာအစည်းအရုံးသည် ကျောင်းသားလူငယ် အဖွဲ့အစည်းများနှင့်လည်းဆက်သွယ်ဆောင်ရွက်ခဲ့ရာ ၁၉၃၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်နှင့် လူငယ်များအစည်းအရုံးမှ လူငယ်များ၊ ကြီးပွါးရေးအသင်းမှလူငယ်များ၊ အခြားစိတ်ဝင်စားသော လူငယ်များဖြင့် မြန်မာပြည်လုံးဝလွတ်လပ်ရေး ရရှိရေးကိုရှေးရှု၍ "တို့ဗမာအစည်းအရုံး"ကို အဖွဲ့အစည်းတစ်ရပ်အနေဖြင့်စနစ်တကျ တည်ထောင်ဖွဲ့စည်းလိုက်သည်။ [၁]

တို့ဗမာအစည်းအရုံး၏ပထမ အကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကြီးကို ၁၉၃၅ ခု၊ မတ်လ ၃၀ ရက်မှဧပြီလ ၁ ရက်နေ့အထိ ရေနံချောင်းမြို့တွင်ကျင်းပသည်။ ညီလာခံမကျင်းပမီ မတ်လ ၂၄ ရက်နေ့တွင် ရေနံချောင်းမြို့ ၊ ရာဇဝတ်တရားသူကြီးသည် ညီလာခံမကျင်းပနိုင်အောင် ပုဒ်မ ၁၄၄ ထုတ်၍တားမြစ်ခဲ့သည်။

ညီလာခံအစီအစဉ်မှ–

(၁) ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံတွင် ကျဆုံးသွားသည့်ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုခြင်း၊

(၂) တိုင်းပြည်နှင့် လူမျိုးအတွက် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ဖမ်းဆီးခြင်းခံနေရသောရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များကို လွှတ်ပေးရန် တောင်းဆိုခြင်း ၊

(၃) ကျောဘုရင်နန်းတက် ၂၅ နှစ်မြောက် အထိမ်းအမှတ် ပွဲတွင်မပါဝင်ဘဲနေခြင်းစသည့် အဆိုများကို ပယ်ဖျက်ပေးလိုက်သည့် အခါမှ ညီလာခံကျင်းပခွင့် ရရှိခဲ့လေသည်။ [၂]

တို့ဗမာအစည်းအရုံးသည် ပထမအကြိမ်မြောက် ညီလာခံကျင်းပပြီးဆုံးသည်မှစ၍ တစ်နိုင်ငံလုံးစည်းရုံးရေး၊ ဝါဒဖြန့်ပွါးရေးများကို တွင်ကျယ်စွာ လုပ်ကိုင်ခဲ့ကြသည်။ နယ်အသီးသီးတွင်လည်း တို့ဗမာအစည်းအရုံးများ တည်ထောင်ဖွဲ့စည်း၍ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးအတွက် စည်းရုံးရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်ကြသည်။ ရံဖန်ရံခါ အင်္ဂလိပ်အစိုးရသည် တို့ဗမာအစည်းအရုံးမှ ကြီးမှူးဟောပြောသည့် နိုင်ငံရေးတရားပွဲများကို ပိတ်ပင်တားမြစ်အရေးယူခဲ့ကြသည်။

တို့ဗမာအစည်းအရုံးသည် လုံးဝလွတ်လပ်ရေး ရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေစဉ်တွင် အင်္ဂလိပ်အစိုးရက ၁၉၃၅ ခု မြန်မာပြည်အုပ်ချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းအတည်ပြုလိုက်ပြီး ၁၉၃၇ ခု ဧပြီလ ၁ ရက်နေ့ မှစတင်၍ မြန်မာနိုင်ငံတွင် ၉၁–ဌာန အုပ်ချုပ်ရေးကို အကောင်အထည် ဖေါ်ကြပြန်သည်။ [၃]

---

၁။ သခင်ဗစိန်–တို့ဗမာအစည်းအရုံး၊ မျက် ၁၂

၂။ ယင်း၊ မျက် ၁၄

၃။ ဦးထွန်းသန်း – နိုင်ငံရေးရှင်းတမ်း၊ မျက် ၂၃၂

ဇ၁–ဌာနအုပ်ချုပ်ရေးဆိုသည်မှာ အစိုးရဌာနပေါင်း ဇ၈–ဌာနအနက် ဇ၁-ဌာနကို ပြည်သူ့ကိုယ်စားလှယ် အမတ်များလက်သို့အပ်ပြီး ကျန် ၇–ဌာနကို ဘုရင်ခံကချုပ်ကိုင်ထားသည့် အုပ်ချုပ်ရေးပုံစံဖြစ်သည်။

ဘုရင်ခံသည် ကာကွယ်ရေးဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ငွေရေးကြေးရေး စီမံမှုဌာနစသည့် အရေးကြီးသောဌာနများကို ချုပ်ကိုင်ထားသည်။ ထို့ပြင် ဘုရင်ခံသည် လွှတ်တော်ကို ရုပ်သိမ်းနိုင်ပြီး ဝန်ကြီးများအဖွဲ့ကိုလည်း ဖြုတ်ပစ်လိုကဖြုတ်ပစ်နိုင်သည်။ ထို့ကြောင့် ဇ၁–ဌာနအုပ်ချုပ်ရေးအရ၊ ဘုရင်ခံသည် ဗီတိုအာဏာကို လက်ကိုင်ထားသောကြောင့်လွှတ်တော်မှာ အာဏာမရှိ ဖြစ်နေလေသည်။

ဇ၁–ဌာန အုပ်ချုပ်ရေးတွင် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဟူ၍ထားရှိလေသည်။ အောက်လွှတ်တော်အမတ် ၁၃၂ ဦး အနက် ဇ၂–ဦးကို မဲဆန္ဒနယ်များမှ အများဆန္ဒဖြင့်ရွေးကောက်တင်မြှောက် ကြရမည်ဖြစ်ပြီး ကျန်နေရာများကို ဥရောပတိုက်သားများ၊ ကပြားများ၊ အိန္ဒိယသား ကုန်သည်ကြီး စသည့်အဖွဲ့များအတွက် သတ်မှတ်ထားသည့် အတိုင်း သီးသန့်ထားရှိလေသည်။

ထို့ကြောင့်လွှတ်တော်သည် မည်သည့်အမျိုးသားနိုင်ငံရေးပါတီကမှ မိမိ၏အင်အားကို အားကိုး၍ အစိုးရဖွဲ့နိုင်မည် မဟုတ်သည့်ပြင် [1] မြေရှင်စနစ်ကို ပြုပြင်ပြောင်းလဲနိုင်သော အခွင့်အာဏာနှင့် နိုင်ငံခြားအရင်းရှင်ကြီးများ လက်ဝါးကြီးအုပ်ထားသော မြန်မာပြည်စီးပွါးရေးလုပ်ငန်းများကို ထိပါးစေသည့် ဥပဒေများကို မပြုလုပ်နိုင်ချေ။ [2] ထို့ကြောင့် မြန်မာတို့သည်အင်္ဂလိပ်အစိုးရက ပေးအပ်သော ဇ၁–ဌာန အုပ်ချုပ်ရေးကို လုံးဝလက်မခံလိုကြပေ။ တို့ဗမာအစည်းအရုံးကလည်း လုံးဝလွတ်လပ်ရေးကိုသာ လိုလားသောကြောင့် ဇ၁–ဌာနအုပ်ချုပ်ရေးကို ဆန့်ကျင်ကန့်ကွက်ကြသည်။ သို့သော် ၁၉၃၆ ခု နိုဝင်ဘာလတွင် ဇ၁–ဌာနအုပ်ချုပ်ရေးအရ၊ ရွေးကောက်ပွဲ ကျင်းပသည့်အခါ ယင်းရွေးကောက်ပွဲများကို တို့ဗမာအစည်းအရုံးက သပိတ်မှောက်လိုက်ပါက ဇ၁–ဌာနအုပ်ချုပ်ရေး၏ ချို့ယွင်းအားနည်းချက်များကို ပြည်သူတို့အား စနစ်တကျ ဖေါ်ထုတ်ပြသနိုင်မည် မဟုတ်တော့ပေ။

တို့ဗမာအစည်းအရုံးသည် ပြည်သူတို့အား လုံးဝလွတ်လပ်ရေးကို လှုံ့ဆော်စည်းရုံးကာ ဇ၁–ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခြင်းဖြင့် နယ်ချဲ့အင်္ဂလိပ်၏ အုပ်ချုပ်ရေးယန္တရားကို တိုက်ဖျက်ရန် ဆုံးဖြတ်လိုက်လေသည်။ [3]

တို့ဗမာအစည်းအရုံး ဒုတိယညီလာခံမှလည်း ဇ၁–ဌာန အုပ်ချုပ်ရေးသည် မြန်မာတို့အား ကျွန်သက်ရှည်စေမည့် အုပ်ချုပ်ရေးဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးက လုံးဝ

---

၁။ ဒေါက်တာမောင်မောင်– မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း၊ မျက် ၁၅–၁၀၆

၂။ သိန်းဖေမြင့် – တော်လှန်ရေးကာလ နိုင်ငံရေးအတွေ့အကြုံများ မျက် ၂၁–၂၂

၃။ တို့ဗမာအစည်းအရုံးသမိုင်း၊ ပထမတွဲ၊ မျက် ၁၉၆

ကန့်ကွက်ခဲ့သော်လည်း အင်္ဂလိပ်အစိုးရက အတင်းအကြပ်ပေးအပ်နေသဖြင့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခြင်းဖြင့်လည်းကောင်း အခြားနည်းအမျိုးမျိုး ဖြင့်လည်းကောင်း ၉၁–ဌာနအုပ်ချုပ်ရေး ယန္တယားကို တိုက်ဖျက် ရန်ဆုံးဖြတ်လိုက်သည်။

တို့ဗမာအစည်းအရုံးသည် ၉၁–ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲများတွင် "ကိုယ့်မင်း ကိုယ့်ချင်းပါတီ" ဟူသောအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၉၁–ဌာနအုပ်ချုပ်ရေး စတင်ပေးအပ်သည့် ၁၉၃၇ ခု ဧပြီလ ၁–ရက်နေ့တွင် ယင်းအုပ်ချုပ်ရေးအသစ်ကို ကန့်ကွက်ဆန္ဒပြရာ အလံတစ်ဝက်လွှင့်ထူခြင်း၊ နိုင်ငံရေးတရားပွဲများကျင်းပခြင်း၊ အလုပ်များကိုရပ်နားထားခြင်း စသည်တို့ကို ပြုလုပ်ကြသည်။ ထိုပြင် တို့ဗမာအစည်းအရုံး၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများ၌ အုပ်ချုပ်ရေးသစ်ကန့်ကွက်ဆန္ဒပြပွဲများ ကျင်းပပြုလုပ်ခဲ့ကြသည်။

ဤသို့ တို့ဗမာအစည်းအရုံးသည် ၉၁–ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက်ရန်ကြိုးပမ်းနေစဉ် လွှတ်တော်အတွင်း အခြားနိုင်ငံရေး အဖွဲ့အစည်းများက နယ်ချဲ့အင်္ဂလိပ်ထံမှ ရာထူးလက်ခံခြင်း၊ အပြိုင်အဆိုင် ရာထူးလုခြင်းများ ပြုလုပ်ခဲ့ကြသည်။ တို့ဗမာ အစည်းအရုံးသည် လုံးဝ လွတ်လပ်ရေးရရှိရန်သာ မျှော်မှန်းကြိုးပမ်းသည့်အလျောက် လူထုလူတန်းစားအမျိုးမျိုးကိုစည်းရုံးသိမ်းသွင်းရာတွင် ကျောင်းသား၊ တောင်သူလယ်သမား၊ အလုပ်သမားများကို အခြေခံ၍ စည်းရုံးခဲ့သည်။ ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံများသည်နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး စိတ်ဓါတ်များမှ ပေါ်ပေါက်လာသော လှုပ်ရှားမှုများဖြစ်လေသည်။

တို့ဗမာအစည်းအရုံးသည် နယ်ချဲ့အင်္ဂလိပ်က မြန်မာနိုင်ငံအား ပေးအပ်ခဲ့သော အုပ်ချုပ်ရေးပုံစံအမျိုးမျိုးကို မလိုလားလက်မခံဘဲ လုံးဝလွတ်လပ်ရေးသည် ပထမ၊ လုံးဝလွတ်လပ်ရေးသည် ဒုတိယ၊ လုံးဝလွတ်လပ်ရေးသည် တတိယ ဟူသောဆောင်ပုဒ်နှင့် အညီ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရန်ဟူသော မျှော်မှန်းချက်ဖြင့် အစဉ်တစိုက်တိုက်ပွဲဝင်ခဲ့လေသည်။

သို့သော် ၁၉၃၈ ခုနှစ်၌ ကျင်းပပြုလုပ်သော တို့ဗမာအစည်းအရုံး၏ တတိယအကြိမ်ညီလာခံတွင် ဥက္ကဋ္ဌနေရာ ရွေးချယ်မှုအပေါ်မူတည်၍ သခင်သိန်းမောင် နှင့် သခင်ဗစိန်တို့ သဘောကွဲလွဲရာမှ သခင် ကိုယ်တော်မှိုင်းတို့ဗမာအစည်းအရုံးနှင့် သခင်ဗစိန် သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံးဟူ၍ နှစ်ခြမ်းကွဲခဲ့ရ၏။ ခေတ်ပညာတတ် ကျောင်းသားများဖြစ်သည့် သခင်အောင်ဆန်း အစုပြုသော တက္ကသိုလ်ကျောင်းသားများသည် သခင်ကိုယ်တော်မှိုင်းတို့ဗမာအစည်းအရုံးသို့ ဝင်ရောက်လာကြပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ဝင်ရောက်ကျွယ်ပြန့်စွာ ဆောင်ရွက်ကြလေသည်။ သခင်ဗစိန်–သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံးကလည်း နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

တို့ဗမာအစည်းအရုံးကြီးသည် နှစ်ခြမ်းကွဲသွားသော်လည်း နယ်ချဲ့ဆန့်ကျင်ရေး နှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအရှိန်အဟုန်မှာ ကျဆင်းသွားခြင်း မရှိပေ။ သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံးသည် သခင်မြတို့အား ၉၁–ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် နယ်ချဲ့အင်္ဂလိပ်အား လွှတ်တော်အတွင်းမှဆန့်ကျင်တိုက်ခိုက်စေခဲ့သည်။ တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး တာဝန်ကိုထမ်းဆောင်နေသော သခင်အောင်ဆန်းကလည်း အလုပ်သမားနှင့်ကျောင်းသား လူငယ်များကို စည်းရုံးသိမ်းသွင်းကာ လွှတ်တော်ပြင်ပမှ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ထိရောက်စွာဆင်နွှဲ တိုက်ခိုက်လေသည်။

## ကျောင်းသားလူငယ်အဖွဲ့အစည်းများ

မြန်မာနိုင်ငံသားတို့သည် တို့ဗမာအစည်းအရုံးကြီး၏ ဦးဆောင်မှုအောက်တွင် အမျိုးသားရေးစိတ်ဓါတ်များ မြင့်မားလာခဲ့ကြသည်။ ကျောင်းသားလူငယ်များသည်လည်း ၁၉၂၀ပြည့်နှစ် ပထမကျောင်းသားသပိတ် ပေါ်ပေါက်လာသည့် အချိန်မှစ၍ အမျိုးသားရေးစိတ်ဓါတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်များ နိုးကြားတက်ကြွလာကာ နယ်ချဲ့ဆန့်ကျင်ရေးနှင့်အမျိုးသားရေး လှုပ်ရှားမှုများတွင် ညီညာဖြိုဖြို ပါဝင်ဆောင်ရွက်လာကြသည်။ မြန်မာနိုင်ငံသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွင် ကျောင်းသားလူငယ်များ ပါဝင်လာခြင်းကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုအင်အားမှာလည်း ပိုမိုခိုင်မာတောင့်တင်းလာခဲ့လေသည်။

ကျောင်းသားလူငယ်များသည် ကမ္ဘာပေါ်တွင် အရင်းရှင် စီးပွါးရေးစနစ်၏ခေါင်းပုံဖြတ်သွေးစုတ်ချယ်လှယ်မှုတို့ကြောင့် အလူးအလဲခံစားနေရသော ဒုက္ခအပေါင်းကို လည်းကောင်း၊ မြန်မာပြည်သူလူထုမှာလည်း နယ်ချဲ့အရင်းရှင်စနစ်ကြောင့် ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေကြရသည်ကိုလည်းကောင်း တွေ့ရှိလာကြသည်။

ထို့ကြောင့် ၁၉၃၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားကြီးများနှင့် မြို့မကျောင်းမှ ဆရာများဦးဆောင်၍ မြို့လုံးကျွတ် ကျောင်းသားလူငယ်ပေါင်းစုံ အစည်းအဝေးကြီးကို ရွှေတိဂုံအလယ်ပစ္စယံရှိ ဦးနာဂိန္ဒမဏ္ဍပ်တွင် ကျင်းပပြုလုပ်ကြသည်။ ယင်းအစည်းအဝေးကြီးမှ မြန်မာပြည်အဝှန်း ဗြိတိသျှစီးကရက်နှင့် အထည်အလိပ်များကို သပိတ်မှောက်ရေး၊ မြန်မာပြည်ဖြစ်ဆေးလိပ်နှင့် အဝတ်အထည်များကိုသာ သောက်သုံးဝတ်ဆင်ကြရေးတို့ကို ဆုံးဖြတ်၍ ဗြိတိသျှကုန်ပစ္စည်း သပိတ်မှောက်ရေး ပန်ကြားချက်တစ်စောင်ကို မြန်မာတစ်နိုင်ငံလုံး သို့ထုတ်ဝေခဲ့သည်။ ယင်းအစည်းအဝေးမှပင် မြန်မာနိုင်ငံလူငယ်များ အစည်းအရုံးကို ဖွဲ့စည်းလိုက်လေသည်။[၁]

---

၁။ တို့ဗမာအစည်းအရုံးသမိုင်း၊ ပထမတွဲ၊ မျက် ၁၃၈–၁၃၉

ကျောင်းသားလူငယ် အဖွဲ့အစည်းများသည် ဗြိတိသျှ ကုန်ပစ္စည်း သပိတ်မှောက်ရေး လုပ်ငန်းများကို စည်းရုံးဆောင်ရွက်၍ တိုင်းရင်းသား စီးပွါးရေးလုပ်ငန်းများ ထူထောင်ရန် လှုံ့ဆော်ကြိုးပမ်းခဲ့ကြရာ မြန်မာ့စီးပွါးရေး လုပ်ငန်းများသည်လည်း တစ်စတစ်စ ပေါ်ပေါက်လာခဲ့လေသည်။ မြန်မာကုန်စုံဆိုင်လုပ်ငန်း၊ မြန်မာဆံသလုပ်ငန်းစသည့် သေးငယ်သော စီးပွါးရေးလုပ်ငန်းများမှအစ နိုင်ငံခြားသားအရင်းရှင်များ လက်ဝါးကြီးအုပ်ထားသော လုပ်ငန်းများကိုပင် နိုင်ငံခြားသားအရင်းရှင်များနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလာခဲ့လေသည်။

ယင်းလှုပ်ရှားမှုသည် ၁၉၂၈ ခုနှစ်မှ ၁၉၃၃ ခုနှစ်အတွင်း ကမ္ဘာ့စီးပွါးရေးပျက်ကပ်၏ ရောင်ပြန်ဟပ်မှုကြောင့် မြန်မာပြည်၏ စီးပွါးရေး၊ စားဝတ်နေရေး အခြေအနေများ ဆိုးဝါးနေချိန်တွင် မျိုးချစ်စိတ်ထက်သန်လျက်ရှိကြသော ကျောင်းသားလူငယ်များက ဦးဆောင်၍ နယ်ချဲ့အင်္ဂလိပ်တို့အား ထိုးနှက်ချက်တစ်ရပ် အဖြစ် ဗြိတိသျှကုန်ပစ္စည်းများ သပိတ်မှောက်ရေး၊ မြန်မာပြည်ဖြစ် အဝတ်အထည်နှင့် ကုန်ပစ္စည်းများကိုသာ သုံးစွဲရေးတို့ကို စည်းရုံးဆောင်ရွက်ခဲ့ကြခြင်း ဖြစ်လေသည်။

ထိုစဉ်က မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအစည်းအရုံး၊ လူငယ်များကြီးပွါးရေး အသင်း၊ လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရေး အသင်းများသည်လည်း လူငယ်များ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး၊ ပညာဗဟုသုတ တိုးတက်မြင့်မားရေး စသည့်လုပ်ငန်းများကိုအခြေခံကာ စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဤသို့ ကျောင်းသားလူငယ်များသည် အစည်းအရုံးအဖွဲ့အစည်းသဏ္ဌာန်ဖြင့် စည်းလုံးညီညွတ်မှုရှိလာရာ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးတွင် အင်အားစု တစ်ရပ်ဖြစ်လာသည်။ တို့ဗမာအစည်းအရုံး၏ ဦးဆောင်မှုဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများတွင် ပါဝင်လာကြသည့်အခါ မြန်မာပြည်သူလူထု၏ နယ်ချဲ့ဆန့်ကျင်ရေး ထိုးနှက်ချက်မှာလည်း ပိုမိုပြင်းထန် လာခဲ့လေသည်။

## ၁၉၃၆ ခု ၊ တက္ကသိုလ်ကျောင်းသားသပိတ်

၁၉၂၀ ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့် တက္ကသိုလ်ကျောင်းသားသပိတ်သည် အမျိုးသားရေး လှုပ်ရှားမှုများတွင် တစ်ခန်းတစ်ကဏ္ဍ အဖြစ်ပါဝင်ခဲ့သည်။ ယင်းသပိတ်ကြီးမှအစပြု၍ ကျောင်းသားများသည် အမျိုးသားရေး စိတ်ဓါတ်များ တက်ကြွလာကြပြီး နယ်ချဲ့အင်္ဂလိပ်၏ ကျွန်ပညာရေးစနစ်ကို ကန့်ကွက်ခဲ့ကြသည်။ အမျိုးသားကျောင်းများသည်လည်း မြန်မာပြည်အနှံ့အပြားတွင် ပေါ်ပေါက်ခဲ့လေသည်။

နိုင်ငံရေးလှုပ်ရှားမှုနှင့် အမျိုးသားရေးလှုပ်ရှားမှုများသည် ကျောင်းသားလောက အတွင်းသို့ ဝင်ရောက်လာသည့် အချိန်မှအစပြု၍ ကျောင်းသားများသည် နိုင်ငံရေးအသိအမြင်

နှင့် အမျိုးသားရေးစိတ်ဓါတ်များ ပြင်းထန်တက်ကြွလာခဲ့ကြရာ တို့ဗမာအစည်းအရုံး၏ ဦးဆောင်မှုဖြင့် နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ထိရောက်စွာဆင်နွှဲရာတွင် ကျောင်းသားလူငယ်များသည် တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂသည် ကျောင်းသားလူငယ်များ၏ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး လှုပ်ရှားမှုကို ဦးဆောင်သော အဖွဲ့အစည်းဖြစ်လာခဲ့လေသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂသည် နယ်ချဲ့ အင်္ဂလိပ်အစိုးရ၏ကျွန်ပညာရေးစနစ်ကိုလည်းကောင်း၊ ကျောင်းသားများအပေါ် ဖိနှိပ်ချုပ်ချယ်နေသည့် တက္ကသိုလ်အုပ်ချုပ်ရေး အာဏာပိုင်များကိုလည်းကောင်း လုံးဝကြေနပ်ခြင်း မရှိကြပေ။

၁၉၃၆ ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့၌ တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုနုသည် သမဂ္ဂအစည်းအဝေးတွင် တက္ကသိုလ်အုပ်ချုပ်ရေး အာဏာပိုင်များ၏ အပြစ်နှင့် ချို့ယွင်းချက်များကို ဝေဖန်ပြောဆိုသဖြင့် ကျောင်းထုတ်ခံရလေသည်။[၁] ထိုနှစ်တွင်ပင် တက္ကသိုလ်သမဂ္ဂ မဂ္ဂဇင်းကို အမည်ပြောင်းလိုက်သော အိုးဝေမဂ္ဂဇင်း၌ "ငရဲခွေးကြီး လွတ်နေသည်"[၂] ဟူသော ခေါင်းစဉ်ဖြင့် တက္ကသိုလ်အုပ်ချုပ်ရေး အမှုထမ်းတစ်ဦး၏ အပြစ်များကို ဖေါ်ထုတ်သောဆောင်းပါး[၃] ပါလာသည်။ တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာစလော့စ်[၄] သည်အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းအား ဆောင်းပါးရှင် ယမမင်း[၅] ဆိုသူကို ဖေါ်ထုတ်ပြောကြားရန် မေးမြန်းသည်။ ကိုအောင်ဆန်းက အယ်ဒီတာတစ်ဦး၏ ဝတ္တရားအရ ဆောင်းပါးရှင်ကို ဖေါ်ထုတ်ပြောဆိုခြင်း မပြုနိုင်၊ အရေးယူလိုက မိမိအားအရေးယူရန် ပြောကြားရာ ကိုအောင်ဆန်းအား ကျောင်းမှထုတ်ပစ် လိုက်ကြောင်း ကြေညာလေသည်။[၆]

---

၁။ J.F.Cady. A History of Modern Burma. p. 379

၂။ Hell Hound At Large

၃။ Escaped from Awizi a devil in the form of a black dog. Had been during its brief span on earth a base object of Universal odium and execration, "sentenced to eternal damnation for churlishness, treachery," ruffianism,pettifogging etc. A pimping knave with avumcular pretensions to some cheap wiggling wenches from a well-known hostel,"he was also a hectic popularity hunter, shamming interest in sports," concerts and other extra curricular students activities.His only distinguishing marks are buboes and ulcers due to errant whorring.

Will finder please kick him back to hell.

Yamarin.

( Dr.Tha Hla. "The 1936 Rangoon University Strike". New Burma Weekly. Part V . Rangoon, 1958. p. 13 )

၄။ Mr.Sloss

၅။ ဆောင်းပါးရှင်ယမမင်းဆိုသမှာ [illegible]
ဖြစ်ပါသည်။

ကျောင်းသားများသည် အမျိုးသားစိတ်ဓါတ် ပြင်းထန်တက်ကြွလျက် ကျွန်ပညာရေးစနစ်ကိုလိုလားမှုမရှိဘဲ ဆန့်ကျင်လိုသည့်အချိန်တွင် ယင်းကဲ့သို့ ကျောင်းသားခေါင်းဆောင်များအား ကျောင်းထုတ်လိုက်သည့်အခါ ၁၉၃၆ ခု၊ ဖေဖေါ်ဝါရီလ ၂၅-ရက်နေ့၌ သမဂ္ဂတွင် အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့ကြသည်။ ထိုအစည်းအဝေးက ပြုလုပ်မည့် ဆဲဆဲဖြစ်သော တက္ကသိုလ်စာမေးပွဲများကို မဖြေဆိုဘဲ သပိတ်မှောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။ ထို့နောက် ကျောင်းသားများသည် ရွှေတိဂုံဘုရားရှိ ဇရပ်များကို သပိတ်စခန်းများအဖြစ် အသုံးပြုပြီး သပိတ်မှောက်ကြရာ မိဘပြည်သူများနှင့်တကွ တို့ဗမာအစည်းအရုံးတို့က အားပေးခဲ့ကြသည်။ အနယ်နယ် အရပ်ရပ်ရှိ အထက်တန်းကျောင်းသားများသည်လည်း ယင်းသပိတ်တွင်ပါဝင်လာရာ ကျောင်းသားများ၏ ကျွန်ပညာရေးကို တိုက်ဖျက်သည့် လှုပ်ရှားမှုကြီးမှာ ကြီးထွား ကျယ်ပြန့်လာလေသည်။

၁၉၃၆ ခု၊ တက္ကသိုလ်ကျောင်းသားသပိတ်တွင် ကျောင်းသားများသည် ယူနီဗာစိတီအက်ဥပဒေကို ပြင်ဆင်ပေးရန်နှင့် ကျောင်းသားများအား ကျောင်းမှထုတ်ပယ်နိုင်သည့် ကောလိပ်ကျောင်းအုပ်ကြီး၏ အခွင့်အာဏာကို ရုပ်သိမ်းပြီး အုပ်ချုပ်ရေးအဖွဲ့ကသာလျှင် ကျောင်းထုတ်ပိုင်ခွင့် ရှိစေရန် စသည့်အချက်များပါဝင်သော အချက်(၁၀)ချက်ကို တောင်းဆိုခဲ့သည်။

ယင်းတောင်းဆိုချက်များနှင့် စပ်လျဉ်း၍ အင်္ဂလိပ်အစိုးရသည် အလျှော့ပေး လိုက်လျောခဲ့သည်များ ရှိသည့်နည်းတူ အလျှော့မပေးဘဲ ခေါင်းမာစွာ တင်းခံနေသည်များလည်းရှိခဲ့သည်။ ထူးခြားသော လိုက်လျောမှုတစ်ခုမှာ ၁၉၂၀ ပြည့်နှစ်၊ တက္ကသိုလ် အက်ဥပဒေကို ပြင်ဆင်ပေးပါမည်ဟူသော ကတိခံဝန်ချက်ပင် ဖြစ်သည်။[1]

၁၉၃၆ ခု၊ တက္ကသိုလ်ကျောင်းသား သပိတ်သည် ကျောင်းသားလောက အတွင်းသို့ ကျွန်ပညာရေးစနစ် ဆန့်ကျင်ရေးနှင့် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး စိတ်ဓါတ်များကို ပိုမိုပြင်းထန်လာစေရန် နှိုးဆွလိုက်သည့်ပြင် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး နှင့် အမျိုးသားရေးလှုပ်ရှားမှုများတွင် ကျောင်းသားလူငယ်များ ထိရောက်စွာပါဝင်နိုင်ကြောင်း သာဓကတစ်ရပ်အဖြစ် ပြသလိုက်ခြင်းဖြစ်ပေသည်။

## ၁၃၀၀ ပြည့်အရေးတော်ပုံ

၁၉၃၈ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော ရေနံမြေအလုပ်သမားသပိတ်ကြီးသည် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများ၌ သမိုင်းမှတ်တိုင် အဖြစ်ပါဝင်ခဲ့သည်။ ယင်းသပိတ်ကြီးတွင် အလုပ်သမား

---

၁။ လမ်းစဉ်ပါတီဌာနချုပ် – အမျိုးသားနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှုသမိုင်းအကျဉ်း၊ မျက် ၄၃၁-၄၃၂

များသာမက ကျောင်းသားများနှင့် တောင်သူလယ်သမားများပါ ပါဝင်ခဲ့ကြပြီး နယ်ချဲ့ အင်္ဂလိပ်ကို ထိုးနှက်ရာ၌ ပြင်းထန်သည့် အရေးတော်ပုံကြီး ဖြစ်ခဲ့သဖြင့် ၁၃၀၀ ပြည့်အရေးတော်ပုံဟု ခေါ်တွင်ခဲ့လေသည်။

၁၃၀၀ပြည့် အရေးတော်ပုံသည် ချောက်မြို့ရေနံမြေမှ စတင်ခဲ့၏။ ယင်းသပိတ်သည်မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း ၈ ရက်၊ ၁၉၃၈–ခုနှစ် ဇန်နဝါရီလ ၈–ရက်နေ့တွင် စတင်ခဲ့သည်။ [1] အင်္ဂလိပ်အရင်းရှင် ကုမ္ပဏီ ကြီးများသည် မြန်မာနိုင်ငံတွင် ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ် သွေးစုတ်လုပ်ကိုင်ခဲ့ကြရာ ယင်းကုမ္ပဏီကြီးများအနက် ဘီအိုစီကုမ္ပဏီ [2] သည် အကြီးဆုံးဖြစ်ပြီး ကျန်ကုမ္ပဏီများမှာ အိုင်ဘီပီ [3]၊ ဘီဘီပီစီ [4]၊ ပီဒီစီ [5] နှင့် အင်အိုစီ [6] ရေနံကုမ္ပဏီများ ဖြစ်လေသည်။

အင်္ဂလိပ်အရင်းရှင် ကုမ္ပဏီကြီးဖြစ်သော ဘီအိုစီကုမ္ပဏီသည် မြန်မာ့မြေဆီမြေနှစ်ဖြစ်သည့် ရေနံကို မြန်မာ့လုပ်သားကြီးများ၏ လုပ်အားဖြင့် ထုတ်ယူရာတွင် အမြတ်အစွန်း မြောက်မြားစွာ ရရှိကြသည် ။ သို့သော် အလုပ်သမားများကိုမူ ထိုက်တန်သည့် အခွင့်အရေးများမပေးသဖြင့် ရေနံလုပ်သားကြီးများမှာ မိမိတို့၏ဘဝပေးအသိအရ၊ မကျေမနပ်ဖြစ်ကြရသည်။

ရေနံကုမ္ပဏီပိုင် အရင်းရှင်တို့သည် မြန်မာပြည်မှ နှစ်စဉ်နှစ်တိုင်း အမြတ်အစွန်း အဖြစ်ဖြင့် ငွေပေါင်း၆–ကုဋေမှ ၁၀–ကုဋေအထိ ရရှိကြပြီး အလုပ်သမားများမှာ လစာငွေ အဖြစ် တစ်နှစ်လုံးအတွက် ငွေပေါင်း ၇–သန်းမှ ၁၀–သန်းအထိမျှသာ ရကြလေသည်။

ရေနံမြေအလုပ်သမားများ၏ အထွေထွေနစ်နာချက်များကား အိမ်မှုရေးရာကိစ္စနှင့် မမာမကျန်းဖြစ်သည့် ကိစ္စများအတွက် ရယူသောခွင့်ရက်များနှင့် တနင်္ဂနွေနေ့များအတွက် လုပ်ခမရကြသည့်အပြင် အချိန်ပိုလုပ်ရသော်လည်း အချိန်ပိုလုပ်ခမရကြချေ။ [7] တစ်ခါတစ်ရံ အကြောင်းမညီညွတ်သဖြင့် အလုပ်ခွင်ရောက်ချိန် နောက်ကျခဲ့လျှင် ၂ပဲ မှ ၁ကျပ် အထိဒဏ် တပ်ခြင်းခံကြရလေသည်။ နာရီဝက်ထက်ပို၍နောက်ကျလျှင် အလုပ်မှထုတ်ပစ်ခြင်းသော်လည်းကောင်း၊ ရက်သတ္တနှစ်ပတ် သို့မဟုတ် တစ်လ စသည်ဖြင့် အလုပ်မှ ခေတ္တ ရပ်စဲခြင်းသော်လည်းကောင်း ခံကြရလေသည်။ ထို့ပြင်ကုမ္ပဏီသည် အလုပ်ခွင်ကြောင့် ဖြစ်သော ထိခိုက်ဒဏ်ရာရမှုများ အတွက်လည်း လျော်ကြေးလုံးဝမပေးပဲ ထားတတ်လေသည်။ အရင်း

---

၁။ လမ်းစဉ်ပါတီဌာနချုပ်၊မြန်မာ့အလုပ်သမားလှုပ်ရှားမှုအတွဲ၁၊ မျက် ၂၀၅

၂။ B.O.C ( Burma Oil Company)

၃။ I.B.P (Indo-Burman Petroleum Company)

၄။ B.B.P.C (British-Burma Petroleum Company)

၅။ P.D.C(Pyinma Development Company)

၆။ N.O.C.(Nath Singh Oil Company)

၇။ လမ်းစဉ်ပါတီဌာနချုပ်၊မြန်မာ့အလုပ်သမားလှုပ်ရှားမှု၊ မျက် ၂၀၆–၂၀၇

ရှင်ရေနံကုမ္ပဏီကြီးများသည် နစ်တိုးရင့်သွားသောအလုပ်သမားများကို အလုပ်မှထုတ်ပစ်ပြီး အလုပ်သမားအသစ်ခန့်ခြင်းဖြင့် လုပ်ခပေးရာတွင် သက်သာ အောင်စီမံခြင်း၊ အငြိမ်းစားယူခါနီး အလုပ်သမားများအား အပြစ်ရှာ၍ အလုပ်မှ ထုတ်ပစ်ခြင်းဖြင့် အငြိမ်းစားလစာငွေ မပေးရအောင် ပြုလုပ်ခြင်း စသည့် ကောက်ကျစ်စဉ်းလဲသော အပြုအမူများကို ကျင့်သုံးကြသည်။ အလုပ်သမားများကို ဆက်ဆံရာတွင်လည်း ကျေးကျွန်သဖွယ်ဆက်ဆံကြလေသည်။

အရင်းရှင်ကုမ္ပဏီကြီးများသည် အလုပ်သမားများ၏ အခွင့်အရေးများကို ကြပ်တည်းစွာ ချုပ်ကိုင်ထားကြရုံမျှမက အလုပ်သမားများအား အလုပ်ခန့်ထားရာတွင် လည်းကောင်း၊ ထုတ်ပယ်ရာတွင်လည်းကောင်း၊ အပြစ်ပေးအရေးယူရာတွင်လည်းကောင်း၊ လစာတိုးရာ၊ လျှော့ရာ၊ စုငွေအနည်းအများ သတ်မှတ်ရာတို့တွင်လည်းကောင်း၊ အလှည့်ကျခွင့်စီစဉ်ပေးရာတွင်လည်းကောင်း၊ အိမ်နေရာချထားရာ၊ ဆေးဝါးကုသရာ၊ အလုပ်နေရာဌာနပြောင်းရွှေ့ရာတွင်လည်းကောင်း၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်မှုများဖြင့် တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားသောကြောင့် အလုပ်သမားများတွင် မကျေနပ်ချက်များနှင့် ပြည့်နှက်လျက်ရှိလေသည်။ [၁]

ဤကဲ့သို့ အလုပ်သမားလူထုကြီးသည် အရင်းရှင်ကုမ္ပဏီကြီးများအပေါ် မကျေနပ်ချက်များဖြင့်ပြည့်နှက်နေစဉ် ချောက်မြို့၊ ဘီအိုစီကုမ္ပဏီမှ သခင်ခင်အား အလုပ်ရက် ၁ရက်ခွင့်မဲ့ပျက်ကွက်မှုဖြင့် အလုပ်မှထုတ်ပယ်လိုက်ရာ အလုပ်သမားထုကြီး၏ မကျေနပ်ချက်များပေါက်ကွဲပြီး ရေနံမြေအလုပ်သမား သပိတ်ကြီးစတင် ပေါ်ပေါက်ခဲ့လေသည်။

ယင်းသပိတ်ကြီးသည် ရေနံချောင်း၊ လမ်းရွာ၊ ရေနံချုပ်မှ အလုပ်သမားများသို့ ကူးစက် ပြန့်ပွါးသွားသည့်ပြင် သံလျင်ရေနံစက်ရုံသို့ပင် ကူးစက်ကာ ထပ်ဆင့်သပိတ်များ ပေါ်ပေါက်ခဲ့လေသည်။ အလုပ်သမားများ၏ သပိတ်တိုက်ပွဲအရှိန်ကို မြှင့်တင်ပေးရန် အတွက် တို့ဗမာ အစည်းအရုံးဝင်များနှင့် ကျောင်းသားခေါင်းဆောင်များသည် ရေနံမြေသို့ သွားရောက်၍ ကူညီအားပေးကြလေသည်။

နယ်ချဲ့ အင်္ဂလိပ်အစိုးရသည် တို့ဗမာအစည်းအရုံးကြီးနှင့်တကွ ကျောင်းသားများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ ကူညီအားပေးမှုကြောင့်ရေနံမြေသပိတ်ကြီး ကြီးထွားလာသည်ကို တွေ့ရှိသောအခါ ကြောက်ရွံ့ စိုးရိမ်လာပြီး မကွေးစီရင်စု ရာဇဝတ်တရားသူကြီးအက်ဖ်အိပ်ချ်မူလာဝပ်သ်က ၁၉၃၈ ခု၊ ဇန်နဝါရီလ၁၂-ရက်နေ့မှစ၍ ချောက်မြို့ရေနံမြေအတွင်းပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည်။ မြန်မာပြည်ရေနံမြေဒုတိယရေနံဝန် မစ္စတာဂလပ်စ်ကလည်း ရေနံမြေဥပဒေ ပုဒ်မ ၁၂-က(၁) နှင့် ၁၂-က(၁-ခ)(၁) တို့အပြင် လက်နက်မကိုင်ဆောင်ရန် အမိန့်များကို ထုတ်ပြန်လေသည်။ [၂]

---

၁။ သခင်လွင်-မြန်မာနိုင်ငံအလုပ်သမားလှုပ်ရှားမှုသမိုင်း၊ မျက် ၃၁၀

၂။ လမ်းစဉ်ပါတီဌာနချုပ်- မြန်မာ့အလုပ်သမားလှုပ်ရှားမှု၊ အတွဲ ၁၊ မျက် ၂၂၇

ယင်းပိနိပ်ချုပ်ချယ်သည့် ဥပဒေအမိန့်များကိုဆန့်ကျင်ရန် ဥပဒေမှုကင်းလွတ်သည့်တိုက်ကွက်တစ်ခုအဖြစ် ၁၉၃၈ခု၊ ဇန်နဝါရီလ ၂၂ရက်နေ့တွင် ရေအိုးစင်၊ ချောင်းခြောက်၊ ရွာမ၊ မောတန်းလျှား၊ ဝဲကြီးကုန်း၊ လွှစက်တန်းလျှားတို့ရှိ အမျိုးသမီးအင်အား ၃၀၀ ကျော်တို့ သည်သပြေပန်း ကိုယ်စီကိုင်ဆောင်ကာ ချောက်မြို့တောင်ဘက်ရှိ အေးစေတီဘုရားသို့ ပန်းကပ်ဆုတောင်းပွဲ ပြုလုပ်ရန် ချီတက်ကြသည်။ ယင်းချီတက်ပွဲတွင် မျက်နှာဖြူ ရဲဝန်ထောက်နှင့် လက်နက်ကိုင်ပုလိပ် အမှုထမ်းတို့က ရှေ့သို့ဆက်လက်ချီတက်ခြင်း မပြုရန် တားမြစ်ရာ ဆုတောင်းပွဲသို့ ချီတက်ကြသော အမျိုးသမီးများနှင့် အချင်းဖြစ်ပွါးသည်။ ထိုနောက် သခင်မ ဒေါ်အေးက မိမိလက်ကို လှမ်းဆွဲလိုက်သည့် တိုက်ပိုင်ဆိုဟန်ဆင်းအား ပြန်လည် ပါးရိုက်လိုက်သဖြင့် ဖမ်းဆီးခြင်းခံရလေသည်။ ယင်းသို့ သခင်မဒေါ်အေး ဖမ်းဆီးခြင်းခံရသောကြောင့် သခင်မ ဒေါ်ဆယ်အပါအဝင် အမျိုးသမီးများက ဝိုင်းဝန်းဆန္ဒပြကြသည်တွင် ဖမ်းဆီးခြင်းခံရပြန်သည်။ [၁]

ဤသို့လျှင် နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ဥပဒေပုဒ်မများထုတ်၍ နှိပ်ကွပ်အရေးယူခဲ့ကြရာ ချောက်၊ ရေနံချောင်း၊ လမ်းရွာ၊ ရေနံချပ်တို့မှ သံလျင်သို့ ကူးစက်ပြန့်နှံ့လာခဲ့သည့် ရေနံမြေသပိတ်ကြီးသည် ဘီအိုစီကုမ္ပဏီက လစ်လျူရှုထားသဖြင့် ၁၁ လကျော်ကာလသို့ ရောက်ရှိလာခဲ့သည်။ [၂] ထို့ကြောင့် ရေနံမြေအလုပ်သမား ခေါင်းဆောင်များနှင့် ရန်ကုန်မှ ရောက်ရှိလာကြသော တို့ဗမာအစည်းအရုံးဝင် ကိုယ်စားလှယ်များသည် ၁၉၃၈ ခု၊ နိုဝင်ဘာ လ ၂၆ ရက်နေ့တွင် ခြေကျင်ခရီးရှည်ချီတက်ရန်အတွက် ဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲတွင် သခင်ဘိုးလှကြီးက

(က) ရေနံမြေအလုပ်သမားတို့အပေါ်တွင်နှစ်ပေါင်း၅၀ ခန့် ကောက်ခံလာခဲ့သော အခွန်တော်များကိုပြန်ပေးရန်၊

(ခ) ရေနံမြေသပိတ်မှောက် ကိစ္စကြီးကို အမြန်ဆုံးအပြီးအပြတ် စေ့စပ်ဆောင်ရွက်ပေးရန်၊

ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရသို့ လေးနက်စွာတိုက်တွန်းပြောဆိုကြောင်း [၃] အဆိုကိုတင်သွင်းသည်။ သခင်ဗတင်ကလည်း ရန်ကုန်သို့ သွားရောက်အရေးဆိုရန်အတွက် ခရီးရှည်ချီတက်ရေးအဆိုကို တင်သွင်းလေသည်။

၁၉၃၈ခု ၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သခင်ဖိုးလှကြီးသည် ရေနံတပ်မကြီးကို ဦးဆောင်လျက် ချောက်မြို့မှ ရန်ကုန်သို့အရောက် ခရီးရှည်ချီတက်ပွဲကို စတင်သည်။ ရေနံ

---

၁။ လမ်းစဉ်ပါတီဌာနချုပ်-မြန်မာ့အလုပ်သမားလှုပ်ရှားမှု၊ အတွဲ ၁၊ မျက် ၂၃၁-၂၃၂

၂။ ယင်း၊ အတွဲ ၁၊ မျက် - ၂၄၁

၃။ ယင်း၊ အတွဲ ၁၊ မျက် - ၂၄၅

မြေသပိတ်တပ်ကြီးတွင် ရေနံမြေမှ အလုပ်သမားတပ်ဖွဲ့ ၁၂ ဖွဲ့ ၊ အလုပ်သမားပေါင်း ၂၀၀၀ ခန့်ပါဝင်သည်။ [၁]

ရေနံမြေသပိတ်တပ်ကြီးသည် ချောက်မြို့မှ အစိုးရရုံးစိုက်ရာ ရန်ကုန်မြို့အထိ မိုင်ပေါင်း ၄၀၀ ကျော်ကို ချီတက်ရာတွင် ခရီးပြင်းလှသဖြင့် ခြေထောက်များ ပူးရောင်ပေါက်ပြကာသွေးသံရဲရဲ ဖြစ်ခဲ့ကြရသည်။

မကွေးမြို့သို့ ရောက်သောအခါ နယ်ချဲ့အင်္ဂလိပ်အစိုးရတပ်က ရှေ့သို့ဆက်လက်ချီတက်ခြင်းမပြုနိုင်အောင် ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ကြေညာသည်။ နယ်ချဲ့ စစ်ပုလိပ်တပ် မြင်းတပ်၊ လုံတပ်များကလည်း ရေနံမြေသပိတ်တပ်ကြီးအား ဖြိုခွဲခြိမ်းခြောက်ကြသည်။ ထိုအတောအတွင်း ရန်ကုန်မှရောက်ရှိလာသည့် ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း၊ ကိုဗဆွေနှင့်ကျောင်းသား ခေါင်းဆောင်များအား နယ်ချဲ့အင်္ဂလိပ်တို့က ဖမ်းဆီးကြပြန်သည်။ ထို့ကြောင့် သပိတ်တပ်ကြီးသည် မကွေးမြို့တွင်း ရက်ပေါင်း၂၀မျှ ကြန့်ကြာသွားခဲ့ရလေသည်။

ရေနံမြေသပိတ်ကြီးသည် စတင်ထွက်ခွါသည့် အချိန်မှစ၍ နေ့စဉ်နှင့်အမျှ အင်္ဂလိပ်အစိုးရ၏ အနှောက်အယှက်အဟန့်အတား အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ၁၉၃၈ ခု ဒီဇင်ဘာလ ၁၂ ရက်နေ့၌ သပိတ်တပ်ကြီးသည် မြင်းစီးပုလိပ်တပ်များကို ထိုးဖေါက်၍ မကွေးမြို့မှ ထွက်ခွါကြရာ ၁၉၃၉ခု၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် သထုံ၊ ဝေါ၊ ပဲခူးမှ ချီတက်လာကြသော တောင်သူလယ်သမား တပ်ကြီးနှင့် ပူးပေါင်း၍ ရန်ကုန်မြို့သို့ အောင်မြင်ချောမောစွာ ရောက်ရှိကြလေသည်။ လမ်းခရီးတစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူလူထုသည် စည်တော်ရွှမ်း၍ လည်းကောင်း၊ သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း ကြိုဆိုခဲ့ကြလေသည်။ [၂]

၁၉၃၈ခု ၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျောင်းသားထုကြီးသည် ကျောင်းသားခေါင်းဆောင်များ ဖမ်းဆီးခံရခြင်းနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့အတွင်းဝန်ရုံးသို့ ချီတက်ကာဝိုင်းဝန်း ဆန္ဒပြကြသည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ယင်းဆန္ဒပြမှုကြီးကို ဖြိုခွဲရာတွင် တက္ကသိုလ် ကျောင်းသား ကိုအောင်ကျော်သေဆုံးပြီး ကျောင်းသားအများအပြား ဒဏ်ရာရကြသည်။ ကျောင်းသားထုကြီးမှာ နယ်ချဲ့အင်္ဂလိပ်အစိုးရကို မုန်းတီးသည့်စိတ်ဓါတ်များ ပိုမိုပြင်းထန်လာပြီး ၁၃၀၀ ပြည့် အရေးတော်ပုံတွင် လယ်သမား၊ အလုပ်သမား၊ ကျောင်းသားများသည် ညီညွတ်စွာပူးပေါင်း၍ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကို တစ်ခဲနက် ဆင်နွှဲခဲ့ကြသည်။

၁၉၃၉ခု၊ ဖေဖေါ်ဝါရီလ ၁၀ရက်နေ့တွင် မန္တလေးမြို့၌ ဥပစာကောလိပ်ခေါင်းဆောင်များနှင့် အမျိုးသားကျောင်းဆရာများ ဦးဆောင်၍ ရဟန်းရှင်လူတစ်သိန်းကျော်

---

၁။ လမ်းစဉ်ပါတီဌာနချုပ်၊ မြန်မာ့အလုပ်သမားလှုပ်ရှားမှု ၊ အတွဲ ၁ ၊ မျက် – ၂၄၈

၂။ ယင်း ၊ အတွဲ ၁ ၊ မျက် ၂၆၈ – ၂၆၉

တို့သည် နယ်ချဲ့အင်္ဂလိပ်အစိုးရအား စိတ်နာလှည့်လည်ဆန္ဒပြကြသည်။ စစ်ပုလိပ်များက သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းရာတွင် အာဇာနည် ၁၇-ဦးကျဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြသည်။

ဤသို့ နယ်ချဲ့ အင်္ဂလိပ်အစိုးရသည် အလုပ်သမား လယ်သမား ကျောင်းသားများ၏ အမျိုးသားရေး လှုပ်ရှားမှုများကို အနိုင်အထက် မတရားရက်စက်စွာ နှိမ်နင်းကြသဖြင့် အမျိုးသားရေးစိတ်ဓါတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများမှာ ပိုမိုပြင်းထန် တက်ကြွလာလေသည်။

## ပြည်သူ့တော်လှန်ရေးအဖွဲ့အစည်းများ

အရင်းရှင်နယ်ချဲ့ အင်္ဂလိပ်အစိုးရအား တို့ဗမာအစည်းအရုံးနှင့် ကျောင်းသားလူငယ်အဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် မြန်မာတစ်ပြည်လုံးက အပြင်းအထန် ဆန့်ကျင်လျက်ရှိရာ ယင်းကာလတွင် အမျိုးသားရေး စိတ်ဓါတ်အရှိန်မှာလည်း မြင့်မားလျက်ရှိပေပြီ။ ၁၃၀၀ပြည့်အရေးတော်ပုံကြီးတွင် အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ကျောင်းသားလူငယ်များ၏ ညီညွတ်ရေးတပ်ပေါင်းစုကြီးသည် နယ်ချဲ့အင်္ဂလိပ်အစိုးရ ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးကို ပြောင်မြောက်စွာ ဆင်နွှဲလိုက်ရာ မြန်မာတစ်ပြည်လုံး နယ်ချဲ့အင်္ဂလိပ်မုန်းတီးရေး စိတ်ဓါတ်များနှင့် အမျိုးသားလွတ်မြောက်ရေး စိတ်ဓါတ်များ မြင့်မားတက်ကြွလာခဲ့ရသည်။

၁၃၀၀ ပြည့် အရေးတော်ပုံ နောက်ပိုင်းတွင် အမျိုးသားလွတ်မြောက်ရေးကို အနုနည်းဖြင့် တိုက်ယူ၍မရနိုင်၊ လက်နက်ကိုင် တိုက်ပွဲဝင်မှသာ ရနိုင်မည်ဟု မျိုးချစ် လူငယ်များကသဘောပေါက်လေသည်။ နယ်ချဲ့အင်္ဂလိပ် အုပ်စိုးမှုအောက်မှ လွတ်မြောက်ရန် ရုရှတော်လှန်ရေး အိုင်ယာလန်ပြည်အရေးတော်ပုံတို့ကဲ့သို့ လက်နက်ကိုင် တော်လှန်ရေးတစ်ရပ်ဆင်နွှဲရန်လည်း စိတ်ကူးကြလေသည်။ ထို့ကြောင့် အမျိုးသားလွတ်မြောက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလာကြသည်။

၁၉၃၉ခု၊ စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွါးသောအခါ တို့ဗမာအစည်းအရုံးဝင် သခင်မြ၊ ကျောင်းသားများ၊ အလုပ်သမားများ၊ လယ်သမားများ သည် "အင်္ဂလိပ်အခက်၊ ဗမာ့အချက်" ဟူသောဆောင်ပုဒ်ကို စွဲကိုင်ကာ ကမ္ဘာစစ်ကြီးတွင် အင်္ဂလိပ်တို့ အခက်ကြုံနေစဉ် မြန်မာပြည်လွတ်လပ်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလုပ်ကိုင်နိုင်ရန် ဘီအာရ်ပီ [၁] ခေါ်ပြည်သူ့အရေးတော်ပုံပါတီကို တည်ထောင်ဖွဲ့စည်းကြသည်။ ဦးစီးခေါင်းဆောင်သူများမှာ သခင်မြ၊ သခင်အောင်ဆန်းတို့ဖြစ်သည်။

---

၁။ B. R. P. ( Burma Revolutionary Party )

ပြည်သူ့အရေးတော်ပုံပါတီသည် စည်းရုံးရာတွင် လူထုလူတန်းစား ကျောင်းသားလူငယ် အဖွဲ့အစည်းများတွင်လည်းကောင်း၊ လက်ရုံးတပ်၊ ရဲတပ်၊ သံမဏိတပ်များတွင်လည်းကောင်း၊ ခရိုင်မြို့နယ်မှ ရပ်ကွက်ကျေးရွာအထိ ဒေသအသီးသီးတွင်လည်းကောင်း ယူနစ်[၁] ခေါ်တော်လှန်ရေးအဖွဲ့များ ဖွဲ့စည်းသည်။ ထိုနောက် ဌာနချုပ်မှ ခေါင်းဆောင်တစ်ဦး သို့မဟုတ် တာဝန်ပေးခံရသူ တစ်ဦးက ခေါင်းဆောင်၍ အဖွဲ့ဝင် သုံးဦးမှငါးဦးအထိ ပါဝင်သော မူလယူနစ်တစ်ခုကို တာဝန်ယူဖွဲ့စည်းသည်။ ဖွဲ့စည်းရာတွင် ပါဝင်သူတို့ကလည်း တစ်ဦးလျှင် ငါးဦးကျပွါး၍ တိုးချဲ့ဖွဲ့စည်းကြသည်။ ယင်းသို့ ဆင့်ကဲ ဆင့်ကဲ တိုးချဲ့ဖွဲ့စည်းသွားခြင်းဖြင့် ပြည်သူ့အရေးတော်ပုံပါတီသည် လူထုလူတန်းစားများအတွင်း နက်ရှိုင်းစွာအခြေတည်စေခဲ့သည်။

ပြည်သူ့အရေးတော်ပုံပါတီသည် နယ်ချဲ့အင်္ဂလိပ်အစိုးရအား အပြတ်တိုက်ရန် လျှို့ဝှက်တော်လှန်မည့် တော်လှန်ရေးရဲဘော်များကို မွေးထုတ်ခဲ့သည့် အဖွဲ့အစည်း ဖြစ်ရုံသာမက ပြည်ပအဆက်အသွယ်နှင့် အကူအညီရယူရေးအတွက်လည်း ကြိုးပမ်းခဲ့ ကြသည်။

ယင်းအဖွဲ့အစည်းသည် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်မှ သုံးကြိမ်အထိ တွေ့ဆုံကြပြီး အခြေအနေအရပ်ရပ်ကို သုံးသပ်ခြင်း၊ လုပ်ငန်းစဉ်ချမှတ်ခြင်း၊ တာဝန်ခန့်ခွဲခြင်းများကို ပြုလုပ်ကြသည်။ ပါတီ၏ကြွေးကြော်သံမှာ " နယ်ချဲ့တို့စစ်ပွဲသည် ငါတို့ထီးတင်ပွဲ ဖြစ်စေရမည် "ဟူ၍ဖြစ်လေသည်။

ပြည်သူ့အရေးတော်ပုံပါတီတွင် ပြည်တွင်းအဖွဲ့နှင့် အဝေးရောက်အဖွဲ့ဟူ၍ နှစ်ပိုင်း ခွဲခြားထားသည်။ ယင်းအဖွဲ့နှစ်ဖွဲ့တွင် ပြည်တွင်းအဖွဲ့ကို သခင်မြကခေါင်းဆောင်၍ အဝေးရောက်အဖွဲ့ကို သခင်အောင်ဆန်းကခေါင်းဆောင်လေသည်။

ပြည်တွင်းအဖွဲ့ဌာနချုပ်၏ အမှုဆောင်အဖွဲ့ဝင်များမှာ ဥက္ကဋ္ဌ သခင်မြ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးဌာနမှူး သခင်ချစ်၊ စစ်ရေးဌာနနှင့် စည်းရုံးရေးဌာနမှူး သခင်ဗဆွေ၊ ထောက်လှမ်းရေးဌာနမှူး ဦးကျော်ငြိမ်း၊ ဝါဒဖြန့်ချိရေးဌာနမှူး နဂါးနီဆရာထွန်းရွှေ[၂] တို့ဖြစ်ကြသည်။

သခင်အောင်ဆန်းသည် နောင်အခါ ဂျပန်နှင့် အဆက်အသွယ်ရရှိပြီးနောက် ၁၉၄၁ခု၊ မတ်လအတွင်း ဂျပန်ပြည်မှ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာစဉ် ပြည်တွင်းမှ တော်လှန်ပုန်ကန်ရေး အစီအစဉ်များကို ပြင်ဆင်ခဲ့သည်။ ယင်းသို့ပြင်ဆင်ရာတွင် ပြည်သူ့အရေးတော်ပုံပါတီမှ သခင်မြအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်၍ သခင်ချစ်၊ ကိုကျော်ငြိမ်း၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ကိုဗဆွေ၊ ကိုလှမောင်နှင့် ဖျာပုံမနာ သခင်တင်ထွန်း တို့ပါဝင်သော အတွင်းသူပုန်တော်လှန်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့လေသည်။[၃]

---

၁။ Unit

၂။ ကိုထွန်းရွှေ အဖမ်းခံရသည့်အခါ ကိုဗဟိန်းက ဆက်လက်တာဝန်ယူသည်။

၃။ သခင်လွင်–ဂျပန်ခေတ် ဗမာပြည် မျက် ၁၀၄

သခင်ဗစိန်၊ သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံးကလည်း ဒုတိယကမ္ဘာစစ်ကြီးတွင်အင်္ဂလိပ်တို့ဘက်မှ မြန်မာများ ဝင်ရောက်ကူညီခြင်းမပြုရန် တားမြစ်ခဲ့ကြသည်။ ထို့ပြင်အင်္ဂလိပ်တို့ အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် အခွင့်အရေးကို လက်လွှတ်မခံဘဲ လက်နက်ကိုင် တိုက်ပွဲဆင်နွှဲနိုင်ရန်အတွက် ဂျပန်နှင့်လက်သိပ်ထိုး ပူးပေါင်းကြံစည်ခဲ့ကြလေသည်။

## ဗမာ့ထွက်ရပ်ဂိုဏ်း

၁၉၃၉ခု၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွါးရာနယ်ချဲ့ အင်္ဂလိပ်အစိုးရသည် ကမ္ဘာစစ်အရေးအခင်းနှင့် စပ်လျဉ်း၍ အခက်ကြုံနေကြရ၏။ တို့ဗမာအစည်းအရုံးသည် ယင်းအခက်အခဲကို အခွင့်ကောင်းယူ၍ ငုံ့ဝလွတ်လပ်ရေး ရရှိရေးအတွက် တိုက်ပွဲဝင်ရန် စီစဉ်ဆောင်ရွက်နေကြလေသည်။ နယ်ချဲ့အင်္ဂလိပ်တို့ အခက်ကြုံနေစဉ် တို့ဗမာအစည်းအရုံးသည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲတစ်ရပ်ကို အားမာန်အပြည့်နှင့် ဆင်နွှဲနိုင်ရေးကို ရှေးရှု၍ နိုင်ငံရေးအဖွဲ့အစည်းများသို့ အတိတ်က မသင့်မြတ်မှုများကို ရပ်တန့်ပြီး စည်းလုံးညီညွတ်ကြရန် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။ ထို့နောက် နိုင်ငံရေးအဖွဲ့အစည်းများ ညီညွတ်စွာ ပေါင်းစည်း ထားသော" ဗမာ့ထွက်ရပ်ဂိုဏ်း"[၁] ကို ၁၉၃၉ခု၊ အောက်တိုဘာလတွင် ဖွဲ့စည်းလိုက်လေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းတွင် တို့ဗမာအစည်းအရုံး၊ ဆင်းရဲသား ဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့ နှင့် နေပြည်တော်အဖွဲ့တို့ စုစည်းပါဝင်ကြသည်။ အဖွဲ့အသီးသီး မှ ကိုယ်စားလှယ်များမှာ တို့ဗမာအစည်းအရုံးမှ သခင်မြ၊ သခင်အောင်ဆန်း၊ သခင်နု၊ သခင်လှဘော်၊ သခင်သန်းထွန်း၊ ဆင်းရဲသားဝံသာနုအဖွဲ့မှ ဒေါက်တာဘမော်၊ ဦးလှမင်း၊ ဗန္ဓုလဦးစိန်၊ ငါးပွင့်ဆိုင်အဖွဲ့မှ ဒေါက်တာသိန်းမောင်၊ ဦးထွန်းအောင် နှင့် နေပြည်တော်အဖွဲ့မှ ဦးဘဦး ၊ ဦးဘရွှေတို့ဖြစ်ကြသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာဘမော်ကဆောင်ရွက်၍ အထွေထွေ အတွင်းရေးမှူးအဖြစ် သခင်အောင်ဆန်းက ဆောင်ရွက်လေသည်။

၁၉၃၉ ခု၊ အောက်တိုဘာလ ၂၂ ရက် နေ့တွင် ရန်ကုန်မြို့ရွှေတိဂုံဘုရား အလယ်ပစ္စယံ၌ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးမှ ကြီးမှူး၍ ဟောပြောပွဲတစ်ရပ် ကျင်းပသည်။ ဟောပြောပွဲသို့တက်ရောက်ကြသော ကိုယ်စားလှယ်အသီးသီးက နိုင်ငံရေးအဖွဲ့ အစည်းများညီညွတ်ရေး ၊ လုံးဝလွတ်လပ်ရေး ရရှိရေးနှင့် ကမ္ဘာစစ်ကြီးတွင် မြန်မာပြည်က မပါဝင်ရေးတို့ကို ဟောပြောသည်။[၂]

---

၁။ Freedom Bloc

၂။ မြန်မာ့အလင်းသတင်းစာ၊ (၂၃-၁၀-၃၉) မျက် ၂၀

ဖမာ့ထွက်ရပ်ဂိုဏ်း ကတောင်းဆို သောအဓိက အချက်များမှာ –

(၁) မြန်မာပြည်လွတ်လပ်ရေးရရှိရန်အတွက် ဗြိတိသျှတို့က အသိအမှတ်ပြုရန်၊

(၂) မြန်မာပြည်အတွက် တိုင်းပြည်ပြု လွှတ်တော် ခေါ်ရန် နှင့် ပြင်ဆင်မှုများ ပြုလုပ်ရန်၊

(၃) ဘုရင်ခံ၏ အထူးလုပ်ပိုင်ခွင့်များကို ဝန်ကြီးအဖွဲ့ အောက်တွင်ထားရန်၊

တို့ဖြစ်သည်။

ဖမာ့ထွက်ရပ်ဂိုဏ်းသည် လူထုစည်းဝေးပွဲများ၊ တရားပွဲများကို ရန်ကုန်မြို့တွင် ကျင်းပသည်။ ထို့ပြင် အထက်မြန်မာပြည်မြို့များသို့လည်း သွားရောက်၍ တရားပွဲများ၊ စည်းရုံးရေး လုပ်ငန်းရပ်များ ဆက်လက်ဆောင်ရွက်ရာ ပြည်သူလူထု၏ ထောက်ခံအားပေးမှုများကို အပြည့်အဝရရှိခဲ့ကြလေသည်။

## မြေအောက်တော်လှန်ရေးလှုပ်ရှားမှုများ

နိုင်ငံရေးအဖွဲ့များ ညီညွတ်စွာပါဝင်သောဖမာ့ထွက်ရပ်ဂိုဏ်းသည် နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေး တရားများဟောပြော၍ လူထုစည်းရုံးရေး လုပ်ငန်းများဆောင်ရွက်နေစဉ် တစ်ဖက်မှလည်း ပြည်သူ့အရေးတော်ပုံ ပါတီဝင်များသည် နယ်ချဲ့အင်္ဂလိပ်အစိုးရအား ထိရောက်စွာ ဆန့်ကျင်တိုက်ခိုက်နိုင်ရေးကို စီစဉ်စိုင်းပြင်းလျက်ရှိကြသည်။

ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင် သခင်မြ နှင့် ကိုလှမောင်တို့သည် နယ်ချဲ့ အင်္ဂလိပ်ဆန့်ကျင်ရေး လုပ်ငန်းအတွက် နိုင်ငံခြားအဆက်အသွယ် ရှာဖွေရန် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ သို့သော် မအောင်မြင်သဖြင့် ပြန်ခဲ့ကြရသည်။

သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံးဝင်များနှင့် ပြည်သူ့အရေးတော်ပုံပါတီမှ အဖွဲ့ဝင်များသည် သခင်ချစ်ဦးစီးသော ရေကျော်သမဝါယမဆိုင်တွင်စုရုံး၍ "ဗမာ့တော်လှန်ရေး" စါစောင်နှင့် အခြားစာစောင်များကို ရိုက်နှိပ်ဖြန့်ဝေကြသည်။[၁] ဆေးတက္ကသိုလ် ကျောင်းသား ကိုမောင်မောင်ကလည်း အင်္ဂလိပ်စစ်တပ် လက်နက် လေ့ကျင့်ရေးလက်စွဲများ ကို ရှာဖွေ၍ မြန်မာဘာသာပြန်ဆိုကာ ပြည်သူ့အရေးတော်ပုံပါတီ အဖွဲ့ဝင်များသို့ ဖြန့်ဝေပေး လေသည်။ ပြည်သူ့အရေးတော်ပုံပါတီသည် အဖွဲ့ဝင်များအား သင်္ချာတရားရေးသင်တန်း များကို လျှို့ဝှက်စွာသင်ကြားပို့ချခြင်း၊ တစ်ဦးနှင့်တစ်ဦး နာမည်ဝှက်များဖြင့် ဆက်သွယ် လှုပ်ရှားခြင်းဖြင့် နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေး လုပ်ငန်းများအတွက် စီမံဆောင်ရွက်ကြ လေသည်။

မြေအောက်တော်လှန်ရေး အင်အားစုဖြစ်သော ပြည်သူ့အရေးတော်ပုံပါတီဝင်များ နှင့်သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံးဝင်များသည် နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်း

---

၁။ ဒေါက်တာမောင်မောင် – မြန်မာနိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း မျက် ၁၃၆–၁၃၇

များကို ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် အင်္ဂလိပ်ကို လက်နက်နှင့် တော်လှန်ချနိုင်ရေးအတွက် အကူအညီရရှိနိုင်မည့် နိုင်ငံခြားအဆက်အသွယ်များကို ကြိုးပမ်းရှာဖွေကြလေသည်။

## အခြေခံစစ်ပညာရရှိရန် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များ

နယ်ချဲ့အင်္ဂလိပ်၏ အုပ်ချုပ်မှုခံဘဝမှ လွတ်မြောက်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို လက်နက်နှင့်တော်လှန်တိုက်ခိုက်နိုင်ရန် တို့ဗမာအစည်းအရုံးနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့က ကြံစည်ကြိုးပမ်းကြရာတွင် အခြေခံစစ်ပညာများ တတ်မြောက်ထားဘို့လိုအပ်လာလေသည်။

ထို့ကြောင့် တို့ဗမာအစည်းအရုံးသည် ဗမာ့လက်ရုံးတပ်ကို လည်းကောင်း၊ ကျောင်းသားများက သံမဏိတပ်ကိုလည်းကောင်း၊ အမ်အေဦးမောင်ကြီးက အပျော်တမ်းရဲတပ်ကိုလည်းကောင်း ဖွဲ့စည်းသည်။ အခြားနိုင်ငံရေးအဖွဲ့အစည်းများကလည်း ကိုယ်ပိုင်တပ်ဖွဲ့များကို ဖွဲ့စည်းကြရာ ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီက ဝါးမတပ် ၊ ဦးစော၏ မျိုးချစ်ပါတီက ဂဠုန်တပ်များကို ဖွဲ့စည်းကြသည်။ သို့သော် ယင်းဝါးမတပ်နှင့်ဂဠုန်တပ်များသည် ခါးပိုက်ဆောင်နိုင်ငံရေး တပ်ဖွဲ့များသာဖြစ်ပြီး အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကို အထောက်အကူမပြုခဲ့ကြပေ။

ဗမာ့လက်ရုံးတပ် ၊ သံမဏိတပ်နှင့် အပျော်တမ်းရဲတပ်များသည် အမျိုးသားရေးလှုပ်ရှားမှုကြီးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလေသည်။

## အပျော်တမ်းရဲတပ်

၁၉၃၀ ပြည့်နှစ်၊ ဇွန်လ ၂၂ရက်နေ့တွင် အမ်အေဦးမောင်ကြီးက ကြီးမှူး၍ အပျော်တမ်းရဲတပ်ကို ဖွဲ့စည်းသည်။

အပျော်တမ်းရဲတပ်ဖွဲ့၏ လှုပ်ရှားမှုများမှာ ရဲသတင်းစာထုတ်ဝေခြင်း၊ လူငယ်များအမျိုးသားရေးစိတ်ဓါတ် တက်ကြွစေရန် စစ်တီးဝိုင်းများဖွဲ့စည်းတည်ထောင်ခြင်း၊ ရဲအမျိုးသမီးသူနာပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းဖွဲ့စည်းတည်ထောင်ခြင်း၊ ကျောင်းများတွင် လူငယ်များအားရဲအရန်တပ်ဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ အခြေခံစစ်ရေးပြနှင့် စစ်ပညာ၊ ကိုယ်လက်ကျန်းမာရေးပညာ၊ သိုင်းပညာ၊ မီးသတ်ပညာများကို သင်ကြားပေးခြင်းစသည်တို့ဖြစ်သည်။

အပျော်တမ်းရဲတပ်ဖွဲ့သည် နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်သည့်အခါ တို့ဗမာအစည်းအရုံးနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့လေသည်။

## ဗမာ့လက်ရုံးတပ်

၁၉၃၆ ခု နှစ်တွင် မြင်းခြံမြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး ဒုတိယအကြိမ်ညီလာခံအပြီးတွင် ဗမာ့လက်ရုံးတပ်ကို ဖွဲ့စည်းသည်။ ဖွဲ့စည်းရာတွင် လက်နက်မဲ့စစ်ရေးလေ့ကျင့်မှု၊ စည်းကမ်းသေဝပ်မှုများကို အခြေခံ၍ ဖွဲ့စည်းသည်။

ဗမာ့လက်ရုံးတပ်၏ ရည်ရွယ်ချက်မှာ မြန်မာလူမျိုးများ ကိုယ်လက်ကျန်းမာသန်စွမ်းရန်၊ မြန်မာလူမျိုးများ စည်းကမ်းသေဝပ်ရန်နှင့် မြန်မာပြည်ကို မြန်မာလူမျိုးတို့ကာကွယ်စောင့်ရှောက်ရန် တို့ဖြစ်လေသည်။

နယ်ချဲ့အင်္ဂလိပ် အုပ်စိုးမှုအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များကို ဥပဒေအရ ဖွဲ့စည်းခွင့် မရှိခဲ့ချေ။ ဗမာ့လက်ရုံးတပ်သည် သေနတ်လက်နက် မကိုင်ဆောင်ရသော်လည်း သေနတ်တု၊ ဝါးရင်းတုတ်များကို ကိုင်ဆောင်၍ စစ်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် အမျိုးသားနေ့ ဆန္ဒပြလှည့်လည်ပွဲ ၊ သခင်ခေါင်းဆောင်များ၏ နိုင်ငံရေးတရားပွဲ ၊ တို့ဗမာအစည်းအရုံးညီလာခံ၊ တောင်သူလယ်သမားနှင့် အလုပ်သမားများ၏ သပိတ်မှောက် ဆန္ဒပြပွဲများတွင် စောင့်ရှောက်ထိန်းသိမ်းကာကွယ်ပေးသည်။ အသက်ငယ်ရွယ်သူများကို ရဲညွန့်ဟုခေါ်သော အဖွဲ့ငယ်များဖွဲ့စည်းပေးကာ ကျန်းမာရေးလေ့ကျင့်ခန်းများ သင်ကြားပေးခြင်း၊ မျိုးချစ်စိတ်သွတ်သွင်းပေးခြင်း၊ ပညာဗဟုသုတပေးခြင်း နှင့် တို့ဗမာသီချင်းကို သီဆိုတတ်အောင်သင်ကြားပေးခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့သည်။[၁]

တို့ဗမာအစည်းအရုံးသည် မြန်မာပြည်အနှံ့အပြားတွင် ဗမာ့လက်ရုံးတပ်များကို ဖွဲ့စည်းလေ့ကျင့်ပေးခဲ့ရာ လျှင်မြန်စွာတိုးတက်ပြန့်နှံ့ခဲ့လေသည်။

## သံမဏိတပ်

ကျောင်းသားလူငယ်များ စစ်ပညာအခြေခံရရှိရန် ဟူသောရည်ရွယ်ချက်ဖြင့် တက္ကသိုလ်နှင့် ကျောင်းသားသမဂ္ဂများ၏ ဦးဆောင်မှုအောက်တွင် သံမဏိတပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။

တို့ဗမာ အစည်းအရုံးဝင် သခင်များနှင့် ကျောင်းသားများသည် အမျိုးသားရေးလှုပ်ရှားမှုများတွင် ပူးပေါင်းဆောင်ရွက်ကြရာ သံမဏိတပ်သည် တို့ဗမာအစည်းအရုံးကဦးဆောင်သော အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ၌ အစဉ်တစိုက် ပါဝင် ဆောင်ရွက်ခဲ့လေသည်။

---

၁။ တို့ဗမာအစည်းအရုံးသမိုင်း၊ ပထမတွဲ၊ မျက် ၂၁၉ – ၂၂၀

## အင်္ဂလိပ်ကိုလက်နက်နှင့်တော်လှန်ရန်ဆုံးဖြတ်ခြင်း

မြန်မာတစ်မျိုးသားလုံးသည် နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုကို တွန်းလှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများဆင်နွှဲရေး စိတ်ဓါတ်များ တက်ကြွလျက်ရှိပြီး လုံးဝလွတ်လပ်ရေးရရှိရန်ဆန္ဒများ ပြင်းထန်လျက်ရှိစဉ် ၁၉၄၀ပြည့်နှစ်၊ မေလ ၁၀ရက်မှ ၁၃ရက်အထိ သာယာဝတီ သုံးဆယ်မြို့၌ ကျင်းပသော ပဉ္စမအကြိမ်မြောက် တို့ဗမာ အစည်းအရုံးညီလာခံမှဗမာပြည်အား အင်္ဂလိပ်တို့က ကမ္ဘာစစ်အတွင်းသို့ထည့်သွင်းခြင်းကို ကန့်ကွက်ကာ အာဏာဖီဆန်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးသည် နယ်ချဲ့အရင်းရှင်တို့၏ လက်ဝါးကြီးအုပ် ချုပ်ချယ်လွှမ်းမိုးမှု အရှည်တည်တန့်ရေးအတွက် တိုက်ခိုက်သောစစ်ပွဲဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးကြီးက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ကူညီမည် မဟုတ်ကြောင်း၊ တို့ဗမာအစည်းအရုံးဝင်များကလည်း လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးတွင် အင်္ဂလိပ်တို့ဘက်မှ ပါဝင်ကူညီခြင်း မပြုလုပ်ရန်နှင့် မြန်မာပြည်သူ ပြည်သားတို့သည် လုံးဝလွတ်လပ်ရေးမှလွဲ၍ မည်သည့်အရာကိုမျှ လက်ခံမည်မဟုတ်ကြောင်းများကို အတိအလင်းကြေညာသည်။ [၁]

တို့ဗမာ အစည်းအရုံး၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဒုတိယကမ္ဘာစစ်ကြီးနှင့် မြန်မာပြည်သည် လုံးဝမသက်ဆိုင်စေရန်လည်းကောင်း၊ မြန်မာပြည်အား နိုင်ငံခြားလွှမ်းမိုးမှုမှ လွတ်မြောက်စေရန် လည်းကောင်း၊ ပြည်တွင်းပြည်ပ ဝါဒဖြန့်ဖြူးခြင်း၊ ဆူပူခြင်း၊ အင်အားပြခြင်းတို့ကို ဆောင်ရွက်ပြီး တစ်ဆင့်တက်၍ တရားသဖြင့် အာဏာဖီဆန်ရေး လုပ်ငန်းများ ပြုလုပ်ရန်လည်း ဆုံးဖြတ်သည်။ [၂]

ဤသို့ တို့ဗမာအစည်းအရုံးသည် အင်္ဂလိပ်ကို အာဏာဖီဆန်ပြီး ဆန့်ကျင်ရန် အတိအလင်း ဆုံးဖြတ်လိုက်သည့်အချိန်တွင် ဘိအာရ်ပီခေါ် ပြည်သူ့အရေးတော်ပုံပါတီသည် အင်္ဂလိပ်ကို လက်နက်နှင့် တော်လှန်ရန်နည်းလမ်းများကို အပြင်းအထန် ရှာဖွေကြံဆလျက်ရှိသည့်ပြင် နိုင်ငံခြားအကူအညီ ရရှိနိုင်မည့် အဆက်အသွယ်များကို ရှာဖွေလျက်ရှိသည်။ နိုင်ငံရေးအဖွဲ့အစည်းများ ညီညွတ်စွာ ပူပေါင်းဖွဲ့စည်းလိုက်သော ဗမာ့ထွက်ရပ်ဂိုဏ်းကလည်း အင်္ဂလိပ်ဆန့်ကျင်ရေး တရားများကို မြန်မာပြည်အနှံ့အပြား လှည့်လည်တရားဟောလျက်ရှိရာ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးစိတ်ဓါတ်နှင့် လှုပ်ရှားမှုများမှာ မြန်မာတစ်ပြည်လုံး ပျံ့နှံ့လျက်ရှိလေသည်။

အင်္ဂလိပ်အစိုးရသည် မြန်မာတို့၏ပြင်းထန်လျက်ရှိသော အမျိုးသားရေး လှုပ်ရှားမှုများကိုချိုးနှိမ်ရန် တို့ဗမာအစည်းအရုံးဝင် ခေါင်းဆောင်များကို ဖမ်းဆီးသည်။ ယင်းအခြေအနေတွင် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း အထွေထွေ

---

၁။ တို့ဗမာအစည်းအရုံးသမိုင်း၊ ပထမတွဲ၊ မျက် ၅၀၃ – ၅၀၇

၂။ ယင်း၊ ဒုတိယတွဲ၊ မျက် ၅၀၅

အတွင်းရေးမှူး၊ ဘီအာရ်ပီခေါ် ပြည်သူ့အရေးတော်ပုံပါတီ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသော သခင် အောင်ဆန်းနှင့် ကျုံမငေးသခင်တင်မောင် တို့သည် ဟင်္သာတခရိုင်၊ ဇလွန်မြို့မှအပြန် ဒေါင့်ကြီးရွာတွင် နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေးတရားပွဲ ကျင်းပရာ ဟင်္သာတရာဇဝတ်ဝန် မစ္စတာ ဇေးဗီးယား [၁] က သခင်အောင်ဆန်းကိုဖမ်းဆီးရန် ဝရမ်းထုတ်သည်။ သခင်အောင်ဆန်းသည် အဖမ်းမခံပဲ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီးနောက် ၁၉၄၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့မှစတင်၍ ပုန်းအောင်းနေထိုင် လျှက်ရှိသည်။ မစ္စတာ ဇေးဗီးယားသည် သခင်အောင်ဆန်းကို ဖမ်းဆီးရမိအောင် သတင်းပေးနိုင်လျှင် ဆုငွေ ၅ိ ပေးမည်ဟု ကြေညာပြီး သခင်အောင်ဆန်းအား သိက္ခာချစော်ကားခဲ့သည်။ [၂]

ထိုအချိန်တွင် အင်္ဂလိပ်အစိုးရသည် နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေးကို လှုံ့ဆော်လုပ်ကိုင်လျှက်ရှိသော တို့ဗမာအစည်းအရုံးဝင် နိုင်ငံရေးသမားများကို ဖမ်းဆီးထောင်ချလျှက်ရှိ ရာ သခင်အောင်ဆန်းသည် အင်္ဂလိပ်အစိုးရ၏ ဖမ်းဆီးခြင်းခံရသည်ထက် အပြင်တွင်နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းက ပိုမို အကျိုးသက်ရောက်မှုရှိသည်ဟု ယုံကြည်သဖြင့်အဖမ်းမခံဘဲ ပုန်းအောင်းနေထိုင်လျှက်ရှိခြင်းသာဖြစ်လေသည်။

ဤသို့ ဒုတိယကမ္ဘာစစ်ကြောင့် အင်္ဂလိပ်တို့ အခက်ကြုံနေစဉ် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရန် ဆုံးဖြတ်ပြီး လက်နက်ရရှိရေးအတွက် နိုင်ငံခြားအဆက်အသွယ်ရရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သောကြောင့် တို့ဗမာအစည်းအရုံးသည်လည်းကောင်း၊ ဘီ၊ အာရ်၊ ပီ သည်လည်းကောင်း နိုင်ငံခြားအဆက်အသွယ် နှင့် အကူအညီရရှိနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေကြတော့သည်။

## အခန်း ( ၃ )

## နိုင်ငံခြားအဆက်အသွယ်ရှာကြံခြင်း

### သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံး နိုင်ငံခြားအဆက်အသွယ်ရှာကြံခြင်း

တို့ဗမာအစည်းအရုံးဝင်များနှင့် ဘီအာရ်ပီအဖွဲ့ဝင်များသည် အင်္ဂလိပ်ကို လက်နက်နှင့် တော်လှန်နိုင်ရေးအတွက် နိုင်ငံခြား အဆက်အသွယ် ရရှိရန်မှာ အဓိကဖြစ်ကြောင်း ဆုံးဖြတ်ကြပြီး ဖြစ်သည်။ နိုင်ငံခြားအကူအညီရရှိမည်ဆိုပါက မည်သည့်နိုင်ငံကပင်ရသည်

---

၁။ Mr. Xavier

၂။ ဗိုလ်မှူး ဘဒသောင်း (မောင်သုတ) ဗမာ့တော်လှန်ရေးသမိုင်း မျက် ၂၉၁–၂၉၃

ဖြစ်စေ လက်ခံကြရန်လည်း စဉ်းစားဆွေးနွေးခဲ့ကြသည်။ မြန်မာပြည်အရေးအခင်းကို ကမ္ဘာကသိအောင် ဝါဒဖြန့်ရေးမှာလည်း လိုအပ်ကြောင်း တော်လှန်ရေးအင်အားစုတို့ သဘောပေါက်ကြသည်။ ၂ဤသို့ ဆောင်ရွက်နိုင်ရန်မှာ တရုတ်ပြည်၊ ယိုးဒယားပြည်၊ ဂျပန်ပြည်များသို့ သွားရောက်ရမည် ဖြစ်ကြောင်း သိရှိခဲ့ကြသည်။ တို့ဗမာအစည်းအရုံးဝင်များနှင့် ဘီအာရ်ပီ အဖွဲ့ဝင်များသည် တရုတ်ပြည်တွင် အဆက်အသွယ်ရှိသောကြောင့် တရုတ်ပြည်သို့သွားရန် ရည်ရွယ်သည်။ သို့သော် ၁၉၄၀ပြည့်နှစ်တွင် အင်္ဂလိပ်တို့သည် တရုတ်-မြန်မာ လမ်းမကြီးကို သုံးလကြာမျှပိတ်ထားသောကြောင့် တရုတ်ပြည်သို့ သွားရောက်ရေးမှာ မလွယ်ကူတော့ပေ။

ဤအချိန်တွင် အင်္ဂလိပ်အစိုးရသည် တို့ဗမာအစည်းအရုံးဝင်များနှင့် ဗမာ့ထွက်ရပ်ဂိုဏ်းဝင်များကို ဖမ်းဆီးထောင်ချလျက်ရှိ၏။ သခင်အောင်ဆန်းမှာလည်း ဖမ်းဝရမ်းထုတ်ထားခြင်းခံရသောကြောင့် ပုန်းအောင်းနေထိုင်လျက်ရှိရာ ဘီအာရ်ပီသည် နိုင်ငံခြားအဆက်အသွယ်ရရှိရေးအတွက် ပြည်ပသို့လျှို့ဝှက်စွာထွက်ခွာသွားရန် လိုအပ်ပါက သခင်အောင်ဆန်းကို စေလွှတ်ရန် ရည်ရွယ်ထားလေသည်။

ထို့နောက် ဗမာ့ထွက်ရပ်ဂိုဏ်းဝင် ဒေါက်တာဘမော် နှင့် ဒေါက်တာ သိန်းမောင်တို့ထံမှ သခင်အောင်ဆန်းတို့အား ဂျပန်နှင့်ဆက်သွယ်ပြီး အကူအညီရယူလိုက ရနိုင်မည် ဖြစ်ကြောင်း အကြောင်းကြားသည်။ ထို့ကြောင့် ဘီအာရ်ပီအဖွဲ့ဝင်များသည် ဂျပန်ထံမှ အကူအညီကို လက်ခံရေး နှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးကြသည်။ ၂ တို့ဗမာအစည်းအရုံးနှင့် ဘီအာရ်ပီ အဖွဲ့အတွင်း၌ လက်ဝဲတည်းက ဖက်ဆစ်ဂျပန်နှင့် မပူးပေါင်းလိုသူများ ရှိသော်လည်း နယ်ချဲ့ အင်္ဂလိပ်အုပ်ချုပ်မှုကို လက်နက်နှင့် တော်လှန်ပုန်ကန်နိုင်ရေးတွင် နိုင်ငံခြားအဆက်အသွယ် နှင့် အကူအညီသည် အထူးလိုအပ်လျက်ရှိရာ အကူအညီ ရမည်ဆိုပါက မည်သည့်နိုင်ငံကပင် ရသည်ဖြစ်စေ လက်ခံရန် ဆုံးဖြတ်ထားပြီးဖြစ်သည့်အလျောက် ဂျပန်နှင့်ဆက်သွယ်ဆောင်ရွက်ရေးကို အစီအစဉ်များ ပြုလုပ်ရပြန်သည်။

ဤသို့ သခင်ကိုယ်တော်မှိုင်း၏တို့ဗမာအစည်းအရုံးနှင့် ဘီအာရ်ပီ တို့သည် နိုင်ငံခြား အဆက်အသွယ်ရရှိရန် ကြိုးပမ်းနေစဉ်ကာလတွင် နိုင်ငံရေး အခြေအနေများ လေ့လာအကဲခတ်ပြီး ထောက်လှမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အင်္ဂလိပ်ဆန့်ကျင်ရေး အင်အားစုများနှင့်ပါ ဆက်သွယ်ရန် ဂျပန်နိုင်ငံမှ စေလွှတ်သူများလည်း မြန်မာနိုင်ငံသို့ ရောက်ရှိနေကြပြီးဖြစ်လေသည်။

၁၉၃၇ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွါးစက ဂျပန်နိုင်ငံသည် ကမ္ဘာစစ်တွင် မပါဝင်သေးပေ။ တရုတ်ပြည်၌ ဆင်နွှဲနေရသည့် တရုတ်-ဂျပန်စစ်ပွဲကိုသာ ဂျပန်တို့ လုံးပန်းနေရသော အချိန်ဖြစ်သည်။ တရုတ်-ဂျပန်စစ်ပွဲတွင် တရုတ်ပြည်ချန်ကေရှိတ် အစိုးရ

---

၁။ Maung Maung- Aung San of Burma. p. 31

၂။ Aung San - Burma's Challenge.p.27

ကို အင်္ဂလိပ်နှင့် အမေရိကန်တို့က ကူညီနေသည့် လက်နက်ခဲယမ်း မီးကျောက်များသည် တရုတ်-မြန်မာလမ်းမကြီးမှ ဝင်ရောက်လာခြင်း ဖြစ်သောကြောင့်, ယင်းလမ်းမကြီးသည် ဂျပန်တို့အတွက် အနှောက်အယှက်ဖြစ်နေသည်။ ယိုပြင်ဂျပန်တို့သည် "မဟာအရှေ့ အာရှ သာတူညီမျှကောင်းစားရေး[၁]" စီမံကိန်းအရ အရှေ့အာရှနိုင်ငံငယ်များအပေါ် နယ်ပယ်ချဲ့ထွင်ရန် ရည်ရွယ်ချက်ရှိသည့်အလျောက် မြန်မာနိုင်ငံကို စိတ်ဝင်စားလျက်ရှိသည်။ ထို့ကြောင့် ဂျပန် ကြည်းတပ်မတော်သည် တရုတ်-မြန်မာလမ်းမကြီးကို ပိတ်ဆို့နိုင်ရေး အတွက်လည်းကောင်း၊ မြန်မာနိုင်ငံရေး အခြေအနေကို လေ့လာ၍ ပြည်တွင်းရှိ နယ်ချဲ့ အင်္ဂလိပ်ဆန့်ကျင်ရေး အင်အားစုများနှင့် အဆက်အသွယ်ရယူရေး အတွက်လည်းကောင်း ဗိုလ်မှူးကြီး ဆူဇူကီး[၂] ကို မြန်မာပြည်သို့ တာဝန်ပေးစေလွှတ်လိုက်သည်။[၃]

ဗိုလ်မှူးကြီးဆူဇူကီးသည် ဘန်ကောက်မြို့ရှိ ဂျပန်စစ်သံမှူး ဗိုလ်မှူးကြီး တာမူရာ[၄] မှတစ်ဆင့် ရန်ကုန်မြို့သို့ ၁၉၄၀ပြည့်နှစ်၊ ဇူလိုင်လတွင် ရောက်ရှိလာသည်။[၅] ထို့နောက် မစ္စတာ မစ်ဆူရူစုဂီး[၆] နှင့် မစ္စတာ အီနာအိုမစ်ဆူတာနီ[၇] တို့လည်းရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ဗိုလ်မှူးကြီးဆူဇူကီးနှင့် အတူ ဂျူဒါအီဇကေယယ်လမ်း[၈] ၌နေထိုင်ကြသည်။ ဗိုလ်မှူးကြီး ဆူဇူကီးသည် တိုကျိုမြို့ရှိယိုမီအူရီ[၉] သတင်းစာမှ သတင်းထောက် မစ္စတာမီနာမီ[၁၀] ဟန်ဆောင်ပြီး နေထိုင်ခြင်းဖြစ်ကာ ရန်ကုန်မြို့သို့ ရောက်ရှိစတွင် နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေး အင်အားစုများနှင့် အဆက်အသွယ်ရရှိနိုင်မည့် အခွင့်အရေးကို စောင့်ဆိုင်းလျက် ရှိသည်။[၁၁]

## သခင်ဗစိန်၊ သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံး နိုင်ငံခြားအဆက်အသွယ်ရှာကြခြင်း

တို့ဗမာ အစည်းအရုံး တတိယအကြိမ်မြောက် ညီလာခံအပြီးတွင် တို့ဗမာ အစည်းအရုံးသည် နှစ်ခြမ်းကွဲခဲ့ရပြီးနောက် သခင်ဗစိန်၊ သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံးက နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လုပ်ငန်းစဉ်များကို သီးခြားဆောင်ရွက် လျက်ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးတွင် အင်္ဂလိပ်တို့ ရင်ဆိုင်နေရသည့် အခက်အခဲကို သခင်ဗစိန်၊ သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံးကလည်း အခွင့်ကောင်းယူ၍ အင်္ဂလိပ်ကို လက်နက်

---

၁။ Greater East Asia Co-prosperity Sphere

၂။ Colonel Suzuki

၃။ The Growth of the Burma Army. P.1

၄။ Colonel Tamura

၅။ The Growth of the Burma Army. P. 3

၆။ Mr. Mitsuru Sugii

၇။ Mr. Inao Mitsutani

၈။ Juda Eziekel Street

၉။ Yomiuri

၁၀။ Mr. Minami

၁၁။ Maung Maung - Burma and General Ne Win. P. 73

ကိုင်တိုက်ပွဲဆင်နွှဲရန် နိုင်ငံခြားအဆက်အသွယ် ရှာကြံလျက်ရှိကြသည်။

သခင်ထွန်းအုပ်နှင့် သခင်လှဖေ(ပင်ဖြူ)တို့သည် ရန်ကုန်မြို့တွင် ဆေးကုနေသော ဂျပန်ဆရာဝန်ကြီး ဒေါက်တာဆူဇူကီးနှင့်တွေ့ဆုံ၍ ဂျပန်ကောင်စစ်ဝန်နှင့် ဆက်သွယ်ပေးရန်ပြောကြားသည်။ ထိုနောက် ဒေါက်တာဆူဇူကီး၏ အကူအညီဖြင့် ဂျပန်ကောင်စစ်ဝန်နှင့် တွေ့ဆုံဆွေးနွေးကြရာ ကောင်စစ်ဝန်၏ အကြံပေးချက်အရ သခင်လှဖေအား နိုင်ငံခြား အဆက်အသွယ် ရရှိရေးအတွက် ယိုးဒယားပြည် ဘန်ကောက်မြို့သို့ သွားရန် စေလွှတ်လိုက်သည်။ နစ်ကြိမ်တိုင်တိုင် စေလွှတ်သော်လည်း မအောင်မြင်သဖြင့် ထိုအစီအစဉ်ကို လက်လျှော့လိုက်ရသည်။ [၁]

ထိုစဉ် သခင်ဗစိန်တို့သည် သခင်အောင်သန်းမှတစ်ဆင့် ဂျပန်သွားစိုက်ဆိုင်ရှင် မစ္စတာကိုကူဘူး[၂] နှင့် ဆက်သွယ်မိကြပြန်သည်။ ကိုကူဘူးဆိုသူမှာ ဂျပန်ရေတပ်မတော်မှ မြန်မာပြည်သို့ စေလွှတ်ထားသူဖြစ်သည်။ ဂျပန်ရေတပ်မတော်ကလည်း အရှေ့တောင်အာရှ နိုင်ငံငယ်များကို စိတ်ဝင်စားလျက်ရှိရာ မြန်မာပြည်တွင် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ရန် နိုင်ငံခြားအကူအညီ လိုအပ်နေသည့် ပြည်တွင်းအင်အားစုများနှင့် ဆက်သွယ်လိုသောကြောင့် ကိုကူဘူးကို မြန်မာပြည်သို့ စေလွှတ်ထားခြင်းဖြစ်သည်။ [၃] ၁၉၄၀ ပြည့်နှစ် ဖွန်လတွင် သခင် ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်အောင်သန်း၊ သခင်ချစ်တင်၊ သခင်ခင်မောင်တို့သည် အင်္ဂလိပ်ကိုတော်လှန်ရာ၌ ဂျပန်တို့၏ အကူအညီရယူရေးအတွက် ဂျူဗလီဟော၌ ကိုကူဘူးနှင့် လျှို့ဝှက်စွာတွေ့ဆုံဆွေးနွေးကြသည်။ [၄]

ကိုကူဘူးသည် သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့ထံမှ အတွင်းသူပုန်ထရန် အစီအစဉ် တစ်ရပ် တောင်းဆိုသဖြင့် သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်ညို ၊ သခင်ဓ ၊ သခင်ချစ်တင် တို့သည် ဗဟန်းရပ် ရွှေကျင်တိုက်တွင် အတွင်းသူပုန်ထရန်အစီအစဉ်ကို ရေးဆွဲပြီး ပေးလိုက်သည်။ မကြာမီ ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်နှင့် ကိုကူဘူး၊ မစ္စတာဟာတာ နာကား[၅] တို့က အဆိုပါအစီအစဉ်ကို တိုကျိုမြို့ရှိ သက်ဆိုင်ရာသို့ ပို့လိုက်ရာ လက်ခံကြောင်း၊ သက်ဆိုင်ရာမှလည်း သခင်ဗစိန်အား ဂျပန်ပြည်သို့ လာရောက်စေလိုကြောင်း အကြောင်း ကြားသည်။

သခင်ဗစိန်တို့ရေးဆွဲပေးလိုက်သောအစီအစဉ်တွင် –

(၁) မြန်မာပြည်တွင်း၌ အတွင်းသူပုန်ထကြွရေး၊

(၂) ဂျပန်ပြည်သို့ လူငယ်များစေလွှတ်၍ စစ်ပညာသင်ကြားပေးရေး၊

(၃) စစ်ပညာသင်ပြီးသော မြန်မာလူငယ်များ မြန်မာပြည်သို့ တိတ်တဆိတ်

---

၁။ သခင်ထွန်းအုပ်၊ ကျွန်ုပ်ဝွန်စားခဏ်း၊ မျက် ၁၈–၁၉ ၂။ Mr. Kokubu

၃။ Maung Maung - Burma and General Ne Win.P.71

၄။ သခင်ဗစိန်၊ သခင်များ ဗမာ့လွတ်လပ်ရေးကြိုးပမ်းမှု၊ မျက် – ၉၆ ၅။ Mr. Hatanaga

ဝင်လာရေး၊

(၄) ဂျပန်မှ ငွေနှင့်လက်နက် တင်ပို့ရေး၊

(၅) ယိုးဒယားတွင် ဗမာ့လွတ်လပ်ရေးတပ်ဖွဲ့စည်းရေး၊

(၆) စကော့ပူကို ဂျပန်ကသိမ်းပိုက်ပြီးချိန်တွင် မြန်မာပြည်က ပုန်ကန်ထကြွရေး၊ လွတ်လပ်ရေးကြေညာပေးရေး၊

(၇) မြန်မာပြည်၌ ခေတ်သစ်ထူထောင်ရေး၊

(၈) မြန်မာပြည်လွတ်လပ်သောအစိုးရ တည်ထောင်ရေး၊[၁]

စသည်တို့ပါဝင်လေသည်။

သခင်ဗစိန်သည် ကိုကူဘူးနှင့် ဟာတာနာကားတို့ထံမှ စာများကိုယူဆောင်၍ ယိုးဒယားမှတစ်ဆင့် ဂျပန်ပြည်သို့ သွားရောက်ရန် ၁၉၄၀ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် နယ်စပ်သို့ထွက်ခဲ့ရာ လမ်း၌အဖမ်းခံရသည်။ သခင်ဗစိန်သည် ကိုကူဘူးနှင့် ဟာတာနာကားတို့ထံမှ ပေးလိုက်သောစာများကို အချိန်မီ ဖျောက်ဖျက်ပစ်နိုင်သည့်အတွက် လျှို့ဝှက်အဆက်အသွယ်များ မပေါက်ကြားခဲ့ပေ။ သခင်ဗစိန် အဖမ်းခံရပြီး ၄ ရက်အကြာတွင် သခင်အောင်သန်းအား မြိတ်မြို့မှတစ်ဆင့် ယိုးဒယားပြည် ဘန်ကောက်မြို့သို့ ထပ်မံသွားရောက်ရန်စေလွှတ်လိုက်သည်။

သခင်အောင်သန်းသည် ဘန်ကောက်မြို့သို့ ချောမောစွာရောက်ရှိသွားပြီးနောက် ယင်းထံမှ စာတစ်စောင်ပေးပို့ခဲ့သည်။ သခင်ခင်မောင်သည် စာကိုဂျပန်ကောင်စစ်ဝန် မစ္စတာဟိုးမား[၂] ထံသွားရောက်ပြသရာ သခင်အောင်သန်းထံမှ မြန်မာလူငယ်များကို ဂျပန်ပြည်သို့စေလွှတ်ပေးရန် ဂျပန်ဘာသာဖြင့် ရေးသားထားသော စာဖြစ်ကြောင်း သိရသည်။[၃]

ဂျပန်ကောင်စစ်ဝန်ဟိုးမားကလည်း မြန်မာလူငယ်များကို ဂျပန်ပြည်သို့ ပို့ဆောင်ရာတွင် ကူညီမည်ဖြစ်ကြောင်း ပြောကြားသည့်ပြင် သခင်ထွန်းအုပ်ကိုလည်း ဂျပန်ပြည်သို့ လိုက်ပါ သွားရန် အကြံပေးရာ သခင်ထွန်းအုပ်ကလက်ခံလိုက်လေသည်။

## သခင်အောင်ဆန်းနိုင်ငံခြားသို့ထွက်ခွါသွားခြင်း

သခင်အောင်ဆန်းနှင့် ဘီအာရ်ပီအဖွဲ့ဝင်များသည် ဒေါက်တာဘမော်နှင့် ဒေါက်တာသိန်းမောင်တို့မှတစ်ဆင့် ကမ်းလှမ်းလာသောဂျပန်အကူအညီကို လက်ခံရန် ဆုံးဖြတ်လိုက်သော်လည်း ဂျပန်တို့သည် ယင်းကိစ္စကို အကြောင်းအမျိုးမျိုးပြ၍ ရက်ရွှေ့ဆိုင်းလိုက်ကြပြန်သည်။ အကြောင်းမှာ ဂျပန်တို့သည် သခင်အောင်ဆန်းတို့အား ဗော်လရှီဗစ်[၄] များဟုထင်မြင်

၁။ သခင်ဗစိန်၊ ဗမာ့လွတ်လပ်ရေးကြိုးပမ်းမှု၊ မျက် – ၉၈ ၂။ Mr. Homa

၃။ Maung Maung - Burma and General Ne Win. PP. 78-79

၄။ Bolsheviks

ယူဆသောကြောင့်ဖြစ်သည်။ သို့သော် ဘီအာရ်ပီ အဖွဲ့ဝင်များသည် ဂျပန်တို့၏အကြောင်း ပြန်ကြားချက်ကို မစောင့်ဆိုင်းကြတော့ပဲ သခင်အောင်ဆန်းအား မြန်မာပြည်အတွက် အကျိုးသက်ရောက်မှုရှိမည်ဟု ယူဆသည့် အလုပ်ကို ဆောင်ရွက်နိုင်ရေးအတွက် အာဏာကုန်လွှဲအပ်ပြီး အမွိုင်သို့ စေလွှတ်ရန် ဆုံးဖြတ်ကြသည်။ [၁]

ထို့ကြောင့် ဘီအာရ်ပီအဖွဲ့ဝင်များသည် သခင်အောင်ဆန်းအား အမွိုင်သို့တင်ဆောင်သွားမည့် သင်္ဘောရရှိရေးကို ကြိုးပမ်းရှာဖွေရတော့သည်။ သင်္ဘောမရရှိပါက တရုတ်–မြန်မာ လမ်းမကြီးမှတစ်ဆင့် ထရပ်ကားဖြင့် ထွက်ခွါသွားရန် စိတ်ကူးမိသော်လည်း အင်္ဂလိပ်တို့က တရုတ်–မြန်မာလမ်းမကြီးကို ၁၉၄၀ပြည့်နှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ ပိတ်ထားသောကြောင့် လက်တွေ့လုပ်ဆောင်ရန်မဖြစ်ပေ။ ဤသို့ သင်္ဘောရရှိရေးကို အပူတပြင်း ကြိုးစားရှာဖွေရာ သခင်လှဖေသည် ရန်ကုန်မြို့ ၁၉ လမ်းတွင်နေထိုင်သော ကိုကျော်ခင်ဆိုသူနှင့် အဆက်အသွယ်ရရှိပြီး သခင်အောင်ဆန်းအား အမွိုင်သို့ တင်ဆောင်သွားမည့် သင်္ဘောကို တွေ့ရှိလေသည်။ သို့ဖြင့် သခင်အောင်ဆန်းနှင့် သခင်လှမြိုင် တို့သည် ၁၉၄၀ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဟိုင်လီ [၂] သင်္ဘောဖြင့် ရန်ကုန်မြို့မှ လျှို့ဝှက်စွာ ထွက်ခွါသွားရာ ဩဂုတ်လ ၂၈ ရက်နေ့တွင် အမွိုင်မြို့သို့ ရောက်ရှိသည်။ [၃]

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် အမွိုင်မြို့သို့ရောက်ရှိသော်လည်း နိုင်ငံခြားအကူအညီ ရရှိရေးအတွက် ဆောင်ရွက်ရန် အဆက်အသွယ်မရရှိခဲ့ပေ။ ထိုစဉ် ဒေါက်တာသိန်းမောင်သည် ဂျပန်ဘုန်းတော်ကြီး ဦးနဂါအိ [၄] မှတစ်ဆင့် ဗိုလ်မှူးကြီး ဆူဇူကီးနှင့် သိကျွမ်းခဲ့ရာဂျူဗလီဟောတွင် ကပြနေသော "ဘိုးစိန်ဇာတ်ပွဲ" သို့ ဗိုလ်မှူးကြီးဆူဇူကီးအား ဖိတ်ကြားပြသသည်။ ထို့နောက် ဒေါက်တာသိန်းမောင်သည် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့၏ ဓါတ်ပုံများကို ဗိုလ်မှူးကြီးဆူဇူကီးအား ပေးလိုက်ပြီး အမွိုင်တွင်ရောက်ရှိနေသော မြန်မာလူငယ်နှစ်ဦးကို ဂျပန်ပြည်သို့ ရောက်ရှိအောင် ကူညီရန်ပြောကြားလေသည်။ [၅]

ဗိုလ်မှူးကြီး ဆူဇူကီးသည် ၁၉၄၀ပြည့်နှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် လေယာဉ်ပျံဖြင့် ရန်ကုန်မြို့မှ ထွက်ခွါသွားပြီး ဘန်ကောက်မြို့တွင် ခေတ္တဝင်ရောက်၍ ဂျပန်စစ်သံမှူးနှင့် တွေ့ဆုံသည်။ နယ်စပ်ကိုဖြတ်၍ ဘန်ကောက်မြို့သို့ ရောက်ရှိလာမည့် မြန်မာလူငယ်များ နှင့် ပတ်သက်၍လည်း အစီအစဉ်များပြုလုပ်သည်။ ဗိုလ်မှူးကြီး ဆူဇူကီးသည် ထိုင်ပေမြို့ [၆] သို့ ဆက်လက်သွားရောက်ကာ ဂျပန်စစ်ဌာနချုပ်ရှိ ဗိုလ်မှူးကြီးတာနဲကာနှင့် တွေ့ဆုံ၍ အမွိုင်သို့ရောက်ရှိနေသော သခင်အောင်ဆန်း၊ သခင်လှမြိုင်တို့နှင့် အဆက်အသွယ်

---

၁။ Aung San - Burma's Challenge. p. 29-30   ၂။ Hai Lee
၃။ Maung Maung - Aung San of Burma. P.16   ၄။ Nagai
၅။ Maung Maung - Burma and General Ne Win. P. 81
၆။ Taipeh

ရရှိရေးအတွက် အကူအညီတောင်းသည်။[၁] ထို့နောက် ဗိုလ်မှူးကြီးတာနာကာမှတစ်ဆင့် အမွိုင်ရှိ ဂျပန်ကင်ပေတိုင်တပ်မှူး ဗိုလ်မှူးကန်ဒါ[၂] ထံသို့ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့၏ဓါတ်ပုံများပေးပို့ပြီး ယင်းမြန်မာလူငယ် နှစ်ဦးကိုတွေ့အောင်ရှာရန် ညွှန်ကြားလိုက်သည်။ ဗိုလ်မှူးကန်ဒါသည် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့အား ကူလန်စုကျွန်း[၃] တွင် ရှာဖွေတွေ့ရှိသွားပြီး ဂျပန်ပြည်သို့ပို့ရန် စီစဉ်လေသည်။

သခင်အောင်ဆန်းတို့သည် အမွိုင်မှတိုင်ပေရှိ ဂျပန်စစ်ဌာနချုပ် သို့ရောက်ရှိလာသည်။ ထိုမှတစ်ဆင့် တိုကျိုမြို့သို့လေယာဉ်ပျံဖြင့် သွားရောက်ရာ ဗိုလ်မှူးကြီးဆူဇူကီးက ဟာနေဒါလေဆိပ်[၄] မှစောင့်ကြိုနေသည်။ သခင်အောင်ဆန်းတို့သည် တိုကျိုမြို့သို့ ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင်ရောက်ရှိပြီး တိုကျိုမြို့၊ ကန်ဒါ[၅] အရပ်ရှိစွန်ဒိုက်ဆိုးဟော်တယ်[၆] တွင်တည်းခိုကြသည်။ ထိုနောက်ဗိုလ်မှူးကြီးဆူဇူကီး၏အစီအမံဖြင့် စွန်ဒိုက်ဆိုးဟော်တယ်မှ ယင်း၏နေအိမ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ကိုမတ်ဆုယာ ဟော်တယ်[၇] သို့လည်းကောင်း၊ ကန်ဇန်ဂျီ[၈] အရပ်ရှိကန်ကိုဟော်တယ်[၉] သို့လည်းကောင်း အဆင့်ဆင့် ပြောင်းရွှေ့နေထိုင်ရသည်။ နောက်ဆုံးတွင်သခင်အောင်ဆန်းတို့သည် ဟီဂူချီ[၁၀]၏ အစီအမံဖြင့် တိုကျိုမြို့ရှိ မစ္စတာတာနာကာ၏ နေအိမ်သို့ပြောင်းရွှေ့နေထိုင်ကြသည်။ ဤသို့ အဆင့်ဆင့်ပြောင်းရွှေ့ နေထိုင်ရခြင်းမှာ သခင်အောင်ဆန်းတို့ ဂျပန်ပြည်သို့ ရောက်ရှိနေသည်ကို လျှို့ဝှက်ထားလိုသောကြောင့်ဖြစ်သည်။

သခင်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးဆူဇူကီးတို့သည် မစ္စတာတာနာကာ၏နေအိမ်တွင် မြန်မာပြည်အရေးကိုဆွေးနွေးကြပြီး သခင်အောင်ဆန်းက "လွတ်လပ်သောမြန်မာပြည် ပြန်လည်ထူထောင်ရေးစီမံကိန်း"[၁၁] တစ်ရပ်ကိုရေးဆွဲတင်ပြသည်။[၁၂]

သခင်အောင်ဆန်း၏

> "လွတ်လပ်သောမြန်မာပြည် ပြန်လည်ထူထောင်ရေးစီမံကိန်း"တွင် ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ မြန်မာပြည်ကိုကျွန်ုပ်တို့၏အခြေအနေ၊ လိုအပ်ချက်များနှင့် ဆီလျော်သည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် တည်ထောင်ရန် ဖြစ်သည်။ အတိတ်ကမြန်မာပြည်သမိုင်းတွင် တည်ရှိခဲ့သော သက်ဦးဆံပိုင်ဘုရင်

---

၁။ Maung Maung - Aung San of Burma. P. 56

၂။ Major Kanda ၃။ Kulangsu ၄။ Haneda Airport

၅။ Kanda ၆။ Sundai-so Hotel ၇။ Komatsuya Hotel

၈။ Kazanji ၉။ Kanko Hotel ၁၀။ Higuchi

၁၁။ Substantial Draft of the Reconstruction of the Independence Burma.

၁၂။ HA. 5. The Growth of Burma Army. P. 14

စံနစ်သည်ယခုအခါ၌ မဖြစ်နိုင်တော့ပေ။ ကျွန်ုပ်တို့သမိုင်းတွင် ခေါင်းဆောင်မှုများယွင်းသောကြောင့် ရှုတ်ထွေးမှုများ၊ ပျက်စီးမှုများဖြစ်ပေါ်ရပြီး စည်းကမ်းထိန်းသိမ်းနိုင်မှုမရှိသည့် အဖြစ်အပျက်များရှိခဲ့သည်။ မြန်မာ့သမိုင်းတွင် ပဒေသရာဇ်ခေတ်တစ်ခေတ်သည် မင်းဆက် ၂ ဆက် ၃ ဆက်အထိကောင်းမွန်စွာ အုပ်ချုပ်နိုင်သော်လည်း နောက်ဆုံးဆက်ခံသောမင်းများမှာ ကျွမ်းကျင်စွာ မအုပ်ချုပ်နိုင်သောကြောင့် တဖြည်းဖြည်း ပျက်စီးသွားရသည်။ ကျွန်ုပ်တို့၏ အယူအဆမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် အုပ်ချုပ်သောဘုရင်စနစ် (CONSTITUTIONAL MONARCHY)[၁] သည်မြန်မာပြည်တွင် ပြေပြစ်ချောမောမည်မဟုတ်ပေ။ မြန်မာ လူမျိုးတို့သည် အင်အားတောင့်တင်း၍ ကျွမ်းကျင်သော ခေါင်းဆောင်မှုကိုသာ တောင်းဆိုပြီး အင်အားနည်းသောရုပ်ပြခေါင်းဆောင်မှုကို မလိုလားရကားပါလီမန် အုပ်ချုပ်ရေးကိုအခြေခံသော ဘုရင်စနစ်သည် မြန်မာတို့၏စိတ်ဓါတ်နှင့်ဆန့်ကျင်နေပေသည်။ ယင်းစနစ်မှာဘုရင်ကို ဟန်ပြထားပြီး ပါလီမန် အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သောပုံစံဖြစ်သည်။ ပါလီမန်စနစ်သည်တစ်ကိုယ် ကောင်းစိတ်ဓါတ်ကို အားပေးပြီးအဖျက်သမားများအား အုပ်ချုပ်ရေးယန္တယား၌ နှောင့်နှေးကြန့်ကြာအောင်နှောင့်ယှက်နိုင်သည့် အခွင့်အရေးကိုရစေသည်။ ကျွန်ုပ်တို့လိုလားသောအုပ်ချုပ်ရေးပုံစံမှာ ဂျာမဏီ၊ အီတလီတို့မှာကဲ့သို့ ခိုင်မာတောင့်တင်းသည့် အုပ်ချုပ်ရေးပုံစံပင်ဖြစ်သည်။ နိုင်ငံတစ်ခုတည်း၊ အစိုးရတစ်ဖွဲ့တည်း၊ ပါတီတစ်ခုတည်း၊ ခေါင်းဆောင်တစ်ဦးတည်းသာ ရှိသင့်သည်။ ပါလီမန်စနစ်ကဲ့သို့ အတိုက်အခံပါတီမရှိသင့်ပေ။

ခေါင်းဆောင်ကောင်းမရှိလျှင် နိုင်ငံတစ်ခု၏အခြေအနေ မည်သို့ပြောင်းလဲသွားမည်ကို မေးစရာအကြောင်းရှိသည်။ ကျွန်ုပ်တို့အဖြေမှာ အင်အားတောင့်တင်းခိုင်မာသော ခေါင်းဆောင်မှုကို ပါတီကဖန်တီးလိမ့်မည်ဟူသော အဖြေပင်ဖြစ်သည်။ ထိုပါတီသည် အခြားပါတီများကဲ့သို့ ယိမ်းယိုင်လျော့ရဲခြင်းမရှိပဲ ဖွဲ့စည်းအုပ်ချုပ်ပုံ၏ အကောင်းဆုံးအင်္ဂါရပ်များကိုအခြေခံသော တောင့်တင်း ခိုင်မာသည့်ပါတီဖြစ်သဖြင့် အနာဂတ်ခေါင်းဆောင်မှုကိုပေးရန်မခဲယဉ်းပေ။

ပါတီတွင်းအုပ်စုပဋိပက္ခများကြောင့်ပါတီပြိုကွဲပျက်စီးသွားလျှင် မည်သို့ပြုလုပ်မည်နည်းဟု မေးစရာရှိပါသည်။ ကျွန်ုပ်တို့၏အဖြေမှာ ပါတီတွင်းအုပ်စုပဋိပက္ခများဖြစ်ပေါ်ရန် ခဲယဉ်းလှသည်။ တစ်ပါတီ စံနစ်သည် အမြဲတမ်းကောင်းမွန်သောပုံစံဟု မဆိုသာသော်လည်း ခိုင်မာတောင့်တင်းသော အုပ်ချုပ်ရေးရရှိရန် အကောင်းဆုံးပုံစံဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ ခိုင်မာတောင့်တင်းသော

---

၁။ စည်းမျဉ်းခံဘုရင်စနစ်

အုပ်ချုပ်ရေးထူထောင်ရန် ကြိုတင်လိုအပ်သောအရာမှာ စည်းလုံးညီညွတ်ရေးပင် ဖြစ်သည်။ ဗြိတိသျှတို့၏ အုပ်ချုပ်ပုံစံနစ်ဖြစ်သော မြန်မာလူမျိုးနှင့်တောင်တန်းဒေသလူမျိုးများသွေးကွဲစေရန် ပိုင်းခြားထားမှုကို ကျဉ်းမြောင်းအောင်ဆောင်ရွက်ရမည့်အပြင် ထိုလူမျိုးအားလုံးအား ယခုကဲ့သို့ "တိုးတက်ဖွံ့ဖြိုးသော အုပ်ချုပ်ရေးဒေသ" နှင့် "မဖွံ့ဖြိုးသောဒေသ" ဟူ၍မခွဲခြားပဲ တူညီမျှတသောအုပ်ချုပ်ရေးအောက်တွင် စည်းလုံးညီညွတ်သောနိုင်ငံ ဖြစ်စေရမည်။ မဖွံ့ဖြိုးမတိုးတက်သေးသောလူမျိုးတိုင်းကို တိုးတက်ဖွံ့ဖြိုးအောင် မြှင့်တင်ရမည့်အပြင် ယင်းဒေသများကိုလည်း တူညီမျှတကောင်းမွန်သော အုပ်ချုပ်ရေးအောက်သို့ ရောက်ရှိအောင်ဆောင်ရွက်ရမည်။ ဆက်သွယ်ရေး၊ စည်းလုံးညီညွတ်ရေးကို ခက်ခဲစေသော သဘာဝ အတားအဆီးများကို အောင်မြင်အောင်လုပ်ဆောင်ရမည်။ ထိရောက်သော ခေတ်မှီ လမ်းပမ်းဆက်သွယ်ရေးစံနစ်ဖြစ်သည့် မီးရထားလမ်းနှင့် မော်တော်ကားလမ်းများကို မတိုးတက်မဖွံ့ဖြိုးသေးသော အရပ်ဒေသများသို့ ပေါက်ရောက်အောင်ဖေါက်လုပ်ရမည်။

ယခုတည်ဆောက်မည့် မြန်မာနိုင်ငံသစ်တွင် ကျွန်ုပ်တို့၏ ဝါဒမှာ သာယာဝပြောပြီး အင်အားတောင့်တင်းသည့် ခေတ်မီနိုင်ငံတစ်ခုအဖြစ်ရောက်အောင်ဖန်တီးရန်ဖြစ်ပြီး ကျွန်ုပ်တို့၏ဝါဒနှင့် ကိုက်ညီသော အခြေအနေသို့ ရောက်စေရမည်။ ကျွန်ုပ်တို့သည် လက်ရှိအခြေအနေတွင် မြင့်မားသောလူနေမှု ကုန်ကျစရိတ်ကို သက်သာနည်းပါးအောင် ပြုလုပ်ရမည်ဖြစ်ရာ တစ်ဦးချင်း ဝင်ငွေကို တိုးတက်အောင် ပြုလုပ်ရမည်။ လူဦးရေကို အလျှင်မြန်ဆုံး တိုးပွါးအောင်ပြုလုပ်ကာပြည်သူလူထုအား ပညာသင်ကြားပေးခြင်း၊ စည်းကမ်းကျနအောင်ထိန်းသိမ်းပေးခြင်း၊ ကျန်းမာရေး ကိုယ်ခန္ဓာကြီးထွားတိုးတက်ရေးများကို မြှင့်တင်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးရမည်။ လူဝင်မှုကြီးကြပ်ရေးကို စီစစ်ရမည်။ မူလတန်းပညာမသင်မနေရစနစ်ကို ဆောင်ရွက်ပြီး ပညာရေးတွင်လည်း သိပ္ပံပညာရပ်ကိုပိုမိုထွန်းကားစေရမည်။

စီးပွါးရေးဆိုင်ရာ အခန်းကဏ္ဍတွင် ကျွန်ုပ်တို့သည် ဗြိတိသျှလူမျိုးနှင့် ဗြိတိသျှအစိုးရထံမှ သိမ်းယူမည့် ကုန်ထုတ်အရင်းအနှီးများကို စီမံခန့်ခွဲဆောင်ရွက်ရန်ကြံဆရမည်။ ဆင်းရဲသောလူတန်းစားများထံမှ အကြွေးများကို လျှော်ပစ်ရမည်။ မြေယာမဲ့များ မြေယာရရှိရေးအတွက် တိကျသော မြေယာစီမံကိန်းကို ချမှတ်ရမည်၊ မြေပိုင်ရှင်စနစ်ကို ဖျက်သိမ်းပြီး ထွန်ယက်စိုက်ပျိုးရေးကိုခေတ်မီအောင်ပြုလုပ်ရမည်။ မြန်မာနိုင်ငံအား စက်မှုနိုင်ငံဖြစ်အောင် ဆောင်ရွက်ခြင်း၊ ကုန်ကြမ်းများ ရှာဖွေထုတ်ဖေါ်ခြင်း၊ စက်မှုလုပ်ငန်းများကို ထူထောင်ခြင်းတို့တွင် တိကျသည့် စီမံကိန်းများကို ချမှတ်ရမည်။ ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာစီမံကိန်းများကို ချမှတ်ရမည်။ ထွက်ကုန်များကို ချုပ်ကိုင်ခြင်း၊ သွင်းကုန်

များကိုဥပဒေအရ စည်းကြပ်ခြင်း၊ ရောင်းဝယ်ရေးတန်ဘိုးများ ချမှတ်ခြင်း၊ အခွန်ကောက်ခံရေးတွင် ဆင်းရဲသားလူတန်းစားထံမှ ဝန်ထုပ်ဝန်ပိုးများကိုချမ်းသာကြွယ်ဝသူများအပေါ် ပြောင်းရွှေ့ပေးခြင်း၊ ငွေစက္ကူတန်ဘိုးခိုင်မာစေခြင်း၊ ငွေအကြွေသစ်များ ထုတ်လုပ်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ရမည်။

လွတ်လပ်သောမြန်မာနိုင်ငံအား ပြန်လည်တည်ဆောက်ပြီးနောက် လွတ်လပ်ရေးကိုထိန်းသိမ်းရာတွင် ကျွန်ုပ်တို့နိုင်ငံကို ကာကွယ်ရန်နှင့်ကျွန်ုပ်တို့၏တိုးတက်မှုကို စောင့်ရှောက်ရန်တို့အတွက် ခိုင်မာတောင့်တင်းသည့်ကာကွယ်ရေးအစီအစဉ်မရှိလျှင်မဖြစ်ပေ။ ကျွန်ုပ်တို့သည်အင်အားကြီးမားသောကြည်း၊ ရေ၊ လေ တပ်မတော်များကိုဖွဲ့စည်းထူထောင်ရမည်*။

ဟူ၍ဖော်ပြထားလေသည်။

## မိနာဝမိအဖွဲ့အစည်း

ဂျပန်နိုင်ငံသည် မူလကပင် တရုတ်ပြည်ကို စီးပွါးရေးအရ ချယ်လှယ်ချုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိသောကြောင့် ရှေ့ပြေးလုပ်ဆောင်ချက် တစ်ရပ်အဖြစ် ၁၉၃၁ခု စက်တင်ဘာလတွင် မန်ချူးရီးယားကို သိမ်းပိုက်လိုက်လေသည်။ ထို့နောက် ၁၉၃၂ခု၊ မတ်လတွင် ဂျပန်သည် မန်ချူးရီးယား၌ ဟင်နရီပုရီ [၁] ခေါင်းဆောင်သော ရုပ်သေးအစိုးရ တင်မြှောက်ပြီး ၁၉၃၂ခု၊ စက်တင်ဘာလတွင် လွတ်လပ်သောနိုင်ငံအဖြစ်အသိအမှတ်ပြုလေသည်။ ယင်းသို့ ဂျပန်သည် တရုတ်ပြည်အား သိမ်းပိုက်နိုင်ရေးအတွက် ပဏာမခြေလှမ်းအဖြစ် မန်ချူးရီးယားအား လက်အောက်ခံနိုင်ငံအဖြစ်သိမ်းသွင်းပြီးနောက် ၁၉၃၇ခု၊ ဇူလိုင်လတွင် တရုတ်–ဂျပန်စစ်ပွဲကို ဖန်တီးပြီး ဂျပန်တပ်များသည် တရုတ်ပြည်မြောက်ပိုင်းကို သိမ်းပိုက်ကာတရုတ်အစိုးရကို နန်ကင်းမြို့တော်မှ ဆုတ်ခွါသွားစေသည်။ ထို့နောက် ၁၉၃၈ခုနှစ်တွင် ရှန်ဟဲ၊ ကန်တုံနှင့် တောင်ပိုင်း ဆိပ်ကမ်းမြို့များကို လည်းကောင်း၊ တရုတ်ပြည်အလယ်ပိုင်းရှိ ဟန်ကောင်မြို့တော် [၂] ကိုလည်းကောင်း၊ လျှင်မြန်စွာ သိမ်းပိုက်ကြသည်။ တရုတ်ပြည်ချန်ကေရှိတ် အစိုးရသည် ဂျပန်၏ထိုးစစ်ကြောင့် ချုံကင်းမြို့သို့ဆုတ်ခွါရပြီး တရုတ်ကွန်မြူ

---

* သခင်အောင်ဆန်း၏ အထက်ဖော်ပြပါ စာတမ်း လက်ရေးစာမူ ( မူရင်း) ကို မစ္စတာ စူဂီးက ကူးယူထားရာ ယင်းမှတ်တမ်းအရ ပြန်လည်ဖော်ပြထားခြင်းဖြစ်ကြောင်း Tokyo Research Unit မှ ရေးသားပြုစုသော The Growth of The Burma Army. PP. 15-20 တွင်ဖော်ပြ ထားပါသည်။

၁။ Henry Pu-Yi

၂။ Hankow

နစ်များသည်လည်း မွန်ဂိုလီးယားနယ်စပ်သို့ ဆုတ်ခွာသွားရလေသည်။

၁၉၄၀ ပြည့်နှစ်တွင် ဂျပန်သည် တရုတ်ပြည်မြို့တော် အပါအဝင် မြို့ကြီးများ ဆိပ်ကမ်းမြို့ကြီးများ၊ လူဦးရေအထူထပ်ဆုံးနှင့် စက်မှုလုပ်ငန်းထွန်းကားသော ဒေသများကို သိမ်းပိုက်ရရှိခဲ့သည်။ ထို့နောက် တရုတ်ပြည်တစ်ပြည်လုံးကို သိမ်းပိုက်ရရှိရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းအားလုံးကို ပိတ်ဆို့ဖြတ်တောက်ရန် ကြိုးပမ်းလျက်ရှိရာ တရုတ်ပြည် ချန်ကေရှိတ်အစိုးရအား ဆက်လက်ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြု စေသည့် တရုတ်-မြန်မာလမ်းမကြီးနှင့် အင်ဒိုချိုင်းနားမှ တရုတ်ပြည်တွင်းသို့ ဝင်ရောက်ရာလမ်း နှစ်လမ်း သာပိတ်ဆို့ရန်ကျန်လေသည်။ [၂]

ထိုသို့တရုတ်ပြည်တွင် ဂျပန်တို့ သိမ်းပိုက်အုပ်ချုပ်နေခြင်းကြောင့် အင်္ဂလိပ်နှင့် အမေရိကန်တို့သည် တရုတ်ပြည်ရှိ ယင်းတို့၏စီးပွါးရေးအကျိုးအမြတ်ကို ထိခိုက်လာသဖြင့် အမေရိကန်သည် ၁၉၃၉ခု၊ ဇူလိုင်လတွင် ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုစာချုပ် ဆက်လက် ချုပ်ဆိုရေးကို ငြင်းပယ်လိုက်သည်။ ထို့ပြင် ၁၉၄၀ပြည့်နှစ် ဇူလိုင်လတွင် ဂျပန်နိုင်ငံနှင့် စီးပွါးရေးကုန်သွယ်မှုကို တင်းကြပ်စွာချုပ်ကိုင်သည့်အနေဖြင့် ဂျပန်နိုင်ငံသို့တင်ပို့မည့်ရေနံ နှင့် သံရိုင်းများအပေါ် အခွန်အကောက်ပိုမိုစည်းကြပ် ကောက်ခံခဲ့သည်။ စက်တင်ဘာလ တွင် ဂျပန်နိုင်ငံသို့သံရိုင်းများ တင်ပို့မှုကိုလည်းကောင်း နိုဝင်ဘာလတွင်သံမဏိတင်ပို့မှုကို လည်းကောင်း တားမြစ်လိုက်လေသည်။ [၃]

ဤသို့အမေရိကန်က ဂျပန်နိုင်ငံအပေါ် စီးပွါးရေးပိတ်ဆို့မှုများ ပြုလုပ်လာသော အခါ ဂျပန်နိုင်ငံသည် ယင်း၏ စီးပွါးရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများဖြစ်သောရေနံ၊ သံရိုင်း၊ ရော်ဘာနှင့်အခြားဓါတ်သတ္တုပစ္စည်းများ ရရှိရေးအတွက် အရှေ့တောင်အာရှနိုင်ငံများ ကိုနယ်ချဲ့သိမ်းပိုက်ရန်ကြိုးပမ်းလာသည်။

ဂျပန်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ နယ်ချဲ့ရန် ၁၈၉၀ပြည့်နှစ်ကတည်းကပင် ကြံစည်စိတ်ကူးခဲ့ကြသည်။ [၄] ထို့ကြောင့်ဂျပန်သည် အရှေ့တောင်အာရှသို့ နယ်ပယ်ချဲ့ထွင်ရာတွင် ယင်း၏ရပ်တည်မှုခိုင်မာစေရေးအတွက် ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလတွင် ဂျာမဏီ၊ အီတလီနိုင်ငံများနှင့် မဟာမိတ်စာချုပ် ချုပ်ဆို ကာ ဘာလင်၊ ရောမ၊ တိုကျိုဝင်ရိုးတန်းမဟာမိတ်[၅] အဖြစ်ခံယူသည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွါးစက အင်္ဂလိပ်၊ပြင်သစ်နှင့် မဟာမိတ်နိုင်ငံများသည် ဥရောပစစ်မျက်နှာ၌ ဂျာမန်၏

---

၁။ H.H.Hayes. Contemporary Europe since 1870.p.624

၂။ The Retreat from Burma . p. 25

၃။ W.G.Beasley- The Modern History of Japan. p. 268

၄။ Peter Calvocoressi and Guy Wint- Total War.P.586

၅။ Rome- Berlin- Tokyo Axis.

ထိုးစစ်ကို အလျှးအလဲခုခံလျက်ရှိပြီး အရေးနိမ့်နေသော ကာလဖြစ်သောကြောင့် ဂျပန်သည် အရှေ့တောင်အာရှတွင်ထင်သလို ချယ်လှယ်နိုင်မည့် အခွင့်အရေးကိုရရှိစေသည်။

ထို့ကြောင့် ဂျပန် ကြည်းတပ်မတော်မှ ဗိုလ်မှူးကြီး ဆူဇူကီးကို လည်းကောင်း၊ ရေတပ်မတော်မှ မစ္စတာ ကိုကူဘူး ကိုလည်းကောင်း မြန်မာပြည်သို့ စေလွှတ်၍ တရုတ်–ဂျပန်စစ်ပွဲတွင် တရုတ်ပြည် ချန်ကေရှိတ် အစိုးရအား အင်္ဂလိပ်နှင့် အမေရိကန်တို့မှကူညီထောက်ပံ့နေသည့် လက်နက်ခဲယမ်းမီးကျောက်များ ဝင်ရောက်ရာ တရုတ်–မြန်မာလမ်းမကြီးကို ဖြတ်တောက်ပိတ်ဆို့ နိုင်ရေးအတွက်လေ့လာရန်နှင့် မြန်မာပြည် နိုင်ငံရေး အခြေအနေနှင့် ပြည်တွင်းရှိ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး အင်အားစုများကို လေ့လာအကဲခပ်ကာ အဆက်အသွယ်ပြုလုပ်ရန် တာဝန်ပေးအပ်လိုက်သည်။ သခင်အောင်ဆန်း နှင့် သခင်လှမြိုင်တို့ အမွိုင်သို့ရောက်ရှိနေစဉ် သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံးနှင့် ဘီအာရ်ပီအဖွဲ့ဝင်များသည် ဗိုလ်မှူးကြီး ဆူဇူကီးနှင့် အဆက်အသွယ်ရရှိပြီး သခင်အောင်ဆန်းတို့ တိုကျိုမြို့သို့ ရောက်ရှိသွားသည့်ပြင် သခင်ဗစိန်–သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံးကလည်း ကိုကူဘူးနှင့် အဆက်အသွယ်ရရှိခဲ့သည်။

ရေတပ်မတော်ဆိုင်ရာ ဒုတိယဝန်ကြီး အီဆိုရိုကူယာမာမိုတို[၁] သည်ကိုကူဘူး၏ အစီရင်ခံစာအရ မြန်မာပြည်အရေးကို စိတ်ဝင်စားလျက်ရှိပြီး ရေတပ်မတော်မှ အရာရှိကြီးများကလည်း ကြည်းတပ်မတော်၏ ပူးပေါင်းဆောက်ရွက်မှုကိုလိုအပ်ကြောင်း သိရှိထားကြလေသည်။ ထိုစဉ် ကြည်းတပ်မတော်က မြန်မာပြည်အရေးကို စိတ်ဝင်စားသောကြောင့် ဗိုလ်မှူးကြီးဆူဇူကီးအား မြန်မာပြည်သို့စေလွှတ်ထားရာ ယင်း၏အဆက်အသွယ်ဖြင့် သခင်အောင်ဆန်းတို့ပင် တိုကျိုမြို့သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ရေတပ်မတော်က မြန်မာပြည် အရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန်ကမ်းလှမ်းသောအခါ ကြည်း တပ်မတော်က လက်ခံလိုက်လေသည်[၂]။

ဤသို့ လက်ခံလိုက်ပြီးနောက် ဂျပန်ကြည်းတပ်မတော် နှင့် ရေတပ်မတော်တို့ ပူးပေါင်း၍ မြန်မာပြည်အရေးကို ဆောင်ရွက်ရန် အဖွဲ့အစည်းတစ်ခုထူထောင်ဘို့ စီစဉ်သည်။ ယင်းအစီအစဉ်ကို ဆောင်ရွက်နိုင်ရန် ရေတပ်မတော်က ကိုကူဘူးကို ရန်ကုန်မြို့မှ ပြန်လည် ခေါ်ယူလိုက်သည်။

၁၉၄၁ ခု၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စူအီကိုရှာ[၃] ရှိရေတပ်မတော်စစ်ဌာနချုပ်တွင် အစည်းအဝေးတစ်ရပ်ကျင်းပသည်။ အစည်းအဝေးသို့ ဂျပန်ကြည်းတပ်မတော်မှ ဗိုလ်မှူးကြီး ဆူဇူကီး၊ ဗိုလ်မှူးကြီး ကာရာကာဝါ[၄]၊ ဗိုလ်မှူးကြီး အူဆူအီ[၅] နှင့် အရာရှိများ

---

၁။ Isoroku Yamamoto

၂။ H.A. 5-The Growth of the Burma Army. p. 23

၃။ Suikosha ၄။ Colonel Karakawa ၅။ Colonel Usui

တက်ရောက်ပြီးရေတပ်မတော်မှ ဗိုလ်မှူးကြီး အိုဂါဝါ[၁] ဗိုလ်မှူးကြီး ဟိုရီအူချိ[၂] နှင့်အရာရှိများ တက်ရောက်ကြသည်။ ယင်းအစည်းအဝေးမှပင် ဂျပန်ဘုရင့်စစ်ဌာနချုပ်၏ ညွှန်ကြားမှုအောက်တွင် ကြည်းတပ်မတော်နှင့် ရေတပ်မတော်တို့ ပူးပေါင်း၍ မီနာမီအဖွဲ့.အစည်း[၃] ကို ဗိုလ်မှူးကြီး ဆူဇူကီး၏ ဦးဆောင်မှုဖြင့် တရားဝင်ဖွဲ့.စည်းရန်ဆုံးဖြတ်သည်။[၄] ထို့ပြင် မီနာမီအဖွဲ့.အစည်းနှင့် ယင်း၏လှုပ်ရှားမှုများကို လျှို့ဝှက်ထားပြီး နန်ပိုကီဂျိုချိုဆာကိုင်[၅] ခေါ် တောင်ပိုင်းဒေသ စီးပွားရေး လုပ်ငန်းများလေ့လာရေး အဖွဲ့.အစည်းအသွင်ဖြင့် လှုပ်ရှားမှုများပြုလုပ်စေသည်။[၆]

မီနာမီအဖွဲ့.အစည်း၏လုပ်ငန်းတာဝန်များမှာ–

(၁) မြန်မာပြည်မှ မျိုးချစ်လူငယ်များကို ဂျပန်ပြည်သို့.ရောက်ရှိ နိုင်အောင် စီစဉ်ဆောင် ရွက်ပြီးယင်းတို့.၏လွတ်လပ်ရေးကြိုးပမ်းမှုကိုကူညီရန်။

(၂) ဂျပန်ပြည်သို့ရောက်ရှိ လာသောမျိုးချစ်မြန်မာလူငယ်များကို ဟိုင်နန်ကျွန်း တွင် စစ်သင်တန်းပေးရန်၊ စစ်သင်တန်းပေးရန် အစီအစဉ်တွင်ရေတပ်မတော်ကစစ်သင်တန်းပေးရန်နေရာနှင့် လက်နက်၊ ရိက္ခာတို့ကိုတာဝန်ယူပြီး ကြည်းတပ်မတော်က စစ်သင်တန်းပို့ချရေးကိုတာဝန်ယူရန်။

(၃) မျိုးချစ်မြန်မာလူငယ်များ စစ်သင်တန်း ပြီးဆုံးသွားသောအခါ ယင်းတို့အားလက်နက်တပ်ဆင်ပေးပြီး မြန်မာပြည်တွင်းသို့ ပြန်လည်စေလွှတ်၍ ယင်းတို့ကိုယ်တိုင်လွတ်လပ်ရေးတိုက်ပွဲများ ဆင်နွှဲစေရန်နှင့် ဂျပန်တပ်မတော်ကပြည်ပမှသာကူညီရန်။

(၄) မျိုးချစ် မြန်မာလူငယ်များကို ဂျပန်ပြည်သို့ တိတ်တဆိတ်ခေါ်ဆောင်ရေးနှင့် စစ်သင်တန်းပြီးဆုံးသောအခါ မြန်မာပြည်သို့ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊ ယိုးဒယားမြန်မာ နယ်စပ်တွင် မီနာမီ အဖွဲ့.အစည်းဌာနခွဲများဖွင့်လှစ်ရန်။

(၅) မြန်မာပြည်လွတ်လပ်ရေးဆင်နွှဲရာတွင် တနင်္သာရီတိုင်းကို သိမ်းပိုက်ပြီးပါက

---

၁။ Captain Ogawa

၂။ Captain Horiuchi

၃။ Minami Organ ( တောင်ဘက်ဒေသဆိုင်ရာအဖွဲ့.အစည်း )

၄။ H.A. 5-The Growth of the Burma Army. P. 24

၅။ Nanpo Kigyo Chosakai( Southern Area Enterprise Investigation Association )

၆။ EBR 15- The Burma Independence Movement, and The Minami Organ. P. 6

ဂျပန်ကမြန်မာနိုင်ငံ၏လွတ်လပ်ရေးကြေညာပေးရန်။ [၁]

ဘို့ဖြစ်သည်။

မိနာမိအဖွဲ့ အစည်းဌာနခွဲများအဖြစ် ထိုင်းနိုင်ငံတွင် ဇင်းမယ်ဌာနခွဲ၊ ရဟိုင်းဌာနခွဲ၊ ကန်ဘူရီဌာနခွဲနှင့် ရနောင်းဌာနခွဲ များကိုလည်းဖွင့်လှစ်သည်။ ဇင်းမယ်ဌာနခွဲတွင် ဗိုလ်ကြီး ကာကူဘို၊ ဗိုလ်ကြီးယာမာမိုတို၊ မစ္စတာဟိရာယာမ၊ မစ္စတာအိရိကာရာ၊ မစ္စတာ ရှိမိဇု စသည့်မိနာမိအဖွဲ့ဝင်များ ပါဝင်ပြီးစီးပွါးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လေ့လာသည့် အဖွဲ့ အစည်း တစ်ရပ်အသွင်ဖြင့် လှုပ်ရှားမှုများ ပြုလုပ်စေသည်။ ဇင်းမယ်ဌာနခွဲသည် မြန်မာ ပြည် လွတ်လပ်ရေးတိုက်ပွဲအတွက် လက်နက်များသယ်ဆောင်ရာတွင် ဇင်းမယ်မှ မြန်မာပြည် နယ်စပ်ရှိ သာစောင်ရန်းသို့ လည်းကောင်း၊ ကရင်ပြည်နယ်ရှိဒါးကွင်း[၂] သို့ လည်းကောင်း သယ်ယူပြီး သိမ်းဆည်းထားရန် စီစဉ်ထားသည် [၃]။

ရဟိုင်းဌာနခွဲကို ဗိုလ်တာကာကဟာရှိ၊ မစ္စတာကိမာတာ၊ သခင်လှမြိုင်စသည့်မိနာမိ အဖွဲ့ဝင်များဖြင့် ၁၉၄၁ခု၊ မတ်လတွင် ဖွင့်လှစ်ပြီး ယင်းဌာနခွဲ၏လုပ်ငန်းတာဝန်များမှာ မြန်မာပြည်လွတ်လပ်ရေး တိုက်ပွဲအတွက် လက်နက်များကို သယ်ဆောင်သိမ်းဆည်းထားရန်၊ ရဟိုင်းနှင့်မဲဆောက်အကြားရှိ လမ်းခရီးအဆက်အသွယ်ကိုလေ့လာရန်၊ မြန်မာပြည်မှဂျပန် ပြည်သို့ စစ်ပညာသင်ကြားရန် လျှို့ဝှက်စွာရောက်ရှိလာမည့် မျိုးချစ်မြန်မာလူငယ်များကို လက်ခံရန်နှင့် ယင်းမျိုးချစ်မြန်မာလူငယ်များ စစ်သင်တန်းပြီးဆုံး၍ မြန်မာပြည်တွင်းသို့ ပြန်လည်ချီတက်ဝင်ရောက်ရာတွင် ကူညီဆောင်ရွက်ရန် ဖြစ်သည်။ ဗိုလ်တာကာကဟာချိနှင့် မိနာမိအဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် သစ်လုပ်ငန်းလေ့လာသူများအဖြစ် လှုပ်ရှားဆောင် ရွက်ကြသည်။ ယင်းရဟိုင်းဌာနခွဲသည် မဲဆောက်မြို့အထိ ဌာနခွဲကို တိုးချဲ့ဖွင့်လှစ်ပြီး သခင်သန်းတင် (မော်လမြိုင်) အား စစ်သင်တန်းတက်ရန် ဂျပန်ပြည်သို့ ပို့ဆောင်ရာတွင် ကူညီဆောင်ရွက်ခဲ့သည့်အပြင် နောင်အခါတွင် ရဲဘော်သုံးကျိပ်ဝင်များ မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ရာ၌ ဗိုလ်ဇေယျ နှင့် ဗိုလ်မြင့်ဆွေတို့အား မြန်မာပြည်တွင်းသို့ ရောက်ရှိ အောင် ကူညီဆောင်ရွက် ပေးနိုင်ခဲ့သည် [၄]။

ကန်ဘူရီဌာနခွဲကို ဗိုလ်ကြီးနိုဒါက ဦးစီးပြီး ၁၉၄၁ခု၊ မတ်လတွင် ဖွင့်လှစ်သည်။ ကန်ဘူရီဌာနခွဲသည် အထည်အလိပ်နှင့် အထွေထွေကုန်ရောင်းဝယ်ရေးဌာန အသွင်ဖြင့် လှုပ်ရှားမှုများ ပြုလုပ်သည်။ ကန်ဘူရီဌာနခွဲမှ မိနာမိအဖွဲ့ဝင်များသည် ကုန်ပစ္စည်းများ ရောင်းချရန် အကြောင်းပြကာ မော်တော်ဘုတ်ဖြင့် ကန်ဘူရီမှ ထက်ခနံအထိ သွားရောက်ပြီး

၁။ H. A. 5-The Growth of the Burma Army. p. 26

၂။ Dagwin

၃။ EBR.41-Burma Manoeuvre by the Minami Organ and its after, p. 19

၄။ ibid.

ရေကြောင်းလမ်းခရီးနှင့် မြန်မာပြည်နယ်စပ်ကို လေ့လာကြသည်။ [၁]

ရနောင်းဌာနခွဲကို ဗိုလ်ကြီးကာဝါရှီးမားက ဦးစီးဖွင့်လှစ်ထားသည်။ ဗိုလ်ကြီးကာဝါရှီးမားသည် သစ္စာတွင်းလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းများကို လေ့လာရန်ဟု အကြောင်းပြ ပြီး မြန်မာပြည်နယ်စပ်နှင့် ဆက်စပ်နေသည့် ရေကြောင်းခရီးများ၊ ဆိပ်ကမ်းများ ၊ နယ်မြေ အနေအထားနှင့် အထူးသဖြင့် ဗိတိုရိယအင္ဂ [၂] ရှိ ဗြိတိသျှ တပ်အင်အားကို လေ့လာထောက်လှမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သည်။ [၃]

၁၉၄၁ခု၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် မိနာမိအဖွဲ့အစည်း၌ ပါဝင်သော ပုဂ္ဂိုလ်များအားလုံး စုရုံးစေပြီး ဗိုလ်မှူးကြီးဆူဇူကီးက မိနာမိအဖွဲ့အစည်းကို မြန်မာပြည်လွတ်လပ်ရေးအတွက် ဖွဲ့စည်းလိုက်ပြီဖြစ်သဖြင့် ယင်းအဖွဲ့အစည်းတွင် ပါဝင်သည့် ပုဂ္ဂိုလ်အားလုံးသည် ဗိုလ်မှူးကြီးဆူဇူကီး၏ ခေါင်းဆောင်မှုအောက်တွင် သွေးစည်းညီညွတ်၍ ရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ပြောကြားသည်။

ဤသို့ဖြင့် မိနာမိအဖွဲ့အစည်းကို တရားဝင်ဖွဲ့စည်းလိုက်ပြီးနောက် မြန်မာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ပွဲဝင်ရန် မျိုးချစ်မြန်မာ လူငယ်များအား ဂျပန်ပြည်သို့ လျှို့ဝှက်စွာခေါ်ဆောင်၍ စစ်ပညာသင်ကြား ပေးနိုင်အောင် စီစဉ်စိုင်းပြင်းကြသည်။ မိနာမိအဖွဲ့အစည်းသည် စတင်ဖွဲ့စည်းစဉ်က ဘုရင့်စစ်ဌာနချုပ် ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ထားရှိသော်လည်း ၁၉၄၁ခု ၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် မိနာမိအဖွဲ့အစည်းကို တောင်ပိုင်းတပ်မတော်၏ ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပေးလိုက်လေသည်။ တဖန် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းပြီးနောက် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ခါနီးအချိန်တွင် ၁၉၄၁ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၌ မိနာမိအဖွဲ့အစည်းသည် တောင်ပိုင်းတပ်မတော်လက်အောက်မှ ဂျပန်အမှတ် ၁၅ တပ်တော်၏ ကွပ်ကဲမှုအောက်သို့လွှဲပြောင်းရောက်ရှိသွားလေသည်။ [၄]

---

၁။ EBR.41-Burma Manoeuvre by the Minami Organ and its after. p. 19-20

၂။ ယခုဘုရင့်နောင်အငူ

၃။ EBR.41-Burma Manoeuvre by the Minami Organ and its after. p. 20

၄။ EBR.46. A Draft of Burma's Manoeuvre by Colonel Suzuki. P. 1

အခန်း ၄

## ရဲဘော်သုံးကျိပ်

### ရဲဘော်သုံးကျိပ်စုဆောင်းခြင်း နှင့် ဂျပန်ပြည်သို့ လျှို့ဝှက်စွာ ထွက်ခွာ သွားခြင်း

ဗိုလ်မှူးကြီး ဆူဇူကီးသည် မိနာမိအဖွဲ့အစည်း[၁]ကို တရားဝင် ဖွဲ့စည်းပြီးသောအခါ ယင်းအဖွဲ့အစည်း၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မြန်မာပြည်မှ မျိုးချစ်လူငယ်များကို ဂျပန်ပြည်သို့ လျှို့ဝှက်စွာ ခေါ်ဆောင်၍ စစ်ပညာသင်ကြားပေးရန် စီစဉ်သည်။ ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရန် သခင်အောင်ဆန်းနှင့် မစ္စတာ မိနာမိဝါကါ[၂] အမည်ခံ မစ္စတာ ဆူဇူကီးတို့သည် ၁၉၄၁ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တိုကျိုမြို့အနီးရှိ ကာဝါစကီး ဆိပ်ကမ်း[၃] မှ မြန်မာပြည်သို့ ရှန်တန်မာရူး[၄] သင်္ဘောဖြင့် ထွက်ခွာ ခဲ့ကြသည်။ သခင်အောင်ဆန်းနှင့် မစ္စတာ ဆူဇူကီးတို့အား ဗိုလ်မှူးကြီး ဆူဇူကီးက ၁၉၄၁ခု၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့စွဲဖြင့် မိနာမိအဖွဲ့အစည်း၏ အမိန့်အမှတ် ၁ ကို ပေးအပ်ခဲ့သည်။ ယင်းအမိန့်တွင် မစ္စတာဆူဇူကီး ထမ်းဆောင်ရမည့် တာဝန်များမှာ မြန်မာပြည်မှ နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသော လူငယ်များအား ဂျပန်ပြည်ရှိ စစ်ပညာသင် စခန်းသို့ ရောက်ရှိနိုင်အောင် ခေါ်ဆောင်ရေးတွင် သခင်အောင်ဆန်းအားကူညီရန်မြန်မာပြည်တွင်သတင်းများကို စုံစမ်း ထောက်လှမ်းရန်တို့ ဖြစ်သည်။ ထို့ပြင် ယင်းအမိန့်ပါ သခင် အောင်ဆန်း ထမ်းဆောင်ရမည့် တာဝန်များမှာ မြန်မာပြည်သို့ ရောက်ရှိသောအခါ မြန်မာပြည် လွတ်လပ်ရေးအတွက် ချမှတ်ထား သည့် လုပ်ငန်းစဉ်များကို ဦးဆောင်လုပ်ကိုင်ပြီးနောက် ဂျပန်ပြည် သို့ ရှန်တန်မာရူးသင်္ဘောဖြင့် ပြန်လာရန်ဖြစ်သည်။[၅]

သခင်အောင်ဆန်းသည် နယ်ချဲ့အင်္ဂလိပ်အစိုးရအနေဖြင့် မမှတ်မိစေရန် နိုင်ငံကူး လက်မှတ်အတုကို ကိုင်ဆောင်ထားကာ ရုပ်ဖျက်ထားပြီး မြန်မာပြည်သို့ ပြန်လာခဲ့သည်။

---

၁။ Minami Organ

၂။ Mr. Minami Waka

၃။ Port of Kawasaki

၄။ Shunten Maru

၅။ CD20.The Growth of the Burma Army.p.30-31

ရှန်တန်မာရူးသဘော်ပုသိမ်မြို့သို့ ဆိုက်ကပ်သောအခါ သခင်အောင်ဆန်း သည် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ မီးရထားဖြင့် လာရောက်၍ လှည်းတန်း၌ နေထိုင်လျက်ရှိသော သခင်မြနှင့် သွားရောက်တွေ့ဆုံသည်။[၁] ထို့နောက် သခင်အောင်ဆန်းအား သခင်ချစ်၏ အကူအညီဖြင့် သဃ်န်းကျွန်းရှိ ခြံတစ်ခြံတွင် ဝှက်ထားလိုက်သည်။ ရှန်တန်မာရူးသဘော်သည် ပုသိမ် မြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်သောအခါ မစွတာ စူဂီးသည် စကော့ဈေးရှိ တရုတ်သိုလ် သမဝါယမဆိုင်မှ ဦးထွန်းအုံနှင့် ဆက်သွယ်ကာ သခင်အောင်ဆန်းရှိရာ သဃ်န်းကျွန်းခြံသို့ ရောက်ရှိလာခဲ့သည်။ သခင်အောင်ဆန်းနှင့် မစွတာစူဂီးတို့သည်သဃ်န်းကျွန်းခြံ၌ ရန်ကုန် မြို့ရှိ နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေး၊ မြေအောက်တော်လှန်ရေး ခေါင်းဆောင်များဖြစ်သော သခင်မြ၊ သခင်လှဖေ၊ ကိုဗဟိန်း၊ ကိုလှမောင်၊ ဆရာထွန်းရွှေ (နဂါးနီ)၊ သခင်ချစ် တို့နှင့် လျှို့ဝှက်စွာ တွေ့ဆုံကာ မြန်မာပြည် လွတ်လပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းရပ် များကို ဆွေးနွေးကြသည်။

ဤသို့ဆွေးနွေးကြရာတွင် သခင်အောင်ဆန်းက မိမိတို့ ရည်မှန်းထားသည့် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် နယ်ချဲ့ အင်္ဂလိပ်အား လက်နက်ကိုင် တိုက်ပွဲဆင်နွှဲနိုင်ရန် ပြည်ပ ဝါဒ ဖြန့်ချိမှုနှင့် ပြည်ပအကူအညီ လိုအပ်သည်ဟူသော အချက်ကို ပြည်တွင်း မြေအောက်တော်လှန်ရေးအဖွဲ့ဝင်များ အားလုံးက လက်ခံထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ဂျပန်နှင့် ဆွေးနွေးညှိနှိုင်း ခဲ့ရာတွင်ဂျပန်က မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲအတွက် လိုအပ်သည့် လက်နက်၊ စစ်ပညာနှင့် ငွေကြေးအကူအညီများကို ပေးရန် သဘောတူညီပြီး ဂျပန်တို့အနေဖြင့် မြန်မာနိုင်ငံအား တိုက်ရိုက်ဝင်ရောက် တိုက်ခိုက်ပေးမည် မဟုတ်ကြောင်း၊ ဤအချက်ကို အားလုံးက သဘောတူပါက စစ်ပညာသင်ကြားပေးရေး အတွက် လူငယ် လူရွယ်များကိုစုဆောင်းပြီးဂျပန်နိုင်ငံသို့ပို့ ပေးရန်လိုအပ်ကြောင်းပြောကြားခဲ့သည်။[၂]

ထို့ပြင် သခင်အောင်ဆန်းသည် မြေအောက်တော်လှန်ရေး ခေါင်းဆောင်များသာ တက်ရောက်သည့် အစည်းအဝေးတွင် မြန်မာ နိုင်ငံလွတ်လပ်ရေး တိုက်ပွဲအတွက် နိုင်ငံရေးလမ်းစဉ်ကို အောက်ပါ အတိုင်းတင်ပြခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ တွင် ပြည်တွင်း အင်အားစုကိုသာ အဓိကထားသင့်ကြောင်း၊ ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ် စနစ်ကိုတပြည်လုံးတွင်ပြည်သူလူထုအင်အားပေါ်အခြေခံ၍ ဆန့်ကျင်ကြရန် လိုအပ်ကြောင်း၊ ယင်းဆန့်ကျင်လှုပ်ရှားမှုကိုကမ္ဘာ့အခြေအနေမြန်မာပြည်အခြေအနေပေါ်မူတည်၍ တိုးချဲ့လုပ် ကိုင်သင့်ကြောင်း အလုပ်သမား တောင်သူ လယ်သမားတို့၏ နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ်ဒေသအလိုက်သပိတ်များမှစ၍အထွေထွေ သပိတ်များအထိ တစတစ တိုးချဲ့ဆင်နွှဲရန်လိုအပ်ကြောင်း၊ တက်ကြွသောဝါဒ ဖြန့်ချိ မှုများဖြစ်စေသည့် လူထုဆန္ဒပြပွဲများ၊

၁။ Maung Maung . Aung San of Burma. p.43

ပြိုတက်ပွဲများမှစ၍ ပြည်သူကို၏ အာဏာဖိဆန်ရေး တိုက်ပွဲအထိ ဆက်လက် ဆင်နွှဲကြရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စီးပွားရေးအရလည်း အင်္ဂလိပ်ကုန်ပစ္စည်းများကို သပိတ် မှောက်ရာမှအစ တစ်ပြည်လုံး အခွန်မပေးရေး တိုက်ပွဲများ ပေါ်ထွက်ပေးရမည် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံရေးတိုက်ပွဲစဉ်များအရှိန်ရသည်နှင့် တစ်ပြိုင်နက်စစ်ဘက်၊ နယ်ဘက်၊ ပုလိပ်ဘက်ကင်းစခန်းများနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ပြောက်ကျားစစ်ဖြင့် ဝင်ရောက် တိုက်ခိုက်၍အင်္ဂလိပ်နယ်ချဲ့ အုပ်ချုပ်ရေးစနစ်ကို ယိမ်းယိုင်သွားစေကာ အပြီးအပိုင် အာဏာ သိမ်းပွဲဆင်နွှဲကြရမည်ဖြစ်ကြောင်း၊ ယင်းအချိန်တွင် မြန်မာနိုင်ငံအား ဂျပန်တို့က ဝင်ရောက် တိုက်ခိုက်မှု ရှိကောင်း ရှိမည်ဖြစ်သောကြောင့် ဂျပန်တို့၏ တိုက်ရိုက် ဝင်ရောက် တိုက်ခိုက်မှု ကိုကာကွယ်ရန်ကြိုးစားရမည်ဖြစ်ကြောင်း ၊ အထူးသဖြင့် ဂျပန်တို့ မြန်မာပြည်တွင်းသို့ဝင် ရောက်မလာမီ မိမိတို့ဘာသာ မြန်မာနိုင်ငံအား လွတ်လပ်ရေး ကြေညာပြီး ဂျပန်တို့နှင့် စေ့စပ် ဆွေးနွေးရမည် ဖြစ်ကြောင်း ဂျပန်တို့ဝင်ရောက်တိုက်ခိုက်မှုကို တားဆီးမရပါက မိမိတို့က ဂျပန်ကိုပါ ဆက်လက်တော်လှန် တိုက်ခိုက်ကြရမည် ဖြစ်ကြောင်းများကို သခင်အောင်ဆန်းက တင်ပြလေသည်[၁]။

သခင်အောင်ဆန်း၏တင်ပြချက်များနှင့်ပတ်သက်၍ နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနိုင်ရန်လောလောဆယ်လိုအပ်ချက်အရဂျပန်ပြည်သို့စစ်ပညာသင်ကြား ရန် လူငယ်လူရွယ်များ အမြန်စေလွှတ်ရေး အစီအစဉ်ကို အားလုံး သဘောတူ လက်ခံ ကြသည်။

## ရဲဘော်သုံးကျိပ် ပထမအသုတ်

သခင်အောင်ဆန်းနှင့် မစ္စတာစူဂီးတို့ ၁၉၄၁ခု မတ်လ ၉ ရက်နေ့တွင် ဂျပန်ပြည်သို့ ရှန်တန်မာရူး သင်္ဘောဖြင့် ပြန်ကြသောအခါ သခင်လှဖေ၊ သခင်အေးမောင်၊ သခင်ဘဂျမ်း နှင့် ကိုထွန်းရှိန်တို့သည် ယင်းသင်္ဘောနှင့် ဂျပန်ပြည်သို့ လျှို့ဝှက်စွာလိုက်ပါ သွားကြသည်။ ယင်းတို့သည် မတ်လ ၂၇ ရက်နေ့တွင် တိုကျိုမြို့သို့ ရောက်ရှိပြီးနောက် တစ်ပတ်ခန့် နားနေကာ ပေါ်မိုဆာမှတစ်ဆင့် ဟိုင်နန်ကျွန်းသို့ စစ်သင်တန်းတက်ရန် လေယာဉ်ပျံဖြင့် သွားရောက် ကြသည်။

## ရဲဘော်သုံးကျိပ် ဒုတိယအသုတ်

ရဲဘော်သုံးကျိပ်ဒုတိယအသုတ်အဖြစ် သခင်စောလွင်၊ သခင်သန်းတင်၊ ကိုရွှေ၊ ကိုထွန်းရွှေ၊ ကိုအောင်သိန်း၊ကိုတင်အေးနှင့်ကိုစိုးတို့သည်မစ်ဖုတာနီနှင့်အတူ ၁၉၄၁ခု၊ဧပြီလ

---

[၁]။ Aung San. Burma's Challenge. pp.28-29

၁၃ ရက်နေ့တွင်ကိုင်ရှိုမာရူး[၁] သင်္ဘော ဖြင့်မြန်မာပြည်မှလျှို့ဝှက်စွာထွက်ခွာသွားရာဂျပန် ပြည်အိုဆာကာမြို့သို့ဧပြီလ ၂၈ ရက်နေ့တွင်ရောက်ရှိပြီး အိုဆာကာမှတိုကျိုမြို့သို့ဆက် လက်သွားရောက်သည် ။[၂]

## ရဲဘော်သုံးကျိပ်တတိယအသုတ်

ကိုလှမောင်၊သခင်စံမြ၊သခင်ခင်မောင်ဦးတို့သည် မစ္စတာစူဂီး၏စီစဉ်ဆောင်ရွက် မှုဖြင့် ရဲဘော်သုံးကျိပ်တတိယအသုတ်အဖြစ်ကိုဆိုင်မာရူးသင်္ဘောဖြင့်မြန်မာပြည်မှလျှို့ဝှက် စွာထွက်ခွာသွားသည် ။

## ရဲဘော်သုံးကျိပ်စတုတ္ထအသုတ်

ရဲဘော်သုံးကျိပ်စတုတ္ထအသုတ်အဖြစ် သခင်ရှုမောင်၊ သခင်ထွန်းအုပ်၊သခင်စံလှိုင် သခင်ထွန်းခင်၊သခင်ငွေ၊သခင်သစ်၊ သခင်ထွန်းလွင်၊ သခင်ကျော်စိန်၊ ကိုလှ၊ ကိုသန်းညွန့်နှင့် ကိုမောင်မောင်တို့သည် မစ္စတာမစ်ဇုတာနီ၏အကူအညီဖြင့် ၁၉၄၁ခုဇူလိုင်လ ၈ ရက်နေ့ တွင် ကိုရီယူမာရူး[၃] သင်္ဘောဖြင့်မြန်မာပြည်မှလျှို့ဝှက်စွာထွက်ခွာသွားကြသည် ။ ယင်းတို သည်တရုတ်ပြည်ရှန်ဟဲမြို့တွင်ဆင်းပြီး ထိုမှတစ်ဆင့်လေယာဉ်ပျံဖြင့် နဂါစကီမြို့ရှိရေတင စခန်းတစ်ခုသို့သွားရောက်ရသည် ။ ထို့နောက်နဂါစကီမြို့မှအိုဆာကာမြို့သို့သွားရောက ပြီးအိုဆာကာမြို့မှတစ်ဆင့် ဟာကိုနီ[၄] စခန်းသို့ရောက်ရှိလေသည် ။ ဟာကိုနီစခန်းတွင် ၁၄ ရက်ခန့် နေထိုင်ပြီးနောက် ရဲဘော်သုံးကျိပ်ဝင်များအား ဗိုလ်ကြီးကာဝါရှီးမားလာရောက်ခ တိုကျိုမြို့သို့ခေါ်ဆောင်သွားလေသည် ။[၅]

ကိုဆောင်းသည် မြန်မာပြည်မှဂျပန်ပြည်သို့ယက္ကန်းပညာတော်သင်အဖြစ်ရောက ရှိနေရာမှသခင်အောင်ဆန်းတို့နှင့်တွေ့ဆုံပြီးနောက် စစ်ပညာသင်ကြားရန်ရွေးချယ်ခြင်း ရသည် ။

သခင်အောင်သန်းသည်မြန်မာပြည်မှပီနန်သို့ရေလမ်းခရီးမှသွားရောက်ပြီး ပီနန မှဘန်ကောက်မြို့သို့မီးရထားဖြင့်သွားရောက်ကာ ဘန်ကောက်မြို့မှတဆင့်ဖော်မိုဆာကျွန် သို့ရောက်ရှိလာသည် ။

---

၁။ Kaisho Maru

၂။ DR.4411. ဗိုလ်မှူးချုပ်ကျော်ဇော၊ဂျပန်စစ်ပညာသင်သွားမှတ်တမ်း၊မျက်-၈

၃။ Kouryu Maru

၄။ Hakoni

၅။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးဗလအားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း၊မျက်-၇-၈

သခင်သန်းတင်(မော်လမြိုင်)သည်လည်းမြန်မာပြည်မှ ထိုင်းနိုင်ငံမဲဆောက်မြို့သို့ ကုန်းလမ်းခရီးဖြင့်သွားရောက်ကာ မဲဆောက်မြို့ရှိမိနာမိအဖွဲ့အစည်းဌာနခွဲမှ ဗိုလ်ဟာချီရို တကာဟာရှိ၏အကူအညီဖြင့် ဖေါ်မိုဆာကျွန်းသို့ရောက်ရှိခဲ့သည်။ သို့သော်ဖေါ်မိုဆာကျွန်း တိုင်ဟုတ်ကူဆေးရုံကြီးတွင်ခရီးလမ်းတစ်လျှောက်လုံးခံစားခဲ့ရသည့်ငှက်ဖျားရောဂါဖြင့်ကွယ် လွန်သွားသည် ။

ရဲဘော်သုံးကျိပ်စတုတ္ထအသုတ် တိုကျိုမြို့သို့ရောက်ရှိပြီးနောက် ယင်းမှသခင်ထွန်း အုပ်သည် ဗိုလ်မှူးကြီးဆူဇူကီး ၊ သခင်အောင်ဆန်း၊သခင်လှဖေ၊သခင်အောင်သန်းတို့နှင့်ဖေါ် မိုဆာကျွန်းတွင် တွေ့ဆုံဆွေးနွေးကြသည် ။ ဤသို့ဖြင့် ဗမာအစည်းအရုံးတတိယအကြိမ် ညီလာခံမှအစပြု၍သခင်ကိုယ်တော်မှိုင်းတို့ဗမာအစည်းအရုံးနှင့်သခင်ဗစိန်၊သခင်ထွန်းအုပ် ၊ တို့ဗမာအစည်းအရုံးဟူ၍ နှစ်ခြမ်းကွဲခဲ့ရသော တို့ဗမာအစည်းအရုံးဝင်များသည် နယ်ချဲ့ အင်္ဂလိပ်ကို လက်နက်ကိုင် တော်လှန်ရေးဆင်နွှဲရန် ကြိုးပမ်းရာတွင် ပြန်လည်၍သွေးစည်း ညီညွတ် ကြကာမြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲအတွက်ပူးပေါင်းဆောင်ရွက်ကြလေသည် ။

## ဟိုင်နန်ကျွန်းစစ်သင်တန်း

မြန်မာပြည်မှဂျပန်ပြည်သို့လျှို့ဝှက်စွာရောက်ရှိလာသော မျိုးချစ်လူငယ်များကို စစ်သင်တန်းပေးရန်ရွေးချယ်ထားသောနေရာမှာ တရုတ်–ဂျပန်စစ်ပွဲတွင်ဂျပန်တို့သိမ်းပိုက် ထားသည့် တရုတ်ပြည်တောင်ပိုင်း၊ ဟိုင်နန်ကျွန်းရှိဆန်းင[1] ရွာအနီးတွင်ဖြစ်သည်။ မြန်မာ လူငယ်များကိုစစ်ပညာသင်ကြားပေးရေးအစီအစဉ် ၊ နေရာ ဌာန စသည်တို့ကိုဂျပန်တို့က အထူးလျှို့ဝှက်ထားလေသည် ။

မြန်မာလူငယ်များအား စစ်ပညာသင်ကြားပေးရေးအစီအစဉ်ကို အကောင်အထည် ဖေါ်ရန်ဗိုလ်မှူးကြီးဆူဇူကီးသည် ၁၉၄၁ခုဖေဖေါ်ဝါရီလတွင်တိုကျိုမြို့မှဘန်ကောက်မြို့သို့ အသွား၌ ဖေါ်မိုဆာကျွန်း တိုင်ပေမြို့ရှိ ဂျပန်တပ်မတော်နှင့် တွဲဖက်ထားသောအရာရှိနှင့် အကြပ်များအား အောက်ပါအမိန့်ကိုထုတ်ပြန်သည် ။

(၁) တပ်ကြပ်ကြီးများဖြစ်သော ရှိုးနား၊ ဟီရာအိချိ၊ အိကေဘေ၊ တာနီဇာကီ၊ ကိုရှိဘာ တို့သည် ၁၉၄၁ခုဖေဖေါ်ဝါရီလကုန်တွင် တိုင်ပေမြို့မှ ဘန်ကောက် မြို့သို့ သွားရောက်ပြီးမိနာမိအဖွဲ့အစည်းဌာနခွဲတွင် သတင်း ပို့ရမည် ။

(၂) ဗိုလ်တာရာ၊ ဗိုလ်ဟာတိုရီနှင့် တပ်ကြပ်ကြီးအိတိုတို့သည် ၁၉၄၁ခုမတ်လ ဆန်းတွင်ကန်တုံမြို့သို့ သွားရောက်ပြီးစစ်သင်တန်းအတွက် လိုအပ်မည့် လက်နက်များကိုစုဆောင်းကာဟိုင်နန်ကျွန်းသို့ပို့ထားရမည် ။

---

၁။ Sanya

(၃) ဗိုလ်အိမ့်ဖူမီးယား ၊ ဗိုလ်ဆူဇူကီး ၊ ဗိုလ်ဒိုအိနှင့် တပ်ကြပ်ကြီးများဖြစ်ကြသော အိမာမူရာ၊ ကိုနီဆု၊ မောရိ၊ ကီဇာကို၊ ဗိုင်ဇင်း၊ နိုဆေး၊ ဒိုအိတို့သည်တိုင်ပေမှ ဟိုင်နန်ကျွန်းသို့ ၁၉၄၁ ခုဧပြီလကုန်တွင်သွားရောက်ရမည် ။ [၁]

ထို့ပြင်ဗိုလ်မှူးကြီးဆူဇူကီးသည် ဘန်ကောက်မြို့သို့ရောက်ရှိသောအခါ ဗိုလ်ကြီး ယာမာမိုတိုနှင့်ကပ်ကြပ်ကြီးဟီရာအိချိတို့အား ၁၉၄၁ ခုဧပြီလလယ်တွင်ဟိုင်နန်ကျွန်းသို့စေလွှတ်လိုက်ပြန်သည် ။ ဗိုလ်ကြီးယာမာမိုတိုသည် ဟိုင်နန်ကျွန်းသို့သွားရောက်ပြီး ဟိုင်နန်ကျွန်းတွင်ကြိုတင်ရောက်ရှိနေသော ဗိုလ်ဟာရာ၊ ဗိုလ်ဟာတိုရိုနှင့်တပ်ကြပ်ကြီးအိတို တို့နှင့် အတူစစ်သင်တန်းအတွက် လိုအပ်သည့်အစီအစဉ်များကိုဆောင်ရွက်သည် ။

ထို့နောက်ဧပြီလကုန်ခန့်တွင် ဗိုလ်ကြီးကာဝါရှီးမားအားဟိုင်နန်ကျွန်းသို့စေလွှတ်ပြီးစစ်သင်တန်းအတွက် ကြီးကြပ်ဆောင်ရွက်စေသည် ။ ထိုအချိန်တွင် တိုင်ပေမြို့ရှိဗိုလ်အိမ့်ဖူမီးယား ၊ ဗိုလ်ဆူဇူကီး ၊ ဗိုလ်ဒိုအိနှင့်တပ်ကြပ်ကြီးများဖြစ်သောအိမာမူရာ ၊ ကိုနီဆု ၊ မောရိ ၊ ကီဇာကို ၊ ဗိုင်ဇင်း ၊ နိုဆေးနှင့်ဒိုအိတို့လည်းဟိုင်နန်ကျွန်းသို့ရောက်ရှိလာသည် ။ ဂျပန်ရေတပ်မတော်မှလည်းဗိုလ်မှူးဖူကူချိနှင့်ရေတပ်သားများဖြစ်သောအူအိဒါ၊အိဒေးနှင့်ဘားကျူကိ၊ နိုဟာရာ၊ဟာတိုရိအိနာဒါတို့လည်း ဟိုင်နန်ကျွန်းစစ်သင်တန်းကျောင်းတွင် အသင့်ရှိနေကြလေသည် ။

ဤသို့စစ်သင်တန်းနှင့်ပတ်သက်၍စီစဉ်ဆောင်ရွက်ပြီးသောအခါ စစ်သင်တန်းသို့ တက်ရောက်မည့်မြန်မာလူငယ်များဟိုင်နန်ကျွန်းသို့တစ်သုတ်ပြီး တစ်သုတ်ရောက်ရှိလာသည် ။ ရဲဘော်သုံးကျိပ်ပထမအသုတ်ဖြစ်သောသခင်အောင်ဆန်း ၊ သခင်လှမြိုင် ၊ သခင်လှဖေ ၊ သခင်ဘကျော်း ၊ သခင်အေးမောင်နှင့်ကိုထွန်းရှိန်တို့သည် ၁၉၄၁ ခုဧပြီလတွင် ပေါ်မိုဆာကျွန်းမှတစ်ဆင့်ဟိုင်နန်ကျွန်းသို့ရောက်ရှိလာသည် ။ [၂]

ဒုတိယအသုတ်ဖြစ်သောသခင်စောလွင်၊ သခင်သန်းတင်၊ ကိုရွှေ၊ ကိုထွန်းရွှေ၊ ကိုစိုး ၊ ကိုအောင်သိန်းနှင့်ကိုတင်အေးတို့သည် ၁၉၄၁ ခုမေလ ၉ ရက်နေ့တွင်တိုကျိုမြို့မှလေယာဉ်ဖြင့်ထွက်ခွာလာရာဟိုင်နန်ကျွန်းသို့မေလ ၁၀ ရက်နေ့တွင်ရောက်ရှိသည် ။ [၃]

စတုတ္ထအသုတ်ဖြစ်သောသခင်ရှုမောင်၊ သခင်စံလှိုင်၊သခင်ထွန်းခင်၊သခင်ကျော်စိန်၊သခင်ငွေ၊သခင်သစ်၊သခင်ထွန်းလွင်၊ကိုလှ၊ ကိုသန်းညွန့်၊ ကိုမောင်မောင်တို့သည်ဟိုင်နန်ကျွန်းသို့ ၁၉၄၁ ခုဩဂုတ်လ ၁၁ ရက်နေ့တွင်ရောက်ရှိသည် ။ [၄]

---

၁။ The Growth of the Burma Armay . pp.44- 45

၂။ Maung Maung. Aung San of Burma. p. 45

၃။ DR. 4411 ဗိုလ်မှူးရှုပ်ကျော်စောဂျပန်စစ်ပညာသင်သွားမှတ်တမ်းမျက် ၂၃-၃၁

၄။ ယင်း၊ မျက် ၆၃

ဟိုင်နန်ကျွန်းရှိစစ်သင်တန်းကျောင်း၏ဖွဲ့စည်းပုံမှာ –

| | | |
|---|---|---|
| တပ်မှူး | – | ဗိုလ်မှူးဖူကူချိ [၁] |
| သင်တန်းနည်းပြချုပ်– | | ဗိုလ်ကြီးကာဝါရှိမား |
| အမှတ်(၁)တပ်ဖွဲ့ခေါင်းဆောင် | – | ဗိုလ်ဟာတိုရိ |
| ဒုတိယခေါင်းဆောင် | – | ဗိုလ်အိရှမီးယား |
| | | တပ်ကြပ်ကြီးမောရိ |
| | | တပ်ကြပ်ကြီးကိုနိုဆု |
| အမှတ်(၂)တပ်ဖွဲ့ခေါင်းဆောင် | – | ဗိုလ်ဟာရာ |
| ဒုတိယခေါင်းဆောင် | – | ဗိုလ်ဒိုအိ |
| | | တပ်ကြပ်ကြီးအိမာမူရာ |
| အမှတ်(၃)တပ်ဖွဲ့ခေါင်းဆောင် | – | ဗိုလ်အိပ်ချ်ဆူဇူကီး |
| | | တပ်ကြပ်ကြီးအိတို |
| အထွေထွေ | – | ဗိုလ်ဒိုအိ |
| | | တပ်ကြပ်ကြီးကိဇာကို(ဘဏ္ဍာရေး) |
| | | တပ်ကြပ်ကြီးတာနိဇာကိ(ရိက္ခာ) |
| | | တပ်ကြပ်ကြီးဒိုအိ(သယ်ယူပို့ဆောင်ရေး) |
| | | တပ်ကြပ်ကြီးဗိုင်ဇင်း(ကျန်းမာရေးနှင့်စာကြည့်တိုက်) |
| လက်နက်ခဲယမ်းမီးကျောက် | – | အရာခံဗိုလ်အာဆာနို |
| | | တပ်ကြပ်ကြီးအိတို |

တို့ဖြစ်ကြသည် ။ [၂]

စစ်သင်တန်းတွင်မျိုးချစ်မြန်မာလူငယ်များကိုတပ်ဖွဲ့ ၁၊ ၂၊ ၃ဟူ၍တပ်ဖွဲ့ ၃ ဖွဲ့ခွဲပြီး သင်တန်းပေးသည် ။ တပ်ဖွဲ့တိုင်းသည် တိုက်ခိုက်ရေးနှင့်ပတ်သက်၍ အောက်ပါစစ်ပညာများကိုသင်ယူရသည် ။

(၁) အခြေခံစစ်ပညာ
(၂) တစ်ဦးချင်းချီတက်တိုက်ခိုက်ခြင်း

---

၁။ နောင်တွင်မိနာမိအဖွဲ့အစည်းမှရေတပ်မတော်သားများကိုရုတ်သိမ်းသွားသောအခါဗိုလ်မှူးဖူကူချိနေရာတွင်တပ်မှူးအဖြစ်ဂျပန်ကြည်းတပ်မတော်မှဗိုလ်ကြီးကာဝါရှိမားကဆောင်ရွက်သည် ။

၂။ CD. 20. The Growth of the Burma Army. p.45-46

(၃) တပ်စိတ်လိုက်ချီတက်တိုက်ခိုက်ခြင်းမှ တပ်ရင်း၊ တပ်မအထိစနစ်တကျစီမံတိုက်ခိုက်နည်းနှင့်စစ်ပရိယာယ်အသုံးပြုနည်းများ

(၄) စစ်မြေပုံတိုက်ပွဲများ

(၅) လက်နက်ငယ်များအသုံးပြုနည်းပြင်ဆင်နည်းများ

(၆) လက်နက်ကြီးများ(အမြောက်များအပါအဝင်)အသုံးချနည်း၊တပ်ဆင်နည်းပြင်ဆင်နည်းများ

(၇) စစ်နည်းဗျူဟာ၊စစ်မဟာဗျူဟာများကိုစာတွေ့လက်တွေ့သင်ယူခြင်း

(၈) လက်နက်များအားလက်တွေ့ပစ်ခတ်လေ့ကျင့်ခြင်း [၁]

တပ်ဖွဲ့ ၁ သည်လက်နက်ကြီးနှင့် လက်နက်ငယ်မျိုးစုံကိုင်တွယ်ပစ်ခတ်နည်းများ၊ ခံစစ်နှင့်ပတ်သက်သည့်ပညာများ၊တင့်ကားများကိုဖျက်ဆီးနည်းများအပြင် အထူးသဖြင့်ညတိုက်ပွဲများကိုအလေးထားသင်ယူရသည် ။ နောင်မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲရာတွင်တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်သည်။ [၂]တပ်ဖွဲ့ ၂ သည် အခြေခံစစ်ပညာအပြင်မိုးများဖြင့် ပေါက်ခွဲဖျက်ဆီးနည်းပညာရပ်များ၊ ထောက်လှမ်းရေးဆိုင်ရာပညာရပ်များ၊ အချက်ပြဆက်သွယ်ရေး ဆိုင်ရာပညာရပ်များကိုအလေးထားသင်ယူရသည် ။ နယ်ချဲ့အင်္ဂလိပ်အားလက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရာတွင် ပြည်တွင်းသို့ဝင်ရောက်၍စုံစမ်းထောက်လှမ်းရေး လုပ်ငန်းများ၊ အဖျက်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ဖြစ်သည် ။ [၃] တပ်ဖွဲ့ ၃ သည်အခြေခံစစ်ပညာအပြင် နောင်မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲရာတွင် ခေါင်းဆောင်နိုင်ရန်စစ်ဘက်၊ နယ်ဘက်၊ အထွေထွေအုပ်ချုပ်မှုဆိုင်ရာပညာရပ်များကိုသင်ယူရသည် ။ [၄]

တပ်ဖွဲ့ ၁ တွင်သခင်အေးမောင်၊သခင်ဘဂျမ်း၊သခင်စံလှိုင်၊သခင်စံမြ၊သခင်လှမြိုင်၊ သခင်ထွန်းလွင်၊ကိုရွှေ၊ကိုစိုး၊ကိုတင်အေး၊ကိုအောင်သိန်း၊ ကိုလှ၊ကိုမောင်မောင်၊ကိုသန်းညွန့်တို့ ပါဝင်သည် ။

တပ်ဖွဲ့ ၂ တွင် ကိုထွန်းရှိန်၊ သခင်စောလွင်၊ သခင်သန်းတင်၊ သခင်ထွန်းရွှေ၊ သခင်ခင်မောင်ဦး၊ ကိုလှမောင်တို့ ပါဝင်သည် ။

တပ်ဖွဲ့ ၃ တွင်သခင်အောင်ဆန်း၊ သခင်ရှုမောင်၊ သခင်လှဖေ၊ သခင်အောင်သန်းတို့ ပါဝင်သည် ။

ဟိုင်နန်ကျွန်းစစ်သင်တန်း၏အဓိကရည်ရွယ်ချက်များမှာ နောင်ဆင်နွှဲမည့်မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲတွင် ရဲဘော်သုံးကျိပ်ဝင်များသည် တပ်မှူးကောင်းများအဖြစ်ခေါင်း

---

၁။ ဗိုလ်မင်းခေါင်၊ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ် ၊ မျက်-၇၀

၂။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးဗလအားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း၊ မျက်-၉

၃။ ယင်း၊

၄။ CD. 20. The Growth of the Burma Army. p.47

ဆောင်နိုင်ရန်၊ လက်နက်ကြီး လက်နက်ငယ်အပါအဝင်လက်နက်မျိုးစုံကို ကိုင်တွယ်ပစ်ခတ်နိုင်ရန်နှင့်စိတ်ဓါတ်ကြံ့ခိုင်မှု၊ ပင်ပန်းဆင်းရဲဒဏ်ခံနိုင်မှုပြည့်ဝစေရန်တို့ဖြစ်သည် ။ စစ်သင်တန်းကျောင်းကို ဂျပန်ကြည်းတပ်မတော်နှင့် ရေတပ်မတော်တို့က တွဲဖက်အုပ်ချုပ်သည်။ ကျောင်းအုပ်ကြီးအဖြစ်ရေတပ်မတော်မှဗိုလ်မှူးပူကူချိကဆောင်ရွက်ပြီးစစ်သင်တန်းကိုကြည်းတပ်မတော်မှဗိုလ်ကြီးကာဝါရှီးမားကသင်တန်းနည်းပြချုပ်အဖြစ်ကြီးကြပ်ကွပ်ကဲသည် ။

ရဲဘော်သုံးကျိပ်ဝင်များသည်ဟိုင်နန်ကျွန်းစစ်သင်တန်းသို့ တစ်ချိန်တည်းတစ်ပြိုင်တည်းရောက်ရှိလာကြခြင်းမဟုတ်ဘဲတစ်သုတ်ပြီးတစ်သုတ်ရောက်ရှိလာကြသောကြောင့်သင်တန်းများကိုအချိန်မီပြီးစီးနိုင်ရန်အပြင်းအထန်လေ့ကျင့်ရလေသည် ။ ထို့ပြင်အချိန်တိုတိုနှင့်စစ်ပညာပြည့်ဝအောင်သင်ယူရသောကြောင့် အလွန်ပင်ပန်းဆင်းရဲကြသော်လည်းမြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲနိုင်ရန်ဟူသော မျှော်မှန်းချက်ဖြင့်ပင်ပန်းဆင်းရဲမှုဒဏ်ကိုကြံ့ကြံ့ခံကာစစ်ပညာများကို သင်ယူဆည်းပူးကြလေသည် ။

## ဟိုင်နန်မှတမာဇာတိုမြို့သို့

ရဲဘော်သုံးကျိပ်ဝင်များဟိုင်နန်ကျွန်းတွင်စစ်သင်တန်းတက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်လာသည့်တိုင်မြန်မာနိုင်ငံအားနယ်ချဲ့အင်္ဂလိပ်တို့လက်အောက်မှ လွတ်မြောက်ရေးတိုက်ပွဲဝင်ရေးနှင့်ပတ်သက်၍ မည်သည့်အစီအစဉ်ကိုမျှ ဂျပန်တို့ထံမှ တိတိကျကျပြတ်ပြတ်သားသားမသိရသေးပေ။ ရဲဘော်သုံးကျိပ်ဝင်များကမူမြန်မာပြည်တွင်းသို့ ပြန်လည်ဝင်ရောက်၍ နယ်ချဲ့အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ပြီး လွတ်လပ်သောမြန်မာနိုင်ငံထူထောင်ရေးကိုသာစိတ်အားထက်သန်လျက်ရှိကြသည် ။

ထိုအချိန်တွင်ဂျပန်ကလည်းအင်ဒိုချိုင်းနားကျွန်းဆွယ်နှင့်တကွ အရှေ့တောင်အာရှနိုင်ငံများအားသိမ်းပိုက်နိုင်ရေးအတွက်စစ်ရေးပြင်ဆင်မှုများပြုလုပ်လျက်ရှိ၍ ဟိုင်နန်ကျွန်းရှိဆန်းငလေယာဉ်ပျံကွင်း၊တွင်လည်းကောင်း၊ယူလင်ဆိပ်ကမ်း [၁] တွင်လည်းကောင်း၊ဂျပန်တိုက်လေယာဉ်ပျံများ၊ဗုံးကြဲလေယာဉ်ပျံများနှင့်စစ်သင်္ဘောများအများအပြားရောက်ရှိနေသည်။

ဤသို့ဂျပန်ကစစ်ရေး ပြင်ဆင်မှုများပြုလုပ်နေသည်ကို ရဲဘော်သုံးကျိပ်ဝင်များမြင်တွေ့ရ သောအခါ မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲအတွက် အစီအစဉ်များကိုတိကျပြတ်သားစွာသိရှိလိုသည့်ဆန္ဒများပြင်းထန်လျက်ရှိသည် ။ [၂]

ထိုစဉ်ဂျပန်ကဟိုင်နန်ကျွန်းတွင် လူငယ်လူရွယ်တစ်စုအား လျှို့ဝှက်သင်တန်းပေးနေသည်ကို ဂျပန်ပြည်ရှိအမေရိကန်စစ်သံမှူးကသိရှိပြီးအမေရိကန်အစိုးရထံအကြောင်းကြား

---

၁။ Port of Yulin

၂။ The Growth of the Burma Army. p. 51

ကြောင်း ဂျပန်သာဏာပိုင်များကသတင်းရရှိသဖြင့် ရဲဘော်သုံးကျိပ်ဝင်များ တက်ရောက်နေသည့်စစ်သင်တန်းကို ဟိုင်နန်ကျွန်းမှဖေါ်မိုဆာကျွန်းသို့ ပြောင်းရွှေ့ရန်စီစဉ်ရပြန်သည် ။[1]

၁၉၄၁ ခုအောက်တိုဘာလ ၁၆ ရက်နေ့တွင်ဟိုင်နန်ကျွန်းရှိရဲဘော်သုံးကျိပ်ဝင်များသည်ဖေါ်မိုဆာသို့သင်္ဘောဖြင့်ထွက်ခွာလာရာအောက်တိုဘာလ ၂၃ ရက်နေ့တွင်ဖေါ်မိုဆာကျွန်း တမာဇာတိုမြို့သို့ရောက်ရှိသည် ။[2]

တမာဇာတိုမြို့ရှိစစ်သင်တန်းကိုဗိုလ်ဟိရာယာမ၊ ဗိုလ်တာနာကာနှင့်တပ်ကြပ်ကြီး ဇိုင်ဇင်းတို့က ဟိုင်နန်မှကြိုတင်သွားရောက်ပြီး စီစဉ်ထားလေသည် ။ ရဲဘော်သုံးကျိပ်ဝင်များသည်ဟိုင်နန်ကျွန်းတွင်ရေတပ်အဝတ်အစားများဝတ်ဆင်ရသော်လည်း တာမာဇာတိုမြို့သို့ရောက်ရှိသောအခါ ကြည်းတပ်ဒုတပ်ကြပ်အဆင့်ကို ဖေါ်ပြသည့် အဝတ်အစားများကိုဝတ်ဆင်ရသည် ။ ရဲဘော်သုံးကျိပ်ဝင်များတမာဇာတိုမြို့သို့ပြောင်းရွှေ့ပြီးစစ်သင်တန်းတက်နေခြင်းကိုလည်းသက်ဆိုင်ရာတို့ကဆက်လက်လျှို့ဝှက်ထားလေသည် ။

တမာဇာတိုမြို့တွင်ဂျပန်အာဏာပိုင်များကဒုဗိုလ်အာကိကာဝါ၊ဒုဗိုလ်တိုမိုတိုး၊တပ်ကြပ်ကြီးအာအိုကိနှင့် တပ်ကြပ်များဖြစ်သော တာယာအိကေဒါနှင့်နာဂါမိတို့ကိုရဲဘော်သုံးကျိပ်ဝင်တို့အားစစ်သင်တန်းပေးရေးအတွက် အင်အားဖြည့်တင်းပေးလိုက်သည် ။ စစ်သင်တန်း မှာဟိုင်နန်ကျွန်းတွင် သင်ယူခဲ့ရသောစစ်သင်တန်း၏ အဆုံးသတ်သင်တန်းများ ဖြစ် ပြီး လက်နက်ကြီးများ ကိုင်တွယ်အသုံးချနည်းနှင့် ဖေါက်ခွဲမှုပညာများပါဝင်သည်။ ထို့ပြင် နောက်ဆုံးပေါ်ခေတ်မီလက်နက်များကို ကိုင်တွယ်အသုံးချနည်းများအပြင် တပ်အုပ်ချုပ်မှုပညာအရပ်ရပ် ကိုလည်းသင်ယူရသည် ။[3]

## ဘန်ကောက်မြို့တွင်စုရုံးမိခြင်း

ရဲဘော်သုံးကျိပ်ဝင်များဟိုင်နန်ကျွန်းတွင် စစ်သင်တန်းတက်နေစဉ်မှာပင်ဂျပန်သည်အင်ဒိုချိုင်းနားနှင့် အာရှတောင်ပိုင်းနိုင်ငံများသို့ နယ်ပယ်ချဲ့ထွင်ရေးအတွက် စစ်ရေးပြင်ဆင်မှုများပြုလုပ်နေသည်ကို ရဲဘော်သုံးကျိပ်ဝင်များသိရှိရလေသည် ။ ဂျပန်သည် ၁၉၄၀ ခုဩဂုတ်လတွင် ပြင်သစ်လက်အောက်ခံကိုလိုနီနိုင်ငံဖြစ်သော အင်ဒိုချိုင်းနားတွင် လေယာဉ်ပျံကွင်းများအသုံးပြုနိုင်ရေး၊ဂျပန်တပ်မတော်မှတပ်ဖွဲ့များ အင်ဒိုချိုင်းနားမြောက်ဘက်ဒေသများသို့ ချီတက်သွားလာနိုင်ရေးတို့အတွက် အင်ဒိုချိုင်းနားရှိ ပြင်သစ်ဘုရင်ခံချုပ်ထံတောင်းဆိုသည်။ ထိုအချိန်တွင် ပြင်သစ်နိုင်ငံသည် ဂျပန်နှင့်မဟာမိတ်နိုင်ငံဖြစ်သော

---

၁။ The Growth of the Burma Army.P.54

၂။ ဗိုလ်မှူးချုပ်ကျော်ဇောဂျပန်စစ်ပညာသင်သွားမှတ်တမ်း၊ မျက်–၈၉

၃။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးဗလအားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း၊မျက်–၁၀

ဂျာမဏီနိုင်ငံ၏ သိမ်းပိုက်ခြင်းခံရလျက်ရှိရာ ဂျာမဏီသြဇာခံပြင်သစ်ဗီချီအစိုးရ [1] သည် အင်ဒိုချိုင်းနားရှိ သင်္ဘောဆိပ်ကမ်းများ၊ လေယာဉ်ပျံကွင်းများကို ဂျပန်တပ်မတော်က အသုံးပြုရေး ၊ အင်ဒိုချိုင်းနားမြောက်ပိုင်း ဒေသများကိုဟိုင်ဖုံမြို့အထိ ဂျပန်တပ်မတော် တပ်ဖွဲ့များ တပ်စွဲ ထားနိုင်ရေး များကိုဂျပန်အားခွင့်ပြုရလေသည် ။ [2]

ထို့နောက်ဂျပန်ကအရှေ့အာရှနိုင်ငံများကိုတိုက်ခိုက်သိမ်းပိုက်နိုင်ရေးအတွက်ပြင်ဆင်မှုလုပ်ငန်းများအဖြစ် ၁၉၄၁ခုနှစ်ဇူလိုင်လတွင်ပြင်သစ်အစိုးရထံအင်ဒိုချိုင်းနားတောင်ပိုင်းဒေသများတွင်ဂျပန်ကြည်း၊ရေ၊လေတပ်ဖွဲ့များတပ်စွဲထားနိုင်ရေး၊ကမ္ဘောဒီးယား [3] နှင့်ကိုချင်ချိုင်းနား [4] တွင်ဂျပန်လေတပ်စခန်း ၈ ခုနှင့်ကမ်းရမ်းပင်လယ်ကွေ့ [5] ဆေးဂုံမြို့တွင်ရေတပ်စခန်းများဖွင့်လှစ်ရေးအင်ဒိုချိုင်းနားဒေသတစ်ခုလုံးတွင် ဂျပန်တပ်မတော်၊တပ်ဖွဲ့များလွတ်လပ်စွာ ချီတက်သွားလာနိုင်ရေးများကိုခွင့်ပြုရန် ထပ်မံတောင်းဆိုပြန်သည်။ ဂျပန်အစိုးရကပြင်သစ်အစိုးရအား ယင်းတို့၏တောင်းဆိုချက်များကို မလိုက်လျောပါက အင်ဒိုချိုင်းနားကိုစစ်ရေးအရ တိုက်ခိုက်သိမ်းပိုက်မည်ဟုလည်း ခြိမ်းခြောက်အကြပ်ကိုင်သောကြောင့်ပြင်သစ်အစိုးရသည် ဂျပန်အစိုးရ၏တောင်းဆိုချက်များကိုလိုက်လျောလိုက်သောအခါ အင်ဒိုချိုင်းနားတောင်ပိုင်းသို့ ဂျပန်တပ်မတော်ကဝင်ရောက်တပ်စွဲလိုက်ပြန်သည် ။ [6]

ဤသို့ဂျပန်ကစစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေစဉ် ဟိုင်နန်ကျွန်းတွင်စစ်သင်တန်းတက်လျက်ရှိသောရဲဘော်သုံးကျိပ်ဝင်များသည် မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲရန်ကိစ္စနှင့် ပတ်သက်၍ ဂျပန်တို့ထံမှမည်သည့် အစီအစဉ်မှတိတိကျကျ မသိရသေးသဖြင့် ဂျပန်တို့အပေါ်သံသယစိတ်များဝင်လာကြသည် ။ ထိုအချိန်တွင်သခင်အောင်ဆန်းမှာ မြန်မာပြည်အရေးနှင့်ပတ်သက်၍ဂျပန်စစ်ဌာနချုပ်နှင့်ညှိနှိုင်းစီစဉ်ရန် တိုကျိုမြို့သို့သွားရောက်လျက်ရှိသဖြင့် ရဲဘော်သုံးကျိပ်ဝင်များသည်စစ်သင်တန်းတပ်မှူး ဗိုလ်ကြီးကာဝါရှီးမားထံသွားရောက်ကာမြန်မာပြည်တွင်းသို့ပြန်လည်ဝင်ရောက်၍ လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲရန်အစီအစဉ်နှင့်ပတ်သက်ပြီးဂျပန်တို့၏သဘောထားကိုဖွင့်ဟမေးမြန်းကြသည် ။ ဗိုလ်ကြီးကာဝါရှီးမားကရဲဘော်သုံးကျိပ်ဝင်များအားမြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲအစီအစဉ်နှင့်ပတ်သက်၍ သံသယဝင်ခြင်း၊စိတ်ပူပန်ခြင်းမရှိကြရန် ဖျောင်းဖျပြောဆိုလေသည် ။ [7]

---

၁။ Vichy Government of France
၂။ D.G.E. Hall. A History of South East Asia. p.770.
၃။ Cambodia.
၄။ Cochin-China.
၅။ Camranh Bay.
၆။ S.Woodburn Kirby. The War Against Japan. p. 70.
၇။ CD.20 The Growth of the Burma Army. p. 56

နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုအောက်မှမြန်မာပြည်လွတ်လပ်ရေး တိုက်ပွဲဆင်နွှဲရန်အစီအစဉ်နှင့်ပတ်သက်၍ ဟိုင်နန်ကျွန်းရှိ ရဲဘော်သုံးကျိပ်ဝင်များ စိတ်ပူပန်လျက်ရှိစဉ် သခင်အောင်ဆန်းသည် ၁၉၄၁ခုစက်တင်ဘာလအတွင်း၌ တိုကျိုမြို့မှဟိုင်နန်ကျွန်းသို့ပြန်လည်ရောက်ရှိလာပြီး ရဲဘော်သုံးကျိပ်ဝင်များအား မြန်မာပြည်တွင်းသို့ ပြန်လည်ဝင်ရောက်၍ နယ်ချဲ့အင်္ဂလိပ်အား လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရန် အစီအစဉ်နှင့် ပတ်သက်၍ သခင်အောင်ဆန်းနှင့်ဗိုလ်မှူးကြီးဆူဇူကီးတို့သည် ဂျပန်စစ်ဌာနချုပ်နှင့် စီစဉ်ဆောင်ရွက်နေကြောင်း၊ ဂျပန်စစ်ဌာနချုပ်သို့ မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲနှင့် ပတ်သက်၍ စစ်ဆင်မှုမြေပုံတိုက်ပွဲကိုပင် ယင်းနှင့်ဗိုလ်မှူးကြီးဆူဇူကီးတို့ကတင်ပြထားကြောင်းရှင်းလင်းပြောကြားသည် ။ [၁]

ထို့ကြောင့် ရဲဘော်သုံးကျိပ်ဝင်များအားမြန်မာပြည်တွင်းသို့ပြန်လည်စေလွှတ်ရေးအစီအစဉ်၏ ပထမအဆင့်အနေဖြင့် သခင်လှဖေ ၊ သခင်အေးမောင် ၊ သခင်ဘဂျမ်း ၊ သခင်ထွန်းခင် ၊ ကိုလှမောင်နှင့်ကိုထွန်းရှိန်တို့သည်ဟိုင်နန်ကျွန်းမှတိုကျိုမြို့သို့လေယာဉ်ပျံဖြင့်သွားရောက်ပြီးဘိုကျိုမြို့မှ ၁၉၄၁ခုအောက်တိုဘာလ ၁၂ ရက်နေ့တွင် ကိုဆိုင်မာရူးသင်္ဘောဖြင့် ထွက်ခွာလာရာ ထိုင်းနိုင်ငံဘန်ကောက်မြို့သို့အောက်တိုဘာလ ၂၄ ရက်နေ့တွင်ရောက်ရှိသည် ။ သို့သော်၁၉၄၁ခုအောက်တိုဘာလ ၁၆ ရက်နေ့တွင် ဂျပန်ပြည်၌မင်းသားကြီး ကိုနိုယေ [၂] အစိုးရအဖွဲ့နုတ်ထွက်ပြီး အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးတိုဂျို [၃] ခေါင်းဆောင်သောအစိုးရဖွဲ့စည်းလိုက်သည် ။ ထို့ကြောင့်ဂျပန် စစ်ဌာနချုပ်သည် အစိုးရ အပြောင်းအလဲကြောင့်လည်းကောင်း၊ တင်းမာလျက်ရှိသောကမ္ဘာ့ အခြေအနေအရပ်ရပ်ကြောင့် လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများကို ဂျပန်ကမတိုက်ခိုက်မီ ရဲဘော်သုံးကျိပ်ဝင်များအား မြန်မာပြည်တွင်းသို့ ပြန်လည်စေလွှတ်ပါက ယင်းတို့၏အစီအမံများကိုအင်္ဂလိပ်က ရိပ်မိသိရှိသွားခဲ့သော်တိုက်ခိုက်ရေးတွင်အငိုက်ရရှိမှုကိုပျက်ပြားစေနိုင်သောကြောင့်လည်းကောင်း၊ ရဲဘော်သုံးကျိပ်ဝင်များအားမြန်မာပြည်တွင်းသို့ပြန်လည်စေလွှတ်ရေးအစီအစဉ်ကို ရပ်ဆိုင်းထားလိုသည်။ ထို့ကြောင့်သခင်လှဖေ၊ သခင်အေးမောင်၊ သခင်ဘဂျမ်း၊သခင်ထွန်းခင်၊ကိုလှမောင်နှင့် ကိုထွန်းရှိန်တို့အားဘန်ကောက်မြို့တွင်မဆင်းသက်စေဘဲဂျပန်ပြည်သို့ပြန်လည်စေလွှတ်ရန်ဘန်ကောက်မြို့ရှိ ဗိုလ်မှူးကြီးဆူဇူကီးထံကြေးနန်းဖြင့် အကြောင်းကြားသည်။ သို့သော် ဗိုလ်မှူးကြီးဆူဇူကီးသည် သခင်အေးမောင်နှင့်ကိုထွန်းရှိန်တို့ကိုသာတိုကျိုမြို့သို့ ကိုဆိုင်မာရူးသင်္ဘောဖြင့် ပြန်လည်စေလွှတ်လိုက်ပြီးကျန်ရဲဘော် ၄ ဦးကိုမူဘန်ကောက်မြို့ဆိပ်ကမ်းတွင်ဆင်းသက်စေသည် ။ [၄]

---

၁။ ဗိုလ်မင်းခေါင် ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်မျက်–၁၆၂

၂။ Konoye

၃။ General Tojo

၄။ CD.20 The Growth of the Burma Army . pp. 66-67

ဘန်ကောက်မြို့သို့ ရောက်ရှိသောအခါကိုလှမောင်နှင့် သခင်ထွန်းခင်တို့သည် ရဟိုင်းရှိမိနာမိအဖွဲ့အစည်း ဌာနခွဲသို့လည်းကောင်း၊ သခင်လှဖေနှင့် သခင်ဘဂျမ်းတို့သည် ကန်ချနာဘူရီရှိ မိနာမိအဖွဲ့အစည်းဌာနခွဲသို့လည်းကောင်း သွားရောက်ပြီးမြန်မာပြည်တွင်းသို့ဖြစ်သည့်နည်းနှင့် ဝင်ရောက်၍ နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ကြရန် ဗိုလ်မှူးကြီးဆူဇူကီးက ၁၉၄၁ခုနိုဝင်ဘာလ ၁၃ ရက်နေ့စွဲဖြင့်အမိန့်ထုတ်ပြန်ကာတာဝန်ပေးအပ်လိုက်သည် ။[၁]

ကိုလှမောင်နှင့် သခင်ထွန်းခင်တို့သည်မိနာမိအဖွဲ့အစည်းရဟိုင်းဌာနခွဲကိုဦးစီးနေသော ဗိုလ်တာကာဟာရှိ နှင့် မစ္စတာကိမာတာတို့၏အကူအညီဖြင့်ဘန်ကောက်မှအယုဒ္ဓယ၊ အယုဒ္ဓယမှရဟိုင်းသို့သွားရောက်ကြသည် ။ ထိုမှတစ်ဆင့်မဲဆောက်သို့သွားရောက်ပြီး မဲဆောက်မှမြန်မာပြည်တွင်းသို့ဝင်ရောက်ကြလေသည် ။[၂]

သခင်လှဖေနှင့်သခင်ဘဂျမ်းတို့သည် ကမ်ချနာဘူရီရှိမိနာမိအဖွဲ့အစည်းဌာနခွဲမှ မစ္စတာစူဂီးနှင့် မစ္စတာအိုနိတို့၏အကူအညီဖြင့် ကမ်ချနာဘူရီမှကွေးမြစ်ကို ဆန်တက်ပြီး ထတ်ခနိမြို့တောင်ဘက် ၂ မိုင်ကွာအရပ်သို့ရောက်ရှိကြသည် ။ ထိုနေရာမှမြန်မာပြည်နယ်စပ်သို့ကုန်းလမ်းခရီးမှ သွားရောက်ရန်ကြိုးစားကြသော်လည်း လမ်းခရီး၌ထိုင်းပုလိပ်၏ ဖမ်းဆီးခြင်းကိုခံရသည် ။[၃]

ထိုစဉ်ပေါ်မိုဆာကျွန်းတမာဇာတိုမြို့သို့ ရောက်ရှိနေသောရဲဘော်သုံးကျိပ်ဝင်များကလည်းမြန်မာပြည်တွင်းသို့ပြန်လည်ဝင်ရောက်၍နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုကို တွန်းလှန်ရန် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရေးအတွက် ဂျပန်တို့ထံမှ အစီအစဉ်ကိုတိတိကျကျမသိရသေးသောကြောင့်လည်းကောင်း၊ အရှေ့တောင်အာရှ၌လည်းကမ္ဘာစစ်၏အရိပ်အငွေ့များကိုတွေ့မြင်ရပြီးဂျပန်ကစစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေကြောင်းကြားသိရသဖြင့် လည်းကောင်း၊ ဂျပန်က ရဲဘော်သုံးကျိပ်ဝင်များကို မြန်မာပြည်တွင်းသို့ ပြန်လည်စေလွှတ်ခြင်း ပြုတော့မည် မဟုတ်ဟု သတင်းအစအန ကြားရသဖြင့်လည်းကောင်း ဂျပန်တို့အပေါ် သံသယစိတ် များကြီးထွားလာကာ ရဲဘော်သုံးကျိပ်ဝင်များသည် တမာဇာတိုစစ်သင်တန်းကျောင်းရှိ ဂျပန်အရာရှိများကိုပုန်ကန်၍ မြန်မာပြည်သို့ပြန်ကြရန်ပင်ကြံစည်မိကြသည် ။[၄]

ဤကဲ့သို့သောအခြေအနေတွင်ဂျပန်တို့သည် မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲအစီအစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဘန်ကောက်မြို့တွင်ရဲဘော်သုံးကျိပ်ဝင်များဖြင့်တပ်မတော် တစ်ရပ်ဖွဲ့စည်းထူထောင်ရန် ဘန်ကောက်မြို့သို့ ရဲဘော်သုံးကျိပ်ဝင်များကို

---

၁။ Major General Sawamoto.Burma Manoeuvre by the Minami Organ and its after. p.31.

၂။ DR.. 950 The History of Minami Kikan.

၃။ A Short History of the Minami Organ. pp.29-31.

၄။ ဗိုလ်မင်းခေါင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်၊ မျက်-၁၆၅

အသုတ်လိုက် စေလွှတ်ရေးအတွက် စီစဉ်လေသည်။ သခင်စောလွင်၊ သခင်သန်းတင်၊ ကိုမြ၊ ကိုထွန်းမြ၊ ကိုစိုး၊ ကိုတင်အေးတို့အား 'တမာဇာတိုမြို့အနီးရှိ ကီလွန်းသင်္ဘောဆိပ်မှ ဘန်ကောက်မြို့သို့ ဂျပန်အာဏာပိုင်များက အိုဆာကာသင်္ဘောလိုင်းမှ သင်္ဘောတစ်စီးဖြင့် စေလွှတ်လိုက်သည်။ ယင်းတို့သည် တပ်ကြပ်ကြီးရှိန်းနားနှင့် တပ်ကြပ်ကြီးဟီရာအိချိတို့ လိုက်ပါလျက်၁၉၄၁ ခုနိုဝင်ဘာလ ၂၃ ရက်နေ့တွင်ကီလွန်းသင်္ဘောဆိပ်မှ ထွက်ခွာလာရာ နိုဝင်ဘာလ ၂၉ ရက်နေ့ တွင်ဆေးဂုံမြို့သို့ရောက်ရှိသည်။ ဆေးဂုံဆိပ်ကမ်းတွင် ဂျပန်စစ်ဘက်အရာရှိဗိုလ်တာရိုရာ[၁] သည်သင်္ဘောပေါ်သို့တက်လာပြီး ဗိုလ်မှူးကြီးဆူဇူကီးထံမှ နောက်ထပ် အမိန့်မရမချင်း မြန်မာ ရဲဘော်များဆေးဂုံမြို့တွင် စောင့်နေရန်ဟူသော အမိန့်စာကို ထုတ်ပြသည်။ တပ်ကြပ်ကြီး ရှိန်းနားနှင့် တပ်ကြပ်ကြီးဟီရာအိချိတို့သည် ယင်းအမိန့်စာကို ဗိုလ်မှူးကြီးဆူဇူကီးထံမှ အမိန့်စာ ဟုတ်မဟုတ် မဝေခွဲနိုင်သော်လည်း ဆေးဂုံမြို့တွင်ဆင်းသက်ပြီး စောင့်ဆိုင်းနေရသည် ။ ၃ ရက်ခန့်ကြာသောအခါ ဗိုလ်မှူးကြီးဆူဇူကီးသည် ဘန်ကောက်မှဆေးဂုံမြို့သို့ ရောက်ရှိလာ သည် ။[၂]

ထို့ပြင် ၁၉၄၁ခုနိုဝင်ဘာလ ၂၃ ရက်နေ့မှာပင်သခင်စံလှိုင် ၊ ဗိုလ်အီဂူးမီးယားနှင့် ဗိုလ်တာနာကာတို့သည် တမာဇာတိုမြို့မှ တိုင်ဟုတ်ကူသို့ မီးရထားဖြင့်သွားရောက်ပြီး တိုင်ဟုတ်ကူမြို့မှကန်တုံမြို့သို့ လေယာဉ်ပျံဖြင့်သွားရောက်ကာ ကန်တုံမြို့မှ ဟန်နွိုင်းမြို့သို့ ခရီးဆက်ကြပြီး ဟန်နွိုင်းမြို့တွင်ကြိုတင်ရောက်ရှိနေသော ကိုထွန်းရှိန်၊ မစ္စတာဆူဂီးတို့နှင့် ပူးပေါင်းမိ သည် ။

တမာဇာတိုမြို့တွင် ကျန်ရှိနေသေးသော ရဲဘော်သုံးကျိပ်ဝင်များကိုလည်း ဗိုလ်ဆူဇူကီးကအုပ်ချုပ်ကာ တကာအိုဆိပ်ကမ်းမှ သင်္ဘောဖြင့်ဘန်ကောက်မြို့သို့ စေလွှတ်ရန်စီစဉ်သည်။ ရဲဘော်သုံးကျိပ်ဝင်များ တကာအိုဆိပ်ကမ်းသို့ရောက်ရှိနေသော ၁၉၄၁ခုဒီဇင်ဘာလ ၇ ရက်နေ့တွင်ဂျပန်က ပုလဲဆိပ်ကမ်း[၃] ကိုဗုံးကြဲတိုက်ခိုက်ပြီးအင်္ဂလိပ်နှင့်အမေရိကန်တို့ကို စစ်ကြေညာကြောင်း ကြားသိရသည်။ ရဲဘော်သုံးကျိပ်ဝင်များ သင်္ဘောပေါ်သို့ရောက်ရှိသော အခါဂျပန်ကြည်းတပ်မတော်မှ အရာရှိတစ်ဦးလာရောက်ပြီးရဲဘော်သုံးကျိပ်ဝင်များအားဂျပန်ဘာသာဖြင့်ရေးသားထားသောစာချုပ်တစ်ခုနှင့်လျှို့ဝှက် လက်နက်ဆန်းများကိုပြသသည်။ ယင်းအရာရှိကစာချုပ်ထဲတွင်တနင်္သာရီကိုသိမ်းပိုက်ပြီးပါကဂျပန်သည်မြန်မာပြည်လွတ်လပ်ရေးကြေညာပေးမည် ဟူသောအချက်ပါရှိကြောင်း ၊ ထို့ကြောင့်ရဲဘော်သုံးကျိပ်ဝင်များအနေဖြင့်ဂျပန်အပေါ်ယုံကြည်မှုရှိရန်လိုကြောင်း ၊ မြန်မာပြည်တွင်းသို့ရဲဘော်သုံးကျိပ်ဝင်များအား

---

၁။ . Lt. Tarora.

၂။ The Growth of the Burma Army. p.74.

၃။ Pearl Harbour

ပြန်လည်စေလွှတ်ရေးအစီအစဉ်များကိုလည်း အတိအကျရေးဆွဲထားကြောင်း စသည်ဖြင့် ရဲဘော်သုံးကျိပ်ဝင်များအားရှင်းလင်းပြောကြားသည် ॥ [၁]

ထို့ပြင် ယင်းအရာရှိကဆက်လက်၍ ရဲဘော်သုံးကျိပ်ဝင်များအား မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲဆင်နွဲရာတွင် နယ်ချဲ့အင်္ဂလိပ်ကခံစစ်ဖြင့် အဓိုင်အမာခုခံပါက ရဲဘော်သုံးကျိပ်ဝင်များအနေဖြင့်မြန်မာပြည်တွင်းသို့ တိတ်တဆိတ်ဝင်ရောက်၍ပေါက်ကွဲဖျက်ဆီးရေးလုပ်ငန်းများကိုလုပ်ကိုင်နိုင်ရန် လျှို့ဝှက်လက်နက်ဆန်းများကိုပြသသည်။ ယင်းလျှို့ဝှက်လက်နက်ဆန်းများမှာ ကျောက်မီးသွေးသဏ္ဌာန်ပြုလုပ်ထားသော ဗုံး၊ ပန်းသီးဗူးသဏ္ဌာန်ပြုလုပ်ထားသော ဗုံးစသည့် ပေါက်ကွဲဖျက်ဆီးရေးကိရိယာများ၊ ဖင်ပိုင်း၌ အဆိပ်ပါသော အပ်တပ်ဆင်ထားသည့်ဖေါင်တိန်၊ အရောင်မရှိအနံ့မရှိသော အလွန်ပြင်းထန်သည့်အဆိပ်များ၊ ပဋ္ဌတိုအသေးစားများစသည့်လက်နက်ဆန်းများဖြစ်သည် ॥ [၂]

ရဲဘော်သုံးကျိပ်ဝင်များသည် တကာအိုဆိပ်ကမ်းမှဟန္နိုင်းမြို့သို့သင်္ဘောဖြင့်သွားရောက်ပြီးဟန္နိုင်းမှတစ်ဖန် ဆေးဂုံမြို့သို့သွားရောက်ကြသည်။ သခင်အောင်ဆန်းလည်း ဆေးဂုံမြို့သို့၁၉၄၁ခုဒီဇင်ဘာလ ၆ ရက်နေ့ကပင်ရောက်ရှိနေသည် ॥

ထိုစဉ်အင်ဒိုချိုင်းနားတွင် တပ်စွဲထားနိုင်ပြီဖြစ်သော ဂျပန်တပ်မတော်သည် ထိုင်းနိုင်ငံတွင်းသို့ ဆက်လက်ချီတက်နိုင်ရေးအတွက် ၁၉၄၁ခုဒီဇင်ဘာလ ၁ ရက်နေ့တွင်တောင်ပိုင်းတပ်မတော်စစ်သေနာပတိချုပ် ၊ ဗိုလ်ချုပ်ကြီးတေရာအူချိ [၃] ကဘန်ကောက်မြို့ရှိဂျပန်သံအမတ်ကြီး တေဂျီစူဘိုကာမိ [၄] အားထိုင်းအစိုးရနှင့်ဆက်သွယ်ပြီး ဂျပန်နိုင်ငံနှင့်မဟာမိတ်ပြုလုပ်ရန်၊ ဂျပန်တပ်များကိုထိုင်းနိုင်ငံတွင်းမှ ဖြတ်သန်းချီတက်ခွင့်ပေးရန် ဆွေးနွေးညှိနှိုင်းစေသည်။ ဂျပန်သံအမတ်ကြီးတေဂျီစူဘိုကာမိက ဒီဇင်ဘာလ ၇ ရက်နေ့တွင်ထိုင်းအစိုးရ နှင့်တွေ့ဆုံပြီးအထက်ပါအချက်များကို တင်ပြဆွေးနွေးသည်။ ဂျပန်သံအမတ်ကြီးတင်ပြသောအချက်များကို ထိုင်းအစိုးရအဖွဲ့က သဘောမတူချေ။ ထို့ကြောင့်ဒီဇင်ဘာလ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံတွင်းသို့ ဂျပန်တပ်များ ဝင်ရောက်သိမ်းပိုက်ကြကာ ဂျပန်တပ်များနှင့် ထိုင်းတပ်များတိုက်ပွဲ အနည်းငယ်ဖြစ်ပွားသည်။ ထို့နောက်ထိုင်းအစိုးရက အပစ်အခတ်ရပ်စဲကာ ဂျပန်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက်ဒီဇင်ဘာလ ၈ ရက်နေ့၌ပင်ဂျပန်တပ်များ ထိုင်းနိုင်ငံတွင်းမှဖြတ်သန်းချီတက်ခွင့်ကိုသဘောတူကြောင်းကြေညာလေသည်။

ထို့ပြင်ဒီဇင်ဘာလ ၂၁ ရက် နေ့၌ဂျပန်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် မဟာမိတ် စာချုပ်လက်မှတ် ရေးထိုးကြသည် ॥ [၅]

---

၁။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးဗလအားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း၊မျက်–၁၁

၂။ ယင်း၊ မျက် ၁၁–၁၂

၃။ General Terauchi,Commander-in-Chief of the Southern Area

၄။ Teiji Tsubokami.

၅။ F.C.Jones- Japan's New Order in East Asia.p.354

ထို့ကြောင့်ဆေးဂုံမြို့တွင်စုရုံးရောက်ရှိနေသော ရဲဘော်သုံးကျိပ်ဝင်များသည်မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲရေးအတွက် တပ်ဖွဲ့များဖွဲ့စည်းရန်စစ်သားစုဆောင်းခြင်း ၊ ထိုင်းနိုင်ငံမှ တစ်ဆင့်မြန်မာနိုင်ငံတွင်းသို့ချီတက်ဝင်ရောက်၍နယ်ချဲ့အင်္ဂလိပ်ကိုတိုက်ခိုက်ရန်အစီအစဉ်များပြုလုပ်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်နိုင်ရန်ဘန်ကောက်မြို့သို့တစ်သုတ်ပြီးတစ်သုတ်ရောက်ရှိလာကြလေသည် ။ ဗိုလ်ဟိရာယာမနှင့်ရဲဘော်သုံးကျိပ်ဝင် ၈ ဦးတို့သည် ၁၉၄၁ခုဒီဇင်ဘာလ ၂၅ ရက်နေ့တွင်လည်းကောင်း ၊ သခင်အောင်ဆန်းနှင့် ဗိုလ်ကြီးကာဝါရှိမားတို့သည် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင်လည်းကောင်း၊သခင်စံလှိုင်နှင့်ကိုထွန်းရှိန်တို့သည်ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်လည်းကောင်း ၊ ဗိုလ်အိဂူမီးယားနှင့်ရဲဘော်သုံးကျိပ်ဝင် ၁၁ ဦးတို့သည် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း ဘန်ကောက်မြို့သို့ အသီးသီး ရောက်ရှိ လာကြ လေ သည်။ [၁]

ထိုအချိန်တွင် ကန်ချနာဘူရီ၌ထိုင်းပုလိပ်၏ ဖမ်းဆီးခြင်းခံရသောသခင်လှဖေနှင့်သခင်ဘဂျမ်းတို့သည် မီနာမီအဖွဲ့အစည်းမှမစ္စတာအိုနို ၊ တပ်ကြပ်ကြီးရှီးနားနှင့်တပ်ကြပ်ကြီးတာနီဇာကီတို့၏ဆောင်ရွက်မှုကြောင့် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် လွတ်မြောက်လာကြသည် ။

ဤသို့ဖြင့်မြန်မာပြည်တွင်းသို့ကြိုတင်သွားရောက်ပြီး နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရန်စေလွှတ်လိုက်သောကိုလှမောင်နှင့်သခင်ထွန်းခင် ၊ တရုတ်ပြည်ကန်တုံမြို့ရှိ ဂျပန်တပ်မတော်မှ လက်နက်များယူဆောင်ရန် ခရီးသွားရောက်လျက်ရှိသောသခင်စံမြ၊ တိုကျိုမြို့တွင် ခေတ္တကျန်ရစ်ခဲ့သော သခင်ထွန်းအုပ်နှင့် သခင်အောင်သန်း ၊ ပေါ်မိုဆာကျွန်းတွင် ကွယ်လွန်ခဲ့သော သခင်သန်းတင်(မော်လမြိုင်)တို့မှအပကျန်ရဲဘော်သုံးကျိပ်ဝင်များသည် ထိုင်းနိုင်ငံဘန်ကောက်မြို့သို့ အသုတ်လိုက်စုရုံးရောက်ရှိလာကြလေသည်။

---

၁။ CD.20. The Growth of the Burma Army. p. 80.

# အခန်း ၅

# ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ရေးနိုင်ငံရေး လှုပ်ရှားမှုများ

## ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းခြင်း

ထိုင်းအစိုးရကဂျပန်တပ်များ ထိုင်းနိုင်ငံတွင်းမှဖြတ်သန်းချီတက်ခွင့်ပြုပြီးနောက် ထိုင်းအစိုးရနှင့် ဂျပန်အစိုးရတို့မဟာမိတ်စာချုပ် လက်မှတ်ရေးထိုးပြီးသောအခါ ရဲဘော်သုံးကျိပ်ဝင်များနှင့် မိနာမိအဖွဲ့ဝင်များသည် ဆေးဂုံမြို့မှဘန်ကောက်မြို့သို့ အသုတ်လိုက်ရောက်ရှိလာကြသည်။ ထို့နောက်နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ မြန်မာပြည်လွတ်လပ်ရေး တိုက်ပွဲဆင်နွှဲရန် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများအဖြစ်စစ်သားစုဆောင်းခြင်း၊ ကန်တုံမြို့ရှိဂျပန်တပ်မတော်ထံမှ လက်နက်ခဲယမ်းမီးကျောက်များသွားရောက်ယူဆောင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ထို့ပြင် ဘန်ကောက်မြို့ရှိ ဗြိတိသျှဘော်နီယိုကုမ္ပဏီ အဆောက်အဦးတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်ကို ဖွင့်လှစ်ထားသည်။

ရဲဘော်သုံးကျိပ်ဝင်များဘန်ကောက်မြို့သို့ရောက်ရှိသောအခါရဲဘော်သုံးကျိပ်ဝင်တို့၏မူလအမည်များကို စစ်သွေးစစ်မာန်တက်ကြွစေမည့် အမည်များသို့ အောက်ပါအတိုင်းပြောင်းလိုက်သည်။

| | | |
|---|---|---|
| ၁။ | သခင်အောင်ဆန်း | ဗိုလ်တေဇ |
| ၂။ | သခင်ရှုမောင် | ဗိုလ်နေဝင်း |
| ၃။ | သခင်လှဖေ | ဗိုလ်လက်ျာ |
| ၄။ | သခင်အောင်သန်း | ဗိုလ်စကြာ |
| ၅။ | သခင်စံလှိုင် | ဗိုလ်အောင် |
| ၆။ | သခင်လှမြိုင် | ဗိုလ်ရန်အောင် |
| ၇။ | သခင်ဘကျမ်း | ဗိုလ်လရောင် |
| ၈။ | သခင်ထွန်းခင် | ဗိုလ်မြင့်ဆွေ |
| ၉။ | သခင်ခင်မောင်ဦး | ဗိုလ်တာရာ |
| ၁၀။ | သခင်ထွန်းလွင် | ဗိုလ်ဗလ |
| ၁၁။ | သခင်ကျော်စိန် | ဗိုလ်မိုးညို |
| ၁၂။ | သခင်စောလွင် | ဗိုလ်မင်းခေါင် |

| | | |
|---|---|---|
| ၁၃ ။ | သခင်စံမြ | ဗိုလ်တောက်ထိန် |
| ၁၄ ။ | သခင်ငွေ | ဗိုလ်စောအောင် |
| ၁၅ ။ | သခင်သစ် | ဗိုလ်စောနောင် |
| ၁၆ ။ | သခင်အေးမောင် | ဗိုလ်မိုး |
| ၁၇ ။ | သခင်သန်းတင် | ဗိုလ်မြဒင် |
| ၁၈ ။ | သခင်သန်းတင်(မော်လမြိုင်) | ပေါ်မိုသာကျွန်းတိုင်ဟုတ်ကူမြို့တွင်ကွယ်လွန်ခဲ့သည် ။ |
| ၁၉ ။ | သခင်ထွန်းအုပ် | |
| ၂၀ ။ | ကိုလှမောင် | ဗိုလ်ဇေယျ |
| ၂၁ ။ | ကိုထွန်းရှိန် | ဗိုလ်ရန်နိုင် |
| ၂၂ ။ | ကိုရွှေ | ဗိုလ်ကျော်ဇော |
| ၂၃ ။ | ကိုတင်အေး | ဗိုလ်ဘုန်းမြင့် |
| ၂၄ ။ | ကိုအောင်သိန်း | ဗိုလ်ရဲထွဋ် |
| ၂၅ ။ | ကိုသန်းညွန့် | ဗိုလ်ဇင်ယော် |
| ၂၆ ။ | ကိုလှ | ဗိုလ်မင်းရောင် |
| ၂၇ ။ | ကိုထွန်းရွှေ | ဗိုလ်လင်းယုန် |
| ၂၈ ။ | ကိုစိုး | ဗိုလ်မြင့်အောင် |
| ၂၉ ။ | ကိုဆောင်း | ဗိုလ်ထိန်ဝင်း |
| ၃၀ ။ | ကိုမောင်မောင် | ဗိုလ်ဉာဏ |

တို့ပြင်ဗိုလ်မှူးကြီးဆူဇူကီး၏အမည်ကိုလည်းဗိုလ်မိုးကြိုးဟုပြောင်းလိုက်သည် ။

ယင်းသို့ ရဲဘော်သုံးကျိပ်ဝင်များနှင့် မိနာမိအဖွဲ့ဝင်များသည် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်၍ နယ်ချဲ့အင်္ဂလိပ်ကို တွန်းလှန်တိုက်ခိုက်နိုင်ရန် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည့်နည်းတူ ဂျပန်တပ်မတော်ကလည်းယင်းတို့၏ အာရှတောင်ပိုင်းနိုင်ငံများကို ချီတက်တိုက်ခိုက်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ကြသည် ။ ဂျပန်အမှတ် ၁၅ တပ်တော်စစ်သေနာပတိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအီဒါသည် ဘန်ကောက်မြို့သို့ ၁၉၄၁ ခုဒီဇင်ဘာလ ၉ ရက်နေ့တွင် ရောက်ရှိလာပြီးထိုင်းနိုင်ငံတွင်းသို့ ချီတက်ရောက်ရှိလာသောအမှတ် ၁၅ တပ်တော်လက်အောက်ခံ တပ်မများဖြစ်သည့်တပ်မ ၃၃ နှင့်တပ်မ ၅၅ တို့တပ်ဖွဲ့ထားရန်နေရာများကိုညွှန်ကြားလေသည် ။ ဒုတိယဗိုလ်ချုပ်ကြီးအီဒါသည် တပ်မ ၅၅ ကို ရဟိုင်းနှင့်မဲဆောက်တွင်လည်းကောင်း၊ ကန်ချနာဘူရီ၏အနောက်ဘက်ဒေသများတွင်လည်းကောင်းတပ်ဖွဲ့ထားစေပြီး တပ်မ ၃၃ ကိုမူ

ရဟိုင်းတွင်တပ်စွဲထားစေသည် ။ [1]

ဂျပန်ဘုရင့်စစ်ဌာနချုပ်သည် ပစ္စိဖိတ်စစ်ပွဲကြီးကို စစ်ကြေညာတိုက်ခိုက်ပြီး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်ချမှတ် ထားပြီးဖြစ်လေသည်။ ဂျပန်တို့သည် အာရှတောင်ပိုင်းဒေသများကို တိုက်ခိုက်သိမ်းပိုက်ရေးတွင် မြန်မာနိုင်ငံသည် စစ်ရေးအရအချက်အခြာကျသော ဒေသဖြစ်သောကြောင့်မြန်မာနိုင်ငံတွင် ခြေကုပ်ယူကာတပ်စွဲထားနိုင်ရေးကို လိုလားကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်းသို့ ချီတက်တိုက်ခိုက်ရာတွင် အဆင့် ၃ ဆင့်ဖြင့်တိုက်ခိုက်ရန် စီစဉ်ထားလေသည် ။

ဂျပန်တပ်များသည် ထိုင်းနိုင်ငံတွင်တပ်စွဲပြီးနောက် ပထမအဆင့်အနေဖြင့်မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ကာ မြန်မာပြည်တောင်ပိုင်းရှိဗြိတိသျှတို့၏ လေတပ်စခန်းများကိုတိုက်ခိုက်သိမ်းပိုက်ခြင်းဖြင့် မလေးယားတွင် တိုက်ပွဲဝင်လျက်ရှိသော ဂျပန်တပ်များ၏လုံခြုံမှုကိုရယူစေရန်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ရန်ကုန်မြို့ကိုသိမ်းပိုက်ခြင်းဖြင့် ဗြိတိသျှနှင့်တရုတ်ပြည်ချန်ကေရှိတ်အစိုးရ၏ ဆက်သွယ်မှုကိုဖြတ်တောက်ရန်နှင့် တတိယအဆင့်အနေဖြင့် မြန်မာတစ်ပြည်လုံးရှိဗြိတိသျှတပ်များကို တိုက်ခိုက်ချေမှုန်းပြီးနောက်တရုတ်ပြည်နှင့်အိန္ဒိယပြည်တို့ကိုဆက်လက်ချီတက်တိုက်ခိုက်ရန်ဖြစ်လေသည် ။ [2]

ထို့ကြောင့်သခင်အောင်ဆန်းသည် ဂျပန်တပ်များကမြန်မာပြည်ကိုဝင်ရောက်တိုက်ခိုက်မည့်အန္တရာယ်မှာ မလွဲမရှောင်သာကြုံတွေ့ရမည်ဖြစ်သောကြောင့်မြန်မာပြည်တွင်းရှိ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး၊ မြေအောက်တော်လှန်ရေးရဲဘော်များထံဂျပန်၏အကူအညီကို ချည်း အားကိုးခြင်းမပြုရန် ဘန်ကောက်မြို့မှ စာရေးအကြောင်းကြားပြီးသတိပေးခဲ့သည်။ ထို့ပြင်ရဲဘော်သုံးကျိပ်ဝင်များထဲမှကိုလှမောင်(ဗိုလ်ဇေယျ)နှင့်သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ) ကို မြန်မာပြည်တွင်းသို့ကြိုတင်စေလွှတ်၍ နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေး အတွက် ပြင်ဆင်မှုလုပ်ငန်းများကို စည်းရုံးဆောင်ရွက်စေပြီး တစ်ချိန်တည်းမှာပင် ဂျပန် တော်လှန်ရေးလုပ်ငန်းများ အတွက်ပါ စည်းရုံးပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရန် ညွှန်ကြားလိုက်သည် ။ [3]

သခင်အောင်ဆန်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းရှိ မြေအောက်တော်လှန်ရေးအင်အားစုများက မြန်မာပြည်လွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားခြင်းဖြင့်မြန်မာပြည်မှ နယ်ချဲ့အင်္ဂလိပ်တပ်များကို ချေမှုန်းတိုက်ခိုက်ပြီးသောအခါ

---

၁။ EBR.30.A Short History of the Burma Army. pp.11-12

၂။ ibid. p.11

၃။ Aung San. Burma's Challenge. p.37

ဂျပန်တပ်များကို လွတ်လပ်သောမြန်မာနိုင်ငံအဖြစ် ရင်ဆိုင်နိုင်ရန်ဖြစ်သည် ။ အကယ်၍ ယင်းအစီအစဉ်အတိုင်းမအောင်မြင်ပါက မြေအောက်တော်လှန်ရေးအင်အားစုများနှင့်ပြည်သူလူထုတစ်ရပ်လုံးသည် ဂျပန်ကမြန်မာတစ်ပြည်လုံးကိုလက်ဝါးကြီးအုပ်ကာချယ်လှယ်မည့်အရေးကိုအံ့ကြွဆန့်ကျင်ရန်နှင့်ဖွဲ့စည်းပြီးဖြစ်သောဗမာ့လွတ်လပ်ရေးတပ်မတော်က ဂျပန်ကိုပါ ဆက်လက်တော်လှန်တိုက်ပွဲဝင်ရန်ဖြစ်လေသည် ။ [၁]

ဤသို့ဖြင့်ဂျပန်က မြန်မာပြည်အပါအဝင်အာရှတောင်ပိုင်းနိုင်ငံများကိုချီတက်တိုက်ခိုက်မည့်မှာ မလွဲမသွေဖြစ်သောကြောင့်ရဲဘော်သုံးကျိပ်ဝင်များအနေဖြင့်မြန်မာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကိုလက်နက်ကိုင်တိုက်ပွဲပင်နိုင်ရန်တပ်မတော်တစ်ရပ်ဖွဲ့စည်းပြီးမြန်မာပြည်တွင်းသို့ ဂျပန်တပ်များနှင့်ရင်ဘောင်တန်းချီတက်ပင်ရောက်ကာမြန်မာပြည်လွတ်လပ်ရေးကိုဖန်တီးရယူရန်မှာအဓိကဖြစ်ပေသည် ။ ထို့ကြောင့်၁၉၄၁ခုဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဘန်ကောက်မြို့ရှိ ဦးလွန်းဖေ၏နေအိမ်၌ ဗမာ့လွတ်လပ်ရေးတပ်မတော်အတွက်စုဆောင်းရရှိထားသော တပ်သားသစ်များနှင့်အတူဗိုလ်တေဇ၊ ဗိုလ်လက်ျာ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်စောနောင်တို့သည်မြန်မာပြည်လွတ်လပ်ရေးအတွက်အသက်ပေးပြီးတိုက်ပွဲဝင်ရန် သစ္စာအဓိဋ္ဌာန်ပြု၍ပထမအကြိမ်သွေးသောက်ပွဲကျင်းပသည် ။ [၂]

၁၉၄၁ခုဒီဇင်ဘာလ ၃၀ ရက်နေ့တွင်ဗိုလ်တေဇ(ဗိုလ်ချုပ်အောင်ဆန်း)နေထိုင်လျက်ရှိသော Frank Field, Sathorn Road၌ရဲဘော်သုံးကျိပ်တို့၏ ဒုတိယအကြိမ်သွေးသောက်ပွဲ ကျင်းပသည် ။ [၃]

ထို့နောက် ၁၉၄၁ခု ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော် (Burma Independence Army. BIA) ကိုအောက်ပါအတိုင်း တာဝန်အသီးသီးခွဲဝေခန့်ထားလိုက်လေသည် ။

## ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်

| | | |
|---|---|---|
| စစ်သေနာပတိချုပ် | -- | ဗိုလ်ချုပ်ကြီးမိုးကြိုး(ဗိုလ်မှူးကြီးဆူဇူကီး) |
| စစ်ဦးစီးချုပ် | – | ဗိုလ်ချုပ်မူရကာမိ ( ဗိုလ်ကြီးနိုဒါ ) |
| စစ်ဦးစီးမှူး | – | ဗိုလ်ချုပ်အောင်ဆန်း |
| စစ်ဦးစီးအရာရှိ | – | ဗိုလ်ရန်အောင် |
| ״ | – | ဗိုလ်မှူးကြီးအိဂျီမာ(မစ္စတာတိုယိုဂျိကီမာတာ) |

---

၁။ Aung San Burma's Challenge. p. 37

၂။ DR.3204.ဦးငွေနီးဖေဦးဘွန်တိတ်တို့၏ဗမာ့လွတ်လပ်ရေးတပ်မတော်စတင်တည်ထောင်ပုံ ကိုယ်တွေ့မှတ်တမ်း ။

၃။ ယင်း ။

မှတ်ချက်။ ဗမာ့လွတ်လပ်ရေးတပ်မတော်တွင်မိနာမိအဖွဲ့မှဂျပန်အရာရှိနှင့်အကြပ်များကိုမွလရာထူးထက်တိုးမြှင့်ပေးထားပြီးအမည်များပါပြောင်းလဲထားပါသည် ။

| | |
|---|---|
| စစ်ဦးစီးအရာရှိ | – ဒုတိယဗိုလ်မှူးကြီးရှင်မင်း(မစ္စတာအီနာအိုမစ်ဇုတာ နီ |
| စစ်ရေးချုပ် | – ဒုတိယဗိုလ်မှူးကြီးကီမူရာ(မစ္စတာတာကောရှိဟီဂူချိ) |
| ငွေစာရင်းဝန် | – ဗိုလ်မှူးကြီးမိနာမိအိုကာ(မစ္စတာစူဂီး) |
| ဆေးမှူးချုပ် | – ဗိုလ်ချုပ်ဆူဇူကီး(ဒေါက်တာဆူဇူကီး) |
| ကိုယ်ရံတော်တပ်မှူး | – ဗိုလ်မှူးကြီးအိုဇူဘို(ဗိုလ်ယာမာမိုတို) |

## မော်လမြိုင်စစ်ကြောင်း

| | |
|---|---|
| တပ်မှူး | – ဗိုလ်ချုပ်ကြီးမိုးကြိုး |
| ကိတာဂျီမားတပ်ဖွဲ့တပ်မှူး | – ဗိုလ်မှူးကြီးကိတာဂျီးမား(ဗိုလ်တကာဟာရှိ) |
| တွဲဖက်အရာရှိ | – ဗိုလ်စောအောင် |
| အိနာဒါတပ်ဖွဲ့တပ်မှူး | – ဒုဗိုလ်မှူးကြီးအိနာဒါ(ဒုဗိုလ်အိနာဒါ) |
| တွဲဖက်အရာရှိ | – ဗိုလ်မိုး |
| တိုင်ရာတပ်ဖွဲ့တပ်မှူး | – ဗိုလ်မှူးတိုင်ရာ(တပ်ကြပ်ကြီးဟီရာအိချိ) |
| တွဲဖက်အရာရှိ | – ဗိုလ်ဇေယျာ |
| ကိဇာကိုတပ်ဖွဲ့တပ်မှူး | – ဗိုလ်မှူးကိဇာကို(တပ်ကြပ်ကြီးကိဇာကို) |
| တွဲဖက်အရာရှိ | – ဗိုလ်ရဲထွန်း |
| ဆူဇူကီးတပ်ဖွဲ့တပ်မှူး | – ဒုဗိုလ်မှူးကြီးအိပ်ရှဲဆူဇူကီး(ဗိုလ်ဆူဇူကီး) |
| တွဲဖက်အရာရှိ | – ဗိုလ်တိုင်ယာ(တပ်ကြပ်တိုင်ယာ) |

## ထားဝယ်စစ်ကြောင်း

| | |
|---|---|
| တပ်မှူး | – ဒုဗိုလ်ချုပ်ကြီးကာဝါရှီးမား(ဗိုလ်ကြီးကာဝါရှီးမား) |
| တွဲဖက်အရာရှိများ | – ဗိုလ်လကျာ |
| | – ဗိုလ်လရောင် |
| | – ဗိုလ်ကျော်ဇော |
| | – ဗိုလ်ဗလ |
| | – ဗိုလ်ဘုန်း |
| | – ဒုဗိုလ်မှူးကြီးနိုအိ(ဗိုလ်နိုအိ) |
| | – ဒုဗိုလ်မှူးကြီးအိဇူမိယား(ဗိုလ်အိဇူမိယား) |
| | – ဒုဗိုလ်မှူးကြီးတိုမိုတို(ဒုဗိုလ်တိုမိုတို) |
| | – ဗိုလ်မှူးရှိမူရာ(တပ်ကြပ်ကြီးရှီးနား) |
| | – ဗိုလ်မှူးအိတို(တပ်ကြပ်ကြီးအိတို) |
| | – ဗိုလ်မှူးမောရိ(တပ်ကြပ်ကြီးမောရိ) |

– ဗိုလ်မှူးအိကေဒါ(တပ်ကြပ်ကြီးအိကေဒါ)
– ဗိုလ်မှူးနိုဆေး(တပ်ကြပ်ကြီးနိုဆေး)

## ရေကြောင်းချီတပ်ဖွဲ့

တပ်မှူး – ဗိုလ်မှူးကြီးဟိရာယာမ(ဗိုလ်ဟိရာယာမ)
တွဲဖက်အရာရှိများ – ဒုဗိုလ်မှူးကြီးအာကိကာဝါ(ဒုဗိုလ်အာကိကာဝါ)
– ဗိုလ်ရန်နိုင်
– ဗိုလ်မင်းခေါင်
– ဗိုလ်တောက်ထိန်
– ဗိုလ်မှူးအိကေဘေ(တပ်ကြပ်ကြီးအိကေဘေ)
– ဗိုလ်မှူးအိမာမူရာ(တပ်ကြပ်ကြီးအိမာမူရာ)
– မစ္စတာဆာတို(အရပ်သား)
– မစ္စတာအိဇာတို(အရပ်သား)
– မစ္စတာအိုရာရှိကို(အရပ်သား)

## တာနာကာတပ်ဖွဲ့ (ဂျပန်တပ်မ ၅၅ နှင့်တွဲထားသည်)

တပ်မှူး – ဒုဗိုလ်မှူးကြီးတာနာကာ(ဗိုလ်တာနာကာ)
တွဲဖက်အရာရှိများ – ဗိုလ်ဘုန်းမြင့်
– ဗိုလ်မှူးဇိုင်ဇင်း(တပ်ကြပ်ကြီးဇိုင်ဇင်း)

## အတွင်းသူပုန်တပ်ဖွဲ့

တပ်မှူး – ဗိုလ်နေဝင်း
တွဲဖက်အရာရှိများ – ဗိုလ်တာရာ
– ဗိုလ်လင်းယုန်
– ဗိုလ်မိုးညို
– ဗိုလ်မြဒင်

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အထက်ပေါ်ပြပါတာဝန်များ ခွဲဝေစနစ်ထား လိုက်ပြီး နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်ဖွဲ့အသီးသီးတို့သည် စစ်သားစုဆောင်းရေးလုပ်ငန်းများကိုဇင်းမယ်[၁]၊ လပ်ပွန်း[၂] နှင့်မိမိတို့တပ်စွဲရာဒေသ အသီးသီးတွင်၁၉၄၂ ဇန်နဝါရီလအ တွင်း၌ဆက်လက်ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြသည်။

---

၁။ Chiang Mai ၂။ Lumphun

ဗမာ့လွတ်လပ်ရေးတပ်မတော် အတွက် လက်နက် ခဲယမ်း မီးကျောက်များကို တပ်ကြပ်ကြီးများဖြစ်သော အီမာမူရာ နှင့်အီတိုတို့ကဆေးဂုံမှ တင်ပို့လိုက်ရာဘန်ကောက်မြို့သို့၁၉၄၂ခုဇန်နဝါရီလ ၁ ရက်နေ့တွင်ရောက်ရှိလာသဖြင့် ဇန်နဝါရီလ ၂ ရက်နေ့တွင် တပ်ဖွဲ့အသီးသီးသို့ လက်နက်များဖြန့်ဝေပေးလိုက်သည်။ [၁]

ထိုအချိန်တွင်ဗိုလ်မှူးကြီးဆူဇူကီးသည် ဂျပန်အမှတ် ၁၅ တပ်တော်နှင့်ဆက်သွယ်ညှိနှိုင်းပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်အတွက်လက်နက်ခဲယမ်းမီးကျောက်များကိုဗိုလ်နေဝင်းဦးစီးသော အတွင်းသူပုန်တပ်ဖွဲ့နှင့်အတူ မြန်မာပြည်တွင်းသို့ လေယာဉ်ပျံဖြင့်သယ်ဆောင်ကာလေထီးဖြင့်ချပေးရန်စီစဉ်သော်လည်း ဇန်နဝါရီလ ၈ ရက်နေ့တွင်လေယာဉ်ပျံအခက်အခဲကြောင့် ထိုအစီအစဉ်မဖြစ်နိုင်ကြောင်း သိရှိရသည်။ ထို့ကြောင့် ဗိုလ်မှူးကြီးဆူဇူကီးသည် ဗိုလ်နေဝင်းဦးစီးသော အတွင်းသူပုန်တပ်ဖွဲ့ကိုမြန်မာပြည်တွင်းသို့ ကုန်းလမ်းခရီးမှဝင်ရောက်ပြီး နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးလုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်စေရန် ဆုံးဖြတ်သည်။

ယင်းကဲ့သို့ဗိုလ်နေဝင်းခေါင်းဆောင်သောအတွင်းသူပုန်တပ်ဖွဲ့နှင့် အတူလက်နက်ခဲယမ်းမီးကျောက်များကို မြန်မာပြည်တွင်းသို့ လေထီးဖြင့်ချပေးရန် ဂျပန်ကပျက်ကွက်ခြင်းမှာမြန်မာပြည်လွတ်လပ်ရေးကို မြန်မာတို့ကိုယ်တိုင် တိုက်ခိုက်သိမ်းယူခွင့်မပြုလိုဘဲယင်းတို့၏လက်ပါးစေသူလျှိုအဖြစ်သာအသုံးချလိုသောကြောင့်ဖြစ်သည်။ [၂]

ဤကဲ့သို့သောအခြေအနေတွင် ၁၉၄၂ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင်ဂျပန်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတိုဂျိုက ဂျပန်လွှတ်တော်၌မိန့်ခွန်းပြောကြားရာတွင်မြန်မာပြည်အရေးနှင့်ပတ်သက်ပြီး " မြန်မာလူမျိုးတို့သည်ဂျပန်နိုင်ငံ၏မဟာအရှေ့အာရှထူထောင်ရေးလုပ်ငန်းများတွင် ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယင်းတို့နှစ်ပေါင်းများစွာ လိုလားတောင့်တအပ်သော လွတ်လပ်ရေးရရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ပြီး လျှင်လွတ်လပ်ရေးပေးရန် မိမိကကတိပြုပါကြောင်း၊ ထို့ပြင်မြန်မာနိုင်ငံအား ပြန်လည်ထူထောင်ရာတွင်ဂျပန်ကအစွမ်းကုန်ကူညီမည်ဖြစ်ကြောင်း " ပြောကြားသည်။ [၃]

၁၉၄၂ခုဇန်နဝါရီလ၌ ဗိုလ်မှူးကြီးဆူဇူကီးသည် ဂျပန်အမှတ် ၁၅ တပ်တော်မှဗိုလ်မှူးကြီးနာကာတ [၄] နှင့်တွေ့ဆုံဆွေးနွေးရာ၌ ဗိုလ်မှူးကြီးဆူဇူကီး ဗမာ့လွတ်လပ်ရေးတပ်မတော်အနေဖြင့် မြန်မာပြည်တွင်းသို့ချီတက်ဝင်ရောက်ရာတွင် ဆောင်ရွက်မည့် အောက်ပါ လုပ်ငန်းများကိုပြောကြားသည်။

---

၁။ The History of Minami Kikan

၂။ သခင်လွင်၊ ဂျပန်ခေတ်ဗမာပြည်၊ မျက်–၁၀၅

၃။ F.C.Jones. Japan's New Order in East Asia.p.332

၄။ Col.Nakata Saichiro

(၁) ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ပါက နေရာအနှံ့အပြားတွင် စစ်သားစုဆောင်ရေးလုပ်ငန်းများဆောင်ရွက်မည်။

(၂) စစ်ရုံပုံငွေအတွက်လိုအပ်ပါက ဗမာ့လွတ်လပ်ရေးတပ်မတော်က အခွန်အကောက်စည်းကြပ်မည်။

(၃) မော်လမြိုင်မြို့ကိုသိမ်းပိုက်ပြီးပါက အုပ်ချုပ်ရေးအဖွဲ့ထူထောင်မည်။

(၄) ရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးပါကမြန်မာပြည်လွတ်လပ်ရေးကြေညာမည်။[၁]

ဗိုလ်မှူးကြီးဆူဇူကီး၏ပြောကြားချက်ကို ဗိုလ်မှူးကြီးနာကာတာက ယင်းအနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်မရှိသောကြောင့် ဂျပန်အမှတ် ၁၅ တပ်တော်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဟာရုကီအိဆာယာမ[၂] ထံတင်ပြသည်။ ဗိုလ်ချုပ်ဟာရုကီအိဆာယာမ ကဗိုလ်မှူးကြီးဆူဇူကီးအားခေါ်ယူတွေ့ဆုံပြီး ဗိုလ်မှူးကြီးဆူဇူကီးတင်ပြသောအချက် ၄ ချက်ကိုဆွေးနွေးသည်။ ထိုသို့ဆွေးနွေးရာတွင်အမှတ် ၁ နှင့် ၂ အချက်ဖြစ်သောမြန်မာပြည်တွင်းသို့ဗမာ့လွတ်လပ်ရေးတပ်မတော်ရောက်ရှိသည့်အခါစစ်သားစုဆောင်းရေးနှင့် အခွန်အကောက်စည်းကြပ်ရေးလုပ်ငန်းများဆောင်ရွက်မည်ကိုမူအားဖြင့်သဘောတူကြောင်း၊ အမှတ် ၃ နှင့် ၄ အချက်ဖြစ်သောမော်လမြိုင်မြို့ကိုသိမ်းပိုက်ပြီးသောအခါ အုပ်ချုပ်ရေးအဖွဲ့ထူထောင်ရန်နှင့် ရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးပါက မြန်မာပြည်လွတ်လပ်ရေးကြေငြာရန်ကို ဂျပန်တောင်ပိုင်းတပ်မတော်သို့ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်းပြောကြားသည်။

သို့သော်ဂျပန်အမှတ် ၁၅ တပ်တော်စစ်သေနာပတိချုပ်ဒုဗိုလ်ချုပ်ကြီးအီဒါအား ဂျပန်အာဏာပိုင်တို့က မြန်မာပြည်အရေးနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် လွတ်လပ်ရေးဆိုသောစကားလုံးကိုပင် အသုံးမပြုမိစေရန်အထူးဂရုပြုရမည်ဟု ညွှန်ကြားထားပြီးဖြစ်ရာ[၃] ဂျပန်တို့သည်မြန်မာပြည်လွတ်လပ်ရေးနှင့် ပတ်သက်၍ကတိပြုထားချက်ကိုမြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ခြင်းမပြုမီကပင်ဖေါက်ဖျက်စပြုလာလေသည်။

---

၁။ The Growth of the Burma Army . pp. 94-95

၂။ Major-General Haruki Isayama.

၃။ Frank N. Trager. Burma:Japanese Military Administration, p.8

## ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းကြီးများ

## န်မာပြည်ရှိဗြိတိသျှတပ်များ

ဒုတိယကမ္ဘာစစ်မဖြစ်ပွားမီက အင်္ဂလိပ်တို့သည်မြန်မာပြည်တွင်ဗြိတိသျှခြေလျင် ၢရင်းနှစ်ရင်း ၊ ဘားမားရိုင်ဖယ်တပ်ရင်း[၁]လေးရင်း၊ ဗမာပြည်နယ်ခြားတပ်[၂] နှင့်စစ်ပုလိပ် ာ်ဖွဲ့များသာထားရှိသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက် ဂျပန်ကအရှေ့တောင်အာရှ ငံများသို့ နယ်ပယ်ချဲ့ထွင်ရန် စစ်ရေးပြင်ဆင်မှုများပြုလုပ်လာသောအခါ မြန်မာပြည်ကို ျပန်ကတိုက်ခိုက်လာနိုင်ကြောင်း အင်္ဂလိပ်တို့သိရှိလာသောကြောင့်မြန်မာပြည်ကိုဂျပန် တိုက်ခိုက်မှုမှခုခံကာကွယ်ရန်အစီအမံများပြုလုပ်ဆောင်ရွက်လာသည် ။[၃]

မြန်မာပြည်တွင် တပ်စွဲထားသော ဗြိတိသျှခြေလျင်တပ်ရင်း နှစ်ရင်းမှာအမှတ် ၁ ၊ လာက်စတာရှိုင်းယားတပ်ရင်း[၄] နှင့်အမှတ် ၂ ဘုရင့်ယော့ရှိုင်းယားတပ်ရင်း[၅] တို့ဖြစ် ည်။ ထပ်မံတိုးချဲ့ဖွဲ့စည်းသောတပ်များမှာ ဘားမားရိုင်ဖယ်တပ်ရင်း ၅၊၆၊၇၊၈၊၉၊၁၀၊ ၊၁၄ များဖြစ်သည် ။ အင်္ဂလိပ်တို့သည်ရှမ်းပြည်တွင်အမှတ် ၁ ဘားမားဘရိဂိတ်[၆] ခေါ ပ်မဟာ ၁ ကိုဖွဲ့စည်းပြီးအရှေ့ဘက်နယ်စပ်ကိုစောင့်ကြပ်စေသည် ။ ထို့ပြင်အမှတ် ၂ ားမားဘရိဂိတ်[၇] ခေါ်တပ်မဟာ ၂ ကို တနင်္သာရီတွင်ဖွဲ့စည်းပြီးဗိုလ်မှူးချုပ်ဘွတ်[၈] က ပ်ချုပ် ကာလက်အောက်ခံတပ်များအဖြစ်ဘားမားရိုင်ဖယ်တပ်ရင်း ၂ ၊ ၄ ၊ ၆ ၊ ၈ ့ကိုထားရှိသည်။ ထို့ပြင်၁၉၄၁ခု၊ ဧပြီလတွင်ဗိုလ်မှူးချုပ်ကားတစ်(စ)[၉] အုပ်ချုပ်သော မှတ် ၁၃ အိန္ဒိယတပ်မဟာ[၁၀] မြန်မာပြည်သို့ရောက်ရှိလာသည် ။ ယင်းတပ်မဟာ က်အောက်တွင် ၅/၁ ပန်ဂျပ် တပ်ရင်း[၁၁] ၊ ၂/၇ ရာဂျ်ပွတ်တပ်ရင်း[၁၂] နှင့် ၁/၁၈ ါလ်တပ်ရင်းတို့ပါဝင်ကာ ရှမ်းပြည်တွင် တပ်စွဲစေသည်။ ယင်းတပ်မဟာက ကျိုင်းတုံ က်မှ ထိုးဖောက်ဝင်ရောက်လာနိုင်သည့်ဂျပန်၏ တိုက်ခိုက်မှုကိုကာကွယ်ရန်ဖြစ်သည် ။ ၉၄၁ခု ဇူလိုင်လတွင်အမှတ် ၁ တပ်မဟာ၊ အမှတ် ၂ တပ်မဟာနှင့် အမှတ် ၁၃ အိန္ဒိယ

---

၁။ Burma Rifles ၂။ Burma Frontier Force

၃။ Retreat from Burma. p.46

၄။ 1st Battalion Gloucestershire Regiment

၅။ 2nd Battalion King's Won Yorkshire Light Infantry

၆။ 1st Burma Brigade

၇။ 2nd Burma Brigade

၈။ Brigadier A.J.H. Bourke

၉။ Brigadier A.C.Curtis.

၁၀။ 13th Indian Infantry Brigade.

၁၁။ 5th Battalion Ist Punjab Regiment.

၁၂။ 2nd Battalion 7th Rajput Regiment.

တပ်မဟာတို့ကို အမှတ် ၁ တပ်မ [၁] အဖြစ်ဖွဲ့စည်းပြီး တပ်မ ဌာနချုပ်ကိုတောင်ငူတွင် ဖွင့်လှစ်ကာဗိုလ်ချုပ်ကြီးဘရုစကော့ [၂] ကအုပ်ချုပ်သည် ။ [၃]

၁၉၄၁ခုနိုဝင်ဘာလတွင် မြန်မာပြည်သို့အမှတ် ၁၆ အိန္ဒိယ တပ်မဟာရောက်ရှိလာပြီး မန္တလေးမြို့တွင်တပ်စွဲကာ ဗိုလ်မှူးချုပ် ကြေ၊ ကေ၊ ဂျုံးစ်ကအုပ်ချုပ်သည်။ အမှတ် ၁၆ အိန္ဒိယ တပ်မဟာလက်အောက်တွင် ၁/၉ ဂျတ်တပ်ရင်း [၄]၊ ၄/၁၂ နယ်ခြားတပ်ရင်း [၅]၊ ၁/၇ ဂေါ်ရခါးတပ်ရင်း [၆] တို့ပါဝင်သည်။ အင်္ဂလိပ်၏အစီအမံမှာ အကယ်၍ဂျပန်က မြန်မာပြည်ကို ထိုးစစ်ဆင်တိုက်ခိုက်ပါက ရှိသမျှအင်အားနှင့် ခုခံတိုက်ခိုက်ပြီး စစ်ကူမရောက်မခြင်း ဂျပန်၏ထိုးစစ်ကို တားဆီးထားရန်ဖြစ်သည်။ ဂျပန်၏အန္တရာယ်မှာလည်း တစ်နေ့တစ်ခြား ကြီးမားလာသည့်အလျောက် မြန်မာပြည်ရှိ အင်္ဂလိပ်တပ်များကို အင်အားဖြည့်တင်းရန် တပ်ဖွဲ့များရောက် ရှိလာပြန်သည်။

၁၉၄၁ ခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့သို့အမှတ် ၈ အိန္ဒိယလေယာဉ်ပစ်အမြောက်တပ် [၇] နှင့်အမှတ် ၃ အိန္ဒိယလေယာဉ်ပစ်အမြောက်တပ် [၈] တို့ရောက်ရှိလာပြီးရန်ကုန်မြို့နှင့် မော်လမြိုင်မြို့များရှိလေယာဉ်ကွင်းများနှင့်စစ်ရေးအရအချက်အခြာဒေသများသည်လုံခြုံ ရေးကိုတာဝန်ယူလျက်ရှိသည်။ ထို့ပြင်ဗိုလ်ချုပ် ကြေ ၊ ဂျီ ၊ စမိုက် [၉] အုပ်ချုပ်ကွပ်ကဲသောအမှတ် ၁၇ အိန္ဒိယတပ်မ [၁၀] ကိုလည်း၁၉၄၁ခု၊ ဒီဇင်ဘာလတွင် မြန်မာပြည်သို့ ပို့လိုက်သည်။ အမှတ် ၁၇ အိန္ဒိယတပ်မဌာနချုပ်ကို ၁၉၄၂ခုဇန်နဝါရီလတွင် မော်လမြိုင်မြို့ တွင်ဖွင့်လှစ်ပြီး မော်လ မြိုင်မြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် တာဝန်ယူ တပ်စွဲထားသည့် တပ်များကိုအုပ် ချုပ်ရသည်။ အမှတ် ၁၇ အိန္ဒိယတပ်မလက်အောက်တွင်အမှတ် ၄၆ အိန္ဒိယ

---

၁။ 1st Burma Division.
၂။ Maj-Gen. J.Bruce Scott.
၃။ Retreat from Burma, p.51
၄။ 1st Royal Battalion 9th Jat Regiment.
၅။ 4th Battalion 12th Frontier Force Regiment.
၆။ 1st Battalion 7th Gurkha Rifles.
၇။ 8th Indian Heavy A-A Battery.
၈။ 3 Indian Light A-A Battery.
၉။ Maj.Gen. J.G.Smyth
၁၀။ 17th Indian Division

တပ်မဟာ [၁] ထားရှိပြီး ဗိုလ်မှူးချုပ်အာရ်၊ ဂျီ၊ အီကင် [၂] ကအုပ်ချုပ်သည်။ ၇/၁၀ ဘလူချီစတန်တပ်ရင်း[၃]၊ ၃/၇ ဂေါ်ရခါးတပ်ရင်း[၄] နှင့် ၅/၁၇ ဒေါ့ဂရာတပ်ရင်း [၅] များသည်အမှတ် ၄၆ အိန္ဒိယတပ်မ ဟာ လက်အောက်ခံတပ်များဖြစ်ကြသည် ။ ဒီဇင်ဘာလကုန်၌ပင်အမှတ် ၄၈ အိန္ဒိယတပ်မဟာ [၆] သည် မြန်မာပြည်သို့ ရောက်ရှိလာပြန်သည်။ ယင်းတပ်မဟာကို ဗိုလ်မှူးချုပ် အင်ဟူးဂျုံး [၇] ကအုပ်ချုပ်ပြီး လက်အောက်ခံတပ်များမှာ ၁/၃ အလက်ဇန္ဒြား ဘုရင်မ၏ ဂေါ်ရခါးတပ်ရင်း[၈]၊ ၁/၄ ဝေလမင်းသား၏ဂေါ်ရခါးတပ်ရင်း[၉] နှင့် ၂/၅ ဘုရင့်ဂေါ်ရခါးတပ်ရင်း [၁၀] တို့ဖြစ်ကြသည်။ အမှတ် ၄၈ တပ်မဟာသည် ရန်ကုန်မြို့သို့ ၁၉၄၂ ဇန်နဝါရီလတွင်ရောက်ရှိလာပြီး အမှတ် ၁၇ အိန္ဒိယတပ်မ၏ လက်အောက်တွင်တာဝန်ယူရလေသည်။

၁၉၄၂ခု၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်ဗိုလ်ချုပ်ကြီးဝေဗယ်လ် [၁၁] သည်သံလွင်စစ်မျက်နှာသို့သွားရောက်စစ်ဆေးပြီးနောက် မြန်မာပြည်မြေပြင်အနေအထားအရ တင့်ကားများဖြင့်စစ်ဆင်ပါက သင့်တော်မည်ဟုယူဆသောကြောင့် ဂျာဗားသို့ရောက်ရှိနေသောအမှတ် ၇ သံချပ်ကာယန္တယားတပ်မဟာ [၁၂] ကိုဗိုလ်မှူးချုပ်ဂျေ၊ အိပ်ချ်အန် စတစ် [၁၃] ကအုပ်ချုပ်သည်။ လက်အောက်ခံတပ်ရင်းများအဖြစ်ဘုရင်မ၏ဟူးဆားတပ်ရင်း ၇ [၁၄] နှင့်အမှတ် ၂ ဘုရင့်တင့်ကားတပ်ရင်း[၁၅] များပါဝင်သည် ။ ယင်းတပ်မဟာသည်ရန်ကုန်မြို့သို့၁၉၄၂ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင်ရောက်ရှိလာသည်။ [၁၆]

---

၁။ 46th Indian Infantry Brig.

၂။ Brig. R.G.Ekin

၃။ 7th Batt.10th Bluch Regt.

၄။ 3rd Batt. 7th Gurkha Rifles.

၅။ 5th Batt. 17th Dogra Regt.

၆။ 48th Indian Infantry Brigade.

၇။ Brig. N . Hugh Jones.

၈။ 1st Batt. 3rd Q.A.O. Gurkha Rifles.

၉။ 1st Batt. 4th P.W.O Gurkha Rifles.

၁၀။ 2nd Batt. 5th Royal Gurkha Rifles F.F.

၁၁။ General Sir A.Wavell.

၁၂။ 7th Armoured Brigade Group.

၁၃။ Brigadier J.H. Anstice.

၁၄။ 7th Queen's Own Hussars.

၁၅။ 2nd Battalion Royal Tank Regiment.

၁၆။ Retreat from Burma. p.57.

ထိုပြင်အင်္ဂလိပ်တို့သည်မြန်မာပြည်ကာကွယ်ရေးအစီအမံများတွင် တရုတ်တပ်များကိုလည်းအသုံးပြုသည်။ အမှတ် ၅ ၊ ၆ နှင့် ၆၆ တရုတ်တပ်တော်[၁] များသည်၁၉၄၁ခုဒီဇင်ဘာလမှအစပြု၍မြန်မာပြည်သို့ရောက်ရှိလာကြပြီးရှမ်းပြည်နယ်၊ကရင်နီနယ်နှင့်စစ်တောင်းမြစ်ဝှမ်းဒေသတွင်တပ်စွဲထားကြလေသည်။[၂]

## ထားဝယ်စစ်ကြောင်း

ဗမာ့လွတ်လပ်ရေးတပ်မတော် ၊ ထားဝယ်စစ်ကြောင်းကို ၁၉၄၁ခုဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ဘန်ကောက်မြို့ဆဲထွန်းလမ်းရှိ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်တွင် ဖွဲ့စည်းလိုက်သည်။ ထားဝယ်စစ်ကြောင်းကို တပ်မှူးအဖြစ် ဗိုလ်ကြီးကာဝါရှီးမားကခေါင်းဆောင်ပြီး ရဲဘော်သုံးကျိပ်ဝင်များဖြစ်သော ဗိုလ်လက်ျာ ၊ဗိုလ်လရောင်၊ ဗိုလ်မင်းရောင် ဗိုလ်မြင့်အောင် ၊ ဗိုလ်ဗလ ၊ ဗိုလ်ဉာဏနှင့်ဂျပန်အရာရှိများဖြစ်သော ဗိုလ်အီဇူမီးယားဗိုလ်ဒိုအိ၊ ဒုတိယဗိုလ်တိုမိုတိုတို့အပြင်ဂျပန်တပ်ကြပ်ကြီးများပါဝင်ကြသည်။

ထားဝယ်စစ်ကြောင်းမှ ဒုတိယဗိုလ်တိုမိုတို၊ တပ်ကြပ်ကြီးရှိနား၊ ဗိုလ်ဉာဏနှင့်ဗိုလ်မင်းရောင်တို့ကို ဂျပန်တပ်မ ၅၅ မှ ဒုတိယဗိုလ်မှူးကြီးအိုကီးဦးစီးသည့်အိုကီးတပ်ဖွဲ့[၃] နှင့်အတူကန်ချနာဘူရီမှထိုင်းမြန်မာနယ်စပ်သို့ချီတက်စေသည်။[၄]

ဗမာ့လွတ်လပ်ရေးတပ်မတော်အတွက်ရိုင်ဖယ်အလက် ၃၀၀၀ ၊ စက်သေနတ်အကြီးစက်သေနတ်အသေးနှင့် အခြားစစ်ပစ္စည်းများကို ဗိုလ်ဆူဇူကီးနှင့်တပ်ကြပ်ကြီးအီတို တို့က တရုတ်ပြည်တောင်ပိုင်းမှ သင်္ဘောဖြင့်တင်ပို့လိုက်ရာထိုင်းနိုင်ငံဘန်ကောက်မြို့ ၊မစ်စုအီဆိပ်ကမ်းသို့ ၁၉၄၂ခု ဇန်နဝါရီလ ၁ ရက်နေ့တွင်ရောက်ရှိလာသည် ။ ယင်းလက်နက်များထဲမှ ထားဝယ်စစ်ကြောင်းအတွက် ရိုင်ဖယ်အလက် ၁၀၀၀ ၊ စက်သေနတ်အကြီး ၊ စက်သေနတ်အသေး၊ မော်တာနှင့်အမြောက်များကို ဘန်ကောက်မြို့မှကန်ချနာဘူရီသို့ဇန်နဝါရီလ ၄ ရက်နေ့တွင် ရထားဖြင့်တင်ပို့လိုက်သည်။

၁၉၄၂ခုဇန်နဝါရီလ ၈ ရက်နေ့တွင် ထားဝယ်စစ်ကြောင်းသည် ဘန်ကောက်မြို့မှ ထွက်ခွာသွားရာ ကန်ချနာဘူရီသို့ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ရောက်ရှိလာသည် ။ ထိုအချိန်တွင်အိုကီးတပ်ဖွဲ့သည်ထိုင်း မြန်မာနယ်စပ်မှတစ်ဆင့် မြစ်တာသို့ချီတက်သွားရာ မြစ်တာတွင်ဘားမားရိုင်ဖယ်တပ်ရင်း ၆ မှတပ်စုတစ်စုနှင့်တိုက်ပွဲဖြစ်ပွားပြီးမြစ်တာကိုသိမ်းပိုက်သည်။ ထားဝယ်စစ်ကြောင်းသည်ကန်ချနာဘူရီသို့ ရောက်ရှိသောအခါလက်နက်ခဲယမ်း

---

၁။ Chinese V,VI and LXVI Armies

၂။ Retreat from Burma. p.57.

၃။ Oki Detachment.

၄။ A Short Account of BIA Activities by Kawashima.

မီးကျောက်များကို ဝမ်ပို၊ ဘွန်တီ၊ ဆင်ပြူတိုင်တို့မှတစ်ဆင့်ဖြစ်တာသို့ သယ်ဆောင်ရန်စီစဉ်ဆောင်ရွက်ရလေသည် ။

၁၉၄၂ခု ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဗိုလ်ကြီးကာဝါရှီးမား ၊ ဗိုလ်လက်ျာ ၊ ဗိုလ်လရောင်၊ ဗိုလ်ဗလတို့နှင့်အတူထားဝယ်စစ်ကြောင်းမှတပ်ဖွဲ့များဖြစ်တာသို့ရောက်ရှိလာသည် ။ ဗိုလ်ကြီးကာဝါရှီးမားဗိုလ်လက်ျာနှင့်ရဲဘော်သုံးကျိပ်ဝင်များဖြစ်တာသို့ရောက် ရှိသောအခါ ထိုင်းမြန်မာနယ်စပ်တွင် ရောက်ရှိနေသော လက်နက်ခဲယမ်းမီးကျောက်များကို မြန်မာပြည်တွင်းသို့ သယ်ယူရန်စီစဉ်ဆောင်ရွက်ရသည် ။ အဆိုပါလုပ်ငန်းကို ထားဝယ်စစ်ကြောင်းတပ်မှူးဗိုလ်ကြီးကာဝါရှီးမားက–

> " ထိုင်းမြန်မာနယ်စပ်သို့ရောက်ရှိနေသောလက်နက်ခဲယမ်းမီးကျောက်များကိုမြန်မာလူငယ်များအကူအညီဖြင့်သယ်ယူရသည် ။ မြန်မာ လူငယ်များသည်ယင်းတို့တိုင်းပြည်အကျိုးအတွက်စွမ်းစွမ်းတမံကူညီဆောင်ရွက်ကြသည် ။ မြန်မာလူငယ်များနှင့်အတူသတ္တုတွင်းအလုပ်သမားများ သည်လက်နက်ခဲယမ်းမီးကျောက်များကိုဆင်မြင်းများနှင့်မြန်မာပြည်တွင်းသို့ခက်ခဲစွာသယ်ဆောင်ကြသည် ။ "

ဟုမှတ်တမ်းတင်ထားသည် ။ [၁]

ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်း နှင့် ဂျပန်တပ်မ ၅၅ မှ အိုကီးတပ်ဖွဲ့သည်ဖြစ်တာမှထားဝယ်မြို့သို့ချီတက်တိုက်ခိုက်သည် ။ ထားဝယ်မြို့တွင်ခံစစ်ဖြင့်ခုခံတိုက်ခိုက်နေသော အင်္ဂလိပ်တပ်များဖြစ်သည့်ဘားမားရိုင်ဖယ်တပ်ရင်း ၆ ၊ တနင်္သာရီအရန်တပ်မှထားဝယ်တပ်ခွဲ [၂] ၊ မြိတ်မြို့မှပြောင်းရွှေ့လာသောဘားမားရိုင်ဖယ်တပ်ရင်း ၃ မှတပ်ခွဲ ၂ ခွဲနှင့်တိုက်ပွဲများဖြစ်ပွားပြီးနောက်ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ထားဝယ်မြို့ကို သိမ်းပိုက်ရရှိသည် ။ [၃] ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းသည်ထားဝယ်မြို့ကိုသိမ်းပိုက်ရရှိပြီးသောအခါ ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ဗိုလ်ဗထူးအပါအဝင်မြန်မာလူငယ်အမြောက်အများဝင်ရောက်လာကြသည် ။ [၄]

ဗမာ့လွတ်လပ်ရေးတပ်မတော်သည်ထားဝယ်မြို့တွင်မြို့ခံလူကြီးများနှင့်ဆွေးနွေးညှိနှိုင်းပြီး ဘီအိုင်အေ အုပ်ချုပ်ရေးအဖွဲ့ကိုဖွဲ့စည်းပေးခဲ့သည် ။ ထားဝယ်မြို့တွင်ဗမာ့လွတ်

---

၁။ A Short Account of BIA Activities by Kawashima.

၂။ Tavoy Company, Tenasserim British Burma Auxiliary Force.

၃။ Retreat from Burma. p.88.

၄။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးဗလအားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း

လပ်ရေးတပ်မတော်သို့ဝင်ရောက်လာသော တပ်သားသစ်များအား စစ်သင်တန်းပေးရေး တာဝန်ကို ဗိုလ်လရောင် ၊ ဗိုလ်ဗလ ၊ ဗိုလ်မင်းရောင်တို့ကဆောင်ရွက်ရပြီး ဗိုလ်ဒိုအိ ၊ ဗိုလ်အိရှုမီးယား၊ တပ်ကြပ်ကြီးတာနီဇာကီ၊တပ်ကြပ်ကြီးမောရိတို့ကကူညီရလေသည် ။

ထိုအချိန်တွင်ဂျပန်တပ်မ ၅၅ သည် ရဟိုင်း ၊ မဲဆောက် ၊ ကော့ကရိတ်မှတစ်ဆင့် မော်လမြိုင်မြို့သို့ဦးတည်ချီတက်လျက်ရှိသည် ။ မော်လမြိုင်မြို့တွင် အမှတ် ၁၇ အိန္ဒိယ တပ်မ လက်အောက်ခံတပ်မဟာ ၂၊မြန်မာပြည်အရန်တပ် တနင်္သာရီတပ်ရင်းမှ တပ်ခွဲ ၁ ခွဲ[၁]၊ အမှတ် ၁၂ အမြောက်တပ်ရင်း[၂]၊ဘားမားရိုင်ဖယ်တပ်ရင်း ၈၊ ဆပ်ပါးမိုင်းနား တပ်ရင်းမှတပ် စိတ်တစ် စိတ်[၃] ၊ ဗမာပြည်နယ်ခြားတပ် ၊ ကုက္ကိုင်းတပ်ရင်းမှတပ်ခွဲတစ် ခွဲ [၄]၊ စစ်မြေပြင်စစ်လက်နက်ပစ္စည်းတပ် [၅] တို့မှတပ်ဖွဲ့များတပ်စွဲလျက်ရှိပြီးဇန်နဝါရီလ ၁၈ ရက်နေ့တွင် ၁/၇ ဂေါ်ရခါးတပ်ရင်း [၆] ကိုလည်းမော်လမြိုင်သို့စေလွှတ်လိုက်သည်။ ထို့ပြင် အမှတ် ၁၇ အိန္ဒိယ တပ်မစစ်ဌာနချုပ်ကို မော်လမြိုင်မြို့သို့ ရွှေ့ပြောင်းပြီး ဗိုလ်ချုပ် ဂျေဂျီစမိုက် [၇] က ကွပ်ကဲ အုပ်ချုပ်လျက်ရှိသည်။ ဂျပန်တပ်မ ၅၅ နှင့်အင်္ဂလိပ်တပ် များသည်မော်လမြိုင်မြို့ နှင့် ပတ်ဝန်းကျင်ဒေသများတွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွား ပြီးနောက်ဇန်နဝါရီလ ၃၁ ရက် နေ့တွင်ဂျပန်တပ်မ ၅၅ ကမော်လမြိုင်မြို့ကို သိမ်းပိုက်လိုက်သည် ။ [၈]

အိုကီးတပ်ဖွဲ့သည်ထားဝယ်မြို့မှတစ်ဆင့် ၁၉၄၂ ခုဇန်နဝါရီလ် ၂၉ ရက်နေ့တွင် မော်လမြိုင်သို့ချီတက်သွားသည် ။ ထိုအချိန်တွင်ဂျပန်တပ်မ ၅၅ သည် ရဟိုင်း၊ မဲဆောက် ၊ ကော့ကရိတ်မှတစ်ဆင့် မော်လမြိုင်မြို့သို့ ချီတက်လာရာမော်လမြိုင်မြို့ကို အိုကီးတပ်ဖွဲ့ မရောက်မီတစ်ရက်ကြိုတင်၍သိမ်းပိုက်နိုင်ခဲ့သည်။ ဂျပန်တပ်မ ၃၃ ကလည်းတပ်မ ၅၅ ချီတက်ရာလမ်းကြောင်း၏မြောက်ဘက်မှချီတက်လာရာ ဘားအံမြို့သို့ရောက်ရှိနေသည်။

---

၁။ Tenasserim Battalion B.A.F.

၂။ 12 Mountain Battery, Indian Artillery.

၃။ One Section,Field Company,Burma Sappers and Miners.

၄။ Kokine Battalion, Burma Frontier Force.

၅။ Ordnacce Field Depot.

၆။ 1st Battalion 7th Gurkha Rifles.

၇။ Maj. Gen. J.G. Smyth.

၈။ Retreat from Burma. pp. 114-115.

မော်လမြိုင်မြို့ကိုဂျပန်တပ်များက သိမ်းပိုက်ပြီးကြောင်းသတင်းရရှိသည်နှင့် တစ်ပြိုင်နက် ဗိုလ်ကြီးကာဝါရှီးမား ၊ ဗိုလ်ဒိုအိ ၊ ဗိုလ်လက်ျာ ၊ ဗိုလ်ဗလနှင့်တပ်ကြပ်ကြီးတာနီဇာကီတို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းကိုကွပ်ကဲလျက် မော်လမြိုင်မြို့သို့ ချီတက် လာသည် ။

ထားဝယ်စစ်ကြောင်းမော်လမြိုင်မြို့သို့ ရောက်ရှိသောအခါ ဗမာ့လွတ်လပ်ရေး တပ်မတော်စစ်ဌာနချုပ်သည်မူလသတ်မှတ်ထားသည့်မော်လမြိုင်မြို့သို့ချီတက်ရမည့်အစား တပ်မ ၅၅ ချီတက်ရာလမ်းကြောင်း၏ မြောက်ဘက်မှ ပန်းတက်သွားပြီးရန်ကုန်မြို့သို့ ဦးတည် ချီတက်ခဲ့လေသည် ။ တပ်မ ၅၅ နှင့်တွဲဖက်ချီတက်နေသော ဗမာ့လွတ်လပ်ရေး တပ်မတော်မှ ဗိုလ်တာနာကာဦးစီးသည့် တပ်ဖွဲ့ကိုလည်း ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်က ပြန်လည်ခေါ်ယူလိုက်သည် ။ [၁]

ထားဝယ်စစ်ကြောင်းသည် မော်လမြိုင်မြို့တွင် ထားဝယ်မြို့ကိုသိမ်းပိုက်စဉ်က ကဲ့သို့ မြို့အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးအုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဖြစ်သော်လည်း မြို့ကိုဂျပန်တပ်မ ၅၅ ကဦးစွာသိမ်းပိုက်ထားပြီးဖြစ်သဖြင့် အုပ်ချုပ်ရေး အဖွဲ့ဖွဲ့စည်း ထူထောင်ရေးလုပ်ငန်းကို ဂျပန်တပ်မတော်မှ ဆောင်ရွက်ခွင့်မပေးသောကြောင့် မော်လမြိုင်မြို့မှ မုဒုံမြို့သို့ပြောင်းရွှေ့ တပ်စွဲရလေသည်။ ဤသို့ဂျပန်တပ်မတော်က ဗမာ့လွတ်လပ်ရေး တပ်မတော်ကို မော်လမြိုင်မြို့တွင် အုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းခွင့် မပေးသောကြောင့် ဂျပန်တပ်များနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့၏ဆက်ဆံရေးသည် တင်းမာစပြုလာသည်။

ထိုစဉ်ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ် စစ်ကြောင်းသည် ဘားအံမြို့ကို ဦးတည်ချီတက်နေသောကြောင့် ထားဝယ်စစ်ကြောင်းသည် စစ်ဌာနချုပ်စစ်ကြောင်းနှင့်တွေ့ ဆုံရန်မုဒုံမှသံလွင်မြစ်ကြောင်းအတိုင်း ဆန်တက်ရာဘားအံမြို့အနီးတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်စစ်ဌာနချုပ်စစ်ကြောင်းမှ ဒုတိယဗိုလ်မှူးကြီးရှင်မင်း(မစ္စတာမစ်ဇူတာနီ) နှင့် ဗိုလ်ရဲထွင့်တို့အားတွေ့ဆုံသည် ။ မစ်ဇူတာနီနှင့်ဗိုလ်ရဲထွင့်တို့အား ဘားအံမြို့သို့ ဦးတည် ချီတက်လာသောဂျပန်တပ်မ၃၃ နှင့် အဆက်အသွယ်ပြုလုပ်ရန် ဗိုလ်မိုးကြိုးကစေလွှတ် လိုက်ခြင်းဖြစ်သည်။ ဗိုလ်ကြီးကာဝါရှီးမားသည်ထားဝယ်စစ်ကြောင်းကို ရွှေဂွန်းတွင် ခေတ္တထားခဲ့ပြီးဗိုလ်မိုးကြိုးနှင့်တွေ့ဆုံရန်သွားရောက်ရာကူးဆိပ်ရွာတွင် ဗိုလ်မိုးကြိုး နှင့်တွေ့ ဆုံပြီးနောက်ရွှေဂွန်းသို့ပြန်လာသည်။ ထို့နောက်ထားဝယ်စစ်ကြောင်းကိုဗမာ့လွတ်လပ်ရေး ဘပ်မတော် စစ်ဌာနချုပ်ချီတက်ရာလမ်းကြောင်းအတိုင်း ရွှေဂွန်းမှမဲပလီ ၊ ယင်းမှ ခင်းကလုံရွာကိုဖြတ် သန်းချီတက်ခဲ့ရာ စစ်တောင်းမြစ်ကမ်းရှိကွမ်းဆိပ်ရွာတွင် ထားဝယ် စစ်ကြောင်းသည် ဗမာ့ လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့်ပူးပေါင်းမိသည်။

---

၁။ DR. 950. The History of Minami Kikan.

မိုလ်မိုးကြိုးသည်ကွမ်းဆိပ်မှ စစ်တောင်းမြစ်ကိုဖြတ်ကူး၍ ရန်ကုန်မြို့သို့ဦးတည်ချီတက်ရန်ပြင်ဆင်ပြီး ထားဝယ်စစ်ကြောင်းကို ရှေ့ပြေးတပ်အဖြစ် စေလွှတ်လိုက်သည်။ ထားဝယ်စစ်ကြောင်းသည် စစ်တောင်းမြစ်ကမ်းမှမြစ်ကြီး၊ ဝေါတို့မှ တစ်ဆင့်ပဲခူးမြို့သို့ ဦးတည်ချီတက်ခဲ့သည်။ မြစ်ကြီး၌ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်စစ်ကြောင်း မှ မိုလ်စောအောင်၊ မိုလ်ဇင်ယော်တပ်များနှင့်တွေ့ဆုံပြီးချီတက်ခဲ့ရာဒုံဇရပ်သို့ရောက်သောအခါမိုလ်စောအောင်တပ်က ရွှေကျင်မြို့သို့ လမ်းခွဲပြီးချီတက်သည်။ ထားဝယ်စစ်ကြောင်းမှ မိုလ်ဗထူးအားမိုလ်စောအောင်တပ်နှင့်အတူရွှေကျင်သို့ချီတက်စေသည်။

ထိုအချိန်တွင်အင်္ဂလိပ်ကလည်း စစ်တောင်းဘက်မှဆုတ်ခွာလာသောတပ်များကို ပြန်လည်စုစည်းကာ ပဲခူးမြို့တွင်ခံစစ်ဖြင့်ခုခံရန်စီမံပြန်သည်။ စစ်တောင်းမှဆုတ်ခွာလာသောအမှတ် ၁၇ အိန္ဒိယတပ်မဌာနချုပ်ကိုပဲခူးမြို့တွင် ၁၉၄၂ ခုဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ဖွင့်လှစ်ပြီးဆုတ်ခွာလာသော တပ်များနှင့်ပင်ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌တပ်မ ၁၇ လက်အောက်တွင်တပ်မဟာ ၂ ခုပြန်လည်ဖွဲ့စည်းသည်။ ယင်းတို့မှာတပ်မဟာ ၁၆ နှင့် တပ်မဟာ ၄၈ တို့ဖြစ်ပြီး တပ်မဟာ ၁၆ လက်အောက်တွင် ဘုရင့်ယော့ရှိုင်းယားတပ်မှ တပ်ရင်း ၂ [၁] နှင့် ဝယ်လင်တန်မြို့စားတပ်မှ တပ်ရင်း ၂ [၂]တို့ပူးပေါင်းထားသော တပ်ရင်း တစ်ရင်း ၊ ၁/၉ ဂျတ်တပ်ရင်းတစ်ရင်း [၃]နှင့် အမှတ် ၁၂ နယ်ခြားတပ်မှ တပ်ရင်း ၄ [၄] ၊ ၇/၁၀ ဘလူချီစတန်တပ်ရင်း [၅]၊ ၅/၁၇ ဒေါဂရာတပ်ရင်း၆ [၆]၊ ဘားမားရိုင်ဖယ်တပ်ရင်း ၃၊ ၄ နှင့် ၈ တို့မှကြွင်းကျန်သောတပ်များကို စုပေါင်းထားသောတပ်ရင်း တစ်ရင်းဟူ၍တပ်ရင်း ၃ ရင်းထားရှိသည် ။ တပ်မဟာ ၄၈ လက်အောက်တွင် ဝေလမင်းသား၏အမှတ် ၄ ဂေါ်ရခါးတပ်ရင်းမှ တပ်ရင်း ၁ [၇]၊ အမှတ် ၃ ဂေါ်ရခါးတပ်ရင်းမှတပ်ရင်း ၅ [၈] နှင့်အမှတ် ၇ ဂေါ်ရခါးတပ်ရင်း [၉] ဟူ

---

၁။ 2nd Battalion, King's Own Yorkshire Light Infantry.
၂။ 2nd Battalion, Duke of Wellington's Regiment.
၃။ 1st Royal Battalion, 9th Jat Regiment.
၄။ 4th Battalion, 12th Frontier Force Regiment.
၅။ 7th Battalion, 10th Baluchistan Regiment.
၆။ 5th Battalion, 17th Dogra Regiment.
၇။ 1st Battalion, 4th Prince of Wales Gurkha Rifles
၈။ 5th Battalion, 3rd Gurkha Rifles.
၉။ 7th Gurkha Rifles.

၍တပ်ရင်း ၃ရင်းထားရှိသည်။[၁] ထို့ပြင်ပဲခူး၌အမှတ် ၇ သံချပ်ကာ ယန္တရားတပ်မကြီး[၂] လည်း တပ်စွဲထားပေပြီး ဘုရားကြီး၊ ဇဝါနှင့်တမာတကေတို့တွင် တပ်ခွဲ များထားရှိလေသည်။[၃]

ထားဝယ်စစ်ကြောင်းသည်ဆက်လက်ချီတက်ရာလမ်း၌အင်္ဂလိပ်တပ်မကင်းထောက် တပ်ဖွဲ့တစ်ခုနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး အင်္ဂလိပ်စစ်သားများ ဆုတ်ခွာသွားသဖြင့် မော်တော်ကားတစ်စီး၊ စက်သေနတ်ကြီးတစ်လက် ၊ အင်္ဂလိပ်ရိုင်ဖယ်တစ်လက် သိမ်းပိုက် ရရှိသည်။ ဤသို့အင်္ဂလိပ်စစ်တပ်မှကင်းထောက်တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားသောကြောင့် ထားဝယ်စစ်ကြောင်း ချီတက်လာသည်ကို အင်္ဂလိပ်စစ်တပ်မှသိရှိသွားသဖြင့် ထားဝယ် စစ်ကြောင်းတာဆုံသို့ ရောက်ရှိသောအခါ ပဲခူးမြို့ဘက်မှအမှတ် ၇ သံချပ်ကာယန္တယား တပ်မဟာ လက်အောက်ခံ ဘုရင့်တင့်ကားတပ်ရင်း ၂ မှတင့်ကားများနှင့်ကင်မရွန်နီးယန်း တပ်ရင်းမှ တပ်ခွဲတစ်ခွဲချီတက်လာသည်ကို တွေ့ရှိရသည်။ ထားဝယ်စစ်ကြောင်း သည် အင်္ဂလိပ်တင့်ကားများကို ရှောင်တိမ်းပေးလိုက်ပြီး တင့်ကားများလွန်သွားသောအခါရန် ကုန် မန္တလေးကားလမ်းမကြီးကို ဖြတ်ကျော်နေရာယူကာ တင့်ကားများကို တိုက်ခိုက်သည်။[၄] ယင်းသို့ထားဝယ်စစ်ကြောင်းနှင့် အင်္ဂလိပ်တင့်ကားတပ် တို့တိုက်ခိုက်နေစဉ် အင်္ဂလိပ် ဘက် အင်အားသည် ပိုမိုများပြားလာသဖြင့်ထားဝယ်စစ်ကြောင်း က မိးရထားလမ်းအနောက်ဘက် တောထဲသို့ဆုတ်ခွါရလေသည်။[၄]

ထားဝယ်စစ်ကြောင်းမှဗိုလ်ကြီးကာဝါရှီးမားနှင့် ဗိုလ်ဗလတို့သည် ပဲခူးမြို့သို့ဝင် ရောက်သိမ်းပိုက်နိုင်ရေးအတွက်တိုင်ပင်ဆွေးနွေးကြကာ ထားဝယ်စစ်ကြောင်းကို ဇောင်းတူ ဘက်သို့ချီတက်စေပြီး ရွှေလှေရွာအနောက်ဘက်တောင်ပေါ်ရှိ ကျိုက်ဒေးယုံဘုရား၌ တပ်စ ခန်းချကြသည်။ ထို့နောက်ဗိုလ်ဗလနှင့် ဗိုလ်ဒိုအိတို့သည် ပဲခူးမြို့တွင်းသို့ ရုပ်ဖျက်ဝင် ရောက် ၍စုံစမ်းထောက်လှမ်းရေးလုပ်ငန်းများဆောင်ရွက်ကြသည်။

ထို့နောက်ဗိုလ်ကြီးကာဝါရှီးမား၊ဗိုလ်ဒိုအိနှင့်ဗိုလ်ဗလတို့တိုင်ပင်ကြကာ ထားဝယ် စစ်ကြောင်းကိုပဲခူးမြို့အနီးရှိ ကျောက်တိုင်ကန်ရွာဘက်သို့ ဖြတ်ထွက်ရန်ချီတက်သည်။ လမ်း၌အင်္ဂလိပ်စစ်ကား ၂ စီးကိုခြုံခိုတိုက်ခိုက်ရာ ကားမီးလောင်ပြီးအင်္ဂလိပ်စစ်သားနှစ်ဦး ကျဆုံးကာထားဝယ်စစ်ကြောင်းမှတစ်ဦးကျဆုံးခဲ့သည်။[၄]

ထိုအချိန်တွင်ဂျပန်တပ်မ ၅၅ သည် ၁၉၄၂ခုမတ်လ ၃ ရက်နေ့၌စစ်တောင်းမြစ်ကို ဖြတ်ကူးပြီးမတ်လ ၅ ရက်နေ့မှစတင်၍ပဲခူးမြို့ကိုတိုက်ခိုက်လျက်ရှိသည် ထိုစဉ်းအင်္ဂလိပ်တို့ သည်မြို့မြောက်ဘက်ပုအမှတ် ၃ ဂေါ်ရခါးတပ် ၊တပ်ရင်း ၅ [၅]ကလည်းကောင်း၊ ဒုရှေ့ဘက်မှ

၁။ Retreat from Burma. p.185.

၂။ 7th Armoured Brigade. ၃။ Retreat from Burma. p.186.

၄။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးဗလအားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း၊ မျက်-၁၅

၅။ 5th Battalion,3rd Gurkha Rifles.

ပေလချင်းသား၏အနောက် ၄ ဂေါ်ရခါးတပ်မှ တပ်ရင်း ၁ [၁] က လည်းကောင်း၊ တောင်ဘက်မှ ၇ ဂေါ်ရခါးတပ်ရင်း [၂] ကလည်းကောင်းခုခံတိုက်ခိုက်သည်။ ဂျပန်တပ်မ ၅၅ ကခုခံမှုအားနည်းသော မြို့အနောက်ဘက်မှအလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်သည်။ [၃] ထိုစဉ်ဗမာ့လွတ်လပ်ရေးတပ်မတော်ထားဝယ်စစ်ကြောင်းကလည်း ပဲခူးမြို့တောင်ဘက်မှနေ၍ အင်္ဂလိပ်တပ်များကိုဝင်ရောက်တိုက်ခိုက်ရာမတ်လ ၇ ရက်နေ့တွင်ပဲခူးမြို့ကိုသိမ်းပိုက်ရရှိသည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ထားဝယ်စစ်ကြောင်းသည် ပဲခူးမြို့တွင် သခင်တင်နှင့်သခင်စံဝေတို့အားဘိအိုင်ဧအုပ်ချုပ်ရေးအဖွဲ့ကိုခေါင်းဆောင်စေပြီး ရန်ကုန်မြို့သို့ ဂျပန်တပ်မ ၅၅ မှတပ်ဖွဲ့အချို့နှင့်အတူဦးတည်ချီတက်လေသည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်း

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ် စစ်သေနာပတိချုပ်ဗိုလ်ချုပ်ကြီးမိုးကြိုး (ဗိုလ်မှူးကြီး ဆူဇူကီး)ဗိုလ်ချုပ်အောင်ဆန်းနှင့်ရုံးအဖွဲ့ဝင်(၂၈)ဦးသည် ၁၉၄၂ခုဇန်နဝါရီလ ၁၁ ရက်နေ့တွင်ဘန်ကောက်မြို့မှ ရဟိုင်းမြို့သို့မီးရထားဖြင့် ထွက်ခွါသွားသည်။ ဗမာ့လွတ်လပ် ရေးတပ်မတော်စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်းကွင် ရဲဘော်သုံးကျိပ်ဝင်များဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ရန်အောင်၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်စောအောင်တို့ ပါဝင်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် မော်လမြိုင်စစ်ကြောင်းမှ ကေတာဂျီးမားတပ်ဖွဲ့ တပ်မှူးဗိုလ်မှူးကြီးကေတာဂျီးမား [၄] (ဗိုလ်ဟာချီရိုတကာဟာရှိ)သည်တပ်သား ၂၀ နှင့် အတူ မဲဆောက်သို့သွားရောက်ပြီး တပ်မ ၅၅ နှင့်တွဲဖက်တာဝန်ယူရသည်။ သို့ရာတွင် ဗိုလ်မိုးကြိုးသည်ဗမာ့လွတ်လပ်ရေးတပ်မတော်အပေါ်တပ်မ ၅၅ တပ်မှူး ဒုဗိုလ်ချုပ်ကြီး တာကေအူချိ [၅] ၏သဘောထားနှင့်ပြုမူဆက်ဆံပုံကို မကျေနပ်သောကြောင့် ဗိုလ်မှူးကြီး ကေတာဂျီးမားအားလည်းကောင်း၊ မဲဆောက်သို့ လက်နက်ခဲယမ်းမီးကျောက်များ ပို့ဆောင် ရေးတာဝန်ကိုယူနေရသော ဗိုလ်မှူးကြီးမိနာမိအိုကာ(မစ္စတာမစ်ဆုရုဂိ)အား လည်းကောင်း ရဟိုင်းသို့ပြန်လည်ခေါ်ယူသည်။

ဗိုလ်မိုးကြိုးသည် ဒုတိယဗိုလ်မှူးကြီးအီနာဒါ(ဗိုလ်ယိုရှီနိုဘူအီနာဒါ) [၆] အားကေတာဂျီးမားတပ်ဖွဲ့တပ်ခွဲ ၁ တပ်ခွဲမှူးအဖြစ်ခန့်အပ်ပြီးဇန်နဝါရီလ ၁၅ ရက်နေ့တွင်ပဲနှံမြစ်အတိုင်း

၁။ 1st Battalion, 4th Prince of Wales Gurkha Rifles.

၂။ 7th Gurkha Rifles. ၃။ Retreat from Burma. p.193

၄။ Col.Kitajima(Lt.Hachiro Takahashi).

၅။ Lt.General Takeuchi

၆။ Lt.Col Inada(2nd Lt.Yoshinobu Inada).

မွက်ခ၅၁ သို့ဆန်တက်စေသည်။ ဒုတိယဗိုလ်မှူးကြီးအီနာဒါသည် မဲနန်မြစ်အတိုင်း မော်တော် ၁၅ စင်းဖြင့်ဆန်တက်သွားသည်။

ဗိုလ်မှူးကြီးကေတာဂျီးမား၏တပ်ဖွဲ့သည် ရဟိုင်းမြို့သို့ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရောက်ရှိလာပြီးနောက် ဗိုလ်မိုးကြိုး၏ညွှန်ကြားချက်အရ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်အတွက်နေရာထိုင်ခင်းများပြင်ဆင်ရန်ဘန်းသာ၂ သို့ဆက်လက်ချီတက်ရသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်သည် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဘန်းသာသို့ချီတက်ပြီး ဘန်းသာမှတစ်ဆင့်မောင်းဆန်သို့ စစ်ဦးစီးချုပ်ဗိုလ်ချုပ်မှူးရကာမိ (ဗိုလ်ကြီးနို ဒါ) ဦးစီးအရာရှိဗိုလ်မှူးကြီးအိဂျီမာတို့နှင့် အတူချီတက်ခါ မောင်းဆန်တွင် စခန်းချသည်။ ဇန်နဝါရီလ ၁၀ ရက်နေ့ညနေတွင် ဗိုလ်ကြီးအိုအီဝါ ၊ ဗိုလ်ကြီး အိကူဒါတို့လည်းမောင်းဆန်သို့ မြင်းကောင်ရေ(၂၀)နှင့် အတူရောက်ရှိလာကြသည်။ ကေတာဂျီးမားတပ်ဖွဲ့လည်းမောင်းဆန်သို့ဘန်းသာမှခြေလျင်ချီတက်လာလေသည်။ ၃

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်းသည် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မောင်းဆန်မှ မဲပင်မြစ်အတိုင်း လှေကြီးများနှင့်ထွက်ခွာသွားသည်။ စစ်ဌာနချုပ်သည် သမ်းတစ်လျှောက်လုံး စစ်သားစုဆောင်းခြင်းနှင့် စစ်သင်တန်းပေးခြင်း လုပ်ငန်း များကိုဆောင်ရွက်သွားလေသည်။

ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ရှေ့ဆုံးမှချီတက်သွားသော ဒုတိယဗိုလ်မှူးကြီးအီနာဒါ တပ်ဖွဲ့နှင့်ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်တို့တွေ့ဆုံပူးပေါင်းပြီး မွက်ခသို့ဆက်လက်ချီတက်ရာ ဇန်နဝါရီလ် ၂၈ ရက်နေ့တွင်မွက်ခသို့ရောက်ရှိသည်။ မွက်ခမှမြန်မာပြည်တွင်းသို့ကုန်းလမ်းခရီးဖြင့်ချီတက်ဝင်ရောက်မည်ဖြစ်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်သည်မွက်ခ၌ ၂ ရက်ခန့်နားနေပြီးမြန်မာပြည်တွင်းသို့ချီတက်ရေးအတွက်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်သည်။ ဗိုလ်မိုးကြိုးသည် မွက်ခတွင်နားနေစဉ် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်း အတွက် မြန်မာပြည်တွင်းသို့ ချီတက်ရေးနှင့်ဆိုင်သော အမိန့်တစ်ရပ်ထုတ်ပြန်သည်။ ယင်းအမိန့်တွင်–

(၁) ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်း သည် ၁၉၄၂ခုနှစ်ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စတင်၍ အဖွဲ့၃ဖွဲ့ခွဲပြီးမွက်ခမှ သာဆောင်ရန်း၄ သို့ချီတက်ရန် ။

---

၁။ Moet Ka. ၂။ Bantha.

၃။ CD. 20 . The Growth of the Burma Army. p.133

၄။ Tha Song Yang.

(၂) ဗိုလ်ဒိုအိခေါင်းဆောင်သော ပထမအဖွဲ့သည် ဇန်နဝါရီလ ၃၀ ရက်နေ့တွင်လည်းကောင်း၊ ဗိုလ်ကြီးအိုအိဝါး ခေါင်းဆောင်သော ဒုတိယအဖွဲ့သည် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် လည်းကောင်း၊ ဗိုလ်မှူးကြီး မိနာမိအိုကာ (မစွတာစူကီး) ခေါင်းဆောင်သောတတိယအဖွဲ့သည် ဖေဖေါ်ဝါရီလ ၁ ရက်နေ့တွင် လည်း ကောင်းအသီးသီးချီတက်ရန် ။

(၃) . ဗိုလ်ကြီးဟိုရှိနိုသည် ဒုတိယဗိုလ်မှူးကြီးဟာချိရိုဆူဇူကီး၏တပ်ဖွဲ့ မှက်ဇသို့ရောက်ရှိသည့်အချိန်အထိစောင့်ဆိုင်းနေရစ်ပြီးဆူဇူကီးတပ်ဖွဲ့နှင့်အတူလိုက်ပါချီတက်ရန် ။

ဟုဖေါ်ပြပါရှိလေသည် ။[၁]

ဗိုလ်မိုးကြိုးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်းသည် တောတောင်အထပ်ထပ်ကိုကျော်ဖြတ်ပြီး ခက်ခဲပင်ပန်းစွာ ချီတက်လာရာဖေဖေါ်ဝါရီလ ၇ ရက်နေ့တွင် သောင်ရင်းမြစ်ကမ်းပေါ်ရှိ သာဆောင်ရန်းသို့ရောက်ရှိသည်။ ထို့နောက် ဖေဖေါ်ဝါရီလ ၉ ရက်နေ့တွင်ထိုင်းမြန်မာနယ်စပ်ကိုဖြတ်ကျော်ပြီး ချီတက်လာရာကျူးဆိပ်သို့ ဖေဖေါ်ဝါရီလ ၁၁ ရက်နေ့တွင်ရောက်ရှိသည်။ ကျူးဆိပ်တွင်တပ်စခန်းချနေစဉ်ဗိုလ်မိုးကြိုးသည် ဒုတိယဗိုလ်မှူးကြီးရှင်မင်း (မစ္စတာမစ်ဇူတာနီ) နှင့်ဗိုလ်ရဲထွဋ်တို့အား ရွှေဂွန်းမှတစ်ဆင့်ဘားအံသို့ ဦးတည်ချီတက်လျက်ရှိသော ဂျပန်တပ်မ ၃၃ နှင့်အဆက်အသွယ်ပြုလုပ်စေသည်။ ဗိုလ်ရဲထွဋ်တပ်သည် ရွှေဂွန်းနှင့်လှိုင်းဘွဲ့မြို့ ကိုသိမ်းယူသည်။

ထိုအချိန်တွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ထားဝယ်စစ်ကြောင်း နှင့်ရေကြောင်းချီတပ်ဖွဲ့တို့သည်မော်လမြိုင်မှသံလွင်မြစ်အတိုင်းဆန်တက်လာရာ ဘားအံမြို့အနီးသို့ရောက်ရှိသောအခါဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်မှမစ်ဇူတာနီ၊ ဗိုလ်ရဲထွဋ်တို့နှင့် တွေ့ဆုံလေသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်းသည် ကျူးဆိပ်တွင်စစ်သားစုဆောင်းရေးလုပ်ငန်းများဆောင်ရွက်ပြီးနောက် တပ်ဖွဲ့များခွဲကာ ဖေဖေါ်ဝါရီလ ၁၆ ရက်နေ့တွင် ဗိုလ်ရန်အောင်ကရှေ့ပြေးတပ်အဖြစ် သံလွင်မြစ်ကိုဦးစွာဖြတ်ကူးသည်။ ဗိုလ်ရန်အောင်တို့သည် ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့တွင်မဲပလီသို့ရောက်ရှိသည်။ ကျန်တပ်ဖွဲ့များသည် ဖေဖေါ်ဝါရီလ ၁၈ ရက်နေ့တွင် ယင်းပိုင်မှသံလွင်မြစ်ကို ဖြတ်ကူးကြပြီး ဆက်လက်ချီတက်ရာဖေဖေါ်ဝါရီလ ၂၃ ရက်နေ့တွင်ဘီးလင်းမြစ်ကိုဖြတ်၍ ဝမဲလူသို့ရောက်ရှိသည်။ ထို့နောက်ဖေဖေါ်ဝါရီလ ၂၄ ရက်နေ့တွင် ဝင်းကလုံသို့ရောက်ရှိပြီး ဝင်းကလုံမှ

---

၁။ CD.20. The Growth of the Burma Army . p.139.

ဆက်လက်ချီတက်ရာ ဖေဖေါ်ဝါရီလ ၂၆ ရက်နေ့တွင် စစ်တောင်းမြစ်ကမ်းရှိကွမ်းဆိပ်သို့ ရောက်ရှိသည်။ [၁]

ကွမ်းဆိပ်တွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ပြည်သူလူထုကဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြရာ ဗိုလ်မိုးကြိုးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ကလည်း ပြည်သူလူထုကို တရားဟောခြင်း ဖြင့်စည်းရုံးသိမ်းသွင်းခဲ့ကြသည်။ ကွမ်းဆိပ်တွင်စစ်ဌာနချုပ်သည် နောက်မှလိုက်ပါချီတက်လာသောထားဝယ်စစ်ကြောင်းနှင့်ပူးပေါင်းမိပြီး ပိုမိုအင်အားတောင့်တင်းကာစိတ်ဓါတ်များအထူးတက်ကြွလျက်ရှိကြသည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင် စစ်ကြောင်းသည် ကွမ်းဆိပ် မှစစ်တောင်းမြစ်ကိုကူးပြီးဆက်လက်ချီတက်လာရာ ကပင်ရွာတွင် ထားဝယ်စစ်ကြောင်းနှင့်အင်္ဂလိပ်သံချပ်ကာကားများ တိုက်ပွဲဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မူလချီတက်မည့်လမ်းကြောင်းကို လွှဲပြောင်းပြီးတမာတကေရွာမှတစ်ဆင့် အုတ်ဖိုရွာသို့ချီတက်သည်။ [၂]

အုတ်ဖိုရွာသို့ ချီတက်ရာတွင် မော်လမြိုင်စစ်ကြောင်းသည် တမာတကေရွာ၌ အင်္ဂလိပ်တပ်သားအချို့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာ အင်္ဂလိပ်တပ်သား ၇ယောက်ကျဆုံးပြီး ၁ ယောက်ကို ဖမ်းဆီးရမိကာ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တပ်သားတစ်ဦးကျဆုံးသည်။ ထို့ပြင် မော်လမြိုင်စစ်ကြောင်းသည် အင်္ဂလိပ်တပ်မှ ဂေါ်ရခါးတပ်သား ၄ဦး ကင်းလှည့်လာစဉ် တွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး ရန်သူတပ်သား ၄ဦးကို ဖမ်းဆီးရမိလေသည်။ ဖမ်းဆီးရမိသော စစ်သုံ့ပန်းများကို ဗိုလ်မိုးကြိုးက စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတွင် ရောက်ရှိနေသည့် ဂျပန်အမှတ် ၁၅တပ်တော်သို့ ပေးအပ်လိုက်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ် စစ်ကြောင်းမှ ဗိုလ်စောအောင်တပ်ဖွဲ့သည် ဒုံဇရစ်မှ ရွှေကျင်မြို့သို့ ချီတက်ပြီး ရွှေကျင်မြို့ကို တိုက်ခိုက်သိမ်းပိုက်သည်။ ထိုနောက် ဗိုလ်စောအောင်တပ်သည် ရွှေကျင်သို့ ဆုတ်ခွာလာသော အင်္ဂလိပ်တပ်နှင့် တိုက်ပွဲဖြစ်ပွားရာ ၁၉၄၂ခု ဖေဖေါ်ဝါရီလ ၂၆ ရက်နေ့တွင် ဗိုလ်စောအောင်ကျဆုံးသည်။ [၃]

ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင် စစ်ကြောင်းသည် အုတ်ဖိုရွာသို့ ရောက်ရှိလာသောအခါ တပ်များကို ခွဲ၍ ပဲခူးဘက်သို့လည်းကောင်း၊ ဘုရားကြီးဘက်သို့လည်းကောင်း ရန်ကုန် မန္တလေးလမ်းကို ဖြတ်၍ ပဲခူးရိုးမဘက်သို့လည်းကောင်း ချီတက်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်က ဝေါမြို့မြောက်ဘက်မှ အနောက်ဘက်သို့ ဦးတည်ချီတက်သွားစဉ် ယင်းမြို့ကို အင်္ဂလိပ်တပ်များက မြေလှန်စနစ်ဖြင့် မီးရှို့သွားပြီဖြစ်

---

၁။ The Growth of the Burma Army. p.145

၂။ A Short History of Minami Organ. p.66

၃။ မြဒေါင်းညို၊ ရဲဘော်သုံးကျိပ်အတ္ထုပ္ပတ္တိ၊ မျက်–၄၁

သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းသည် ဘုရားကြီး၊ တာဆုံမှ ရန်ကုန်–မန္တလေးလမ်းမကြီးကို ဖြတ်၍ ပဲခူးရိုးမကို ကျော်ကာ တိုက်ကြီးမြို့ဘက်သို့ ချီတက်သွားသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ် တိုက်ကြီးမြို့အနီးသို့ ရောက်ရှိသော အခါ ဗိုလ်တေဇ(ဗိုလ်ချုပ်အောင်ဆန်း)သည် တပ်အချို့ကိုဦးစီးပြီး ဝိုက်ကြီးမြို့ကို သိမ်းယူ သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်တပ်များသည် တိုက်ကြီးမြို့မှ ဆက်လက်ချီတက်ရာမတ်လ၈ရက်နေ့တွင် ဖူးကြီးရွာသို့ရောက်ရှိသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဖူးကြီးဗိုလ်တဲတွင် တပ်စွဲထားသော ဗြိတိသျှတပ်သားများနှင့် တိုက်ပွဲ ဖြစ်ပွားရာ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မိုးကျ သုံးသည်။ ထို့နောက် ဖူးကြီးရွာမှ သပြေကုန်းရွာသို့ ချီတက်ပြီး နောက်ယင်းမှတစ်ဆင့် မြရာကုန်းရွာသို့ ရောက်ရှိစခန်းချနေစဉ် အင်္ဂလိပ်တပ်မှ ဂေါ်ရခါးစစ်သား၄၀ခန့်နှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွား ပြီးဂေါ်ရခါးစစ်သားအချို့ကို လက်ရဖမ်းဆီးမိသည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်သည် လှိုင်မြစ်ကို ကူးပြီး ထန်းတပင်မြို့မှ လှေသမ္ဗာန်ကြီးများနှင့် လှိုင်မြစ်အတိုင်းစုန်ဆင်းလာရာ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဆိပ်ကမ်းသို့ မတ်လ ၁၂ရက်နေ့ တွင်ရောက်ရှိလာလေသည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော်အတွင်းသူပုန်တပ်ဖွဲ့

မြန်မာနိုင်ငံအတွင်းရှိနယ်ချဲ့အင်္ဂလိပ်တော်လှန်ရေး မြေအောက်အင်အားစုများနှင့် ပူးပေါင်းပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ချီတက်မလာမီလူထုစည်းရုံးရေးလုပ်ငန်းများ ၊ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးအတွက်ပြင်ဆင်မှုလုပ်ငန်းများကိုကြိုတင်စီစဉ်ဆောင်ရွက် နိုင်ရန်လိုအပ်နေသည်။ ထို့ကြောင့်ဗိုလ်နေဝင်းခေါင်းဆောင်သောအတွင်းသူပုန်တပ်ဖွဲ့ကို ထိုင်းမြန်မာနယ်စပ်သို့ ဖြတ်ကျော်၍ မြန်မာပြည်တွင်းသို့ဝင်ရောက်ရန် ဗိုလ်မှူးကြီးဆူဇူကီးက တာဝန်ပေးစေလွှတ်လိုက်သည်။

၁၉၄၂ခုဇန်နဝါရီလ ၁၃ ရက်နေ့တွင်အတွင်းသူပုန်တပ်ဖွဲ့အတွက် ဗမာ့လွတ်လပ်ရေးတပ်မတော် အမိန့်တစ်ရပ်ကိုထုတ်ပြန်သည် ။ ယင်းအမိန့်တွင်အတွင်းသူပုန်တပ်ဖွဲ့သည် ၁၉၄၂ခုဇန်နဝါရီလ ၁၄ ရက်နေ့တွင်ရဟိုင်းမှ ထွက်ခွာပြီးအုံးကျိုင် [၁] မှ တစ်ဆင့်သာဆောင်ရန်းသို့ချီတက်ကာ မြန်မာပြည်တွင်းသို့ ဝင်ရောက်ရန် ၊ ယင်းတို့အားတပ်ကြပ်ကြီး ကီဓာကိုနှင့် တပ်ကြပ်ကြီးဟီရာအိချိတို့က မြန်မာပြည်နယ်စပ်အထိလိုက်ပါပို့ဆောင်ရန်ဟူ၍ပါရှိလေသည်။ [၂]

---

၁။ Omkoi.

၂။ CD. 20. The Growth of the Burma Army, p. 125

ဗိုလ်နေဝင်းခေါင်းဆောင်သော အတွင်းသူပုန်တပ်ဖွဲ့သည် ဘန်ကောက်မြို့မှရဟိုင်းမြို့သို့ထွက်ခွာပြီး ရဟိုင်းမှတစ်ဆင့် ဇင်းမယ်မြို့သို့ရောက်ရှိလေသည်။ အတွင်းသူပုန်တပ်ဖွဲ့တွင် ဗိုလ်နေဝင်းနှင့်အတူဗိုလ်တာရာ၊ဗိုလ်လင်းယုန်၊ဗိုလ်မိုးညို၊ ဗိုလ်မြခင်တို့ပါဝင်ရာဗိုလ်မြခင်သည် ဇင်းမယ်မြို့သို့ ရောက်ရှိသောအခါ ငှက်ဖျားရောဂါဖြင့်ကွယ်လွန်သွားသည် ။

အတွင်းသူပုန်တပ်ဖွဲ့သည်ဇင်းမယ်မှအုံးကျိုင်၊ အုံးကျိုင်မှသာဆောင်ရန်းသို့ ချီတက်ခဲ့ရာသာဆောင်ရန်းသို့ရောက်ရှိသောအခါ သောင်ရင်းမြစ်ကိုခက်ခဲစွာဖြတ်ကူးပြီး မြန်မာပြည်တွင်းသို့ ရောက်ရှိခဲ့လေသည်။ အတွင်းသူပုန်တပ်ဖွဲ့အား ထိုင်းမြန်မာနယ်စပ်အထိ လိုက်ပါပို့ဆောင်သော တပ်ကြပ်ကြီးကိဇာကိုနှင့် တပ်ကြပ်ကြီးဟိရာအိချိတို့သည် မြန်မာပြည်နယ်စပ်သို့ရောက်ရှိသောအခါထိုင်းနိုင်ငံတွင်းသို့ပြန်လည်ထွက်ခွာသွားသည် ။

အတွင်းသူပုန်တပ်ဖွဲ့သည် ဗိုလ်နေဝင်း၏ခေါင်းဆောင်မှုဖြင့်မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ခဲ့ရာရွှေဂွန်းရွာသို့ရောက်ရှိသောအခါရွာသားများက သက်ာမကင်းဖြစ်ကြသဖြင့်ယင်းတို့သည် စတီးဘရားသားသင်္ကေမှုကျမှုဖြစ်ကြောင်း ၊ ပျောက်ဆုံးနေသောဆင်တစ်ကောင်ကိုလိုက်လံရှာဖွေလျက်ရှိကြောင်းလည်းဆယ်ပြောကြားရသည်။ ရွှေဂွန်းရွာသူကြီးဦးဘဟန်နှင့် တွေ့ဆုံသောအခါမှ အမှန်အတိုင်းပြောသောအခါ လိုအပ်သောအကူအညီများကိုရရှိလေသည် ။ [1]

ထို့နောက်ရွှေဂွန်းရွာမှ သံလွင်မြစ်အတိုင်းစုန်ဆင်းလာရာ ဝတ်ကြီးရွာသို့ရောက်ရှိသည်။ ဝတ်ကြီးရွာတွင်ဘုန်းတော်ကြီးဦးဇောတိကကျောင်း၌တည်းခိုပြီးရွာတွင်းရှိ တို့ဗမာအစည်းအရုံးဝင်သခင်စောမောင်အားခေါ်ယူတွေ့ဆုံကာ ဗမာ့လွတ်လပ်ရေးတပ်မတော် သည်မြန်မာပြည်လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်ကိုတော်လှန်တိုက်ခိုက်ရန်ချီတက်လာပြီဖြစ်ကြောင်းပြောကြားပြီးလိုအပ်သောအစီအစဉ်များကို စီစဉ်ဆောင်ရွက်ခဲ့သည် ။

ဝတ်ကြီးရွာမှတစ်ဆင့် သိမ်ဆိပ်သို့ရောက်ရှိသောအခါ ဘုန်းကြီးကျောင်းတစ်ခုတွင်တည်းခိုနေစဉ်ယင်းဘုန်းကြီးကျောင်းကို ပုလိပ်က လာရောက်စစ်ဆေးရှာဖွေသည်။ ကျောင်းထိုင်ဆရာတော်က ဗိုလ်နေဝင်းနှင့်အဖွဲ့အား ကြက်သရေခန်းတွင်ဝှက်ထားသဖြင့်အဖမ်းခံရမည့်ဘေးမှလွတ်မြောက်ခဲ့ရသည်။ ထို့ကြောင့်ဤသို့အဖွဲ့လိုက်သိမ်ဆိပ်မှဆက်လက်ချီတက်ပါက လုံခြုံမှုမရှိသည်ကတစ်ကြောင်း ၊ အကယ်၍အဖမ်းခံရပါက အားလုံးတစ်ပြိုင်တည်းအဖမ်းခံရမည်ကတစ်ကြောင်းတို့ကြောင့် အတွင်းသူပုန်တပ်ဖွဲ့သည်အဖွဲ့လိုက်ဆက်လက်မချီတက်တော့ဘဲ ဗိုလ်နေဝင်းကရန်ကုန်မြို့သို့လည်းကောင်း ၊ ဗိုလ်တာရာကဖျူးမနားသို့လည်းကောင်း ၊ ဗိုလ်မိုးညိုက ပဲခူးသို့လည်းကောင်း ၊ ဗိုလ်လင်းယုန်က

[1] ဒေါက်တာမောင်မောင် ၊မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း၊မျက်–၁၇၃

ပြည်မြို့သို့လည်းကောင်း အသီးသီးသွားရောက်၍ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေး လုပ်ငန်းများကို ပြင်ဆင် လုပ်ကိုင်ရန်တာဝန်ခွဲဝေပြီး သိမ်ဆိပ်၌လူစုခွဲလိုက်ကြလေသည်။[၁]

ဗိုလ်နေဝင်းသည် နင်းပုလဲဘူတာမှ မီးရထားဖြင့်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ၁၉၄၂ခုဖေဖေါ်ဝါရီလ ၂ ရက်နေ့တွင်ရောက်ရှိလေသည်။ ရန်ကုန်မြို့သို့ ရောက်ရှိသောအခါမက္ကရီကာသစ်စက်၌အလုပ်လုပ်သောကိုအေးမောင်မှ တစ်ဆင့်စစ်မဖြစ်မီကပြည်ထဲရေး ဌာန၌ အမှုထမ်းခဲ့သည့် မိတ်ဆွေကိုသန်းမောင်နှင့်တွေ့ဆုံသည်။ ကိုသန်းမောင်အား ဗိုလ်နေဝင်းက ပြည်သူ့အရေးတော်ပုံပါတီခေါ် နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးမြေအောက်အဖွဲ့အစည်းမှကိုကျော်ငြိမ်းနှင့်ဆက်သွယ်လိုကြောင်းပြောကြားသောအခါ ကိုသန်းမောင်က ကိုသိန်းဖေမှတစ်ဆင့် ကိုကျော်ငြိမ်းနှင့်အဆက်အသွယ် ပြုလုပ်ပေးသည်။ ဗိုလ်နေဝင်းနှင့် ကိုကျော်ငြိမ်းတို့သည် ရွှေတိဂုံဘုရားပေါ်၌ တွေ့ဆုံဆွေးနွေးကြပြီးနောက် ဗိုလ်နေဝင်းသည် ပြည်သူ့အရေးတော်ပုံပါတီဝင်ရဲဘော်များနှင့် အဆက်အသွယ်ရရှိပြီး နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးပြင်ဆင်မှုလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်ကြသည်။[၂]

နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးပြင်ဆင်မှုလုပ်ငန်းများမှာ –

(၁) အဆင့်ဆင့်စစ်ပညာသင်ကြားပေးခြင်း

(၂) လက်နက်၊ ရိက္ခာ၊ ဆေးဝါးသိုလှောင်ခြင်း

(၃) အင်္ဂလိပ်တပ်အတွင်းရှိ ချင်း၊ ကချင်၊ ကရင်၊ မြန်မာစစ်ဗိုလ် စစ်သားများ အား ချဉ်းကပ်စည်းရုံးသိမ်းသွင်းခြင်း

(၄) နိုင်ငံရေးအရစည်းရုံးဝါဒဖြန့်ခြင်း

(၅) ထောင်တွင်း အကျဉ်းခံနေရသော ရဲဘော်ရဲဘက်များအား ထောင်ဖေါက် ထုတ်ယူရန်စီစဉ်ခြင်း

(၆) အင်္ဂလိပ်တို့၏စစ်ရေးစီမံမှုများကိုအနှောင့်အယှက် ပေးခြင်း

(၇) အင်္ဂလိပ်တို့၏စစ်အင်အားအခြေအနေကို တွက်ချက်၍အာဏာသိမ်းယူခြင်း

(၈) ပြည်တွင်းတော်လှန်ရေးအဖွဲ့များ သိမ်းယူထားပြီးဖြစ်သည့် နယ်များတွင် ယာယီအုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်း၍ ငြိမ်ဝပ်ပိပြားရေးအတွက် ကြပ်မတ် ထိန်းသိမ်း စောင့်ရှောက်ခြင်းစသည့် အသေးစိတ်အစီအစဉ်များကို ပြင်ဆင် စီမံထားရှိပြီး မြန်မာပြည်တွင်းသို့ ဗမာ့လွတ်လပ်ရေးတပ်မတော် ဝင်ရောက် တိုက်ခိုက်သည်နှင့် တစ်ပြိုင်နက် တစ်ပြည်လုံးတွင် လက်နက် ကိုင်တော်လှန်ရေး စတင်လှုပ်ရှားရန်တို့ဖြစ်သည်။[၃]

---

၁။ ဗိုလ်တာရာ၊ ရဲဘော်သုံးကျိပ်ပြည်တော်ပြန်၊ မျက် –၂၁၀

၂။ ထိရုံးအငြိမ်းစားအုပ်ချုပ်ရေးမှူးဦးသန်းမောင် အားတွေ့ဆုံမေးမြန်းချက်

၃။ သခင်လွင်၊ ဂျပန်ခေတ်ဗမာပြည်၊ မျက် ၁၀၇ –၁၀၈

ဗိုလ်နေဝင်းသည် ရန်ကုန်မြို့သို့ရောက်ရှိသည်နှင့် တစ်ပြိုင်နက်နယ်ချဲ့အင်္ဂလိပ်အားလက်နက်ကိုင်တော်လှန်ရန် ပြည်တွင်းရှိ မြေအောက်တော်လှန်ရေး အဖွဲ့ဝင်များကို စစ်သင်တန်းပေးရန်စီစဉ်သည်။ ဗိုလ်နေဝင်းသည် ၁၉၄၂ခုဖေဖေါ်ဝါရီလ ၄ ရက်နေ့မှ ၁၁ ရက်နေ့အထိပဲခူးမြို့နှင့် ၄ မိုင်ကွာရှိအောက်စည်တီးရွာတွင် ပြည်တွင်းမြေအောက်တော်လှန်ရေးအဖွဲ့ဝင်များဖြစ်သော ကိုမောင်မောင်၊ ကိုအောင်ကြီး၊ ကိုသိန်းမောင်၊ ကိုဝင်း၊ ကိုညို၊ ဝါးခယ်မသခင်သိန်းဖေနှင့် ကိုကြီးမြင့်တို့အား လက်နက်သင်တန်း၊ စစ်နည်းဗျူဟာများ၊ ပြောက်ကျားတိုက်ပွဲများကို သင်ကြားပေးလေသည်။ [1]

ဗိုလ်နေဝင်းနှင့် ရဲဘော်တုတ်ရွှေတို့သည်ပြည်၊ သာယာဝတီထောင်များမှ နိုင်ငံရေးအရ ဖမ်းဆီးထားသူများကို ထောင်ပြောင်းရွှေ့ရန် မန္တလေးရထားပေါ်သို့ တင်မည်ဟု သခင်ချစ်ကသတင်းရရှိသဖြင့် ရန်ကုန်ဘူတာကြီးမှ စောင့်ဆိုင်းပြီး အဖမ်းခံရသူများကို ခိုးထုတ်ရာ သခင်ထိန်ဝင်း၊ ဦးထွန်းမောင်(နယူးဘားမား)နှင့် တို့ဗမာ အစည်းအရုံးဝင်ဘုန်းကြီးတစ်ပါး တို့လွတ်မြောက်လာကြသည်။ [2]

ထို့နောက်ဗိုလ်နေဝင်းနှင့် ရဲဘော်တစ်စုသည် ဘားမားရိုင်ဖယ်ခေါ် အင်္ဂလိပ်စစ်တပ်တွင်စစ်မှုထမ်းလျက်ရှိသော မြန်မာနိုင်ငံတိုင်းရင်းသားများအား မြန်မာနိုင်ငံလွတ်လပ်ရေးတိုက်ပွဲအတွက် စည်းရုံးသိမ်းသွင်းထားနိုင်ခဲ့သည်။ ယင်းစည်းရုံးသိမ်းသွင်းထားသော ရဲဘော်များအားသာယာဝတီဘက်တွင် တပ်ဖြန့်ထားရန်အတွက် ဗိုလ်နေဝင်းသည် ယင်း ရဲဘော်များနှင့်အတူ သာယာဝတီနယ်သို့ကားဖြင့်သွားရောက်ပြီး နေရာချထားပေးကာ ရန်ကန်သို့ပြန်ခဲ့သည်။ လမ်းတွင် ဗိုလ်နေဝင်းစီးလာသောကားကို အင်္ဂလိပ်စစ်တပ်ကသိမ်း လိုက်သဖြင့် ရန်ကုန်မြို့သို့ ခြေကျင်ပြန်ခဲ့ရသည်။ ဥက္ကံတွင် ပုလိပ်ကမသင်္ကာသဖြင့် စစ်ဆေးမေးမြန်းရာဗိုလ်နေဝင်းတို့က အစိုးရအမှုထမ်းများဖြစ်ကြောင်း၊ ရုံးပြောင်းရွှေ့ရန်ရှေ့ပြေး ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လာခြင်းဖြစ်ကြောင်း စသည်ဖြင့် ပုလိပ်များ ယုံကြည်အောင်ပြောကြားပြီး ယင်းပုလိပ်စခန်းတွင်ပင် ညအိပ်ကြသည်။ ထို့နောက်ဥက္ကံမှ တိုက်ကြီးမြို့သို့ဆက်လက်လာရာ တိုက်ကြီးသို့ရောက်သောအခါ ရန်ကုန်မြို့တွင် စစ်ဥပဒေထုတ်ပြန်ထားကြောင်း ကြားသိရသဖြင့် လူစုလူဝေးနှင့်မသွားတော့ဘဲ လူစုခွဲလိုက်ကြသည်။ ဗိုလ်နေဝင်းနှင့် ရဲဘော်တုတ်ရွှေတို့သည် တိုက်ကြီးမြို့မှ ရန်ကုန်မြို့သို့ခြေကျင်ပြန်ခဲ့လေသည်။ [3]

သခင်ချစ်ကပဲခူးနယ်သို့ နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးပြင်ဆင်မှု လုပ်ငန်းများဆောင်ရွက်ရန်သွားသောအခါ ဗိုလ်နေဝင်းက ရန်ကုန်မြို့တွင်မြေအောက်တော်လှန်ရေး

---

၁။ ဗိုလ်မှူးကြီးမောင်မောင်၏နေ့စဉ်မှတ်တမ်း (၁၉၄၂ခု)

၂။ ဒေါက်တာမောင်မောင်၊ မြန်မာနိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း၊ မျက် -၁၇၆

၃။ ယင်း၊

လုပ်ငန်းများကို ဆက်လက်ခေါင်းဆောင်သည်။ ၁၉၄၂ခုမတ်လ ၈ ရက်နေ့တွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ကရန်ကုန်မြို့သို့ ချီတက်ဝင်ရောက်လာသောအခါ ဗိုလ်နေဝင်းသည် စည်းရုံးထားသည့်အင်အားစုကိုဦးဆောင်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ပူးပေါင်းမိလေသည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော်ရေကြောင်းချီတပ်ဖွဲ့

ဗမာ့လွတ်လပ်ရေးတပ်မတော်ရေကြောင်းချီတပ်ဖွဲ့ကို ဗိုလ်ဟိရာယာမကတပ်မှူးအဖြစ်အုပ်ချုပ်သည် ။ ၁၉၄၁ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်တပ်ဖွဲ့များကိုတာဝန်ခန့်ခွဲသောအခါ ရေကြောင်းချီတပ်ဖွဲ့သည် အမှတ် ၅၅ ဂျပန်တပ်မနှင့်အတူတွဲဖက်ချီတက်ရသည်။

တပ်မ ၅၅ သည်ဝိတိုရိယအငူကို သိမ်းပိုက်ပြီးဖြစ်သဖြင့်ရေကြောင်းချီတပ်ဖွဲ့၏တာဝန်မှာဝိတိုရိယအငူမှ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ချီတက်ပြီးမုတ္တမပင်လယ်ကွေ့ကိုဖြတ်ကျော်၍ ရန်ကုန်မြို့သို့ဝင်ရောက်ရန်ဖြစ်သည်။

ရေကြောင်းချီတပ်ဖွဲ့သည် ဘန်ကောက်မြို့ဘန်ဆူးဘူတာရုံ[၁] မှချွန်ပုန်း[၂]သို့ ၁၉၄၂ ခုဇန်နဝါရီလ ၂ ရက်နေ့တွင်မီးရထားဖြင့် ထွက်ခွာသည်။ ရေကြောင်းချီတပ်ဖွဲ့တွင် ဗိုလ်ဟိရာယာမနှင့်အတူ တပ်ကြပ်ကြီးများဖြစ်သော အိမာမူရာ ၊ အိကေဘေး ၊ ကိဇာကို ၊ ဂျပန်အရပ်သားအရာရှိ အိုရာရှိကိ၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်တောက်ထိန်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဘန်ကောက်မြို့မှဝင်ရောက်လာသော ရဲဘော် ၁၀ ဦးပါဝင်သည်။ ရေကြောင်းချီတပ်ဖွဲ့သည် ချွန်ပုံး၌လိုအပ်သည့်ပြင်ဆင်မှုများကို ပြုလုပ်ပြီးနောက် ဝိတိုရိယအငူသို့ချီတက်ရာ ဇန်နဝါရီလ ၈ ရက်နေ့တွင်ရောက်ရှိသည်။[၃]

ဝိတိုရိယအငူသို့ရောက်ရှိသောအခါ ဂျပန်တပ်မ ၅၅ မှ အုန်းတပ်ဖွဲ့နှင့်အတူ ရေကြောင်းချီတပ်ဖွဲ့သည် ဝါဒဖြန့်ချိရေးလုပ်ငန်းနှင့် စစ်သားစုဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ထို့နောက်ဝိတိုရိယအငူမှ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဂျပန်တပ်မ ၅၅ မှ မတ်စုအိတပ်စု[၄] နှင့်အတူသင်္ဘောကြီး ၂ စင်း ၊ သင်္ဘောငယ် ၃ စင်းနှင့် ပက်ချန်း[၅] သို့ချီတက်သည်။ ပက်ချန်းရွာမှကရာမြစ်[၆]အတိုင်း ကရသူရီ[၇] သို့ချီတက်ရန်ရည်ရွယ်သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်ရေကြောင်းချီတပ်ဖွဲ့သည် ကရာမြစ်အတိုင်းဆန်တက်ရာ ပထမနှစ်ရက်၌ ချောမောစွာဆန်တက်နိုင်သော်လည်း တတိယနေ့၌ရေကြောင်း

---

၁။ Bangsue ၂။ Chumphon

၃။ CD. 20. The Growth of the Burma Army . pp. 107-108

၄။ Matsui Platoon. ၅။ Pak Chan. ၆။ Kra River. ၇။ Karathuri

ကျဉ်းပြီးရေတိမ်လာသဖြင့်သင်္ဘောများမခုတ်မောင်းနိုင်သောကြောင့် အခက်အခဲနှင့်ရင်ဆိုင်ရသည် ။ ထို့ကြောင့်ပါလာသောလက်နက် ၊ ရိက္ခာများကိုသင်္ဘောပေါ်မှချပြီးရသမျှဆင်များနှင့်ထိုဒေသရှိ လူအချို့တို့ကိုငှားရမ်းလျက် ကုန်းလမ်းမှချီတက်ရသည်။ ရိက္ခာအချို့နှင့် အမြောက်၊ စက်သေနတ်၊ စိန်ပြောင်းလက်နက်ကြီးများကို ဗိုလ်မှူးဆာတိုက ဆင်များဖြင့် သယ်ယူလာသည်။

ကရသ္သူရီအနီးသို့ရောက်ရှိလာသောအခါ ကရသ္သူရီ၌အင်္ဂလိပ်တပ်စုတစ်စုရှိကြောင်း သတင်းရရှိသဖြင့် ဗိုလ်ဟီရာယာမ ကတပ်ကြပ်ကြီးအိမာမူရာအား ဦးစီးစေပြီးညဘက်၌ ကရသ္သူရီသို့ချီတက်တိုက်ခိုက်စေသည်။ သို့ရာတွင်အင်္ဂလိပ်တပ်စုက ဆုတ်ခွာသွားပြီးဖြစ်သဖြင့်ကရသ္သူရီကိုအလွယ်တကူသိမ်းပိုက်နိုင်သည်။ [၁]

ရဲဘော်ချီတပ်ဖွဲ့သည် ကရသ္သူရီမှဘုတ်ပြင်းသို့ ချီတက်တိုက်ခိုက်ရန်ပြင်ဆင်ရာတွင်ဘုတ်ပြင်း၌ အင်္ဂလိပ်စစ်တပ်နှင့်ပုလိပ်တပ်ဖွဲ့ တပ်စွဲထားကြောင်း သတင်းရရှိသောကြောင့်ဘုတ်ပြင်းတစ်ဘက်ကမ်းရှိ နန်းတုတ်ရွာသို့ချီတက်ကာ ခေတ္တစခန်းချပြီး စိန်ပြောင်းများအမြောက်များဖြင့် ဘုတ်ပြင်းမြို့ကို အပြင်းအထန်ပစ်ခတ်တိုက်ခိုက်သည်။ ဂျပန်တပ်များကလည်းဘုတ်ပြင်းမြို့ဝဲယာဘက်မှ ချီတက်တိုက်ခိုက်ရာအင်္ဂလိပ်တပ်များ တစ်နေ့နှင့်တစ်ညခုခံပြီးနောက်ဆုတ်ခွါသွားသည်။ [၂]

ရဲဘော်ချီတပ်ဖွဲ့သည် ဘုတ်ပြင်းမှ မြိတ်မြို့သို့ဦးတည်ချီတက်ရာ လမ်းခရီး၌ မော်တော်တစ်စင်း၏ သတင်းပေးချက်အရ မြိတ်မြို့တွင် ရန်သူမရှိကြောင်းသိရသည်။ မြိတ်မြို့သို့ ချီတက်ရာလမ်းခရီး၌ပင် ဗိုလ်ဟီရာယာမ၏အစီအစဉ်ဖြင့် ရဲဘော်ချီတပ်ဖွဲ့ကို တပ်ကြပ်ကြီးအိမာမူရာနှင့် ဗိုလ်ရန်နိုင်ကတစ်စု ၊ တပ်ကြပ်ကြီးအိကေဘေနှင့် ဗိုလ်မင်းခေါင်ကတစ်စု၊ ရဲဘော်ချီတပ်ဖွဲ့ဌာနချုပ်အနေဖြင့် တစ်စုဟူ၍တပ်စု ၃စုခွဲလိုက်သည်။ ရဲဘော်ချီတပ်ဖွဲ့သည် မြိတ်မြို့ကို သိမ်းပိုက်ပြီးနောက် အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းပေးပြီးစစ်သားစုဆောင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ လူငယ်အများအပြားဝင်ရောက်လာကြသည် ။ [၃]

ရဲဘော်ချီတပ်ဖွဲ့သည်မြိတ်မြို့တွင် စုဆောင်းရရှိသော တပ်သားသစ်များကို အခြေခံစစ်ပညာသင်တန်းများပေးပြီး ထားဝယ်မြို့သို့ရဲဘော်ချီမှ ဆက်လက်ချီတက်သည်။ ထားဝယ်မြို့ကိုဂျပန်တပ်မတော်အိုကီးတပ်ဖွဲ့နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ထားဝယ်စစ်ကြောင်းတို့ကသိမ်းပိုက်ထားပြီးဖြစ်သည်။ ရဲဘော်ချီတပ်ဖွဲ့သည်ထားဝယ်မှတစ်ဆင့် ကျိုက္ခမီသို့ချီတက်ပြီး ကျိုက္ခမီတွင် စစ်သားစုဆောင်းရေးလုပ်ငန်းများ ဆောင်ရွက်

---

၁။ ဗိုလ်မင်းခေါင်၊ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်၊ မျက်-၂၁၁

၂။ ယင်း၊ မျက်-၂၁၃

၃။ A History of Minami Kikan.

ခြင်း၊ စက်လှေများထပ်မံရှာဖွေခြင်း၊ တပ်သားသစ်များ အခြေခံစစ်ပညာ သင်တန်းပေးခြင်း လုပ်ငန်းများကိုဆောင်ရွက်သည်။

ရေကြောင်းချီတပ်ဖွဲ့သည် ကျိုက္ခမိမှ မော်လမြိုင်သို့ ဆက်လက်ချီတက်ရာ လမ်းတွင် အင်္ဂလိပ်လေတပ်မှ အကြိမ်ကြိမ်တိုက်ခိုက်မှုကို ရှောင်ရှားရင်းမော်လမြိုင်မြို့သို့ ရောက်ရှိသည်။ မော်လမြိုင်မြို့ကို ဂျပန်တပ်များက ၁၉၄၂ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သိမ်းပိုက်ပြီးဖြစ်သည်။ ရေကြောင်းချီတပ်ဖွဲ့သည် မော်လမြိုင်မြို့သို့ ရောက်ရှိပြီးနောက် ဘားအံရှိ အင်္ဂလိပ်တပ်များအား သွားရောက်တိုက်ခိုက်ရန် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဘားအံသို့ဆက် လက်ချီတက်ပြန်သည်။ ရေကြောင်းချီတပ်ဖွဲ့သည် ကတိုးမှတစ်ဆင့်ဘားအံသို့ချီတက်တိုက်ခိုက်ရာ အင်္ဂလိပ်တပ်များ ဆုတ်ခွာသွားသည်။ ရေကြောင်းချီတပ်ဖွဲ့ ဘားအံတွင်တပ်စခန်းချနေစဉ် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်စစ်ကြောင်းမှ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) ဦးစီးသောတပ်ဖွဲ့တစ်ခု ဘားအံသို့ရောက်ရှိလာသည်။ ဘားအံတွင် ဗိုလ်တေဇက ရေကြောင်းချီတပ်ဖွဲ့အား ဂျပန်တပ်များထက်ဦးစွာ ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ရေးအတွက်ချီတက်ရန်အမိန့်ပေးသည် ။[၁]

ထို့ကြောင့် ရေကြောင်းချီတပ်ဖွဲ့သည် ဘားအံမှကျိုက္ခမိသို့ ပြန်လည်ထွက်ခွာလာပြီး ကျိုက္ခမိတွင်ရန်ကုန်မြို့သို့ ချီတက်ရေးအတွက် မုတ္တမပင်လယ်ကွေ့ကို ဖြတ်ကျော်နိုင်ရန်စီစဉ်မှုများပြုလုပ်ကြသည်။[၂] ရေကြောင်းချီတပ်ဖွဲ့သည်မတ်လ ၁ရက်နေ့တွင် သင်္ဘောငယ်များ မော်တော်များဖြင့် မုတ္တမပင်လယ်ကွေ့ကို ဖြတ်ကျော်ပြီး ရန်ကုန်မြို့ကို ဦးတည်ချီတက်သည်။

ရေကြောင်းချီတပ်ဖွဲ့ ကျိုက္ခမိမှ ချီတက်သွားသောအခါ ပထမတပ်စုအဖြစ် ဗိုလ်ဟိရဏ်ယာမနှင့် ဗိုလ်တောက်ထိန်တို့ကလည်းကောင်း၊ ဒုတိယတပ်စုအဖြစ် တပ်ကြပ်ကြီး အာကီကာဝါ နှင့် ဗိုလ်မင်းခေါင်တို့ကလည်းကောင်း၊ တတိယတပ်စုအဖြစ် ဗိုလ်အီမာမူရာ နှင့် ဗိုလ်ရန်နိုင် တို့ကလည်းကောင်းဦးစီးပြီးတပ်စု ၃ စုခွဲကာ သင်္ဘော ၁၀ စင်းဖြင့် မုတ္တမပင်လယ်ကွေ့ကို ဖြတ်ကျော်ချီတက်သည်။ မတ်လ ၃ ရက်နေ့တွင်ရန်ကုန်မြို့အနီးရှိသခွတ်ပြစ်ဝအလွန်သီလဝါရွာအနီး၌ ဗိုလ်မင်းခေါင်ဦးစီးသည့်သင်္ဘောကို အင်္ဂလိပ်ကင်းထောက်စစ်ရေယာဉ်တို့ကတွေ့ရှိပြီး ဝိုင်းဝန်းဖမ်းဆီးကာ သင်္ဘောပေါ်တွင်ပါလာသော ဗိုလ်မင်းခေါင်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သားများအား ရန်ကုန်ထောင်ကြီးတွင် ဖမ်းဆီးချုပ်နှောင်ထားသည်။ ဗိုလ်မင်းခေါင်နှင့် ရဲဘော်များသည် မတ်လ ၅ ရက်နေ့တွင် ရန်ကုန်ထောင်ကြီးကို ဖေါက်ထွင်း၍ ထွက်ပြေးလွတ်မြောက်လာရာ ထိုအချိန်၌ အင်္ဂလိပ်တပ်များရန်ကုန်မြို့မှ ဆုတ်ခွါနေပြီဖြစ်၍ ဗိုလ်မင်းခေါင်သည် ကြည့်မြင်တိုင်ကမ်းနားလမ်းရှိ သူဌေးဦးဘကျော်

---

၁။ ဗိုလ်မင်းခေါင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်၊ မျက်- ၂၁၅

၂။ A Memo of the action of BIA Marine Troop by Imamura.

တိုက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီတပ်ဖွဲ့ဌာနချုပ်ကို တည်ထောင်ပြီး ရုံးဖွင့်လှစ်ထားသည်။[၁]

ရေကြောင်းချီတပ်ဖွဲ့မှ ဗိုလ်ဟိရာယာမ၊ ဗိုလ်တောက်ထိန်တို့ဦးစီးသော ရေတပ်စုနှင့် ဗိုလ်အိမာမူရာနှင့်ဗိုလ်ရန်နိုင်တို့ဦးစီးသော ရေတပ်စုတို့သည် အင်္ဂလိပ်ရေတပ်၏ဖမ်းဆီးခြင်းမခံရပဲ လွတ်မြောက်လာရာ မတ်လ ၅ရက်နေ့တွင် ဒေးဒရဲမြို့မှ ဖြတ်သန်းသွားပြီး မတ်လ ၆ ရက်နေ့တွင် ဖျာပုံမြို့သို့ရောက်ရှိသည်။ ထို့နောက် မြစ်ဝကျွန်းပေါ်တွင် နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ပြည်သူ့အရေးတော်ပုံပါတီမှ ဗိုလ်အောင်[၂] နှင့် ဗိုလ်ဝင်းတို့အကူအညီဖြင့် ရေကြောင်းချီတပ်ဖွဲ့သည် မြစ်ဝကျွန်းပေါ်ရှိ ဒေးဒရဲ၊ ဖျာပုံ၊ မြောင်းမြမှ ညောင်တုန်း၊ ဓနုဖြူ၊ ပုသိမ်၊ ဟင်္သာတ၊ ကျုံပျော်မြို့များကို သိမ်းပိုက်ပြီး အုပ်ချုပ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ရေကြောင်းချီတပ်ဖွဲ့သည်မြစ်ဝကျွန်းပေါ်ကိုဂျပန်တပ်များထက်ဦးစွာသိမ်းပိုက် နိုင်ခဲ့သည်။

ရေကြောင်းချီတပ်ဖွဲ့သည် ဟင်္သာတမြို့တွင် တပ်ချရပ်နားနေစဉ် အင်္ဂလိပ် အမှတ် ၁၇ တပ်မမှ ဗိုလ်မှူး ကားလ်ဘတ်[၃] ဦးစီးသော တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားရာ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ တပ်သားတစ်ဦးကျဆုံးပြီး လေးဦးဒဏ်ရာရရှိသည်။ ရန်သူဘက်မှ သုံးဦး ကျဆုံးပြီး နှစ်ဦးကိုဖမ်းဆီးရမိသည်။[၄]

ဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီတပ်ဖွဲ့သည် ဟင်္သာတမှ မယ်ဇလီကုန်း၊ မယ်ဇလီကုန်းမှ မြန်အောင်၊ ထိုမှညောင်စာရေးသို့ကူးပြီး ရွှေနတ်တောင်သို့ချီတက်သွားသည်။ ရွှေနတ်တောင်မှတစ်ဆင့် ရွှေကြို့ကုန်းရွာသို့ ရောက်ရှိသောအခါ ရွှေတောင်ရှိ အင်္ဂလိပ်တပ်များ ပြည်မြို့သို့ ဆုတ်ခွာရာတွင်ရွှေတောင်မြို့ကို မီးရှို့ထားခဲ့မည်ဟုသတင်း ရရှိသောကြောင့် ရွှေတောင်မြို့ကို အချိန်မီကယ်တင်ရန် အပြင်းချီတက်ကြလေသည်။

## ရွှေတောင်တိုက်ပွဲ

ဗမာ့လွတ်လပ်ရေး တပ်မတော်ရေကြောင်းချီတပ်ဖွဲ့က ရွှေတောင်မြို့ကို ဦးတည် ချီတက်နေစဉ် အင်္ဂလိပ်တပ်မှ ဆက်သွယ်ရေးအရာရှိတစ်ဦးသည် အင်းမမှ ပြည်မြို့သို့ ပြန်လာရာ လမ်းတွင် ရွှေတောင်မြို့ကို ဂျပန်အမှတ် ၂၁၄ ခြေလျင်တပ်ရင်း[၅] ဝင်ရောက်နေကြောင်းသိရသဖြင့် အင်းမသို့ ပြန်သွားပြီး ဗိုလ်မှူးချုပ်အန်စတစ်[၆] ထံသတင်းပို့လိုက်သည်။ ဗိုလ်မှူးချုပ်အန်စတစ်က တိုင်းစစ်ဌာနချုပ်သို့ ထပ်မံသတင်းပို့ အမိန့်တောင်းခံရာ ယင်းအား ရွှေတောင်သို့မဟုတ် ပုတီးကုန်းမှ ပြည်မြို့သို့ ဖေါက်ထွက်ရန် အမိန့်ပေးသည်။[၇]

---

၁။ ဗိုလ်မင်းခေါင်၊ ရွှေတူ၊ မျက် ၆၂-၇၃

၂။ ဗိုလ်မှူးချုပ် မောင်မောင်

၃။ Major J.M.Calvert

၄။ Retreat from Burma. p.236

၅။ 214th Infantry Regiment

၆။ Brigadier Anstice

၇။ The Retreat from Burma. p.247

ထို့ကြောင့် ဗိုလ်မှူးချုပ် အန်စတစ်သည် ရွှေတောင်မြို့မှ ပေါက်ထွက်ရန် ဆုံးဖြတ်ကာ ပုတီးကုန်းနှင့် ပေါင်းတည်ဘက်မှ တပ်များကို အင်းမတွင် စုစေပြီး အမှတ်၄၁၄ အမြောက်တပ်ခွဲမှ တပ်တစ်တပ်[၁]၊ အမှတ်၇ဘုရင်မ၏ ဟတ်ဆားတပ်မှ တပ်တစ်တပ်[၂]၊ ဂလောက်စတာရှိုင်းယားတပ်ရင်း၁[၃] မှ တပ်ခွဲ ၂ စသည့်တပ်များကို ဗိုလ်မှူး ပရဲရား[၄] အား အုပ်ချုပ်စေပြီး ရွှေတောင်တွင် ဂျပန်တပ်များ၏ ပိတ်ဆို့ဝိုင်းရံမှုကို တိုက်ခိုက်ရန် စေလွှတ်လိုက်သည်။ [၅]

ထိုအချိန်တွင် ဗိုလ်ချုပ်ကောဝင်[၆] ကလည်း အမှတ် ၄ နယ်ခြားတပ်ရင်း၊ အမှတ် ၁ နယ်ခြား သေနတ်ကိုင်တပ်ရင်း၊ အမှတ် ၁ အိန္ဒိယ စစ်မြေပြင်တပ်ရင်းကို စေလွှတ်ပြီး ရွှေတောင်မြို့ကို မြောက်ဘက်မှ တိုက်ခိုက်စေသည်။ [၇]

ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ရေကြောင်းချီတပ်ဖွဲ့ကလည်း ညောင်စာရေး ရွှေနတ်တောင်၊ မရမာန် စသည့်ရွာများကို ဖြတ်သန်း၍ ရွှေတောင်မြို့ကို ဦးတည်ပြီး အပြင်းချီတက်လာရာ ကွမ်းညှပ်စင်ရွာတွင် အင်္ဂလိပ်တပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားလေသည်။ ထို့နောက်ရေကြောင်းချီတပ်ဖွဲ့သည် ကွမ်းညှပ်စင်ရွာမှ ရွှေကြို့ကုန်းရွာ၊ ရွှေကြို့ကုန်းရွာမှ တည်ကုန်း၊ တည့်ကုန်းမှတစ်ဆင့် ရွှေတောင်မြို့ဘက်ဆီသို့ချီတက်သည်။ ထိုအချိန်တွင် ပေါင်းတည်မှ ရွှေနတ်တောင်သွားကားလမ်းတစ်လျှောက်တွင် ဂျပန်တပ်များကို အင်္ဂလိပ်တပ်များက ဝါးလယ်ရွာမှ ခုခံတိုက်ခိုက်သည့်ပြင် ပေါင်းတည်နှင့် ပုတီးကုန်း တစ်ဝိုက်တွင်လည်း ဂျပန်တပ်နှင့် အင်္ဂလိပ်တပ်များ တိုက်ပွဲဖြစ်ပွားလျှက်ရှိသည်။

ရေကြောင်းချီတပ်ဖွဲ့၊ ရွှေတောင်မြို့အနီးရောက်သောအခါ ရန်သူ သံချပ်ကာကား ၁၀၀ခန့်သည် ရန်ကုန်မြို့မှ ဆုတ်ခွာလာပြီး ရွှေတောင်မြို့တောင်ဘက်တွင် ရောက်ရှိနေသည့်ပြင် ဆုတ်ခွာလာသော အင်္ဂလိပ်တပ်များကို အကာအကွယ်ပေးရန် ပြည်မြို့မှ အင်္ဂလိပ်တပ်များ ရွှေတောင်မြို့သို့ ချီတက်လာလျှက်ရှိသည်။ ထို့ကြောင့် ရေကြောင်းချီတပ်ဖွဲ့မှ ဗိုလ်ဟီရာယာမက ဂျပန်တပ်မ ၃၃ ဆာတိုတပ်ရင်း[၈] နှင့် အဆက်အသွယ်ပြုလုပ်ပြီး ရွှေတောင်မြို့ကို ပူးပေါင်းတိုက်ခိုက်ရန် ဆွေးနွေးညှိနှိုင်းကာ ဆာတိုတပ်ရင်းက တင့်ကားများနှင့်ဆုတ်ခွာလာသော အင်္ဂလိပ်တပ်များကို တိုက်ခိုက်ရန်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်

---

၁။ 414 Battery R.H.A.

၂။ 7th Queen's Own Hussars

၃။ 1st Batt.Gloucestershire Regiment

၄။ Major Pereira

၅။ Retreat from Burma. p. 247

၆။ Maj.Gen.Cowan

၇။ Compton Mackenzie. Eastern Epic. p.463

၈။ 33rd Division,Sato Battalion

ရေကြောင်းချီတပ်ဖွဲ့က ရွှေတောင်မြို့တွင်းသို့ ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်သည်။ ရေကြောင်းချီတပ်ဖွဲ့သည် ဗိုလ်ဟိရာယာမက လက်ျာဘက် စစ်ကြောင်း၊ တပ်ကြပ်ကြီး အိမာမူရာကအလယ်စစ်ကြောင်း၊ ဗိုလ်ရန်နိုင်က လက်ဝဲစစ်ကြောင်းဖြင့် စစ်ကြောင်း ၃ ကြောင်း ဖြန့်ကာ ရွှေတောင်မြို့တွင်းသို့ချီတက်သည်။ [၁]

ဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီတပ်ဖွဲ့သည် ရွှေတောင်မြို့တွင်းသို့ ၁၉၄၂ခု၊ မတ်လ ၂၉ရက် ၀၆၀၀နာရီတွင် ဝင်ရောက်ကြပြီး မြို့လယ်ဈေးအနီးရှိ ရွှေမျက်မှန်ဘုရား၊ ချမ်းသာကြီးဘုရားပရဝုဏ်များတွင် တပ်စွဲထားကြသည်။ အင်္ဂလိပ်တပ်၏ သတင်းကို စုံစမ်းကြည့်ရာ ပြည်မြို့ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရှိရသဖြင့် တပ်ကြပ်ကြီး အိမာမူရာ၊ ဗိုလ်ရန်နိုင်နှင့် တပ်သား ၃၀ သည် ရွှေတောင်မြို့မြောက်ဘက်သို့ ကင်းထောက်ရန်သွားကြသည်။ ရန်သူကိုမတွေ့သဖြင့် ရွှေတောင်မြို့မြောက်ဘက်ရှိ ပြည်မြို့သို့သွားသော လမ်း၏ လက်ဝဲဘက်တွင် ကင်းချထားခဲ့သည်။ ၁၃၀၀နာရီတွင် ရွှေတောင်မြို့မြောက်ဘက် ပြည်မြို့သို့သွားရာလမ်းတွင် ကင်းချထားသော ကင်းစခန်းကို အင်္ဂလိပ်တပ်များကသံချပ်ကားများ အကူအညီဖြင့် ချီတက်တိုက်ခိုက်ရာ တိုက်ပွဲဖြစ်ပွားရာသို့ ဗိုလ်ဟိရာယာမ၊ ဗိုလ်ရန်နိုင်နှင့် တပ်ကြပ်ကြီး အိကေဘောခေါင်းဆောင်သော တပ်ဖွဲ့များ အပြင်းချီတက်သွားကြသည်။

ရွှေတောင်မြို့နှင့် တစ်မိုင်ခွဲခန့်သာဝေးသည့် ခုနှစ်အိမ်တန်းရွာသို့ အင်္ဂလိပ်တပ်များ သံချပ်ကားများဖြင့် ဝင်ရောက်တိုက်ခိုက်ရာ ဗမာ့တပ်မတော်သားများလည်း ခုနှစ်အိမ်တန်းရွာဆီသို့ ချီတက်သွားကြရပြန်သည်။ ခုနှစ်အိမ်တန်းရွာကို အနောက်ယောက်ရှိုင်းယား တပ်ရင်းမှ တပ်ခွဲ ၁ခွဲ [၂] နှင့် ဝယ်လင်တန်မြို့စား၏တပ်ရင်း၁မှ တပ်ခွဲ ၁ခွဲသည် သံချပ်ကားများ အကူအညီဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်။ ခုနှစ်အိမ်တန်းရွာတွင် အင်္ဂလိပ်တပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ အပြင်းအထန်တိုက်ခိုက်ကြသည်။ ခုနှစ်အိမ်တန်းရွာကို ဗဟိုပြုပြီး ကုသိန္နာရုံ၊ မင်းတဲ၊ ပုတ်တန်း၊ ဆားကျင်းတောင်၊ လေးကျွန်းဆီမီး အစရှိသော ရွာများတွင်လည်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလေသည်။ သံချပ်ကားအချို့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ တပ်စွဲထားရာသို့ ချီတက်လာရာ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများက စက်သေနတ်၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရသည်။

တပ်ကြပ်ကြီး အိမာမူရာ၏ တပ်သည် မိမိရရှိထားသော နေရာမှနေ၍ သွားလာလှုပ်ရှားနေသောရန်သူများကို စက်သေနတ်ကလေးဖြင့် စတင်ပစ်ခတ်ရာ ရန်သူဘက်မှလည်း ပြန်လည်ပစ်ခတ်သည်။ ရန်သူကျည်ဆံကြောင့် တပ်ကြပ်ကြီး အိမာမူရာ၏ တပ်မှစက်သေနတ်ကလေးမှာ အသုံးပြု၍မရအောင် ပျက်စီးသွားသည်။ ထို့ကြောင့် အိမာမူ

---

၁။ DR. 257. A Record of battle fought in Shwedaung between BIA and British Forces.

၂။ West Yorkshire Regiment.

ရာ၏တပ်သည် လက်ဝဲဘက်သို့ လျှိုမြောင်များကို အားကိုးလျက် ရွှေ့ပြောင်းပေးရလေသည်။ ရန်သူအင်္ဂလိပ်တပ်သား အချို့သည် စက်သေနတ်ကြီးများ၊ စက်သေနတ်ကလေးများဖြင့် ခုနစ်အိမ်တန်းရွာထိပ်တွင် နေရာယူလျက် တိုက်ပွဲစတင်ရန် ပြင်ဆင်နေစဉ် အိမာမူရာက ရန်သူနှင့် နီးကပ်သည်အထိ ဝပ်တွားသွားပြီး လက်ပစ်ဗုံးနှင့် ပစ်သွင်းလိုက်ရာ ရန်သူများ အကွဲကွဲအပြားပြား ဆုတ်ခွာသွားကြပြန်သည်။ သို့သော် အချို့သောရန်သူတပ် များမှာကား လမ်းမကြီး၏ အနောက်ဘက်သို့ သံချပ်ကာကားများ၏ အကာအကွယ်ကိုယူလျက်ချီတက် တိုက်ခိုက်လာပြန်ရာ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားသည်။ ထိုအချိန်တွင် ရွှေတောင်မြို့တွင်းမှ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများလည်း စစ်ကူရောက်ရှိလာသည်။

စစ်ကူရောက်ရှိလာသောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများသည် အိမာမူရာ ၏တပ်ကို ဗဟိုထားပြီး တစ်ဖက်တစ်ချက်မှ နေရာဝင်ယူကြလေသည်။ ရန်သူတပ်များဘက်တွင်လည်း ယင်းတို့၏စစ်ကူများ တစ်ဖွဲ့ဖွဲ့ရောက်ရှိလာရာ တိုက်ပွဲအခြေအနေကား တစ်ဘက်နှင့်တစ်ဘက် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြဆဲပင်ဖြစ်လေသည်။

ထိုအချိန်တွင် ပြည်လမ်းမကြီးပေါ်မှ တင့်ကားများကလည်း အမြောက်နှင့် လှမ်းပစ်သဖြင့် ဗမာ့လွတ်လပ်ရေး တပ်မတော်သားများ ထိခိုက်ဒဏ်ရာရသည်။ တပ်ကြပ်ကြီး အိမာမူရာသည် အမှတ်၃၃ ဂျပန်တပ်မ၏ ဆာတိုတပ်ရင်းသို့ တိုက်ပွဲဖြစ်ပွားပုံကို အကြောင်းကြားရာ ဗမာ့လွတ်လပ်ရေးတပ်မတော်နေရာတွင်ဝင်၍ ယင်းတပ်ရင်းက အင်္ဂလိပ်တပ်များ ကို တိုက်မည်ဟုပြောသဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်က ရွှေတောင်မြို့တွင်းသို့ ပြန်ဆုတ်ပြီး တပ်ကြပ်ကြီး အိကေဘေတပ်က ရွှေကြို့ကုန်းရွာတွင်လည်းကောင်း၊ ဗိုလ်ရန်နိုင်တပ်က ဒရင်တဘိုရွာတွင်လည်းကောင်း စခန်းချကြသည်။ ယင်းတိုက်ပွဲတွင်ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗိုလ်ဟီရာယာမနှင့် တပ်ကြပ်ကြီး အိကေဘေအပါအဝင် တပ်သားများ ကျဆုံးသည်။

ထိုစဉ်ဗိုလ်မှူးချုပ်အန်းစတစ်သည် မတ်လ ၃၀ ရက်နေ့ ၁၂၀၀ နာရီတွင်ရွှေတောင်မြို့ကိုဖေါက်ထွက်ရန်ဆုံးဖြတ်ပြီး ထိုးဖေါက်သော်လည်း ဖေါက်ထွက်နိုင်ခြင်းမရှိပေ။ မတ်လ ၃၀ ရက်နေ့ ၁၅၀၀ နာရီတွင်ဂျပန်လေတပ်မှလေယာဉ်ပျံ ၂၃ စင်းရောက်ရှိလာပြီး အင်္ဂလိပ်သံချပ်ကာကားများနှင့် ရွှေတောင်မြို့တောင်ဘက်ရှိ အင်္ဂလိပ်တပ်များကိုထိရောက် စွာဗုံးကြဲတိုက်ခိုက်ရာ အင်္ဂလိပ်သံချပ်ကာကားများ ပျက်စီးပြီးရွှေဘောင်မြို့လည်းမီးလောင်သည်။ အင်္ဂလိပ်တင့်ကားများသည် လမ်းကြောင်းပြောင်းလဲပြီး ရွှေတောင်မြို့ပြင်သို့ဖေါက် ထွက်ကြသည်။ ထိုစဉ်တောင်ဘက်မှ ဂျပန်တပ်များစစ်ကူရောက်ရှိလာသဖြင့် အင်္ဂလိပ်တပ်များနှင့် တိုက်ပွဲများဖြစ်ပွားပြန်သည်။ ၁၈၀၀ နာရီတွင်ရွှေတောင်ရှိ အင်္ဂလိပ်တပ်များအားလုံးသည် မြောက်ဘက်ပြည်မြို့သို့ဆုတ်ခွာသွားကြသည်။[၁]

---

၁။ မြဒေါင်းညို၊ ရွှေတောင်တိုက်ပွဲ၊ မျက် ၃၃-၃၄

ရွှေတောင်တိုက်ပွဲသည် ၁၉၄၂ခုမတ်လ ၂၉ ရက်နှင့် ၃၀ ရက် နှစ်ရက်သာတိုက်ခိုက်ရသော်လည်း တိုက်ပွဲပြင်းထန်သဖြင့် အင်္ဂလိပ်တပ်ဘက်မှလည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ရေကြောင်းချီတပ်ဖွဲ့နှင့်အမှတ် ၃၃ ဂျပန်တပ်မ၊ ဆာတိုတပ်ရင်းမှလည်းကောင်း၊ အထိအနိုက်အကျအဆုံးများပြားသည်။

အင်္ဂလိပ်တပ်များဘက်မှ ဘုရင့်မ၏အမှတ် ၇ ဟတ်ဆားတပ်မှ တပ်သားများ အမြောက်အများ ဒဏ်ရာရရှိပြီးတင့်ကား ၁၀ စီးပျက်စီးသည်။ အမှတ် ၄၁၄ အမြောက်တပ်ခွဲမှတပ်သား ၁၀ ဦးကျဆုံးပြီး ၆ ဦးဒဏ်ရာရသည်။ ဝယ်လင်တန်မြို့စား၏တပ်ရင်း ၂ [1] မှ အရာရှိ ၃ ဦးကျဆုံးပြီး ၁ ဦးဒဏ်ရာရှိကာတပ်သား ၁၁၇ ဦးကျဆုံးသည်။ ဘုရင့်အင်းနစ်ကလင်းအမြောက်တပ်ရင်း ၁ [2] မှတပ်သား ၈၃ ဦးကျဆုံးပြီး ၄ ဦးဒဏ်ရာရရှိသည်။ အမှတ် ၁ ကင်မရွန်းနီးယန်းတပ်ရင်း [3] မှအရာရှိ ၅ ဦးကျဆုံးပြီးတပ်သား ၂၆ ဦးကျဆုံးကာ ၃၈ ဦးဒဏ်ရာရရှိသည်။ အနောက်ယော့ရှိုင်းယားတပ်ရင်း ၁ [4] မှအရာရှိ ၁ ဦးနှင့်တပ် သား ၈ ဦးကျဆုံးပြီး တပ်သား ၁၃ ဦး ဒဏ်ရာရရှိသည်။ ဂလောက်စတာရှိုင်းယားတပ်ရင်း ၁ မှအရာရှိ ၂ ဦးဒဏ်ရာရရှိပြီးတပ်သား ၃၄ ဦးထိခိုက်ဒဏ်ရာရ ကျဆုံးသည်။ အမှတ် ၁၂ နယ်ခြားတပ်ဖွဲ့တပ်ရင်း ၄ [5] မှအရာရှိ၁ ဦးကျဆုံးပြီး ၂ ဦးဒဏ်ရာရရှိသည်။ တပ်သား ၁၅ ဦးကျဆုံး ပြီး ၄၀ ဦးဒဏ်ရာရရှိသည်။ အမှတ် ၁၃ နယ်ခြားသေနတ်ကိုင်တပ်ဖွဲ့ တပ်ရင်း ၂ [6] မှအရာရှိ ၁ ဦးနှင့်တပ်သား ၁ ဦးကျဆုံးပြီး ၂၃ ဦးဒဏ်ရာရရှိသည်။ [7]

ဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီတပ်ဖွဲ့သည် ရွှေတောင်တိုက်ပွဲတွင်ပါဝင်တိုက်ခိုက်ပြီးနောက် ပြည်မြို့သို့ဆက်လက်ချီတက်၍ ပြည်မြို့တွင်စခန်းချနေသည်။

## ရန်ကုန်မြို့ကိုသိမ်းပိုက်ခြင်း

ဤသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်က မော်လမြိုင်စစ်ကြောင်း ၊ ထားဝယ်စစ်ကြောင်း၊ ရေကြောင်းချီတပ်ဖွဲ့၊ အတွင်းသူပုန်တပ်ဖွဲ့ဟူ၍ စစ်ကြောင်းကြီးများဖြန့်ပြီးမြန်မာပြည်တွင်းသို့ချီတက်ဝင်ရောက်ခဲ့ရာ ဗိုလ်နေဝင်းခေါင်းဆောင်သော အတွင်းသူပုန်တပ်ဖွဲ့

---

၁။ 2nd Battalion, Duke of Wellington's Regiment.

၂။ 1st Battalion, the Royal Inniskilling Fusiliers.

၃။ 1st Battalion, the Cameronians.

၄။ 1st Battalion,West Yorkshire Regiment.

၅။ 4th Battalion, 12th Frontier Force Regiment.

၆။ 2nd Battalion, 13th Frontier Force Rifles.

၇။ The Retreat from Burma. p. 250

သည်၁၉၄၂ခု ဖေဖေါ်ဝါရီလ ၂ ရက်နေ့တွင်ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး နယ်ချဲ့တော်လှန်ရေးလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၈

ထားဝယ်စစ်ကြောင်းသည် ပဲခူးမြို့ကိုသိမ်းပိုက်ပြီးနောက်ဂျပန်တပ်မ ၅၅ မှတပ်ဖွဲ့အချို့နှင့်အတူ ရန်ကုန်မြို့သို့ ဦးတည်ချီတက်ခဲ့ရာ မတ်လ ၈ ရက်နေ့တွင်ရန်ကုန်မြို့ကိုသိမ်းပိုက်လိုက်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်းသည်ထန်းတပင်မြို့ကို သိမ်းပိုက်ပြီးလှိုင်မြစ်ကြောင်းအတိုင်း စုန်ဆင်းလာရာ ရန်ကုန်မြို့သို့မတ်လ ၁၂ ရက်နေ့တွင်ရောက်ရှိသည်။

ရန်ကုန်မြို့ကို ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များသည် တစ်ပြိုင်တည်း သိမ်းပိုက်မိခြင်းဖြစ်သည်။ ဂျပန်တပ်များသည် ရန်ကုန်မြို့ကို သိမ်းပိုက်မိသည်နှင့်တစ်ပြိုင်နက် စစ်အုပ်ချုပ်ရေးကို အကောင်အထည်ဖေါ်ရန် စတင်ဆောင်ရွက်လာသည်။ ထို့ကြောင့် ဗိုလ်မိုးကြိုးကဂျပန်အမှတ် ၁၅ တပ်တော် ၊ဒုတိယစစ်ဦးစီးချုပ်ဗိုလ်မှူးကြီးနာဆူး[၁]၊ ဗိုလ်မှူးကြီးနာကာတာ[၂]၊ ဗိုလ်မှူးကြီးတေရာကူရာ[၃] တို့နှင့် သွားရောက်တွေ့ဆုံကာ မြန်မာပြည်လွတ်လပ်ရေး ကြေညာရန်ကိစ္စကို ဆောင်ရွက်ပေးရေးအတွက် တောင်းဆိုသည်။

ဗိုလ်မိုးကြိုးက ဂျပန်အစိုးရနှင့် ဂျပန်တပ်မတော်သည် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်လာစက မြန်မာပြည်ကို လွတ်လပ်ရေးပေးမည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံသားတို့သည် ဂျပန်တပ်မတော်ကြီးနှင့် အတူတကွပူးပေါင်း၍နိုင်ငံ၏လွတ်လပ်ရေးအတွက တိုက်ပွဲဝင်ခဲ့သည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားတို့က ဂျပန်တပ်မတော်၏ အရှေ့အာရှစစ်ပွဲတွင်လည်း အင်တိုက်အားတိုက်ကူညီမည်ဖြစ်ပါသည်။ ထို့ကြောင့်မြန်မာပြည်လွတ်လပ်ရေးကို ချက်ခြင်း ကြေညာနိုင်ရေးအတွက် ဂျပန်တပ်မတော်မှ ဆောင်ရွက်ပေးပါရန် တင်ပြတောင်းဆိုသည်။ [၄]

ဗိုလ်မှူးကြီးနာဆူးက ယခုအချိန်သည်ရန်ကုန်မြို့ကိုသာ သိမ်းပိုက်မိသေးကြောင်း၊ အထက်မြန်မာပြည်တစ်ခုလုံး ဆက်လက်သိမ်းပိုက်မိရန်လိုသေးကြောင်း၊ ထို့ပြင်မြန်မာပြည်သည် သီးခြားလွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် နေထိုင်ရန်အင်အားနှင့် အခြေအနေမရှိသေးကြောင်း၊ ထို့ကြောင့်မြန်မာပြည်ကို လွတ်လပ်ရေးကြေညာပေးရန် အချိန်စောသေးသည်ဟု ပြန်ကြားပြောဆိုသည်။ [၅] အမှန်မှာဂျပန်တပ်မတော်သည် မြန်မာပြည်လွတ်လပ်ရေးရရှိရန်ဆောင်ရွက်ပေးလိုစိတ်မရှိသောကြောင့် အကြောင်းပြပြောဆိုနေခြင်းသာ ဖြစ်လေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဂျပန်တောင်ပိုင်းတပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးတေရာအူချိ ... ဗီးမာရှယ်

---

၁။ Col.Nasu. ၂။ Col.Nakata.

၃။ Col.Terakura.

၄။ CD. 20 . The Growth of the Burma Army. p . 171.

၅။ ibid. p. 171.

ဘောရာအူရှိထံ သမုတ် ၁၅ တပ်တော်စစ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီးသိဒါက ဝန်ခံပြခဲ့က ပင်တောရာအူရှိကသဘောမတူကြောင်း ပြန်ကြားထားပြီးဖြစ်လေသည်။ [1]

ဤသို့ဂျပန်တပ်မတော်မှ မြန်မာပြည်လွတ်လပ်ရေးကြေညာရန် ဒေ တင်ရှက်ပေး ခြင်းမရှိသောကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကလည်း ဂျပန်ကိုအပေါ် မ ကျေမနပ်ဖြစ် လျက်ရှိသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရန်ကုန်မြို့သို့ ရောက်ရှိပြီးနောက် ၁၉၄၂ ခု မတ်လ ၂၂ ရက်နေ့တွင် ဘီအေအေဘောလုံးကွင်း (ယခုအောင်ဆန်းအားကစားကွင်း)၌စစ်ရေး ပြအခမ်းအနားကျင်းပသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ထိုင်းနိုင်ငံမှမြန်မာပြည်တွင်းသို့ချီတက်လာ ရာ၀ှင် တပ်ရင်း ၊ တပ်ဖွဲ့များကို အုပ်ချုပ်သူများသည် ဂျပန်အရာရှိများသာဖြစ်သည်။ ထို့ကြောင့်ရန်ကုန်မြို့သို့ ရောက်ရှိသောအခါ ရဲဘော်သုံးကျိပ်ဝင်များက မကျေမနပ်ဖြစ်ပြီး ဗိုလ်မိုးကြိုးထံသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို မြန်မာအရာရှိများအုပ်ချုပ်ရန် တောင်း ဆိုသောစာတစ်စောင်ကို ဗိုလ်ချုပ်အောင်ဆန်းက ရေးသားပေးပို့သည်။ အဆိုပါစာကိုသခင် ထွန်းအုပ်၊ ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်ရဲထွင်ရှိစသည့် ရဲဘော်သုံးကျိပ်ဝင် များက လက်မှတ်ရေးထိုးကြသည်။ ထို့ကြောင့်ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်ဝင် များကို ဗိုလ်မိုးကြိုးကခေါ်ယူတွေ့ဆုံပြီး ယင်းထံအကြောင်းကိစ္စရှိက စာရေးသားရန် မလိုဘဲ ကိုယ်တိုင် လာရောက်ပြောဆိုနိုင်ကြောင်း ပြောကြားလိုက်သည်။ နောက်တစ်နေ့တွင် ဗိုလ်မိုးကြိုးလက်မှတ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်သေနာပတိချုပ်နှင့် ဗိုလ်လက်ျာအားစစ်ဦးစီးချုပ်အဖြစ်ခန့်အပ်ကြောင်းအမိန့်ထုတ်ပြန် သည်။ [2]

ဤသို့ဖြင့်ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးသောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ရဲဘော်သုံးကျိပ်ဝင်များနှင့်မြန်မာအရာရှိများက ဦးစီးကွပ်ကဲပြီး ဂျပန်အရာရှိများက အကြံ ပေးအရာရှိများအဖြစ်ဆောင်ရွက်လေသည်။

## ဗမာ့လွတ်လပ်ရေးရေတပ်မတော် ( Burma Independence Navy )

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံတွင်းသို့ မော်လမြိုင်စစ်ကြောင်း ၊ ထားဝယ်စစ်ကြောင်းနှင့်ရေကြောင်းချီတပ်ဖွဲ့ဟူ၍စစ်ကြောင်းများ ဖြန့်ပြီး ချီတက်ဝင်ရောက် ကာ နယ်ချဲ့အင်္ဂလိပ်ကို တွန်းလှန်တိုက်ခိုက်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ရေ ကြောင်းချီတပ်ဖွဲ့မှာ ရေတပ်မဟုတ်သော်လည်း မြန်မာပြည်တောင်ဘက်ဆုံး[illegible]ရိယ အရှ

---

1။ CD. 20 . The Growth of the Burma Army. p. 17[illegible]-173.
2။ Maung Maung. Aung San of Burma. pp. 48-49.

မှမြစ်ဝ ကျွန်းပေါ်တစ်လျှောက်နှင့် ပြည်မြို့အထိရေကြောင်းမှ ချီတက်ဝင်ရောက်ခဲ့သော တပ်ဖွဲ့ဖြစ်သည် ။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရန်ကုန်မြို့ကို ၁၉၄၂ခု၊ မတ်လ(၈)ရက်နေ့တွင်အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည် ။ ဗမာ့လွတ်လပ်ရေးတပ်မတော် ရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးနောက် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ စစ်သေနာပတိအဖြစ် ဗိုလ်ချုပ်အောင်ဆန်းမှကွပ်ကဲ၍ ဗိုလ်မှူးကြီးဇေယျဦးစီးသည့် တပ်မ(၁)နှင့် ဗိုလ်မှူးကြီး နေဝင်းဦးစီးသည့်တပ်မ(၂)ဟူ၍တင် မနစ်တပ်ဖွဲ့စည်းပြီး မြန်မာနိုင်ငံအထက်ပိုင်းရှိ ဆုတ်ခွါနေသောနယ်ချဲ့အင်္ဂလိပ်တပ်များကို ဆက်လက်လိုက်ခိုက်ချေမှုန်းခဲ့သည် ။

ထို့နောက် ၁၉၄၂ ခု ၊ ဇွန်လဆန်းတွင်ဗိုလ်မှူးကြီးဆူဇူကီး(ဗိုလ်မိုးကြိုး)သည် ဗြိတိသျှရာကာမိမှ ဆက်သွယ်ခဲ့သည့် ဗိုလ်တင်ကြည်ဆိုသူနှင့်တွေ့ဆုံကာ ဗမာ့လွတ်လပ်ရေးရေတပ်မတော်ဖွဲ့စည်းရန် ညွှန်ကြားသည်။ ဗိုလ်တင်ကြည်မှာ နယ်ချဲ့အင်္ဂလိပ်အုပ်စိုးစဉ်က မြန်မာနိုင်ငံရှိဗြိတိသျှ ဘုရင့်ရေတပ်မတော်တွင်ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဗြိတိသျှတပ်များမြန်မာပြည်မှ ဆုတ်ခွါရာတွင် လိုက်ပါသွားခြင်းမရှိဘဲနေရစ်ခဲ့သူဖြစ်သည် ။ ဗိုလ်တင်ကြည်သည် ဗမာ့လွတ်လပ်ရေးရေတပ်မတော် ဖွဲ့စည်းရေးအတွက် ဗြိတိသျှရေတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့်ရဲဘော်ဟောင်းများကိုပြန်လည်စုရုံးဖွဲ့စည်းရာတွင် အရာရှိ(၆)ယောက်နှင့်တပ်သား(၂၅)ယောက်ခန့်ရရှိပြီး ၁၉၄၂ခု ၊ ဇွန်လ (၂၀)ရက်နေ့တွင်ဗမာ့လွတ်လပ်ရေးရေတပ်မတော်ကိုဖွဲ့စည်းခဲ့သည် ။ ထို့နောက်ရေတပ်အင်အားကို တိုးချဲ့စုဆောင်းခဲ့ရာဇူလိုင်လ ပထမပတ်တွင်အရာရှိ(၂၂)ယောက်နှင့်ရေတပ်သား(၈၀၀)ခန့်အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ လက်နက်ခဲယမ်းများနှင့် သင်္ဘောငယ်များလည်းထိုက်သင့်သလောက် လက်ဝယ်ရောက်ရှိခဲ့သည် ။

ဗမာ့လွတ်လပ်ရေးရေတပ်မတော်ကို ဂျပန်ရေတပ်ကသင်တန်းပေးပြီး သင်္ဘောငယ်များဖြင့်မြစ်ဝကျွန်းပေါ်ဒေသနှင့် မြန်မာ့ရေပြင် ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ခဲ့ကြသည်။ ဗမာလွတ်လပ်ရေးရေတပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်ပယောဂကြောင့် ၁၉၄၂ခုနှစ်အတွင်းမြစ်ဝကျွန်းပေါ်၌ ပေါ်ပေါက်ခဲ့သည့်ကရင်-ဗမာအရေးအခင်းများတွင်အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းဖြေရှင်းပေးပြီး ကင်းလှည့်စောင့်ရှောက်သည့်တာဝန်ကိုထမ်းဆောင်သည် ။ ဗမာ့လွတ်လပ်ရေးရေတပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိများနှင့်အခြားအဆင့်များမှာ -

(၁) ဗိုလ်မှူးကြီးတင်ကြည် ဦးစီးချုပ်
(၂) ဒုတိယဗိုလ်မှူးကြီးကျော်ဇော ဒုတိယဦးစီးချုပ်
(၃) ဗိုလ်ကြီးစိန်အောင်

၁။ DR8559-ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ သုတေသနပြုစုမှုရေတပ်သမိုင်း၊ မျက် ၂၉-၃၀

(၄) ဗိုလ်ကြီးဘကျော်
(၅) ဗိုလ်ကြီးသန်းစိန်
(၆) ဗိုလ်ကြီးချစ်လှိုင်(ဗိုလ်ချုပ်ချစ်လှိုင်)(အငြိမ်းစား)
(၇) ဗိုလ်ကြီးမောင်တင်
(၈) ဗိုလ်ကြီးမောင်မောင်လွင်
(၉) ဗိုလ်ကြီးအဲရစ်ဆိုင်း
(၁၀) ဗိုလ်ကြီးမောင်သိန်း
(၁၁) ဗိုလ်စိန်မြင့်
(၁၂) ဗိုလ်ဒဗလျူသိန်း
(၁၃) ဗိုလ်အောင်ဇင်
(၁၄) ဗိုလ်အောင်တင်
(၁၅) ဗိုလ်အေးသွင်
(၁၆) ဗိုလ်မျိုးမြင့်
(၁၇) ဗိုလ်သန်းရွှေ
(၁၈) ဗိုလ်တင်ညွန့်
(၁၉) ဗိုလ်ခင်ကြီး
(၂၀) ဗိုလ်မြသင်း
(၂၁) ဗိုလ်ကျော်စိန်
(၂၂) ဗိုလ်ဗစိန်
(၂၃) ဗိုလ်လှဦး
(၂၄) ဗိုလ်သိန်းအောင်
(၂၅) ဗိုလ်ညွန့်လွင်
(၂၆) အရာခံဗိုလ်ဘသန်း
(၂၇) အရာခံဗိုလ်လှအောင်
(၂၈) အရာခံဗိုလ်တင်လှ(ဒိုင်ဗင်တင်လှ)
(၂၉) အရာခံဗိုလ်ကြီးမြင့်
(၃၀) တပ်ကြပ်ကြီး ခင်မောင်

**မှတ်ချက်** ။ အထက်ဖော်ပြပါအမည်စာရင်းမှာစုဆောင်းရရှိသမျှ လူဦးရေ စာရင်း
သာ ဖြစ်ပါ သည် ။

ဗမာ့လွတ်လပ်ရေးရေတပ်မတော် ဝါဒပြန်ပွားရေးဌာနမှ ဗိုလ်တင်ကြည်တာဝန်ခံ ဗိုလ်ချုပ်ဟူသောအမည်ဖြင့်ကြေညာစာတမ်းထုတ်ပြန်ရာတွင် –

ကုန်းဘက်တွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် အခြေခိုင်ခဲ့ တည်မြဲ ပေပြီ၊ ဗမာ့လွတ်လပ်ရေးရေတပ်မတော်သည် ဗမာ့လွတ်လပ် ရေး ကုန်းတပ်မတော် ကဲ့သို့ကြီးမား လာရေးအတွက်အဘက်ဘက်က ဝိုင်းဝန်းဆောင်ရွက်ဖို့မှာ ဗမာတိုင်း ၏တာဝန်ဖြစ်ပေ၏။ ထိုသို့ဗမာ အားလုံးကဝိုင်းဝန်းကူညီဆောင်ရွက်ပါမှ ဗမာ့လွတ်လပ်ရေးရေတပ်မတော်ကြီး ပေါ်ပေါက်လာပြီး ယခုစစ်တွင် မဟာမိတ်ဂျပန်များ အောင်မြင်စွာတိုက်ခိုက်နိုင်စေခြင်း အကျိုးငှာ ဗမာပြည်ကိုကာကွယ်ပေလိမ့်မည်။ နောင်တွင်လည်း ထိုသို့ပေါ်ပေါက်လာသော ရေတပ်မတော်ကြီးသည် ယခုစစ်ပွဲတွင် မဟာမိတ်ဂျပန်များအောင်မြင်၍ရရှိသော ဗမာ့လွတ်လပ်ရေးကို ကာကွယ်နိုင်ပေလိမ့်မည်။ ထို့ကြောင့်ဗမာများသည် နှစ်ပေါင်း နှစ်ထောင်ခန့် ဗမာ့လွတ်လပ်ရေးကို အသက်သွေးချွေးနှင့်ရင်းနှီး၍ တည်တံ့စေသကဲ့သို့ မိမိတို့ကိုယ်တိုင်ဗမာ့လွတ်လပ်ရေး ရေတပ်မတော်ထဲသို့ ဝင်ရောက်အမှုထမ်းခြင်းဖြင့် သော်လည်းကောင်း၊ ဗမာ့ လွတ်လပ်ရေးရေတပ်မတော်ရန်ပုံငွေအတွက် အလှူငွေထည့်ခြင်း၊ ငှင်းအပြင်အလှူငွေ ကောက်ခံ ပေးခြင်းဖြင့်သော် လည်းကောင်း၊ အခြားသူများ ဗမာ့လွတ်လပ် ရေး ရေတပ်မတော်ထဲသို့ ဝင်ရောက်အမှုထမ်းကြရန် တရားဟောပေးခြင်းဖြင့် သော်လည်း ကောင်း၊ ဗမာ့လွတ်လပ်ရေးရရှိ၍ တည်မြဲစေရေးအတွက် အသီးသီးအဘက်ဘက်က ဆောင်ရွက်ဖို့ ကြီးလေးသောတာဝန်ရှိပေ၏။ ဗမာလူမျိုးသည် နှစ်ပေါင်းနှစ်ထောင်ခန့် ကုန်းတပ်၊ ရေတပ်ဖြင့် ခန့်ခန့်ညားညား လွတ်လပ်သောလူမျိုးအဖြစ် နေထိုင်ခဲ့သည့်အတိုင်း အချိန်ကြာမြင့်စွာကပင် ကုန်းတပ်၊ ရေတပ်၊ လေတပ်ဖြင့်ခန့်ညား သိုက်မြိုက်စွာ လွတ်လပ် သောလူမျိုးအဖြစ်နေထိုင်ရန် တောင့်တခဲ့ကြ၏။ ဗမာများသည် ထိုသို့တောင့်တသည့် အတိုင်း နေထိုင်နိုင်ကြရန် ယခုအခါဆောင်ရွက်နိုင်ကြ ပေပြီ။ ဗမာလူမျိုးသည်လွတ်လပ် လျက် ကမ္ဘာ ပေါ်တွင်ကုန်းတပ်၊ ရေတပ်၊ လေတပ် ဖြင့် တင့်တင့်တယ်တယ်ထည်ထည်ဝါဝါ ကြီးနေနိုင်ရလေအောင် ဗမာ့လွတ်လပ်ရေး ရေတပ်မတော်ကြီး ဖြစ်မြောက်လာရေးကို ရှေးရှု၍ဗမာအားလုံးက မိမိတို့တတ်စွမ်းသည့် ဘက်က မိမိတို့၏တာဝန်များကို ဆောင်ရွက် ကြပါရန်တိုက်တွန်းနှိုးဆော်ပါ၏ ။ "[၁] ဟုဖေါ်ပြထားလေသည်။

ဗမာ့လွတ်လပ်ရေးရေတပ်မတော်ကို၁၉၄၃ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီးဗမာ့လွတ်လပ် ရေးရေတပ်မတော်မှ အရာရှိအချို့နှင့် ရဲဘော်အချို့တို့သည် ဗမာ့ကာကွယ်ရေးတပ်မတော် တွင်ဝင်ရောက်အမှုထမ်းခဲ့ကြသည်။

## အထက်မြန်မာပြည်သို့ချီတက်ခြင်း

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက်အထက်မြန် မာပြည်သို့ချီတက်ရန် ပြင်ဆင်ဆောင်ရွက်သည်။ အထက်မြန်မာပြည်ကို ချီတက်တိုက်ခိုက်

၁။ DR.1302–ဗမာ့လွတ်လပ်ရေးတပ်မတော်မှထုတ်ဝေသော စာရွက်စာတမ်းများ။

ရးနှင့်ပတ်သက်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်က ယင်း၏တာဝန်ပီပီပြင်ပြင်ရှိစေရေးအ ွက် ဂျပန်တောင်ပိုင်း တပ်မတော်သို့တာဝန် တိတိကျကျခွဲဝေပေးရန်တောင်းဆိုသည်။ ို့ကြောင့်ဂျပန်တပ်မတော်ကဧရာဝတီမြစ်၏အရှေ့ဘက်ခြမ်းကိုလည်းကောင်း ၊ ဗမာ့လွတ် ပ်ရေးတပ်မတော်က ဧရာဝတီမြစ်၏အနောက်ဘက်ခြမ်းကိုလည်းကောင်း ၊ အသီးသီးတာ န်ယူတိုက်ခိုက်ကြရန်တာဝန်ခွဲခြားသတ်မှတ်ပေးရလေသည်။

ဂျပန်တောင်ပိုင်းတပ်မတော်မှစစ်သေနာပတိချုပ်၊ ဖီးမာရှယ်တေရာအူချိ [၁] သည် ျပန်အမှတ် ၁၅ တပ်တော်တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီးအီဒါအားအထက်မြန်မာပြည်သို့ချီ ာက်တိုက်ခိုက်ရန် ၁၉၄၂ခုမတ်လ ၇ ရက်နေ့တွင်အမိန့်ပေးလိုက်သောကြောင့် ဂျပန်တပ်မ ၂၅ သည် ပဲခူးမြို့ကိုသိမ်းပိုက်ပြီးနောက် မတ်လ ၁၀ ရက်နေ့တွင် တောင်ငူသို့ချီတက်သွား သည်။ ဂျပန်တပ်မ ၃၃ သည်လည်းလက်ပံတန်းနှင့်ဟင်္သာတသို့မတ်လ ၂၅ ရက်နေ့တွင် ရောက်ရှိပြီးဆက်လက်ချီတက်ရာ တပ်ဖွဲ့အချို့သည်အောင်လံမြို့ကိုဧပြီလ ၇ ရက်နေ့တွင် သည်းကောင်း ၊ တပ်ဖွဲ့အချို့သည်ပုသိမ်မြို့ကိုဧပြီလ ၂၃ ရက်နေ့တွင်လည်းကောင်းအသီးသီး သိမ်းပိုက်မိသည် ။ [၂]

ထိုစဉ်ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုလည်း အထက်မြန်မာပြည်သို့ ဧရာဝတီမြစ် ကြောင်းအတိုင်း ချီတက်တိုက်ခိုက်ရန် ဂျပန်အမှတ် ၁၅ တပ်တော်ကအမိန့်ပေးသည်။ သို့ကြောင့် ဗိုလ်မိုးကြိုးသည် ဗမာ့လွတ်လပ်ရေးတပ်မတော်အား အထက်မြန်မာပြည်သို့ ချီတက် တိုက်ခိုက်ရန်အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်။

| | | |
|---|---|---|
| စစ်သေနာပတိ | - | ဗိုလ်ချုပ်အောင်ဆန်း |
| ဒုတိယစစ်သေနာပတိ | - | ဗိုလ်မှူးကြီးလက်ျာ |
| အကြံပေးအရာရှိများ | - | ဗိုလ်ကြီးကာဝါရှိမား |
| | - | ဗိုလ်ဆူဇူကီး |
| | - | ဗိုလ်အီဇူမီးယား |
| | - | ဗိုလ်ဒိုအီ |
| | - | တပ်ကြပ်ကြီးရှီးနား |
| | - | တပ်ကြပ်ကြီးအီတို |
| | - | တပ်ကြပ်ကြီးမောရိ |
| | - | တပ်ကြပ်ကြီးကိုနိုစု |

**တပ်မ ၁**

| | | |
|---|---|---|
| တပ်မှူး | - | ဗိုလ်မှူးကြီးဇေယျ |
| အကြံပေးအရာရှိများ | - | ဗိုလ်ကြီးနိုဒါ |

၁။ Field Marshal Terauchi.

၂။ CD. 20. The Growth of the Burma Army. p.192.

| | | |
|---|---|---|
| | – | ဗိုလ်တာနာကာ |
| | – | တပ်ကြပ်ကြီးနဂါမိ |
| **တပ်မ ၂** | | |
| တပ်မမှူး | – | ဗိုလ်မှူးကြီးနေဝင်း |
| အကြံပေးအရာရှိများ | – | ဗိုလ်တကာဟာရှိ |
| | – | ဒုတိယဗိုလ်အီနာဒါ |
| | – | တပ်ကြပ်ကြီးဇိုင်ဇင်း |
| | – | တပ်ကြပ်ကြီးအိမာမူရာ |
| | – | တပ်ကြပ်ကြီးတာနိဇာကီ |

တပ်မ၁တွင်ဒုတိယဗိုလ်မှူးကြီးရန်အောင်ဦးစီးသောတပ်မဟာ၁ ၊ ဒုတိယ ဗိုလ်မှူးကြီး မြင့်အောင်ဦးစီးသော တပ်မဟာ ၂ နှင့်ဗိုလ်မှူးရဲထွဋ်ဦးစီးသော တပ်မဟာ ၃ တို့ပါဝင်ပြီး တပ်မ၂ တွင် ဗိုလ်မှူးရန်နိုင်ဦးစီးသော တပ်မဟာ ၄ ၊ ဗိုလ်မှူးဗလဦးစီးသောတပ်မဟာ ၅၊ ဗိုလ်မှူးဘုန်းမြင့်ဦးစီးသော တပ်မဟာ ၆ နှင့် ဗိုလ်မှူးမင်းရောင်ဦးစီးသောတပ်မဟာ ၇ တို့ပါဝင်ကြသည် ။ [၁]

ဂျပန်တပ်မတော်သည် ၁၉၄၂ခုမတ်လ ၁၁ ရက်နေ့မှစတင်၍ အထက်မြန်မာပြည် စစ်ဆင်ရေးအစီအစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဗမာ့လွတ်လပ်ရေးတပ်မတော်က လည်း အထက်ပေါ်ပြေပါတပ်မ နှစ် ခုကိုဖွဲ့စည်းပြီး ဂျပန်တပ်များနှင့် ရင်ဘောင်တန်း၍ အထက်မြန်မာပြည်သို့ ချီတက်တိုက်ခိုက်ကြခြင်းဖြစ်သည်။

ဗိုလ်မှူးကြီးစကြာနှင့် ဒုတိယဗိုလ်မှူးကြီးအောင်တို့သည် မကျန်းမာ၍ ရန်ကုန်မြို့ တွင်ဆေးရုံတက်လျက်ရှိပြီး ဗိုလ်မှူးကျော်ဇောက ဗမာ့လွတ်လပ်ရေးတပ်မတော် တောင်ပိုင်း စစ်ဌာနချုပ်ကိုကွပ်ကဲရန် ရန်ကုန်မြို့တွင်ကျန်ရစ်ခဲ့သည်။ [၂]

ဗိုလ်မှူးရန်နိုင်ဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရွှေတောင်တိုက်ပွဲအ ပြီးတွင်ပြည်မြို့၌ ရပ်နားနေရာမှ အထက်မြန်မာပြည်သို့ ချီတက်မည့် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့်အတူပူးပေါင်းချီတက်ရန် ပြင်ဆင်လျက်ရှိသည်။

ထိုအချိန်တွင် ဗိုလ်မှူးမင်းခေါင်ဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော်တပ်ဖွဲ့ သည် ကြည့်မြင်တိုင်ဆိပ်ကမ်းမှ မြစ်ဝကျွန်းပေါ်ကိုဖြတ်၍ ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ချီတက်လျက်ရှိသည်။ ဗိုလ်မှူးမင်းခေါင်သည် ၁၉၄၂ခုမတ်လ ၁၈ ရက်နေ့တွင်ကြည့်မြင်တိုင် ဆိပ်ကမ်းမှလှေကြီး ၁၅ စီးဖြင့်မြစ်ဝကျွန်းပေါ်သို့စတင်ချီတက်သည်။ ကြည့်မြင်တိုင်မှ ရွာ ခတ္တိယ၊ညောင်တုန်း၊ ပန်းတနော်၊ ကျုံတနီးအစရှိသည့်မြို့ရွာများအတိုင်း ဆန်တက်သွားပြီး

၁။ လွတ်လပ်ရေးမော်ကွန်း စိစစ်ရေးအဖွဲ့ဝင် ဦးကိုကိုကြီး၏ မှတ်တမ်း များ

၂။ ယင်း၊

နောက်ကျုံတနီးမှမော်တော်ကားလမ်းအတိုင်းကျုံပျော် ၊ ရေကြည် ၊ သေိုင်းချောင်းမြို့များသို့ ချီတက်သည် ။ [၁]

သေိုင်းချောင်းတွင် ခေတ္တနားပြီးမြစ်ကြောင်းမှ သာပေါင်းမြို့သို့ စုန်ဆင်းကာ သာပေါင်းမှတစ်ဖန်ကုန်းလမ်းခရီးဖြင့်တောတောင်များကို ခဲယဉ်းစွာဖြတ်ကျော်ပြီးချီတက် ရာ ရခိုင်ပြည်နယ်တောင်ပိုင်း ငွမြို့သို့ရောက်ရှိသည်။ ငွမြို့တွင်ငြိမ်ဝပ်ပိပြားရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီးနောက်သံတွဲမြို့သို့ ဆက်လက်ချီတက်သည်။ သံတွဲမြို့ကိုသိမ်းပိုက်ပြီးတောင်ကုတ်မြို့သို့ချီတက်ရာ ပြည်မြို့မှတစ်ဆင့်ချီတက်လာသော ဒုတိယဗိုလ်မှူးကြီးရန်အောင် ဦးစီးသည့်တပ်မဟာနှင့်တွေ့ဆုံသည်။ ဒုတိယဗိုလ်မှူးကြီး ရန်အောင်၏တပ်သည် ရခိုင်ပြည်နယ်အထက်ပိုင်းသို့ဆက်လက်ချီတက်သွားရာ ဗိုလ်မှူး မင်းခေါင်၏တပ်သည်တောင်ကုတ်မြို့မှပြည်မြို့သို့ပြန်လည်ချီတက်လာသည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်၏အမိန့်အရပြည်မြို့မှ မြင်းခြံ ၊ မန္တလေးမြို့များ သို့ချီတက်သွားလေသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်သေနာပတိဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်မ ၁ နှင့်တပ်မ ၂ တို့သည်၁၉၄၂ခုဧပြီလဆန်းမှစတင်၍ အထက်မြန်မာပြည်သို့ချီတက်သွားကြသည်။ ဗိုလ်မှူးကြီးဇေယျဦးစီးသောဗမာ့လွတ်လပ်ရေး ဘပ်မတော်တပ်မ ၁ သည်ရန်ကုန်မြို့မှဧပြီလ ၅ ရက်နေ့တွင်စတင်ချီတက်ရာပြည်မြို့ အနီးသို့ ရောက်သောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်မှ အထက်မြန်မာပြည် စစ်ဆင်ရေးအတွက်တပ်များပိုမိုလိုအပ်သဖြင့် တပ်မ ၁ ကိုမူလတာဝန်ပေးထားသော ရခိုင် စစ်ကြောင်းသို့ချီတက်ရန် အမိန့်ကိုပယ်ဖျက်ပြီး ရခိုင်စစ်ကြောင်းသို့ ဒုတိယဗိုလ်မှူးကြီး ရန်အောင်ဦးစီးသောတပ်ကိုသာချီတက်စေလျက်တပ်မ ၁ မှကျန်တပ်များကိုအထက်မြန်မာ ပြည်သို့ချီတက်စေသည်။ [၂]

ရခိုင်စစ်ကြောင်းတွင်ဒုတိယဗိုလ်မှူးကြီးရန်အောင်၏တပ်မဟာသည် ပြည်မြို့အနီး သလဲတန်းရွာမှတောင်ကုတ် ၊ ပန်းတောင်းလမ်းပေါ်ရှိအုတ်ရှစ်ပင်ရွာသို့ ချီတက်ပြီးယင်းမှ တောင်ကုတ်မော်တော်ကားလမ်းအတိုင်း ချီတက်သွားသည်။ ဒုတိယဗိုလ်မှူးကြီးရန်အောင် သည်တောင်ကုတ်မြို့မှတစ်ဆင့် ရမ်းဗြဲကျွန်းသို့လည်းကောင်း ၊ မင်းပြားသို့လည်းကောင်း ဆက်လက်ချီတက်သိမ်းပိုက်သည်။ မင်းပြားမှတစ်ဆင့်လောင်းလှေကြီးများ၊ မော်တော်ဘုတ် များဖြင့်ပုဏ္ဏားကျွန်းသို့ ချီတက်သိမ်းပိုက်ပြီးတပ်စွဲထားစဉ် အင်္ဂလိပ်စစ်သင်္ဘော ၃ စင်းနှင့် တိုက်ပွဲဖြစ်ပွားသည်။ ထို့နောက်ပုဏ္ဏားကျွန်းမှ စစ်တွေမြို့သို့ချီတက်ရာမေလ ၇ ရက်နေ့

---

၁။ လွတ်လပ်ရေးမော်ကွန်းစီစစ်ရေးအဖွဲ့ဝင်ဦးကိုကိုကြီး၏မှတ်တမ်းများ

၂။ The History of Minami Kikan.

တွင်သိမ်းပိုက်သည်။ စစ်တွေမြို့မှဘူးသီးတောင်၊ မြို့ဟောင်းတို့ကိုလည်း ချီတက်သိမ်းပိုက်သည်။ [၁]

ဒုတိယဗိုလ်မှူးကြီးရန်အောင်၏ တပ်မဟာသည် စစ်တွေမြို့တွင် သုံးလခန့် စခန်းချပြီးငြိမ်ဝပ်ပိပြားရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်သည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်၏ ပြန်လည်ဆင့်ခေါ်ချက်အရ စစ်တွေမြို့မှ တောင်ကုတ်၊ သံတွဲ၊ ဂွမြို့အထိ စုန်ဆင်းလာပြီး ဂွမြို့မှ သာပေါင်းမြို့သို့ ချီတက်သည်။ ထို့နောက် သာပေါင်းမှ ရန်ကုန်မြို့သို့ ပြန်လည်ချီတက်လာရာ ဩဂုတ်လတွင် ရောက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်တပ် များနှင့် ဗိုလ်မှူးကြီး နေဝင်းကွပ်ကဲသော တပ်မ ၂သည် ရန်ကုန်မြို့မှ ၁၉၄၂ခု ဧပြီလ ၈ရက်နေ့တွင် အထက်မြန်မာပြည်သို့ စတင်ချီတက်ရာ ပြည်မြို့သို့ ဧပြီလ ၁၃ရက်နေ့တွင် ရောက်ရှိသည်။ ပြည်မြို့မှတစ်ဆင့် ဗိုလ်မှူးကြီး ဇေယျဦးစီးသော တပ်မ၁နှင့်အတူ ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှ အထက်မြန်မာပြည်သို့ ဆက်လက်ချီတက်သွားသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မကွေးမြို့မှတစ်ဆင့် ရေနံချောင်းမြို့သို့ ရောက်ရှိသောအခါ ရေနံချောင်းမြို့ကို ဂျပန်တပ်မတော်က သိမ်းပိုက်ထားပြီးဖြစ်ကြောင်းတွေ့ရသည်။ ဧပြီလ ၂၁ရက်နေ့တွင် ရေနံချောင်းမြို့မှ ချောက်မြို့သို့ ဆက်လက်ချီတက်ရာ ချောက်မြို့တွင် ဗိုလ်မိုးကြိုးသည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗိုလ်ချုပ်အောင်ဆန်းအား ဆက်လက် ကွပ်ကဲအုပ်ချုပ်စေပြီး ရန်ကုန်မြို့သို့ ပြန်လာခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တပ်အချို့သည် ဧပြီလ ၂၇ရက်နေ့တွင် စလင်းမြို့ကို သိမ်းပိုက်ပြီး ဆင်ဖြူကျွန်းသို့ ဆက်လက်ချီတက်ကာ သိမ်းပိုက်လိုက်ပြန် သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ပခုက္ကူခရိုင်၊ ပေါက်မြို့ကို သိမ်းပိုက်ထားစဉ် ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ မြစ်သားသို့ ဆုတ်ခွာလာသော အင်္ဂလိပ်အမှတ် ၈ နယ်ခြားစောင့်တပ်နှင့် တိုက်ပွဲဖြစ်ပွားသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ပေါက်မြို့မှ မြိုင်နှင့် ပုလဲသို့ချီတက်ပြီး မေလ ၃ရက်နေ့တွင် သိမ်းပိုက်ကာ မေလ ၄ရက်နေ့တွင် ယင်းမာပင်မြို့ကို သိမ်းပိုက်သည်။ [၂]

ယင်းမာပင်မှ တစ်ဖန် မုံရွာ၊ ရွှေဘို၊ ရေဦး၊ ကျွန်းလှ၊ ဝန်းသို၊ ကသာ တို့မှတစ်ဆင့် မြစ်ကြီးနားမြို့ကို မေလ ၂၆ရက်နေ့တွင် သိမ်းပိုက်သည်။ [၃]

---

၁။ လွတ်လပ်ရေးမော်ကွန်းစိစစ်ရေးအဖွဲ့ဝင်ဦးကိုကိုကြီး၏မှတ်တမ်းများ

၂။ CD.20. The Growth of the Burma Army. p.203.

၃။ CD.20. The Growth of the Burma Army. p.203.

ဗမာလွတ်လပ်ရေးတပ်မတော် ဗန်းမော်မြို့သို့ ရောက်ရှိသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်မှူးကြီး ဧယျအား တပ်များကို ကွပ်ကဲအုပ်ချုပ်ရန် တာဝန် ပေးအပ်ခဲ့ပြီး ဗိုလ်မှူးကြီး နေဝင်းနှင့်အတူ မန္တလေးမြို့သို့ ဆင်းလာသည်။

ဤသို့ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များနှင့် ရင်ပေါင်တန်းချီတက်ကာ မြန်မာပြည်မှ ဆုတ်ခွာလျက်ရှိသော အင်္ဂလိပ်တပ်များကို လိုက်လံတိုက်ခိုက်ပြီး အထက်မြန်မာပြည်တစ်ခုလုံးကို ပါ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော် ၊ အုပ်ချုပ်ရေးအဖွဲ့များ

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်လာရာ သိမ်းပိုက်ပြီးသမျှ မြို့ရွာများတွင် အုပ်ချုပ်ရေးအဖွဲ့များကို ဗမာ့လွတ်လပ်ရေး တပ်မတော်က ဦးစီးပြီး ဖွဲ့စည်းပေးသည်။ ယင်းအဖွဲ့များတွင်တို့ဗမာအစည်းအရုံးဝင်များနှင့်မြို့ခံအစိုးရအမှုထမ်းဟောင်းများ၊ ရပ်ရွာလူကြီးများပါဝင်သည်။ ယင်းအဖွဲ့အစည်းများ၏လုပ်ငန်းများမှာ အုပ်ချုပ်ရေး၊ ငြိမ်ဝပ်ပိပြားရေး၊ လက်နက်သိမ်းဆည်းရေး၊ အခွန်ကောက်ခံရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည်။

ထို့နောက် မြန်မာ့တစ်နိုင်ငံလုံးကို သခင်ထွန်းအုပ်က ကြီးမှူး၍ အုပ်ချုပ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်သည်။ ယင်းအုပ်ချုပ်ရေးအရ မြန်မာတစ်နိုင်ငံလုံးရှိ အုပ်ချုပ်ရေးအဖွဲ့များတွင် တရားဌာန၊ ဘဏ္ဍာရေးဌာန၊ ကာကွယ်ရေးဌာန၊ စိုက်ပျိုးရေးဌာန၊ ကျန်းမာရေးဌာန၊ စစ်သားစုဆောင်းရေးဌာန၊ သစ်တောဌာန၊ ဆည်မြောင်းဌာန၊ ရိက္ခာဌာန၊ ဝါဒဖြန့်ဖြူးရေးဌာနများပါဝင်သည်။ အုပ်ချုပ်ရေးအဖွဲ့များ ဆောင်ရွက်ရမည့် ဝတ္တရားနှင့်နည်းလမ်းများကိုလည်း သခင်ထွန်းအုပ်၏ ဗမာနိုင်ငံအုပ်ချုပ်ရေးဌာနချုပ်မှ ဗမာနိုင်ငံတော်အုပ်ချုပ်ရေးအထွေထွေ စည်းမျဉ်းညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့သည်။

ယင်းအုပ်ချုပ်ရေးအဖွဲ့သည် ၁၉၄၂ခု၊ ဇွန်လ ၄ ရက်နေ့ တွင်ဗိုလ်ချုပ်ကြီးအီဒါက မြန်မာနိုင်ငံရေးခေါင်းဆောင်များ ကို မေမြို့သို့ ဖိတ်ကြားပြီး ဗဟိုအုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့ကိုဖွဲ့စည်းပေးသောအခါ ရပ်စဲသွားလေသည်။

# အခန်း ၆

## ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓါတ်ပေါ်ပေါက်လာခြင်း

### ဂျပန်တို့ ကတိမတည်ခြင်း

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ပွဲဆင်နွှဲတိုက်ခိုက်နေခြင်းမှာမြန်မာပြည်လွတ်လပ်ရေးရရှိရန်ဖြစ်ပေသည်။ သခင်အောင်ဆန်းသည် မြန်မာပြည်မှ လျှို့ဝှက်စွာ ထွက်ခွာသွားပြီး နိုင်ငံခြား အဆက်အသွယ်ရှာကြံ ခြင်းမှာ နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုကို လက်နက်နှင့် တော်လှန်နိုင်ရန် နိုင်ငံခြားအကူအညီ ရရှိရေးအတွက်ဖြစ်ပေသည်။ သခင်အောင်ဆန်းတို့သည် နိုင်ငံခြားအကူအညီ ရရှိမည်ဆိုပါက မည်သည့်နိုင်ငံကပင် ရသည်ဖြစ်စေ လက်ခံရန်ရည်ရွယ်ထားရာ သခင်အောင်ဆန်း အမွိုင်မြို့တွင် ရောက်ရှိနေစဉ် ပြည်တွင်းရှိ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေးခေါင်းဆောင်များနှင့် ဂျပန်ကြည်းတပ်မတော်မှ မြန်မာပြည်နှင့် ပတ်သက်၍ နိုင်ငံရေးအခြေအနေများကို လေ့လာရေး၊ ထောက်လှမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခြေအနေပေးပါက နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးအင်အားစုများနှင့် အဆက်အသွယ်ပြုလုပ်ရန် စေလွှတ်ထားသော ဗိုလ်မှူးကြီး ဆူဇူကီးတို့ အဆက်အသွယ်ရရှိပြီး နောက် သခင်အောင်ဆန်းသည် ဂျပန်ပြည်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။

ထို့နောက် ဂျပန်စစ်ဌာနချုပ်နှင့် ဗိုလ်မှူးကြီး ဆူဇူကီး၊ သခင်အောင်ဆန်းတို့ ဆွေးနွေးညှိနှိုင်းချက်အရ ဂျပန်က မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲတွင် ကူညီမည်ဟု ကတိပြုပြီး မြန်မာပြည်အရေးနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ရန် ဂျပန်စစ်ဌာနချုပ်က မိနာမိအဖွဲ့အစည်းကို တရားဝင် ဖွဲ့စည်းပေးခဲ့သည်။ ထို့ပြင် မိနာမိအဖွဲ့အစည်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာပြည်မှ မျိုးချစ်မြန်မာလူငယ် ၃၀ ကို ဂျပန်ပြည်သို့ လျှို့ဝှက်စွာ ခေါ်ယူနိုင်ခဲ့ပြီး စစ်သင်တန်းများ သင်ကြားပြသ ပေးခဲ့သည်။ သခင်အောင်ဆန်းနှင့် ဂျပန်စစ်ဌာနချုပ်တို့ မူလကဆွေးနွေးညှိနှိုင်းကြရာ၌ သဘောတူညီချက်များတွင် ရဲဘော်သုံးကျိပ်ဝင်များ ခေါင်းဆောင်၍ တပ်မတော်တစ်ရပ်ဖွဲ့စည်းပြီး မြန်မာပြည်တွင်းသို့ ချီတက်တိုက်ခိုက်ရာတွင် မော်လမြိုင်မြို့ကို သိမ်းပိုက်ပြီးပါက မြန်မာပြည်လွတ်လပ်ရေး ကြေညာရန်ဟူသောအချက် ပါဝင်လေသည်။ ¹

ဗမာ့လွတ်လပ်ရေးတပ်မတော်ကမြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်တိုက်ခိုက်ခြင်းမပြုမီ ဂျပန်အမှတ် ၁၅ တပ်တော်၊ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီဒါက ယင်း၏

---

၁။ CD.20. The Growth of the Burma Army. p.27

စစ်ဦးစီးအရာရှိ ဗိုလ်မှူးကြီး နာကာတာ ဆိုင်ချီရို[၁] အား ဗိုလ်မှူးကြီး ဆူဇူကီးထံ စေလွှတ်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်မြန်မာပြည်တွင်းသို့ချီတက်တိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်နှင့် သဘောထားကို မေးမြန်းစုံစမ်းရာတွင် ဗိုလ်မှူးကြီး ဆူဇူကီးက ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာပြည်လွတ်လပ်ရေးအတွက် ချီတက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ချီတက်တိုက်ခိုက်ရာတွင် နယ်ချဲ့အင်္ဂလိပ်အုပ်စိုးမှုအောက်မှ လွတ်မြောက်သော နယ်မြေများတွင်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းပြီး လွတ်လပ်ရေးကြေညာ ရန် ဖြစ်ကြောင်း ပြန်ကြားပြောဆိုခဲ့သည်။[၂]

မြန်မာပြည်တွင်းသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်မတော်တို့ ရင်ပေါင်တန်းချီတက်လာရာ ထားဝယ်၊ မြိတ်၊ မော်လမြိုင်မြို့များကို သိမ်းပိုက်ပြီးသောအခါ မိနာမိအဖွဲ့အစည်းနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့က မြန်မာပြည်လွတ်လပ်ရေး ကြေညာရန် ဂျပန်စစ်အာဏာပိုင်များနှင့် ဆွေးနွေးရာ အကြောင်းပြန်ကြားခြင်းမရှိချေ။ ထိုအချိန်၌ ကျိုက်ထိုတွင် စခန်းချနေသော ဂျပန်အမှတ် ၁၅ တပ်တော်မှ စစ်ဦးစီးအရာရှိ ဗိုလ်မှူးကြီး ဟီဂူချီ[၃] သည် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဖွဲ့စည်းခဲ့သော အုပ်ချုပ်ရေး အဖွဲ့များကိုပင် ဖျက်သိမ်းပစ်ရန် ဗိုလ်မှူးကြီး နာကာတာနှင့် ဆွေးနွေးခဲ့သည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်က မော်လမြိုင်တွင် ဖွဲ့စည်းခဲ့သည့် အုပ်ချုပ်ရေးအဖွဲ့ကို ဂျပန်အမှတ် ၁၅ တပ်တော်မှ ဒုတိယဗိုလ်မှူးကြီး မောရိတာ က ဖျက်သိမ်းပစ်လိုက်သည်။[၄]

ယင်းသို့ ဗမာ့လွတ်လပ်ရေးတပ်မတော် သိမ်းပိုက်ပြီး နယ်မြေများတွင် ဖွဲ့စည်း ခဲ့သော အုပ်ချုပ်ရေးအဖွဲ့များကို ဂျပန်တပ်မတော်က ဖျက်သိမ်းခြင်းပြုသည့်အပြင် သခင် အောင်ဆန်းနှင့် ဂျပန်စစ်ဌာနချုပ်တို့ မူလကသဘောတူညီထားသော မော်လမြိုင်မြို့ကို သိမ်းပိုက်ပြီးပါက မြန်မာပြည်လွတ်လပ်ရေး ကြေညာရန်ဟူသော အချက်ကိုလည်း ဂျပန်တို့ အနေနှင့် ဖျက်ကွက်ခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးနောက် ဂျပန်အမှတ် ၁၅ တပ်တော်မှ ဗိုလ်မှူးကြီးနာဆူး၊ ဗိုလ်မှူးကြီးတေရာကူရာ၊ ဗိုလ်မှူးကြီးနာကာတာနှင့် ဗိုလ်မှူးကြီး ဆူဇူကီး(ဗိုလ်မိုးကြိုး)တို့သည် မြန်မာပြည်လွတ်လပ်ရေး ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြရာ တွင် ဂျပန်တပ်မတော်အနေဖြင့် မြန်မာပြည် လွတ်လပ်ရေးကို အမြန်ဆုံးကြေညာပေးရန် ဗိုလ်မိုးကြိုးက ဗမာ့လွတ်လပ်ရေး တပ်မတော်ကိုယ်စား တင်ပြတောင်းဆိုသည်။ သို့သော် ဂျပန် အမှတ် ၁၅ တပ်တော်မှ ဗိုလ်မှူးကြီးနာဆူးက ယခုအခါ ရန်ကုန်မြို့ကိုသာ သိမ်းပိုက် ရရှိသေးသဖြင့် မြန်မာပြည် လွတ်လပ်ရေးကြေညာရန် ကိစ္စမှာ အချိန်စောသေးကြောင်း

---

၁။ Col.Nakata Saichiro.

၂။ A Memorandum of Col. Nakata Saichiro. pp.1-3

၃။ Col. Heguchi.

၄။ A Memorandum of Col. Nakata Saichiro. p. 3

ပြန်ကြားပြောဆိုပြီး လွတ်လပ်ရေးကြေညာရန်ကိစ္စကို နှောင့်နှေးကြန့်ကြာစေသဖြင့် ဗမာ့လွတ်လပ်ရေး တပ်မတော်က ဂျပန်တပ်များအပေါ် မကျေနပ်မှုများ ပေါ်ပေါက်ခဲ့သည်။ ဗိုလ်မိုးကြိုးသည် ဗမာ့လွတ်လပ် ရေးတပ်မတော်ကို ကိုယ်စားပြု၍ ဂျပန်အမှတ် ၁၅ တပ်တော် စစ်သေနာပတိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အီဒါနှင့်လည်းကောင်း၊ ရန်ကုန်မြို့သို့ ရောက်ရှိလာသော ဂျပန်စစ်ဌာနချုပ်၊ စစ်ဦးစီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မူတို [၁] နှင့် လည်းကောင်း သွားရောက်တွေ့ဆုံ၍ မြန်မာပြည်လွတ်လပ်ရေး ကြေညာရန်ကိစ္စကို တင်ပြလေသည်။ သို့သော် ဒုတိယဗိုလ်ချုပ်ကြီးအီဒါနှင့် ဒုတိယဗိုလ်ချုပ်ကြီးမူတို တို့ နှစ်ဦးစလုံးက ပင် မြန်မာပြည် လွတ်လပ်ရေး ကြေညာရန် အချိန်စောသေးကြောင်း ပြောကြားလိုက်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဂျပန်တပ်များနှင့် ရင်ပေါင်တန်း၍ ရောဝတီမြစ် အနောက်ဘက်ကမ်းမှ အထက်မြန်မာပြည်သို့ ချီတက် တိုက်ခိုက်ပြီး မြန်မာတစ်ပြည်လုံး သိမ်းပိုက်ရရှိသော်လည်း ဂျပန်တပ်များက မြန်မာပြည် လွတ်လပ်ရေးကြေညာရန်ကိစ္စကို မည်သို့မျှ ဆောင်ရွက်ပေးခြင်း မရှိသေးပေ။ ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များအပေါ် မြန်မာပြည်လွတ်လပ်ရေးကြေညာရန်ကိစ္စကို ကတိအတိုင်း ဆောင်ရွက် ပေးခြင်းမရှိသောကြောင့် မကျေနပ်မှုများ ပိုမို ပြင်းထန်လာခဲ့လေသည်။

## ဂျပန်စစ်အုပ်ချုပ်ရေး

ဂျပန်အစိုးရသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများကို တိုက်ခိုက် သိမ်းပိုက်ရန် စီစဉ်ပြီးနောက် ယင်းနိုင်ငံများကို စနစ်တကျအုပ်ချုပ် ချယ်လှယ်နိုင်ရန် ၁၉၄၁ခု နိုဝင်ဘာလ ၅ ရက်နေ့၌ ဂျပန်အစိုးရအဖွဲ့အစည်းအဝေးကို ဂျပန်ဘုရင့် နန်းတော်၌ ကျင်းပ ပြုလုပ်ခဲ့သည်။ ယင်းအစည်းအဝေးက ဂျပန်တို့ ဆင်နွှဲမည့် စစ်ပွဲအတွင်း ကျင့်သုံးမည့် ဝါဒ လမ်းစဉ်များကို ချမှတ်သည်။ ဂျပန်တို့ သိမ်းပိုက်ရရှိမည့် နိုင်ငံများ၊ ဂျပန်၏ အုပ်ချုပ်မှု လက်အောက်တွင် ကြာရှည်စွာရှိနေရေးနှင့် ယင်းနိုင်ငံများမှ သယံဇာတပစ္စည်းများ အပါအဝင်ကုန်ချောကုန်ကြမ်းဟူသမျှကို အလွယ်တကူရရှိရေးအတွက်စစ်အုပ်ချုပ်ရေးနည်း ဗျူဟာများ ချမှတ်ပေးခဲ့သည်။ [၂]

ဂျပန်တို့ မန်ချူးရီးယားအား တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ၁၉၃၃ ခုနှစ်တွင် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရာ၌ ဂျပန်ကြည်းတပ်နှင့် ဂျပန်ရေတပ်တို့ သြဇာပြိုင်ကြ၍ ပြဿနာ ပေါ်ပေါက်ခဲ့ဘူးသောကြောင့် ယခုထပ်မံတိုက်ခိုက်သိမ်းပိုက်မည့် နယ်မြေများတွင် အလားတူပြဿနာမျိုး မကြုံတွေ့စေရန် ဂျပန်ကြည်းတပ်နှင့် ရေတပ်တို့ ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးကို ၁၉၄၁ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဂျပန်ဘုရင့်နန်းတော်၌ပင် ကျင်းပ

---

၁။ Lt. General Muto.

၂။ ဂျပန်ဘာသာဖြင့်ရေးသားထားသည့်ဂျပန်စစ်အုပ်ချုပ်ရေးလေ့လာချက်စာအုပ်၊ မျက်-၅၅

ပြုလုပ်ပြန်သည်။ အစည်းအဝေးက ဟောင်ကောင်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဆုမတ်တြား၊ ဂျာဗား၊ ဘိုနီယိုနှင့် မြန်မာနိုင်ငံတို့တွင် ဂျပန်ကြည်းတပ်မတော်က စစ်အုပ်ချုပ်ရေးကိုဦးဆောင်ရန်နှင့် ဒတ်ချ်ဘိုနီယို၊ စီလီဗိစ်၊ မိုလတ်ကားစ်၊ နယူးဂီနီ၊ ဂူအန်တို့တွင် ဂျပန်ရေတပ်မတော်ကဦးဆောင်ရန် စသည်ဖြင့် ဆုံးဖြတ်သတ်မှတ်ပေးခဲ့ လေသည်။ [၁]

## စစ်အုပ်ချုပ်ရေးဌာနများ

၁၉၄၁ခု နိုဝင်ဘာလ ၂၀ ရက်နေ့တွင် စစ်ပွဲ၌ သိမ်းပိုက်ရရှိမည့် နယ်မြေများအား စစ်အုပ်ချုပ်ရေးထူထောင်ရာတွင် လိုက်နာရမည့် စီမံချက်ကို အစိုးရက ရေးဆွဲအတည်ပြုသည်။ ယင်းစီမံချက်တွင် အုပ်ချုပ်မှုယန္တရားတစ်ခုလုံး ချုပ်ကိုင်နိုင်ရေးအတွက် အသေးစိတ်ဖော်ပြပါရှိလေသည်။ ၁၉၄၂ခု မတ်လ ၁၅ ရက်နေ့တွင် ဂျပန်တောင်ပိုင်း တပ်မတော်က မြန်မာနိုင်ငံအပါအဝင် ယင်းတို့သိမ်းပိုက်ရရှိသည့် တိုင်းပြည်များတွင် မည်သို့မည်ပုံ အုပ်ချုပ်လုပ်ကိုင်ရမည်ကို အသေးစိတ် ထပ်ဆင့်ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။ ယင်းညွှန်ကြားချက်တွင် မြန်မာနိုင်ငံအား အုပ်ချုပ်ရေးပိုင်းတွင် ပိုင်ပိုင်နိုင်နိုင် အုပ်ချုပ်ထိန်းသိမ်းထားရေး၊ ဂျပန်တပ်မတော်က ဗမာ့လွတ်လပ်ရေးတပ်မတော်အား လုံးဝ ကွပ်ကဲထားရေး၊ အစိုးရအဖွဲ့တွင် ပါတီစုံမှ အတွေ့အကြုံ ဩဇာတိက္ကမ ရှိသူများကို သိမ်းသွင်း ဖွဲ့စည်းထားရေး၊ စီးပွားရေးတွင် ကုန်ထုတ်လုပ်ငန်း ဟူသမျှကို ချုပ်ကိုင်ရေး၊ သိမ်းဆည်းရေး စသည်တို့ ပါဝင်လေသည်။ ထို့ပြင် ဂျပန်တောင်ပိုင်းတပ်မတော် ဒုတိယစစ်ဦးစီးချုပ်က စစ်အုပ်ချုပ်ရေး ကွပ်ကဲမှုဌာနကြီး၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် တာဝန်ပေးထား လေသည်။ စစ်အုပ်ချုပ်ရေးဆောင်ရွက်မှုအတွက် ကွပ်ကဲမှုအဖွဲ့ကို အပိုင်း ၅ ပိုင်းခွဲ၍ တာဝန်ပေးပြန်သည်။

ယင်းတို့မှာ–

(၁) ဗဟိုဦးစီးဌာန
(၂) ဆက်သွယ်မှုဌာန
(၃) ဘဏ္ဍာရေးဌာန
(၄) သယ်ယူပို့ဆောင်ရေးဌာန
(၅) သာသနာရေးဌာန ဟူ၍ဖြစ်သည်။

၁၉၄၂ခု မတ်လ ၁၅ ရက်နေ့ အမိန့်အရ အထက်ဖော်ပြပါအတိုင်း ၅ဌာန ခွဲခြားရန် သတ်မှတ်ပြီး မှယင်းနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင်မှ ၅ ဌာနအစား အောက်ပါအတိုင်း ၆ ဌာန

---

၁။ F.N. Trager- Burma: Japanese Military Administration. p.35

ထားရှိရန် ပြန်လည်သတ်မှတ်ပြန်သည် –

(၁) ဗဟိုဦးစီးဌာန
(၂) နိုင်ငံရေးရာဌာန
(၃) စက်မှုလက်မှုဌာန
(၄) ဘဏ္ဍာရေးဌာန
(၅) သယ်ယူပို့ဆောင်ရေးဌာန
(၆) ပညာရေးဌာန

ယင်း ၆ ဌာန၏ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ် အီဆာယာမ ဟာရူကီ[၁] အား ခန့်ထားခဲ့လေသည်။[၂]

ဤကဲ့သို့ ဂျပန်တပ်မတော်က မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် စစ်အုပ်ချုပ်ရေးနှင့် အုပ်ချုပ်ရန် အစီအမံများ ပြုလုပ်ဆောင်ရွက်သကဲ့သို့ ဗမာ့လွတ်လပ်ရေး တပ်မတော်ကလည်း ၁၉၄၂ ခု မတ်လတွင် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ဗမာနိုင်ငံ အုပ်ချုပ်ရေးဗဟို ဌာနချုပ်ကို ဖွင့်လှစ်ကာ အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်လေသည်။

ဗမာနိုင်ငံအုပ်ချုပ်ရေးဗဟိုဌာနချုပ်ကို သခင်ထွန်းအုပ်က ခေါင်းဆောင်ပြီး အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ကျေးရွာ၊ မြို့မ၊ မြို့နယ်စီရင်စု ဟုခွဲခြားသတ်မှတ်ပြီး အုပ်ချုပ်ရေး အဖွဲ့များ ဖွဲ့စည်းပေးကာ အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်စေသည်။[၃]

မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွင် အုပ်ချုပ်ရေးမှူး တစ်ဦးနှင့် အတွင်းရေးမှူး တစ်ဦးက ကွပ်ကဲပြီး အဖွဲ့ဝင်များအဖြစ် အောက်ပါဌာနအသီးသီးမှ အရာရှိ တစ်ဦးစီပါဝင်သည် ယင်းဌာနများမှာ –

(၁) ဘဏ္ဍာရေးဌာန
(၂) တရားရေးဌာန
(၃) ကျန်းမာရေးဌာန
(၄) ပညာရေးဌာန
(၅) ကာကွယ်ရေးဌာန
(၆) လမ်းပန်းဆက်သွယ်ရေးဌာန
(၇) စစ်သားစုဆောင်းရေးဌာန
(၈) ရိက္ခာစုဆောင်းထောက်ပံ့ရေးဌာန

---

၁။ Maj. Gen. Isayama Haruki

၂။ ဂျပန်ဘာသာဖြင့် ရေးသားထားသည့် ဂျပန်စစ်အုပ်ချုပ်ရေးလေ့လာချက်စာအုပ်၊ မျက် ၄၅–၇၃

၃။ ဗမာနိုင်ငံ အုပ်ချုပ်ရေးဗဟိုဌာနချုပ်၊ အထွေထွေအမိန့်အမှတ် ၁၊ အုပ်ချုပ်ရေး စည်းကမ်းချက်များ

(၉) ဝါဒဖြန့်ဖြူးရေးဌာန

များဖြစ်ကြသည်။

စီရင်စုအုပ်ချုပ်ရေး အဖွဲ့တွင်လည်း မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များကဲ့သို့ အုပ်ချုပ်ရေးမှူး တစ်ဦးနှင့် အတွင်းရေးမှူးတစ်ဦးက ကွပ်ကဲကာ သက်ဆိုင်ရာဌာနအသီးသီးမှ အရာရှိ တစ်ဦးစီပါဝင်သည်။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ကွာခြားချက်မှာ စီရင်စု အုပ်ချုပ်ရေးအဖွဲ့တွင် အခွန်တော်ဌာန၊ သစ်တောဌာနနှင့် တာတမံ၊ တူးမြောင်းများရှိသော စီရင်စု၌ တာတမံ၊ တူး မြောင်းဌာနများဟူ၍ တိုးချဲ့ဖွဲ့စည်းထားခြင်းဖြစ်သည်။

ကျေးရွာနှင့် မြို့မအုပ်ချုပ်ရေးအဖွဲ့များက ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းများကို ဆောင်ရွက်ရပြီး မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများအပြင် အထက်ဖော်ပြပါ ဌာနဆိုင်ရာလုပ်ငန်းအသီးသီးကို ဆောင်ရွက်ရသည်။ စီရင်စု အုပ်ချုပ်ရေးအဖွဲ့ကမူ ဗဟိုအစိုးရ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ထားရှိပြီး အုပ်ချုပ်ရေးလုပ်ငန်းအားလုံးကို တာဝန်ယူဆောင်ရွက်ရသည်။

တရားစီရင်ရေးနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးနှင့် စီရင်စုအုပ်ချုပ်ရေးအဖွဲ့များ က ဆောင်ရွက်ရပြီး ကြီးလေးသော ပြစ်မှုများကို စီရင်စုအုပ်ချုပ်ရေးအဖွဲ့ကသာ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ စီရင်စုအုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်ချက်ကို ဗဟိုအစိုးရ၊ တရားဌာနသို့ အယူခံပိုင်ခွင့်လည်း ပေးအပ်ထားသည်။

ဗမာနိုင်ငံ အုပ်ချုပ်ရေး ဗဟိုဌာနချုပ်သည် ယင်းကဲ့သို့ အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်နေစဉ် ၁၉၄၂ခု ဇွန်လ ၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အီဒါက မေမြို့၌ မြန်မာနိုင်ငံရေးခေါင်းဆောင်များကို ဖိတ်ကြားပြီး ဗဟိုအုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပေး လိုက်သောအခါ သခင်ထွန်းအုပ်ဦးဆောင်သော ဗမာနိုင်ငံအုပ်ချုပ်ရေး ဗဟိုဌာနချုပ်သည် ရပ်စဲသွားလေသည်။

ဗိုလ်ချုပ်ကြီး အီဒါ ဖွဲ့စည်းပေးသော ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုအဖွဲ့တွင် ဒေါက်တာဘမော်၊ ဦးဘဖေ၊ ဒေါက်တာသိန်းမောင်၊ သခင်မြ၊ ဗန္ဓုလ ဦးစိန်၊ သခင်ထွန်းအုပ်၊ သခင်နု၊ ဝါးမဦးဘသိန်း၊ ဦးလှဖေနှင့် သခင်ဗစိန်တို့ပါဝင်သည်။[၁]

ထို့နောက် ၁၉၄၂ခု ဩဂုတ်လ ၁ ရက်နေ့၌ ဗိုလ်ချုပ်ကြီး အီဒါကပင် စစ်အုပ်ချုပ်ရေး၏ ကွပ်ကဲမှုအောက်တွင် မြန်မာပြည်အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးပြန်သည်။ ယင်းအစိုးရအဖွဲ့သည် ဂျပန်တို့၏အရှေ့အာရှစစ်ပွဲကြီး အောင်မြင်ရန်နှင့် အရှေ့အာရှတိုက်တွင် ခေတ်သစ်ထူထောင်ရန် ဂျပန်တို့၏အစီအစဉ်များ အောင်မြင်ရေးအတွက် ယင်းတို့ အလိုကျ ဆောင်ရွက်ရသည်။ မြန်မာပြည်အစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်[၂]..

---

၁။ သခင်လွင်၊ ဂျပန်ခေတ်ဗမာပြည်၊ မျက် -၁၃၄

၂။ သခင်လွင်၊ ဂျပန်ခေတ်ဗမာပြည်၊ မျက် -၁၃၉

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ် | ဒေါက်တာ ဘမော် |
| (၂) | ဘဏ္ဍာရေးဝန်ကြီး | ဒေါက်တာ သိန်းမောင် |
| (၃) | လယ်ယာစိုက်ပျိုးရေးဝန်ကြီး | သခင်သန်းထွန်း |
| (၄) | သစ်တောရေးဝန်ကြီး | သခင်ထွန်းအုပ် |
| (၅) | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး | ဦးလှဖေ |
| (၆) | လမ်းခရီးဆက်သွယ်ရေးနှင့် ဆည်မြောင်းဝန်ကြီး | သခင် ဗစိန် |
| (၇) | ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး | ဦးဘဝင်း |
| (၈) | တရားရေးဝန်ကြီး | ဦးထွန်းအောင် |
| (၉) | လမ်းပန်းအဆောက်အဦးဝန်ကြီး | ဗန္ဓုလ ဦးစိန် |
| (၁၀) | ဌာနလက်ကိုင်မရှိဝန်ကြီး | သခင်မြ |

ဒေါက်တာဘမော်ခေါင်းဆောင်သော မြန်မာပြည်အစိုးရအဖွဲ့သည် ဂျပန်အာဏာပိုင်တို့၏ ဩဇာခံ ရုပ်သေးအစိုးရ သက်သက်သာဖြစ်ပြီး ဂျပန်တပ်မတော်၏ ညွှန်ကြားချက်များ အတိုင်း ဆောင်ရွက်လုပ်ကိုင်ရသည်။ [၁]

## ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တို့၏ဆက်ဆံရေး

ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များသည် မြန်မာပြည်တွင်းသို့ စစ်ချီနာအသီးသီးဖွင့်ပြီး ချီတက်တိုက်ခိုက်ကြရာ မူလက တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး ပြေပြစ်သော်လည်း မော်လမြိုင်မြို့ကို သိမ်းပိုက်ပြီးသောအခါ ဂျပန်တပ်မတော်က မြန်မာပြည်လွတ်လပ်ရေးရရှိရန် မည်သို့မျှ ဆောင်ရွက်ပေးခြင်း မရှိသဖြင့် ဂျပန်တပ်မတော်အပေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်က မကျေမနပ်ဖြစ် လာသည်။ ဂျပန် တို့၏ ကတိပျက်ကွက်မှုကို ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် ထင်ထင်ရှားရှား သိရှိလာ သောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်က ဂျပန်တပ်မတော်ကို တော်လှန်ရန်စိတ်ဓာတ် သည်အထိ ဖြစ်ပေါ်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များ၏ ဆက်ဆံရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက –

> " ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များသည် ထိုင်းနိုင်ငံမှမြန်မာပြည်တွင်းသို့ ပူးတွဲချီတက်လာရာ လမ်းတစ်လျှောက်တွင်မြန်မာပြည်သူပြည် သားများအပေါ်ဂျပန်တပ်များက နိုင့်ထက်စီးနင်းပြုမူဆက်ဆံပုံတို့ကိုဗမာ့လွတ်လပ် ရေးတပ်မတော်သားများက မနှစ်သက်ပေ။ ဗမာ့လွတ်လပ်ရေး တပ်မတော်အနေနှင့်

---

၁။ သခင်လွင်၊ ဂျပန်ခေတ်ဗမာပြည် မျက် – ၁၃၉

ဂျပန်တပ်သားများ၏ အပြုအမူများကို တတ်အားသရွေ့ ဝင်ရောက်တားဆီးသော်လည်းအရာမထင်ချေ။ မကြာခဏဆိုသလိုပင် ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများနှင့် ဂျပန်တပ်သားတို့ ခိုက်ရန်ဖြစ်ပွားကြသည်။ ထိုစဉ်ကပင် ဗမာ့လွတ်လပ်ရေးတပ်မတော်က ဂျပန်တပ်မတော်ကို တော်လှန်ရန် ကြံစည်ကြိုးစားသော်လည်း ဗမာ့လွတ်လပ်ရေးတပ်မတော်အနေဖြင့် အဆင်သင့်မဖြစ်သေးသောကြောင့် မတော်လှန်ဖြစ်ပေ"

ဟူ၍ မှတ်တမ်းတင်ခဲ့သည်။ ၁

ထို့ပြင် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးသော်လည်း ဂျပန်တပ်မတော်က မြန်မာပြည်လွတ်လပ်ရေးကြေညာရန်ကိစ္စကို ဆောင်ရွက်ပေးခြင်းမရှိသောကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်က မကျေနပ်မှုများ ပိုမိုပြင်းထန်လာသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် သိမ်းပိုက်ပြီးသမျှ မြို့ရွာများတွင် အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးရာ ယင်းအုပ်ချုပ်ရေးအဖွဲ့များ၏ အုပ်ချုပ်ရေးကိစ္စများတွင် ဂျပန်တပ်များက ဝင်ရောက်စွက်ဖက်သောကြောင့် ဆက်ဆံရေးမပြေလည်မှုများ ပေါ်ပေါက်သည်။ ထို့ပြင် ဂျပန်ကင်ပေတိုင်တို့၏ ဖက်ဆစ်ဆန်ဆန် ညှဉ်းပန်းနှိပ်စက်မှုများကို မြန်မာပြည်သူပြည်သားတို့ အလူးအလဲခံစားရရာ ဗမာ့လွတ်လပ်ရေးတပ်မတော်အနေဖြင့် ဂျပန်တို့ကို မုန်းတီးလာသည်။

ထို့ပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်သားများအပေါ် ဂျပန်တပ်သားများက နိုင်ထက်ကလူ ပြုမူမှုများကြောင့် လည်းကောင်း၊ ဂျပန်တပ်သားများက ပြည်သူလူထုအပေါ် ညှဉ်းပန်းနှိပ်စက်မှုများကို တွေ့မြင်ရသော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများက မခံမရပ်နိုင်ဖြစ်ကာ ဝင်ရောက်ဖြန်ဖြေသောကြောင့် ပေါ်ပေါက်ခဲ့ရသော ပဋိပက္ခများကြောင့် လည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များ၏ဆက်ဆံရေးမှာ တစ်စတစ်စတင်းမာလာလေသည်။ သာဓကတစ်ခုမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်က အထက်မြန်မာပြည်သို့ချီတက်ရာတွင် ဗိုလ်မှူးကြီး ဧယျူဦးစီးသည့်တပ်ဖွဲ့မှ တပ်သားများနှင့် ဂျပန်တပ်သားတို့ထိုးချိုင်၍ ခိုက်ရန်ဖြစ်ပွားရာဂျပန်အရာရှိတစ်ဦးဒဏ်ရာ ရရှိသွားသည်။ ထို့ကြောင့် ဗိုလ်မှူးကြီး ဧယျူနှင့် တပ်သားအချို့ကို ဂျပန်တပ်က ဖမ်းဆီးထားရာ ဂျပန်ဆက်သွယ်ရေး အရာရှိတစ်ဦး၏ ဝင်ရောက်ဖြန်ဖြေမှုကြောင့် ဗိုလ်မှူးကြီး ဧယျူတို့ လွတ်မြောက်ခဲ့ရသည်။ အကယ်၍ ဗိုလ်မှူးကြီးဧယျူတို့အား ဂျပန်တပ်က ဆက်လက်ဖမ်းဆီးထားပါက ဗမာ့လွတ်လပ် ရေးတပ်မတော်သည် ဂျပန်တပ်များကို ထိုစဉ်ကပင် တော်လှန်တိုက်ခိုက်မည်မှာ သေချာ ပေသည်။

---

၁။ Aung San. Burma's Challenge. p.37

## လွတ်လပ်ရေးကို အစဉ်ရှေးရှုသော ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီးနောက် ဂျပန်တပ်များနှင့်အတူ မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ကာ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ခိုက်ခြင်းမှာ မြန်မာပြည်လွတ်လပ်ရေးရရှိရန်ဟူသော မျှော်မှန်းချက်ဖြင့် ဖြစ်ပေသည်။ နယ်ချဲ့အင်္ဂလိပ်ကို လက်နက်နှင့်တော်လှန်၍ မြန်မာပြည်လွတ်လပ်ရေး အတွက် တိုက်ပွဲဝင်နိုင်ရန် နိုင်ငံခြားအကူအညီကို ရယူရာတွင် ဂျပန်တို့နှင့် ဆက်သွယ် မိခြင်းမှာ ဂျပန်တို့ ကျင့်သုံးနေသည့် မူဝါဒနှင့် သဘောထားကို နှစ်သက်ယုံကြည်၍ ဆက်သွယ်မိခြင်း မဟုတ်ပေ။ မြန်မာပြည်ကို နယ်ချဲ့အုပ်စိုးမှုအောက်မှ လွတ်မြောက်အောင် ကြိုးပမ်းဆောင် ရွက်ရာတွင် နိုင်ငံခြားအကူအညီရရှိမည်ဆိုပါက မည်သည့်နိုင်ငံကပင် ရသည်ဖြစ်စေ လက်ခံရန် သခင်အောင်ဆန်းနှင့် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး ခေါင်းဆောင် များက ဆုံးဖြတ်ထားပြီးဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးနှင့် မြေအောက်တော်လှန် ရေး အဖွဲ့အစည်းဖြစ်သော ဘီအာရ်ပီ[၁] က သခင်အောင်ဆန်းကို ပြည်ပသို့ လျှို့ဝှက်စွာ ထွက်ခွာ သွားစေပြီး နိုင်ငံခြား အဆက်အသွယ်နှင့်အကူအညီ ရယူရန် ကြိုးပမ်းနေစဉ် ဂျပန်ကလည်း အရှေ့တောင်အာရှ နိုင်ငံများသို့ နယ်ပယ်ချဲ့ထွင်ရေး စစ်ပွဲ ဆင်နွှဲရန်နှင့် တရုတ်–မြန်မာ လမ်းမကြီးကို ဖြတ်တောက်ပိတ်ဆို့ရန် စုံစမ်းထောက်လှမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရေး အတွက် မြန်မာပြည်သို့ ပုဂ္ဂိုလ်အချို့ကို လျှို့ဝှက်စွာ စေလွှတ်ထားပြီး ဖြစ်သည်။ ထင်ရှားသော ပုဂ္ဂိုလ်များမှာ ဂျပန်ကြည်းတပ်မတော်မှ စေလွှတ်ထားသူ ဗိုလ်မှူးကြီး ဆူဇူကီး နှင့် ဂျပန် ရေတပ်မတော်မှ စေလွှတ်ထားသူ မစွတာ ကိုကူဘူး တို့ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းရှိ မြေအောက်တော်လှန်ရေးအဖွဲ့အစည်းနှင့် ဗိုလ်မှူးကြီး ဆူဇူကီးတို့ အဆက် အသွယ်ရရှိရာမှ သခင်အောင်ဆန်းသည် ဂျပန်ပြည်သို့ ရောက်ရှိ သွားခြင်းဖြစ်သည်။ သခင်အောင်ဆန်းသည် ဂျပန်တို့ မန်ချူးရီးယားနှင့် တရုတ်ပြည်တွင် ကျင့်သုံးသော ဖက်ဆစ်သရုပ်ကို မသိမမြင်၍ ဂျပန်နှင့် ပူးပေါင်းခြင်း မဟုတ်ပေ။ သခင်အောင်ဆန်းသည် ဂျပန်တို့၏ ဖက်ဆစ်သရုပ်ကို သိမြင်သော်လည်း မြန်မာပြည် လွတ်လပ်ရေးအတွက် တိုက်ပွဲ ဝင်နိုင်ရန် နိုင်ငံခြားအကူအညီကို လောလောဆယ် အပူတပြင်း လိုအပ်နေသောကြောင့် ရရှိလာသည့် အခွင့်အရေးတစ်ရပ်ကို အသုံးချခြင်းသာ ဖြစ်လေသည်။

သခင်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းရန် ဘန်ကောက်မြို့ သို့ ရောက်ရှိစဉ် ပြည်တွင်းရှိ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေး ခေါင်းဆောင်များထံ စာရေး၍ ဂျပန်ကို ယုံကြည်မှု အပြည့်အဝ ထားရှိ၍ မဖြစ်ကြောင်း

---

၁။ Burma Revolutionary Party.

အကြောင်းကြားခဲ့သည်။ ထို့ပြင် ရဲဘော်သုံးကျိပ်ဝင်များထဲမှ ရဲဘော်အချို့[၁] ကို ပြည်တွင်းသို့ ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်လာခြင်း မပြုမီ ကြိုတင်စေလွှတ်၍ နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးလုပ်ငန်းများကို စည်းရုံးဆောင်ရွက်ရန်နှင့် အကယ်၍ ဂျပန်က မြန်မာပြည် လွတ်လပ်ရေးနှင့် ပတ်သက်၍ အဟန့်အတားပြုလာပါက ဂျပန်ကိုပါ ဆက်လက် တော်လှန် နိုင်ရန် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို ဆောင်ရွက်ထားရန် တာဝန်ပေးအပ် လိုက်သည်။[၂]

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် အစဉ်တစိုက် ရှေ့ရှုဆောင်ရွက်ခဲ့လေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကို နယ်ချဲ့အင်္ဂလိပ်တို့ထံမှ လက်နက်နှင့် တိုက်ယူမှသာ ရရှိနိုင်မည်ကို သိရှိသောကြောင့် အင်္ဂလိပ်အုပ်စိုးမှုကို လက်နက် နှင့် တော်လှန်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အရင်းရှင်နယ်ချဲ့စနစ်၏ အုပ်စိုးမှုအောက်မှ ဖက်ဆစ်အုပ်စိုးမှုအောက်သို့ သက်ဆင်းရန် ကြိုးပမ်းခြင်းမဟုတ်ပေ။ ထို့ကြောင့် ဗမာ့လွတ် လပ်ရေးတပ်မတော်က ဂျပန်တပ်များနှင့် ရင်ပေါင်တန်း၍ မြန်မာပြည်တွင်းသို့ချီတက်ခဲ့ရာ တွင် ခရီးတစ်လျှောက်၌ ဂျပန်တပ်သားများကမြန်မာပြည်သူလူထုနှင့် ဗမာ့လွတ်လပ်ရေး တပ်မတော်သားများအပေါ် နိုင်ထက်ကလူပြုမှုများ၊ ညှဉ်းပမ်းနှိပ်စက်မှုများကို ကြုံတွေ့ ခံစား ရပြီး ၊ မော်လမြိုင်မြို့ကို သိမ်းပိုက်ပြီးသောအခါတွင်လည်းကောင်း၊ ရန်ကုန်မြို့ကို သိမ်းပိုက် ပြီးသောအခါတွင်လည်းကောင်း မြန်မာပြည်လွတ်လပ်ရေးကြေညာရန်ကိစ္စကို ဂျပန်တပ်များ က ဆောင်ရွက်ပေးရန် ပျက်ကွက်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဂျပန်ကို မုချတော်လှန်ရမည်ဟု အခါအခွင့်သင့်တိုင်း သတိပေးပြောကြား ခဲ့သည်။

သို့ရာတွင် ဂျပန်တပ်မတော်သည် စစ်အင်အားအရလည်းကောင်း၊ စစ်ပညာအရ သည်းကောင်း ပြည့်စုံပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်သည် စစ်ပညာနှင့် စစ်အတွေ့အကြုံ အရ ဂျပန်ကို တော်လှန်နိုင်သည့် အခြေအနေတွင် မရှိသေးသည့်အပြင် ပြည်သူလူထုအတွင်း၌ နက်ရှိုင်းစွာ စည်းရုံးမှုများ မပြုလုပ်ရသေးသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ကို တော်လှန်ရန် အချိန်အခါနှင့် အခွင့်အရေးကို စောင့်ဆိုင်းလျက်ရှိလေသည်။

---

၁။ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်ဘဂျမ်း(ဗိုလ်လရောင်)၊ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ) နှင့် ကိုလှမောင်(ဗိုလ်ဇေယျ) တို့ကို ပြည်တွင်းသို့ ကြိုတင်စေလွှတ်လိုက်သည်။ သခင်လှဖေနှင့် သခင်ဘဂျမ်းတို့သည် ထိုင်းပုလိပ်၏ ဖမ်းဆီးခြင်းခံရ၍ ပြည်တွင်းသို့ မရောက်ရှိခဲ့ပေ။ ကိုလှမောင်နှင့် သခင်ထွန်းခင်တို့သာ ပြည်တွင်းသို့ရောက်ရှိသည်။

၂။ Aung San. Burma's Challenge. p.37

## ဗမာ့လွတ်လပ်ရေးတပ်မတော်ဖျက်သိမ်းခြင်း

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ချီတက်ရာ လမ်းခရီး တစ်လျှောက်တွင် စစ်သားစုဆောင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာ မျိုးချစ်လူငယ်အများအပြားသည် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်အမှုထမ်းကြသည်။ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်မိသောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်၏အင်အားမှာ ၅သောင်းခန့် ရှိလေ သည်။ ထို့ပြင် ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ဆက်ဆံရေးမှာ တစ်စတစ်စ တင်းမာလျက်ရှိရာ ဗမာ့လွတ်လပ်ရေးတပ်မတော်က အခွင့်အရေးရလျှင် ဂျပန်ကို တော်လှန်မည့်အန္တရာယ်ကို ဂျပန်တို့ စိုးရိမ် ပူပန်သောကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော် ကို ဖျက်သိမ်းရန် မြန်မာပြည်ရှိ ဂျပန်တပ်မတော်အာဏာပိုင်များက စတင်ဆွေးနွေး စီစဉ်ကြသည်။

ဂျပန်တောင်ပိုင်း တပ်မတော်က ဖူဂျီဝါရာ [၁] ဆိုသူ အရပ်သားအရာရှိတစ်ဦးကို ရန်ကုန်မြို့သို့ စေလွှတ်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်က ဂျပန်တို့အပေါ် မကျေနပ်သောပြဿနာများကို စုံစမ်းစေသည်။ ဖူဂျီဝါရာသည် ရန်ကုန်မြို့၌ ဗိုလ်မိုးကြိုးနှင့် တွေ့ဆုံပြီးနောက်ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များ ဆက်ဆံရေးမပြေပြစ် မှုများ ကြောင့် ဂျပန်တပ်မတော်ကို တော်လှန်ရန် စိုင်းပြင်းနေသဖြင့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်း၍ တပ်မတော်အသစ် ထပ်မံဖွဲ့စည်းရန် အကြံပေးရာ ဗိုလ်မိုးကြိုးက လက်မခံချေ။ ဗိုလ်မိုးကြိုးကပြောကြားသည်မှာ ဂျပန်တို့က မြန်မာတို့အား လွတ်လပ်ရေး ရပါစေမည်ဟု ကတိပြုပြီးမှ ဤသို့ စစ်အုပ်ချုပ်ရေးနှင့် အုပ်ချုပ်နေခြင်းသည် နည်းလမ်း မကျကြောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်က မြန်မာပြည်လွတ်လပ်ရေးကိုသာ လိုလား သောကြောင့် ဂျပန်နှင့်တွဲပြီး နယ်ချဲ့အင်္ဂလိပ်ကို တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ အကယ်၍ ဂျပန်က မြန်မာပြည်လွတ်လပ်ရေးကြေညာပေးခြင်းမရှိပါက ဗမာ့လွတ်လပ်ရေး တပ်မတော် သည် ဂျပန်ကို မုချ တော်လှန်လိမ့်မည်ဖြစ်ကြောင်း ပြန်လည် ပြောကြားသည်။ [၂]

ဂျပန်တပ်မတော် အရာရှိကြီးများသည် မေမြို့ရှိ အမှတ် ၁၅ တပ်တော် စစ်ဌာနချုပ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းသင့်၊ မဖျက်သိမ်းသင့် ဟူသော ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြပြန်သည်။ အဆိုပါဆွေးနွေးပွဲတွင် ဂျပန်စစ်ထောက်လှမ်းရေးမှ ဗိုလ်မှူး ဆိုက်တိုး [၃] က ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်က မြန်မာပြည်ကို လွတ်လပ်ရေး ကြေညာပေးခြင်း မရှိသောကြောင့်လည်းကောင်း၊ ဗမာ့လွတ်လပ်ရေး တပ်မတော် အုပ်ချုပ် ရေးအဖွဲ့များကို ဖျက်သိမ်းလိုက်သောကြောင့် လည်းကောင်း ဂျပန်တပ်မ တော် ကို

၁။ Mr. Fujiwara

၂။ CD.20. The Growth of the Burma Army. p.208

၃။ Major Saito

မကျေနပ်လျက်ရှိရာ အခြေအနေပေးသည်နှင့် တစ်ပြိုင်နက် ယင်းတို့သည် ဂျပန် တပ်မတော်ကို တော်လှန်လိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီး ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်းပစ်ရန် တိုက်တွန်းသည်။

ထို့ပြင် ဗိုလ်မှူး တာကေရှီတာ[၁] ကလည်း ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ယင်းတို့ထဲမှ လူအင်အား ၃၀၀၀ မှ ၅၀၀၀ ကို ပြန်လည်ရွေးချယ်ပြီး အသစ်ထပ်မံဖွဲ့စည်း သင့်ကြောင်း အကြံပေးသည်။ နောက်ဆုံးတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်းပြီး လူအင်အား ၃၀၀၀ မှ ၅၀၀၀ အထိပါဝင်သော တပ်မတော်အသစ် (ဗမာ့ကာကွယ်ရေး တပ်မတော်) ကို ပြန်လည်ဖွဲ့စည်းရန်နှင့် ဗိုလ်ချုပ်အောင်ဆန်းကို အသစ်ထပ်မံဖွဲ့စည်းသည့် တပ်မတော်တွင် စစ်သေနာပတိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်သည်။ ဗူဂျီဝါရာသည် အဆိုပါ ဆုံးဖြတ်ချက်ကို ဂျပန်တောင်ပိုင်း တပ်မတော် စစ်ဌာနချုပ်သို့ သွားရောက်တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး တာဆူကာဒါ[၂] ကလက်ခံအတည် ပြုသည်။ မြန်မာပြည်ရှိဂျပန်အမှတ် ၁၅ တပ်တော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး အီဒါကလည်း ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းပြီး စနစ်ကျသော တပ်မတော်အသစ် ပြန်လည်ဖွဲ့စည်းရေးကို လက်ခံသဘောတူ သည်။

ဂျပန်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓါတ်၊ မျိုးချစ်စိတ်ဓါတ် တိုးတက်များပြားလာသော အင်အားနှင့် ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးမှုများကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ယင်းတို့အတွက် အန္တရာယ်တစ်ရပ်အဖြစ် တွေ့မြင်လာသဖြင့် ပိုမိုစနစ်ကျသော တပ်မတော်အသစ် ပြန်လည်ဖွဲ့စည်းရန်ဟုအကြောင်းပြပြီး ဖျက်သိမ်းပစ်လိုခြင်းသာ ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် တစ်ရပ်လုံးကမူ ယင်းသို့ ဖျက်သိမ်းခြင်းခံရသည်ကို လုံးဝမကျေနပ်ပေ။ မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲအတွက် နယ်ချဲ့အင်္ဂလိပ်ကို လက်နက်နှင့် တော်လှန်နိုင်ရန် ဗမာ့လွတ်လပ်ရေးတပ်မတော်အတွင်းသို့ မျိုးချစ်စိတ်ဓါတ် အပြည့်အဝဖြင့် ဝင်ရောက်လာခဲ့ကြသော အင်အားစုကြီးတစ်ရပ် ပြိုကွဲသွားမည်ကို ဗိုလ်ချုပ် အောင်ဆန်းနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သားအားလုံးက မလိုလားပေ။ သို့သော် ယင်း အချိန်၌ ဂျပန်တပ်များကို တော်လှန်တိုက်ခိုက်မည်ဆိုပါက စစ်အင်အားအရ ယှဉ်ပြိုင်နိုင်သော်ငြားလည်း စစ်ပညာနှင့် စစ်အတွေ့အကြုံ၊ စစ်လက်နက်ပစ္စည်း အရာများတွင် ဂျပန်တပ်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်သည့် အရည်အသွေး လိုအပ်နေသေးသောကြောင့် လည်းကောင်း၊ ဖက်ဆစ်ဂျပန်တော် လှန် ရေးအတွက် ပြည်သူလူထုအတွင်းသို့

၁။ Major Takeshita

၂။ Lt.Gen. Tasukada

လိုအပ်သည့် စည်းရုံးရေးလုပ်ငန်းများ၊ ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရသေးသောကြောင့် လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းခြင်းကို လက်ခံလိုက်ရခြင်းဖြစ်ပေသည်။

ထို့ပြင် ၁၉၄၂ခု ဇွန်လ ၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးအီဒါက မြန်မာနိုင်ငံရေး ခေါင်းဆောင်များကို ဖိတ်ကြားပြီး မြန်မာနိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗဟိုအုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့.[1] ကို ဖွဲ့စည်းပေးရာ ယင်းအဖွဲ့သည် မြန်မာပြည် ဗဟိုအစိုးရ ထူထောင်ရန် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အခြေခံဥပဒေရေးဆွဲရေးအတွက် ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည်။ အဆိုပါအစည်းအဝေးတွင် ဗိုလ်ချုပ်ကြီး အီဒါက ဗဟိုအုပ်ချုပ်ရေးစီစဉ်မှုအဖွဲ့သည် ဂျပန်စစ်အုပ်ချုပ်ရေး[illegible]အောက် တွင် ရှိမည်ဖြစ်ကြောင်း အတိအလင်းပြောကြားလိုက်သည်။ ထို့ပြင် ဗမာ့လွတ်လပ်ရေး တပ်မတော် ကို အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းမှ ရပ်စဲရန် တားမြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၂ခု ဇွန်လ ၅ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို အုပ်ချုပ်ရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တားမြစ်သည့် အမိန့် တစ်ရပ် ထုတ်ပြန်သည်။[2] ယင်းအစည်းအဝေးမှပင် မီနာမီအဖွဲ့အစည်းကိုလည်း ဂျပန်အမှတ် ၁၅ တပ်တော် လက်အောက်သို့ တွဲဖက်ထားပြီး ဇွန်လ ၁၁ ရက်နေ့တွင် လုံးဝဖျက်သိမ်း လိုက်သည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းရန် အစီအစဉ်ဖြင့် တပ်များ အား မန္တလေးတွင် စုရုံးစခန်းချရန် ဗိုလ်ချုပ် အောင်ဆန်းက အမိန့် ထုတ်ပြန်သည်။ အချို့ တပ်များကို ရန်ကုန် မင်္ဂလာဒုံတွင် စုရုံးစေသည်။ ၁၉၄၂ ခု ဇွန်လ ဒုတိယပတ်တွင် ဗမာ့ လွတ်လပ်ရေးတပ်မတော်၌ ဆက်လက် အမှုထမ်းလိုခြင်းမရှိသော အရာရှိနှင့် အကြပ် တပ်သားများအား နေရပ်သို့ ပြန်ပို့ခြင်း၊ အသစ်ထပ်မံ ဖွဲ့စည်းမည့် တပ်မတော်တွင် ပါဝင်မည့် တပ်သား ၃၀၀၀ ကို ရွေးချယ်ရန် ဆေးစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ၁၉၄၂ခု ဇူလိုင်လ ၂၇ရက်နေ့တွင် ဖျက်သိမ်း လိုက်လေသည်။

---

၁။ Preparation Committee

၂။ Burma Intelligence Bureau. Burma Under The Japanese Occupation. pp. 5-6

# အခန်း ၇

# ဗမာ့ကာကွယ်ရေးတပ်မတော်ပြန်လည်ဖွဲ့စည်းရခြင်း

## ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းခြင်း

### တပ်များဖွဲ့စည်းရန် ပြန်လည်စုရုံးခြင်း

ဂျပန်တို့သည် မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်း ပိုက်ရာတွင် မျှော်လင့် သည်ထက် လွယ်ကူလျင်မြန်ခဲ့ကြသည်။ ယင်းသို့လွယ်ကူလျင်မြန်ရခြင်းမှာလည်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)နှင့်မြန်မာပြည်သူလူထုတစ်ရပ်လုံး၏နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်ပြင်းထန်မှု၊ လွတ်လပ်ရေးရယူလိုမှု၊ အချင်းချင်း ညီညွတ်စွာ စည်းရုံးတိုက်ခိုက်မှုများကြောင့် ဖြစ်လေသည်။

မြန်မာတစ်နိုင်ငံလုံးကို ဂျပန်တို့ သိမ်းပိုက်ပြီးသည့်အချိန်တွင် လွတ်လပ်ရေး အတွက် ကြိုးပမ်းလျက်ရှိကြသော ဗမာ့လွတ်လပ်ရေးတပ်မတော်၏အင်အားမှာ ငါးသောင်း ခန့်အထိ တိုးတက်မြင့်မားလာခဲ့သည်။[၁]

ဗြိတိသျှတို့လက်အောက်မှ မြန်မာနိုင်ငံကိုသိမ်းပိုက်ရာ၌ ဗမာ့လွတ်လပ်ရေး တပ်မတော်၏ ပါဝင်ကူညီတိုက်ခိုက်မှုကိုလည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အကြောင်းပြု၍ပြည်သူတစ်ရပ်လုံး၏ ထောက်ခံမှုရရှိရေးကိုလည်းကောင်း ဂျပန်တို့ရယူလို ကြ၏။ ထို့ကြောင့်ဂျပန်တို့ကတနင်္သာရီကို သိမ်းပိုက်ပြီးလျှင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကို ကြေညာပေးပါ မည်ဟူ၍ ကတိပေးခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်က မိမိတို့၏ မူလရည်မှန်းချက်ဖြစ်သော လွတ်လပ်သည့်အချုပ်အချာအာဏာပိုင်မြန်မာနိုင်ငံ ဖြစ်ပေါ် တည်တံ့နိုင်ရေးအတွက်မျက်ခြည်ပြတ်မခံဘဲတိုင်းရင်းသားလုပ်သားပြည်သူများအား လှုံ့ဆော် စည်းရုံး၍ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုခိုင်မာတောင့်တင်းသည့်အမျိုးသားတပ်မတော်ကြီး အဖြစ်ထူထောင်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ထို့ကြောင့်ပင်အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုအရှိန်အဟုန်သည်လည်း ဒီရေအလား တစ်နေ့တခြားမြင့်မားတိုး တက်လာခဲ့သည်။ ယင်းသို့သောဗမာ့လွတ်လပ်ရေးတပ်မတော်၏အမျိုးသားရေးလှုပ်ရှားမှု သည်ပင်မြန်မာနိုင်ငံအားကိုလိုနီနိုင်ငံအဖြစ်ထူထောင်လိုကြသည့် ဂျပန်တို့အဖို့ကြီးမားသည့် အဟန့်အတားကြီးတစ်ရပ်ဖြစ်လာလေတော့သည်။ သို့ဖြစ်ရာ လွတ်လပ်ရေးဦးတည်ချက်ဖြင့်

---

၁။ Maung Maung - Burma's Constitution. P.55

တိုက်ပွဲဝင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဘုရားပြီးငြမ်းဖျက်သကဲ့သို့ လုံးဝဖျက်သိမ်း ပစ်ရန် စည်းဝေးဆုံးဖြတ်ခဲ့ကြလေသည်။

ဂျပန်အာဏာပိုင်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို လုံးဝဖျက်သိမ်း ပစ်ရန် စီမံထားသော်လည်း ယင်းသို့ဖျက်သိမ်းလိုက်ပါက တော်လှန်ရေးအရှိန်အဟုန် မြင့်မား လျက်ရှိသော ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်မြန်မာပြည်သူလူထုတစ်ရပ်လုံးက ယင်းတို့ အား တော်လှန်တိုက်ခိုက်ကြမည်ကိုလည်း စိုးရိမ်မကင်းဖြစ်ခဲ့ကြပြန်သည်။[၁] ထို့ကြောင့် လွတ်လပ်ရေး ရရှိတော့မည်ဖြစ်သည့် မြန်မာနိုင်ငံအား လွတ်လပ်ရေး နှင့်လျော်ညီစွာ ကာကွယ်စောင့် ရှောက်နိုင်စေရေးအတွက်စနစ်ကျသောတပ်မတော် အသစ် တစ်ရပ် ဖွဲ့စည်းရန် လိုအပ်ကြောင်း အကြောင်းပြပြောဆို လာ ကြတော့သည်။[၂]

ထိုစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများကဖက်ဆစ်ဂျပန်တို့ကို ပြန်လည်တော်လှန်တိုက်ခိုက်နိုင်ရေးတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ စစ်ရေးအတွေ့ အကြုံ နှင့် လေ့ကျင့်မှုများလိုအပ်နေသေးခြင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်တိုဂျို[၃]က (၂၁-၁-၄၂) နေ့တွင် မြန်မာပြည်အားလွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း ဒိုင်းယက်လွှတ်တော် ၌ မိန့်ကြား ထားပြီး ဖြစ်ခြင်း[၄] တို့ကြောင့် ဗမာလွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေး တပ်မတော်[၅] သို့ ပြောင်းလဲဖွဲ့စည်းပေးမည်ဟူသောဂျပန်တို့၏ ကမ်းလှမ်းမှုကို နည်း ပရိယာယ် အရ လက်ခံခဲ့ လေသည်။

စင်စစ်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်း နှင့် ခေါင်းဆောင် ကြီးများ၏ ရည်မှန်းချက်မှာ ဂျပန်တို့ပြန်လည်ဖွဲ့စည်းပေးမည့် ဗမာ့ကာကွယ်ရေးတပ်မတော်ကို တော်လှန်ရေး၏ အမာခံ အမြုတေအင်အားစုကြီးအဖြစ် ပြုစုပျိုးထောင်၍ လေ့ကျင့်ရေး၊ စစ်စွမ်းရည် ထက်မြက်ရေး၊စည်းကမ်းပိုမိုကောင်းမွန်ရေး၊ကိုဏ်းဂဏပါတီမရွေးတစ်နိုင်ငံလုံးစည်းရုံးညီညွတ်ရေးတို့ကိုဆောင် ရွက်ကာ ဖက်ဆစ်တော်လှန်ရေးအတွက်အခွင့်အခါကောင်းကို စောင့်ဆိုင်းရန် ဖြစ်လေသည်။

သို့ဖြင့်ဗိုလ်ချုပ်အောင်ဆန်းသည် အနယ်နယ်အရပ်ရပ်သို့ရောက်ရှိ နေကြသော ဗမာ့လွတ်လပ်ရေးတပ်မတော်အားပြန်လည်စုစည်းရေးအတွက် စတင်ဆောင်ရွက် လေတော့သည်။

---

၁။ တပေဗိမာန် - ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ မျက် ၁၂၀

၂။ CD.20 . The Growth of the Burma Army. P. 171

၃။ Premier Tojo

၄။ Colonel Ne Win. " Burmese Army ", The Burma Digest, Vol.I, No.10. P.7

၅။ B.D.A (Burma Defence Army)

သက္ကရာဇ် ၁၃၀၄ခု၊ ဂါဆိုလဆန်း ၁ ရက်(၁၃-၆-၄၂)နေ့တွင် ဖန်းမော်သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းထံမှ ဗိုလ်ဇေယျထံသို့ အောက်ပါအတိုင်း စာရေးသား ညွှန်ကြားလိုက် သည်။

ဖန်းမော်

ဝါဆိုလဆန်း ၁ ရက်

တပ်တွေအားလုံးမန္တလေးပြန်ဆင်းရမယ်။ အဘိုးကြီး [၁] ဆီက အမိန့်လာတယ်။ မန္တလေးကျမှအကြောင်းစုံပြောပြမယ်။ ခင်မျှားဆီမှာရှိတဲ့ ကျုပ်စစ်ရုံးသား တွေကိုလည်း ခေါ်သွားပေတော့။ ဖုန်းမြင့်တပ် နှင့် အခြားတွေ. သမ္ဘူ ရှိသမ္ဘူ တပ်များကို ခေါ်သွားပေတော့။ ဖုန်းမြင့်ဆီအကြောင်းကြားတော့။ အထက်ချင်းတွင်းမှာရှိတဲ့ မြို့စောင့်ဗိုလ်တွေကိုလဲ ပြန်ခေါ်ခဲ့ရန် အကြောင်းကြားပါ။ မြစ်ကြီးနား၊ ကသာမှာ ထားပစ်ခဲ့တဲ့ ဗိုလ်တွေ ကိုလည်း အကြောင်း ကြားပါ။ အားလုံး မန္တလေး ဆင်းရမည်။ အထူး Preparatory Committee for Central Administration ကို Japanese C in C က ခန့်ပြီးပြီ။ သခင် ၄ ယောက် ပါတယ်။ Administration ကိစ္စတွေကို ကျုပ်တို့အလျှဉ်း ရှောင်ကြဉ် ရ မယ်။ တပ်သားတွေ မန္တလေးဆင်းတဲ့အခါ ကောင်းကောင်း မွန်မွန် တိုင်းသူပြည်သားများ နှင့် ဆက်ဆံစေရန် အထူး သတိပြုပါ။ မြင်းဆွဲ၊ နွားဆွဲ၊ ဘိုင်စကယ်၊ မော်တော်ကားဆွဲ မလုပ်ပါစေနှင့်။ ကျုပ်တို့ ဖွဲ့ပေးတဲ့ မြို့စောင့်တပ်တွေကို လိုသေးရင် ရှိမြဲရှိပါစေ။ ဒါပေမဲ့ B.I.A မဟုတ်တဲ့ အကြောင်း၊ ပုလိပ်အဖွဲ့မျှဖြစ်ကြောင်း နားလည်အောင် ရှင်းပြပါ။ B.I.A ထဲဝင်ချင် တယ်ဆိုတဲ့မြို့စောင့်တပ်တွေကို ခင်မျှား ခေါ်လာခဲ့။ သို့မဟုတ် မန္တလေးကို ဆင်းရန် စီစဉ်အမိန့်ပေးခဲ့။ တပ်သားသစ်တွေ၊ ငွေတွေ နောက်ထပ် စုဆောင်း ခြင်းမပြုပါစေနှင့်။ ကြပ်ကြပ် တပ်သားတွေကို အမိန့်. ပေးပါ။

ဗိုလ်တေဇ[၂]

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံအတွင်းရှိ ဗြိတိသျှတပ်များနှင့် တရုတ်တပ်များကို စစ်မျက်နှာသစ်ဖွင့်၍ လိုက်လံတိုက်ခိုက်နေသော ဗမာ့လွတ်လပ်ရေး တပ်မတော်

---

၁။ Susuki (ဗိုလ်မိုးကြိုး)

၂။ DR 4435. , ဘီအိုင်အေတပ်များ မန္တလေးပြန်ဆင်းရန်၊အုပ်ချုပ်ရေးကိစ္စများအလျှဉ်းရှောင်ကြဉ်ရန် နှင့် တိုင်းသူပြည်သားများနှင့် ဆက်ဆံရေးပြေ ပြစ်ရန် အချက်များပါသော ဗိုလ်တေဇ လက်ရေးဖြင့်ဗိုလ်ဇေယျထံပေးစာ။

တပ်ရင်း တပ်ဖွဲ့များအား မန္တလေး၊ မင်္ဂလာဒုံ နှင့် ပဲခူးမြို့များတွင် ပြန် လည်စုရုံးရန် ၁၉၄၂၊ ဇူလိုင်လ ၈ ရက်နေ့ တွင် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ဖျက်သိမ်းရန်အမိန့်

(စစ်ရေးဆိုင်ရာအမိန့်အမှတ် ၁)

၁။ ဒေသအသီးသီးတွင် စခန်းချလျက်ရှိကြသော ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်ရင်းတပ်ဖွဲ့များသည် မန္တလေး သို့မဟုတ် ပဲခူးမြို့များတွင် စုဝေးကြရမည်။

ဖျဉ်းမနားသို့မဟုတ် အာလံမြို့(မြေထဲ)မြောက်ဘက်၌ စခန်းချထား သောတပ်များသည် မန္တလေးမြို့တွင် စုဝေးကြပြီး တောင်ဘက်၌ စခန်းချထား သောတပ်များသည် ပဲခူးတွင် စုဝေးကြရမည်။

တပ်မှူးများသည် တပ်များမစုဝေးမီ နုတ်ထွက်လိုသူများအား နုတ်ထွက်ခွင့်ပြုရမည်။ နုတ်ထွက်လိုသူများအားမည်သည့်အကြောင်းကြောင့်ဖြစ်စေ တားဆီးခြင်းမပြုရ။ နုတ်ထွက်လိုသူများစာရင်းနှင့်အသေးစိတ်အစီရင်ခံစာကိုရေးသားပြုစုထားရမည်။

သိမ်းဆည်းရမိသည့် လက်နက်များကို ရောက်ရှိနေသည့်နယ်မှ ခရိုင်ဝန် သို့မဟုတ် အမိန့်ထုတ်ပြန်သူထံ လွှဲပြောင်းအပ်နှံရမည်။ အကယ်၍ တပ်မတော်က တာဝန်ခံထိန်းသိမ်းထားသောလက်နက်များရှိနေလျှင် သို့မဟုတ် ပိုလျှံနေသည့်အခါ အုပ်ချုပ်ရေးအဖွဲ့နှင့်တိုင်ပင်၍အထက်ပါအတိုင်းဆောင်ရွက်ရမည်။ အုပ်ချုပ်ရေးအဖွဲ့သို့လက်နက်များလွှဲပြောင်းပေးရာ တွင် စာရင်းပြုစုပြီးခရိုင်ဝန်အား လက်မှတ် ရေးထိုးစေရမည်။

၂။ မြို့ပြကာကွယ်ရေးတပ်(မြို့စောင့်တပ်) များကို ဗမာ့လွတ်လပ်ရေးတပ်မတော်က ဦးစီးကွပ်ကဲသည့်အခါ ယင်းတပ်မှ နုတ်ထွက်လိုသူများရှိလျှင် နုတ်ထွက်ခွင့်ပြုရမည်။ သို့သော် မြို့ပြကာကွယ်ရေးတာဝန် ဆက်လက်ထမ်းဆောင်လိုသူများအား ဗမာ့လွတ်လပ်ရေးတပ်မတော် လက်အောက်တွင် မထားရှိဘဲ၊ ခရိုင်ဝန် သို့မဟုတ် နယ် ရဲတပ်မှူး၏ ခွင့်ပြုချက်အရ ထိုနယ်ရဲတပ်သို့ ဝင်ရောက်စေရမည်။ နယ်ရဲတပ်ဖွဲ့သို့လည်း မဝင်လို၊ ဗမာ့လွတ်လပ်ရေး တပ်မတော် မှလည်း နုတ်ထွက်လိုခြင်းမရှိသူများသည် အထက်တွင် ဖော်ပြခဲ့သော နေရာများသို့ စုရုံးရောက်ရှိကြရမည်။

၃။ တောင်ကြီးသို့ ရောက်ရှိနေသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း ရမည်။

တပ်မှူးလက်ဝယ်ရှိ လက်နက်မှတပါး ကျန်လက်နက်များကို မကွေးခရိုင်ဝန်ထံချက်ချင်းလွှဲပြောင်းပေးအပ်ရမည်။ ခရိုင်ဝန်မရှိသေးပါက အနီးဆုံးရှိ

ဂျပန်တပ်သို့ ယာယီလွှဲပြောင်း ပေးထားရမည်။ ခရိုင်ဝန်သစ် ခန့်အပ်ပြီးမှ ယင်းလက်နက်များကို ပြန်လည်လွှဲပြောင်းပေး အပ်ရမည်။

၄။ ဗမာ့လွတ်လပ်ရေးတပ်မတော် ပြန်လည်စုဝေးသည့် အခါ တပ်မှူးများသည် လိုအပ်သော ထောက်ပံ့ကြေးနှင့်ခရီးစရိတ်စသည့် အကူအညီများကို အနီးဆုံး ဂျပန်တပ် သို့မဟုတ် နယ်အုပ်ချုပ်ရေးအဖွဲ့ထံမှ ရယူရမည်။ အကယ်၍ မည်သည့် အကူအညီမျှမရလျှင် ရောက်သည့်နေရာမှ ခြေကျင်လာရောက် စုဝေးကြ ရမည်။

မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ ပြည်သူတို့ထံမှ မည်သည့်ယာဉ်မျိုးကိုမျှ အဓမ္မချော့မဆွဲရ၊ ပိုင်ရှင်၏သဘောတူညီချက်ရရှိမှသာ အသုံးပြုနိုင် သည်။

လိုအပ်သည့်ရိက္ခာရရှိနိုင်ရန်အတွက် ငွေကြေးမရှိသည့်အခါ နယ်ခံလူထုထံမှ ချေးငှါးခြင်း သို့မဟုတ် အလှူခံခြင်းများ ပြုလုပ်နိုင်သည်။ ချေးငွေ များကိုကျွန်ုပ်ကပြန်လည်ပေးဆပ်မည်ဟုကတိပြုသည်။ အများပြည်သူ တို့၏ ယုံကြည်ကိုးစားမှုရရှိစေရန် ကျွန်ုပ်၏အမိန့်စာကို ထုတ်ပြပြီး ချေးငှါးသည့်ငွေကြေး ပမာဏတွင် ထုတ် ချေးသူ၏ လက်မှတ်ပါရှိစေရမည်။

၅။ တပ်များ စုဝေးသည့်နယ်မြေအတွင်း ဗမာ့လွတ်လပ်ရေးတပ်မတော် သည် ဂျပန်တပ်မတော်နှင့် အများပြည်သူတို့ကို ရိုသေလေးစားပြီး စစ်စည်းကမ်း များကို ထိန်းသိမ်း လိုက်နာကြရမည်။

တပ်မှူးများသည် ဂျပန်တပ်နှင့်တွေ့ဆုံသည့်အခါ " ဘန်ဇိုင်း " ဟု ကြွေးကြော်ရန် မိမိတပ်များကို အမိန့် ထုတ်ထားရမည်။

လမ်းတွင် ဖျားနာနေသူများအား အနီးဆုံးဆေးရုံ သို့မဟုတ် ကျွန်ုပ်တို့ကို လိုလားသူများ၏နေအိမ်တွင် မေတ္တာရပ်ခံ၍ ကုသစေရမည်။ သို့သော် လက်နက်ကို ဂရုတစိုက်သိမ်းဆည်းထားရမည်။ ဆေးကုသကျန်ရစ်သူ၏ အမည်၊ ရာထူး၊ နေရပ်လိပ်စာတို့ကိုလည်း တပ်စုဝေးပြီးသည့်နောက် စစ်သေနာပတိထံ တင်ပြ အစီရင်ခံရမည်။

၆။ ဗမာ့လွတ်လပ်ရေးတပ်မတော်ဟူသောအမည်ကို တပ်မတော် သို့မဟုတ် မြို့ရွာကာကွယ်ရေးတပ်ဖွဲ့ တို့တွင်သာအသုံးပြုရမည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်က ယာယီဖွဲ့စည်းပေးထားသော နယ်အုပ်ချုပ်ရေးအဖွဲ့အား သက်ဆိုင် ရာ ခရိုင်ဝန် ခန့်အပ်ပြီးသည့်အခါ ဖျက် သိမ်းရမည်။

၇။ ယာယီအုပ်ချုပ်ရေးအဖွဲ့အစည်းကို ဖျက်သိမ်းသည့်အခါ ယင်းအဖွဲ့၏ အခွင့်အာဏာ၊ ရုံပုံငွေ၊ ပစ္စည်းဥစ္စာ စသည့်တို့ကို အသစ်တာဝန်ပေးအပ်ခြင်း ခံရသော ခရိုင် ဝန်နှင့်အဖွဲ့အား လွှဲပြောင်းပေးရမည်။ ယာယီအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်ခဲ့သူများသည် အုပ်ချုပ်ရေးအဖွဲ့သစ်အား အပြည့်အဝ ကူညီ ကြ ရမည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်အား အမည်သာမက လက်တွေ့အားဖြင့် ပြည့်စုံသောတပ်မတော်ကြီးအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ဂျပန်အာဏာပိုင်များနှင့် ဆွေးနွေး ညှိနှိုင်းနေဆဲဖြစ်သည်။ ပြောင်းလဲဖွဲ့စည်းရေး အောင်မြင် စေရန်လည်း အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်သည်။ ပြောင်းလဲဖွဲ့စည်းရာတွင် အကောင် အထည်ပေါ်သည်အထိ စစ်သားစုဆောင်းခြင်း၊ လက်နက်စုဆောင်းခြင်း၊ တပ် စခန်းများအတွက် ပစ္စည်းများထုတ်ယူခြင်းတို့ကို ယခုအချိန်မှစ၍ ရပ်ဆိုင်း ထားရမည်။

ဂ။ နယ်အသီးသီးတွင် တပ်သားသစ်များဖွဲ့စည်းပေးပြီးဖြစ်လျှင် ပြန်လည် ဖျက်သိမ်းပစ်ရမည်။ သို့သော်တပ်သားသစ်များ၏စာရင်းကို အသေးစိတ် ပြုစု ထားကြရမည်။[၁]

ဗိုလ်မှူးကြီးနေဝင်းကလည်း ဗမာ့လွတ်လပ်ရေးတပ်မတော် ဆိုင်ရာကြေညာချက် တစ်ရပ် ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ ကာကွယ်ရေးတပ်မတော်အဖြစ် ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း၊ ထိုကိစ္စများစီစဉ်နိုင်ရန် အတွက် ဗမာ့လွတ်လပ်ရေးတပ်မတော်တပ်ပေါင်းကို မန္တလေး၊ မင်္ဂလာဒုံ၊ ပဲခူးတို့တွင် စုရုံးလျက်ရှိပြီဖြစ်ကြောင်း[၂] ပေါ်ပြူပါရှိလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗိုလ်မှူးကြီးနေဝင်းတို့၏ပေါ်ပြူပါအမိန့်များကို ထုတ်ပြန် ပြီးသည့်နောက် အရာရှိဆက်သားအဖွဲ့ များသည် မြန်မာနိုင်ငံအဝှန်းရှိ ဒေသအသီးသီးတွင် ရောက်ရှိနေကြသော ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်ရင်းတပ်ဖွဲ့များရှိရာသို့ အချိန်မီ သွားရောက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂျပန်အာဏာပိုင်တို့၏ ဆွေးနွေးသဘောတူညီချက် များကို တပ်မတော်သား များ သဘောပေါက်အောင် ရှင်းလင်းပြကြသည်။ နှစ်သိမ့်ဖျောင်းဖျ အားပေးစကား ပြောကြသည်။ ခရီးလမ်းပန်းခက်ခဲသည့် ရှေ့တန်းရောက်တပ်များကိုမူ လေယာဉ် မှ စာချဆက်သွယ်ခဲ့ရ လေသည်။

ထိုစဉ်က ဗမာ့လွတ်လပ်ရေးတပ်မတော်သားတိုင်း နာကြည်းမှု၊ မကျေချမ်းမှု၊ စိတ် ထိခိုက်မှုများကိုခံစားကြရ၏။ ဖက်ဆစ်ဂျပန်တို့အား ချက်ချင်း တုံ့ပြန်တော်လှန်လိုကြ ၏။ သို့ဖြစ်သော်လည်းအထက်မှညွှန်ကြားသည့် အမိန့်ကိုဦးလည်မသုန် လိုက်နာလျက် သတ်မှတ် ထားသည့် နေရာဒေသအသီးသီးသို့ အချိန်မီရောက်ရှိရန် စိမ်ဆိုင်းပြင်း ကြလေ သည်။

---

၁။ Defence Training Institute, Office of War History- Biruma Koryaku Sakusen (Military Operations for the Conquest of Burma ) မှ ဘာသာပြန်ဆိုချက်

၂။ DR 956 – ဗမာ့လွတ်လပ်ရေးတပ်မတော်တပ်ပေါင်းသည် မန္တလေး၊ မင်္ဂလာဒုံ၊ ပဲခူးသို့ စုရုံးနေပြီဖြစ် ကြောင်း ဗိုလ်မှူးကြီးနေဝင်း၏ ကြေညာချက်။

ရခိုင်တိုင်းအတွင်းရှိ မြို့ပြကျေးရွာများ၊ အထက်အောက်မြန်မာနိုင်ငံ တိုင်းခရိုင်အတွင်းရှိ မြို့ပြကျေးရွာများ၊ ရှမ်းပြည်နယ်အတွင်းရှိမြို့ပြကျေးရွာများသို့ ရောက်ရှိနေကြသော ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်ရင်းတပ်ဖွဲ့များသည် စစ်တွေ၊ ဟုမ္မလင်း၊ ဗန်းမော်၊ ပျဉ်းမနား၊ သထုံစသည့် ဒေသများတွင် ပြန်လည်စုဝေး၍ ထိုမှတစ်ဆင့် မန္တလေး၊ ရန်ကုန်၊ မင်္ဂလာဒုံ၊ ပဲခူးမြို့များသို့ ကုန်းလမ်းအားဖြင့်လည်းကောင်း၊ ရေလမ်းအားဖြင့်လည်းကောင်း ပြန်လည်စုရုံးရောက်ရှိခဲ့ကြလေသည်။

သတ်မှတ်ထားသည့် နေရာဒေသအသီးသီးသို့ရောက်ရှိလာကြသော တပ်များအနက် မန္တလေးသို့ စုရုံးရောက်ရှိလာသော တပ်များမှာ ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်မဟာ(၂)၊ တပ်မဟာ(၃)၊ တပ်မဟာ(၄)၊ တပ်မဟာ(၅)၊ တပ်မဟာ(၆)နှင့် တပ်မဟာ(၇)တို့ ဖြစ်ကြသည်။ ယင်းသို့ တပ်မဟာ(၆)ခု စုဝေးရောက်ရှိလာသဖြင့် တစ်နေရာတည်းတွင် စုပေါင်းစခန်းချရန်ပင် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် အာဠဝီလမ်းရှိ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်၊ မန္တလေးတောင်ခြေရှိ သုဝဏ္ဏဇရပ်များ၊ စလင်းမင်းသမီးကျောင်းတိုက်၊ မစိုးရိမ်ကျောင်းတိုက်၊ အိမ်တော်ရာဘုရားစောင်းတန်း၊ မန္တလေးဥပစာကောလိပ်၊ ဆပ်ကျောင်း(ရာဇဝတ်အုပ်အတတ်သင်ကျောင်း)[၁]၊ မန္တလေးမြို့မြောက်ဘက်ရှိ ဆပ်ပါးမိုင်းနား[၂] စစ်ရေးပြကွင်း၊ ဘားမားရိုင်ဖယ်စစ်တန်းလျားများ၊ ဖမှတ်ဂတ်အတွင်းရှိ ရဲစစ်တန်းလျားများ၌ ခွဲခြား၍စခန်းချ ရပ်နားကြရသည်။ ထိုအတောအတွင်း ရှေ့တန်းတပ်များ ထပ်မံရောက်ရှိ လာပြန်ရာ အမရပူရ၊ အင်းဝ၊ မတ္တရာ၊ ကျောက်ဆည် နှင့် မြစ်သားမြို့များအထိ စခန်းများ တိုး ချဲ့၍ ရပ်နားစေခဲ့ရလေသည်။[၃]

ထိုနည်းတူ ရခိုင်တိုင်းသို့ ချီတက်သည့် တပ်မဟာ(၁)နှင့်ယင်းလက်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်၊ သာယာဝတီ၊ ပျဉ်းမနား၊ ပဲခူး၊ သထုံနှင့် မြစ်ဝကျွန်းပေါ်တိုင်းခရိုင်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာပြည်အောက်ပိုင်းတွင် ကျန်ရှိသည့် တပ်ရင်းတပ်ဖွဲ့များသည် ရန်ကုန်၊ မင်္ဂလာဒုံ၊ ပဲခူးမြို့များသို့ စုရုံးရောက်ရှိလာကြသည်။ ထို့နောက် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် တပ်မဟာ(၁)၊ မင်္ဂလာဒုံတွင် မအူပင်၊ မြောင်းမြ၊ ကမ္ဘ၊ သရက်ခရိုင် မြို့နယ်အတွင်းတို့မှ တပ်များ၊ ပဲခူးမြို့ ဟသာကုန်းရှိ ဝဲပုန်း[၄]

---

၁။ The Burma Police Training School. ထိုကျောင်းတွင် အများအားဖြင့် ရာဇဝတ်အုပ်(Sub-Inspecetor of Police)သင်တန်းသားများက်ရောက်ခဲ့ သဖြင့် ထိုကျောင်းကို ဆပ်ကျောင်းဟုတွင်ကျယ်လူသိများခဲ့ပါသည်။

၂။ Sappers and Miners

၃။ (က) သုတေသနရဲဘော် – ရဲဘော်သုံးကျိပ်နှင့်ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများ မျက် ၁၄၄–၂၂၀

(ခ) ဗိုလ်သံနိုင်– လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း၊(ပ တွဲ) မျက် ၁၂၅

၄။ Wellborne Line

ပုလိပ်တန်းလျားတွင် ဖါးပွန်နှင့်သထုံခရိုင်ရှိ တပ်များ၊ အောင်လံအောက်ဘက်ရှိ မြို့နယ်များမှတပ်များ အသီးသီး စခန်းချရပ်နားခဲ့ကြလေသည်။ ၁

## တပ်မတော်သားများ၏အခြေအနေ

ယိုးဒယား၊ ကော့သောင်းမှအစပြု၍ ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်ရာလမ်းတစ်လျှောက်မှ ဝင်ရောက်လာကြသော အလုပ်သမား၊ တောင်သူလယ်သမား၊ ကျောင်းသားလူငယ်များ၊ အနုပညာသည်များ၊ ကျောင်းဆရာများ၊ ရဟန်းဘဝမှ လူဝတ်လဲကာ လိုက်ပါလာသောသူများ ပါဝင်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်သားများသည် ဂျပန်တို့ထံမှ မည်သည့်ဆေးဝါးရိက္ခာအသုံးအဆောင်ပစ္စည်းကိုမျှ မရဘဲ မြန်မာပြည်တောင်ဘက်ဖျားမှ မြောက်ဘက်ဖျားအထိ ရှည်လျားသည့်ခရီးကြမ်းကို ဖြတ်သန်းချီတက်ခဲ့ကြသည်။ ထားဝယ်၊ ဖါးပွန်၊ ရွှေကျင်၊ တာဂုံ၊ ပူးကြီး၊ ဟသ်ာတ၊ ရွှေတောင်စသည့် ဒေသများတွင် ဗြိတိသျှတပ်များအား ရင်မြေကတုတ်ပြုလုပ်၍ စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့လေသည်။ ဂျပန်တပ်များနှင့်အတူ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးသည့်အချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်တပ်ရင်းတပ်ဖွဲ့များသည် ခရိုင်မြို့ရွာအနှံ့ ရောက်ရှိနေကြရာ ဗိုလ်ချုပ်အောင်ဆန်းထံမှ တပ်များပြန်လည်စုရုံးရန် အမိန့်ရောက်ရှိလာသောအခါ တောအထပ်ထပ်၊ တောင်အသွယ်သွယ် မြစ်ချောင်းအင်းအိုင်အတန်တန်ကို ဖြတ်၍ သတ်မှတ်ထားသည့် စုရပ်အသီးသီးသို့ မဆိုင်းမတွ ပြန်လည်စုရုံးခဲ့ကြလေသည်။

ထိုစဉ်က တပ်မတော်သားတို့၏ ပုံသွင်ကိုကြည့်လျှင် အချို့မှာ ဖိနပ်မပါကြ အချို့မှာ ခြေညှပ်ဖိနပ်၊ အချို့မှာ ပတ္တူဖိနပ်၊ အချို့မှာ ဘွတ်ဖိနပ်၊ အချို့မှာ ရှူးဖိနပ် စသေးရရာဖိနပ်များကို စီးထားကြသည်။ ဟောင်းနွမ်းစုတ်ပြတ် ဖုန်အလိမ်းလိမ်း ကပ်နေသောရောင်မျိုးစုံအကျီ၊ လုံချည် ၊ ကာကီဘောင်းဘီတို၊ ဘောင်းဘီပြာများကို ဝတ်ဆင်ထားကြသည်။ ကက်ဦးထုပ်၊ ပေါ့ဦးထုပ်၊ ပုလိပ်ဦးထုပ်၊ ဂေါ်ရခါးဦးထုပ်၊ ဝါးဦးထုပ်များကို ဆောင်းထားကြသည်။ လုံခြုံစွာအပြည့်အစုံတပ်ဆင်ခြင်းမရှိသော မီးကျိုးမောင်းပျက်သေနတ်များကို ကိုင်ဆောင်ထားကြသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်ဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့များသို့ အမိန့်တစ်ရပ်ထုတ်ပြန်ကြေညာလိုက်၏။ ယင်းအမိန့်တွင် သက်ဆိုင်ရာတပ်ခွဲများနှင့် အုပ်ချုပ်ရေးအဖွဲ့များသည် ဆိုင်ရာငွေကြေး၊ လက်နက်၊ ပစ္စည်း

---

၁။ ရဲဘော်သုံးကျိပ်နှင့်ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများ မျက် ၂၁၉–၂၂၀

များကို ဗဟိုအုပ်ချုပ်ရေးပြင်ဆင်မှုအဖွဲ့နှင့် အသစ်ခန့်အပ်လိုက်သော ခရိုင်ဝန်ထံ လွှဲပြောင်းအပ်နှံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိလေသည်။ [၁]

သို့ဖြင့် ဆိုင်ရာတပ်မှူးများက ငွေကြေး၊ လက်နက်၊ ပစ္စည်းများကို ခရိုင်ဝန်ထံ လွှဲပြောင်းအပ်နှံနိုင်ရန် လက်ခံသိမ်းဆည်းခြင်း၊ စာရင်းအင်းပြုစုခြင်း၊ မှတ်ပုံတင်ခြင်း၊ ဖျားနာလာသူများ၊ ဂုက်များမိလာသူများ၊ ခရီးပန်းလာသူများအား ဗမာ့လွတ်လပ်ရေးတပ်မတော် ဆေးဘက်ဆိုင်ရာအရာရှိများနှင့် ဂျပန်ဆေးဘက်ဆိုင်ရာအရာရှိများက ဆေးဝါးကုသပေး ခြင်း၊ တပ်မတော်မှ နုတ်ထွက်လိုသူများအား ထွက်ခွင့်ပေး၍ နေရပ်သို့ပြန်ပို့ခြင်း၊ ဆက်လက် အမှုထမ်းဆောင်မည့်သူများအား ဆေးစစ်ခြင်း စသည့် လုပ်ငန်းများကို ဆောင် ရွက်ကြသည်။

ဖော်ပြပါကိစ္စများ ဆောင်ရွက်ပြီးသည့်နောက် ဂျပန်အာဏာပိုင်တို့သည် ၁၉၄၂ခု၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် အင်အား ၅၀၀၀၀(ငါးသောင်း)ခန့်ရှိသော ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖျက်သိမ်း၍ အင်အား ၃၀၀၀(သုံးထောင်)ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် ကို ပြန်လည်ဖွဲ့စည်းပေးခဲ့ကြလေသည်။ [၂]

## တပ်မတော်သားတို့၏ခံစားရချက်

ဂျပန်အာဏာပိုင်တို့က ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းလိုက်သော အခါ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသောတပ်မတော်သားတိုင်းလိုလိုပင် ဖက်ဆစ် ဂျပန်တို့ အားချက်ချင်း တော်လှန်တိုက်ခိုက်လိုကြသည်။ အချို့ကလွတ်လပ်ရေးမရမချင်း ဗမာ့လွတ်လပ်ရေးတပ်မတော်ကို မဖျက်ဘဲ ခေတ်မီတပ်မတော်တစ်ရပ် ဖြစ်လာအောင် ဆောင်ရွက်ပေးစေလိုကြသည်။ [၃] မည်သို့ပင်ဖြစ်စေ ဂျပန်အာဏာပိုင်တို့သည် အတွင်းသဘော အားဖြင့် မြန်မာပြည် အားလွတ်လပ်ရေးပေးရန် မလိုလားခဲ့သည့်အလျောက်

---

၁။ DR 7829 – ခရိုင်ဝန်မင်းအား ငွေကြေး၊ လက်နက်၊ ပစ္စည်းများကို လွှဲအပ်ပေးရန် ဗိုလ်ချုပ်ကြီးဗိုလ်တေဇ၏အမိန့်စာ။

၂။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရန် တာဝန်ယူဆောင်ရွက်ရသော ဂျပန်အရာရှိများမှာ ဥက္ကဋ္ဌအဖြစ် အမှတ်(၁၅)တပ်တော်ဌာနချုပ်မှ ဗိုလ်မှူးကြီးဟီရာအိုကာ (Col.Hiraoka)၊ အဖွဲ့ဝင်များအဖြစ် အမှတ်(၁၅)တပ်တော် စစ်ဦးစီးမှူးဒုဗိုလ်မှူးကြီးတကေရှိတာ (Takeshita)၊အမှတ်(၁၅)တပ်တော်ဌာနချုပ်မှဗိုလ်ကြီး ကဝါရှီးမား (Capt.Kawashima) တို့ဖြစ်ကြသည်။ (Biruma Koryaku Sakusen - Military Operations for the Conquest of Burma.)

၃။ ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း၊ (ပ တွဲ)၊ မျက် ၁၃၈

ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ပရိယာယ်ကြွယ်ဝစွာဖြင့် ဖျက်သိမ်းလိုက်ရာ တပ်မတော်သားတိုင်း ဆောက်တည်ရာမရ၊ နာကြည်းကြသည်။ စိတ်ထိခိုက်ကြသည်။ မကျေမချမ်း ဖြစ်ကြသည်။

ယင်းသို့ နာကြည်းမှု၊ စိတ်ထိခိုက်မှု၊ မကျေမချမ်းမှုများကို ခံစားနေကြရသော်လည်း ခေါင်းဆောင်ကြီးများ၏ညွှန်ကြားချက်ကိုသာ ဦးလည်မသုန်လိုက်နာကြသည်။ ခေါင်းဆောင်ကြီးများက အသက်စွန့်ရန် တာဝန်ပေးလျှင်ပင် အသင့်ရှိနေကြသည်။ ထို့ကြောင့်ပင် အကြောင်းအမျိုးမျိုးကြောင့် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဆက်လက် တာဝန်ထမ်းဆောင် ခွင့်မရကြသော တပ်မတော်သားများသည် ဗိုလ်ချုပ်အောင်ဆန်း၏ ညွှန်ကြားချက်အတိုင်း ထုတ်ပေးသည့် ခရီးစရိတ်ဖြင့် နေရပ်ဌာနသို့ ပြန်ကြသည်။ ဆိုင်ရာတပ်မှူးများကလည်း မပြီးဆုံးသေးသည့်တိုက်ပွဲအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှာကြားကြသည်။ ယင်းသို့မှာကြားသည်များအနက် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မျက်မမြင် ကျောင်းတွင် စခန်းချလျက်ရှိသော ရခိုင်စစ်ကြောင်းချီ ဗိုလ်ရန်အောင်က အောက်ပါအတိုင်း မှာကြားခဲ့လေသည်။

*ငါ၏ရဲဘော်နှင့်သေဘော်သေဘက်များသို့–*

*လွန်ခဲ့သည့် ၇ လကျော်ကပင် ရဲဘော်သည် သားမယား၊ မိဘ၊ အိုးအိမ် သံယောဇဉ်ဟူသမျှကို စွန့်ပယ်လျက် အဖဗမာပြည်၏လွတ်လပ်ရေးစစ်ပွဲတွင် ဝင်ရောက်ခဲ့၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ရန်အောင်တပ်ရင်းသည် အလွန်တရာ ခဲယဉ်းပင်ပမ်းလှသည့် အောက်ဗမာပြည်နှင့် ရခိုင်နယ် တိုက်ပွဲများကို ရာဇဝင်တွင်လောက်အောင်ပင် ထူးခြားအံ့သြစွာ အောင်ပန်းဆွတ်ခဲ့၏။ ငါတို့သည် သူမတူအောင်ပင် စူးရှပြင်းထန်လှသော ဗမာ့ဇာတိမာန် မီးတောက်မီးလျှံအဖြစ် တွေ့သမျှ ဘေးရန်အပေါင်းတို့ကို ရင်ဆိုင်ခဲ့၏။ တောင်ကုတ်တောင်ကြားလမ်းကို မြက်စား၊ ရွှံ့ရေသောက်ဖြတ်ကျော်ချီတက်ခြင်း၊ မိုးဒဏ် လေဒဏ်တို့ နှိပ်စက်မှုကို ခိုက်ခိုက်တုန်အောင်ပင် ခံစားချီတက်ခဲ့ခြင်း၊ တောတောင် ချောင်းမြောင်း ရောဂါဆိုးအထပ်ထပ်တို့၏ ဘေးရန်ကို မသေရုံတမယ် အသက်ကို အနိုင်နိုင်*

---

၁။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖျက်သိမ်းသည်နှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းက "ဘိအိုင်အေအုပ်ချုပ်ရေးပြုလုပ်စဉ်က ကိစ္စတွေနှင့်ဘာမဆိုင်ညာမဆိုင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို (ဂျပန်တို့က) ဖျက်သိမ်းဖို့ကြံတယ်။ ဖျက်သိမ်းလို့မရတော့ ဗမာ့ကာကွယ်ရေးတပ်မတော်ဆိုပြီး စစ်သားနဲနဲနှင့်ဖွဲ့စည်းပေးခဲ့တယ်။ ဒီတပ်မတော်ဖွဲ့စည်းမှု ယခုတစ်တိုင်းပြည်လုံးသိနေတဲ့ စကားတစ်လုံး တွင်ခဲ့တယ်။ ဂျပန်ကိုဂျပန်လို့ခေါ်ယင် ရိုပ်မိမှာစိုးလို့ မှုတူးလို့ ခေါ်ခဲ့ကြတာ သိတဲ့အတိုင်းပဲ။ မှုတူးကို ပြန်တိုက်ဖို့လုပ်ကြတယ်။ အဲဒီလိုမလုပ်ခင် ဗမာတစ်ပြည် လုံးတိုက်ခိုက်သိမ်းယူခဲ့ပြီးနောက် ဗမာပြည်လွတ်လပ်ရေးမပေးခင်က တစ်ကြိမ်၊ ၁၉၄၃ခု၊ ဒီဇင်ဘာလ မဟာမိတ်တွေနှင့်အဆက်ရတော့ တစ်ကြိမ်တိုက်ဖို့ကြံတယ်" ဟူ၍ မိန့်ကြားခဲ့ပါသည်။ (၂၇-၃-၄၆ နေ့တွင် ကန်တော်မင်ပန်းမြို့၌ပြောကြားသော ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်း)

လ၅ ၆ လအတွင်း မိုင်ပေါင်း ၃၀၀၀ကျော် ငါတို့ချီတက်တိုက်ခိုက်ခြင်းဖြင့် ဗမာပြည်နှင့် ရခိုင်တစ်ပြည်လုံးအား လွတ်လပ်ရေးအောင်ပန်းကြီးကို အောင်မြင်စွာ ဆွတ်ခူးပေးအပ်ခဲ့ပြီး ဖြစ်၏။

ငါတို့ ရန်ကုန်ရွှေမြို့တော်သို့ ပြန်လည်ဆိုက်ရောက်ခဲ့ပြီးနောက် မူလ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲလိုက်သဖြင့် မိဘ၊ ဆွေမျိုးရပ်ထံ ပြန်လိုသူများ၊ မကျန်းမာသူများကို နုတ်ထွက်ခွင့်ပေးခဲ့ရာဝယ် ရဲဘော်မှာ ပါဝင်ခဲ့လေသည်။ ရဲဘော်သည် မိမိ၏တာဝန်ပြီးစီးလေပြီဟူ၍မထင်အပ်၊ ရဲဘော်တို့၏ မူလဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးမှာ ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးအဖြစ်နှင့် ဆက်လက်၍ဆောင်ရွက်လျက်ရှိ၏။

ရဲဘော်တို့၊ ရဲဘော်တို့သည် သစ္စာ ငါးပါးဆိုခဲ့ရာတွင် ဒုတိယသစ္စာအရ၊ တပ်မတော်၊ ဗမာလူမျိုးနှင့်အဖဗမာပြည်၏ဂုဏ်ကို အသက်နှင့်လဲ၍ စောင့်ရှောက်ပါမည်ဟု အမျိုးသားသုံးရောင်ခြယ်အလံတော်အောက်တွင်ကတိသစ္စာဆိုခဲ့၏။ ထိုကြောင့် ငါတို့အငတ်ငတ်အပြတ်ပြတ်နှင့်နောက်ဆုံးငါတို့၏ဘဝကို ပစ်စလက်ခတ် ထားကာ စွန့်စားခဲ့မှု အရပ်ရပ်ကို အစဉ်သတိရလော့၊ ဂုဏ်ယူလော့၊ မိဘဆွေမျိုးများအား တွေ့ဆုံအားပေးပြီး နောက် ရဲဘော်ခေတ္တအနားယူလော့။ မကြာမီပင် ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးကို တိုးချဲ့တော့မည်ဖြစ်ရာ ရဲဘော်သည် ပြန်လည်၍ တိုင်းပြည်တာဝန်ကို ထမ်းဆောင်နိုင်ရန် ကြိုးစားလော့။

ငါနောက်ဆုံး ဤအလွှာဖြင့် လက်ဆောင်ပေးလိုက်၏။ ဤလက်ဆောင်ကား ငါ၏မေတ္တာဝါတ်ကိုယ်စား ရဲဘော်ထံတွင် အမြဲသတိပေးနေပါအံ့။ ငါနှင့် သေအတူရှင်မကွဲ စွန့်စားခဲ့သော ရဲဘော်အား ငါအဘယ်မှာ မေ့ရက်ပါမည်နည်း။

အို ရဲဘော်၊ တာဖုံတိုက်ပွဲတွင် ရဲဘော် ၂၁ဦးနှင့် ရခိုင်ပြည်နယ်စပ်အနီး ဘူးသီးတောင်တိုက်ပွဲတွင် ရဲဘော် ၂၃ဦးတို့သည် ရဲဘော်တို့နှင့်အတူ လွတ်လပ်ရေးတိုက်ရင်းပင် ကျဆုံးခဲ့ရရှာ၏။ မသေ၍ ဒဏ်ရာရသူ ရဲဘော် ၈ ဦးတို့၏ သွေးစိမ်းရှင်ရှင်သည်လည်း ဗမာ့မြေပေါ်တွင် သွေးစွန်းခဲ့ချေပြီတကား။

သွေးသောက်၊ ငါတို့ရဲဘော်အာဇာနည်များ၏ခြေရာကို နင်းရန် အဆွေသွေးသောက်၏တာဝန်တည်း။ ရဲဘော်၏စွန့်စားခဲ့မှုအရပ်ရပ်ကို ငါချီးကျူးပါ၏။ ဂုဏ်ယူပါ၏။ အလေးပြုလိုက်ပါ၏။ ဗမာပြည်သည်တို့ပြည်၊ ဗမာလူမျိုးသည် တို့လူမျိုး၊ သခင်မျိုးဟေ့ တို့ဗမာ၊ လွတ်လပ်ရေးအောင်ပါစေ။ [၁]

---

၁။ DR1117- ဗမာ့လွတ်လပ်ရေးတပ်မတော်ရခိုင်စစ်ကြောင်း၊ရန်အောင်တပ်ရင်းတပ်မဟာ(၁)၏ ကြေညာစာတမ်း

## ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းပုံလမ်းညွှန်ချက်

ဂျပန်အာဏာပိုင်တို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း မိမိတို့အလိုကျပြန်လည်ဖွဲ့စည်းပေးမည့် ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းပုံလမ်းညွှန်ချက်ကို ဂျပန်အမှတ်(၁၅) တပ်တော်မှူး ဒုဗိုလ်ချုပ်ကြီး အီဒါ[၁] အား ရေးဆွဲစေခဲ့၏။ ယင်းဖွဲ့စည်းပုံလမ်းညွှန်ချက်တွင် ပါဝင်သည့်အချက်များမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဂျပန်အာဏာပိုင်တို့ ကြိုတင်ညှိနှိုင်းပြီးဖြစ်သည့်အချက်များဖြစ်ပြီး ၁၉၄၂ခု၊ ဩဂုတ်လတွင်မှ ထုတ်ပြန်ကြေညာခဲ့သည်။ [၂]

ယင်းအချက်နှင့်စပ်လျဉ်း၍ ရန်ကုန်သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းထံမှ ဗိုလ်ဇေယျထံ ၁၉၄၂ခု၊ ဇူလိုင်လအတွင်း ပေးပို့သောစာတွင် ဗမာ့ကာကွယ်ရေးတပ်မတော်ကို မန္တလေးတွင် စုထားသောတပ်များမှ တပ်ရင်း ၂ရင်း၊ အောက်ဗမာပြည်တွင် စုထားသောတပ်များမှ တပ်ရင်း ၁ရင်း၊ စုစုပေါင်းတပ်ရင်း ၃ရင်းဖြင့် စတင်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ မန္တလေးတွင် ဖွဲ့စည်းမည့်တပ်ရင်း ၂ရင်းကို အခိုက်အတန့်အားဖြင့် ဗိုလ်နေဝင်း နှင့် ဗိုလ်ရန်နိုင် တို့ အုပ်ချုပ်ရမည်ဖြစ်ပြီး အောက်ဗမာပြည်တွင် ဖွဲ့စည်းမည့် တပ်ရင်းကို ဗိုလ်ဇေယျ ကအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ စစ်ဌာနချုပ်ကို မိတ္ထီလာတွင် ထားပြီး[၃] စစ်ရုံး(ဟေဘီကျော့ကု)[၄]ကို ရန်ကုန်တွင် ထားမည်ဖြစ်ကြောင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဝင်ရောက်အမှုထမ်းလိုသူများမှာ ကျန်းမာရေးစစ်ဆေးခံရမည်၊ မိန်းမမရှိရ၊ အသက် ၁၈နှစ်မှ ၂၅နှစ်အထိ ရှိရမည်ဖြစ်ကြောင်း၊ လူအများဆုံးဝင်ရန် တိုက်တွန်းစေလိုကြောင်း၊ မန္တလေးတွင် တပ်ရင်း ၂ ရင်းအတွက် လူ ၂၀၀၀ ခန့် အကြပ်သင်တန်း(ဗိုလ်သင်တန်း)အတွက် လူ ၃၆၀ နှင့် ဂျပန်ပြည်စစ်တက္ကသိုလ်သို့ ပို့ရ န် လူများကို ရွေးချယ်ထားရမည်ဖြစ်ကြောင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဗိုလ်အဖြစ်ဆောင်ရွက်မည့်သူများ၊ အကြပ်အဖြစ်ဆောင်ရွက်မည့်သူများစာရင်းကိုလည်း ယူထားရမည်ဖြစ်ကြောင်း၊ အကြပ်လုပ်မည့်သူများမှာ အသက် ၄၀ ထက်မပိုဘဲ မိန်းမရှိနိုင်ကြောင်း၊ တပ်မတော်သို့ ဝင်ရောက်လိုသူများသည် လျှောက်လွှာပုံစံဖြည့်စွက်တင်သွင်းကြရမည်ဖြစ်ကြောင်း ညွှန်ကြားထားသည့်အပြင် ရန်ကုန်စစ်ရုံး(ဟေဘီကျော့ကု) နှင့် စစ်ဌာနချုပ်တွင် ပါဝင်မည့်အရာရှိများစာရင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း နှင့် တပ်ခွဲဖွဲ့စည်းပုံ၊ တပ်ရင်း(၁)၊ တပ်ရင်း(၂) နှင့် တပ်ရင်း(၃)တို့တွင် ပါဝင်မည့်တပ်ခွဲမှူးများ၏ အမည်စာရင်းများကိုပါ ပူးတွဲဖော်ပြထားလေသည်။ [၅]

---

၁။ Lt.General Iida

၂။ F.N.Trager(ed)-Burma:Japanese Military Administration p.105

၃။ ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဌာနချုပ်ကို မူလကမိတ္ထီလာတွင်ဖွင့်လှစ်ရန်ရည်ရွယ်ဟန်ရှိပါသည်

၄။ Heibi Kyoku

၅။ DR 4449 – ဗမာလွတ်လပ်ရေးတပ်မတော်အား ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးဗိုလ်တေဇ ထံမှ ဗိုလ်ချုပ်ကလေး ဗိုလ်ဇေယျထံပေးစာ။

၁၉၄၂ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ဂျပန်အာဏာပိုင်တို့ကဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းပုံလမ်းညွှန်ချက်ကို ထုတ်ပြန်ကြေညာလိုက်၏။ [၁]

ယင်းဖွဲ့စည်းပုံပါအချက်အလက်များမှာ–

၁။ ဗမာ့ကာကွယ်ရေးတပ်မတော်ကို မြန်မာပြည်ဆိုင်ရာ(ဂျပန်)တပ်တော်မှူး၏ကွပ်ကဲမှုအောက်တွင် ထားရှိရမည်။

၂။ ဗမာ့ကာကွယ်ရေးတပ်မတော်၏အဓိကတာဝန်မှာ မြန်မာပြည်နယ်ခြားဒေသများကို ကာကွယ်ရန်ဖြစ်သော်လည်း အနာဂတ်ကာလတွင် ယင်းသို့တက်ကြွစွာပါဝင်ကာကွယ်ရေးကိုစဉ်းစားဆဲဖြစ်သည်။ လောလောဆယ်အားဖြင့်ဗမာ့ကာကွယ်ရေးတပ်မတော်သားများအား စစ်ရေးလေ့ကျင့်မှုနှင့် လက်နက်တပ်ဆင်မှုအပေါ်တွင်သာ အာရုံစူးစိုက်စေရမည်။

၃။ ဗမာ့ကာကွယ်ရေးတပ်မတော်အင်အားကို ၁၄၀၀၀ ခန့်ထားရှိမည်။ ယခုအချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်မှလက်ရွေးစင်အင်အား ၃၀၀၀ ဖြင့်ပြန်လည်ဖွဲ့စည်းမည်။ ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရေးနှင့် စစ်ရေးအခြေခံများရရှိရေးတို့အတွက် အရာရှိသင်တန်းကျောင်း(ဗိုလ်သင်တန်းကျောင်း)တစ်ကျောင်းကို တည်ထောင် ဖွင့်လှစ် မည်။

၄။ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဂျပန်တပ်တော်မှူး၏ကွပ်ကဲမှုအောက်တွင် ထားရှိရမည်။ မြန်မာနိုင်ငံကာကွယ်ရေးတွင် ဂျပန်တပ်ဖွဲ့များနှင့် သစ္စာရှိစွာ ပူးပေါင်းကူညီဆောင်ရွက်အောင် အားပေးရမည်။

## ဖွဲ့စည်းပုံ

၅။ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် အဓိကအားဖြင့် အောက်ပါတပ်ဖွဲ့ များပါဝင်ပြီး၊ ဖွဲ့စည်းပုံအကြမ်းဖျင်းမှာ –

(က) စစ်သေနာပတိ၊ မြန်မာအမျိုးသား ဗိုလ်မှူးကြီးအဆင့်ရှိသူတစ်ဦး ဖြစ်ရမည်။

(ခ) ခြေလျင်တပ်ရင်းတစ်ရင်းတွင် တပ်ရင်းဌာနချုပ်၊ တပ်ခွဲ ၄ခွဲနှင့် စက်သေနတ်ကြီး တပ်ခွဲ ၁ ခွဲ၊ စုစုပေါင်းအင်အား ၉၆၈ ဦး (အားလုံးမြန်မာများ)ပါဝင်မည်။

---

၁။ F.N.Trager(ed)-Burma:Japanese Military Administration. Document No.25.

(ဂ) ဗိုလ်သင်တန်းကျောင်း၊ ထိုကျောင်းတွင် ဂျပန်စစ်မှုထမ်း ၇ဥဦး ပါဝင်မည်ဖြစ်ပြီး ကျောင်းအုပ်မှာ ဗိုလ်မှူးကြီး သို့မဟုတ် ဗိုလ်မှူးအဆင့်ရှိသူ ဖြစ်ရမည်။ မြန်မာဗိုလ်လောင်းကျောင်းသား ၃၀၀ရှိမည်။

(ဃ) စစ်ဖက်ဆိုင်ရာအကြံပေးအဖွဲ့၊ ယင်းအဖွဲ့တွင်အဖွဲ့ဝင်၂၈ဦး ပါဝင်ပြီး ဗိုလ်မှူးကြီး သို့မဟုတ် ဗိုလ်မှူးတစ်ဦးက ဦးဆောင်ကွပ်ကဲရမည်။ အဖွဲ့ဝင်အားလုံးမှာ ဂျပန်များဖြစ်ရမည်။

၆။ ဖွဲ့စည်းရေးဌာန(ဟေဘီကျောဲ့က)ကို ဂျပန်တပ်တော်မှူးက တိုက်ရိုက်ကွပ်ကဲပြီးဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရေး၊ တိုးချဲ့ရေးထောက်ပံ့ရေးတာဝန်များကို ဆောင်ရွက်စေမည်။ ယင်းဌာနတွင် ဂျပန်-မြန်မာစစ်ဖက်ပုဂ္ဂိုလ်များ စုစုပေါင်း ၅၀ပါဝင်မည်။ ဗိုလ်မှူးကြီး သို့မဟုတ် ဗိုလ်မှူးတစ်ဦးက ဦးစီး၍ တာဝန်ခံဆောင်ရွက်ရမည်။

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိသည် ဂျပန်တပ်တော်မှူး၏ ကွပ်ကဲမှုကို လိုက်နာရမည်။

၈။ ဗမာ့ခြေလျင်တပ်ရင်းများသည် မြန်မာစစ်သေနာပတိ၏ ကွပ်ကဲမှုကို နာခံရမည်။ တပ်ရင်းမှူးအဆင့်အောက်နိမ့်သူများသည် မြန်မာလူမျိုးဖြစ်ရ မည်။ သို့ရာတွင် လိုအပ်လျှင် ဂျပန်အရာရှိများ ခန့်ထားမည်။

၉။ ဗိုလ်သင်တန်းကျောင်းသည် ဗမာ့ကာကွယ်ရေးတပ်မတော်အတွက် သနေ္တများကိုလေ့ကျင့်ပေးမည်။ ဗိုလ်သင်တန်းကျောင်းအုပ်ကြီးသည် ဂျပန်တပ်တော်မှူး၏ ကွပ်ကဲမှုကိုနာခံရမည်။ ဗိုလ်လောင်းကျောင်းသားများသည် မြန်မာအမျိုးသားများဖြစ်ပြီး သင်တန်းနည်းပြအများစုသည် ဂျပန်စစ်မှုထမ်းများဖြစ်ရမည်။ လေ့ကျင့်ရေးကာလကို နှစ်ပိုင်းခွဲခြားထားမည်။ ပထမပိုင်းလေ့ကျင့်ရေးပြီးဆုံးသူများအား အကြပ်အဆင့် တာဝန်ခန့်အပ်မည်။ ထိုအကြပ်များကို ထပ်မံစစ်ဆေးပြီး ရွေးချယ်ခြင်းခံရသူများအားဒုတိယပိုင်းလေ့ကျင့်ရေးသင်တန်းသို့ဆက်လက် တက်ရောက်ခွင့်ပြုမည်။ ဒုတိယပိုင်း လေ့ကျင့်ရေးပြီးဆုံးသူများအား အရာရှိအဆင့်တာဝန်ခန့်အပ်မည်။ ဒုတိယပိုင်းလေ့ကျင့်ရေးပြီးဆုံးသူများထဲမှထူးချွန်သူများကို ဂျပန်ပြည်စစ်တက္ကသိုလ်တွင် စစ်ပညာများ ဆက်လက်သင်ယူရေး အတွက် ရွေးချယ်မည်။ ယင်းလေ့ကျင့်ရေးများပြီးဆုံး

အောင်မြင်လာသောအခါ အရေးပါသော စစ်ဖက်ဆိုင်ရာ ဌာနများတွင် တာဝန်ပေးခန့်အပ်မည်။

၁၀။ အကြပ်ရာထူးခန့်အပ်ခြင်း၊ တစ်ဆင့်တိုးမြှင့်ခြင်းကိစ္စရပ်များကို ယင်းတို့၏သက်ဆိုင်ရာတပ်မှူးများက ဆောင်ရွက်ရမည်။ လုပ်ထုံးလုပ်နည်းနှင့် အချိန်ကာလသတ်မှတ်ချက်များကို သီးခြားစဉ်းစား သတ်မှတ်ပေးမည်။ အရာရှိများ ရာထူးခန့်အပ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို ဂျပန်တပ်တော်မှူးက ဆောင်ရွက်မည်။

၁၁။ စစ်အကြံပေးအဖွဲ့သည် ဗမာ့ကာကွယ်ရေးတပ်မတော်အား အကြံပေးဆောင်ရွက်ရာတွင် ဂျပန်တပ်တော်မှူး၏အမိန့်များကို တိကျစွာလိုက်နာဆောင်ရွက်စေရန် ကွပ်ကဲရမည်။ အုပ်ချုပ်ကွပ်ကဲမှုအဆင်ပြေရေးနှင့် ထိရောက်စေရေးတို့အတွက် ဗမာ့ကာကွယ်ရေးတပ်မတော်၏တိုးတက်မှုအခြေအနေအရပ်ရပ်ကို ယင်းအဖွဲ့က ဂျပန်တပ်တော်မှူးသို့ သတင်းပို့အစီရင်ခံရမည်။ စစ်အကြံပေးအဖွဲ့ခေါင်းဆောင်နှင့် အကြံပေးအဖွဲ့သည် ဂျပန်တပ်တော်မှူး၏အမိန့်ကို နာခံရမည်။ အကြံပေးအဖွဲ့တွင် ဂျပန်စစ်ဘက်ပုဂ္ဂိုလ်များပါဝင်မည်။ မြန်မာစစ်သေနာပတိနှင့် တပ်ရင်းမှူးများသည် အမိန့်များထုတ်ပြန်ရာတွင် ဆိုင်ရာအကြံပေး အရာရှိများ၏ ခွင့်ပြုချက်ကို ရယူရမည်။ ဌာနချုပ်စစ်အကြံပေးအဖွဲ့ တွင် ပါဝင်သော ဌာနအသီးသီးမှ အမှုထမ်းများသည် ဌာနချုပ်၏တာဝန် များကိုသာမက ယင်းတို့၏ဆိုင်ရာတပ်ရင်းအကြံပေးတာဝန်များကိုပါ ကိုယ်တိုင်ကိုယ်ကျ ထမ်းဆောင်ကြရမည်။

၁၂။ ဖွဲ့စည်းရေးဌာနသည် ဗမာ့ကာကွယ်ရေးတပ်မတော်ကို တည်ထောင်ဖွဲ့စည်းရေး၊ တိုးချဲ့ရေး၊ ထောက်ပံ့ရေးတာဝန်များကို ဆောင်ရွက်ကြရမည်။ ယင်းဌာန၏ ခေါင်းဆောင်သည် ဂျပန်တပ်တော်မှူး၏ကွပ်ကဲမှုကို နာခံရမည်။ ထိုအဖွဲ့တွင် ဂျပန်နှင့်မြန်မာများပါဝင်ရမည်။

၁၃။ ယခုအချိန်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဗမာ့လွတ်လပ်ရေးတပ်မတော်မှတပ်မတော်သားများဖြင့်ပြန်လည်ဖွဲ့စည်းမည်။ စစ်မှုထမ်းများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံရမည် –

(က) အသက် ၁၈ နှစ် မှ ၂၅ နှစ်အတွင်းဖြစ်ရမည်။

(ခ) ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဝင်ရောက်အမှုထမ်းမည့်သူသည် မိမိသဘောဆန္ဒအလျောက် ဝင်ရောက်သူဖြစ်ရမည်။ စစ်မှုထမ်းသက်မှာ ၁နှစ်သာ ဖြစ်သည်။

(ဂ) အိမ်ထောင်မရှိသူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးစစ်ဆေးရာတွင် အောင်မြင်သူဖြစ်ရမည်။

၁၄။ ဗိုလ်သင်တန်းကျောင်းတွင် အောက်ပါအချက်များနှင့်ပြည့်စုံသော ဗိုလ်လောင်းများကို လက်ခံမည်။

(က) ဗမာ့ကာကွယ်ရေး တပ်မတော်သားများထဲမှ တပ်ခွဲမှူး၊ တပ်ရင်းမှူး နှင့် စစ်သေနာပတိတို့ ရွေးချယ်ထောက်ခံသော ကျွန်းမာ သန်စွမ်း၍ လုပ်ကိုင်ဆောင်ရွက်နိုင်သူဦးရေ ၂၅၀။

(ခ) ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ပါဝင်အမှုထမ်းဘူးသော်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အမှုထမ်းလို၍ နိုင်ငံတော်အဓိပတိက ထောက်ခံသူဦးရေ ၅၀။ [၁]

၁၅။ ဗမာ့ကာကွယ်ရေးတပ်မတော်ကိုဖွဲ့စည်းရာတွင် ပစ္စည်းပစ္စယလုံလောက်မှုမရှိခြင်း၊ လျော့ပါးခြင်းများကို အခိုက်အတန့်အားဖြင့် လက်ရှိအတိုင်းထားရှိပြီး တရားဝင်ရာထူးတိုးမြှင့်ခြင်း၊ ချထားခြင်း တို့မှတစ်ပါး ပြောင်းလဲခြင်းမပြုရ။ ဂျပန်အရာရှိ အရာခံများ လစ်လပ်သည့် နေရာတွင် ဒေသခံလူများကို လိုအပ်သလို အစားထိုး ခန့်ထား နိုင်သည်။ [၂]

စသည်တို့ဖြစ်သည်။

အထက်ဖော်ပြပါ ဖွဲ့စည်းပုံလမ်းညွှန်ချက်တွင် ပါဝင်သည့် ဆိုလိုရင်းအနှစ်သာရမှာ ဗမာ့ကာကွယ်ရေးတပ်မတော်သည် ဂျပန်တပ်တော်မှူး၏ကွပ်ကဲမှုကို ခံယူရေး၊ နယ်ခြားဒေသများကို ကာကွယ်စောင့်ရှောက်ရေး၊ ဂျပန်တို့အား သစ္စာရှိရှိ ပူးပေါင်းဆောင်ရွက်ရေးတို့သာလျှင် ဖြစ်သည်။

စင်စစ်အားဖြင့် ဂျပန်စစ်ဝါဒီတို့သည် ဗမာ့ကာကွယ်ရေးတပ်မတော်အား ယင်းတို့၏စောင့်ရှောက်ထောက်ပံ့ခံ ရုပ်သေးတပ်မတော်အဖြစ် ဖွဲ့စည်းပေးပြီး မြန်မာနိုင်ငံအား ရေရှည်ကျွန်ပြုအုပ်စိုးနိုင်ရေးအတွက် ရေးဆွဲချမှတ်သည့်ဖွဲ့စည်းပုံလမ်းညွှန်ချက်မျှသာ ဖြစ်လေသည်။

---

၁။ F.N.Trager(ed)Burma:Japanese Military Administration. Document No.25. " Summary of the Establishment of the Burma Defense Army drafted by the Commander of the Hayashi Army Group"

၂။ Defence Training Institute Office of War History - Biruma Koryaku Sakusen (Military Operations for the Conquest of Burma) P.57

## ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရေးဌာန(ဟေဘိကျော့ကု)

ဗမာ့ကာကွယ်ရေးတပ်မတော်စစ်မှုပြင်ဆင်ရေးရုံး [၁] ဟူ၍လည်းကောင်း၊ ဗမာပြည်ကာကွယ်ရေးဆိုင်ရာဗဟိုရုံးတော် [၂] ဟူ၍လည်းကောင်း၊ ဂျပန်ဘာသာဖြင့် ဟေဘိကျော့ကု [၃] ဟူ၍လည်းကောင်း ခေါ်တွင်သည့် ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းရေးဌာနကို ၁၉၄၂ခု၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်းရှိ စိန့်ဗင်ဆင့် [၄] မိန်းကလေးကျောင်း အဆောက်အဦး၌ စတင်ဖွင့်လှစ်သည်။ ယင်းဌာနသည် ဂျပန်အမှတ်(၁၅)တပ်တော်မှူး၏ ကွပ်ကဲမှုကို ခံယူရသော ဌာနဖြစ်သည်။

ဖွဲ့စည်းရေးဌာန၏ အဓိကဆောင်ရွက်ရမည့်တာဝန်များမှာ ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရေး၊ လေ့ကျင့်ပညာပေးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ပင် ဖြစ်သည်။ [၅]

ဖွဲ့စည်းရေးဌာနကို ဂျပန်အမှတ်(၁၅)တပ်တော်မှ အထက်တန်းဦးစီးအရာရှိတစ်ဦးဖြစ်သူ ဒုဗိုလ်မှူးကြီး ဖုကုအိ [၆] က ဌာနမှူးအဖြစ် တာဝန်ခံဆောင်ရွက်သည်။ ဌာနမှူးနှင့်ဌာနခွဲမှူးများမှာ ဂျပန်အရာရှိများသာ ဖြစ်ပြီး ဌာနအမှုထမ်းများမှာ ဂျပန်နှင့်မြန်မာအရာရှိ အရာခံများ [၇] ဖြစ်ကြသည်။ [၈]

ဖွဲ့စည်းရေးဌာန၏တာဝန်ခံအရာရှိသည် စစ်ရေးစစ်ရာနှင့်စပ်လျဉ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်စစ်သေနာပတိ၊ ဗိုလ်သင်တန်းကျောင်းအုပ်ကြီးနှင့် ဂျပန်အကြံပေးအဖွဲ့တာဝန်ခံတို့ကို စီမံခန့်ခွဲအုပ်ချုပ်ရသည်။ ထို့အပြင် ဗမာ့ကာကွယ်ရေးတပ်မတော်စစ်သေနာပတိ နှင့်တပ်ဗိုလ်တို့သည် အမိန့်တစ်စုံတစ်ရာထုတ်ပြန်ရာတွင်လည်းကောင်း၊ အမိန့်ပေးရာတွင်လည်းကောင်းဂျပန်စစ်သေနာပတိ၏ အမိန့်ကို ခံယူကြရသည်။ [၉]

---

၁။ လူထုဦးလှ – စစ်အတွင်းဗမာပြည်

၂။ DR 1801 – တက်သစ်စဗမာပြည်အား ကြေညာချက်

၃။ Heibi Kyoku: Military Preparationm Bureau or Mobilization Bureau or War office Bureau.

၄။ St.Vincent

၅။ (က)မစ္စတာအိုးနိုတိုးရှ(မြန်မာပြန်) – ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ မျက် ၃၅၀။
(ခ) The Growth of the Burma Army. P.184

၆။ Lt.Colonel Fukui

၇။ မြန်မာအရာရှိများမှာ ဗိုလ်သူရိန်၊ ဗိုလ်သိန်းဟန်၊ ဗိုလ်သိန်းဆွေ၊ ဗိုလ်လှမိုး(ရဲတပ်)၊ ဗိုလ်ငွေ၊ ဗိုလ်အောင်၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်တင်ထွန်း၊ ဗိုလ်လင်းယုန်၊ ဗိုလ်တင်ဆွေ၊ ဗိုလ်ကြည်၊ ဗိုလ်ကျော်ခင်၊ ဗိုလ်ကျော်လှအောင်၊ ဗိုလ်သိန်းဝင်း၊ ဒေါက်တာဒွေး(ဗိုလ်မင်းဟန်)တို့ဖြစ်ပါသည်။

၈။ Won Zoon Yoon - Japan's Occupation of Burm a(A Dissertation Thesis) P.204

၉။ DR 1801 – တက်သစ်စဗမာပြည်အား ကြေညာချက်။

ဖွဲ့စည်းရေးဌာနမှ ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းတာဝန်များမှာ ဗမာ့ကာကွယ်ရေးတပ်မတော် ထူထောင်ရေးဆိုင်ရာကိစ္စအဝဝကို စီမံကွပ်ကဲခြင်း၊ လေ့ကျင့်ပညာပေးရေးအတွက် စီမံကိန်းများရေးဆွဲခြင်း၊ တပ်မတော်သားများ၏ကိုယ်ရေးကိုယ်တာကိစ္စနှင့်စစ်ရေးကိစ္စများကိုဖြေရှင်းပေးခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်တစ်ရပ်လုံးအားလမ်းညွှန်ဦးဆောင်မှုပေးခြင်းတို့အပြင်ဖွဲ့စည်းရေး၊ လေ့ကျင့်ရေး၊ လက်နက်အသုံးအဆောင်ပစ္စည်းများတပ်ဆင်ရေး၊ အရာရှိများခန့်ထားရေး၊ တပ်သားသစ်များစုဆောင်းရေး စသည်တို့ပင် ဖြစ်သည်။ [၁]

ဖော်ပြပါဖွဲ့စည်းရေးဌာန၏ လုပ်ငန်းစဉ်များအရ ဗမာ့ကာကွယ်ရေးတပ်မတော်သည် မိမိတပ်ကိုပင် အုပ်ချုပ်ကွပ်ကဲခွင့်မရအောင် ဂျပန်အာဏာပိုင်တို့က ချုပ်ချယ်ခဲ့ကြလေသည်။

## ဂျပန်အကြံပေးဌာန

ဗမာ့တပ်မတော် နည်းပေးလမ်းပြရုံးဟူ၍လည်းကောင်း၊ ဗမာပြည်စစ်မှုရေးရာအတွက် ညွှန်ကြားရေးဌာနဟူ၍လည်းကောင်း၊ အတိုင်ပင်ခံအရာရှိကြီးရုံးဟူ၍လည်းကောင်း ထင်ရှား သည့်ဗမာ့ကာကွယ်ရေးတပ်မတော် ဂျပန်အကြံပေးဌာန[၂] ကို ၁၉၄၂ခု၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပျဉ်းမနားမြို့၌စတင်ဖွင့်လှစ်သည်။ ယင်းဌာနသည်ဂျပန်အမှတ်(၁၅)တပ်တော်မှူး၏ကွပ်ကဲမှုကို ခံယူရသည်။ အကြံပေးဌာန၏ တာဝန်ခံအရာရှိမှာ ဂျပန်မိနာမိအဖွဲ့မှ ဗိုလ်ကြီးနိုဒါး[၃]ဖြစ်ပြီး နောင်အခါ မန်ချူးရီးယားမှ ပြောင်းရွှေ့လာသော ဗိုလ်မှူး ဝါကာမတ်ဆု[၄] က အကြံပေးအရာရှိချုပ်အဖြစ် ဆောင်ရွက်သည်။ ဂျပန်အကြံပေးအရာရှိ နှင့်အဖွဲ့ဝင်အများစု မှာ မိနာမိအဖွဲ့မှ ဖြစ်ကြသည်။ [၅]

ဂျပန်အကြံပေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ စစ်ရေး စစ်ရာများနှင့်စပ် လျဉ်း၍ ဗမာ့ကာကွယ်ရေး တပ်မတော်စစ်ဌာနချုပ်နှင့် ယင်းလက်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များကို အကြံပေးရန်ဖြစ်သည်။ ယင်းသို့အကြံပေးရာတွင် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ဌာနချုပ်

---

၁။ Mr.Takahashi - A Short Outline History of the Formation of the Minami Organ and the Organisation of the B.I.A, B.D.A. and B.N.A.

၂။ (က) DR. 1801 - တက်သစ်ဗမာပြည်အားကြေညာချက်

(ခ) ဂျပန်စစ်အုပ်ချုပ်ရေးခေတ်ဗမာနိုင်ငံ ၊ မျက် ၃၄၈

၃။ Captain Noda

၄။ Major Wakamatsu

၅။ CD 20.The Growth of the Burma Army. pp. 181-186

နှင့်တပ်ရင်း ၃ ရင်းအတွက် ဂျပန်အကြံပေးဌာနမှ အရာရှိများကို ဌာနချုပ်အကြံပေး အရာရှိနှင့်တပ်ရင်းဆိုင်ရာ အကြံပေးအရာရှိ ဟူ၍ ခွဲခြားထားသည်။

စစ်ဌာနချုပ်ဆိုင်ရာ အကြံပေးအရာရှိများသည် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်မှူးမှအစ နည်းပေးလမ်းပြ အကြံပေးကြရပြီး တပ်ရင်းဆိုင်ရာအကြံပေးအရာရှိများသည် အထွေထွေ လေ့ကျင့်ရေး၊စစ်ပညာသင်ကြားရေးမှအစတပ်ရင်း ရုံးအဖွဲ့ဝင်ဆိုင်ရာ ပညာရေး အထိအကြံပေး ညွှန်ကြားလေ့ကျင့်ပေးကြရသည်။ တစ်ချိန်တည်းတွင် ဗမာ့ကာကွယ်ရေး တပ်မတော်စစ် ဌာနချုပ်နှင့်တပ်ရင်းတပ်ဖွဲ့များသည် ဂျပန်တပ်တော်မှူး၏အမိန့်ကို တိကျစွာလိုက်နာဆောင် ရွက်ရေးအတွက်ကွပ်ကဲရပြီး ဗမာ့ကာကွယ်ရေး တပ်မတော် ၏ အခြေအနေအရပ်ရပ်ကို ဂျပန် တပ်တော်မှူးထံ အစီရင်ခံကြရသည်။ [၁]

ထိုစဉ်က ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိနှင့်တပ်ရင်းမှူးများ သည် အကြံပေးအရာရှိများ၏ ခွင့်ပြုချက်လက်မှတ်မရဘဲ မည်သည့်အမိန့်တစ်စုံ တစ်ရာကိုမျှ ထုတ်ပြန်ကြေညာခွင့် မရှိကြချေ။ [၂]

ဂျပန်စစ်အာဏာပိုင်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ စနစ်ကျသော တပ်မတော်တစ်ရပ်ဖြစ်အောင် ပြန်လည်ဖွဲ့စည်းပေးမည်ဟူ၍ဟစ်ကြွေးခဲ့ကြ သော်လည်း လက်တွေ့တွင်အရေအတွက် အနည်းငယ်ဖြင့်ပြန်လည်ဖွဲ့စည်းပေးသော ဗမာ့ ကာကွယ်ရေး တပ်မတော်အားအဆင့်ဆင့် ပိုင်နိုင်စွာချုပ်ကိုင်ထားကြသည်။ ထို့အပြင် မြန်မာပြည်ကို ဂျပန်တို့ ကျွန်ပြုအုပ်စိုးရာ၌ ဗမာ့ကာကွယ်ရေးတပ်မတော်မှ အဟန့်အတား မဖြစ်စေရေး၊ ဗမာ့ကာကွယ်ရေးတပ်မတော်အား မိမိတို့အသုံးချနိုင်လောက်သည့် စစ်ရေး လေ့ကျင့်မှုများကိုသာပေး၍ ပူးပေါင်းမှုရယူရေးတို့ကို နည်းအမျိုးမျိုးဖြင့် စီမံထားကြ လေသည်။

## ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဌာနချုပ်(ရှဉ်းမနား)

၁၉၄၂ခု၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗဟိုစစ်ရုံးချုပ်ခေါ် ဗမာ့ကာကွယ် ရေးတပ်မတော်စစ်ဌာနချုပ်ရုံးကို ဖွဲ့စည်းတည်ထောင်သည်။ [၃] စစ်ဌာနချုပ်ရုံး တည်ရာမှာ

---

၁။ (က) DR. 1801 - တက်သစ်စဗမာပြည်အားကြေညာချက်
(ခ) အိုးနိတိုးရု - ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ ၊ မျက် ၃၅၀

၂။ F.N.Trager(ed)-Burma:Japanese Military Administration. Doc.No.25.

၃။ (က) DR 1801 - တက်သစ်စဗမာပြည်အား ကြေညာချက်
(ခ) ဗိုလ်သံတိုင် - လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း(ပ တွဲ) မျက် ၁၅၅-၁၅၆

ပျဉ်းမနားမြို့ရှိ ခရိုင်အရေးပိုင်ရုံးအဖြစ် အသုံးပြုခဲ့သော အဆောက်အဦတွင်ဖြစ်သည်။ ယင်းစစ်ဌာနချုပ်ရုံးတွင် စစ်ဦးစီးဌာန၊ စစ်လက်နက်ပစ္စည်း ဌာန၊ စစ်သားစုဆောင်းရေး ဌာန၊ ရိက္ခာထောက်ပံ့ရေးဌာန၊ ဆေးဘက်ဆိုင်ရာဌာန၊ စာရင်းအင်းဆိုင်ရာဌာန၊ တရား ဘက်ဆိုင်ရာဌာန၊ အထွေထွေဌာနစသည်တို့ ပါဝင်သည်။ [၁]

၁၉၄၂ခု၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ဂျပန်အမှတ်(၁၅)တပ်တော်မှူး ဒုတိယ ဗိုလ်ချုပ်ကြီးအီဒါက ဗိုလ်ချုပ်အောင်ဆန်းအား ဗိုလ်မှူးကြီးအဆင့်ဖြင့် ဗမာ့ကာကွယ် ရေးတပ်မတော်စစ်သေနာပတိအဖြစ်လည်းကောင်း၊ ဗိုလ်စကြာနှင့် ဗိုလ်လကျ်ာ တို့အား ဗိုလ်မှူး[၂]အဆင့်ဖြင့် စစ်ဦးစီးများအဖြစ်လည်းကောင်း ခန့်အပ် ခဲ့သည်။ [၃]

ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့ကာကွယ်ရေးတပ်မတော်တစ် ရပ်လုံးကို တာဝန်ယူကွပ်ကဲအုပ်ချုပ်ရသည်။ စစ်ဦးစီးအရာရှိ(အထွေထွေ)သည်စစ်ဆင်ရေး၊စစ်ဖွဲ့စည်း ရေး ကိစ္စများကို စီမံခန့်ခွဲရပြီး စစ်ဦးစီးအရာရှိ(စစ်ရေး စစ်ထောက်)သည်စာရင်းအင်း၊ မှတ်ပုံတင်၊ ရိက္ခာထောက်ပံ့ရေး၊ လက်နက်ရရှိရေး၊ စစ်ဝတ်တန်ဆာပြည့်စုံရေး၊ တပ်မတော် ဆိုင်ရာ ရုံးဆိုင်ရာကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ကြရသည်။ [၄]

---

၁။ (က) DR 1801 – တက်သစ်စဗမာပြည်အား ကြေညာချက်
   (ခ) ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း(ပ တွဲ) မျက် ၁၅၅–၁၅၆၊၁၅၇

၂။ ဒုတိယဗိုလ်မှူးကြီးအဆင့်

၃။ CD 20. The Growth of the Burma Army. p.226

၄။ တိုက်စိုး – ဗမာ့တပ်မတော်၊ မျက် ၁၃–၁၄

## ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း ၁၊ ၂၊ ၃ [1]

ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဌာနချုပ်ဖွဲ့စည်းသည်နှင့်တစ်ချိန်တည်း တပ်ရင်း(၁) နှင့် တပ်ရင်း(၂)တို့ကို မန္တလေးမြို့တွင် ဖွဲ့စည်းပြီး၊ တပ်ရင်း(၃)ကို ပဲခူးမြို့တွင် ဖွဲ့စည်းလိုက်သည်။ ထို့နောက် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်အတွက် ပျဉ်းမနားမြို့သို့ ပြောင်းရွှေ့ခဲ့ကြသည်။ ပျဉ်းမနားမြို့သို့ရောက်လျှင်တပ်ရင်း(၁)သည် မြို့အရှေ့ဘက်ရှိအမေရိကန်သာသနာပြုဗိုလ်ကိတ်(စီဘီကေ့စ်)[2] ခြံဝင်းအတွင်း စခန်းချကာ တပ်ရင်း(၂)နှင့်တပ်ရင်း(၃)တို့သည် ဗမာပြည်သစ်တောကျောင်းဝင်းအတွင်းတွင် စခန်းချနေရာယူကြသည်။ [3]

ဗိုလ်မှူးကလေး[4] နေဝင်းသည်တပ်ရင်း(၁)ကိုလည်းကောင်း၊ ဗိုလ်မှူးကလေး ရန်နိုင်သည် တပ်ရင်း(၂)ကိုလည်းကောင်း၊ ဗိုလ်မှူးကလေး ဇေယျသည် တပ်ရင်း(၃)ကိုလည်းကောင်း၊ အသီးသီးတာဝန်ယူကွပ်ကဲအုပ်ချုပ်ကြသည်။ [5]

တပ်ရင်းမှူးများသည် မိမိတို့တာဝန်ယူကွပ်ကဲရသော တပ်ရင်းကို စည်းကမ်းကျနစွာအုပ်ချုပ်ခြင်း၊ တပ်ရင်းဆိုင်ရာကိစ္စအဝဝကို ဦးစီးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ တပ်ရင်းရှိ ဂျပန်အရာရှိများ သင်ကြားပေးသော စစ်ပညာများကို ကိုယ်တိုင်ကိုယ်ကျ ဦးစီး ညွှန်ကြားခြင်းစသည့်တာဝန်များကိုဆောင်ရွက်ကြရသည်။ [6]

## ဖွဲ့စည်းပုံ

**တပ်ရင်းဌာနချုပ်။** ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်းဌာနချုပ်တွင် တပ်ရင်းမှူးတစ်ဦး (မြင်းရသည်)၊ ရုံးအုပ်ဗိုလ်ကြီး[7] တစ်ဦး၊ စာရေးများအဖြစ် အရာခံတပ်ကြပ် သို့မဟုတ် တပ်ကြပ်ကလေး သုံးဦး၊ လက်နက်တာဝန်ခံ ဗိုလ် သို့မဟုတ် ဗိုလ်ကလေး တစ်ဦး၊ ယင်းလက်ထောက် တပ်ကြပ် တစ်ဦး၊ ဘဏ္ဍာရေးနှင့်ရိက္ခာတာဝန်ခံ ဗိုလ် သို့မဟုတ် ဗိုလ်ကလေး

---

၁။ ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းစဉ်က တပ်ရင်း ၁၊ ၂၊ ၃မှာ ခြေလျင်တပ်ရင်း (Infantry Battalions) များဖြစ်ပါသည်။ ၂၂-၉-၄၄ နေ့စွဲဖြင့် ဗမာ့တပ်မတော် ဗဟိုစစ်ဌာနချုပ် ဗိုလ်မှူးကြီးနေဝင်း၏ ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၏အခြေအနေပေးပို့ချက်တွင် ခြေလျင်တပ်ရင်းဟူ၍ သုံးစွဲနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ C.B.Case

၃။ ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း(ပ တွဲ) မျက် ၁၆၀၊ ၁၆၃

၄။ ဗိုလ်မှူးအဆင့်

၅။ CD 20.The Growth of the Burma Army. p.226

၆။ တိုက်စိုး – ဗမာ့တပ်မတော် ၊ မျက် ၁၄

၇။ ဒုတိယတပ်ရင်းမှူး (Adjutant Captain)

တစ်ဦး၊ ယင်းလက်ထောက် အကြပ် နှစ်ဦး၊ မြင်းတပ်စုတာဝန်ခံ ဗိုလ် သို့မဟုတ် ဗိုလ်ကလေး တစ်ဦး၊ ယင်းလက်ထောက် အကြပ် တစ်ဦး ပါဝင်သည်။ [၁]

တပ်ရင်းဌာနချုပ်ရှိ ရုံးအုပ်ဗိုလ်ကြီးသည် တပ်ရင်းမှူး၏ညွှန်ကြားမှုကို ခံယူရပြီး စစ်ရေး၊ အုပ်ချုပ်ရေး၊ ထောက်ပံ့ရေး(ဦး၊ ရေး၊ ထောက်)တာဝန်များကို တာဝန်ခံအရာရှိများ နှင့် ညှိနှိုင်းဆောင်ရွက်ရသည်။ တပ်ရင်းမှူးမရှိလျှင် တပ်ရင်းမှူးကိုယ်စား တပ်ရင်းကို ဦးစီး အုပ်ချုပ်ရသည်။ တပ်ရင်းဌာနချုပ်တွင် ဂျပန်အကြံပေးအရာရှိတစ်ဦးနှင့်အခြားအဆင့်ရှစ်ဦး ကိုလည်း တွဲဖက်ထားသည်။

တပ်ရင်းတစ်ရင်းတွင် ခြေလျင်တပ်ခွဲ လေးခွဲနှင့် စက်သေနတ်ကြီးတပ်ခွဲ တစ်ခွဲ စုစု ပေါင်း ငါးခွဲပါဝင်သည်။ [၂]

**ခြေလျင်တပ်ခွဲ** ။ ခြေလျင်တပ်ခွဲတစ်ခွဲတွင် တပ်ခွဲမှူးဗိုလ်ကြီးတစ်ဦး၊ ဗိုလ် သို့မဟုတ် ဗိုလ်ကလေး သုံးဦး၊ အရာခံဗိုလ် တစ်ဦး၊ တပ်ကြပ်ကြီး နှစ်ဦး၊ တပ်ကြပ် သို့မဟုတ် တပ်ကြပ် ကလေး တစ်ဆယ့်ခုနစ်ဦး၊ တပ်သား တစ်ရာ့ခုနစ်ဆယ်၊ သူနာပြုတပ်သား နှစ်ဦး၊ ခရာ တပ်သား နှစ်ဦး စုစုပေါင်း တစ်ရာကိုးဆယ့်ရှစ်ဦးပါဝင်သည်။ [၃]

တပ်ခွဲဖွဲ့စည်းပုံမှာ တပ်သား တစ်ဆယ့်ငါးယောက်ကို တပ်စိတ် တစ်စိတ်ဖြစ်ပြီး၊ တပ်စိတ် သုံးစိတ်နှင့် စိန်ပြောင်းတပ်စိတ် တစ်စိတ် စုစုပေါင်း တပ်စိတ် လေးစိတ်ကို တပ်စုတစ်စု၊ တပ်စု သုံးစုကို တပ်ခွဲ တစ်ခွဲအဖြစ် ဖွဲ့စည်းထားသည်။

တပ်စိတ် တစ်စိတ်တွင် ဖွဲ့စည်းပုံအရ စက်ကလေး တစ်လက် နှင့် ရိုင်ဖယ်များကို ကိုင်ဆောင်ကြရသည်။ ထိုရိုင်ဖယ်ကိုင်များအနက် ၂ယောက်မှာ အထူးလက်ဖြောင့်တပ်သား များဖြစ်ကြသည်။

စိန်ပြောင်းတပ်စိတ်တွင် စိန်ပြောင်း လေးလက်တပ်ဆင်ထားသည်။ သို့ဖြစ်၍ ခြေလျင်တပ်ခွဲ တစ်ခွဲတွင် ဖွဲ့စည်းပုံအရ၊ ဂျပန်စက်ကလေး ကိုးလက်၊ စိန်ပြောင်း တစ်ဆယ့် နှစ်လက်၊ ရိုင်ဖယ် တစ်ရာ့ရှစ်ဆယ်ကျော် တပ်ဆင်ရမည်ဖြစ်သည်။

တပ်ကြပ်ကြီးနှင့်အထက် အရာရှိများသည် စစ်ဓါးနှင့်ခြောက်လုံးပြူး တစ်လက် ကိုင်ဆောင်ခွင့်ရကြသည်။ တပ်စိတ် တစ်စိတ်ကို တပ်ကြပ် တစ်ဦးကဦးစီး၍ တပ်စုကို

---

၁။ DR 4449 – ဗမာ့လွတ်လပ်ရေးတပ်မတော်အား ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည် ဖွဲ့စည်းရေးနှင့်ပတ်သက်၍ဗိုလ်ချုပ်ကြီးဗိုလ်တေဇထံမှ ဗိုလ်ချုပ်ကလေးဗိုလ်ဇေယျ ထံ ပေးစာ။

၂။ – ယင်း –

၃။ – ယင်း –

တပ်စုမှူးဗိုလ် တစ်ဦးက ဦးစီးသည်။ ယင်းတပ်စု သုံးစုကို ဗိုလ်ကြီး တစ်ဦးက ကွပ်ကဲအုပ်ချုပ်သည်။

**စက်သေနတ်ကြီးတပ်ခွဲ** ။ စက်သေနတ်ကြီးတပ်ခွဲ တစ်ခွဲတွင် တပ်ခွဲမှူး ဗိုလ်ကြီး တစ်ဦး (မြင်းရသည်)၊ ဗိုလ်သို့မဟုတ်ဗိုလ်ကလေး လေးဦး(မြင်းရသည်)၊ အရာခံဗိုလ် တစ်ဦး၊ တပ်ကြပ်ကြီးနှစ်ဦး၊ တပ်ကြပ်သို့မဟုတ်တပ်ကြပ်ကလေးဆယ်ဦး၊ တပ်သားတစ်ရာ့လေးဆယ်၊ ခရာတပ်သား နှစ်ဦး၊ သူနာပြုတပ်သားနှစ်ဦး၊ သေနတ်တင်ရန် မြင်း တစ်ဆယ့်နှစ်ကောင် စုစုပေါင်း အရာရှိအရာခံ တစ်ရာ့ခြောက်ဆယ့်နှစ်ဦး နှင့် မြင်း တစ်ဆယ့်ခုနစ်ကောင် ပါဝင်သည်။ [၁]

**စစ်ဝတ်တန်ဆာ** ။ အစကနဦးတွင် ဗိုလ်အကြပ်တပ်သားတို့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ပါမှလာသည့် အဝတ်အထည်များကိုသာဝတ်ဆင်ကြရသည်။ အချို့မှာ အင်္ဂလိပ်စစ်တပ်နှင့် အင်္ဂလိပ်ခေတ်ပုလိပ်များထံမှ ရခဲ့သည့် ကာကီရောင်ဦးထုပ်၊ အကျႌ၊ ဘောင်းဘီ၊ ကျောပိုးအိတ်နှင့် စစ်ဖိနပ်များကို ဝတ်စားဆင်မြန်းကြသည်။ ဦးခေါင်းမှခြေဖျားအထိ စစ်ဝတ်အပြည့်အစုံ ဝတ်နိုင်သူကို တွေ့ရခဲလှသည်။ ထို့ကြောင့် တပ်စိတ်တစ်စိတ် တန်းစီလိုက်လျှင် စစ်ဝတ်စုံအမျိုးမျိုးဖြင့် ဝတ်ဆင်ထားသောရဲဘော်များအား တွေ့မြင်ရသည်။ အရာရှိများ ပင်လျှင် မိမိတို့အဆင့် နှင့်ဆီလျော်သည့် စစ်ဝတ်စုံများကို ပြည့်စုံစွာ ဝတ်ဆင်နိုင်ခြင်း မရှိကြချေ။ [၂]

မကြာမီတပ်ရင်းရုံးမှ တပ်ခွဲအလိုက် ဦးထုပ်၊ အစိမ်းရောင်စစ်ဝတ်စုံ၊ ခြေပတ်၊ ဖိနပ်၊ ခြေအိတ်၊ ကျောပိုးအိတ်နှင့် စောင်များ ထုတ်ပေးခဲ့သည်။ ဦးထုပ်မှာ ခေါင်းအလိုက် အဝိုင်းသဏ္ဌာန်ဖြစ်ပြီး၊ နဖူးရှေ့တွင်နေကာကို ဘဲနှုတ်သီးပုံ လေးလက်မခန့် ထုတ်ထား သည်။ နောက်ဖက်တွင် အနားကိုတစ်လက်မခွဲခန့်ခွဲကာ အပေါက်နှစ်ပေါက်ဖေါက်၍ ကြိုးတပ် ထားသည်။ အလျှော့အတင်းပြုလုပ်နိုင်ရန် ဖြစ်သည်။ စစ်ဝတ်စုံမှာလက်ရက် ချည်ကြမ်းဖြင့် ချုပ်ထား ပြီး အစိမ်းရောင်ဖြစ်စေရန် သစ်ခေါက်များ ဆိုး၍ဝတ်ဆင် ကြရသည်။ ရှပ်အကျႌမှာလည်း လက်စက၊ အိတ်နှစ်ဖက်၊ ကြယ်သီးတပ် အိတ်ဖုံး၊ အမေရိကန်ကော်လာဖြစ်ပြီး ပခုံးဒေါက် မပါချေ။ ဘောင်းဘီမှာ ခါးစည်းကြိုးတပ်ဆင်ထားသည်။

---

၁။ DR 4449 – ဗမာ့လွတ်လပ်ရေးတပ်မတော်အား ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးဗိုလ်တေဇထံမှ ဗိုလ်ချုပ်ကလေး ဗိုလ်ဇေယျထံ ပေးစာ။

၂။ မင်းသိန္ဓုစုဆောင်းတင်ပြသော ဘီဒီအေတပ်ရင်း(၁)၊ ပီဘီအက်ဖ် တိုင်း(၂)မှတ်တမ်းများ(စာမူ) ၊ မျက် ၃-၄

ခြေမျက်စေ့အထက်ခြောက်လက်မခန့် အထိသာ ရှည်လျားသည်။ အဖျားတွင် ကြိုးတပ်ဆင်ထားသည်။ ခြေပတ်မှာ အညံ့စား သက္ကလပ်ခြေပတ်ရှည်ဖြစ်ပြီး ခြေမျက်စေ့မှ ဒူးအထိ ပတ်စည်းရသည်။ စစ်ဖိနပ်မှာ ဝက်ရေဖြင့် ချုပ်ထားသော သံခွာရိုက်ဘွတ်ဖိနပ်ဖြစ် သည်။ ခြေအိတ်နှစ်စုံရရှိသည့်အနက် တစ်စုံကိုသာ စီးကြရသည်။ ကျန်တစ်စုံကို စစ်ပညာသင်ကြားစဉ်အတွင်း ခရီးဝေးချီတက်သည့်အခါ ဆန်ထည့်ပြီး ကျောပိုးအိတ်နှင့် တွဲချည်သွားရန်ဖြစ်သည်။ [၁]

ထိုစဉ်က ကိုယ်တွေ့ကြုံခဲ့သူတစ်ဦးက –

"တပ်ရင်းရုံးမှ တပ်ခွဲလိုက်ထုတ်ပေးသော စစ်ဝတ်စုံများနှင့် ခြင်ထောင်၊ ဘာဘူစောင်များကြောင့် ရဲဘော်အပေါင်းမှာ ညအိပ်စက်ရာတွင် သက်တောင့်သက်သာဖြစ်လာခဲ့ကြသည်။ ဖျင်ကြမ်းကို သစ်ခေါက်ဆိုး၍ ဂျပန်ပုံစံ ယူနီဖေါင်းအသစ်ချုပ်ချုတ်များကြောင့်လည်း အတော်ပင် စမတ်ကျလာသည်။ ဂျပန်နည်းပြဆရာများကလည်း ဦးထုပ်ဆောင်းပုံ၊ အင်္ကျီ ဘောင်းဘီ ဝတ်ပုံ၊ ခါးပတ်ပတ်ပုံ၊ ခြေပတ်ပတ်တီး စည်းပုံ၊ ဖိနပ်ကြိုးချည်ပုံအသေးစိတ်များကို သင်ကြားပြသပေးကြသည်။ သို့သော် ဖိနပ်တိုက်ဆေးများ မရခဲ့ပါပေ။ ထို့ကြောင့် ရဲဘော်များမှာ ဖိနပ်ကိုရေနှင့်သာ စင်ကြယ်သန့်စင်ကြစေပြီး၊ ထူးထူးကဲကဲ ပိုလှချင်သော ရဲဘော်များမှာ ကြံကြံဖန်ဖန်ရှာဖွေလာသည့် ဝက်ဆီအနည်းအကျဉ်းနှင့် ဖိနပ်ကိုတောက်ပြောင်စေပါသည်။ အင်္ကျီဘောင်းဘီများကိုလည်း ခေါက်ရိုးကျိုးစေရန် အုတ်ခဲနှင့်ဖိထား၍လည်းကောင်း မိမိတို့အိပ်ယာ ဖျာအောက်တွင်လည်းကောင်း ထိုးထားပြီး ဆင်မြန်းဝတ်ဆင်လေ့ရှိကြပါသည်။ "[၂]

ဟူ၍မှတ်တမ်းတင်ထားသည်။

ဗမာ့ကာကွယ်ရေးတပ်မတော်သားများသည် ဤသို့စစ်ဝတ်ချို့တဲ့မှုကို မငြီးမငြူပေးသမျှကြည်ဖြူစွာဖြင့် ဝတ်ဆင်ခဲ့ကြလေသည်။

**စစ်လက်နက်** ။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ကိုင်ဆောင်အသုံးပြုခဲ့သော လက်နက်ခဲယမ်းမီးကျောက်များကို ဆိုင်ရာဌာနများသို့ အပ်နှံပြီးသည့်နောက် ဂျပန်အာဏာပိုင်တို့က

---

၁။ မိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း(ပ တွဲ) ၊ မျက် ၁၈၁–၁၈၂

၂။ မင်းသိင်္ခ စုဆောင်းတင်ပြသော ဘီဒီအေတပ်ရင်း(၁)၊ ပီဘီအက်ဖ် တိုင်း(၂)မှတ်တမ်းများ(စာမူ) ၊ မျက် ၄–၅

ဂျပန်လုပ်လက်နက်များကို ထုတ်ပေးခဲ့ကြသည်။ ' ယင်းလက်နက်များမှာ ဗမာ့ကာကွယ်ရေးတပ်မတော်ခြေလျင်တပ်ခွဲများအတွက် ဂျပန်ရိုင်ဖယ်၊ စိန်ပြောင်းနှင့်စက်ကလေးများဖြစ်ပြီး စက်သေနတ်ကြီးတပ်ခွဲများအတွက် ဂျပန်စက်သေနတ်ကြီးများဖြစ်သည်။ တပ်မှူးများမှာ ခြောက်လုံးပြူးသေနတ်ရရှိကြသည်။ ဓါးကိုမူ မိမိဘာသာ ရှာဖွေဝယ်ယူကိုင်ဆောင်ကြရသည်။ ထိုစဉ်က ဂျပန်တို့ ထုတ်ပေးသောလက်နက်များမှာ မိုးကျိုးမောင်းပျက်သေနတ်များပင်ဖြစ်သော်လည်း တပ်မတော်သားတိုင်း စစ်ဝတ်စုံယူနီဖောင်းထက် မိမိတို့ကိုင်ဆောင်သည့်လက်နက်ကို အသက်နှင့်ထပ်တူ တယုတယချစ်မြတ်နိုးကြသည်။ ၂

## ရာထူးအဆင့်တံဆိပ်

ဗမာ့ကာကွယ်ရေးတပ်မတော်မှ တပ်ဆင်ခဲ့သော ရာထူးတံဆိပ်များမှာ ဂျပန်တပ်မတော်မှအသုံးပြုသောရာထူးအဆင့်တံဆိပ်များနှင့်ထပ်တူပင်ဖြစ်သည်။ ဦးထုပ်တွင်အနီခံ ပေါ်၌ ကြေးကြယ်တံဆိပ် တပ်ဆင်ထားသည်။

ထိုစဉ်က ရာထူးအလိုက် တပ်ဆင်ရသောတံဆိပ်များမှာ တပ်သား အနီခံပေါ်တွင် ကြယ်ကလေး တစ်ပွင့်၊ တပ်သားကြီး အနီခံပေါ်တွင် ကြယ်ကလေး နှစ်ပွင့်၊ တပ်သားကျော် အနီခံပေါ်တွင် ကြယ်ကလေး သုံးပွင့်၊အရာခံတပ်ကြပ် အနီခံပေါ်တွင် ရွှေချည်ကြိုး တစ်လိုင်း၊ တပ်ကြပ်ကလေး အနီခံရွှေချည်ကြိုးတစ်လိုင်းအပေါ် ကြယ်ကလေး တစ်ပွင့်၊ တပ်ကြပ် အနီခံရွှေချည်ကြိုးတစ်လိုင်းအပေါ် ကြယ်ကလေး နှစ်ပွင့်၊တပ်ကြပ်ကြီး အနီခံရွှေချည်ကြိုးတစ်လိုင်းအပေါ် ကြယ်ကလေး သုံးပွင့်၊ အရာခံဗိုလ် အနီခံရွှေချည်ကြိုး သုံးလိုင်း၊ ဗိုလ်ကလေး အနီခံရွှေချည်ကြိုး သုံးလိုင်းအပေါ် ကြယ်ကလေးတစ်ပွင့်၊ ဗိုလ် အနီခံ ရွှေချည်ကြိုးသုံးလိုင်းအပေါ် ကြယ်ကလေး နှစ်ပွင့်၊ ဗိုလ်ကြီး အနီခံရွှေချည်ကြိုး သုံးလိုင်းအပေါ် ကြယ်ကလေးသုံးပွင့်၊ ဗိုလ်မှူးကလေး အနီခံရွှေချည်ကြိုးလေးလိုင်းအပေါ် အလယ်တွင် ကြယ်ကလေးတစ်ပွင့်၊ ဗိုလ်မှူး အနီခံရွှေချည်ကြိုး လေးလိုင်းအပေါ် အလယ်တွင် ကြယ်ကလေးနှစ်ပွင့်၊ ဗိုလ်မှူးကြီး

---

၁။ ဂျပန်အမှတ်(၁၅)တပ်တော်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒုတိယဗိုလ်ချုပ်ကြီးအီဒါကဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းစဉ် ဗမာ့တပ်မတော်မှ မြင်းတပ်၊ အမြောက်တပ်၊ လေတပ်များ တည်ထောင်ဖွဲ့စည်းလိုဟန်ရှိကြောင်း၊သို့သော်ဘုရင့်စစ်ဌာနချုပ်သည် ဗမာ့တပ်မတော်မှ ပန်လည်တော်လှန် မည်ကိုစိုးရိမ်နေကြောင်း၊ တရုတ်ပြည်တွင်မိမိ တို့စိတ်ချယုံကြည်ခဲ့သောတရုတ်တပ်မတော်မှ မိမိတို့အား ပြန်လည်ဆန့်ကျင်ခဲ့ကြကြောင်း၊ ထိုအတွေ့အကြုံအရဘုရင့်စစ်ဌာနချုပ်မှခြေလျင်တပ်ရင်း နှင့် စက်မှုတပ်ရင်းများအတွက်သာ လက်နက်များကန့်သတ်ပေးခဲ့ရာ ကျွန်ုပ်က ခြေလျင်တပ်ဆိုင်ရာ လက်နက်များကို ဗမာ့ကာကွယ်ရေးတပ်မတော်အား ထုတ်ပေးခဲ့ကြောင်း ပြန်ပြောင်းပြောဆိုခဲ့ပါ သည်။ (HM 33 - Gist of the ex-15th Commander Shojiro Iida's Speech)

၂။ မင်းသိဒ္ဓိစုဆောင်းတင်ပြသော ဘီဒီအေတပ်ရင်း(၁)၊ ပီဘီအက်ဖ် တိုင်း(၂)မှတ်တမ်းများ(စာမူ) ၊

အနီခံရွှေချည်ကြိုး လေးလိုင်းအပေါ် အလယ်တွင် ကြယ်ကလေး သုံးပွင့်၊ ဗိုလ်ချုပ်ကလေး ရွှေရောင်အပြားအပေါ် အလယ်တွင် ရွှေကြယ်ကလေး တစ်ပွင့် ဖြစ်သည်။ [၁]

ထိုစဉ်ကရာထူးတံဆိပ်များကိုပခုံးပေါ်တွင်မတပ်ဆင်ရဘဲ အင်္ကျီကော်လာသို့မဟုတ် လက်ဝဲရင်ဘတ်တစ်ဖက်တည်းတွင်သာ တပ်ဆင်ကြရသည်။ [၂]

ဓါးကြိုးများမှာလည်းအရာခံဗိုလ်မှဗိုလ်ကြီးအဆင့်အထိအပြာရောင်၊ ဗိုလ်မှူးကလေးမှဗိုလ်မှူးကြီးအဆင့်အထိ အနီရောင်၊ ဗိုလ်ချုပ်ကလေးမှဗိုလ်ချုပ်ကြီးအဆင့်အထိ အဝါရောင်

---

၁။ ဗမာ့ကာကွယ်ရေးတပ်မတော်မှတပ်ဆင်အသုံးပြုသည့်ရာထူးအဆင့်အခေါ်အဝေါ်များ။ ယင်းတို့အနက် အရာရှိအဆင့်တွင် အရာခံဗိုလ်မှတစ်ပါး ကျန်ရှိသည့်အခေါ်အဝေါ်များမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်မှအသုံးပြုခဲ့သောအခေါ်အဝေါ်များအတိုင်းပင် ဖြစ်ပါသည်။

| ဂျပန် | မြန်မာ | အင်္ဂလိပ် |
|---|---|---|
| **တပ်သားအဆင့်** | | |
| Nito Hei | တပ်သား | 2nd Class Private |
| Itto Hei | တပ်သားကြီး | 1st Class Private |
| Joto Hei | တပ်သားကျော် | Superior Private |
| Hei Cho | အရာခံတပ်ကြပ် | Lance Corporal |
| **အကြပ်အဆင့်** | | |
| Go Cho | တပ်ကြပ်ကလေး | Corporal |
| Gun Cho | တပ်ကြပ် | Sergeant |
| So Cho | တပ်ကြပ်ကြီး | Sergeant Major |
| **အရာရှိအဆင့်** | | |
| Jun i | အရာခံဗိုလ် | Warrant Officer |
| Sho i | ဗိုလ်ကလေး | 2nd Lieutenant |
| Chu i | ဗိုလ် | Lieutenant |
| Tai i | ဗိုလ်ကြီး | Captain |
| Sho Sa | ဗိုလ်မှူးကလေး | Major |
| Chu Sa | ဗိုလ်မှူး | Lt. Colonel |
| Tai Sa | ဗိုလ်မှူးကြီး | Colonel |
| Sho Sho | ဗိုလ်ချုပ်ကလေး | Major General |
| Tai Sho | ဗိုလ်ချုပ်ကြီး | General |
| Gen Sui | | Field Marshall |

(က)Goju Hachi-Biruma Sensen (The Burma Front). p.16

(ခ) DR 500 – ဗမာ့တပ်မတော်စစ်ဝန်ကြီးထုတ်ပြန်သောအမိန့်ပြန်တမ်းများစာတွဲ

(ဂ) လူထုဦးလှ – သတင်းစာများပြောပြတဲ့ စစ်တွင်းဗမာပြည်(ပ တွဲ၊ ဒုတိယနှိပ်) မျက် ၁၄၅

၂။ ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း (ပ တွဲ) ၊ မျက် ၁၇၃

များတပ်ဆင်ကြရသည်။ ထိုနည်းတူမော်တော်ယာဉ်အလံများကို အပြာပိန်း၊ အနီပိန်း၊ အဝါပိန်း ပြုလုပ်၍ တပ်ဆင်ကြရသည်။ [၁]

မကြာမီ ဂျပန်အာဏာပိုင်တို့က ယင်းတို့တပ်ဆင်သည့်ရာထူးတံဆိပ်များနှင့်တူညီနေသည့် ဗမာ့ကာကွယ်ရေးတပ်မတော်ရာထူးတံဆိပ်များကို ပြောင်းလဲပစ်လိုက်ကြတော့သည်။ ပြောင်းလဲလိုက်သည့်ရာထူးတံဆိပ်များ၏ထူးခြားချက်မှာ မူလရာထူးတံဆိပ်များပေါ်တွင် အစိမ်းလိုင်းနှစ်လိုင်းစီကို အလျားလိုက်ထည့်သွင်းလိုက်ခြင်းပင် ဖြစ်သည်။

ဦးထုပ်တံဆိပ်တွင် မူလအနီခံကြေးကြယ်အစား အဝါခံပေါ်တွင် အပ်ချည်ဖြင့် ထိုးထားသော ကြယ်အစိမ်းကို ပြောင်းလဲတပ်ဆင်ကြရသည်။ [၂]

ဖေါ်ပြပါ ဗမာ့ကာကွယ်ရေးတပ်မတော်၏အစိမ်းလိုင်းနှစ်လိုင်းစီပါဝင်သည့်ရာထူးတံဆိပ်များ တပ်ဆင်နေစဉ်အတွင်း အဝါရောင်လိုင်းနှင့်(ကြယ်အစား)အဝတ်စဖြင့် ပြုလုပ်ထားသော အဝါရောင်အဝိုင်း(Bails) နှင့် ဒေါင်လိုက်လိုင်း(Lines) များပါဝင်သည့် ရာထူးတံဆိပ်များကိုလည်း ဗမာ့ကာကွယ်ရေးတပ်မတော်မှ ပြောင်းလဲတပ်ဆင်ရန် ဂျပန်တို့ အရေးဆိုခဲ့ကြ ပေသေးသည်။

မကြာမီစစ်ဝန်ကြီးရုံး၊ စစ်ပန်းချီဌာနမှ ဗမာ့တပ်မတော် ရာထူး တံဆိပ် ပုံစံများ ရေးဆွဲ ၍ စစ်ဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ဂျပန်စစ်ရုံး၊ စစ်ဝန်ကြီးရုံး ဦးစီးချုပ်တို့က သဘော တူညီခဲ့ကြ သည်။ [၃]

၁၉၄၄ခု၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဗမာ့တပ်မတော်မှ တပ်ဆင်အသုံးပြုရမည့် ရာထူးအဆင့်တံဆိပ်များကို နိုင်ငံတော်အစိုးရက တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။ [၄]

---

၁။ ဗိုလ်သံတိုင်–လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း(ပတွဲ) မျက် ၁၇၂

၂။ – ယင်း – မျက် ၁၇၅

၃။ –ယင်း(ဒုတွဲ) မျက် ၃၃၈–၃၄၁

၄။ လူထုဦးလှ–သတင်းစာများပြောပြတဲ့စစ်တွင်းဗမာပြည်(တတွဲ)၊မျက်–၂၈

ထိုကြေညာလိုက်သည့် ရာထူးတံဆိပ်များမှာ[၁] ယခင်ရာထူးတံဆိပ်များနှင့်မတူ တစ်မူထူးခြားသည်။ ထူးခြားပုံမှာ ယခင်အောက်ခံအနီရောင် အစား အောက်ခံသံဖြူပြားပေါ်တွင် သက္ကလပ်အစိမ်းစအုပ်၍ ရွှေချည်ထိုးလိုင်းနှင့်ကြယ် အစား ငွေလိုင်း၊ ငွေကြယ်နှင့်နောက်ထပ် တိုးရာထူးအချို့တွင် ဘား[၂] များ ထည့်သွင်းထားခြင်းပင် ဖြစ်သည်။

ယခင်ရာထူးတံဆိပ်များသည် ထောင့်မှန်စတုဂံပုံသဏ္ဍာန်ဖြစ်ပြီး အလျား ၃၈မီလီမီတာ၊ အနံ ၂၅မီလီမီတာခန့်ရှိသည်။ နိုင်ငံတော်အစိုးရက ထုတ်ပြန်သော ရာထူးတံဆိပ်များ

---

၁။ ဗမာ့တပ်မတော်မှတပ်ဆင်အသုံးပြုရမည့်ရာထူးတံဆိပ်အခေါ်အဝေါ်များ

| ဂျပန် | မြန်မာ | အင်္ဂလိပ် |
|---|---|---|
| Nitto Hei | တပ်သား | 3rd Class Private |
| Itto Hei | တပ်သားကြီး | 2nd Class Private |
| Joto Hei | တပ်သားကျော် | 1st Class Private |
| Hei Cho | အရာခံတပ်ကြပ်ကလေး | Lance Corporal |
| Go Cho | တပ်ကြပ်ကလေး | Corporal |
| Gun Sho | တပ်ကြပ် | Sergeant |
| So Cho | တပ်ကြပ်ကြီး | Sergeant Major |
| Nitto Jun I | အရာခံဗိုလ်ကလေး | 2nd Class W.O. |
| Itto Jun I | အရာခံဗိုလ် | 1st Class W.O. |
| Sho I | ဒုတိယဗိုလ် | 2nd Lieutenant |
| Chu I | ဗိုလ် | Lieutenant |
| Tai I | ဗိုလ်ကြီး | Captain |
| Nitto Sho Sa | ဒုတိယဗိုလ်မှူး | Adjutant Captain |
| Itto Sho Sa | ဗိုလ်မှူး | Major |
| Chu Sa | ဒုတိယဗိုလ်မှူးကြီး | Lieutenant Colonel |
| Tai Sa | ဗိုလ်မှူးကြီး | Colonel |
| Tai Sa (Ryodan Cho) | တပ်မင်း | Brigadier |
| Sho Sho | ဗိုလ်ချုပ် | Major General |
| Chu Sho | ဗိုလ်ချုပ်ကြီး | Lieutenant General |
| Tai Sho | ဗိုလ်ချုပ်မှူး | General |
| Saiko Shikikan | စစ်သေနာပတိချုပ် (နိုင်ငံတော်အဓိပတိ) | Supreme Commander |

မှာမူ နန္ဒင်းမကင်းပုံသဏ္ဍာန်ဖြစ်ပြီး အလျား ၄၅မီလီမီတာ၊ အနံ ၂၅မီလီမီတာခန့်ရှိသဖြင့် ယခင်ရာထူးတံဆိပ်များထက် အနည်းငယ်ရှည်လျားသည်။

ယင်းရာထူးတံဆိပ်များ၏ အခြားထူးခြားချက်တစ်ရပ်မှာ ရာထူးအခေါ်အဝေါ် အချို့ ပြောင်းလဲလိုက်ခြင်းပင်ဖြစ်သည်။ ယခင်အရာခံတပ်ကြပ်(ဝမ်းလိုင်း)[၁]အစားအရာခံ တပ်ကြပ်ကလေး၊ ယခင်အရာခံဗိုလ် (သရီးလိုင်း)[၂] အစား အရာခံဗိုလ်ကလေး၊ ယခင် ဗိုလ်ကလေး (သရီးလိုင်းဝမ်းစတား)[၃] အစား ဒုတိယဗိုလ်၊ ယခင် ဗိုလ်မှူးကလေး (ဖိုးလိုင်းဝမ်းစတား)[၄] အစား ဗိုလ်မှူး၊ ယခင် ဗိုလ်မှူး(ဖိုးလိုင်းတူးစတား)[၅] အစား ဒုတိယဗိုလ်မှူးကြီး၊ ယခင်ဗိုလ်ချုပ် ကလေး (ရွှေပြားအလယ်ကြယ်တစ်ပွင့်)[၆] ဗိုလ်ချုပ်ဟူ၍ ပြောင်းလဲခေါ်ဝေါ်လာ သည်။

ထို့ပြင် ယခင်အရာခံဗိုလ်(သရီးလိုင်း) ကို အရာခံဗိုလ်ကလေး(သရီးလိုင်း) နှင့် အရာခံဗိုလ်(သရီးလိုင်းဝမ်းဘား)[၇] ဟူ၍လည်းကောင်း၊ ယခင်ဗိုလ်မှူးကလေး (ဖိုးလိုင်းဝမ်းစတား) ကို ဒုတိယဗိုလ်မှူး[၈] (ဖိုးလိုင်း) နှင့် ဗိုလ်မှူး(ဖိုးလိုင်းဝမ်းစတား) ဟူ၍လည်း ကောင်း ရာထူးအဆင့်နှစ်ခုစီခွဲခြားလိုက်သည်။ တပ်မင်း (ဖိုးလိုင်း၊ သရီးစတား၊ ဝမ်းဘား)[၉] ၊ ဗိုလ်ချုပ်မှူး(ငွေပြားနှင့်ကြယ်သုံးပွင့်)[၁၀] ဟူသော အခေါ်အဝေါ်များကိုလည်း ထပ်မံထည့်သွင်းထားလေသည်။

ဗမာ့တပ်မတော်အရာရှိ၊ အရာခံဗိုလ်အကြပ်တပ်သားများသည် ပေါ်ပြပါရာထူး တံဆိပ်များကို လက်ျာရင်အုံ ဒုတိယကြယ်သီးနှင့်တစ်တန်းတည်းထားကာ လက်ျာဘက်အိတ် ဖုံးကြယ်သီးအထက်တည့်တည့်တွင် တပ်ဆင်ကြလေသည်။

**ရိက္ခာ** ။ ဗမာ့ကာကွယ်ရေး တပ်မတော်တပ်ရင်းတစ်ရင်းတွင် အင်အားတစ်ထောင်ခန့် ပါဝင်သည်။ ထိုအင်အားတစ်ထောင်ခန့်အတွက် နေ့စဉ်အလှည့်ကျ တာဝန်ကျသူလေးဆယ် ခန့်က လေ့ကျင့်ရေးတာဝန်၊ ကင်းတာဝန်များအပြင် ချက်ပြုတ်ကျွေးမွေးရေးတာဝန်များကိုပါ ထမ်းဆောင်ကြရသည်။ သောက်ရေသုံးရေအတွက် မိုင်ဝက်ခန့်ဝေးသော ရေတွင်းမှ တာဝန်ကျ

---

၁။ One Line

၂။ Three Lines

၃။ Three Lines, One Star

၄။ Four Lines, One Star

၅။ Four Lines, Two Stars

၆။ Gold Plate, One Star

၇။ Three Lines, One Bar

၈။ Adjutant Major

၉။ Four Lines Three Stars One Bar

ရဲဘော်များက နွားလှည်းဖြင့် တစ်နေ့တာပတ်လုံး သယ်ယူကြရာ တာဝန်ကျ ရဲဘော်များ အလှည့်ကျ နားနေနိုင်သော်လည်း နွားများမှာ မနားရရှာပေ။ နွားများ ပင်ပန်းလွန်းသည့်အခါ နွားအစား လူကိုယ်တိုင်ဝင်ရောက်ဆွဲငင်ကြရသည်။ [၁]

ထမင်းချက်ရာ၌ မိုးဖြိုဒယ်တွင် ရေတန်ရုံထည့်၍ ရေဆူသည့်အခါ ဆေးထားသည့် ဆန်ကို လောင်းထည့်ပြီး ရေခန်းချက်ကြသည်။ ထမင်းနပ်လျှင်, ခန်းလုံးပြည့်မှုရှိသော ကြိုသကာကြိုသည့် ဒယ်အိုးကြီးထဲသို့ စုပေါင်းထည့်သည်။ ဤနည်းဖြင့် လူတစ်ထောင် အတွက် မိုးဖြိုဒယ်လေးဆယ်ကျော် ချက်ကြရသည်။ ထိုစဉ်က ထမင်းချက်သူ လေးဆယ်ခန့် အနက် နှစ်ဦးသုံးဦးသာ ထမင်းကောင်းစွာချက်တတ်ကြသဖြင့် ထမင်းမနပ်သည့်အခါလည်း ရှိသည်။ တူးစော်နံသည့်အခါလည်း ရှိသည်။ ရေခန်းချက်ရာတွင် မီးအချိန်အဆမတတ် သဖြင့် တူးပြီး အိုးကပ်သည်က များလေသည်။ [၂]

ဟင်းချက်ပြုတ်ရာတွင်လည်း၊ ရိက္ခာထောက်ပံ့ရေးဌာနမှရသည့် အမဲသား၊ ဆိတ် သား၊ ဗူးသီး၊ ခရမ်းသီး၊ ဖရုံသီး၊ ချဉ်ပေါင်စသည်တို့ကို စုပေါင်းကြိုချက်၍ နေ့စဉ် တစ်မယ်ကောင်း ဟင်းသာ စားကြရသည်။ ထမင်းစားချိန်မှာ နံနက် ၁၂နာရီ တစ်ကြိမ်၊ ညနေ ၆နာရီ တစ်ကြိမ် ဖြစ်သည်။ တစ်ပတ်လျှင် နှစ်ရက် အသားဟင်းစားကြရပြီး၊ ကျန်ရက် များတွင် ဗူးသီး၊ ခရမ်းသီး၊ ပဲ၊ ဟင်းသီးဟင်းရွက်များကိုသာ စားကြရသည်။ စားရာတွင်လည်း အရာရှိနှင့် အကြပ် တပ်သားများ လက်ရည်တစ်ပြင်တည်း စုပေါင်း စားသောက်ကြသည်။

ထမင်းစားရာတွင် ထမင်းဟင်းလျာများ ပြင်ဆင်ထားပြီးဖြစ်သော်လည်း ချက်ချင်း မစားကြရသေး။ ရုံးအုပ်ဗိုလ်ကြီး သို့မဟုတ် ဝါရင့်တပ်ခွဲမှူး က ထ၍ "တိုင်းပြည်ကကျွေးသော ထမင်းကို အလေးပြု" ရန်အမိန့်ပေးသည်။ ထိုအခါ အားလုံးမတ်တပ်ရပ်၊ ဦးထုပ်ချွတ် ဦးညွှတ် အလေးပြုပြီး "နေမြဲ၊ ထိုင်၊ စား" ဟူသော အမိန့်ရမှ စားကြရသည်။ ထိုစဉ်က လေ့ကျင့်ရေး ပြင်းထန်မှုများကြောင့် မည်သည့်ဟင်း ထမင်းကိုပင် စားရစေကာမူ မြိန်ရှက် ကြသည်။

ဤအကြောင်းနှင့်စပ်လျဉ်း၍ တပ်ရင်း(၁)တွင် ပါဝင်ခဲ့သူမှတ်တမ်းရှင်တစ်ဦးက အောက်ပါအတိုင်း ကိုယ်တွေ့ဖြစ်ရပ်များကို ဖော်ပြထားသည် –

> "ထိုကာလတွင် တပ်ရင်းရိက္ခာရုံနှင့်စားဖိုဆောင်များထားရှိပြီဖြစ်၍ တပ်ခွဲများမှ အလှည့်ကျထမင်းချက်တာဝန်ကို ယူခဲ့ကြသည်။ ထမင်းစားချိန်တွင် ,တပ်ခွဲလိုက် ထမင်းဟင်းများ သွားရောက်ယူကြရသည်။ မော်ကွန်းတင်ဟင်းလျာများကို မှတ် မိသည်မှာ ပဲဟင်း၊ ပဲပင်ပေါက်ဟင်း နှင့် ကဇွန်းရွက်ဟင်းတို့ကို အလှည့်ကျထား၍ အရံအဖြစ် ငပိရည်ဖြစ်ဖြစ်၊ သို့မဟုတ် ငါးခြောက်ဖုတ်များ ပါလာတတ်ပါ သေးသည်။ တပ်ရင်းရုံးရိက္ခာဌာနမှ အကြံအဖန်ကောင်း၍ အခါအခွင့်သင့်လျှင် အမဲသား၊ ဝက်သားစသည်များနှင့် တခါတရံ ကြုံကြိုက်ခဲ့သည်။ ထိုနေ့မျိုးသည်

---

၁။ ခင်မောင်ညို(မန်း) – အညတရစစ်သည်တစ်ဦး၏မှတ်တမ်း ၊ မျက် ၃၂–၃၃

၂။ – ယင်း –

ရဲဘော်များအတွက် လျှာစိုသောနေပင် ။ မည်သို့ပင်ဖြစ်စေ၊ ၄င်းဟင်းလျာများကို သာမန်ပြင်ပအရပ်သားများ စားရန်မဆိုထားဘိ၊ ထမင်းခွက်မြင်ရုံနှင့်ရင်ပြည့် သွားနိုင်ပါသည် ။ သို့သော် ရဲဘော်များအဖို့ ပြင်းထန်သော လေ့ကျင့်ရေးကြောင့် ဓိဇာမကြောင်နိုင်ပါ ။ အချိန်တန်၍ လွေးလိုက်လျှင် ပြုံက်ကနဲကုန်သည်သာ ဖြစ် သည် ။ "[1]

ရဲဘော်များသည် တိုင်းပြည်ကကျွေးသော ထမင်းဟင်းကို အလေးပြုစားသောက်ကြ ရသောကြောင့် ထမင်း၏တန်ဘိုးကို သိရှိနားလည်လာကြသည် ။ အဖတိုင်းပြည်ကို ပိုမိုချစ် ခင်လာကြသည် ။ တိုင်းပြည်လွတ်လပ်ရေးနှင့်ပြည်သူလူထုအတွက် ဆထက်ထမ်းပိုးတိုး၍ သုပ်ဆောင်လိုသည့်စိတ်ဓါတ်များလည်း ကစ်ဖွားဖွားပေါ်ပေါက်လာခဲ့ကြလေသည် ။

**လစာ** ။ ဗိုလ်အကြပ်တပ်သားများ ရရှိသည့်ဂျပန်တို့ထောက်ပံ့သောလစာမှာ လွန်စွာနည်း သော်လည်း ဗမာ့ကာကွယ်ရေးတပ်မတော်သားများသည် လခ ရိက္ခာ ရှေးရှု အဆင့်အတန်း ကိုမက်မော၍ တပ်မတော်သို့ ဝင်ရောက်လာသူများမဟုတ်ကြချေ ။ တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်သည့် ဗမာ့လွတ်လပ်ရေးအတွက် သက်သက်သာလျှင်ဖြစ်သည် ။ ထိုစဉ်က သာမန်တပ်သားတစ်ဦး (တတိယတန်း) ၇ ကျပ်၊ တပ်သားကြီး (ဒုတိယတန်း) ၁၂ ကျပ်၊ တပ်သားကျော် (ပထမတန်း) ၁၈ ကျပ်၊ အရာခံတပ်ကြပ် ၁၈ ကျပ်၊ တပ်ကြပ်ကလေး ၃၀ ကျပ်၊ တပ်ကြပ် ၄၅ ကျပ်၊ တပ်ကြပ်ကြီး ၇၀ ကျပ်၊ အရာခံဗိုလ်(ခ) ၈၅ ကျပ်၊ အရာခံဗိုလ်(က) ၁၀၀ ကျပ် [2]၊ ဗိုလ်ကလေး ၁၅၀ကျပ်၊ ဗိုလ်ကြီး ၃၀၀ ကျပ် [3] ရရှိကြသည် ။ ယင်းငွေများမှာ လည်း ဂျပန်ငွေစက္ကူများသာဖြစ်သည် ။

အရာရှိများ၏လခရိက္ခာအချိုးအစားသည် ရဲဘော်များ ရရှိသောလစာထက် ပိုမိုများ ပြား၏ ။ ဤသို့များပြားနေသဖြင့် ဂျပန်အကြံပေးအရာရှိများက မြန်မာအရာရှိ များအား လခရသည့်အချိန်မှစ၍ အိမ်ငှါးနေကြရမည်၊ အစားအသောက်အတွက် ရိက္ခာ မရ နိုင်တော့ သဖြင့် မိမိတို့ဘာသာ ချက်ပြုတ်စား သောက်ကြ ရမည်၊ စစ်ဝတ်တန်ဆာကိုလည်း ဝယ်ယူ ဝတ်ဆင်ကြရမည်ဟု ပြောဆိုလာကြသည် ။ ထို့ကြောင့်လခ ရသည့်အချိန်မှစ၍ တပ်ရင်းမှူး နှင့်တကွ အရာရှိများသည် အရပ်ထဲတွင်အိမ်ငှါး၍ နေထိုင်ကြရသည် ။ ဈေးအတွင်း ဆိုင်များမှ ထမင်းချိုင့်မှာ၍ စားသောက်ကြရသည် ။ [4]

---

၁ ။ မင်းသိဒ္ဓိစုဆောင်းတင်ပြသော ဘီဒီအေတပ်ရင်း(၁)၊ ပီဘီအက်ဖ် တိုင်း(၂)မှတ်တမ်းများ(စာမူ) မျက် ၅

၂ ။ DR 500 – ၁၉၄၄ခုဂျပန်ခေတ်ဗမာ့တပ်မတော်စစ်ဝန်ကြီးဌာနထုတ်ပြန်သော အမိန့်ပြန်တမ်းများ

၃ ။ ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း (ပ တွဲ)၊ မျက် ၁၆၉

၄ ။ ယင်း၊ မျက် ၁၇၀–၁၇၁

ရဲဘော်များ၏ လစာမှာ အရာရှိများအောက် လျော့နည်းနေသော်လည်း အရာရှိများ၏ငွေကြေးအသုံးအဆောင်ပစ္စည်းကို အချိန်မရွေး တောင်းယူသုံးစွဲနိုင်သည်ဟု ယုံကြည်ထားကြသည်။ ထို့ကြောင့်ပင် ရဲဘော်များသည် အရာရှိများ၏ ငွေကြေးအသုံးအဆောင်ပစ္စည်းကို ခိုးဝှက်လိမ်လည်ခြင်း၊ တိတ်တဆိတ် ယူငင်သုံးစွဲခြင်းမရှိဘဲ လိုအပ်လျှင် တောင်းယူသုံးစွဲကြသည်။ အရာရှိများကလည်း မိမိရဲဘော်များအား တတ်နိုင်သမျှ ပေးကမ်းကူညီ၍ စိတ်တူကိုယ်တူနေထိုင်ကြသည်။ မရှိသူကို ရှိသူကပေးကမ်းကူညီ၍ ဆင်းရဲစွာနေထိုင်ကြရသော်လည်း စိတ်ညစ်စရာဟူ၍ မရှိသလောက် ပျော်ကြသည်။ တိုင်းပြည်တာဝန်ထမ်းဆောင်ချိန်၌ လုပရန်မလိုသဖြင့် ဗိုလ်ချုပ်အောင်ဆန်းမှအစ ရဲဘော်များအားလုံး ကတုံးချည်း ထားကြလေသည်။

**ပို့ဆောင်ရေးယာဉ်**။ ပို့ဆောင်ဆက်သွယ်ရေးတွင် မော်တော်ယာဉ်ဟူ၍ မရှိပေ။ မြင်းနှင့် စက်ဘီးများကိုသာအသုံးပြုကြရသည်။ တပ်ရင်းမှူးသည်မိမိအတွက် သတ်မှတ်ထားသည့်မြင်းကို အစဉ်အသုံးပြုနိုင်သော်လည်း တပ်ခွဲမှူးများမှာ လိုအပ်သည့် အချိန်တွင်သာ တောင်းခံ အသုံးပြုရသည်။ ဝယ်ယူထားသည့် စက်ဘီးတာယာများပေါက်ကွဲပျက်စီး သည့်အခါ မော်တော်ကားတာယာဟောင်းများကို ဖြတ်လှီးတပ်ဆင်၍ စီးနင်းကြရသည်။ ရိက္ခာပစ္စည်းများ ထုတ်ပေး သည့်အခါများတွင် မြင်းလှည်း၊ နွားလှည်းများကိုငှါးရမ်း အသုံးပြုကြရ သည်။

**လေ့ကျင့်မှု**။ ပျဉ်းမနားမြို့ရှိ ဗမာ့ကာကွယ်ရေးတပ်မတော်ရဲဘော်များသည် နံနက် ၅ နာရီတွင်အိပ်ရာမှထ၍ ၆ နာရီတွင်တန်းစီကြရသည်။ ထို့နောက် ဗမာ့ကာကွယ်ရေးတပ်မတော် အလံ ကို အလေးပြုပြီး –

(၁) ငါတို့သည် နိုင်ငံတော်နှင့်လူမျိုး၏သစ္စာတော်ကို စောင့်သိရှိသေပါမည်။

(၂) ငါတို့သည် ကျဆုံးလေပြီးသောရဲဘော်တို့၏သစ္စာတော်ကို စောင့်သိရှိသေပါမည်။

(၃) ငါ့အား တိုင်းပြည်ကိုယ်စား အထက်မှပေးအပ်သောအလုပ်နှင့်တာဝန်ကို ကျေပွန်ရန် စောင့်သိရှိသေပါမည်။

(၄) ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် သစ္စာအဓိဋ္ဌာန်ပြုပါ၏။ [၁]

ဟူသော သစ္စာလေးချက်ကို ဦးထိပ်ရွက်၍ လေးလေးနက်နက်ရွတ်ဆိုကြရသည်။ ညနေပိုင်းတွင်လည်း ဤနည်းအတိုင်းပင် ရွတ်ဆိုကြရလေသည်။

---

၁။ DR 762 –ဗမာ့တပ်မတော်ဗဟိုစစ်ဌာနချုပ်မှထုတ်ဝေသောစစ်မှုရေးရာစာစောင်။

နံနက်ပိုင်းတွင် အလံတော်ကို အလေးပြုသစ္စာဆိုပြီးသောအခါ တပ်ရင်းမှူး၊ တပ်ခွဲမှူးနှင့် ဆရာများက မိမိတို့တပ်ခွဲ၊ တပ်စု၊ တပ်စိတ် ရဲဘော်များအား နိုင်ငံတော်လွတ်လပ်ရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ စစ်စည်းကမ်းသေဝပ်ရေးတို့ကို အခါအခွင့်သင့်တိုင်း ဟောပြောကြသည်။ သွန်သင်ကြသည်။ တပ်မတော်သားရဲဘော်များကလည်း တိုင်းပြည်၊ လူမျိုးနှင့် တပ်မတော်အတွက် တာဝန်ကျေပွန်ရေးကို စိတ်တွင် အစဉ်စွဲမြဲကာ အရာရာကို ယင်းအမြင်၊ ယင်းအတွေးဖြင့် လှုပ်ရှားလုပ်ဆောင်ကြသည်။

စစ်ရေးလေ့ကျင့်မှုများကို နံနက် ၈ နာရီမှ ၁၁နာရီအထိ၊ ညနေ ၂နာရီခွဲမှ ၅နာရီခွဲအထိ ပြုလုပ်ကြသည်။ သင်ယူရသည့်ဘာသာရပ်များမှာ စစ်မိန့်၊ စစ်ဝတ်စုံ၊ ရာထူးအဆင့်အတန်း၊ စစ်လက်နက်၊ တပ်တွင်းနှင့်စစ်မြေပြင်တာဝန်ဝတ္တရားဆိုင်ရာ အခေါ်အဝေါ်များကို ဂျပန်ဘာသာအသံထွက်ဖြင့် မှတ်သားလေ့ကျက်ခြင်း၊ စစ်တန်းလျား တပ်စခန်း၊ ကင်းစောင့်၊ ကင်းမှူးတာဝန်များ၊ ရိုင်ဖယ်၊ စက်ကလေး၊ စိန်ပြောင်း ကိုင်တွယ်ပစ်ခတ်နည်း၊ စစ်မြေပြင်ကင်းစောင့်နည်း၊ ကင်းစစ်နည်းများ၊ တစ်တပ်နှင့်တစ်တပ် အချက်ပြဆက်သွယ်ပုံ၊ တပ်စိတ်၊ တပ်စု၊ တပ်ခွဲချီတက်ပုံ၊ တိုက်ကင်းထွက်ပုံ၊ တပ်စိတ်တိုက်ပွဲ၊ ကတုတ်ကျင်းပုံစံအမျိုးမျိုးတူးနည်း၊ စစ်မြေပြင် ကင်းထောက်တာဝန်များ၊ မျက်မှန်းနှင့် အကွာအဝေးတိုင်းတာနည်း၊ တပ်စိတ်လိုက်နေရာယူပုံ၊ တပ်စိတ်ခံစစ်၊ ဝါယါဆူးကြိုးဖေါက်နည်း၊ ညတိုက်ပွဲတွင် စီစဉ်ပြင်ဆင်ပုံ၊ ရန်သူတပ်အနီး ကင်းပုန်းချပုံ၊ တပ်မကြီးမှ ရှေ့ပြေးကင်းလွှတ်ပုံ၊ ချီတက်စဉ် ရုတ်ခြည်းပေါ်လာသော ရန်သူအား ခုခံတိုက်ခိုက်နည်း၊ တပ်စုတိုက်ပွဲ၊ တပ်စိတ်ခံစစ်၊ ပစ်မိန့်စတင်ပေးပုံနှင့်ထိန်းသိမ်းနည်း၊ စက်ကွင်းပစ်တာဝန်နှင့်ဝတ္တရား ပြင်ဆင်စီစဉ်ပုံ၊ ရန်သူနယ်မြေအတွင်း တံတားဖြတ်တိုက်ပွဲ၊ စက်သေနတ်ကြီးတပ်ခွဲနှင့်ပူးတွဲတိုက်ခိုက်နည်း၊ ချီတက်နေစဉ် ရန်သူလေယာဉ်အား အကာအကွယ်ယူပုံ၊ ပြန်လှန်တိုက်ခိုက်ပုံ၊ အချင်းချင်းဆက်သွယ်ပုံ၊ တပ်စိတ်လိုက်ရန်သူတပ်ဆူးကြိုးဖြတ်ဝင်စီးနည်း၊ရန်သူ့တပ်စခန်းအဆင့်ဆင့်ကို တပ်ခွဲလိုက်တိုက်စစ်ဆင်ပုံ၊ မီးခိုးဖုံးအကာအကွယ်ယူ၍ တိုက်စစ်ဆင်ပုံ၊ ရောင်ပြတိုက်ပွဲ၊ ညတိုက်ပွဲချီတက်ခြင်း၊ ရန်သူ့တပ်စခန်းအဆင့်ဆင့်ကို ဖေါက်ထွင်းဝင်ပုံ၊ အမြောက်ကြီးတပ်နှင့်တွဲတိုက်နည်း၊ ဖြန့်ထားသောရန်သူ့စခန်းများကို စစ်ကြောင်းခွဲ၍ တစ်ကြိမ်တည်း တိုက်စစ်ဆင်နည်း၊ မြေပုံဖတ်နည်း၊ တပ်ခွဲတန်းစီပုံ၊ တပ်စုတိုက်ပွဲ၊ မီးခိုးဖုံးအသုံးပြုပုံ၊ မီးခိုးဖုံးအကာအကွယ်နှင့်ဆူး ကြိုးဖြတ်၍ရန်သူတပ်အားဝင်စီးပုံ၊အသေခံတပ်တိုက်ပွဲ၊တပ်စုတိုက်စစ်နှင့်ခံစစ်၊ ညကင်း စောင့်နည်း၊ ကင်းစစ်နည်း၊ ညတပ်စုတိုက်ပွဲ၊ စစ်မျက်နှာတွင်ပစ်ကွင်းပိုင်းခြားသတ်မှတ်ခြင်း၊ ရန်သူခံစစ်ကြောင်းမှအတားအဆီးအကာ အကွယ်အမျိုးမျိုးကိုဖျက်ဆီးဝင်ရောက်ပုံ၊ တပ်ရင်းတိုက်ပွဲ၊ မြေပြင်ပစ်အမြောက်ကြီးတပ်နှင့် တွဲဖက်တိုက်ပုံ၊ စစ်မြေပြင်တပ်ခွဲချီတက်ပုံများနှင့်လှုပ်ရှားမှုများ၊လေကြောင်းရန်ကိုပြန်လည်တိုက်ခိုက်ပုံ၊ လုံ့ဖွပ်တိုက်ပွဲ၊ စက်ကွင်းပစ်လေ့ကျင့်ရေး၊ တပ်ခွဲစခန်းချစဉ် ကာကွယ်ရေးကာဝန်များ၊ ချီတက်စဉ်ခဲယမ်းကျည်ဆံများ သယ်ယူပို့ဆောင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စစ်မြေပြင်ကင်း

ချခြင်း၊ စစ်ဆေးခြင်း၊ တပ်ခွဲခံစစ်၊ စစ်ကာလနှင့် စစ်မဲ့ကာလ ခြေလျင်တပ်ဖွဲ့စည်းပုံ စသည် တို့ဖြစ်သည်။ [၁]

ဗမာ့ကာကွယ်ရေးတပ်မတော် ရဲဘော်များသည် ဖော်ပြပါသင်ခန်းစာများကို လေ့ကျင့်ရေးကာလ (၇)လအတွင်း နေ့ပူမိုးရွာမရှောင် သင်တန်းမပျက် လေ့ကျင့်သင်ယူကြသည်။ ယင်းအချက်နှင့်စပ်လျဉ်း၍ ထိုစဉ်ကတပ်ရင်း(၁)တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သော ဗိုလ်မှူးသံတိုင်က –

> ဂျပန်တို့က အရှေ့အာရှ သာတူညီမျှရေးဝါဒဟု နာမည်ကောင်းယူပြီး ဗမာပြည်ကို သူတို့လက်ထဲ ဆုပ်ထားချင်ကြသည်။ ဗမာကလည်း လွတ်လပ်ရေးကိုမှ မရလျှင် ရသည့်နည်းဖြင့် ယူရန် ဆုံးဖြတ်ထားပြီးဖြစ်နေသည်။ ဂျပန်က ဗမာတို့အား သူတို့စိမ့်သလို နာခံစေချင်သည်။ ထိုကဲ့သို့ ကြုံရလေလေ ကျွန်တော်တို့ ဘီဒီအေ တပ်မတော် ကြီးသည်လည်းကြိုးစား၍ စစ်ပညာများကို လေ့လာဆည်းပူးလေ ရှိကြပါသည်။ နံနက်စောစောထ၊ ကျန်းမာရေးလေ့ကျင့်ခန်းယူပြီး ပျဉ်းမနားမြို့ အနောက်မြောက်ထောင့် ငလိုက်ချောင်းတံတားကို ဖြတ်ပြီးလျှင် သစ်တောကျောင်း မြောက်ဖက်တောင် ကုန်းထိပ်သို့ဘယ်ညာမှန်မှန်လျှောက်၍ စစ်သီချင်းများ သံပြိုင် အော်ဆိုကြသည်။ စစ်လေ့ကျင့်ခန်းများကိုနေ့စဉ်မှန်မှန်ကြိုးစားလေ့လာခဲ့ကြပါသည်။ ထိုခေတ်ဆိုခဲ့သောသီချင်းများမှာ အာဇာနည်သီချင်းများ၊ ရဲရဲတောက် သီချင်းများ၊ ဒို့တိုင်းဒို့ပြည်သီချင်း များဖြစ်ကြပါသည်။ ကျွန်တော်တို့တပ်ရင်း (၁) တပ်ရင်းမှူးဗိုလ်မှူးနေဝင်းသည်တပ်များစစ်ရေးလေ့ကျင့်သည့်ကွင်းသို့ ကိုယ်တိုင် လာရောက်ကြည့်ရှုလေ့ရှိပါသည်။ ဂျပန်အကြံပေးအရာရှိနှင့်နေ့လည်အချိန်တွင် ကျွန်တော်တို့အား စစ်ပညာသင်ခန်းစာများကိုပို့ချပေးပါသည်။ ဤကြားထဲမှ တပ်ရင်းအုပ်ချုပ်ရေးရုံးလုပ်ငန်းများကိုလည်း အချိန်ရသလောက် တစ်ဖက်က လုပ်ရရှာပါသေးသည်။ ထိုနည်းတူ ကျွန်တော်တို့တပ်ခွဲမှူးများကလည်း မိမိတို့ တပ်ရင်းမှူး၏ ရှေ့ဆောင်လမ်းပြနေသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြ လျက်မိမိတို့သင်ကြားခဲ့ရသမျှ မိမိတို့တပ်ခွဲရှိ အရာခံအကြပ် တပ်သားများသို့ အချိန်ရသမျှပြန်လည်ကြိုးစားသင်ကြားပေးကြရပါသည်။ ရဲဘော်များ မနက်ဖန် လေ့ကျင့်ရမည့်လေ့ကျင့်ခန်းများကို ယနေ့ညအချိန် ကြိုတင်ဟောပြော ပြသကြရပါသည်။ ထိုကြောင့် ရဲဘော်များသည် နောက်တစ်နေ့ စစ်လေ့ကျင့်ခန်း

---

၁။ DR 556 – ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း(၁)၊ တပ်ခွဲ(၂)မှ ဗိုလ်မောင်ကလေး၏ စစ်ဥပဒေ သင်ခန်းစာများမှတ်စု။

> ပြုလုပ်လေ့ကျင့်ရသောတောင်ကုန်းကလေးများသို့ ရောက်သောအခါ အတိအကျ
> လိုက်နာပြီး အမှား အယွင်းမရှိအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရပါသည်။[၁]

ဟူ၍ ဖော်ပြထားလေသည်။

ဗမာ့ကာကွယ်ရေးတပ်မတော်ရဲဘော်များသည် ယင်းသို့ အမှားအယွင်းမရှိအောင် လေ့ကျင့်သင်ယူနိုင်ကြသော်လည်း ဂျပန်နည်းပြဆရာတို့က တပ်မတော်သားများအား ကြမ်းတမ်းရက်စက်စွာဆက်ဆံကြသည်။ ပါးရိုက်ကြသည်။ တပ်မတော်သားများမှာ ပါးစပ်မှယိုစီးကျလာသည့် သွေးများကို ပြန်လည်မျိုချကာ ကြံကြံခံရင်ဆိုင်ခဲ့ကြသည်။ ခန္ဓာကိုယ်သက်တောင့်သက်သာ နေထိုင်ရေးဆိုသည်မှာ မေးဘွယ်ရာမရှိပေ။ သို့ပင်ဖြစ်စေကာမူ တပ်မတော်သားများအဖို့ အဆုံးစွန်သောစွန့်လွှတ်မှုဖြင့် မွန်မြတ်သောလုပ်ငန်း တစ်ရပ်အတွက် ရပ်တည်လှုပ်ရှားနေသည်ဟူ၍ ဖြေသိမ့်ကြသည်။[၂] ထိုမွန်မြတ်သောလုပ်ငန်းရပ်ကား လွတ်လပ်ရေးအတွက် တိုက်ပွဲဝင် တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းပင်ဖြစ်လေသည်။[၃]

**စိတ်ဓါတ်** ။ အထက်ကပြဆိုခဲ့သည့်အတိုင်း ဗမာ့ကာကွယ်ရေးတပ်မတော်ရဲဘော်များ၏ တူညီသည့်ရည်မှန်းချက်မှာ နိုင်ငံတော်၏လွတ်လပ်ရေးပင်ဖြစ်သည်။ ယင်းရည်မှန်းချက်ကို အခြေခံ၍ စစ်ရေးလေ့ကျင့်မှုကာလအတွင်း အစားဆင်းရဲခြင်း၊ အဝတ်ချို့တဲ့ခြင်း၊ နေရာထိုင်ခင်း ညံ့ဖျင်းခြင်း၊ လေ့ကျင့်ခန်းတို့၏ ကြမ်းတမ်းခက်ခဲခြင်းတို့ဖြင့် ပင်ပန်းနွမ်းဟိုက်လှသော်လည်း ယင်းဆင်းရဲမှုကို ဂရုမထား၊ စစ်ပညာကိုသာ ဖိ၍ ကြိုးစားသင်ယူကြသည်။ စစ်ပညာနှင့် စစ်စည်းကမ်းများကို ကျွမ်းကျင်နားလည်ထားပါမှ လွတ်လပ်ရေးကို ရယူနိုင်မည်။ ရရှိသည့်လွတ်လပ်ရေးကို ကာကွယ်နိုင်မည်ဟု ယုံကြည်ထားသည့်အလျောက်၊ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် လေ့ကျင့်ကြသည်။[၄] ထိုစဉ်က ရဲဘော်ရဲဘက်၊ သဘော်သဘက်များအပေါ် ဝန်ထုပ်

---

၁။ ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း (ပ တွဲ) ၊ မျက် ၁၇၅–၁၇၆

၂။ မြန်မာတို့အပေါ်ထားရှိသော ဂျပန်တို့၏သဘောထားမှာ လွန်စွာမောက်မာရိုင်းပျကြကြောင်း(အာရှစစ်ပွဲကြီးတွင်ဂျပန်တို့ကမြန်မာတို့အား လုပ်ဖော်ကိုင်ဘက်များဟူ၍ သဘောမထားဘဲ မန်ချူးရီးယားနှင့် တရုတ်ပြည်မှာကဲ့သို့ လက်အောက်ခံများအဖြစ် အုပ်ချုပ်ခဲ့ကြောင်း၊ ဤသည်ပင် မြန်မာတို့က ဂျပန်တို့အား မကျေနပ်သည့်အကြောင်းတစ်ရပ် ဖြစ်ခဲ့ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး အီဒါကပြန်ပြောင်းပြောဆိုခဲ့ပါ သည်။ (W.Z. Yoon - Japan's Occupation of Burma.p.186)

၃။ မင်းသိင်္ခ – ဘီဒီအေတပ်ရင်း(၁)၊ ပီဘီအက်ဖ် တိုင်း(၂)မှတ်တမ်းများ(စာမူ)၊ မျက် ၁ – ၂

၄။ ၁၉၄၂ခုဩဂုတ်လ ၂၄ရက်နေ့တွင်ဂျပန် အမှတ်(၁၅)တပ်တော်မှူး ဒုဗိုလ်ချုပ်ကြီးအီဒါသည် ပျဉ်းမနားမြို့သို့ လာရောက်၍ ဗမာ့ကာကွယ်ရေးတပ်မတော်သားများ၏လေ့ကျင့်ပုံများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ပိုး မဖြစ်စေလိုသော မကျန်းမာသူရဲဘော် တစ်ဦး၊ နှစ်ဦးစမှတစ်ပါး တပ်ပြေးဟူ၍ လုံးဝ မရှိခဲ့ချေ။

အထက်အောက်ဆက်ဆံရေးတွင် မိဘက သားသမီးများအား ချစ်ခင်ကြင်နာသကဲ့သို့လည်းကောင်း၊ ဆရာက တပည့်များအား မေတ္တာ စေတနာအပြည့်အဝဖြင့် သွန်သင်ပြသသကဲ့သို့လည်းကောင်း၊ အကိုကြီးက ညီငယ်များအား စောင့်ရှောက်ထိန်းသိမ်းသကဲ့သို့လည်းကောင်း၊ အချင်းချင်း လေးလေးစားစား ဆက်ဆံပြုမူကြသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်တပ်နှင့်တစ်တပ် သူ့ဗိုလ်၊ ကိုယ့်ဗိုလ် ဟူ၍ မခွဲခြားဘဲ ဗမာ့ကာကွယ်ရေးတပ်မတော်အရာရှိမှန်လျှင် လေးလေးစားစား အလေးပြုနှုတ်ဆက်ကြသည်။ အရာရာတွင် ငတ်လျှင်အတူ ပြတ်လျှင်အတူ စားစရာရှိလျှင် ညီတူမျှတူ စားသောက်ကြသည်။ တစ်ဦးတစ်ယောက် နေထိုင်မကောင်းဖြစ်လျှင်ဝိုင်းဝန်းပြုစုကြသည်။ ဤသို့လျှင် သေအတူရှင်မကွာရဲဘော်ရဲဘက်စိတ်ဖြင့်အသက်ပေးချစ်ခင်ကြသဖြင့် တပ်မတော်သားတိုင်း စိတ်ချမ်းမြေ့ကြသည်။ ပျော်ရွှင်ကြသည်။

ယင်းသို့ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်သားများသည် အေးအတူပူအမျှ အတူတကွ နေထိုင်ကြကာ စစ်ရေးလေ့ကျင့်ကြခြင်းနှင့်အခက်အခဲဟူသမျှ ဖြေရှင်းကြခြင်းတို့ကို ကျော်လွှားဖြတ်သန်းလာခဲ့ကြသဖြင့် ရဲဘော်ရဲဘက်စိတ်များ တစ်နေ့တစ်ခြား တိုးပွားလာခဲ့လေသည်။

**စစ်စည်းကမ်း ။** စစ်စည်းကမ်းပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့ကာကွယ်ရေးတပ်မတော်မှ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့်စည်းမျဉ်းဥပဒေများကို အခါအားလျော်စွာထုတ်ပြန်ခဲ့သည်။ ယင်းစစ်စည်းမျဉ်းဥပဒေများမှာ စစ်ဦးစီးခေါင်းဆောင်တို့၏ တာဝန်ဝတ္တရားများ၊ ဗမာ့ကာကွယ်ရေးတပ်မတော် အရာရှိနှင့်အရာခံများ လိုက်နာကြရန် စည်းမျဉ်းဥပဒေများ၊ ဗမာ့တပ်မတော်စစ်စည်းကမ်းများ၊ ဗမာစစ်သည်တော်တိုင်းထိန်းသိမ်းလိုက်နာရန် ကျင့်ဝတ္တရားများ၊ စစ်ဗိုလ်နှင့်စစ်စွမ်းရည် စသည်တို့ပင် ဖြစ်သည်။

အရာရှိအရာခံများ လိုက်နာရမည့်စစ်စည်းကမ်းများနှင့်စပ်လျဉ်း၍ ပျဉ်းမနားမြို့၊ ဗမာ့ကာကွယ်ရေးတပ်မတော်ဗဟိုစစ်ရုံးချုပ်မှ ၁၉၄၂ခု၊ ဒီဇင်ဘာလ ၂၀ ရက်နေ့စွဲပါ တရားရေးဌာနတာဝန်ခံဗိုလ်ကြီးဘိုးကွန်းလက်မှတ်ဖြင့် ထုတ်ပြန်ခဲ့သော စည်းမျဉ်းဥပဒေတွင် –

> "ဗမာ့ကာကွယ်ရေးတပ်မတော်အရာရှိ နှင့် အရာခံအပေါင်းတို့သည် မိမိတို့၏အဖ ဗမာပြည်ကြီးကို ချစ်ကြရမည်။ မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်ကြရမည် ဆိုသော စိတ်ထားသည် မိမိတို့၏ရှေ့ဆောင်လမ်းပြမီးတုတ်ကြီးသဖွယ် ဖြစ်စေရမည်။ အရာရှိနှင့်အရာခံများတို့သည် အမြဲထာဝစဉ်အမိန့်ကို ရိုသေ၍ မိမိတို့၏ခေါင်းဆောင်နှင့်အထက်အရာရှိများကို လေးစားကြရမည်။
>
> အရာရှိနှင့်အရာခံတို့သည် တပ်အတွင်း အပြင် မည်သည့်နေရာမှာ ရှိသည်ဖြစ်စေ၊ မိမိတို့၏အလုပ်တာဝန်ကို ဂရုကထ ၇ှိစေရမည်။ အစဉ်သဖြင့် ရိုးသားဖြောင့်မတ်

တည်ကြည်ပြီး အရာရှိအရာခံတို့၏ဂုဏ်နှင့်မဆီလျော်သော အပြုအမူများကို မပြု
လုပ်ရ၊အများပြည်သူတို့နှင့်ဆက်ဆံရာတွင်လည်း မိမိတို့၏အာဏာကိုအလွဲသုံး၍
မပြုဘဲ သတိတရားလက်ကိုင်ပြုပြီး ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံကြရမည်။ [၁]"

ဟူ၍ ပေါ်ပြပါရှိလေသည်။

၁၉၄၃ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့စွဲဖြင့် ပုံနှိပ်ထုတ်ဝေသော " ဗမာ့တပ်မတော်စစ်စည်းကမ်းများ " စာအုပ်ငယ်တွင် အရာရှိအရာခံအကြပ်များ စည်းကမ်းပေါက်ဖျက်မှုမရှိအောင် နည်းလမ်းရှာ၍ ကာကွယ်ထားရန်နှင့် ချစ်ကြောက်ရိုသေအောင် ဆက်ဆံအုပ်ချုပ်ရန်တို့ကို အလေးအနက်ထား၍ ညွှန်ကြားထားလေသည်။

၁၉၄၄ခု၊ဇန်နဝါရီလ ၅ရက်နေ့စွဲဖြင့်ပုံနှိပ်ထုတ်ဝေသော"ဗမာစစ်သည်တော်တိုင်းထိန်းသိမ်းလိုက်နာရန်ကျင့်ဝတ္တရားများ" စာအုပ်ငယ်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းက –

" ဗမာစစ်သည်တော်ဟူသရွေ့သည် အဘနိုင်ငံတော်ကြီး၏လက်ရုံးတန်ဆောင်ဖြစ်သည်နှင့်လျော်ညီစွာ အစဉ်သဖြင့် နိုင်ငံတော်၏အကျိုး၊ နိုင်ငံတော်သူနိုင်ငံတော်သားဗမာအများ၏ ဂုဏ်ကျေးဇူးကို ကွန့်မြူးစေလျက် ငါတို့ကျေးဇူးသစ္စာတော်ကို မိမိတို့၏လက်မွန်ပဌမ အဓိကဝတ္တရားအဖြစ် သိရှိ နားလည်လိုက်နာကြရမည်။ "

" အကြင်စစ်သည်တော်တစ်ဦးသည် ငါတို့၏ကျေးဇူးသစ္စာတော်ကို မသိ၊ မိမိ၏တာဝန်မကျေပွန်က စစ်မှုရေးရာတွင် မည်မျှပင် ကျွမ်းကျင် လိမ္မာစေကာမူ စစ်သည်တော်ကောင်းတစ်ယောက် မမည်ချေ။ "

" နိုင်ငံတော်ကာကွယ်လုံခြုံမှု၊ အဓွန့်ရှည်စွာ ခိုင်မြဲမှုတို့သည် စစ်သည်တော်အပေါင်း၏အင်အားပေါ်တွင် အထူးတည်သည်။ အင်အားဟူသည် စစ်သည်ဗိုလ်ခြေ အရေအတွက်များခြင်း၊ စစ်မက် လက်နက် ကောင်းမွန်ခြင်း၌သာမဟုတ်၊ စစ်သည်တော်တို့၏ ကောင်းမြတ်သော လက္ခဏာအင်္ဂါတည်းဟူသော အခြေခံတရားပေါ်တွင် တည်ရှိပေသည်။ "

" ဗမာစစ်သည်တော်များ ပါဝင်သော ကြည်းတပ်၊ ရေတပ်၊ လေတပ်သည် ဗမာနိုင်ငံတော် ဗမာအမျိုးသားများအတွက် ဖွဲ့စည်းထားသော ဗမာ့စစ်တပ် ဖြစ်သည်။ စစ်မှုထမ်းမဟုတ်သောဗမာများနှင့် တစ်ဦးကိုတစ်ဦး အမှီသဟဲဖြစ်စေရမည်။ တစ်ဦးနှင့်တစ်ဦး ဆွေရင်းမျိုးချာကဲ့သို့ ချစ်ကျွမ်းဝင်စေရမည်။ အလုပ်ဝတ္တရားနှင့်ပတ်သက်သည့်အခါ တာဝန်ကျေပွန် ကုန်တွင်အောင် တင်းတင်းကြပ်ကြပ်အရေးယူဆောင်ရွက်ခြင်းမှတစ်ပါး ဗမာစစ်သည်တော်တိုင်း အခြားဗမာ့များနှင့်ကောင်းမွန်ချောင်စွာရင်းနှီးဆက်ဆံကြရမည်။ ဗမာစစ်သည်တော်အချင်းချင်းလေးစားကြရမည်။ "

---

၁။ DR95–ဗမာ့ကာကွယ်ရေးတပ်မတော်အရာရှိနှင့်အရာခံများလိုက်နာကြရန်စည်းမျဉ်းဥပဒေများ။

" စစ်သည်တော်ဟူသမျှသည် မိမိထက်ရာထူးဌာနနှင့် ရ အဆင့်အတန်းကြီးမြင့်သူကိုလည်းကောင်း၊ အဆင့်အတန်းပင် တူသော်လည်း မိမိထက် အမှုထမ်းရင့်သူကိုလည်းကောင်း၊ ရိုသေလေးစားခြင်းရှိရမည်။ မိမိတို့နှင့်တိုက်ရိုက်သက်ဆိုင်သောအထက်လူကြီးကိုသာမက အခြားအထက်လူကြီးများကိုလည်း ရိုသေလေးစားကြရမည်။ အထက်လူကြီးများကလည်း ငယ်သားများအပေါ်တွင် မောက်မာခြင်း၊ ဖိနှိပ်ခြင်းအစရှိသည့် ရာထူးဌာနနှင့် ရဂုဏ်တန်ခိုးကို အလွဲသုံးစားမပြုရ။ အလုပ်ဝတ္တရားနှင့်ပတ်သက်၍ တရားလမ်းမှန်အတိုင်း တင်းတင်းကြပ်ကြပ်အရေးယူဆောင်ရွက်ရသည့်အခါမှတစ်ပါး အခြားအခါများတွင် လက်အောက်ငယ်သားများအပေါ်၌ ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားခြင်းတရားကို လက်ကိုင်ထားကြရမည်။ "

" ဗမာစစ်သည်တော်များသည် သူရသတ္တိတည်းဟူသော အနဂ္ဃရတနာကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှပင် မလစ်လပ်စေဘဲ စွဲမြဲစွာဆောင်ထားကြရမည်။ ရာဇဝင်အဆက်ဆက် ရှေးပဝေသဏီကပင် ဗမာတို့သည် သူရသတ္တိနှင့်ပြည့်စုံသော သူရဲကောင်းမျိုးဖြစ်သည်။ သို့သော် သတ္တိသွေးနှင့်မိုက်သွေးကို ခွဲခြားနားလည်ရမည်။ ဒေါသအလျှောက် မိုက်ရူးရဲအလုပ်ကို မလုပ်အပ်။ အမှားအမှန်ကို ဝေဘန်တတ်သောစိတ်၊ အရေးကြုံက တုန်လှုပ်ချောက်ခြားခြင်းအလျဉ်းမရှိ၊ ပကတိကြံ့ခိုင်မြဲမြံသောစိတ်ဖြင့် အကြောင်းအကျိုး မြော်တွေးထောက်ရှုလျက် ရင်ဆိုင်ကြုံတွေ့ရသော အရေးကိစ္စဟူသမျှကို အခင်းနှင့်လျော်စွာ စီမံခန့်ခွဲတတ်ရမည်။ ရန်သူကို မိမိထက်အင်အားသေးသည်ဟူ၍ မလေးမစား ပေါ့ပေါ့တန်တန် မပြုအပ်။ မိမိထက်အင်အား ကြီးသည်ဟူ၍လည်း ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိစေရ။ "

" တပ်မတော်သားအပေါင်းတို့သည် တည်ကြည်ဖြောင့်မတ်ကြရမည်။ ဖြောင့်မတ်တည်ကြည်ခြင်းမရှိက တပ်မတော်အတွင်း ကျေပွန်စွာ အမှုထမ်းရန် မဖြစ်နိုင်ချေ။ တည်ကြည်ခြင်းဆိုသည်မှာ မိမိ၏ကတိစကား မပျက်မကွက်ခြင်းဖြစ်သည်။ ဖြောင့်မတ်ခြင်းဆိုသည်မှာ မိမိ၏တာဝန်ဝတ္တရားကို ဖြောင့်မတ်ကျေပွန်စွာဆောင်ရွက်ခြင်း၊ မည်သည့်အမှုအခင်းကိစ္စမျိုး၌မဆို မိမိကိုယ်ကျိုးကိုထိခိုက်မည့်အကြောင်းရှိစေကာမူ မကွယ်မထောက် ရဲဝံ့စွာ ပြောဆိုဝန်ခံပြုလုပ်ခြင်းဖြစ်သည်။ "

" တပ်မတော်သားအပေါင်းတို့သည် နေရေးထိုင်ရေး၌ ပလွှားကြွားဝါမှုကင်းရှင်းလျက်ရိုးရိုးမှန်မှန် နေထိုင်ကြရမည်။ နေရေးထိုင်ရေးတွင် ရိုးရိုးမဟုတ်ပါက ပလွှားလော်လီမှုများ ဖြစ်ပေါ်လာပြီးလျှင် စည်းစိမ်ယစ်မူးခြင်း၊ အသုံးအစွဲမဆင်ခြင်ခြင်းစသော အကျင့်ဆိုးများပေါ်ပေါက်လာပေလိမ့်မည်။ ထိုအကျင့်ဆိုးများပေါ်ပေါက်လာသည့်အခါကိုယ်ကောင်းကြံလိုသော စိတ်ဆိုးစိတ်ညစ်များ တပြည်း

ဖြည်းဝင်စားလာ၍ သစ္စာတော်ကိုစောင့်သိသောစိတ်၊ သူရသတ္တိစိတ်တို့သည် ဒီရေဆုတ်သကဲ့သို့ ယုတ်လျော့ကျဆင်းပြီးလျှင် လောကတွင် အောက်ဆုံး အတန်းအစား လူသုညဘဝသို့ ကျရောက်သွားရန်သာ ရှိပေသည်။ [၁]

သည်ဖြင့် စစ်သည်တော်များ လိုက်နာရမည့်စည်းကမ်းများကို အသေးစိတ်ညွှန်ကြားထား လသည်။

ဗမာ့ ကာကွယ်ရေးတပ်မတော်သည် ပြည်သူများမှ ပေါက်ဖွားလာသည့် ပြည်သူ ့တပ်မတော်ဖြစ်သည်နှင့်အညီ ၁၉၄၄ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူ့တပ်မတော်သားများ လိုက်နာကျင့်ကြံရမည့်စည်းကမ်းချက်များကိုပါ ချမှတ်ခဲ့လေ သည်။ ယင်းစည်းကမ်းချက်များတွင် –

(၁) ပြည်သူအပေါင်းတို့အား အရာရှိ၊ အရာမဲ့၊ လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမ၊ လူမျိုးမရွေး၊ ဘာသာမရွေး ဆက်ဆံတတ်ပါစေ။ ပေါ်ရွှေကြပါ။ ယဉ်ကျေးကြပါ။ ကိုယ့်အမှားမရှိပါစေနှင့်။ တရားမျှတကြပါ။ ကြင်နာ ကြပါ။ လေးစားကြပါ။

(၂) ကိုယ်နှင့်မဆိုင်တဲ့အခြားသူ၏အလုပ်ကို အနှောက်အယှက် မပြုပါနှင့်။ သို့သော် ကိုယ့်ဝတ္တရားအချိန်ပတွင်း မည်သူ့ကိုမဆို အထူးသဖြင့် လူအို၊ ကလေး၊ မိန်းမ၊ ဆင်းရဲသားတို့ကို ကူညီနိုင်သမျှ ကူညီပါ။ ကူညီရာတွင် တရားလမ်းကျပါစေ။

(၃) ဗမာမဟုတ်သောနိုင်ငံတွင်းရှိ လူမျိုးစုများကို ငါတို့တပ်တွင်းသော်လည်း ကောင်း၊ ပြင်ပသော်လည်းကောင်း၊ ဆွေမျိုးရင်းချာကဲ့သို့ သဘောထား ပါ။ ၎င်းတို့အား အစ်ကိုကြီးများက ညီငယ်များကိုအလိုလိုက်သလို အလိုလိုက်ကြပါ။ ၎င်းတို့ကပင်ဆိုးစေကာမူ သည်းခံနိုင်အောင် ကြိုးစား ကြပါ။ ၎င်းတို့ဘာသာစကား၊ အလေ့အထ၊ အယူဝါဒ ထုံးစံများကို ရှိသေ လေးစားပါ။ ၎င်းတို့ အလေ့အထ ဘာသာအတိုင်း ကိုးကွယ်ခြင်း၊ ပြောဆို ခြင်း၊ ဝတ်စားခြင်း၊ နေထိုင်ခြင်းအစရှိသည်များကို မကဲ့ရဲ့ပါနှင့်။ မပြောင်လှောင်ပါနှင့်။ မနှောက်ယှက်ပါနှင့်။ ၎င်းတို့မခံချင်သည့်အပြေ ာအဆို အသုံးအနှုန်း မျိုး ရှောင်ပါ။ ၎င်းတို့ကို ကူညီနိုင်လျှင် ကူညီပါ။

(၄) ရဲဘော်စိတ် အချင်းချင်းထားကြပါ တပ်မှူးကတပ်သားများကိုလေးစား ပါ။ ချစ်ခင်ပါ။ စောင့်ရှောက်ပါ။ တပ်မှူးထက်အသက်ကြီးသော တပ်သား များကိုလေးစားစွာခေါ်ပါ။ တာဝန်အပြင်အပတွင် ရဲဘော်ချင်း ဆက်ဆံသလိုဆက်ဆံပါ။ အချင်းချင်းလည်းတစ်ဦးကိုတစ်ဦးပဲ့ပြင်ပါ။

---

[၁] DR 3340 – ဗမာစစ်သည်တော်တိုင်းထိန်းသိမ်းလိုက်နာရန်ကျင့်ဝတ္တရားများ

ကူညီပါ။ မတတ်သူကို တတ်သူကကူညီပါ။ အလုပ်မပြီးသူကို ပြီးသူက ကူညီပါ။ အကျင့်မကောင်းသူကိုကောင်းသူကကူညီပါ။ ရဲဘော်မတရား ဒုက္ခရောက်လျှင်ကူပါ။ ရဲဘော်များနာလျှင်ကူပါ။ အားမဲ့နေသော ရဲဘော်ကို ပစ်မထားပါနှင့်။ ရဲဘော်အချင်းချင်း မြို့သား၊ တောသား၊ ပညာတတ်၊မတတ် အစရှိသဖြင့်အထင်မသေးပါနှင့်၊ တစ်ဦးကိုတစ်ဦး ကူညီပါ။ တစ်ဦးထံမှတစ်ဦးသင်ယူကြပါ။ ရှက်စရာမရှိ၊ တပ်မှူးထံမှ လည်းတပ်သားများက သင်ရမည်။ တပ်သားများထံမှ တပ်မှူးများက သင် ရမည်။ တစ်ဦးနှင့် တစ်ဦး အရာရာမှာ အပေးအယူ ရှိရမည်။

(၅) အကျင့်စာရိတ္တ ကောင်းကြပါ။ အရက်သေစာသောက်စားမှုးယစ်၍ လူ မြင်ကွင်းမှာ တပ်မတော်နာမည်ပျက်စရာအလုပ်များ မလုပ်ပါနှင့်။ မိန်းမ လိုက်စား ဖါကျိုးများသော သုံးမရသည့် တပ်မတော် မဖြစ်ပါစေနှင့်။ မိန်းမမြင်လျှင် ထိန်းမရ၊ သိမ်းမရရမ်းကားသော တပ်မတော်မဖြစ်ပါစေ နှင့်။ သူများပစ္စည်းများကို လုယက်ခိုးယူခြင်း မပြုပါနှင့်။ လူများအပေါ် မတရား အာဏာမပြပါနှင့်။

(၆) ဆန္ဒအားကြီးအောင် ကြိုးစားကြပါ။ အမောခံနိုင်အောင်၊ အပင်ပန်းခံနိုင် အောင်၊ အငတ်ခံနိုင်အောင်၊ အဆင်းရဲခံနိုင်အောင်၊ အနိုင်မခံရအောင်၊ အရှုံးမပေးရအောင် ဆန္ဒအားပွားကြပါ။ တတ်နိုင်သမျှ ရိုးရိုးနေ၊ ရိုးရိုး ကျင့်၊ မြင့်မြင့်ကြံကြပါ။ အရက်၊ ဆေးလိပ်၊ မိန်းမ၊ စည်းစိမ်များရှောင် နိုင်သလောက်ရှောင်ပါ။ မရှောင်နိုင်သည့်အခါ စိတ်ကိုထိန်းသိမ်းနိုင်ပါ စေ။ ကိုယ်နှုတ်ကို ထိန်းသိမ်းနိုင်ပါစေ။

သံယောဇဉ်မှန်သမျှ ဖြတ်တောက်နိုင်ရမည်။

ငါတို့သည် သားမယား၊ ဆွေမျိုး၊ မိဘများကို တတ်နိုင်သမျှ ကာကွယ် စောင့်ရှောက်ရန် ကြိုးစားမည်။ ၄င်းတို့အား လေးစားချစ်ခင်ကြခြင်းမှာ လည်း နည်းမှန်ပင်ဖြစ်သည်။ သို့သော် ၄င်းတို့တွယ်တာမှုကြောင့် ငါတို့ အလုပ်တာဝန်ကြီးကို မထိခိုက်ပါစေနှင့်။ ၄င်းတို့အား ရက်ရက်စွန့်ခွါရ မည့်အခါမျိုးတွင် စွန့်.ခွါ၍တာဝန်ကို ထမ်းဆောင်ရန်အသင့်ရှိရမည်။

ပြည်သူ့တပ်မတော်သားတိုင်း(အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအကုန် ကိုဆိုလိုသည်)

(၁) အရက်မှူး မရမ်းကားရ။

(၂) မိန်းမများကို ကျူးလွန်စော်ကားခြင်းမပြုရ။

(၃) ဖါမကျိုးရ။ ဖါကျိုးလျှင် အပြစ်၊ ဖါကျိုးကို ဖွက်လျှင် ပို၍ အပြစ်ဖြစ်သည်။

(၄) မလုယက်၊မခိုးဝှက်ရ။

(၅) တပ်တွင်းမသန့်ရှင်း မစင်ကြယ်မလုပ်ပါနှင့်၊ အမြဲသန့်ရှင်း စင်ကြယ်ရမည်။

(၆) တဲခိုသောအိမ်ယာများတွင် မညစ်ပတ်ပါစေနှင့်၊ အနေအထိုင် မညစ်ညမ်းပါစေနှင့်။

(၇) တန်ရာတန်ဘိုး မပေးဘဲ မဝယ်ပါနှင့်။

(၈) အထက်အမိန့်မရှိဘဲ ပစ္စည်းအတင်းမသိမ်းပါနှင့်။ အထက်အမိန့်အရသိမ်းရစေကာမူ မဖွယ်မရာ မယဉ်မကျေး မပြုပါနှင့်။ သူမခံသာနိုင်အောင် မလုပ်ပါနှင့်။

(၉) ချေးငှါးထားသောအရာကိုဆက်ဆက်ပြန်ပေးရန်မမေ့ပါ နှင့်။

(၁၀) လက်နက်များကို နေစဉ် မတိုက်မချွတ်ဘဲ မထားပါနှင့်။ လက်နက်သည် သင်၏အသက်ဖြစ်သည်။

(၁၁) တပ်ပစ္စည်းများကို မရှိမသေမလုပ်ပါနှင့်။ မပျောက်မရှပါစေနှင့်။ တပ်ပစ္စည်းတစ်စုံတစ်ရာပျောက်လျှင် တစ်တပ်လုံးရှာရမည်။

(၁၂) ငါတို့တပ်သည် လူချမ်းသာတပ်မဟုတ်၊ တတ်နိုင်သမျှ ချွေတာကြပါ။ အဝတ်ပြဲလျှင် ချုပ်ဝတ်ပါ။ လွှင့်မပစ်ပါနှင့်။ လွှင့်ပစ်လျှင်စာရင်းစစ်ကတွေ့သည့်အခါအပြစ်ပေးခံရမည်။ တပ်မှူးလည်း တာဝန်ကျမည်။ ဘာပစ္စည်းဖြစ်ဖြစ် ပြင်သုံး၍ ရလျှင်သုံးပါ။ ပြင်လို့ရနိုင်လျက်လွှင့်ပစ်လျှင်အပြစ်ခံရမည်။

(၁၃) လူမျိုးအချင်းချင်း သွေးခွဲသည့်အလုပ်၊ မုန်းတီးစေမည့်အလုပ်ကို မလုပ်ပါနှင့်၊ လုပ်လျှင် အပြစ်ပေးမည်။

(၁၄) လူများ ကိုးကွယ်သော ဘာသာများကို မပုတ်ခတ်ပါနှင့်။ မပြောင်ပါနှင့်။ ပုတ်ခတ်လျှင် အပြစ်ပေးမည်။ ဘာသာခြားသူကို ကိုယ့်ဘာသာသို့ အတင်းမပြောင်းခိုင်းရ။ ပြောင်းခိုင်းလျှင် ကြီးလေးသောအပြစ်။

(၁၅) တပ်အတွင်းပေါ့ပေါ့လျော့လျော့မနေပါနှင့်။ အမြဲတန်းအသင့်ဖြစ်ရမည်။

(၁၆) ကျန်းမာရေးနှင့် မညီညွတ်သောအစားအသောက်ကို မစားသောက်ပါနှင့်။ ရေကိုမကျိုဘဲမသောက်ပါနှင့်။ တပ်တစ်ခုလုံး

ဥပါဒ်ဖြစ်မည်။ [၁] စသည့်အချက်များ ပါဝင်သည်။

ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သည်တော်များသည် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်သည့် ပေါ်ပြူပါလမ်းညွှန်ချက် စည်းကမ်းများကို အတိအကျလိုက်နာကြသည်။ စောင့်ထိန်းကြသည်။

စစ်သည်တော်တိုင်း –

(၁) စစ်သားများသည် နိုင်ငံနှင့်အမျိုးကို သစ္စာစောင့်ထိန်းရမည်။

(၂) စစ်သားများသည် ယဉ်ကျေးသိမ်မွေ့ရမည်။
လက်နက်အားကိုး နိုင်ထက်စီးနင်းမလုပ်ရ။

(၃) စစ်သားများသည် ရဲရင့်ရမည်။

(၄) စစ်သားများသည်ရဲဘော်စိတ်ဖြင့် အချင်းချင်း သစ္စာရှိရမည်။

(၅) စစ်သားများသည်အတွယ်အတာကင်းရမည်။
အဆင်းရဲခံနိုင်ရမည်။ ရိုးရိုးနေထိုင်စားသောက်ရမည်။ [၂]

ဟူသော စစ်သည်တော်ဆောင်ပုဒ်ကို စိတ်တွင် အစဉ်စွဲ၍ လိုက်နာကျင့်ကြံကြသည်။ ယင်းသို့ စစ်စည်းကမ်းများကို လိုက်နာထိန်းသိမ်းရင်း အထက်အောက် ရာထူးအနိမ့်အမြင့် မရွေး စိတ်ရောကိုယ်ပါ လေးလေးစားစား ဆက်ဆံကြသည်။ အချင်းချင်းရဲဘော်စိတ်ဖြင့် ချစ်ခင်ကြသည်။ စောင့်ရှောက်ကြသည်။ မတတ်သူကို တတ်သူကလည်းကောင်း၊ အလုပ်မပြီးသူကို ပြီးသူကလည်းကောင်း၊ အကျင့်မကောင်းသူကို ကောင်းသူကလည်းကောင်း ကူညီကြသည်။ ဝင့်ဝါမှု၊ ဟန်လုပ်မှု၊ လိမ်လည်လှည့်ဖြားပြောဆိုမှု မရှိကြချေ။ ရာထူးအဆင့်မြင့်သူကို ရာထူးအဆင့်ငယ်သူက အလေးပြုရမည်ဟူသော သတ်မှတ်ချက် အတိုင်းလက်တွေ့လိုက်လိုက်လဲလဲ လုပ်ဆောင်ကြသည်။ ရာထူးအဆင့်တူသည့်တိုင် မိမိထက်စော၍ တာဝန်ထမ်းဆောင်သူ၊ တစ်နည်းအားဖြင့် ဝါကြီးသူနှင့်အလှည့်ကျတာဝန် ထမ်းဆောင်သူ တာဝန်မှူးတို့အားအလေးပြုကြသည်။ အလေးပြုသည်ဆိုရာ၌ ရာထူးအဆင့်အတန်းအလိုက် အထက်အောက်အပြန်အလှန် အသိအမှတ်ပြုခြင်း၊ တစ်ဦး၏တာဝန်ကို တစ်ဦးက လေးစားခြင်း၊ စည်းကမ်းလိုက်နာခြင်း တို့ကိုပေါ်ဆောင်ခြင်းပင်ဖြစ်သည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းမှအစ အထက်အရာရှိများ သည်ရဲဘော်များ လေးစားအောင် နေထိုင် လေ့၊ တာဝန်ယူလေ့ရှိသည်။ အနစ်နာခံစရာရှိလျှင် မိမိတို့ကသာလျှင် အနစ်နာခံကြသည်။

---

၁။ DR 4663 – ပြည်သူ့တပ်မတော်ဖြစ်မြောက်ရေးအတွက် စစ်ဝန်ကြီးနှင့်စစ်သေနာပတိညီလာခံ နိဂုံးချုပ်တွင် ပြောကြားသော ညွှန်ကြားချက်များကို ပြန်လည်စစ်ဆေး၍ အကျဉ်းရုံးပေါ်ပြူချက်။

၂။ ဗိုလ်စင်ယော်(ရဲဘော်သုံးကျိပ်)၏ဗမာ့တပ်မတော်အိတ်ဆောင်စာအုပ်မှကောက်နုတ်ပေါ်ပြူချက်။

တပ်ရင်းမှူးများသည် လက်အောက်ငယ်သား ရဲဘော်များကို ထိန်းသိမ်းရာတွင် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတို့၏ အကောင်းအဆိုး အမှုအကျင့်မှန်သမျှကို သိရှိအောင် အနီးကပ် ကွပ်ကဲမှုဖြင့် အုပ်ချုပ်ကြသည်။

တာဝန်ပိုင်းတွင် ဗမာ့ကာကွယ်ရေးတပ်မတော်သားတိုင်း အထက်မှပေးအပ်သော တာဝန်နှင့်အချိန်ကို အလွန်လေးစားကြသည်။ လုပ်ဆောင်ရမည့်တာဝန်ချိန်မတိုင်မီ ဆိုင်ရာ ဒေသသို့ ကြိုတင်ရောက်ရှိကြသည်။ ထိုစဉ်က တာဝန်ထမ်းဆောင်ရာတွင် နှုတ်ဖြင့် အမိန့် ပေးလေ့ရှိရာ အမိန့်ပေးသူက မည်သည့်တာဝန်ကို ထမ်းဆောင်ရမည်ဟု အမိန့်ပေးပြီးသည်နှင့် တစ်ပြိုင်နက် တာဝန်ထမ်းဆောင်မည့်သူက မိမိမည်သည့်တာဝန်ကို ထမ်းဆောင်ရမည်ဖြစ် ကြောင်း ချက်ချင်းပြန်လည်သတင်းပို့ရသည်။ ထို့နောက် တာဝန်ထမ်းဆောင်ပြီးသည့်အခါ တာဝန်ထမ်းဆောင်သူက မိမိတာဝန်ပြီးမြောက်လျှင် ပြီးမြောက်ကြောင်း၊ ကျန်ရှိနေသေးလျှင် အဘယ်ကြောင့် ကျန်ရှိနေကြောင်း ထပ်မံသတင်းပို့ရသည်။ ဗမာ့ကာကွယ်ရေး တပ်မတော် ရဲဘော်များသည် ဘေးအန္တရာယ်မည်မျှပင် များစေကာမူ အထက်မှပေးအပ်သော တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်စွမ်း ရှိကြလေသည်။

**ပြည်သူနှင့်ဆက်ဆံရေး ။** ဗမာ့ကာကွယ်ရေး တပ်မတော်သားများသည် တိုင်းပြည် လွတ်လပ်ရေးအတွက် လေ့ကျင့်ရေး၊ စွမ်းရည်ထက်မြက်ရေး၊ စည်းကမ်း ပိုမိုကောင်းမွန်ရေး နှင့်စည်းရုံးရေးကိစ္စရပ်များကို လုပ်ဆောင်ရင်း ပြည်သူလူထုအတွင်း ရင်းနှီးခင်မင်စွာ နေထိုင် ကြသည်။ ထိုစဉ်က ဖက်ဆစ်ဂျပန်တို့သည် ပြည်သူလူထုထံမှ ကျွဲဆွဲ၊ နွားဆွဲ၊ ပါးရိုက်၊ မိန်းကလေးများကို ဘလက်ကာယပြုနေကြသည့်အပြင် လှေ၊ လှည်း၊ ယာဉ်မှအစ ဆန်၊ ဆီ၊ စပါးစသည်များကို အဓမ္မတောင်းယူနေချိန်ဖြစ်သည်။ လမ်းဖေါက်လမ်းထွင်လုပ်ငန်းများ နှင့် လေယာဉ်ကွင်း ဖေါက်လုပ်ရာတို့တွင် အလုပ်လုပ်ပေးကြရ၏။ ထိုအတောအတွင်း ဗမာ့ ကာကွယ်ရေးတပ်မတော်သည် ပြည်သူလူထုအတွင်း ဝင်ရောက်လာရာ ပြည်သူလူထုမှာ ဝမ်း ပမ်းတသာ ကြိုဆိုခဲ့ကြ၏။ အားကိုးအားထားပြုခဲ့ကြ၏။ အားကိုးအားထား ပြုသည့် အလျောက်လည်း တပ်မတော်သားများက ပြည်သူလူထုအား ဂျပန်တို့၏အန္တရာယ်များကို အခါ အားလျော်စွာ ကာကွယ်ပေးကြသည်။

" တိုင်းပြည်သည်ရဲဘော်အတွက်မဟုတ်၊ ရဲဘော်သည်တိုင်းပြည်အတွက်ဖြစ်သည်" ဟူသော ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားများသည် ရောက်ရှိရာ ကျေးရွာများရှိ ပြည်သူ လူထုအား အမိအဖ၊ အကိုအမများသဖွယ် လေးလေးစားစား ဆက်ဆံကြသည်။ အကူအညီလို လျှင်လိုသလို၊ ကြုံကြိုက်လျှင် ကြုံကြိုက်သလို ပြုဘွယ်ကိစ္စအဝဝကို မဆိုင်းမတွ ဆောင်ရွက် ပေးကြသည်။ ရောက်ရှိရာအရပ်ဒေသ၏ ဓလေ့ထုံးစံများကို လေ့လာ၍ လိုက်နာကြသည်။ လူထုနှင့်ဆန့်ကျင်သည့်အပြုအမူ အပြောအဆိုများကို သတိပြုရှောင်ကြဉ်ကြသည်။ အထူး သဖြင့် အမျိုးသမီးများနှင့် ဆက်ဆံရေးတွင် စည်းစောင့်မှုများ ရှိကြသည်။ ကျေးရွာရှိ ပြည်သူ

လူထုကလည်းတပ်မတော်သားများအပေါ် တူသားအရင်းများပမာ ချစ်ခင်ကြင်နာကြသည်။ တတ်အားသမျှ ပြုစုကျွေးမွေးကြသည်၊ လိုအပ်သည့်အကူအညီများကို ပေးကြသည်။ ထို့ကြောင့်ပင် ရဲဘော်များ မည်သည့်အရပ်သို့ပင်သွားသွား၊ လမ်းစရိတ်၊ ခရီးစရိတ် ဟူ၍ တစ်ပြားတစ်ချပ်မျှ ပေးရသည်မရှိ၊ ပြည်သူလူထုက တွေ့သည့်ရဲဘော်အတွက် တွေ့သည့်နေရာတွင် တာဝန်ယူ ပြုစုသွားကြသည်။ တစ်ခါတစ်ရံ လမ်းစရိတ်ပင်ထုတ်၍ ပေးကြသည်။ ဤသို့လျှင် တပ်မတော်နှင့်ပြည်သူလူထုမှာ ခွဲခြား၍မရအောင် တစ်သားတည်းရပ်တည်ခဲ့ပေသည်။

## ဗိုလ်သင်တန်းကျောင်း

ဂျပန်အာဏာပိုင်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းပေးခဲ့ပြီးနောက် ဗမာ့ကာကွယ်ရေးတပ်မတော်မှ အရာရှိ အရာခံ အကြပ် တပ်သားများအား ယင်းတို့ကို အကျိုးပြုနိုင်လောက်သည့် စစ်ရေးလေ့ကျင့်မှုများပေးရန် လိုအပ်လာလေသည်။ ထို့ကြောင့် ဂျပန်ဘာသာဖြင့် "ခဲဘုကောဟောဆေတိုင်"[1] ခေါ် "ဗမာနိုင်ငံတော်စစ်အတတ်သင်ကျောင်း"[2] (ဗိုလ်သင်တန်းကျောင်း)ကို ၁၉၄၂ခု၊ ဩဂုတ်လ ၂၀ရက်နေ့၌ မင်္ဂလာဒုံတွင် တည်ထောင်ဖွင့်လှစ်သည်။[3] ကျောင်းအုပ်ကြီးမှာ ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရေးဌာနမှ ဒုတိယဗိုလ်မှူးကြီး ဖုကုအိ ဖြစ်ပြီး ဖုကုအိ ကျောင်းအုပ်တာဝန်မထမ်းဆောင်မီ ဗိုလ်မှူးမာရုအိုကား[4] ကျောင်းအုပ်အဖြစ် ခေတ္တဆောင်ရွက်သည်။

ကျောင်းရှိ နည်းပြဆရာများနှင့်အကြပ်များမှာ ဂျပန်များသာ ဖြစ်ကြသည်။ ဂျပန်နည်းပြဆရာများအနက် ကျောင်းအုပ်ကြီးဖုကုအိ၊ ဗိုလ်မှူးမာရုအိုးကားနှင့် ဗိုလ်ကြီးကဝါရှီးမား[5] တို့သာလျှင် ဘုရင့်စစ်တက္ကသိုလ်ကျောင်းဆင်းများဖြစ်ပြီး ကျန်အရာရှိများမှာ အခြားအရာရှိ သင်တန်းဆင်းများ ဖြစ်ကြသည်၊

---

၁။ Kambukohoseitai (Officer Training School)

၂။ မင်္ဂလာဒုံဗိုလ်သင်တန်းဒုတိယပတ်မှအကြပ်အဆင့်ဖြင့်ဆင်းသောလက်မှတ်တွင် "ဗမာပြည်အရာရှိ အတတ်သင်ကျောင်း" ဟူ၍လည်းကောင်း၊ ဗိုလ်သင်တန်းဒုတိယပတ် သင်တန်းဆင်းလက်မှတ်တွင် "ဗမာနိုင်ငံတော် စစ်အတတ်သင်ကျောင်း" ဟူ၍လည်းကောင်း ဖော်ပြထားသည်။ ဗိုလ်သင်တန်း တတိယပတ်နှင့် စတုတ္ထပတ်သင်တန်းဆင်းလက်မှတ်များတွင် "ဗမာနိုင်ငံတော်စစ်တက္ကသိုလ်" ဟူ၍ ဖော်ပြထားသည်။ ဂျပန်အထောက်အထားအရ ဗမာနိုင်ငံတော်စစ်အတတ်သင်ကျောင်းကို ၁၉၄၄ ခု၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် (Military Academy), စစ်တက္ကသိုလ်အမည်သို့ ပြောင်းလဲခေါ်ဝေါ်ကြောင်းတွေ့ရှိရပါသည်။

၃။ ဘိုးနီတိုရှ(မြန်မာပြန်) – ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ၊ မျက် ၃၄၉

၄။ Major Maruoka ၅။ Captain Kawashima

ဗိုလ်သင်တန်းကျောင်းတွင် ဌာနချုပ်ရုံးအဖွဲ့၊ လက်နက်တာဝန်ခံ၊ ရိက္ခာတာဝန်ခံ၊ စစ်ဝတ်တန်ဆာတာဝန်ခံ၊ မြင်းတပ်စုနှင့်ဆေးတပ်စုတို့ ပါဝင်လေသည်။

## ပညာမရွေးချယ်ခြင်း

မင်္ဂလာခုံဗိုလ်သင်တန်းကျောင်းသို့ ဗိုလ်သင်တန်းကျောင်းသားများ စေလွှတ်နိုင်ရေးအတွက် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၁)နှင့်တပ်ရင်း(၂)တို့မှ တပ်ရင်းမှူးများနှင့် အရာရှိများဖြစ်ကြသော ဗိုလ်မှူးကလေး နေဝင်း၊ ဗိုလ်မှူးကလေး ရန်နိုင်၊ ဗိုလ်လရောင်တို့က ပညာမရွေးချယ်စီစစ်ကြသည်။ ရဲဘော်များ၏ ဇွဲ၊ စိတ်ဓါတ်ကြံ့ခိုင်မှုကို စမ်းသပ်ကြသည်။ ယင်းသို့စမ်းသပ်ရာတွင် ရဲဘော်များအား မန္တလေးတောင်ခြေရှိ ဆပ်ပါးမိုင်းနားစစ်ရေးပြကွင်း၌နံနက် ၇ နာရီမှ ၁၀ နာရီခွဲခန့်အထိ သတိအနေအထားဖြင့် တန်းစီရပ်ခိုင်းထားလေသည်။ ထိုသို့ရဲဘော်များတန်းစီရပ်နေစဉ်အတွင်း အချို့ဒူးညွှတ်လဲကြသည်။ အချို့မူးဝေခွေလဲကြသည်။ တပ်မှူးများကလည်း ရဲဘော်များ ဇွဲရှိမရှိ၊ အနေအထားမှန်မမှန်ကို အလစ်မပေးဘဲ အကဲခတ်ကြသည်။ ယင်းစမ်းသပ်နည်းအပြင် ထမင်းကိုဟင်းမပါဘဲကျွေးခြင်း၊ တစ်ခါတစ်ရံထမင်းချက်ပြီးမှ မနပ်ဟုအကြောင်းပြ၍ သွန်ပစ်ခြင်း၊ ထမင်းမကျွေးဘဲထားခြင်း၊ မန္တလေးနန်းတော်ကို တစ်ပတ် ပတ်ပြေးခိုင်းခြင်း၊ နံနက်တိုင်းရိုင်ဖယ်သေနတ်ကို မြှောက်ချီ–ချချီ အကြိမ်တစ်ရာပြုလုပ်စေခြင်း၊ ဆူးပုလွေတော၊ ကျောက်စရစ်ခဲတောတွင် ဝမ်းလျားထိုးပြီး မိကျောင်းသွား ချီတက်ခိုင်းခြင်း[၁] စသောနည်းများဖြင့် ရဲဘော်များ၏ဇွဲ၊ စိတ်ဓါတ်ကြံ့ခိုင်မှုကို စမ်းသပ်စစ်ဆေးလေသည်။

အလားတူပင် ပဲခူးမြို့တွင်ဖွဲ့စည်းခဲ့သော ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၃) မှ ရဲဘော်များအားလည်း ဆိုင်ရာတပ်မှူးနှင့် အရာရှိများက စီစစ်ရွေးချယ်ခဲ့သည်။

ဗိုလ်သင်တန်း တက်ရောက်ခွင့်ရရှိသူများအား ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဌာနချုပ်တည်ရှိရာ ပျဉ်းမနားမြို့သို့ ပို့ဆောင်စေလွှတ်သည်။ ထိုမှ ရန်ကုန်သို့ဆက်လက်ပို့ဆောင်၍ကြည့်မြင်တိုင်၊ မျက်မမြင်ကျောင်းတွင် စခန်းချရပ်နားစေသည်။ ရဲဘော်များသည် မျက်မမြင်ကျောင်းမှ မင်္ဂလာခုံ၊ ဗိုလ်သင်တန်းကျောင်းသို့ ခြေကျင်ချီတက်ကြရသည်။

## စစ်ဝတ်စုံနှင့်အသုံးအဆောင်ပစ္စည်း

ကျောင်းသို့ရောက်ပြီးမကြာမီ ကျောင်းသားတိုင်း ခေါင်းတုံးရိတ်ကြရသည်။ ဂျပန်အာဏာပိုင်များက အဝတ်အစား၊ အိပ်ရာ၊ စာအုပ်များ ထုတ်ပေးသည်။ စစ်ဝတ်စုံမှာ ကိုယ်လုံးပွပွ၊ ရှပ်အင်္ကျီလက်စက၊ ခါးစည်း ရှုံ့ကြိုးပါသော ဘောင်းဘီပွ ဖြစ်လေသည်။

---

၁။ (က) နတ်မောက်ဘုန်းကျော် – သမိုင်းဝင်ဆောင်းပါးများနှင့်ကိုယ်တွေ့ဝတ္ထုများ၊ မျက် ၂၈–၃၀
(ခ) ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း (ပ တွဲ)၊ မျက် ၁၅၆

## ပထမပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း

ပထမပတ်ဗိုလ်သင်တန်းကို ၁၉၄၂ခု၊ စက်တင်ဘာလ ၁ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။ [1]ယင်းသင်တန်းသို့ ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်းသုံးရင်းမှ ဖွဲ့၊ စိတ်ခါတ်၊ ကြဲ့ခိုင်မှူ စစ်ဆေးအောင်မြင်သူများ၊ ဆိုင်ရာတပ်မှူးများက ထောက်ခံသူများနှင့် နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ခံသူ ငါးဆယ်ခန့်[2] အပါအဝင် ဗိုလ်လောင်း ၃၀၀ခန့် တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဂျပန်အမှတ်(၁၅)တပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီး အီဒါနှင့် ဗိုလ်မှူးကြီးအောင်ဆန်းတို့ တက်ရောက်၍ မိန့်ခွန်း မြွက်ကြားကြသည်။

ဗိုလ်မှူးကြီးအောင်ဆန်းက "ဗိုလ်သင်တန်းကျောင်းသားများသည် စစ်ပညာကို ပိုင်ပိုင်နိုင်နိုင် သင်ယူကြရမည်၊ တောင့်တင်းခိုင်မာသော ကိုယ်ပိုင်စစ်တပ်မရှိဘဲ တိုင်းပြည်လွတ်လပ်ရေးရနိုင်မည်မဟုတ်၊ ရရှိသော်လည်းထိုလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်မည်မဟုတ်၊ ထို့ကြောင့် ဖွဲ့၊ စွမ်းရည်၊ တိုင်းပြည်လူမျိုးနှင့် တပ်မတော်ကို ချစ်သည့်စိတ်ဓာတ်လိုသည်။ ထိုအချက်မှအပ အခြားကိစ္စများကို အာရုံတိမ်းညွှတ်ခြင်းမရှိဘဲ ကျောင်း၏ပြင်ပလောက၌ မည်သည့်နေရာတွင် မည်သို့ပင်ရှိစေ မည်သို့ပင်ပြောပြော အရေးစိုက်ရန်မဟုတ်ကြောင်း"[3] မိန့်ခွန်း မြွက်ကြားလေသည်။

## သင်တန်းချိန်

သင်တန်းချိန်မှာ နံနက် ၅နာရီမှ ညနေ ၄နာရီခန့်အထိဖြစ်သည်။ စနေနေ့နေ့ဝက်နှင့်တနင်္ဂနွေနေ့တွင်အနားရကြသည်။ ကျန်နေ့များတွင် လေ့ကျင့်ရေးသင်တန်းများအပြင် ည ၈ နာရီအထိ စာသင်ခန်းတွင် စာကြည့်ကြရသည်။

## သင်ကြားနည်းစနစ်

နံနက်ပိုင်းတွင် ၂နာရီ၊ နေ့ပိုင်းတွင် ၂နာရီခန့် စာပေနှင့်စစ်စည်းကမ်းများကို သင်ယူရသည်။ ကျန်အချိန်များတွင် ထမင်းစားချိန်မှအပ စစ်ပညာကို လက်တွေ့လေ့ကျင့်ကြရသည်။ ဦးစွာ ဂျပန်စကားနှင့်ဂျပန်စာကို စတင်သင်ယူရသည်။[4] ဂျပန်လို ပို့ချသည်ကို

---

၁။ CD 20. - The Growth of The Burma Army. p.186

၂။ ဘုံပေါက်သာကျော်သည် နိုင်ငံတော်ဝန်ကြီးချုပ်(အဓိပတိ)ဒေါက်တာဘမော်၏ထောက်ခံချက်ဖြင့် ပထမပတ်ဗိုလ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိသူတစ်ဦးဖြစ်ပါသည်။ ကျောင်းတွင် နှစ်ပတ်ခန့်သာ နေခဲ့သည်။ (ဘုံပေါက်သာကျော် - တော်လှန်ရေးခရီးဝယ်၊ ပ တွဲ၊ မျက် ၁၀၅)

၃။ ဗိုလ်မှူးကြီး(ဟောင်း)တင်မောင် - ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး၊ မျက် ၁၀၆

၄။ နတ်မောက်ဘုန်းကျော် - သမိုင်းဝင်ဆောင်းပါးများနှင့်ကိုယ်တွေ့ဝတ္ထုများ၊ မျက် ၃၉

နားထောင်၍ ဂျပန်ဘာသာစကားပြောခြင်း၊ ဂျပန်ဘာသာဖြင့် အမိန့်ပေးခြင်းများကိုလည်း ပြုလုပ်ကြရသည်။ သတိအနေအထား၏ ရည်ရွယ်ချက်၊ ကိုယ်စီတိုက်ပွဲ၏ရည်ရွယ်ချက် စသည်တို့ကို ဂျပန်ဘာသာဖြင့် ကျက်မှတ်ရသည်။ နံနက်အိပ်ရာထမှ အိပ်ရာဝင်ချိန်အထိ စစ်သဘောဖြင့် လှုပ်ရှားကြရသည်။

## ဂျပန်တို့နှင့်ပါးရိုက်ခြင်းဓလေ့

ကျောင်းသားများသည် ဂျပန်များနှင့် ပထမဆုံးအကြိမ်တွေ့ ဆုံဆက်ဆံကြရသူများဖြစ်သည်။ ဂျပန်ဆရာများက ဂျပန်လိုပြော ဂျပန်လိုအမိန့်ပေးသည်ကို နားမလည်ကြပေ။ ထိုအခါမညှာမတာ အရိုက်ခံကြရသည်။ ရိုက်သည်ဆိုရာဝယ် အခြားနေရာကို ရိုက်သည်ထက် မြန်မာတို့အဖို့ ထုံးစံမဟုတ်သော ပါးကိုရိုက်သဖြင့် စိတ်ထိခိုက်ကြသည်။ ဂျပန်ဆရာများကမူ စစ်ပညာကို နေ့စဉ်ရက်ဆက် ပါးရိုက်၍သင်သည်။ ပါးရိုက်မခံရဘူးသည့်ကျောင်းသားဟူ၍ မရှိခဲ့ချေ။ ရိုက်စရာအပြစ်မရှိလျှင် အပြစ်ရှာ၍ အကြောင်းမဲ့ သက်သက် ရိုက်နက်ကြသည်သာဖြစ်သည်။ ဂျပန်တို့က မည်သို့ပင်ရိုက်နက်စေကာမူ ကျောင်းသားများက တိုင်းပြည်လူမျိုးနှင့် နိုင်ငံလွတ်လပ်ရေးအတွက် စစ်ပညာကို ဒွဲ၊ လုံ့လ အပြည့်အဝဖြင့် သင်ယူကြလေသည်။

## ဘာသာရပ်နှင့်လေ့ကျင့်မှု

အခြေခံစစ်ရေးပြမှအစ စိတ်ဓာတ်၊ စစ်စည်းကမ်း၊ လက်နက်ငယ်၊ စစ်မြေပြင်လုပ်ငန်းများ၊ ကြံ့ခိုင်ရေး၊ သန့်ရှင်းရေးလုပ်ငန်းများ၊ တပ်စိတ်၊ တပ်စု၊ တပ်ခွဲအဆင့်အထိ ကိုယ်စီတိုက်ပွဲ၊ ချီစစ်၊ တိုက်စစ်၊ ခံစစ်တိုက်ပွဲ၊ ကင်းထောက် ကင်းချ၊ အချက်ပြစကားပြောနည်း၊ စိန်ပြောင်းတိုက်ပွဲ၊ ညတိုက်ပွဲ စသည်တို့ကို အကြိမ်ကြိမ်လေ့ကျင့်သင်ယူကြရသည်။ အထူးသဖြင့် ကိုယ်စီတိုက်ပွဲနှင့် တပ်စိတ်တိုက်ပွဲများကို ပြင်းပြင်းထန်ထန် လေ့ကျင့်ကြရသည်။

ယင်းသို့လေ့ကျင့်ရာ၌ ခြစ်ခြစ်တောက်ပူနေသော မြေနီ၊ ကျောက်စရစ်ခဲ၊ ထိကရုံးဆူးပင်များပေါ်များသည့် ကွင်းခေါင်ခေါင်တွင် သတိအနေအထားနေရသည်။ တွားတက်ရသည်။ ဝပ်တက်ရသည်။ လုံ့စွပ်ထိုးရသည်။ မိချောင်းသွားချီတက်သည့်အခါ သေနတ်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ ဒူးနှင့်တတောင်ဆစ်ကို အားပြုရသည်။ ကွင်းပြင်ရှိ ကျောက်စရစ်များ၊ ဆူးပုလွေများကြောင့် လက်မောင်း၊ တတောင်ဆစ်၊ ရင်ဘတ်၊ ဒူး၊ ပေါင်တို့တွင် အနာတရဖြစ်ကြသည်။ ကျောက်စရစ်ခဲစူးဝင်သည့်နေရာတွင် သွေးများထွက်လာသဖြင့် အကျီလက်နှင့် ကော်ကပ်ထားသကဲ့သို့ ဖြစ်နေသည်။ လေ့ကျင့်ခန်းပြီးဆုံးသည့်အခါ ရေနွေးဖြင့် နှး၍ ခွါယူကြရလေသည်။ [၁]

---

၁။ နတ်မောက်ဘုန်းကျော် – သမိုင်းဝင်ဆောင်းပါးများနှင့်ကိုယ်တွေ့ဝတ္ထုများ၊ မျက် ၆၂–၆၃

လုံ့စွပ်တိုက်ပွဲတွင် တောင်ကုန်းပေါ်ရှိ ရန်သူကိုတက်၍ထိုးရသည်။ တောင်ကုန်း နှစ်ကုန်း သုံးကုန်းအထိ ဆက်တိုက်ထိုးရသည်။ တစ်ခါတစ်ရံဂျပန်ဘာသာဖြင့် "မွေအိကိုင်" ထပ်လုပ်ဟုအမိန့်ပေးသည်။ သေလုမြောပါးဆက်လုပ်ကြရပြန်သည်။ တစ်ချိန်တွင် မီတာ ၂၀၀ ခန့်ဝေးသည့်တောင်ကုန်းလုံ့စွပ်တိုက်ပွဲတစ်ခုကို ၂နာရီအတွင်း ခြောက်ကြိမ်တိတိ ပြန်လည် ပြုလုပ်ကြရသည်။ ၁

## အစားအသောက်

နံနက်ခရာမှုတ်သည်နှင့်တပြိုင်နက် အိပ်ရာမှထ၍ တန်းစီခြင်း၊ နိုင်ငံတော်ကို အလေးပြုခြင်း၊ သစ္စာဆိုခြင်းတို့ကို ပြုလုပ်ကာ နာရီဝက်ခန့်ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ပြီး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပြုလုပ်ကြရသည်။ ထို့နောက် ရေချိုးခန်းဝင်ကြရသည်။

နံနက် ၆ နာရီခန့်တွင်နံနက်စာစားသောက်ပြီး ၇ နာရီခန့်တွင် လေ့ကျင့်ရေး သင်တန်းစတင်လုပ်ဆောင်ရသည်။ တပ်ခွဲအလှည့်ကျတာဝန်ခံကျောင်းသား၏ ဦးဆောင်မှုဖြင့် တပ်စုအလှည့်ကျတာဝန်ခံ ကျောင်းသားများက ကျောင်းသားများအား လေ့ကျင့်ရေး ကွင်းသို့ခေါ်ဆောင်သွားသည်။

နံနက် ၁၁နာရီခန့်သင်တန်းပြီးဆုံးသည့်အခါ ထမင်းစားကြရသည်။ ထမင်းမှာ မိုးမြေဒယ်အိုးကြီးများဖြင့် ချက်ထားသော စိမ်းဆတ်ဆတ်ပျော့ချွဲချွဲထမင်း ဖြစ်သည်။ ဟင်းမှာ ဆူပွက်နေသောရေတွင် ဆား၊ နနွင်းသင့်ရုံထည့်၍ ပဲပင်ပေါက်ကျိုထားသောဟင်းဖြစ်သည်။ ထိုထမင်းဟင်းကိုပင် ဒီဇာမကြောင်နိုင်ပဲ ဖွတ်မိုတ်စားကြရသည်။ စားရာတွင် မြန်မာတို့ စားနေကျလက်ဖြင့် စားခွင့်မပြု၊ တူနှင့်စားကြရသည်။

နေ့လည်စာ စားသောက်ပြီးသည့်အခါ ညနေ ၄နာရီခန့်အထိ သင်တန်းဆက်လက် တက်ရသည်။, ညနေ ၅နာရီအချိန်တွင် နေ့လည်ကကျွေးသော ထမင်းဟင်းဖြင့်ပင် ညစာ စားသောက်ကြရသည်။

ဤသို့ အစားအသောက်ညံ့ဖျင်းခြင်း၊ လေ့ကျင့်ရေးပြင်းထန်ခြင်း၊ ဆရာများ၏ အရိုက်အနက်ခံရခြင်းများနှင့် ရင်ဆိုင်ရသော်လည်း အချင်းချင်း အားပေးစည်းရုံး၍ စစ်ပညာ များကို အပတ်တကုတ် ကြိုးစားအားထုတ် သင်ယူကြလေသည်။

## စစ်ရေးလေ့ကျင့်မှုပြသခြင်း

၁၉၄၂၊ ဒီဇင်ဘာလ ၈ ရက်နေ့သည် ဂျပန်တို့က အင်္ဂလိပ်၊ အမေရိကန်တို့အား စစ်ကြေညာခဲ့သည့်တစ်နှစ်ပြည့်မြောက်သောနေ့ဖြစ်သည်။ မြန်မာနိုင်ငံရှိဂျပန်အာဏာပိုင်

၁။ နတ်မောက်ဘုန်းကျော် – သမိုင်းဝင်ဆောင်းပါးများနှင့်ကိုယ်တွေ့ဝတ္ထုများ၊ မျက် ၆၂–၆၃

တို့က ထိုတစ်နစ်ပြည့်မြောက်သော အာရှစစ်ပွဲကြီး၏နှစ်ပတ်လည်နေ့တွင် တခမ်းတနား ကျင်းပပြုလုပ်ကြရာ မင်္ဂလာဒုံဗိုလ်သင်တန်း ကျောင်းသားများလည်း ပါဝင်ဆင်နွှဲကြရသည်။

အခမ်းအနားကျင်းပသည့်နေ့က ဗိုလ်သင်တန်း ကျောင်းသားများသည် ဆူးလေဘုရားလမ်းတွင် တန်းစီနေရာယူကြရပြီး အခမ်းအနားလှည့်လည်သည့်အခါ ဂျပန်မြင်းတပ်နှင့် မြို့စောင့်တပ်ခွဲနောက်မှ လိုက်ရသည်။ ဆူးလေဘုရားလမ်းမှ မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)၊ ဘုရားလမ်းအတိုင်း ချီတက်စဉ် "ဗန်နေဝန်း" အစချီသော ဗမာ့ကာကွယ် ရေးတပ်မတော် သီချင်းကို သံပြိုင်သီဆိုကြသည်။ ဗိုလ်သင်တန်းကျောင်းသာ တပ်ကို မြင်တွေ့ကြရသောလူထုကြီးမှာ ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကြလေသည်။ [၁]

ဗိုလ်သင်တန်း ကျောင်းသားများသည် ကန်တော်မင်ပန်းခြံ (ကန်တော်မင်္ဂလာ ပန်းခြံ)တွင်အနားယူပြီးနောက် ပြည်လမ်းရှိ ဂျပန်မြင်းတပ်စခန်း၌ နံနက်စာစားသောက်ကြသည်။ ထိုနောက်ယခင်မြို့မကျောင်းရှေ့ရှိ မြင်းပြိုင်ကွင်းဟောင်းသို့ စစ်ရေးပြတိုက်ပွဲ ခင်းကျင်းပြသရန် ချီတက်ခဲ့ကြသည်။ မြင်းပြိုင်ကွင်းဟောင်းတွင် ဗိုလ်မှူးကြီးအောင်ဆန်းနှင့်ဇနီး ဒေါ်ခင်ကြည်၊ မြန်မာစစ်ဖက်အရာရှိကြီးများ၊ ဗိုလ်မှူးကြီးဟိရာအိုကာ [၂] နှင့် ဂျပန်အရာရှိကြီးများ၊ လူထုပရိသတ်အများအပြားရောက်ရှိနေကြသည်။ [၃]

နေ့လည်၁နာရီခန့်တွင် စစ်ရေးပြတိုက်ပွဲကိုစတင်သည်။ တစ်ဖက်မှတိုက်စစ် တစ်ဖက်မှခံစစ် ခွဲခြားပြီး လေ့ကျင့်ရေးကျည်များဖြင့် ပစ်ခတ်၍ ရန်သူစခန်းကို မီးရှို့သိမ်းပိုက်လိုက်သည်အထိ တိုက်ခိုက်ပြသကြသည်။ ကြည့်ရှုနေကြသော လူထုပရိသတ်ကြီးမှာ မြန်မာ့သားကောင်းရတနာများ၏ စစ်ရေးစွမ်းရည်များကို တွေ့မြင်ကြရသဖြင့် ဇာတိသွေး ဇာတိမာန်များ တက်ကြွခဲ့ကြလေသည်။ [၄]

## ဒုတိယဗိုလ်မှူးကြီးဖုကုအိကျောင်းအုပ်ရာထူးလက်ခံခြင်း

ဗိုလ်သင်တန်းကျောင်းသို့ ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရေးဌာနမှ ဒုတိယဗိုလ်မှူးကြီးဖုကုအိ ရောက်ရှိမလာသေးမီ ဗိုလ်မှူးမာရုအိုးကားက ကျောင်းအုပ်အဖြစ် ခေတ္တဆောင်ရွက်သည်။ မကြာမီ ဗိုလ်မှူးမာရုအိုးကား ဂျပန်ပြည်သို့ ပြန်သွားရသဖြင့် ဗိုလ်ကြီးကဝါးရှီးမားက ကျောင်းအုပ်ကြီး၏ တာဝန်ဝတ္တရားများကို ယာယီဆောင်ရွက်သည်။ ၁၉၄၃ခု၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီးဖုကုအိသည် မင်္ဂလာဒုံဗိုလ်သင်တန်း

---

၁။ နတ်မောက်ဘုန်းကျော် – သမိုင်းဝင်ဆောင်းပါးများနှင့်ကိုယ်တွေ့ဝတ္ထုများ၊ မျက် ၆၅-၆၇

၂။ Colonel Hiraoka.

၃။ နတ်မောက်ဘုန်းကျော် – သမိုင်းဝင်ဆောင်းပါးများနှင့်ကိုယ်တွေ့ဝတ္ထုများ၊ မျက် ၆၉-၇၀

၄။ လူထုဦးလှ – သတင်းစာများပြောပြတဲ့စစ်အတွင်းဗမာပြည်( ၃ တွဲ)၊ မျက် ၂၄၃

ကျောင်းသို့ ရောက်ရှိလာပြီး ဗိုလ်ကြီးကဝါရှီးမားထံမှ ကျောင်းအုပ်ရာထူးကို အခမ်းအနားဖြင့် လွှဲပြောင်းလက်ခံခဲ့သည်။ [၁]

## ပထမပတ်ဗိုလ်သင်တန်းမှအကြပ်သင်တန်းဆင်းခြင်း

ဗိုလ်သင်တန်းကျောင်းသားများသည် ၄လကာလအတွင်း အခြေခံစစ်ရေးပြမှအစ တပ်စိတ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲ၊ ကိုယ်စီတိုက်ပွဲ၊ ညတိုက်ပွဲစသည့်ပညာရပ်များကို သင်ယူလေ့ကျင့်ခဲ့ကြသည်။ ထိုအချိန်တွင် ဂျပန်အာဏာပိုင်များက ဗိုလ်သင်တန်းကျောင်းသားများမှအချို့အား အကြပ်အဆင့်ဖြင့် သင်တန်းဆင်းစေ၍ တပ်ရင်းများတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် စီမံကြသည်။

၁၉၄၃ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပထမပတ်ဗိုလ်သင်တန်းမှ အကြပ်သင်တန်းဆင်းပွဲကို ကျင်းပပြုလုပ်သည်။ ယင်းသင်တန်းဆင်းပွဲသို့ ဒုတိယဗိုလ်ချုပ်ကြီးအီဒါ၊ ဗမာ့ကာကွယ်ရေးတပ်မတော်စစ်သေနာပတိဗိုလ်မှူးကြီးအောင်ဆန်း၊ ပျဉ်းမနားမြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာသော ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၂)တပ်ရင်းမှူး ဗိုလ်မှူးကလေးရန်နိုင်၊ အရှေ့အာရှတိုက်လူငယ်များအစည်းအရုံး ဥက္ကဋ္ဌ ဦးဘဂျမ်း စသည့်ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ [၂]

ပထမပတ်ဗိုလ်သင်တန်းမှ သင်တန်းဆင်းခဲ့ကြသောအကြပ် ၁၅၀ခန့်သည် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်းတပ်ဖွဲ့များသို့ သွားရောက် တာဝန်ထမ်းဆောင်ကြလေသည်။

## ဂျပန်စစ်သေနာပတိအပြောင်းအလဲ

မင်္ဂလာဒုံ ပထမပတ်ဗိုလ်သင်တန်းကာလအတွင်း ထူးခြားသည့်ပြောင်းလဲချက်တစ်ရပ်မှာ ဂျပန်အာဏာပိုင်တို့က ဂျပန်အမှတ်(၁၅)တပ်တော်ကို တိုးချဲ့ဖွဲ့စည်းလိုက်ခြင်းပင်ဖြစ်သည်။

၁၉၄၃ခု၊ မတ်လ ၂၇ရက်နေ့တွင် ဂျပန်ဘုရင်စစ်ဌာနချုပ်၏ ခွင့်ပြုချက်အရ ဗီယက်နမ်နိုင်ငံ ဆေးဂုံမြို့ရှိ ဂျပန်တောင်ပိုင်းတပ်မတော်[၃] စစ်ဌာနချုပ်က မြန်မာနိုင်ငံတွင် တပ်စွဲလျက်ရှိသော အမှတ်(၁၅)တပ်တော်ကို မြန်မာပြည်နယ်မြေ တပ်တော်ဌာနချုပ်[၄] အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်လေသည်။ [၅]

---

၁။ ဗမာ့ခေတ်သတင်းစာ(၇-၁-၄၃) ၂။ ဗမာ့ခေတ်သတင်းစာ(၃၁-၁-၄၃)

၃။ Southern Army. ၄။ Burma Area Army Headquarters.

၅။ S.W.Kirby - The War Against Japan. vol.II.p.427

ထိုအချိန်တွင် ဂျပန်အမှတ်(၁၅)တပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီး အီဒါသည် မြန်မာနိုင်ငံမှ ပြောင်းရွှေ့သွားရပြီး သူ၏နေရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမူတာဂူချိ [1]အား ခန့်ထားလိုက်သည်။ ဒုတိယဗိုလ်ချုပ်ကြီးကဝါဘီ [2] သည် မြန်မာပြည်စစ်နယ်မြေတပ်တော် စစ်သေနာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရသည်။ မြန်မာပြည်စစ်နယ်မြေတပ်တော် ဌာနချုပ်ကို ရန်ကုန်မြို့တွင်လည်းကောင်း၊ အမှတ်(၁၅)တပ်တော်ဌာနချုပ်ကို မေမြို့တွင် လည်းကောင်း ဖွင့်လှစ်ထားလေသည်။

## ပထမပတ်ဗိုလ်သင်တန်းကျောင်းဆင်းခြင်း

ပထမပတ်ဗိုလ်သင်တန်းကျောင်းမှ ကျောင်းသား ၁၅၀ခန့်သည် အကြပ်အဆင့်ဖြင့် ကျောင်းဆင်း၍ တပ်ရင်းတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်နေခဲ့ကြရာ ကျောင်းတွင် ကျောင်းသား ၁၅၀ခန့်သာ ကျန်ရှိနေပေတော့သည်။ ထိုကျန်ရှိသော ကျောင်းသားများသည် ခြေလျင်တပ်ခွဲ၊ တပ်ရင်း၊ စစ်ဆင်ရေးဆိုင်ရာ ပညာရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာနည်းနိဿယများ၊ စစ်ပရိယာယ်စသည့်ပညာရပ်များကို ၂ လမျှပြင်းပြင်းထန်ထန် ဆက်လက်သင်ယူလေ့ကျင့်ကြသည်။ ထိုနောက် ၁၉၄၃ခု၊ မတ်လ ၃၁ ရက်နေ့တွင် ဗိုလ်သင်တန်းကျောင်းဆင်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်သည်။ [4] သင်တန်းဆင်းအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးကဝါဘီ တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်သောကျောင်းသားများအား ဓါးဆု ပေးအပ်ချီးမြှင့်လေသည်။

ပထမပတ်ဗိုလ်သင်တန်းကျောင်းသားများမှ ကျောင်းသား ၃၀ ကိုလည်း ဂျပန်ပြည် စစ်တက္ကသိုလ်သို့ ပို့ဆောင်၍ စစ်ပညာများကို ဆက်လက်သင်ယူစေခဲ့သည်။

## တပ်ရင်း ၄၊ ၅၊ ၆ ဖွဲ့စည်းခြင်း

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ပြန်လည်ဖွဲ့စည်းရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်မရ သူများရှိခဲ့ကြသည်။ ဂျပန်အာဏာပိုင်တို့က အင်အား၃၀၀၀ပါဝင်သော ဗမာ့ကာကွယ်ရေး တပ်မတော်တပ်ရင်းသုံးရင်းကိုသာ ဖွဲ့စည်းပေးခဲ့ကြရာ ဗိုလ်မှူးကြီးအောင်ဆန်းက ကြည်း၊ ရေ၊ လေတပ်ဖွဲ့များပါဝင်သည့် တပ်မတော်ကြီးတစ်ရပ် ထူထောင်လိုသည်။ တပ်မတော်အင်အား

---

၁။ Lt.General Mutaguchi.

၂။ Lt.General Kawabe.

၃။ အိုးနိုတိုရု(မြန်မာပြန်) – ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ ၊ မျက် ၂၀–၂၁

၄။ The Greater Asia (4-4-43).

တောင့်တင်းခိုင်မာမှ နိုင်ငံတော်လွတ်လပ်ရေး၊ နိုင်ငံကာကွယ်ရေး၊ နိုင်ငံထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။

၁၉၄၂ခု၊ နိဝင်ဘာလ ၂၄ရက်နေ့တွင် ဗိုလ်မှူးကြီးအောင်ဆန်းက မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ မိန့်ခွန်းမြွက်ကြားရာ၌ –

" ... ယခု မြန်မာ့ကာကွယ်ရေးတပ်မတော်ထပ်ချဲ့မယ်။ ထပ်ချဲ့ရင် မြန်မာတွေ အသက် ၁၈နှစ်ပြည့်ပြီး ကျန်းမာရေးနဲ့ပြည့်စုံတယ်ဆိုရင် ဝင်နိုင်တယ်။ လက်ခံဘို့ အသင့်ဘဲ။ ဝင်ကြစမ်းပါ။ ထောင်လိုက်၊ ရာလိုက်၊ သောင်းလိုက်။ ဒါပေမဲ့ တစ်ခုတော့ နားလည်စေချင်တယ်။ ဒီစစ်တပ်ကို ငွေလိုချင်လို့ လခလိုချင်လို့ ဘာလိုချင်လို့ ရာထူးလိုချင်လို့တော့ အလကားဘဲ။ ရမှာမဟုတ်ဘူး။

" ... စစ်သားလုပ်တဲ့သူတွေကလဲ လခနည်းတယ်။ အစားအသောက်လဲ ဆိုးတယ်၊ အနေကျပ်တယ်ဆိုရင်ဘဲ ချူသံပါအောင် ညည်းလာတာဘဲ။ တချို့လဲ ထွက်ချင်တယ်ဖြစ်လာကြတယ်။ ဒါမျိုးတွေကို နောက်ထပ်မကြားရ မတွေ့ရ ပါစေနဲ့။ လာတဲ့လူတွေဟာ ဒါတွေနားလည်ပြီး ငွေမမက်၊ ရာထူးမမက်၊ မြန်မာပြည် သက်သက်သမားတွေ လိုချင်တယ်။ ဒီတပ်ဟာ လာဘ်စားမဲ့လူတွေ ငွေလိုမဲ့လူတွေ၊ ရာထူးမက်တဲ့လူတွေ၊ ဆွေမျိုးအတွက် အလုပ်ပေးမဲ့လူတွေ လိုက်ချင်တဲ့ တပ်မဟုတ်ဘူး။

" ... အရင်တုန်းက မြန်မာ့လွတ်လပ်ရေးတပ်မတော် ပါတဲ့လူတွေ အများအပြားထဲမှာ မထွက်ချင်ဘဲ မကျန်းမာလို့၊ လူပိုနေလို့ဆိုပြီး တပ်ကထွက်ခိုင်းရတာတွေ ရှိတယ်။ အဲဒီလူတွေကို ပြန်လွှတ်ရတုန်းကလဲ သူတို့ကို ကောင်းကောင်းမွန်မွန် ပြန်၍မကြည့်နိုင်ဘူး။ အခုတော့တတ်အားသမျှ ဒီကိစ္စကို စီမံရက်ပါဘဲ။ ဒါပေမဲ့ ဘယ်လိုဘဲဖြစ်ဖြစ် ဒါကလေးတွေကြောင့် ကျုပ်တို့တပ်တွေထဲ မဝင်ချင်ဆိုတဲ့ စိတ်ပျက်ခြင်းမျိုး မဖြစ်သင့်ကြဘူး။ တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတတ်တယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာဘဲ။

ဒါကြောင့် အမြင်ကျယ်ကျယ် အမြော်အမြင်ကြီးကြီးနဲ့ဖြစ်ခဲ့တာတွေ စိတ်မပျက်လက်မပျက်ဘဲ၊ ရသမျှအခွင့်အရေးကို ရတုန်းမိမိရရယူကြရလိမ့်မယ်။ ဒါမှသာကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်ကြမယ်။ ကျုပ်တို့မြန်မာပြည်ထူထောင်နိုင်မယ်။ ဒါကြောင့် စိတ်လက်တွေပျက်နေကြတဲ့လူတွေရှိရင် မပျက်ကြပါနှင့်။ ဆက်ဆက်တပ်ထဲ ဝင်ကြပါလို့ အထူးတိုက်တွန်းလိုပါတယ်။ "[၁]

ဟူ၍ ဖိတ်ခေါ်တိုက်တွန်းခဲ့သည်။

---

၁။ ဗိုလ်မှူးကြီးအောင်ဆန်း၏ အသံလွှင့်ဟောပြောချက်(၂၄–၁၁–၄၂)

ရန်ကုန်မြို့ရှိ ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းရေးဌာနမှလည်း ယောက်ျားပီသသူများအလိုရှိကြောင်း၊ ဗမာနိုင်ငံတော်ကြီးကို ဗမာလူငယ်များကိုယ်တိုင် ကာကွယ်နိုင်ရန်အတွက် ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းပြီးဖြစ်၍ ဝင်ရောက်အမှုထမ်းလိုသူလူငယ်များအား ခေါ်ယူလျက်ရှိကြောင်း၊ သတင်းစာ၊ ပိုစတာကြီးများဖြင့် ထုတ်ပြန်ကြေညာသည်။ စစ်သားစုဆောင်းရေးအဖွဲ့များက ၁၉၄၂ခုနှစ်ကုန်ပိုင်းမှစတင်၍ အထက်အောက်မြန်မာပြည် အရပ်ဒေသအသီးသီးသို့ ခရီးထွက်ကြသည်။ နယ်ခံအာရှလူငယ်အစည်းအရုံးဝင်များ၏ အကူအညီဖြင့် တပ်သားသစ်များ စုဆောင်းကြသည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျန်းမာသန်စွမ်း၍ အသက် ၁၈နှစ်ပြည့်သူတိုင်း နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံကာကွယ်ရေးတို့အတွက် ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်ရောက်အမှုထမ်းနိုင်ကြောင်း၊ တပ်မတော်သို့ဝင်လျှင် ပင်ပန်းမည်၊ ဆင်းရဲမည်၊ တော်မည်၊ နောက်ဆုံးအသက်ပင်စွန့်လွှတ်ရမည်ဖြစ်ကြောင်း ဟောပြောကြသည်။

ယင်းသို့ဟောပြောမှုများကြောင့် ဗမာ့ကာကွယ်ရေးတပ်မတော်သို့ အလုပ်သမား၊ တောင်သူလယ်သမားများ၏ရင်သွေးများ၊ ကျောင်းသားလူငယ်များ၊ ဘုန်းတော်ကြီးကျောင်းသားများ၊ ရဟန်းဘဝမှလူဝတ်လဲကာ လိုက်ပါလာသူများ၊ ကျောင်းဆရာစသည့်ပုဂ္ဂိုလ်များ အသက်ပေးဝင်ရောက်လာကြသည်။

၁၉၄၃ခု၊ ဧပြီလ ၁၀ရက်နေ့တွင်[1] ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၄)နှင့် တပ်ရင်း(၅)တို့ကို မြန်မာနိုင်ငံအထက်ပိုင်းမှ စုဆောင်းခဲ့သည့် တပ်သားသစ်အများစုဖြင့်လည်းကောင်း၊ တပ်ရင်း(၆)ကို မြန်မာနိုင်ငံအောက်ပိုင်းမှ စုဆောင်းခဲ့သည့်တပ်သားသစ်အများစုဖြင့်လည်းကောင်း တိုးချဲ့ဖွဲ့စည်းလိုက်သည်။

ဆက်လက်၍ ၁၉၄၃ခု၊ မေလ ၃၁ ရက်နေ့တွင် လေယာဉ်ပစ်စက်အမြောက်တပ်ရင်း[2] တစ်ရင်း၊ ဇူလိုင်လ၁၅ရက်နေ့တွင် စိန်ပြောင်းတပ်ခွဲနှစ်ခွဲ၊ လေယာဉ်ပစ်အမြောက်ကြီး[3] တပ်ခွဲနှစ်ခွဲ၊ စက်မှုလက်မှုတပ်ရင်းနှစ်ရင်း၊ မော်တော်ယာဉ်တပ်ခွဲတစ်ခွဲနှင့် အချက်ပြဆက်သွယ်ရေးတပ်တို့ကိုလည်း အသီးသီးဖွဲ့စည်းခဲ့လေသည်။[4] ၁၉၄၃ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော်၏ အင်အားမှာ ၈၅၀၀ခန့်ရှိလေသည်။[5]

ဖော်ပြပါတိုးချဲ့ခဲ့သည့်တပ်များအနက် တပ်ရင်း(၄)တွင် ဗိုလ်ကျော်ဇော၊ တပ်ရင်း(၅)တွင် ဗိုလ်အောင်၊ တပ်ရင်း(၆)တွင် ဗိုလ်ရန်အောင်၊ လေယာဉ်ပစ်စက်အမြောက်တပ်တွင်

---

၁။ အိုးနိတိုရှ(မြန်မာပြန်) – ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ ၊ မျက် ၃၄၈

၂။ Light Anti-Aircraft Unit.

၃။ Heavy Anti-Aircraft Unit.

၄။ အိုးနိတိုရှ(မြန်မာပြန်) – ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ ၊ မျက် ၃၄၈

၅။ Won Zoon Yoon-Japan's Occupation of Burma.pp.203-20.

ဗိုလ်မြင့်အောင်၊ လေယာဉ်ပစ်အမြောက်ကြီးတပ်တွင် ဗိုလ်ခင်ညို၊ စက်မှုလက်မှုတပ်ရင်း(၁)တွင်ဗိုလ်ဗထူး၊ စက်မှုလက်မှုတပ်ရင်း(၂)တွင် ဗိုလ်မိုးညိုတို့က တပ်ရင်းမှူးများအဖြစ် အသီး သီး ဦးစီးဆောင်ရွက်ကြသည်။ [၁]

တပ်ရင်းသစ်များ တိုးချဲ့ဖွဲ့စည်းချိန်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၁)၊ တပ်ရင်း(၂)နှင့် တပ်ရင်း(၃)တို့သည် တာဝန်ကျရာ နယ်မြေဒေသများတွင် တာဝန်ထမ်းဆောင်ရန် ပျဉ်းမနားမြို့မှ ထွက်ခွါသွားကြပြီးဖြစ်သည်။ ပျဉ်းမနားမြို့တွင် တပ်ရင်းသစ်များ လေ့ကျင့်ရေးအတွက် တပ်ရင်း(၁၊၂၊၃)တို့မှ အရာရှိအချို့နှင့် မင်္ဂလာဒုံပထမပတ်ဗိုလ်သင်တန်းမှ ရောက်ရှိလာသော ဗိုလ်လောင်းအချို့သာ ကျန်ရှိကြသည်။ မကြာမီ ပျဉ်းမနားမြို့သို့ ရောက်ရှိလာကြသော တပ်သားသစ်များအား ဆိုင်ရာတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများက စစ်ရေးလေ့ကျင့်မှုများကို အပြင်းအထန် သင်ကြားလေ့ကျင့်ပေးကြလေသည်။

## ဒုတိယပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း

ပထမပတ် ဗိုလ်သင်တန်းပြီးဆုံးသွားပြီးနောက် ဒုတိယပတ် ဗိုလ်သင်တန်းကို ဆက်လက်ဖွင့်လှစ်သည်။ ယင်းသင်တန်းသို့ ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၄၊၅၊၆)တို့မှ စစ်ဆေးရွေးချယ်ခံရသူ ၃၀၅ ဦး တက်ရောက်ခွင့်ရကြသည်။

## ဓွဲ၊ကြံ့ခိုင်မှုစစ်ဆေးခြင်း

ဦးစွာတပ်ရင်းမှူး၊ တပ်ခွဲမှူးများက တပ်သားသစ်များအား စာမေးပွဲစစ်ဆေးခြင်း လူတွေ့စစ်ဆေးခြင်းများကို ပြုလုပ်သည်။ ယင်းသို့ ပဏာမစစ်ဆေးစီစစ်မှုများ ပြုလုပ်ပြီးနောက် တပ်ရင်း(၄)မှ ရွေးချယ်ခံရသူများအား ပျဉ်းမနား၊ ရှမ်းကန်အနီးမှ အုတ်ခဲများကို ဗိုလ်ကိပ်ခြံရှိ တပ်ရင်း(၄)ရုံးသို့ ည ၁၂နာရီမှ နံနက် ၇နာရီအထိ အခေါက်ခေါက်အခါခါ သယ်ယူခိုင်းသည်။ တပ်ရင်း(၅)နှင့်တပ်ရင်း(၆)တို့မှ ရွေးချယ်ခံရသူများကိုမူ လေ့ကျင့်ရေးကွင်းကို ၁၂ပတ်ပြေးစေသည်။ ဤနည်းဖြင့် ဓွဲ၊ စိတ်ဓါတ်ကြံ့ခိုင်မှုကို စစ်ဆေး၍ ဗိုလ်သင်တန်းတက်မည့်သူများကို ရွေးချယ်သည်။ [၂]

---

၁။ Ba Than(Dhammika)-The Development of the Defences Services of the Union of Burma. (Typed Copy).p.40

၂။ (က) ဗိုလ်မင်းညို - ဂျပန်ခေတ်စစ်တက္ကသိုလ်၊ မျက် ၄၃-၄၅

( ခ ) ခင်မောင်ညို(မန်း) - အညတရစစ်သည်တဦး၏မှတ်တမ်း ၊ မျက် ၄၁-၄၃

တပ်မှူးများသည် ဗိုလ်သင်တန်းတက်ရောက်ခွင့်ရရှိသူများအား ဂျပန်တို့ မည်သို့ပင်နှိပ်စက်ကလူပြုမှုစေကာမူ အဖတိုင်းပြည်အတွက်အခက်အခဲဟူသမျှကို ဒွန့်ရှိရှိဖြင့် ကျော်လွှား၍ ပညာရေးကို အဓိကထား သင်ယူရန် မှာကြားလေသည်။ [၁]

## အရှည်အချင်းနှင့်ကျန်းမာရေးစစ်ဆေးခြင်း

ဗိုလ်သင်တန်းကျောင်းတွင် ကျောင်းသားများအား ဂျပန်ဆရာများက ဂျပန်စာအခြေခံတတ်မတတ် ထပ်မံစစ်ဆေးကြပြန်သည်။ အဖေ၊ အမေ၊ လေယာဉ်ပျံ၊ မော်တော်ကားစသည်တို့ကို ဂျပန်စာဖြင့် ရေးခိုင်းသည်။ ဂျပန်လိုရေးထားသည်ကို မြန်မာပြန်ခိုင်းသည်။ ကျန်းမာရေးစစ်ဆေးရာတွင် ဂျပန်ဆရာဝန်များက ပေါင်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ မျက်စိစမ်းသပ်ခြင်း၊ ရင်အုပ်တိုင်းထွာခြင်း၊ ကိုယ်ရေပြားရောဂါရှိမရှိ စစ်ဆေးခြင်း စသည်တို့ကိုဆောင်ရွက်သည်။ ယင်းသို့ ကျန်းမာရေးစစ်ဆေးရာတွင် ဆေးမအောင်သူ ရဲဘော်အချို့ရှိခဲ့ရာ ထိုရဲဘော်များမှာ သက်ဆိုင်ရာတပ်ရင်းသို့ ပြန်ကြရသည်။ [၂]

## ကျောင်းဝတ်စုံနှင့်အသုံးအဆောင်ပစ္စည်း

ဗိုလ်သင်တန်းကျောင်းသားများ ကျောင်းသို့ရောက်ရှိပြီးနောက် မကြာမီ ဂျပန်အာဏာပိုင်များက စစ်ဝတ်နှင့်အသုံးအဆောင်ပစ္စည်းများ ထုတ်ပေးသည်။ ထုတ်ပေးသည့်စစ်ဝတ်မှာ အခမ်းအနားနှင့်ပြင်ပတွင် ဝတ်ဆင်ရန် ကာကီအတို လက်စက၊ ဘောင်းဘီစိမ်းအသစ်တစ်စုံနှင့် နေ့စဉ်စစ်ရေးလေ့ကျင့်မှုများအတွက် အဖာအထေးပါသော အညံ့နှစ်စုံ၊ ကာကီရောင်တွင်အဝါရစ်ထားသောခေါင်းတံဆိပ်တပ်ဆင်ထားသည့်ဦးထုပ်တစ်လုံး၊ စစ်ဖိနပ်အသစ်တစ်ရံဖြစ်သည်။ [၃] အသုံးအဆောင်ပစ္စည်းများမှာ ဖွဲ့သွတ်ထားသော ခေါင်းအုံး တစ်လုံး၊ ကောက်ရိုးမွေ့ရာ တစ်ချပ်၊ ဘာဘူစောင် နှစ်ထည်၊ ခြင်ထောင် တစ်လုံး၊ မျက်နှာသုတ်ပုဝါအသေး တစ်ထည်၊ ဦးထုပ်အဟောင်း တစ်လုံး၊ အဝတ်ပတ်တီး နှစ်စုံ၊ ဗိုက်ပတ် တစ်ခု၊ လန်ကွတ်တီတစ်ထည်၊ စွပ်ကျယ်တစ်ထည်၊ ခြေအိတ်တစ်စုံ၊ စစ်ဖိနပ်ဟောင်းတစ်ရံ၊ ခုံဖိနပ်တစ်ရံ ၊ ရေဗူးတစ်ဗူး၊ ပစ္စည်းထည့်ရန်လွယ်အိတ်တစ်လုံး၊ ကြွေရည်သုတ်ပန်းကန်ဘစ်ခပ်၊ ဟင်းပန်းကန် တစ်လုံး၊ ဇွန်းတစ်ချောင်းစသည်တို့ဖြစ်သည်။ [၄]

---

၁။ ဗိုလ်မင်းညို – ဂျပန်ခေတ်စစ်တက္ကသိုလ် ၊ မျက် ၄၅

၂။ – ယင်း – ၊ မျက် ၆၀–၆၁

၃။ ခင်မောင်ညို(မန်း) – အညတရစစ်သည်တဦး၏မှတ်တမ်း ၊ မျက် ၅၀

၄။ (က) ခင်မောင်ညို(မန်း) – အညတရစစ်သည်တဦး၏မှတ်တမ်း ၊ မျက် ၅၀

(ခ) ဗိုလ်မင်းညို – ဂျပန်ခေတ်စစ်တက္ကသိုလ် ၊ မျက် ၆၆–၆၇

## ကျောင်းဖွင့်ပွဲအခမ်းအနား

၁၉၄၃ခု၊ မေလ ၁၀ရက်နေ့တွင် ကျောင်းဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သည်။[၁] အခမ်းအနားသို့ ဂျပန်စစ်သေနာပတိကဝါဘီ နှင့် ဗိုလ်ချုပ်အောင်ဆန်း[၂] တို့ တက်ရောက်၍မိန့်ခွန်းမြွက်ကြားကြသည်။

ဗိုလ်ချုပ်အောင်ဆန်း က –

" မင်းတို့တစ်တွေဟာ နောင်တနေ့မှာ တပ်မတော်ရဲ့အရေးပါသူတွေ ဖြစ်လာလိမ့်မယ်။ ဒါကြောင့် ဘယ်လိုရိုက်ရိုက်နက်နက် ဘယ်လိုပဲဆင်းရဲဒုက္ခတွေ့တွေ့၊ အဖတိုင်းပြည်အတွက် အခက်အခဲတွေကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပညာရေးအဓိကထားကြိုးစားသွားစေချင်တယ်။ ခက်ခဲမှု၊ ဆင်းရဲမှု၊ ကြမ်းတမ်းမှုတွေ မင်းတို့ရင်ဆိုင်နေရတယ်၊ ရင်ဆိုင်ရမယ်ဆိုတာ ငါယုံကြည်တယ်။ ဘာပဲဖြစ်ဖြစ် ပညာရှာပမာသူဖုန်းစားဆိုတဲ့စကားအတိုင်း ပညာရအောင် ကြိုးစားသင်ကြပါ။ "[၃]

ဟူ၍ ဩဝါဒစကားမြွက်ကြားလေသည်။

## သင်တန်းချိန်

သင်တန်းချိန်မှာ ယခင်ပထမပတ်ဗိုလ်သင်တန်းကဲ့သို့ပင် နံနက်၅နာရီမှ ညနေ ၄ နာရီခန့်အထိဖြစ်သည်။ ည ၇ နာရီမှ ည ၈ နာရီခွဲခန့်အထိ စာသင်ခန်းတွင် စာကြည့်ကြရသည်။ စနေနေ့ဝက်နှင့်တနင်္ဂနွေနေ့တွင် အနားရကြသည်။

## တစ်နေ့တာလုပ်ငန်း

နံနက်၅နာရီတွင် အိပ်ရာမှထ၍ စောင်၊ ခြင်ထောင်တို့ကို လျင်မြန်စွာခေါက်ရသည်။ ခေါင်းအုံးပေါ်တွင် စနစ်တကျထားရသည်။ ပြီးလျှင် စစ်ဝတ်အပြည့်အစုံဝတ်ဆင်၍ ကျောင်းရှေ့ကွင်းပြင်သို့ တပ်စုအလိုက် အပြေးတန်းစီရသည်။ တန်းစီနောက်ကျသူများအား ဆရာများက ကျောင်းဝင်းနှစ်ပတ် သို့မဟုတ် သုံးပတ်ပြေးခိုင်းသည်။ တန်းစီလူစစ်ပြီးသည့်အချိန်တွင် နိုင်ငံတော်ကို အလေးပြုပြီး သစ္စာအဓိဋ္ဌာန်ဆိုရသည်။ ထိုနောက် ကျန်းမာရေးလေ့ကျင့်ခန်းများနှင့် သန့်ရှင်းရေးပြုလုပ်ပြီး တန်းဖြုတ်လိုက်သည်။ တန်းဖြုတ်ပြီးသည့်အခါ မျက်နှာသစ်၊ အပေါ့အလေးသွားပြီး ၆နာရီတွင် နံနက်စာ စားကြရသည်။[၄]

---

၁။ ပထမပတ်မူလတန်းကျောင်းသားဦးခင်မောင်ကြည်၏နေ့စဉ်မှတ်တမ်း။

၂။ ၁၉၄၃ခု၊မတ်လ ၁၁ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအီဒါက ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်မှူးကြီးအောင်ဆန်းအား ဗိုလ်ချုပ်ကလေး (Major General) အဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။

၃။ ဗိုလ်မင်းညို – ဂျပန်ခေတ်စစ်တက္ကသိုလ် ၊ မျက် ၇၅

၄။ ယင်း၊ မျက် ၆၂–၆၄

နံနက်၇နာရီခွဲခန့်တွင် ဆိုင်ရာတာသင်ခန်းသို့ရ ာည်းကောင်း၊ လေ့ကျင့်ရေးကွင်းသို့ ပည်းကောင်း သွားရောက်၍ ၁၁နာရီအထိ စစ်ပညာများ သင်ယူလေ့ကျင့်ရသည်။ ၁၁နာရီမှ ၁၂နာရီအထိ ထမင်းစားရန်ရပ်နားသည်။ တစ်ဖန် ၁၂ နာ ရီမှ ညနေ ၄ နာရီအထိ သေနတ်၊ သမ်းတောင့်ပူး စသည်တို့ကို ယူဆောင်၍ လက်တွေ့သ င်တန်းဆင်းကြရပြန်သည်။ ညနေ ၄နာရီမှ ၅နာရီအထိ အဝတ်လျှော်၊ ရေချိုး၊ ညစာစားပြီး ၁ နာရီခန့် အနားရကြသည်။ တစ်ခါ ဘစ်ရဲ တောင်ကုန်းပေါ်တက်၍ အသံလေ့ကျင့်ရသည်။ ၁ ဒါချင်းဆိုလေ့ကျင့်သည်။ ပျော်ပြေ ရေးအဖြစ် သီဆိုကခုန်ကြရသည်။ ၆ နာရီခွဲခန့်မှ ည ၈ န ာရီခွဲခန့်အထိ စာသင်ဆောင်များ ဘွင် စာကြည့်ကာ ၉ နာရီတွင် တန်းစီလူစစ်၊ နိုင်ငံတော်ဒ ာလံကို အလေးပြု၊ သစ္စာအဓိဋ္ဌာန် ဆိုပြီးနောက် အိပ်ကြရသည်။ ယင်းသို့ အချိန်ပြည့်လှုပ်ရှား နေသည့်ကြားမှ ယင်ကောင်ရိုက် ရခြင်း၊ သေနတ်တိုက်ရခြင်း၊ ဖိနပ်တိုက်ရခြင်း၊ အစုတ်အပြဲများ ဖာထေးရခြင်းများကို လုပ်ရ ပေသေးသည်။ ဤသို့လျှင် တစ်နေ့တာလုပ်ငန်းများကို စား သုတ်သုတ်၊ သွားသုတ်သုတ်ဖြင့် ကြိုးစား အားထုတ်လုပ်ဆောင် ကြရလေသည်။[၁]

## သင်ကြားသည့်ဘာသာရပ်များနှင့်လေ့ကျင့်မှု

ပထမပတ်ဗိုလ်သင်တန်းတွင် သင်ကြားပို့ချသည့်နည်းစနစ်အတိုင်း စစ်မိန့်သံ၊ စစ်ပညာ၊ ကင်းစောင့်တာဝန်၊ တပ်ရင်းကင်းတာဝန်၊ စစ်မြေပြင်ကင်းတာဝန်မှအစ စစ်သီချင်းပါ မကျန် ဂျပန်လို လေ့ကျင့်သင်ယူကြရသည်။

စစ်ရေးလေ့ကျင့်မှုများမှာ အခြေခံစစ်ရေးပြ၊ သေနတ်ဝ ဝမ်း၊ သေနတ်ချ၊ သေနတ် နှင့် အလေးပြုခြင်း၊ ချီတက်စဉ်အလေးပြုခြင်းများကိုလည်းကောင်း၊ သေနတ်လေ့ကျင့်ခန်း တွင် ဂျပန်ရိုင်ဖယ်၊ စက်သေနတ်ကလေးနှင့် နှ စ်လက်မစိန်ပြောင်းစသည့် လက်နက်များ၏ အစိတ်အပိုင်းများ၊ ဂျပန်အခေါ်အဝေါ်များ၊ ဖြုတ်နည်း တပ်ဆင် နည်း၊ တိုက်ချွတ်နည်းများကို လည်းကောင်း သင်ယူလေ့ကျက်ကြရသည်။

စစ်မြေပြင်လေ့ကျင့်ခန်းများဖြစ်သော ကိုယ်စီတိုက်ပွဲ၊ တပ်စိတ်တိုက်ပွဲ၊ လုံ့စွပ် တိုက်ပွဲစသည်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် တိုး၍လေ့ကျင့်ရသည်။ ဤသို့ လေ့ကျင့်သည့်အခါ ကျင်းကျောက်များ မညီမညာခင်းထားသည့်နေရာတွင် သေနတ်ဒ ာလေးချိန်ကို တစ်တောင် ဆစ်ဖြင့် ထောက်ပင့်ဝမ်းလျားထိုး တွားတက်ရသဖြင့် တစ်တော င်ဆစ်နှင့်ဒူးတို့တွင် အရေ ပြားလန်ကာ သွေးချင်းချင်းပင် နီသည်။[၂]

---

၁။ ခင်မောင်ညို(မန်း) – အညတရစစ်သည်တဦး၏မှတ်တမ်း ၊ မျက် ၅၀ -၅၅

၂။ ယင်း၊ မျက် ၇၄

လုံ့ခွပ်တိုက်ပွဲလေ့ကျင့်ရာတွင် ဖ ကာဂ်ရိုးသွပ်ထားသော ိစိတ်ကြီးများကို တက်၊ ဆုတ်၊ ထိုး အမိန့်အတိုင်း အနီးအဝေးနေရာ တို့မှ မောဟိုက်နေသည်အထိ အထပ်ထပ်အခါခါ ထိုးကြရသည်။

တစ်ဦးချင်းကျွမ်းကျင်မှုအတွက် ကိုယ်စီတိုက်ပွဲမှာ အရေးကြီးသည်ဖြစ်ရာ ရိုင်ဖယ် သေနတ်၊ စက်ကလေး၊ နစ်လက်မစိန်ပြော င်းတို့ကို ကိုင်ဆောင်၍ သစ်ပင်၊ ချုံပုတ်၊ စမ်းချောင်း များရှိသည့်နေရာတွင် အမိန့်အတိုင်း ပြေးကက်ရသည်။ အကာအကွယ်နေရာရှာ ၍ဝပ်ရသည်။ ရန်သူရှိရာသို့နီးသထက် နီးအောင် တွားတက်ရသည်။ နောက်ဆုံးအဆင့် အဖြစ်သေနတ်တွင် လုံ့ခွပ်တပ်၍ ရန် သူအားတ က်ထိုးရသည့် လေ့ကျင့်ရေးမှာ ပင်ပန်း နွမ်းဟိုက်လွန်းသဖြင့် အချို့မူးမေ့လဲကျြ ကြသည်။ ဤသို့ပင်ဖြစ်သော်လည်း ယင်းလေ့ကျင့်မှု ကို အကြိမ်ကြိမ် ပြုလုပ်ကြရလေသည်။

တပ်စိတ်တိုက်ပွဲလေ့ကျင့်ရာ ၁င် တော င်ပူစာကလေးများ၊ ချိုင့်များ၊ စမ်းချောင်း၊ ချုံပုတ်များရှိသော လေ့ကျင့်ရေးကွင်းက် စစ်မြေပြ င်သဖွယ် ဖန်တီးထားသည်။ တစ်ဖက်တွင် အကာအကွယ်ယူထားသော တပ်စိတ် ာစ်စိတ်အာ ရန်သူသဏ္ဍာန်ထားသည်။ စက်သေနတ် ကြီး၊ စက်သေနတ်ကလေး၊ လက်ဖြေ င့်တပ်သား သည့်အလံများကိုလည်း အရောင်ခွဲခြား၍ ကိုင်ဆောင်ထားကြရသည်။ ယင်း ပ်စိတ်၏တ ဝန်မှာ တပ်စုမှူးက အလံဖြင့်အချက်ပြ သည့်အတိုင်း စက်သေနတ်ကြီးအလံ ရမ်းပါဆိုလျှင် စက်သေနတ်ကြီးအလံကိုင်သူက ရမ်းရ သည်။ ရပ်ပါဆိုလျှင် ရပ်ရသည်။ ာ်ဖက်တွင်လည်း တပ်စိတ်ကို နေရာဖြန့်ထားသည်။ [၂]

တိုက်ပွဲစသည်နှင့်တစ်ပြိုင် နက် ကြိုတင် ညွှန်ကြားထားသည့်အတိုင်း ရန်သူဘက်မှ ပစ်ခတ်နေကြောင်း အလံများဝှေ့ရ်း ပြသည်။ ထို ခါ တပ်စိတ်မှူးက စက်ကလေးအဖွဲ့အား ရှေ့တက်နေရာယူရန် အမိန့်ပေး သည်။ စက်က လေးအဖွဲ့က အမိန့်အတိုင်း နေရာယူပြီး ရန်သူ၏စက်သေနတ်ကိုပစ်သည်။ တပ်သားများ မှာလည်း ဘယ်တောင်ပံ၊ ညာတောင်ပံ နှစ်စုခွဲ၍ဖြန့်တက်ရသည်။ မြွားး ုံးသဏ္ဍာန်နေရာ ယူရသည်။ အကာအကွယ်ကောင်းနေရာ ကိုရွေး၍ လိုမ့်တွားသွားရသည်၊ ကိုက်၂၀၀၀ နီးအကွာအဝေးကိုပြေးတက်၊ ပြေးဝပ်၍ ပစ်ခတ်တိုက်ခိုက်ရသည်။ နော က်ဆုံးရန်သူနှင့်နီး လာသည့်အခါ စိန်ပြောင်းအဖွဲ့က ပစ်ပေး သည့်စိန်ပြောင်းသံနှင့်အတူ ရန်သ ူအားလုံ့ခွပ်ဖြင့်တ က်ထိုးရသည်။ တပ်စုတိုက်ပွဲ အဆင့်သို့ ဆက်လက်တက်ရောက်နိုင်ရန်အ တွက် ယင်းတပ်စိတ် တိုက်ပွဲကို အထပ်ထပ် အခါခါ လေ့ကျင့် ကြရသည်။ [၃]

---

၁။ ခင်မောင်ညို(မန်း)–အညာ ၇စစ်သည်တစ်ဦး၏မှတ်တမ်း၊ မျက် ၇၅–၇၆

၂။ ဗိုလ်ပင်းညို – ဂျပန်ခေတ်စစ် တက္ကသိုလ်၊ မျက် ၁၃၂

တပ်စိတ်တိုက်ပွဲ ကျွမ်းကျင်လာသည့်အခါ ကျောင်းအနောက်ဖက်ရှိ စက်ပစ်ကွင်းတွင် ရိုင်ဖယ်၊ စက်ကလေးတို့ဖြင့် သေနတ်ပစ်လေ့ကျင့်ကြရသည်။ စနေနေ့တိုင်း ညတိုက်ပွဲသင်ခန်းစာကို သင်ယူရသည်။ နေ့ပိုင်းတွင် ညတိုက်ပွဲတန်းစီနည်း၊ အမှတ်စဉ် မှတ်နည်း၊ တပ်စိတ်မှူးက အသံမထွက်အောင် လူစစ်နည်း၊ အသံမမြည်အောင်စစ်နည်း၊ ခြေနင်းနည်း၊ ချီတက်နည်း၊ လုံ့ခြုံပ်အိမ်မှ လုံ့ခြုံပ်ချွတ်နည်း၊ သေနတ်တွင် လုံ့ခြုံပ်တပ်နည်း စသည်တို့ကို အသေးစိတ်သင်ကြား၍ ညဘက်တွင် လက်တွေ့လေ့ကျင့်ကြရသည်။ ဤသို့လေ့ကျင့်ရာတွင် ဆရာ၏အမိန့်အတိုင်း အလံဖြူ သို့မဟုတ် လက်ကိုင်ပဝါဖြူကို အသုံးပြု၍ ချီတက်ခြင်း၊ ဝပ်ခြင်း၊ ကောင်းကင်မှုကြယ်များ၊ အခြားထင်ရှားသော အမှတ်အသားများကို ကြည့်ရှုချီတက်ခြင်း၊ အချက်ပေးသံကြားရာသို့ ချုံနွယ်ပိတ်ပေါင်းလျှိုမြောင်များကို ဖြတ်၍ ညွှန်ကြားသတ်မှတ်ထားသည့်နေရာသို့ရောက်အောင် ချီတက်ခြင်းစသည်တို့ကို ပြုလုပ်လေ့ကျင့်ကြရသည်။ [၁]

ဖေါ်ပြပါ လေ့ကျင့်ရေးသင်တန်းများအပြင် ကင်းစောင့်တာဝန်၊ အိပ်ဖန်စောင့်တာဝန်များကို အလှည့်ကျတာဝန်ယူကြရပြန်သည်။ ကင်းစောင့်တာဝန်မှာ ညဖနာရီမှ နံနက်ဖနာရီ အထိဖြစ်သည်။ ကင်းအဖွဲ့တွင် ကင်းမှူး၊ ဒုတိယကင်းမှူး၊ ကင်းစောင့်ဖယောက်ပါဝင်သည်။ ကင်းမှူးနှင့်ဒုတိယကင်းမှူးတို့သည် တစ်ဦးကင်းလှည့်သွားလျှင် တစ်ဦးကစောင့်နေရသည်။ ၃နာရီတစ်ကြိမ် အလှည့်ကျထရသော ရဲဘော်များမှာ ယမ်းဗူးများကို ခါးတွင်ပတ်၍ ခေါင်းရင်းဘက်တွင် ဖမြင့်၊ ခြေရင်းဘက်တွင် အနိမ့်ပြုလုပ်ထားသော အိပ်စင်ပေါ်တွင် အသင့်အနေအထားဖြင့် အိပ်ကြရသည်။ ခြေရင်းဘက်ရှိ ခါးပန်းကိုခြေကန် ၍ ပက်လက်အိပ်ကြရသည်။ [၂]

အိပ်ဖန်စောင့်ကင်းတွင် တပ်ခွဲတစ်ခွဲအတွက် တစ်နာရီလျှင် နှစ်ယောက်ကျအိပ်ဖန်စောင့်ရသည်။ ရန်သူနှင့်သူခိုးအန္တရာယ်ကိုကြိုတင်ကာကွယ်ခြင်း၊ မကျန်းမာသူများရှိလျှင် ကူညီခြင်း၊ ရဲဘော်များအိပ်ပျော်စဉ် စောင်လပ်နေပါက ခြုံပေးခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်ခြင်းစသည့်တာဝန်များကိုလည်း ယူကြရလေသည်။ [၃]

## ပစ္စည်းပျောက်ရှာပုံ

စစ်ပညာများကို ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ယူစဉ်အတွင်း ပစ္စည်းပျောက်ရှာဖွေရသည့်ဖြစ်ရပ်ဆန်းတစ်ခုပေါ်ပေါက်သည်။ ယင်းမှာ လေ့ကျင့်ရေးတိုက်ပွဲအပြီး တစ်ညနေတွင် ပစ္စည်းများကို ပြန်လည်စစ်ဆေးကြရာ စက်သေနတ်ကလေးမောင်းတံကို ထိန်းသော

---

၁။ ဗိုလ်မင်းညို – ဂျပန်ခေတ်စစ်တက္ကသိုလ်၊ မျက် ၁၂၂–၁၂၃

၂။ – ယင်း– ၊ မျက် ၁၂၀–၁၂၂

၃။ – ယင်း – ၊ မျက် ၈၉

မီးခြစ်ဆံသာသာ အရွယ်ရှိ သပ်ငယ်တစ်ချောင်း ပျောက်ဆုံးနေသည်ကို တွေ့ရလေသည်။ ဆိုင်ရာကျောင်းသားက ဂျပန်သင်တန်းဆရာအား သတင်းပို့သည်တွင် ဆရာက ဆူပူကြိမ်းမောင်းပြီး ပစ္စည်းကိုပြန်လည်ရရှိအောင် ရှာဖွေရမည်ဟု အမိန့်ပေးသည်။ လေ့ကျင့်ရေးတပ်စုအားတိုက်ပွဲစတင်ပြုလုပ်သည့်နေရာသို့ ပြန်လည်ချီတက်စေသည်။ တစ်ဦးနှင့်တစ်ဦးတစ်ပေခန့်ခွါ၍မြက်ထူ၊ ဖွက်ထူလျှက်ရှိသောကွင်းကို တရွေ့ရွေ့ပိုက်စိပ်တိုက် ရှာခိုင်းသည်။ တစ်ကြိမ် မတွေ့သည့်အခါ နောက်တစ်ကြိမ် ထပ်မံရှာဖွေခိုင်းပြန်သည်။ ဤနည်းဖြင့် အကြိမ်ကြိမ်ရှာဖွေ ရာ နောက်ဆုံးပျောက်နေသည့် ပစ္စည်းကို ပြန်လည်တွေ့ရှိလေသည်။[၁]

ယင်းအပြုအမူမှာ ကျောင်းသားများအား လက်နက်ကိုင်တွယ်မှု၊ ထိန်းသိမ်းမှုကို ဂရုပြုစေသည့်ပြင် စုပေါင်းဆောင်ရွက်မှုကို အကောင်အထည်ပေါ်ခြင်း၊ စစ်ရေးလေ့ကျင့်စဉ်အတွင်း စည်းကမ်းမြင့်သထက်မြင့်အောင် ပြုလုပ်ခြင်းသဘောများပင် ဖြစ်သည်။

## အစားအသောက်

စစ်ရေးလေ့ကျင့်မှုများ ပြင်းထန်သည်နှင့်အမျှ စားရေးသောက်ရေးမှာ ချို့တဲ့လှသည်။ စားရသည့်ဟင်းမှာ မိုးဖြဒယ်အတွင်း ဆီဆားအနည်းငယ်ထည့်၍ ဟင်းရွက်ခတ်ထားသည့်ဟင်းမည်ကာမတ္တမျှသာဖြစ်သည်။ တစ်ခါတစ်ရံအမဲရွတ်နှင့် ဝက်သားအဖတ်ကလေးများပါလာတတ်သည်။ ဟင်းသီးဟင်းရွက်များဖြစ်သော ကန်စွန်းရွက်၊ ဖရုံသီး၊ ပဲလင်းမြွေသီး၊ ပဲပင်ပေါက်တစ်မျိုးမျိုးကို နေ့စဉ်ရက်ဆက်မျှ စားသောက်ကြရသည်။

## ညှဉ်းပန်းနှိပ်စက်မှုများ

ဂျပန်အာဏာပိုင်တို့သည် မိမိတို့၏ဖက်ဆစ်အရင်းရှင်နယ်ချဲ့လုပ်ငန်းတွင် ဗမာ့တပ်မတော်မှ ဆန့်ကျင့်တော်လှန်မှုမပြုအောင် တပ်မတော်၏ဇာတိမာန်ကို ချိုးနှိမ်ထားခြင်း၊ အစဉ်အမြဲဦးကျိုးနေအောင်လုပ်ဆောင်ခြင်း၊ ငယ်ကြောက်လိုဖြစ်နေအောင် နှိပ်စက်ကလူပြုခြင်း စသည့်အပြုအမူများကို မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းတွင် တစ်စိတ်တစ်ဒေသအားဖြင့် တွေ့မြင်နိုင်ပေသည်။

မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၏ အခန်းတွင်းအခန်းပြင်နှင့် စာတွေ့လက်တွေ့သင်တန်းများတွင် ဂျပန်ဆရာများက ကျောင်းသားများအား ပြင်းပြင်းထန်ထန် ပါးရိုက်ကြသည်။ သစ်သားသေနတ်တု၊ သေနတ်ပြောင်း၊ ဝါးလုံးစသည်တို့ဖြင့် ရိုက်နှက်ကြသည်။ သံဇလုံကို လက်နှစ်ဖက်ဖြင့်ကိုင်စေ၍ ပွက်ပွက်ဆူနေသော ရေနွေးပူကိုအကြိမ်ကြိမ်လောင်းထည့်ကာ အပြစ်ပေးသည်။ လက်မြှောက်ခြေဖျားထောက်၊ ဒူးကွေးပုံစံဖြင့် အချိန်

---

၁။ ဗိုလ်မင်းညို၊ ဂျပန်ခေတ်စစ်တက္ကသိုလ်၊ မျက် ၁၄၉–၁၅၀

ကြာမြင့်စွာ ဒဏ်ပေးသည်။ ကျောင်းသားများအား မျက်နှာချင်းဆိုင် ဘုန်းစီ... အချင်းချင်းပါးရိုက်ခိုင်းသည်။

ဤသို့အပြစ်နှင့်မလျော်ညီ မအပ်စပ်သော ပြစ်ဒဏ်များသည် အပြစ်ရှိ... စေတနာဖြင့် အပြစ်ပေးသည်ထက် ကျောင်းသားများအား လက်အောက်ခံကျေးကျွန်သဖွယ် သဘောထားကာ ညှဉ်းပန်းနှိပ်စက်မှုများသာလျှင် ဖြစ်လေသည်။

## ကျောင်းသားများနှင့် လည်ပတ်ခွင့်

**မင်္ဂလာဒုံဗိုလ်သင်တန်းများတွင်** ကျောင်းသားများအား စည်းကမ်းသတ်မှတ်ချက်ဖြင့် **တနင်္ဂနွေနေ့ရက်အား၌** လည်ပတ်ခွင့်ပေးလေသည်။ ကျောင်းတွင်နေစဉ်နှင့်အမျှ မအား **မလပ်အောင်လှုပ်ရှားနေရခြင်း၊ စာတွေ့လက်တွေ့ သင်တန်းများ** ဆင်းရခြင်း၊ လေ့ကျင့်ရခြင်း၊ ဆရာများ၏အရိုက်အနှက်ကို ခံကြရခြင်းတို့ကြောင့် ကိုယ်ရောစိတ်ပါ လွတ်လပ်မှု မရှိဘဲ အနေအထိုင်ကျဉ်းကြပ်ကြသည်ဖြစ်ရာ ပြင်ပသို့လည်ပတ်ခွင့်ရသောအခါ ဝမ်းသာပျော်ရွှင်ကြသည်။

အစကနဦးတွင် ဂျပန်ဆရာလိုက်ပါ၍ ကမာရွတ်တဝိုက်တွင်သာ လည်ပတ်ကြရသည်။ ညနေ၃နာရီတွင်ပြန်လည်စုဝေး၍ စီစဉ်ထားသောကားဖြင့် ကျောင်းသို့ပြန်ကြရသည်။ နောက်ပိုင်းတွင် ရန်ကုန်မြို့တွင်းသို့ လည်ပတ်ခွင့်ပြုသည်။ လည်ပတ်ခွင့်ရသူများအား ပြင်ပသို့မထွက်မီ ကျောင်းဝင်းအတွင်း၌ အဝတ်အစား၊ လုံ့ခြုံ၊ ဦးထုပ်၊ ဖိနပ်စသည်တို့ကို ဆိုင်ရာတာဝန်ခံအရာရှိများက စစ်ဆေးသည်။ ယင်းသို့စစ်ဆေးခံပြီးနောက် ကျောင်းဝသို့ထွက်၍ ရန်ကုန်သွားသည့်ကားကြုံကို စောင့်ကြရသည်။ နံနက် ၈ နာရီခန့်အထိ ကားကြုံမရလျှင် ဦးရာကျောင်းသားက တန်းစီအမိန့်ပေးပြီး မြေနီကုန်းအထိ အမြန်ပြေးကြရသည် တစ်ဖန်ညနေ ၃နာရီအချိန်တွင် ပြန်လည်စုဝေး၍ ကျောင်းသို့ကားကြုံစောင့်ကြရပြန်သည်။ ကားကြုံမရလျှင် တန်းစီ၍ နစ်ဆအမြန်ပြေးကြရသည်။ ဤသို့မပြေးလျှင် ကျောင်းဝင်နောက်ကျမည်ဖြစ်ပြီး အပြစ်ဒဏ်ခံကြရမည်ဖြစ်သည်။ [၁]

## ကျောင်းအုပ်ကြီးဗိုလ်ဇေယျ

၁၉၄၃ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်အာဏာပိုင်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးသည်။ ဂျပန်ပေးသော လွတ်လပ်ရေးနှင့်အတူ ယခင်ကဂျပန်တို့ချုပ်ကိုင်ထားသောဗမာ့ကာကွယ်ရေးတပ်မတော်ဆိုင်ရာ ဌာနများကို မြန်မာတို့ ကွပ်ကဲအုပ်ချုပ်ခွင့်ရရှိလာလေသည်။ မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းတွင် ဗိုလ်ဇေယျကျောင်းအုပ်ကြီး

---

၁။ ဗိုလ်မင်းညို၊ ဂျပန်ခေတ်စစ်တက္ကသိုလ်၊ မျက် ၉၅-၉၈၊၁၂၃-၁၂၄

ဖြစ်လာပြီး မြန်မာနည်းပြဆရာများ ဝင်ရောက်လုပ်ကိုင်လာကြသည်။ သို့သော် ဂျပန်အကြံပေးအရာရှိများနှင့် ဂျပန်နည်းပြဆရာများ၏ ဦးစီးကွပ်ကဲသင်ကြားမှုများ ရှိနေပေသေးသည်။

## ဒုတိယပတ်ဗိုလ်သင်တန်းမှအကြပ်သင်တန်းဆင်းခြင်း

ဗိုလ်သင်တန်းကျောင်းသားများသည် ဆရာများ၏ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုးကို ကြံ့ကြံ့ခံရင်ဆိုင်၍ လိုအပ်သည့်စစ်ပညာရပ်များကို သင်ယူကြပြီး ၅လမျှကြာသောအခါစစ်ပညာစာတွေ့လက်တွေ့စာမေးပွဲကိုဖြေဆိုကြရသည်။ မကြာမီ ဗိုလ်သင်တန်းသို့ဆက်လက်တက်ရောက်ရမည့်သူများ၊ ကျောင်းတွင် ဆရာနှင့်အကြပ်တာဝန်ဖြင့် ကျန်ရစ်မည့်သူများ တပ်ရင်းအသီးသီးသို့သွားရောက် တာဝန်ထမ်းဆောင်ရမည့်သူများ၏ အမည်စာရင်းကိုသက်ဆိုင်ရာအာဏာပိုင်တို့က ထုတ်ပြန်ကြေညာသည်။[၁]

၁၉၄၃ခု၊ အောက်တိုဘာလ ၁၃ရက်နေ့တွင်[၂] ဒုတိယပတ်ဗိုလ်သင်တန်းသို့ တက်ရောက်သောသင်တန်းသားများအနက် သင်တန်းသားအချို့မှာ အကြပ်အဆင့်ဖြင့် သင်တန်းဆင်းသည်။ ယင်းသင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ကြီးက သင်တန်းဆင်းကျောင်းသားများအား အရာရှိအတတ်သင်ကျောင်းမှ စစ်ပညာတစ်စိတ်တစ်ဒေသ သင်ယူပြီးဆုံးကြောင်း လက်မှတ်ပေးအပ်သည်။ ထူးချွန်သောကျောင်းသားများကိုလည်း ဓါးဆုပေးအပ်ချီးမြှင့်လေသည်။

## သင်တန်းဆက်လက်ဖွင့်လှစ်ခြင်း

အကြပ်များ ကျောင်းဆင်းသွားပြီးသည့်နောက် သင်တန်းဆက်လက်တက်ရောက်ရမည့်သူ ကျောင်းသားများသည် ကျောင်းမဖွင့်မီ၁၅ရက်ခန့် အနားရကြသည်။ အချို့မိမိအရပ်ဒေသသို့ပြန်ကြသည်။ ခွင့်ရက်စေ့၍သင်တန်း ပြန်လည်ဖွင့်လှစ်သည့်အခါ ကျောင်းသို့အချိန်မီပြန်ကြရသည်။ ထိုအချိန်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် - တပ်ရင်းတပ်ဖွဲ့အသီးသီးမှ[၃]

---

၁။ ဗိုလ်မင်းညို – ဂျပန်ခေတ်စစ်တက္ကသိုလ် ၊ မျက် ၁၅၇

၂။ The Greater Asia (16-10-43)

၃။ ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်းတပ်ဖွဲ့များမှ ဗိုလ်သင်တန်းတက်ရောက်ရန် ရောက်ရှိလာသူများမှာ (၁)ရဲဘော်အေးသိန်း(ခေါ်)ရဲဘော်အေးလှိုင် (၂)ရဲဘော်ကိုကြီး (၃)ရဲဘော်စောမောင် (၄)ရဲဘော်ကျော်ဝင်း (၅)ရဲဘော်မြသန်း(ခေါ်)ရဲဘော်ထွန်းညို (၆)ရဲဘော်ဝင်းရှိန်(ခေါ်)ရဲဘော်အောင်ထူး (၇)ရဲဘော်အေါင်ညွန့် (၈)ရဲဘော်ကျော်မြင့် (၉)ရဲဘော်ကျော်သောင်း(ကွယ်လွန်) (၁၀)ရဲဘော် ငြိမ်းမောင် (၁၁)ရဲဘော်မြင့်ဆွေ (၁၂)ရဲဘော်ထွန်းမြ (၁၃)ရဲဘော်ရှင်းဉာဏ်(ကျဆုံး) (၁၄)ရဲဘော် ကိုကို(ခေါ်)ရဲဘော်မင်းစန်း (၁၅)ရဲဘော်လှဖေ (၁၆)ရဲဘော်လှဖေ(ထားဝယ်) (၁၇)ရဲဘော်ကျော်ညွန့် (၁၈)ရဲဘော်မောင်ကျော်တို့ဖြစ်ပါသည်။ (ဗမာ့ကာကွယ်ရေးတပ်မတော်၊ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း ဒုတိယပတ်ကျောင်း သား များ၏ကိုယ်ရေးသမိုင်း၊ မျက် ၃၁၅)

ဗိုလ် သင်တန်းတက်ရောက်ရန် စေလွှတ်သောအကြပ်များလည်း ကျောင်းသို့ရောက်ရှိလာကြသည်။ ဗိုလ်သင်တန်း ဆက်လက်တက်ရမည့်သူများနှင့် တပ်ရင်းတပ်ဖွဲ့မှတက်ရောက်လာသူ စုစုပေါင်း ၁၅၀ ခန့်ရှိသည်။ ယင်းတို့အထဲမှ ဂျပန်ပြည်စစ်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ယူကြရမည့် ကျောင်းသား ၅၀ ခန့်အား သီးခြားနေရာချထားပေးသည်။

၁၉၄၃ခု၊ နိုဝင်ဘာလ ဒုတိယပတ်တွင် သင်တန်းပြန်လည် စတင်သည်။ ယင်းသင်တန်းတွင် တိုက်ပွဲအခြေခံနှင့်တပ်စုတိုက်ပွဲများကို အသေးစိတ်သင်ယူလေ့ကျင့်ကြရသည်။ ဂျပန်ပြည်စစ်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ရမည့်သူများကို သီးခြားသင်ကြားပို့ချပေးရာတွင်ဂျပန်စာနှင့် စစ်ပရိယာယ်ကို ဦးစားပေးသင်ယူကြရသည်။ ဂျပန်ပြည်စစ်တက္ကသိုလ်တွင်သင်ယူရမည့် စစ်ပရိယာယ်နှင့် ခေါင်းဆောင်မှုအပိုင်းကို ကျောင်းအုပ်ကြီး ကိုယ်တိုင်ပို့ချပေးလေသည်။

ယင်းကာလတွင် ဗမာ့တပ်မတော်တွင်း၌လည်းကောင်း၊ ဗိုလ်သင်တန်းကျောင်း၌လည်းကောင်း၊ ဂျပန်တော်လှန်ရေးအတွက် စည်းရုံးလှုပ်ရှားမှုအရှိန် ကြီးထွားနေချိန်ဖြစ်ရာ ဂျပန်ပြည်စစ်တက္ကသိုလ်သို့ မလိုက်ပါလိုသူ အနည်းနှင့်အများရှိကြသည်။ ဂျပန်သို့လိုက်ပါသွားပါက ဗမာပြည်တွင် တော်လှန်ရေးပြုလုပ်သည့်အခါ အသတ်ခံရမည်ဟု ဝါဒဖြန့်သူများရှိသဖြင့် တွေဝေသော ကျောင်းသား အချို့ရှိကြသည်။ မည်သည့်ဘေးအန္တရာယ်များပင် ရှိစေကာမူ တာဝန်ပေးလျှင်သွားမည်ဟူသော ကျောင်းသားများလည်းရှိကြသည်။ နောက်ဆုံးတွင် သက်ဆိုင်ရာအာဏာပိုင်များက လေတပ်ပညာတော်သင် ၁၀ ဦး၊ အမြောက်တပ်ပညာတော်သင် ၁၀ ဦးနှင့် ခြေလျင်တပ်ပညာတော် သင် ၂၀၊ စုစုပေါင်းပညာတော်သင် ၄၀ကို ရွေးချယ်ခဲ့လေသည်။

## ဒုတိယပတ်ဗိုလ်သင်တန်းကျောင်းဆင်းခြင်း

ဗိုလ်သင်တန်း ကျောင်းသားများသည် စစ်ပညာရပ်များကို ၅လမျှ ဆက်လက်သင်ယူကြပြီးနောက် ၁၉၄၄ခု၊ မတ်လ ၁၃ရက်နေ့တွင် ဗိုလ်သင်တန်းကျောင်းဆင်းပွဲကို ကျင်းပပြုလုပ်သည်။ ကျောင်းဆင်းပွဲအခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်၍ အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဗိုလ်ဇေယျနှင့်ဂျပန်အကြံပေးအရာရှိများက အစီရင်ခံစာဖတ်ကြားကြသည်။ ၁

ဗိုလ်ချုပ်အောင်ဆန်းက –

" ယနေ့ကျောင်းကထွက်ပြီး ဗမာ့တပ်မတော်အသီးသီး ဌာနအသီးသီးမှာ ရာထူးအလုပ်ဝတ္တရားရတာနှင့် တပြိုင်နက်ရဲဘော်တို့အသီးသီးမှာ ကိုယ့်တာဝန်ကိုယ့်ဝတ္တရား နှင့်ဖြစ်ကြပြီ။ ဒီလိုကိုယ့်တာဝန်ကိုယ့်ဝတ္တရား ဗမာနိုင်ငံတော်နှင့် ဗမာ့

---

၁။ မြန်မာ့အလင်းသတင်းစာ (၁၇-၃-၄၄)

တပ်မတော်ရဲ့ အမှုထမ်းကြတဲ့အခါ ရဲဘော်တို့ကို မှာသင့်မှာရာအချက်တွေကို ငါတို့ မှာကြားလိုတယ်။

ပထမဆုံးရဲဘော်တို့ကို မှာချင်တာက ငါတို့ဗမာနိုင်ငံဟာ ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံဖြစ်တယ်။ ဒီနိုင်ငံဟာ တစ်နိုင်ငံလုံးတစ်မျိုးလုံးရဲ့ အကျိုးအတွက်ဖြစ်တယ်။ ဒါကြောင့် ဒီနိုင်ငံဒီအကျိုးကိုကာကွယ်ရမယ့် ဗမာ့တပ်မတော်ဟာလဲ ဗမာ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက် ဖြစ်တယ်ဆိုတာ နားလည်ရမယ်။ ဒီတပ်မတော်ဟာ လူတစ်ဦးတစ်ယောက်အတွက် တည်ထားတာမဟုတ်၊ တစ်နိုင်ငံလုံး၊ တစ်မျိုးလုံးအတွက်ဖြစ်တယ်။ ဒီတပ်မတော်ဟာတစ်ဖွဲ့တစ်ပါတီ လူတစ်စုအတွက် တည်ထားတာမဟုတ်၊ တစ်နိုင်ငံလုံး တစ်မျိုးလုံးအတွက် ဖြစ်တယ်။

ဒီတပ်မတော်ဟာ ရှေ့အင်္ဂလိပ်လက်ထက်ကလို ကြေးစားတပ်မဟုတ်၊ နိုင်ငံနှင့် အမျိုးကို ကာကွယ်စောင့်ရှောက်ဘို့၊ နိုင်ငံနှင့်အမျိုးကို မတင်ပေးဘို့ ဖြစ်တယ်။ ဒါကြောင့် ဒီတပ်မတော်ဟာနိုင်ငံနှင့် အမျိုး၏သစ္စာကိုအမြဲစောင့်ရမယ်။ ရှေ့က တုန်းကလို တစ်ခြားနိုင်ငံ၊ အခြားအမျိုးကိုသစ္စာစောင့်တာမဟုတ်၊ အဲဒီလိုစောင့်တဲ့ သစ္စာဟာ ဝတ်ကျေတန်းကျေစောင့်တဲ့ သစ္စာဖြစ်တယ်။ အခုငါတို့ဟာ ငါတို့အမျိုး ငါတို့နိုင်ငံကိုသစ္စာစောင့်ရမယ်။ ဒါကြောင့်ငါတို့စောင့်တဲ့သစ္စာဟာ တကယ့်သစ္စာ ဖြစ်ရမည်။ ဘယ်လိုစောင့်ရမလဲ၊ ယခုအခါ ရဲဘော်တို့အပေါ်မှာ နည်းလမ်းအတိုင်း အဆင့်ဆင့်ခန့်အပ်ထားတဲ့ အကြီးအမှူးအားလုံးတွေဟာ ဒီနိုင်ငံဒီအမျိုးရဲ့ ကိုယ်စား တွေဘဲ။ အဲဒီကိုယ်စားနိုင်ငံနှင့်အမျိုးကို သစ္စာစောင့်ခြင်းဟာ ကိုယ့်နိုင်ငံနှင့် ကိုယ့်အမျိုးကို သစ္စာစောင့်တာဘဲ။ "

" ... တစ်ခြားမှာလိုတဲ့အချက်ကတော့ ပြောနေကျစကားဘဲ။ ဒါပေမဲ့ ထပ်ပြီး အဓိပ္ပါယ်လေးနက်အောင်ပြောပြလိုက်အုံးမယ်။ ငါတို့စစ်တပ်ဟာနိုင်ငံသူနိုင်ငံသား တွေကိုညှဉ်းဘို့မဟုတ်၊ လက်နက်အားကိုးတန်ခိုးပြဘို့မဟုတ်၊ စစ်တပ်ဟာနိုင်ငံရဲ့ အစေခံဖြစ်ရမယ်။ နိုင်ငံဟာစစ်တပ်ရဲ့ အစေခံမဖြစ်ရဘူး။ ဒါစကားရိုင်းရိုင်းနဲ့ နားလည်အောင်ပြောပြတာဘဲ။

ငါတို့ဟာ လက်နက်ကိုင် လက်ရှိလူတွေဖြစ်ကြသော်လည်း မတရားမလုပ် နိုင်ငံရဲ့ရန်သူတွေမဟုတ်၊ နိုင်ငံရဲ့မိတ်ဆွေတွေဆိုတာ အားလုံးသဘောပေါက်အောင် ပြောပြခြင်းဘဲ။ "

" ... ဇာတိမာန်ကောင်းကောင်း ထားတတ်ကြအောင် လုပ်ကြပါ။ ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ။ ကိုယ့်အမျိုးကိုယ်ချစ်ပါ။ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူဝွစာတွေ၊ လူမတရားတွေ ဒီလိုကမ္ဘာမှာ အထင်ခံရအောင် မလုပ်ပါနှင့်။ ဗမာတွေဟာ ဒီလိုမဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြ ပြီးဂုဏ်ယူပါ။

" ... နောက်မှာချင်တာက ရှေ့ကို ရဲဘော်တို့ဟာ လူကြီးဖြစ်ပြီ။ လူကြီးဆိုတာ ဘာလဲ။ အသက်ကြီးတာကို ဆိုလိုသလား၊ မဟုတ်ဘူး။ အသက်မကြီးပေမယ့် လုပ်တဲ့အလုပ်ကြီးရင် လူကြီးပဲ။ အခုငါတို့ ရဲဘော်တို့ရဲ့အလုပ်ဟာ ငါတို့နိုင်ငံရဲ့ လွတ်လပ်ရေး၊ ငါတို့နိုင်ငံရဲ့နယ်မြေ၊ ငါတို့နိုင်ငံရဲ့အချုပ်အခြာအာဏာ၊ ဒါတွေကို ငါတို့ ရင်မြေကတုတ်လုပ်ပြီး ကာကွယ်ဘို့ဘဲ။ ... ဒါကြောင့် ငါတို့က လူကြီးစိတ်ပေါက်ကြရမယ်။ အစစအရာရာ ဆင်ခြင်ကြရမယ်။ ကောင်းသည် မကောင်းသည် တော်သည် မတော်သည်၊ ဟုတ်သည် မဟုတ်သည်ကို ဆင်ခြင်တိုင်းထွာနိုင်ရမယ်။ "

" ... နောက်ဆုံးတစ်ခုမှာချင်တာက ငါတို့သာ နိုင်ငံချစ်တယ်ဆိုတဲ့စိတ်ဓါတ်မထားကြဘို့ဘဲ။ ဒီနိုင်ငံမှာဖြစ်ဖြစ် ဒိပြင်နိုင်ငံမှာဖြစ်ဖြစ် စစ်သားတွေချည်း နိုင်ငံချစ်တဲ့လူ ရှိကြတာမဟုတ်ဘူး။ တစ်ခြားစစ်သားမဟုတ်ပေမဲ့ နိုင်ငံအတွက် အမျိုးမျိုးအနစ်နာခံ၊ အမျိုးမျိုးစွန့်စား လုပ်ကြတဲ့သူတွေလည်းရှိတာဘဲ။ ဒါကြောင့် စစ်သားမှ စစ်သားဆိုတဲ့ စိတ်သဘောထားကို ပြောင်းကြရမယ်"[၁] စသည်ဖြင့် မိန့်ခွန်းရှည်ကြီးတစ်ရပ် မြွက်ကြားခဲ့လေသည်။

## ပထမပတ်မူလတန်းစစ်ပညာသင်တန်း

ပမပတ်ဗိုလ်သင်တန်းမဆင်းမီအတွင်းမင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းနှင့်တွဲဖက်၍ ဂျပန်ဘာသာဖြင့် ယောနင်းဂတ်ကော[၂] ခေါ် မူလတန်း လူငယ်စစ်အတတ်သင်ကျောင်းကို ဂျပန်အာဏာပိုင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တိုင်ပင်ညှိနှိုင်း၍ ဖွင့်လှစ်ခဲ့ကြသည်။

ယင်းသင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာလူငယ်များအား နောင်တစ်ခေတ်တွင် ဗမာ့တပ်မတော်ကို ဦးဆောင်နိုင်မည့် လူတော်လူကောင်းများဖြစ်လာရေးအတွက် ပြုစုပျိုးထောင်ပေးရန် ဖြစ်လေသည်။

## လူငယ်များအားခေါ်ယူစစ်ဆေးခြင်း

လူငယ်စစ်သင်တန်းသို့ တက်ရောက်လိုသူများအား သတင်းစာမှကြော်ငြာ၍ လျှောက်လွှာခေါ်ယူသည်။ ယင်းကြော်ငြာတွင် သင်တန်းတက်ရောက်မည့်သူသည် အသက် ၁၄နှစ်မှ ၁၆နှစ်အတွင်းရှိရမည်ဖြစ်ပြီး အရည်အချင်းအားဖြင့် သတ္တမတန်းအောင်မြင်ရမည်၊ အရာရှိနှစ်ဦး ၏ထောက်ခံချက်နှင့် မိဘ၏သဘောတူညီချက်များပါရှိရမည်၊ စာမေးပွဲဖြေဆို အောင်မြင်သူ သည်မင်္ဂလာဒုံစစ်ကျောင်းတွင်စစ်ပညာသုံးနှစ်သင်ယူရမည်၊ ဂျပန်ပြည်တွင်

---

၁။ မြန်မာ့အလင်းသတင်းစာ (၁၆-၃-၄၄၊ ၁၇-၃-၄၄)  ၂။ Yonen Gakko.

စစ်ပညာသုံးနှစ်သင်ယူပြီးသည့်အခါ ဗမာ့တပ်မတော်တွင် အရာရှိရာထူးဖြင့် တာဝန်ထမ်းဆောင်ရမည်ဟူသော အချက်များ ပါဝင်သည်။ [၁]

သတင်းစာပါကြော်ငြာအရ သင်တန်းတက်ရောက်မည့် လူငယ်တစ်ထောင်ကျော် လျှောက်ထားခဲ့ကြသည်။ ယင်းလူငယ်များအား ရန်ကုန်မြို့၊ ပြည်လမ်းရှိ စစ်မှုပြင်ဆင်ရေးရုံးခေါ် ဖွဲ့စည်းရေးဌာနတွင် ၁၉၄၃ခု၊ မတ်လ ၂၄ ရက်နေ့မှစ၍ ကျန်းမာရေးစစ်ဆေးရာ လူငယ် ၁၀၀ ကျော်အောင်မြင်ကြသည်။

ကျန်းမာရေးစစ်ဆေးအောင်မြင်သူ လူငယ်များသည် မတ်လ ၂၉ ရက်နေ့တွင် မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း၌ မြန်မာစာ၊ ပထဝီ၊ ရာဇဝင်၊ သင်္ချာ ဘာသာရပ်များကို ရေးဖြေကြရပြန်သည်။ လူငယ် ၁၀၀ကျော်အနက် ၇၀ ဦးစာမေးပွဲအောင်မြင်သည်။ မတ်လ ၃၀ ရက်နေ့တွင် [၂] စာမေးပွဲ အောင်မြင်သူများအား ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်စကြာ၊ ဗိုလ်လက်ျာနှင့် ဂျပန်အရာရှိများပါဝင်သောအဖွဲ့က လူတွေ့စစ်ဆေးမေးမြန်းရာ လူငယ် ၃၀ နှုတ်မေးအောင်မြင်ကြသည်။ ကျန်လူငယ်များကိုမူ ဆက်သွယ်ရေးတပ်သို့ ပို့ခဲ့လေသည်။

## ဝတ်စုံနှင့်အသုံးအဆောင်ပစ္စည်း

ကျောင်းဝင်သည့်နေ့တွင် လူငယ်အားလုံး ခေါင်းတုံးရိတ်ကြရသည်။ ဂျပန်အာဏာပိုင်တို့က အရပ်အနိမ့်အမြင့်အလိုက် နံပါတ်စဉ်များပေး၍ နေရာချထားပေးသည်။ စစ်ဝတ်နှင့် အသုံးအဆောင်ပစ္စည်းများကို ထုတ်ပေးသည်။ တစ်ဦးချင်းအလိုက်ရရှိသည့် အသုံးအဆောင်ပစ္စည်းများမှာ လန်ကွတ်တီတစ်ထည်၊ စွတ်ကျယ်အဖြူတစ်ထည်၊ ရှပ်လက်တိုတစ်ထည်၊ ဘောင်းဘီတိုတစ်ထည်၊ ခြေအိတ်တစ်စုံ၊ ကင်းဘတ်ဖိနပ်တစ်ရံ၊ ခုံဖိနပ်တစ်ရံ၊ လုံ့စွပ်တစ်ချောင်း၊ ရေဗူးတစ်ဗူး၊ မျက်နှာသုတ်ပဝါအသေးတစ်ထည်၊ ဦးထုပ်တစ်လုံး၊ သစ်သားဓါးတစ်ချောင်း၊ ဖွဲ့ခေါင်းအုံးတစ်လုံး၊ အိပ်ရာခင်းအဖြူတစ်ထည်၊ ကောက်ရိုးမွေ့ရာတစ်ခု၊ ဂွမ်းစောင် သုံးထည်၊ စာအုပ်ထည့်ရန် သစ်သားဘီဒိုငယ်တစ်လုံး စသည်တို့ဖြစ်သည်။ အခြားအသုံးအဆောင် ပစ္စည်းများဖြစ်သော ဇလုံ၊ ဇွန်း၊ ထမင်းစားရန် တူ တို့ကိုလည်း ထုတ်ပေးသည်။ [၄]

စစ်ဝတ်စုံမှာအစိမ်းရောင်ရှပ်လက်တိုနှင့် ဘောင်းဘီတိုဖြစ်သည်။ ကော်လာများတွင် ဒေါက်အနီကွပ်ထားပြီး အဝါဝိုင်းခံပေါ်၌ အစိမ်းရောင် ဒေါင်းရုပ်တစ်ကောင်စီ တပ်ဆင်ထားသည်။ ဦးထုပ်မှာလည်း အစိမ်းရောင်ဖြစ်သည်။ လက်မဝက်ခန့် အဝါရောင်ပတ်ထားသည်။ ထိပ်တွင် အဖြူခံပေါ်၌ အစိမ်းရောင်ကြယ်တပ်ဆင်ထားလေသည်။

---

၁။ ဗိုလ်မင်းညို – ဂျပန်ခေတ်စစ်တက္ကသိုလ်၊ မျက် – ၁၈၉

၂။ ပထမပတ်ကျောင်းသားဦးကျော်သိန်း၏မှတ်တမ်း

၃။ – ယင်း –

၄။ – ယင်း –

## ကျောင်းဖွင့်ပွဲ

၁၉၄၃ခု၊ ဧပြီလ ၃ ရက်နေ့တွင် သင်တန်းဖွင့်ပွဲ ကျင်းပပြုလုပ်သည်။ မူလတန်းကျောင်းသားများသည် ဝတ်စုံသစ်များဝတ်ဆင်၍ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရသည်။

## လေ့ကျင့်မှု

စစ်ပညာရပ်များကို ဗိုလ်သင်တန်းနှင့် အကြပ်သင်တန်းများနည်းတူ လေ့ကျင့်ကြရသည်။ ဂျပန်စာကို အလေးပေးသင်ယူရသည်။ အခြေခံစစ်ရေးပြပညာကို စကားပြန်ဖြင့်သင်ယူပြီး မြန်မာဆရာများက မြန်မာစာနှင့် သိပ္ပံဘာသာရပ်များကို သင်ကြားပို့ချသည်။ ဂျပန်ဆရာများကိုယ်တိုင် စိတ်ဓါတ်ရေးရာ၊ စည်းစနစ်ရေးရာ၊ စစ်ပညာနှင့် ကျန်းမာရေးတို့ကို အထူးကြပ်မတ် သင်ကြားပေးသည်။ နံနက် ၅နာရီမှ ည ၉နာရီခွဲအထိ အချိန်ပြည့်လှုပ်ရှား လေ့ကျင့်ကြသည်။

စစ်ပညာသင်တန်းတွင် အခြေခံစစ်ရေးပြမှအစကိုယ်စီတိုက်ပွဲ၊ တပ်စိတ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲ၊ ဓါးခုတ်၊ လှံစွပ်ထိုးအမျိုးမျိုးကိုလေ့ကျင့်ကြရသည်။ လက်နက်သင်တန်းတွင်လည်းသစ်သားသေနတ်၊ သစ်သားဓါးများဖြင့် လေ့ကျင့်ရာမှ နောက်ပိုင်းတွင် သေနတ်အစစ်များဖြင့် သင်ယူလေ့ကျင့်ရသည်။ ယင်းသို့ သင်ယူရာတွင် ဗိုလ်သင်တန်းများ၏ သင်ရိုးမာတိကာကို ကြေလည်အောင် သုံးနှစ်တာမျှ အချိန်ယူလေ့ကျင့်ကြရလေသည်။

မူလတန်းစစ်သင်တန်းကို ဂျပန်ဗိုလ်ကြီး အိုကာဒါ [၁] နှင့် ဂျပန်အကြပ်များမြန်မာဆရာများက သင်ကြားပို့ချပေးကြသည်။

## အစားအသောက်

နေ့စဉ်နေထိုင်စားသောက်ရေးမှာ ဗိုလ်သင်တန်း၊ အကြပ်သင်တန်းများနှင့် ကွာခြားမှုမရှိပေ။ နေ့စဉ်ရေလုံပြုတ်ဟင်းကို စားသောက်ကြရသည်။ ဗိုလ်သင်တန်းဖွင့်ပွဲ ဆင်းပွဲများ၊ အကြပ်သင်တန်းဖွင့်ပွဲ ဆင်းပွဲများတွင်သာ အထူးအစီအစဉ်ဖြင့် ဆီဝေ့နေသော အမဲသားနှင့် ကျောက်ဖရုံသီးရောချက်ထားသည့် ဟင်းကို စားကြရသည်။ ထူးခြားသည့်အချက်မှာ ဗိုလ်သင်တန်းကျောင်းသား၊ အကြပ်သင်တန်းကျောင်းသားများသည် ထောက်ပံ့ကြေးငွေ ၇ကျပ်ရရှိပြီး မူလတန်းကျောင်းသားများမှာ မုန့်ဖိုးငွေ ၃ကျပ်ပိုမိုရသဖြင့် ထောက်ပံ့ငွေ ၁၀ကျပ်ရရှိကြသည်။ မုန့်ဖိုးငွေ ၃ကျပ်ပိုမိုရရှိသော်လည်း ဂျပန်ဆရာများက ယင်းမုန့်ဖိုးငွေကိုပင် စုငွေအဖြစ် စုဆောင်းသိမ်းဆည်းထားလိုက်ကြသည်။ [၂]

---

၁။ Captain Okada.

၂။ ဗိုလ်မင်းညို-ဂျပန်ခေတ်စစ်တက္ကသိုလ်၊ မျက်၁၉၈-၁၉၉

## ညှဉ်းပန်းမှု

မူလတန်း စစ်သင်တန်းကျောင်းသားများသည် အသက် ၁၄ နှစ်မှ ၁၆ နှစ်အတွင်းရှိသူ လူငယ်ကလေးများသာ ဖြစ်ကြသည်။ သို့ဖြစ်သော်လည်း ဂျပန်ဆရာများက ဗိုလ်သင်တန်း၊ အကြပ်သင်တန်းတက်ရောက်နေသော ကျောင်းသားကြီးများကဲ့သို့ ဆက်ဆံကြသည်။ ညှဉ်းပန်းကြသည်။ အရွယ်နှင့်မမျှအောင် လက်သံပြောင်ပြောင်ဖြင့်ပါးရိုက်ကြသည်။ အခန်းတွင် အခန်းပြင်သန့်ရှင်းရေးနှင့် စစ်ရေးပြသင်တန်းများတွင် တစ်ဦးတစ်ယောက်မှားယွင်းနေပါက အားလုံး အပြစ်ပေးခံရသည်။ အပြစ်ပေးရာ၌ ကျောင်းသားတစ်ဦးစီကို ပါးရိုက်ခြင်း၊ ကျောင်းသားများအား မျက်နှာချင်းဆိုင် တန်းစီစေ၍ တစ်ဦး၏ပါးကိုတစ်ဦး အပြန်အလှန် ရိုက်ခိုင်းခြင်း စသည်တို့ဖြစ်သည်။ [၁]

## ထမင်းစားပွဲ များ

မူလတန်းစစ်သင်တန်းကျောင်းသားများသည် အနာဂတ်ကာလတွင် ဗမာ့တပ်မတော်၏အရာရှိများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အလျောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများကအထူးဂရုစိုက်ကြသည်။ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းသို့ ရောက်လာသည့်အခါတိုင်း မူလတန်းကျောင်းဆောင်များသို့ သွားရောက်အားပေးလေ့ရှိကြသည်။ ဂျပန်ဗိုလ်ချုပ်ကြီးများနှင့် နိုင်ငံခြားဧည့်သည်တော်များလည်း မကြာခဏလာရောက်ကြည့်ရှုခဲ့ကြသည်။ ကျောင်းရှိ ဗိုလ်သင်တန်းကျောင်းသားများနှင့် အကြပ်သင်တန်းကျောင်းသားများက မိမိတို့၏ညီငယ်များသဖွယ် ချစ်ခင်ကြင်နာကြသည်။ မူလတန်းကျောင်းသားများသည် ဤမျှပင်လူကြီးများ၏ အလေးဂရုပြုခြင်းကို ခံယူရရှိသူများ ဖြစ်ကြသည်။

၁၉၄၄ခု၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မြန်မာပြည်စစ်နယ်မြေတပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘဲက ပထမပတ်မူလတန်းကျောင်းသားများအား မိမိနေအိမ်သို့ ဖိတ်ကြား၍ ထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ [၂] စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း မိမိ ဧည့်နည်းစာဖြင့်ဘုရင်ခံအိမ်တော်တွင် ထမင်းစားပွဲတည်ခင်း၍ ဧည့်ခံကျွေးမွေးခဲ့လေသည်။

## ကျောင်းဆင်းပွဲ

ပထမပတ် မူလတန်းစစ်သင်တန်းကျောင်းဆင်းပွဲကို ၁၉၄၅ခု၊ ဖေဖော်ဝါရီလ ၂၊ ရက်နေ့တွင် ကျင်းပပြုလုပ်သည်။ ကျောင်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံတော် အဓိပတိ

---

၁။ ဗိုလ်မင်းညို-ဂျပန်ခေတ်စစ်တက္ကသိုလ်၊ ပျက်၁၉၈-၁၉၉

၂။ Major General Sawamoto's Diary

ဒေါက်တာဘမော်၊ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဂျပန်အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ဆာကူရိုင်း[၁]နှင့် မြန်မာ ဂျပန်အရာရှိကြီးများ တက်ရောက်ကြသည်။ [၂]

ဦးစွာ ဗိုလ်သင်တန်းကျောင်းအုပ်ကြီး ဗိုလ်ရန်နိုင်က အစီရင်ခံစာဖတ်ကြားရာတွင် ဗိုလ်သင်တန်းကျောင်းကို ၁၉၄၂၊ ဇန်နဝါရီ လ စက်တင်ဘာလမှစတင်ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းအသီးသီးမှအောင်မြင်ပြီးသူဦးရေမှာ အရာရှိ ၅၈၆ဦး၊ အကြပ် ၉၆၀ဦး၊ ဂျပန်ပြည်စစ်ပညာတော်သင် ၇၀ဦး၊ စုစုပေါင်း ၁၆၁၆ဦးရှိကြောင်း၊ မူလတန်းစစ်ပညာသင်ဦးရေမှာ ပထမပတ်၃၀၊ ဒုတိယပတ်၄၀၊ တတိယပတ်၇၀ရှိကြောင်း၊ မတ်လ၃ရက်နေ့တွင် ဖွင့်လှစ်ခဲ့သောအကြပ်သင်တန်းသို့သင်တန်းသား ၂၀၀တက်ရောက်ခဲ့ကြောင်း၊ ဗိုလ်သင်တန်းကျောင်း၏ ဝန်ထမ်းအင်အားမှာ ဂျပန် ၄၀၊ မြန်မာ ၈၉ ဦး၊ စုစုပေါင်း ၁၂၉ ဦးရှိကြောင်း ဖော်ပြထား လေသည်။ [၃]

အဓိပတိဒေါက်တာဘမော်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်ဆာကူရိုင်းတို့ကလည်း အသီးသီးမိန့်ခွန်းမြွက်ကြားကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက ပြတ်ပြီးသားဝါးကိုသွေးလျှင် ပိုမိုထက်မြက်သကဲ့သို့သင်ပြီးသောပညာရပ်များကို ပိုမိုကျွမ်းကျင်အောင် လေ့ကျင့်ရန်မှာကြားသည်။ [၄]

ထိုနောက် ဆုရကျောင်းသားများအား ဂျပန်စစ်သေနာပတိ၏ဆု၊ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဆု၊ ဂျပန်အကြံပေးဌာနမှူး၏ဆုများကိုချီးမြှင့်၍ အခမ်းအနားကိုရုပ်သိမ်းလိုက်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျပန်အာဏာပိုင်တို့သည် မူလတန်းကျောင်းသား ၃၀ တို့အားဂျပန်ပြည်သို့ပို့ဆောင်ရန် စီစဉ်ထားပြီးဖြစ်သော်လည်း မြန်မာပြည်မြောက်ပိုင်းတွင် မဟာမိတ် တို့၏ ထိုးစစ်အရှိန်အဟုန်ပြင်းထန်လာသဖြင့် ဂျပန်ပြည်သို့ပို့ဆောင်ရေးအစီအစဉ်ကို ဖျက်သိမ်းလိုက်ရသည်။ ပထမပတ် မူလတန်းကျောင်းဆင်းများကိုလည်း ပဉ္စမပတ်ဗိုလ်သင်တန်းသို့ အထူးတပ်စုအဖြစ် တက်ရောက်စေခဲ့သည်။

## ဒုတိယပတ်မူလတန်းစစ်ပညာသင်တန်း

ဒုတိယပတ် ဗိုလ်သင်တန်းကာလအတွင်း ဗမာ့တပ်မတော် စစ်ဝန်ကြီးရုံးအထွေထွေဌာနမှ ဒုတိယပတ်မူလတန်းစစ်ပညာသင်တန်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းစာ များတွင်ကြော်ငြာ၍လျှောက်လွှာခေါ်ယူခဲ့သည်။ သင်တန်းအတွက် လိုအပ်သောဦးရေမှာ မူလတန်းစစ်ပညာသင်တန်းအတွက် ၅၀ နှင့်အချက်ပြ ဆက်သွယ်ရေးသင်တန်း

---

၁။ Major General Sakurai

၂။ Major General Sakuria'sDiary

၃။ Ibid.

၄။ ပထမပတ်ကျောင်းသားဦးကျော်သိန်း၏ပြောပြချက်

အတွက် ၅၀၊ ရရ ပေါင်းသင်တန်းသားဦးရေ ၁၀၀ ဖြစ်သည်။ သင်တန်းကာလကိုလည်း အကြမ်းဖျင်းအားဖြင့် ၂နှစ် ရာထားသတ်မှတ်ထားလေသည်။[1]

သတင်းစာပါကြော်ငြာအရ လျှောက်ထားသူများအား ၁၉၄၃ခု၊ နိုဝင်ဘာလ၆ရက်နေ့တွင် ကျန်းမာရေးစစ်ဆေးခြင်း၊ ၇ရက်နေ့တွင် ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်ခြင်း၊ ၈ရက်နေ့တွင် ဗိုလ်မှူးကြီးလကျာ၊ ဗိုလ်ကြီးဘိုးကွမ်း၊ ဗိုလ်ကြီးအိုကာဒါတို့ပါဝင်သော အဖွဲ့က လူတွေ့စစ်ဆေးခြင်းများကို ပြုလုပ်ဆောင်ရွက်ကြသည်။ ထိုနောက်သင်တန်းသား ၁၀၀ ကို စိစစ်ရွေးချယ်၍ မူလတန်းစစ်သင်တန်းသို့ ဦးရေ၅၀၊ အချက်ပြဆက်သွယ်ရေးတပ်သို့ ဦးရေ၅၀ ပို့ဆောင်ခဲ့လေသည်။

## သင်တန်းစတင်ခြင်း

ဒုတိယပတ် မူလတန်းစစ်သင်တန်းကို ၁၉၄၃ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင်စတင်ဖွင့်လှစ်သည်။[2] စစ်ပညာဆိုင်ရာ စာတွေ့လက်တွေ့လေ့ကျင့်မှုများမှာ ပထမပတ်မူလတန်းသင်ရိုးအတိုင်းပင်ဖြစ်သည်။

ဒုတိယပတ်မူလတန်း စစ်ပညာသင်တန်းကို ၂နှစ် ရာထားသတ်မှတ်သော်လည်း မဟာမိတ်တို့၏ ထိုးစစ်အရှိန်အဟုန်ပြင်းထန်လာသဖြင့် သင်တန်းပြီးဆုံးခြင်းသို့ မရောက်ခဲ့ချေ။ သင်တန်းမပြီးဆုံးမီပင် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ကြရသည်။

## လူငယ်လေကြောင်းသင်တန်း

ဒုတိယပတ်မူလတန်း စစ်သင်တန်းကာလအတွင်း ဗိုလ်သင်တန်းကျောင်းသို့ဂျပန်ဘာသာဖြင့်ယောနင်းကောက်ကူဟေ[3] ခေါ်လူငယ်လေကြောင်းသင်တန်းသား ၁၇ ဦးရောက်ရှိလာကြသည်။ ထိုလူငယ်များ၏ လေကြောင်းသင်တန်းကို ၁၉၄၄ခု၊ အောက်တိုဘာလ၁၀ ရက်နေ့တွင် စတုတ္ထပတ်ဗိုလ်သင်တန်းနှင့်တပြိုင်တည်း ဖွင့်လှစ်သည်။[4]

လူငယ်လေကြောင်းသင်တန်းသားများသည် အခြေခံစစ်ပညာရပ်များကို သုံးနှစ်သင်ယူကြရမည်ဖြစ်ပြီး ဂျပန်ပြည်တွင် လေကြောင်းပညာရပ်များကို ဆက်လက်သင်ယူကြရမည်ဖြစ်သည်။ သို့သော်လေကြောင်းသင်တန်း စတင်သည့်အချိန်တွင် မြန်မာနိုင်ငံ၏ စစ်ရေးအခြေအနေမှာ ဆိုးဝါးလာပြီဖြစ်ရာ အခြေခံလေကြောင်းပညာရပ်များကို သီးခြားမသင်ယူ

---

၁။ မြန်မာ့အလင်းသတင်းစာ (၂-၁၁-၄၃)

၂။ DR 780 – ဗမာ့တပ်မတော်မူလတန်းစစ်ပညာသင်တန်းဖိုင်တွဲ

၃။ Yonen Kokuhei

၄။ မြန်မာ့အလင်းသတင်းစာ(၈-၁၀-၄၄)

ကြရတော့ပဲ တတိယမူလတန်း စစ်သင်တန်းနှင့်တွဲဖက်၍ စစ်ပညာများကို သင်ယူကြရလေသည်။ [1]

## တတိယမူလတန်းစစ်ပညာသင်တန်း

၁၉၄၄ခုနှစ် စက်တင်ဘာလအတွင်း ဦးစီးဗိုလ်ချုပ်ရုံး စစ်ပညာသင်ကြားရေးဌာနမှ တတိယပတ်မူလတန်း စစ်ပညာသင်တန်း ဆက်လက်ဖွင့်လှစ်ရန် သတင်းစာမှကြော်ငြာသည်။ [2] ယင်းကြော်ငြာအရ လျှောက်ထားသူများအား ၁၉၄၄ခု၊ စက်တင်ဘာလ၂၅ရက်နေ့မှ ၂၇ရက်နေ့အထိ ကျန်းမာရေးစစ်ဆေးခြင်း၊ ၂၈ရက်နေ့မှ ၃၀ရက်နေ့အထိ စာမေးပွဲဖြေဆိုစေခြင်း၊ အောက်တိုဘာလ ၃ရက်နေ့မှ ၅ရက်နေ့အထိ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကလေးဘိုးကွန်းတို့ပါဝင်သော စစ်ဆေးရေးအဖွဲ့က လူတွေ့စစ်ဆေးခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ရာ ကျောင်းသားလူငယ် ၇၂ဦး ကျောင်းဝင်ခွင့်ရရှိကြသည်။ [3]

## သင်တန်းစတင်ခြင်း

ကျောင်းဝင်ခွင့်ရရှိကြသော ကျောင်းသားများသည် ၁၉၄၄ခု၊ အောက်တိုဘာလ၂၀ ရက်နေ့တွင် ကျောင်းသို့ရောက်ရှိကြသည်။ နိုဝင်ဘာလ၂၅ရက်နေ့တွင် ကျောင်းဖွင့်ပွဲကျင်းပရာ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းကိုယ်စား ဗိုလ်မှူးကြီးဇေယျကလည်းကောင်း၊ကျောင်းအုပ်ကြီး ဗိုလ်ရန်နိုင်ကလည်းကောင်း အသီးသီးမိန့်ခွန်းမြွက်ကြားကြသည်။ [4]

## လေ့ကျင့်မှု

တတိယပတ်မူလတန်းကျောင်းသားများသည် ပထမပတ်နှင့် ဒုတိယပတ်မူလတန်း စစ်ပညာသင်တန်းများနည်းတူဂျပန်စာနှင့် အခြေခံစစ်ပညာရပ်များကို လေ့ကျင့်ကြရသည်။ သို့သော်သင်တန်းမပြီးဆုံးမီ ဂျပန်တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ကြရလေသည်။

## ပထမပတ်အကြပ်သင်တန်းဖွင့်လှစ်ခြင်း

မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းတွင် ယခင်ကအကြပ်သင်တန်းဟူ၍ သီးခြားဖွင့်လှစ်ခြင်းမရှိခဲ့ပေ။ အကြပ်များမှာ ပထမပတ်ဗိုလ်သင်တန်းနှင့် ဒုတိယပတ် ဗိုလ်သင်တန်းတို့မှ အကြပ်အဆင့်ဖြင့် ကျောင်းဆင်းခဲ့သူများသာ ရှိလေသည်။ ထိုအကြပ်

---

၁။ မူလတန်းစစ်ပညာသင်တန်းဆရာဗိုလ်မှူးဟောင်းဘသိန်း၏ရေးသားပေးပို့ချက်

၂။ ဗမာ့ခေတ်သတင်းစာ (၂၂-၉-၄၄)

၃။ DR 780 – ဗမာ့တပ်မတော်မူလတန်းစစ်ပညာသင်တန်းဖိုင်တွဲ

၄။ ပထမပတ်ကျောင်းသားဦးကျော်သိန်း၏မှတ်တမ်း

သင်တန်းဆင်းများမှာလည်း ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်းတပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ ယင်းသို့ဗိုလ်သင်တန်းပတ်မှ အကြပ်များ သင်တန်းဆင်းခဲ့ကြသော်လည်း ဗမာ့ကာကွယ်ရေးတပ်မတော်တွင် တပ်စိတ်မှူးရာထူးဖြင့် တာဝန်ထမ်းဆောင်မည့်အကြပ်များ လိုအပ်မြဲလိုအပ်နေပြန်သည်။ သို့ဖြင့်ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်အာဏာပိုင်များနှင့် ညှိနှိုင်းတိုင်ပင်၍ ဂျပန်ဘာသာဖြင့် ခါရှိခန်းဂတ်ကော[1] ခေါ် အကြပ်သင်တန်းကျောင်းတွင် တည်ထောင်ဖွင့်လှစ်ခဲ့ သည်။

## သင်တန်းဖွင့်လှစ်ခြင်း

ပထမပတ်အကြပ်သင်တန်းကို ၁၉၄၃ခု၊ နိုဝင်ဘာလ၁၀ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။[2] ယင်းသင်တန်းသို့ ဗမာ့တပ်မတော်ဦးစီးဌာနချုပ်ရုံးနှင့် တပ်ရင်းအသီးသီးတို့မှ တပ်စိတ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရန် အလားအလာရှိသူတပ်သားများ၊ တပ်သားကြီးများနှင့် အရာခံတပ်ကြပ်ကလေးများအား ရွေးချယ်စေလွှတ်ခဲ့သည်။ သင်တန်းကာလမှာ ၃လ ဖြစ်သည်။

## လေ့ကျင့်မှု

အခြေခံစစ်ရေးပြပညာ၊ လက်နက်ငယ်ကိုင်တွယ်မှု၊ ကိုယ်စီတိုက်ပွဲ၊ ကင်းစောင့်ကင်းထောက်၊ တပ်စိတ်တိုက်ပွဲ၊ ညတိုက်ပွဲ၊ တပ်စုအခြေခံများကို ဗိုလ်သင်တန်းပတ်များ၏အချိန်ဇယားအတိုင်း သင်ယူလေ့ကျင့်ကြရသည်။ ယခင် ဖလခန့်အချိန်ယူလေ့ကျင့်ရသောသင်ခန်းစာများကို ၃လဖြင့်ပြီးပြတ်အောင် ပြင်းပြင်းထန်ထန်သင်ယူကြရသည်။ ဂျပန်စာနှင့်တကွ သင်ကြားမှုအားလုံးကို ဂျပန်ဘာသာဖြင့် ပို့ချပြီး သစ္စာအဓိဌာန်ကိုမူ ဗမာလိုရွတ်ဆိုကြရသည်။[3]

ပထမပတ် အကြပ်သင်တန်းဖွင့်လှစ်ချိန်တွင် ဂျပန်ပေးသော လွတ်လပ်ရေးရရှိပြီးဖြစ်သည်။ ယခင်က ဂျပန်တို့ချုပ်ကိုင်ထားသော ဌာနအသီးသီးမှာလည်း မြန်မာတို့လက်ဝယ်သို့ ရောက်ရှိနေပြီဖြစ်သည်။ သို့သော်မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းတွင် ဂျပန်အကြပ်ပေါ အရာရှိများက ဦးစီးသင်ကြားနေကြဆဲဖြစ်သည်။ မြန်မာအကြပ်များမှာ ဂျပန်တို့ချမှတ်ပေးသည့်စနစ်ကို လက်တွေ့အကောင်အထည်ဖော်ပေးကြရုံမျှသာ ဖြစ်လေသည်။[4]

---

၁။ Kashikan Gakko

၂။ ပထမပတ်အကြပ်သင်တန်းဆင်းလက်မှတ်ပါရက်စွဲ

၃။ ဗိုလ်မင်းညို - ဂျပန်ခေတ်စစ်တက္ကသိုလ် မျက် ၁၇၀-၁၇၁

၄။ - ယင်း -

ယင်းသို့ဂျပန်ဆရာများက ဦးစီးသင်ကြားပြီး မြန်မာအကြပ်များက ဂျပန်တို့မှုမှတ်ပေးသည့် အုပ်ချုပ်ရေးစနစ်အတိုင်း ဆောင်ရွက်ကြရသဖြင့် ညှဉ်းပန်းနှိပ်စက်မှုများ ရှိနေပေသေးသည်။ စားရေး သောက်ရေးတွင်လည်း ဗိုလ်သင်တန်းများလောက် မဆိုးဝါးတော့သော်လည်း ကောင်းလာသည်ဟူ၍ မဆိုသာသေးချေ။

## အကြပ်သင်တန်းဆင်းပွဲ

အကြပ်သင်တန်းကျောင်းသားများသည် ယခင် ဖ လမျှ အချိန်ပယူလေ့ကျင့်ကြရသော စစ်ပညာများကို ၃ လနီးပါးပြင်းပြင်းထန်ထန် သင်ယူလေ့ကျင့်ကြပြီးနောက် ၁၉၄၄ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သင်တန်းဆင်းကြသည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်၊ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျပန်စစ်ဘက်အရာရှိကြီးများ တက်ရောက်ကြသည်။ ၁

ယင်းအခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက–

" ကနေ့ရဲဘော်တစ်စုဟာ ဒီကျောင်းကဆင်းပြီး ဗမာ့တပ်မတော်မှာ အကြပ်များအဖြစ် အမှုထမ်းကြရတော့မယ်။ ဒီကျောင်းနေတုန်းက ရဲဘော်တို့ဟာ ကျောင်းသားဘဲ။ အခုဒီကျောင်းကထွက်သွားတော့ ဗမာ့တပ်မတော်မှာ မိမိတို့အစွမ်းအလျောက် ခေါင်းဆောင်ရဲ့တာဝန်ဝတ္တရား ထမ်းဆောင်ကြရတော့မယ်။ ကျောင်းသားဘဝတုန်းက တာဝန်ဆိုတာမရှိခဲ့သော်လည်း အခုဒီကျောင်းကထွက်တာနှင့် တစ်ပြိုင်နက်ရဲဘော်တို့မှာ တာဝန်နှင့်ဖြစ်သွားပြီ။ ဒီတာဝန်ဟာ ဘာလဲ။ ဒီတာဝန်ဟာ ဗမာ့တပ်မတော်ရဲ့တာဝန်ဘဲ။ ဗမာ့တပ်မတော်ရဲ့ တာဝန်ဟာဘာလဲ။ ဗမာနိုင်ငံနှင့်ဗမာလူမျိုးကို ကာကွယ်ဘို့ဘဲ။ ဗမာလူမျိုး ဆိုတာဘာလဲ။ ဗမာလို့သိနေတဲ့ ဗမာတွေသာ မဟုတ်ဘူး။ ဗမာတစ်နိုင်ငံလုံးမှာ ရှိခဲ့တဲ့ ကရင်၊ ရှမ်း၊ ကချင်၊ ချင်းအစရှိတဲ့ တိုင်းရင်းသားအားလုံးကိုပါဆိုလိုတယ်။

" ဒီတပ်မတော်ဟာ ဒီနိုင်ငံဒီလူမျိုးအတွက် ဒီလူမျိုးတွေရဲ့ကိုးကွယ်ရာ ၊ လဲလျောင်းရာဆည်းကပ်ရာဆိုတဲ့၊ အနေမျိုးဖြစ်ရမယ်။ ဒီလိုမဟုတ်ဘဲ ဒီတပ်မတော်ဟာ နိုင်ငံသူနိုင်ငံသားတွေရဲ့စိတ်ထဲမှာ အောနှလုံးန[illegible]ရာဖြစ်မယ်ဆိုလို့ရှိရင် ဒီတပ်မတော်ကိုတည်ထောင်ထားတဲ့ရည်ရွယ်ချက်ဟာ အလကားဘဲဖြစ်မယ်။ ရဲဘော်တို့ဒီမှာလာပြီးဆင်းရဲတာတွေ၊ နောက်တပ်ထဲမှာဆင်းရဲမှာတွေ၊ စစ်မြေပြင်မှာစွန့်ရမှာတွေဟာ အားလုံးအချည်းအနှီးဖြစ်

---

၁။ (က) မြန်မာ့အလင်းသတင်းစာ (၃–၂–၄၄)

(ခ) ဂျပန်အကြံပေးအရာရှိ ဆာဝါမိုတို၏နေ့စဉ်မှတ်တမ်း

မယ်။ ဒါကြောင့် ဒီတပ်မတော်ဟာ ပြည်သူ့တပ်မတော် တို့တပ်မတော်လို့ တစ်နိုင်ငံလုံး ယုံကြည်အားကိုးလာသော ရဲဘော်တို့ဟာ မိမိတို့တာဝန်များကို ထမ်းရမယ်။ နိုင်ငံသူနိုင်ငံသားများနဲ့ ဆက်ဆံတဲ့အခါ ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ။ မှန်မှန်ကန်ကန်ဆက်ဆံပါ။ ရဲဘော်တို့ကို သူတို့အားကိုးချင်လာအောင် အလုပ်လုပ်ပါ။

" လူတွေရဲ့စိတ်ထဲမှာ ငါတို့ကိုဓါးရှိလို့ ၊ လက်နက်ရှိလို့မတရား လွှမ်းမိုးချုပ်ချယ်ချင်တယ်၊ အနိုင်ကျင့်တယ်ဆိုတဲ့ သဘောမျိုးမရောက်ပါစေနဲ့။ လူတွေရဲ့စိတ်ထဲမှာ ဒီတပ်မှတို့တပ် ၊ ဒီလူတွေမှတို့လူ ၊ တို့အားကိုးရတယ်ဆိုတဲ့ သဘော မျိုးရောက်ပါစေ။

" အခုတတ်မြောက်ထားတဲ့ သင်တို့ရဲ့စစ်ပညာဟာ အခြေခံဘဲရှိသေးတယ်။ ရှေ့ကိုအများကြီးချဲ့ထွင်ရဦးမယ်။ အခုခေတ်မယ်စစ်ပညာဟာ ကြာလေကြာလေ ရှုပ်ထွေးများပြားတိုးတက်လာလေ ဖြစ်တဲ့အတွက် ကိုယ်တတ်ထားတာလေးနဲ့ ကျေနပ်မနေဘဲ အထင်ကြီးမနေဘဲ ရှေ့ဆက်လက်တိုးတက်အောင်လုပ်ကြရမယ် ။

" ခုသင်ကြားခဲ့ရတာတွေကို လှေနံဓားထစ်မယူကြနဲ့ ၊ အရင်းခံသဘောဟာဘာလဲဆိုတာကိုသာ နားလည်အောင်လုပ်ရမယ် ။ အမှန်ဟာဖြင့်စစ်တိုက်တာဟာ သေနတ်ပစ်တတ်ပြီးတော့ ကိုယ်ပိုင်ဉာဏ်နဲ့တိုက်ရင်ဖြစ်တာဘဲ။ ဒါပေမယ့်ကိုယ်ပိုင်ဉာဏ်ဟာ လူတိုင်းမှာမရှိကြဘူး။ ရှိရင်လည်းမလုံလောက်ဘူး။ မခိုင်ခန့်ဘူး။ မစူးရောက်ဘူး။ ဒါ့ကြောင့် ဒီလိုဉာဏ်ကစားတတ်အောင်၊ ဉာဏ်စေစားတတ်အောင် ဒီမှာရဲဘော်တို့လာသင်ကြရတာဘဲ။ ဒီမှာသင်ရတဲ့ ဘယ်လှည့်ညာလှည့်အစရှိတဲ့ဟာတွေကို သဘော နားလည်ပြီး အလုပ်လုပ်ရမယ် ။ လှေနံဓားထစ်မှတ်မထားဘဲအခြေအနေအမျိုးမျိုး ၊ အချိန်အခါအမျိုးမျိုးကြည့်ပြီး အလုပ်လုပ်တတ်ကြရမယ်။ နေရာနှင့်နေရာ ကိုယ့်ပညာ ကိုယ့်အတတ် ကိုအသုံးချ တတ်ရမယ် ။

" ဗမာနိုင်ငံဟာအခုလို စစ်အခြေအနေမျိုးမှာ လွတ်လပ်တယ်လို့မဆိုနိုင်သေး။ ဒါကြောင့်ငါတို့တစ်တွေဟာ အဆုံးတိုင်အလုပ်လုပ်ကြရမယ် ။ ဗမာနိုင်ငံဟာတည်တည်တံ့တံ့ လွတ်လွတ်လပ်လပ် ဖြစ်အောင်ငါတို့အသက်ပေးကာကွယ်ကြဘို့ အလုပ်လုပ်ကြရမယ်။ ဒါကြောင့်ဗမာ့တပ်မတော်တောင့်တင်းခိုင်မာဘို့အရေးကြီးတယ်။ ဗမာ့တပ်မတော်တောင့်တင်းဘို့ဆိုတာဟာ လဲရဲဘော် တို့လိုခေါင်းဆောင်မဲ့ လူတွေအပေါ်မှာတည်တယ်။ ခေါင်းဆောင်တွေရဲ့ အရည်အချင်းညံ့ရင် ဒီတပ်လဲညံ့မှာဘဲ။ ဒီတပ်ညံ့ရင် ဒီတိုင်းပြည်ဒီနိုင်ငံညံ့မှာဘဲ။ ဒီနိုင်ငံညံ့ရင် ဒီလွတ်လပ်ရေးဟာလဲ အလကားဘဲ။ ဒါကြောင့်ငါတို့အလုပ်ပြီးအောင် လုပ်ကြရမယ်။ ရဲဘော်တို့ဟာခေါင်းဆောင်

ကောင်းတွေဖြစ်ပါစေ။ ဒီတပ်မတော်ဟာ ပြည်သူ့တပ်မတော်ဖြစ်ပါစေ။ ဒီတိုင်းပြည်ဟာ တကယ့်လွတ်လပ်ခိုင်မာတဲ့ တိုင်းပြည်ဖြစ်ပါစေ ။ "[၁]

ဟူ၍မိန့်ခွန်းမြွက်ကြားသည် ။

## အကြပ်သင်တန်းများဆက်လက်ဖွင့်လှစ်ခြင်း

အကြပ်သင်တန်းများကို ဂျပန်အကြံပေးအရာရှိအချို့နှင့် မြန်မာများက ဖက်ဆစ်တော်လှန်ရေးဆင်နွှဲခါနီး ဆဋ္ဌမပတ်အထိဖွင့်လှစ်သင်ကြားသည်။ နောက်ဆုံးသင်တန်းဖြစ်သော ဆဋ္ဌမပတ်အကြပ်သင်တန်းအတွက် ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များမှ ကျောင်းသားများကိုစိစစ်ရွေးချယ်ပြီး မင်္ဂလာဒုံအကြပ်သင်တန်းကျောင်းသို့ ပို့ဆောင်ခဲ့သည်။ ထိုအတောအတွင်း ဖက်ဆစ်တော်လှန်ရေးကြီးကို စတင်ဆင်နွှဲလိုက်သဖြင့် သင်တန်းပြီးဆုံးခြင်းသို့မရောက်ဘဲ တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ကြရလေသည်။[၂]

## တတိယပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း

ဒုတိယပတ်ဗိုလ်သင်တန်း ဆင်းသွားပြီးသည့်နောက် ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဦးစီးဌာနမှ တတိယပတ်ဗိုလ်သင်တန်းကို ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်သည်။ ဗိုလ်သင်တန်းလျှောက်ထားလိုသူများအား သတင်းစာမှကြော်ငြာ၍ လျှောက်လွှာခေါ်ယူခဲ့ရာ ယင်းသင်တန်းသို့ ပထမပတ်နှင့်ဒုတိယပတ်ဗိုလ်သင်တန်းမှ အကြပ်အဆင့်ဖြင့်ကျောင်းဆင်းခဲ့သူများ ၊ အကြပ်သင်တန်းကျောင်းမှ အကြပ်သင်တန်းဆင်းများ၊ ပြင်ပမှပုဂ္ဂိုလ်အများအပြားလျှောက်ထားကြသည် ။[၃]

လျှောက်ထားသူများအား စစ်ဦးစီးဌာနမှ စာမေးပွဲကျင်းပစစ်ဆေးခြင်း ၊ ဆေးစစ်ခြင်း လူတွေ့စစ်ဆေးခြင်းစသည်တို့ကိုပြုလုပ်ပြီး သင်တန်းသားများကို ရွေးချယ်ခဲ့လေသည်။

## ကျောင်းဖွင့်ပွဲ

တတိယပါတ်ဗိုလ်သင်တန်းကို ၁၉၄၄ခု၊ မေလ ၂၇ ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။ ယင်းသင်တန်းသို့ ရွေးချယ်ခံရသူ သင်တန်းသား ၂၀၀ခန့်တက်ရောက်ခဲ့ကြသည် ။[၄]

---

၁။ မြန်မာ့အလင်းသတင်းစာ ( ၃-၂-၄၄)

၂။ DR.783 - စစ်ဝန်ကြီးရုံး၊ စစ်ပညာညွှန်ကြားရေးဌာန ဆဋ္ဌမပတ်အကြပ်သင်တန်း နှင့်ပတ်သက်သောစာတွဲ

၃။ ဗိုလ်မင်းညို - ဂျပန်ခေတ်စစ်တက္ကသိုလ် မျက် ၂၁၅-၂၂၆

၄။ ဗိုလ်ချုပ်ဆာဝါမိုတို၏နေ့စဉ်မှတ်တမ်း

## လေ့ကျင့်မှု

ယခင်ဗိုလ်သင်တန်းများတွင် တပ်ခွဲ ၂ ခွဲဖွဲ့စည်း၍တပ်ခွဲ ၁ ခွဲတွင်တပ်စု ၃ စုဖြင့် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သော်လည်း တတိယပတ်ဗိုလ်သင်တန်းတွင်မူ တပ်ခွဲ ၁ ခွဲသာ ထားရှိပြီး တပ်စု ၄ စုဖြင့်လေ့ကျင့်ခဲ့ကြသည် ။ ယင်းတပ်စု ၄ စုအနက်တပ်စု ၁၊၂၊၃ တို့မှာ သာမန်ဗိုလ်လောင်းတပ်စုများဖြစ်ပြီး ၊ တပ်စု ၄ မှာအခြေခံစစ်သင်တန်းများအပြင် ဂစ်ဦးစီးတာဝန်များကို ဆက်လက်သင်ယူကြရမည့် သီးခြားရွေးချယ်ခံရသော အထူးတပ်စုဖြစ်လေသည် ။ [၁]

လေ့ကျင့်ရေးတွင် ယခင်သင်တန်းများနည်းတူ ဂျပန်စာနှင့် ဂျပန်စစ်မိန့်ပေးနည်းများ ကိုယ်စီတိုက်ပွဲ၊ လက်နက်ငယ်သင်တန်း၊ တပ်စိတ်တိုက်ပွဲ ၊ ညတိုက်ပွဲ၊ ကင်းထောက် ၊ ကင်းစောင့်၊ တပ်စုအခြေခံနှင့်စစ်ပရိယာယ်၊ တပ်စုတိုက်ပွဲနှင့်အခြေခံတပ်ခွဲ၊ မြင်းစီး၊ ဓားခုတ် စသည့်ပညာရပ်များကိုလည်းကောင်း၊ ရုံးလုပ်ငန်းဆိုင်ရာ တာဝန်များကိုလည်းကောင်း သင်ယူကြရလေသည် ။ [၂]

ပေါ်ပြပါစစ်ရေးလေ့ကျင့်မှုများကို ယခင်ဗိုလ်သင်တန်းများတွင် ၉ လမျှ အချိန်သတ်မှတ်၍သင်ယူကြရာ တတိယပတ်ဗိုလ်သင်တန်းတွင် ၆ လဖြင့်ပြီးပြတ်အောင် အပြင်းအထန် သင်ယူလေ့ကျင့်ကြရလေသည် ။

စာတွေ့လက်တွေ့သင်ခန်းစာများပြုလုပ်နေစဉ်အတွင်း ပထမစာမေးပွဲကို ၁၉၄၄ခု၊ ဩဂုတ်လ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့တွင်တစ်ကြိမ်၊ နောက်ဆုံးစစ်ပညာရေးဖြေစာမေးပွဲကို ၁၉၄၄ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင်တစ်ကြိမ်၊ လေ့ကျင့်ခန်းစာမေးပွဲကို နိုဝင်ဘာလ ၂၄ ရက်နေ့တွင်တစ်ကြိမ် ဖြေဆိုကြရပြီးနိုဝင်ဘာလ ၂၉ ရက်နေ့တွင်ဆိုင်ရာအာဏာပိုင်များက ရာထူးတံဆိပ်များပေးအပ်လေသည် ။ [၃]

## ကွပ်ကဲမှု

ကျောင်းတစ်ကျောင်းလုံး ဂျပန်အရာရှိတစ်ဦးနှင့် စလွယ်အနီသိုင်းတပ်ကြပ်တစ်ဦးတို့ကတာဝန်ခံကွပ်ကဲရပြီး တပ်ခွဲတွင်မြန်မာအရာရှိတစ်ဦးနှင့် တပ်ကြပ်တစ်ဦးတို့ကတာဝန်ခံများအဖြစ် အလှည့်ကျတာဝန်ယူကြရသည်။ တစ်နည်းအားဖြင့် ဂျပန်အရာရှိများနှင့် အကြပ်များသည် တစ်ကျောင်းလုံးအတွက် တာဝန်ရှိသောနေရာများတွင် ကွပ်ကဲကြပြီး မြန်မာအရာရှိများနှင့်အကြပ်များမှာ တပ်ခွဲအဆင့်တွင်သာ တာဝန်ယူကွပ်ကဲကြရသည်။ သင်ကြား

---

၁။ DR. 4942 ဗမာနိုင်ငံတော်စစ်တက္ကသိုလ်တတိယပတ်ဗိုလ်သင်တန်းတပ်ခွဲ (၁) မှတ်တမ်း

၂။ ဗိုလ်မင်းညို- ဂျပန်ခေတ်စစ်တက္ကသိုလ်၊ မျက် -၂၂၇

၃။ DR. 4942 ဗမာနိုင်ငံတော်စစ်တက္ကသိုလ်တတိယပတ်ဗိုလ်သင်တန်းတပ်ခွဲ (၁) မှတ်တမ်း

ရေးတွင်လည်း ဂျပန်အကြံပေးအရာရှိများက ဦးစီးသင်ကြားကာ မြန်မာဗိုလ်အကြပ်များက စစ်ပညာ သင်တန်းတွင် သရုပ်ပြများအဖြစ်နှင့် အထောင်တွင်းအုပ်ချုပ်မှုလောက်သာ တာဝန် ယူကြရသည် ။ [၁]

## စစ်ဝတ်တန်ဆာ

ဗမာ့လွတ်လပ်ရေးကို ဂျပန်တို့ကြေညာပေးပြီးသည့် နောက်ပိုင်းတွင် အုပ်ချုပ်ရေး ပုံစံသစ်အရ ဗမာ့ကာကွယ်ရေးတပ်မတော် ထောက်ပံ့ရေးဌာနသည် တပ်မတော်တစ်ရပ်လုံးအ တွက် သီးခြားဆောင်ရွက်ခဲ့သည်။ အစကနဦးပိုင်းတွင် ပြည်တွင်းဖြစ်အထည်များကို ရာဖွေ ချုပ်လုပ်ခြင်း၊ လုံချည်ကြမ်းကွက်ကြဲရောင်မျိုးစုံကို ဆေးဆိုးခြင်း စသည်များကို ဆောင်ရွက် ပေးခဲ့သော်လည်း နောက်ပိုင်းတွင် ဆေးဆိုးပေးခြင်းပင် မပြုလုပ်နိုင်တော့ပေ။ ကျောင်းသား များသည် အစမ်းအနားတွင်ဝတ်ဆင်ရန် ဂျပန်ဖြစ်ဝတ်စုံတစ်စုံနှင့် ချည်ကြမ်းကွက်ကြဲဝတ်စုံ နှစ်စုံကိုသာ သင်တန်းပြီးဆုံးအောင်မြင်သည်အထိ ဝတ်ဆင်ကြရလေသည် ။ [၂]

## ရိက္ခာ

တတိယပတ် ဗိုလ်သင်တန်းကာလတွင် ရိက္ခာကို ဂျပန်တို့နှင့်ပူးပေါင်းသုံးစွဲခြင်း မပြုရတော့ဘဲ ဂျပန်တို့၏ရိက္ခာနှင့် သီးခြားခွဲခြားထားရာ မိမိတို့၏ အချိုးကျအသုံးစရိတ်ကို မိမိတို့ဘာသာ သုံးစွဲခွင့်ရရှိကြသည်။ ထို့ကြောင့် စာရေးသောက်ရေးတွင် ယခင် ဗိုလ်သင်တန်း များလောက် မဆိုးရွားတော့သော်လည်း အမဲရွှတ်ပါမလာခြင်း၊ ဆီ၊ ဆား ကဲလာ ခြင်းမျှသာ ထူးခြားလာလေသည် ။ [၃]

## လွှပ်လပ်ရေးနှစ်ပတ်လည်အခမ်းအနား

၁၉၄၄ခု ဩဂုတ်လ ၁ ရက်နေ့သည် ဂျပန်ပေးသောလွတ်လပ်ရေး တစ်နှစ်ပြည့် မြောက်သည့်နေ့ဖြစ်ရာ ယင်းနှစ်ပတ်လည်အခန်းအနားကို ရန်ကုန်မြို့တွင် စည်ကားသိုက် မြိုက်စွာကျင်းပခဲ့သည်။ တတိယပတ်ဗိုလ်သင်တန်းကျောင်းသားများနှင့် မူလတန်းစစ်ပညာ သင်တန်း ကျောင်းသားများသည် ထိုအခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြရလေသည် ။

၁၉၄၄ခု ဇူလိုင်လ ၃၁ ရက်နေ့တွင် ဗိုလ်သင်တန်းကျောင်းသားများနှင့် မူလတန်း ကျောင်းသားများသည် ရွှေတိဂုံဘုရားကြီး၏ အနောက်ဘက်ကွင်းသို့ စုရုံးရောက်ရှိလာကြ

---

၁။ ဗိုလ်မင်းညိုဂျပန်ခေတ်စစ်တက္ကသိုလ်၊ မျက် ၂၂၆–၂၂၇
၂။ –ယင်း– ၊မျက် ၂၄၆–၂၄၇
၃။ –ယင်း– ၊မျက် ၂၂၇–၂၂၈

သည်။ ဗိုလ်ရန်နိုင်က တပ်များကိုစစ်ဆေး၍ အစမ်းလေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် ထိုညတွင် စမ်းချောင်းရှိဆက်သွယ်ရေးတပ်စခန်း၌ ညအိပ်ရပ်နားကြသည်။ နောက်တစ်နေ့ နံနက်ဇနာရီတွင် ကွင်းသို့ပြန်လည်စုဝေး၍ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကိုနာကြားကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက စည်းလုံးညီညွတ်ရေးနှင့် စစ်မှန်သောလွတ်လပ်ရေး ရရှိရေးအတွက် အသက်ပေး လုပ်ဆောင်ရန်လိုကြောင်း (ဖက်ဆစ်တော်လှန်ရေးကိုရည်ညွှန်း၍) ထိုးတင်ပွဲကြီးနီးလာပြီဖြစ်ကြောင်း အကျယ်တဝင့်မိန့်ကြားလေသည်။ [၁]

## တတိယပတ်ဗိုလ်သင်တန်းကျောင်းဆင်းခြင်း

တတိယပတ်ဗိုလ်သင်တန်း၏ ကျောင်းဆင်းပွဲအခမ်းအနားကို၁၉၄၄ခု၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည်။ ယင်းအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်သခင်မြ၊ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း၊ ကျောင်းအုပ်ကြီးဗိုလ်ရန်နိုင်[၂] နှင့် ဂျပန်စစ်ဗိုလ်အရာရှိကြီးများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်သခင်မြ၊ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းတို့က မိန့်ခွန်းမြွက်ကြားကြသည်။ [၃]

စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းက ယခုကျောင်းမှထွက်လျှင် စစ်ဗိုလ်များဖြစ်ကြတော့မည်ဖြစ်ကြောင်း၊ ရှေ့အဖို့တိုးတက်အောင်ဆောင်ရွက်နိုင်ကြမှ စစ်ဗိုလ်ဆိုသောအရည်အချင်းနှင့်ပြည့်စုံမည်ဖြစ်ကြောင်း၊ စစ်ဗိုလ်ဆိုပြီးဆောင့်ကြွားကြွားမလုပ်ရန် အထူးမှာကြားလိုကြောင်းမြွက်ကြားပြောဆိုသည်။ [၄] ထို့နောက် ထူးချွန်သောကျောင်းသားများအား တံဆိပ်ပေး အပ်ချီးမြှင့်လေသည်။

တတိယပတ်ဗိုလ်သင်တန်း ပြီးဆုံးသည့်အချိန်တွင် ဂျပန်ပြည်သို့ စစ်ပညာတော်သင်များ စေလွှတ်ရန်ဖြစ်သော်လည်း စစ်ရေးအခြေအနေဆိုးရွားနေသဖြင့် စေလွှတ်ခြင်း မပြုနိုင်ခဲ့ပေ။ ထို့ကြောင့်ဂျပန်ပြည်ရောက်အရပ်သား ပညာတော်သင်များထဲမှ ရွေးချယ်၍ ဂျပန်ပြည် စစ်တက္ကသိုလ် သို့တက်ရောက်စေခဲ့လေသည်။ [၅]

---

၁။ ပထမပတ်မူလတန်းကျောင်းသားဦးကျော်သိန်း၏မှတ်တမ်း

၂။ ကျောင်းအုပ်ဗိုလ်ဇေယျသည်စစ်ဝန်ကြီးရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသဖြင့် ၇–၁၀–၄၄ နေ့တွင်ဗိုလ်ရန်နိုင်ကျောင်းအုပ်ဖြစ်လာသည်။

၃။ ဗမာ့ခေတ်သတင်းစာ(၅–၁၂–၄၄)

၄။ မြန်မာ့အလင်းသတင်းစာ(၃–၈–၄၄)

၅။ ရဲဘော်ထွန်းအုံနှင့်ရဲဘော်လှနီ(ဦးလှဘူး)တို့ဖြစ်ကြသည်။

## စတုတ္ထပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း

တတိယပတ်ဗိုလ်သင်တန်းမဆင်းမီ စစ်ဦးစီးဗိုလ်ချုပ်ရုံး၊ စစ်ပညာသင်ကြားရေးဌာနမှ ဗမာနိုင်ငံတော်စစ်တက္ကသိုလ် စတုတ္ထပတ်အရာရှိသင်တန်းက ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သတင်းစာများတွင်ကြော်ငြာသည်။ ယင်းကြော်ငြာတွင် ပြင်ပမှလျှောက်ထားသူများသည် အသက် ၂၀ မှ ၂၅ နှစ်အတွင်းရှိရမည်ဖြစ်ပြီး၊ ဗမာ့တပ်မတော်မှရဲဘော်များသည် အသက် ၂၀ မှ ၂၈ နှစ်အတွင်းရှိရမည်ဖြစ်ကြောင်း၊ မြန်မာသို့မဟုတ် အင်္ဂလိပ်မြန်မာ အထက်တန်း ပညာကို သင်ယူဘူးသူဖြစ်ရမည်ဖြစ်ကြောင်း၊ ၁၉၄၄ခု၊ ဩဂုတ်လ ၇ ရက်နေ့တွင် စစ်ဝန်ကြီးရုံး၌ ကျန်းမာရေးစစ်ဆေးခြင်း ၊ ၁၄ ရက်နေ့တွင် စာမေးပွဲစစ်ဆေးခြင်းများကို ပြုလုပ်မည်ဖြစ်ကြောင်း ၊ ရှမ်း ၊ ကရင် ၊ ကချင် ၊ ချင်းစသော တိုင်းရင်းသားများလျှောက်ထားနိုင်ပြီးလျှောက်လွှာကို ၁၉၄၄ခု ၊ ဇွန်လ ၂၇ ရက်နေ့မှ ဩဂုတ်လ ၅ ရက်နေ့နောက်ဆုံးထား၍တင်သွင်းကြရမည်ဖြစ်ကြောင်းဖော်ပြထား လေသည် ။[၁]

စတုတ္ထပတ်ဗိုလ်သင်တန်းကို ဖွင့်လှစ်ရာတွင် ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ ရဲဘော် ၁၆၀ နှင့်ပြင်ပမှလူပေါင်း ၄၀ ၊ စုစုပေါင်းဗိုလ်လောင်း ၂၀၀ ရွေးချယ်ရန်စစ်ဦးစီးဗိုလ်ချုပ် ဗိုလ်မှူးကြီးနေဝင်းက သတ်မှတ်ပေးထားခဲ့သည် ။[၂]

စတုတ္ထပတ်ဗိုလ်သင်တန်းသို့ လူပေါင်း ၁၀၀၀ နီးပါး လျှောက်ထားကြရာစစ်ဆေးရေးအဖွဲ့မှကျန်းမာရေးစစ်ဆေးခြင်း ၊ လျှောက်ထားသူများအား စာမေးပွဲဖြေဆိုစေခြင်း၊ လူတွေ့စစ်ဆေးခြင်းများပြုလုပ်ပြီးသင်တန်းသား ၂၀၀ ရွေးချယ်လိုက်သည် ။ သို့သော်သင်တန်းဖွင့်လှစ်သည့်အချိန်တွင် မြန်မာပြည်စစ်မျက်နှာ၌ စစ်ရေးအခြေအနေဆိုးရွားနေပြီးခရီးလမ်းပန်းဆက်သွယ်မှုတို့မှာလည်း ခက်ခဲလာလေသည်။ သို့ဖြစ်ရာရပ်ဝေးမှ သင်တန်းသားအချို့မှာ သင်တန်းသို့အချိန်မှီမလာရောက်နိုင်တော့ဘဲ သင်တန်းသား ၁၃၂ ဦးသာ ဗိုလ်သင်တန်းသို့ တက်ရောက်နိုင်ခဲ့ကြသည်။ စတုတ္ထပတ်ဗိုလ်သင်တန်းကို၁၉၄၄ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။ ကျောင်းဖွင့်ပွဲအခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းတက်ရောက် မိန့်ခွန်းမြွက်ကြားရာ ဗိုလ်ချုပ်အောင်ဆန်းက မိမိသည်စစ်တက္ကသိုလ်သို့ အကြိမ်ပေါင်းများစွာ လာရောက်ဟောပြောခဲ့ကြောင်း၊ ယနေ့လာရောက်ဟောပြောခြင်းမှာ ခါတိုင်းထက်ပိုမိုအရေးကြီးသဖြင့် သေချာစွာ နားထောင်လိမ့်မည်ဟု မိမိယုံကြည်ကြောင်း အစချီ၍ –

> " ယခုမိုးကုန်လျှင်ကမ္ဘာစစ်ကြီးအခြေအနေသည် ကမ္ဘာကြီးနှင့်တကွ ဗမာပြည်တစ်လျှောက် အနံ့အပြားတွင်ပြင်းထန်သထက်ပြင်းထန်လာမည်မှာ

---

၁။ မြန်မာ့အလင်းသတင်းစာ(၃–၈–၄၄)

၂။ DR 779–ဗမာနိုင်ငံတော်စစ်တက္ကသိုလ်၊စတုတ္ထပတ်အရာရှိသင်တန်းနှင့်ပတ်သက်သည့်ကိစ္စများပါ သောဖိုင်တွဲ

မှုရှုမလွဲဖြစ်သည်။ ထို့ကြောင့်ရဲဘော်တို့၏ သင်တန်းအချိန်ကိုယစဝ်ကထက် တိုတောင်းစေ၍ ယစဝ်ကထက် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးရတော့မည် ဖြစ်သဖြင့် ရဲဘော်တို့သည် ထိုသင်ပြသော လေ့ကျင့်ခန်း အရပ်ရပ်ကို ဇွဲနဘဲနှင့်အဆုံးတိုင် လိုက်နာသင်ကြားကြလိမ့်မည်ဟု ယုံကြည်ကြောင်း ။

" ယခုအခါငါတို့နိုင်ငံမှာ လွတ်လပ်သည်ဟုဆိုသော်လည်း အားလုံးသိသည့်အတိုင်းအနှစ်သာရဖြင့် ပြည့်စုံခြင်းမရှိသေး။ ထိုမှတစ်ပါး ရထားသောလွတ်လပ်ရေးသည်လည်း အခြေအထူးမခိုင်စနဲ့ဘဲ လှုပ်လှုပ်ရှိနေပေသည်။ ...ခင်ပြည့် လွတ်လပ်ရေးရနိုင်ရန် လက်ဆုပ်လက်ကိုင်ရရန် ငါတို့ဗမာနိုင်ငံနဲ့ဗမာလူမျိုး တို့ဒီစစ်ကြီးကို ငါတို့အနိုင်ပါရအောင် တိုက်ရမည်။ ဤကဲ့သို့ ငါတို့အနိုင်ပါရှိအောင် တိုက်နိုင်ရန်မှာ ငါတို့အားရှိမှဖြစ်မည်။ ...ငါတို့ဆိုလိုသောအားမှာ အမျိုးအစားအားဖြင့် ခိုင်မာတောင့်တင်း အဆင့်အတန်းမြင့်သော အင်အားမျိုးကိုဆိုလိုပေသည်။ ထိုအင်အားမျိုးကား အဘယ်နည်း ။

(၁) လေ့ကျင့်သားကောင်းစွာရသောတပ်မှူးတပ်သားများ ။

(၂) လက်နက်၊ ခဲယမ်း၊ ရိက္ခာ အစရှိသဖြင့် ကောင်းစွာပြည့်စုံလုံလောက်ခြင်း ။

ဤအချက်နှစ်ချက်သည် အမျိုးအစားတည်းဟူသော - အားဖြစ်ရာဖြစ်ကြောင်းအချက်ကြီးနှစ်ချက်ပင်ဖြစ်သည်။ ဤနှစ်ချက်တွင် စစ်လေ့ကျင့်သားပညာအခြေခံရင့်သန်သော တိုက်ရည်ခိုက်ရည်နှင့်ပြည့်စုံသော တပ်မှူးတပ်သားများသည်သာလျှင် အဓိကဖြစ်သည်။ လက်နက်ခဲယမ်း ရိက္ခာအစရှိသည်တို့မှာ မပြည့်စုံက စစ်ကြာခြင်းအစရှိသော အကြောင်းအရာများ သို့မဟုတ် စစ်ပရိယာယ် ပြောင်းလဲရခြင်းစသော အကြောင်းအရာများသာ ဖြစ်စေတတ်၏။ တပ်မှူးတပ်သားများဖြစ်သော အဓိကလက်နက်ကြီးညံ့ဖျင်းခဲ့လျှင်ကား ငါတို့သည် စစ်ကို မုချရှုံးမည်မှာ အမှန်ဖြစ်သည်။

" လောကတွင်ရှိရှိသမျှသော ဝတ္ထုပစ္စည်းတို့တွင် လူတည်းဟူသောဝတ္ထုပစ္စည်းသာလျှင် အဘိုးတန်ဆုံးဖြစ်ပေသည်။ လက်နက်ခဲယမ်းရိက္ခာတို့သည် လူကဖန်တီး၍ လူကပြုပြင်လုပ်ထားသောပစ္စည်းများဖြစ်၏။ လူသုံးရန်အတွက်ပစ္စည်းများဖြစ်၏။ လူ၏အရှင်သခင်များမဟုတ်၊ လူ၏အခိုင်းအစေကျေးကျွန်များသာ ဖြစ်၏။ ထို့ကြောင့် လက်နက်ကိုကိုင်စွဲကာ လက်နက်နောက်မှလက်နက်ကိုကိုင်စွဲသောသူသည် လက်နက်ထက်အဆပေါင်းများစွာအရေးကြီးပေသည်။ မူလစစ်ပရိယာယ်သင်ခန်းစာများအရ ပြောပြရသော်သဘာဝအတားအဆီးများထက်လူ၏ အတားအဆီးများသည် အထက်မြက်ဆုံးဟု စစ်ပါရဂူများက ဆိုထားပေသည်။

" လိုကြောင့် လူအရေးကြီးပေသည်။ ငါတို့တပ်တွင် ရှိသော တပ်မှူး တပ်ကြပ် တပ်သားတည်းဟူသောလူဦးရေများသည် အများအစားသဘောတွင်မက အမျိုးအစား အဆင့်အတန်းမြင့်သောသဘောသို့ ရောက်ရှိနေပါက ငါတို့သည် ငါတို့၏ လူနဲ့တူတူ သူနဲ့မျှမျှ လွတ်လွတ်လပ်လပ်ချမ်းချမ်းသာသာ နေနိုင်ရန် ဘဝကို မခဲမယဉ်းရရှိနိုင်၍ ဤစစ်ကြီးတွင် လိုအပ်သော အောင်ပန်းကို ဆွတ်ခူးနိုင် ပေမည်။

" ... ယခုခေတ်စစ်မျိုးတွင် တပ်မှူး တပ်ကြပ် တပ်သားအားလုံးသည် အဆင့်အတန်း အမျိုးအစား အထူးမြင့်ရန် လိုပေသည်။ ငါတို့တပ်လူများ အဆင့်အတန်းမြင့်မှသာလျှင် ငါတို့တစ်မျိုးလုံးအတွက် အောင်ပန်းဆွတ်ခူးနိုင်လိမ့်မည်ဖြစ်ရကား ရဲဘော်တို့သည် ယနေ့ကစ၍ ပေးလတ့်သော သင်ခန်းစာများကို ပါင်ပန်းသည်ဟု ညည်းညူခြင်းမပြုဘဲ အဆုံးတိုင် ခိုင်ခိုင်မြဲမြဲ ကောင်းစွာ ကျွမ်းကျင်အောင် ကြိုးစားကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

"...သာသွံစံ – ညံ့သူခံဖြစ်နေသော ဒီကမ္ဘာလောကကြီးတွင် ငါတို့ အစွမ်းဖြ[illegible] ငါတို့အားကို ငါတို့မွေး၊ ငါတို့လုပ်မှသာလျှင် ငါတို့ အောင်ပန်းကို ရနိုင်မ ည် ဆိုသည်ကို မမေ့မလျော့ အမြဲအမှတ်ရ၍ ရဲဘော်တို့၏ ဗဟိုလေ့ကျင့်ခန်းမျာ းကို နေ့ရောညပါ အပြင်းအထန်ပေးသည့်အခါ မညည်းမညူ ဗမာပီပီ၊ ယောက်ျား ပီပီ၊ စစ်သားပီပီ၊ အာဇာနည်ပီပီ၊ သူရဲကောင်းပီပီ ကြိုးစားကြရမည် ဖြစ်ကြောင်း [1] မိန့်ကြားလေသည်။

စတုတ္ထပတ်ဗိုလ်သင်တန်းကို အစီအစဉ်အရ တစ်နှစ်ခွဲသင်တန်းပြုလုပ်ရန် လျာထားခဲ့သည်။ သို့သော် စစ်ရေးအခြေအနေပေါ်တွင် မူတည်၍ ဖလသင်တန်းအဖြစ် ခြံ့လိုက်ရာ ၈-၉-၄၄ နေ့မှ ၂၉-၁၁-၄၄ နေ့အထိ ပထမပိုင်း၊ ၁-၁၂-၄၄ နေ့မှ ၃၁-၁-၄၅ နေ့အထိ ဒုတိယပိုင်းဟူ၍ ခွဲခြားသတ်မှတ်ခဲ့လေသည်။ [2]

## လေ့ကျင့်မှု

ယခင်သင်တန်းများကဲ့သို့ပင် နံနက်၅နာရီတွင် အိပ်ရာထ၊ ဝန်းစီ၊ လူစစ်၊ သစ္စာအဓိဋ္ဌာန်ဆိုပြီး ကျန်းမာရေးလေ့ကျင့်ကြရသည်။ နံနက်စာစားပြီးသည့်နောက် လေ့ကျင့်ရေးကွင်းသို့ဆင်း၍ စစ်ရေးလေ့ကျင့်ကြရသည်။ အစာပြည့်နေသဖြင့် အချို့အော့အန်ကြသော်လည်း ဆရာများက ခန္ဓာကိုယ်ကို အမျိုးမျိုးလေ့ကျင့်ပေးသည်ဟုဆိုသည်။ တိုက်ပွဲဆင်းလျှင်

---

၁။ ဗဟာခေတ်သတင်းစာ (၈-၁၀-၄၄)

၂။ DR 779 – ဗမာနိုင်ငံတော်စစ်တက္ကသိုလ် စတုတ္ထပတ်အရာရှိသင်တန်းနှင့် ပတ်သက်သည့် ကိစ္စများ ပါသောဖိုင်တွဲ

သစ်ရွက်သစ်ခက်များကို ဓါးနှင့်ကျောတို့တွင် ထိုး၍ ကိုယ်ရောင်ဖျောက်ကြသည်။ ကိုယ်ရောင်ဖျောက်ရန် အဝတ်အစားဟူ၍ သီးခြားမရှိဘဲ သဘာဝကပေးသော ပစ္စည်းများကို အသုံးချတတ်အောင် သင်ကြားလေ့ကျင့်ပေးသည်။ လက်နက်ကရိယာများနှင့်စပ်လျဉ်း၍ ရှိတာနှင့်ဖြစ်အောင်လုပ်ရပြီး ဉာဏ်သုံး၍ တီထွင်ကြံဆလုပ်ကိုင်ကြရသည်။[၁]

အထူးလေ့ကျင့်ရသော တိုက်ပွဲမှာ ညတိုက်ပွဲဖြစ်သည်။ သန်းခေါင်အချိန်တွင် ကွင်းဖြတ်၊ ချောင်းကူး၍ အရုဏ်တက်အချိန်တွင် ရန်သူစခန်းကို လုံ့စွပ်ဖိုးသိမ်းပိုက်ကြရသည်။ တစ်ညလုံးအသံတိတ်အချက်ပြ၍တွားတက်ရသည်။ တစ်ခါတစ်ရံ ချိုင့်ထဲ၊ ချောက်ထဲကျသည်။ ပုလင်းကွဲ၊ ဖန်ကွဲစူးရှသူများ၊ အညစ်အကြေးနင်းမိသူများလည်း ရှိသည်။ ညတိုက်ပွဲမှပြန်လာ၍ ရေချိုး၊ နံနက်စာစားပြီးသောအခါ ဆက်လက်သင်တန်းတက်ကြရပြန်သည်။ သင်တန်းမတက်လျှင် စာသင်တန်းတွင် စစ်သမိုင်း၊ စစ်ပရိယာယ်စသည့်ဘာသာရပ်များကို သင်ယူရသည်။ ဆရာကလက်ညှိုးထိုးမေးမြန်းတတ်သဖြင့် ငိုက်မျဉ်း၍မရ၊ သွက်သွက်လက်လက်ထ၍ သတိအနေအထားယူကာ မိမိအမည်ကို အော်ပြောရသည်။ ဆရာမေးသည့် မေးခွန်းကို ထပ်ဆို၍ အဖြေကို ပြောရလေသည်။[၂]

ဤသို့လျှင် စစ်ရေးလေ့ကျင့်ခန်းများဖြစ်သော အခြေခံစစ်ရေးပြပညာ၊ လက်နက်ငယ်ပညာ၊ တပ်စိပ်တိုက်ပွဲ၊ ကင်းထောက်ကင်းစောင့်နှင့် တပ်စုအခြေခံပညာရပ်များ၊ တပ်စုတိုက်ပွဲ၊ ရှေ့ပြေးကင်းတပ်စု၊ တပ်စုအခြေခံ၊ စစ်ပရိယာယ်မြင်းစီး ဓါးခုတ်နှင့်အုပ်ချုပ်မှုဆိုင်ရာပညာရပ်များကို သင်ယူကြရသည်။[၃]

ဖေါ်ပြပါစစ်ပညာရပ်များကို တိုတောင်းသောအချိန်ကာလအတွင်း ယခင်သင်တန်းများ၏ သင်ရိုးအတိုင်းသင်ယူကြရသဖြင့် ပင်ပန်းကြသည်။ သို့သော်ခိုင်မာသောစိတ်ဓါတ်၊ မလျှော့သောဇွဲလုံ့လဖြင့် သင်တန်းပြီးဆုံးအောင်မြင်သည်အထိ ကြိုးစားသင်ယူကြရလေသည်။

## အစားအသောက်

စားသောက်ရေးတွင် ယခင်သင်တန်းများထက် ထူးခြားကောင်းမွန်လာခြင်း မရှိသေးပေ။ လုံးတီးဆန်ကြမ်း၊ အမဲသား၊ ဝက်သားအနည်းငယ်နှင့် ရောထားသော ပဲသီးသို့မဟုတ် ကျောက်ဖရုံသီး သို့မဟုတ် ပဲလင်းမြွေသီးတို့ကိုသာ စားသောက်ကြရသည်။

---

၁။ ဒေါက်တာမောင်မောင် – ဗိုလ်အောင်ဆန်း စစ်သည်သို့ ၊ မျက် ၁၂၃–၁၂၇
၂။ – ယင်း – ၊ မျက် ၁၂၅၊ ၁၄၃
၃။ ဗိုလ်မင်းညို – ဂျပန်ခေတ်စစ်တက္ကသိုလ် ၊ မျက် ၂၀၄–၂၀၅

## စတုတ္ထပတ်ဗိုလ်သင်တန်းကျောင်းဆင်းခြင်း

စတုတ္ထပတ်ဗိုလ်သင်တန်းကာလကို ၄လသင်တန်းထား၍၁၉၄၅ခု၊ ဇန်နဝါရီလကုန်တွင် သင်တန်းဆင်းရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျပန်အကြံပေးအရာရှိချုပ် ဆာဝါမိုတိုတို့ ၁၉၄၄ခု၊ စက်တင်ဘာလ ၁၉ရက်နေ့ကပင် ဆွေးနွေးသဘောတူခဲ့ကြပြီးဖြစ်သည်။ [1] ယင်းသဘောတူညီချက်အတိုင်း ကျောင်းဆင်းပွဲအခမ်းအနားကို ၁၉၄၅ခု၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်၍ မိန့်ခွန်းမြွက်ကြားရာတွင် ကျောင်းသားများအား ဆက်လက်ပညာရှာကြဘို့၊ နိုင်ငံအတွက် အသက်ကို ပဓါနမထားဘဲ ကြိုးပမ်းဘို့ အရေးကြီးသောအချိန်ဖြစ်သဖြင့် အရာရာတွင် သတိရှိကြဘို့ မှာကြားခဲ့လေသည်။ [2]

စတုတ္ထပတ်ဗိုလ်သင်တန်းသို့ ကျောင်းသား ၁၃၂ ယောက်တက်ရောက်ခဲ့ကြရာ ကျောင်းသား ၇ယောက်မှာ ကျန်းမာရေးချို့တဲ့သင်တန်းမပြီးဆုံးခဲ့သဖြင့် သင်တန်းသား ၁၂၅ ယောက်သာ အလုပ်သင်ဗိုလ်လောင်းများအဖြစ် ကျောင်းဆင်းခဲ့ကြသည်။ ယင်းအလုပ်သင်ဗိုလ်လောင်း၁၂၅ယောက်ကိုလည်း စစ်ဝန်ကြီးရုံးသို့ ၂၀၊ စစ်ဦးစီးဌာနချုပ်သို့ ၂၀၊ အနောက်တိုင်း၊ အနောက်မြောက်တိုင်း၊ တပ်ရင်း၁၊ တပ်ရင်း၂၊ တပ်ရင်း၃၊ တပ်ရင်း ၄၊ တပ်ရင်း၅၊ တပ်ရင်း ၆၊ တပ်ရင်း ၇၊ တပ်ရင်း ၈၊ စက်မှုလက်မှုတပ်ရင်း၁၊ စက်မှုလက်မှုတပ်ရင်း ၂၊ စက်အမြောက်တပ်ရင်း၊ စက်အမြောက်ကြီးတပ်ရင်းများသို့ ၆ ယောက်စီနှင့်စစ်တက္ကသိုလ်သို့ ၁ ယောက်ပေးပို့၍ တာဝန်ထမ်းဆောင်စေခဲ့လေသည်။ [3]

## ပဉ္စမပတ်ဗိုလ်သင်တန်းဖွင့်လှစ်ခြင်း

စတုတ္ထပတ် ဗိုလ်သင်တန်းတက်ရောက်နေစဉ်အတွင်း ပဉ္စမပတ်ဗိုလ်သင်တန်း ဆက်လက်ဖွင့်လှစ်ရန် ဗဟိုစစ်ဌာနချုပ်၊ စစ်ပညာသင်ကြားရေးဌာနမှ သတင်းစာများတွင် ကြော်ငြာ၍ လျှောက်လွှာများခေါ်ယူသည်။ ယင်းကြော်ငြာတွင်ပြင်ပမှ လျှောက်ထားသူများသည် အသက်၂၀နှစ် မှ ၂၅ နှစ်အတွင်းရှိရမည်ဖြစ်ပြီး တပ်မတော်မှ ရဲဘော်များသည် အသက်၂၅နှစ်မှ ၂၈နှစ်အတွင်းရှိသူများ လျှောက်ထားနိုင်ကြောင်း၊ မြန်မာစာ၊ ပထဝီ၊ သချ်ာ၊ ရာဇဝင်၊ ဗဟုသုတနှင့်နိုင်ငံသားပြုလုပ်များကို စစ်မေးမည်ဖြစ်ကြောင်း၊ လျှောက်လွှာများကို

---

၁။ ဗိုလ်ချုပ်ဆာဝါမိုတို၏နေ့စဉ်မှတ်တမ်း

၂။ ဒေါက်တာမောင်မောင် – သားမောင်စစ်သည်သို့ ၊ မျက် ၁၆၂

၃။ DP. 779 – ဗမာနိုင်ငံတော်စစ်တက္ကသိုလ်စတုတ္ထပတ်အရာရှိသင်တန်းနှင့်ပတ်သက်သည့် ကိစ္စများ ပါသောဖိုင်တွဲ

၁၉၄၄ခု၊ ဒီဇင်ဘာလ၃၀ရက်နေ့ နောက်ဆုံးထား၍တင်သွင်းရမည်ဖြစ်ကြောင်း ဖေါ်ပြထားလေသည်။ [၁]

သတင်းစာပါကြော်ငြာအရ ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ပြင်ပမှလျှောက်ထားသူများ စုစုပေါင်း ၂၇၀ စာမေးပွဲဖြေဆိုခွင့် ရကြသည်။ ယင်းဖြေဆို ခွင့်ရသူများအား ၁၉၄၅ခု၊ ဇန်နဝါရီလ ၈ ရက်၊ ၉ရက်၊ ၁၀ရက်နေ့များတွင် စာမေးပွဲစစ်ဆေးပြီး ဇန်နဝါရီလ ၁၅ရက်နေ့မှ ၁၈ရက်နေ့အထိ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးစောကြာဒိုး၊ ဒုတိယဗိုလ်မှူးကြီးရန်နိုင်၊ ဗိုလ်မှူးဘိုးကွန်းတို့ပါဝင်သောအဖွဲ့က စာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးကြသည်။ [၂]

ယင်းသို့စစ်ဆေးရာတွင် အမြောက်ကြီးတပ်၊ ကိုယ်ရံတော်တပ်၊ စစ်တက္ကသိုလ်၊ စစ်ဝန်ကြီးရုံးဂျပင်းတပ်၊ မော်တော်ယာဉ်တပ်၊ ပင်ရင်းဖြည့်တင်းရေးတပ်၊ ဆေးဌာနတို့မှ စာမေးပွဲအောင်မြင်သူများအား တစ်ကြိမ်၊ ထောက်ပံ့ရေးဌာန(စစ်ဝန်ကြီးရုံး)၊ စစ်တီးဝိုင်း၊ စစ်ရဲဌာန၊ လေ့ကျင့်ရေးဌာနတို့မှ စာမေးပွဲအောင်မြင်သူများအား တစ်ကြိမ်၊ စစ်ဦးစီး ဌာနချုပ်၊ စစ်ဖွဲ့စည်းရေးဌာန(စစ်ဝန်ကြီးရုံး) အရပ်သား၊ တပ်ရင်း ၁ တပ်ခွဲ ၁၊ တပ်ရင်း ၂၊ တပ်ရင်း ၃၊ စက်မှုလက်မှုတပ်ရင်း ၁ တို့မှ စာမေးပွဲအောင်မြင်သူများအား တစ်ကြိမ်၊ ခြေလျင်တပ်ရင်း ၄၊ ၅၊ ၆၊ ၇၊ ၁၀ယမ်းယူပို့ဆောင်ရေးတပ်(ပျဉ်းမနား)၊ စစ်မြင်းဌာန၊ ခြေလျင် တပ်ရင်း ၁ တို့မှ စာမေးပွဲအောင်မြင်သူများအား တစ်ကြိမ် စုစုပေါင်း ၄ကြိမ် စစ်ဆေး ခဲ့သည်။

ဇန်နဝါရီလ ၂၆ရက်နေ့တွင် ကျန်းမာရေးဆက်လက်စစ်ဆေးပြီးနောက် တပ်တွင်းမှ ၁၅၆ဦး၊ ပြင်ပမှ ၂၃ဦး၊ စုစုပေါင်း ၁၇၉ဦး ဗိုလ်သင်တန်းတက်ရောက်ခွင့် ရကြသည်။ [၃]

၁၉၄၅ခု၊ ဖေဖေါ်ဝါရီလ ၁ရက်နေ့တွင် သင်တန်းတက်ရောက်ခွင့်ရသူ ကျောင်းသူကျောင်းသားများအား မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းသို့ ပို့ဆောင်ခဲ့လေသည်။

## ကျောင်းဖွင့်ပွဲ

ပထမပတ် ဗိုလ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၉၄၅ခု၊ မတ်လ၆ရက်နေ့တွင် ကျင်းပပြုလုပ်သည်။ ယင်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပဋ္ဌမပတ် ဗိုလ်သင်တန်းတက်ရောက် ခွင့်ရသူများ၊ ပဋ္ဌမပတ် ဗိုလ်သင်တန်းနှင့် တွဲဖက် သင်တန်းတက်ရမည့် ပထမပတ် မူလတန်း ကျောင်းသားများ၊ ပဋ္ဌမပတ် အကြပ် သင်တန်း တက်ရောက်မည့် ကျောင်းသားများ စုံညီစွာ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၊

---

၁။ (က) မြန်မာ့အလင်းသတင်းစာ (၂-၁၁-၄၄)
   (ခ) ဗမာ့ခေတ်သတင်းစာ (၃၁-၁၁-၄၄)
၂။ DF. 781 - ပဋ္ဌမပတ်အရာရှိသင်တန်းနှင့်ပတ်သက်သောဖိုင်တွဲ
၃။ - ယင်း -

ကျောင်းအုပ်ကြီး ဗိုလ်ရန်နိုင်နှင့် ဂျပန်အကြံပေးအရာရှိဗိုလ်ချုပ်ဆာကူရိုင်းတို့က အသီးသီး မိန့်ခွန်းမြွက်ကြား ကြသည်။ [၁]

## လေ့ကျင့်မှု

ယခင် ဗိုလ်သင်တန်းများ၏ အချိန်ဇယားအတိုင်း စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။ ကိုယ်စီတိုက်ပွဲ၊ တပ်စိတ်တိုက်ပွဲ၊ လုံ့စွပ်တိုက်ပွဲ၊ ညတိုက်ပွဲ၊ ကင်းထောက်နည်းစသည်များကိုလည်းကောင်း၊ စိန်ပြောင်း၊ စက်သေနတ်ကလေး၊ စက်သေနတ်ကြီးစသော လက်နက်မျိုးစုံကိုင်တွယ်နည်းများကိုလည်းကောင်း သင်ယူကြ ရသည်။ [၂]

ယင်းသို့ လေ့ကျင့်နေစဉ်အတွင်း မဟာမိတ်လေယာဉ်များလာရောက်ပစ်ခတ်သည့်အခါ ဗုံးခိုကျင်းတွင် ခိုအောင်း၍ လေကြောင်းရန် ရှင်းသည့်အခါမှသာ ဆက်လက်လေ့ကျင့်ကြရသည်။ မဟာမိတ်လေယာဉ်များကလည်း မကြာခဏလာရောက်ပစ်ခတ်သဖြင့် စစ်ရေးလေ့ကျင့်မှုများကို ကွင်းပြင်တွင် မပြုလုပ်တော့ဘဲ တောစပ်များတွင်သာ ပြုလုပ်လေ့ကျင့်ကြရသည်။

ပဥ္စမပတ်ဗိုလ်သင်တန်းကာလတွင် မဟာမိတ်တို့က အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်လာကြရာ ယင်းသင်တန်းမှာ ပြီးဆုံးခြင်းသို့မရောက်ခဲ့ချေ။ သို့သော် ဗိုလ်သင်တန်းကျောင်းသားများသည် ၁၉၄၅ခုနှစ်၊ မတ်လ၁၇ရက်နေ့၌ ကျင်းပပြုလုပ်သော စစ်ထွက်အခမ်းအနားသို့ တက်ရောက်၍ မြန်မာတစ်နိုင်ငံလုံး၏ ဖက်ဆစ်တော်လှန်ရေး စစ်ပွဲကြီးတွင် အချိန်မီ ပါဝင်ဆင်နွှဲနိုင်ခဲ့ကြလေသည်။

## ဂျပန်ပြည်စစ်တက္ကသိုလ်သင်တန်းများ

### ပထမပတ်သင်တန်း

ပထမပတ်မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းမှ ပညာတော်သင်၃၀တို့သည် ဂျပန်ပြည်စစ်တက္ကသိုလ်၌ စစ်ပညာရပ်များကို ဆက်လက်ဆည်းပူးရန် ၁၉၄၃ခု၊ ဇွန်လ ၅ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွါသွားကြရာ ဇူလိုင်လ ၃၀ရက်နေ့တွင် ဂျပန်ပြည်သို့ရောက်ရှိပြီး ဩဂုတ်လ ၁ရက်နေ့တွင် ကျောင်းဝင်ခွင့်ရရှိခဲ့ကြသည်။ [၃]

စစ်တက္ကသိုလ်တွင် နံနက်ပိုင်း၌ ဂျပန်ဘာသာ သို့မဟုတ် စစ်ပညာဘာသာ သို့မဟုတ် မြေပုံပေါ်တွင် စစ်ချီ၊ စစ်တက်၊ တိုက်စစ်၊ ခံစစ်တို့ကို သင်ယူကြရသည်။ ဂျပန်စာ

---

၁။ အကြံပေးအရာရှိ ဗိုလ်ချုပ်ဆာကူရိုင်း၏နေ့စဉ်မှတ်တမ်း

၂။ ကျော်အောင် - အနီထဲမှကြယ်ဖြူပွင့် ၊ မျက် ၈၁-၈၃

၃။ (က) The Growth of the Burma Army. p 193

(ခ) ဗိုလ်မှူးကြီး(ဟောင်း)တင်မောင် - ဂျပန်ခေတ်စစ်ပညာတော်သင်တဦး ၊ မျက် ၂၃၉

အတော်အတန်ကျွမ်းကျင်တတ်မြောက်လာသောအခါ ဂျပန်ဘာသာဖြင့် ရေးသားထားသည့် စစ်နည်းဥပဒေများ၊ အမြောက် သံချပ်ကာ၊ အချက်ပြဆက်သွယ်ရေး၊ ထောက်ပံ့ရေးစသော ခြေလျင်တပ်အထောက်အကူများအကြောင်းကို စတင်လေ့လာကြရသည်။ [၁]

ညနေပိုင်းတွင် လက်တွေ့သင်ခန်းစာများဖြစ်သော တပ်စိတ်၊ တပ်စု၊ တပ်ခွဲတိုက်ပွဲများကို ကျောင်းအနီးလေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်ရသည်။ သင်ခန်းစာပြီးဆုံးသည့်အချိန်တွင် ဂျူဒို၊ ဓါးခုတ်လေ့ကျင့်ခန်းတစ်ခုခုကို ဆက်လက်လေ့ကျင့်ရပြန်သည်။ ညဦးပိုင်းတွင် ၇နာရီမှ ၉နာရီအထိ စာကျက်ရပြီး ၉နာရီခွဲတွင် အိပ်ကြရသည်။ [၂]

ဤသို့စစ်ပညာစာတွေ့လက်တွေ့များကို ငါးလမျှသင်ယူပြီးသောအခါ မြေပုံပေါ်တွင် စစ်ပရိယာယ်များကို လေ့လာကြရပြန်သည်။ တိုက်ပွဲတစ်ပွဲ၏ခံစစ်ကို တပ်စိတ်မှ တပ်စု၊ တပ်စုမှတပ်ခွဲ၊ တပ်ခွဲမှတပ်ရင်း၊ တပ်ရင်းမှတပ်မဟာ၊ တပ်မဟာမှတပ်မ၊ တပ်မမှ တပ်မကြီးအဆင့်အထိ အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ကြရသည်။ တိုက်စစ်ကိုလည်း အထက်ပါနည်းအတိုင်းပင် အဆင့်ဆင့်လေ့လာကြရသည်။ ယင်းသို့စာတွေ့အားဖြင့် လေ့လာကြပြီးနောက် ဖူဂျီတောင်ခြေတွင် တပ်ရင်းတိုက်ပွဲကို လက်တွေ့ကွင်းဆင်းလေ့ကျင့်ကြရသည်။ [၃]

ဂျပန်ပြည် စစ်တက္ကသိုလ်မှပို့ချသော စစ်ပညာရပ်များမှာ အခြေခံစစ်ရေးပြအမျိုးမျိုး၊ လက်နက်ငယ်မှအကြီးစားအမြောက်များအထိ ကိုင်တွယ်ပစ်ခတ်နည်းများ၊ တပ်ခွဲ၊ တပ်ရင်း၊ တပ်မဟာလက်တွေ့တိုက်ပွဲအမျိုးမျိုး၊ မြေပုံပေါ်တွင် တပ်မဟာအထက်တပ်မ၊ တပ်မတော် အဆင့်ကွပ်ကဲတိုက်ခိုက်မှုများ၊ စစ်ပရိယာယ်၊ နည်းဗျူဟာနှင့် အုပ်ချုပ်ရေးပြဿနာများကို စာတွေ့လက်တွေ့လေ့ကျင့်ပေးသည်။ ဂျပန်ကျင်ဂျစ်ဆု၊ ကင်းဂျစ်ဆုခေါ်သည့် ဓါးခုတ် လုံထိုး အမျိုးမျိုး၊ မြင်းစီးခြင်း၊ ပင်လယ်တွင်း ခရီးရှည်ရေကူးခြင်း၊ သံချပ်ကာ၊ အမြောက်မှအစ ရေငုပ် သင်္ဘောအထိ သဘောတရားများကို သင်ကြားပို့ချပေးလေသည်။ [၄]

ဂျပန်စစ်တက္ကသိုလ်သည် စစ်စည်းကမ်းတင်းကျပ်ခြင်းနှင့် လေ့ကျင့်ရေးပြင်းထန်ခြင်းတို့တွင် နာမည်ကြီးလှသည့်ပြင် စိတ်ဓါတ်ကြံ့ခိုင်မှုရှိအောင်လည်း အထူးအလေးပေးသင်ကြားပို့ချပေးသည်ဖြစ်ရာ မြန်မာကျောင်းသားများအဖို့စစ်ပညာများကိုနေ့မအားညမအား အပတ်တကုတ်ကြိုးစားသင်ယူကြရသည်။

---

၁။ ဗိုလ်မှူးကြီး(ဟောင်း)တင်မောင် – ဂျပန်ခေတ်စစ်ပညာတော်သင်တဦး၊ မျက် ၂၅၅၊၂၆၇
၂။ – ယင်း – မျက် ၂၅၅
၃။ – ယင်း – မျက် ၂၉၄–၇၊ ၃၃၃–၄
၄။ ဗိုလ်မှူးသမိန် – ကျွန်တော့်အမြင်၊ မျက် ၂၇၅

ထိုအတောအတွင်း ဗိုလ်ချုပ်အောင်ဆန်းထံမှ ဂျပန်ပြည်စစ်တက္ကသိုလ်ရောက် မြန်မာကျောင်းသားများထံသို့ လျှို့ဝှက်စာတစ်စောင်ရောက်ရှိလာခဲ့သည်။ စာပါအကြောင်း အရာအချုပ်မှာရပ်ဝေးတွင် အပင်ပန်းဆင်းရဲခံ၍ တိုင်းပြည်နှင့်တပ်မတော်အတွက် ကြိုးစား နေကြမည်ဟု ယုံကြည်ကြောင်း၊ စစ်ပညာကို မရ ရအောင် သင်တန်းအပြန်ပြီးဆုံးအောင် အားထုတ် ကြရန်ဖြစ်ကြောင်း၊ ငါသားတွေပြန်လာဘို့ အရေးကြီးကြောင်း၊ ပြန်လာသည့်အခါမှ လုပ်စရာ လုပ်ငန်းရှိသည်တို့ကိုလုပ်ရမည်ဖြစ်ကြောင်း၊ အားလုံးက စောင့်မျှော်နေကြကြောင်း များပင် ဖြစ်လေသည်။ [၁]

ဗမာ့တပ်မတော်စစ်သေနာပတိဗိုလ်မှူးကြီးနေဝင်းကလည်း ၁၉၄၃ခုနှစ်၊ အောက်တို ဘာလ ၂၆ရက်နေ့စွဲဖြင့် ဂျပန်ပြည်ရောက်ပညာတော်သင်များထံ စာပေးပို့၍ စစ်ပညာအရပ် ရပ်ကို ကြိုးစားကျက်မှတ်ကြရန် တိုက်တွန်းခဲ့ရာတွင် –

ဗမာပြည်၏တာဝန်ကို အပြောနှင့်မဟုတ်၊ အလုပ်နှင့်ထမ်းဆောင်မည်ဟူသောစိတ် ဓါတ်နှင့် ဂျပန်ပြည်သို့ပညာတော်သင်သွားကြသော ရဲဘော်တို့သည် ပင်ပန်းဆင်းရဲ အမျိုးမျိုး၊ ဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံရသော်လည်း အားငယ်ခြင်း၊ စိတ်ပျက်ခြင်း မဖြစ်ကြဘဲ ဗဟုသုတတိုးပွားအောင် ကြိုးစားသင်အံလေ့ကျက်ကြရန် တိုက်တွန်း လိုက်ပါသည်။

တိုင်းပြည်တခု၏ကြီးပွားမှု၊ တိုးတက်မှု၊ ခိုင်မြဲမှုသည် ထိုတိုင်းပြည်၏အင်အား တည်းဟူသော စစ်တပ်ပေါ်၌ အခြေတည်လျက်ရှိ၏။ ထိုကြောင့်အဘဗမာပြည်၏ ကောင်းရာကောင်းကြောင်းကို ဖန်တီးနိုင်မည့်အင်အားတောင့်တင်းသောတပ်တခု ပေါ်ပေါက်လာဘို့၊ ဖွဲ့စည်းဘို့မှာ ရဲဘော်တို့အကူအညီသည် အများကြီးလိုနေပေ ၏။ အကူအညီပေးမည့်သူသည် အရည်အချင်းနှင့်ပြည့်စုံဘို့လိုပေ၏။ ထိုကြောင့် ရဲဘော်တို့သည် တကယ့်အကူအညီပေးနိုင်မည့်အရည်အချင်းမျိုးနှင့်ပြည့်စုံအောင် ကြိုးစားကြစေလိုသည်။

အဘက်ဘက်တွင် ချို့တဲ့၍နေသော ဗမာပြည်ကြီးသည် ရဲဘော်တို့အား အားကိုး ၏။ အဘဗမာပြည်က အားကိုးသည့်အလျောက် ရဲဘော်တို့ကလည်း အားကိုးနိုင် လောက်သောသားကောင်းများ ဖြစ်ကြဘို့မှာ ရဲဘော်တို့တာဝန်သာ ဖြစ်တော့၏။ အဘဗမာပြည်ကောင်းရာကောင်းကြောင်းလုပ်မည်ဟူသောစိတ်ကို အမြဲပိုင်းဖြတ် ထားကြပါကုန်။

၁။ ဗိုလ်မှူးသမိန်–ကျွန်တော့်အမြင် ၊ မျက် ၂၉၀

ဗမာပြည်ရဲ့ထူးမြတ်တဲ့သားကောင်းရတနာများ၊ ဗမာပြည်ရဲ့အားကိုးအားထားရမည့်သူများ၊ စံနမူနာတင်ရမည့်သူများ၊ ဗမာဂုဏ်ကို မြှင့်တင်နိုင်မည့်သူများ ဖြစ်အောင် ကြိုးစားကြပါကုန်။

ရဲဘော်တို့ မိဝေး၊ ဖဝေး၊ ဆွေဝေး၊ မျိုးဝေး နေရသည်တို့ကို ကိုယ်ချင်းစာမိပါ၏။ သို့သော်လည်း ကိုယ့်ပြည်နှင့် ကိုယ့်လူမျိုးအတွက် ဆောင်ရွက်ရသော အလုပ်နှင့်စာလိုက်သော် ထိုဒုက္ခတို့သည် မပြောပလောက်ပေ။ ထို့ကြောင့်လွမ်းဆွတ်မှုဆွေးတသခြင်းတို့လည်း မဖြစ်ကြပါကုန်လင့်၊ ကိုယ်သင်ရမည့် ပညာရပ်တို့ကိုသာ ကြိုးစားသင်အံကြပါကုန်။ [၁]

ဟူ၍ဖော်ပြပါရှိလေသည်။

ဂျပန်ပြည် စစ်တက္ကသိုလ်ရောက် မြန်မာကျောင်းသားများသည် စစ်သင်တန်းများတွင် ပင်ပန်းနွမ်းနယ်မှု၊ စိတ်ဆင်းရဲမှု၊ ဖိနှိပ်ချုပ်ချယ်မှုများနှင့်ကြုံတွေ့ရသည့်အခါတိုင်း ဖဝင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗိုလ်မှူးကြီးနေဝင်းတို့၏ ဆုံးမဩဝါဒကို အောက်မေ့သတိရကာ စစ် ပညာကိုသာ အပတ်တကုတ်ကြိုးစားအားထုတ်သင်ယူကြလေသည်။

ဂျပန်ပြည်စစ်တက္ကသိုလ်ပထမပတ်မြန်မာကျောင်းသားများ၏သင်တန်းမှာ ၁၉၄၅ ခုနှစ်ဦးကပင် ပြီးဆုံးခဲ့သည်။ [၂]သို့သော် ဂျပန်အာဏာပိုင်တို့က ကျောင်းသားများအား မြန်မာပြည်သို့ ပြန်ခွင့်မပြုသေးဘဲ အထူးသင်တန်းအဖြစ် အမြောက်၊ သံချပ်ကာနှင့် တင့်ကားသင်တန်းများသို့ ဆက်လက်တက်ရောက်စေသည့်အပြင် ရေတပ်စစ်တက္ကသိုလ်၊ လေတပ်စခန်းစသည့်စစ်ကျောင်းကြီးများသို့လည်း သွားရောက်လေ့လာစေခဲ့လေသည်။ [၃]

## ဒုတိယပတ်သင်တန်း

ဒုတိယပတ်မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းသားများမှ ဂျပန်ပြည်စစ်တက္ကသိုလ်သို့ တက်ရောက်ရန် ဆိုင်ရာအာဏာပိုင်တို့က ကျောင်းသား ၄၀ကို ရွေးချယ်ခဲ့သည်။ ယင်းတို့မှာ ကြည်းတပ်သင်တန်းအတွက် ၂၀ယောက်၊အမြောက်သင်တန်းအတွက် ၁၀ယောက်၊ လေတပ်သင်တန်းအတွက် ၁၀ယောက်၊ စုစုပေါင်း ၄၀ယောက်ဖြစ်သည်။ လေတပ်ပညာသင် ၁၀ဦး

၁။ DR 7447 – ဗိုလ်မှူးကြီးနေဝင်းထံမှ ဂျပန်ပြည်ရောက်စစ်ပညာတော်သင်များထံပေးစာ။

၂။ ၂၇–၉–၄၄ရက်နေ့ကဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ပြည်၌ စစ်ပညာသင်ယူနေကြသောပထမပတ်ကျောင်းသားများမှ တစ်ဝက်ခန့်ကို မြန်မာပြည်စစ်ပွဲတွင်အသုံးပြုရန် ခေါ်လိုကြောင်း၊ ဂျပန်အကြံပေး အာရာကီဆာဝါမိုတိုအား ပြောဆိုခဲ့သည်ဟုဆာဝါမိုတို၏ နေ့စဉ်မှတ်တမ်းတွင်ဖော်ပြထားပါသည်။

၃။ ဗိုလ်မှူးသပိန် – ကျွန်တော့်အမြင်၊ မျက် ၂၄၉

သည် မေလထဲတွင် ဖွင့်လှစ်မည့် ဂျပန်ကြည်းဘက်ဆိုင်ရာ လေတပ်ဗိုလ်သင်တန်းကျောင်း၏ ၅၇ကြိမ်မြောက်သင်တန်းအမှီ တက်ရောက်ကြရမည်ဖြစ်သည်။ [၁]

၁၉၄၄ခု၊ ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း စီစဉ်ပြင်ဆင်မှုများပြီးသောအခါ လေကြောင်းပညာသင် ၁၀ဦးသည် အင်ယားကန်စောင်းရှိ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်တွင် ဗိုလ်ချုပ်က တည်ခင်းကျွေးမွေးသော ထမင်းစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ ထမင်းစားပွဲအပြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်တို့ လေကြောင်းပညာသင်ပေးသည်မှာ မြန်မာတို့ကို စေတနာကောင်းလွန်း၍မဟုတ်ကြောင်း၊ သူတို့အခက်အခဲ သူတို့အကြပ်အတည်းကြောင့် သူတို့အုပ်စိုးထားသော အာရှတိုင်းပြည်များထဲမှ မြန်မာကိုသာ လိုက်လျောခဲ့ရခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျံမောင်းတတ်အောင် သင်ပေးပြီးသည့်အခါ လေယာဉ်ပျံကိုပါ ပေးရန် သဘောတူထားပြီးဖြစ်၍ သံသယမရှိဘဲ ပညာကို ကြိုးစားသင်ကြစေလိုကြောင်း၊ ပညာတော်သင်များသည် အနာဂတ်ဗမာ့လေတပ်မတော်အတွက် အမြုတေများအဖြစ် သဘောပိုက်ကြစေလိုကြောင်း၊ ဂျပန်တို့ ပညာသင်ပေးရာတွင် အလွန်ပြင်းထန်တင်းကျပ်လေ့ရှိသဖြင့် တိုင်းပြည်အတွက် ခွဲရှိရှိဖြင့် သင်ယူကြရမည်ဖြစ်ကြောင်း၊ တစ်နေ့တွင် ဂျပန်တို့ကို ပြန်လည်တိုက်ခိုက်ရမည်ဖြစ်၍ သီဟဗာဟုထုံးကို နှလုံးမူထားကြရမည်ဖြစ်ကြောင်းနှင့် ဂျပန်ပြည်သို့ ရောက်ရှိနေသည့် ကျောင်းသားများကိုလည်း ပြောကြားရန် ဩဝါဒစကား မြွက်ကြားလေသည်။ [၂]

မတ်လ၂ရက်နေ့တွင်လေကြောင်းပညာတော်သင်ကျောင်းသား၁၀ဦးသည် မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းမှ ထွက်ခွါလာခဲ့ပြီး ဦးဝိစာရလမ်းရှိ စစ်ဝန်ကြီးရုံးသို့ ဝင်ရောက်သတင်းပို့ကြသည်။ ထိုညနေပိုင်း ရထားထွက်ခါနီးအချိန်တွင် ဘူတာရုံထဲသို့ ဗိုလ်ချုပ်အောင်ဆန်း လာရောက်၍ ကျောင်းသားများအား ကျန်းကျန်းမာမာနှင့် လိုရာခရီးသို့ ချောချောမောမော ရောက်စေရန် ဆုတောင်းကြောင်း နှုတ်ခွန်းဆက်မြွက်ကြားသည်။ [၃]

လေကြောင်းပညာတော်သင်များသည် ၁၉၄၄ခု၊ ဧပြီလ ၂၃ ရက်နေ့တွင်ဂျပန်ပြည်ကြည်းဘက်ဆိုင်ရာလေတပ်စစ်တက္ကသိုလ်သို့ ဝင်ရောက်၍ စစ်ပညာရပ်များကိုစတင်သင်ယူကြသည်။ ရှေးဦးစွာလေထီးခေါက်နည်း၊ လေထီးအသုံးပြုနည်း၊ လေထီးစုလွယ်ဝတ်ဆင်နည်း၊ လေယာဉ်ဝတ်စုံဝတ်ဆင်နည်း စသည်တို့ကိုလည်းကောင်း၊ လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းနှင့်စက်ပိုင်းဆိုင်ရာအခေါ်အဝေါ်များကိုလည်းကောင်း၊ ဂျပန်ဘာသာဖြင့်သင်ယူကျက်မှတ်ကြရသည်။ လေယာဉ်မောင်းနှင်နိုင်ရေးအတွက်မြေပြင်လေ့ကျင့်မှုများပြုလုပ်ကြ

---

၁။ ဗိုလ်ဥာဏ်မောင် – စစ်အတွင်းလေကြောင်းပညာသင်အတွေ့အကြုံများ၊ မျက် ၁၃

၂။ ,, ယင်း – မျက် ၉–၁၀

၃။ – ယင်း – မျက် ၁၄–၁၆

ပြီးနောက် ဆရာနှင့်တွဲဖက်မောင်းနှင်ခြင်း၊ တစ်ဦးခြင်းမောင်းနှင်ခြင်းတို့ကို လည်းပြုလုပ်လေ့ကျင့်ကြရသည် ။[၁]

လေယာဉ်မောင်းသင်တန်းအပြင်ဂျပန်စာသင်တန်း ၊ စစ်ပရိယာယ်သင်တန်း ၊ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး သင်တန်းများကို စာတွေ့ရော ၊ လက်တွေ့ပါဆည်းပူးကြရပြန်သည် ။[၂]

အခြေခံလေယာဉ်မောင်းသင်တန်း ပြီးဆုံးပြီးသည့်နောက် အိုဆာကာအနီးဆနော လေယာဉ် ကွင်းနှင့်တာကမတ်ဆု မြို့မှမိုင်၂၀ခန့်ဝေးသောလေယာဉ်ကွင်းများသို့ပြောင်းရွှေ့၍လေကြောင်းဆိုင်ရာပညာရပ်များကို ဆက်လက်သင်ယူကြသည် ။ ထိုလေယာဉ်ကွင်းများတွင်ဂျပန်တိုက်လေယာဉ် ၉၇ ၏စက်အစိတ်အပိုင်းများ ၊ လေယာဉ်တွင်တပ်ဆင်သည့်စက်သေနတ် ၊ ချိန်ခွက် ၊ ကင်မရာစသည့်အကြောင်းအရာများကိုသင်ယူရသည် ။ လက်တွေ့အားဖြင့်လေယာဉ်မောင်းနှင်စဉ်ဂွမ်းအမျိုးမျိုးထိုးခြင်း ၊ အုပ်စုဖွဲ့ပျံသန်းခြင်း ၊ လေယာဉ်တစ်စင်းခြင်းစီးခြင်းထိုးခြင်း ၊ လေယာဉ် လေး စီးဖွဲ့၍တပ်စုတိုက်ပွဲလေ့ကျင့်ခြင်း ၊ လေယာဉ်ပေါ်မှစက်သေနတ်ဖြင့်ပစ်မှတ်ကို ပစ်ခတ်ခြင်း ၊ တိုက်လေယာဉ် ၉၇ ကိုမောင်းနှင်ခြင်းတို့ကိုပြုလုပ်လေ့ကျင့်ကြရသည် ။[၃]

ဒုတိယပတ်ကြည်းတပ်ပညာတော်သင် ၂၀ နှင့်အမြောက်တပ်ပညာတော်သင် ၁၀ ဦးတို့သည်လည်း၁၉၄၄ခု၊မတ်လ ၁၅ ရက်နေ့တွင်ရန်ကုန်မြို့မှဂျပန်နိုင်ငံသို့ ထွက်ခွာခဲ့ကြသည်။ ဂျပန်နိုင်ငံသို့မထွက်ခွာမှီ ဗိုလ်ချုပ်အောင်ဆန်းတည်ခင်းကျွေးမွေးသောထမင်းစားပွဲသို့တက်ရောက်ခဲ့ကြသည် ။

ယင်းထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက ပညာတော်သင်များထဲမှ ဂျပန်ပြည်သို့ မလိုက်လို၍ဂျပန်များနှင့်ကလန်ကဆန် ဖြစ်သည်ဟုကြားရကြောင်း ၊ ဤသို့ဖြစ်သည်မှာမကောင်းကြောင်း ၊ မိမိတို့လုပ်ရမည့်အလုပ်ကိုဆက်လက်လုပ်ရမည်သာဖြစ်ကြောင်း ၊ ယခုကဲ့သို့သောကိစ္စမျိုးကိုပြုလုပ်နေပါကဂျပန်တို့ရိပ်မိသွားမည်ဖြစ်ပြီး လုပ်ရမည့်အလုပ်များကိုအပျက်မခံနိုင်ကြောင်း ၊ ယခင်ကပြောခဲ့ဘူးသည့် " ပညာရှာပမာသူဖုန်းစား " ဆိုသည့်စကားအတိုင်းပညာရှာသည့်အခါတွင် သူတောင်းစားကဲ့သို့ကျိုးကျိုးနွံနွံနှင့်ပညာရှာပြီးပညာကိုရအောင်ယူရမည်ဖြစ်ကြောင်း ၊ မည်သည့်အလုပ်ကိုလုပ်လိုသည်ဖြစ်စေ ၊ ဗမာလူငယ်တိုင်းစစ်ပညာတတ်မှဖြစ်မည်ကို သိရှိထားရမည်ဖြစ်ပြီး ပညာကိုရအောင်ရှာ၍လုပ်ရမည့်တာဝန်ကိုမျက်ခြည် မပြတ် စေလိုကြောင်း ၊ ကံကောင်းလျှင် ပညာတော်သင်များပြန်လာသည် အထိ (တော်လှန်ရေးကြီးကို) အချိန် မီကောင်းမီမည် ၊ မမီလျှင် ဂျပန် ပြည်တွင် ပိတ်မိနေမည်

---

၁။ ဗိုလ်ဉာဏ်မောင် - စစ်အတွင်းလေကြောင်းပညာသင်အတွေ့အကြုံများ၊ မျက် ၆၂-၇၀၊ ၇၈၊ ၉၈၊ ၉၉

၂။ - ယင်း - မျက် ၁၀၄

၃။ - ယင်း - မျက် ၁၄၁၊ ၁၄၈၊ ၁၅၀၊ ၁၆၀၊ ၁၇၄၊ ၁၇၇

ရှင်းရှင်းပြောရလျှင် သေချင်သေမည်ဖြစ်ကြောင်း၊ ယနေ့ကျောင်းသားများကိုစေလွှတ်ခြင်းမှာ တိုင်းပြည်ကပေးသည့် တာဝန်ဖြစ်၍ အကြောင်းကိစ္စ တစ်ခုခုရှိလျှင် အချင်းချင်းစည်းစည်း လုံးလုံး နှင့် ဖြေရှင်းကြရမည်ဖြစ်ကြောင်းမှာကြားလေသည်။ [၁]

ပညာတော်သင် ၃၀ တို့သည် ၁၉၄၄ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ဂျပန် ပြည်စစ် တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိခဲ့ကြသည်။ စစ်တက္ကသိုလ်တွင်စာတွေ့အားဖြင့်ဂျပန်စာ၊ စစ်ပရိယာယ်ဘာသာရပ်များကို သင်ယူရပြီးလက်တွေ့အားဖြင့် ကျောင်းအနီးလေ့ကျင့်ရေး ကွင်းနှင့်ဖူဂျီတောင်ခြေတွင်စစ်ရေးလေ့ကျင့်ခြင်း၊ သေနတ်ပစ်လေ့ကျင့်ခြင်း၊ စိန်ပြောင်းပစ် ခတ်ခြင်း၊ စစ်သေနတ်ကြီးဖြင့်လေ့ကျင့်ခြင်း၊ ခြေလျင်တပ်တွင် အကြီးဆုံးဖြစ်သော တပ်မဟာ အမြောက်၊ တင့်ကားပစ်အမြောက်များကို လေ့ကျင့်ခြင်းစသည်တို့ကို သင်ယူ လေ့ကျင့်ကြ ရသည်။ ထို့ပြင်တပ်မကြီးအဆင့်အထိ တိုက်စစ်၊ ခံစစ်များ၊ သံချပ်ကာ ကားတပ်၊ အမြောက်တပ်၊ လေတပ်အကူအညီကိုယူ၍ ပူးပေါင်းစစ်ဆင်နည်းများကိုပါ သင်ယူကြရ သည်။ စစ်ပညာ နှင့်ပေါ်နွယ်သည့်မြင်းစီး၊ ရေကူးသင်တန်းများကိုလည်း တွဲဖက် လေ့ကျင့်ကြ ရလေသည်။ [၂]

ဒုတိယပတ်ပညာတော်သင်ကျောင်းသားများသည် ဂျပန်စစ်တက္ကသိုလ်၌ တစ်နှစ် မျှစစ်ပညာများသင်ယူပြီးနောက် ၁၉၄၅ခု၊ ဇွန်လ ၁၇ ရက်နေ့တွင်ကျောင်းဆင်းခဲ့ကြ သည်။ [၃] သို့သော်မြန်မာပြည်သို့ပြန်ခွင့်မရကြသေးဘဲ ဂျပန်တို့လက်နက်ချသည့် ၁၉၄၅ခု၊ ဩဂုတ်လ ၂ ရက်နေ့နောက်ပိုင်းတွင်မှ ပထမပတ်စစ်တက္ကသိုလ်ကျောင်းသားများနှင့် အတူပြန်ခွင့် ရရှိခဲ့ကြသည်။ သို့ဖြင့် ပညာတော်သင် ကျောင်းသားများသည် ၁၉၄၅ခု၊ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ တစ်သုတ်ပြီးတစ်သုတ်ပြန်လည် ရောက်ရှိ လာကြလေသည်။

---

၁။ ခင်မောင်ညို(မန်း)-အညာ [illegible] မှတ်တမ်း၊ မျက် ၁၁၉-၁၂၀

၂။ - ယင်း - မျက် ၁၄၁-၁၄၄

၃။ - ယင်း - မျက် ၂၆၁

# အခန်း(၈)

# ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်းများ တိုးချဲ့ဖွဲ့စည်းခြင်း

## ဂျပန်ပေးသောလွတ်လပ်ရေးရရှိခြင်း ပြောင်းလဲစပြုလာသောကမ္ဘာ့စစ်အခြေအနေ

၁၉၄၁ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ဂျပန်တို့သည်အမေရိကန်တို့၏ရေတပ်စခန်းဖြစ်သောပုလဲဆိပ်ကမ်းကိုစစ်မကြေညာဘဲလျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်ကြသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံက ဂျပန်တို့အား စစ်ကြေညာကာ ဒုတိယကမ္ဘာစစ်ကြီးတွင် မဟာမိတ်နိုင်ငံများဘက်မှ ဝင်ရောက်တိုက်ခိုက်လေသည် ။ ဝင်ရိုးတန်းမဟာမိတ်နိုင်ငံများဖြစ်ကြသော ဂျာမဏီ ၊ အီတလီ ၊ ဂျပန်နိုင်ငံများကလည်း အမေရိကန်နိုင်ငံအားပြန်လည်စစ်ကြေညာပြန်ရာကမ္ဘာစစ်ကြီးမှာပိုမိုကြီးထွားကျယ်ပြန့်လာခဲ့လေသည် ။

ဂျပန်တို့သည် ၁၉၄၁ခုနှစ်ကုန်ပိုင်းမှအစပြု၍ အမေရိကန်ပိုင်သောဂူအမ်ကျွန်းနှင့် ဝိတ်(ခ)ကျွန်း[၁] များကိုလည်းကောင်း၊ ဗြိတိသျှတို့ပိုင်ဟောင်ကောင်ကျွန်းကိုလည်းကောင်း တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ ၁၉၄၂ခုနှစ်ဦးပိုင်းတွင်မနီလာမြို့အပါအဝင်ဖိလစ်ပိုင်ကျွန်းအများစုနှင့်မလေးယား၊ စင်္ကာပူ၊ ဒတ်(ချ)အင်ဒိုနီးရှား၊ မြန်မာပြည်တို့သည်လည်း ဂျပန်တို့၏လက်တွင်းသို့ကျရောက်ခဲ့ရလေသည်။ [၂]

၁၉၄၂ခုနှစ်ကုန်ပိုင်းတွင် ဝင်ရိုးတန်း မဟာမိတ် နိုင်ငံများဖြစ်သော ဂျာမဏီ ၊ အီတလီနှင့် ဂျပန်တို့သည် ကမ္ဘာ့စစ်မျက်နှာအသီးသီး၌ ထိုးစစ်အသွင်မှ ခံစစ်အသွင်သို့ ပြောင်းလဲစပြုလာပြီး အင်္ဂလိပ် ၊ အမေရိကန်နှင့်ရုရှားတို့အမှူးပြုသောမဟာမိတ်နိုင်ငံများ က ထိုးစစ်များပြန်လည်ဆင်နွှဲလာခဲ့လေသည် ။

၁၉၄၂ခု၊ နိုဝင်ဘာလတွင်ရုရှားတပ်များသည်ရုရှားပြည်တွင်ထိုးစစ်ဆင်နေသည့် ဂျာမန်တပ်များကို လည်းကောင်း ၊ မဟာမိတ် တပ်များသည် အာဖရိကမြောက်ပိုင်းတွင် စစ်ဆင် တိုက်ခိုက်နေသောဂျာမန်နှင့်အီတလီတပ်များကိုလည်းကောင်း ၊ တိုက်ခိုက်အနိုင်ယူလိုက်ကြသည် ။ [၃]

---

၁။ Guam and Wake Islands.

၂။ H.H.Hayes-Contemporary Europe Since 1870. pp.659- 661.

၃။ Ibid . pp. 659-611.

ယင်းသို့ ရုရှားစစ်မျက်နှာ ၊ အာဖရိကစစ်မျက်နှာများတွင်ဂျာမဏီနှင့်အီတလီတို့ အပေါ်မဟာမိတ်တို့ အရေးသာလာသည့်နည်းတူ အာရှနှင့်ပစိဖိတ် စစ်မျက်နှာတွင်လည်း ဂျပန်တို့ အပေါ်မဟာမိတ်တို့ကတစ်စတစ်စအောင်မြင်မှုများရလာခဲ့လေသည် ။

၁၉၄၂ခု၊မေလတွင်အမေရိကန်တပ်များကနယူးဂီနီ [၁] မှသြစတြေလျသို့ ဦးတည်ချီတက်လာသော ဂျပန်တပ်များအားကော်ရယ်ပင်လယ် [၂] ၌လည်းကောင်း၊ဟာဝိုင်ယီကျွန်း [၃] ဦးတည်ချီတက်လာသောဂျပန်တပ်များအား မစ်(ဒ)ဝေးကျွန်းတိုက်ပွဲ [၄] ၌လည်းကောင်း တိုက်ခိုက်ချေမှုန်းလိုက်ကြသည်။ တစ်ဖန် ဩဂုတ်လတွင် အမေရိကန် နှင့် သြစတြေလီးယန်းရေတပ်ကဆော်လမွန်ကျွန်း [၅] များသို့ ဝင်ရောက်တိုက်ခိုက်တပ်စွဲလိုက်ရာ ပစိဖိတ်စစ်မျက်နှာတွင်ဂျပန်တို့ အရေးရှုံးနိမ့်သွားလေသည် ။ [၆]

မြန်မာပြည်စစ်မျက်နှာတွင် ၁၉၄၂ခု ၊ ဒီဇင်ဘာလ ၁၇ ရက်နေ့၌အိန္ဒိယပြည်ရှိ ဗြိတိသျှကွပ်ကဲရေးဌာန [၇] မှဗိုလ်ချုပ်လွိုက် [၈] ဦးစီးသောအိန္ဒိယအမှတ် ၁၄ တပ်မအားရခိုင်သို့ စေလွှတ်တိုက်ခိုက်စေခဲ့လေသည် ။ [၉]

## လွတ်လပ်ရေးပေးရန် ဂျပန်တို့ ဆုံးဖြတ်ခြင်း

ယင်းသို့သောအခြေအနေတွင် တိုကျိုမြို့ရှိ ဂျပန်အာဏာပိုင်တို့က မြန်မာတို့၏ ပူးပေါင်းဆောင်ရွက်မှုမရရှိဘဲ ဗြိတိသျှတို့၏တန်ပြန်တိုက်ခိုက်မှုကို တွန်းလှန်နိုင်မည်မဟုတ်ကြောင်း၁၉၄၃ခု၊ ဇန်နဝါရီလအစောပိုင်းမှစ၍တွက်ဆမိလာကြသည်။ [၁၀] ထို့ပြင်ဗမာ့တပ်မတော်နှင့်မြန်မာပြည်သူတစ်ရပ်လုံးကဂျပန်တို့၏ ဖက်ဆစ်အပြုအမူများပေါ်တွင် နာကျည်း

---

၁။ New Ginea.

၂။ Coral Sea.

၃။ Hawaii Island.

၄။ Battle of Midway.

၅။ Solomon Island.

၆။ (က) H.H.Hayes - Contemporary Europe. pp.667-8.
   (ခ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ-ကမ္ဘာ့သမိုင်းမှတ်တိုင်များ(ဒုတိယတွဲ) မျက် ၁၃၈

၇။ British High Command.

၈။ Major-General Lloyd.

၉။ Won Zoon Yoon-Japan's Occupation of Burma,1941-45. p.226.

၁၀။ Ibid.

မှန်းတီးနေကြသောကြောင့်လွတ်လပ်ရေးကို လိုလားတောင့်တလျက်ရှိကြသော မြန်မာ တို့အားလွတ်လပ်ရေးပေး၍ ပြန်လည်ဆွဲဆောင်သိမ်းသွင်းရန် စီစဉ်ဆောင်ရွက်လာလေ သည် ။ [၁]

၁၉၄၃ခု၊ ဇန်နဝါရီလ ၁၄ရက်နေ့တွင် ဂျပန်အစိုးရအဖွဲ့နှင့်ဂျပန်ဘုရင့်စစ်ဌာနချုပ်အစည်းအဝေးမှ မြန်မာပြည်အား လွတ်လပ်ရေးပေးရန် ဆုံးဖြတ်ကြသည် ။

ယင်းသို့ဆုံးဖြတ်ရာတွင် –

–မြန်မာပြည်သည် မဟာအရှေ့အာရှတိုက် အတူကြွယ်ဝချမ်းသာရေးနှင့်ထွန်းကားတိုးတက်ရေးနယ်မြေ [၂] တစ်ဝှန်းလုံး၏ အနောက်ဖက်ရှိခံတပ်ကြီးတစ်ခုဖြစ်သည်နှင့်အညီ ဂျပန်နိုင်ငံ၏ကြဇာအောက်တွင် ဆက်လက်ထားရှိစေမည် ။

–ယခုအချိန်၌ ရန်သူတို့ပြန်လည်တိုက်ခိုက်လာဘွယ်ရာအကြောင်းရှိသဖြင့် မြန်မာတို့စိတ်တွင် ဂျပန်ကို မလိုလားသော ဆန္ဒများပေါ်ပေါက်လာပါက ရန်သူအားအကျိုးဖြစ်ထွန်းစေမည်သာ ဖြစ်သည် ။

–မြန်မာတို့သည် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ပြီးနောက် လွတ်လပ်ရေးကို လိုလားတောင့်တလျက်ရှိရာ မြန်မာပြည်အား လွတ်လပ်ရေးအမြန်ဆုံးပေးပါက ဂျပန်နိုင်ငံကို ချစ်ခင်အားကိုးပြီး ပိုမိုအကူအညီပေးကြမည်ဖြစ်သည် ။ ဤသို့ အကူအညီရရှိခြင်းဖြင့် မြန်မာပြည်ကို ထိန်းသိမ်းထားနိုင်မည် ။

–မြန်မာတို့ကဲ့သို့ အင်္ဂလိပ်ကို ရွံ့ရှာမုန်းတီးနေကြသော အိန္ဒိယပြည်သူလူထု၏လွတ်လပ်ရေးလှုပ်ရှားမှုကိုလည်း နှိုးဆွပေးရာ ရောက်မည် ။

–မြန်မာပြည်အား လွတ်လပ်ရေးပေးခြင်းဖြင့် ရန်သူများတိုက်ခိုက်မလာမီ မြန်မာပြည်ကို ခိုင်ခံ့မြဲမြံစွာ ထိန်းသိမ်းချုပ်ကိုင်နိုင်အောင် ကြိုးစားဆောင်ရွက်ရမည် ။

–လွတ်လပ်ရေးပေးမည့်နေ့ရက်ကို ၁၉၄၃ခု၊ ဩဂုတ်လ ၁ရက်နေ့နောက်ဆုံးထား၍ စီစဉ်ဆောင်ရွက်ရမည် ။ [၃]

စသည့်အချက်များပါဝင်သည် ။

၁၉၄၃ခု၊ ဇန်နဝါရီလ ၂၁ရက်နေ့တွင် ပြုလုပ်သော ဂျပန်ဒိုင်းယက်လွှတ်တော်အစည်းအဝေး၌ ဝန်ကြီးချုပ်တိုဂျိုက မြန်မာပြည်အား လွတ်လပ်ရေးပေးရန် ကြံရွယ်ထားကြောင်း ပထမဆုံးအကြိမ်ထည့်သွင်းပြောကြားလေသည် ။ [၄] ဇန်နဝါရီလ ၂၈ရက်နေ့တွင် ပြုလုပ်သော ဒိုင်းယက်လွှတ်တော်အစည်းအဝေး၌လည်း ဝန်ကြီးချုပ် တိုဂျိုကပင် မြန်မာနိုင်ငံ

---

၁။ သခင်လွင် – ဂျပန်ခေတ်ဗမာပြည် ၊ မျက် ၁၄၇

၂။ Greater East Asia Co-Prosperity Sphere

၃။ အိုးနိုတိုးရှ (မြန်မာပြန်) – ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ ၊ မျက် ၅၉–၆၀

၄။ Ba Than(Dhammika)-The Roots of the Revolution. pp 28.30.

အား စစ်အုပ်ချုပ်ရေးဖြင့်အုပ်ချုပ်နေရာမှ တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း ထပ်မံ ပြောကြားပြန်သည်။ [၁]

၁၉၄၃ခု၊ မတ်လ ၁၀ရက်နေ့တွင် ကျင်းပပြုလုပ်သော ဂျပန်အစိုးရအဖွဲ့နှင့် ဂျပန်ဘုရင့်စစ်ဌာနချုပ်အစည်းအဝေးမှမြန်မာပြည်လွတ်လပ်ရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်မူဝါဒကို ဆက်လက်ချမှတ်ခဲ့ကြပြန်သည်။

ယင်းလမ်းညွှန်မူဝါဒမှာ -

- ဂျပန်အစိုးရ၏လမ်းညွှန်မှုအောက်တွင် မြန်မာပြည်အား မဟာအရှေ့အာရှတိုက် အတူကြွယ်ဝချမ်းသာရေးနှင့် ထွန်းကားတိုးတက်ရေးနယ်ပယ်အတွင်း နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်၍ မဟာအရှေ့အာရှစစ်ပွဲကြီးအောင်မြင်ရေးတွင် မြန်မာနိုင်ငံက အစွမ်းကုန်ကူညီဆောင်ရွက်ရန်။
- ဂျပန်အစိုးရသည် ၁၉၄၃ခု၊ မတ်လတွင် မြန်မာပြည်မှ ခေါင်းဆောင်များအား ဂျပန်နိုင်ငံသို့ဖိတ်ကြားပြီး မြန်မာပြည်လွတ်လပ်ရေးနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံ၏ သဘောထားကို ညှိနှိုင်းဆွေးနွေးရန်။
- မြန်မာပြည်ရှိ ဂျပန်စစ်သေနာပတိချုပ်သည် မြန်မာခေါင်းဆောင်များပါဝင်သော လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ [၂] ဖွဲ့စည်းရေး၊ ယင်းအဖွဲ့တွင် ဒေါက်တာဘမော်အား ခေါင်းဆောင်(ဥက္ကဋ္ဌ)အဖြစ် တင်မြှောက်၍ လွတ်လပ်သော မြန်မာနိုင်ငံတည်ထောင်ဖွဲ့စည်းရေးနှင့် လွတ်လပ်ရေးမကြေညာမီ ကြားကာလအတွင်း ပြဿနာကိစ္စများကို ဆွေးနွေးဆောင်ရွက်ရန်။
- လွတ်လပ်ရေးစီစဉ်မှုများ ဆောင်ရွက်စဉ်အတွင်း ဒေါက်တာဘမော်အား မြန်မာနိုင်ငံသစ်၏အကြီးအကဲအဖြစ် တင်မြှောက်ရေးကို ဆောင်ရွက်ရန်။
- မြန်မာပြည်လွတ်လပ်ရေးပြင်ဆင်မှုလုပ်ငန်းများကို ၁၉၄၃ခု၊ ဇွန်လကုန်တွင် ပြီးစီးအောင် လုပ်ဆောင်၍ ဩဂုတ်လ ၁ရက်နေ့တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးကြေညာပေးရန်။
- လွတ်လပ်ရေးကြေညာပြီးသည်နှင့် တစ်ပြိုင်နက် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့အား စစ်ကြေညာရန်။ [၃]

အချက်များပါဝင်လေသည်။

---

၁။ Won Zoon Yoon-Japan's Occupation of Burma pp.225-226

၂။ Independence Preparatory Committee

၃။ F.N.Trager(ed)-Burma:Japanese Military Administration. Document No.35. "Guiding Principles for the Independence of Burma."

ထိုအစည်းအဝေးမှပင် ဂျပန်-မြန်မာဆက်ဆံရေးအခြေခံပုံသဏ္ဍာန်နှင့် မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်၍ ဂျပန်အာဏာပိုင်တို့၏ သဘောထားကို သီးခြားထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအား အာဏာရှင်အစိုးရပုံစံဖြင့် ဖွဲ့စည်းစေမည်ဖြစ်ပြီး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကို နိုင်ငံတော်အဓိပတိ၏လက်အောက်တွင် ထားရှိစေရမည်ဖြစ်ကြောင်း၊ အရေးကြီးသော နိုင်ငံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခွင့်ရှိသောအတိုင်ပင်ခံလွှတ်တော်ကို ဖွဲ့စည်းနိုင်ကြောင်း၊ လုပ်ရည်ကိုင်ရည်ထက်မြက်ကောင်းမွန်သောဂျပန်အရာရှိအနည်းငယ်ကို မြန်မာအစိုးရထံလွှတ်၍ အကြံပေးအရာရှိကြီးများအဖြစ် တာဝန်ထမ်းဆောင်စေရမည်ဖြစ်ကြောင်း စသည့်အချက်များ ဖော်ပြထားလေသည်။ ၁

နိုင်ငံခြားဆက်ဆံရေးတွင် မြန်မာနိုင်ငံအစိုးရသည် ဂျပန်နိုင်ငံနှင့်ပူးပေါင်းလုပ်ဆောင်ညှိနှိုင်းဆွေးနွေးရမည်ဖြစ်သည်။

ဘဏ္ဍာရေးနှင့်စီးပွါးရေးရာကိစ္စရပ်များတွင်မဟာအရှေ့အာရှတိုက်တည်ထောင်ရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

စစ်မှုရေးရာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရသည် ဂျပန်နိုင်ငံအား အစွမ်းကုန်ကူညီရမည်၊ ဂျပန်တပ်ဖွဲ့များလိုအပ်သော အကူအညီမှန်သမျှဖြည့်စွမ်းပေးရမည်။ လိုအပ်လျှင် ဂျပန်တပ်ဖွဲ့များအတွက် လိုအပ်သောအဆောက်အဦများကို တည်ဆောက်ပေးရမည်၊ မြန်မာအစိုးရသည် ကာကွယ်ရေးအတွက်လိုအပ်သောကြည်း-ရေ-လေ လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းပေးရမည်၊ သို့သော် အင်အားနှင့်တပ်ဖွဲ့စည်းပုံကို ဂျပန်တို့ကဦးစီးဆောင်ရွက်မည်။ဗမာတပ်ဖွဲ့များသည် စစ်ကာလအတွင်း စစ်ဆင်နွဲရာ၌ ဂျပန်စစ်သေနာပတိ၏အမိန့်ကို ခံယူရမည်ဟူသောအချက်များလည်း ပါဝင်လေသည်။ ၂

၁၉၄၃ခု၊ မတ်လအစောပိုင်း;တွင် ဂျပန်နိုင်ငံအစိုးရက မြန်မာခေါင်းဆောင်ကြီးများအား ဂျပန်နိုင်ငံသို့ ဖိတ်ကြားခဲ့ရာ ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်၊ သခင်မြနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၃ခု၊ မတ်လ၁၁ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွါသွားကြသည်။ မတ်လ ၁၈ရက်နေ့တွင် တိုကျိုမြို့သို့ရောက်ရှိပြီး ဝန်ကြီးချုပ်တိုဂျိုနှင့်လွတ်လပ်ရေးကိစ္စများကို ဆွေးနွေးကြသည်။ ယင်းဆွေးနွေးပွဲတွင် လွတ်လပ်ရေးသဘောတူညီချက်များ ရရှိပြီးသည့်နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည်

၁။ Won Zoon Yoon-Japan's Occupation of Burma p.231

၂။ F.N.Trager(ed)-Burma:Japanese Military Administration. Document No.35. "Guiding Principles for the Independence of Burma."

ဂျပန်အစိုးရက ပေးအပ်သော တချွန်တော်ကို ယူဆောင်၍ တိုကျိုမြို့မှ ပြန်လည်ထွက်ခွါလာ ရာ ဧပြီလ ၁၄ ရက်နေ့တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာကြလေသည်။[၁]

## လွတ်လပ်ရေးစီစဉ်မှုအဖွဲ့

ဂျပန်အာဏာပိုင်တို့သည် ၁၉၄၃ခု၊ မေလ ၈ ရက်နေ့တွင် မြန်မာပြည်လွတ်လပ်ရေး အတွက် ကြိုတင်ပြင်ဆင်လုပ်ကိုင်ရန် ဥက္ကဋ္ဌဒေါက်တာဘမော်ပါဝင်သော လွတ်လပ်ရေး စီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပေးကြလေသည်။ ယင်းအဖွဲ့တွင် ယာယီအစိုးရအဖွဲ့မှ ဒေါက်တာ ဘမော်၊ သခင်မြ၊ ဒေါက်တာသိန်းမောင်၊ သခင်သန်းထွန်း၊ သခင်ထွန်းအုပ်၊ ဦးလှဖေ၊ ဦးထွန်းအောင်၊ ဗန္ဓုလဦးစိန်၊ ဦးဘဝင်း၊ သခင်ဗစိန်၊ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၊ ဆာမြဘူး နှင့် နိုင်ငံရေးအဖွဲ့အစည်းများမှ သခင် ကိုယ်တော်မှိုင်း၊ ဦးဆက်၊ ဦးချစ်လှိုင်၊ သခင်နု၊ ဒေါက်တာစံစီဖိုး၊ ဦးအေး၊ ဝတ်လုံဦးသိမ်းမောင်၊ ဟသ်ာတဦးမြ၊ သစ်ကုန်သည် ဦးအေးမောင်၊ ဦးထွန်းဖေ၊ ဆာဦးသွင်၊ ဦးကျော်နှင့် ဦးခင်မောင်ဒွေးတို့ပါဝင်၍ အတွင်းရေးမှူးအဖြစ် ဦးကျော်ငြိမ်းက ဆောင်ရွက်သည်။[၂]

လွတ်လပ်ရေးစီစဉ်မှုအဖွဲ့၏အဓိကလုပ်ငန်းတာဝန်မှာလွတ်လပ်သောမြန်မာနိုင်ငံ အတွက်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကိုရေးဆွဲရန်ဖြစ်သည်။ ၁၉၄၃ခု၊ ဇူလိုင်လလယ် ခန့်တွင် ဂျပန်တို့၏ကြီးကိုင်စီစဉ်မှုဖြင့် လွတ်လပ်ရေးစီစဉ်မှုအဖွဲ့သည် ယင်းအုပ်ချုပ်ရေးစည်းမျဉ်း ဥပဒေကိုရေးဆွဲခဲ့သည်။

၁၉၄၃ခု၊ ဇွန်လ ၁၆ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ်တိုဂျိုက ဒိုင်းယက်လွှတ်တော်တွင် မိန့်ခွန်းပြောကြားရာ၌ မြန်မာပြည်တွင်လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို မေလ ၈ရက်နေ့ကပင် ဖွဲ့စည်းပြီးခဲ့ကြောင်း၊ ထိုအဖွဲ့က လွတ်လပ်ရေးပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ တိုးတက်မှုရှိနေကြောင်း၊ လွတ်လပ်ရေးပြင်ဆင်မှုလုပ်ငန်းများပြီးစီးတော့မည်ဖြစ်ရာ မကြာမီ မြန်မာပြည်လွတ်လပ်ရေးကို ကြေညာပေးနိုင်တော့မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားလေ သည်။[၃]

---

၁။ Won Zoon Yoon-Japan's Occupation of Burma pp.232-234

၂။ (က) Burma Intelligence Bureau-Burma During the Japanese Occupation.Vol.I.pp.9-10.

(ခ) သခင်လွင်-ဂျပန်ခေတ်ဗမာပြည်၊ မျက်၊ ၁၄၉-၁၅၀

၃။ Burma Intelligence Bureau -Burma During the Japanese Occupation.Vol.I.pp.9-10.

၁၉၄၃ခုနှစ်ဇူလိုင်လတွင်ဒေါက်တာဘမော်သည် စင်ကာပူသို့ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ်တိုဂျိုနှင့်တွေ့ဆုံ၍လွတ်လပ်ရေးကိစ္စများကို ထပ်မံဆွေးနွေးခဲ့သည်။[၁]

၁၉၄၃ ၊ ဇူလိုင်လ ၂၀ ရက်နေ့တွင်ဂျပန်ဘုရင်ကယခင်ပြင်သစ်ပြည်ဆိုင်ရာ ဂျပန်သံအမတ်ကြီး ရင်ဇိုဆာဝါဒါ[၂] အားမြန်မာပြည်ဆိုင်ရာဂျပန်သံအမတ်ကြီးအဖြစ်ခန့်အပ်ရာ ဇူလိုင်လ ၂၆ ရက်နေ့တွင်မြန်မာပြည်သို့ရောက်ရှိလာလေသည်။[၃]

## လွတ်လပ်ရေးကြေညာခြင်း

၁၉၄၃ခုဩဂုတ်လ ၁ ရက်နေ့တွင်မြန်မာပြည်စစ်နယ်မြေဆိုင်ရာဂျပန် တပ်တော်စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘီက ၁၉၄၂ခုမတ်လ ၁၅ ရက် နေ့မှစတင်ခဲ့သော စစ်အုပ်ချုပ်ရေးကိုလည်းကောင်း၊၁၉၄၂ခု၊ ဩဂုတ်လ၁ရက်နေ့ကစတင်ခန့်အပ်ခဲ့သောယာယီအစိုးရအဖွဲ့ကို လည်းကောင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်မှုပြင်ဆင်ရေးရုံး(ဟောဘီကျော့ကု)ကိုလည်းကောင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်အကြံပေးအဖွဲ့(အတိုင်ပင်ခံအရာရှိကြီးရုံး) ကိုလည်းကောင်းဖျက်သိမ်းလိုက်ကြောင်းကြေညာ၍ မြန်မာနိုင်ငံ လွတ်လပ်ရေးကို ကြေညာပေးသည်။ ထို့နောက် မြန်မာနိုင်ငံအစိုးရနှင့် အတိုင်ပင်ခံလွှတ်တော် ကိုဖွဲ့စည်းပေးလေသည်။[၄]

ဂျပန်တို့ဖွဲ့စည်းပေးသောအစိုးရအဖွဲ့ဝင်များမှာ–

| | |
|---|---|
| ဒေါက်တာဘမော် | – နိုင်ငံတော်အဓိပတိ |
| သခင်မြ | – ဒုတိယဝန်ကြီးချုပ် |
| ဒေါက်တာသိန်းမောင် | – ဘဏ္ဍာရေးဌာနဝန်ကြီး[၅] |
| ဦးထွန်းအောင် | – ပူးပေါင်းဆောင်ရွက်ရေးဌာနဝန်ကြီး[၆] |
| ဦးဘဝင်း | – ပြည်ထဲရေးဌာနဝန်ကြီး |
| ဗန္ဓုလဦးစိန် | – ကြီးပွါးရေးနှင့်ဝါဒဖြန့်ချိရေးဌာနဝန်ကြီး |
| ဦးလှဖေ | – သစ်တောနှင့်သတ္တုတွင်းဌာနဝန်ကြီး |

၁။ Burma Intelligence Bureau-Burma During the Japanese Occupation.pp.9-10

၂။ Renzo Sawada

၃။ Burma Intelligence Bureau-Burma During the Japanese Occupation.pp.9-10

၄။ မစ္စတာအိုးနိတိုးရှ(မြန်မာပြန်)–ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ၊ မျက်၊ ၃၇၁၊၃၈၀။

၅။ နိုင်ငံတော်အဓိပတိဒေါက်တာဘမော်သည် ၁၉၄၃ခု၊ ဩဂုတ်လ ၁၈ ရက်နေ့တွင်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာသိန်းမောင်အား ဂျပန်ပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့ပါသည်။

၆။ ပူးပေါင်းဆောင်ရွက်ရေးဌာနဆိုသည်မှာ ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်ရေးကို ဆိုလိုပါသည်။

| | | |
|---|---|---|
| သခင်သန်းထွန်း | – | မြေနှင့်လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီး |
| ဦးသိမ်းမောင် | – | တရားရေးဌာနဝန်ကြီး |
| ဦးမြ ( ပျော်ဘွယ် ) | – | ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုလက်မှုဌာနဝန်ကြီး |
| ဦးလှမင်း | – | ပညာရေး၊ကျန်းမာရေး၊စည်ပင်သာယာရေးဌာနဝန်ကြီး |
| ဦးအေး | – | အခွန်တော်ဌာနဝန်ကြီး |
| သခင်လေးမောင် | – | လမ်းပန်းဆက်သွယ်ရေးနှင့်ဆည်မြောင်းဌာနဝန်ကြီး |
| သခင်နု | – | နိုင်ငံခြားရေးဌာနဝန်ကြီး |
| ဗိုလ်ချုပ်အောင်ဆန်း | – | ကာကွယ်ရေးဌာနဝန်ကြီး(စစ်ဝန်ကြီး) |
| သခင်လွန်းဘော် | – | အဆောက်အဦနှင့်ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး |

တို့ဖြစ်ကြသည် ။ [၁]

အတိုင်ပင်ခံလွှတ်တော်အမတ်များမှာ သခင်ကိုယ်တော်မှိုင်း ၊ ဒေါက်တာစံစီဖိုး ၊ ဦးသွင် ၊ ဦးချစ်လှိုင် ၊ ဦးထွန်းဖေ ၊ ဦးဆက် ၊ ဟသ်ာတဦးမြ ၊ ဦးကျော် ၊ ဦးအေးမောင် ၊ ဦးမောင်မောင်ဖျား ၊ ဦးကြီးမြင့် ၊ ဦးဘိုးစံ ၊ ဦးဘလှိုင် ၊ ဦးခင်မောင်ပု ၊ ဒိုးဒုတ်ဦးဘချို ၊ မြန်မာ့အလင်းဦးတင် ၊ ဦးစိန်ဝင်း ၊ ဦးဘသိ ၊ သခင်သာခင် ၊ ဦးမိုတို့ဖြစ်ကြသည် ။ [၂]

မြန်မာနိုင်ငံလွတ်လပ်ရေး ကြေညာသည့်နေ့တွင်ပင် အဓိပတိဒေါက်တာဘမော်သည် ဗြိတိသျှနှင့် အမေရိကန်တို့အား စစ်ကြေညာသည်။ ထို့နောက်ဂျပန်–ဗမာမဟာမိတ်စာချုပ်ကိုလည်းချုပ်ဆိုကြသည်။ ယင်းစာချုပ်တွင်မဟာအရှေ့အာရှစစ်ပွဲကြီး အောင်မြင်စွာတိုက်ခိုက် နိုင်ရန်ဂျပန်နိုင်ငံနှင့်ဗမာနိုင်ငံတို့သည် စစ်ရေး ၊ နိုင်ငံရေး ၊ စီးပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖော်ပြပါရှိလေသည်။ [၃]စင်စစ်အားဖြင့် ထိုစာချုပ်မှာ ဂျပန်တို့တိုက်ခိုက်နေသောစစ်ကြီးအောင်မြင်ရေးအတွက် မြန်မာတို့၏ပစ္စည်း၊ မြန်မာတို့၏လုပ်အားနှင့်မြန်မာတို့၏ အသက်များကိုစတေး၍ အသုံးချရန်ချုပ်ဆိုသော စာချုပ်မျှသာ ဖြစ်လေ သည် ။ [၄]

ဖော်ပြပါဂျပန်–ဗမာမဟာမိတ်စာချုပ်အပြင် ဂျပန်–ဗမာလျှို့ဝှက်စစ်စာချုပ်တစ်ခု ကိုလည်းချုပ်ဆိုခဲ့ပေသေးသည် ။ ယင်းစာချုပ်တွင်မဟာအရှေ့အာရှစစ်ပွဲကြီးဆင်နွှဲနေစဉ်အတွင်းဂျပန်တပ်ဖွဲ့များအားလိုအပ်သောပစ္စည်းအင်အား ၊ လူအင်အားဖြင့်ကူညီရေး ၊ ဗမာ့တပ်မတော်တပ်ဖွဲ့များအား ဂျပန်စစ်သေနာပတိချုပ်၏ ကွပ်ကဲမှုအောက်တွင် ထားရှိရေး၊ ကင်ပေတိုင်ခေါ် ဂျပန်စစ်ပုလိပ်တို့၏ ပြုမူဆောင်ရွက်မှု များတွင် မြန်မာ့အစိုးရအဖွဲ့က

---

၁။ (က) လူထုဦးလှ–သတင်းစာများပြောပြတဲ့စစ်တွင်းဗမာပြည်(တတိယတွဲ) ၊ မျက်နှာ ၆၅
( ခ ) သခင်လွင်–ဂျပန်ခေတ်ဗမာပြည် ၊ မျက်နှာ ၁၆၆
၂။ သခင်လွင်–ဂျပန်ခေတ်ဗမာပြည် ၊ မျက်နှာ ၁၅၇–၁၅၈
၃။ လူထုဦးလှ–သတင်းစာများပြောပြတဲ့စစ်တွင်းဗမာပြည်(တတိယတွဲ) ၊ မျက်နှာ ၇၅
၄။ သခင်လွင် – ဂျပန်ခေတ်ဗမာပြည် ၊ မျက်နှာ ၁၉၈

ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲပူးပေါင်းဆောင်ရွက်ရေး စသည့်အချက်များ ပါဝင်သည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်စေကာမူ ဂျပန်စစ်ပုလိပ်များကမျိုးချစ် လူငယ်မြောက်များစွာတို့အား ဖမ်းဆီးချုပ်နှောင်ညှဉ်းပန်းသတ်ဖြတ်ရာတွင် မြန်မာနိုင်ငံ အစိုးရအဖွဲ့ကမည်သို့မျှဆောင်ရွက်နိုင်စွမ်းမရှိခဲ့ပေ ။[၁]

ယင်းအချက်နှင့်စပ်လျဉ်း၍ဗိုလ်ချုပ်အောင်ဆန်းက–

" ငါတို့သည်ကမ္ဘာကြေသော်လည်းကျေချမ်းနိုင်စရာမရှိပေ။ ငါတို့ စစ်တပ်များကိုလည်းဘုရားပြီးငြိမ်းဖျက်ဆိုသလိုသူတို့အတွက်သုံးလို့အားရသည့်အခါ စစ်တပ်တွေဖျက် ၊ လက်နက်တွေသိမ်း၊ တစ်ချို့ငါတို့ရဲ့ ရဲဘော် တွေဖမ်းသတ်အစရှိသည်တို့ကိုပြုလုပ်ခဲ့ပေသည် ။ သို့သော်ဂျပန်ဖက်စစ်များသည်၁၉၄၃ ခုနှစ်လောက်ကစ၍ကမ္ဘာစစ်အခြေအနေမှာသူတို့နှင့်သူတို့မဟာမိတ်ဂျာမဏီတို့တစ်စတစ်စရှုံးလာသောအခါ ငါတို့တိုင်းပြည်အားအဆီအသားကင်းသောလွတ်လပ်ရေးအတုအယောင်ကိုပေးခဲ့လေသည်။ ဂျပန်အစိုးရနှင့်ငါတို့တိုင်းပြည်မှာမဟာမိတ်များဟုစာချုပ်အရ ဆိုထားသော်လည်းမမှန်၊ ဂျပန်ကလွှဲ၍ တစ်ခြားနိုင်ငံများကိုဂျပန်ဩဇာအောက် မန်ချူးရီးယား အစရှိသော နိုင်ငံများနှင့် ပင်ဆက်သွယ်ခြင်းမပြုနိုင် ။ "

" သူတို့ဂျပန်စစ်တပ်ကဘာမဆိုငါတို့တိုင်းပြည်တွင်းမှာလုပ်နိုင်အောင်လျှို့ဝှက်သောစစ်စာချုပ်ဖြင့်ဗမာအစိုးရအားခိုင်မြဲစွာတုတ်နှောင်ထားလေ သည် ။ ယခုအခါ ဂျပန်များသည်ရှေ့ကလူကြီးမှန်း သူကြီးမှန်းမသိ ၊ လုပ်ချင်ရာလုပ်နေရင်းက သူတို့အခြေမလှ၍ ငါတို့အား ခေါင်းတညိတ်ညိတ် မျက်နှာ တပြုံးပြုံးအင်မတန်ယဉ်ကျေးလာပြန်သည် ။ သို့သော်လည်းသူတို့ကိုငါတို့မယုံနိုင်၊သူတို့က ငါတို့အားဇော်ကား ညှဉ်းဆဲသမျှ ကိုငါတို့မကျေချမ်းနိုင်၊ ယုံစရာလည်းမရှိ၊ ယခုငါတို့အား လိုက်လျောယောင်နှင့် ငါတို့တပ်များကို ဖြစ်ကတတ်ဆန်းဖွဲ့ ၊ သူတို့လိုချင်သုံး၊စစ်မြေပြင်သို့ အပြင်အဆင်ဘာမှမရှိဘဲအရမ်းပို့၊ အရေးကြုံက ပစ်ထား သည့်စနစ်ကိုသုံးစွဲတုန်းပင် ရှိသည် ။[၂] "

ဟူ၍ဖက်ဆစ်ဂျပန်တို့၏သရုပ်ကိုဖေါ်ထုတ်ခဲ့လေသည် ။

---

၁။ (က) သခင်လွင် – ဂျပန်ခေတ်ဗမာပြည် ၊ မျက် –၁၉၈

(ခ) FN Trager(ed)-Burma:Japanese Military Administration. Ducuments No.40 "Detail Describing the Japan-Burma Military Agreement."

၂။ DR 668 – ဂျပန်တော်လှန်ရေးအတွင်းထုတ်ဝေသောကြေညာစာတမ်းနှင့်စာများ ။

ဂျပန်အာဏာပိုင်တို့သည်မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို ကြေညာပေးသော်လည်း ရှမ်းပြည်နယ်၊ ကရင်နီနယ် ( ကယားပြည်နယ် )နှင့် ဝနယ်တို့ကိုမူထည့်သွင်းမပေးဘဲဂျပန်တပ်မတော်၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ပင်ထားရှိခဲ့ပေသည် ။ ကျိုင်းတုံနှင့်မိုင်းပန်နယ်တို့ကိုလည်း ၁၉၄၂ခုနှစ်ဦးပိုင်းစနိုက်ကပင် ယိုးဒယားပြည်သို့ ပေးအပ်ခဲ့ပြီးဖြစ်သည် ။ သို့သော် ၁၉၄၃ခု၊စက်တင်ဘာလ ၂၂ ရက်နေ့တွင်ပြုလုပ်သောဂျပန်ပြည်အစိုးရအဖွဲ့ဝင် များနှင့်လွှတ်တော်အကြံပေးအဖွဲ့ဝင်များ အစည်းအဝေးမှမဟာအရှေ့အာရှစစ်ပွဲကြီးအောင်မြင်ရေးအတွက် မြန်မာတို့၏ပူးပေါင်းဆောင်ရွက်မှုကိုပိုမိုရရှိရန် ကျိုင်းတုံနှင့် မိုင်းပန်နယ်များမှတစ်ပါး ရှမ်းပြည်နယ်၊ ကရင်နီနယ်(ကယားပြည်နယ်)နှင့် ဝ နယ်တို့ကိုမြန်မာတို့အားပြန်လည်ပေးအပ်ရန်သဘောတူညီခဲ့ကြသည် ။[၁]

သို့ဖြင့် ၁၉၄၃ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင်ဒေါက်တာဘမော်နှင့် ဂျပန်သံအမတ်ဆာဝါဒါတို့သည် သဘောတူညီချက်တစ်ရပ်လက်မှတ်ရေးထိုး၍ ယင်းနယ်များကိုမြန်မာတို့အား ပြန်လည်ပေးအပ်ခဲ့လေသည် ။[၂]

မဟာ အရှေ့အာရှတိုက် အတူကြွယ်ဝ ချမ်းသာရေးနှင့် ထွန်းကား တိုးတက်ရေးဟူသော ကြွေးကြော်သံဖြင့် ဂျပန် တို့ကြေညာပေးခဲ့သည် မြန်မာ့လွတ်လပ်ရေးမှာ အတုအယောင်မျှသာဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဂျပန်ပြည်မှ ပြန်လာစဉ်ကပင် ဂျပန်တို့ပေးမည့် လွတ်လပ်ရေးမှာ အမည်ခံလွတ်လပ်ရေးသာဖြစ်သည်ကို ညည်ခံကြိုဆိုပွဲတစ်ခုတွင် အမြွက်မျှမိန့်ကြားခဲ့ပြီးဖြစ်သည် ။[၃]

ဂျပန်ပေးသည့် လွတ်လပ်ရေးတစ်နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သော ၁၉၄၄ခု၊ ဩဂုတ်လ ၁ ရက်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်စစ်သေနာပတိဒုတိယဗိုလ်ချုပ်ကြီးကဝါဘီနှင့်ဂျပန်သံအမတ် ရင်ဂိုဆာဝါဒါတို့၏ရှေ့မှောက်၌–

" ယခုဗမာပြည်လွတ်လပ်ရေးရတာတစ်နှစ်ပေ့လာပြီ။ ဒီအတောအတွင်းမှာ ကျွန်ုပ်တို့ဘာတွေ့ရကြသလဲ။ အမှန်ပြောရရင်တော့ ကျွန်ုပ်တို့တိုင်းသူပြည်သားတွေဟာလွတ်လပ်ရေးအရသာဆိုတာမခံစားရသေးဘူး၊ခံစားရတဲ့လူတွေဟာလည်း လူနည်းစုသာဖြစ်တယ်။ အဲဒီလူနည်းစုတွေထဲမှာ ဘယ်သူတွေလဲ ဆိုလို့ရှိလျှင်

---

၁။ (က)လူထုဦးလှ–သတင်းစာများပြောပြတဲ့စစ်တွင်းဗမာပြည်(ဒုတိယတွဲ)၊မျက်–၁၅၇။

(ခ)F.N. Trager(ed)-Burma:Japanese Military Adiminstration pp.229-230.

(ဂ)Burma Intelligence Brueau-Burma During the Japanese Occupation. pp.27-28.

၂။ Burma Intelligence Brueau-Burma During the Japanese Occupation. p. 28.

၃။ Aung San - Burma's Challenge.

> ကျွန်တော်အပါအဝင်ကျွန်ုပ်အထက် အစိုးရအရာရှိကြီးတွေ၊ ဒီလူတွေကပ် မြှောင်ပြီး စားနေတဲ့လူတွေ အမြတ်အစွန်းကြီးကြီးယူပြီး လူတွေရဲ့ဒုက္ခကိုရင်းနှီးပြီး စီးပွားရှာနေကြတဲ့ခေတ်ပျက်သူဌေးတွေအဲဒါတွေလောက်ဘဲ ။ အဲဒီတော့ တိုင်းသူပြည်သားတွေအဖို့မှာ လွတ်လပ်ရေးရပေမဲ့ ဟာတာတာကြီးဖြစ်နေမှာပဲ ။ လွတ်လပ်ရေးဆိုတာဘယ်လိုဟာလဲ၊လွတ်လပ်ရေးဆိုတာ ဘယ်မှာလဲလို့တိုင်းသူပြည်သားတွေ စိတ်ထဲမှာမေးကြမြန်းကြလိမ့်မယ် ။ အမှန်ကတော့ အခုလွတ်လပ်ရေးဟာအများသိကြတဲ့အတိုင်း စာပေါ် လွတ်လပ်ရေးပဲ ရှိသေးတယ် ။ လက်တွေ့သဘောအတည်နဲ့ ကိုယ်နှင့် ဒြပ်နှင့် ကောင်အထည်နှင့်မမြင်ရ၊ မတွေ့ရ၊ မခံစားရသေးဘူး ။ ကျွန်ုပ်တို့ရှေ့ဆက်ပြီးတော့စခန်းသွားနိုင်အုံးမှ လွတ်လပ်ရေးအကောင်အထည်ကို မြင်ရလိမ့်မယ် ။ [1]

စသည်ဖြင့်ပြတ်ပြတ်သားသားမိန့်ခွန်းမြွက်ကြားခဲ့လေသည် ။

## စစ်ဝန်ကြီးရုံး

ဂျပန်အာဏာပိုင်တို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးကိုကြေညာပေးသည့်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအား ကာကွယ်ရေးဝန်ကြီး ( စစ်ဝန်ကြီး ) ရာထူးခန့်အပ်လိုက်ရာ ဗိုလ်မှူးကြီးနေဝင်းသည် ဗမာ့ကာကွယ်ရေးတပ်မတော်၏ စစ်သေနာပတိတာဝန်ကိုလွှဲပြောင်းထမ်းဆောင်ခဲ့ရလေသည် ။ တစ်ချိန်တည်းတွင်ပင်ရန်ကုန်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဝန်ကြီးရုံး [2]နှင့် ဗိုလ်မှူးကြီးနေဝင်း၏စစ်ဦးစီးချုပ်ရုံး ( ဦးစီးဗိုလ်ချုပ်ရုံး )[3] တို့ကို ဖွဲ့စည်းတည်ထောင်လိုက်သည် ။

စစ်ဝန်ကြီးရုံးတွင်ပါဝင်သောဌာနများမှာစစ်ဝန်ကြီးဌာန ၊ ဒုတိယစစ်ဝန်ကြီးဌာန ၊ အထွေထွေဌာန ၊ ပညာရေးဌာန ၊ ဖွဲ့စည်းရေးဌာန ၊ ရိက္ခာနှင့်ပစ္စည်းထောက်ပံ့ရေးဌာန ၊ စာရင်းစစ်ဌာန ၊ ဆေးဌာနခွဲ ၊ တရားဌာနခွဲ ၊ စစ်မြင်းနှင့်တိရစ္ဆာန်ဆေးကုဌာနခွဲ ၊ စာရင်းဌာနခွဲများအပြင်ဆိုင်ရာဌာနကြီးများ၏ ကွပ်ကဲမှုအောက်တွင် စစ်လက်နက်ပစ္စည်းဌာန၊ စစ်ဝတ်ပစ္စည်းဌာန ၊ အဆောက်အဦဌာန ၊ အချက်ပြဆက်သွယ်ရေးဌာန ၊ စစ်ပန်းချီဌာန ၊

---

၁ ။ မြန်မာ့အလင်းသတင်းစာ( ၆-၈-၄၄ )

၂ ။ စစ်ဝန်ကြီးရုံးမှာ ယခင်ပြည်လမ်းရှိစိန့်ဗင်ဆင်မိန်းကလေးကျောင်း၊ အဆောက်အဦးတွင် တည်ရှိသော ဟောဘ်ကျော့က ခေါ်စစ်မှုပြင်ဆင်ရေးရုံးဖြစ်ပြီး ၂၂-၁၂-၄၃ နေ့တွင်ဦးဝိစာရလမ်းမရှမ်းမြိမ်းကလေးအထက်တန်းကျောင်းအနီးရှိအဆောက်အဦးသစ်သို့ပြောင်းရွှေ့ခဲ့ပါသည် ။ (ဘောဝါမိုတို၏နေ့စဉ်မှတ်တမ်း )

၃ ။ စစ်ဦးစီးချုပ်ရုံးမှာဦးဝိစာရလမ်းနှင့် ဘောင်ဒရီလမ်းခေါင့်အနီးကုန်းမြင့်ပေါ်တွင် တည်ရှိပါ သည် ။

စစ်ပြေပုံဌာန ၊ စစ်ရဲဌာန စသည်တို့ဖြစ်သည် ။ [1]

စစ်ဝန်ကြီးရုံး၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စစ်ဝန်ကြီးသည် ဗမာနိုင်ငံ သက်နက်ကိုင်တပ်များကို စည်းရုံးရေး ၊ အုပ်ချုပ်ရေး ၊ လေ့ကျင့်ရေးတို့တွင် ဗမာ့တပ်မတော် ဘစ်ရပ်လုံး၏စစ်သေနာပတိချုပ်ဖြစ်သော နိုင်ငံတော်အဓိပတိအား တာဝန်ခံဆောင်ရွက်ရ သည် ။

စစ်ဝန်ကြီးလက်အောက်ရှိ တာဝန်များကို ခွဲဝေရာတွင် ဒုတိယစစ်ဝန်ကြီးသည် အမြဲတမ်းလက်ထောက်အတွင်းရေးမှူးမှတစ်ဆင့် အထွေထွေဌာနကို အုပ်ချုပ်သည် ။ ယင်း၏ လက်အောက်တွင် ပညာရေးဌာန ၊ မွဲ့စည်းရေးဌာန ၊ ရိက္ခာနှင့်ပစ္စည်းထောက်ပံ့ရေးဌာန ၊ စာ ရင်းစစ်ဌာနကြီး လေး ဌာနရှိသည် ။ [2]

စာ ရင်းစစ်သည်စစ်ဝန်ကြီးအားတိုက်ရိုက်တာဝန်ခံဆောင်ရွက်ရသည် ။

၁။ အထွေထွေဌာန

(၁) စစ်ရုံးအလုပ်ဆိုင်ရာ စခန်းနည်းလမ်းနှင့် ရုံးအလုပ်များကို ဦးစီးဆောင် ရွက်ခြင်း ၊

(၂) စစ်ရုံးအတွင်းချွေတာရေး ၊

(၃) ရုံးတွင်းအပြင်လူများကိုစာရေးစာချီအဖြစ်အလုပ်အကိုင်ပေးရေး ၊

(၄) ငွေသုံးကြီးကြပ်ရေးနှင့်ငွေရေးကြေးရေးဘက်တွင်အကြံပေးရေး ၊

(၅) ငွေကြေးကုန်ကျရန်ကိစ္စအသစ်ရှိလာကဝေဖန်စီစစ်ရေး၊ သို့မဟုတ် ၊ ကိစ္စအ သီး သီးအတွက်ဝေပုံကျအသုံးငွေကိုထပ်မံပြုပြင်ဝေပုံချပေးရေး ၊

(၆) ရာထူးခန့်ထားရေး ၊ တိုးပေးရေး အစရှိသည့်ကိုယ်ရေးကိစ္စများအတွက်တွေ့ လိုသောအရာရှိများနှင့်တွေ့ဆုံရန် ၊

(၇) သတင်းစုဆောင်ရေးနှင့်စစ်ဝါဒဖြန့်ရေး ၊

(၈) အာဇာနည်ဗိမာန် ၊ ပွဲတော်နှင့်စစ်အလံစီစဉ်ပြုလုပ်ရေး ၊

(၉) တပ်မတော်မိတ်သဘင်ကိစ္စ ၊ [3]

(၁၀) စစ်ဘေးဒုက္ခမှသက်သာချောင်ချိရေး ၊

(၁၁) ဂုဏ်ထူးဆောင်အမှတ်တံဆိပ်များ ၊ ဆုများ ၊ အပြစ်ဒဏ်နှင့်အယူခံကိစ္စ ၊

---

၁။ (က) DR. 4446 – ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ရုံးအဖွဲ့အစည်းနှင့်အလုပ်ဝတ္တရား ခွဲဝေခြင်း၊

(ခ) ဒေါက်တာမောင်မောင် – သားမောင်စစ်သည်သို့ ၊ မျက် ၈၃–၈၄ ။

(ဂ) ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း ( ဒုတိယတွဲ ) ၊ မျက် ၃၁၁–၃၁၄

၂။ DR. 4446–ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ရုံးအဖွဲ့အစည်းနှင့်အလုပ်ဝတ္တရားခွဲဝေခြင်း ။

၃။ Army Club

(၁၂) ပုံနှိပ်တင်ရုံးများ ၊ စာပေးစာယူကိစ္စနှင့်စာချုပ်စာတမ်းများစုဆောင်းသိမ်းဆည်းရေး၊

(၁၃) စာပုံနှိပ်ခြင်းနှင့်ရုံးသုံးပစ္စည်းများဝယ်ယူရေးလုပ်ငန်း၊

(၁၄) အပြင်ကိစ္စ၊

(၁၅) နိုင်ငံတော်အစိုးရ သို့ပဟုတ် အခြားဌာနများတို့နှင့်ငွေရေးကိစ္စဆက်သွယ်ရေး၊စေ့စပ်ရေး၊

(၁၆) အထွေထွေကိစ္စများ၊

၂။ စစ်ပညာရေးဌာန

(၁) အရာရှိအရာခံဗိုလ်ကြပ်နှင့်တပ်သားများအားပညာသင်ကြားရေး ၊ ပြန်တမ်းဝင်အရာရှိနှင့်နိုင်ငံခြားစစ်ပညာတော်သင်များရွေးချယ်ရေး၊

(၂) ဘာသာပြန်ကိစ္စ ၊ စစ်ပညာနှင့်ပတ်သက်သည့်စာအုပ်များကိုစုဆောင်းရိုက်နှိပ်ထုတ်ဝေရေး၊

(၃) စစ်ပညာသင်ကျောင်းသားများ၊

(၄) အများပြည်သူကိုစစ်အတတ်သင်ကြားလေ့လာရေး၊

(၅) စစ်ပညာသင်ကြားခြင်းနှင့်ပတ်သက်သည့်စည်းမျဉ်းဥပဒေများပြုလုပ်ခြင်း၊

(၆) ပိဋကတ်တိုက်နှင့်သုတေသနလုပ်ငန်း၊

(၇) အခမ်းအနားနှင့်အလေးပြု၊[၁]

၃။ စစ်ဖွဲ့စည်းရေးဌာန

(၁) စစ်တပ်များနှင့်တကွအရံ တပ်များအတွက် အမှုထမ်းများစုဆောင်းဖွဲ့စည်းရေး၊

(၂) စစ်မှုပြင်ဆင်ရေး ( စစ်အင်အားစုဆောင်းရေး )၊ စစ်တပ်မှထွက်ခွင့်ပြုရေး ၊ စစ်သားစုဆောင်းရေး၊မဝင်မနေရစနစ်အရစစ်သားများခေါ်ယူရေး ၊

(၃) မြင်းတပ် ၊ ခြေလျင်တပ် ၊ အမြောက်တပ် ၊ စက်မှုလက်မှုတပ် ၊ အချက်ပြဆက်သွယ်ရေးတပ်များအုပ်ချုပ်ရေး၊

(၄) အထက်အမိန့်အရ အရာရှိများအားအလုပ်ခန့်ထားခြင်း ၊ ရာထူးတိုးပေးခြင်း ၊ အလုပ်မှရိုက္ခာယူခြင်း ၊ အလုပ်နေရာချထားခြင်း ၊ ရွှေ့ပြောင်းခြင်း ၊ ကျဆုံးသောစစ်သည်များ ၊ ကိုယ်အင်္ဂါချို့တဲ့သူများနှင့်ပတ်သက်သည့်တာဝန်များကိုဆောင်ရွက်ရေး၊

---

[၁]။ Ceremony and Salute.

(၅) ဆိုင်ရာတပ်မှအခြားတပ် သို့မဟုတ် ဌာနတစ်ခုခုသို့ ပြောင်းရွှေ့ခြင်း ခန့်ထားရေး၊

(၆) စစ်တပ်အရာရှိများစာရင်းပြုလုပ်ရေး ၊ စစ်စည်းမျဉ်း စစ်အမိန့်ပြန်တမ်း စစ်အဖွဲ့ချုပ်ညွှန်ကြားချက်များနှင့် အခြားစာအုပ်စာတမ်းများ တည်းဖြတ်ထုတ်ပေးရေး၊

(၇) အမျိုးသားကာကွယ်ရေး အစီအစဉ်ပြုလုပ်ရေး နှင့် မဟာမိတ်တပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၈) ရံပုံငွေစာရင်းပြုလုပ်ရေး၊

(၉) စစ်ဝတ်စစ်စားတံဆိပ်များနှင့်စစ်တီးဝိုင်းစီစဉ်ရေး၊

(၁၀) စစ်ကိစ္စနှင့်ပတ်သက်၍ လိုသောအကူအညီရရန်အပြင်လူများနှင့် ပူးပေါင်းဆောင်ရွက်စီစဉ်ရေး၊

(၁၁) စစ်ဘက်ဆိုင်ရာမြေတိုင်းလုပ်ငန်းနှင့်ငှင်းမြေတိုင်းပညာသင်ကြားရေး၊

(၁၂) သံရုံးစစ်တွဲဖက်အရာရှိနှင့်နိုင်ငံခြားပညာတော်သင်များကိစ္စ၊

(၁၃) စစ်သုံ့ပန်းများကိစ္စ၊

(၁၄) လေတပ်နှင့်ရေတပ်ကိစ္စ၊

၄။ **စစ်ဆေးရေးဌာနခွဲ**

(၁) ကိုယ်လက်ကျန်းမာရေးနှင့်သန့်ရှင်းစင်ကြယ်ရေး၊

(၂) စစ်ဆေးဘက်ဆိုင်ရာနှင့်သွားဘက်ဆိုင်ရာဝန်ထမ်းအဖွဲ့များဖွဲ့စည်းအုပ်ချုပ်စီမံခန့်ခွဲရေး၊

(၃) ဆေးဘက်ဆိုင်ရာအမှုထမ်းများကို ဆိုင်ရာပညာရပ်များ သင်ကြားလေ့လာပေးခြင်း၊

(၄) ကျန်းမာရေးနှင့် သန့်ရှင်းရေးအတွက် ဆေးဝါးအသုံးအဆောင်ပစ္စည်းများ သိုလှောင်စုဆောင်းသိမ်းဆည်းထားရှိထုတ်ပေးရေး၊

(၅) ဖျားနာသူနှင့် အနာတရဖြစ်သူများအတွက် ဝေဒနာသက်သာရန်စီမံ ဆောင်ရွက်ရေး၊

၅။ **တရားဌာနခွဲ**

(၁) ဥပဒေနှင့်ပတ်သက်သည့်ပြဿနာများ၊

(၂) စစ်ဥပဒေနှင့်စည်းမျဉ်းများပြုလုပ်ရေး၊

(၃) တရားဌာနဆိုင်ရာဝန်ထမ်းအဖွဲ့ကိစ္စနှင့်အမှုထမ်းများအားဆိုင်ရာပညာသင်ကြားလေ့လာပေးခြင်း၊

(၄) စစ်ထောက်ကိစ္စ၊

(၅) စစ်စည်းကမ်းနှင့်စစ်ရဲအဖွဲ့ ။

**၆။ စစ်မြင်းနှင့်တိရစ္ဆာန်ဆေးကုဌာနခွဲ**

(၁) တိရစ္ဆာန်ဆေးကုဆိုင်ရာဝန်ထမ်းအဖွဲ့ကိုဖွဲ့စည်းအုပ်ချုပ်စီမံခန့်ခွဲရေး ။

(၂) စစ်မြင်းဌာနခွဲကိုဖွဲ့စည်းအုပ်ချုပ် စီမံခန့်ခွဲရေး ။

(၃) တိရစ္ဆာန်ဆေးကုဆိုင်ရာဝန်ထမ်းများအား ဆိုင်ရာပညာရပ်များ သင်ကြားလေ့လာရေး ။

(၄) တိရစ္ဆာန်ဆေးကုဆိုင်ရာဆေးဝါးအသုံးအဆောင်ပစ္စည်းများကို သိုလှောင်စုဆောင်းသိမ်းဆည်းထားရှိထုတ်ပေးရေး ။

**၇။ စစ်ရိက္ခာနှင့်ပစ္စည်းထောက်ပံ့ရေးဌာန**

(၁) တပ်မတော်အတွက်နေရာထိုင်ခင်းချထားရေး ။

(၂) ဆောက်လုပ်၍သော်လည်းကောင်း ၊ ဝယ်၍သော်လည်းကောင်း ၊ ရပ်သူရွာသားများ၏ နေအိမ်များမှာ သော်လည်းကောင်း ၊ စစ်သားများ နေထိုင်ရန် အဆောက်အဦပြုလုပ်စီစဉ်ပေးခြင်း ၊ စစ်အတွင်းနှင့် အရေးကြီးသောအခါများတွင်အလိုရှိသောအဆောက်အဦများကိုသိမ်း၍နေရာချထားပေးခြင်း ။

(၃) ခံတပ်များ ၊ စစ်တန်းလျားများ ၊ ဆေးရုံများ ၊ ရိက္ခာရုံများအစရှိသည်တို့ကို ဆောက်လုပ်ပေးခြင်း ၊ ၎င်းတို့မပျက်မစီးရန်စောင့်ရှောက်ပြုပြင်ပေးခြင်း ။

(၄) ဆိုင်ရာလုပ်ငန်းများနှင့်အလုပ်သမားများကိုအုပ်ချုပ်စီမံခန့်ခွဲခြင်းအလုပ်သမားများအားဆိုင်ရာလက်မှုပညာများနှင့်ပတ်သက်၍စမ်းသပ်စစ်ဆေးခြင်း ။

(၅) အဆောက်အဦဆောက်လုပ်ရန်ပစ္စည်းများကို သိုလှောင်စုဆောင်းသိမ်းဆည်းထားရှိထုတ်ပေးခြင်း ။

(၆) ရိက္ခာသယ်ယူပို့ဆောင်သိုလှောင်စုဆောင်း သိမ်းဆည်းထားရှိထုတ်ပေးခြင်းနှင့်တကွဆိုင်ရာ စစ်တပ်အမှုထမ်းများနှင့်အပြင်အမှုထမ်းများကိုပါအုပ်ချုပ်စီမံခန့်ခွဲခြင်း ။

(၇) သေနတ် ၊ ရထား ၊ ဘီးတပ်ယာဉ် ၊ လက်နက်အငယ်စား ၊ စက်သေနတ် ၊ လက်ပစ်ဗုံး ၊ စက်ဘီး ၊ ဓါတ်ငွေ့ကာကွယ်ရေးတန်ဆာပလာ ၊ သေနတ်ပစ်ကွင်းအကွာအဝေးနှင့် နေရာရှာသော ကရိယာကြည့်တန်ဆာပလာ ၊ အမြောက်တပ်၊ စက်မှုလက်မှုတပ်၊ အချက်ပြတပ်၊ခြေလျင်တပ်နှင့်ပတ်သက်သောစက်ကရိယာတန်ဆာများ သိုလှောင်စုဆောင်းထုတ်ပေးခြင်း ။

(၈) လက်နက်ဆိုင်ရာဝန်ထမ်းအဖွဲ့နှင့် အပြင်လူ အမှုထမ်းများကို အုပ်ချုပ်စီမံခန့်ခွဲခြင်း ။

(၉) အဝတ်အစားနှင့် ဗာဟီရအသုံးအဆောင်ပစ္စည်းများကို သိုလှောင်စုဆောင်း သိမ်းဆည်းပြုပြင်ထုတ်ပေးခြင်း၊

(၁၀) ဓါတ်ဆီ၊ ရေနံဆီ၊ စက်ဆီအစရှိသည့်ပစ္စည်းရပ်များသိုလှောင်စုဆောင်းထား ရှိပြီး စစ်တပ်အတွင်းထုတ်ပေးခြင်း၊

(၁၁) သယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ထမ်းအဖွဲ့ကို အုပ်ချုပ်စီမံခန့်ခွဲ၍အမှုထမ်း များကိုဆိုင်ရာပညာရပ်များ သင်ကြားလေ့လာစေခြင်း၊

(၁၂) စစ်တပ်အတွက် သော်လည်းကောင်း၊ ရုံးအတွက်သော်လည်းကောင်း ကုန် ပစ္စည်းများ သယ်ယူရာတွင် စရိတ်စက အကုန်အကျ မများသင့်ဘဲ မများ စေရန်၊ ဝန်တင်ယာဉ်များငှားရမ်းခြင်းကိစ္စကိုကြပ်မတ်ကြည့်ရှုခြင်း၊

(၁၃) စစ်ဘက်အသုံးချရန်မြေနေရာများကိုသီးသန့်ခြင်းနှင့်ပြုပြင်ခြင်း၊

(၁၄) စစ်တိုက်ခိုက်ရာတွင် စစ်မျက်နှာနောက် စစ်တလင်းတွင်ကျန်ရစ်သောစစ် အသုံးအဆောင်များကိုလိုက်လံစုဆောင်းခြင်းနှင့်စာပေးစာယူကိစ္စများ၊

(၁၅). တပ်များစာတိရစ္ဆာန်များနှင့်ပစ္စည်းများတစ်နေရာမှတစ်နေရာသို့ရွှေ့ပြောင်း ခြင်း၊

ဂ။ စာရင်းဌာနခွဲ

(၁) စစ်ဘက်ဆိုင်ရာ ရုံပုံငွေနှင့်စာရင်းများညှိနှိုင်းခြင်း၊

(၂) တပ်မတော်ဆိုင်ရာငွေနှင့်ငွေစာရင်းများပြုလုပ်သိမ်းဆည်းထားရှိခြင်း၊

(၃) လစာနှင့်ထောက်ပံ့ကြေးများခရီးစရိတ်ထုတ်ပေးခြင်း၊

(၄) ငွေတိုက်ကိုစောင့်ကြပ်ရေး၊

(၅) ရုံပုံငွေနှင့်စာရင်းများနှင့်ပတ်သက်သည့်စည်းမျဉ်း၊

ဃ။ စာရင်းစစ်ဌာန

(၁) တပ်မတော်ရုံပုံငွေနှင့်စာရင်းများကိုစစ်ဆေးခြင်း၊

(၂) စာရင်းစစ်အမှုထမ်းများ စီမံအုပ်ချုပ်၍ ဆိုင်ရာပညာရပ်များသင်ကြားလေ့ လာခြင်း၊

(၃) စာရင်းစစ်ဆိုင်ရာစည်းမျဉ်းဥပဒေများ ၊ စစ်ရုံပုံငွေနှင့်အသုံးကိုညှိနှိုင်းပြုပြင် ရေး၊

စသည်တို့ဖြစ်လေသည်။

ထိုပြင်စစ်ဝန်ကြီးကိုယ်တိုင် စီမံခန့်ခွဲရန်သီးသန့်ထားသော ကိစ္စရပ်များလည်းရှိ ပေသေးသည်။ ယင်းတို့မှာ -

(၁) အမျိုးသားရေးပြဿနာ၊

(၂) လုပ်ငန်းအစီအစဉ်နှင့်ချဲ့ထွင်ပြုပြင်ရေး၊

(၃) စစ်ဝါဒနှင့်သက်ဆိုင်သည့်ကိစ္စများ ၊
(၄) ဗမာနိုင်ငံတော်အစိုးရ ၊ အခြားဌာနများ ၊ အရာရှိများနှင့်ဆက်သွယ်ရေး ၊
(၅) စစ်တပ်နှင့်စစ်ရုံးအရာရှိများ ၊ ရာထူးခန့်ထားရေး ၊ တိုးတက်ပေးရေး ၊ နိုင်ငံခြားပညာသင်များကိစ္စ ၊
(၆) လက်နက်ကိုင်စစ်တပ်များဆိုင်ရာ ပြန်တမ်းဝင်အရာရှိဝန်ထမ်းခန့်အပ်ခြင်းကိစ္စ ၊
(၇) အရာခံဗိုလ်များခန့်ထားရေး ၊ စစ်ရုံး ၊ တွဲဖက်ရုံးနှင့်တပ်သားများအတွက် အရာခံများခန့်ထားရေး ၊
(၈) စည်းကမ်းသေဝပ်ရေးနှင့်စိတ်ဓါတ်ခိုင်မာရေး ၊
(၉) ရုံပုံငွေနှင့်ခန့်မှန်းခြေစာရင်းများ ငွေ(၅၀၀၀/-)အထိကုန်ကျရန်ကိစ္စများ၊
(၁၀) နေ့စဉ်လုပ်ငန်းကိစ္စများမှအပပေါ်ပေါက်လာသောအထူးကိစ္စများ ၊
(၁၁) နည်းဥပဒေနှင့်စည်းမျဉ်းများ ၊
(၁၂) ဥပဒေနှင့်တရားဘက်ဆိုင်ရာကိစ္စများ [၁]

ပင်ဖြစ်သည် ။

ပေါ်ပြပါလုပ်ငန်းကိစ္စများမှအပ ကျန်လုပ်ငန်းများကို ဆိုင်ရာဌာနအသီးသီးမှစစ်ဝန်ကြီး၏ညွှန်ကြားချက်မပါဘဲတာဝန်ခံ၍စီမံခန့်ခွဲဆောင်ရွက်ကြရသည် ။

စစ်ဝန်ကြီးရုံးဌာနအသီးသီးတွင်–

| | | |
|---|---|---|
| စစ်ဝန်ကြီး | – | ဗိုလ်ချုပ်အောင်ဆန်း |
| ဒုတိယစစ်ဝန်ကြီး | – | ဗိုလ်မှူးကြီးစကြာ [၂] |
| အထွေထွေဌာန | – | ဗိုလ်မှူးကလေးသိန်းဟန် |
| ပညာရေးဌာန | – | ဗိုလ်မှူးကလေးဘိုးကွန်း |
| ဖွဲ့စည်းရေးဌာန | – | ဗိုလ်မှူးကြီးလက်ျာ |
| ရိက္ခာနှင့်ပစ္စည်းထောက်ပံ့ရေးဌာန | – | ဗိုလ်ကြီးဝင်း |

---

၁။ DR. 4446 – ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ရုံးအဖွဲ့အစည်းနှင့်အလုပ်ဝတ္တရားခွဲဝေခြင်း။

၂။ ၁၉၄၄ခု၊ ဧပြီလ ၁၈ ရက်နေ့တွင် ဗိုလ်မှူးကြီးစကြာအား ဂျပန်နိုင်ငံဆိုင်ရာ စစ်သံမှူးခန့်အပ်ပြီးနောက် မင်္ဂလာဒုံစစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးဇေယျသည် လိုနစ်အောက်တိုဘာလ ခန့်တွင်ဒုတိယစစ်ဝန်ကြီးဖြစ်လာသည် (ဆာဝါမိုတို၏နေ့စဉ်မှတ်တမ်း)။

| | | |
|---|---|---|
| တာရင်းဌာန | – | ဗိုလ်ကြီးထွေးမောင် |
| ဆေးဌာန | – | ဗိုလ်မှူးမောင်မောင်ကြီး |
| တရားဌာန | – | ဗိုလ်ကြီးဘစိန် |
| စစ်မြင်းနှင့်တိရစ္ဆာန်ဆေးကုဌာနခွဲ | – | ဗိုလ်ကြီးတင်ဆွေ |
| စစ်လက်နက်ပစ္စည်းဌာန | – | ဗိုလ်တင် |
| စစ်ဝတ်ပစ္စည်းဌာန | – | ဗိုလ်ဘတင် |
| အဆောက်အဦဌာန | – | ဗိုလ်နေမျိုး |
| အချက်ပြဆက်သွယ်ရေးဌာန | – | ဗိုလ်ကြီးရှိန်း |
| စစ်ပန်းချီဌာန | – | ဗိုလ်ကြီးအုန်းမောင် |
| စစ်မြေပုံဌာန | – | ဗိုလ်ကြီးဘဟန် |
| စစ်ရဲဌာန | – | ဗိုလ်ကြီးလှမိုး |

တို့ကတာဝန်ယူဆောင်ရွက်ကြသည် ။

ကာကွယ်ရေးဝန်ကြီး (စစ်ဝန်ကြီး)ဗိုလ်ချုပ်အောင်ဆန်းသည်စစ်ဝန်ကြီးရုံးကိုတိုးချဲ့ဖွဲ့စည်းလာသည်နှင့်အမျှတက္ကသိုလ်ကျောင်းသားဘဝက လုပ်ဖော်ကိုင်ဖက်များဖြစ်သော ဦးသိမ်းဟန် ၊ ဦးလှအောင် ၊ ဦးထွေးမောင် ၊ ဦးဘသန်း ၊ ဦးဘို ၊ ဦးထွန်းအို ၊ ဦးဘရှင် ၊ ဒေါ်ခင်မျိုးချစ် စသည့်ပုဂ္ဂိုလ်များကိုစည်းရုံးခေါ်ယူ၍ စစ်ဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်စေခဲ့သည် ။ [၁]

၁၉၄၄ခု ဧပြီလ ၁၈ ရက်နေ့တွင် ဂျပန်အာဏာပိုင်တို့ကဗိုလ်ချုပ်အောင်ဆန်း အား လက်ရှိကာကွယ်ရေးဝန်ကြီးရာထူးအပြင် ဗိုလ်မှူးကြီးနေဝင်းဦးစီးကွပ်ကဲလျက်ရှိသော ဗမာ့တပ်မတော်စစ်သေနာပတိတာဝန်ကိုပါပူးတွဲထမ်းဆောင်စေခဲ့သည် ။ [၂] ထိုနှစ်မေလ၁၅ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကစစ်သေနာပတိ၏စစ်ဌာနချုပ်ကို "ဗဟိုစစ်ဌာနချုပ်" ဟူ၍ ပြောင်းလဲခေါ်ဝေါ်စေခဲ့လေသည် ။ [၃]

## စစ်ဦးစီးချုပ်ရုံး

စစ်ဝန်ကြီးရုံး( ဗဟိုစစ်ဌာနချုပ် ) လက်အောက်ရှိဗိုလ်မှူးကြီးနေဝင်းဦးစီးကွပ်ကဲသောစစ်ဦးစီးချုပ်ရုံး ( ဦးစီးဗိုလ်ချုပ်ရုံး ) ကို သီးခြားဖွင့်လှစ်တည်ထောင်ရာ၌ ယင်းဦးစီး

---

၁။ (က) ဒေါက်တာမောင်မောင်–သားမောင်စစ်သည်သို့၊ မျက်၊ ၈၄

(ခ) ဗိုလ်သံတိုင်–လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း (ဒုတိယတွဲ)၊ မျက်၊ ၃၁၈

၂။ CD.20. The Growth of the Burma Army. p 224

၃။ DR.500.၁၉၄၄ခုဂျပန်ခေတ်ဗမာ့တပ်မတော်စစ်ဝန်ကြီးထုတ်ပြန်သောအမိန့်ပြန်တမ်းများ။

ဗိုလ်ချုပ်ရုံးတွင် အထွေထွေဌာန၊ စစ်ဆင်ရေးဌာန၊ စစ်ပညာသင်ကြားရေးဌာန၊ သတင်းထောက်လှမ်းစိစစ်ပြန့်ပြူးရေးဌာန၊ သိသန့်ဌာန(စီမံရေး)စသည်တို့ပါဝင်သည် ။ [၁]

စစ်ဝန်ကြီးရုံးသည် စစ်ဝန်ကြီးတာဝန်နှင့် စစ်ဦးစီးချုပ် တာဝန်များကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ အုပ်ချုပ်မှုလွယ်ကူစေရေးအတွက် စစ်ဝန်ကြီးရုံးဌာနကြီး အသီးသီးတို့ သည် (ဦးစီးဗိုလ်ချုပ်ရုံး၏တာဝန်များမှအပ) ဗဟိုစစ်ဌာနချုပ်၏ အလုပ်တာဝန်များကို ပူး ပေါင်းဆောင်ရွက်ခဲ့ကြသည် ။

၁၉၄၄ခု ၊ မေလ ၁၅ ရက်နေ့တွင်အလုပ်တာဝန်များကိုခွဲခြားသတ်မှတ်ရာ၌စစ်ဝန်ကြီးရုံးအထွေထွေဌာန၏ အလုပ်ဝတ္တရားဖြစ်သောသတင်းစုဆောင်းရေးနှင့် စစ်ဝါဒဖြန့်ရေးကို စစ်ဦးစီးဗိုလ်ချုပ်ရုံး သတင်းထောက်လှမ်းစုဆောင်းရေးဌာနသို့ လည်းကောင်း ၊ စစ်ဝန်ကြီးရုံး စစ်ပညာညွှန်ကြားရေးဌာနကို စစ်ဦးစီးဗိုလ်ချုပ်ရုံးသို့လည်းကောင်း လွှဲပြောင်းတာဝန်ထမ်းဆောင်စေခဲ့လေသည် ။ [၂]

ဦးစီးဗိုလ်ချုပ်ရုံး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ စစ်ဝန်ကြီးက အမိန့်ထုတ်ပြန်ရာတွင် ဦးစီးဗိုလ်ချုပ်ရုံးအထွေထွေဌာနသည် ဦးစီးဗိုလ်ချုပ်ရုံးဆိုင်ရာ အထွေထွေတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဦးစီးဗိုလ်ချုပ်ရုံးသည်မိမိတို့နှင့် မသက်ဆိုင်သည့်အလုပ်များကို စစ်ဝန်ကြီးရုံး အထွေထွေဌာနမှတစ်ဆင့် ဆိုင်ရာသို့ ဆက်သွယ်ရမည်ဖြစ်ကြောင်း၊ ဦးစီးဗိုလ်ချုပ်ရုံးရှိ အထွေထွေဌာန၊ ဖွဲ့စည်းရေးဌာန၊ ထောက်ပံ့ရေးဌာန၊ စာရင်းနှင့်စာရင်းစစ်ဌာနတို့သည် တစ်သီးပုဂ္ဂလခွဲခြားမလုပ်ဘဲ တစ်ဌာနနှင့်တစ်ဌာန ဆက်သွယ်လျက်ရှိရမည်ဖြစ်ကြောင်း၊ ယင်းဌာနကြီးလေးခုတို့သည် ဦးစီးဗိုလ်ချုပ်ရုံး၏ အထောက်အပံ့သာလျှင် ဖြစ်ရမည်ဖြစ်ကြောင်း ညွှန်ကြားထားလေသည် ။ [၃]

စစ်ဦးစီးဗိုလ်ချုပ်ရုံးတွင် ဦးစီးဗိုလ်ချုပ်ဗမာ့ကာကွယ်ရေး တပ်မတော်စစ်သေနာပတိဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်ကြီးမောင်မောင်၊ ဗိုလ်ကြီးအောင်ကြီး၊ ဗိုလ်ကြီးတင်ကြီး၊ ဗိုလ်ကြည်ဝင်း၊ ဗိုလ်ကြည်ဟန်၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်ဌွမ်ရှိန်စသည်တို့ပါဝင်ဆောင်ရွက်ကြသည် ။ [၄]

---

၁။ DR.1142 ၁၉၄၄ခုဩဂုတ်လတိုင်အောင်ဦးစီးဗိုလ်ချုပ် (Chieff of General Staff)ဟု ခေါ်ဝေါ်သုံးစွဲသည်ကိုတွေ့ရပြီး ယင်းနှစ်အောက်တိုဘာလတွင်မှ စစ်ဦးစီးအဖွဲ့မှူးဟု ပြောင်းလဲသုံးစွဲသည်ကို တွေ့ရပါသည်။ (၁၉၄၄ခုနှစ်ဗမာ့ တပ်မတော်စစ်ဌာနချုပ်မှ ထုတ်ဆင့်သော စစ်ဆင်မှုအမိန့်များ)

၂။ DR.500.၁၉၄၄ခုဂျပန်ခေတ်ဗမာ့တပ်မတော်စစ်ဝန်ကြီးထုတ်ပြန်သောအမိန့်ပြန်တမ်းများ။

၃။ ယင်း။

၄။ ဗိုလ်သံတိုင်–လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း(ဒုတိယတွဲ)၊ မျက် –၃၁၀။

## ဗမာ့တပ်မတော်

ဂျပန်ပေးသောလွတ်လပ်ရေးမှပေါ်ပေါက်လာသောဗမာနိုင်ငံ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေအရ၊ ဗမာ့တပ်မတော်စစ်သေနာပတိချုပ်(အဓိပတိ) အားစစ်ရေးဆိုင်ရာကိစ္စအဝဝ ကိုအကြံပေးရမည့်စစ်ဝန်ကြီး၊ ဒုတိယစစ်ဝန်ကြီး၊ စစ်ဦးစီးဌာနမှူးများ၊ စစ်ဌာနရုံးချုပ်စစ်ဦးစီးဌာနခွဲမှူး၊ စစ်ပညာသင်ကြားရေးဌာနခွဲမှူးတို့ပါဝင်သော ဗဟိုစစ်အဖွဲ့ချုပ်ကြီး(ကာကွယ်ရေးကောင်စီ)[၁] ကိုဖွဲ့စည်းတည်ထောင်ခဲ့သည်။ [၂]

၁၉၄၃ခု၊ ဩဂုတ်လ ၆-ရက်နေ့တွင် ရန်ကုန်မြို့ပြည်လမ်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဝန်ကြီးရုံး၌ စစ်သေနာပတိဗိုလ်မှူးကြီးနေဝင်းက သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ ယင်းသတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးကြီးနေဝင်းက ဗမာ့ကာကွယ်ရေး တပ်မတော်ကြီး၏ အမည်ကိုပြောင်းလဲရန် ရည်ရွယ်ထားကြောင်း၊ **မြန်မာနိုင်ငံတော်အမျိုးသားစစ်တပ်ကြီး** ဟူသောအမည်ကို ပြောင်းလဲကောင်း ပြောင်းလဲမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးဟူသောစကားသည် ခုခံသည်ဟုအဓိပ္ပါယ်ရကြောင်း၊ ဗမာ့စစ်တပ်ကြီးသည် ခုခံကာကွယ်ဘို့မဟုတ်ပဲ ရန်သူကိုခွဲသတ္တိကောင်းကောင်းနှင့် တိုက်စစ်ဆင်ရန်ရည်ရွယ်ချက်ရှိသဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်အမည်မှ၊ ကာကွယ်ရေးဟူသောစကားကိုဖြုတ်ပယ်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့လေသည်။ [၃]

တပ်မတော်တိုးချဲ့ရေးနှင့်စပ်လျဉ်း၍ ဗမာ့စစ်တပ်ကြီးကို အင်အားကောင်းသည် ထက်ကောင်းအောင် အစီအစဉ်ကောင်းသည်ထက်ကောင်းအောင် ထူးခြားသည့်စစ်တပ်ကြီးဖြစ်လာအောင် ချဲ့ထွင်ပြုပြင်ရန်စီစဉ်ပြီးကြောင်း၊ ဗမာ့လေတပ်၊ ရေတပ်၊ ယန္တရားတပ်၊ ရိက္ခာပို့တပ်စသည့်တပ်များကို ချဲ့ထွင်ရန်စီစဉ်နေကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေမှာ အလွန်နဲပါးနေသဖြင့် လူဦးရေတိုးပွါးလာရန်အရေးကြီးကြောင်း၊ ခွဲသတ္တိကောင်းသောလူငယ်များ၊ မျိုးချစ်စိတ်ဖြင့်တိုင်းပြည်ကို ကာကွယ်တိုက်ခိုက်လိုသည့်သူရဲကောင်းများကို စုဆောင်းရန် ကြံရွယ်ထားကြောင်းများကိုလည်း ဆက်လက်မိန့်ကြားလေသည်။ [၄]

၁၉၄၃ခု၊ စက်တင်ဘာလ ၁၅-ရက်နေ့၌ ဗဟိုစစ်အဖွဲ့ချုပ်ကြီး(ကာကွယ်ရေးကောင်စီ) အစည်းအဝေးတစ်ရပ်ကို စစ်ဝန်ကြီးရုံးတွင်ကျင်းပပြုလုပ်ရာ ယင်းအစည်းအဝေးမှ

---

၁။ Defence Council or War Cabinet.

၂။ ဗမာနိုင်ငံအုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ ( အပိုဒ် ၅၁ )

၃။ လူထုဦးလှ-သတင်းစာများပြောပြတဲ့စစ်တွင်းဗမာပြည်(တတိယတွဲ)၊ မျက် ၊၁၇၅-၁၈၈။

၄။ -ယင်း-

ဗမာ့ကာကွယ်ရေးတပ်မတော်အမည်ကို ဗမာ့တပ်မတော် [၁] အမည်သို့ ပြောင်းလဲခေါ်ဝေါ်ရန်ဆုံးဖြတ်သည်။ ဂျပန်ပေးသော လွတ်လပ်ရေးရသည့်အချိန်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းရေးဌာန၊ အကြံပေးဌာနများကို ဗမာ့တပ်မတော်အကြံပေးဌာနဟူ၍ပြောင်းလဲဖွဲ့စည်းခဲ့ရာ ယင်းဌာနတွင် ဗိုလ်မှူးကြီးမာဆာနာအိုဟာယာရှိ [၂] ကဗမာ့တပ်မတော်၏ အကြံပေးအရာရှိအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၃ခု၊ ဒီဇင်ဘာလတွင်သူ၏ တာဝန်ကို ဗိုလ်ချုပ်ဆာဝါမိုတို [၃] ကဆက်ခံဆောင်ရွက်ခဲ့လေသည်။ [၄]

## တပ်ရင်းများတိုးချဲ့ဖွဲ့စည်းခြင်း

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့ကာကွယ်ရေးတပ်မတော် တည်ထောင်ဖွဲ့စည်းသည့်အချိန်မှစ၍ အင်အားတောင့်တင်းခိုင်မာသောတပ်မတော်ကြီးတစ်ရပ်ဖြစ်လာအောင် အစဉ်တစိုက်ကြိုးပမ်းအားထုတ်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံသစ်တည်ဆောက်ရေးနှင့် တပ်မတော်တိုးချဲ့ရေးတို့နှင့် စပ်လျဉ်း၍ လည်း အခါအားလျော်စွာထုတ်ဖော်မြွက်ကြားလေသည်။

၁၉၄၄ခု၊ ဇန်နဝါရီလ ၄–ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံအသံလွှင့်ဌာနမှအသံလွှင့်ပြောကြားရာတွင်–

" ဗမာပြည်၏ကာကွယ်ရေးလို့ကျွန်တော်တို့ဘာကြောင့်ပြောသလဲ။ ကျွန်တော်တို့ဟာ ကျွန်တော်တို့နိုင်ငံကိုမချဲ့ချင်ဘူး။ နယ်မြေတွေကိုလည်း တိုက်ပြီးမယူချင်ဘူး။ ကျွန်တော်တို့နိုင်ငံနယ်မချဲ့ချင်ဘူး။ ကျွန်တော်တို့ဟာ ဗမာပြည်ကိုကာ ကွယ်ချင်တယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံ အမြဲတန်းတောင့်တင်းနိုင်သမျှတောင့် တင်းအောင်လုပ်မယ်။ ဗမာပြည်ကိုကာကွယ်ဘို့ ကျွန်တော်တို့ဟာ ဘာလိုသလဲ။ စစ်တပ်တွေသေချာပေါက်လိုတယ်။ ဒီတပ်တွေထဲမှာ ကြည်းတပ်၊ လေတပ်၊ ရေတပ် တွေပါတယ်။ ကျွန်တော်တို့စစ်တပ်လိုယင် ကျွန်တော်တို့မှာ လူတွေရှိရမယ် ။ အဲဒီနောက် ဒီလူတွေကိုကျွေးဘို့၊ ထောက်ပံ့ဘို့သူတို့အတွက် လက်နက် ခဲယမ်း မီးကျောက်တွေခန့်ခွဲပေးအပ်ဘို့ ကျွန်တော်တို့မှာငွေနဲ့ လိုအပ်

---

၁။ ဆူဘတ်ချန်ဒရာဘို့(စ်) Subas Chandra Bose၏အိန္ဒိယ အမျိုးသားတပ်မတော်ကို Indian National Army (I.N.A ) ဟူ၍ ခေါ်ဝေါ်သုံးစွဲသကဲ့သို့ ဗမာ့တပ်မတော်ကိုလည်း Burma National Army (B.N.A ) ဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့ကြပါသည် ။

၂။ Masanao Hayashi. ၃။ Major-General Sawamoto.

၄။ Major-General Sawamoto-Burma Manoeuvre by Minami Organ and its After. p. 46.

တဲ့ ပစ္စည်းတွေရှိရမယ်။ ဒါကြောင့်ဗမာပြည်ရဲ့အဓိကလုပ်ငန်းဟာ ကာကွယ်ရေး ပထမ၊ ကာကွယ်ရေး ဒုတိယနဲ့၊ ကာကွယ် ရေးနောက်ဆုံးဖြစ်တယ်။ ကာကွယ်ရေးကိုအခြေခံပြီး ကျွန်တော်တို့တတွေ ဗမာနိုင်ငံတော်သစ်ကို တည်ဆောက်ကြရမယ် ။ "[၁]

ဟူ၍အသံလွှင့်ပြောကြားခဲ့သည် ။

တစ်ချိန်တည်းတွင်ပင်စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း ၊ စစ်ဦးစီးချုပ် ဗိုလ်မှူးကြီးနေဝင်းတို့သည် ဗမာ့တပ်မတော်တိုးချဲ့ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဂျပန်အကြံပေးအရာရှိဗိုလ်ချုပ်ဆာဝါမိုတိုနှင့် အခါအားလျော်စွာဆွေးနွေးခဲ့ရာတွင်ဗမာ့တပ်မတော်၏ဖွဲ့စည်းမည့်ပုံသဏ္ဌာန် ၊ လိုအပ်သည့်လက်နက်ပစ္စည်း ၊ စစ်ရေးလှုပ်ရှားမှုများအတွက် လမ်းပန်းအဆက်အသွယ်ကောင်းမွန်ရေး ၊ သယံဇာတပစ္စည်းများတိုးတက်ထုတ်လုပ်ရေး ၊ အကြီးစားစက်ရုံများတည်ဆောက်ရေး စသည့်အချက်များပါဝင်သည်။ နောက်ဆုံးတွင် ကာကွယ်ရေးစီမံချက်[၂] တစ်ရပ်ရေးဆွဲပြီး ဗမာ့တပ်မတော်ကိုပြန်လည်ဖွဲ့စည်းရန်ဆုံးဖြတ်ကြလေသည် ။[၃]

သို့ဖြင့်ဗိုလ်ချုပ်အောင်ဆန်းသည် ကာကွယ်ရေးစီမံချက်တစ်ရပ်ကို ရေးဆွဲခဲ့ရာယင်းစီမံချက်တွင် –

(က) ဗမာ့တပ်မတော်ကို ၅ နှစ်စီမံကိန်းအရ ၊ တပ်ရင်းပေါင်း ၃၆ ရင်း အထိ တိုးချဲ့ဖွဲ့စည်းရန် ။

(ခ) လေတပ်ထူထောင်ဖွဲ့စည်းရေးအတွက် အရာရှိများကိုလေတပ်ပညာသင်များအဖြစ်လေ့ကျင့်ပေးရန် ။

(ဂ) သံချပ်ကာနှင့်ယန္တရားတပ်များတည်ထောင်ဖွဲ့စည်းရန် ။

(ဃ) မြင်းတပ်တည်ထောင်ဖွဲ့စည်းရန် ။

(င) စစ်ဆင်ရေးများကိုပိုမိုထိရောက်စွာ ဆင်နွှဲနိုင်ရေးအတွက် အမြောက်တပ်များကိုတိုးချဲ့ဖွဲ့စည်းရန် ။

(စ) အင်ဂျင်နီယာတပ်နှင့် အချက်ပြဆက်သွယ်ရေးတပ်များကို တိုးချဲ့ဖွဲ့စည်းရန် ။

(ဆ) ဗမာ့တပ်မတော်တိုးချဲ့ဖွဲ့စည်းရေးအတွက်လိုအပ်သော အရာရှိ အရာခံ များကိုလေ့ကျင့်ပညာပေးရန် ။

---

၁။ မေမြို့ချစ်ဆွေ – ပြည်သူချစ်သောဗိုလ်ချုပ်အောင်ဆန်း၊ မျက် ၄၇–၅၄

၂။ Defence Plan.

၃။ CD.20 The Growth of the Burma Army. p. 217.

(ကက) ယင်းသို့ဆောင်ရွက်ရာတွင် မင်္ဂလာဒုံဗိုလ်သင်တန်း၊ အကြပ်သင်တန်းနှင့် မူလတန်းစစ်ပညာသင်တန်းများ၏ သင်ရိုးမာတိကာများကိုတိုးချဲ့ရေးဆွဲသင်ကြားရန် ။

( ခခ ) သင့်လျော်သူများအား အရာရှိကြီးများနှင့် အရာရှိများအဖြစ်ခန့်ထားရန် ။

( ဂဂ ) အရာရှိများနှင့်အကြပ်များအား မွမ်းမံသင်တန်းများပေးရန် ။

(ဃဃ) ထူးချွန်သော ဗိုလ်လောင်းကျောင်းသားများအား ဂျပန်ပြည်ဘုရင့်စစ်တက္ကသိုလ်သို့ စေလွှတ်၍စစ်ပညာများ ဆက်လက်ဆည်းပူးစေရန် ။

( ငင ) စစ်နှင့်ဆိုင်သောစာပေများကို မြန်မာဘာသာဖြင့်ရေးသားပြုစုရန် ။

( ဇ ) ကာကွယ်ရေးပစ္စည်းစက်ရုံများတည်ဆောက်ရန် ။

( ဈ ) နိုင်ငံသားတိုင်း စစ်မှုထမ်းဆောင်ရေးကိုစီစဉ်ဆောင်ရွက်ရန် ။

(ည) ရေတပ်ဖွဲ့စည်းထူထောင်ရန် ။

စသည့်အချက်များပါဝင်သည် ။

၁၉၄၄ခု ၊ ဇန်နဝါရီလ ၅ ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းသည် ၊ မိမိရေးဆွဲသော ကာကွယ်ရေးစီမံချက်ကို ဂျပန်အကြံပေးအရာရှိ ဗိုလ်ချုပ်ဆာဝါမိုတိုထံ တင်ပြခဲ့၏ ။ ဗိုလ်ချုပ်ဆာဝါမိုတိုသည် ဗိုလ်ချုပ်အောင်ဆန်း၏ ကာကွယ်ရေးစီမံချက်ကို လေ့လာသုံးသပ်ပြီး ၁၉၄၄ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် မြန်မာပြည်နယ်မြေဆိုင်ရာ ဂျပန်စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီထံ ရှင်းလင်းတင်ပြပြန်သည် ။ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီကလည်း ဗိုလ်ချုပ်အောင်ဆန်းရေးဆွဲသော ကာကွယ်ရေးစီမံချက်နှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ဆာဝါမိုတိုတင်ပြသည့်မှုကြမ်းကို သဘောတူညီသည် ။ သို့သော် လော့လောဆယ်တွင် ဗမာ့တပ်မတော်သည် ဂျပန်တပ်များနှင့်ပူးပေါင်း၍ ဂျပန်စစ်ကြီးကို အဆုံးသတ်တိုက်ခိုက်ရမည်ဖြစ်ပြီး စစ်ကြီးပြီးဆုံးသည့်အခါမှ ဗမာ့တပ်မတော် တိုးချဲ့ဖွဲ့စည်းရေးကို စဉ်းစားသင့်သည် ဟူသောအကြောင်းပြချက်ဖြင့် ဗမာ့တပ်မတော် တိုးချဲ့ဖွဲ့စည်းရေးကို ပိတ်ပင်ဟန့်တားခဲ့သည် ။ ထိုအချိန်တွင်မြန်မာနိုင်ငံရှိ ဂျပန်တပ်ဖွဲ့များသည် အင်ဖာကို ထိုးစစ်ဆင်တိုက်ခိုက်သိမ်းပိုက်ရန်ပြင်ဆင်နေကြလေသည် ။

၁၉၄၄ခု ၊ ဇန်နဝါရီလကုန်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော် တိုးချဲ့ဖွဲ့စည်းရေးအတွက် တပ်သားသစ် ၅၀၀၀ သို့မဟုတ် ၇၀၀၀ အထိစုဆောင်းရန်စီမံ

---

၁။ Major-General Sawamoto-Burma Manoeuvre by the Minami Organ and its After.pp 48-50.

ဆောင်ရွက်ပြန်သည် ။ တပ်သားသစ်များအတွက် လိုအပ်သည့်လက်နက်ပစ္စည်းများနှင့်စစ်ဝတ်အသုံးအဆောင်များကို ဂျပန်တပ်ဖွဲ့များမှ ရယူရမည်ဖြစ်ရာ ယင်းကိစ္စရပ်ကိုလည်း ဂျပန်အကြံပေးအရာရှိ ဗိုလ်ချုပ်ဆာဝါမိုတိုအား ပြောကြားခဲ့လေသည် ။

ဗိုလ်ချုပ်ဆာဝါမိုတိုသည် မြန်မာပြည်စစ်နယ်မြေဌာနချုပ်၏ သဘောတူညီမှုကို ရယူ၍ ဂျပန်တပ်ဖွဲ့များမှ လက်နက်ခဲယမ်းမီးကျောက်နှင့် စစ်ဝတ်အသုံးအဆောင်ပစ္စည်းများ ရရှိရေး ကိုကြိုးပမ်းလေသည်။ ထိုစဉ်ကဂျပန်တပ်ဖွဲ့များတွင် စစ်ဝတ်အသုံးအဆောင် အပိုရှိသော်လည်း လက်နက်ခဲယမ်းဟူ၍ အပိုမရှိကြသည့်အပြင် အင်ဖာစစ်ဆင်ရေးအတွက် ပြင်ဆင်နေကြသဖြင့် ဂျပန်တို့ထံမှ လက်နက်ရရှိရေးမှာ မျှော်လင့်ချက်မရှိသလောက် ဖြစ်ခဲ့၏။ နောက်ဆုံးတွင် ဗိုလ်ချုပ်ဆာဝါမိုတိုသည် ဂျပန်တောင်ပိုင်းတပ်တော်နှင့် ဆက်သွယ်၍ လက်နက်တောင်းဆိုခဲ့ရာ ဗမာ့တပ်မတော်သို့ ဖမ်းဆီးရမိသည့် ရိုင်ဖယ် သေနတ်များကိုသာ ပေးအပ်နိုင်ခဲ့လေသည် ။ [၁]

## မဟာမိတ်တို့၏တန်ပြန်ထိုးစစ်

၁၉၄၃–၄၄ခုနှစ်များတွင် ဖက်ဆစ်ဝင်ရိုးတန်း နိုင်ငံများဖြစ်ကြသော ဂျာမဏီ၊ အီတလီနှင့် ဂျပန်တို့သည် ကမ္ဘာ့စစ်မျက်နှာအသီးသီး၌ ထိုးစစ်မှခံစစ်သို့ ပြန်လည် ရောက်ရှိလာကြသည်နှင့်အမျှ မဟာမိတ်နိုင်ငံများက ထိုးစစ်ဆင်နွှဲ၍ အောင်ပွဲများခံယူနေကြ ပြီဖြစ်သည် ။

မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ၁၉၄၃ခု၊ ဇန်နဝါရီလတွင် မော်ရိုကိုနိုင်ငံ၌ကျင်းပပြု လုပ်သော မဟာမိတ်တို့၏ ကာဆာဘလန်ကာကွန်ဖရင့်[၂] မှ တရုတ်ပြည်နှင့်ကြည်းကြောင်း ဆက်သွယ်နိုင်ရေး၊ မြန်မာပြည်အားပြန်လည်သိမ်းပိုက်ရေးတို့ကို စီမံကိန်းချမှတ်ခဲ့ကြ သည် ။ [၃]

၁၉၄၃ခုဖေဖော်ဝါရီလတွင် အိန္ဒိယပြည်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဝေဗယ်[၄] သည် ဗိုလ်ချုပ်ဝင်းဂိတ်နှင့် သူ၏ချင်းဒစ်[၅] တပ်ဖွဲ့ဝင်များအား မြန်မာပြည်တွင်းသို့ ထိုးဖေါက် ဝင်ရောက်စေခဲ့ရာ ယင်းတပ်ဖွဲ့များသည် ချင်းတွင်းမြစ်ကိုဖြတ်ကျော်၍ အင်းတော်ဒေသ အထိထိုးဖေါက်တိုက်ခိုက်ခဲ့ကြသည် ။ [၆]

---

၁။ CD.20.The growth of the Burma Army. pp. 225-226

၂။ Casablanca Conference.

၃။ Geoffrey Matthews -The Reconquest of Burma,1943 - 45. p. 100.

၄။ General Wavell. ၅။ Chindits.

၆။ Christopher Sykes - orde Wingate. pp.382-430.

၁၉၄၃ခု၊ မေလတွင်အမေရိကန်ပြည်၊ ဝါရှင်တန်မြို့၌ ကျင်းပပြုလုပ်သော မဟာမိတ်တို့၏ တတိယအကြိမ်မြောက် ဝါရှင်တန်ကွန်ဖရင့်[1] မှမြန်မာပြည်မြောက်ပိုင်းကို ပြန်လည်သိမ်းပိုက်ရန် ဆုံးဖြတ်ကြသည်။ ထိုနှစ်ဩဂုတ်လတွင် ကနေဒါနိုင်ငံကွိဘက်မြို့၌ ပြုလုပ်သော ကွိဘက်ကွန်ဖရင့်[2] မှလည်း မြန်မာပြည်မြောက်ပိုင်းကို ပြန်လည်သိမ်းပိုက်ရေး၊ အရှေ့တောင်အာရှစစ်ဌာနချုပ် တည်ထောင်ဖွင့်လှစ်ရေးတို့ကို ဆုံးဖြတ်ခဲ့ကြပြန်သည် ။[3]

၁၉၄၃ခု၊ နိုဝင်ဘာလတွင် မောင့်ဘက်တန်ဦးစီးသော အရှေ့တောင်အာရှမဟာမိတ် စစ်ဌာနချုပ်ကို အိန္ဒိယပြည် နယူးဒေလီမြို့၌ တည်ထောင်ဖွဲ့စည်းလိုက်သည် ။[4]

ထိုနှစ်နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဗြိတိသျှအမှတ်(၁၅)တပ်မကြီးမှ တပ်မ ၃ ခု သည် စစ်တွေသို့ဦးတည်ချီတက်၍ ဂျပန်တို့၏ခံစစ်ကြောင်းကို နှစ်လကြာမျှ ပြင်းပြင်း ထန်ထန် တိုက်ခိုက်ခဲ့ကြသည့်ပြင် ဒုတိယဗိုလ်ချုပ်ကြီး စတီးဝဲ(လ်)[5]ဦးစီးသော တရုတ် တပ်မ နှစ်ခုကလည်း ၁၉၄၄ခု၊ ဇန်နဝါရီလတွင် အာသံနယ်လီဒိုမှ လီဒိုလမ်းမကြီးကို ဖောက်လုပ်ရင်း ဟူးကောင်းတောင်ကြားအထိလည်းကောင်း၊ ဖေဖော်ဝါရီလတွင် ဝင်းဂိတ်၏ ချင်းဒစ်တပ်များ က ဒုတိယအကြိမ် ချင်းတွင်းကိုဖြတ်ကျော်၍ မန္တလေးမြို့အထက်မိုင် ၂၀၀ ခန့်အထိ လည်း ကောင်း ထိုးဖေါက်တိုက်ခိုက်လာကြသည် ။[6]

၁၉၄၄ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လများတွင်ဥရောပနှင့် ပစိဖိတ်စစ်မျက်နှာများ၌ ဂျာမဏီနှင့်ဂျပန်တို့၏ စစ်ရေးအခြေအနေမှာ ရှုံးနိမ့်စပြုလာပြီဖြစ်သည်။ ဥရောပ စစ်မျက်နှာတွင် နော်မံဒီကမ်းခြေ၌ စစ်မျက်နှာဖွင့်၍ တန်ပြန်ထိုးစစ်ဆင်နေသော ဂျာမန် တို့မှာ အောင်မြင်မှုမရကြတော့ချေ။ ပစိဖိတ်စစ်မျက်နှာတွင်လည်း ဂျပန်တို့သိမ်းပိုက် ထားသည့် မာရီယာနာ ကျွန်းစုများ[7]၊ ဆိုက်ပန်ကျွန်း[8] များကိုမဟာမိတ်တို့က တိုက်ခိုက် သိမ်းပိုက်လိုက်ကြသဖြင့် ဂျပန်တို့၏ခံစစ်ကြောင်းမှာ ကျိုးပေါက်သွားသည့်ပြင် ဂျပန်ပြည်ရှိ ကျူးရှူး[9] ကျွန်းမြောက်ပိုင်းကိုပါ ဗုံးကြဲတိုက်ခိုက်စ ပြုလာပြီဖြစ်သည်။ ထိုအချိန်တွင်

---

၁။ Washington Conference.

၂။ Quebec Conference.

၃။ Geoffery Matthews-The Reconquest of Burma,1943-45.p.8.

၄။ Maj-Gen.Woodburn Kirby-The War Against Japan.Vol.III. p.45.

၅။ Lt.General Stiwell.

၆။ (က)Geoffery Matthews-The Reconquest of Burma, 1943-45. p. 49.

(ခ) လူထုဦးလှ-သတင်းစာများပြော်ပြတဲ့စစ်တွင်းဗမာပြည်(တတိယတွဲ)၊ မျက် -၂၆၅

၇။ Marianas Islands.  ၈။ Saipan Island.

၉။ Kyushu Island.

ဝန်ကြီးချုပ် တိုဂျိုခေါင်းဆောင်သော ဂျပန်အစိုးရအဖွဲ့သည် ၁၉၄၄ခု ၊ ဇူလိုင်လ ၁၈ ရက်နေ့တွင်နုတ်ထွက်သွားကြလေသည် ။ [၁]

မြန်မာပြည်စစ်မျက်နှာတွင် ၁၉၄၄ခု၊ မတ်လ ၁၅ ရက်နေ့၌ ဂျပန်အမှတ် ၁၅ တပ်တော်က အင်ဖာစစ်ဆင်ရေးအတွက် ချင်းတွင်းမြစ်ကိုဖြတ်ကျော်၍ ကိုဟီးမားရှိရန်သူများ၏ဆုတ်ခွာရေးလမ်းကြောင်းများကို ဖြတ်တောက်ကြသည်။ သို့သော် အင်ဖာကိုအနီးကပ်တိုက်ခိုက်နေသော ပင်မတပ်ကြီးမှာ လက်နက်ပစ္စည်းအထောက်အပံ့မရသဖြင့် ၁၉၄၄ခု၊ ဇူလိုင်လလယ်ခန့်တွင် ပြန်လည်ဆုတ်ခွါလာကြရသည်။ ယင်းစစ်ဆင်ရေး ရှုံးနိမ့်မှုကြောင့် ပင်ထိုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံရှိအာဏာပိုင်များက မြန်မာပြည်စစ်နယ်မြေတပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီးကဝါဘီကို ရွှေ့ပြောင်း၍သူ၏နေရာ၌ ဒုတိယဗိုလ်ချုပ်ကြီး ကိမူရာ [၂] ကို အစားထိုးခန့်ထားလိုက်လေသည် ။ [၃]

ဂျပန်စစ်သေနာပတိ ကိမူရာသည် မြန်မာနိုင်ငံ ရှေ့တန်းစစ်မျက်နှာကို ကာကွယ်နိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့တပ်မတော်ကို အင်အားတိုးချဲ့၍ တိုက်ခိုက်ရေးအင်အားစုများ ဖြစ်လာအောင် ပြန်လည်စုစည်း လေ့ကျင့်ပေးရေးကို အလေးအနက် ပြောဆိုလာရတော့သည်။ [၄] ဂျပန်စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘီလက်ထက်ကပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးနေဝင်းတို့ အကြိမ်ကြိမ်တင်ပြခဲ့သော ကာကွယ်ရေးစီမံချက်ကိုလည်း မလိုက်လျောလျှင် မဖြစ်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ သို့ဖြင့် ယခင်ကဖွဲ့စည်းခဲ့သော ရှေ့တန်းစစ်ဆင်ရေးတာဝန်၊ လမ်းပေါက်တာဝန်နှင့် လုံခြုံရေးတာဝန်များကို ဆောင်ရွက်နေကြသည့်ခြေလျင်တပ်ရင်း ၆ ရင်း၊ စက်မှုလက်မှုတပ်ရင်း ၂ ရင်း၊ စက်အမြောက်တပ်ရင်းနှင့် အမြောက်ကြီးတပ်ရင်း ၂ ရင်း အပြင် ၁၉၄၄ခုနှစ်ဦးပိုင်းမှစ၍ အောက်ဖော်ပြပါ တပ်ရင်းတပ်ဖွဲ့များကို တိုးချဲ့ဖွဲ့စည်းခွင့် မပြုချင်သော်လည်း ဖွဲ့စည်းခွင့်ပြုရလေတော့သည် –

ဗမာ့တပ်မတော်မှထပ်မံတိုးချဲ့ဖွဲ့စည်းသောတပ်ရင်းတပ်ဖွဲ့များမှာ–

(က) အနောက်မြောက်တိုင်းစစ်ဌာနချုပ်

(ခ) အနောက်တိုင်းစစ်ဌာနချုပ်

(ဂ) ခြေလျင်တပ်ရင်း (၇)

(ဃ) စံပြတပ်ရင်း

(င) ဝင်ဆာလေ့ကျင့်ရေးတပ်ရင်း

---

၁။ CD.20. The Growth of the Burma Army. p.223.

၂။ Lt.General Kimura.

၃။ CD.20. The Growth of the Burma Army. p.229.

၄။ Maj-Gen.Sawamoto-Burma Manoeuvre by the Minami Organ and its after. p.58.

(စ) လေ့ကျင့်ရေးတပ်ရင်း (၁)
(ဆ) လေ့ကျင့်ရေးတပ်ရင်း(၂)
(ဇ) လေ့ကျင့်ရေးတပ်ရင်း (၃)
(ဈ) လေ့ကျင့်ရေးတပ်ရင်း (၄)(ကရင်တပ်ရင်း)
(ည) စစ်မြင်းလေ့ကျင့်ရေးတပ်(အင်းတကော်)
(ဋ) စစ်ရဲတပ်
(ဌ) ပြောက်ကျားတပ်ခွဲ ၃ ခွဲ [၁]
(ဍ) အနောက်မြောက်တိုင်းထောက်ပံ့ရေးတပ်
(ဎ) အနောက်တိုင်းထောက်ပံ့ရေးတပ်
(ဏ) ရန်ကုန်ထောက်ပံ့ရေးတပ်
(တ) အဆောက်အဦတပ်(ဆောက်လုပ်ရေးတပ်)
(ထ) ပြည့်တင်းရေးနှင့်သယ်ယူပို့ဆောင်ရေးတပ်
(ဒ) နိုင်ငံတော်အဓိပတိကိုယ်ရံတော်တပ်
(ဓ) စစ်ဝန်ကြီးရုံးကင်းတပ်
(န) စစ်ဝန်ကြီးနှင့်စစ်သေနာပတိကိုယ်ရံတော်တပ်
(ပ) ရန်ကုန်ကင်းတပ်
(ဖ) ရေတပ်ဖွဲ့
(ဗ) စစ်တီးဝိုင်းတပ်ဖွဲ့
(ဘ) အမျိုးသမီးတပ်ဖွဲ့
(မ) မန္တလေးစစ်ဆေးရုံ
(ယ) ဖျဉ်းမနားစစ်ဆေးရုံ
(ရ) ပဲခူးစစ်ဆေးရုံ
(လ) ရန်ကုန်စစ်ဆေးရုံ စသည်တို့ဖြစ်လေသည် ။

**စံပြတပ်ရင်း**

စစ်ဝန်ကြီးရုံးသည် ၁၉၄၄ခု ၊ ဇန်နဝါရီလ ၁ ရက်နေ့တွင်ပဲခူးမြို့ ဟသ်ာကုန်းရပ် ၌ စံပြလေ့ကျင့်ရေးကျောင်းကိုဖွင့်လှစ်သည်။ စစ်ပညာသင်ကြားရာစခန်းမှာ ရွှေအောင်ရိုး

[၁]။ DR.1142. ၁၆-၁၀-၄၄ နေ့စွဲဖြင့်စစ်ဝန်ကြီးနှင့် စစ်သေနာပတိဗိုလ်ချုပ်အောင်ဆန်း ထုတ်ပြန် သော စစ်ရေးလုပ်ကြံမှုအမိန့်အမှတ်(၁)တွင် ပြောက်ကျားတပ်ခွဲ Guerilla Unit or Independent Troop ဟူ၍သုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

ဘုရားနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ယာယီဝါးဓနိ အဆောက်အဦများတွင်ဖြစ်သည်။ ယင်းစံပြလေ့ကျင့်ရေးကျောင်းကို ဗိုလ်မှူးကြီးနေဝင်းကိုယ်တိုင် ပဲခူးသို့သွားရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။ စံပြတပ်ရင်း၏ တပ်ရင်းမှူးအဖြစ် ဗိုလ်မှူးကျော်ဇောက ကွပ်ကဲအုပ်ချုပ်သည်။

စံပြလေ့ကျင့်ရေးကျောင်း၏ ရည်ရွယ်ချက်မှာ ဗမာ့တပ်မတော်အရာရှိကြီးများ အား သေနင်္ဂဗျူဟာတိုးတက်သင်ကြားရေး၊ ဂျပန်ကိုတော်လှန်နိုင်မည့် စစ်ပညာများနှင့် နိုင်ငံရေးဗဟုသုတများရရှိရေးတို့အတွက် ရည်ရွယ်၍ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။[၁] တစ်နည်း အားဖြင့် ဗမာ့တပ်မတော်အရာရှိကြီးများအား တော်လှန်ရေးအတွက် ပြင်ဆင်ညှိနှိုင်းစုစည်း ရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ စီးပွါးရေး၊ နိုင်ငံရေး၊ စစ်ရေးများကို တတ်ကျွမ်းနားလည်စေရေး နှင့် လေ့ကျင့်သင်ကြားရေးများအပြင် ယင်းအရာရှိကြီးများအား စံပြအရာရှိများ ဖြစ်လာစေ ရန် ဆောင်ရွက်ရေးတို့ပင်ဖြစ်သည် ။

ဖွဲ့စည်းပုံအရ စံပြကျောင်းတွင်ပါဝင်သောဌာနများမှာ အထွေထွေဌာန၊ ထောက်ပံ့ရေးဌာန၊ ဆေးဌာန၊ စစ်မြင်းဌာန၊ ပညာရေးဌာန၊ မော်တော်ယာဉ်ဌာနများနှင့် စိန်ပြောင်းကြီးတပ်၊ အချက်ပြတပ် ၊ သေနတ်ကိုင်တပ် ၊ စက်သေနတ်ကြီးတပ်ခွဲများဖြစ်သည်။[၂]

စစ်ပညာရပ်များနှင့် စပ်လျဉ်း၍ လေ့ကျင့်ပို့ချသော ဘာသာရပ်များမှာ စစ်ရာဇဝင်၊ စစ်ဖွဲ့စည်းနည်း၊ စစ်လက်နက်ကိုင်တွယ်နည်း၊ ပစ်ခတ်နည်း၊ မြေကတုတ်တူး နည်း၊ တပ်စိတ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲ၊ တပ်ခွဲတိုက်ပွဲ၊ သိုင်းပညာ၊ မြင်းစီးပညာ၊ ရန်သူအား ခြောင်းမြောင်းတိုက်ခိုက်နည်း၊ မြေပုံဖတ်နည်း၊ စစ်ပွဲ၏ အရင်းခံလိုရင်းအချက်များ၊ စစ်မြေပြင်ဝတ္တရားများ၊ လေကြောင်းအဖွဲ့တိုက်ခိုက်ခြင်း၊ တိုက်ခိုက်နည်းနှင့်ဆုတ်ခွါနည်း၊ မြစ်တိုက်ပွဲ၊ သံချပ် ကာကားများကိုတိုက်ခိုက်နည်း စသည်တို့ဖြစ်သည် ။[၃]

ဖေါ်ပြပါစစ်ပညာရပ်များအပြင် မြန်မာစာ၊ ရာဇဝင်၊ ပထဝီ၊ သင်္ချာ၊ သိပ္ပံ၊ ဥပဒေ ဘာသာရပ်များကိုပါ သင်ကြားပေးရာ ဦးတင်မောင်ကြီး၊ ဦးဘရှင်၊ ဦးဘဟန်၊ ဦးဟုတ်ကန်၊ တီဖိုးကျော်၊ ဦးကျော်ဝင်း တို့ကသင်ကြားပို့ချပေးကြသည် ။

သိုင်းဗန်တိုအတတ်ပညာ၊ ဓါးခုတ်လှံထိုး၊ တုတ်သိုင်း၊ ဓါးသိုင်း၊ ဗလာသိုင်းပညာများကိုလည်း ရန်ကုန်မြို့ရှိအာရှလူငယ်အစည်းအရုံးမှ ဦးပြည်သိမ်းက သင်ကြားပြသပေးသည်။

စစ်ရေးလေ့ကျင့်မှုအားဖြင့် ညတိုက်ပွဲ၊ ကိုယ်စီတိုက်ပွဲ၊ တပ်စုတိုက်ပွဲ၊ တပ်ခွဲတိုက်ပွဲ၊ ခံစစ်များကို အလေးပေးလေ့ကျင့်ရသည်။ အထူးသဖြင့် လက်နက်ထက်လေ့ကျင့်မှုနှင့် နည်းဗျူဟာများ၊ စိတ်ဓါတ်ကြံ့ခိုင်မှုများကိုအဓိကထားသင်ယူကြရသည်။

---

၁။ ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း ( ဒုတိယတွဲ )၊ မျက် –၂၈၀

၂။ DR.777 – စံပြတပ်ရင်းဖွဲ့စည်းပုံနှင့်စစ်ပညာသင်တန်းဇယား

၃။ DR.939 – ပဲခူးစံပြတပ်ရင်းစစ်ပညာသင်ခန်းစာ စာစောင်များမိတ္တူ

စံပြသင်တန်းကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၄ခု ၊ ဩဂုတ်လ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ပဲခူးစံပြတပ်ယင်းသို့သွားရောက်ခဲ့သည် ။ ယင်းသို့သွားရောက်ခဲ့ခြင်းမှာ ဖက်ဆစ်တော်လှန်ရေးအတွက် တစ်သီးတစ်ခြား ဆောင်ရွက်နေကြသည့် ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့အား တပ်မတော်နှင့်ပူးပေါင်းကာ အဖွဲ့အစည်းတစ်ရပ် (ဖက်ဆစ်တော်လှန်ရေး ပြည်သူ့အဖွဲ့ချုပ်) ဖွဲ့စည်းတည်ထောင်ရန်ဖြစ်သည် ။ ပဲခူးစံပြတပ်ရင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် သခင်စိုး ၊ သခင်သန်းထွန်း ၊ သခင်ဗဟိန်းတို့နှင့် ဖက်ဆစ်တော်လှန်ရေး တပ်ပေါင်းစုဖွဲ့စည်းရေး၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကိုသုံးရက်တိုင်တိုင်ဆွေးနွေးခဲ့သည် ။

စံပြတပ်ရင်းသည် မူလကစစ်ဝန်ကြီးရုံး၏ ဟိုက်ရိုက်အုပ်ချုပ်ကွပ်ကဲမှုအောက်တွင်ရှိခဲ့ရာမှ ၁၉၄၄ခု၊ မတ်လ ၂၀ ရက်နေ့တွင်စစ်ဝန်ကြီး၏အမိန့်အရ ၊ ဦးစီးဗိုလ်ချုပ်ရုံး၏အုပ်ချုပ်ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းလိုက်လေသည် ။ [၁]

## စစ်မြင်းလေ့ကျင့်ရေးတပ်

၁၉၄၄ခု၊ ဇန်နဝါရီလတွင် စစ်ဝန်ကြီးရုံး စစ်မြင်းဌာနမှ အင်းတကော်စစ်မြင်းလေ့ကျင့်ရေးတပ်ကို ဖွင့်လှစ်သည် ။ ယင်းသို့ဖွင့်လှစ်ရာတွင် အထက်မြန်မာပြည်မှ ဗမာ့တပ်မတော်က ဝယ်ယူခဲ့သည့် မြင်း ၃၃၆ ကောင်ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည် ။

အင်းတကော် စစ်မြင်းလေ့ကျင့်ရေးတပ်ရင်းတွင် တပ်ရင်းမှူးအဖြစ် ဗိုလ်ကြည်က ဆောင်ရွက်သည် ။

စစ်မြင်းလေ့ကျင့်ရေးတပ်ရင်းသည် မြင်းများကို ၃ လမှ ၆လ အထိလေ့ကျင့်ပေးပြီး လိုအပ်သည့် ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များသို့ လူ၊ မြင်းနှင့်လိုအပ်သည့်ပစ္စည်းများ ပေးပို့ခြင်း၊ စီးမြင်း၊ ဝန်တင်၊ လှည်းဆွဲမြင်းများ ပြည့်တင်းပေးခြင်း၊ ဆေးဝါး ကုသပေးခြင်း

---

၁။ စစ်ဝန်ကြီးရုံး၏အမိန့်ပြန်တမ်းအရဦးစီးချုပ်ရုံး၏ကွပ်ကဲမှုအောက်သို့လွှဲပြောင်းလိုက်သောတပ်ရင်းတပ်ဖွဲ့များမှာ–

(၁) စံပြတပ်ရင်း
(၂) စိန်ပြောင်းကြီးတပ်
(၃) ကိုယ်ပိုင်စက်မှုလက်မှုတပ်
(၄) အချက်ပြဆက်သွယ်ရေးတပ်
(၅) ရိက္ခာထောက်ပံ့ရေးတပ်
(၆) စစ်သေနာပတိကိုယ်ရံတော်တပ်
(၇) စစ်ဝန်ကြီးရုံးကင်းတပ်
(၈) မင်္ဂလာဒုံစစ်တက္ကသိုလ်
(၉) စစ်ဆေးရုံ(၂) ၊ ရန်ကုန်
(၁၀) စစ်မြင်းမွေးမြူလေ့ကျင့်ရေးတပ် (အင်းတကော်)တို့ဖြစ်ပါသည် ။

(DR. 500– ၁၉၄၄ခု၊စစ်ဝန်ကြီးရုံးထုတ်ပြန်သည့်အမိန့်များ)

စသည်တို့ကိုဆောင်ရွက်ရသည်။ ထိုစဉ်ကဗဟိုတပ်မတော်တွင် မြင်းကောင်ရေ ၇၀၀ ခန့်ရှိလေသည်။[၁]

## ဝင်ဆာလေ့ကျင့်ရေးဘပ်

စစ်ဝန်ကြီးရုံးသည် လေ့ကျင့်ရေးများကို စနစ်တကျကိုင်တွယ်ရန်နှင့် လေ့ကျင့်ရေးတပ်ရင်းများကို အုပ်ချုပ်ရန်လေ့ကျင့်ရေးဌာန (ယခုအခေါ်အားဖြင့်လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး) ကိုဖွင့်လှစ်ခဲ့ရာ ယင်းဌာန၏ဌာနမှူးအဖြစ် ဗိုလ်မှူးကျော်ဇောက တာဝန်ယူဆောင်ရွက်သည်။[၂]

၁၉၄၄ခု၊ စက်တင်ဘာလခန့်တွင် ရန်ကုန်မြို့ဝင်ဆာလမ်း( ရှင်စောပုကုန်း ) ၌ ဝင်ဆာလေ့ကျင့်ရေးတပ်ရင်းကို ဖွင့်လှစ်သည်။ ယင်းတပ်ရင်း၏ သင်တန်းကို ၁၉၄၄ခု၊ ဇူလိုင်လခန့်တွင် သင်တန်းဆင်းခဲ့ကြသော ပဲခူးစံပြတပ်ရင်းမှအရာရှိအချို့နှင့် စတင်ခဲ့ခြင်းဖြစ်သည်။

ဝင်ဆာလေ့ကျင့်ရေးတပ်ရင်းတွင် တပ်ရင်းမှူးအဖြစ် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဘုန်းမြင့်ကလည်းကောင်း၊ ရုံးအုပ်ဗိုလ်ကြီးအဖြစ် ဗိုလ်အောင်မင်းကလည်းကောင်း၊ ဆောင်ရွက်ကြသည်။ တပ်ခွဲမှူးများမှာ တပ်ခွဲ(၁)တွင် ဗိုလ်လွန်းတင်၊ တပ်ခွဲ(၂)တွင် ဗိုလ်အောင်ဇေယျ၊ တပ်ခွဲ(၃)တွင် ဗိုလ်ကြည်၊ အချက်ပြဆက်သွယ်ရေးတပ် အမည်ပေးထားသော တပ်ခွဲ(၄) တွင် ဗိုလ်သိန်းဟန်၊ စက်သေနတ်ကြီးတပ်ခွဲတွင် ဗိုလ်ရန်လင်း တို့ဖြစ်ကြသည်။

ဝင်ဆာလေ့ကျင့်ရေးသင်တန်း မစတင်မီက အရာရှိ၊ အကြပ်၊ တပ်သားများအတွက် လက်နက်ခဲယမ်းမီးကျောက်များ၊ လေ့ကျင့်ရေးပစ္စည်းများ၊ ရိက္ခာနှင့်ပန်းကန်ခွက်ယောက်များ၊ စစ်ဝတ်တန်ဆာများ၊ နေရာထိုင်ခင်းတန်းလျားများကို ကြိုတင်ပြင်ဆင်ထားသဖြင့် အစစအရာရာ စနစ်တကျရှိလာသည်။

## လေ့ကျင့်ရေး

နံနက် ၅ နာရီခွဲတွင်အိပ်ယာမှထ၍ ၆ နာရီတွင်တန်းစီလူစစ်သည်။ တန်းဖြုတ်ပြီးနောက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနှင့် သန့်ရှင်းရေးကို နံနက်၇နာရီအထိ ဆက်လက်ပြုလုပ်ကြရသည်။ နံနက် ၈ နာရီတွင် တပ်ခွဲလိုက် တပ်ရင်းကွင်း၌ တန်းစီပြီး တပ်ရင်းမှူး၏သြဝါဒစကားကို နာယူကြရသည်။ ထို့နောက် တပ်ခွဲလိုက်သတ်မှတ်ထားသည့် လေ့ကျင့်ရေးကွင်းတွင် နံနက်၁၁နာရီအထိ စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။ နေ့လည် ၁၂နာရီတွင်တပ်ခွဲမှူးက မိမိတပ်ခွဲမှ တပ်စုမှူးများ၊ အကြပ်ဆရာများအား နောက်နေ့သင်ကြားမည့်

---

၁။ ဒုတိယဗိုလ်မှူးကြီးတင်ဆွေ(အငြိမ်းစား)၏ပြောပြချက်။

၂။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဘုန်းမြင့်နှင့်ဗိုလ်မှူးကြီးလွန်းတင်(အငြိမ်းစား)တို့၏ပြောပြချက်။

သာသာရပ်များကို သဘောတရားနှင့်တကွ သင်ကြားပြသညွှန်ကြားပေးသည်။ နေ့ ၂ နာရီတွင် တပ်ခွဲမှူးများက မိမိုင်ရာတပ်ခွဲကို လေ့ကျင့်ရေးကွင်းသို့ ဦးဆောင်သွား၍ နံနက်ပိုင်းက သင်ကြားပေးသည့် လေ့ကျင့်ခန်းများကို ညနေ ၄ နာရီအထိ ပြန်လည်သင်ကြားပေးကြသည် ။[၁]

ဤနည်းဖြင့် စစ်ရေးလေ့ကျင့်မှုများကို အခြေခံစစ်သင်တန်း၊ ကိုယ်စီတိုက်ပွဲ၊ တပ်စိတ်တိုက်ပွဲ၊ ညတိုက်ပွဲများကိုလေ့ကျင့်ကြရသည်။ ခရီးရှည်ချီတက်ခြင်း၊ ဆက်သားစနစ် အသုံးပြုခြင်း၊ သတင်းပို့ခြင်း၊ တောတွင်းတိုက်ပွဲစသည့် သင်တန်းများကိုလည်း အင်ယားကန် ရှိကြက်ကျွန်းတွင်လည်းကောင်း၊ ကန်တော်ကြီးရှိ မြေပဒေသာကျွန်းတွင်လည်းကောင်း ပြုလုပ်ကြရသည် ။[၂]

ဝင်ဆာလေ့ကျင့်ရေးတပ်ရင်း ဖွင့်လှစ်စတွင် ဂျပန်ပေးသော ပထမပတ်လွတ်လပ်ရေး နှစ်ပတ်အခမ်းအနားနှင့် ကြုံကြိုက်ခဲ့၏။ ယင်းအခမ်းအနားတွင် ဝင်ဆာလေ့ကျင့်ရေး တပ်ရင်းအပါအဝင် ရန်ကုန်မြို့ပေါ်ရှိ ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များသည် ဦးဝိစာရလမ်းရှိ ကွင်းတွင်စုရုံး၍ ဗိုလ်ချုပ်အောင်ဆန်း၏ ဩဝါဒစကားကိုနာယူကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများရှိကြောင်း၊ စစ်စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ပညာများကို မနားမနေကြိုးစားသင်ယူရန် လိုအပ်ကြောင်းများကို မိန့်ခွန်း မြွက်ကြားသည် ။[၃]

ဝင်ဆာလေ့ကျင့်ရေးသင်တန်းသည် ၁၉၄၄ခု၊ အောက်တိုဘာလတွင်သင်တန်းပြီးဆုံးခြင်းသို့ ရောက်ခဲ့လေသည် ။

## လေ့ကျင့်ရေးတပ်ရင်းများ

ဝင်ဆာလေ့ကျင့်ရေးသင်တန်း ပြီးဆုံးသွားပြီးနောက် စစ်ဝန်ကြီးရုံး လေ့ကျင့်ရေးဌာနမှ လေ့ကျင့်ရေးတပ်ရင်း၆ရင်း ဖွင့်လှစ်မည့်အမိန့်ကို ထုတ်ပြန်လိုက်သည်။ ယင်းတို့မှာ မင်္ဂလာဒုံ ကျိုက္ကလို့စခန်းတွင် တပ်ရင်း(၁)နှင့် တပ်ရင်း(၂)၊ ပဲခူးတွင်တပ်ရင်း(၃)နှင့် တပ်ရင်း(၄)၊ ပျဉ်းမနားတွင် တပ်ရင်း(၅)နှင့် တပ်ရင်း(၆)တို့ပင်ဖြစ်သည်။ ထိုတပ်ရင်းများနှင့်ယှဉ်တွဲ၍ တာဝန်ယူရမည့် တပ်ရင်းမှူးများ၏ အမည်များကိုလည်း ဖော်ပြထားလေသည် ။

ယင်းသို့ လေ့ကျင့်ရေးတပ်ရင်းများ ဖွဲ့စည်းရန်ပြင်ဆင်နေချိန်တွင် လေ့ကျင့်ရေးဌာနမှ လေ့ကျင့်ရေးတပ်ရင်း ၆ ရင်း တစ်ကြိမ်တည်းဖွင့်လှစ်မည့်အစီအစဉ်ကို ပယ်ဖျက်၍ တပ်ရင်း ၃ ရင်းသာဖွင့်လှစ်မည်ဖြစ်ကြောင်း အမိန့်ထပ်မံထွက်လာပြန်သည်။ သို့ဖြင့်

---

၁။ ဗိုလ်မှူးကြီးလွန်းတင်(အငြိမ်းစား)၏ပြောပြချက် ။

၂။ ယင်း ။

၃။ ယင်း ။

ကျိုက္ကလို့တွင် လေ့ကျင့်ရေးတပ်ရင်း (၁)၊ ပဲခူးကွင်လေ့ကျင့်ရေးတပ်ရင်း(၂)၊ ဖျဉ်းမနားတွင် လေ့ကျင့်ရေး တပ်ရင်း(၃)တို့ကိုဖွင့်လှစ်လိုက်သည် ။ [၁]

ပေါ်ပြပါတပ်ရင်းများတွင် ဗိုလ်ဘုန်းမြင့်သည် လေ့ကျင့်ရေး တပ်ရင်း(၁)၏ တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ ဗိုလ်ဗလသည် လေ့ကျင့်ရေးတပ်ရင်း(၂)၏ တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ ဗိုလ်ထောက်ထိန်သည် လေ့ကျင့်ရေးတပ်ရင်း(၃)၏ တပ်ရင်းမှူးအဖြစ်လည်းကောင်း ဦးစီးဆောင်ရွက်ကြသည် ။

လေ့ကျင့်ရေးတပ်ရင်းများ ပေါ်ပေါက်လာသည်နှင့် ဝင်ဆာလေ့ကျင့်ရေးတပ်ရင်းနှင့် စံပြလေ့ကျင့်ရေးတပ်ရင်းတို့ကိုလည်း ဖျက်သိမ်းလိုက်လေသည် ။ [၂]

## လေ့ကျင့်ရေးတပ်ရင်း ၄ ( ကရင်တပ်ရင်း )

ဝင်ဆာလေ့ကျင့်ရေးတပ်ရင်းကို ဖျက်သိမ်းပြီးသည့်နောက် ဝင်ဆာလေ့ကျင့်ရေး စခန်းတွင်ပင် တိုင်းရင်းသားတပ်ရင်း ၁ ရင်းဖြစ်သော လေ့ကျင့်ရေးတပ်ရင်း (ကရင်တပ်ရင်း)ကို ဆက်လက်ဖွင့်လှစ်သည်။ ယင်းတပ်ရင်းသည် အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းခဲ့သော စစ်မှုထမ်းဟောင်း ကရင်အမျိုးသားများကို အခြေခံ၍ ဖွဲ့စည်းသည့် တပ်ရင်းဖြစ်သည်။

၁၉၄၄ခု ၊ ဩဂုတ်လတွင် စစ်မှုထမ်းဟောင်း ကရင်အမျိုးသားများအား ခေါ်ယူ၍ ရန်ကုန်မြို့စမ်းချောင်း၊ ပဒုမ္မာကွင်း၌ အကြပ်သင်တန်းကိုစတင်ဖွင့်လှစ်သည်။ သင်တန်းသားများအား ဗမာ့တပ်မတော်တွင် တာဝန်ထမ်းဆောင်သူများက သင်တန်းပေးကြသည်။ ထို့နောက် ဝင်ဆာစခန်းသို့ပြောင်းရွှေ့၍ လေ့ကျင့်ရေးတပ်ရင်း(၄) ကိုဖွဲ့စည်းရာ တပ်ရင်းမှူးအဖြစ် ဗိုလ်ကြီးစောထွန်းစိန်ကလည်းကောင်း၊ ရုံးအုပ်ဗိုလ်ကြီးအဖြစ် တီဖိုးကျော်ကလည်းကောင်း တာဝန်ယူဆောင်ရွက်ကြသည် ။

လေ့ကျင့်ရေးတပ်ရင်း(၄)သည် လိုအပ်သောတပ်သားသစ်များကို နယ်သို့ဆင်း၍ စုဆောင်းခဲ့ရာ တပ်ရင်းတစ်ရင်းအင်အားရရှိသောအခါ တပ်သားသစ်များအား ၁၉၄၄ခု၊ ဒီဇင်ဘာလတွင် သင်တန်းပေးခဲ့သည်။ အဆိုပါလေ့ကျင့်ရေးတပ်ရင်း(၄)ဖြစ်သော ကရင်တပ်ရင်းတွင် ဗိုလ်ကျော်ဦးအုပ်ချုပ်သည့် ချင်းတပ်ခွဲတစ်ခွဲ [၃] လည်းပါဝင်လေသည် ။ [၄]

---

၁။ ဗိုလ်မှူးကြီးလွန်းတင်(အငြိမ်းစား)၏ပြောပြချက် ။

၂။ ယင်း ။

၃။ စစ်ဝန်ကြီးနှင့်စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက ဝင်ဆာစခန်းရှိ ချင်းအမျိုးသားတပ်ကို လေ့ကျင့်ရေးတပ်ရင်း(၄)အောက်သို့ ပြောင်းရွှေ့ကြောင်း ၃-၁-၄၅ နေ့စွဲဖြင့်အမိန့်ထုတ်ပြန်ညွှန်ကြားခဲ့ပါသည်။ ( DR.1140-၁၉၄၅ခုနှစ်အတွင်း ဗဟိုစစ်ဌာနချုပ်မှ ထုတ်ဆင့်သောအုပ်ချုပ်မှု အမိန့်များ)

၄။ ဗိုလ်မှူးကြီးစောထွန်းစိန်(အငြိမ်းစား)၏ပြောပြချက် ။

## ဗမာ့တပ်မတော်တိုင်း ၃ တိုင်းခွဲခြားသတ်မှတ်ခြင်း

၁၉၄၄ခု၊ ဧပြီလ ၁၇ ရက်နေ့တွင် ဗမာ့တပ်မတော်စစ်ဌာနချုပ်ရုံးမှ စစ်ဆင်ရေးအမိန့်အမှတ် ၁ ကိုထုတ်ပြန်ခဲ့၏ ။ ယင်းအမိန့်တွင် မြန်မာပြည်၏ ပြည်တွင်းပြည်ပအခြေအနေအရပ်ရပ်ကြောင့် မြန်မာပြည်ကာကွယ်ရေးကို အတတ်နိုင်ဆုံး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်မည်ဖြစ်ရာ ဗမာ့တပ်မတော်မှ တိုင်း ၃ တိုင်းသတ်မှတ်လိုက်ကြောင်း၊ ယင်းတိုင်းများမှာ အနောက်မြောက်တိုင်း၊ အနောက်တိုင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည် ။

ဆက်လက်၍ ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များကို သေချာစွာကွပ်ကဲရန် နှင့် လေ့ကျင့်ရန်အတွက် ဗမာ့တပ်မတော် စစ်ဌာနချုပ်သည်စစ်သေနာပတိ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ရှိမည်ဖြစ်ပြီး အနောက်မြောက်တိုင်း နှင့် အနောက်တိုင်းတို့သည်သက်ဆိုင်ရာတိုင်းမှူးများ၏ ကွပ်ကဲမှုအောက်တွင်ရှိမည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် တိုင်းမှူးများသည် မိမိတို့လက်အောက်ရှိတပ်များဖြင့် တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်ကြရမည့်အပြင်ယင်းတပ်ဖွဲ့များ၏ ပညာရေး၊ လေ့ကျင့်ရေး၊ တိုက်ခိုက်ရေးစစ်စွမ်းရည်မြင့်မားလာအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဗမာ့တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်စစ်ဌာနချုပ်တွင် ရှိနေမည်ဖြစ်ကြောင်း ဖော်ပြထားလေသည် ။ [၁]

တိုင်းအလိုက်ထားရှိမည့် တပ်ရင်းတပ်ဖွဲ့များမှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တွင်တိုင်းစစ်ဌာနချုပ်၊ ခြေလျင်တပ်ရင်း(၃)၊ ခြေလျင်တပ်ရင်း(၄)၊ စက်မှုလက်မှုတပ်ရင်း (၁)၊ လေယာဉ်ပစ် အမြောက်ကြီးတပ်မှ တပ်ခွဲ(၂)၊ တပ်ခွဲ(၃)[၂] ၊ တပ်ခွဲ(၄)၊ လေယာဉ်ပစ်စက်အမြောက်တပ်မှ တပ်ခွဲ(၂)[၃] ၊ သယ်ယူပို့ဆောင်ရေးတပ်၊ ဗျဉ်းမနားစစ်ဆေးရုံနှင့်မန္တလေးစစ်ဆေးရုံတို့ဖြစ်သည် ။

အနောက်တိုင်းစစ်ဌာနချုပ်တွင် ခြေလျင်တပ်ရင်း (၂)၊ ခြေလျင်တပ်ရင်း(၆)၊ စက်မှုလက်မှုတပ်ရင်း(၂)၊ ကိုယ်ပိုင်စက်မှုလက်မှုတပ်ခွဲ [၄]၊ လေယာဉ်ပစ်အမြောက်ကြီးတပ်ရင်းဌာနချုပ်၊ ယင်းတပ်ရင်းမှ တပ်ခွဲအမှတ်(၁) ၊ တပ်ခွဲ(၆)နှင့် မော်တော်ယာဉ်တပ်ခွဲတို့ဖြစ်သည် ။

စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးကွပ်ကဲသည့် ရန်ကုန်စစ်ဌာနချုပ်တွင် ခြေလျင်တပ်ရင်း (၁) ၊ ခြေလျင်တပ်ရင်း (၅) ၊ ခြေလျင်တပ်ရင်း(၆)တပ်ခွဲ(၃)မှတပ်စုတစ်စု၊ လေ့ကျင့်ရေးတပ်ဖွဲ့၊ လေယာဉ်ပစ်စက်အမြောက်တပ်ဌာနချုပ်၊ ယင်းတပ်ရင်းမှတပ်ခွဲ(၁)၊

---

၁။ DR.1142 - ၁၉၄၄ခုစစ်ဝန်ကြီးရုံးမှထုတ်ပြန်သည့်အမိန့်များ ။

၂။ တပ်စုတစ်စုမပါဝင်ပါ ။

၃။ တပ်စုတစ်စုမပါဝင်ပါ ။

၄။ Independence Engineer Coy.

တပ်ခွဲ(၃)မှတပ်စု တစ်စု ၊ လေယာဉ်ပစ်အမြောက်ကြီးတပ် တပ်ခွဲ(၂)မှတပ်စု တစ်စု ၊ ယင်းအမြောက်ကြီးတပ်မှ တပ်ခွဲ(၃) ၊ တပ်ခွဲ(၄) ၊ တပ်ခွဲ(၅) ၊ မော်တော်ယာဉ်တပ် ၊ ရန်ကုန်စစ်ဆေးရုံနှင့်ပဲခူးစစ်ဆေးရုံတို့ဖြစ်လေသည် ။ [၁]

၁၉၄၄ခု ၊ ဧပြီလ ၁၈ ရက်နေ့တွင် ဂျပန်အာဏာပိုင်တို့က အနောက်တိုင်းစစ်ဌာန တပ်မှူးကြီးအဖြစ် ဗိုလ်မှူးရန်အောင်အားလည်းကောင်း ၊ အနောက်မြောက်တိုင်းစစ်ဌာန တပ်မှူးကြီးအဖြစ် ဗိုလ်မှူးဗထူးအားလည်းကောင်း ခန့်အပ်ခဲ့လေသည် ။ [၂]

## တပ်ရင်းများအလိုက် စစ်ရေးလှုပ်ရှားမှုများ
## မြန်မာပြည်ရှိဂျပန်တပ်များ၏ အခြေအနေ

ဂျပန်အမှတ်(၁၅)တပ်တော်သည် ၁၉၄၂ခု၊ မေလအတွင်း မြန်မာပြည်တစ်ပြည်လုံးကိုသိမ်းပိုက်ပြီးနောက် အိန္ဒိယပြည်သို့ ဆက်လက်တိုက်ခိုက်ခြင်း မပြုသေးဘဲ မြန်မာပြည်၌ အခိုင်အမာခံစစ်ပြုကာ တပ်စွဲခဲ့ကြသည် ။ ထိုအချိန်တွင် မြန်မာပြည်မှ အိန္ဒိယပြည်သို့ဆုတ်ခွါသွားသော ဗြိတိသျှတပ်များသည် မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရေးအတွက် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည့်နည်းတူ မြန်မာပြည်ရှိ ဂျပန်တပ်များကလည်း အာသံအရှေ့မြောက်ဒေသကိုထိုးစစ်ဆင် တိုက်ခိုက်ရေးအတွက်စီမံဆောင်ရွက်လျက်ရှိကြလေသည် ။ [၃]

၁၉၄၃ခု၊ မတ်လ ၂၇ ရက်နေ့တွင် ဂျပန်ဘုရင့်စစ်ဌာနချုပ်၏ ခွင့်ပြုချက်အရ၊ ဂျပန်တောင်ပိုင်းတပ်တော်သည် မြန်မာပြည်စစ်နယ်မြေ တပ်တော်ဌာနချုပ်ကို ဖွဲ့စည်း၍ ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘီအား ကွပ်ကဲအုပ်ချုပ်စေခဲ့ပြီးဖြစ်၏ ။ မြန်မာပြည်စစ်နယ်မြေ တပ်တော်ဌာနချုပ်၏ ကွပ်ကဲမှုအောက်တွင် ဒုတိယဗိုလ်ချုပ်ကြီး မူတာဂူချိ ဦးစီးကွပ်ကဲသော ဂျပန် အမှတ်(၁၅)တပ်တော်နှင့် တပ်မ(၅၅)တို့ပါဝင်ပြီး အမှတ်(၁၅)တပ်တော်၏ ကွပ်ကဲမှုအောက်တွင်တပ်မ(၁၈)၊ တပ်မ(၃၃)၊ တပ်မ(၅၆)တို့ပါဝင်လေသည် ။ မြန်မာပြည်၏ စစ်နယ်မြေ တပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘီ၏ တာဝန်မှာ မြန်မာပြည်ကို မဟာမိတ်တို့၏ ထိုးစစ်မှ ကာကွယ်ရန်နှင့် အိန္ဒိယပြည်သို့ ထိုးစစ်ဆင်နိုင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်လေသည် ။ [၄]

ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘီသည် မြန်မာပြည် စစ်နယ်မြေတပ်တော်ဌာနချုပ်နှင့် အမှတ်(၁၅)တပ်တော်ဌာနချုပ်တို့ကိုရန်ကုန်မြို့နှင့်မေမြို့တို့တွင်ဖွင့်လှစ်ခဲ့ပြီးအမှတ်(၁၅) တပ်တော်ကို မြန်မာပြည် အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် လည်းကောင်း ၊ တပ်မ(၅၅)ကို

---

၁။ DR.1142 - ၁၉၄၄ခုဗမာတပ်မတော်စစ်ဌာနချုပ်မှထုတ်ဆင့်သောစစ်ဆင့်မှုအမိန့်များ

၂။ The Growth of the Burma Army. p.224.

၃။ S.W.Kirby - The War Against Japan. Vol.II . p.426.

၄။ ibid. p.427.

ရခိုင်စစ်မျက်နှာတွင်လည်းကောင်း တပ်ဖွဲ့စေခဲ့သည် ။ ၁၉၄၃ခု၊ ဇွန်လတွင် မဟာမိတ်တို့၏ ထိုးစစ်ကိုထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် တပ်မ(၃၁)သည်လည်း တရုတ်ပြည်နှင့် ပစိဖိတ်စစ်မျက်နှာများမှမြန်မာပြည်သို့ရောက်ရှိလာခဲ့လေသည် ။ [၁]

၁၉၄၃ခု၊ ဇွန်လတွင် ဒုတိယဗိုလ်ချုပ်ကြီးကဝါဘီသည် မဟာမိတ်တပ်များအလုံအရင်းဖြင့်ထိုးစစ်ဆင်မလာမီ အင်ဖာကိုသိမ်းပိုက်၍ ခံစစ်ပြုရန်လိုအပ်ကြောင်း တောင်ပိုင်းတပ်တော်သို့ တင်ပြသည်။ တောင်ပိုင်းတပ်တော်မှ ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘီ၏ တင်ပြချက်ကို ဂျပန်ဘုရင့်စစ်ဌာနချုပ်သို့ ဆက်လက်တင်ပြရာ ဇူလိုင်လတွင် ခွင့်ပြုချက် ရရှိခဲ့သည်။ မြန်မာပြည် စစ်နယ်မြေတပ်တော်ကိုလည်း တပ်မ(၁၅)၊ တပ်မ(၅၄)၊ သီးသန့်တပ်မဟာ (၂၄)တို့ ဖြင့် အင်အားဖြည့်တင်းလိုက်လေသည် ။ [၂]

၁၉၄၄ခု၊ ဇန်နဝါရီလအစောပိုင်းတွင် မြန်မာပြည် စစ်နယ်မြေတပ်တော်လက်အောက်ရှိ ဂျပန်တပ်များမှာ သံလွင်စစ်မျက်နှာတွင် အမှတ်(၅၆)တပ်မ ပါဝင်သော အမှတ် (၁၅)တပ်တော် မြစ်ကြီးနား-ဟူးကောင်းတောင်ကြား စစ်မျက်နှာတွင် အမှတ်(၁၈) တပ်မ၊ ချင်းတွင်းစစ်မျက်နှာ တွင် တပ်မ(၃၁)နှင့် တပ်မ(၃၃) ၊ ရခိုင်စစ်မျက်နှာတွင် တပ်မ (၅၅) ၊ တနင်္သာရီဒေသတွင် သီးသန့်တပ်မဟာ(၂၄)၊ ရမ်းဗြဲကျွန်းမှ မြစ်ဝကျွန်းပေါ်ဒေသအထိ ကမ်းရိုးတန်းတစ်လျှောက်တွင် တပ်မ(၅၄)နှင့်တပ်မ(၁၅)တို့ဖြစ်လေသည် ။ [၃]

ဒုတိယဗိုလ်ချုပ်ကြီးကဝါဘီသည် အင်ဖာတိုက်ပွဲအတွက်လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ပြီးသောအခါ ယင်း၏လက်အောက်တွင် အရံတပ်အင်အား နည်းပါးနေသေးသဖြင့် တပ်မနှစ်ခု ထပ်မံအင်အားဖြည့်တင်းပေးရန်နှင့် မြန်မာပြည် စစ်နယ်မြေတပ်တော်ကို ပြင်ဆင်ဖွဲ့စည်းပေးရန် ဂျပန်တောင်ပိုင်းတပ်တော်သို့ တင်ပြတောင်းဆိုပြန်သည်။ သူ၏တင်ပြချက်တွင် မဟာမိတ်တပ်များ၏ ထိုးစစ်သည် တရုတ်ပြည်မှလည်းကောင်း၊ အာသံပြည်မှလည်းကောင်း၊ အနောက်တောင်ဘက် ကမ်းရိုးတန်းများမှလည်းကောင်း ဝင်ရောက်လာနိုင်သည့်ပြင် အမှတ်(၁၅)တပ်တော်သည် မကြာမီအချိန်အတွင်း အင်ဖာတိုက်ပွဲကို ဆင်နွှဲရမည်ဖြစ်သဖြင့် မြန်မာပြည်စစ်မြေပြင်၌ တပ်တော်နှစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းရန် လိုအပ်ကြောင်း ၊ ဤသို့ တပ်တော်နှစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် တပ်တော်တစ်ခုသည် မြန်မာပြည်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းကို ကွပ်ကဲနိုင်မည်ဖြစ်ပြီး ကျန်တပ်တော်တစ်ခုက ရခိုင်နှင့်ကမ်းရိုးတန်းဒေသများကို ကွပ်ကဲနိုင်မည်ဖြစ်ကြောင်း ၊အမှတ်(၁၅)တပ်တော်မှာလည်း ချင်းတွင်းစစ်မျက်နှာ နှင့် အင်ဖာကိုဇောက်ချ တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားလေသည် ။ [၄]

---

၁။ S.W.Kirby - The War Against Japan. Vol.II . p.427

၂။ ibid.

၃။ ibid.Vol.III.p.76.

၄။ Ibid. p.78.

၁၉၄၄ခု ၊ ဇန်နဝါရီလ ၇ ရက်နေ့တွင်ဂျပန်ဘုရင့်စစ်ဌာနချုပ်မှ မြန်မာပြည်စစ်မျက်နှာ၌အမှတ်(၂၈)တပ်တော်နှင့် အမှတ်(၃၃)တပ်တော်များကိုတိုးချဲ့ဖွဲ့စည်းရန်သဘောတူညီခဲ့လေသည် ။ [၁]

သို့ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးဆာကူရိုင်း [၂] ကွပ်ကဲသည့်တပ်မ(၂) ၊ တပ်မ(၅၄)၊ တပ်မ(၅၅) တို့ပါဝင်သော အမှတ်(၂၈)တပ်တော်ကို ၁၉၄၄ခု ၊ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းလိုက်ပြီး ရခိုင်စစ်မျက်နှာနှင့် ကမ်းရိုးတန်းဒေသများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဟွန်ဒါ [၃] ကွပ်ကဲသည့်တပ်မ(၁၈)၊ တပ်မ(၅၆) တို့ပါဝင်သော အမှတ်(၃၃)တပ်တော်ကိုဧပြီလ ၈ ရက်နေ့တွင် ဖွဲ့စည်းလိုက်ပြီး မြန်မာပြည် မြောက်ပိုင်းစစ်မျက်နှာကိုလည်းကောင်း တာဝန်ယူစေခဲ့သည် ။ ဒုတိယဗိုလ်ချုပ်ကြီး မူတာဂူချိ ဦးစီးကွပ်ကဲသည့် တပ်မ(၁၅) ၊ တပ်မ(၃၁) ၊ တပ်မ(၃၃)တို့ပါဝင်သောအမှတ်(၁၅)တပ်တော်မှာမူအင်ဖာကို တိုက်ခိုက်ရမည် ဖြစ်သည် ။ [၄]

ဤသို့ဂျပန်တပ်များသည် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည်နှင့် တစ်ချိန်တည်းတွင်ပင် ဂျပန်အာဏာပိုင်တို့က ဗမာ့ကာကွယ်ရေးတပ်မတော်အား စစ်ဆင်ရေးလုပ်ငန်းများ၌တွင်ကျယ်စွာအသုံးချရန် လိုလားလျက်ရှိကြသည်။ ထို့ကြောင့်ပင် ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘေသည် ဗိုလ်ချုပ်အောင်ဆန်းတင်ပြသော ဗမာ့ကာကွယ်ရေးစီမံချက်အရ ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့သစ်များ တိုးချဲ့ဖွဲ့စည်းရေးကို သဘောတူခွင့်ပြုခဲ့သည့်အပြင် လက်ရှိလေ့ကျင့်မှုရရှိပြီးဖြစ်သော တပ်ရင်းတပ်ဖွဲ့များကိုလည်း ရှေ့တန်းလမ်းဖေါက်ခြင်းတာဝန် ၊ စစ်ဆင်ရေးတာဝန် ၊ နယ်မြေလုံခြုံရေးတာဝန်များတွင် အသုံးပြုရန်ဗိုလ်ချုပ်အောင်ဆန်းထံတောင်းဆိုခဲ့ပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း အခြေအနေအရ ဂျပန်တို့နှင့်မဆန့်ကျင်လိုသေးသည့်အလျောက် ယင်းတို့အလိုကျလိုက်လျောကာ လက်ရှိ ဖွဲ့စည်းပြီးဖြစ်သော ခြေလျင်တပ်ရင်း ၆ ရင်း ၊ စက်မှုလက်မှုတပ်ရင်း ၂ ရင်းနှင့် အမြောက်ကြီးတပ်ရင်း ၂ ရင်းတို့အား မြန်မာပြည်အရပ်ရပ်၌ တပ်ဖြန့်ထားရလေသည် ။

## ၁၉၄၃ခုနှစ်အတွင်း စစ်ရေးလှုပ်ရှားမှုများ

### တပ်ရင်း (၁)

တပ်ရင်းမှူးဗိုလ်မှူးနေဝင်း ဦးစီးကွပ်ကဲသည့် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၁) သည် ၁၉၄၃ခု၊ ဖေဖေါ်ဝါရီလကုန်ပိုင်းခန့်တွင် ရခိုင်စစ်မျက်နှာသို့ ချီတက်ရန်

---

၁။ S.W.Kirby - The War Against Japan. Vol.III.p.78.

၂။ Lt.General Sakurai.

၃။ Lt.General Honda.

၄။ S.W. Kirby-The war Against Japan Vol III.p.78.

ပျဉ်းမနားမြို့မှ ထွက်ခွာခဲ့ကြသည်။ တပ်ရင်း(၁)သည် ပျဉ်းမနားမှ ရန်ကုန်၊ ရန်ကုန်မှ ပြည်သို့ မီးရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ပြည်မြို့မှ တစ်ဘက်ကမ်းရှိ ဆင်တဲပန်းတောင်းသို့ ကူးသည်။ ထိုမှတဖန် မော်တော်ယာဉ်များဖြင့် ချီတက်ရာ မတ်လတွင် တောင်ကုတ်မြို့သို့ ရောက်ရှိကြသည်။

တပ်ရင်း(၁)သည် အမ်းနှင့် တောင်ကုတ်လမ်းကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ရာတပ်ရင်း(၁)ထက်ရက်အနည်းငယ်စော၍ ရောက်နှင့်ပြီးဖြစ်သော တပ်ရင်း(၃)၏ တာဝန်ကို လွှဲပြောင်းယူရသည်။ တပ်ရင်း(၃)မှာမူမြန်မာပြည်မြောက်ပိုင်းအင်းတော်၊ နန်းခမ်း၊ မိုးညှင်းနယ်မြေများသို့ ဆက်လက်ချီတက်သွားလေသည်။ [၁]

တပ်ရင်း(၁)သည် တောင်ကုတ်သို့ ရောက်ရှိသည့်အခါ တပ်ရင်းဌာနချုပ် တပ်ခွဲ(၂)၊ တပ်ခွဲ(၃)နှင့် စက်သေနတ်ကြီးတပ်ခွဲတို့ကိုလားမူရွာနှင့် မော်ရွာတွင်လည်းကောင်း၊ တပ်ခွဲ(၁)ကိုရွာသစ်တွင်လည်းကောင်း၊ တပ်ခွဲ(၄)ကို စကောပြင်ရွာတွင်လည်းကောင်း စခန်းချထားပြီး တောင်ကုတ်နယ်မြေအေးချမ်းရေး၊ လမ်းပန်းအဆက်အသွယ်ကောင်းမွန်ရေး နှင့်မဟာမိတ်တို့၏ ထိုးစစ်ကို ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရသည်။ ထိုအချိန်တွင် တပ်ရင်းမှူး ဗိုလ်မှူးနေဝင်း [၂] သည် တပ်ရင်းဌာနချုပ် တည်ရှိရာ လါးမူရွာမှ ဗမာ့ကာကွယ်ရေးတပ်မတော်စစ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားသောအခါ ဗိုလ်ကြီးလရောင်က တပ်ရင်းမှူးတာဝန်ကို ထမ်းဆောင်ရလေသည်။

ထိုနောက်တွင် တပ်ရင်းဌာနချုပ်နှင့် စက်သေနတ်ကြီးတပ်ခွဲတို့သည် မူလ မော်ရွာမှ တောင်ကုတ်လမ်းရှိ ရေပေါ်ကြီး စခန်းသို့လည်းကောင်း၊ တပ်ခွဲ(၂)သည် မူလ မော်ရွာမှ ကျွဲကလေးစခန်းသို့ လည်းကောင်း၊ တပ်ခွဲ(၃)သည် မူလ လားမူရွာမှ သပြေစခန်းသို့လည်းကောင်း၊ တပ်ခွဲ(၄)သည် မူလ စကောပြင်စခန်းမှ မြယာစခန်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကြသည်။ တပ်ခွဲ(၁)မှာမူ ရွာသစ်စခန်းတွင်ပင် ဆက်လက်စခန်းချကာ တာဝန်ထမ်းဆောင်နေခဲ့လေ သည်။

၁၉၄၃ခု၊ အောက်တိုဘာလတွင် တပ်ရင်း(၁)သည် တောင်ပေါ်စခန်းများမှ တောင်ကုတ်ဘက်သို့ ပြန်လည်ဆင်းသက်လာပြီး တပ်ရင်းဌာနချုပ်ကို ရွာသစ်တွင်လည်းကောင်း၊ အခြားတပ်ခွဲများကို ဝဲကြီး၊ ကြိုးကြာ စသည့်တောင်ကုတ်မြို့အနီး ကျေးရွာများတွင်လည်းကောင်း အသီးသီးစခန်းချနေကြသည်။ တပ်ခွဲ(၁)သည် တောင်ကုတ်ရွာသစ်စခန်းမှ ကျောက်ဖြူ သို့ ပြောင်းရွှေ့ကာ ကမ်းခြေစောင့် တာဝန်ကို ထမ်းဆောင်ရသည်။

---

၁။ ဗိုလ်သံတိုင် – လွတ်လပ်ရေး အရေးတော်ပုံ မှတ်တမ်း၊ (၃တွဲ) မျက် ၁၉၂

၂။ ၁-၃-၄၃ နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး အီဒါက ဗိုလ်မှူးနေဝင်းအား ဒုတိယဗိုလ်မှူးကြီး အဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။
( DR. 4419- Army Order No. 64 by Lt-Gen Iida.)

ထိုအချိန်တွင် မဟာမိတ်တပ်များသည် မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန် အိန္ဒိယပြည်၌ စစ်ရေးပြင်ဆင်မှုများပြုလုပ်၍ ရခိုင်စစ်မျက်နှာတွင် စစ်ရေးလှုပ်ရှားမှုများကို စတင်လာကြပြီဖြစ်၏။ တပ်ရင်း(၁)သည် တောင်ကုတ်မြို့နယ်အတွင်းရှိ သဲဒေးချောင်း၊ ဘန်းလွဲချောင်းများမှတစ်ဆင့် မဟာမိတ်တို့ ကမ်းတက်တိုက်ခိုက် လာနိုင်သောကြောင့် တောင်ကုတ်မြို့နယ် ကာကွယ်ရေးတာဝန်ကို ဆောင်ရွက်ကြရသည်။ ကျောက်ဖြူသို့ ရောက်ရှိနေသည့် တပ်ခွဲ(၁) ကိုလည်း တောင်ကုတ်သို့ ပြန်လည်ခေါ်ယူခဲ့သည်။

ယင်းသို့တပ်ရင်း(၁)သည် တောင်ကုတ်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေစဉ် ရခိုင်မှ တပ်သားသစ်များကို ထပ်မံစုဆောင်း၍ ပန်းတောင်းမြို့၊ ငါးမျက်နှာရွာတွင် လေ့ကျင့်ရေးသင်တန်းများ ပေးခဲ့ပေသေးသည်။ ၁၉၄၃ခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်စခန်းချရပ်နားပြီး အထက်ဗမာပြည်သို့ ပြန်လည်ချီတက်ကြရာ မန္တလေး၊ စစ်ကိုင်း၊ ရေဦး၊ ချင်းတွင်း စသည့်နေရာဒေသများတွင် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းရွက်ကြလေသည်။

## တပ်ရင်း(၂)

တပ်ရင်းမှူး ဗိုလ်မှူးရန်နိုင်ဦးစီးကွပ်ကဲသည့် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၂)သည် ၁၉၄၃ခု၊ ဇန်နဝါရီလလယ်ခန့်တွင် ပျဉ်းမနားမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာပြီး ရန်ကုန်မြို့စောင့် တာဝန်ကို ထမ်းဆောင်ကြရသည်။

ရန်ကုန်မြို့တွင် မြို့မကျောင်း မြောက်ဘက်ရှိ ယခင်ဗြိတိသျှတပ်[၁]စခန်းချသွားသည့်နေရာတွင် တပ်ရင်းဌာနချုပ်ကို ဖွင့်လှစ်သည်။ တပ်ခွဲ(၁)နှင့် တပ်ခွဲ(၂)တို့သည် တပ်ရင်းရုံးနှင့်အတူ စခန်းချပြီး တပ်ခွဲ(၃)နှင့် တပ်ခွဲ(၄)တို့သည် စိန့်အန်ထော်နီကျောင်းတွင်လည်းကောင်း၊ စက်သေနတ်ကြီးတပ်ခွဲသည် ပြည်လမ်း ထောင်ကြီးကွေ့တွင်လည်းကောင်း စခန်းချကြသည်။

၁၉၄၃ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် စိန့်အန်ထော်နီစခန်း ဗုံးကြဲခံရသဖြင့် တပ်ခွဲ(၃)နှင့် တပ်ခွဲ(၄)မှ အရာရှိ အကြပ်တပ်သား ၈၀ ခန့် ထိခိုက်ဒဏ်ရာရ သေဆုံးကြသည်။ ထို့ကြောင့် ကမာရွတ် ရော်ဘာခြံသို့ ပြောင်းရွှေ့စခန်းချကြရသည်။

၁၉၄၃ခု၊ မတ်လတွင် ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်၊ သခင်မြနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ပါဝင်သော မြန်မာပြည်ယာယီအစိုးရ ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ပြည်သို့ သွားရောက်ကြရာ တပ်ရင်းမှူး ဗိုလ်ရန်နိုင် လိုက်ပါသွားသဖြင့် ဗိုလ်ကြီးအောင်က တပ်ရင်းမှူးအဖြစ် တာဝန်ယူဆောင်ရွက်ရသည်။ တပ်ရင်းရုံးကိုလည်း မြို့မကျောင်းအနီးရှိ စခန်းမှ အလုံကရင်ကျောင်းအဆောက်အဦးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

---

၁။ Royal Auxiliary Force.

တပ်ရင်း(၂)သည် ရန်ကုန်မြို့ဝန်းကျင် လုံခြုံရေးကို ဆက်လက်တာဝန်ထမ်းဆောင်ရာတွင် တပ်ခွဲ(၃)နှင့် တပ်ခွဲ(၄)တို့သည် ကမာရွတ် ရော်ဘာခြံစခန်းမှ ထောက်ကြံ့ရော်ဘာခြံစခန်းသို့ ပြောင်းရွှေ့၍ လုံခြုံရေးတာဝန်များကို ဆောင်ရွက်ကြသည်။

တပ်ခွဲ(၂)သည် မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် မင်္ဂလာဒုံရော်ဘာခြံအတွင်းရှိ စစ်ပစ္စည်းဂိုဒေါင်များ လုံခြုံရေးတာဝန်ကို ထမ်းဆောင်ရပြီး တပ်ခွဲ(၁)သည် သမိုင်းကြို့ကုန်းရှိ စစ်ပစ္စည်းဂိုဒေါင်များ လုံခြုံရေးကို တာဝန်ယူစောင့်ရှောက်ကြရသည်။

ဤသို့ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၂)သည် ရန်ကုန်မြို့၏ ပတ်ဝန်းကျင် လုံခြုံရေးတာဝန်များကို ၁၉၄၃ခုနှစ် ကုန်ဆုံးသည်အထိ တာဝန်ယူဆောင်ရွက်ကြရသည်။

## တပ်ရင်း(၃)

ဗိုလ်မှူးဇေယျ ဦးစီးကွပ်ကဲသော ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၃)သည် ၁၉၄၃ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် [၁] ဖျာပုံမနားမှ ရန်ကုန်မြို့သို့ ထွက်ခွာ လာခဲ့သည်။ ရန်ကုန်မြို့မှ ပြည်မြို့၊ ပြည်မြို့မှ တစ်ဘက်ကမ်းရှိ ဆင်တဲ၊ ပန်းတောင်း၊ တောင်ကုတ်ကျွဲကလေးစခန်းသို့ ချီတက်စခန်းချပြီး နယ်မြေလုံခြုံရေးနှင့် လမ်းဖေါက်လုပ်ရေး တာဝန်များကို ထမ်းဆောင်ကြရသည်။

ရခိုင်စစ်မျက်နှာတွင် တပ်ရင်း(၁)နှင့် တာဝန်လွှဲပြောင်းပြီးနောက် တပ်ရင်း(၃) သည် မြန်မာပြည်အထက်ပိုင်းသို့ ချီတက်ကြရာ အင်းတော်၊ ဗန်းမောက်၊ ခွေးအော်၊ နန်းကတင်၊ ဆင်နှာမောင်း၊ ရွှေညောင်ပင်၊ ဟုမ္မလင်း၊ တုံဟဲအထိရောက်ကြသည်။ ထိုမှ ချင်းတွင်းမြစ်ကို ဖြတ်ကူးပြီး သောင်ထွတ်၊ ဂန္ဓာမာချောင်၊ မုံရွာ၊ ရွှေဘို၊ ရေဦး၊ ငရုတ်တုံ၊ မူသာစသည့်ဒေသများသို့ရောက်ရှိပြီး နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြသည်။ ထိုနောက် သစ်ရာပင်စခန်းမှ မေမြို့သို့တပ်ရင်းတစ်ရင်းလုံး ပြောင်းရွှေ့ရသည်။ လမ်းခရီးတစ်လျှောက်တွင်စုဆောင်းရရှိသော တပ်သားသစ်များကိုလည်း စစ်သင်တန်းများ ပေးခဲ့ကြလေသည်။

## တပ်ရင်း(၄)

ဗိုလ်မှူးကျော်ဇော [၂] ဦးစီးကွပ်ကဲသော ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၄) သည် ဖျာပုံမနားမြို့တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ပြီးသောအခါ ၁၉၄၃ခု၊ ဇူလိုင်လဆန်း

---

၁။ DR.4478- ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း(၃)ကျွဲကလေးစခန်းဗိုလ်ဇေယျထံမှ ၂-၃-၄၃ နေ့စွဲဖြင့်ဗိုလ်တေဇထံအစီရင်ခံစာ။

၂။ တပ်ရင်းမှူး ဗိုလ်မှူးကျော်ဇောသည် ပဲခူးစံပြတပ်ရင်းသို့ ပြောင်းရွှေ့သွားသောအခါ တပ်ခွဲ(၃)မှ တပ်ခွဲမှူးဗိုလ်ကြီး သိန်းမောင်က တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ပါသည်။

ခန့်တွင် မန္တလေးသို့ထွက်ခွာကြသည်။ မန္တလေးမြို့၌ တပ်စခန်းချရပ်နားစဉ် မန္တလေး တောင် အရှေ့ဘက်တောင် ခြေတစ်ဝိုက်တွင် စစ်ရေးလေ့ကျင့်ခန်းများကို ပြန်လည်လေ့ကျင့် ကြသည်။ [၁]

၁၉၄၃ခု၊ စက်တင်ဘာလခန့်တွင် မန္တလေးမှ စစ်ကိုင်း၊ ရွှေဘို ၊ ကောလင်း၊ ဝန်းသိုမြို့ များကို ဖြတ်ကျော်ချီတက်၍ အင်းတော်၌ စခန်းချရပ်နားပြီး အင်းတော် ဗန်းမောက် ကားလမ်း ဖေါက်လုပ်ရာတွင် တာဝန်ယူဆောင်ရွက်ကြရသည်။

ယင်းသို့ လမ်းဖေါက်တာဝန်များကို ဆောင်ရွက်နေစဉ်အတွင်း တပ်ရင်း(၄)သည် အင်းတော်၊ အောက်တော၊ သက်ကယ်ကျင်းအနီးတွင် မဟာမိတ်တို့ဘက်မှ ထိုးစစ်ဆင် တိုက်ခိုက်လာသော ဗိုလ်မှူးချုပ် ဝင်းဂိတ်[၂] ၏တပ်များနှင့် တိုက်ပွဲဖြစ်ပွားကြသည်။ ဤသို့ အင်းတော်တွင် ၅ လခန့် လမ်းဖေါက်လုပ်ရေးတာဝန်များကို ထမ်းဆောင်ပြီးနောက် မန္တလေး သို့ ပြန်လည် ပြောင်းရွှေ့ခဲ့ကြလေသည်။

## တပ်ရင်း(၅)

ဗိုလ်မှူးအောင်ဦးစီးကွပ်ကဲသော ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၅)သည် ပျဉ်းမနားမြို့တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် မိတ္ထီလာ၊ လယ်ဝေးနယ်မြေသို့ ချီတက်၍ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရသည်။

တပ်ရင်း(၅)ရုံးနှင့် တပ်ခွဲအချို့သည်မိတ္ထီလာမြို့တွင် စခန်းချထားကြသည်။

တပ်ခွဲ(၃)သည် ရွှေဘိုမြို့နယ်တွင် တာဝန်ထမ်းဆောင်ပြီး ထိုမှ မိတ္ထီလာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ထိုနောက်လယ်ဝေးမြို့အနီး ဖေါဓိကုန်းသို့ ပြောင်းရွှေ့ ၍ နယ်မြေလုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ကြရသည်။

ထိုအချိန်တွင် တပ်ရင်း(၅)မှ တပ်ခွဲ(၂)သည် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း (၆)၊ တပ်ခွဲ(၂)အဖြစ်လည်းကောင်း၊ တပ်ရင်း(၇)၊ တပ်ခွဲ(၂)အဖြစ်လည်းကောင်း အဆင့်ဆင့် ပြောင်းလဲ၍ သရက်ခရိုင်နှင့် ဗန်းမော်၊ ကွတ်ခိုင် စသည့်ဒေသများတွင် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်သည်။

စက်သေနတ်ကြီးတပ်ခွဲသည် တောင်ငူလေယာဉ်ကွင်းကို တာဝန်ယူ စောင့်ရှောက် ရသည်။

တပ်ရင်း(၅)တပ်ရင်းရုံးသည် တောင်ငူကျွန်းကုန်း လေယာဉ်ကွင်းသို့ ပြောင်းရွှေ့ပြီး မိုးကောင်း၊ သာယာကုန်းရွာတွင် စခန်းချသည်။ ၁၉၄၄ခု၊ နှစ်ဦးပိုင်းတွင် တပ်ရင်းရုံးကို

---

၁။ ဗိုလ်သံတိုင် - လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း (ပတွဲ) မျက် ၂၂၃-၂၃၃

၂· Brigadier Wingate

မိတ္ထီလာသို့ ပြန်လည်ပြောင်းရွှေ့ခဲ့၏။ ထိုအချိန်တွင် တပ် ခွဲ(၁)ရုံးကိုလည်း သာစည်ဘုရားတောင်ကုန်းမှ ကွမ်းခြံရိုးရွာသို့ ပြောင်းရွှေ့ထားခဲ့လေသည်။

## တပ်ရင်း(၆)

ဗိုလ်ရန်အောင် [၁] ဦးစီးကွပ်ကဲသော ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၆)သည် ပျဉ်းမနားမြို့တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် ပျဉ်းမနားတွင်တပ်ခွဲတစ်ခွဲချန်၍ နောင်တွင်တပ်ရင်းတစ်ခုလုံး သရက်ခရိုင်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ သရက်ခရိုင်တွင်မင်းလှ၊ ကမ္မစသည့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြသည်။ ယင်းသို့တာဝန်ထမ်းဆောင်စဉ်အတွင်း တပ်ခွဲများကို မင်းလှအပိုင် ကညင်ကြီးကျေးရွာတွင်လည်းကောင်း၊ ပျဉ်းမနား၊ ဆပ်သွား၊ အောင်လံ၊ ညောင်ပင်သာစခန်းများတွင်လည်းကောင်း စခန်းချစေသည်။ ထိုနောက် တပ်ခွဲများသည် ယင်းကျေးရွာများတွင် ပျောက်ကြားတပ်ဖွဲ့များကို ဖွဲ့စည်းပေးပြီး စစ်သင်တန်း များ ပေးခဲ့ကြလေသည်။

ပျဉ်းမနားမြို့တွင် တပ်ရင်း(၆) စခန်းချနေစဉ်အတွင်း တပ်ခွဲ(၃)သည် မော်လမြိုင်ကော့ကရိတ်နယ်မြေများသို့ သွားရောက်၍ နယ်မြေလုံခြုံရေးတာဝန်များကို ဆောင်ရွက်ခဲ့လေသည်။

## လေယာဉ်ပစ်အမြောက်ကြီးတပ်

ဗိုလ်ကြီးခင်ညို ဦးစီးကွပ်ကဲသော ဗမာ့ကာကွယ်ရေးတပ်မတော် လေယာဉ်ပစ်အမြောက်ကြီးတပ်ရင်းသည် ရန်ကုန်မြို့တွင် တပ်ရင်းရုံးထားရှိ၍ ဗိုလ်တင်အုန်းဦးစီးသောတပ်ခွဲ(၁)ကို တပ်ရင်းရုံးနှင့် တွဲဖက်ထားရှိသည်။ ကျန်တပ်ခွဲများမှာ ရှေ့တန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ကြရသည်။

ဗိုလ်အာဇာဝက ဦးစီးသော တပ်ခွဲ(၂)သည် မန္တလေးမြို့တွင်လည်းကောင်း၊ ဗိုလ်အေးဖေဦးစီးသော တပ်ခွဲ(၃)သည် စစ်ကိုင်းမြို့တွင်လည်းကောင်း၊ ဗိုလ်သိမ်းရွှေဦးစီးသော တပ်ခွဲ(၄)သည် မုံရွာမြို့တွင်လည်းကောင်းစခန်းချကာ တာဝန်ထမ်းဆောင်ကြရ သည်။ [၂]

---

၁။ တပ်ရင်း(၆)သရက်ခရိုင်သို့ ပြောင်းရွှေ့သွားသောအခါ ပျဉ်းမနားတွင် ကျန်ရှိသော တပ်ခွဲကို ဗိုလ်တောက်ထိန်က ကွပ်ကဲအုပ်ချုပ်ပါသည်။

၂။ ဖွဲ့စည်းပုံအရ၊ လေယာဉ်ပစ်အမြောက်ကြီး တပ်တွင် တပ်စုသုံးစုပါဝင်သော တပ်ခွဲ(၄)ခွဲ ရှိပြီး တပ်ခွဲ(၁)ကိုတပ်ရင်းရုံးတွင် တွဲဖက်ထားပါသည်။

## လေယာဉ်ပစ် စက်အမြောက်တပ်

ဗိုလ်မှူးကလေးမြင့်အောင် ဦးစီးကွပ်ကဲသော ဗမာ့ကာကွယ်ရေးတပ်မတော် လေယာဉ်ပစ်စက်အမြောက်တပ်ရင်းသည် ဗမာ့ကာကွယ်ရေးတပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများဖြင့် ဖွဲ့စည်းထားသည့်တပ်ရင်းဖြစ်သည်။ ဦးစွာရန်ကုန်မြို့၊ ပြည်လမ်း စိန့်ဗင်ဆင်ကျောင်းတွင် သင်တန်းပေးပြီးသည့်နောက် တပ်ရင်းကို ပျဉ်းမနားမြို့၌ စတင် ဖွဲ့စည်း သည်။

ထိုနောက် ဗိုလ်စောထွန်းစိန်ဦးစီးသော တပ်ခွဲ(၁)သည် ပြည်မြို့တွင်လည်းကောင်း၊ ဗိုလ်ရွှေဦးစီးသောတပ်ခွဲ(၂)သည် စစ်တောင်းတွင်လည်းကောင်း၊ ဗိုလ်မြမောင် ဦးစီးသော တပ်ခွဲ(၃)သည် ဂုတ်ထိပ်တွင်လည်းကောင်း၊ ဗိုလ်သောင်းကြည်ဦးစီးသော တပ်ခွဲ(၄)သည် နမ္မတူတွင်လည်းကောင်း၊ ဗိုလ်စိုးမြင့်ဦးစီးသောတပ်ခွဲ(၅)သည် မုတ္တမတွင်လည်းကောင်း နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်ကြရသည်။ ဗိုလ်မျိုးမြင့်ဦးစီးသော တပ်ခွဲ(၆)မှာ မှူးတပ်ရင်းရုံးနှင့်အတူ ပျဉ်းမနားမြို့နယ်၏ လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရသည်။[၁]

## စက်မှုလက်မှုတပ်ရင်း(၁)
## စက်မှုလက်မှုတပ်ရင်း(၂)

ဗိုလ်မှူးဗထူးဦးစီးသော စက်မှုလက်မှုတပ်ရင်း(၁)နှင့် ဗိုလ်ကြီးမိုးညို ဦးစီးသော စက်မှုလက်မှုတပ်ရင်း(၂)တို့မှ တပ်သားသစ်များသည်ပျဉ်းမနားမြို့တွင် အခြေခံစစ်သင်တန်း များ ကို သင်ယူကြသည်။

ဗိုလ်မှူးဗထူးဦးစီးသော စက်မှုလက်မှုတပ်ရင်း(၁)သည် ဗမာ့ကာကွယ်ရေး တပ်မတော် တပ်ရင်း(၅)နှင့်တပ်ရင်း(၆)တို့မှရဲဘော်အများစုဖြင့် ဖွဲ့စည်းထားသော တပ်ဖြစ်သည်။

စစ်သင်တန်း စတင်သည့်အချိန်တွင် ဗိုလ်မှူး ဗထူးက –

" ဒီကနေ့ဆိုရင် ငါတို့တစ်တွေဟာ ဗမာ့ရန်သူမှန်သမျှကို တိုက်ခိုက် ချေမှုန်းသုတ်သင်ဘို့အတွက် တပ်ရင်းတစ်ရင်းအနေမှ အင်အားစု တစ်စု တိုးတက်လာတဲ့နေလို့ မှတ်ယူနားလည်ထားကြရမယ်။ ငါတို့တပ်ရင်းရဲ့ တာဝန်ကတော့ ပထမစက်မှုလက်မှု ပညာရပ် များကို သင်ကြားကြရမယ်။ အဲဒီပညာတွေ တတ်မြောက်ပြီးတာနဲ့ တစ်ပြိုင်နက် စစ်မြေပြင်ကို ချီတက်ထွက်ခွာပြီး ဗမာ့ရန်သူမှန်

၁။ ဖွဲ့စည်းပုံအရ၊ လေယာဉ်ပစ်စက်အမြောက်တပ်ရင်းတွင် တစ်ခုနှစ်ခု စီပါဝင်သော တပ်ခွဲ ၆ ခွဲ ပါဝင်သည်။ (DR 22 – ဗမာ့တပ်မတော် စစ်ဦးစီးဗိုလ်ထံသို့ ပေးပို့သော စက်မှုလက်မှု တပ်ရင်း၊ လေယာဉ်ပစ်အမြောက်ကြီးတပ်ရင်း၊ စက်အမြောက်တပ်ရင်း၊ မော်တော်ယာဉ်တပ်၊ အဆောက် အဦတပ်နှင့် စစ်ဆေးရုံတို့၏ ဖွဲ့စည်းပုံအစီရင်ခံစာဖိုင်တွဲ)

> သမျှကို သုတ်သင်ချေမှုန်းကြရမယ်။ ... ဒို့ရည်မှန်းချက် ဖြစ်တဲ့ လွတ်လပ်ရေးကို မရ ရအောင်ယူရမယ်။ ဘယ်သူမှ ဒို့အပေါ်က ချုပ်ချယ်အုပ်ထိန်းထားတဲ့လွတ်လပ်ရေးမျိုးမလိုချင်ဘူး။ တကယ့် အချုပ်အချယ်လွတ်ကင်းတဲ့ လွတ်လပ်ရေးမျိုးကို အရ တိုက်ယူရ မယ်။ ဒါဟာ ငါတို့ရဲ့အဓိက တာဝန်ဘဲလို့ မှတ်ကြ "[၁]

ဟူ၍ ပြောဆို မှာကြားသည်။

ဗိုလ်မှူးဗထူး ဦးစီးကွပ်ကဲသည့် စက်မှုလက်မှုတပ်ရင်း(၁)သည် ၁၉၄၃ခု၊ နှစ်လယ်ခန့်တွင် ရှေ့တန်းသို့ ချီတက်၍ ချင်းတွင်းမြစ်အထက်ပိုင်း အင်းတော်–ဟုမ္မလင်းသို့ သွားသည့် အနီးဆုံးလမ်းဖြစ်သော နန်းကတင်တောင်ပေါ်လမ်းကို ဖေါက်လုပ်ကြရသည်။ ထိုလမ်းကို ဖေါက်လုပ်ရခြင်းမှာ ဂျပန်တို့ အာသံကို ဖြတ်၍ အိန္ဒိယပြည်ကို တိုက်ခိုက်သည့်အခါ ချင်းတွင်းမြစ်ကမ်းအထိ တပ်အင်အားနှင့် လက်နက်ခဲယမ်းမီးကျောက် ရိက္ခာများ တင်ပို့ပေးနိုင်ရေးအတွက် လမ်းပန်းအဆက်အသွယ်ပိုမိုကောင်းမွန်ရန် ဖေါက်လုပ်ပေးရခြင်းဖြစ်သည်။ စက်မှုလက်မှုတပ်ရင်း(၁)သည် နန်းကတင်တောင်ပေါ်လမ်းအပြင် ချင်းတွင်းမြစ်တစ်ဘက်ကမ်းရှိ တုံမဟဲ၊ နာဂတောင်ပေါ်မှ အင်ဖါသို့သွားရာ တောင်ပေါ်လမ်းကိုလည်း ဆက်လက်ဖေါက်လုပ်ကြရသည်။[၂]

ယင်းသို့ အင်ဖါလမ်းကို ဖေါက်လုပ်နေစဉ်အတွင်း စက်မှုလက်မှုတပ်ရင်း(၁)သည် စစ်ကိုင်းသို့ ပြန်လည်၍ စခန်းချရပ်နားသည်။ ထိုမှ ပဲခူးသို့ ပြောင်းရွှေ့ပြီး ဂျပန်တော်လှန်ရေးအတွက် အသင့်ပြင်ဆင်စောင့်ဆိုင်းနေလေသည်။

ဗိုလ်ကြီးမိုးညို ဦးစီးကွပ်ကဲသော စက်မှုလက်မှုတပ်ရင်း(၂)မှာလည်း ပဲခူးကိုယ်ပိုင် စက်မှုလက်မှုတပ်မှ ရဲဘော်များဖြင့် အင်အားဖြည့်တင်းကာ အောင်လံ၊ သရက်၊ မင်းလှ၊ ရွှေစက်တော်နှင့် ရခိုင်သို့ ချီတက်ရာ အန်းတောင်ကြားလမ်းတို့တွင် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရလေသည်။

## ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များကို ဗိုလ်ချုပ်ဆာဝါမိုတိုစစ်ဆေးခြင်း

ဂျပန်အာဏာပိုင်တို့သည် အင်ဖါစစ်ဆင်ရေးတွင် အရေးရှုံးနိမ့်စပြုလာပြီဖြစ်ရာ ဗမာ့တပ်မတော်ကို အင်အားပိုမိုတောင့်တင်းခိုင်မာအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း သုံးသပ်မိလာကြသည်။ မဟာမိတ်တို့၏ ထိုးစစ်အရှိန်အဟုန် မြင့်မားလာသည်နှင့်အမျှ ဗမာ့တပ်မတော်၏ ပူးပေါင်းကူညီမှုကို အထူးလိုလားနေသော ဂျပန်အာဏာပိုင်တို့က ဗိုလ်ချုပ်

---

၁။ ကျောက်ဆည်မောင်မောင်–စစ်မြေပြင်ခရီးကြမ်းနှင့်ကိုယ်တွေ့မှတ်တမ်း၊ မျက်၅၉–၆၀

၂။ ယင်း၊ မျက် ၉၈–၉၉၊ ၁၄၂

ဆာဝါမိုတိုအား အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့ရောက်ရှိနေသော ဗမာ့တပ်မတော်တပ်ရင်း တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေးစေခဲ့သည်။

၁၉၄၄ခု၊ ဇွန်လ ၃ ရက်နေ့တွင် ဂျပန်အကြံပေးအရာရှိ ဗိုလ်ချုပ် ဆာဝါမိုတိုသည် စစ်ဝန်ကြီးနှင့် ဗမာ့တပ်မတော်စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၊ ဗမာ့တပ်မတော် ဗဟိုစစ်ဌာနချုပ်မှ ဦးစီးဗိုလ်ချုပ် ဗိုလ်မှူးကြီးနေဝင်းတို့နှင့်အတူ မြန်မာပြည်အရပ်ဒေသ အသီးသီး၌ တာဝန်ထမ်းဆောင်နေကြသော ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များကို လှည့်လည်စစ်ဆေး ခဲ့ကြသည်။

ဗိုလ်ချုပ်ဆာဝါမိုတိုနှင့်အဖွဲ့သည် ရန်ကုန်မှ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ မန္တလေး၊ မေမြို့များသို့ ရောက်ရှိကာ ထိုမြို့များရှိ တပ်ရင်း တပ်ဖွဲ့များကို စစ်ဆေးခဲ့ကြ၏။ ထိုအချိန်တွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာ ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရမည်ဖြစ်၍ မေမြို့မှရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

ဗိုလ်ချုပ်ဆာဝါမိုတိုသည် ဗိုလ်မှူးကြီးနေဝင်းနှင့်အတူ ဆက်လက် ခရီးထွက်ခဲ့ရာ မေမြို့မှ မန္တလေး၊ စစ်ကိုင်း၊ ဝန်းသို၊ နမ်းခမ်း၊ အင်းတော်၊ ထိုမှ ဝန်းသို၊ ခင်ဦး၊ ရွှေဘို၊ စစ်ကိုင်း၊ မိတ္ထီလာ၊ ရေနံချောင်း၊ အောင်လံ၊ သရက်၊ ပေါင်းတည်မြို့များသို့ ရောက်ရှိပြီး ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များကို စစ်ဆေးခဲ့ရာ ၁၉၄၄ခု ဇွန်လ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိလာကြသည်။ [၁]

ထိုစဉ်က မြန်မာပြည်အရပ်ဒေသအသီးသီးသို့ ပျံ့နှံ့ရောက်ရှိနေကြသော ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၏ အခြေအနေမှာ ဗိုလ်ချုပ် ဆာဝါမိုတို မျှော်မှန်းထားသည် ထက်ပင် ဆိုးရွားနေခဲ့၏။ အဆောက်အဦ၊ ဆေးဝါး၊ စစ်ဝတ်တန်ဆာ၊ လက်နက်ခဲယမ်းမီးကျောက်မှစ၍ အဖက်ဖက်တွင် ညံ့ဖျင်းနေလေသည်။ ဗိုလ်ချုပ် ဆာဝါမိုတိုသည် ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့တစ်ခုနှင့်တစ်ခုအလွန်အလှမ်းကွာပြီး တပ်ဖြန့်မှုလျော့ရဲနေသည်ကိုလည်းကောင်း၊ အလုပ်ကြမ်းကူလီနှင့်မခြားသော ဗမာ့တပ်မတော်သားတို့၏ ဘဝကိုလည်းကောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့လေသည်။ [၂]

## ၁၉၄၄ခုနှစ်အတွင်းစစ်ရေးလှုပ်ရှားမှုများ

ဗမာ့တပ်မတော် တပ်ရင်း တပ်ဖွဲ့များ၏ အခြေအနေအရပ်ရပ်ကို ဗိုလ်ချုပ်ဆာဝါမိုတိုနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သော ဗမာ့တပ်မတော် ဗဟိုစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး

---

၁။ Major General Sawamoto's Dairy

၂။ Major General Sawamoto - Burma Manoeuvre by the Minami Organ and its after. p.55

နေဝင်း၏ အစီရင်ခံစာအရ၊ ၁၉၄၄ခုနှစ်အတွင်း ဗမာ့တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများကို အောက်ပါအတိုင်းတွေ့ရှိရလေသည်။

## ခြေလျင်တပ်ရင်း(၁)

တပ်ရင်းမှူး(ဗိုလ်ကြီးတင်ဖေ) ဦးစီးကွပ်ကဲသော ဗမာ့တပ်မတော် ခြေလျင်တပ်ရင်း(၁)သည် စစ်မြေပြင်သို့ချီတက်၍ ရေဦးတွင်ခေတ္တစခန်းချကာ နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်လျက်ရှိ၏။ တပ်ခွဲ(၁)မှာမူရန်ကုန်မြို့တွင် စခန်းချတာဝန်ထမ်းဆောင်နေ လေသည်။

## ခြေလျင်တပ်ရင်း(၂)

တပ်ရင်းမှူး ဗိုလ်ကြီးဗိုလ်ညို(ဗိုလ်သူရ) ဦးစီးကွပ်ကဲသော ခြေလျင်တပ်ရင်း(၂) [၁]၊ စစ်ဌာနတပ်ခွဲအမှတ်(၁)နှင့် စက်သေနတ်ကြီးတပ်ခွဲတို့သည် သရက်ခရိုင် အောင်လံမြို့၊ မိုးကောင်းရွာတွင် စခန်းချနေပြီး သရက်ခရိုင်၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ကာကွယ်မှုအတွက် တာဝန်ထမ်းဆောင်နေကြသည်။

တပ်ရင်းစစ်ဌာနချုပ်သည် လှော်ခါးမှရေနံချောင်းအထိ ရေနံပိုက်လိုင်းကိုလည်းကောင်း၊ အမှတ်(၂)တပ်ခွဲစစ်ဌာနသည် သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၌ စခန်းချလျက်ရှိပြီး လှော်ခါးမှ ပြည်ခရိုင်မော်ဇာအထိ ရေနံပိုက်လိုင်းကိုလည်းကောင်း တာဝန်ယူစောင့်ရှောက်ရသည်။ အမှတ်(၃)တပ်ခွဲစစ်ဌာနသည် အောင်လံမြို့၊ မိုးကောင်းရွာ၌ စခန်းချထားပြီး ပြည်မြို့နဝင်းချောင်းမှ ရေနံချောင်းမြို့၊မကျဉ်းကျည်တောက်ရွာအထိရေနံပိုက်လိုင်းစောင့် တာဝန်ကို ထမ်းဆောင်နေလေသည်။

## ခြေလျင်တပ်ရင်း(၃)

ဗိုလ်ကလေးအုန်းကျော် ဦးစီးကွပ်ကဲသော ခြေလျင်တပ်ရင်း(၃) [၂]၊ တပ်ခွဲ(၁)သည် မန္တလေးမြို့နန်းတော်အတွင်း မင်္ဂလာတံခါးအနီး စခန်းချလျက်ရှိ၏။ တပ်ရင်းစစ်ဌာန၊

---

၁။ <u>ခြေလျင်တပ်ရင်း(၂)</u>
တပ်ရင်းမှူး – ဗိုလ်ကြီးညို
တပ်ခွဲ(၁) – ဗိုလ်ကျော်ထွန်းတင်
တပ်ခွဲ(၂) – ဗိုလ်ကလေးချစ်မြိုင်
တပ်ခွဲ(၃) – ဗိုလ်ကလေးစန်းယု
စက်သေနတ်ကြီးတပ်ခွဲ – ဗိုလ်ကလေးအောင်ကြည်

၂။ <u>ခြေလျင်တပ်ရင်း(၃)</u>
တပ်ခွဲမှူး –ဗိုလ်ကလေးအုန်းကျော်
တပ်စု(၁) –ဗိုလ်ကလေးချစ်မောင်
တပ်စု(၂) –ဗိုလ်ကလေးဘသိန်း
တပ်စု(၃) –ဗိုလ်ကလေးချစ်မောင်

တပ်ခွဲအမှတ်(၂)၊ တပ်ခွဲအမှတ်(၃)နှင့် စက်သေနတ်ကြီးတပ်ခွဲတို့သည် စစ်တောင်းမြစ်ကမ်းရှိ စစ်သောင်တွင် စခန်းချနေကြသည်။

မန္တလေးနန်းတော် မင်္ဂလာတံခါးအနီး စခန်းချလျက်ရှိသော တပ်ခွဲ(၁)သည် ဂျပန်တပ်ခွဲတစ်ခွဲနှင့် ပူးပေါင်း၍ ယင်းဂျပန်တပ်ခွဲမှူး၏ အမိန့်အရ နန်းတော်အဝင် မင်္ဂလာတံခါး၊ မြစ်ငယ်တံတား၊ စစ်ကိုင်းမြို့အဝင် ရွှေဘို–စစ်ကိုင်းလမ်းနှင့် စစ်ကိုင်းသင်္ဘောဆိပ်တို့တွင် ကင်းစောင့်တာဝန်ထမ်းဆောင်ကြရသည်။

## ခြေလျင်တပ်ရင်း(၄)

တပ်ရင်းမှူး ဗိုလ်ကြီးသိန်းမောင် ဦးစီးကွပ်ကဲသော ခြေလျင်တပ်ရင်း(၄) [၁]၊ စစ်ဌာနတပ်ခွဲ(၁)(တပ်စု၂စုမပါဝင်)၊ တပ်ခွဲ(၂)(တပ်စု၁စုမပါဝင်)တပ်ခွဲ(၃)(တပ်စု၁စုမပါဝင်) နှင့် စက်သေနတ်ကြီးတပ်ခွဲတို့သည် အင်းတော်၏ အနောက်တောင်ဘက် ၂ မိုင်ကွာရှိ နန်းတင်ရွာတွင်စခန်းချကာ အင်းတော်မြို့တောင်ပိုင်းကို ကာကွယ်စောင့်ရှောက်ကြရသည်။

တပ်ခွဲ(၁)မှ တပ်စု ၂ စုနှင့် တပ်ခွဲစစ်ဌာနသည် ချင်းတွင်းမြစ်ကမ်းရှိ စစ်သောင်တွင်လည်းကောင်း၊ တပ်ခွဲ(၃)မှတပ်စု ၁ စုသည်ဖျဉ်ပုံတွင်လည်းကောင်းစခန်းချကာ ရန်သူ့အခြေအနေသတင်းကို နှေစဉ်ထောက်လှမ်းခြင်း၊ စစ်မြေပြင်ကင်းများချထားခြင်း စသည့်တာဝန်များကို ထမ်းဆောင်နေကြသည်။

အင်းတော်ရှိ တပ်ခွဲ၊ တပ်စုများ၏တာဝန်မှာ အင်းတော်မြို့တောင်ပိုင်းကို ကာကွယ်ရခြင်းနှင့် ဂျပန်တပ်များ၏ ပစ္စည်းရိက္ခာများကို သယ်ယူပေးရခြင်းတို့ပင် ဖြစ်သည်။

## ခြေလျင်တပ်ရင်း(၅)

တပ်ရင်းမှူး ဗိုလ်ကြီး သောင်းကြည်ဦးစီးကွပ်ကဲသော ခြေလျင်တပ်ရင်း(၅) [၂] စစ်ဌာနသည် တောင်ငူမြို့၊ မိုးကောင်းရပ်၊ ဓိန့်ပီတာ ကျောင်းဟောင်းတွင် စခန်းချ တပ်စွဲလျက်ရှိသည်။

တပ်ခွဲ(၁)မှ တပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စုသည် သာစည်မြို့စောင့် တာဝန်ကိုလည်းကောင်း၊ တပ်စုတစ်စုသည် ရှမ်းပြည်တောင်ပိုင်းယင်းမာပင်တွင် ဂျပန်လက်နက်ဂိုဒေါင်

---

၁။ ခြေလျင်တပ်ရင်း(၄)

| | | |
|---|---|---|
| တပ်ရင်းမှူး | – | ဗိုလ်ကြီးသိန်းမောင် |
| တပ်ခွဲ(၁) | – | ဗိုလ်ဗဦး |
| တပ်ခွဲ(၂) | – | ဗိုလ်ကလေးလှမြင့် |
| တပ်ခွဲ(၃) | – | ဗိုလ်ကလေးရဲခေါင် |
| စက်သေနတ်ကြီးတပ်ခွဲ | – | ဗိုလ်ကလေးဗိုလ်သိန်း |

၂။ ခြေလျပ်တပ်ရင်း(၅)

| | | |
|---|---|---|
| တပ်ရင်းမှူး | – | ဗိုလ်ကြီးသောင်းကြည် |
| တပ်ခွဲ(၁) | – | ဗိုလ်ကလေးဗိုလ်ညို |
| တပ်ခွဲ(၂) | – | ဗိုလ်ကလေးသန်းမောင် |
| တပ်ခွဲ(၃) | – | ဗိုလ်ကလေးတင်သိန်း |
| စက်သေနတ်ကြီးတပ်ခွဲ | – | ဗိုလ်ကလေးသိန်းမြင့် |

များနှင့် ရိက္ခာဂိုဒေါင်များကိုလည်းကောင်း၊ တပ်စုတစ်စုသည် မန္တလေး–မေမြို့လမ်းရှိ ထုံးဖိုရွာတွင် ဂျပန်လက်နက်ဂိုဒေါင်များကိုလည်းကောင်း အသီးသီးစောင့်ရှောက်ကြရသည်။

တပ်ခွဲ(၂)မှ တပ်ခွဲစစ်ဌာနနှင့် တပ်စုနှစ်စုသည် မိတ္ထီလာလေယာဉ်ကွင်း လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အခြားတပ်စုတစ်စုသည် ရှမ်းပြည်တောင်ပိုင်းဟဲဟိုးလေယာဉ်ကွင်းကို စောင့်ရှောက်လျက်ရှိသည်။

တပ်ခွဲ(၃)မှ တပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စုသည် ရွှေဘို၊ ကျောက်မြောင်းလမ်းရှိ တအုံရွာလေယာဉ်ကွင်းစောင့် တာဝန်ကိုလည်းကောင်း၊ တပ်စုတစ်စုသည် ကျောက်မြောင်းရှိ ဂျပန်လက်နက်ဂိုဒေါင်များနှင့် ရိက္ခာဂိုဒေါင်များကိုလည်းကောင်း၊ တပ်စုတစ်စုသည် ရွှေဘိုလေယာဉ်ကွင်းတွင်လည်းကောင်း စခန်းချတာဝန်ထမ်းဆောင်နေကြသည်။ စက်သေနတ်ကြီးတပ်ခွဲမှာလည်းတောင်ငူမြို့မြောက်ဘက် ၅ မိုင်ကွာရှိလေယာဉ်ကွင်းတွင် စခန်းချတာဝန်ထမ်းဆောင်နေကြလေသည်။

## ခြေလျင်တပ်ရင်း(၆)

တပ်ရင်းမှူး ဗိုလ်ကြီးစိန်ဝင်းဦးစီးကွပ်ကဲသော ခြေလျင်တပ်ရင်း(၆) [၁] တပ်ရင်းစစ်ဌာန၊ တပ်ခွဲ(၂)နှင့် စက်သေနတ်ကြီးတပ်ခွဲတို့သည် သရက်မြို့တွင် စခန်းချလျက်ရှိကြ၏။ တပ်ခွဲ(၁)သည် ကမ္ဘမြို့တွင်လည်းကောင်း၊ တပ်ခွဲ(၃)(တပ်စုတစ်စုမပါဝင်)သည် မင်းတုန်းမြို့ နယ်ကန်လယ်ရွာတွင်လည်းကောင်း၊ တပ်စုတစ်စုသည် ပျဉ်းမနားမြို့တွင်လည်းကောင်း စခန်းချ လျက်ရှိကြသည်။

ခြေလျင်တပ်ရင်း(၆)၏ တာဝန်မှာ သရက်ခရိုင် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းကို ကာကွယ်ရန်ဖြစ်သည်။ တပ်ခွဲ(၁)သည် ကမ္ဘမြို့နယ်ကိုလည်းကောင်း၊ တပ်ခွဲ(၂)သည် မင်းလှမြို့နယ်ကိုလည်းကောင်း၊ တပ်ခွဲ(၃)သည် မင်းတုန်းမြို့နယ်ကိုလည်းကောင်းကာကွယ်စောင့်ရှောက်ရသည်။ တပ်ခွဲ(၃)မှတပ်စုတစ်စုသည် ပျဉ်းမနားမြို့ရှိ ဗမာ့တပ်မတော် အဆောက်အဦ ဟောင်းများကို တာဝန်ယူစောင့်ရှောက်ရလေသည်။

---

၁။ <u>ခြေလျင်တပ်ရင်း(၆)</u>

တပ်ရင်းမှူး – ဗိုလ်ကြီးစိန်ဝင်း
တပ်ခွဲ(၁) – ဗိုလ်ကလေးခင်မောင်ထွန်း
တပ်ခွဲ(၂) – ဗိုလ်ကလေးလှိုင်မြင့်
တပ်ခွဲ(၃) – ဗိုလ်ကလေးဗိုလ်ဧ
စက်သေနတ်ကြီးတပ်ခွဲ – ဗိုလ်ကလေးဘရှိန်

## လေယာဉ်ပစ်အမြောက်ကြီးတပ်

ဗိုလ်ကြီးခင်ညို ဦးစီးကွပ်ကဲသော လေယာဉ်ပစ် အမြောက်ကြီးတပ်ရင်း [1] သည် ရန်ကုန်မြို့တွင် တပ်ရင်းရုံးထားရှိ၍ ရေ့တန်းစခန်းများ၌ တာဝန်ယူစောင့်ရှောက်ကြရသည်။

တပ်ခွဲမှူးဗိုလ်တင်အုန်းဦးစီးကွပ်ကဲသော တပ်ခွဲ(၁)သည် ရန်ကုန်မြို့အလုံတွင် စခန်းချလျက်ရှိသည်။

တပ်ခွဲမှူး ဗိုလ်အာဣာဝက ဦးစီးကွပ်ကဲသော တပ်ခွဲ(၂)မှတပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စုသည် မန္တလေးမြို့တောင်ပြင် စိုက်ပျိုးရေးတက္ကသိုလ်ဝင်းအတွင်း စခန်းချလျက်ရှိပြီး မန္တလေးမြို့ကို လေကြောင်းရန်မှ ကာကွယ်စောင့်ရှောက်နေကြ၏။ ကျန်တပ်စုတစ်စုမှာ ရေနံချောင်းမြို့၊ ခံကုန်းရပ်တွင် စခန်းချကာ ရေနံတွင်းများကို လေကြောင်းရန်မှ ကာကွယ်ပေးကြရသည်။

တပ်ခွဲ(၃)မှ တပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စုသည် စစ်ကိုင်းမြို့ ရွာထောင်မီးရထားဘူတာရုံအနီးတွင် စခန်းချ၍ သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာဖြစ်သော ရွာထောင်မီးရထားဘူတာရုံနှင့် စစ်ကိုင်းမြို့ကို ကာကွယ်ပေးနေကြသည်။ ကျန်တပ်စုတစ်စုမှာ နမ္မတူတွင်စခန်းချ၍ ဘော်တွင်းများနှင့် စက်ရုံများကို ကာကွယ်စောင့်ရှောက်နေကြသည်။

တပ်ခွဲ(၄)၊ တပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စုသည် မုံရွာမြို့ မီးရထားဘူတာရုံအနီးတွင်လည်းကောင်း၊ ကျန်တပ်စုတစ်စုသည် ကလေးဝတွင်လည်းကောင်း စခန်းချနေကြလေသည်။

## လေယာဉ်ပစ်စက်အမြောက်တပ်ရင်း

တပ်ရင်းမှူး ဗိုလ်မှူးကလေးမြင့်အောင် ဦးစီးကွပ်ကဲသော လေယာဉ်ပစ်စက်အမြောက်တပ်ရင်း [2] စစ်ဌာနသည် အောင်လံမြို့၊ မိုးကောင်းရွာတွင် စခန်းချနေကြ၏။ ပြည်

---

၁။ <u>လေယာဉ်ပစ်အမြောက်ကြီးတပ်</u>

တပ်ရင်းမှူး- ဗိုလ်ကြီးခင်ညို
တပ်ခွဲ(၁)- ဗိုလ်တင်အုန်း
တပ်ခွဲ(၂)- ဗိုလ်အာဣာဝက
တပ်ခွဲ(၃)- ဗိုလ်ကလေးဗိုလ်အေးဖေ
တပ်စုမှူး- ဗိုလ်ကလေးညွန့်မောင်(မန္တလေး)
တပ်စုမှူး- ဗိုလ်ကလေး စောမောင်(ရေနံချောင်း)
တပ်စုမှူး- ဗိုလ်ကလေး သိန်းဦး(ရွာထောင်)
တပ်စုမှူး- ဗိုလ်ကလေးရဲဝင်း(နမ္မတူ)

၂။ <u>လေယာဉ်ပစ်စက်အမြောက်တပ်ရင်း</u>

တပ်ရင်းမှူး- ဗိုလ်မှူးကလေးမြင့်အောင်
တပ်ခွဲ(၁)- ဗိုလ်မြမောင်
တပ်ခွဲ(၂)- ဗိုလ်ကြီးမျိုးမြင့်
တပ်ခွဲ(၃)- ဗိုလ်သန်းကြည်
တပ်ခွဲ(၄)- ဗိုလ်ရွှေ
တပ်ခွဲ(၅)- ဗိုလ်ကြီး ထွန်းစိန်
တပ်ခွဲ(၆)- ဗိုလ်ကလေးရဲခေါင်

ခရိုင် ပေါင်းတည်မြို့တွင် တပ်ခွဲ(၁)၊ တပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စု၊ ပန်းတောင်း–လောင်ကုတ်လမ်းရှိ ညောင်ခြေထောက်ရွာတွင် တပ်စုတစ်စု အသီးသီး စခန်းချနေကြသည်။

လေယာဉ်ပစ် စက်သေနတ်တပ်ရင်းမှ လုံခြုံရေးတာဝန် ထမ်းဆောင်ရသော နယ်မြေဒေသများမှာ ပျဉ်းမနားမြို့နယ် ဆင်သေတံတားတွင် တပ်ခွဲ(၂)၊ တပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စု၊ မုတ္တမတွင် တပ်စုတစ်စု၊ ဂုတ်ထိပ်တွင် တပ်ခွဲ(၃)၊ နမ္မတူတွင် တပ်ခွဲ(၄)၊ တပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စု၊ ရှမ်းပြည်မြောက်ပိုင်း မန်းဆန်လာရေတံခွန်စခန်းတွင် တပ်စုတစ်စု၊ မော်လမြိုင်နှင့် သံဖြူဇရပ်တွင် တပ်ခွဲ(၅)၊ အောင်လံမြို့၊ မိုးကောင်းရွာတွင် တပ်ခွဲ(၆)၊ တပ်ခွဲစစ်ဌာနနှင့် တပ်စုတစ်စု၊ သရက်မြို့ ကျူဦးရွာတွင် တပ်စုတစ်စုတို့ ဖြစ်ကြသည်။

စက်သေနတ်တပ်ရင်း၏ အဓိကတာဝန်မှာ မီးရထားတံတားများ၊ မော်တော်ကားလမ်းတံတားများနှင့် စက်ရုံများကို ဖုံးချဖျက်ဆီးခြင်းမှလည်းကောင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို လေကြောင်းမှ နှောင့်ယှက်ဖြတ်တောက်ခြင်းမှ လည်းကောင်း ခုခံကာကွယ်ရန်ဖြစ်လေသည်။

## စက်မှုလက်မှုတပ်ရင်း(၂)
## ကိုယ်ပိုင်စက်မှုလက်မှုတပ်

တပ်ရင်းမှူးဗိုလ်ကြီးကျော်စိန် ဦးစီးကွပ်ကဲသော စက်မှုလက်မှုတပ်ရင်း(၂)[၁] နှင့်ကိုယ်ပိုင်စက်မှုလက်မှုတပ်[၂] တို့သည် သရက်ခရိုင်ကျူဦးရွာတွင် စခန်းချလျက်ရှိကြသည်။ ထိုတပ်ရင်းများမှာ သရက်ခရိုင်ကာကွယ်ရေးအတွက် (အနောက်တိုင်း) တပ်မှူးကြီးက လွှာထားသော တပ်ရင်းဖြစ်ပြီး စစ်မြေပြင်တာဝန်ကို အတိအကျထမ်းဆောင်ရခြင်း မရှိသေးချေ။ အခိုက်အတန့်အားဖြင့် ယင်းတပ်နှစ်တပ်ကိုပူးပေါင်း၍ ဗိုလ်ကြီးကျော်စိန်က တာဝန်ယူအုပ်ချုပ်လေသည်။[၃]

---

၁။ <u>စက်မှုလက်မှုတပ်ရင်း(၂)</u>
တပ်ရင်းမှူး – ဗိုလ်ကြီး ကျော်စိန်
တပ်ရင်းရုံးအုပ် – ဗိုလ်အေးချို

၂။ <u>ကိုယ်ပိုင်စက်မှုလက်မှုတပ်</u>
တပ်ရင်းမှူး – ဗိုလ်ကြီး ခင်ယော်

၃။ ၁၉၄၄ခု၊ ဧပြီလ ၁၉ ရက်နေ့တွင်ထုတ်ပြန်သော ဗမာ့တပ်မတော်စစ်ဆင်မှုအမိန့်အမှတ် ၁(က) အရ၊ ကိုယ်ပိုင်စက်မှုလက်မှုတပ်သည် ပဲခူးစခန်းမှ သရက်မြို့သို့ ပြောင်းရွှေ့ချီတက်ပြီး အနောက်တိုင်းတပ်မှူးကြီး၏ အမိန့်ကိုနာခံ၍ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်စက်မှုလက်မှုတပ်ကို စက်မှုလက်မှုတပ်ရင်း (၂) နှင့် တွဲဖက်ထားကြောင်းများဖော်ပြထားပါသည်။
(DR ၁၁၄၂ – ၁၉၄၄ခုနှစ် ဗမာ့တပ်မတော်စစ်ဌာနချုပ်မှ ထုတ်ဆင့်သောစစ်ဆင်မှုအမိန့်များ)

## စစ်ဌာနချုပ်များနှင့် အခြားတပ်ရင်းတပ်ဖွဲ့များ

မြန်မာပြည် စစ်မျက်နှာအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော အထက်ဖော်ပြပါတပ်ရင်းတပ်ဖွဲ့များအပြင် ပဲခူးဟံသာကုန်းတွင်စံပြတပ်ရင်းနှင့် စိန်ပြောင်းကြီးတပ်၊ ရန်ကုန် မြို့၊ ကန်တော်ကြီးတွင်မော်တော်ယာဉ်တပ်၊ ပျဉ်းမနားတွင်သယ်ယူပို့ဆောင်ရေးတပ်၊ ရန်ကုန်မြို့ဝင်ဆာလမ်းတွင် အချက်ပြဆက်သွယ်ရေးတပ်၊ ရန်ကုန်မြို့ အလုံတွင်စစ်ဆေးရုံ (၂)၊ မန္တလေးတောင်ခြေတွင် စစ်ဆေးရုံ(၃)၊ ပဲခူးဟံသာကုန်းတွင် စစ်ဆေးရုံခွဲ၊ မန္တလေးမြို့ မဟာမြတ်မုနိဘုရားအနီးတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အောင်လံမြို့ ရွှေညောင်ပင်ရွာတွင် အနောက်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်မြို့ဦးဝိစာရလမ်းတွင် ဗဟိုစစ်ဌာနချုပ်တို့ အသီးသီး တာဝန်ထမ်းဆောင်နေကြလေသည်။ [၁]

## ခြေလျင်တပ်ရင်း(၇) [၂]

ဗိုလ်ကြီးဗိုလ်ညို(ဗိုလ်သူရ)[၃] ဦးစီးကွပ်ကဲသော ဗမာ့တပ်မတော်ခြေလျင်တပ်ရင်း(၇)သည် ဗမာ့တပ်မတော်ဗဟိုစစ်ဌာနချုပ်၊ စစ်သေနာပတိနှင့်စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ထုတ်ပြန်သော ၁၉၄၄ခု၊ ဇွန်လ ၂၃ ရက်နေ့စွဲပါ တပ်မတော်စစ်ဆင်ရေးအမိန့်အမှတ် (၁၁) အရ၊ အနောက်တိုင်းစစ်ဌာနချုပ်လက်အောက်ရှိ တပ်ရင်း(၂)နှင့် တပ်ရင်း(၆)တို့မှ အင်အား ၃၅၀ခန့်ဖြင့် ဖွဲ့စည်းသော တပ်ရင်းဖြစ်သည်။

ထိုတပ်ရင်းသည် ဗန်းမော်တွင် စခန်းချကာ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရသည်။ ဗန်းမော်တွင် သုံးလခန့် တပ်စွဲပြီး ထိုမှကွတ်ခိုင်သို့ ပြောင်းရွှေ့၍ နယ်မြေတာဝန်များကို ခြောက်လခန့်ထမ်းဆောင်သည်။ ယင်းနယ်မြေတွင် ဗြိတိသျှစစ်တပ်၊ ရှမ်းတရုတ်၊ ဂေါ်ရခါးစစ်သားများနှင့် အဆက်မပြတ် တိုက်ခိုက်နေလေသည်။

ခြေလျင်တပ်ရင်း(၇)သည် ကွတ်ခိုင်နယ်မြေအပြင် မေမြို့၊ လားရှိုး၊ သိန္နီ၊ မူဆယ် စသောနယ်မြေများကိုလည်း ကာကွယ်စောင့်ရှောက်ကြရသည်။

---

၁။ DR ၄၄၃၃ – ဗမာ့တပ်မတော် ဗဟိုစစ်ဌာနချုပ်၊ ဗိုလ်မှူးကြီးနေဝင်း၏ ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၏ အခြေအနေကို (၂၈–၉–၄၄) နေ့စွဲဖြင့် ပူးတွဲပေးပို့ချက်။

၂။ မြန်မာပြည်အရပ်ရပ်ရှိ ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များကို ဗိုလ်မှူးကြီးနေဝင်း လှည့်လည်စစ်ဆေးသည့်အချိန်က ခြေလျင်တပ်ရင်း(၇)ကို ဖွဲ့စည်းခြင်းမပြုသေးပါ။

၃။ ခြေလျင်တပ်ရင်း(၇)ဖွဲ့စည်းသည့်အခါ ခြေလျင်တပ်ရင်း(၂)မှ ဗိုလ်ကြီးသူရ(ဗိုလ်ညို)က ခြေလျင်တပ်ရင်း (၇)သို့ တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပါသည်။
ဗိုလ်သံတိုင် – လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း ။ (၃တွဲ၊ မျက် ၃၀၁)

## တပ်ရင်းများ လှုပ်ရှားမှုနှင့် ဂျပန်တို့၏ သဘောထား

ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များသည် ဂျပန်တို့၏ စစ်ရေးအခြေအနေများပေါ်တွင် မူတည်၍ မြန်မာပြည်အရပ်ဒေသအသီးသီး၌ စစ်ရေးလှုပ်ရှားမှုများကို ပြုလုပ်ကြရသည်။ ယင်းသို့ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်ကြရသည်မှာလည်း ဂျပန်တို့ မူလက ရည်ရွယ်ထားသည့်အတိုင်း ဗမာ့တပ်မတော်အား ခါးပိုက်ဆောင်တပ်ဖွဲ့အဖြစ်လောက်သာ ဖွဲ့စည်းပေးပြီး လိုအပ်သည့်အခါ မြို့ရွာနယ်ပယ်စောင့်တာဝန်၊ လမ်းပေါက်လမ်းထွင်တာဝန်များတွင် အသုံးချရန် စီမံထားသောကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များသည် ဂျပန်တပ်များ၏ အမိန့်ကို နာခံပြီး စေလွှတ်သည့် အရပ်ဒေသများသို့ သွားရောက်၍ မြို့ရွာနယ်ပယ်များကို ကာကွယ်စောင့်ရှောက်ကြရ၏။ တောတောင်ထူထပ်သော အရပ်ဒေသများတွင် လမ်းပေါက်ပေးကြရ၏။ ဗမာ့တပ်မတော်သားတို့၏ အခြေအနေမှာလည်း အလုပ်သမားကူလီများနှင့် မခြားနားခဲ့ပေ။

ထိုမှတစ်ပါး ဂျပန်တပ်ဖွဲ့များသည် ဗမာ့တပ်မတော်သားတို့အပေါ် တန်းတူရည်တူ ဆက်ဆံခြင်း မပြုဘဲ မာန်မာနတက်ကြွကာ တစ်သီးတစ်ခြား နေထိုင်ကြ၏။ ထိုအချိန်အထိ ဗမာ့တပ်မတော်မှ အောင့်အည်းသည်းခံ၍ နေခဲ့ကြသည်။[၁]

ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များကို ကြည့်ရှုစစ်ဆေးခဲ့သော ဗိုလ်ချုပ်ဆာဝါမိုတိုသည်ပေါ်ပြူပါဗမာ့တပ်မတော်သားတို့၏ အခြေအနေကိုမျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရာ ဂျပန်တပ်မတော်မှ ဗမာ့တပ်မတော်အား ညီရင်းအစ်ကိုသဖွယ်ယုံကြည်မှု၊ ချစ်ခင်မှုများပြသရေး၊ အေးအတူပူအမျှ အတူတကွရှိရေး၊ လွတ်လပ်သောနိုင်ငံနှင့်အညီ အရေးကြီးသော တိုက်ခိုက်ရေး တာဝန်များ ပေးအပ်ရေးတို့ကို ဂျပန်စစ်သေနာပတိ ကဝါဘီထံ တင်ပြရန်ဆုံးဖြတ်သည်။ တစ်ချိန်တည်းတွင်ပင် ဗိုလ်ချုပ်ဆာဝါမိုတိုသည် ဗမာ့တပ်မတော်အား အချိန်အနည်းငယ်အတွင်း ပြန်လည်ဖွဲ့စည်းရန်စီမံပြန်သည်။ ယင်းသို့စီမံရာတွင် ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များအား ဂျပန်တို့ကွပ်ကဲမှုအောက်မှ နောက်တန်းသို့ပြန်လည်စုရုံး၍ လေ့ကျင့်မှုများပေးရန်ဖြစ်သည်။ ယင်းကိစ္စကိုလည်း ဗိုလ်ချုပ်ဆာဝါမိုတိုသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြားခေါင်းဆောင်ကြီးများအား တိုင်ပင်ညှိနှိုင်းသည်ဟု ဆိုလေသည်။[၂]

ဗိုလ်ချုပ်ဆာဝါမိုတိုသည် ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များအား ပျဉ်းမနားမြို့၊ ပဲခူးမြို့၊ အောင်လံမြို့၊ ရန်ကုန်၊ မင်္ဂလာဒုံသို့ ပြန်လည်စုရုံးရေးနှင့် တပ်မတော်အင်အား

၁။ Major General Sawamoto - Burma Manoeuvre by the Minami Organ and its after. p.55

၂။ ibid. p.56

တိုးပွားရေး၊ လိုအပ်သည့် စစ်ပစ္စည်းများပြည့်စုံရေး၊ ၁၉၄၄ခု၊ မိုးရာသီကုန်ဆုံးချိန်တွင် စစ်ရေးစတင်နိုင်ရေးတို့အတွက် ဂျပန်တပ်ဖွဲ့များသို့ တင်ပြခဲ့လေသည်။ [၁]

၁၉၄၄ခု၊စက်တင်ဘာလ ၁ ရက်နေ့တွင် မြန်မာပြည်စစ်နယ်မြေ ဂျပန်စစ်သေနာပတိဒုတိယဗိုလ်ချုပ်ကြီးကဝါဘီ၏ နေရာတွင် ခန့်အပ်ခြင်းခံရသော ဒုတိယဗိုလ်ချုပ်ကြီးကိမူရာကလည်း ဗိုလ်ချုပ် ဆာဝါမိုတိုတင်ပြသော ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များ ပြန်လည် စုရုံးရေး၊ လေ့ကျင့်ရေးအကြံပြုချက်ကို သဘောတူညီသည်ဖြစ်ရာ လိုအပ်သည့် အမိန့်ညွှန်ကြားချက်များကို ဂျပန်တပ်ဖွဲ့များသို့ ထုတ်ပြန်လိုက်သည်။ ဗမာ့တပ်မတော်မှ အကြီးအကဲများကလည်း တပ်များပြန်လည်စုရုံးရေးအတွက် နေရာထိုင်ခင်းများ စီစဉ်ခြင်း၊ လေ့ကျင့်ရေးအတွက် နည်းလမ်းရှာခြင်း စသည်တို့ကို ဆောင်ရွက်ကြရသည်။ [၂]

ထိုစဉ်က ဗမာ့တပ်မတော် တပ်ရင်း တပ်ဖွဲ့များသည် ရန်ကုန်အနီးရှိ စခန်းများ၊ မင်္ဂလာဒုံစခန်း၊ ပဲခူးစခန်း၊ ပဲခူးအနီးရှိစခန်းများ၊ အနောက်တိုင်းစစ်ဌာနချုပ်(ပြည်လို့စခန်း)၊ ပျဉ်းမနားစခန်း၊ တောင်ငူစခန်း၊ ပျော်ဘွယ်စခန်း၊ မိတ္ထီလာစခန်း၊ မန္တလေးနှင့် အနီးရှိစခန်းများသို့ ပြန်လည်စုရုံး ရောက်ရှိလာကြသည်။

ယင်းအချက်နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းက –

" ... ဂျပန်များက ကျွန်ုပ်တို့ (ဘီဒီအေ) တပ်များကို လေ့ကျင့်ခန်းများပြီး အောင် သင်ကြားခြင်းလည်း မပြုရသေး၊ လက်နက်ခဲယမ်း ပစ္စည်းကရိယာများလည်း မပြည့်စုံသေးပဲလျက် ဗမာပြည် အနှံ့အပြားသို့ တစ်တပ်နှင့် တစ်တပ် ဝေးကွာစွာ ခြား၍ ဖြန့်လွှတ်လေသည်။ ကျွန်ုပ်က မူ ဘာမျှမပြောဘဲ ကြည့်၍သာနေခဲ့သည်။ ပြော၍လည်း အကြောင်းထူးမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဂျပန်တို့၏ နည်းပရိယာယ် ထုံးစံအတိုင်း ကျွန်ုပ်တို့၏ ထင်မြင်ချက်အကြံဉာဏ်များအားမနားတမ်း ပြောပါဟုဆို၍ ကျွန်ုပ်ကအကြံပေးတိုင်း သူတို့သည် ကျွန်ုပ်ပြောသမျှ(ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ) အကြံပေးချက်၏ ဆန့်ကျင်ဘက်ကို လုပ်လေ့ရှိသောကြောင့်ပင်တည်း။

သို့ဖြစ်လေရာ ဂျပန်တွေက ကိစ္စတစ်စုံတစ်ခုအတွက် ကျွန်ုပ်၏ အကြံပေးချက်ကို တောင်းတိုင်း ကျွန်ုပ်က သူတို့၏ အစီအစဉ်အားလုံး ကောင်းပါသည်၊ သင့်လျော်ပါသည်ဟူ၍ သဘောတူညီခဲ့လေသည်။ ကျွန်ုပ်၏စိတ်တွင်ကား အဘယ်နည်းနှင့် ဖြစ်ဖြစ် ဂျပန်များကို ပြန်တော်လှန်ရန်ဖြစ်နိုင်ကြောင်း တွက်ကိန်းရှိပြီးဖြစ်လေသည်။

---

၁။ The Growth of the Burma Army. p.227

၂။ ibid p.229-230.

ဂျပန်တို့သည် တစ်မျိုးတစ်ဖုံ စဉ်းစားမိဟန်ဖြင့် ဘီဒီအေတပ်တွေ အားလုံး ပြန်လည်စုရုံးရလျှင် မကောင်းပါလားဟု ကျွန်ုပ်တို့ကို တိုင်ပင်လာကြပြန်၏။ ကျွန်ုပ်ကလည်း သွက်သွက်ကြီး သဘောတူညီချက်ပေးခဲ့၏။ ထိုအချိန်လောက်တွင် ကျွန်ုပ်တို့အဖို့ ပြင်ဆင်မှုအချို့လောက်သာ ကျန်ရှိလေတော့သည်။ ၄င်းတို့မှာ ပြည်သူလူထုကြီးက ဂျပန်တို့အား အလုံးအရင်းနှင့် တစ်ခဲနက် တော်လှန်ထကြွရန်အတွက် စည်းရုံးပြင်ဆင်ရေးနှင့် အပြစ်ကင်းသော ပြည်သူလူထုအပေါ် ဂျပန်တို့က ရက်စက်စွာ ဂလဲ့စားချေလာလျှင် မည်သို့ တန်ပြန်ဆောင်ရွက်ရမည်ဟူသော အချက်များပင်ဖြစ်သည်။ "[၃]

ဟူ၍ ပေါ်ထုတ်ပြွက်ကြားခဲ့လေသည်။

ဤသို့လျှင် ဗမာ့တပ်မတော်သည် လိုအပ်သည့် စစ်ပညာရပ်များကို အပြည့်အဝ သင်ယူခြင်းမပြုနိုင်ပဲ ဂျပန်တို့ပေးသမျှ ခဲယမ်းမီးကျောက်အနည်းငယ်ဖြင့် တာဝန်ကျရာဒေသ အသီးသီးသို့ စစ်ထွက်ကြရ၏။ သို့သော် အခြေအနေပေးသည်နှင့် တစ်ပြိုင်နက် ဗိုလ်ချုပ်အောင်ဆန်း၏စစ်ရေး၊ နိုင်ငံရေးဦးဆောင်မှုဖြင့် ပြည်သူလူထုနှင့်အတူ ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရန် တာဝန်ကျရာဒေသများ၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရင်းအချိန်ကာလကို စောင့်ဆိုင်းနေခဲ့ကြသည်။

စင်စစ်အားဖြင့် ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များအား အင်အားလျော့ပါးသွားစေရန် ဂျပန်အာဏာပိုင်တို့က မည်သို့ပင်တစ်ကွဲတစ်ပြားထားရှိစေကာမူ ဗမာ့တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများသည် ဖက်ဆစ်တော်လှန်ရေးအတွက် စည်းရုံးပြင်ဆင်လေ့ကျင့်မှုများသာလျှင် ဖြစ်ခဲ့လေသည်။

## ဗမာ့တပ်မတော်နှင့် ဂျပန်တို့၏ဆက်ဆံရေး

ဂျပန်အာဏာပိုင်တို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည်ဟုဆိုသော်လည်း ယင်းလွတ်လပ်ရေးမှာ အမည်ခံလွတ်လပ်ရေးမျှသာ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်အာဏာပိုင်တို့က မဟာအရှေ့အာရှတိုက် အတူကြွယ်ဝချမ်းသာရေးနှင့် ထွန်းကားတိုးတက်ရေးဟူသော ကြွေးကြော်သံဖြင့် အရှေ့အာရှစစ်ပွဲကြီး အောင်မြင်ရေးအတွက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးတို့ကို ယင်းတို့၏ ဩဇာအောက်တွင် ထားရှိ၍ ကြိုးကိုင်ခြယ်လှယ်ခဲ့ကြသောကြောင့်ပင်ဖြစ်သည်။

---

၃။ (က) Aung San - Resistance Movement.

(ခ) မောင်ကျော်ရင် - ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဂျူဝင် မျက် - ၂၀၄

ယင်းသို့ အတုအယောင်လွတ်လပ်ရေးကိုသာပေးခဲ့သဖြင့် မြန်မာနိုင်ငံအစိုးရသည် ပြည်သူလူထုအပေါ်တွင်ဂျပန်တပ်သားများ၏နိုင်ထက်စီးနင်းပြုမူမှု၊ ညှင်းပန်းနှိပ်စက်မှု၊ ဂျပန်စစ်ပုလိပ်ကင်ပေတိုင်တို့၏ မတရားဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများကို မည်သို့မျှဝင်ရောက်ဟန့်တားနိုင်ခွင့်မရှိခဲ့ကြပေ။ ဂျပန်တပ်သားများသည် ပြည်သူလူထုကိုအပထား၍ မြန်မာအစိုးရအဖွဲ့ဝင်ဝန်ကြီးများကိုပင် ရိုသေလေးစားမှုမရှိဘဲ ရိုင်းပြစွာ ဆက်ဆံကြလေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ၁၉၄၄ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကျင်းပသော လွတ်လပ်ရေးနှစ်ပတ်လည်အခမ်းအနား၌ မြန်မာပြည်သူပြည်သားများသည် လွတ်လပ်ရေးအရသာကို မခံစားရသေးကြောင်း၊ ယခုရရှိထားသော လွတ်လပ်ရေးသည် စာရွက်ပေါ်၌ရေးသားထားသော လွတ်လပ်ရေးမျှသာဖြစ်ကြောင်း၊ လွတ်လပ်ရေးအစစ်အမှန်ရရှိရေးအတွက် ရှေ့ဆက်စခန်းသွားရန်နှင့် ခွန်စားရန်လိုအပ်ကြောင်းများကို ပြတ်ပြတ်သားသား မိန့်ခွန်းမြွက်ကြားခဲ့လေသည်။

ဤသို့ ဂျပန်တို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးအတုအယောင်ဖြင့် ဇန်းပြကာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးတို့အရ အမြတ်ထုတ်နေမှုကိုလည်းကောင်း၊ ဂျပန်စစ်ပုလိပ်များနှင့် တပ်သားများက ပြည်သူလူထုအပေါ် ဖက်ဆစ်ပီပီ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုများကိုလည်းကောင်း ဗမာ့တပ်မတော်မှ လုံးဝကျေနပ်မှု မရှိခဲ့ကြပေ။

ဂျပန်စစ်ပုလိပ်တို့ကလည်း ယင်းတို့ ဖမ်းဆီးထားသော ပြည်သူလူထုအား လူမဆန်သောနည်းအမျိုးမျိုးဖြင့် ညဉ်းပန်းနှိပ်စက်ကြသည်။ ထိုမျှသာမက ဂျပန်တို့သည် ယိုးဒယား–မြန်မာ မီးရထားလမ်းကို ၁၉၄၂ခု၊ ဇူလိုင်လမှ စတင်၍မြန်မာချွေးတပ်သား ၈၄၇၃၈ ဦး၊ ဂျပန်တို့သိမ်းပိုက်ထားသော နယ်မြေများမှ တမီလ်၊ မလေးရှား၊ ဂျားဗါး၊ တရုတ် ဦးရေ ၂၆၉၉၄၈ ဦး၊ မဟာမိတ်စစ်သုံ့ပန်းများဖြစ်သော ဗြိတိသျှ၊ ဒတ်ချ်၊ ဩစတေးလီးယန်း ဦးရေ ၄၆၀၀၀ တို့ဖြင့် မိုင် ၂၅၀ မျှရှည်လျားသော မီးရထားလမ်းကို ၁၈ လ အတွင်း ဖောက်လုပ်စေခဲ့ရာ ချွေးတပ်သား ၈၀၀၀၀ ကျော် သေဆုံးခဲ့ရလေသည်။ ယင်းတို့အနက် ၃၀၀၀၀ ကျော်မှာ မြန်မာများဖြစ်လေသည်။[၁]

တစ်ဖန် ဂျပန်တို့သည် အိန္ဒိယပြည်ကို ဆက်လက်သိမ်းပိုက်နိုင်ရေးအတွက် ပြည်၊ ပန်းတောင်း–တောင်ကုတ်လမ်း၊ မင်းဘူး–ငဖဲမှ အန်းတောင်ကြားလမ်း၊ တမူး–အင်ဖါ လမ်းများ ကိုကားလမ်း၊ ခြေကျင်လမ်းများ ဖောက်လုပ်ရန်အတွက် ပတ်ဝန်းကျင်ဒေသမှ ချွေးတပ်သားများကို ခေါ်ယူ၍ စေခိုင်းခဲ့ကြပြန်သည်။[၂]

---

၁။ (က) Won Zoon Yoon -Japanese Occupation of Burma.p. 221

(ခ) ဗိုလ်ချုပ်အောင်ဆန်း၏ သံပြိုင်ရပ်မိန့်ခွန်း "ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ" (စာပေဗိမာန်) မျက်၊ ၁၆၀ ။

၂။ သခင်လွင် – ဂျပန်ခေတ်ဗမာပြည် မျက် ၂၆၄

ဤသို့ဂျပန်တို့က မြန်မာပြည်သူလူထုအား နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဝမ္ဘိုင်းစေခြင်းစသည်များကို မြင်တွေ့ရသည့်အခါတိုင်း ဗမာ့တပ်မတော်မှ စွမ်းအားရှိသမျှ ပြည်သူတို့ဘက်မှ ဝင်ရောက်ရပ်တည်ခဲ့ကြသည်။ ယင်းသို့ရပ်တည်ခဲ့သဖြင့် ဂျပန်တို့နှင့် ပဋိပက္ခများဖြစ်လာကာ ဗမာ့တပ်မတော်နှင့် ဂျပန်တို့၏ဆက်ဆံရေးမှာလည်း တင်းမာလာလေသည်။

ဗမာ့တပ်မတော်သည် ယခင် ဗမာ့လွတ်လပ်ရေးတပ်မတော်အချိန်ကပင် ဂျပန်ကို တော်လှန်ရန် စိတ်ဓါတ်ပြင်းထန်လျက်ရှိခဲ့ရာ ယခုကဲ့သို့ ဂျပန်တို့၏ဖက်ဆစ်သရုပ်ကို ပီပီ ပြင်ပြင်တွေ့မြင်လာသောအခါ ဖက်ဆစ်တော်လှန်ရေးအတွက် တစ်ဆင့်တက်၍ လှို့ဝှက်စွာ ကြိုးပမ်းလာခဲ့သည်။

စင်စစ်အားဖြင့် ဂျပန်တို့သည် အစကနဦးကပင် ဗမာ့တပ်မတော်အား ယုံကြည်စိတ် ချမှုမရှိခဲ့ကြပေ။ ဗမာ့တပ်မတော်ကို သံသယစိတ်ဖြင့် အမြဲတန်းစောင့်ကြပ်ကြည့်ရှုခဲ့ကြ သည်။ ဒုတိယဗိုလ်မှူးကြီး ဖုကုအိက ဗမာ့ကာကွယ်ရေးတပ်မတော်မှ ဗိုလ်မှူးကြီး လက်ျာ နှင့် ဗိုလ်ဗတင်တို့အား ကျောက်ဆည်နယ်မှ ဗြိတိသျှခေတ်တွင် တရားသူကြီးလုပ်ခဲ့ဘူးသူတစ်ဦး နှင့်ပေါင်းကာ ဂျပန်ဆန့်ကျင်ရေးအတွက် လုပ်ဆောင်နေသည်ဟူ၍ပင် စွပ်စွဲပြောဆိုလာ သည်။ ထိုနောက် ဗိုလ်ဗတင်အား ဖမ်းဆီးခေါ်ဆောင်သွားပြီး အချိန်ကြာမြင့်စွာ နှိပ်စက်ခဲ့ရာ ဂျပန်တို့ ပြန်လွှတ်လိုက်သောအခါ ဗိုလ်ဗတင်မှာ စိတ်ဓါတ်ချောက်ချားသွားလေတော့သည်။ [၁]

ယင်းသို့ ဂျပန်တို့၏ ဖက်ဆစ်သရုပ်ပီပြင်လာသောကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့် ဗမာ့တပ်မတော်က ဖက်ဆစ်တော်လှန်ရေးကို ၁၉၄၃ခုနှစ် ကုန်ပိုင်းတွင် ဆင်နွှဲရန် ရည်ရွယ်ခဲ့သော်လည်း စနစ်ကျသော အစီအစဉ်နှင့် စီမံချက်ရေးဆွဲခြင်း၊ လိုအပ်သည့် ရိက္ခာ နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စီစဉ်ခြင်း၊ ပြည်သူလူထုအတွင်း နက်ရှိုင်းစွာ စည်းရုံး လှုပ်ရှားခြင်း၊ နိုင်ငံရေးနှင့် စစ်ရေး၊ ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်လုပ်ငန်း များကို မဆောင်ရွက်ရသေးသောကြောင့် နောင့်နှေးကြန့်ကြာခဲ့ရသည်။ [၂]

ဂျပန်တို့သည် ပစိဖိတ်စစ်မျက်နှာတွင် စစ်ရေးအခြေအနေအရ တစ်စတစ်စ အရှုံးနှင့် ရင်ဆိုင်လာရပြီးနောက် အိန္ဒိယပြည်မှ မဟာမိတ်တပ်များ၏ တန်ပြန်ထိုးစစ် စတင် ဆင်နွှဲစပြုလာသောအခါ ၁၉၄၄ခုနှစ်တွင် ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များကို တိုးချဲ့ ဖွဲ့စည်းခွင့်ပြုခဲ့ရ လေသည်။ သို့သော်၁၉၄၄ခု၊ မတ်လမှ စတင်တိုက်ခိုက်နေသော အင်ဖါနှင့် ကိုဟီးမား တိုက်ပွဲများတွင် ဂျပန်တို့ အရေးနိမ့်ကာ ဆုတ်ခွာရသောအခြေအနေသို့ ရောက်ရှိနေ

---

၁။ Maung Maung - Aung San of Burma. p. 37

၂။ Aung San - Burma's Challenge. p.43

ကြသောကြောင့် ယင်းတို့ တိုးချဲ့ဖွဲ့စည်းထားသော ဗမာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များတွင် လိုအပ်သည့် စစ်လက်နက်ပစ္စည်းများကိုလည်း ပြည့်စုံအောင်ပေးနိုင်စွမ်းမရှိခဲ့ကြပေ။ ထို့ပြင်ဂျပန်တို့သည် ဗမာ့ တပ်မတော်ကို ယုံကြည်စိတ်ချမှုမရှိသောကြောင့် ဗမာ့တပ်မတော် တပ်ရင်း တပ်ဖွဲ့များကို စစ်ဝန်ကြီးရုံးနှင့် ဆက်သွယ်ရန် ဝေးကွာသည့်အရပ်ဒေသများသို့ တကွဲတပြားစီ စေလွှတ်ထားလေသည်။ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုလည်း ယင်းတပ်ရင်းများအား လိုက်လံစစ်ဆေးကြည့်ရှုခွင့် မရအောင် ပြုလုပ်ကြသည်။

ဂျပန်တို့၏ရည်ရွယ်ချက်မှာ ဗမာ့တပ်မတော် တပ်ရင်းတပ်ဖွဲ့များနှင့် စစ်ဝန်ကြီးရုံးကို ဆက်သွယ်ရန် ဝေးကွာသည့် အရပ်ဒေသများသို့ တကွဲတပြားစီထားရှိခြင်းဖြင့် တော်လှန်ရေးလုပ်ငန်းကို စီစဉ်ဆောင်ရွက်ခြင်း မပြုနိုင်ရန် ဖြစ်လေသည်။ [၁]

သို့သော်ဗမာ့တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးအတွက် လိုအပ်သည့် စစ်အင်အားတိုးချဲ့ရေး၊ လေ့ကျင့်ရေး၊ စစ်စွမ်းရည်ပြည့်ဝရေး၊ စည်းကမ်းပိုမိုကောင်းမွန်ရေး စသည်တို့ကို ပြင်ဆင်လုပ်ကိုင်ရင်း တစ်ဖက်မှ ဗမာ့တပ်မတော်အတွင်း၌ ဖက်ဆစ်ဆန့်ကျင်ရေး နိုင်ငံရေးသင်တန်းများကို လျှို့ဝှက်စွာပို့ချခြင်း၊ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ ညီညွတ်ရေးအတွက် ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိ အောင်ကြိုးပမ်းခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်နေကြလေသည်။

---

၁။ Aung San - Burma's Challenge. pp.44 - 45

# ရန္တပိုစာချုပ်

ဣန္ဒြိယတိုင်ကိုအစိုးရသော အင်္ဂလိပ်ဂုမ္ပဏီဘုရင်က ခန့်ထားသော အရေးပိုင်ဗိုလ်မှူးမင်းကြီးမှူးမတ်ကြီး အာစိဘောကပ်ဘက်။ အရေးပိုင်မင်ရောအစ်စံ။ ရေဝတီမြစ်တွင်ရှိသော အင်္ဂလိပ်တိုက်သင်္ဘောများကို အုပ်စိုးသောမင်းစက်တို့နှင့် မြန်မာရှင်ဘုရင်ခန့်ထားသော လယ်ကိုင်မြို့စားဝန်ကြီး မင်းကြီးမဟာမင်လှကျော်ထင်။ ရွှေခွန်ဝန်မင်းကြီးမဟာမင်လှသီဟသူတို့က။ သက္ကရာဇ် ၁၁၈၇ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့ ရန္တပိုရွာမှာတွေ၍ ကုမ္ပဏီမင်း၊ မြန်မာရှင်ဘုရင်အချင်းချင်း စစ်ငြိမ်၍ မိဿဟာယဖွဲ့သောစာချုပ်စကား၊

ပဌမ။ ။ အင်္ဂလိပ်ဂုမ္ပဏီမင်နှင့်။ မြန်မာရှင်ဘုရင်တို့ကစစ်ငြိမ်၍ မိဿဟာယ။ အစည်အဆက်ဖြစ်စေ၊

ဒုတိယ။ ။ မြန်မာရှင်ဘုရင်က အာသံပြည်မြို့ရွာ။ အက္ကပတ်ပြည်။ ဝေသာလီပြည်တို့ကိုအစိုးမပိုင်။ နောင်တဘန်မစီရင်ရ။ မဏိပူရမြို့မှာလည် ဂုမ္ဘီရရှိန်က မိမိပြည်သို့ပြန်၍ မင်ပြုလုပ်လိုလျှင်။ မြန်မာရှင်ဘုရင်က အဆီးအတားအနှောင့်အရှက်မပြုရ နေစေရမည်၊

တတိယ။ ။ နောင်တဘန်ပြည်ကြီး ၂ပါးအခြားကို ငြင်ခုန်ရန် အကြောင်းမရှိရအောင်။ အင်္ဂလိပ်မင်ကတိုက်၍ အောင်ခဲ့သော။ ရခိုင်။ ယံဗြဲ။ မန်အောင်၊ သံတွဲတည်းဟူသော ရခိုင်ပြည်ကြီးကို အစည်ယူ၍။ မြန်မာရှင်ဘုရင်က အစိုးမပိုင်ရ။ ရိုးမဘိုးခေါင် တောင်တန်မော်ဝင်ဇွန် စေတီကြီးထိ စပ်ကြားအပိုင်းအခြားဖြစ်စေ။ နောင်မှအပိုင်းအခြားကို ငြင်ခုန်ရန်ရှိလျှင်။ အင်္ဂလိပ်မင် မြန်မာမင်ခန့်ထားသောသူတို့ အထက်နယ်နိမိတ်အတိုင် မှန်ကန်အောင်စီရင်စေ။ ခန့်ထားသောသူတို့လည်။ အရာရှိမှူးမတ်လူကောင်း ဖြစ်စေရမည်၊

စတုတ္ထ။ ။ မြန်မာရှင်ဘုရင်က။ အင်္ဂလိပ်မင်တို့ကို။ ယေး။ ဒဝယ်။ မြိတ်။ တနင်္သာရီ။ မြို့ရွာနယ်နိမိတ်တောင်ကမ်း ကျွန်းများနှင့်တကွ အပိုင်ပေးသည်။ သံလွင်မြစ်ကအပိုင်းအခြားဖြစ်ရမည်။ နောင်မှာအပိုင်းအခြားကို ငြင်ခုန်ရန်ရှိလျှင် အထက် ဆိုခဲ့သည့်အတိုင်းစီရင်စေ၊

ပဉ္စမ။ ။ မြန်မာရှင်ဘုရင်က။ ပြည်ကြီး ၂ပါးအစည် မိဿဟာယဖွဲ့စေချင်သော စေနာအလိုရှိစေရအောင်။ ၎င်းအင်္ဂလိပ်က စစ်တိုက်ရာတွင်။ ကုန်ပြီးသော စရိတ်အနက် အနည်းငယ်ပြေရအောင်။ ၎င်ဒင်္ဂါးများရေတစ်ကုဋေပေးရမည်၊

ဆဋ္ဌမ။ ။ ယခုစစ်တိုက်ကြသည်အတွင်း ကုလားဘက်သို့ ဝင်စားသော မြန်မာရှင်ဘုရင်ကျွန်။ မြန်မာဘက်သို့ဝင်စားသော ကုလားအလိုလို ဝင်စားသည်ဖြစ်စေ အနိုင်

ဝင်စားရသည်ဖြစ်စေ အဘယ်သူမျှ တဘက်ကတဘက်သို့ ဝင်စားသည်အတွင် ရာဇဝတ်မခံ အနှောင့်အရှက်မရှိစေရ၊

သတ္တမ။ ။ပြည်ကြီး၂ပါး ယခုဘွဲ့သော မိဿဟာရမြဲစေရအောင် အင်္ဂလိပ်မင်ခန့်ထားသော အရာရှိတယောက် အချွေအရံလူ၅ဝ လက်နက်အစုံနှင့် မြန်မာမြို့တော်မှာနေစေ။ မြန်မာမင်ခန့်ထားသည် အရာရှိတယောက် အချွေအရံလူ၅ဝ။ လက်နက်အစုံနှင့် ဂုမ္ပဏီဘုရင်မြို့တော်မှာနေစေ။ ကုလားပြည်မှာနေသော မြန်မာမင်။ မြန်မာပြည်မှာနေသောကုလားမင်တို့က မိမိနေစေရာဘို့ အတော်အသင့် တိုက်အိမ်ကိုဝယ်လို့လျှင် ဝယ်၍နေစေ။ အသစ်တည်လိုလျှင်လည် တည်လုပ်စေ။ ၄င်နိုင်ငံ၂ပါး အကျိုးစီးပွားကိုပွားစေခြင်ငှာရွေလမ်ငွေလမ်ဘွင့်၍ အချင်းချင်ဘော်ကားရောင်ဝယ် အမှုအရေးများနှင့်ဆိုင်သော စာချုပ်ကိုဘတ်၍ လုပ်စေရမည်။

အဋ္ဌမ။ ။စစ်မရှိမတိုက်မိ။ ကျေးဟောင်မြီဟောင်းရှိသမျှ မင်အရာရှိဆိုင်သည်ဖြစ်စေ။ ဆင်ရဲသားဆိုင်သည်ဖြစ်စေ။ သစ္စရှိသည်အတိုင် ကုန်စင်အောင် ဆပ်စေရမည်။ ကျေးတင်သည်နော် စစ်ဖြစ်သည်ဆိုသည် မကပ်မခိုင်စေရ။ သုဥစ္စာကို အသိမ်အယူမရှိစေရ စစ်တိုက်သောလူကြောင့်။ အဘယ်မျှကုလားဖြစ်စေ။ မြန်မာဖြစ်စေ။ ၄င်အင်္ဂလိပ်ရှင်ဘုရင် ကျွန်လူတို့က မြန်မာနိုင်ငံတွင်သေ၍ အမွေခံမရှိလျှင် ကျွန်ရစ်သော ဥစ္စာပစ္စည်ရှိသမျှကို။ မြန်မာနိုင်ငံတွင်နေသော အင်္ဂလိပ်အရာရှိလက်သို့အပ်ရမည်။ ကုလားထုံးစံအတိုင်အပ်ရမည်။ ထိုနည်းတူ အင်္ဂလိပ်နိုင်ငံတွင်။ မြန်မာရှင်ဘုရင်ကျွန်ဖြစ်သူတို့သေ၍အမွေခံမရှိလျှင်။ ကျွန်ရစ်သောဥစ္စာပစ္စည်ရှိသမျှကို အင်္ဂလိပ်နိုင်ငံတွင်နေသော မြန်မာမင်အရာရှိလက်သို့ အပ်ရမည်၊

နဝမ။ ။အင်္ဂလိပ် သင်္ဘောများကို မြန်မာမြို့ ဆိပ်ကမ်သို့ ဝင်ရောက်လျှင်။ တက်မချွတ် အမြော်မချ။ အင်္ဂလိပ်မြို့သို့ဝင်ရောက်သော မြန်မာသင်္ဘောနေသခဲ့သို့ အနှောင့်အရှက် မရှိဘဲနေစေရမည်၊

ဒသမ။ ။အင်္ဂလိပ်မင်နှင့် မိတ်သဟာရဘွဲ့သော ယိုးဒယားရှင်ဘုရင် အင်္ဂလိပ်ဘက်သို့စစ်ကူ၍ ဝင်စားလာသည်မှာ။ ယခု လုပ်ကြသော မိဿဟာရ စာချုပ်အပါအဝင် ဖြစ်သည်ကိုမှတ်ရမည်၊

ဧကာဒသ။ ။ယခုလုပ်သော မိဿဟာရစာချုပ်ကို မြန်မာရှင်ဘုရင် ခန့်ထားတော်မူသော အရေးပိုင် သံတမန်တို့က လက်မှတ်တံဆိပ်ခတ်ရမည်။ ချုပ်ထားသောအင်္ဂလိပ်အမေရိကန်အစရှိသော ကုလားဖြူ၊ ကုလားနက် ရှိသမျှတို့ကို အင်္ဂလိပ်အရေးပိုင် သံတမန်တို့လက်သို့အပ်ရမည်။ ၄င်းဣန္ဒိယတိုင်ကို အစိုးရသော။ ဂုမ္ပဏီဘုရင်ကခံဝန်၍ လက်မှတ်တံဆိပ်ခတ်သော စာချုပ်ကို ၄င်းလအတွင် မြန်မာရှင်ဘုရင် လက်တော်သို့ပြန်၍

ပေးလိုက်ရမည်။ အင်္ဂလိပ်မင်းချုပ်ထားသော မြန်မာလူရှိသမျှတို့ကို။ အင်္ဂလိပ်ပြည်မှ အလျှင်အမြန်ခေါ်စေ၍ မြန်မာလက်သို့အပ်ရမည်၊

လယ်ကိုင်မြို့စားဝန်ကြီး ၁

ရွှေခွန်ဝန်အတွင်းဝန် ၁

နောက်ထပ်၍ချုပ်သောစကားကျယ်ကား

အင်္ဂလိပ်အရေးပိုင် သံတမန်တို့က။ စစ်ငြိမ်စေချင်သောစေတနာ အလိုထင်ရှားစေရအောင်။ ၄င်းအထက် ပဋ္ဌမစာချုပ်လာသည်အတိုင်း။ မြန်မာရှင်ဘုရင် ဒင်္ဂါးများရေတစ်ကုဋေကို ပေးရမည်ဆိုသော်။ အလွယ်တကူပေးရအောင်။ ၄င်းဒင်္ဂါတစ်ကုဋေတည်းဟူသော မြန်မာအချိန်ငွေကောင် ၇၅၀၀၀အနက်တွင်။ ၄ပုံကတည်ဟူသော ၁၈၇၅၀ကို ပေးပြီးမှ အင်္ဂလိပ်ဘက်က ရန်ကုန်မြို့တိုင်အောင် ဆုတ်သွားလိမ့်မည် ယခုနေ့မှစ၍ ရက်ပေါင်း ၁၀၀အတွင်း ၁၈၇၅၀ကိုထပ်၍ပေးလျှင် အင်္ဂလိပ်ဘက်က မြန်မာနိုင်ငံထဲမှ အလျှင်အမြန်ထွက်သွားလိမ့်မည် ကျန်ငွေ၂ပုံမှာ ယခုနေ့မှစ၍ တစ်နှစ်အတွင်းတစ်ပုံ။ ၄င်းနှစ်အတွင်း တပုံကို မြန်မာနိုင်ငံတွင်နေရသော အင်္ဂလိပ်မင်းအရာရှိတွင် ပေးရမည်၊

လယ်ကိုင်းမြို့စားဝန်ကြီး ၁

ရွှေခွန်ဝန်အတွင်းဝန် ၁

ပုရပိုက်လွှာရေး

သက္ကရာဇ်၁၁၈၇ခု တပေါင်းလပြည့်ကျော်၃ရက်နေ့ ကြက်တောင်ဗိုလ်။ ဘရသတ်။ ကရနယ်တိုက်စီး မျက်မှန်ဗိုလ်။ ရေကြောင်း ဗိုလ်ဝန်ထောက်ဆိုသူတို့နှင့် အစုံအညီ။ လယ်ကိုင်း မြို့စားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင် ရွှေခွန်ဝန်အတွင်းဝန်မင်းကြီးမဟာမင်လှ သီဟသူ ဝန်ထောက်မင်းကြီးမဟာသီဟသူ။ သံတော်ဆင့်မင်းကျော်သီရိ။ မင်လှရာဇါ စာရေးကြီးသခ်ယာစည်သူ။ နေမျိုးစည်သူ။ သာယာဝတီဝန် မင်းကျော်နော်ရထာတို့ အစုံ အညီ ပြောဆိုမှတ်သားချက်၊

အမျိုးသားစာကြည့်တိုက်၊ ပုရပိုက်အမှတ်၁၁၅၁မှကူးယူဖော်ပြပါသည်။

# Treaty with the King of Ava
## Signed at Yandaboo, February 24,1826.

TREATY of PEACE between the Honorable East India Company on the one part, and His Majesty the King of Ava on the other, settled by Major-General Sir Archibald Campbell, K.C.P., K.C.T.S.commanding the Expedition, and Senior Commissioner in Pegu and Ava. Thomas Campbell Robertson, Esquire,Civil Commissioner in Pegu and Ava, and Henry Ducie Chads,Esquire, Captain,Commanding His Britannic Majesty's and the Honorable Company's Naval Force on the Irrawaddy River, on the part of the Honorable Company; and by Mengyee -Maha-Men-Klah-Kyan-Tea Woongyee Lord of Lay-Kaeng and Mengyee Mahah-Men-Klah-Shee-hah-the-Ahren-woon,Lord of the Revenue", on the Part of the King of Ava:who have each communicated to the other their full-powers; agreed to and executed at Yandaboo, in the Kingdom of Ava,on this 24th day of February in the year of our Lord 1826,corresponding with the fourth day of the decrease of the Moon Tuboung, in the year 1187. Mandina Era:

ARTICLE I.

There shall be perpetual peace and friendship betweem the Honourable Company, on the one part, and His Majesty the King of Ava on the other.

ARTICLE II.

His Majesty the King of Ava renounces all claims upon, and will abstain from all future interference with,the Principality of Assam and its dependencies, and also with the contiguous petty States of Cachar and Jyntia. With Regard to Munipore it is stipulated that should Ghumb-heer Singh desire to return to

that country, he shall be recognised by the King of Ava as Rajah thereof.

ARTICLE III.

To prevent all future disputes respecting the boundary-line between the two great nations, the British Government will retain the conquered Provinces of Arracan, including the four divisions of Arracan, Ramree, Cheduba, and Sandoway, and His Majesty the King of Ava cedes all right thereto. The Annonpeeteetonmiem, or Arracan Mountains (Known in Arracan by the name of the Yeornabourg or Pokhengloung range), will henceforth form the boundary between the two great nations on that side. Any doubts regarding the said line of demarcation will be settled by Commissioners appointed by the respective Governments for that purpose, such Commissioners from both Powers to be of suitable and corresponding rank.

ARTICLE IV.

His Majesty the King of Ava cedes to the British Government the conquered Provinces of Yeh, Tavoy, and Mergui and Tenasserim, with the islands and dependencies thereunto appertaining, taking the Saluen River as the line of demarcation on that frontier. Any doubts regarding their bounderies will be settled as specified in the concluding part of Article III.

ARTICLE V.

In proof of the sincere disposition of the Burmese Government to maintain the relations of peace and amity between the nations, and as part indemmification to the British Government for the expenses of the war, His Majesty the King of Ava agrees to pay the sum of one crore of rupees.

ARTICLE VI.

No person whatever, whether native or foreign, is hereafter to be molested by either party, on account of the part which he may have taken, or have been compelled to take, in the present war.

ARTICLE VII.

In order to cultivate and improve the relations of amity and peace hereby established between the two Governments, it is agreed that accredited Ministers retaining an escort or safeguard of fifty men, from each, shall reside at the Durbar of the other, who shall be permitted to purchase or to build a suitable place of residence, of permanent materials; and a Commercial Treaty,upon principles of reciprocal advantage, will be entered into by the two High Contracting Powers.

ARTICLE VIII.

All public and private debts contracted by either Government, or by the subjects of either Government, with the other,previous to the war, to be recognised and liquidated upon the same principles of honor and good faith as if hostilities had not taken place between the two nations: and no advantage shall be taken by either party of the period that may have clapsed since the debts were incurred, or in consequence of the war and according to the universal Law of Nation. It is further stipulated, that the property of all British subjects who may die in the dominions of His Majesty the King of Ava, shall, in the absence of legal heirs, be placed in the hands of the British Resident or Consul in the said dominions who will dispose of the same according to the tenor of the British law. In like manner, the property of Burmese subjects, dying under the same circumstances

in any part of the British Dominions, shall be made over to the Minister or other authority delegated by His Burmese Majesty to the supreme Government of India.

ARTICLE IX.

The King of Ava will abolish all exactions upon British ships or vessels in Burman ports, that are not required from Burman ships or vessels in British ports: nor shall ships or vessels, the property of British subjects, whether European or Indian, entering the Rangoon River or other Burman ports, be required to land their guns or unship their rudders, of to do any other act not requiredof Burmese ships or vessels in British ports.

ARTICLE X.

The good and faithful ally of the British Government, His Majesty the King of Siam, having taken a part in the present war, will, to the fullest extent as far as regards His Majesty and his subjects, be included, in the above Treaty.

ARTICLE XI.

This Treaty to be ratified by the Burmese authorities competent in the like cases, and the ratification to be accompanied by all British, whether European or native (American) and other prisoners, who will be delivered over to the British Commissiomers. The British Commissioners, on their part, engaging that the said Treaty shall be ratified by the Right Honorable the Governor General in Council, and the ratification shall be delivered to His Majesty the King of Ava in four months, or soonar if possible; and all the Burmese prisoners shall, in like

manner, be delivered over to their own Government as soon as they arrive from Bengal.

LARGEEN MEONJA (L.S) A CAMPBELL. MAJOR GENERAL and Senior Commissiner

(Seal of the Lotoo)(L.S) T.C.ROBERTSON, Civil Commissioner.

SHWAGUM WOON ATAWOON.(L.S.) H.D.CHADS, Captain Royal Navy.

ADDITIONAL ARTICLE.

The British Commissioners being most anxiously desirous to manifest the sincerity of their wish for peace, and to make the immediate execution of the Fifth Article of this Treaty as little irksome, or inconvenient as possible to His Majesty the King of Ava, consent to the following arrangements, with respect to the division of the sum total, as specified in the Article before referred to, into instalments, viz.:upon the payment of twenty five-lacs of rupees,or one-fourth of the sum total ( the other Articles of the Treaty being executed), the army will retire to Rangoon: upon the further payment of a similar sum at that place, within on hundred days from this date, with the proviso as above, the army will evacuate the dominions if His Majesty King of Ava, with the least possible delay; leaving the remaining moiety of the sum total to be paid by equal annual instalments in two years, from this 24th day of February, 1826, A.D. through the

Consul, or Resident in Ava, or Pegu, on the part of the Honourable the East India Company.

LARGEEN MEONJA (L.S) A CAMPBELL. MAJOR GENERAL and Senior Commissiner

(Seal of the Lotoo) (L.S) T.C.ROBERTSON, Civil Commissioner.

SHWAGUM WOON ATAWOON. (L.S.) H.D.CHADS, Captain Royal Navy.

Text from Papers relating to Hostilities with Burmah.

## သီပေါဘုရင်၏စစ်ကြေညာချက်

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာသူကြီး၊ မြင်းခေါင်း၊ မြင်းစီး၊ ဒိုင်းခေါင်း၊ အဂုန်း၊ ရွှေနန်းမှူး၊ ငွေနန်းမှူး၊ မြေတိုင်း တောကဲတို့နှင့် မြို့ရွာနေပြည်သူ ကျွန်တော်မျိုးအပေါင်းတို့ ။

မိစ္ဆာအယူရှိသော အင်္ဂလိပ်ကုလားလူမျိုးတို့သည် သာသနာတော်မြတ် အစီးအပွား ပျက်ပြားဆုတ်ယုတ်ရန် အကြောင်း၊ နိုင်ငံတော်အစဉ်အလာ ဓလေ့ထုံးစံများကို လွှမ်းကျူးရန် အကြောင်း၊ မြန်မာအမျိုးသားတို့ ဂုဏ်အသရေယုတ်ညံ့ရန် အကြောင်းများနှင့်စပ်သည့် စကား များကိုတင်းမာစွာပြောဆို၍ နိုင်ငံတော်ကိုရန်စစ်ပြုမည်ကဲ့သို့ ဟိတ်ဟန်ပြသ အကြံအစည်ပြု လုပ်ရှိသည်ကို တိုင်းကြီးပြည်ကြီး ဓလေ့ထုံးစံနှင့်အညီ တရားသဖြင့် လမ်းဖြောင့်လမ်းမှန် ကျသည့် စကားရပ်များနှင့် ပြန်ကြား ပြောဆိုရှိသည် ။

သို့တရားနှင့်အညီ ပြန်ကြားပြောဆိုသည်ဖြစ်လျက် မိစ္ဆာ၊ ကုလားတို့ နိုင်ငံတော်ကို တစုံတရာ စတင်ထိပါး လုပ်ချောက်လာလျှင် သာသနာတော်အကျိုး၊ တိုင်းကျိုးပြည်ကျိုး မဆုတ်ယုတ်စေရန် စောင့်ရှောက်တော်မူသည့်အတိုင်း ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲ၊ စစ်ကြပ်တို့ နှင့်တကွ များစွာသောခြေသည်တပ်၊ အမြောက်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ကြည်းဘက် ရေဘက် ရဲမက် စစ်သည်တော်အပေါင်းတို့ဖြင့် စစ်ဆင်ကျင်းပတော်မူလျက် ကိုယ်တော်တိုင် ရွှေစက်တော်ဖြန့်ချီတော်မူ၍ မိစ္ဆာအင်္ဂလိပ်ကုလားလူမျိုးတို့ကို သုတ်သင်ရှင်းလင်း နှိမ်နင်း သိမ်းယူတော်မူမည်ဖြစ်သည် ။

ပြည်သူကျွန်တော်မျိုးအပေါင်းတို့မှာ၊ မိစ္ဆာကုလားတို့ရန်ကိုစွဲ၍ စိုးရိမ်ကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်မရှိ၊ နိုင်ငံတော်မှအပ ထွက်သွားရှောင်ရှားခြင်းကို မပြုမလုပ်၊ ငြိမ်ဝပ်စွာ လုပ်ကိုင်ရောင်းဝယ်စားသောက် နေထိုင်မြဲနေထိုင်ကြရမည်၊ မြို့ရွာရှင်အကြီးအအုပ်တို့က လည်း ကိုယ့်မြို့ကိုယ့်ရွာတွင်သူခိုး၊ ထားပြ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် အသီးသီး အုပ်ထိန်းစည်းကြပ် စောင့်ရှောက်ကြရမည် ။

တပ်မတော်အများ ချီတက်မည်မှာလည်း ရှေးအခါကာလ စည်းကြပ်ချီတက်သကဲ့ သို့ ရရာရမိလူတို့ကို လက်နက်သိမ်းခေါ် စုရုံးစုည်းကြပ်ချီတက်မည်မဟုတ် ။ နေပြည်တော် တွင်အသင့်ဘွဲ့စည်းရှိသည့် စစ်သည်ရဲမက်တော်တို့နှင့် ချီတက်သိမ်းယူတော်မူမည်ဖြစ်၍ မြို့ရွာနယ်ရှင် အကြီးအအုပ်ပြုလုပ်သူတို့က မလိုက်မထမ်းလိုသူတို့ကို အကြပ်အတည်းဆင့် ဆို သိမ်းခေါ်မရှိစေနှင့် ။

သာသနာတော်မြတ်ကို စောင့်ရှောက်ရခြင်း၊ အမျိုးသားတို့၏ဂုဏ်အသရေကို စောင့်ရှောက်ရခြင်း၊ ပြည်သူတို့၏ အလုပ်အဆောင်အစီးအပွားကို စောင့်ရှောက်ရခြင်း များသည် သာသနာတော်အကျိုး၊ အသျှင်အကျိုး၊ ကိုယ်ကျိုးသုံးပါးစုံပြီးစီး၍ နတ်ရွာနိဗ္ဗာန် လမ်းကြောင်း ကောင်းမြတ်သောအကျိုးထူးကို ရရှာသည်နှင့်အညီ မည်သူမဆို အမှုတော်ကို

ညီညာကြိုးပမ်းထမ်းရွက်လိုသူဖြစ်လျှင် ဆုတော်ငွေတော် အထိုက်အလျောက် သနားချီးမြှင့်တော်မူ၍ ထမ်းဆင့်ရာရာ လိုက်ပါထမ်းရွက်စေမည်ဖြစ်သည်။ မြို့ရွာသူကြီး၊ နယ်ရှင် အကြီးအကဲပြုလုပ်သူတို့က အပျော်ထမ်း၊ သူကောင်းထမ်း လိုက်ပါထမ်းရွက်လိုသူတို့ကို မေးမြန်းစိစစ်၍ ဆိုင်ရာမြို့ရုံး၊ ခရိုင်ရုံးများမှ အသီးသီးစာရင်းတင် ပေးကြရမည်။

သက္ကရာဇ်၁၂၄၇ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ နံနက်ညီလာခံတွင် ဝန်ရှင်တော်သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီး၊ ဝန်ရှင်တော်တောင်ခွင်မြို့စားမင်းကြီး၊ ဝန်ရှင်တော်တိုင်းတာမြို့စားမင်းကြီး၊ အတွင်းဝန်လှေသင်းဝန် စလေမြို့စား၊ အတွင်းဝန်သမီးတော်ဝန်မင်းမြို့စားမင်း၊ အတွင်းဝန်ရွှေတိုက်ဝန်ပေါက်မြှင်မြို့စားမင်း၊ အတွင်းဝန်မြို့သစ်မြို့စားမင်း၊ အတွင်းဝန်ကျောက်ပြောင်းမြို့စားမင်း၊ အတွင်းဝန်အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားဝန်၊ မိုင်းနိုင်မြို့စားမင်းတို့ အစုံအညီဘုရားအမိန့်အမြွက်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ၄င်းနေ့လွှတ်တော်တွင် ဝန်ရှင်တော်မင်းကြီး ၃ပါး မိန့်ချက်အရ ဝန်ထောက်ဝက်မစွက်မြို့စားမင်း မှတ်၍ စာရေးကြီးမဟာမင်းလှမင်းထင်စည်သူ ဆင့်သည့်စာ။

ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး (တတိယတွဲ)မျက်၊ ၇၀၉–၇၁၀

# TRANSLATION

To all Civil and Military Officers, and Citizens, a proclamation:-

Since English heretics have violently proclaimed that they are about to degrade the honour of the Burmese nation,destroy customs of my kingdom,and the prosperity of our excellent religion; and since they have made threatening demonstrations of war upon my country. I hereby lawfully and righteously make proclamation as follows:-

That if these foreign heretics come to threaten the Royal Kingdon; in accordance with my custom of guarding against any decrease in the prosperity of our religion, of the welfare of my country, I myself having arranged the army, will come forth, and by means of my generals and subordinate officers, my numerous infantry, artillery, and cavalry,will, by land and water, capture, crush down, and wipe out these English heretics.

Among all loyal citizens let there be no anxiety or fear concerning the enmity of these foreigners. Let no one flee from the kingdom; but let all continue buying and selling, eating and drinking, according to their customs.

Let each officer protect his own city against thieves and robbers.

In raising troops, I shall not follow the ancient custom of pressing men into the service,since I shall conquer by means of the troops,now in readiness in my kingdom.

District and city officers must not force men into the service.

Whoever, according to his advance of in the way of Nigban and the Nat country,desires

to aid the king in guarding the honour of the country, its business prosperity and our excellent religion, must be allowed to perform that service for which he is best fitted, and must be suitably rewarded, and promoted.

Officers of districts and cities must examine those who desire to serve and enroll their names in their respective district or city courts.

(Signed) BY KING THEEBAW
and his MINISTERS

Mandalay,

Year 1247, the first day of the waxing moon of Tasoungmon, (7th of November, 1885)

# Plans for the Burma Conquest

## Plan For The Burma Operation
**Drawn by Colonel Suzuki Keiji, Chief of the Minami Organ. December 1941.**

## I. Objective

In concert with the military advance into Burma, the objective is to stir up disturbances throughout Burma in order to hamper the enemy's operations and to induce the burmese to cooperate whole-heartedly with japan.

## II. Summary of Enforcement

The Minami Organ Shall direct the menbers of the Burma Independence party in organizing a rebel army. Their task shall be to destroy political organizations an create turbulence in the country. The minami Organ shall also organize a volunteer army, form a capable core of members for the independent regime, and establish a provisional Government after the suppression of the Tenasserim region. The •Minami Organ, moreover, shall promptly conquer the Rangoon region, destroy the center of British rule in Burma, establish the foundation of an independent regime and complete the independence of Burma following the suppression of Upper Burma. This plan shall be executed in close connection with military operations in Burma.

## A. DOMESTIC UPRISINGS

1. Uprisings in the area shall be created according to prearranged plots by leaders of the Burma independence party. If necessary, the Chief of the Minami Organ shall direct them.

2. Arms for the uprising and seven leaders for the uprising(two of them are already in Burma) shall be dispatched by plane to the interior of Burma in early january, 1942 where they will complete preparations for the uprising within a period of two weeks.
3. In executing the uprising, the rebels shall make every effort to secure establishments and resources such as provisions essential for japan's prosecuting of military operations. In the event that the above shall fall into the hands of the enemy, the resources must be destroyed. Special efforts must be made in gathering ships, automobiles, and railroad and cylinder materials in the vicinity of Rangoon and the Tenasserim region. Measures must be taken to occupy promptly the petroleum manufacturing industries in Burma.
4. The chief of the Minami organ shall decide the date of the uprising which shall coincide with the invasion of Moulmein. The notice of the uprising date shall be sent to the rebels by airplane and by radio broadcast.
5. The rebels, who are in the vicinity of the operational areas of the japanese army and the volunteer army, shall take their orders from the japanese army commander or the commander of the volunteer army. Therefore, rebel commanders shall promptly establish contact with the japanese army or the volunteer army.

## B. THE ACTIVITIES OF THE VOLUNTEER ARMY

1. The organization and military operation of the volunteer army shall be

carried out under the direction of the chief of the Minami Organ.

2. Organizing and training of the volunteer army will be continued throughout the military operation period. For this purpose, the chief of the Minami Organ shall organize a conscription training camp with a group consisting of the Minami Organ members and the Burmese independence Party members who have already completed their military training. Burmese youth shall be conscripted from every area and shall be given necessary military training. On completion of training they will be organized into proper units.
3. Although arms for the volunteer army, which the Imperial General Headquarters has supplied to the Minami Organ, are sufficient, steps must be taken to increase the number of arms by gradually adding captured arms.
4. The Minami Organ shall take charge of the prompt delivery of arms for the volunteer army, and it shall receive every necessary assistance from the Japanese forces in the areas under the control of Japan.
5. The major objective of the volunteer army operations is to facilitate the operations of the Japanese forces. The volunteer army shall achieve the about objective during the following three operational periods:
   a. First Period: From the uprising to the establishment of a provisional government after the seizuer of the Tenasserim region. The major objective of this period is to facilitate the operation of the Japanese forces and to stengthen the volunteer army. In order to

achieve the about objective, the commander of the volunteer army shall take orders from the Japanese army commander concerning the military operation.

b. Second period: Following the establishment of the provisional government after the seizure of Rangoon. In order to seize Rangoon, the volunteer army shall cooperate with japan.

c. Third period: From the seizure of Rangoon to the conquest of 'Upper Burma. Measure must be taken to wipe out the influence of the British and Kuomintant regimes and to secure resources essential for the Japanese forces. While fighting to achieve the above objective, the volunteer army shall receive aid and cooperation from the Japanese forces whenever necessary.

**C. DISPOSITION**

1. At the begining of the operation, the volunteer army shall be disposed as follows:

Distribution of Troops:

*Headquarters of the Volunteer Army*(a force of 100 riflemen)Commander of the volunteer army: Colonel Suzuki Keiji

*Moulmein Group*

Group Commander: Colonel Suzuki Keiji

Kitajima Unit(a force of 850 riflemen)

Chief: First lt.Takahashi Hachiro

Suzuki Unit (a force of 850 rifilemen)

Chief: First Lt. Suzuki Hachiro

Tanaka Unit(strategy in Combat Zone)

Chief: First lt.Tanaka Seirokuro

The First Artillery Unit(main force of cannon)
The Second Artillery Unit(main force of Howitzer)
Communicating Unit
Heavy and light Baggage
*Tavoy Group*
Group Commander: Captain Kawashima Odonobu
Izumi Unit(a force of 700 riflemen)
Chief: First lt. Izumiya Tatzuro
Tomoto Unit(strategy in Combat Zone)
Chief: First lt. Tomoto Seiko
A part of the First and second Artillery Units
A part of Heavy and light Baggage
*The Water Detachment*
Detachment Chief: First lt. Hirayama Suenobu
Hirayama Unit ( a force of 300 riflemen)

2. Duties:
   a. *Moulmein Group*
      The group shall take action in the combat zone of the 55th Division Main Force. The objective is to faciliate the operation of the above division and to strengthen the volunteer army. Regarding the operation direction, the group shall take orders from the Division Commander of the 55th Division.
   b. *Tavoy Group*
      The Group shall take action in the combat zone of the Oki Detachment. The objective is to facilitate the operation of the above detachment and to strengthen the volunteer army. Regarding the operation direction, the group shall take orders from the

Detachment Commander of the Oki Detachment.

c. *The Water Detachment*

The objective is to attack Mergui advancing from Victoria Point, to collect operational information in the areas, and to secure the water route between Victoria Point and Mergui.

d. Disposition for the time after the seizure of the Tenasserim area shall be separately decided upon.

## [D. OMITTED]

## E. SUMMARY FOR THE DISPOSITION OF THE OCCUPIED AREAS

1. The administration of the areas under the control of the Japanese forces shall be executed through the military administration under the leadership of the Minami Organ. But the existing autonomous structures in the areas shall be respected as long as they do not hinder military operations or the establishment of an independent regime.
2. The people in the areas shall be induced to return promptly to their respective occupations.
3. Impose upon men whose ages are between 15 and 35, according to a regulation which shall be separately decided upon, the duties of conscription and public duties.
4. Impose upon the people in the areas, according to a regulation which shall be separately decided upon, the duty of taxation in order to raise funds essential for the achievement of Burmese independence.

5. The Burmese volunteer army shall inherit government properties and government managed enterprises. These government properties and enterprises shall be transferred to the newly established independent government.

# MATTERS CONCERNING THE ENFORCEMENT OF STRATEGY IN BURMA

drawn up and issued by the Southern Forces.February 6,1942.

I. The objective of the Burma operation is...to induce Burma to revolt against Great Britain and establish her independence.

## II. Summary of Enforcing Strategy

Strategy must be enforced according to the following orders and outline:

1. ( The Burmese ) shall be induced to rise up and destroy the British defense forces in the areas.
2. A volunteer army shall be established and it shall be the foundation of the Burma Independence Army in the future.
3. An autonomous committee shall be established in the areas under Japanese occupation and it shall be responsible for the maintaining of public peace and order, support of the Japanese forces in the area, and assisting Japanese forces with supplies.The volunteer army shall cooperate(with the Japanese forces) on the following matters:
4. The volunteer army shall assist(the Japanese forces)in achieving matters described above, and establish a new regime at the proper time. Concerning conditions, which(the Burmese)shall establish at the time of the establishment of the new regime, shall be separately decided upon. Efforts must be made to win over prominent Burmese leaders.

5. Should the task of establishing the new regime fail, military administration shall be enforced in the occupied areas in order to control and maintain the self-support of the armed forces.
6. In the event of enforcing the above clauses, attention must be paid to the procurement of resources such as oil, cotton, and lead.

## III. Operation and Strategy Coordination

1. Attention must be paid to the fact that the objective of the operations direction is to facilitate the execution of strategy.
2. The volunteer army, whose action will be taking place in the same areas as the operational forces, shall be placed under the command of the operational force commander.
3. Japanese forces shall have the task of defending the Tenasserim area. They will be assisted by the volunteer army. The Thai forces are not responsible for the defense of the above area.

## IV. Structure of the New Regime

1. The new regime shall have on the surface the appearance of independence, but in reality it shall be induced to carry out Japanese policies.
2. The commander of the armed forces in the occupied area shall be responsible for directing the new government. The new government shall be duly recognized after the end of the war. Moreover, a military administration shall not be established.

# REGULATIONS OF DUTIES OF THE MILITARY ADMINISTRATION DEPARTMENT.

Issued by the Military Administration Department of the Hayashi Army Group. March 15,1942.

The Military Administration Department shall be established to control the plans and execution of the military administration in the Burmese area under the command of the Hayashi Army Group.

2. As a rule, Deputy Chief of Staff of the Hayashi Army Group shall be the superintendent of the Military Administration Department and he shall, under the direction of the commander of the Hayashi Army Group, supervise the staff of the military administration.
3. There shall be five departments in the Military Administration Department:
   a. General Affairs Department;
   b. Industry Department;
   c. Finance Department
   d. Transportation Department; and
   e. Religious Affairs Department
4. There shall be a chief in each department. The chief of the department shall, under the direction of the chief of the military administration, have responsibility for staff supervision and for the execution of the duties of the department.
5. The staff of the department shall, under the direction of the chief of the department, carry out the assigned duties of the department.
6. The department staff below the rank of junior official shall, under the

direction of the superior officer, be responsible to him.

7. In order to administer localities, the military administration shall establish regional branch offices. There shall be a chief in each regional branch office of the military administration. The chief of the regional branch office shall, under the direction of the Superintendent of the Military Administration, supervise his staff and carry out the duties of the military administration.
8. The Military Administration Department shall, if necessary, employ part-time employees with special abilities. The treatment of the above part-time employees shall be equivalent to that of part-time civil officials.
9. The superintendent of the military administration shall, with the approval of the commander of the army group, prescribe detailed duties for the Military Administration Department.
10. The personnel of the Military Administration Department shall wear an armlet on the left arm.

Supplementary rule:

The following rule shall be effective on March 15, 1942:

The Religious Affairs Department shall for the time being not be instituted. Its function, however, shall be carried out by the Religious Placation Unit. The superintendent of the military administration shall assign the duties of the Religious Placation Unit.

**DEPARTMENTAL REGULATION FOR THE MILITARY ADMINISTRATION DEPARTMENT.** Issued by the Military Administration Department of the Hayashi Army Group. March 15, 1942.

1. The following are the directives for the departments in the military administration.
2. There shall be a General Affairs Bureau and Political Affairs Bureau under the General Affairs Department.
3. The General Affairs Bureau shall administer the following matters:
   a. Matters concerning the personnel and services of civil and military officials;
   b. Matters concerning the receiving, dispatching, arrangement and preserving of documents;
   c. Matters dealing with the safekeeping of secret documents, general books and other classified materials;
   d. Matters dealing with recording in the battle journal and compiling the history pertaining to the military administration;
   e. Matters concerning the control of the department;
   f. Accounting and payment of salary;
   g. Safekeeping of seals; and
   h. Other general affairs.
4. The Political Affairs Bureau shall administer the following matters:
   a. Planning for enforcement of policy in the occupied areas;
   b. Matters concerning the connection between planning, execution of total war, and the armed conflict in the field;

c. Making decisions on fundamental matters concerning the direction of the government( including matters concerning important personnel affairs in the government);
d. Matters concerning the system of laws and ordinances, general political affairs, and direction and supervision;
e. Mobilization of resources and manpower in the occupied areas;
f. Matters concerning the guidance of nationalities and Japan's policy toward China and India;
g. Management of enemy properties;
h. Matters concerning education, press, propaganda and stratagem.
i. Coordination of duties among departments;
j. Examination of documents concerning definite plans pertaining to each department and bureau;
k. Liaison with agencies other than the military administration (including the navy) and the gathering of intelligence; and
l. Matters which are not managed by other departments and bureaus.

5. The Industrial Department shall administer the following matters:
   a. Mining Industry
      (1) policy for the mining industry;
      (2) Supervision of investigation, exploitation, procurement and management of mineral resources; and
      (3) Investigation, prospecting, oil drilling and refining of petroleum.
   b. Commerce and Industry
      (1) Commercial and industrial policies(including price controls and the adjustment of the

supply and demand of resources);
(2) Supervision and direction of commercial and industrial organizations;
(3) Supervision and direction of industry; and
(4) Power resources.

c. Agriculture and Forestry
(1) Supervision and direction of agriculture and the agricultural manufacturing industry;
(2) Supervision and direction of agricultural organizations;
(3) Matters concerning forestry;
(4) animal husbandryl; and
(5) marine industry.

d. Foreign Trade
(1) General policy of foreign trade (including the management of foreign trade);
(2) Planning for foreign trade; and
(3) Matters concerning the enforcement of foreign trade.

6. The establishment of the following bureaus under the Industry Department is possible:
a. Mine Industry Bureau;
b. Commerce and Industry Bureau;
c. Agriculture and Forestry Bureau; and
d. Foreign Trade Bureau.

7. The Finance Department shall administer the following matters:
a. Public Finance
(1) Provision of military expenditure and expenditures for military administration in the field;
(2) General financial policy;
(3) Matters concerning the governmental budget;

(4) Central and local financial matters;
(5) Monopoly and governmental enterprises;
(6) Income from the management of enemy property;
(7) Tax systems; and
(8) Disposal of real estate and other rights of property.

b. Credit and Banking
(1) Matters concerning the currency circulation policy;
(2) Regulation of capital;
(3) Supervision and regulation of the central bank and other banking facilities;
(4) Exchange control; and
(5) Guidance of financial policy.

c. The Customs
(1) Matters concerning customs policy;
(2) The recovery and adjustment of customs, and
(3) The direction of customs.

8. There shall be three bureaus under the Finance Department:
a. Finance Bureau;
b. Credit and Banking Bureau; and
c. Customs Bureau.

9. The Transportation Department shall administer the following matters:
a. Land transportation:
(1) Matters concerning the management and supervision of land transportation systems;
(2) Construction of railroad and automobile roads; and
(3) Regulation of land transportation systems.

b. Maritime Transportation:
(1) Matters concerning the management and supervision of ships;

(2) The establishment of sea routes;
(3) The regulation of rivers, ports, and other maritime facilities; and
(4) Matters concerning port business (excluding matters directly related to the army and navy).

c. Aviation:
(1) Matters concerning the management and supervision of civilian airplanes (excluding matters directly relating to the military);
(2) The establishment of an airline; and
(3) The establishment and regulation of aviation.

d. Postal Services:
(1) Matters concerning general postal procedures;and
(2) The establishment of telegram, telephone and other telegraphic communication systems.

10. The establishment of the following bureaus under the Transportation Department is possible:
Land Transportation;
Marine Transportation;
Aviation; and
Postal service bureaus under the Transportation Department.

11. The General affairs Department shall, if necessary, employ personnel to handle judicial matters (excluding military matters).

12. The Industrial, Finance, and Transportation Departments shall employ personnel who shall handle general matters in their respective departments.

13. The Religious Affairs Department shall administer mainly matters concerning the propagation of religion. The chief of the department shall prescribe the detailed duties to the staff in the department.
14. The chief of the Regional Headquarters of the Military Administration shall prescribe the duties of his staff in accordance with the departmental prescription described above and he shall report directly to the superintendent of the military administration.

# Burmese Independence Army and the Burmese Defense Army

**AUNG SAN'S APPOINTMENT AS COMMANDER OF THE BURMA DEFENSE ARMY. MILITARY ORDER** Issued by the Commander of the Hayashi Army Group.July 28, 1942

Colnel Aung San of the Burma Defense Army has been appointed Commander of the Burma Defense Army.

Lieutenant Colonel Aung Than of the Burma Defense Army has been appointed the chief of staff of the Burmese Defense Army.

**SUMMARY OF THE ESTABLISHMENT OF THE BURMA DEFENSE ARMY** Drafted by the Commander of the Hayashi Army Group. August 9, 1942.

## I. GUIDING PRINCIPLES

1. The Burma Defense Army shall be placed under the command of the Japanese commander of the Burma area forces.
2. Although the duty of the Burma Defense Army is mainly to guard border regions, their participation in active defense in the future is under consideration. At the moment, however, they shall be encouraged to concentrate themselves in drilling and equipping.
3. The size of the Burma defense Army forces shall be approximately 10,000 men. For now the Burma Independence Army shall be reorganized by

selecting approximately 3,000 men from the Burma Independence Army. An officers training school shall be organized to train staff of the above Burma defense Army and establish the military foundation.

4. The Burma Defense Army shall be placed under the tight control of the Japanese commander, and they shall be encouraged to assist, with sincerity, the Japanese forces for the task of defending Burma.

## II. ORGANIZATION

5. The Burma Defense Army shall consist of the following units and their organizations as shown in the attached Tables a to d. One Burmese army commander; One officers training school( Burmese Army Cadet Unit); and One Burmese military advisory group.
6. The Military preparations Bureau shall be established as an organ under the direct Jurisdiction of the Japanese commander in order to execute duties of establishing, developing, and maintaining the above Burma Defense Army. The outline for the organization is shown in attached Table e.

## III. DUTIES AND JURISDICTIONS

7. The Burmese army commander shall be subordinate to the Japanese army commander.
8. Burmese Infantry Battalions shall be subordinate to the Burmese army commander. Men below the rank of Battalion commander shall be Burmese. But if necessary, Japanese may be posted.
9. The Burmese officers training school shall train the staff of the Burmese

Defense Army. The commander of the officers training school shall be subordinate to the Japanese army commander. Cadets shall consist of Burmese and the majority of staff shall consist of Japanese military personnel. The training period shall be divided int two periods: the First and the Second Training Periods. The trainees who have completed the First Period of training shall be given the rank of non-commissioned officer. He will then be subjectde to screening. If he is selected, he will undergo the second Period of training. Those who have completed the Second Period of training shall be given the rank of officer. Superior graduates of the Second Training Period shall be selected for admittance into the Japanese Military Academy for further training. They shall be posted to important military positions after the completion of training.

10. Appointment and promotion of non-commissioned officers shall be made by the commanders of their respective units. Prescribed procedures and periods shall be separately decided upon. All appontments, promotions, and posting of officers shall be made by the Japanese army commander.
11. The Burmese military advisory group shall take advisory duties with the Burmese Army and shall see to it that every order of the Japanese army commander is thoroughly carried out. The group shall also have the duty of informing the Japanese army commander on every developing situation concerning the Burmese army in order to facilitate and strengthen the controlling power of the Japanese army

commander. The chief of the Burmese military advisory group shall be subordinate to the Japanese army commander. The advisory group shall be subordinate to the Japanese army commander. The advisory group shall consist of Japanese military personnel. In issuing orders, the Burmese army commander and the Infantry Battalion commanders shall obtain the signatures of their respective advisors. Military personnel of all departments in the advisory group of the headquarters shall assume not only the responsibilities of the headquarters but also the responsibility of advising, in person, the battalions of their duties.

12. The Military Preparations Bureau shall assume the responsibilities of establishing, developing, and maintaining the Burmese Defense Army. The chief of the bureau shall be subordinate to the Japanese army commander. The bureau shall consist of both Japanese and the Burmese.

13. At this time the Burmese Defense Army shall consist of the reorganized Burmese Independence Army. The recruiting criteria are as follows:
   a. Age: Between 18 and 25 years of age;
   b. Candidates must be volunteers ( the volunteer army service period is one (1) year at this time );
   c. Candidates must be single; and
   d. Candidates must pass the physical examination.

14. At this time the Burmese officers training school shall consist of the following cadets:
   a. 250 cadets who are healthy and able, and have been selected from

among the enlisted men in the Burmese Defense Army by means of recommendations of the army commander, and commanders of both Battalion and Company level;

b. 50 cadets who have not been enlisted in the Burma Independence Army, but who do wish to volunteer for the service and who have been recommended by the chief of the Executive Administration.

[15.Omitted by the translator.]

Attached Tables( the main points ):

Table a. The Burmese army commander: A colonel ( a Burmese).

Table b. The Burmese Infantry Battalion: It shall consist of: Headquarters; Four(4) Companies; and One(1) Machine gun Company. Total force of 968 men (all Burmese).

Table c. The Burmese officers training school: The school shall consist of 71 army personnel with a colonel of major as its chief (all of the staff members shall be Japanese). There shall be 300 cadets (all Burmese).

Table d. Advisory Group: The group shall consist of 28 military personnel with a colonel or major as its chief (all members Japanese).

Table e. Military preprations Bureau: The bureau shall consist of 50 Japanese and Burmese military personnel with a colonel or major as its chief.

## Army Guidance Department

## (18th January 1943)

Chief of the Guidance Department - Major Michinori Wakamatsu (who left the position in August 1943)

| **Directors** | **Assiatant Directors** |
|---|---|
| Captain Takeshi Noda<br>Lt. Ichiro Akamatsu (Finance)<br>Lt.Tarò Kuribayashi (Medicine) | WO Ginsaku Atsugi<br>Segt. First Class Shozo Matsuzaki<br>Segt. First Class Takeshichi Ida (Finance) |
| Lt.Shigekatsu Norimatsu (Veterinary) | Segt.Takao Takahara (Health)<br>Segt.Kichiji Kato (Veterinary)<br>Segt. Junichi Isobe (personnel) |

**THE FIRST BATTALION**

| | |
|---|---|
| Lt. Hachiro Takahashi. | WO Keiji Hata<br>Segt.First Class Michio Zaizen<br>Segt.First Class Masukazu Uraoka<br>Segt.Mitsuo Naka<br>Corporal Fumio Nakayama<br>Segt.Kanjiro Hagota (Finance)<br>Segt.Zenkichi Miyazaki(Accounting)<br>Corporal Takaji Hirano(Health) |

**THE SECOND BATTALION**

Lt. Yoshiharu Doi.

Segt.Sueturo Ohkubo
Segt.Akira Tsukada
Segt.Yoshio Isshiki
Segt.Yonetaro Horino
Cpl. Seiichi Noda
Segt. Kazuo Kagami (Finance)
Segt.Naosaku Kurihara(Health)

**THE THIRD BATTALION**

Lt. Takuro Furukawa
Lt. Hachiro Suzuki

WO Kenichi Kawasaki
Segt.First Class Massannobu Mori
Segt.First Class Junichi Kisako
Segt.kotaro Nagatake
Cpl. Noboru Tokuyasu
Cpl. Takuji Kumagai(Finance)
Sgt. Sadakazu Itakura (Health)

## The Organization of the Staff Members of the Officers Candidate School

| | |
|---|---|
| **Chief of the School** | -Chief of the Mobilization Bureau<br>Colonel Fukui |
| **Headquarters** | -Major Maruoka<br>-Captain Kawashima<br>-Lt. Furukawa<br>-Lt. Hiramoto<br>-Lt. Hata |

### The First Company

| | |
|---|---|
| Company Commander | -Captain Mizoguchi<br>The First Section -Lt. Tanaka(later 2nd.Lt. Murata) |
| The Second Section | -Lt.Inada |
| The Third Section | -Lt. Kibe |

### The Second Company

| | |
|---|---|
| Company Commander | -Lt. Kaoru Takahashi |
| The First Section | -Tada |
| The Second Section | -Horaku |
| The Third Section | -Kuru |

## ဗမာ့ကာကွယ်ရေးတပ်မတော်

## ပျဉ်းမနားစစ်ဌာနချုပ်

| | | |
|---|---|---|
| စစ်သေနာပတိ | – | ဗိုလ်မှူးကြီးအောင်ဆန်း |
| စစ်ဦးစီးချုပ် | – | ဒုတိယဗိုလ်မှူးကြီးစကြာ |
| စစ်ထောက်ချုပ် | – | ဒုတိယဗိုလ်မှူးကြီးလကျာ် |
| စစ်ဦးစီးအရာရှိ | – | ဗိုလ်ကြီးဘိုးကွန်း |
| စစ်သားစုဆောင်းရေးဌာန | – | ဗိုလ်ကြီးခင်မောင်ကလေး |

### တပ်ရင်း(၁)

| | |
|---|---|
| တပ်ရင်းမှူး | – ဗိုလ်မှူးကလေးနေဝင်း |
| တပ်ရင်းရုံးအုပ် | – ဗိုလ်ကြီးလရောင် |
| အမှတ်(၁)တပ်ခွဲမှူး | – ဗိုလ်ကြီးမိုးညို |
| အမှတ်(၂)တပ်ခွဲမှူး | – ဗိုလ်ကြီးသံတိုင် |
| အမှတ်(၃)တပ်ခွဲမှူး | – ဗိုလ်ကြီးစောနော်င |
| အမှတ်(၄)တပ်ခွဲမှူး | – ဗိုလ်ကြီးဗလ |
| စက်သေနတ်ကြီးတပ်ခွဲမှူး | –ဗိုလ်ကြီးရဲထွဋ် |
| လက်နက်ဌာနမှူး | – ဗိုလ်သန်းမောင် |
| ဆေးမှူး | – ဗိုလ်ကျော်မြင့် |
| ပြင်းမှူး | – ဗိုလ်ထွန်းစိန် |

### တပ်ရင်း(၂)

| | |
|---|---|
| တပ်ရင်းမှူး | – ဗိုလ်မှူးကလေးရန်နိုင် |
| တပ်ရင်းရုံးအုပ် | – ဗိုလ်ကြီးအောင် |
| အမှတ်(၁)တပ်ခွဲမှူး | – ဗိုလ်ကြီးတောက်ထိန် |
| အမှတ်(၂)တပ်ခွဲမှူး | – ဗိုလ်ကြီးဗထူး |
| အမှတ်(၃)တပ်ခွဲမှူး | – ဗိုလ်ကြီးမင်းခေါင် |
| အမှတ်(၄)တပ်ခွဲမှူး | – ဗိုလ်ကြီးမင်းရောင် |

| | |
|---|---|
| စက်သေနတ်ကြီးတပ်ခွဲမှူး | –ဗိုလ်ကြီးမြင့်အောင် |
| လက်နက်ဌာနမှူး | – ဗိုလ်အုန်းသွင် |
| ဆေးမှူး | – ဗိုလ်ကြီးမောင်လွင် |
| မြင်းမှူး | – ဗိုလ်ဘအုန်း |

**တပ်ရင်း(၃)**

| | |
|---|---|
| တပ်ရင်းမှူး | – ဗိုလ်မှူးကလေးဇေယျ |
| တပ်ရင်းရုံးအုပ် | – ဗိုလ်ကြီးရန်အောင် |
| အမှတ်(၁)တပ်ခွဲမှူး | – ဗိုလ်ကြီးကျော်ဇော |
| အမှတ်(၂)တပ်ခွဲမှူး | – ဗိုလ်ကြီးဖေသက် |
| အမှတ်(၃)တပ်ခွဲမှူး | – ဗိုလ်ကြီးဇင်ယော် |
| အမှတ်(၄)တပ်ခွဲမှူး | – ဗိုလ်ကြီးတာရာ |
| စက်သေနတ်ကြီးတပ်ခွဲမှူး | –ဗိုလ်ကြီးဖုန်းမြင့် |
| လက်နက်ဌာနမှူး | – ဗိုလ်အုန်းခိုင် |
| ဆေးမှူး | – ဗိုလ်ကြီးလှသမိန်(ဗိုလ်ကြီးလှဟန်) |
| မြင်းမှူး | – ဗိုလ်သန်းမောင် |

## ပထမပတ်ဗိုလ်သင်တန်းမှဂျပန်စစ်တက္ကသိုလ်သို့ တက်ခွင့်ရသောပညာတော်သင်များစာရင်း

၁။ ရဲဘော်ကျော်စိုး*
၂။ ရဲဘော်ကြည်မောင်
၃။ ရဲဘော်ခင်မောင်
၄။ ရဲဘော်ခင်မောင်ကျော်
၅။ ရဲဘော်စောမြင့်
၆။ ရဲဘော်စိုးနိုင် *
၇။ ရဲဘော်စိန်မြ
၈။ ရဲဘော်တင်မောင်
၉။ ရဲဘော်တင်မောင်
၁၀။ ရဲဘော်တင်ဦး
၁၁။ ရဲဘော်ထွန်းရီ
၁၂။ ရဲဘော်ထွန်းရွှေ
၁၃။ ရဲဘော်ပု
၁၄။ ရဲဘော်ဘသောင်း
၁၅။ ရဲဘော်မင်းဒင်
၁၆။ ရဲဘော်မောင်
၁၇။ ရဲဘော်မြဝင်း
၁၈။ ရဲဘော်မြသောင်း
၁၉။ ရဲဘော်ရဲမြင့်
၂၀။ ရဲဘော်ရှိန်း
၂၁။ ရဲဘော်လွင်
၂၂။ ရဲဘော်လှတင်
၂၃။ ရဲဘော်လှမော် *
၂၄။ ရဲဘော်လှမောင်
၂၅။ ရဲဘော်လှငွေ
၂၆။ ရဲဘော်လှသောင်း
၂၇။ ရဲဘော်သိန်းမောင်
၂၈။ ရဲဘော်သိန်းဟန်
၂၉။ ရဲဘော်အုန်းမောင်
၃၀။ ရဲဘော်အောင်ဖေ

ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်
ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး၊ မျက် ၂၀၆

---

* ရဲဘော်ကျော်စိုး၊ ရဲဘော်စိုးနိုင်၊ ရဲဘော်လှမော်တို့အား စစ်အတွင်း ဆေးဂုံမှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် ပြန်လည်ပို့ဆောင်ခဲ့ရာ ၁၉၄၅ခု၊ ဩဂုတ်လတွင် မြန်မာပြည်သို့ ရောက်ရှိလာသည်။ ကျန်ရဲဘော်များမှာ ဂျပန်လက်နက်ချပြီးသည့်နောက်မှ ပြန်လာခဲ့ကြရာ ၁၉၄၅ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် မြန်မာပြည်သို့ ရောက်ရှိသည်။

## ဒုတိယပတ်ဗိုလ်သင်တန်းမှဂျပန်စစ်တက္ကသိုလ်သို့ တက်ခွင့်ရသည့်ပညာတော်သင်များစာရင်း

### (က) ခြေလျင်တပ်ဆိုင်ရာပညာတော်သင်စာရင်း

၁။ ရဲဘော်ခင်စိုး
၂။ ရဲဘော်ခင်ဇော်
၃။ ရဲဘော်ခင်မောင်ညို
၄။ ရဲဘော်ခင်မောင်ထွန်း
၅။ ရဲဘော်ချစ်တင်
၆။ ရဲဘော်စောမောင်
၇။ ရဲဘော်တင့်ဆွေ
၈။ ရဲဘော်တင်မောင်
၉။ ရဲဘော်တင်အောင်
၁၀။ ရဲဘော်နေဒွန်း
၁၁။ ရဲဘော်ဖေစိန်
၁၂။ ရဲဘော်ဘထွေး
၁၃။ ရဲဘော်မောင်သောင်း
၁၄။ ရဲဘော်မောင်သောင်း
၁၅။ ရဲဘော်ရဲလှ
၁၆။ ရဲဘော်လှမော်
၁၇။ ရဲဘော်လှဖုန်း
၁၈။ ရဲဘော်လှဆွေ
၁၉။ ရဲဘော်သိုးထိန်း
၂၀။ ရဲဘော်အုန်းတင်

### (ခ) အမြောက်တပ်ဆိုင်ရာပညာတော်သင်စာရင်း

၁။ ရဲဘော်ခင်မောင်သောင်း
၂။ ရဲဘော်ချစ်မောင်
၃။ ရဲဘော်စောမြသိန်း
၄။ ရဲဘော်စိုးမင်း
၅။ ရဲဘော်စိန်ထွေး
၆။ ရဲဘော်တင်ဦး
၇။ ရဲဘော်မောင်အေး
၈။ ရဲဘော်ရဲနောင်
၉။ ရဲဘော်သန့်စင်
၁၀။ ရဲဘော်အောင်ဖေ

### (ဂ) လေတပ်ဆိုင်ရာပညာတော်သင့်စာရင်း

၁။ ရဲဘော် ကျော်ဇော
၂။ ရဲဘော်ချစ်ခင်
၃။ ရဲဘော်စိုးလှိုင်
၄။ ရဲဘော်ဉာဏ်မောင်
၅။ ရဲဘော်တင်မောင်
၆။ ရဲဘော်သောင်းဒန်
၇။ ရဲဘော်ထွန်းသန်း
၈။ ရဲဘော်အေးမောင်
၉။ ရဲဘော် အေးလှိုင်
၁၀။ ရဲဘော်အောင်မြတ်

# ကိုးကားသောစာအုပ်စာတမ်းများ


၁။ ကျော်ရင် — **ဗိုလ်ချုပ်အောင်ဆန်း၏မမေ့နိုင်သောမိန့်ခွန်းများ**
ရန်ကုန်၊ စိန်ပန်းမြိုင်စာပေ၊ ၁၉၆၉။

၂။ ကျော်အောင် — **အနီထဲမှကြယ်ဖြူပွင့်**
ရန်ကုန်၊ ငြိမ်းစာစဉ်၊ ၁၉၆၄။

၃။ ကြင်၊ ဒေါ် — "ရတနာပုံစက်ရုံများ" **စာပေနှင့်လူမှုရေးသိပ္ပံဂျာနယ်**
**(အတွဲ၁၊ အမှတ် ၁)** ၊ ရန်ကုန်၊ ၁၉၆၀။

၄။ ခင်မောင်ညို(မန်း) — **အညာတရစ်စသည့်တဦး၏မှတ်တမ်း**
ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉။

၅။ ချစ်ဆွေ(မေမြို့) — **ပြည်သူချစ်သောဗိုလ်ချုပ်အောင်ဆန်း**
ရန်ကုန်၊ မြေနီကုန်းစာပေ၊ ၁၉၇၀။

၆။ ဇေယျ — **မြန်မာစာ၊ မြန်မာ့စိတ်၊ မြန်မာ့မာန်**
ရန်ကုန်၊ပုညစာပေတိုက်၊ ၁၉၆၆။

၇။ ဉာဏ်မောင်၊ ဗိုလ် — **စစ်အတွင်းလေကြောင်းပညာသင်အတွေ့အကြုံများ**
ရန်ကုန်၊စာပေဗိမာန်၊ ၁၉၇၅။

၈။ တာရာ၊ ဗိုလ် — **ရဲဘော်သုံးကျိပ်ပြည်တော်ပြန်**
ရန်ကုန်၊ သန်းမြစ်ဖဟို၊ ၁၉၄–။

၉။ တို့ဗမာအစည်းအရုံး သမိုင်းပြုစုရေးအဖွဲ့ — **တို့ဗမာအစည်းအရုံးသမိုင်း (ပ၊ ဒု) တွဲ**
ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆။

၁၀။ တိုက်စိုး၊ ဗိုလ် — **ဗမာ့တပ်မတော်**
ရန်ကုန်၊ ရဲဘော်စုပေါင်းရောင်းဝယ်ရေး၊ ၁၉၄၅။

၁၁။ တင်၊ သခင် — **ဗမာတို့၏ထွက်ရပ်လမ်း**
ရန်ကုန်၊ တို့ဗမာဆင်းရဲသားအစည်းအရုံး၊ ၁၉၄၃။

၁၂။ တင်၊ ဦး — **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ပတွဲ–ပဉ္စမတွဲ**
ရန်ကုန်၊အစိုးရပုံနှိပ်ရေးနှင့်စာရေးကရိယာဌာန၊
၁၉၃၁–၃၃။

၁၃။ တင်မောင်၊ ဗိုလ်မှူးကြီး (ဟောင်း) — **ဂျပန်ခေတ်စစ်ပညာတော်သင်တစ်ဦး**
ရန်ကုန်၊ သောကြာစာအုပ်တိုက်၊ ၁၉၇၁။

၁၄။ ထွန်းသန်း၊ ဦး — **နိုင်ငံရေးရှင်းတမ်း**
ရန်ကုန်၊မြန်မာပြည်စာအုပ်ဖြန့်ချိရေးဌာန၊ ၁၉၃၉။

၁၅။ ထွန်းအုပ်၊ သခင် **ကျွန်ုပ်ဇွန့်စားခဏ်း**
ရန်ကုန်၊ တို့ဗမာကုမ္ပဏီ၊ ၁၉၄၃။

၁၆။ ဖိုးကျား၊ ဦး **သီပေါမင်းပါတော်မူအရေးတော်ပုံ**
ရန်ကုန်၊ စာပန်းချီတိုက်၊ ၁၉၆၉။

၁၇။ ဗစိန်၊ သခင် **သခင်များလွတ်လပ်ရေးကြိုးပမ်းမှု**
ရန်ကုန်၊ တိုင်းပြည်ပြုပုံနှိပ်တိုက်၊ ၁၉၄၃။

၁၈။ ဗစိန်၊ သခင် **တို့ဗမာအစည်းအရုံး**
ရန်ကုန်၊ ဗမာပြည်လက်ဝဲစာအုပ်အသင်း၊ ၁၉၄၀။

၁၉။ ဗဆွေ၊ ဦး "တော်လှန်ရေးရှုတ်ကွက်မြုပ်ကွက်များ" **ရွှေတူဂျာနယ်**
(အတွဲ၁၊ အမှတ် ၁ )ရန်ကုန်။

၂၀။ "ဗမာ့ထွက်ရပ်ဂိုဏ်း"၊ **မြန်မာ့အလင်းသတင်းစာ**
(၂၃–၁၀–၁၉၃၉)

၂၁။ **ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ**
ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၀။

၂၂။ ဘခိုင်၊ ဦး **မြန်မာပြည်နိုင်ငံရေးရာဇဝင်**
ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၄။

၂၃။ ဘသောင်း၊ ဗိုလ်မှူး **ဗမာ့တော်လှန်ရေးသမိုင်း**
ရန်ကုန်၊ နံ့သာတိုက်၊ ၁၉၆၇။

၂၄။ ဘဦး၊ ဦး "ကျွန်ုပ်ကိုယ်တိုင်ခေါင်းဆောင်ခဲ့သော ၁၉၂၀ ပြည့်နှစ်
ကျောင်းသားသပိတ်" **အမျိုးသားနေ့ရွှေရတုသဘင်
အထိမ်းအမှတ် စာစောင်**၊ ရန်ကုန်၊ ၁၉၇၀။

၂၅။ ဘိ၊ ဆရာနှင့်ဆရာသိန်း **သုသောဓိတမဟာရာဇဝင်တော်ကြီး၊ (ပဉ္စမ၊ ဆဋ္ဌမ)တွဲ**
ဆရာဦးဘကျော် ရန်ကုန်၊ သုဝဏ္ဏဝတီ ပုံနှိပ်တိုက်၊ ၁၉၂၂။

၂၆။ ဘုန်းကျော်(နတ်မောက်) **သမိုင်းဝင်ဆောင်းပါးများနှင့်ကိုယ်တွေ့ဝတ္ထုများ**
ရန်ကုန်၊ ဗမာအမျိုးသမီးစာပေ၊ ၁၉၆၈။

၂၇။ မင်္ဂလာဒုံဗိုလ်သင်တန်း **ဗမာ့ကာကွယ်ရေးတပ်မတော် မင်္ဂလာဒုံ
ဗိုလ်သင်တန်းကျောင်း၊ ဒုတိယပတ် စစ်ကျောင်းသား
ရဲဘော်များ၏ကိုယ်ရေးသမိုင်း**
ရန်ကုန်၊ လက်ရွေးစင်စာပေ၊ ၁၉၇၂။

၂၈။ မင်းခေါင်၊ ဗိုလ် (ရဲဘော်သုံးကျိပ်) **ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်**
ရန်ကုန်၊ ရွှေတူစာပေ၊ ၁၉၆၈။

| | | |
|---|---|---|
| ၂၉။ | မင်းခေါင်၊ ဗိုလ် (ရဲဘော်သုံးကျိပ်) | **ရှေ့တူ** ရန်ကုန်၊ မြန်မာ့ရုပ်ရှင်ပုံနှိပ်တိုက်၊ ၁၉၄၁။ |
| ၃၀။ | မင်းညို၊ ဗိုလ် | **ဂျပန်ခေတ်စစ်တက္ကသိုလ်** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉။ |
| ၃၁။ | မင်းသိဒ္ဓိ | **ဘီဒီအေတပ်ရင်း(၁)ယီဘီအက်(ဖ်)တိုင်း(၂) မှတ်တမ်းများ (စာမူကြမ်း)** |
| ၃၂။ | မောင်မောင် (ကျောက်ဆည်) | **စစ်မြေပြင်ခရီးကြမ်းနှင့်ကိုယ်တွေ့မှတ်တမ်း** ရန်ကုန်၊ နန္ဒဝန်စာပေတိုက်၊ ၁၉၆၇။ |
| ၃၃။ | မောင်မောင်၊ ဒေါက်တာ | **မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်း၊** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၉။ |
| ၃၄။ | မောင်မောင်၊ ဒေါက်တာ | **သားမောင်စစ်သည်သို့** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၃။ |
| ၃၅။ | မောင်မောင်၊ ဒေါက်တာ | **သက်ရှိရာဇဝင်** ရန်ကုန်၊ သမာမိတ္တ၊ ၁၉၅၆။ |
| ၃၆။ | မောင်မောင်တင်၊ ဦး | **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊(ပ၊ ဒု၊ တ)တွဲ** ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၇–၆၈။ |
| ၃၇။ | | **မြန်မာပြည်အမျိုးသားအပျော်တမ်းရဲတပ်သမိုင်း အကျဉ်းချုပ်၊(လက်နှိပ်စက်မူ)၊ရန်ကုန်၊** တပ်မတော်မော်ကွန်းတိုက်။ |
| ၃၈။ | | **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၃** ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ၁၉၅၆။ |
| ၃၉။ | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ | **ကမ္ဘာ့သမိုင်းမှတ်တိုင်များ၊ တတိယတွဲ** ရန်ကုန်၊ ယင်းဌာန၊ ၁၉၆၆။ |
| ၄၀။ | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ | **တိုင်းရင်းသားလူမျိုးများ၏နယ်ချဲ့ဆန့်ကျင်ရေး သမိုင်း၊ ရန်ကုန်၊ ယင်းဌာန၊ ၁၉၇၁။** |
| ၄၁။ | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ | **မြန်မာနိုင်ငံရေးသမိုင်းသင်တန်းစာအကျဉ်းချုပ်** (လက်နှိပ်စက်စာမူ)။ |
| ၄၂။ | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ | **မြန်မာအလုပ်သမားလှုပ်ရှားမှု** ရန်ကုန်၊ ယင်းဌာန၊ ၁၉၇၂။ |
| ၄၃။ | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ | **မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ–၁** ရန်ကုန်၊ ယင်းဌာန၊ ၁၉၇၀။ |

၄၄။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ — **မြန်မာ့အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုနှင့် ဗမာ့လွတ်လပ်ရေးကာကွယ်ထိန်းသိမ်းမှုသမိုင်း** (လက်နှိပ်စက်စာမူ)

၄၅။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ — **လူတို့၏ကုန်လုပ်ဆက်ဆံရေးသမိုင်း** ရန်ကုန်၊ ယင်းဌာန၊ ၁၉၆၆။

၄၆။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ — **အမျိုးသားနေ့နှင့်အမျိုးသားရေးလှုပ်ရှားမှုသမိုင်း** ရန်ကုန်၊ ယင်းဌာန၊ ၁၉၇၀။

၄၇။ ရန်နိုင်၊ ဗိုလ် — "ရဲဘော်သုံးကျိပ်မှတ်တမ်း"၊ **အမျိုးသားသတင်းစဉ်** ရန်ကုန်။

၄၈။ လွင်၊ သခင် — **ဂျပန်ခေတ်ဗမာပြည်** ရန်ကုန်၊ ဥဒါန်းစာပေ၊ ၁၉၆၉။

၄၉။ လွင်၊ သခင် — **မြန်မာနိုင်ငံအလုပ်သမားလှုပ်ရှားမှုသမိုင်း** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၀။

၅၀။ လွင်၊ သခင် — **အာဇာနည်အသျှင်ဦးဝိစာရ** ရန်ကုန်၊ ဥဒါန်းစာပေ၊ ၁၉၇၁။

၅၁။ လှ၊ ဦး (လူထု–) — **သတင်းစာများပြောပြတဲ့စစ်တွင်းဗမာပြည်** (ပ၊ ဒု၊ တ)တွဲ၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၈။

၅၂။ သမိန်၊ ဗိုလ်မှူး — **ကျွန်တော့်အမြင်** ရန်ကုန်၊ ချစ်မြိုင်စာပေ၊ ၁၉၇၅။

၅၃။ သာကျော်(ဘုံပေါက်) — **တော်လှန်ရေးခရီးဝယ်၊ ပထမတွဲ** ရန်ကုန်၊ သန္တာအောင်စာပေ၊ ၁၉၇၃။

၅၄။ သုတေသနရဲဘော် — **ရဲဘော်သုံးကျိပ်နှင့်ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများ**၊ ရန်ကုန်၊ ရဲဘော်ရာကျော်ထုတ်ဝေရေး၊ ၁၉၇၅။

၅၅။ သံတိုင်၊ ဗိုလ် — **လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း၊ (ပ၊ ဒု) တွဲ** ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၇။

၅၆။ သိန်းဖေမြင့် — တော်လှန်ရေးကာလနိုင်ငံရေးအတွေ့အကြုံများ ရန်ကုန်၊ ယမုံနာစာပေ၊ ၁၉၆၇။

၅၇။ အိုးနိုတိုးရု — **ဂျပန်စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၅။

## BOOKS


1. Aung San — **Burma's Challenge.** Rangoon, The New Light of Burma Press, Ltd, 1946.

2. Ba Maw — **Breakthrough in Burma.** Yale University, 1968.

3. Ba Than (Dhammika — **The Roots of the Revolution.** Rangoon, Dir. of Information, 1962.

4. Ba Than (Dhammika) — **The Development of the Defence Services of the Union of Burma.** (Typed copy)

5. Baker, Thomas Turner — **Recent Operations of the British Forces at Rangoon and Martaban.** London, Thomas Hutchard, 1852.

6. Banerjee, A.C — **Annexation of Burma.** Calcutta, A.Mukherjee, 1962.

7. Brown, E.C — **The Coming of the Great Queen.** London, 1888.

8. Burma Intelligence Bureau — **Burma Under the Japanese Occupation. Vol I.** Simla, 1945.

9. Burma Intelligence Bureau — **Burma During the Japanese Occupation.** Simla, 1945.

10. Cady, J.F. **A History of Modern Burma.** New York, Cornell University Press, 1958.

11. Carey, Bertram & Tuck, H.N. **The Chin Hills. Vol. I.** Rangoon, Government Printing, 1896.

12. Christian, J.L. **Burma and the Japanese Invader.** Bombay, Thacker & Company, Ltd, 1946.

13. Cox, H. **Burmhan Empire.** London, John Warren, 1821.

14. Crawfurd, John. **Journal of the Embassy to the Court of Ava (2 Vols).** London, Henry Colburn, 1829.

15. Crosthwaite, S.C.. **The Pacification of Burma.** London, Frank Cass and Co.Ltd, 1968.

16. Dalrample, A. **Oriental Repertory.** Rangoon, Govt. Printing and Stationary, 1926.

17. Dautremer, Joseph **Burma Under British Rule.** London, 1916.

18. Defence Training Institute **Bi1 Kuryaku Sakusen** (Military Operations for the Conquest of Burma). Tokyo, 1967.

19. Devoton, F.B. **Reminiscences of the Burmese War in 1824-25,** London, 1852.

20. Desai, W.S. — **A History of the British Residency in Burma.** Rangoon, 1939.

21. East, W.G and Spate, O.H.K(ed) — **The Changing Map of Asia,** London, 1953.

22. Fairbank, J.K. — **East Asia the Modern Transformation.** London, 1969.

23. Foucar, E.C.V — **They reigned in Mandalay.** London, Dennis Dobson, 1946.

24. — **Frontier and Overseas Expedition fromIndia (Vol.V).** Simla, 1907.

25. Furnivall, J.S. — **Colonial Policy and Practice.** New York , 1956.

26. Fytch, Albert — **Burma Past and Present (2 Vols).** London, Kegan Paul, 1879.

27. Geary, Grattan — **Burma After the Conquest.** Bombay, Thacer & Co, 1866.

28. Goju Hachi Kai — **Biruma Sensen** (The Burma Front), Tokyo, 1964.

29. Gouger, Henry — **Two Year in Ava.** London, 1827.

30. Griffiths, Percivall. — **The British Impact on India.** London, 1952.

31. Hall, D.G.E. — **Early English Intercourse with Burma.** London, 1968.

32. Hall, D.G.E. — **Europe and Burma.** London, Oxford University Press, 1945.

33. Hall, D.G.E. — **A History of South East Asia.** London, Macmillan & Co Ltd, 1961.

34. Harrison, Brian. — **South East Asia.** London, 1957.

35. Hayes, C.J.H — **Contemporary Europe Since 1870.** New York, 1958.

36. Htin Aung, Maung — **A History of Burma.** New York, Columbia University, 1967.

37. Htin Aung, Maung — "Humiliation At Windsor" **The Working People's Daily,** (2.5.1973). Rangoon.

38. Htin Aung, Maung — **The Stricken Peacock.** Nijhoff, 1966.

39. Jesse, F.T. — **Story of Burma.** London, 1946.

40. Jones, F.C — **Japan's New order in East Asia.** New York, Toronto, 1954.

41. Khin Maung Kyi, U — "Western Enterprise and Eoconomic Development of Burma", **Journal of Burma Research Society,** Vol LIII, Part I.

42. Khin Maung Nyunt, Dr. — "Burma Rice Trade in the 17th Century", **The Guardian Magazine,** Vol XVI, No.4, Rangoon, 1970.

43. Kirby, S.W — **The War Against Japan,** Vol. II & III . London, 1961.

44. Laurie, W.F.D. — **Our Burmese Wars.** London W.H.Allen, 1885.

45. Laurie, W.F.D. — **The Second Burmese War.** London, Smit, Elder, 1853.

46. Leach, F.Burton — **The Future of Burma.** Rangoon, 1936.

47. Mamoru Shigemitsu — **Japan and Her Destiny.** London, 1958.

48. Marks, Dr. — **Forty Years in Burma.** London, Hutchinson, 1917.

49 Marshall, John — **Narrative of the Naval Operations in Ava During the Burmese War.** London, 1830.

50. Matthews, Geoffery. — **The Reconquest of Burma.** EBD Publishing & Destribution Co. Deheadun, 1886.

51. Maung Maung, Dr. — **Aung San of Burma.** The Hague, Nijhoff, 1962.

52. Maung Maung, Dr. **Burma's Constitution.** The Hague, Nijhoff 1959.

53. Maung Maung, Dr. **Burma and General Ne Win.** Bombay, 1969.

54. Maung Maung, Dr. **Burma in The Family of Nations.** Amsterdam, 1956.

55. Maung Maung Pye **Burma in the Crucible.** Madras, The Diocesan Press, 1951.

56. Nisbet, John **Burma Under the British Rule and Before (2 Vols)** London, Archibald Constable & Co.Ltd, 1901.

57. Official History of the Indian Armed forces in the Second World War (1939-45) **Retreat from Burma (1941-42).**

58. Pearn, B.R. **History of Rangoon.** Rangoon, The American Baptist Press. 1939.

59. Phayre, A.P. **History of Burma.** London, Trubner, 1883.

60. Robertson, T.C. **Political Incidents of the First Anglo-Burmese War.** London, Richard Bently, 1853.

61. Sangermano — **Burmese Empire a Hundred Years Ago.** Westminster, 1893.

62. Scott, J.G. — **Burma From the Earliest times to the Present Day.** New York, 1924.

63. Sen, N.C. — **A Peep into Burma Politics (1917-42).** Allahabad, 1945.

64. Singhal, D.P — **The Annexation of Upper Burma.** Singapore, Eastern University Press, 1960.

65. Smith, Vicent A — **The Oxford History of India.** Oxford, 1964.

66. Snodgrass, J.J — **Narrative of the Burmese War.** London, 1827.

67. Stewart, A.T.Q — **The Pagoda War.** London, 1972.

68. Sykes, Christopher — **Orde Wingate.** London, 1959.

69. Symes, Michael — **Account of an Embassy to the Kingdom of Ava ( 3 Vols.)** London ,1800.

70. Tanner, M.O — "Danubyu- A Forgotten Episode" **JBRS.** Vol. XXIX, Part II.

71. Taw Sein Ko — **Burmese Sketches.** Rangoon, 1913.

72. Trager, Frank N. — **Burma from Kingdom to Independence.** London, 1966.

73. Trager, Frank N. — **Marxism in South East Asia.** California, 1959.

74. White, H.T — **A Civil Servant in Burma.** London, 1913.,

75. Wilson, H.H. — **Illustrative of the Burmese War in 1824-26.** London, 1852.

76. Wilson, H.H. — **Narrative of the Burmese War in 1824-26.** London, 1852.

77. Won Zoon Yoon — **Japan's Occupation of Burma (1941-45).** (Dissertation Abstract) A Dissertation in the Department of History Submitted to the faculty of the Graduate School of Arts in partial fulfilment of the requirements for the degree of Doctor of Philosophy at the New York University, 1971.

78. Woodman, Dorothy — **The Making of Burma.** London, Cresset Press, 1962.

79 Yule, Henry — **Narrative of the Mission sent by The Governor-General of India to the court of Ava in 1855.** London, 1855.

## ရန်ကုန်မြို့၊အမျိုးသားစာကြည့်တိုက်၊မန္တလေးတက္ကသိုလ်သမိုင်းဌာနနှင့် မန္တလေးမြို့သမိုင်းကော်မရှင်တို့တွင်ရှိသောပေ၊ပုရပိုက်များမှ ကူးယူရိုက်နှိပ်သောစာအုပ်များ (လက်နှိပ်စက်မှု)

၁။ မြန်မာမင်းများထုတ်မြန်သောအမိန့်တော်များ မြန်မာသက္ကရာဇ် (၁၁၉၉ မှ ၁၂၄၇)
၂။ မြန်မာမင်းများလက်ထက် ရာဇသံနှင့် ဆင့်စာများ
၃။ မြန်မာမင်းများလက်ထက်စာချုပ်များ
၄။ မြန်မာမင်းများလက်ထက်သံရောက်မှတ်တမ်းများ

## တပ်မတော်မော်ကွန်းတိုက်၊ စစ်မော်ကွန်းဌာနမှ စာရွက်စာတမ်းများ

**သတင်းစာများ**

၁။ ဗမာ့ခေတ်သတင်းစာ (၇-၁-၄၃)
၂။ ဗမာ့ခေတ်သတင်းစာ (၃၁-၁-၄၃)
၃။ ဗမာ့ခေတ်သတင်းစာ (၂၂-၉-၄၄)
၄။ ဗမာ့ခေတ်သတင်းစာ (၈-၁၀-၄၄)
၅။ ဗမာ့ခေတ်သတင်းစာ (၅-၁၂-၄၄)
၆။ မြန်မာ့အလင်းသတင်းစာ (၂-၁၁-၄၃)
၇။ မြန်မာ့အလင်းသတင်းစာ (၃-၂-၄၄)
၈။ မြန်မာ့အလင်းသတင်းစာ (၁၆-၃-၄၄)
၉။ မြန်မာ့အလင်းသတင်းစာ (၁၇-၃-၄၄)
၁၀။ မြန်မာ့အလင်းသတင်းစာ (၃-၈-၄၄)
၁၁။ မြန်မာ့အလင်းသတင်းစာ (၆-၈-၄၄)
၁၂။ မြန်မာ့အလင်းသတင်းစာ (၈-၁၀-၄၄)
၁၃။ မြန်မာ့အလင်းသတင်းစာ (၂-၁၁-၄၄)
၁၄။ မြန်မာ့အလင်းသတင်းစာ (၃၁-၁၁-၄၄)
၁၅။ The Greater Asia (4-4-43)
၁၆။ The Greater Asia (16-10-43)

## DOCUMENTS

၁။ DR 17 ဗမာ့တပ်မတော်စစ်ရုံးများနှင့် တပ်များ၊အုပ်ချုပ်သူများစာရင်းချုပ်။

၂။ DR 21 ဗမာ့တပ်မတော်စစ်ဌာနချုပ်ရုံးဦးစီးဗိုလ်ထံသို့တပ်ရင်း(၁)၊(၂)၊(၃)၊
(၄)၊(၅)၊(၆) နှင့် သယ်ယူ ပို့ဆောင်ရေးတပ်မှပေးပို့သော
ဖွဲ့စည်းပုံအစီရင်ခံစာများ ဖိုင်တွဲ။

၃။ DR 22 ဗမာ့တပ်မတော်စစ်ဌာနချုပ်၊ဦးစီးဗိုလ်ထံသို့ ပေးပို့သော
စက်မှုလက်မှုတပ်ရင်း ၊စက်အမြောက် တပ်ရင်း၊ မော်တော်ယာဉ်
တပ်ရင်း ၊အဆောက်အဦးတပ်နှင့် စစ်ဆေးရုံတို့၏ဖွဲ့စည်းပုံအစီရင်
ခံစာ။

၄။ DR 95 စစ်သေနာပတိချုပ်၏ပညတ်သော အချက် ၅ ချက်နှင့် စစ်သည် တော်
တိုင်း လိုက်နာရန် ကျင့် ဝတ္တရားများ။

၅။ DR 500 ဗမာ့တပ်မတော်စစ်ဝန်ကြီးထုတ်ပြန်သော အမိန့်ပြန်တမ်းများစာတွဲ။

၆။ DR 556 ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း(၁)၊တပ်ခွဲ(၂) မှ
ဗိုလ်မောင်ကလေး ၏စစ်ဥပဒေသင် ခန်းစာများ။

၇။ DR 668 ဖက်ဆစ်တော်လှန်ရေးအတွင်းထုတ်ဝေသောကြေညာစာတမ်း များနှင့်
စာများ။

၈။ DR 672 ဗမာ့တပ်မတော်ဗဟိုစစ်ဌာနချုပ်မှထုတ်ဝေသောစစ်မှုရေးရာ
တစောင်။

၉။ DR 777 စစ်ဝန်ကြီးရုံး၊စစ်ပညာညွှန်ကြားရေးဌာနကြီး၏ စာတွဲ။

၁၀။ DR 779 ဗမာ့တပ်မတော် မင်္ဂလာဒုံ စတုတ္ထပတ်အရာရှိသင်တန်းနှင့် ပတ်သက်
သောစာတွဲ။

၁၁။ DR 780 ဗမာ့တပ်မတော်မူလတန်းစစ်ပညာသင်တန်းနှင့် ပတ်သက်သော
စာတွဲ။

၁၂။ DR 781 စစ်ဝန်ကြီးရုံး၊စစ်ပညာညွှန်ကြားရေးဌာနကြီး၏ ပဋ္ဌမပတ်အရာရှိ
သင်တန်းနှင့်ပတ်သက်သော စာတွဲ။

၁၃။ DR 783 စစ်ဝန်ကြီးရုံး၊စစ်ပညာညွှန်ကြားရေးဌာနကြီး၏ ဆဌမပတ် အကြပ်
သင်တန်းနှင့်ပတ်သက်သော စာတွဲ။

၁၄။ DR 939 ဗမာ့တပ်မတော်စံပြတပ်ရင်းမဲခွူးစခန်း၏ စစ်ပညာသင်ခန်းစာများ
ပါသောဖိုင်တွဲ။

၁၅။ DR 956 ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ပြန်လည်ဖွဲ့စည်းတော့မည် ဖြစ်၍ ကိုယ်ရေးရာသမားများအား တာဝန်ယူလိမ့်မည်မဟုတ်ကြောင်းဗိုလ်မနေဝင်းလက်မှတ်နှင့် ကြေညာချက်။

၁၆။ DR 1117 ဗမာ့လွတ်လပ်ရေးတပ်မတော် ရဝိုင်စစ်ကြောင်းတာဝန်ခံ ဗိုလ်မှူး၏ ရဲဘော်များအား ထုတ်ပြန်သော ကြေညာစာတမ်း။

၁၇။ DR 1140 ဗမာ့တပ်မတော်ဗဟိုစစ်ဌာနချုပ်မှ ၁၉၄၅ခုနှစ်အတွင်း ထုတ်ဆင့်သော စစ်ဆင်မှု အမိန့်နှင့် အုပ်ချုပ်မှုအမိန့်များ။

၁၈။ DR 1142 ဗမာ့တပ်မတော်စစ်ဌာနချုပ်မှ ၁၉၄၄ခုနှစ်အတွင်း ထုတ်ဆင့်သော စစ်ဆင်မှုအမိန့်များ။

၁၉။ DR 1161 ဗမာ့တပ်မတော် မင်္ဂလာဒုံဗိုလ်သင်တန်းတပ်ခွဲ(၁) တပ်စု(၁) စစ်တက္ကသိုလ်တပ်သားများ မှတ်ပုံတင်စာရင်း။

၂၀။ DR 1302 ဗမာ့လွတ်လပ်ရေးတပ်မတော်မှထုတ်ဝေသောစာရွက်စာတမ်းများ။

၂၀။ DR 1801 တက်သစ်စဗမာပြည်အားကြေညာချက်။

၂၂။ DR 3204 ဦးလှဖေ၊ ဦးဘွန်တိတ်တို့၏ ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်တည်ထောင်ပုံကိုယ်တွေ့မှတ်တမ်း။

၂၃။ DR 3340 ဗမာစစ်သည်တော်တိုင်းထိန်းသိမ်းလိုက်နာရန်ကျင့်ဝတ္တရားများ၊ ၁၉၄၄ခု၊ ဗမာနိုင်ငံတော်လက်နက်ကိုင်ဗမာ့စစ်တပ် အားလုံး၏ စစ်သေနာပတိချုပ် ပညတ်ချက်။

၂၄။ DR 4401 လွတ်လပ်ရေးမော်ကွန်းစီစစ်ရေးအဖွဲ့ဝင် ဦးကိုကိုကြီး၏မှတ်တမ်း။

၂၅။ DR 4411 ဗိုလ်မှူးချုပ်ကျော်ဇော်၊ ဂျပန်သွားစစ်ပညာသင်မှတ်တမ်း။

၂၆။ DR 4433 ဗမာ့တပ်မတော်ဗဟိုစစ်ဌာနချုပ်မှတပ်အသီးသီး၏အခြေအနေကို ၂၈-၁၉-၄၄ နေ့ စွဲပါစာဖြင့် ပူးတွဲပေးပို့ချက်။

၂၇။ DR 4435 ဗမာ့လွတ်လပ်ရေးတပ်မတော်မှတပ်များမန္တလေးပြန်ဆင်း၍ အုပ်ချုပ်ရေးကိစ္စများအလျဉ်း ရှောင်ကြဉ်ကြရန်နှင့် တိုင်းသူပြည်သားများ နှင့် ဆက်ဆံရေးပြေပြစ်ရန်အချက်များပါသောဗိုလ်တေဇ လက်ရေး နှင့် ဗိုလ်ဇေယျ ထံပေးစာ။

၂၈။ DR 4446 ဗမာ့တပ်မတော်စစ်ရုံးအဖွဲ့အစည်းနှင့် အလုပ်ဝတ္တရားများခွဲဝေခြင်း။

၂၉။ DR 4449 ဗမာ့လွတ်လပ်ရေးတပ်မတော်အားဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဗိုလ်တေဇထံမှ ဗိုလ်ဇေယျထံ ပေးစာ။

၃၀။ DR 4478 ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း(၃)၊ ကျွန်တော်လေးစခန်း
ဗိုလ်မှူးကလေးဇေယျထံမှ ၂-၃-၄၃ နေ့စွဲဖြင့် ပို့လိုက်သောစထံ
အစီရင်ခံစာ။

၃၁။ DR 4663 ပြည်သူ့တပ်မတော်ဖြစ်ပြောက်ရေး [redacted]
စစ်သေနာပတိညွှန်ကြားချက်များ [redacted]
အကျဉ်းရုံးပေါ်ပြချက်။

၃၂။ DR 4725 ဗမာ့တပ်မတော်ခြေလျင်တပ်များနှင့် အခြားတပ်ရင်းများဖွဲ့စည်းပုံ။

၃၃။ DR 4942 ဗမာ့တပ်မတော်စစ်တက္ကသိုလ် တတိယပတ်ဗိုလ်သင်တန်း -
တပ်ခွဲ(၁)၏ ၁၉၄၄၃၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှ နိုဝင်ဘာလ ၃၀
ရက်နေ့အထိမှတ်တမ်း။

၃၄။ DR 5980 ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း(၃) မှူးမန္တလေးမှ
ဗိုလ်လင်း၏စစ်ပညာသင်ခန်းစာမှတ်စု။

၃၅။ DR 7447 ဗမာ့တပ်မတော်စစ်သေနာပတိ ဗိုလ်နေဝင်းထံမှ ၂၆-၁၀-၄၃
နေ့စွဲဖြင့် ဂျပန်ပြည်ရောက်စစ်ပညာတော်သင်များထံပေးစာ။

၃၆။ DR 7829 ခရိုင်ဝန်အားငွေကြေးလက်နက်ပစ္စည်းများကို လွှဲအပ်ပေးရန်
ဗိုလ်တေဇ၏အမိန့်စာ။

၃၇။ DR 8559 ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ သုတေသနဌာနစု၊ တပ်မတော်ရေတပ်
သမိုင်း။

၃၈။ CD 20 The Growth of Burma Army observed
from the Japanese view-point.
- A Memo of the Action of BIA
Marine Troop by Major Imamura.
- A Short Account of BIA Activities
by Kawashima.

၃၉။ DR 257 A Record of Battle fought in
shwedaung between BIA and
British Forces.
- A Memorandum of Colonel Nakata
Saichiro.

၄၀။ DR 950 History of Minami Kikan.

၄၁။ DR 4419 Army Order No.84 by Lt.Gen.Iida.

## Gazetteers and correspondence

**Burma Gazetter**

A kyab District . Vol.A
Bhamo District. Vol.A
Kaukpyu District. Vol.A
Mandalay District. Vol.A
Maubin District. Vol.A
Myitkyina District.Vol.A
Sandoway District. Vol.A
Shwebo District. Vol.A
Tharrawaddy District. Vol.A
Upper Chindwin District. Vol.A
Yamethin District. Vol.A
British Burma Gazetter. Vol.I
Gazetter of Upper Burma and shan states. partI,Vol I & III.
Imperial Gazetteer of India.

-Selected correspondence of the commisioner of Tenasserim( 1825-26 to 1842-43).

-The Dalhousie-Phayre correspondence.

**Parliamentary Papers**

-Burmah (1883): papers relating to recent negotiations between the Governments of India and Burmah.

-Burmah (1886): Correspondence relating to Burmah since the Accession of king Theebaw in October 1878.

-Burmah No.2(1886):Telegraphic Correspondence relating to military executions and dacoity in Burmah.

-Burmah No.3(1886): Further correspondence relating to Burmah.

-Burmah No.1(1887): Further correspondence relating to Burmah.

-Further papers relating to Hostilities with Burma.

-Papers relating to East India Affairs: viz
-Discussion with the Burmese Government.
-Papers relating to the Burmese War.
-Papers relating to Hostilities with Burma.


## တွေ့ဆုံမေးမြန်းချက်မှတ်တမ်းများ

၁။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူး[illegible]တွေ့ဆုံမေးမြန်းချက်မှတ်တမ်း။
၂။ ထိရုံးအငြိမ်းစား[illegible]ချုပ်ရှုပ်[illegible]သန်းမောင်အားတွေ့ဆုံမေးမြန်းချက်မှတ်တမ်း။


## Japanese Sources

1. EX.Maj.Gen. Sawamoto- Burma Manoeuvre of Minami Organ and its after.
2. EX-Major General Sawamoto's Diary.
3. Ex-Major General Sakurai's Diary.
4. Mr. Takahashi - A Short Outline History of B.I.A, B.D.A, B.N.A.
5. Tokyo Research Unit - The Growth of Burma Army Observed from the Japanese Viewpoint.


# ၁၈၂၄–၁၉၄၅ ခုနှစ်အတွင်း
# တပ်မတော်သမိုင်းဝင်
# စာတပ်ပုံ၊တံဆိပ်အမှတ်အသားများနှင့်
# မြေပုံမှတ်တမ်းများ



ပထမအင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း ရန်ကုန်မြို့၊ ကြည်မြင်တိုင်ခံတပ်တိုက်ပွဲ၊ (၁၀-၆-၁၈၂၄)



ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း သိမ်ဖြူခံတပ်တိုက်ပွဲ၊ (၁၂-၄-၁၈၅၂)



ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း ရွှေတိဂုံဘုရားခြေရင်းတွင် နယ်ချဲ့အင်္ဂလိပ်တပ်များနှင့် မြန်မာ့တပ်မတော် သားများ ပြင်းထန်စွာတိုက်ခိုက်နေကြစဉ်၊ (၁၄–၄–၁၈၅၂)



တတိယအင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း နယ်ချဲ့အင်္ဂလိပ်တပ်များ မင်းလှမြို့ကိုသိမ်းပိုက်ပြီးနောက်တွေ့ရစဉ်၊



နယ်ချဲ့အင်္ဂလိပ်အား သူ့ကျွန်မခံဟောက်လှန်ခဲ့သော ဗိုလ်ချုပ်နှင့်သားများ၊



နယ်ချဲ့အင်္ဂလိပ်အား သူ့ကျွန်မခံတော်လှန်ခဲ့သော ဗိုလ်ရာညွန့်



နယ်ချဲ့အင်္ဂလိပ်အား သူ့ကျွန်မခံတော်လှန်ခဲ့သော စောရန်ပိုင်မင်းသားကြီး၊




နယ်ချဲ့အင်္ဂလိပ်အား သူ့ကျွန်မခံတော်လှန်ခဲ့သော ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊



နယ်ချဲ့တော်လှန်ရေးတိုက်ပွဲတွင်ပါဝင်ခဲ့သော တိုင်ချွန်းချင်းတော်လှန်ရေးခေါင်းဆောင်၊
ကြွန်ဘစ်နှင့်ချင်းအမျိုးသားများ၊



တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီးဆရာစံ၊




ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးအမှုဆောင်များ၊




၁၂။ ဗမာ့ထွက်ရပ်ဂိုဏ်းအစည်းအဝေးတက်ရောက်ရန် ဗမာ့လက်ရုံးတပ်ဖွဲ့ဝင်များ ချီတက်လာစဉ်၊ (၁၉၃၉)



ရန်ကုန်မြို့၊ မြို့မအမျိုးသားကျောင်း အပျော်တမ်းရဲတပ်ဖိုလ်များ၊ (၁၉၃၉–၄၀)



မြင်းခြံမြို့၊ မြန်မာ့သိပ္ပံနော်မံကျောင်း၊ ကျောင်းသားသံမဏိတပ်၊ (၁၉၃၉)




သခင်အောင်ဆန်းအားနိုင်ငံခြားသို့ လျှို့ဝှက်တင်ဆောင်သွားသည့် "ဟိုင်လီသင်္ဘော"၊



ရဲဘော်သုံးကျိပ်ဝင်များ ဟိုင်နန်ကျွန်းတွင် တောတွင်းတိုက်ပွဲ လေ့ကျင့်နေစဉ်၊




ရဲဘော်သုံးကျိပ်ဝင်အချို့ ဟိုင်နန်ကျွန်းတွင် စိန်ပြောင်းပစ် လေ့ကျင့်နေစဉ်၊




ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ပထမဆုံးအသုံးပြုခဲ့သောအလံ၊



ဗမာ့လွတ်လပ်ရေးတပ်မတော်    ထားဝယ်စစ်ကြောင်း ပုလောဆိပ်ကမ်းသို့ရောက်ရှိစဉ်၊



၊ငွိဝနံၜါန်း:နွံဇဗသီဇၟာဝိဃယီလွဂဂ္ဂ ငွယာခရဂ္ဂယး:ဖိခရဂ္ဂလငှလိင်းဂဂ



ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ စစ်တောင်းမြစ်အနီးသို့ ချီတက်လာစဉ်၊




ဗမာ့လွတ်လပ်ရေးတပ်မတော်သားများကွမ်းဆိပ်၌ စစ်ရေးလေ့ကျင့်နေစဉ်၊



ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်သေနာပတိ ဗိုလ်မိုးကြိုး



ဗမာ့လွတ်လပ်ရေးတပ်မတော် ရန်ကုန်မြို့ကိုဝင်ရောက်သိမ်းပိုက်စဉ်၊



ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဌာနချုပ်၊ ရန်ကုန်မြို့၊ (ယခုအထက ၁ ဒဂုံ)



ဗမာ့လွတ်လပ်ရေးတပ်မတော်ကရန်ကုန်မြို့ကိုသိမ်းပိုက်ပြီးနောက်ရဲဘော်သုံးကျိပ်ဝင်အချို့အား တွေ့ရစဉ်၊



ဗမာ့လွတ်လပ်ရေး ရေတပ်မတော်မှအရာရှိများ၊



ဗမာ့ကာကွယ်ရေးတပ်မတော်စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၊




ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်မှူးကြီးနေဝင်း




ဗမာ့ကာကွယ်ရေးတပ်မတော်စစ်မှုပြင်ဆင်ရေးရုံး၊ (ဟောဘီကော့က) ဖွင့်လှစ်ခဲ့သည့် စိန့်ဗင်ဆင့်ကျောင်း၊




မင်္ဂလာဒုံဗိုလ်သင်တန်း ကျောင်းသားများ စိန်ပြောင်းပစ်လေ့ကျင့်နေစဉ်၊



မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၊ ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းဆင်းပွဲတွင်
စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း တပ်များကိုစစ်ဆေးနေစဉ်၊



ဂျပန်ပြည်စစ်တက္ကသိုလ်ရောက် ပထမပတ်မြန်မာကျောင်းသားများ၊




ဂျပန်ပြည်စစ်တက္ကသိုလ် လေတပ်ပညာတော်သင်ကျောင်းသားများ လက်တွေ့လေ့ကျင့်ခန်းဆင်းနေစဉ်၊





မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း ပထမပတ် မူလတန်းတပ်စုအားတွေ့ရစဉ်၊

# ဗမာ့ကာကွယ်ရေးတပ်မတော်တွင်အသုံးပြုခဲ့သောအလံများ



ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ပထမအလံ

(ဗမာ့လွတ်လပ်ရေးတပ်မတော်အလံအားခေတ္တသုံးခဲ့သည်)




ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)အလံ


(၁၉၄၅ ခုနှစ်၊မတ်လ ၂၇ ရက်၊ဖက်ဆစ်တော်လှန်ရေးအထိသုံးခဲ့သည်)

MG.MAUNG

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)တွင်အသုံးပြုခဲ့သော
အလံများ



ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ပထမအလံ



ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) အလံ

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)တွင်အသုံးပြုခဲ့သော
အလံများ



ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) အလံ



ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) အလံ

## ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)တွင်တပ်ဆင်

## အသုံးပြုခဲ့သော ရာထူးအဆင့်တံဆိပ်များ



ဗိုလ်ချုပ်ကြီး




ဗိုလ်ချုပ်



ဗိုလ်ချုပ်လေး



ဗိုလ်မှူးကြီး




ဗိုလ်မှူး



ဗိုလ်မှူးလေး



ဗိုလ်ကြီး



ဗိုလ်



ဗိုလ်ကလေး



တပ်ကြပ်ကြီး



တပ်ကြပ်




တပ်ကြပ်ကလေး


Mg. Maung 93

ဗမာ့ကာကွယ်ရေးတပ်မတော် ( ဘီ ဒီ အေ ) ဖွဲ့စည်းပြီးစ


ခေတ္တတပ်ဆင်အသုံးပြုခဲ့သော ရာထူးအဆင့်တံဆိပ်များ




ဗိုလ်ချုပ်ကြီး




ဒုဗိုလ်ချုပ်ကြီး




ဗိုလ်ချုပ်




ဗိုလ်မှူးကြီး



ဒုဗိုလ်မှူးကြီး




ဗိုလ်မှူး




ဗိုလ်ကြီး




ဗိုလ်




ဒုဗိုလ်




တပ်ကြပ်ကြီး




တပ်ကြပ်




တပ်ကြပ်ကလေး



တပ်သားကျော်



တပ်သားကြီး



တပ်သား

MG.MAUNG,93

ဗမာ့ကာကွယ်ရေးတပ်မတော် အား၊ ဗမာ့တပ်မတော် ဟု အမည်
ပြောင်းပြီးနောက် တပ်ဆင်ခဲ့သော ရာထူးအဆင့်တံဆိပ်များ





Mg. Mhaung 93

## ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဖွဲ့စည်းပြီးနောက်


## တပ်ဆင်အသုံးပြုခဲ့သောရာထူးအဆင့်တံဆိပ်များ





အာသံ
မဏိပူရ
တရုတ်ပြည်
ယိုး ဒ ယား
မုတ္တမပင်လယ်
အင်္ဂလိပ်-မြန်မာစစ်ပွဲများဖြစ်ပွားပြီးနောက်
အင်္ဂလိပ်တို့သိမ်းပိုက်လိုက်သောနယ်မြေများ
ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ
ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ
တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ
ယနေ့ နယ်နိမိတ်
MG.MAUNG.93



အိန္ဒိယ ပြည်
တရုတ်ပြည်
ယိုး ဒ ယား
မုတ္တမ ကွေ့
နယ်ချဲ့တော်လှန်ရေးစစ်ပွဲ
၁၈၈၅ – ၁၈၉၅
တော်လှန်ရေးခေါင်းဆောင်များ ၏ ဌာနချုပ်များ
တော်လှန်တိုက်ခိုက်ခဲ့သည့်နယ်မြေများ
အင်္ဂလိပ်တပ်မဟာ ဌာနချုပ်များ
အင်္ဂလိပ်တပ်မ ဌာနချုပ်များ
အင်္ဂလိပ်တို့အုပ်ချုပ်နိုင်သောနယ်များ
MG.MAUNG


ဗမာ့လွတ်လပ်ရေးတပ်မတော် ဘန်ကောက်မှ
ရန်ကုန်မြို့ကိုသိမ်းပိုက်သည့်အထိမြန်မာပြည်တွင်းသို့
စစ်ကြောင်းကြီးများချီတက်ဝင်ရောက်လာပုံပြမြေပုံ
စစ်ဌာနချုပ်နှင့် မော်လမြိုင်စစ်ကြောင်း
ထားဝယ် စစ်ကြောင်း
ရေကြောင်းချီတပ်ဖွဲ့
ပြည်တွင်းသူပုန် တပ်ဖွဲ့
ကပ္ပလီပင်လယ်
မုတ္တမကွေ့
ယိုးဒယား
MG.MAUNG





## ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)

## အထက်မြန်မာပြည်သို့ချီတက်တိုက်ခိုက်သည့်စစ်ကြောင်းများ

- စစ်ဌာနချုပ်၊ တပ်မ ၁ နှင့် တပ်မ ၂ စစ်ကြောင်းများ
- ရေကြောင်းချီတပ်ဖွဲ့ခွဲ
- တပ်မ ၁ လက်အောက်ခံ ရှိုင်ပ်စစ်ကြောင်း

MG.MAUNG,93




ဗမာ့တပ်မတော် စစ်ဝန်ကြီးရုံးမှ သတ်မှတ်လိုက်သည့်

စစ်တိုင်းကြီး ၃ တိုင်း၊ ၁၉၄၄ ခုနှစ်

- အနောက်မြောက်တိုင်း
- အနောက်တိုင်း
- ရန်ကုန်တိုင်း

MG.MAUNG ·93

DR.1142-၁၉၄၄ ခုနှစ်၊ဗမာ့တပ်မတော်စစ်ဌာနချုပ်မှထုတ်ဆင့်သော
စစ်ဆင်မှုအမိန့်များမှ ပုံကြမ်းကိုကူးယူရေးဆွဲသည်။

# တပ်မတော်သမိုင်း

## ပထမတွဲ

## ၁၈၂၄ - ၁၉၄၅



စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူးရုံး